
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သမ္ဗုဒ္ဓေဂါထာ ဘုရားရှိခိုး

## ဇိုဋ္ဌ-အနက်



သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။

ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။

အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။

တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။


အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

**အဋ္ဌဝီသံ**-သုံးပါးဘဝ သုံးလောကတွင် ဉာဏ်ရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော၊ **သမ္ဗုဒ္ဓေစ**-တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း၊ **ဒွါဒသဉ္စ သဟဿကေ**-နိဗ္ဗာန်ကိန်းအောင်း စက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ **သမ္ဗုဒ္ဓေစ**-လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ **ပဉ္စသတသဟဿာနိ**-သောင်းတိုက်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း ငါးသိန်းကုန်သော၊ **သမ္ဗုဒ္ဓေစ**-နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **သိရသာ**-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **နမာမိ**-ရှိသေညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။

**ဂင်္ဂါ ဂင်္ဂါယ**-ဂင်္ဂါမြစ်အတွင်း၌၊ **ဝါဠုကာ**-ရှိကြကုန်သော သဲတို့သည်၊ **အပ္ပကာ**-နည်းကြကုန်သေး၏။ **နိဗ္ဗုတာ**-ဘုံဇာတ်သိမ်း၍ ငြိမ်းအေးတော်မူကြကုန်ပြီးသော၊ **ဇိနာ**-နေဇင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား၊ **အနန္တာ**-သင်္ချာဂဏန်း ရေတွက်မှန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြကုန်။ **တေ ဇိနေစ**-ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ **တေသံ**-ထိုငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်, မရေတွက်နိုင်သော ဘုရားရှင်တို့၏၊ **ဓမ္မဉ္စ**-တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဉ္စ**-တပည့်သားသံဃာတော်မြတ်ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **အာဒရေန**-အာဒရ-ရိုသေစွာ၊ **နမာမိ**-ရှိခိုးပါ၏။

**နမက္ကာရာနုဘာဝေန**-ဤသို့ ရှိခိုးပူဇော် ဖူးမြော်ဟန်လျှော့ ကန်တော့ရသော ဝဏ္ဏာမကုသိုလ် စေတနာကြောင့်၊ **သဗ္ဗေ**-ခပ်သိမ်းကုန်သော၊ **ဥပဒ္ဒဝေ**-ဘေးရန်တို့ကို၊ **ဟိတွာ**-ပယ်ဖျောက်၍၊ **အနေကာ အန္တရာယာပိ**-တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်တို့သည်လည်း၊ **အသေသတော**-အကြွင်းအကျန် မရှိသောအားဖြင့်၊ **ဝိနဿန္တု**-ပျောက်ပျက်ပါစေကုန်သတည်း။ ။

www.burmeseclassic.com



၁၉၉၅–ခုနှစ် ဩဂုတ်လတွင် စတင်ထုတ်ဝေသည့်

နှီးနှီး(နိကွန်)စိစစ်တည်းဖြတ်သည့်

# ဂမ္ဘီရ

မဂ္ဂဇင်း


**အကြံပေး**

ဦးစိန်မျိုးမြင့်

ဆရာရန်အောင်ဟိန်း(B.Sc)

**အယ်ဒီတာ**

မောင်မောင်လတ်

အမှတ်(၂၅၇)၊ ၂၀၁၆ ဒီဇင်ဘာလ



**၆။ ဗိုလ်တထောင် ကိုဦး**

ပါဒနိုင်ငံတော်မင်းများ၏ ကောင်းမှုကုသိုလ် ကျောက်တန်း ရေလယ်စေတီတော်

**၁၆။ သစ္စာမင်းခေါင်**

ပြင်ဦးလွင်က နောင်ခမ်းကြီးတောင်မှာ ပြင်ဦးလွင်မင်းသမီး နှစ်ဦးနှင့် ဆုံတွေ့ခဲ့ရခြင်း

**၂၂။ မေယျာထက်**

အုက်ဗိုရ်ဆရာတော်ဘုရားကြီးနှင့် မင်္ဂလာကန်ကုန်းကျောင်းသိမ်တော်

**၃၀။ ခင်မောင်အေး(မန္တလေး)**

နတ်လူကြည်ဖြူ မြတ်ရွှေကူဘုရားကြီး

**၃၆။ ကိုရွှေမြသန်း(သမိုင်း)**

မဟာသွံသာရရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်စဉ် ရာဇဝင်

**၄၂။ မောင်ဉာဏ်လင်း(တောင်ကုတ်)**

ဗုဒ္ဓသင်ပြတဲ့ မုသာဝါဒကြီး

**၄၈။ နန္ဒာစိုး(ဆင်ဖြူကျွန်း)**

သုမိတ္တာနိဒါန်းအစ အန္တိမ ယသော်ရော(၅)

**၅၉။ ထက်ဘုန်းလူ**

ကြာညိုဇလပ် ရင်ခတ်ပန်းများသဖွယ် သမ္မာဝါစာ မှန်သောစကား ပြောကြားခွင့်

**၆၂။ နေသျှင်စိုး**

ထမင်းတစ်လုတ် နတ်သုဒ္ဓါရှစ်ပွဲ

**၆၆။ အာကာသ(သာစည်)**

သက်တော်ထင်ရှားရှိသော ဗုဒ္ဓအမှတ် ကိုးကွယ်အပ်သည့် မြတ်စွာဘုရားရှင်၏ စွယ်တော် ဓာတ်တော်များ

**၇၁။ ချစ်မင်းသူ**

ကိုယ်ကျင့်သီလ စောင့်ထိန်းကြ

**၇၆။ မဟာထွန်း**

ပရမတ်မေတ္တာ

**၈၂။ မုံရွာ နေစာ**

(၉၂)ကမ္ဘာ့တိုင်းတိုင် မြို့တ္တာဖြစ်ခဲ့ကြသူများ

**၈၆။ ဝမ်းဇော်ဦး(ကူမဲ)**

ဝေပုလ္လဆရာတော်ကြီး၏ အာဝဇ္ဇန်းစဉ်နှင့် ကျမ်းစာအုပ်များ

**၉၁။ ရန်နိုင်**

မဖူးသာ လွှမ်းတာကများ




www.burmeseclassic.com

www.burmeseclassic.com



၉၆။ မင်းသီကျော်
ရန်သူနှင့် မိတ်ဆွေ အမှတ်အသား
တစ်ဆယ့်ခြောက်ပါး
၉၉။ ကောင်းစံ
ဟီလာရီကလင်တန်အတွက် နိမိတ်
၁၀၄။ ဂမ္ဘီရ ဆရာလှမျိုး(B.Sc)
ကျန်းမာချမ်းသာ ဘေးရန်ကွာ ဂြိုဟ်ရှစ်ခွင်ယတြာ
၁၀၈။ ဂမ္ဘီရ ဆရာလှမျိုး(B.Sc)
ဆိုးကျိုးပျောက် ကောင်းကျိုးရောက်စေသော
သက်ရောက်ယတြာများ
၁၁၂။ ပုရောဟိတ် ဆရာဦးမြတ်စံ
ရှေးအခါက နန်းတွင်း နဝင်းပွဲစီရင်ပုံ
၁၁၈။ ပုရောဟိတ် ဆရာဦးမြတ်စံ
ကုန်ရောင်းကုန်ဝယ် အဆင်ပြေစေသော
ယတြာအစီအရင်
၁၂၃။ သာထက်ဇော်(မကွေး)
ဘုန်းတန်ခိုး ကျက်သရေ ဆန်းဝင်တတ်စေ
၁၂၆။ မင်းနေထွန်း(ကန့်ဘလူ)
လက်ဝဲ လက်ယာ ဆန်းပညာ
၁၃၀။ စောယုနန္ဒာ(မေ့ရင်ခွင်)
ယတြာချေခြင်း၏ အကျိုးကျေးဇူး
၁၃၄။ ကြည်ဝင်း(ဟသ်ာတ)
လက်ညှိုးနှင့် လက်ခလယ်ကြားမှ
အစပျိုးသော နှလုံးလမ်းကြောင်း
၁၃၇။ ဆရာကံထူး(ဝေဒသုတေသီ)
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ
၁၄၄။ ဆရာကံထူး(ဝေဒသုတေသီ)
သမီးတစ်ကောင် ဗေဒင်ဆောင်
၁၅၀။ ဆရာရန်အောင်ဟိန်း(B.Sc)
မနေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လင်္ဂနှင့် မွန်းတည့်မျဉ်းဖြတ်ဇယား
၁၅၂။ ဆရာရန်အောင်ဟိန်း(B.Sc)
အော်တစ်ဇန်ရောဂါနှင့်
ကေ·ပီ စနစ်အရ ဆန်းစစ်ဝေဖန်ပြခြင်း



www.burmeseclassic.com

www.burmeseclassic.com

၁၅၆။ ဆရာရန်အောင်ဟိန်း(B.Sc)
ဂမ္ဘီရပရိသတ်မေး၍ ဖြေသည်
၁၆၂။ မင်းမဟော်ညွန့်
နက္ခတ်ကောဇာ ရက်မြတ်ကောင်း အချိန်အခါ
၁၆၈။ ဟိန်း(ဘူမိ)
အဒ်အိုင်ဒီအက်စ်၊ ကင်ဆာရောဂါနှင့်
သဘာဝဆေးဝါးများ
၁၇၂။ အင်ကြင်းမွေး(နေပြည်တော်)
အဏ္ဏဝါပြင်မှ ကယ်တင်ရှင်
၁၇၆။ ဂါဦးနှမ်းကို
သေသောသူသည် သုသာန်သို့
သွားသင့်သော်လည်း
၁၈၉။ မရည်မွန်(ကျုံပျော်)
အိပ်မက်ထဲက သူတော်စင် အဘိုးအို
၁၉၆။ ရှစ်ခွင်ကျော်(ဖောင်တော်သီ)
ခေါင်းတိုင်အုတ်လား ဂူအုတ်လား
၂၀၀။ ဆန်းဝင်း(အောင်မြေ)
တစူးဝါး
၂၀၈။ စိုးယဉ်ထွန်း
လိပ်ပြာခေါ် လိပ်ပြာချုပ်
ဆရာတုတ် လုပ်ပေးသည်
၂၁၄။ ကိုမောင်သန်းဝင်း
ဘဝခြား သံယောဇဉ်
၂၁၈။ မောင်အောင်ဇော်(ပန်တော်ဝင်)
စိတ္တဇဆန်သော ကိုယ်တွေ့ခံစားမှု
၂၂၄။ ခင်မောင်အေး(မန္တလေး)
သြောင်ပင်တစ္ဆေ ဝေလေလေ
၂၂၈။ ကောင်းသော်
မင်းမိန်ဖြင့် နှိမ်နင်းမှုရသော နာနာဘာဝများ
၂၃၄။ ဇော်စအောင်
ရေကင်းသူ မရှေ့ပွင့်
၂၄၄။ မင်းသန့်ကျော်(စီးကုန်း)
ရွှေကျွန်းတောက ဝိညာဉ်
၂၄၈။ သတိုးချာလီဆွေ
ညီမလေးရေ
၂၅၈။ ထွန်းအောင်ရှင်
ကိုကိုကြီးတွေကို
အေးအေးဆိုင် စောင့်နေတယ်
၂၆၄။ အလင်္ကာသူရ
အပေါ်ထပ်က လူစိမ်း
၂၇၆။ သျှင်ရဲထွဋ်(တောင်စွန်း)
လမိုက်ညရဲ့ သန်းခေါင်ယံအလှူ
၂၈၄။ ရှင်ထွေးအောင်
တစ္ဆေဖြူနှင့် တစ်ညသဉ္စ
၂၈၈။ ချစ်ဆိုင်
ပရလောကသား
ဖြစ်သွားသော
အောင်သန်း
၂၉၂။ ကျော်ဇော(စားကုန်)
တောင်ပင်လယ်ထဲက
စိန်ခေါ်နေတဲ့
ရတနာသိုက်
၃၀၂။ ကျော်ကျော်
မရဏအကြိုအစည်



**ထုတ်ဝေသူ** – ဦးသန်းဦး(မြ–၀၀၅၃၆) ၊ **ဂမ္ဘီရ Logo** – မောင်မောင်အောင် ၊ **မျက်နှာဖုံး Graphic** – ဇေဖြိုး
**အတွင်းသရုပ်ဖော်** – မောင်မောင်သိုက်၊ ထွန်းအောင်၊ ဝင်းမြင့်အောင်၊ မိုးကျော်၊ ညွန့်နိုင်လှ၊ ဇော်ညွန့်ဖေ။
**အတွင်းသားဖလင်**–STARS။ **စာအုပ်ချုပ်**–အငြေး။ **စောင်ရေ**–၅၀၀။ **တန်ဖိုး**–၂၀၀၀ ကျပ်
**မျက်နှာဖုံးပုံနှိပ်**–ဦးတိုးဝင်း(မြ–၀၀၈၃၀)၊ နေလရောင်ပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
**အတွင်းပုံနှိပ်**–ဦးကျော်စိုး(မြ–၀၀၄၆၆)၊ စိုးပုံနှိပ်တိုက်၊ ကနောင်မင်းသားကြီးလမ်း၊ ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
**အယ်ဒီတာအဖွဲ့ရုံး** ✱ အမှတ်–၁၈၂(က)(မြေညီထပ်)၊ ၃၃–လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၇ ၄၅ ၄၅ ၊ 📱 ၀၉ ၂၆၀၀ ၈၅ ၈၆၀

www.burmeseclassic.com

www.burmeseclassic.com


# ပါဒနိုင်ငံတော်မင်းများ၏ ကောင်းမှုကုသိုလ်

# ကျောက်တန်းရေလယ်စေတီတော်

ဗိုလ်တာထောင်ကိုဦး

ရန်ကုန်မြို့အနှံ့ ဘုရားစုံဖူးကြသည့်အခါ မဖြစ်မနေ ရောက်အောင် သွားကြသည့် ဘုရားတစ်ဆူ ရှိပါသည်။ ကျောက်တန်းရေလယ်ဘုရား ဖြစ်သည်။ အမြို့မြို့အနယ်နယ်မှ လာရောက်၍ ရန်ကုန်မြို့အနှံ့ ဘုရားစုံဖူးကြသည့် အခါတွင်လည်း ကျောက်တန်းရေလယ်ဘုရားသို့ ရောက်အောင်သွားကြသည်။ ကျောက်တန်းမြို့သည် ရန်ကုန်မှ (၁၃)မိုင်သာ ကွာဝေး၍ သွားလာရ လွယ်ကူသော ကားလမ်းခရီး ဖြစ်ပါသည်။

ကျောက်တန်းရေလယ်ဘုရားမှာ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်လေးရာကျော်က ပါဒနိုင်ငံတော် ထွန်းကားနေသည့် ကာလတွင် သာသနာပြုမင်းများ တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်၏။



ကျောက်တန်းရေလယ်စေတီတော်အား အနီးကပ် ရှုမြော်ရပုံ

ယနေ့ကာလတွင် တန်ခိုးကြီးဘုရား များစွာအနက် ကျောက်တန်းရေလယ်ဘုရားမှာလည်း တစ်ဆူအပါအဝင် ဖြစ်သည်။ စာရေးသူ ရောက်ရှိဖူးမြော်ခဲ့ဖူးသည့် စေတီဘုရားများစွာအနက် ကျိုက္ခမီရေလယ်ဘုရားနှင့် ကျောက်တန်းရေလယ်ဘုရား နှစ်ဆူမှာ ပင်လယ်ရေမြင့်တက်လာမှုကြောင့် မြို့ကို ရေဖုံးလွှမ်းသွားသော်လည်း ဘုရားနှစ်ဆူမှာ ဒယ်အိုးသဏ္ဌာန်ခွက်၍ ရေဖုံးလွှမ်းမှုမရှိကြောင်း ကိုယ်တိုင် ကြုံတွေ့ဖူး၏။

ရန်ကုန်မြို့နေ ပြည်သူများသည် မြို့တွင်း၌ မွန်းကျပ်သည့်ဒဏ်ကို ခံစားနေရသည်။ ကျောက်တန်းမြို့သို့သွားရာ လမ်းတစ်လျှောက် သာယာလှပသည့် ရှုမျှော်ခင်းများ၊ ပင်လယ်မှ တိုက်ခတ်လာသည့် လတ်ဆတ်သန့်ရှင်းသော လေနုအေးများကြောင့် ဘဝအမောကို ပြေစေ၏။ ပင်ပန်းနွမ်းနယ်မှုကို သက်သာပျောက်ကင်းစေ၏။ ကျန်းမာရေးအရ လွန်စွာကောင်းမွန်သော ဒေသဖြစ်ခြင်းကြောင့် ဘုရားဖူးရင်း သွားလာသင့်သော အရပ်ဒေသ ဖြစ်ပေသည်။

**ပါဒနိုင်ငံနှင့် သာသနာပြုမင်းများ**

သုဝဏ္ဏဘုမ္မိသထုံပြည်၌ မင်းဆက်(၅၅)ဆက် ရှိခဲ့၏။ ဘုရားမပွင့်မီကပင် သုဝဏ္ဏဘုမ္မိသထုံပြည်ကို တိဿဓမ္မသီဟရာဇာက စတင်တည်ထောင်ကာ မင်းပြုခဲ့၏။ တိဿဓမ္မ၏ သားတော် သုံးပါးနှင့် သမီးတော် တစ်ပါးတို့သည် နောက်ပါခြွေရံသင်းပင်းများနှင့်အတူ နယ်ပယ်သစ်၌ တိုင်းပြည်သစ် တည်ထောင်ရန် အနောက်မြောက်ဒေသသို့ လာရောက်ရင်း ပင်လယ်ကမ်းစပ်နှင့် နီးကပ်၍ တောတောင်လျှိုမြောင်ကြား ကျယ်ပြန့်သော လွင်ပြင်ကျယ်၌ မဟာသက္ကရာဇ်(၉၈)ခုနှစ်တွင် ပါဒနိုင်ငံတော်ကို စတင်



www.burmeseclassic.com

www.burmeseclassic.com


ကျောက်တန်းရေလယ်စေတီတော်အား အဝေးမှ ဖူးတွေ့ရစဉ်

တည်ထောင်ခဲ့သည်။ နောင်တော်ကြီးဖြစ်သော တိဿဘောဂသေနသည် (ဘောဂသေနတိဿ သီဟဒီပဓမ္မရာဇာ) ဘွဲ့မည်ဖြင့် ထီးနန်းစိုးစံခဲ့သည်။ မဟာသက္ကရာဇ် (၁၀၃)ခုနှစ်တွင် အနောက်မဇ္ဈိမဒေသ၌ သဗ္ဗညုရှင်တော်ဘုရားထင်ရှားပွင့်တော်မူကြောင်း ကြားသိရသော တိဿဘောဂသေနမင်းသည် ညီတော် တိဿနရသေနအား မဟာသက္ကရာဇ်(၁၀၆) ခုနှစ်တွင် ထီးနန်းလွှဲအပ်၍ ရသေ့အသွင် ဝတ်ဆင်မြန်းကာ ပါဒနိုင်ငံတော်အတွင်းရှိ ဆွယ်ဝန်းကုန်းတောတန်း၌ ဟိန္ဒူအကျင့် ဗြဟ္မဏကမ္မဋ္ဌာန်းဝင်တော်မူ၏။ မနားမနေ ကြိုးပမ်းအားထုတ်မှုကြောင့် လောကီအဘိညာဥ်ပေါက်၍ ဈာန်တည်းဟူသော ချမ်းသာသို့ ရောက်၏။

ဘုရားရှင်သည် ဝါတော်ရှစ်ဝါအရ မဟာသက္ကရာဇ် (၁၁၁)ခုနှစ်တွင် သုဝဏ္ဏဘုမ္မိသို့ ကြွရောက်လာရာ တိဿရသေ့ကြီးသည် နောက်ပါ ရသေ့များနှင့်အတူ ဖခမည်းတော်ရှိရာ သထုံပြည်သို့ ဈာန်တန်ခိုးဖြင့် ကြွရောက်ခဲ့ပြီး ဗုဒ္ဓမြတ်စွာအား ဦးတိုက်ရှိခိုး ပူဇော်လေ၏။ ဘုရားရှင်အား လွန်စွာကြည်ညိုလေသောကြောင့် အစဉ်ကိုးကွယ်ပူဇော်ခွင့်ရရှိရန် တောင်းခံရာ ဗုဒ္ဓ၏ ဆံတော်မြတ်တစ်ဆူကို ရရှိခဲ့သည်။ နောက်ပါ ရသေ့(၇၁)ပါးအတွက် ဆက်လက်တောင်းခံရာ ရရှိခဲ့သော ဆံတော်ကို ပွားလိုက်ခြင်းဖြင့် ဆံတော်(၇၂)ဆူ ရရှိခဲ့လေ၏။ ထို့နောက် ရသေ့များသည် ပါဒနိုင်ငံတော်သို့ ပြန်ခဲ့ကြလေ၏။

တိဿရသေ့ကြီးသည် မင်းနေပြည်တော်၌ ဘုရင် တိဿနရသေနမင်းကြီး၊ ကရဏ္ဏက ရှင်ရသေ့တို့နှင့် တိုင်ပင်၍ ဆံတော်ဓာတ်မြတ်(၇၁)ဆူအား မြို့တော်ပတ်ဝန်းကျင် အရပ်ဒေသတို့၌ ဌာပနာတိုက်(၇၁)ခု တည်ဆောက်ကာ ကိုးကွယ်စေ၏။ တိဿရသေ့ကြီး ရရှိခဲ့သော ဆံတော်ကိုမူ မင်းနေပြည်တော်ရှိ ကုန်းထက်၌ ဂဝံကျောက်အုတ်တို့ဖြင့် မွမ်းမံပြင်ဆင်ပြီး ဌာပနာထည့်သွင်းကာ ကျောက်ထီးပြုလုပ်လေ၏။ စေတီအမှတ်ဖြင့် ကိုးကွယ်ပူဇော်ခဲ့ကြသည်။ ဤသို့ဖြင့် ပါဒနိုင်ငံတော်တွင် ဗုဒ္ဓသာသနာ စတင်ထွန်းကားခဲ့လေသည်။

ပါဒနိုင်ငံတော်တွင် ပါဒမင်းဆက်(၃၄)ဆက်နှင့် သန်လျင်မင်းဆက်(၆)ဆက် စုစုပေါင်း မင်းဆက်(၄၀)တိတိ အုပ်စိုးခဲ့ကြ၏။ ပါဒမင်းဆက် ငါးဆက်မြောက် နန်းစံသော ရာဇာဓောနောင်မင်းသည် မဟာသက္ကရာဇ်(၁၄၈)


သပွာယ်ရွာ ဖူးတွေ့ရသည့် ဗုဒ္ဓမြတ်စွာအား ဖူးမြော်ရစဉ်

www.burmeseclassic.com



အခြံစေတီတော်များဖြင့် သပ္ပာယ်စွာ ဖူးတွေ့ရသည့် ရေလယ်စေတီတော်

ခုနှစ်တွင် နန်းတက်ခဲ့ရာ ထိုနှစ်၌ အနောက်မဇ္ဈိမဒေသ၌ ဂေါတမမြတ်စွာ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံဝင်တော်မူသော မဟာသက္ကရာဇ်(၁၄၈)ခုနှစ်ကို ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်နှင့် အရှင်မဟာကဿပကြီးတို့ တိုင်ပင်၍ သာသနာတော်သက္ကရာဇ်နှင့် အတူဖြစ်စေရန် မဟာသက္ကရာဇ်ကို အကြွင်းမရှိ ဖြုပ်ခဲ့၏။ ထို့ကြောင့် သာသနာသက္ကရာဇ် စတင်ပေါ်ပေါက်လာခဲ့လေ၏။

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မမူခင်ကပင် ပါဒနိုင်ငံသား နံ့မွှန်စနှင့် နံ့မွှန်ပု အမည်ရှိသော ကုန်သည်ညီနောင်နှစ်ဦးသည် အနောက်မဇ္ဈိမဒေသသို့ ကုန်ရောင်းသွားကြရင်း ဘုရားရှင်နှင့်တွေ့ကာ တရားတော်နာကြားရသဖြင့် သာသနာတော်၌ သက်ဝင်ယုံကြည်ကာ ရဟန်းပြုခဲ့ကြသည်။ မကြာမီကာလ၌ ထိုရဟန်းနှစ်ပါးသည် ရဟန္တာဖြစ်ခဲ့ကြပြီး ဗုဒ္ဓဉာဏနှင့် ဓမ္မဉာဏဟူ၍ ထင်ရှားခဲ့လေ၏။

ဗုဒ္ဓရှင်တော် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ရဟန္တာအရှင်နှစ်ပါးသည် ဘုရားရှင်၏ ဓမ္မကရိဏ်းတော်နှင့် ခါးပန်းတော်တို့ကို ယူဆောင်ကာ ပါဒနိုင်ငံတော်သို့ ကြွရောက်ခဲ့လေ၏။

ဘုရင်မင်းမြတ်နှင့် ပြည်သူတို့ ဝမ်းမြောက်စွာ ကြိုဆို၍ ကြီးစွာပူဇော်သမှုပြုကြသည်။ ရာဇာစောနောင် မင်းကြီးသည် ဘိုးတော်တိဿရသေ့ကြီး ပူဇော်ထားရှိခဲ့သည့် ကျောက်ထီးတိုင်အား ဖြိုကာ ဗုဒ္ဓဘုရားရှင်၏ ဆံတော်ဓာတ်မြတ်တစ်ဆူကို ရဟန္တာအရှင်နှစ်ပါး ပင့်ဆောင်လာခဲ့သော ဓမ္မကရိဏ်း၊ ခါးပန်းတော်ဓာတ် နှစ်ဆူတို့ဖြင့် ဌာပနာပြုလျက် ပါဒစေတီတော်ကို တည်ထားကိုးကွယ်ခဲ့လေ၏။

**ကျိုက်မော်ဝန်းစေတီ မူလဒါယကာ**

သာသနာတော်သက္ကရာဇ်(၇၇)ခုနှစ်တွင် ပါဒနိုင်ငံတော်၏ ခုနစ်ဆက်မြောက်မင်းအဖြစ် ဇယသေနမင်း စိုးစံတော်မူ၏။ ဇယသေနမင်းလက်ထက်၌ စေတီများစွာကို တည်ထားကိုးကွယ်တော်မူခဲ့သည်။

သာသနာသက္ကရာဇ်(၈၄)ခုနှစ်တွင် အိန္ဒိယပြည် မဟာဗောဓိမှ အရှင်ဝိစိတြဉာဏနှင့် မဟာရေဝတမထေရ်တို့ ခေါင်းဆောင်သော ရဟန္တာအရှင်မြတ်(၇၀၀)တို့သည် ဗုဒ္ဓ၏ သွားတော်ဓာတ်(၇)ဆူ၊ ဆံတော်ဓာတ်(၄)ဆူ၊ ဓမ္မကရိဏ်းတော်(၁)ဆူတို့ကို သင်္ဘောသုံးစင်းဖြင့် သယ်ဆောင်၍ ပါဒနိုင်ငံတော် ဗွမ်းမြို့ဆိပ်ကမ်းသို့ ရောက်ရှိလာ၏။

ယခုအခါ ကျောက်တန်းမြို့ဟု ခေါ်တွင်သော ဗွမ်းမြို့ ဆိပ်ကမ်းသို့ ဗုဒ္ဓ၏ ဓာတ်တော်မွေတော်များ ရောက်ရှိလာကြောင်း ကြားသိရသည့် ဇယသေနမင်းကြီးသည် စစ်အင်္ဂါလေးပါး ခင်းကျင်းလျက် ကြိုဆိုတော်မူလေ၏။

ရေလယ်တွင် အလိုအလျောက် ဖြစ်ထွန်းနေသော ဂဝံကျောက်ကျွန်းပေါ်တွင် ဉာဏ်တော်ခုနစ်တောင်ရှိသော စေတီတော်တစ်ဆူတည်ထားကာ အိန္ဒိယပြည်မှ ရဟန္တာများ ပင့်ဆောင်လာသည့် ဗုဒ္ဓ၏ သွားတော်၊ ဆံတော်၊ ဓမ္မကရိဏ်းတော်တို့ကို ဌာပနာထည့်၍ ကိုးကွယ်တော်မူခဲ့သည်။ စေတီတော်ကိုလည်း ကျိုက်မျှော်ကလော့ဟု ဘွဲ့မည်ပေးကာ ကမ္ပည်းထိုးတော်မူ၏။

**ကျိုက်မော်ဝန်းစေတီ ဘွဲ့တော်ကပ်လှူခြင်း**

ပါဒမင်းဆက် တစ်ဆယ့်တစ်ဆက်မြောက်မင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တန်ဆောင်းတော်အတွင်းရှိ ဗုဒ္ဓဆင်းတုတော်

သော ဒွတ္တပေါင်ဂမင်းသည် သီဟိုဠ်ကျွန်းသို့ တိုင်းခန်းလှည့်လည်တော်မူစဉ် သီဟိုဠ်ဘုရင်မင်းမြတ်မှ ဆံတော်တစ်ဆူနှင့် ဓာတ်တော် (၂၇)ဆူပါသော ရွှေကြုတ်ကို ငွေကြုတ်တွင်ထည့်၍လည်းကောင်း၊ ထိုငွေကြုတ်ကို ရတနာကြုတ်တွင် ထည့်ကာ ၄င်းရတနာကြုတ်ကို သေတ္တာတစ်လုံးတွင် ထည့်သွင်း၍ သော့သုံးချက်ခတ်လျက် ဒွတ္တပေါင်ဂမင်းအား လက်ဆောင်ပေးတော်မူလေ၏။

မင်းကြီးသည် သီဟိုဠ်ကျွန်းသို့ ရောက်ရှိတော်မူနေခိုက် ရဟန္တာအရှင်မြတ်များ ကြွရောက်လာသည်နှင့် ကြုံကြိုက်၍ ဆွမ်းဆက်ကပ်တော်မူလေ၏။ ရဟန္တာအရှင်မြတ်တို့အား ဆွမ်းဆက်ကပ်ရင်း သေတ္တာအတွင်း၌ရှိသော ပစ္စည်းအကြောင်း မေးမြန်းကြည့်ရာ ရဟန္တာတို့က ဤသေတ္တာသည် မင်းကြီးနှင့်မဆိုင်၊ ဘုရားတည်ထားရန်အတွက်သာဖြစ်သဖြင့် ပင့်ဆောင်သွားကြရန် မိန့်ဆိုလေ၏။

မင်းကြီးသည် အတိုင်းမသိ ရွှင်လန်းအားရလျက် သီဟိုဠ်မှ ပါဒနိုင်ငံသို့ ပြန်ခဲ့လေ၏။ မင်းကြီး ရောက်ရှိပြီးနောက် မကြာမီအချိန်အတွင်း ရဟန္တာများ ရောက်ရှိလာကြလေ၏။ မင်းကြီးပင့်ဆောင်လာခဲ့သော ဓာတ်တော်များပါရှိသည့် သေတ္တာကို ကျိုက်မှော်ကလော့ ရေလယ်စေတီ တည်ရာဌာနသို့ ပင့်ဆောင်လာစေ၏။

သေတ္တာအတွင်း ပါရှိသည့် ဆံတော်တစ်ဆူနှင့် ဓာတ်တော်ကိုးဆူတို့ကို ရေလယ်စေတီတော်တွင် ဌာပနာထည့်သွင်းလျက် စေတီတော်ကိုလည်း ကျိုက်မှော်ဝန်းစေတီဟု ဘွဲ့မည်သမုတ်ခဲ့၏။ ထို့ပြင် ရဟန္တာများသည် သုံးပါးသောအဓိဋ္ဌာန် ပြုခဲ့ကြလေ၏။

(၁) ဤစေတီ ရင်ပြင်တော်ပေါ်သို့ မည်သည့်အခါမျှ ဒီရေ မတက်ရောက်ပါစေနှင့်။

(၂) ဘုရားဖူးများ မည်မျှပင်များများ ရင်ပြင်တော်၌ ဆံ့ပါစေသား။

(၃) ဤစေတီကို ပြင်ဆင်သူများသည် လောက၌ စီးပွားဥစ္စာ တိုးတက်ပါစေသတည်းဟု သစ္စာဓိဋ္ဌာန်ပြုခဲ့ကြလေ၏။

ကျိုက်မှော်ဝန်းစေတီတော်မြတ်သည် မှော်ဝန်းချောင်းအတွင်း၌ရှိပြီး ပင်လယ်ဝနှင့် လွန်စွာနီးကပ် တည်ရှိနေသောကြောင့် ပင်လယ်ဒီလှိုင်းတို့သည် မကြာခဏရောက်ရှိကာ လှိုင်းတံပိုးကြီးစွာဖြင့် ရင်ဆိုင်နေရ၏။ ရဟန္တာတို့၏ သစ္စာဓိဋ္ဌာန်နှင့် ဘုရား၏ တန်ခိုးတော်ကြောင့် ပင်လယ်ရေတို့သည် မြို့ကို ရေလွှမ်းစေကာမူ ချောင်းအတွင်း



လှပသစ်လွင်သော တန်ဆောင်းတော်နှင့်အတူ ရှုစားဖွယ်ရာသည့်
ကျောက်တန်းရေလယ်စေတီ

www.burmeseclassic.com

ရှိ စေတီတော်ရင်ပြင်ထက်သို့ ရောက်ရှိသည်ဟူ၍ မရှိချေ။

## ပျက်စီးနေသော ရေလယ်စေတီတော်

ဖြစ်ပြီးလျှင် ပျက်တတ်သော သင်္ခါရတရားကို မည်သူမျှ မလွန်ဆန်နိုင်ပေ။ နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ပါဒနိုင်ငံတော်ကို အုပ်စိုးခဲ့ကြသော မင်းတို့သည် သာသနာတော်၌ စိတ်မဝင်စား။ စစ်မက်ရေးရာ အဖြာဖြာဖြင့် အမြဲတမ်း တိုက်ခိုက်နေကြသောကြောင့် နိုင်ငံတော်ပျက်ယွင်းစပြုလာ၏။

ကျိုက်မှော်ဝန်းရေလယ်စေတီတော်သည် လောကတရားကို မလွန်ဆန်နိုင်ရကား နွယ်များရစ်ပတ်၊ ခရာဆူးအထပ်ထပ်ဖြင့် တောအတိဖုံးလွှမ်း၊ ဘုရားငုတ်တိုမှန်းသိကြသော်လည်း ပြုပြင်မည့်သူ နတ္ထိ၊ ကိုးကွယ်သူ မရှိ၍ ဧကစာတစ်ပါးတည်း နှစ်ပေါင်းအတန်ကြာမျှ သီတင်းသုံးတော်မူရရှာ၏။ ထိုအချိန်၌ပင် မိစ္ဆာဒိဋ္ဌိကုလား ဇဗင်ကာသည် ပါဒနိုင်ငံတစ်ဝှမ်းရှိ စေတီပုထိုးများကို ဖြိုဖျက်ကာ ဌာပနာပစ္စည်းများကို ဖောက်ထွင်းယူငင်လေ၏။ ထိုစေတီပျက်များစွာသည် ယနေ့ထိတိုင် သန်လျင်-ကျောက်တန်းနယ်တစ်ဝိုက်၌ တွေ့မြင်ရဆဲ ဖြစ်သည်။



ဘုရားဒါယကာကြီး ဦးဘထွန်း တန်ဆောင်းအတွင်း၌ ဆုတောင်းပြည့်ဝသော ငါးစပ်ရုပ်ပွားတော်

တန်ခိုးတော်အနန္တနှင့်ပြည့်စုံ၍ သာသနာတော်စောင့်နတ်ကောင်းနတ်မြတ်များကြောင့် ကျိုက်မှော်ဝန်းစေတီတော်မြတ်မှာ ပင်လယ်ရေလှိုင်း လေမုန်တိုင်းများစွာကြုံ၍ ဂဝံကျောက်ပြိုကွဲ ဖရိုဖရဲဖြစ်ခဲ့ရသော်လည်း ရင်ပြင်တော်ရှိ စေတီတော်နှင့် ဌာပနာတိုက်တို့မှာ မပျက်မစီးရှိခဲ့လေ၏။ အောက်ခံဂန္ဓကုဋိတိုက်နှင့် စေတီငုတ်တိုမှာ ဂဝံကျောက်များပေါ်၌ တည်ထားခြင်းကြောင့် ကျန်ရှိနေခြင်းဖြစ်သည်။ အုတ်များဖြင့် အောက်ခံတည်ထားသော စေတီတော်ဖြစ်ပါက ပင်လယ်ရေငန်၏ အခိုးကြောင့် အားလုံးပျက်စီးဆွေးမြည့်သွားမည်ကား သေချာလှပေ၏။



မြန်မာမှုအနုပညာလက်ရာမြောက် လှပသစ်လွင်သော တန်ဆောင်းတစ်ခု


## မြွေကြီးတစ်ကောင်က ထူးဆန်းစွာအိပ်မက်ပေးလာခြင်း

(၁၂၇၀)ပြည့်နှစ်၊ တန်ဆောင်မုန်းလ၏ ရက်တစ်ရက်တွင် ကျောက်တန်းမြို့၌ နေထိုင်သော အမိန့်တော်ရမင်း ဦးဘထွန်း၏ ဇနီး၊ မင်းကတော်ဒေါ်သက်မှာ ထူးဆန်းသော အိပ်မက်တစ်ခု မြင်မက်လေ၏။ အိပ်မက်ထဲတွင် ကျိုက်မှော်ဝန်းစေတီတော်မြတ်၏ အောက်၌ရှိသော ဂန္ဓကုဋိတိုက်အတွင်းရှိ ကျောက်သေတ္တာထဲမှ မြွေကြီးတစ်ကောင် ထွက်လာကာ



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓရုပ်ပွားတော်များ ပင့်ဆောင်လာသည့် ရဟန္တာမထေရ်မြတ် ရုပ်တုတော်

ချောင်းရေကို ဖြတ်ကူးလျက် ဒေါသက်ထံ ရောက်ရှိလာပြီးနောက် ဤကျိုက်မှော်ဝန်းစေတီတော်ကို ပြုပြင်ပါ။ နှင်နဲ့တကွ ဘုရားသို့ လာရောက်ဖူးမြော်သူတိုင်း ပစ္စုပ္ပန်နှင့် အနာဂတ် နှစ်ဖြာကောင်းကျိုး ချမ်းသာနှင့်ပြည့်စုံပြီး ဆုတောင်းပြည့်ဝလိမ့်မည်ဟု ပြောပြီးနောက် မြွေကြီးသည် စေတီတော်အား နဂါးရုံသဖွယ် ရစ်ပတ်ပူဇော်ပြီး ကျောက်တန်းမြို့သို့ ပါးပျဉ်းမူလျက် ခေတ္တခဏအကြာတွင် ဂန္ဓကုဋီတိုက်အတွင်းရှိ ကျောက်သေတ္တာထဲ ပြန်ဝင်သွားလေ၏။

နံနက်မိုးသောက်၍ အလင်းရောက်သောအခါ မင်းကတော် ဒေါ်သက်သည်၊ ခင်ပွန်းဖြစ်သူ အမိန့်တော်ရမင်း ဦးဘထွန်းအား အိပ်မက်အကြောင်း ပြောရာတွင် ဘာတယ်ပင် အပြင်၌ တွေ့မြင်ကြားရသည့်အလား ပြောဆိုရာ ရောနှောသုံးပါး၌ မွေ့လျော်သူ ဦးဘထွန်းမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။ ငါတို့အား ဘုရားပြုပြင်ရန် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များက လာရောက်နှိုးဆော် တိုက်တွန်းကြောင်းပြောပြီး ပီတိဖြစ်နေလေ၏။

## ကောင်းမှုကုသိုလ်ရှင် ဘုရားဒါယကာကြီး

(၁၂၇၀)ပြည့်နှစ်တွင် ဘုရားဒါယကာကြီး ဦးဘထွန်းသည် ပစ္စည်းအား၊ ငွေအား၊ လူအားဖြင့် စေတီတော်အား ပြုပြင်မွမ်းမံတည်ဆောက်ခဲ့ရာ ယနေ့ မြင်တွေ့နေရသည့် စေတီတော်မှာ ဘုရားဒါယကာကြီး ဦးဘထွန်း၊ မင်းကတော် ဒေါ်သက်တို့၏ ကောင်းမှုကုသိုလ်ပင် ဖြစ်လေသည်။ စေတီတော်ပြုပြင်မွမ်းမံ တည်ဆောက်ခဲ့မှုမှာ (၁၂၇၁)ခုနှစ်တွင် ပြီးစီးအောင်မြင်ခဲ့လေ၏။

စေတီတော်ကို ပြုပြင်တည်ဆောက်ရာ၌ ဆင်ဖိုးထက် ချွန်းဖိုးကများ ဆိုစကားအတိုင်း စေတီတော်ကို ပြုပြင်မွမ်းမံ တည်ဆောက်ရသည်ထက် ရင်ပြင်တော်ကို အခိုင်အခံ့ တည်ဆောက်နိုင်ရေးအတွက် ဒီရေတိုက်စားမှုဒဏ် ခံနိုင်ရည်ရှိစေရန် ဂဝံကျောက် တန်ပေါင်းများစွာကို ချရသည်၊ အချို့နေရာများတွင် ဂဝံကျောက်အုတ်များကို ရေကာတာအဖြစ် ဘိလပ်မြေရောစပ်၍ တံတိုင်းအဖြစ် ကာရံခြင်း၊ ရေစီးရာလမ်းကြောင်းတွင် ရေလှိုင်းများ ကွဲ၍ အကာအရံသက်သာစေရန် သဘော်ဦးပုံသဏ္ဌာန် ဂဝံကျောက်တို့ကို စီချထားခြင်းများ ပြုလုပ်ရ၏။


စေတီတော်မှာ ပစ္စယာသုံးဆင့်ဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး ပထမပစ္စယာမှာ ဥဏ်တော်အမြင့် (၉)



ဘုရားပရိဝုဏ် တစ်နေရာရှိ ဘုရားဖူးများ နားနိုင်ရာ တန်ဆောင်းတော်

www.burmeseclassic.com

တောင်ရှိ၏။ မုခ်လေးမုခ်၌ အနု ပညာလက်ရာမြောက် တံကဲပန်း များဖြင့် လှပစွာအလှဆင်ထားပြီး မုခ်တစ်ခုစီ၌ ကျောက်ဆင်းတုရုပ် ပွား တစ်ဆူစီ ပူဇော်ထားရှိလေ သည်။ ဒုတိယပစ္စယာမှာလည်း ဉာဏ်တော်အမြင့် (၉)တောင်ရှိ လေ၏။ တတိယပစ္စယာမှာ ဉာဏ် တော်အမြင့် (၇)တောင် ရှိသည်။ ထိုပစ္စယာအဆင့်ဆင့်၌ စေတီရံ လေးဆူစီ ပူဇော်ထားရှိလေသည်။ တတိယပစ္စယာအထက်၌ ဉာဏ် တော်အမြင့် (၉)တောင်ရှိသော စေတီတော်ကို တည်ထား ကိုးကွယ်ထားလေသည်။ ထို့ကြောင့် အောက်ပစ္စယာ ရင်ပြင်မှ စေတီတော်အထိ ဉာဏ်တော်အမြင့် (၃၄)တောင် ရှိပါသည်။


ကျောက်တန်းရေလယ်ဘုရားမှ လှမ်းမြင်နေရသည့် ရေဆိပ်နှင့် ကျိုက်ပြဿဒ်တနော်စေတီတော်

အရှေ့မုခ်ဦး၀ အ၀င်တွင် ယက္ခညီနောင် နှစ်ပါးကို အစောင့်အရှောက် ထားရှိလေ၏။ ရင်ပြင်တော်ပေါ်၌ ခြင်္သေ့တစ်ကောင်ကိုလည်း ရုပ်တုထားရှိလေ၏။ ရေလယ် ဘိုးဘိုးကြီး၊ ရှေးနပိုင်ဦးရှင်ကြီး၊ နဂါးမယ်တော်တို့ကို လည်း သီခြားနန်းဆောင်ဖြင့် ပူဇော်ထားရှိ၏။


ကျောက်တန်းရေလယ်ဘုရား ကျောင်းမှုကျသိုလ်ရှင် မင်းကြီးနှင့် တပေါ်တော်များ ပင့်ဆောင်နေပုံ ရုပ်တုတော်

ဘုရားဒါယကာကြီး ဦးဘထွန်းသည် စေတီတော် တည်ထားပြီးနောက် စေတီတော်အရှေ့မျက်နှာ၌ တန် ဆောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ တန် ဆောင်းအထက် အရှေ့မုခ်၌ ထီးတော်မိုးထားသော ရုပ် တော်မူရုပ်ပွားတော် တစ်ဆူရှိ၏။ ထိုရုပ်တော်မူရုပ်ပွား တော်သည် လွန်စွာတန်ခိုးကြီး၏။ မိုးသက်လေပြင်းမုန် တိုင်း တိုက်ခတ်၍ ဘုရား၏ အောက်ခံစမ္ပခဏ်နှင့် ထီး တော်များ ဆွေးမြည့်ပျက်စီးသွားသော်လည်း မတ်ရုပ် ရုပ်ပွားတော်မှာမူ ဘာမျှမဖြစ်ခဲ့ပေ။ တန်ဆောင်းတော် အထွတ် ကျိုးကျသွားသော်လည်း ရုပ်ပွားတော်မှာ ဘေး မသီ ရန်မခဘဲ သီတင်းသုံးနေမြဲ ဖြစ်၏။

**ဂေါပကအဖွဲ့ထံ- လွှဲပြောင်းအပ်နှံ**

ကျိုက်မှော်ဝန်းရေလယ်စေတီတော်ကို ဘုရားဒါယ ကာကြီး ဦးဘထွန်းကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက်လာ ခဲ့ရာ ဒုတိယကမ္ဘာစစ်အတွင်း ဦးဘထွန်း ကွယ်လွန်သွား ခဲ့သည်။ ထိုအခါ စေတီတော်ကို ထိန်းသိမ်းစောင့်ရှောက် မည့်သူ မရှိ ဖြစ်ခဲ့သည်။ သားသမီးများရှိသော်ငြား ၎င်း တို့သည် တစ်နယ်တစ်ကျေး၌ နေထိုင်သူများဖြစ်၍ စေတီ တော်ကို မစောင့်ရှောက်နိုင်ကြချေ။ တဖြည်းဖြည်း စေတီ တော်အတွင်းရှိ သာသနိကအဆောက်အအုံများ ပျက်စီး

www.burmeseclassic.com

www.burmeseclassic.com

ဆုံးရှုံးမှု ဖြစ်လာခဲ့သည်။

အခြေအနေမှန်ကို သိမြင်သည့် ကျောက်တန်းမြို့မှ လွှတ်တော်ရှေ့နေကြီး ဦးဘသွယ်က ဦးစီးဦးဆောင်ပြုကာ ဘုရားဒါယကာကြီး၏ သားသမီးများကိုယ်စား သီလ၊ သမာဓိရှိ၍ မြို့သူမြို့သားများ လေးစားကြည်ညိုကြသည့် မာဃအသင်းကြီးထံသို့ စာချုပ်စာတမ်းများနှင့် ဘဏ္ဍာငွေ လက်ကျန် ရှစ်ဆယ်ကျပ်နှင့်အတူ လွှဲပြောင်းအပ်နှံခဲ့ကြသည်။ စေတီတော်ဂေါပကအဖြစ် မာဃအသင်းကြီးသည် (၁၃၀၉)ခုနှစ်၊ နတ်တော်လဆန်း (၄)ရက်နေ့မှစ၍ တာဝန်ယူကာ ထိန်းသိမ်းစောင့်ရှောက်ခဲ့ရာ၌ ကျောက်တန်းမြို့သူမြို့သားများကလည်း သဒ္ဓါတရားထက်သန်စွာ ဝိုင်းဝန်းကူညီလှူဒါန်းမှုပြုကြလေ၏။

(၁၃၁၀)ပြည့်နှစ် ရောက်သောအခါ ကျိုက်မော်ဝန်းစေတီတော်မြတ်မှာ ရင်ပြင်တော်နှင့်တကွ သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံ ပြင်ဆင်ပြီးသွားသဖြင့် စေတီတော်၏ တတိယပစ္စယာမှအထက် စေတီတော်ထီးတော်တိုင်အောင် ရွှေသင်္ကန်းကပ်လှူနိုင်ခဲ့ကြသည်။

## ထီးတော်မြေခသော်လည်း ငှက်ပျောဖူးတော် အံ့သြစွာ ဖူးတွေ့ရ

စေတီတော်မှာ ရေလယ်၌ တစ်ဆူတည်း အကွယ်အကာမရှိ နေရစဉ် တစ်နှစ်အကြာ (၁၃၁၁)ခုနှစ်၊ တန်ခူးလဆုတ် (၁၁)ရက်နေ့ နံနက်(၉)နာရီအချိန်တွင် လေပြင်းမုန်တိုင်းဒဏ်ကို ကြုံတွေ့ရလေ၏။ ထီးတော်နှင့်တကွ ဆောင်းရစ်သုံးရစ်အထိ ပြိုကွဲ၍ မြေသို့ ခခဲ့ရသော်လည်း ပစ္စယာအဆင့်ဆင့်ရှိ အရံစေတီများနှင့် ရုပ်ပွားတော်များမှာ ထိခိုက်မှုမရှိခဲ့ချေ။ ရင်ပြင်တော်မှာ ရေစပ်နှင့် လွန်စွာ နီးကပ်သော်လည်း ငှက်ပျောဖူးတော်မှာ ရေထဲသို့ ကျမသွားပေ။ ဘုရားတန်ခိုးတော်ကြောင့် အောက်ဆုံးပစ္စယာ အထိသို့ ကျရောက်ကာ ငှက်ပျောဖူးတော်မှာ မတ်မတ်ပင် ထောင်လျက် ရှိနေသည်ကို မြင်ကြရသော ဘုရားဖူးများသည် အံ့သြဝမ်းသာစွာဖြင့် ဘုရားတန်ခိုးတော်ဟုပင် ယုံကြည်ကြကာ နှုတ်မှ ပြောဆိုချီးမွမ်းမကုန် ရှိကြကုန်လေ၏။

## စေတီအသစ် ထီးအသစ်နှင့် ကျိုက်မော်ဝန်းရေလယ်စေတီတော်

မာဃအသင်းသားများသည် ပြိုကျပျက်စီးခဲ့သော အုတ်အင်္ဂတေများကို ဖယ်ရှားရှင်းလင်းကာ စေတီတော်ကို ချက်ချင်းပင် ပြိုပျက်သည့် နေရာမှစ၍ အသစ်ပြန်လည် တည်ထားကြလေ၏။ စေတီတော်အသစ် ပြန်လည်တည်ထားပြီးသည်နှင့် ကျောက်တန်းမြို့မှ ကဝိဓဇဘွဲ့ခံ ဆရာဦးကျော်နှင့် ဖနီးဒေါ်စိန်မေတို့က မာဃအသင်းသား သမာဓိမြို့ဝန် ဦးထွန်းရွှေမှတစ်ဆင့် ဂေါပကအဖွဲ့ထံ ထီးတော်အသစ် တင်လှူခွင့်တောင်းခံခဲ့ရာ ခွင့်ပြုချက်ရသောကြောင့် (၁၃၁၁)ခုနှစ်၊ နယုန်လဆန်း (၁၂)ရက်၊ အင်္ဂါနေ့တွင် စေတီတော်အား ထီးတော်အသစ်ကို အောင်မြင်စွာ တင်လှူပူဇော်နိုင်ခဲ့သည်။

မိုးကုန်သောအခါ စေတီတော်အား ဒုတိယအကြိမ် ရွှေသင်္ကန်းကပ်လှူခဲ့ကြသည်။ (၁၃၁၆)ခုနှစ်ရောက်သောအခါ ပထမပစ္စယာနှင့် ဒုတိယပစ္စယာရှိ အရံစေတီရှစ်ဆူအား ဂေါပကအဖွဲ့၏ ဘဏ္ဍာငွေဖြင့် ရွှေသင်္ကန်းကပ်လှူခဲ့ကြသည်။ ထိုနှစ်၌ပင် ကျောက်တန်းမြို့ အရှေ့ပိုင်းရပ်မှ ဒေါ်စောရှင်က အောင်ဘာလေထီ သိန်းဆုပေါက်ခဲ့၍ တန်ဆောင်းတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းခဲ့လေ၏



ရင်ပြင်တော်အစောင့်မှန်ဦးစွာ စောင့်ရှောက်နေသော ယက္ခဘီလူး

www.burmeseclassic.com

www.burmeseclassic.com

**နှီးဆော်ဖိတ်ခေါ် ကျောက်တန်းရေလယ်စေတီတော်သို့**

သည်ဘက်နောက်ပိုင်း ကျောက်တန်းမြို့၊ ကျိုက်မှော်ဝန်းရေလယ်စေတီတော်သည် နိုင်ငံအတွင်းရှိ အမြို့မြို့အနယ်နယ်မှ ဘုရားဖူးပြည်သူများဖြင့် နေ့စဉ် စည်ကားနေလေသည်။ နဝတအစိုးရလက်ထက် နိုင်ငံ့အကြီးအကဲများသည် စေတီတော်အား ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ခဲ့ရာ ယခုမြင်တွေ့ဖူးမြော်နေရသော ကျောက်တန်းမြို့ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ထင်ရှားသော ကျိုက်မှော်ဝန်းရေလယ်စေတီတော်သည် သပ္ပာယ်ကြည်ညိုမဆုံးနိုင်အောင် ရှိချေ၏။



လှပသော တန်ဆောင်းနောက်ခံဖြင့် မြင်တွေ့ရသည့် သိဟရာဇခြင်္သေ့မင်းရုပ်တု

ယခင်က ရေလယ်ရှိစေတီတော်အား ဖူးမြော်ရန် လက်ဖြင့်ခတ်သည့် သမ္ဗန်များနေရာတွင် စက်တပ်သမ္ဗန်များ၊ လူအများစီးနိုင်သည့် စက်တပ်မော်တော်ငယ်များဖြင့် ပို့ဆောင်ပေးနေသောကြောင့် ဘုရားဖူးများ စိတ်ချမ်းမြေ့စွာဖြင့် လာရောက်ဖူးမြော်နေကြလေပြီ။ နိုင်ငံခြားသားများသည်လည်း စိတ်ဝင်စားစွာဖြင့် လာရောက်လှူလာကြသည်ကို တွေ့မြင်ခဲ့ရလေ၏။

အခွင့်အခါသင့်၍ ကျန်းမာရေးအရလည်းကောင်း၊ ပင်လယ်လေ တစ်ဝကြီးရှူရှိုက်ရန်လည်းကောင်း လာကြရင်း ပင်လယ်နှင့် အလွန်နီးသောနေရာ၌ တည်ရှိသည့် ကျောက်တန်းမြို့ ကျိုက်မှော်ဝန်းစေတီတော်ထံမှောက် ရဟန္တာမထေရ်မြတ်များ မိဋ္ဌာန်ထားခဲ့သည့်အတိုင်း လောက၌ စီးပွားဥစ္စာ တိုးတက်များပြားလာကြစေရန် ဤဘုရားကြီးကို ကောင်းမှုကုသိုလ်ပြုရင်း ကြည်နူးစေတနာ အခါခါ အောက်မေ့လျက် ဦးခိုက်ဖူးမြော်ကြပါကုန်ဟု နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။

ခုနစ်နေ့သားသမီးများ
ဘေးဘယာကင်းဝေးကြပါစေ
ဗိုလ်တထောင် ကိုဦး




ဘုရားဖူးများအား ပို့ဆောင်ပေးနေသော စက်တပ်သမ္ဗာန်တစ်စင်းနှင့် ဘုရားဖူးအချို့

**မှီငြမ်း**

* ပြည်တော်သာ ဦးထွန်းရီ ရေးသားသော ပါဒနိုင်ငံတော် ရာဇဝင်နှင့် ရုပ်ပွားစေတီတော်များ သမိုင်း။
* ကဝိဇေယျာ ဦးကျော် ရေးသားသော ကျိုက်မှော်ဝန်းစေတီတော် သမိုင်း။

www.burmeseclassic.com

www.burmeseclassic.com



ပြင်ဦးလွင်မြို့ နောင်ခမ်းကြီးတောင်ခြေက [illegible]

## ပြင်ဦးလွင်က နောင်ခမ်းကြီးတောင်မှာ

# ပြင်ဦးလွင်မင်းသမီးနှစ်ဦးနှင့် ဆုံတွေ့ခဲ့ရခြင်း

**သစ္စာမင်းခေါင်**

လွန်ခဲ့သည့်လက ကျွန်ုပ်သည် ပန်းမြို့တော်၊ ချယ်ရီမြို့တော်၊ တောင်လှေကားမြို့တော်၊ မေမြို့၊ ပြင်ဦးလွင်ဟူသည့် အမည်နာမ(၅)မျိုးဖြင့် ထင်ရှားသော လွန်စွာငြိမ်သက်အေးချမ်းလှသည့် တောင်စခန်းမြို့လေးဖြစ်သည့် ပြင်ဦးလွင်မြို့ဆီသို့ ခရီးထွက်ခဲ့လေ၏။

ည(၇)နာရီတိတိတွင် မင်္ဂလာဒုံမြို့နယ်၊ အောင်မင်္ဂလာ အဝေးပြေးဝင်းမှ ထွက်ခွာသော ရန်ကုန်-ပြင်ဦးလွင် တိုက်ရိုက်ပြေးဆွဲသည့် ရွှေမန္တလာအမြန်ယာဉ်သည် နောက်နေ့ နံနက်(၅)နာရီခွဲခန့်တွင် ပြင်ဦးလွင်အဝေးပြေးဝင်းသို့ ဆိုက်ရောက်ခဲ့၏။

ပြင်ဦးလွင်သည် ပင်လယ်ရေမျက်နှာပြင်အထက် (၃၅၀၆)ပေ အမြင့်တွင် တည်ရှိပြီး သဘာဝတောတောင်များကလည်း လှပတင့်တယ်စွာ တည်ရှိနေသဖြင့် လွန်စွာချစ်စရာကောင်းသော၊ နေချင်စဖွယ်ဖြစ်သော တောင်ပေါ်မြို့လေးတစ်မြို့ပင် ဖြစ်ပါ၏။ ကျွန်ုပ်နှင့် ပြင်ဦးလွင်သည်ကား လွန်စွာခေတ်တည့်သည်။ ကက်ကင်းမိသည်ဟု ဆိုရမလို ဖြစ်နေ၏။ အပေါ်သွေး(၂၀၀)၊ အောက်သွေး(၁၃၀)ခန့် ဖြစ်နေသော ကျွန်ုပ်၏ သွေးတိုးရောဂါသည် ပြင်ဦးလွင်မြေသို့ ရောက်ရှိသည်နှင့် တစ်ပြိုင်နက် သွေးတိုးနှုန်းက ပုံမှန်ဖြစ်သွား၏။ လူကလည်း လန်းလန်းဆန်းဆန်း

www.burmeseclassic.com

ဖြစ်သွား၏။ သောက်နေကျ ဆေးဝါးများကို တစ်စုံတစ်ရာ မှီဝဲသုံးစွဲစရာ မလိုတော့ဘဲ သွေးတိုးကျသွားသည်မှာ လွန်စွာပင် ထူးခြား၏။

ကျွန်ုပ်သည် ပန်းမြို့တော် ပြင်ဦးလွင်သို့ ရောက်သောအခါ ပြင်ဦးလွင်မြို့၊ သီရိပဒေသာ ကားဝင်းမှနေ၍ ပြင်ဦးလွင်၏ အမှတ်သင်္ကေတတစ်ခုဖြစ်သော ရထားလုံးကို စီးပြီး နောင်ခမ်းကြီးတောင်ဆီသို့ ထွက်ခွာလာခဲ့၏။ နောင်ခမ်းကြီးတောင်သို့ ရောက်သောအခါ တောင်ခြေရင်းရှိ မဟာမြိုင်တောရကျောင်းတွင် တည်းခို၏။

မဟာမြိုင်တောရကျောင်း၏ ကျောင်းထိုင်ဆရာတော်မှာ သက်တော်(၅၂)နှစ်ရှိ ဆရာတော်ဦးဝဏ္ဏသာမိ ဖြစ်၏။ ဦးဝဏ္ဏသာမိသည် ရခိုင်တိုင်းရင်းသား ရဟန်းတော်တစ်ပါးဖြစ်ပြီး လွန်စွာသဘောသဘာဝ ဖြူစင်ကောင်းမွန်၏။ မြင့်မြတ်သောစိတ်ထား ရှိ၏။ သည်းခံခွင့်လွှတ်တတ်သော မေတ္တာနှလုံးသား ရှိ၏။ မြတ်ဗုဒ္ဓ၏ ဝိနည်းတော်နှင့်အညီ သီတင်းသုံးနေထိုင်၏။ မိမိလက်အောက်မှ ဦးပဉ္စင်း၊ သာမဏေတို့ကိုလည်း ကြမ်းကြမ်းတမ်းတမ်း ပြောဆိုဆုံးမခြင်းမပြုဘဲ မေတ္တာစိတ်ဖြင့်သာ သွန်သင်၏။

ဆရာတော် ဦးဝဏ္ဏသာမိသည် နောင်ခမ်းကြီးတောင်ခြေရှိ မဟာမြိုင်တောရ သာသနာ့နယ်မြေတွင် သာသနာတော် ထွန်းလင်းတောက်ပလာအောင် ကြိုးပမ်းဆောင်ရွက်တော်မူနိုင်ခဲ့၏။

မဟာမြိုင်တောရကျောင်းနှင့် မနီးမဝေး ကုန်းမြင့်ပေါ်တွင်ကား သဗ္ဗလာဘံကုဿိတံ ဓာတ်ပေါင်းစုစေတီတော်အဲ့တော်ရှိ စေတီတော်တစ်ဆူ ရှိ၏။ ထိုစေတီကို လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော်ခန့်က မဟာမြိုင်တောရကျောင်း၏ မူလကျောင်းထိုင် ဆရာတော်ကြီး ဦးဣန္ဒက (ရခိုင်ဆရာတော် ဦးသာကျော်)က တည်ထားခဲ့ခြင်းဖြစ်ပြီး လက်ရှိ မဟာမြိုင်တောရကျောင်း၏အကြီးအမှူးဖြစ်သူ ဆရာတော် ဦးဝဏ္ဏသာမိက ဘက်စုံမွမ်းမံပြင်ဆင်ပြီး အသစ်တစ်ဖန် တည်ထားခဲ့၏။

ယင်းစေတီတွင် ဥစ္စာစောင့် ညီအစ်မနှစ်ဖော် စောင့်ရှောက်သည်ဟု ကျော်ကြားပြီး ဆရာတော်ကြီး ဦးဣန္ဒက စေတီတည်ထားရန် ပြင်ဆင်နေစဉ်ကာလကလည်း တစ်ခုသောညနေ နေဝင်ရီတရောအချိန်တွင် ဆရာတော်ကြီးထံသို့ အဆိုပါ ညီအစ်မနှစ်ဖော် ရောက်ရှိလာပြီး စေတီတည်ထားရာတွင် အသုံးပြုရန်အတွက် ငွေကြေးများကို ဆက်ကပ်လှူဒါန်းသွားခဲ့သည်ဟု ဆို၏။

ထိုစေတီ၏ဝဲဘက်ရှိ ကုန်းမို့မို့ပေါ်တွင်ကား မဟာမြိုင်တောရကျောင်း၏ ဆောက်လုပ်ဆဲ ဓမ္မဝေပုလ္လသိမ်ကို တွေ့မြင်ရ၏။ မဟာမြိုင်တောရကျောင်းဆရာတော် "ဦးဝဏ္ဏသာမိသည် ထိုသိမ်ကြီး ပြီးမြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း ဝတ္ထုငွေကြေး အခက်အခဲကြောင့် သိမ်ဆောက်လုပ်မှုမှာ ရပ်တန့်လျက်ရှိသည်ကို စိတ်မကောင်းဖွယ် တွေ့မြင်ခဲ့ရ၏။ ထိုသိမ်ကြီး ပြီးမြောက်ရေးအတွက် အလှူရှင် သိမ်ဒကာ၊ ဒကာမများ ပေါ်ပေါက်လာပါစေဟု ကျွန်ုပ် ဆုတောင်းမိ၏။

ဥစ္စာစောင့် ညီအစ်မနှစ်ဖော် စောင့်ရှောက်သည်ဟု ကျော်ကြားသော အထက်ဖော်ပြပါ သဗ္ဗလာဘံကုဿိတံ ဓာတ်ပေါင်းစုစေတီတော်တွင် ကျွန်ုပ်သည် ယခင်က နှစ်ကြိမ်တိုင် အဓိဋ္ဌာန်စခန်း ဝင်ရောက်ခဲ့ဖူး၏။ တစ်ရက်တာ အဓိဋ္ဌာန်ပြီးတိုင်း ထိုညီအစ်မနှစ်ဖော်အား ရည်စူးပြီး စူးရှလှိုက်လှဲစွာ မေတ္တာပို့ အမျှဝေ၏။ ထိုအခါ ကြူကြူလှိုင်သော နှင်းဆီပန်းမွှေးရနံ့များသည် စေတီတော်ရင်ပြင်၌ ထူးခြားပျံ့လွင့် ဖုံးလွှမ်းသွားတတ်သည်ကို ကျွန်ုပ် သတိပြု



နောင်ခမ်းကြီးတောင်ခြေ မဟာမြိုင်တောရကျောင်းက ဆရာတော် ဦးဝဏ္ဏသာမိ (သက်တော် ၅၂ နှစ်)



www.burmeseclassic.com

www.burmeseclassic.com



ဆောက်လုပ်မှုရပ်တန့်လျက်ရှိသော ဗုဒ္ဓဝေဖုလ္လသိမ်ကျောင်း၊
သဗ္ဗလာဘံကျွန်စိတ် မာတ်ပေါင်းစုစေတီတော်ရင်ပြင်မှ ...


မိခဲ့၏။ ထိုသို့ တွေ့ကြုံခဲ့ရသည်မှလွဲ၍ ယင်းဥစ္စာစောင့် ညီအစ်မနှစ်ဖော် ဆိုသည်ကို ကျွန်ုပ်အနေနှင့် လက်တွေ့ ကျကျ မြင်တွေ့ခဲ့ရခြင်း အလျှင်းမရှိခဲ့ချေ။ ကျွန်ုပ်သည် သိုက်နန်းရှင်၊ ဥစ္စာစောင့်ဆိုသည်တို့ကို ပုံပြင်တွေ၊ ဝတ္ထုတွေ၊ ဗီဒီယိုဇာတ်ကားတွေမှာသာ တွေ့ဖူး၊ ဖတ်ဖူးခဲ့၏။ လက်တွေ့ကျကျ ယုံကြည်လက်ခံတတ်သော ကျွန်ုပ်အဖို့ သိုက်နန်းရှင်တို့၊ ဥစ္စာစောင့်တို့ဆိုသည်မှာ ဒဏ္ဍာရီလေလား ပုံးတဝါး ဖြစ်ခဲ့ရလေ၏။

သို့ဖြင့် ကျွန်ုပ်သည် ပြင်ဦးလွင်၏အရှေ့ဘက် (၃) မိုင်ခန့်အကွာရှိ နောင်ခမ်းကြီးတောင်ခြေ၊ မဟာမြိုင် တောရကျောင်းအနီးက အထက်ဖော်ပြပါ သဗ္ဗလာဘံ ကျွန်စိတ် မာတ်ပေါင်းစုစေတီ၌ တတိယအကြိမ်မြောက် အဓိဋ္ဌာန်စခန်း ဝင်ရောက်ခဲ့လေ၏။

အဓိဋ္ဌာန်အောင်မြင်ပြီးဆုံးသည့်နေ့ ညပိုင်းအချိန် ဖြစ်၏။ မှတ်မှတ်ရရ လပြည့်ည ဖြစ်၏။ စေတီတော်ရင်ပြင် တစ်ခုလုံးတွင် ထိန်ထိန်သာနေသော ဖိုးရွှေလ၏ အလင်းရောင်များက ဖြာဆင်းနေ၏။ တောတန်းတောင်စွယ်များ ဖုံးလွှမ်းနေသော ဝန်းကျင်တခိုသည် ငြိမ်သက်တိတ်ဆိတ်နေ၏။ နောင်ခမ်းကြီးတောင် တစ်ခုလုံးသည်လည်း လရောင်ဖျန်းပက်ထားသော အအေးရိပ်အောက်၌ ရင့်ကျက်တည်ငြိမ်စွာ ရှိနေ၏။

ကျွန်ုပ်သည် (၄၅)ရက်တာမျှ မပျက်မကွက် ပွားများ အားထုတ်ခဲ့ရသော အဓိဋ္ဌာန်ကုသိုလ် အကျိုးကိုလည်းကောင်း၊ ပြုခဲ့သမျှသော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ် အဖို့ဘာဂကိုလည်းကောင်း (၃၁)ဘုံ ဝေနေယျအားလုံး အား စူးရှလိုက်လှဲစွာ မေတ္တာပို့ အမျှဝေလိုက်၏။ ယင်းနောက် ဤသဗ္ဗလာဘံကျွန်စိတ် မာတ်ပေါင်းစုစေတီတော် အား စောင့်ရှောက်နေကြသည်ဆိုသော သိုက်နန်းရှင် ညီအစ်မ နှစ်ဖော်ကိုလည်း ကုသိုလ်အဖို့ဘာဂကို အမျှဝေ လိုက်၏။ လှိုက်လှိုက်လှဲလှဲ မေတ္တာပို့လိုက်၏။ ထိုအခိုက် တွင် သင်းပျံ့မွှေးကြိုင်သော နှင်းဆီပန်းရနံ့များကို ကျွန်ုပ် ရှူရှိုက်လိုက်ရ၏။ ကျွန်ုပ်သည် အမျှဝေ၊ မေတ္တာပို့ပြီး၍ မျက်စိကို မှိတ်ထားဆဲ ဖြစ်၏။ မျက်စိကို ဖွင့်၍ ဘေးဝဲယာကြည့်လိုက်သော အခါတွင်ကား လွန်စွာချောမောလှပသည့် ထီးမှုနန်းဟန်ရှိသော အသက်(၂၀)ကျော်အရွယ် မိန်းမပျိုနှစ်ဦးသည် ကျွန်ုပ်၏ ဝဲဘက် ဘေးတွင် ကျုံ့ကျုံ့ထိုင်လျက် ရှိသည်ကို တွေ့ရှိလိုက်ရ၏။

ယင်းမိန်းမပျို နှစ်ဦးအနက် တစ်ဦးသည် အစိမ်းနုရောင် ချိတ်




နောင်ခမ်းကြီးတောင်ခြေ သဗ္ဗလာဘံကျွန်စိတ် မာတ်ပေါင်းစုစေတီတော်အနီး
ကုန်းမြင့်ပေါ်က ဗုဒ္ဓဝေဖုလ္လကြီး ...
ဆောက်လုပ်မှုရပ်တန့်လျက်ရှိသော ဗုဒ္ဓဝေဖုလ္လသိမ်ကျောင်း ...



www.burmeseclassic.com

www.burmeseclassic.com



စောနန္ဒာ၊ စောသန္တာ ညီအစ်မနှစ်ယောက်နှင့် တွေ့ဆုံခဲ့ရသည့် သဗ္ဗလာဘံကုန္တီတံ ဓာတ်ပေါင်းစုစေတီတော်ရင်ပြင်က အင်္ဂါထောင့်

အင်္ကျီနှင့် ချိတ်လုံချည်ကို ဝတ်ဆင်ထားပြီး ကျန်တစ်ဦးမှာ ပန်းနုသွေးရောင် ချိတ်အင်္ကျီနှင့် ချိတ်လုံချည်တို့ကို ဝတ်ဆင်ထား၏။ ၎င်းတို့နှစ်ဦးထံမှလည်း မွှေးကြိုင်သော နှင်းဆီပန်းရနံ့များက ထွက်ပေါ်လျက်ရှိ၏။ ရုတ်တရက်မို့ ကျွန်ုပ်သည် မှင်တက်မိသလို ဖြစ်သွားခဲ့ရ၏။

ထိုအခိုက်တွင် အစိမ်းနုရောင် ချိတ်အင်္ကျီ၊ ချိတ်လုံချည်တို့ကို ဝတ်ဆင်ထားသူ အမျိုးသမီးက တောင်၍-

"ကျွန်မတို့က ဒီသဗ္ဗလာဘံကုန္တီတံ ဓာတ်ပေါင်းစုစေတီကို စောင့်ရှောက်နေတဲ့ သိုက်နန်းရှင် ညီအစ်မတွေဖြစ်ပါတယ် မောင်ကြီး။ ကျွန်မကတော့ အကြီးမ စောနန္ဒာပါ။ ဒီအငယ်မကတော့ စောသန္တာပါ။ ဘဝဟောင်းက ကျွန်မတို့နဲ့ ပဋ္ဌာန်းဆက်ရှိတဲ့ မောင်ကြီးဆီကို အကူအညီတစ်ခု တောင်းချင်လို့ အခုလို ရောက်လာခဲ့တာပါ။ အကူအညီကတော့ တခြားမဟုတ်ပါဘူး။ မောင်ကြီးပြန်ရင် ဒီငွေတစ်သိန်းကို ယူသွားပြီး ရွှေတိဂုံစေတီတော်မှာ ရွှေသင်္ကန်းကပ်ဖို့ လှူဒါန်းပေးပါ။ ပြီးတော့ ဒီဘဝကို ရောက်နေတဲ့ ကျွန်မတို့ ညီအစ်မအတွက် အမျှဝေပေးပါ" ဟု ဆို၏။

ယင်းနောက် ငွေတစ်သိန်းအုပ်ကို စေတီတော်အောက် ခြေရှိ ပန်းတင်ခုံပေါ်တွင် တင်ထားလိုက်၏။ ယင်းငွေတစ်သိန်းမှာ ကမ္ဘောဇဘဏ်စက္ကူပတ် ပတ်ထားသော ငွေတစ်သိန်းအုပ် ဖြစ်သည်ကို တွေ့မြင်လိုက်ရ၏။ ယင်းနောက် ထိုအမျိုးသမီးနှစ်ဦးသည် စေတီတော်ကို ဦးချကန်တော့ကာ စေတီတော်၏ ယာဘက်ရှိ တောစပ်အတွင်းသို့ ဝင်ရောက်သွားကြပြီး ရုတ်တရက် ပျောက်ကွယ်သွားခဲ့ကြလေ၏။

လက်တွေ့ကျမှ ယုံကြည်တတ်သည်ဟု ကြီးကြီးကျယ်ကျယ်ပြောတတ်သူ လက်တွေ့ဝါဒီကြီး ကျွန်ုပ်မှာ သိုက်နန်းရှင် ဥစ္စာစောင့် နှစ်ဦးကို အကောင်အထည်အလိုက် အရှင်လတ်လတ်ကြီး အနီးကပ် တွေ့မြင်လိုက်ရသဖြင့် ကြောင်အမ်းအမ်းဖြစ်ပြီး ကြက်ကြီး လည်လိမ်ထားသလို ဖြစ်သွားခဲ့ရလေ၏။ ပရလောကသား သိုက်နန်းရှင် ဥစ္စာစောင့်ဆိုတာ တကယ်ရှိတာပါလားဟူ၍လည်း ယုံကြည်လက်ခံသွားခဲ့လေ၏။

◆◆◆

ကျွန်ုပ်သည် အထက်ပါအတိုင်း ပြင်ဦးလွင်မြို့၊ နောင်ခမ်းကြီးတောင်ခြေက သဗ္ဗလာဘံကုန္တီတံ ဓာတ်



သဗ္ဗလာဘံကုန္တီတံ ဓာတ်ပေါင်းစုစေတီတော် အင်္ဂါထောင့် ပန်းတင်ခုံ၌ စောနန္ဒာနှင့် စောသန္တာတို့ တင်ထားခဲ့သော ငွေစက္ကူတစ်သိန်းအုပ်

www.burmeseclassic.com

ပေါင်းစုစေတီတော်မှာ (၄၅)ရက်အဓိဋ္ဌာန်စခန်း အောင်မြင်ပြီးဆုံးခဲ့ပြီးနောက် ပြင်ဦးလွင်မှ နံနက်(၈)နာရီအချိန်တွင် ထွက်ခွာသော ရွှေစင်စကြာအမြန်ယာဉ်ကိုစီးကာ ရန်ကုန်ပြန်ခဲ့၏။ ရွှေစင်စကြာအမြန်ယာဉ်သည် တောင်စွယ်တောင်ကြားများကို ကွေ့ပတ်ဖောက်လုပ်ထားသော ကားလမ်းအတိုင်း ပြင်ဦးလွင်မှ တအိအိဆင်းလာခဲ့၏။ တဖြည်းဖြည်းနှင့် ပြင်ဦးလွင်သည် မိုးစက်မြူမှုန်များအောက်တွင် ဝေး၍,ဝေး၍ ကျန်ခဲ့၏။

ကျွန်ုပ်၏ ရင်ထဲတွင်ကား လွမ်းသလိုလို ဆွေးသလိုလိုနှင့် ဘာလိုလိုကြီး ဖြစ်နေ၏။ ပြင်ဦးလွင်ကို လွမ်းသည်လား၊ ပြင်ဦးလွင်က နောင်ခမ်းကြီးတောင်မှာ ဆုံတွေ့ခဲ့ရသည့် သိုက်နန်းရှင် ညီအစ်မ နှစ်ဖော်ကို လွမ်းသည်လား ဆိုသည်ကိုကား ကျွန်ုပ်အနေနှင့် ဝေခွဲမရ ဖြစ်နေရပါချေ၏။

မည်သို့ဆိုစေ ပြင်ဦးလွင်က နောင်ခမ်းကြီးတောင်မှာ မမျှော်လင့်ဘဲ ဆုံတွေ့ခဲ့ရသော သိုက်နန်းရှင် ဥစ္စာစောင့် ညီအစ်မ စောနန္ဒာနှင့် စောသန္တာတို့ကိုကား တစ်သက်တာ ထာဝရ အမှတ်ရနေလိမ့်မည်မှာ အသေအချာပင်ဖြစ်ပါ၏။ ကျွန်ုပ်အနေနှင့်တော့ ထိုညီအစ်မနှစ်ဖော်ကို နောင်ခမ်းကြီးတောင်က ပြင်ဦးလွင်မင်းသမီးများဟုပင် တင်စားလိုက်ချင်ပါ၏။

ကျွန်ုပ်သည် ရန်ကုန်မြို့သို့ ပြန်ရောက်ပြီးနောက် ရွှေတိဂုံစေတီတော်သို့ သွားရောက်၍ စောနန္ဒာနှင့် စောသန္တာတို့ မှာကြားလိုက်သည့်အတိုင်း ရွှေတိဂုံစေတီတော်ကြီး၌ ရွှေသင်္ကန်းကပ်လှူရန်အတွက် ၄င်းတို့ပေးအပ်လိုက်သည့် ငွေကျပ်တစ်သိန်းကို လှူဒါန်းကာ စောနန္ဒာနှင့် စောသန္တာတို့ ညီအစ်မ နှစ်ဖော်သည် ဥစ္စာစောင့်ဘဝမှ ကျွတ်လွတ်ပြီး မြင့်မြတ်သော ဘုံဘဝသို့ ကူးပြောင်းရောက်ရှိကြပါစေဟု လှိုက်လှဲစွာ ဆုတောင်းအမျှဝေခဲ့ပါလေ၏။

(၇)နွေသားသမီးများအားလုံး ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာကြပါစေ။

မေတ္တာရည်၍
သစ္စာမင်းခေါင်

---


# ဆရာကြီးဦးအေးထွန်း

[အာကြောပြင်ပညာရှင်]

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး-

- ❖ ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း၊
- ❖ အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- ❖ လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်။
- ❖ လေဖြတ်ခံရပြီး ပုံမှန်ခြေ,လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ❖ ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

တွေ့ချိန် - နေ့စဉ် (၉)နာရီ မှ ညနေ(၅)နာရီအတွင်း

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃ ၂၄၂၄၄၂ ၊ ၀၉ ၂၅၀ ၁၅၄၇၅၈




www.burmeseclassic.com

www.burmeseclassic.com

ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး(နီ၊ဝါ၊လွန်၊နည်း၊များ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊အောင့်)
ဆီးပူညောင်းကျ၊ ဆီးကြောင့်မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ဇက်ကြောတက်၊
အသည်းရောင်အသားဝါ
ရောဂါများအတွက် သက်သာစေပါသည်။

**ဆိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

**Diseases to be applied**

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ဆင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ ကန္တရဝတီဆေးတိုက်၊ အမှတ်–၇၄၁၊ ဓနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁ ၄၀၃၈၉ ၊ ၀၉ ၄၂၀ ၀၀၇ ၀၈၅



www.burmeseclassic.com

www.burmeseclassic.com

ဗေယျာထက်

# အခုတ်ဖိုရှိဆရာတော်ဘုရားကြီး နှင့် မင်္ဂလာကန်ကုန်းကျောင်းသိမ်တော်

အင်္ဂပူမြို့သို့ မကြာ,မကြာ ရောက်ဖြစ်နေခဲ့သည်။ နိုင်သစ်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်အောင်က သူ၏ လုပ်ငန်းခွင်များရှိရာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့များသို့ သွားရလေတိုင်း စာရေးသူနှင့်အဖွဲ့ကို ခေါ်သွားလေ့ရှိခဲ့ရာ အင်္ဂပူမြို့သို့ မကြာခဏဆိုသလို ရောက်ရောက်နေမိရခြင်းပင် ဖြစ်သည်။

အင်္ဂပူမြို့သို့ ဦးတည်ကာ သွားလာနေရခြင်းမှာ ဦးဝင်းလှိုင်အောင် ဧရာဝတီတိုင်းဒေသကြီးသို့ ခရီးစဉ်ပေါ်လာတိုင်း ဆရာရင်း ဒကာရင်းဖြစ်သူ အင်္ဂပူမြို့ စံကျောင်းဆရာတော် ဘဒ္ဒန္တစက္ကိန္ဒ(ဂန္ထဝါစကပဏ္ဍိတ)ထံတော်ပါးသို့ ဝင်ရောက်ဦးတိုက်ဖြစ်လေ့ရှိနေခြင်းကြောင့်ပင် ဖြစ်သည်။



သိမ်တော်အဝေးမြင်



သိမ်တော်

ဆရာတော်သည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်တစ်ပါးဖြစ်လေရာ ရန်ကုန်မြို့ရှိ ကမ္ဘာအေးကုန်းမြေသို့ သံဃာ့တာဝန်ဖြင့် လာရောက်တိုင်း ဦးဝင်းလှိုင်အောင်၏တိုက်သို့ ကြွတော်မူဖြစ်လေ့ရှိသလို ဦးဝင်းလှိုင်အောင်ကလည်း အလုပ်ကိစ္စဖြင့် ဧရာဝတီတိုင်းဒေသကြီးသို့ ထွက်ဖြစ်လေ့ရှိတိုင်း အင်္ဂပူမြို့သို့ အရဝင်ရောက်ကာ ဆရာတော်ကို ဦးတိုက်လေ့ရှိသည်။

အင်္ဂပူမြို့တည်ရာနေရာသည် ရှေးမြန်မာမင်း အဆက်ဆက်က အခုတ်ဖိုမြို့အဖြစ် ထင်ရှားကာ ရှေးဟောင်းသမိုင်းဝင်မြို့တစ်မြို့အဖြစ် ထင်ရှားကျော်ကြားခဲ့သည်။ ရှေးဟောင်းမြို့တစ်မြို့အဖြစ် သမိုင်းတင်ထားခဲ့သည့် မြို့အလယ်ကို ဖြတ်သန်းစီးဆင်းနေသည့်ချောင်းမှာ အခုတ်ဖိုချောင်းဖြစ်လေရာ ချောင်းကို အစွဲပြု၍ အခုတ်ဖိုမြို့အဖြစ် အမည်တွင်ခဲ့ခြင်းဖြစ်သည်။ အခုတ်

www.burmeseclassic.com




သိမ်အနီးရှိ စေတီများ

ဒီချောင်း၏ အဖျားတွင် ရာမညတိုင်း ပုသိမ်(၃၂)မြို့တွင် တစ်မြို့အပါအဝင် ဖြစ်ခဲ့ဖူးသော အဂံပူရမြို့ တည်ရှိခဲ့သည်။ အဂံပူရမြို့တွင် မင်းအစဉ်အဆက် အုပ်ချုပ်ခဲ့သည်။

မြန်မာနှစ်(၁၁၁၅)ခုနှစ်တွင် နောက်ဆုံးမင်းဆက်ဖြစ်သော သီဟဗိုလ်မင်းလက်ထက်သို့ ရောက်သောအခါ အလောင်းမင်းတရားကြီးသည် ရာမညတိုင်း အားလုံးကို သိမ်းပိုက်နိုင်ခဲ့လေရာ လက်ရှိအုပ်ချုပ်လျက်ရှိသော သီဟဗိုလ်မင်းကို တိုက်သူကြီးမင်းတို့၏ အဆောင်အယောင်ဖြင့် လက်အောက်ဆရာတော်ခံ အဆင့်အတန်းထားကာ ဆက်လက်အုပ်ချုပ်စေခဲ့သည်။

အလောင်းမင်းတရားကြီး သူကောင်းမြှောက်ခဲ့သည့် သီဟဗိုလ်မင်း၏ နန်းစဉ်နန်းဆက်အဖြစ် သီဟဗိုလ်၏သား၊ မဟာသီဟဗိုလ်၏သား စိတ္တဗိုလ်တို့ အစဉ်အဆက် စိုးစံအုပ်ချုပ်ခဲ့ကြသည်။ စိတ္တဗိုလ် လက်ထက်သို့ ရောက်သောအခါ အဂံပူကိုစွန့်၍ ယခု အဂံပူမြို့ တည်နေရာသို့ ပြောင်းရွှေ့ကာ အုတ်ဖိုမြို့ကို တည်ဆောက်ခဲ့သည်။ အင်္ဂလိပ်မင်းလက်ထက် ရောက်သောအခါ ရန်ကုန်မှ မြည်သို့ မီးရထားလမ်း ဖောက်လုပ်ပြီးသွားသည်နှင့် အရှေ့ဘက်တွင်ရှိသည့် သာယာဝတီ၊ အုတ်ဖိုမြို့နှင့် အမည်ချင်းတူနေသဖြင့် အဂံပူရကို အစွဲပြုကာ အဂံပူမြို့ဟု တွင်စေသဖြင့် ယနေ့တိုင် အဂံပူမြို့ဟု အမည်တွင်နေခဲ့ခြင်းပင် ဖြစ်သည်။ ရှေးဟောင်းသမိုင်းဝင် မြို့တစ်မြို့အဖြစ် ထင်ရှားသော အဂံပူမြို့သည် ဘာသာ၊ သာသနာ ထွန်းလင်းပွင့်လန်းရာ မြို့တစ်မြို့ဖြစ်သည်။

အဂံပူစံကျောင်းဆရာတော် ဘဒ္ဒန္တစက္ကိန္ဒ သီတင်းသုံးတော်မူရာ စံကျောင်းဝင်းကြီးအတွင်းရှိ သိမ်တော်ကြီးဝယ် ဆရာတော်အား ဖူးမြော်ဆုံတွေ့ရင်း အချိန်အတော်ကြာမျှ မေးမြန်းလျှောက်ထားခွင့်ရရှိခဲ့ရာ ဘာသာ၊ သာသနာ ထွန်းလင်းစေဖြာခဲ့သည့် အဂံပူမြို့၏ သာသနာတော်သမိုင်း





ကျောင်းဝင်းဝင်ဝင်ချင်းမြင်ရသည့် ကျောင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com


သိမ်အတွင်းရှိ ဆင်းတုတော်


သိမ်အတွင်းရှိ ဆင်းတုတော်

တစ်စိတ်တစ်ဒေသကို သိခွင့်ရလိုက်တော့သည်။ မြန်မာနိုင်ငံ သာသနာတော်သမိုင်းဝယ် အဓိကအထင်ကရ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ရသည့် ဒွါရဂိုဏ်းသာသနာတော် စည်ပင်ပြန့်ပွားလာရေးအတွက် အစပျိုးခဲ့သည့် သာသနာ့သမိုင်းပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ သံဃာ့ဂိုဏ်းကြီး (၉)ဂိုဏ်းတွင် အပါအဝင်ဖြစ်သည့် မဟာဒွါရဂိုဏ်းကို ကျေးဇူးတော်ရှင် အုဂ်ဖိုရ်မဟာထေရ် ဖြစ်တော်မူသော ဦးဥက္ကံဝံသမာလာက စတင်တည်ထောင်တော်မူခဲ့ခြင်းပင် ဖြစ်သည်။

အုဂ်ဖိုရ်မဟာထေရ် ဖြစ်တော်မူသည့် ဆရာတော်ဘုရားကြီး ဦးဥက္ကံဝံသမာလာ အဂ်ပူ၌ သီတင်းသုံးနေတော်မူစဉ် ရေသိမ်၌ ဝိနည်းကံပြုပုံကို အစွဲပြု၍ သံဃာတော်အချင်းချင်း အငြင်းအခုံဖြစ်ရာက စတင်ကာ ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရ စသော ရှိခိုးမှုတစ်ခုပါ တိုးလာပြီး ဒွါရဂိုဏ်း စတင်ပေါ်ပေါက်လာခဲ့ရခြင်းပင် ဖြစ်သည်။


ဆရာတော်ဘုရားကြီး စံရာ သီတင်းသုံးခဲ့ရာ ကျောင်း

ကျေးဇူးတော်ရှင် အုဂ်ဖိုရ်ဆရာတော်ဘုရားကြီးသည် မြန်မာနှစ်(၁၁၇၉)ခုနှစ်၊ တပေါင်းလဆန်း (၅)ရက်၊ တနင်္ဂနွေနေ့တွင် ဟင်္သာတခရိုင်၊ သာရဝေါမြို့နှင့် (၂)မိုင်ကွာဝေးသော ရွာလေးတစ်

www.burmeseclassic.com

ရွာတွင် ခမည်းတော် ဦးရွှေပန်းနှင့် မယ်တော် ဒေါ်လေး တို့မှ ဖွားမြင်ခဲ့ပြီး ငယ်နာမည် မောင်ညွှန်းအဖြစ် အမည် တွင်ခဲ့သည်။ အရွယ်ရောက်လာသည်တွင် ကုလားချောင်း အနီးရှိ နန်းဦးကျောင်းဆရာတော် ဦးဇော်ဂျီ(ဆင်ဖြူကျွန်း ဆရာတော်)ထံ၌ ကျောင်းသားဘဝမှ ရှင်သာမဏေဖြစ် သည်အထိ မိဘများ၏ ဆန္ဒအတိုင်း နေထိုင်ခဲ့သည်။

ရှင်သာမဏေဝတ်နှင့်ပင် အင်းဝမှ ကြွလာတော်မူ သော မြသိန်းတန်ဆရာတော်ထံတွင်လည်းကောင်း၊ ဟင်္သာတ အဝအုတ်ကျောင်းဆရာတော် ဦးမဏိဇောတထံတွင်လည်း ကောင်း၊ ဟင်္သာတမြို့ သရက်တောဆရာတော် ဦးကဝိထံ တွင်လည်းကောင်း၊ ရန်ကုန်မြို့ ပုဇွန်တောင်ဆရာတော် ဦးဇောတိမထံတော်တွင်လည်းကောင်း စာပေကျမ်းဂန်များကို သင်ကြားခဲ့သည်။

ရှင်ဥက္ကံဝံသမာလာသည် မေတ္တာစာ အရေးအဖွဲ့တို့ ကို သီကုံးရေးသား ပြုစုတော်မူပြီးသည့်နောက် မန်ကျည်း တောဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်း ဘောင်သို့ ရောက်တော်မူသည်။ မန်ကျည်းတောဆရာ တော်ဘုရားကြီးထံတော်၌ ပရိယတ္တိဓမ္မတို့ကို သင်ကြား ဆည်းပူး၍ ဆရာတော်ဘုရားကြီး အထက်သို့ ပြန်ကြွ သွားတော်မူသည့်အခါ မနေဖြူမြို့ ရွှေဂူကျောင်းတိုက်ဆရာ တော် (ယခင် ဟင်္သာတ သရက်တောကျောင်းတိုက်အုပ်) ထံတော်ပါးတွင် ခိုလှုံကာ ပရိယတ္တိဓမ္မတို့အပြင် ပျို့၊ လင်္ကာ၊ ကဗျာ စသော အနုပညာတို့ကိုလည်း လေ့လာ ဆည်းပူးခဲ့သည်။ ဆရာတော်သည် ဦးဥက္ကံဝံသမာလာ၏ ဉာဏ်ပညာပါရမီ ထက်မြက်ပုံကို မြင်တွေ့နေရသဖြင့် အမရပူရမြို့ တော်သို့ ခေါ်ဆောင်သွားကာ ဗားကရာဆရာတော်ဘုရားကြီးထံ အပ် နှံခဲ့သည်။

ဗားကရာဆရာတော်ဘုရား ကြီးထံ စာပေသင်ကြားကြသူများ အနက် ဦးဥက္ကံဝံသမာလာသည် ဉာဏ်ပညာ အထက်မြက်ဆုံးသော ကျော်ကြားသူအဖြစ် ထင်ရှားခဲ့သည်။ ထို ကာလအတွင်းမှာပင် သမ္မာရသျှံ ရှိသည့် ဗြာဟ္မဏ ပုဏ္ဏားကြီး ထံတွင် သက္ကတကျမ်းတို့ကို လေ့လာတော်မူခဲ့သည်။ ထို သို့ဖြင့် ပညာရည် ဘက်စုံအတော်အတန် ပြည့်စုံပြီးသည် နှင့် စာဝါများ ပို့ချခြင်း၊ ကျမ်းစာပေများ ပြုစုပေးခြင်း၊ သာသနာရေးဆိုင်ရာ အငြင်းအခုံပြဿနာတို့ကို လိုက်လံ ဖြေရှင်းပေးခြင်းများပြုကာ သာသနာတော် အရှည်တည် တံ့ ထွန်းလင်းနေနိုင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်



သိမ်အတွင်းရှိ ခြောင်လိမ်လှေကား



ဆရာတော်ဘုရားကြီး ကျိန်းစက်ခဲ့ရာ ခုတင်



www.burmeseclassic.com

www.burmeseclassic.com

တော်မူနေခဲ့သည်။

ဒွါရဂိုဏ်းအဖြစ် တည်ထောင်လိုက်သည့် နောက်ပိုင်းတွင် ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီး ဦးဥက္ကံဝံသမာလာအဖြစ် အထင်အရှားသိသူ များလာခဲ့သည်။ ဆရာတော်ဘုရားကြီးသည် (၁၂၇၂)ခုနှစ်တွင် အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဂယာသို့လည်းကောင်း၊ (၁၂၄၉)ခုနှစ်တွင် မြတ်ဗုဒ္ဓ၏ စွယ်တော်မြတ် ကိန်းဝပ်စံပယ်ရာ သီဟိုဠ်ကျွန်း(သီရိလင်္ကာနိုင်ငံ)သို့လည်းကောင်း ကြွရောက်တော်မူခဲ့သည်။

ရဟန်းငယ်ဘဝကတည်းကပင် ဆရာတော်ဘုရားကြီး၏ သီလ၊ သမာဓိ၊ ပညာ ဂုဏ်သတင်းတို့သည် မန္တလေးရှိ ရွှေနန်းတော်ကြီးအတွင်းသို့တိုင်အောင် ပျံ့မွှေးနေခဲ့လေရာ သက်တော်ကြီးရင့်လာသည်နှင့်အမျှ ဂုဏ်သတင်းတို့က ပိုမို၍ပျံ့နှံ့မွှေးကြိုင်လျက်သား ရှိနေခဲ့တော့သည်။


ထိုသို့ရှိနေစဉ်ကာလမှာပင် မင်းတုန်းမင်း နန်းတက်လာခဲ့သည်။ မင်းတုန်းမင်းသည် မိမိ မင်းသားအရွယ်က အိမ်တော်သို့ ပင့်၍မရသော ရဟန်းသည် ဗြိတိသျှတို့၏ နယ်ပယ် အောက်ပြည်အောက်ရွာတွင် သာသနာပြုလျက် ဂုဏ်သတင်း ထွန်းလင်းနေသည်ကို သိလိုက်သည်နှင့် မန္တလေးရွှေနန်းတော်ကြီးသို့ ပင့်၍ရနိုင်၊မရနိုင် သိလိုစိတ် ပြင်းပြနေမိသည်။ မင်းတုန်းမင်းသည် အုဂ်ဖိုရှိဆရာတော်နှင့် အကျွမ်းတဝင်ရှိလှသည့် ရွှေကျင်ဆရာတော်မှတစ်ဆင့် စုံစမ်းတော့သည်။ ထိုအခါ ကျေးဇူးတော်ရှင် အုဂ်ဖိုရှိ ဆရာတော်ဘုရားကြီးသည် ငယ်စဉ်ကာလကပင် မင်းပါး



ဆရာတော်ဘုရားကြီးရုပ်တု

စိုးခွင် မဝင်ခဲ့သဖြင့် ယခုမှ မင်းနှင့် အကျွမ်းတဝင်ဖြစ်ရန် မဖြစ်တော့၊ မဖြစ်လိုတော့ဟု အကြောင်းပြန် မိန့်ကြားလိုက်ခဲ့သည်။

မင်းတုန်းမင်းသည် ဆရာတော်အား မဖူးတွေ့ရလျှင် နေပါစေ၊ ဆရာတော် အသုံးလိုသည့်ပစ္စည်းများ လှူဒါန်းလိုသည့်ဆန္ဒ ပေါ်နေသဖြင့် စုံစမ်းရာ ဆရာတော် သိမ်ဆောက်နေကြောင်း သိလိုက်ရသည်။



ယွန်းအသင်္ချာ

ဆရာတော် သိမ်သမုတ်ရန် စီစဉ်နေသည်ဟု ကြားသိရသည်နှင့် ကျောက်သားသိမ် နိမိတ်တိုင်များကို ဆရာတော် သိမ်သမုတ်တော်မူမည့် အင်္ဂပူမြို့သို့ အရောက်ပို့ကာ ဆက်ကပ်လှူဒါန်းတော်မူသည်။ ထိုအကြောင်းအရာများ သိခွင့်ရလိုက်မိသည်နှင့် မဟာဒွါရဂိုဏ်း အစပျိုးခဲ့သည့် ကျေးဇူးတော်ရှင် အုဂ်ဖိုရှိဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူခဲ့ရာ ဓနိလာကန်ကုန်း ကျောင်းတိုက်သို့



www.burmeseclassic.com

www.burmeseclassic.com



အုတ်ဖိုရ်ဆရာတော်ကြီးပုံတော်

အတွင်း အုံ့အုံ့ဆိုင်းဆိုင်းဖြင့် အေးစိမ့်စိမ့်အနေအထား ရှိနေသည်။

ကျောင်းဝင်းအတွင်း ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူခဲ့ရာကျောင်းနှင့် ခံ့ညားထည်ဝါလှသည့် သိမ်တော်ကြီး တည်ရှိနေသည်ကို တွေ့ရသည်။ သိမ်တော်ကြီးမှာ ရှေးဟောင်းသိမ်ကြီးပင် ဖြစ်သည်။ ရှေးဟောင်းလက်ရာ မပျက်ရလေအောင် မွမ်းမံပြင်ဆင်ထားရှိသည်ကို တွေ့ရသည်။ သိမ်တော်ကြီးမှာ သီဟိုဠ်လက်ရာပုံစံ ပေါ်လွင်လျက် ရှိနေသည်။ သိမ်တော်ကြီးအတွင်း ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ကိုးကွယ်ဆည်းကပ်တော်မူခဲ့သော ကြေးဆင်းတုတော်ကြီး သပ္ပာယ်စွာ စံပယ်တော်မူလျက် ရှိနေသည်ကို ဖူးတွေ့ရသည်။ ခံ့ညားထည်ဝါစွာ ချိတ်ဆွဲထားသည့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ပုံတော်ကိုလည်း ဖူးတွေ့ရသည်။ ထူးခြားနေသည်မှာ သိမ်တော်ကြီးအတွင်း ကြောင်လိမ်လှေကား ဆင်ထားခြင်းပင်ဖြစ်သည်။ လှေကားမှာ ရွှေလှေကားအလား ထင်မှတ်မှားရသည်။

လှေကားအတိုင်း တက်သွားပါက လူတစ်ယောက် တရားထိုင်လောက်သည့် အခန်းငယ်ဆီသို့ တန်းတန်းမတ်မတ် ရောက်ရှိသွားမည်ပင်ဖြစ်သည်။ ဆရာတော်ဘုရားကြီးသည် သိမ်အတော်များများ သမုတ်တော်မူခဲ့ရာ ယခုသိမ်တော်မှာ ထူးထူးခြားခြား သီဟိုဠ်ပုံစံ တူနေခြင်းပင်ဖြစ်သည်။ သိမ်တော်ကြီးအတွင်းနှင့် ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့ရာ ကျောင်းအတွင်း လှည့်လည်ကြည့်ရှုရောက်သွားလိုသည့်ဆန္ဒ ပြင်းပြလာမိသည်။

မကြာမီအချိန်လေးမှာပင် ဦးဝင်းလှိုင်အောင်က ကန်ကုန်းကျောင်းသို့ လိုက်ပို့ပေးမည်ဟု ဆိုလာသဖြင့် အတိုင်းသိ ဝမ်းမြောက်ဝမ်းသာဖြစ်မိကာ ဦးဝင်းလှိုင်အောင်၏ ကားဖြင့်ပင် မင်္ဂလာကန်ကုန်းကျောင်းတိုက် တည်ရာသို့ ထွက်မိကြတော့သည်။

ကျေးဇူးတော်ရှင် အုဂ်ဖိုရ် ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူခဲ့သည့် မင်္ဂလာကန်ကုန်းကျောင်းတိုက် တည်ရာ ကျောင်းဝင်းကြီးက ကျယ်လွန်းလှသည်။ မျက်ခြေအားဖြင့် (၆)ဧကသာသာခန့် ကျယ်ဝန်းမည်ဟု ယူဆရပါသည်။ ကျောင်းဝင်းကြီးအတွင်းသည် ပိန္နဲပင်များ၊ ဝါးရုံတောများ၊ သစ်ကိုင်းပင်ကြီးများက နေရာယူထားသည်ဖြစ်ရာ ကျောင်းဝင်းကြီး၊



ရှေးခေါင်းလောင်းတော်



www.burmeseclassic.com




ဆရာတော်၏ ဗုဒ္ဓပိုက်များထည့်သည့်ဗီရို

ရာတွင် ကလျာဏီသိမ်တော်ဆိုမိန့် စီစဉ်သည့်အတိုင်း ဆောင်ရွက်တော် မူကာ သစ္စာဆိုပြီးမှ ဖြုလုပ်လေ့ရှိသည်။ ယခုသိမ်တော်ကို သမုတ်ရာ၌ သိမ်သမုတ်ပြီးသည်နှင့် တစ်ပြိုင်နက် မြေအတွင်း၌ အမြုပ်ရိုက်ထည့်ထားရှိသော ပွတ်ခုံသိမ် ပန္နက်များ သူ့အလိုအလျောက် မြေပေါ်သို့ ရှန်းတက်ကာ ပေါ်လာခဲ့သည့် ထိုဖြစ်အင်ကို မြင်တွေ့ကြရသော ရဟန်း၊ ရှင်၊ လူတို့က ဆရာတော်ဘုရားကြီး ဘုန်းတန်ခိုးအရှိန်အဝါကို တအံ့တသြ ဖြစ်ကြရသည်။

ရှမိရာ ဆရာတော်ဘုရားကြီး အသုံးပြုတော်မူခဲ့သည့် စာအုပ်ဗီရို၊ ကျိန်းစက်ခဲ့ရာခုတင်နှင့် ဆရာတော်ဘုရားကြီး၏ ရုပ်တုတော်တို့ကို ဖူးတွေ့ခွင့်ရခဲ့သလို မင်းတုန်းမင်းတရားကြီးထံမှ အရောက်ပေးပို့ ဆက်ကပ်လှူဒါန်းခဲ့သော ကျောက်ပြားချပ်ကြီးများ ယနေ့တိုင် အသုံးမပြုဘဲ ထားခဲ့သည်ကို တွေ့ရသည်။

သိမ်တော်ကြီးမှာ ဆရာတော်ဘုရားကြီး သိမ်သမုတ်



သမိုင်းကျောက်စာ

ကျောက်စာ

ထိုမျှသာမက ဆရာတော်ဘုရားကြီး၏ အံ့ဖွယ်ထူးခြား စွမ်းပကားများကား စေတီတည်ထားထိုက်သည်အထိ စွမ်းပကားများ ပေါ်ထွန်းပြသသွားခဲ့သည်။ (၁၂၆၆)ခုနှစ်၊ တပို့တွဲလဆန်း (၁၅)ရက်၊ စနေနေ့ နံနက်(၇)နာရီအချိန်တွင် ဗဟုဒေဝနိမ္မိတစေတီတော်မြတ် တည်ထားရန် ပန္နက်ချ အုတ်မြစ်စီမင်္ဂလာ ကျင်းပခဲ့သည်။ များစွာထောင်သောင်းသော နတ်၊ ဗြဟ္မာ အပေါင်းတို့က ကောင်းမှုရှာမှီး စေတီတော်မြတ်ကြီးအား ပြီးစီးလွယ်အောင် ရွက်ဆောင်မှိုင်းမ ကူညီဖန်ဆင်းကြပါသည်ဘုရားဟု ဆရာတော်ဘုရားကြီးအား လျှောက်ထားလာကြသောကြောင့် ဆရာတော်ဘုရားကြီးက ဗဟုဒေဝနိမ္မိတစေတီတော်မြတ်ကြီးဟု ဘွဲ့တော်ပေးခဲ့ခြင်းပင် ဖြစ်သည်။

စေတီတော်စတင်တည်ထားရာ ပန်းတင်ခုံ မပြီးစီးနိုင်မှာပင် (၁၂၆၇)ခုနှစ်၊ တပေါင်းလဆုတ် (၂)ရက်နေ့တွင် ကျေးရွာရှင်ဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူခဲ့သည့် စေတီတော်မြတ်ကြီး၏ ပန်းတင်ခုံအလယ် အုတ်ဂူအတွင်းရှိ ကြေးဝါခုတင် ညောင်စောင်းတော်ဝယ် အလောင်းတော်ကိုတင်၍ ဌာပနာအဖြစ် သွင်းနံ့ကာ ပူဇော်ခဲ့ကြသည်။ (၁၂၆၉)ခုနှစ်၊ တပေါင်းလ ညနေ(၄)နာရီအချိန်တွင် အလောင်းတော်ကို ဆီမီးတို့ဖြင့် ထွန်းညှိပူဇော်ကြသည်။ ပန်းတင်ခုံအစွန်းမှ အုတ်တစ်ချပ်လျှင် ဖယောင်းတိုင် တစ်တိုင်ကျ လှည့်လည်ထွန်းညှိ ပူဇော်ကြရာ ပန်းတင်ခုံ နှစ်ပတ်ကျော် သုံးပတ်မျှ ပတ်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com


ဆရာတော်ဘုရားကြီး၏ ဗီရို

တပေါင်းလ၏ ညနေခင်း အခါသမယဖြစ်သဖြင့် လေပြင်း တိုက်ခတ်ပါသော်လည်း ဖယောင်း တိုင်တို့ မီးငြိမ်းမသွားဘဲ မီးညွန့် တို့သည် လေတိုက်ရာသို့ အလိုက် သင့် ယိမ်းခါမသွားဘဲ အလောင်း တော်ပတ်ပတ်လည်ရှိ မီးညွန့်တို့ သည် အလောင်းတော် လျောင်း တော်ရာဆီသို့ ဦးခိုက်ပူဇော်နေကြ သည့်အလား ညွတ်လျက်သား ရှိနေခဲ့သည်ဟု သိခွင့်ရခဲ့ပါသည်။

ကျေးဇူးတော်ရှင် အုဂ်ဖိုရ် ဆရာတော်ဘုရားကြီး သမုတ်တော်မူခဲ့သည့် သိမ်တော်မှာ အင်္ဂပူမြို့နယ်ရှိ မင်္ဂလာကန်ကုန်းကျောင်းတိုက်ဝင်းအတွင်း တည်ရှိပါသည်။ သာသနာတော် အရှည်တည်တံ့ ထွန်း ကားစေဖြာအောင် ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည့် အုဂ် ဖိုရ်ဆရာတော်ဘုရားကြီး စံခဲ့ရာကျောင်းနှင့် သမုတ်တော် မူခဲ့သည့် သိမ်တော်သို့ တစ်ခါတစ်ခေါက် အရောက်သွား သင့်ပါသည်ဟု ဆိုလိုက်ပါရစေ။

ဗုဒ္ဓသာသနာ ရောင်ဝါနေသို့ လင်းစေသော်။

ဇေယျာထက်


'အဖေဆေး' အမှတ်တံဆိပ်


မှတ်ပုံတင်ပြီး

ဆီးချို၊ သွေးချို
ဘောက်ဆေး

သုံးစွဲရန် ဆေးပမာဏ
နံနက် အစာမစားမီ (၃) ပြား
နေ့လယ် အစာမစားမီ (၃) ပြား
ည အစာမစားမီ (၃) ပြား

ပင်ရင်း အမှတ် (၃၀)၊ (၁၂၂)လမ်း၊
ရေတွင်းအုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - ၀၁ - ၃၇၆၇၀၀၊ ၀၁ - ၃၇၆၇၀၂၊ ၀၉ - ၇၃၂၀၀၉၇၀

အမြို့မြို့ အနယ်နယ်ရှိသော
ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။


# နှတ်လှူကြည်ဖြူ မြတ်ရွှေကူဘုရားကြီး

ခင်မောင်အေး(မန္တလေး)

ပုဂံ ကွမ်းသီးဟိုတယ်တွင် တစ်ညတာ တည်းခိုခဲ့ပြီး ကျောက်ပန်းတောင်းမှလာမည့် သားကြီးတို့ ဇနီးမောင်နှံအား နံနက်ဦးစာစားရင်း စောင့်နေမိပါသည်။ နှစ်စဉ်နှစ်တိုင်း ဆိုသလို ကျွန်တော် ပုဂံသို့ လာဖြစ်သည်။ ပုဂံရှိ အလိုတော်ပြည့်ဘုရားတွင် အဓိဋ္ဌာန်ပုတီးကိုးပတ် မွေးနေ့အတွက် စိပ်လှူပူဇော်မြဲ ဖြစ်၏။ အသက်(၇၅)နှစ်ပြည့် မွေးနေ့မှ စတင်ကာ အဓိဋ္ဌာန်ကို စတင်ခဲ့ခြင်း ဖြစ်ပါသည်။

ငွေရေးကြေးရေး အဆင်မပြေသော နှစ်များတွင် ပုဂံသို့ လာရောက်ခြင်း မပြုနိုင်ခဲ့ပါ။ ထိုနှစ်များတွင် ပျက်ကွက်ခဲ့ရပြီး ကျန်နှစ်များတွင် ပျက်ကွက်ခြင်း မရှိရလေအောင် ဂရုစိုက်သည်ဖြစ်သဖြင့် ယခု အသက်(၈၆)နှစ်ပြည့်မြောက်သော နှစ်တွင် ပုဂံသို့ သွားရောက်နိုင်ပြီး အလိုတော်ပြည့်ဘုရားတွင် အဓိဋ္ဌာန်ကို ပြည့်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

နံနက်စာ စားပြီးခါစတွင် သားကြီးတို့ ရောက်လာကြ၏။ ကျောက်ပန်းတောင်းမှ မော်တော်ဆိုင်ကယ်နှင့် ဇနီးမောင်နှံနှစ်ဦး လာခဲ့ကြခြင်း ဖြစ်သည်။ သားတို့အား နှုတ်ခွန်းဆက်ပြီး သူတို့က ဆိုင်ကယ်နှင့် ရှေ့ကသွား ကျွန်တော်တို့က မော်တော်ယာဉ်နှင့် နောက်က လိုက်သွားကြ၏။ ပုဂံကို မခွာချင့် ခွာချင်နှင့် လာခဲ့ရသည်။ ပုဂံဘုရားများအား ဖူးလို့မဝ ကြည်ညိုလို့ အားမရသေး


အလောင်းစည်သူမင်းကြီး တည်ထား
ကိုးကွယ်တော်မူသော သမိုင်းဝင်ရွှေကူမြတ်စွာဘုရားကြီး

www.burmeseclassic.com

သည်က အမှန်ပင်။ နောင်နှစ်ခါတော့ ထပ်မံကြုံပါလိမ့်ဦးမည်ဟု အားခဲထားလိုက်ရ၏။

နွေဦးမို့ လုမ်းဘေးဝဲယာမှာ ထနောင်းပင်တွေ ရွက်သစ်ဝေနေပြီ။ မန်ကျည်းပင်များ ရွက်နုထွက်လျက် စိမ်းစိုညို့မှောင်နေသည်။ တမာပင်တွေကမူ ဝတ်ရုံလွှာကို ချနေပေပြီ။ သားကြီး လူမော်အေး၏ ဆိုင်ကယ်ကို မျက်ခြည်ပြတ်မသွားရအောင် ဂရုတစိုက် အမီလိုက်နေရသည်။

ဝန်းကျင်ဝဲယာမှ အညာ၏အလှကို စိတ်လိုလက်ရ ခံစားမနေနိုင်အားပေ။ ဝဲယာရှုခင်းများကို ဟိုဟိုဒီဒီ ဦးခေါင်းကိုလှည့်ကာ တစ်ခါ ,နှစ်ခါ ကြည့်လိုက်မိနိုင်သည်။ သွားခနဲ ရောဝတီတံတား ပခုက္ကူကို ရှေ့တွင် မြင်လိုက်ရ၏။ တံတားကို ကျော်လွန်လာပြီးသည့်နောက် ပခုက္ကူမြို့လယ်တွင် တည်ရှိသော ရွှေကူမြတ်စွာဘုရားကြီးသို့ ရောက်လာကြသည်။

ရွှေကူမြတ်စွာဘုရား၏ ဒါယကာသည် ထီးလှိုင်ရှင်ကျန်စစ်သားမင်းကြီး၏မြေးတော် သီရိဇေယျသူရ ဘွဲ့ရည်ရ အလောင်းစည်သူမင်းတရားကြီး ဖြစ်ပါသည်။ မင်းကြီးသည် ဘုန်းကံကြီးမားသော ဘုရင်တစ်ပါး ဖြစ်သောကြောင့် မဟာသမုဒ္ဒရာကိုစုန်လျက် လှေယာဉ်စကြာဖြင့် မင်း၊ မိဖုရား၊ မှူးကြီးမတ်ရာ၊ သေနာပတိနှင့် စစ်သည်ဗိုလ်ပါအပေါင်း ခြံရံကာ တိုင်းခန်းလှည့်လည်သည်။ အပြည်ပြည်သော မင်းတို့က ပဏ္ဏာလက်ဆောင် ဆက်သကြသည်။ သီဟိုဠ်ဘုရင်က သမီးတော် စောထွေးဦး၊ ရှင်မဟာကဿပမထေရ်၏ ရုပ်တုနှင့် သက်နက် လှေတော်ကြီး တစ်စင်း ဆက်သသည်။

မင်းကြီးသည် တရုတ်ပြည်သို့လည်း သွားရောက်ကာ ဗုဒ္ဓမြတ်စွယ်တော်ကို ပင့်ရန် ကြိုးပမ်းသော်လည်း မအောင်မြင်ခဲ့။ စွယ်တော်ကို ယင်းကဲ့သို့ ပင့်ဆောင်သည့် အခွင့်အလာ မရှိသဖြင့် လက်ဆောင်ပဏ္ဏာများစွာဖြင့်သာ ကျေနပ်ခဲ့ရ၏။

ထို့နောက် ဇမ္ဗူသပြေပင်သို့တိုင် ကြွရောက်တော်မူခဲ့သည်။ ထိုမှတစ်ဖန် မြင်းမိုရ်တောင်သို့အထိ သွားရောက်ဖို့ ကြိုးစားခဲ့သည်။ သိကြားမင်းက လူ့အိုအသွင် ဖန်ဆင်းလျက် ဖျောင်းဖျတားမြစ်သဖြင့် မအောင်မြင်ခဲ့ပေ။ ထို့နောက် ပြည်တွင်းဧရာဝတီမြစ်တစ်ကြောသို့ မိဖုရားများ ကိုယ်လုပ်တော်များနှင့် မှူးမတ်ဗိုလ်ပါ ခြံရံလျက်



သမိုင်းဝင် ရွှေကူမြတ်စွာဘုရားကြီး ဂန္ဓကုဋိတိုက်အတွင်းရှိ ရပ်တော်မူ ဆင်းတုတော်နှင့် တံကဲတော်



သမိုင်းဝင် ရွှေကူမြတ်စွာဘုရားကြီး ဂန္ဓကုဋိတိုက်အတွင်းရှိ ဆင်စွယ်ပလ္လင်ထက်က ဆင်းတုတော်



www.burmeseclassic.com

www.burmeseclassic.com


ရေစောင်းမြည့် ကျောက်ဖြူသားဆင်းတုတော်

ဖောင်တော်ဖြင့် လှည့်လည်ပြန်လေသည်။

တဖြည်းဖြည်း စုန်ဆင်းလာခဲ့သည့် နောက်ပေါက် အင်းအရပ်သို့ ရောက်သည့်အခါ ဖောင်တော်ကို ခေတ္တ ရပ်နားစေသည်။ ထိုဒေသမှ လူအများ ကမ်းလုံးညွတ်မျှ လာရောက်ပြီး မင်းကြီးကို ကြိုဆိုကြလေသည်။ မင်းကြီး၏ ကိုယ်လုပ်တော်(၁၂၀၀)ကျော် ပါရှိသည်။ ယင်းတို့အနက် ကိုယ်ဝန်အရင့်အမာနှင့် ကိုယ်လုပ်တော် မိစိမ့်ညို သည် မင်းကြီးက အရေးအရာပေးခံရသူပီပီ ဆတ်ကော့ လတ်ကော့ အလွန်လုပ်တတ်သည်။ များစွာသောလူအုပ် အတွင်းမှာ တံငါယောကျ်ား တစ်ယောက်ကို တင့်တယ် သော ရုပ်ဆင်း၊ ကြံ့ခိုင်သောခန္ဓာနှင့် ရုတ်ခြည်း မြင် တွေ့လိုက်သည်ဖြစ်ရာ မိစိမ့်ညိုသည် မိန်းမတို့မာယာဖြင့် ပလီပလာ တီတီတာတာ လုပ်နေသည်ကို မင်းကြီး သတိ ထားလိုက်မိ၏။ သည်အခါ ယမ်းပုံကို မီးကျသွားပြီး မျက်စိစပါးမွေးစူးလျက် အမျက်ဒေါသ ခြောင်းခြောင်း ထသွားသည်။

စိတ်ကို မထိန်းနိုင်တော့။ 'ဟဲ့..မိစိမ့်ညို၊ လာစမ်း။ ဒီကို'ဟုဆိုကာ ကြိမ်ဖြင့် ရိုက်လေတော့ရာ လက်လွန်ပြီး ကိုယ်လုပ်တော်မ မရဏာသဘောဖြင့် ကိစ္စချောလေသည်။

စင်စစ် မင်းကြီးသည် မစိမ့်ညိုအား အလွန်ချစ်ခင်နှစ်သက်သည်။ မြတ်နိုးလည်း မြတ်နိုး၏။ မိမိချစ်ခင်နှစ်သက်သူက အခြားတစ်ပါးယောကျ်ားအပေါ် မတော်တရော် စိတ်ဝင်စားသွားခြင်းက မင်းကြီး၏အနုကို ကျွဲခတ်ခံရဘိသည့် အလား ခံစားရသည်။ ထို့ကြောင့်ပင် ဝန့်တိုစိတ်က စေစား၍ အသေသတ်လိုက်မိခြင်း ဖြစ်ပါသည်။

သေသွားပြန်တော့လည်း မိမိ၏ ကိုယ်လုပ်တော်မလေးကို သတိရနေမိပြန်သည်။ ဖောင်တော်ထွက်ခွာတော့မည့်ဆဲဆဲမှာ မင်းကြီး၏ လက်ချက်ဖြင့် အသက်ဆုံးခဲ့သည့်တိုင် မင်းကြီးအပေါ် နာကြည်းမုန်းတီးခြင်း မရှိရှာသည့် မိစိမ့်ညိုဝိညာဉ်က ဖောင်တော်ကို ဆွဲထားလိုက်သည်။

'ဟဲ့..ဟဲ့..အမတ်တို့၊ ဘာဖြစ်တာတုံး'

မင်းကြီး အမေးတော်ရှိသောအချိန်၊ ကိုယ်လုပ်တော်တစ်ဦးအား မိစိမ့်ညို ဝင်ရောက်ပူးကပ်သည်။

'ကျေးဇူးတော်ရှင်သခင် မင်းကြီးဘုရား..ကျွန်တော်မျိုးမ မိစိမ့်ညိုပါ။ ယခု မင်းကြီးတို့ ကျွန်တော်မျိုးမအားသည်အတိုင်းပဲ ထားရစ်တော့မှာလား။ သနားပါဦးဘုရား'

ပုဂံပြည့်ရှင် ဘုရင်မင်းတရားကြီးကား ဒေါသအလျောက်သာ မိစိမ့်ညိုအား လက်လွန်သည်အထိ ကြိမ်ဖြင့်ရိုက်ကာ ဆုံးမခဲ့မိသည်။ ယခုလို မိစိမ့်ညို၏ဝိညာဉ် ကိုယ်လုပ်တော်တစ်ဦးထံ ဝင်ရောက်ပူးကပ်လျက် အသနားခံ တောင်းပန်လာပြန်တော့လည်း မနေသာနိုင်တော့ပါ။ ဖောင်တော်ဆိုက်ထားရာ ဆိပ်ကမ်းအနီးတွင် နတ်ကွန်းငယ် တစ်ဆောင် ဆောက်လုပ်စေပြီး အပိုင်စား ပေးသနားခဲ့ပါသည်။ ဆိပ်ကမ်းအနီးတစ်ဝိုက်မှ ရေလုပ်သားအားလုံး သင့်တင့်လျောက်ပတ်သည့် အချိန်အခါများတွင် ယင်းနတ်ကွန်းတွင် ပန်းမန်၊ အမွှေးနံ့သာ၊ အကြော်၊ ကရမက်များ စားစရာသောက်စရာများ ပ,သကြရမည်ဟု အမိန့်တော်မြတ် ချမှတ်ပေးလေသည်။

မင်းကြီးလည်း အရာရာအဆင်ပြေအောင် စီစဉ်ပေးပြီးနောက် ဖောင်တော်ပေါ်တွင် မိစိမ့်ညို၏ ရုပ်အလောင်းကိုပါ တင်ဆောင်လာစေသည်။ သင့်လျော်ရာ တစ်နေရာတွင် မြှုပ်နှံသင်္ဂြိုဟ်ပေးမည်ဟု စိတ်ကူးရှိသည်။ ယင်းသို့ ဖောင်တော်စုန်လာခိုက် လှေလုပ်သောသူများ နေထိုင်သည့် ရွာတစ်ရွာသို့ ရောက်သည့်အခါ ဖောင်တော်ကို



www.burmeseclassic.com

www.burmeseclassic.com

ဆိုက်ကပ်စေ၏။ ပြီးနောက် မိစ်မ့်ညို၏ ဝမ်းဗိုက်ကို ခွဲစေသောအခါ ရုပ်ဆင်းအင်္ဂါ တင့်တယ်စွာနှင့် ကြန်အင်လက္ခဏာ ပြည့်စုံသော ကလေးသားသူငယ် အသေကို တွေ့ရလေသည်။ မင်းကြီး နောင်တတစ်ဖန် ရပြန်ချေပြီ။ ဂူဆွေးသော်က ဗျာပါဒဖြင့် ပြန့်ပြူးညီညာသော မြေတစ်နေရာမှာ မိစ်မ့်ညို၏အလောင်းကို အခမ်းအနားဖြင့် ဂူသွင်းလျက် သင်္ဂြိုဟ်ပေးသည်။ ဂူအနီးတွင်လည်း မွေတော်များ ဌာပနာပြီး စေတီတော်ငယ်တစ်ဆူ တည်ထားခဲ့၏။

မိစ်မ့်ညို၏ ဝမ်းဗိုက်ကိုခွဲပြီး တွေ့ရှိရသည့် သားသူငယ်အလောင်းကိုလည်း စေတီတော်ငယ် အနောက်ဘက်တစ်နေရာတွင် ဂူသွင်းမြှုပ်နှံစေတော်မူသည်။ ပြီးနောက် ဂူအတွင်း မြှုပ်နှံထားရှိသည့် အလောင်းကား သာမန်လူ ဗုဒ္ဓိုလ်၏ဂူ မဟုတ်ချေ။ အရိမဒ္ဒနပုဂံပြည့်ရှင် အလောင်းစည်သူမင်းတရားကြီး၏ ကိုယ်လုပ်တော်မိဖုရား မိစ်မ့်ညို၏ သားတော်ဖြစ်သည်ဟူ၍ အမှတ်အသားပြုထားတော်မူစေသည်။ ထိုမှနေပြီး မင်းကြီးလည်း ပေါက္ကံပြည်ရွှေနန်းသို့ ပြန်လေသည်။

အထက်ဖော်ပြပါ လှေလုပ်သားတို့၏ ရွာကလေးကို သားထုတ်ရာ ဂူအနီးတွင် ရှိသဖြင့် သားထုတ်ဂူ၊ ပထုတ်ဂူ ကာလရွေ့လျောသောအခါ ပခုက္ကူဟု အဆင့်ဆင့် ပြောင်းလဲခဲ့ပေသည်။

အထက်ဖော်ပြပါ သားတော်အလောင်း မြှုပ်နှံသည့် ဂူသည် ကာလကြာမြင့်သော် ပျက်စီးယိုယွင်းခဲ့လေပြီ။ ထိုအချိန်တွင် ပခုက္ကူရွာနေ လှေသူကြီး တစ်ဦးက ကမ္ဘာထပြုလုပ် မ,တည်လျက် အုတ်ဂူကို ပြုပြင်ကာ စေတီတော်ကိုလည်း ဆင်းတုတော်မြတ်ကြီးနှင့်တကွ စေတီတော်ကြီး တစ်ဆူကို တည်ထားကိုးကွယ်ကြ၏။ စေတီတော်ကြီးကိုလည်း လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်ကြသည်ဖြစ်ရကား အုတ်ဂူရှိသည့် နေရာအနီးတွင် တည်ရှိသဖြင့် ရွှေဂူဘုရား၊ ရွှေကူဘုရားဟု ခေါ်တွင်လေသည်။

ရွှေကူမြတ်စွာဘုရားတွင် အထူးခြားဆုံးကား ရွှေကူ တံကဲတော်ပင် ဖြစ်ပါသည်။ တံကဲတော် ဖြစ်ပေါ်လာပုံသည် ပခုက္ကူမြို့ ဈေးဟောင်းရပ်မှ ကျောင်းအမကြီး ဒေါ်စီး(ဆီး)ဖုံက ပန်းပုဆရာကြီး ဦးကံကြီးနှင့် သားကိုဆောတို့ကို ယမနေသား ငါးတုံးဖြင့် ထုလုပ်စေခဲ့ပါသည်။


မြတ်စွာဘုရားရှင်က ပဥ္စဝဂ္ဂီငါးပါးအား
တရားဟောတော်မူစဉ်

လက်ခငွေ လေးထောင်ကျပ် ပေးအပ်လျက် ထုလုပ်စေခြင်း ဖြစ်သည်။ ပြီးနောက် ရွှေကူအပူဇော်ခံ မတ်ရုပ်ဆင်းတုတော် သီတင်းသုံးရန်အလို့ငှာ လှူဒါန်းခဲ့ပါသည်။

တံကဲတော်အမြင့် (၁၂)ပေ (၁၀)လက်မ၊ အလျား (၅)ပေ (၁၀)လက်မ ရှိသည်။ ထုမှာ (၈)လက်မ၊ ပန်းရှစ်ထပ်နှင့် ယမနေသစ် ငါးတုံးပေါ်တွင် ထုဆစ်ကာ ရုပ်လုံးဖော်ထားသည်။ တံကဲတော်တွင် လူရုပ်၊ တိရစ္ဆာန်ရုပ်နှင့် အခြားသောအရုပ်ပေါင်း(၁၈၁)ရုပ် ပါရှိသည်။ ထုလုပ်ချိန် (၄)နှစ်ကျော်မျှ ကြာမြင့်ခဲ့၏။ အလှူရှင်၏နာမည်ကို တံကဲ၏ ညာဘက်တွင် ထုလုပ်ထားပြီး ဝဲဘက်တွင် ပန်းပုဆရာ သားအဖ၏ နာမည်ကို ထုဆစ်ထားသည်။ တံကဲတော်တွင် ထုဆစ်ထားသော ရုပ်ကြွအခန်းပေါင်း ကိုးခန်း ပါရှိသည်။

အခန်း(၁) မြတ်စွာရှင် ခုနစ်ဝါမြောက် ရောက်သည့်အခါ တာဝတိံသာနတ်ပြည်တွင် ဝါကပ်တော်မူပြီး မယ်တော် မိနတ်သားနှင့်တကွ တစ်သောင်းစကြာမှ ရောက်လာကြသည့် နတ်၊ ဗြဟ္မာ အပေါင်းအား အဘိဓမ္မာ(၇)ကျမ်းကို ဟောခဲ့ပြီးနောက် စောင်းတန်း(၃)သွယ်မှ ဆင်းသက်လာပုံ ထုဆစ်ထားသည်။

အခန်း(၂) စောင်းတန်းအဆုံးတွင် အရှင်မဟာမောဂ္ဂလန်မထေရ်အား များစွာသော လူပရိသတ်တို့က နတ်ပြည်မှ လူ့ပြည်သို့ ဘုရားရှင် ဆင်းသက်ကြွရောက်မည့်အချိန်

www.burmeseclassic.com

ကို မေးမြန်းနေကြပုံကို ထုဆစ်ထားသည်။

အခန်း(၃) လက်ယာဘက် တံကဲနားရွက်တော်တွင် မာတလိနတ်သားက မြင်းသုံးကောင်က,သည့် ရထားဖြင့် နေမိမင်းအား တရားဟောရန် မြတ်စွာဘုရားရှင်အား ပင့်ဆောင်သွားပုံကို ထုဆစ်ထားသည်။

အခန်း(၄) လက်ဝဲဘက် တံကဲနားရွက်တော်တွင် သာဓိနဘုရင်မင်းကြီးအား မြတ်စွာဘုရားက တရားဟောရန် မြင်းသုံးကောင်က,သည့် ရထားဖြင့် ပင့်ဆောင်သွားပုံကို ထုဆစ်ထားသည်။

အခန်း(၅) တံကဲတော်၏ လက်ယာဘက် အောက်ဆုံးတွင် ဒေဝဒတ်က အဇာတသတ်မင်းအား ခမည်းတော် ဗိမ္ဗိသာရမင်းကြီးအား လုပ်ကြံသတ်ဖြတ်ရန်နှင့် ဘုရင်လုပ်ဖို့ အကြံပေးပုံကို ထုဆစ်ထားသည်။

အခန်း(၆) ယာဘက်(၅)နံပါတ်ပုံ၏ အထက်တွင် အဇာတသတ်မင်းက ခမည်းတော် ဗိမ္ဗိသာရမင်းကြီးအား နန်းမှချပုံကို ထုဆစ်ထားသည်။

အခန်း(၇) ဝဲဘက်တံကဲအလယ်တွင် ဗိမ္ဗိသာရမင်းကြီး ထောင်သွင်းအကျဉ်းချခံနေရစဉ် ဝေဒေဟီဖုရားကြီးက မြတ်စွာဘက်တွင် စတုမဓုရသုတ်လိမ်းပြီး မင်းကြီး စားသုံးရန် ဆက်သခဲ့သဖြင့် မင်းကြီး စုပ်ယူစားသုံးနေပုံ ထုဆစ်ထားသည်။

အခန်း(၈) အဇာတသတ်မင်း၏ လက်မရှုံ့အာဏာသားများက ဗိမ္ဗိသာရမင်းကြီး၏ ခြေဖဝါးကို ဓားဖြင့် ခွဲနေပုံကို ထုဆစ်ထားသည်။

အခန်း(၉) အဇာတသတ်မင်းကြီးတွင် သားတော်ကလေး ဖွားမြင်သည့်အကြောင်း သဝဏ်လွှာနှင့် ခမည်းတော် ဘုရင်ကြီး ထောင်တွင်းမှာ နတ်ရွာလားပြီဖြစ်ကြောင်း သဝဏ်လွှာတို့ကို တစ်ပြိုင်နက်တည်း ဆက်သသဖြင့် အဇာတသတ်မင်း ရရှိသည့်ပုံကို ထုဆစ်ထားပါသည်။

ရွှေကူမြတ်စွာဘုရားရှိ တံကဲတော်သည် အလွန်လက်ရာမြောက်လှပါသည်။ အံ့ချီးမကုန်နိုင်ဖွယ် ဖြစ်ပါသည်။ ပခုက္ကူမြို့က တံကဲတော်ကို ပခုက္ကူမြို့သား ပန်းပုဆရာသားအဖ ထုဆစ်ခဲ့သည်မှာ ဂုဏ်ယူစရာ အလွန်ကောင်းလှပါသည်။ တံကဲတော် သတ်တမ်းကား နှစ်ပေါင်းတစ်ရာ ရှိတော့မည် ဖြစ်၏။ ကမ္ဘာတွင် ရှာမှရှားမည့်သည့်



ရွှေကူတံကဲတော်ကြီး ထုလုပ်ခဲ့ရ
ပန်းပုဆရာကြီး ဦးတံကြီးနှင့် သားမောင်တေ

ပန်းပုလက်ရာပါပေ။ မြန်မာတို့၏ဂုဏ်ကိုဆောင်သောလက်ရာဖြစ်သည်။ သမိုင်းအမွေ မပျက်မယွင်းရအောင် သက်ဆိုင်ရာမှ ကောင်းစွာထိန်းသိမ်းစောင့်ရှောက်သင့်ပါသည်။

ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည့် သမိုင်းတွင် စာတင်လောက်သော ပုဂံမြည့်ရှင်မင်းကြီး အနော်ရထာ၏မြစ်တော်၊ ထီးလှိုင်ရှင်ကျန်စစ်သားမင်းကြီး၏မြေးတော် အလောင်းစည်သူမင်းကြီး၏ကောင်းမှုဖြစ်သော ရွှေကူမြတ်စွာဘုရားအား တစ်ခါတစ်ခေါက် သွားရောက်ဖူးမြော် ကြည်ညိုပူဇော်သင့်လှပါကြောင်းနှင့် ဘုရားကြီး ရှေ့တော်တွင် ဆုတောင်းတိုင်းပြည့်ကြကာ အဓိဋ္ဌာန်ပြု တောင်းဆုယူနိုင်ကြပါစေရန် စေတနာအကျိုးမျှော်လျက် နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။

**ခင်မောင်အေး(မန္တလေး)**

ကျမ်းကိုး

* ရွှေကူမြတ်စွာဘုရားကြီးသမိုင်း။
* ဇော်ဂျီပက်အဖွဲ့မှ ပြောပြချက်။
* ကိုယ်တိုင်ရောက်ရှိ လေ့လာတွေ့ရှိချက်။

www.burmeseclassic.com

www.burmeseclassic.com



# မြတ်ပန်းပွင့်

## ကလေးအာဟာရအားဆေး

ကလေးများ အားအင်ပြည့်ဖြိုး၍ စိတ်ရွှင်လန်းစေခြင်း
အစားစားချင်စိတ်ကို ဖြစ်ပေါ်စေ၍ အစာကြေလွယ်ခြင်း
နှစ်ခြိုက်စွာအိပ်ပျော်စေ၍ ဖွံ့ဖြိုးကြီးထွားမှုကိုဖြစ်စေခြင်း
ဖျတ်လတ်တက်ကြွ၍ ထူးချွန်ထက်မြက်စေခြင်း

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁၀၀၆YR၀၄၇၇၂



# မြတ်ပန်းပွင့်

## သွေးတိုး၊ နှလုံးသွေးကြောကျဉ်းသောက်ဆေး

သွေးတိုး နှလုံးသွေးကြောကျဉ်းခြင်း၊ အသဲအဆီဖုံးခြင်း၊
ရင်ဘတ်-ကျောတင်းခြင်း၊ အောင့်ခြင်း၊ အဝလွန်ခြင်း၊
ခေါင်းအုံ့/လေးခြင်း၊ မျက်နှာအမ်းခြင်း၊ ဆီးချို-သွေးချိုဖြစ်ခြင်း၊
မီးယပ်ထိန်ငုပ်ခြင်း၊ မူးမော်ခြင်းများအတွက် အထူးကောင်းမွန်သော
ဆေးစွမ်းကောင်းတစ်လက်ဖြစ်ပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁၀၀၆YR၀၄၇၇၁



# ဇော်ဘွား

## အကြောပြေလိမ်းဆေး

အဆစ်အမြစ်ရောင်ခြင်း၊ လေးဘက်နာရောဂါ၊ ခါးနာ၊
အကြောတင်၊ အကြောလွဲခြင်း၊ ပခုံးကာပ်၊ ဇက်ကြောတက်၊
မူးဝေခြင်း၊ ကြွက်တက်ခြင်း၊ ချောင်းဆိုးရင်ကြပ် သလိပ်ကပ်ခြင်း
စသည့်ဝေဒနာများ ခံစားနေရပါက မိမိလိမ်းလိုသောနေရာတွင်
၎င်းဆေးကို အသားထဲသို့ စိမ့်ဝင်သွားအောင် နှာနှပ်လိမ်းပါက
အချိန်အနည်းငယ်အတွင်း သက်သာ ပျောက်ကင်းစေပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၀၉၀၅Y၆၃၉၄

မြတ်ပန်းပွင့်ဆေးတိုက်၊ အမှတ် (၈၃)၊ ၄၀လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ☎ - (၀၁) ၂၂၇၃၆၈



www.burmeseclassic.com

www.burmeseclassic.com

# မဟာသုံ့သာရရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်စဉ် ရာဇဝင်

ကိုရွှေမြသန်း(သမိုင်း)

မြတ်စွာဘုရားသည် ခုနစ်ဝါမြောက် ဝါဆိုလပြည့်နေ့တွင် သာဝတ္ထိပြည်၏ အရှေ့မျက်နှာ သရက်ဖြူပင်ရင်း၌ တိတ္ထိတို့နှင့် တန်ခိုးပြိုင်၍ ရေမီးအစုံအစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူပြီး တာဝတိံသာနတ်ပြည်သို့ ကြွမြန်းတော်မူသည်။ တာဝတိံသာနတ်ပြည်၌ ဝါတွင်းသုံးလပတ်လုံး ဝါဆိုဝါကပ်ကာ အဘိဓမ္မာခုနစ်ကျမ်းကို ဟောတော်မူပြီးနောက် သီတင်းကျွတ်လပြည့်နေ့တွင် နတ်၊ ဗြဟ္မာအပေါင်းခြံရံလျက် လူတို့ပြည် သင်္ကဿနဂိုရ်မြို့သို့ ဆင်းသက်တော်မူသည်။

မြတ်စွာဘုရားရှင်ကို ဖူးမြော်ရန်နှင့် တရားတော်ကို နာကြားရန် ရောက်ရှိနေသော သုံးဆယ်ယူဇနာရှိ လူထုပရိသတ်ကြီးအား ပထဝီသုတ်ကို ဟောပြတော်မူသည်။ ကုသိုလ်ကံ ထောက်ပံ့၍ လူ့ဘဝ ရောက်ကုန်ကြသော သတ္တဝါအပေါင်းနှင့် ကုသိုလ်ကောင်းမှု မေ့လျော့မှုကြောင့် အပါယ်ဘုံရောက်ကြကုန်သော သတ္တဝါအပေါင်းတို့ အရေအတွက် ကွာခြားချက်ကို လက်ပေါ်မှ ဖုန်မှုန့်အစုနှင့် မဟာပထဝီမြေကြီးမှ ဖုန်မှုန့်အစုလောက် ကွာခြားကြောင်း ဥပမာနှိုင်းဟောသောသုတ် ဖြစ်သည်။

မြတ်စွာဘုရားသည် ပထဝီသုတ်ကို ဟောတော်မူပြီးနောက် အဓိဋ္ဌာန်တော်မူ၍ မြေမှုန့်များကို စွန့်ပစ်ကြဲချတော်မူရာ မဟာသစ်ကနက် ပေါက်ရောက်လာခဲ့သည်။ သီရိဓမ္မာသောကမင်းကြီးသည် ထိုအပင်ကြီးကို တံတိုင်းသုံးထပ်ကာရံကာ ရက္ခစေတီတော်ကြီးအဖြစ် ကိုးကွယ်ဆည်းကပ်ခဲ့သည်။

မဂိုလူမျိုးတို့ အိန္ဒိယကို တိုက်ခိုက်သိမ်းယူ အုပ်စိုးသောအခါ သင်္ကဿနဂိုရ်မြို့ကြီး ပျက်စီးပြီး ကုန်းမြေအတိဖြစ်၍ မဟာသစ်ကနက်ပင်ကြီး စေတီတော်မြတ်ကြီးကိုလည်း ကိုးကွယ်ဆည်းကပ်သူမရှိ ဖြစ်ခဲ့သည်။ တန်ခိုးတော်ပြ ရောင်ခြည်တော်များကိုပင် ကြောက်လန့်ကြကာ ရှောင်ရှားကြသည်။

နောင်တွင် ရက္ခစေတီတော်ကြီးအောက်၌ ဗြာဟ္မဏကုလားဆရာကြီးနှင့် တိဗက်ဘုန်းတော်ကြီး နှစ်ပါးတို့ ဆုံမိကြလျှင် မဟာသုံ့သာရရုပ်ရှင်တော်မြတ်ကြီးကို စီရင်ထုလုပ်ကြကာ တိဗက်သို့ ပင့်ဆောင်ပူဇော်ကြသည်။ တန်ခိုးကြီးမား အလွန်ထင်ရှား၍ ဒေသအသီးသီးသို့ ရွှေ့ပြောင်းပင့်ဆောင်ပူဇော်ကြရာမှ နောက်ဆုံးတွင် မြန်မာနိုင်ငံနယ်စပ် တိဗက်တို့ နေထိုင်ရာဒေသမှ မြစ်ကြီးနားသို့ ရောက်ရှိခဲ့သည်။ မန္တလေး မြသိန်းတန်ဆရာတော်ကြီးက မြစ်ကြီးနားမှ မန္တလေးသို့၊ ဆရာတော် ဦးကောသလ္လက မန္တလေးမှ ဇီးကုန်းလေးမျက်နှာသို့၊ ဆရာတော် ဦးဒိဗ္ဗက လေးမျက်နှာမှ အင်းစိန် ဘိုကုန်းဇေယျာသိဒ္ဓိကျောင်းတိုက်သို့ အဆင့်ဆင့်ပင့်၍ ထိန်းသိမ်းစောင့်ရှောက် ပူဇော်ခဲ့ကြသည်။

မဟာသုံ့သာရရုပ်ရှင်တော်မြတ်ကို (၇-၄-၁၉၈၂) ရက်နေ့မှ ယနေ့တိုင် ဆရာတော်ဦးကုမာရက အင်းစိန် ဘိုကုန်းရပ်ရှိ ဇေယျာသိဒ္ဓိ(မဟာသုံ့သာရဘုရား)ကျောင်းတွင် ထိန်းသိမ်းစောင့်ရှောက်လျက် ရှိနေ၏။

သို့ဖြစ်ပါ၍ ဆရာတော်ဦးကုမာရ နှုတ်ဟမြွက်ကြားသည့် မဟာသုံ့သာရရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်စဉ် ရာဇဝင်ကို ကြည်ညိုသဒ္ဓါ ပွားများနိုင်ရန် ရာဇဝင်ဗဟုသုတသိရှိနိုင်ရန်အတွက် ဆရာတော် ဖွင့်ဟမြွက်ကြားသမျှကို ရေးသားတင်ပြလိုက်ပါသည်။

◆◆◆

ရေးဟောင်းပစ္စည်းများကို သုတေသနပြု ဖော်ထုတ်ရာတွင် ကွင်းဆက် သဲလွန်စကျန်ရှိက ဖော်ထုတ်ရ လွယ်ကူပြီး ကွင်းဆက် သဲလွန်စရှာမရက ဖော်ထုတ်ရ မလွယ်



www.burmeseclassic.com


www.burmeseclassic.com

ထိုနေရာမှ ဘေးသို့ ဖယ်ခွာသွားကြ၍ မျက်နှာတော်၏ ဘေးသို့ ကားပြန့်သွားသော အစိတ်အပိုင်းများ၊ ပါးချိုင့်များကို ဖုံးကွယ်လိုက်ကြသည်။ ထို့ကြောင့် မဟာသံ့သာရ၏ ပကတိဝိုင်းဝန်းသော မျက်နှာထက် ရှည်သော မျက်နှာပုံ ဖြစ်သွားသည်။ စက်ဝိုင်းပုံမျက်နှာထက် ဘဲဥပုံမျက်နှာ ပေါ်ထင်လာသည်။ ထို့ပြင် ကြည်လင်ရွှင်ပြုံးသော မျက်နှာထက် အိုမင်းပြီး ပင်ပန်းနွမ်းနယ်နေသော အသွင် ဆောင်သွားသည်။

ထို့အတူ ရာသီဥတုအုံ့အုံ့မှိုင်းမှိုင်းဖြစ်၍ အလင်းရောင် လုံလုံလောက်လောက် မရရှိလျှင် မျက်နှာတော်၏အပြုံး ဖော်ထားသော အနုစိတ်လက္ခဏာများ မပေါ်လွင်တော့၍ အိုမင်းသော၊ ပင်ပန်းနွမ်းနယ်သော ပုံအသွင်မျိုး ဆောင်သွားတတ်သည်။ ထို့ကြောင့် အမှောင်မပြေးသော အလင်းရောင်ပြေပြေညီညီလေး ရရှိလျှင် လက္ခဏာတော်များ ပီပီပြင်ပြင် ပေါ်လာ၍ မျက်နှာတော်မှာ ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင် ရှိလှသည်။ အထူးအားဖြင့် မျက်လုံးအပေါ်ပိုင်းနှင့် ပါးမို့မို့အပေါ်ပိုင်းသို့ အလင်းရောင် ညီပြီး ပြေပြေလေးဝင်လာလျှင် အမှောင်ရိပ်ရိုတ်က မျက်လုံးအလယ်သို့ ရောက်ရှိသွယ်တန်းလာပြီး မျက်တောင်အသွယ် ဖြစ်လာသည်။ တစ်ခါတစ်ရံ အမှောင်ရိပ်ရိုတ်က ဆွဲတန်းသွားပြီး မျက်နက်ဝန်းကဲ့သို့ ပေါ်လာတတ်သည်။ ထို့အတူ မျက်ခုံးလည်း သိသိသာသာ ထင်ထင်ရှားရှား ဖြစ်ပေါ်လာတတ်သည်။ တစ်ဖန် ထိုအလင်းရောင်မျိုးသည် ပါးချိုင့်တွင်းသို့ မသိမသာလေး စူးဝင်နေလျှင် မျက်ခုံး၊ မျက်လုံး၊ မျက်တောင်နှင့် ပါးချိုင့်တို့ ဟန်ချက်ညီကာ စက္ခုန္ဒြေချပြီး ယှဲ့ယှဲ့ကလေး ပြုံးနေတတ်သည်။

အလင်းရောင်သည် ပါးချိုင့်အောက်ဘက်မှ အားအသင့်အတင့်ဖြင့် ပင့်၍ ဝင်ပေးလိုက်လျှင် ပါးချိုင့်မှာ အပေါ်ဘက်သို့ ကျယ်တက်သွားပြီး မျက်နှာတော်ဝိုင်းဝိုင်းကြီးဖြစ်ကာ ဖော်ဖော်ရွှေရွှေ ပြုံးနေတတ်သည်။ အလင်းရောင်သည် ပါးချိုင့်တွင်းသို့ အတွင်းမှ ဘေးဘက်သို့ အသာတော်လေး ဝင်လာလျှင် ပါးချိုင့်မှာ ဘေးသို့ကားသွား၍ မျက်နှာတော်မှာ လေးထောင့်ပုံဖြစ်ပြီး မချိုမချဉ် ရှောင်ပြုံး ရှက်ပြုံး သဘောမျိုး ပြုံးနေတတ်သည်။

ထိုသို့မဟုတ်ဘဲ ပါးချိုင့်တွင်းသို့ အတွင်းဘက်မှ အပြင်ဘက်သို့ အတော်များများ အားကောင်းကောင်းဝင်



မဟာသံ့သာရ ဆရာတော် ဦးဇာဂရ
[ပထမကျော်၊ ဓမ္မာစရိယ၊ (B.Sc)
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ]

လာလျှင် ပါးချိုင့်ကြီးမှာ သိပ်ကျယ်သွား၍ ငိုတော့မလို မဲ့နေတတ်သည်။ ထို့အတူ အတည့်မျက်လုံးပေါ်သို့ ဘေးတိုက်အလင်းရောင် လင်းလင်းထင်းထင်း ဝင်လာလျှင် အမှောင်ရိပ်ရိုတ်က မျက်လုံးတစ်ဖက်ခြမ်းသို့ ရွှေ့ပါသွားပြီး တစ်ခါတစ်ရံ မျက်နက်ဝန်းလေးသဖွယ် ပေါ်လာကာ အနည်းငယ် စောင်းထားသော မျက်လုံးနှင့် လိုက်ဖက်ညီသွားပြီး မဟာသံ့သာရမျက်လုံးများမှာ အခြားတစ်နေရာ (သို့မဟုတ်) တစ်ဦးတစ်ယောက်သို့ စောင်းငဲ့ကြည့်နေတတ်သည်။ မဟာသံ့သာရ ဓာတ်ပုံများကို လက်တွေ့လေ့လာကြည့်က သိနိုင်သည်။

ထို့ကြောင့် သင်သည် ရာသီဥတုအုံ့မှိုင်းမှိုင်းရှိ၍ ညီညီပြေပြေ အလင်းမျိုး မရသောအချိန်၌ မဟာသံ့သာရဘုရားကို ဖူးမြော်ခြင်းငှာ ရောက်ရှိသွားအံ့။ မဟာသံ့သာရဘုရား၏ အိုမွှင်းသော၊ အလိုမကျသော၊ ခက်ထန်သော၊ ငိုတော့မယောင် မဲ့နေသော မျက်နှာသွင်ပြင် တစ်မျိုးမျိုးကို ဖူးတွေ့ရမည်။ သင့်ဘဝ သင့်အမြင်တွင် မကြည်လင်သော အထင်နှင့်အမြင် မကိုက်ညီသော ခံစားချက်မျိုးကို ခံစားရပေမည်။ သို့သော် သင်ကား ဘုရားရှိခိုး အာရုံပြု ဆုတောင်းပြီး၍ ဖူးမြော်မော်ကြည့်သည့် အချိန်၌ ရာသီဥတုက ပွင့်လင်းပြီး ပြေညီသော အလင်းမျိုးရရှိကာ မျက်နှာတော် အနုစိတ်လက္ခဏာများ ထင်ရှားလာချိန်တို့နှင့် တိုက်ဆိုင်သွားလျှင် မဟာသံ့သာရရုပ်ရှင်တော်မြတ်



www.burmeseclassic.com

www.burmeseclassic.com

ကြီးသည် သင့်အား ရင်းနှီးမော်ရွေသောအပြုံး၊ ပီတိမှု သော အကြည့်နှင့် ကြည့်နေသည်ကို ဖူးတွေ့ရမည်။ ထိုအခါ သင်သည် အားရဝမ်းသာ၍ ကြည်နူးကျေနပ် မဆုံးသော ခံစားချက်မျိုးကို ခံစားရမည်။ အချို့မှာ စိတ်ကို မထိန်းနိုင်ဖြစ်ကာ လှိုက်လှိုက်လှဲလှဲ ရယ်မောတတ်၍ အချို့ မှာ ရှိုက်ကြီးတငင် ငိုကြွေးတတ်သည်။

ထို့ကြောင့် မဟာသွံ့သာရသည် ရှုထောင့်အမျိုးမျိုးမှ ရှုကြည့်သူ အမျိုးမျိုးအား အသွင်အပြင် အမူအရာအမျိုးမျိုး ကို ဖူးတွေ့စေကာ ခံစားချက်အမျိုးမျိုးကို ပေးစွမ်းနိုင်ခဲ့ သည်။ ဤသို့သော အနုပညာပန်းပုလက်ရာမျိုးကို သင် အဘယ်မှာရှာ၍ ဖူးတွေ့နိုင်မည်နည်း။ ဤကား အနုပညာ စွမ်းကြောင့် ရုပ်ရှင်တော် ဖြစ်နေခြင်းပင်။

ပို၍ထူးခြားသည်ကား လျှို့ဝှက်နက်နဲသော ရှေး ယောင်း လောကီသိဒ္ဓိ၊ မဟိဒ္ဓိအစီအရင်တို့ ပြီးမြောက်၍ အသက်ဝိညာဉ် ရောက်ရှိလာကာ ရုပ်ရှင်တော်ဖြစ်ခြင်း၊ တန်ခိုးတော်အမျိုးမျိုး ပြနေခြင်းပင်ဖြစ်သည်။ ဗုဒ္ဓဘာသာ ဝင်တို့သည် မြတ်စွာဘုရားနှင့်ပတ်သက်လျှင် အကြွင်းမဲ့ ယုံကြည်ထားကြသည်။ သဒ္ဓါတရား လွန်ကဲတတ်ကြ သည်။ ထို့ကြောင့် စိတ်စွဲလမ်း၍ ထင်ယောင်မြင်ယောင် ခြင်းနှင့် မဟာသွံ့သာရရုပ်ရှင်တော်မြတ်ကြီး တန်ခိုးတော် ပြခြင်းတို့ကို ခွဲခြားတတ်ကြရမည်။ စိတ်စွဲလမ်း၍ ထင် ယောင်မြင်ယောင် ဖူးတွေ့ရခြင်းမျိုးဖြစ်က ထိုပုဂ္ဂိုလ်၌ ထူးခြားသောခံစားမှုမရှိ၊ သာမန်ပကတိ အရှိအတိုင်းသာ ဖြစ်တတ်ကြသည်။ မဟာသွံ့သာရရုပ်ရှင်တော်မြတ်ကြီး တန်ခိုးပြသည်ကို ဖူးတွေ့ရခြင်းမျိုးဖြစ်က ထိုပုဂ္ဂိုလ်မှာ မာတ်လိုက်သကဲ့သို့ ခံစားရတတ်သည်။ ကြက်သီးမွေး ညင်းထ၍ ဆတ်ဆတ်တုန်နေတတ်သည်။ ခဏတာ သတိလစ်သွားတတ်သည်။ အချို့ ကြောက်လန့်၍လည်း အော်ဟစ်ငိုကြွေးတတ်ကြသည်။ တစ်နည်းဆိုရလျှင် လှိုက် လှိုက်လှဲလှဲ ဆို့ဆို့နင့်နင့် ငိုချင်သလို ခံစားရ၍ အတန် ငယ်ကြာအောင် မပြောနိုင် မဆိုနိုင် ငေးငိုင်သွားတတ် သည်။ ခဏတာ လေဖြတ်ခြင်းကဲ့သို့ ဖြစ်သည်။ ဤကား ဝိဇ္ဇာဓာတ်လိုက်ခြင်းပင်တည်း။

ထို့ပြင် ထူးဆန်းအံ့ဖွယ် ဖြစ်ရပ်မျိုး ကြုံတိုးသော် လည်းကောင်း၊ ဆုတောင်းအဓိဋ္ဌာန် အကြံအောင်လျှင် သော်လည်းကောင်း၊ တိုက်ဆိုင်မှုလော တကယ်လောဟု မေ့ပျောက်သွားလေ ဖြစ်ပြန်သည်။ တစ်ကြိမ်တစ်ခါသာဖြစ်၍ ဤကဲ့သို့မျိုး နောက်ထပ်မဖြစ်လျှင်ကား တိုက်ဆိုင်မှုပညာ ဆိုရမည်။ ဤအဖြစ်အပျက် အကြောင်းအရာမျိုး တစ် ယောက်မဟုတ်တစ်ယောက် ထပ်ပြန်တလဲလဲ ဖြစ်လာ လျှင်ကား တိုက်ဆိုင်မှုမဟုတ်တော့။ မဟာသွံ့သာရရုပ် ရှင်တော်မြတ်၏ တန်ခိုးပြမှုဟု မုချဆိုရမည်သာဖြစ်သည်။ ဤကဲ့သို့အားဖြင့် မယုံကြည်သောသူများ ယုံကြည်လာ အောင် မျက်မြင်ဖူးတွေ့၊ ကြုံတွေ့ကြရသော အကြောင်း အရာတို့မှာ များစွာရှိပါသည်။

ဥပမာ-

* ရင်မှလှိုက်ဖို၍ အသက်ရှုနေခြင်း၊
* မျက်တောင်ခတ်၍ မျက်လုံးဖွင့်ကြည့်ခြင်း၊
* ကိုင်ကြည့်လျှင် မဟာသွံ့သာရ၏ အသားတော်မှာ အလွန်နူးညံ့ပျော့ပျောင်းနေခြင်း၊
* အသံထွက်၍ စကားပြောခြင်း၊
* ရောင်ခြည်တော် အကြိမ်ကြိမ်ကွန့်မြူးခြင်း၊
* လူကိုယ်တိုင် စားနှင့် တစ်အားလွဲခုတ်တာတောင်မှ အလွန်ကွဲနိုင်ခဲသော အုန်းသီးများ ကပ်လှူထားစဉ် အချို့ အသံပါမြည်၍ အကြိမ်ကြိမ် ကွဲပွင့်ခြင်း၊
* ရုပ်ရှင်တော် ကြွလာစဉ် အချိန်အခါမဟုတ် ပန်းများ ရုတ်တရက် ပွင့်လာခြင်း၊
* ကပ်လှူထားသော သောက်တော်ရေများ၊ သစ်သီး များ၊ ဖန်များ ကုန်ခန်းပျောက်ကွယ်သွားခြင်း၊
* ထူးခြားသောအနံ့များ မွှေးကြိုင်လာခြင်း၊
* ဆုတောင်းတော်တော်များများ ပြည့်ဝခြင်း၊
* အန္တရာယ် အခက်အခဲတို့မှ လွတ်ကင်းခြင်း၊
* ပင့်ဆောင်ပူဇော်ရာတွင် စိတ်ပျော်ရွှင်ကြည်နူးချမ်း မြေ့ခြင်း စသည်တို့ ဖြစ်ပါသည်။

ဤကား ပန်းပုဆရာ၏ အနုပညာစွမ်းမဟုတ်တော့၊ လောကီသိဒ္ဓိ၊ မဟိဒ္ဓိအစီရင်တို့၏ အစွမ်းပင်ဖြစ်သည် ဟူသည့် မဟာသွံ့သာရရုပ်ရှင်တော်မြတ်၏ တန်ခိုးတော် စဉ် ရာဇဝင်ကို မဟာသွံ့သာရဆရာတော် ဦးကုမာရ (ပထမကျော်၊ ဓမ္မာစရိယ၊ B.Sc, အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ) မိန့်မြွက်ကြားသည့်အတိုင်း ပြန်လည်ရေးသားတင်ပြ ရင်းဖြင့်…။)

**ကိုရွှေမြသင့်(သမိုင်း)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓသည် အမြင့်မြတ်ဆုံး ကိုယ်ကျင့်တရားကို ကိုယ်တိုင်ရှာဖွေ၊ ကိုယ်တိုင်သိ၊ ကိုယ်တိုင်ကျင့်ကြံ၊ ကိုယ်တိုင် အောင်မြင်ပြီးမြောက် ခရီးရောက်ပြီးမှ သူတစ်ပါးတို့အား သင်ညွှန်ဆုံးမ ဟောဖော်ပြတဲ့ အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူပါသည်။ ဒုစရိုက် ဒုရာစီဝများကို ရှောင်ကြဉ်ကြရန် အမြဲတစေ သင်ညွှန်ပြတော်မူလေ့ရှိပါသည်။

သူ့အသက် သတ်ခြင်း၊ သူ့ဥစ္စာ ခိုးခြင်း၊ သူတစ်ပါးသားမယားကို ပြစ်မှားခြင်းဆိုတဲ့ ကာယဒုစရိုက်မြောက် ပြုလုပ်ခြင်း ဟူသမျှကို မနှစ်သက်။ လိမ်ညာခြင်း၊ ကုန်းတိုက်ခြင်း၊ နားကြားကြမ်းတဲ့စကားကို ပြောဆိုခြင်း၊ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းဆိုတဲ့ ဝစီဒုစရိုက်မြောက် ပြောဆိုမှု ဟူသမျှကိုလည်း မနှစ်သက်ပေ။ ကိုယ်တိုင်လည်း မပြုလုပ်၊ မပြောဆို၊ သူတစ်ပါးကိုလည်း မပြုစေ၊ မပြောစေပါ။

မုသာဝါဒဟူသည်ကား ဝစီဒုစရိုက်ပင် ဖြစ်၏။ သို့ဆိုလျှင် မုသာဝါဒကို မနှစ်သက်တဲ့ဗုဒ္ဓက ဘာလို့ မုသာဝါဒကို သင်ပေးရသနည်း။ ဝေဖန်စဉ်းစားလေ့ရှိတဲ့ ဝိဘဇ္ဇဝါဒီ ပုဂ္ဂိုလ်များက ဤသို့စဉ်းစားကာ မေးခွန်းထုတ်ပေ

# မောင်ဉာဏ်လင်း (ရွှေတောင်ကုတ်)

# ဗုဒ္ဓသင်ပြတဲ့ မုသာဝါဒကြီး





www.burmeseclassic.com

www.burmeseclassic.com

ထင်မိမည်။ တကယ်ကော သင်ပေးခဲ့လို့လား။ ဤသို့လည်း သံသယအတွေး ဝင်လာတတ်၏။

မည်သူ့အား မည်သည့်အတွက်ကြောင့် ဤသို့ သင်ပေးရသနည်းဟုလည်း စူးစမ်းချင်ကြပေလိမ့်မည်။ ထိုသို့ အခွန်းထုတ်ကာ စဉ်းစားမှုလည်း ဝိမုတ္တိရသခေါ် ကိလေသာမှ လွတ်မြောက်ခြင်း အရသာရှိတဲ့ ဓမ္မကို ခံစားနိုင်မည်။ ယင်းအတွေး၊ အမေးများကို တစ်ခုချင်းစီ ဖြေမနေတော့ဘဲ ဝတ္ထုကြောင်းသက်သေဖြင့် တစ်ပေါင်းတည်း ဖြေဆိုပါအံ့။

အဟိံသကလုလင်၊ အင်္ဂုလိမာလ ခိုးသူကြီး၊ အရှင်အင်္ဂုလိမာလ၊ အင်္ဂုလိမာလ ပရိတ်တော် ဆိုတဲ့ ဝေါဟာရများသည် ဗုဒ္ဓဘာသာလောကၥ် အလွန်ထင်ရှား၏။ လူသိများပါသည်။ အဘယ့်ကြောင့်ဆိုသော် ဆရာသမားရဲ့ ကောက်ကျစ်ယုတ်မာမှု၊ မိခင်မေတ္တာ၊ ပဋ္ဌာနန္တရိယကံ၊ အဟိံသကရဲ့ အံ့မခန်းစွမ်းအင်နှင့် ဆက်စပ်ပြီး မြတ်ဘုရားရဲ့ အောင်ခြင်းရှစ်ပါးတွင် ပါဝင်နေသောကြောင့် ဖြစ်ပါသည်။

ဂဂ္ဂပုဏ္ဏားနှင့် မန္တာနီပုဏ္ဏေးမတို့ရဲ့သား အဟိံသကလုလင် အရွယ်ရောက်တော့ တက္ကသိုလ်ပြည်သို့ ပညာသင်သွားတာတွေ၊ ပညာသင်ရာတွင် အများထက် တော်ထက်ချွန်ပုံတွေ၊ ဒိသာပါမောက္ခ ဆရာကြီးနှင့် ဆရာ့အတော်တို့ အရေးပေးကာ အလိုလိုက်ပုံတွေ၊ မနာလိုမှုတိုကြတဲ့ ကျောင်းသားတွေက ကုန်းတိုက်ကြတာတွေ၊ ဆရာကြီး အမျက်ဒေါသထွက်ပြီး ပညာဖြင့် ပရိယာယ်ဆင်ကာ သေကြောင်းကြံတာတွေကတော့ အများသိပြီး ဖြစ်ပါ၍ စီကာပတ်ကုံး တင်ပြမနေတော့ပါ။

သူတစ်ပါးကို မညှဉ်းဆဲတတ်သောကြောင့် အဟိံသကလို့ ခေါ်တွင်တဲ့ အဟိံသကလုလင် ပညာကို ပူဇော်မည် တစ်နည်းပြောလျှင် ဆရာစားပေးရန် လူ့အသက်ပေါင်းတစ်ထောင် သတ်ဖြတ်ဖို့ရာ မဟာဝုန်တောထဲ ပြေးဝင်ပြီး ပုန်းနေပုံ၊ ထင်းခွေ ရေခပ်လာသူများကို ဦးစွာသတ်ဖြတ်ပုံ၊ ထို့နောက် ရွာနိဂုံးဇနပုဒ်တွေကို စီးနင်းဝင်ရောက်ကာ သတ်ဖြတ်ပုံ၊ တစ်ဆင့်တက်ကာ လာလာသမျှသော စစ်သည်တော်များကို သတ်ဖြတ်ပုံ စသည်တို့ကိုလည်း စာဖတ်သူများ ကြားဖူးနာဝရှိပြီး၊ သိထားပြီးသား ဖြစ်နေကြပေလိမ့်မည်။ ထို့ကြောင့် တင်ပြမနေတော့ပါ။

အတိုချုပ်ပြောပါက ဘုရားရှင်က တန်ခိုးတော်အနန္တဖြင့် တရားပြလို့ အကျွတ်တရားရကာ ရဟန်းပြုခွင့်တောင်းခံပါသည်။ အင်္ဂုလိမာလသည် အတိတ်ဘဝက သင်္ကန်းလှူဒါန်းခဲ့ဖူးပါသည်။ ဘုရားရှင်က 'ဧဟိ ဘိက္ခု' ဟု ခေါ်လိုက်သည်နှင့် လူ့အသွင်ပျောက်၊ ရဟန်းအသွင်ရောက်ကာ ရဟန်းဖြစ်သွား၏။ ရဟန္တာဖြစ်သွားသည်ကား မဟုတ်ပေ။ အချို့က ဘုရားကယ်လို့ တစ်ခါတည်း ရဟန္တာဖြစ်သွားသည်ဟု ထင်မှတ်မှားနေကြ၏။ ရဟန်းဘဝကို ရသွားခြင်းမျှသာ ဖြစ်ပါသည်။

ထိုသို့ ရဟန်းဖြစ်သွားပြီး မြတ်ဘုရားနောက်တော်ပါးက သပိတ်ကလေးပိုက်ပြီး လိုက်သွားပါသည်။ မိခင်မန္တာနီပုဏ္ဏေးမကြီး တောနက်ထဲ ရောက်လာပြီး 'သားရေ..အမေလာပြီ၊ သား ဘယ်မှာလဲ၊ အမေ့ကို လာတွေ့ပါဦးသားရဲ့' စသည်ဖြင့် ပါးစပ်က ဟိုဟိုဒီဒီ ရေရွတ်ကာ လိုက်ရှာတော့ မြတ်ဘုရားနောက်တော်က လိုက်သွားသည်ကို ရှစ်ဥသဘ အကွာကနေ ရေးရေးလေးမျှ မြင်လိုက်ရပါသည်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် ရောက်တော့ ပသေနဒီကောသလမင်းကြီးလည်း အများပြည်သူ တောင်းဆိုချက်အရ အင်္ဂုလိမာလ ခိုးသူကြီးကို နှိမ်နင်းဖို့ စစ်ချီလာပါသည်။ သို့သော် အင်္ဂုလိမာလရှိရာ မဟာဝုန်တောဘက်သို့ တန်းသွားသည်ကား မဟုတ်ပေ။ မြတ်ဘုရားရှိရာ ဇေတဝန်ကျောင်းတော်သို့ အလျင်ဝင်ပါသည်။

ရည်ရွယ်ချက်က ဘုရားတားလျှင် ဘုရားရှင်တားလို့ ငါ မသွားတာဆိုပြီး ပြည်သူကို အရှက်ပြေ ပြောနိုင်ဖို့၊ ဘုရား မတားခဲ့လျှင် နိုင်မှာ သေချာတဲ့အတွက် ဆက်လက်ချီတက်ဖို့ ဖြစ်ပါသည်။

ဘုရားရှင်နှင့် တွေ့ဆုံလျှောက်ထားတော့ ဘုရားက 'မင်းကြီး..အခုခါ အင်္ဂုလိမာလ ရဟန်းပြုနေပြီဆိုလျှင်ကော ဖမ်းဆီးအရေးယူပါဦးအံ့လော' လို့ မေးတော်မူပါသည်။

ပသေနဒီကောသလမင်းကြီးက အရေးမယူတဲ့အပြင် ပစ္စည်းလေးပါး ထောက်ပံ့ပြီး အစောင့်အရှောက်တောင် ပေးထားမည့်အကြောင်း လျှောက်ထား၏။

ထိုအခါ ဘုရားရှင်က အရှင်အင်္ဂုလိမာလဘက်

www.burmeseclassic.com

လက်ညှိုးညွှန်ပြပြီး 'အင်္ဂုလိမာလဆိုတာ သူပဲ မင်းကြီး' လို့ မိန့်တော်မူလိုက်ပါသည်။

နောက်လိုက်နောက်ပါ အခြံအရံများ ကစဉ့်ကလျား နှင့် ခြေဦးတည့်ရာ ထွက်ပြေးကြ၏။ အချို့က တောထဲဘက် ထွက်ပြေးကြပါသည်။ အချို့ကား မြို့ထဲ ဝင်ပြေးကြ၏။ အချို့က မင်းကြီးလာမှာသိနေလို့ အင်္ဂုလိမာလက အလျင်ဦးစွာ လာရောက်ပြီး စောင့်နှင့်နေကြောင်း၊ အခု မင်းကြီးကို အင်္ဂုလိမာလ ဖမ်းသွားပြီဖြစ်ကြောင်း၊ ငါတို့က အပြေးမြန်လို့ သီသီလေး လွတ်လာခဲ့ကြောင်း ကယောင်ကတမ်း လျှောက်ပြောနေကြပါသည်။

ပသေနဒီကောသလ မင်းကြီးလည်း ကြောက်ကြောက်နှင့် နောက်တစ်လှမ်း ဆုတ်ပြီးမှ ရာဇက္ကန္ဓြေဆောင်ကာ ပြန်ထိုင်လိုက်ပါသည်။

မြတ်ဘုရားက 'မင်းကြီး..သူ့ကြောင့် မင်းကြီးမှာ အန္တရာယ်တစ်စုံတစ်ရာ မရှိတော့ပါဘူး' လို့ အာမခံစကား ဆိုလိုက်တော့မှ လုံခြုံသလို ဖြစ်သွားပါသည်။

ပြီးတော့မှ အရှင်အင်္ဂုလိမာလဘက် လှည့်ပြီး ပစ္စည်းလေးပါးဖြင့် ဖိတ်မန်၏။

ပြီးလျှင် 'အရှင်ဘုရား..တပည့်တော်မှာ ကိစ္စတွေ များလွန်းလို့ ပြန်ခွင့်ပြုပါ၊ ပြန်ပါရစေ အရှင်ဘုရား' လို့ လျှောက်ထားကာ ပြန်သွားပါသည်။

အရှင်အင်္ဂုလိမာလလည်း ကမ္မဋ္ဌာန်းတရားကို သင်ယူကာ ဆိတ်ငြိမ်ရာသို့ကပ်လျက် ရဟန်းတရားကို အားထုတ်ပါသည်။

သို့သော် 'စိတ်မတည်ငြိမ်၊ သမာဓိမတက်၊ ပညာမရင့်၊ တရားမထင်၊ တရားမမြင်ပေ။ လူတွေကို သတ်ခဲ့စဉ်က ကိုင်ဆောင်အသုံးပြုခဲ့သော လက်နက်ငါးမျိုး၊ အသုံးအဆောင်ပစ္စည်းများသာ ဦးစွာ ထင်လာ၏။

ထို့နောက်မှာတော့ 'ကျွန်မကို မသတ်ပါနှင့်။ ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မ မိခင်အိုကြီးကို လုပ်ကျွေးနေရလို့ပါ။ ကျွန်မ သေသွားရင် မိခင်အိုကြီး ဒုက္ခရောက်တော့မှာပါ' စသည့် ငိုယိုတောင်းပန်သံတွေ၊ ပြေးကြလွှားကြပုံတွေ၊ ပြတ်ထွက်သွားတဲ့ ခြေလက်အင်္ဂါတွေ၊ ယိုစီးကျလာတဲ့ သွေးတွေကိုသာ မြင်ယောင်လာခဲ့ပါသည်။

စာလိုပြောလျှင် ကံ၊ ကမ္မနိမိတ် ထင်နေတော့၏။ ကိုယ်လုပ်ခဲ့တဲ့ ကိုယ့်အလုပ်က ကိုယ့်ကိုပြန်ပြီး ခြောက်လှန့်နေခြင်း ဖြစ်ပါသည်။ သမာဓိမတက်တဲ့အပြင် ကံ၊ ကမ္မနိမိတ် နှိပ်စက်သောကြောင့် ကမ္မဋ္ဌာန်းအာရုံကို ဖျက်ကာ ထိုင်ရာမှ ထပြေးရတဲ့ ရက်ပေါင်းကား မနည်းလှပေ။ အသက်မွေးဖို့ရာ ဆွမ်းခံထွက်လည်း ဆွမ်းတစ်ခွက်ရဖို့ မလွယ်။

ငါ့အမေကို သတ်တဲ့လူကြီး၊ ငါ့သားလေးကို သတ်တဲ့လူကြီး စသည်ဖြင့် ရန်ငြိုးအာဃာတဖြင့် မုန်းတီးစက်ဆုပ်နေကြ၏။ တချို့ ကြောက်လန့်ပြီး ထွက်ပြေးသွားကြ၏။ ပြေးချိန်မရလိုက်တဲ့ အချို့လူများ အိမ်တံခါးပိတ်ကာ နောက်ခိုင်းထိုင်နေကြ၏။ ဆွမ်းလောင်းလှူမည့်သူ မရှိပေ။ သို့သော် မည်သူမျှ မသနား။ စာနာထောက်ထားမည့်သူ ရှားပါး၏။ သူ့ရင်ထဲက နောင်တစကားကိုပင် ဘုရားမှတစ်ပါး လက်ခံနားထောင်ပေးမည့်သူ တစ်ယောက်မှ မရှိချေ။

ဤသို့နှင့် တစ်နေ့တွင် အရှင်အင်္ဂုလိမာလ ဆွမ်းခံသွားစဉ် ကိုယ်ဝန်ဆောင် မိခင်တစ်ဦး မီးမဖွားနိုင်၍ ညည်းညူအော်ဟစ်နေသည်ကို အရှင်အင်္ဂုလိမာလ ကြားခဲ့ရ၏။ လူတစ်ယောက် ဤလောကသို့ ရောက်လာခြင်းသည် မလွယ်ကူပါလားဆိုတဲ့ အသိတစ်ခုလည်း ဖြစ်ပေါ်လာခဲ့ပါသည်။ အဲလောက် ခက်ခဲပင်ပန်းစွာ မွေးဖွားလာခဲ့တဲ့ လူပေါင်းများစွာကို ငါသတ်ခဲ့တာပဲလို့လည်း နောင်တသံဝေဂစိတ် ဖြစ်ပေါ်လာခဲ့ပါသည်။

တစ်ဆက်တည်းပင် မိခင်လောင်းကိုရော သားသူငယ်ကိုပါ လွန်စွာသနားတဲ့ ကရုဏာစိတ် တရိပ်ရိပ် ဖြစ်ပေါ်ပါသည်။

ထိုအကြောင်းကို မြတ်ဘုရားအား ရင်ဖွင့်လျှောက်ထားလိုက်ပါသည်။

ထိုအခါ ဘုရားက 'အဲဒီကိုယ်ဝန်ဆောင် မိခင်ကို ချစ်သား တကယ်သနားသလား' လို့ မေးတော်မူပါသည်။

'မှန်ပါ အရှင်ဘုရား' လို့ လျှောက်ထားလိုက်သည်နှင့် မြတ်ဘုရားက 'ဒါဆိုရင် ချစ်သား အဲဒီ ကိုယ်ဝန်ဆောင် မိခင်ဆီ ပြန်သွားပြီး သစ္စာဆိုလိုက်ပါ' လို့ တိုက်တွန်းပါသည်။

'ဘယ်လိုများ သစ္စာဆိုရပါ့မလဲ အရှင်ဘုရား' လို့ လျှောက်ထားရာ အောက်ပါအတိုင်း သင်ပေးပါသည်။

ယတောဟံ ဘဂိနိ ဇာတိယာ ဇာတော နာဘိ



www.burmeseclassic.com

www.burmeseclassic.com

*ဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊ တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ။*

နှမ‥အကြင်အခါကစပြီး ငါသည် မွေးဖွား၏။ ထိုအခါမှစ၍ ငါသည် သက်ရှိသတ္တဝါကို သေစေလိုသော စေတနာဖြင့် မသတ်ဖူးပါ။ ဤမှန်သော သစ္စာစကားကြောင့် သင်နှမရော ကိုယ်ဝန်သူငယ်ပါ ကျန်းမာ ချမ်းသာပါစေ‥ဟု အဓိပ္ပာယ်ရပါသည်။

'လူ့အသက်ပေါင်းများစွာအား မညှာမတာ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည်ကို အင်္ဂုလိမာလ အမှတ်ရနေသေး၏။ ထို့ကြောင့် အရှင်ဘုရားပြောတဲ့ သစ္စာစကားက တပည့်တော်အတွက်တော့ မုသားပဲ ဖြစ်မှာပါ။ လူပေါင်းမြောက်မြားစွာကို တပည့်တော် သတ်ဖြတ်ခဲ့တာပဲ။ ဘယ်လိုလုပ် သစ္စဝါစာ-မှန်ကန်တဲ့စကား ဖြစ်နိုင်ပါ့မလဲ အရှင်ဘုရား' လို့ ပြန်လျှောက်ထားလိုက်ပါသည်။

ဤမျှဆိုလျှင် မြတ်ဘုရားက တကယ်ပဲ မုသာဝါဒကို သင်ပေးသလား၊ ဘယ်သူ့ကို သင်ပေးတာလဲ ဆိုတဲ့ အေးအတွေးများအတွက် အဖြေထွက်လောက်ပါပြီ။ ဘာ့ကြောင့် သင်ပေးရသလဲဆိုတဲ့ မေးခွန်းပဲ ကျန်တော့၏။ မုသာဝါဒကို မနှစ်သက်တဲ့ ဗုဒ္ဓက မုသာဝါဒကိုမှ သစ္စဝါစာလို့ ကင်ပွန်းတပ်ကာ ဘာလို့များ သင်ပေးချင်ရပါသနည်း။

သဗ္ဗညုတ ဉာဏ်စွမ်းကြောင့်လည်း အင်္ဂုလိမာလ လူသတ်ခဲ့သည်ကို မြတ်ဘုရား သိတော်မူ၏။ အင်္ဂုလိမာလကိုယ်တိုင် ဝန်ခံလျှောက်ထားချက်အရလည်း လူသတ်ခဲ့ကြောင်း မြတ်ဘုရား ကောင်းစွာ သိတော်မူ၏။ ပသေနဒီ ကောသလမင်းကြီး လာရောက်လျှောက်ထားချက်အရလည်း အင်္ဂုလိမာလ လူသတ်ခဲ့ကြောင်း မြတ်ဘုရား သိတော်မူပါသည်။

ထိုသို့ အကုန်အစင် သိတော်မူပါလျက် မုသားမကြိုက်တဲ့ ဘုရားက ဘယ့်အတွက်ကြောင့် အရှင်အင်္ဂုလိမာလအား မုသားသုံးပြီး သစ္စာဆိုခိုင်းနေပါသနည်း။ အတော့်ကို စိတ်ဝင်စားစရာ ကောင်းပါသည်။ အဓိကကျတဲ့ အချင်းအချက်ကိုကြည့်ပြီး ဖြေရလျှင် အရှင်အင်္ဂုလိမာလကိုယ်တိုင် မိမိဘဝကို ကျကျနန တိတိကျကျ သိစေလိုသောကြောင့် မုသာဝါဒကို ဦးစွာပထမ သင်ပေးလိုက်ခြင်း ဖြစ်ပါသည်။

မုသား၏ နိဂုံးသည် သစ္စာ၊ သစ္စာ၏ နိဂုံးသည် မုသား အပြန်အလှန် ဆက်စပ်နေ၏။ မုသာဝါဒဖြစ်နေမှန်း မသိခဲ့ဘဲ မှန်ပါ့ဘုရား၊ တင်ပါ့ဘုရား လုပ်ကာ သွားပြီး သစ္စာဆိုပါလျှင် ယင်းသစ္စာသည်ပင် မုသားဖြစ်နေ၍ အစွမ်းမထက်၊ ဆေးဖက်မဝင်နိုင်ချေ။ ထို့ထက်မက အရေးကြီးသည်ကား အရှင်အင်္ဂုလိမာလ ရည်မှန်းထားတဲ့ မဂ်ဖိုလ် နိဗ္ဗာန်နှင့် ဝေးသွားပေမည်။ သည်သာမကသေး၊ ကံ၊ ကမ္မနိမိတ် နှိပ်စက်လွန်းသောကြောင့် တဖြည်းဖြည်း ငရဲနှင့် နီးသွားမှာ သေချာ၏။ နုတ်မေးစရာ မလိုပေ။

အားလုံးကို ခြုံငုံပြီး စုပေါင်းပြောပါက-

(၁) ဘဝကို တိတိကျကျ ခွဲခြားသိမြင်နိုင်ရန်၊
(၂) ဆေးဖက်ဝင်စေရန်၊
(၃) မဂ်ဖိုလ်နိဗ္ဗာန်နှင့် နီးရန်၊
(၄) အပါယ်လေးဘုံနှင့် ဝေးစေရန်၊

သိသိကြီးနှင့်ပင် အရှင်အင်္ဂုလိမာလအား မြတ်ဘုရားက မုသာဝါဒကို သစ္စာမမှုဟန် သင်ညွှန်ပြခြင်း ဖြစ်ပါသည်။ အရှင်အင်္ဂုလိမာလ ပြန်လျှောက်ထားတဲ့ စကားအရဆိုလျှင် သူ့ဘဝကို အတိအကျ မသိသေးချေ။ သို့သော် မုသာဝါဒဟုကား သူသိ၏။ ထို့ကြောင့် ဘုရားက 'သြော်‥ဟုတ်လား၊ ဒါဆို ဒီလိုလုပ်ပါလား ချစ်သား' ဟု ဆိုကာ သစ္စာစကားစစ်စစ်ကို အောက်ပါအတိုင်း သင်ပေးလိုက်ပါသည်။

*ယတောဟံ ဘဂိနိ* ***အရိယာယ*** *ဇာတိယာ ဇာတော၊ နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊ တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ။*

သတိမထားပါက ပါဠိသွား အတူတူပင်ဖြစ်၍ အနက်သဘောလည်း အတူတူဟုပင် ထင်မှတ်တတ်ပါသည်။ စာဖတ်သူများ သတိပြုမိအောင် ထူးခြားတဲ့ ပါဠိကို စာလုံးစောင်း၊ အမည်းဖြင့် ဖော်ပြထားပါသည်။ ပထမသစ္စာ (သို့မဟုတ်) မုသာဝါဒတုန်းက 'အရိယာယ' ဆိုတဲ့ စကားလုံး မပါပေ။ ယခု ဒုတိယမြောက် သင်ပေးတဲ့ သစ္စာစကားဖြင့်မှ အရိယာယဆိုတဲ့ စကားတစ်လုံး ထူးခြားစွာ ပါလာပါသည်။

အဓိပ္ပာယ်က 'နှမ‥အကြင်အခါမှစ၍ ငါသည် **အရိယာဇာတ် မြတ်သောရဟန်း** ဖြစ်၏။ ထိုအခါမှစ၍ ငါသည် သက်ရှိသတ္တဝါကို သေစေလိုတဲ့ စေတနာဖြင့်

www.burmeseclassic.com

မသတ်ဖူးပါ။ ဤမှန်သော သစ္စာစကားကြောင့် သင်နှမ ရော ကိုယ်ဝန်သူငယ်ပါ ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာပါစေ ဟူ၍ ဖြစ်ပါသည်။

ဤတွင် အရှင်အင်္ဂုလိမာလ မိမိဘဝကို အတိအကျ သိသွား၏။ ငါသည် ယခုအခါ ယခင်က လူသတ်ခဲ့တဲ့ အင်္ဂုလိမာလ မဟုတ်တော့ပြီ။ အရိယာဇာတ် ရဟန်းမြတ် အရှင်အင်္ဂုလိမာလ ဖြစ်သွားပြီ။ အင်္ဂုလိမာလနှင့် ရဟန်းတော် အရှင်အင်္ဂုလိမာလက တခြားစီပဲ။ လူ့ဘဝနှင့် ရဟန်းဘဝ ဘာမှကို မဆိုင်တော့ဘူးလို့ အတွေးသစ်တစ်ခု ဦးနှောက်ထဲ လင်းလက်သွား၏။

ထိုအသိကြောင့်-

*ယော ပုဗ္ဗေ ပမဇ္ဇိတွာ၊*

*ပစ္ဆာ သော နပ္ပမဇ္ဇတိ။*

*သောမံ လောကံ ပဘာသေတိ၊*

*အဗ္ဘာ မုတ္တောဝ စန္ဒိမာ။*

လို့ အားရပါးရ ဥဒါန်းကျူးလိုက်ပါသည်။

အစိပ္ပာယ်က အကြင်သူသည် မသိမလိမ္မာစဉ် ယခင်အခါ၌ မေ့လျော့ပေါ့ဆ ပမာဒတရား လွှမ်းမိုးခဲ့သော်ငြားလည်း သိကြားလိမ္မာ နောင်အခါ၌ မမေ့မလျော့ မပေါ့မဆတော့ချေ။ တိမ်တိုက်မှလွတ်သော လမင်းသည် ဤသြကာသလောကကို အလင်းရောင်ပေးနိုင်သကဲ့သို့ ထိုသူသည် သတ္တလောကကို အလင်းရောင်ပေးနိုင်သည် ဟူ၍ ဖြစ်ပါသည်။

လသည် အလင်းပြန် ဒြပ်ဝတ္ထုတစ်ခု ဖြစ်ပါသည်။ ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုးငါးပါး ကင်းစင်ငြားက ဤလောကကို အလင်းရောင် အေးမြမြလေးများ ထုတ်လွှတ်ပေးနိုင်၏။ အကယ်၍ ညစ်မျိုးငါးပါး တစ်ပါးပါး ဖုံးအုပ်ခဲ့ပါက အလင်းရောင် မပေးနိုင်တော့ချေ။ ဖုံးအုပ်ခံရခြင်းမှ လွတ်လာလျှင် ပြန်လည်ကာ အလင်းပေးနိုင်ပြန်၏။

ဤအတူ လူသည် မောဟကြီးထွား ပမာဒတရားအားကြီးကာ အမှားဆိုတဲ့ အမှောင်လမ်းကို လျှောက်လှမ်းနေပါက မိမိဘဝကို အလင်းမဖြာနိုင်ပေ။ အသိတရား၊ သတိတရားများ ကိုယ်မှာပွား၍ အမှောင်ခွင်းကာ အမှားမြင်ဟန် အမှန်ပြင်ဘိမူကား မိမိဘဝအား အမှောင်ခွင်းကာ အလင်းဆောင်နိုင်၏။ ဤသဘောကို အရှင်အင်္ဂုလိမာလ သိသွားပေသည်။

ဘာ့ကြောင့် ဘယ်လိုသိသွားသည်ကိုမူ ထပ်ပြောစရာလိုမည် မထင်တော့ပါ။ အားရပါးရ မှတ်သားလိုသူအတွက် ထပ်ပြောရလျှင် ဘုရားရှင်ရဲ့ မုသာဝါဒကြောင့် ဘဝကို အတိအကျ ခွဲခြားနားလည်ကာ သိသွားပါသည်။ လူသတ်သမား အင်္ဂုလိမာလဘဝသည် အတိတ်လွန်ပြီးဘဝသာ ဖြစ်၏။ ငါနှင့် မဆိုင်၊ ငါလည်း မပိုင်တော့ချေ။

ရဟန်းတော် အရှင်အင်္ဂုလိမာလဆိုတဲ့ ဘဝသည်သာ ငါပိုင်ဆိုင်နေတဲ့ လက်ရှိငါ့ဘဝပဲလို့ အရှင်အင်္ဂုလိမာလ ရှင်းလင်းစွာ နားလည်သွားပါသည်။ ထို့ကြောင့် မပိုင်ဆိုင်တော့တဲ့ အတိတ်၏ အရိပ်များကို စိတ်အစဉ်မှ ဖယ်ရှားနိုင်ခဲ့ပါသည်။ ထို့ကြောင့် ကံ၊ ကမ္မနိမိတ် နှိပ်စက်ခြင်းမှ လွတ်မြောက်သွား၏။ ထို့ကြောင့် ရဟန်းတရား ဘာဝနာပွားတဲ့ကာ သမာဓိတက်၊ ပညာရင့်လာခဲ့၏။

ရုပ်နှင့် နာမ်တို့သည် ဥပါဒ်၊ ဋ္ဌီ၊ ဘင် ခဏငယ်သုံးချက် အစဉ်ဆက်လျက် ဖြစ်ပျက်နေကြသည်ကို အရှင်အင်္ဂုလိမာလ ဉာဏ်၌ထင်ထင် သိမြင်လာ၏။ ဖြစ်လျက်ပျက်သွားသော ရုပ်နာမ်တို့သည် ငါမဟုတ်သလို ဖြစ်ဆဲရုပ်နာမ်တို့သည်လည်း ငါမဟုတ်ကြောင်း တစ်ဆင့်တက်ကာ နားလည်လာပြန်ပါသည်။ နောင်ဖြစ်လာမည့် ရုပ်နာမ်တို့ ငါမဟုတ်ကြောင်းကိုမူ စဉ်းစားစရာပင် မလိုတော့ချေ။

အကယ်၍ မြတ်ဘုရားက အင်္ဂုလိမာလဘဝနှင့် အရှင်အင်္ဂုလိမာလဘဝ ကွဲပြားခြားနားပုံကို မုသာဝါဒဖြင့် စပ်ကာ လက်ထပ်သင်ကြားပေးခြင်း မပြုခဲ့ပါက အရှင်အင်္ဂုလိမာလသည် ခိုးသူကြီး အင်္ဂုလိမာလဘဝ၌ သံသရာလည်နေရာ၏။ ထိုသို့လည်နေလျှင် ကံ၊ ကမ္မနိမိတ် နှိပ်စက်ရင်းပင် မိမိကိုယ်ကို မိမိစွပ်စွဲခြင်း အတ္တာနုဝါဒဘေးကြီးဆိုက်ကာ အပါယ်ငရဲသို့ ကျရွေ့လရာ၏။

ခုတော့ ဘုရားရှင်က မုသာဝါဒနှင့် သစ္စာမေ့ကို လက်ထပ်သင်ပေးလိုက်သောကြောင့် မဆိုင်တော့တဲ့ အမှောင်ဘဝကို ပယ်နိုင်ခဲ့၏။ အလင်းရှိဘဝကို အမိအရ ဆုပ်ကိုင်ကာ အားထုတ်နိုင်ခဲ့၏။ ထို့ကြောင့် ဆေးဖက်ဝင်တဲ့ သစ္စာဖြစ်သည့်ပြင် နိဗ္ဗာန်သို့တိုင် ဝင်စံသွားနိုင်ပေသည်။

**မောင်ဉာဏ်လင်း(တေးဇင်ကုတ်)**

www.burmeseclassic.com

www.burmeseclassic.com

# နန္ဒာစိုး (ဆင်ဖြူကျွန်း)

## သုမိတ္တာနိဒါန်းအစ အနှိမ်ယသော်ဓရာ

(မင်းကိုနေး ဓမ္မရာဇ အခန်းဆက်စွန့်စားရသည်)



(ယခင်လမှအဆက်)

(၁၅)

သူအို၊ သူနာ၊ သူသေ။

မင်းသိဒ္ဓတ်သည် ဥယျာဉ်ကစားထွက်တော်မူခဲ့စဉ် သုံးကြိမ်တွင် မြင်တွေ့ခဲ့ရသော စိတ်နှလုံး ညှိုးချုံးဖွယ် အနိဋ္ဌာရုံမြင်ကွင်းတွေကို စိတ်အာရုံတွင် ဖျောက်ဖျက်၍ မရနိုင်ဘဲ ရှိနေသည်။ တစ်ကြိမ်ထက်တစ်ကြိမ် ပို၍၊ ပို၍ ကြောက်မက်ထိတ်လန့်ဖွယ် ကောင်းကောင်းလာသော မြင်ကွင်းတွေက မျက်ဝန်းများထဲတွင်သာမက အသည်းနှလုံးသို့တိုင် စွဲထင်နေခဲ့ပြီလား မသိ။

မိမိ၏ အလိုအရဆိုလျှင် ထိုအိုခြင်း၊ နာခြင်း၊ သေခြင်း ဆိုသည်တို့မှာ မိမိတို့တွင် အလိုအလျောက်သင့်နေပြီဖြစ်သည့် တုန်လှုပ်ဖွယ်ကျိန်စာတွေချည်းဖြစ်သည်။ ဒါဖြင့် သည်ကျိန်စာတွေက ဘယ်က အခြေခံပြီး မိမိတို့ထံရောက်ရှိလာရသနည်း။ ထိုကျိန်စာတို့၏ ဖန်ဆင်းရှင်သည် မည်သူနည်း။ မည်သည့်တန်ခိုးရှင်က ဖန်တီးပို့လွှတ်နေသနည်း။ အသက်ရှိသူ တစ်ဦးအဖြစ် မွေးဖွားဖြစ်တည်လာခဲ့ကြသူတိုင်း၏နောက်သို့ ထက်ကြပ်မကွာ ဤအရိပ်သုံးပါးက လိုက်ပါနေခြင်းမှ လွတ်မြောက်ရာလမ်းသည် အဘယ်မှာနည်း။ ဤအရိပ်သုံးပါးမှ လွတ်ကင်းအောင် မည်သည့်နည်းဖြင့် ကြံဆောင်အောင်မြင်နိုင်မည်နည်း။

မင်းသိဒ္ဓတ်သည် မိမိနှလုံးသား၌ အစဉ်စိုးမိုးခြောက်လှန့်လျက်ရှိသော ဇရာ၊ ဗျာဓိ၊ မရဏဟူသည့် ကျိန်စာသုံးမျိုးနှင့်ပတ်သက်၍ အချိန်တိုင်းမှာပင် အဖြေရှာ စဉ်းစားကြံဆလျက်ရှိ၏။ ထို့ကြောင့် မင်းသိဒ္ဓတ်၏ အသွင်အပြင် အမူအရာများသည် အလွန်အေးစက်တည်ငြိမ်လျက် ရှိတော့သည်။ မည်သည့်အချိန်တွင်ပဲကြည့်ကြည့် တစ်စုံတစ်ရာသော အတွေး၏ ဖမ်းစားမှုတွင် နစ်မျောလျက် ရှိသောကြောင့် တက်ကြွခြင်း၊ ရွှင်ပျော်ခြင်းတို့ အလျဉ်းဆိတ်သုဉ်းလျက်ရှိ၏။ ထိုကျိန်စာသုံးမျိုး၏ လွတ်မြောက်ရာလမ်းကို ရှာဖွေရန်မှာ မိမိတတ်မြောက်ထားခဲ့ပြီးသော အဋ္ဌာရသတစ်ဆယ့်ရှစ်ရပ်သော ပညာတို့မှ လောက်ဖြင့် မလုံလောက်နိုင်ဟု ရိပ်စားမိလာလေသော မင်းသား၏ ဟန်ပန်လှုပ်ရှားမှုတို့မှာ ငြိမ်သက်လာလေလေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတော့၏။

မိမိတို့သည် ပဋိသန္ဓေနေခြင်းမှသည် မွေးဖွားရှင်သန်လာခဲ့ခြင်းဖြင့် ဤဘဝကို ရရှိလာခဲ့ကြခြင်း ဖြစ်သည်။ တော်ပြီ။ ထိုဖြစ်စဉ်သည်ပင် ဘဝ၏အစ ဇာတိဖြစ်သည်ဟု ခေါ်ရာကောက်မိ၏။ ထိုဇာတိရှိသောကြောင့် ဇာတိကို အခြေခံကာ သူ့နောက်သို့ ဇရာ၊ ဗျာဓိ၊ မရဏဆိုသော အရိုပ်သုံးမျိုး ကပ်လျက် လိုက်ပါလာခြင်းဖြစ်၏။ သည်အထိက ရှင်းသည်။ မရှင်းလင်းနိုင်ဘဲ ဖြစ်နေသည်က ထိုဇာတိဖြစ်ပေါ်လာအောင် မည်သည့်မျိုးစေ့က တွန်းပို့ပေးလိုက်သလဲဆိုသော အချက်ဖြစ်သည်။ ဇာတိ၏ရှေ့က အချက်အလက်က ပျောက်ခြင်းမလှ ပျောက်နေသည်။ မိခင်၊ ဖခင်တို့ နှစ်ဦး၏ ပေါင်းဖော်မှုကြောင့်ပေလော။ မိခင်၊ ဖခင် နှစ်ဦး၏ ပေါင်းဖော်မှုကြောင့် အမိဝမ်းတွင် ပဋိသန္ဓေနေခဲ့ရသည် ဆိုသောအချက်မှာ အပေါ်ယံအားဖြင့် မှန်သည်။ သို့သော် ယေဘုယျအမှန်တရားဟုသာ ဆိုရမည်။ အဘယ်ကြောင့်ဆိုသော် မိမိဘဝဇာတိကို အစသည် မွေးဖွားပေးလိုက်သော မိဘနှစ်ပါးကိုပင် မိမိအား ဇရာ၊ ဗျာဓိ၊ မရဏဟူသော ကျိန်စာသုံးခု လက်အောက်သို့ အရောက်တွန်းပို့လိုက်ကြသော လက်သည်တရားခံများ ဖြစ်ကြသည်ဟု စွပ်စွဲရတော့မလို ဖြစ်လာသောကြောင့်ပင်။ မိဘနှစ်ပါးကို သည့်နှယ် စွပ်စွဲခြင်း ဟုတော့ မထိုက်။

လောကဌ် အဘယ်မိဘတို့ကမျှ မိမိရင်သွေးရင်နှစ်သားသမီးတို့ကို ဒုက္ခရောက်စေတော့ဟူသော ရည်ရွယ်ချက် စေတနာမျိုး ထားရှိမရှိ။ ဒုက္ခတွင်းသို့ သက်ဆင်းစေလိုသော စေတနာဖြင့် အဘယ်မိဘတို့ကမျှ မိမိတို့သားသမီးကို မွေးဖွားပေးလိုက်ကြခြင်း မဟုတ်။ ဤကျိန်စာသုံးမျိုး လက်အောက်သို့ ရောက်စေတော့ဟူသော ဦးတည်ချက်ဖြင့် မိမိသားသမီးထံသို့ ဇာတိကို အပ်နှင်းခဲ့ခြင်း မဟုတ်။ ထို့ကြောင့် ဘဝဇာတိ၏ အစပျိုးရာသည်

www.burmeseclassic.com

မိဘနှစ်ပါးသာ ဖြစ်သည်ဆိုသော အမှန်တရားသည် ယေဘုယျအပေါ်ယံကြော အမှန်တရားသာ ဖြစ်သည်။ သို့ဆိုလျှင် ထိုဇာတိ၏ လားရာအတွင်းသား အမှန်တရားသည် အဘယ်မှာနည်း။ မင်းသား၏ အတွေးသည် ထိုမေးခွန်းမှာပင် လမ်းဆုံးပျောက်ရှသွား၏။ ဇာတိ၏ နက်ရှိုင်းလွန်းလှသော အတွင်းအနှစ်သား အမှန်တရားကို မည်သို့မျှ မရှာဖွေ မဖော်ထုတ်နိုင်ဘဲ ဖြစ်ဖြစ်နေလေသည်။

အိုခြင်း၊ နာခြင်း၊ သေခြင်းတည်းဟူသော ကျိန်စာသုံးမျိုးကို မလွဲမသွေ ရင်ဆိုင်ရမည့် မိမိ၏ဘဝအစ ဇာတိဆိုသည်ကို မိမိ၏အမိ၊ အဖတို့ထံ လွှဲအပ်ပေးဆက်ခဲ့သော မူလတရားခံ အရင်းအမြစ်က ဘယ်ဆီမှာ ပုန်းကွယ်ပျောက်ဆုံးနေပါသနည်း။ ထိုမူလတရားခံကို ရှာဖွေဖော်ထုတ်နိုင်လျှင် ဘဝအသစ်တစ်ဖန် စတင်မည့်ဇာတိကို ကေန်တားဆီးနိုင်ပေလိမ့်မည်။ ဇာတိကို တားဆီးနိုင်လျှင် အို၊ နာ၊ သေတည်းဟူသော ကျိန်စာသင့်နိုင်စရာ မရှိတော့ပြီ။ လွတ်မြောက်ပြီဟု အသေအချာ ဆိုနိုင်ပေတော့မည်။ ဒါဆိုလျှင် ဇာတိဖြစ်အောင် လုပ်ပေးနေတာ ဘယ်သူလဲ။ ဤနေရာမှာပင် ထုံးစံအတိုင်း ခြေရာလည်းပျောက် ရေလည်းနောက် ဖြစ်သွားရပြန်လေတော့၏။

မင်းသိဒ္ဓတ်၏ အတွေးအကြံများသည် မေးခွန်းတွေတစ်သီကြီး၊ ဖြေကြားချက်တွေ တအုံတမကြီးနှင့် လမ်းပျောက်နေသော ဝက်ပါကြီးထဲ တဝဲလည်လည် လှည့်နေရသည်နှင့် တူနေ၏။ ဤနည်းဖြင့်ပင် နေ့ရက်တို့ကုန်ဆုံးသွားကြသည်။ ညပေါင်းများစွာ အိပ်ခြင်းကင်းခဲ့သည်။ ချစ်စွာသောနှမတော် မယ်ယသော်ထံသို့ပင် အသွားအလာကျဲပါးသွားခဲ့သည်။ ယသော်ဓရာဒေဝီကတော့ မင်းသိဒ္ဓတ်၏ အသွားအလာ ကျဲပါးသွားမှုအတွက်ကိုလည်း မည်သို့မျှ မေးမြန်းစပ်စုခြင်းမရှိ။ သူမ၏ နန်းတော်ဆောင်သို့ ရံဖန်ရံခါ ရောက်ရှိသွားခဲ့လျှင်တော့ အစဉ်ချိုမြ လိုက်လျောသော အပြုံးမျိုးဖြင့် ဆီးကြိုနေခဲ့စမြဲသာ။

သို့ရာတွင် မိဖုရားသည် ယခင်ကဲ့သို့ သွားလာနေထိုင်မှုတွင် ပေါ့ပါးလွတ်လပ်တော့သည်မဟုတ်။ ပဋိသန္ဓေ နှုတ်ငုံတော်ကို ဆောင်ထားရပြီဖြစ်သောကြောင့် သူမ၏ အထိန်းတော်ကြီးများ အနီးကပ် ပြုစုစောင့်ရှောက်နေကြမည့် ကျန်းမာမှုဆိုင်ရာ ဆေးဝါးကျွမ်းကျင်သူ အမျိုးသမီးသမားတော်၊ အနှိပ်တော်ကြီးများနှင့်သာ ချမ်းသာစွာ စံနေစေချင်တော့သည့် ဆန္ဒရှိ၍တစ်ကြောင်း၊ မိမိကိုယ်တိုင်ကလည်း မိမိတစ်ကိုယ်တည်းသာ အဖြေရှာမဆုံးနိုင်သည့် အတွေးများဖြင့် လုံးထွေးရစ်ပတ်နေလိုသည်က တစ်ကြောင်းတို့ကြောင့် နှမတော်၏ အဆောင်တော်သို့ မသွားဘဲ နေလိုက်ခဲ့သည့် ရက်တွေကသာ ပိုများလာနေခဲ့တော့သည်။

ထိုသို့ တစ်ကိုယ်တော် အထီးတည်းပင် မိမိနန်းဆောင်၌သာ စံနေခဲ့ရသော ရက်များစွာက ဆင့်ကာ,ဆင့်ကာ လများသို့ တိုင်လာသောအခါ လိုလေသေးမရှိ ပြီးပြည့်စုံနေသော နန်းဆောင်ရိပ်သည်လည်း ငြီးငွေ့ဖွယ်ဖြစ်လာပြန်၏။ ထိုအခါ ငြီးငွေ့မှု၏ ထွက်ပေါက်အဖြစ် ဥယျာဉ်ကစားထွက်ဖို့ စိတ်ကူးပေါ်လာရပြန်သည်။ သို့နှင့် သူသေတွေ့ပြီး လေးလကြာမြင့်ခဲ့သော တစ်ရက်တွင် ဥယျာဉ်တော်သို့ထွက်ရန် စီစဉ်လိုက်မိပြန်တော့၏။

ထိုနေ့ရက်ကား မဟာသက္ကရာဇ်(၉၇)ခုနှစ်၊ ဝါဆိုလပြည့်နေ့ပင် ဖြစ်လေသည်။

## (၁၆)

ရထားမှူးသည် ထိတ်ခနဲ ရင်ခုန်သွားရပြန်၏။

ကြည့်လေ။ သူတို့ရထား မောင်းနှင်လာရာ ဥယျာဉ်တော်သို့ ဦးတည်သည့်လမ်းအတိုင်း ပကတိခြေလှမ်းတို့ဖြင့် ဣန္ဒြေကြီးစွာ လျှောက်လှမ်းသွားနေသော ပုံရိပ်တစ်ခုကို လှမ်းမြင်လာရပြန်သောကြောင့် ဖြစ်၏။ ထို့ကြောင့် ထုံးစံအတိုင်း မင်္ဂလာရထားကိုရပ်ဖို့ မင်းသားက အမိန့်ပေးလာပေချေဦးမည်လောဟု ထိတ်ခနဲဖြစ်သွားမိခြင်းပင်။ မင်းသားကို ငဲ့စောင်းအကဲခတ်လိုက်သောအခါ မင်းသားသည်လည်း ထိုပုံရိပ်ကိုပင် မမှိတ်မသုန် စူးစိုက်ကြည့်လျက် ရှိနေသည်ကို တွေ့ရ၏။

ရထားသည် ထိုပုံရိပ်နှင့် တဖြည်းဖြည်းနီးလာ၏။ ဥယျာဉ်တော်သို့ သွားရာလမ်းအတိုင်း လှမ်းကြွသွားနေသူကား မည်သည့်အဖိုးထိုက်တန်သည့် ဝတ်စားတန်ဆာမျှမပါ။ ဖန်ရည်စွန်းသော အဝတ်တစ်စုံကိုသာ လွှမ်းခြုံထား၏။ ခြေအစုံတွင်ကား မည်သည့်အခုအခံခြေနင်းမှ စီးနင်းထားခြင်းမရှိ။ ဦးပြည်းထက်တွင်လည်း ဆံပင်မရှိ။ ရိတ်ပယ်ထားပြီး ခေါင်းတုံးသက်သက်မျှသာဖြစ်သည်။ လက်အစုံပေါ်တွင်မှာကား မည်းပုတ်သော ညစ်ထေးထေး နှုတ်ခမ်းမပါသည့် မြေအိုးဝိုင်းတစ်လုံးကို ပွေ့ပိုက်လျက်။



www.burmeseclassic.com

www.burmeseclassic.com

သူ့အသွင်မှာ မနုဿလူသားတို့အလယ်တွင် သေးနုပ်သိမ်ငယ်လှသည်။ သို့ရာတွင် သူ့ဣန္ဒြေကတော့ ရင့်ကျက်တည်ငြိမ်လှသည်။

'ရထားမှူး . . အဲဒီပုဂ္ဂိုလ်အပါးကိုရောက်ရင် ရထားကို အရှိန်လျှော့ပြီး ရွေ့တယ်ဆိုရုံမျှပဲ မောင်းစမ်း'

မင်းသားထံမှ အမိန့်ပေးသံ ထွက်လာ၏။ ရထားကို အရပ်နိုင်းခြင်းတော့မဟုတ်။ ထိုပုဂ္ဂိုလ်ကို အသေအချာကြည့်ရှုအကဲခတ်လို၍သာ ရွေ့သည်ဆိုရုံမျှ မောင်းနိုင်းခြင်းဖြစ်၏။ ရထားမှူးက မြင်းဇက်ကြိုးတို့ကိုဆွဲကာ စုပ်သပ်သံပေးလိုက်ရင်း အရှိန်လျှော့၏။ ရထားက ထိုပုဂ္ဂိုလ်နံဘေးတွင် ဘီးလိမ့်သည်ဆိုရုံမျှသာ ရွေ့လျားတော့၏။ မင်းသားသည် ထိုပုဂ္ဂိုလ်ကို ရထားပေါ်မှနေ၍ စူးစိုက်ငေးရီလျက် မျက်တောင်မခတ်စတမ်း ကြည့်ရှု၏။ ထိုပုဂ္ဂိုလ်သည်ကား လူတို့ထဲတွင် အသိမ်နုပ်ဆုံး အသွင်အပြင်နှင့်ဖြစ်နေသော်လည်း သူ့နံဘေးတွင် ကပ်လျက်ပါလာသော ဆည်ရထားပေါ်မှ ဘုရင့်သားတော်တစ်ပါးကိုလည်း ဂရုစိုက် ငဲ့စောင်းကြည့်ရှုခြင်း မရှိ။ အလေးအမြတ် အရိုအသေပြုဖို့ဝေးစွ၊ သူ၏ ပကတိခြေလှမ်းများ လှမ်းကြွနေခြင်းမှလွဲလျှင် တခြားမည်သည့်အာရုံမျှလည်း ဝင်ပုံမပေါ်။

'ရထားမှူး . . သည်ပုဂ္ဂိုလ်က'

'ဒါနအစရှိတဲ့ ကုသိုလ်တရားတို့ပြုကျင့်ပြီး ဖန်ရည်ဆိုး အဝတ်ကိုပဲ ဆင်မြန်းတော့တဲ့ ရဟန်းဖြစ်ပါတယ် အရှင်မင်းသား။ သူဟာ အရှင်မင်းသားတို့ ကျွန်ုပ်တို့လို လူ့ဘဝ လူ့အဖြစ်က လွတ်မြောက်ပြီးခဲ့သူ ဖြစ်ပါတယ်'

မင်းသား၏ မျက်လုံးများသည် လေးနက်တည်ငြိမ်သွားကြ၏။

'ဟုတ်ပြီ၊ လူ့ဘဝ လူ့အဖြစ်က လွတ်မြောက်ခဲ့ပြီးသူတဲ့။ ဒါဆိုရင် သူဟာ လွတ်မြောက်ခြင်းရဲ့ လမ်းစပေါ် ကို တောင်ရောက်ရှိနေသူပေါ့။ သည်လမ်းစကို မှန်မှန်ကန်ကန် ဆက်လျှောက်သွားနိုင်ခဲ့ရင် တစ်ချိန်မှာ တကယ်ပဲ လွတ်မြောက်ခြင်းကိုရောက်ရှိ မျက်မှောက်ပြုနိုင်ဦးမယ့်သူပေါ့။ ဟုတ်ပြီ . . ဟုတ်ပြီ။ ကျွန်ုပ်တစ်ချိန်လုံး တွေးလာခဲ့မိတဲ့လမ်းစကို တွေ့ရပြီ။ ကဲ . . ရထားမှူး၊ ဥယျာဉ်တော်ကို အရောက်မောင်းနှင်ပေတော့'

မင်းသား၏အသံသည် ပီတိဖြင့် လှိုက်လှဲတုန်ခါနေသည်ရှိ၏။ ရထားမှူးသည် အံ့အားသင့်ခြင်း၊ ဝမ်းမြောက်ခြင်း စသော ခံစားမှုများဖြင့် အာဇာနည်မြင်းတို့ကို စိုင်းနှင်လိုက်တော့၏။ အမယ်မင်း၊ သည့်တစ်ကြိမ်ကျမှပဲ ဥယျာဉ်တော်ကို ဖြောင့်ဖြောင့်တန်းတန်း ရောက်ရပေတော့မည်။ သည်တစ်ခါကျမှပဲ ဥယျာဉ်တော်သို့ အရောက်ပို့ဆောင်ရေးတာဝန် ကျေပွန်ရပေတော့မည်ဟု ရထားမှူး ကျေနပ်ဝမ်းမြောက်မိရခြင်းဖြစ်သည်။ နောက်တစ်ခါ ယခုခရီးစဉ်တွင်မူ ယခင်ခရီးစဉ် (၃)ကြိမ်ကကဲ့သို့ စိတ်ညစ်ညူးသည့် အရိပ်လက္ခဏာတို့ မတွေ့ရဘဲ မင်းသား၏ အသွင်အပြင်မှာ ထူးခြားတည်ငြိမ်နေသည်ဟုလည်း အကဲခတ်မိလိုက်၏။ သို့ရာတွင် ငါသည်လည်း ဥယျာဉ်ကစားပြီးသည်နှင့် ဤယနေ့မှာပင် ရဟန်းပြုတော့အံ့ဟူသော မင်းသား၏ရင်ထဲမှ ရဲရဲတောက်ဆုံးဖြတ်ချက်ကြီးကိုကား ရထားမှူး မသိ။

မင်းသားသည် ဥယျာဉ်တော်သို့ အရောက်ကြွကာ မြူးထူးပျော်ပါး ကစား၏။ လူ့ဘဝ၊ လူ့အဖြစ်၏ စည်းစိမ်ကို အပြည့်အဝခံစား၏။ ပြီးလျှင် မင်္ဂလာကန်တော်တွင် ရေချိုးသုံးသပ်၏။ မင်္ဂလာကျောက်ဖျာထက်၌ တင့်တယ်စွာ အနားယူ အပန်းဖြေ၏။ နတ်မင်းတို့ ပြသသော သံဝေဂနိမိတ်ကြီး လေးပါးသည် ဤနေ့မှာပင် မင်းသားအတွက် ပြည့်စုံလေပြီ။ မင်္ဂလာကျောက်ဖျာထက်၌ အနားယူစဉ်မှာပင် မင်းသား၌ ဝတ်လဲတန်ဆာဆင်လိုသောစိတ်ဖြစ်ပေါ်လာသည်ကို သိရှိကြသော နတ်မင်းများက နတ်ဝတ်တန်ဆာတို့ကို ဆက်သလေသည်။

မင်းသားသည် နတ်ဝတ်တန်ဆာတို့ကို ဆင်မြန်းပြီးနောက် မင်္ဂလာကျောက်ဖျာထက်၌ပင် ချမ်းမြေ့စွာ စံနေတော်မူ၏။ ထိုအချိန်၌ နန်းတော်မှ မင်းချင်းတစ်ဦး မင်္ဂလာဥယျာဉ်တော်သို့ လိုက်ပါရောက်ရှိလာ၏။ သူနှင့်အတူ မင်းသားအတွက် သတင်းတစ်ပုဒ် ပါလာလေသည်။

'အရှင်မင်းသား . . အဂ္ဂမဟေသီ ယသော်ဓရာဒေဝီ မိဖုရားမှ သားတော်ကလေး သန့်စင်ဖွားမြင်ကြောင်းပါဘုရား'

မင်းသား၏ ကြည်လင်နေသော စိတ်ရေအလျဉ်သည် အနည်ထနောက်ကျူသွား၏။ ထိုသတင်းသည် တည်ငြိမ်နေသော ကန်ရေပြင်သို့ ခဲတစ်လုံးကျလာသည့်နှယ် ဂယက်ဖြာလှုပ်ခတ် လှိုင်းထသွားစေ၏။ မိမိ၏ရင်ထဲ၌ ဖြတ်ပြီး ရိုက်ခတ်သွားသောလှိုင်းသည် မွေးဖွားလာပြီဆိုသော သား

www.burmeseclassic.com



အတွက် ကြည်နူးဝမ်းမြောက်ခြင်းလှိုင်းလော၊ သို့မဟုတ် နှောင်တည်းလာမည့် သံယောဇဉ်ကြိုးအသစ်တစ်ချောင်း အတွက် ထိတ်လန့်တုန်လှုပ်ခြင်းလှိုင်းပေလော။ မည်သို့မျှ မစောကြောနိုင်လိုက်ခင်မှာပင် မင်းသား၏နှုတ်ဖျားမှ ညည်းညူသံ တစ်ပိုင်းတစ်စ ပြေးထွက်သွားခဲ့လေသည်။

'အလို··ငါ့ကို ဖမ်းစားအုံ့ဆိုင်းစေတော့မယ့် ရာဟုအသူရိန်က ဖွားမြင်ခဲ့ပြီတဲ့လား။ ဒါဆိုရင် သူ့ကို ရာဟုလာလို့ပဲ အမည်ပေးရပေတော့မယ်'

(၁၇)

မဟာသက္ကရာဇ်(၉၇)ခုနှစ်၊ ဝါဆိုလပြည့်နေ့ တနင်္လာနေ့။

အလောင်းတော်မင်းသား၏ ဥယျာဉ်တော်မှအပြန်လမ်းသည်ကား ရွှန်းမြသော ငွေလရောင်ဖြင့် ဖြန့်ကြက်ထား၏။ ကောင်းကင်မျက်နှာကြက်၌ တွဲခိုလျက်ရှိသော လမင်းကြီးသည်ကား အေးမြထိန်ကြည်သောအလင်းဖြင့် နောင်တစ်ချိန်တွင် ကမ္ဘာလောက၌ ထွန်းသစ်လာမည့် ဓမ္မသစ္စ အလင်းဦးကို ကြိုဆိုနေသည့်နှယ်ရှိ၏။ မင်္ဂလာရထားပေါ်၌ လိုက်ပါလာခဲ့သော မင်းသိဒ္ဓတ်၏ ရင်ထဲတွင်မူ ဝုံစားပြတ်သားနိုင်မာသော ဆုံးဖြတ်ချက်ကြီး တစ်ရပ်လည်း တွဲခိုလျက် ပါလာခဲ့ပြီ။ အညစ်အကြေးကင်းစင် မြူမှုန်မျှမတင်သော လပြည့်ဝန်း၏ အလင်းသဖွယ် တောက်ပရဲဝံ့သော ဆုံးဖြတ်ချက်သည် ယနေ့ညမှာပင် အကောင်အထည် ပေါ်ပေတော့မည်။

'အချင်းရထားမှူး··ငါ၏ ဖွားဖက်တော်လည်းဖြစ်၊ ငယ်ကျွန်ရင်းလည်းဖြစ်တဲ့ ဆန္နအမတ်ကို အကြောင်းကြားချေ။ ဆန္နနှင့်အတူ ငါ၏စီးတော် ကဏ္ဍကမြင်းလည်း ပါဝင်ပါစေ။ ကဏ္ဍကကို ထုတ်ဆောင်ခဲ့ပြီး ယနေ့ညပင် ငါ့ထံသို့ လာရောက်ခဲ့ဖို့ ဆန္နကို အကြောင်းပြုလိုက်'

မင်းသိဒ္ဓတ်သည် နန်းတော်ဆောင်သို့ ရောက်သည်နှင့်ပင် ပြတ်သားသော အမိန့်ကို ချွေလိုက်၏။

'ကောင်းလှပါပြီ အရှင်မင်းသား'

ညဦးယံသည် အေးမြသော လေညင်းတသုန်သုန်ကို ပွေ့ဖက်လျက် လပြည့်ဝန်း၏ အလင်းပဝါကို ခြုံထား၏။ ကမ္ဘာလောကသည်မူ သစ္စာရှာမည့် မဟာခရီးစဉ်ကြီးတစ်ခု ထမြောက်အောင်မြင်မှုအတွက် စိုးရိမ်ကြီးစွာ စောင့်ကြည့်နေသည့်အလား တိတ်ဆိတ်ငြိမ်သက်လျက်။

'အရှင်မင်းသား··အဂ္ဂမဟေသီ ယသော်ဓရာဒေဝီမိဖုရားမှ သားတော်ကလေး သန့်စင်ဖွားမြင်ကြောင်းပါဘုရား'

စက်ရာဆောင်၌ ငြိမ်သက်စွာထိုင်၍ ငယ်ကျွန်တော် ဆန္နနှင့် စီးတော်မြင်း ကဏ္ဍကတို့ ရောက်ရှိလာမည့်အချိန်ကို စောင့်မျှော်နေဆဲမှာပင် မင်းသိဒ္ဓတ်၏ နားအစုံဝယ် ညနေချမ်းတုန်းကမှ ကြားသိခဲ့ရသော မင်းချင်း၏ စကားသံက ပဲ့တင်ရိုက်ခတ်လာကြပြန်၏။ ထိုအခါ မင်းသား၏ တစ်ကိုယ်လုံးသည် ဆတ်ခနဲတုန်သွား၏။ ဟုတ်တယ်၊ ရာဟုအသူရိန်နှယ် ဖမ်းစားအုံ့ဆိုင်းစေမည့် သားငယ်ကို ချစ်သောယသော်ဓရာက ဖွားမြင်ခဲ့ပြီးပါပကောလား။ ရင်ထဲ၌ တစ်ရစ်ပြီးတစ်ရစ် တင်းတင်းကျပ်ကျပ် စည်းနှောင်လာသော သံယောဇဉ်ကြိုး၏ တုပ်ချည်နှောင်ဖွဲ့မှုကား မျှော်လင့်မထားခဲ့မိလောက်အောင် အင်အားပြင်းထန်လွန်းလှချည့်။

ရာဟုအသူရိန်နှင့် ပမာတူသောသား၊ သူကလေး၏ မျက်နှာကိုပင် မမြင်ရ မတွေ့ရသေး။ သို့သော် သူကလေး၏ ညို့ငင်ဆွဲဆောင်မှုက အင်အားကြီးမားလွန်းလှချည့်။ ယခုပင် မိမိကို မတည်မငြိမ် တုန်ယင်လှုပ်ရှားလာစေပြီ။ သူရှိနေမည့် မယ်တော်ယသော်ဓရာဒေဝီ၏ စက်ရာဆောင်သို့ အရောက်လှမ်းကြွလာခဲ့ဖို့ အသံမဲ့စကားတို့ဖြင့် အပြုအမူမဲ့ လှုပ်ရှားမှုတို့ဖြင့် ညို့ငင်ဖိတ်ခေါ်နေသည်သို့ ခံစားလာရ၏။ သားတော်ကလေးကို ရာဟုအသူရိန်ဆိုသော အထိမ်းအမှတ်နှင့် ရာဟုလာသတို့သားဟုပဲ အမည်ပေးရတော့မည်လား။

မင်းသိဒ္ဓတ်သည် စက်ရာဆောင်ထဲ၌ ခေါက်တုံ့လူး

www.burmeseclassic.com

www.burmeseclassic.com

သာလျှောက်လှမ်းလှုပ်ရှားရင်း ချီတုံချတုံဖြစ်နေ၏။ မိဖုရား၏ စက်ရာဆောင်သို့ သွက်သွက်ကြီး ကူးသွားလိုသော ဆန္ဒဇောသည် သားတော်ဟူသောအသိကိုစွဲလျက် တရစပ် ပေါက်ဖွားကြီးထွားလာနေ၏။ သည်လိုနှင့် ညဥ့်ယံက တဖြည်းဖြည်း နက်ရှိုင်းလာနေပြီ။ နန်းဆောင်ပြတင်းမှာ သွားရပ်ပြီး မျှော်ကြည့်၏။ ဝန်းကျင်ကြီးတစ်ခုလုံးသည် မှုန်မြသော လရောင်၏ အိပ်မွေ့ချမှုထဲမှာ နစ်မြုပ်တိတ်ဆိတ်လျက်။ ဆန္နနှင့် ကဏ္ဍကတို့ ပေါ်မလာကြသေး။ သူတို့ရောက်လာလျှင် သည်နန်းရိပ်မှ မိမိထွက်ခွာတော့မည်။ သူတို့ ရောက်မလာသေးခင် အချိန်ကလေးမှာ ချစ်သောယသော်ဓရာ၏ စက်ရာဆောင်သို့ ကူးလိုက်ရလျှင် ကောင်းမည်လော။ စွန့်ခြင်းကြီး စွန့်တော့မည်ဟူသော သံဓိဋ္ဌာန်ဆုံးဖြတ်ချက်ကြီးသည် သားဟူသော မီးပြင်တစ်ချက်နှင့်ပင် အရည်ပျော်ရတော့မည်လော။ ဆန္ဒဇောတို့သည် ရက်ကန်းရှယ်သည့် လွန်းကလေးနှယ် ယောက်ယက်ခတ်နေ၏။

နောက်ဆုံးတော့ မင်းသိဒ္ဓတ် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ရတော့၏။ မိမိသည် ယခုအချိန်အထိ လူသားတစ်ဦး ပုထုဇဉ်ဘဝ၌သာရှိသေးသည်။ ရဟန်းဘဝသို့ မကူးပြောင်းရသေး။ နန်းဆောင်မှပင်မထွက်ခွာရသေး။ ပုထုဇဉ်သာမန် လူသားတစ်ဦးအနေဖြင့် နေထိုင်နေဆဲ နောက်ဆုံး အချိန်ကလေး၌ ချစ်ခဲ့ရသော ဘဝလက်တွဲဖော် မိဖုရားနှင့် ယနေ့ယခုမှ လူ့လောကသို့ စတင်ရောက်ရှိလာသည့် သားငယ်တို့၏မျက်နှာ ရွှေလဝင်းတို့ကို နှုတ်ဆက်သည့် သဘောနှင့် ရှုကြည့်ခြင်းသည် ဆိုလောက်လောင်တော့ အကျည်းမတန်ရာဟု။ သည့်နှယ်ပင် ကိုယ့်ကိုယ်ကိုယ် အားပေး အားမွေးလိုက်ရပေတော့၏။

မင်းသိဒ္ဓတ်သည် ထိုဆုံးဖြတ်ချက်နှင့်အတူ ယသော်ဓရာ၏ အဆောင်တော်သို့ ကူးခဲ့လေသည်။ စကြံတစ်လျှောက်သည် မင်းသိဒ္ဓတ်၏ တိုးလျှသောခြေသံမှတစ်ပါး တိတ်ဆိတ်လျက်။ အခြားသောအဆောင်များ၌ ဖရိုဖရဲ အိပ်ပျော်နေကြသော မောင်းမမိဿံတို့ကို ကညင်ဆီမီး ထိန်ထိန် အလင်းနှင့် မြင်တွေ့ရပြန်သောအခါ သာယာခြင်း ကင်းမဲ့သည့် စက်ဆုပ်ခြင်းသံဝေဂတို့ ဖြစ်ပေါ်လာရပြန်သေး၏။ သည်လိုနှင့် ချစ်သောယသော်ဒေဝီ၏ စက်ရာဆောင်တံခါးဝသို့ ခြေချမိ၏။ အတွင်းတော်သို့ လှမ်းကြည့်လိုက်မိတော့ မင်းသိဒ္ဓတ်၏ရင်ထဲတွင် ကြမ်းခက်သော ငလျင်တစ်ခု ဖြတ်သန်းသွား၏။

စက်ရာဆောင်အလယ်ရှိ နူးညံ့သော ပိုးဖဲကတ္တီပါ စက်ရာသလွန်ညောင်စောင်းထက်ဝယ် သားငယ်ကလေးကို ထွေးပိုက်လျက် စက်တော်ခေါ်နေသော ယသော်ဓရာဒေဝီကို မြင်ရ၏။ အမျိုးသမီးတို့၏ သားဖွားခြင်းဟူသည့် ပြင်းထန်သည့် အာဝေနိကဒုက္ခကို ရင်ဆိုင်ဖြတ်သန်းရခြင်းဖြင့် နွမ်းနယ်ပင်ပန်းခဲ့ရရှာသော မိဖုရားသည်, ကုန်ခန်းခဲ့ရသည့် အားအင်တို့ကို ပြန်လည်ဖြည့်စွက်သည့်အလား နှစ်ခြိုက်စွာ အနားယူအိပ်စက်လျက်ရှိသည်။ စက်ရာသလွန်အနီးအထိ ခြေသံဖွဖွဖြင့် တိုးကပ်ရောက်ရှိလာသော ချစ်ဦးသခင်ကို မမြင်နိုင်၊ မသိနိုင်။ သားတော်ကလေးကတော့ မယ်တော်၏ ရင်ငွေ့ကိုလှုံလျက်။ နီနီထွေးထွေး ဆေးရေးထားသော ချစ်စဖွယ် အရုပ်ငယ်ကလေးနှယ်ရှိသည့် သားတော်ကလေး၏မျက်နှာကို ငုံ့ငိုက်လျက် စူးစိုက်ကြည့်ရင်း မင်းသိဒ္ဓတ်၏ရင်၌ ချစ်ခြင်းမေတ္တာသည် ရှန်းကြွခုန်ပေါက်လျက်ရှိ၏။

ကြည့်စမ်းပါဦး။ သည်မှာ မျက်ခုံးကလေး၊ သည်မှာ နှာတံကလေး၊ သည်မှာက ရဲရဲနီသည့် နှင်းဆီဖူးနှယ် နှုတ်ခမ်းကလေး။ ပါးပြင်ကလေးက မို့မို့လွှင်လွှင်။ မေးဖျားကလေးက လုံးလုံးဝန်းဝန်း။ မင်းသိဒ္ဓတ်သည် မိဖုရား၏ရင်ခွင်ထဲမှ သားငယ်ကို လက်လှမ်းလိုက်မိတော့မလို ဖြစ်သွား၏။ အညင်သာ အနူးညံ့ဆုံးသော ချီပိုးယုယမှုမျိုးဖြင့် ဆွဲယူပွေ့ချီလိုက်ကာ ထိုပါးပြင်မို့မို့လွှင်လွှင်ကလေးများကို နမ်းရှုံ့လိုက်လိုစိတ်က တဖွားဖွား။ ရာဟု အသူရိန်နှင့် ပမာအလားတူ ဖမ်းစားတော့မည့် ချစ်သားရာဟုလာ။

သို့သော် မင်းသိဒ္ဓတ်သည် ကိုယ့်စိတ်ကိုယ် သတိဖြင့် အနိုင်နိုင်ထိန်းချုပ်ထားလိုက်နိုင်၏။ မဖြစ်၊ သူတို့ စက်ရာမှ နိုးသွား၍မဖြစ်။ ထိုနိုးထခြင်းသည် သူတို့သားအမိ အတွက်ရော မိမိအတွက်ပါ ကြီးစွာသောအနှောင့်အယှက် အဟန့်အတားကိုပြုမည့် နိုးထခြင်းပင် ဖြစ်ပေလိမ့်မည်။ သည်သားကို နောင်တစ်ချိန်တွင် တန်ဖိုးအထိုက်ဆုံးသော လောကုတ္တရာမွေအမွေကို ပေးနိုင်ဖို့ဆိုလျှင် လတ်တလော ချည်နှောင်လာသော လောကီသံယောဇဉ်ဟူသမျှကို ဖြတ်တောက်ပစ်ခဲ့မှဖြစ်မည်ဟူသော သတိတရားက သားတော်

www.burmeseclassic.com

ထံ လှမ်းမည့်လက်တွေကို ငြိမ်သက်ရပ်တန့်သွားစေ၏။ သားတော်ထံသို့ ရောက်ရှိနေသော အကြည့်တွေကို အမြန်လွှဲပစ်လိုက်မိပြန်တော့ ငွေ့ငွေ့စက်စက် အသက်မှန်မှန်ရှူလျက် အိပ်မွေ့နေသော ချစ်သောယသော်ဓရာဒေဝီ၏ မျက်နှာရွှေစင်ပေါ်သို့ လွှဲပြောင်းစူးစိုက် ရောက်ရှိသွားပြန်၏။ ထိုအကြည့်တို့ကို ရုတ်ခြည်းပြန်လည်သိမ်းရုပ်ခြင်းငှာ မစွမ်းသာ။

ပုထုဇဉ်တစ်ဦးဘဝတွင်သာ ရှိနေဆဲဖြစ်သော မင်းသိဒ္ဓတ်အဖို့ (၁၃)နှစ်တိုင်တိုင် နန်းစည်းစိမ်ကို အတူယှဉ်တွဲ ပျော်ပွဲဆင်ခဲ့သော မြတ်နိုးဖွယ်အဆင်း၊ လေးစားဖွယ်အချင်းတို့နှင့် ပြည့်စုံသည့် ငယ်ချစ်မိဖုရားတစ်ပါး မဟုတ်လော။ ယခု ပစ္ဆိမဘဝတွင်သာ တစ်ဆယ့်သုံးနှစ် တွဲဖက်ပေါင်းဖော်ခဲ့ခြင်းမဟုတ်။ ဒီပင်္ကရာဘုရားရှင်လက်ထက်တော်တွင် ဘုရားရှင်၏ ဗျာဒိတ်ပန်းကို ဆင်မြန်းခဲ့ကြပြီးကတည်းက လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဘဝပေါင်းများစွာ ဆက်နွယ်ခဲ့ကြသော သံယောဇဉ်တစ်ဆန့်တစ်လျား၏ အနှိုင်းမဲ့ဆွဲငင်အားကို တုံဖက်ရင်ဆိုင်ရဖို့ကလည်း ရှိသေးသည်။ ထို့ကြောင့် ချစ်သောယသော်ဓရာဒေဝီ၏ ရွှေစင်အလှမျက်နှာကို ငေးရီကြည့်နေမိရပြန်တော့၏။

သို့ရာတွင် အချိန်အခါက ကျရောက်ခဲ့ပေပြီ။ ဘဝများစွာက ပါရမီတော်တို့လည်း နိုးကြွခဲ့ပေပြီ။

'နေရစ်ခဲ့ပေဦးတော့ ချစ်နှမယသော်ဓရာ။ ဆုံးစမထင်တဲ့ သံသရာကြီးထဲက ရုန်းထွက်လွတ်မြောက်ရာကို ရှာဖွေဖို့ ဒီညပဲ မောင်တော် ထွက်ခွာတော့မယ်။ လူ့ဘဝ၊ လူ့အဖြစ်ထဲက အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ ကြောက်မက်ဖွယ်ကြီးလှတဲ့ ကျိန်စာ(၃)ခုကို ငါတွေ့ခဲ့ပြီးပြီ။ တစ်ခါ လူ့ဘဝ လူ့အဖြစ်ထဲက လွတ်မြောက်ရာ လမ်းအစပေါ်ကို လျှောက်လှမ်းတဲ့ ရဟန်းပြုခြင်းနိမိတ်ကိုလည်း ငါမြင်ခဲ့ပြီးပြီ။ လောကကို ကယ်တင်နိုင်မယ့် သစ္စာတရားကို ရှာဖွေဖို့ ငါ ဒီညပဲ ထွက်ခွာတော့မယ်။ ငါပိုင်ဆိုင်ရာစည်းစိမ်သုခအားလုံးနဲ့ သံသရာမှာ တစ်ကျော့ပြန် လည်ပတ်ရဦးမယ့် မင်းနဲ့ငါရဲ့ တိမ်နှယ်မြူနှယ် ပုထုဇဉ်ချစ်ခြင်းတွေကို စွန့်ခဲ့ပြီး သတ္တဝါသခ်ါရတို့ရဲ့ လွတ်မြောက်ရာကို လမ်းညွှန်ပြသနိုင်မယ့် ဘုရားစင်စစ် ဧကန်ဖြစ်ခဲ့ပြီးတဲ့ တစ်နေ့နေ့မှာတော့ ငါပြန်လာခဲ့ဦးမှာပေါ့ နှမရယ်။ အဲဒီအချိန်အခါကိုသာ မင်း စောင့်မျှော်နေရစ်တော့'

မင်းသိဒ္ဓတ်ရင်ထဲမှ လှိုင်းထနေသော မှာတမ်းစကားတို့ကို ချစ်သောမယ်ယသော် ကြားသိနိုင်ခြင်းမရှိ။ ချစ်နှမ၏ ရွှေစင်မျက်နှာတော်ပေါ် ရောက်ရှိနေသော အကြည့်တို့ကို သိမ်းရုပ်လိုက်သည်။ ပြီးနောက် စက်ရာဆောင်မှ ပြတ်သားစွာ လှည့်ထွက်ခဲ့၏။ ပုထုဇဉ်နယ်၏ ချစ်သား၊ ချစ်လင်၊ ချစ်ဇနီးမယားဆိုသော သံယောဇဉ်နယ်မြေ၌ ခွဲခွာစွန့်လွှတ်ခြင်း ပြည်ဖုံးကားတစ်ချပ် လွှင့်ကျလာခဲ့လေပြီ။ စက်ရာဆောင်မှ ထွက်ခဲ့သည်နှင့် မင်းသိဒ္ဓတ်၏ ခြေလှမ်းတို့က မိမိစံရာနန်းဆောင်သို့။

သည်အချိန်ဆိုလျှင် ဆန္နအမတ်နှင့် စီးတော်မြင်း ကဏ္ဍကတို့ ရောက်ရှိစောင့်မျှော်နေကြလောက်ပေပြီ။

(၁၈)

ကပိလဝတ်ကောင်းကင်အမိုး၌ ချိတ်ဆွဲလျက်ရှိသော လပြည့်ဝန်းသည် မှုန်းတည့်အနေအထားမှသည် မှုန်းတိမ်းအခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။ တစ်ချိန်ထက်တစ်ချိန် နက်ရှိုင်းလာသော ညဥ့်လယ်ယံသည် မကြာမီမှာပင် သန်းခေါင်ယံသို့ချဉ်းတော့မည်။ တိတ်ဆိတ်ငြိမ်သက်စွာ အိပ်မောကျ၍ ကျန်ရစ်ခဲ့သော ကပိလဝတ်မြို့တော်သည် လောကကို ကယ်တင်မည့်မဟာခရီးစဉ်ကြီးတစ်ခု။ ဤညမှာပင် သူ့ရင်ခွင်ဇရိယာ အဝန်းအဝိုင်းထဲမှ စတင်ထွက်ခွာသွားခဲ့ပြီဆိုသည်ကို လုံးဝမရိပ်စားမိ။ ညသည် လှပဆဲ။ လရောင်က ရွှန်းပဆဲ။

'အမောင်ကဏ္ဍက··သင့်ကိုအမှီပြု၍ ငါသည် တောထွက်တော်မူတော့မည်။ ဘုရားဖြစ်တော်မူလျှင် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါဝေနေယျတို့ကို သံသရာရေအလျဉ်မှ ဆယ်တင်တော်မူရန် ဖြစ်တဲ့အတွက် မြင်းထိန်းဆန္န၏ အစောင့်အရှောက်နှင့်တကွ ငါ့အား ယခုပင် အနော်မာမြစ် တစ်ဖက်ကမ်းသို့တိုင် အရောက်နှင်၍ ပို့ဆောင်ပေတော့ ကဏ္ဍက'

ကဏ္ဍကသည် ဖွားဖက်တော်တို့ထဲတွင် မင်းသိဒ္ဓတ်အား လွန်စွာချစ်ခင်ရိုကျိုးသူဖြစ်သည်။ မင်းသိဒ္ဓတ်အလိုရှိရာသို့ အရောက်စိုင်းနှင် ပို့ဆောင်ပေးရန် အဆင်သင့်ပင်။ နောက်တော်ပါးတွင်လည်း ဖွားဖက်တော်တစ်ဦးပင်ဖြစ်သော ဆန္နအမတ်လည်း ထက်ကြပ်မကွာ ခြံရံလိုက်ပါမည်ဖြစ်ရာ သုံးဦးသုံးဖလှယ်တည်းနှင့် ခရီးစဉ်က ပြီးပြည့်စုံနေပြီဖြစ်သည်။ ဤခရီးစဉ်ကို အသင့်စောင့်ကြိုနေကြ



www.burmeseclassic.com

www.burmeseclassic.com

ပြီဖြစ်သော နတ်မင်းများကလည်း မြို့တံခါးအဆင့်ဆင့်ကို နတ်တို့၏ ဣဒ္ဓိပါဒ်ဖြင့် ဖွင့်လှစ်ပေးထားကြ၏။

သို့ရာတွင် ခရီးစဉ်အစ ကပိလဝတ်ပြည်မြို့တော်မှ အထွက်မှာပင် အနှောင့်အယှက် အတားအဆီးကို ကြုံရ၏။ စီးတော်မြင်းကဏ္ဍကဏ၏ ရှေ့ဘက်မှ လက်ဝါးဖြင့် ဆီးတားထားသူ ပေါ်ပေါက်လာ၏။

'ငါတို့၏ခရီးကို ရှေ့ကနေ လာတားဆီးနေသော ဘယ်လိုပုဂ္ဂိုလ်လဲ ကဏ္ဍက'

အလောင်းတော်၏ အမေးကို ကဏ္ဍက,ဆပင် ဖြေရာမလို၊ တားဆီးသူကိုယ်တိုင်က ဖြေကြားသည်။

'အရှင်မင်းသား··ကျွန်ုပ်ဟာ မာရ်နတ်ဖြစ်ပါတယ်'

'ဘယ်အကြောင်းကြောင့် တားဆီးရသလဲ မာရ်နတ်မင်း'

'အရှင်မင်းသား၊ ကြာကြာမစောင့်ရတော့ပါဘူး။ နောက်ထပ်(၇)ရက်မျှပဲ ဆိုင်းငံ့တော်မူပါ။ အဲဒီရက်သတ္တတော်လွန်တာနဲ့ စကြာရတနာ ဆိုက်ရောက်လာပါတော့မယ်။ အခုလက်ရှိအချိန်မှာလည်း သားကြီးရတနာက သွားမြင်ခဲ့ပါပြီ။ ဒီတော့ ခုနစ်ရက်တာမျှကလေး စောင့်ဆိုင်းပြီး စကြဝတေးမင်းအဖြစ်ကို ခံယူတော်မူပါတော့။ စကြာမင်း အခွင့်အရေးထူးကြီးကို လက်လွှတ်ဆုံးရှုံးရမှာကို သိမြင်လို့ အခုလို တားဆီးရခြင်းပါ အရှင်မင်းသား'

စကြဝတေးမင်း အခွင့်အရေးဖြင့် ဖြားယောင်းလာခြင်းပါတကား။ သို့သော် မင်းသိဒ္ဓတ်၏ သံမဏိဆုံးဖြတ်ချက်ကား မလျှော့ရဲတော့ပြီ။ အရည်မပျော်တော့ပြီ။

'အသင်မာရ်နတ်··ကျွန်ုပ်၏ရှေ့မှ ဆုတ်လော့၊ ဖယ်လော့၊ ခွာလော့၊ သွားလော့။ အသင်ပြောသည့် စကြာမင်းစည်းစိမ်ကလေးကို တံတွေးပေါက်လောက်မျှ ငါစုံမက်တော်မူသည်မဟုတ်။ သံသရာမှ ကူးမြောက်ရုံမက သတ္တဝါ ဆင်းရဲနေယျှတို့ကို ကယ်တင်နိုင်ဖို့ လမ်းပြတော်မူနိုင်သော ဘုရားစင်စစ်အဖြစ်သည်သာ ငါ၏ ပန်းတိုင်ဖြစ်သည်။ ငါ အလိုရှိရာ အမှန်ဖြစ်သည်။ သင် မနှောင့်ယှက်နှင့်။ အခုပင် ရှေ့က ဖယ်လော့'

အလောင်းတော်မင်းသား၏ ပြတ်သားသော အမိန့်ပေတည်း။ အလောင်းတော်မင်းသားကိုယ်တိုင်က ဤသို့ ပြတ်ပြတ်သားသားလောက်နှင်ထုတ်ပြီဆိုသောအခါ မာရ်နတ်ကြီးလည်း ကြာကြာတောင့်မခံနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ဤခရီးစဉ်၌ အလောင်းမင်းသား၊ ဆန္နအမတ်နှင့် ကဏ္ဍကတို့ သုံးဦးသုံးဖလှယ်တည်း ထွက်ချီကြွမြန်းလာသည် မဟုတ်။ မာရ်နတ်ကြီးသည် သူ့လောက် တန်ခိုးမထက်ကြစေကာမူ အလောင်းတော်ကြွချီရာ လမ်းတစ်လျှောက် ရှေ့နောက်ဝဲယာ လေးမျက်နှာမှ နတ်ဗြဟ္မာပေါင်း (၆) သောင်းစီ (၆)သောင်းစီတို့က မီးရှူးတိုင်များဖြင့် ပူဇော်လျက် ခြံရံလိုက်ပါလာကြကြောင်းကို သိပြီးဖြစ်၏။ ဤမျှများပြားသော လိုက်လံပို့ဆောင်ပူဇော်သူ နတ်၊ ဗြဟ္မာ အုပ်စုကြီး၏ စုပေါင်းအင်အားကိုတော့ လန့်ရလေသေးသောကြောင့် အားမတန် မာန်လျှော့လိုက်ရချေတော့၏။

အလောင်းမင်းသားက ဤမျှတင်းတင်းမာမာ ဖယ်ရှားခိုင်းနေပါလျက် ခေါင်းမာမာနှင့် ဆက်လက်တားဆီးနေခဲ့ပါလျှင် နှောင့်ယှက်ရကောင်းလားဟု နှစ်သိန်း လေးသောင်းသော နတ်၊ ဗြဟ္မာထုတို့က စုပေါင်းနှိမ်နင်းပါက သူပင် ပြားပြားဝပ်သွားရမည့်အရေးကို တွေးသိပြီးဖြစ်၏။ သည်လောက် အင်အားထုကြီးကို သူ အန်တုနိုင်ဖို့ မလွယ်ရေးချ မလွယ်။ ထို့ကြောင့် လက်လျှော့ပေးလိုက်ရပေတော့၏။ သို့ရာတွင် အလောင်းမင်းသား၏ ဖြည့်ကျင့်ခဲ့သော ပါရမီတော်အဟုန် စာဂီတော်အစုံတို့၏စွမ်းအင်က ထိုနှစ်သိန်းလေးသောင်းသော အခြံအရံနတ်ဗြဟ္မာတို့ စုစည်းအင်အားထက် ပို၍ထက်မြက်စူးရှသည်ကိုမူ မာရ်နတ်ကြီး မသိရှိသေးပေ။ သို့အတွက်ကြောင့်လည်း နေသေးသပ ချုံထဲက၊ ချိုသွေးသပ တမြမြ။ ဘုရားစင်စစ်ဖြစ်ကာမှသာ ဖြစ်လေရော တစ်ကွေ့တော့ ထပ်တွေ့ကြဦးမည်ဆိုသော အငြိုးအတေးဖြင့် နောက်ဆုတ်သွားခဲ့ခြင်းဖြစ်တော့၏။



www.burmeseclassic.com

အလောင်းတော်မင်းသားသည် မာရ်နတ်ကြီးကို ဖယ်ရှားပြီးသည်နှင့် ခရီးစဉ်ကို ရှေ့သို့ဆက်ချီ၏။ ထိုတစ်ညဉ့်တည်းနှင့်ပင် သာကီယ၊ ကောဠိယ၊ မလ္လ သုံးပြည်ထောင်ကိုကျော်လွန်ကာ ယူဇနာသုံးဆယ်ခရီးသို့ ဆိုက်ရောက်လေသည်။ ခရီးအဆုံးသတ်မှတ်နေရာက အနော်မာမြစ်၏တစ်ဖက်ကမ်း။ ထိုနေရာသို့ဆိုက်ရောက်သည်နှင့်ပင် ခရီးစဉ် နိဂုံးတိုင်လေပြီ။

'ဆန္န..ငါဦးတည်တဲ့ ခရီးနိဂုံးကို ရောက်ခဲ့ပြီ။ သည်တော့ ငါ့ရဲ့ အဆင်တန်ဆာတွေရယ်၊ ကဏ္ဍကမြင်းရယ် အားလုံး ပြန်ယူဆောင်သွားပြီး ပြည်တော်ကို ပြန်ပေတော့။ ငါကတော့ သည်အရပ်မှာပဲ ရဟန်းပြုနေရစ်တော့မယ်'

ရက်စက်လိုက်တဲ့၊ စိမ်းကားလိုက်တဲ့ လမ်းခွဲစကားဟု ဆန္နအမတ်၏ရင်ထဲတွင် စူးနင့်သွားသည်။ ထိုမိန့်တော်မူချက်အဆုံးတွင် စီးတော်မြင်းကဏ္ဍကသည် စူးစူးဟစ်ဟစ် ဟီလိုက်၏။ မြင်းဟီသံနှင့်မတူဘဲ နှလုံးကွဲကြေစွာသော နင့်နင့်မောမော ရှိုက်ငိုလိုက်သံနှင့်သာ တူသည်ဟု ခံစားလိုက်ရ၏။ ကဏ္ဍကသည် အဟိတ်တိရစ္ဆာန် မြင်းတစ်ကောင်ဖြစ်သော်ငြား အလောင်းမင်းသားကို သူမတူအောင် ချစ်ခင်သူဖြစ်ကြောင်း ကဏ္ဍကကို တစ်သက်လုံးက အနီးကပ် စောင့်ရှောက်ထိန်းသိမ်းလာခဲ့ရသော ဆန္နအမတ်က သိနေပါသည်။

မှန်သည့်အတိုင်းဆိုရလျှင် ဆန္နအမတ်အဖို့ သည်ကိုရောက်ပြီးမှတော့ ကပိလဝတ်ကို လှည့်မပြန်လို။ ကဏ္ဍကကိုလည်း ပြန်မခေါ်ချင်။ ကဏ္ဍကရော မိမိပါ အရှင်မင်းသားအနီး၌နေ၍ အလုပ်အကျွေးပြုနေလို၏။ ထို့ကြောင့် နည်းနည်းဈေးဆစ်ကြည့်လိုက်၏။ ချစ်ခင်ခြင်း၊ မြတ်နိုးခြင်း၊ ရိုကျိုးခြင်းတို့ကို အခြေတည်၍ ပေါက်ဖွားလာခဲ့သော မေတ္တာကဲသည့် စေဒကသာ ဖြစ်ပါသည်။

'အရှင်..ကျွန်တော်မျိုးတို့ဟာ ကပိလဝတ်က ထွက်ခွာစဉ်ကလည်း အတူထွက်ခွာခဲ့ကြသူတွေ ဖြစ်ပါတယ်။ ဒါကြောင့် လှည့်မပြန်ပါရစေနဲ့တော့။ ကဏ္ဍက,ကလည်း အရှင့်ကို ချန်ထားရစ်ခဲ့ပြီး ပြန်လိုမယ်မဟုတ်ပါ။ အရှင့်အပါးမှာပဲ အလုပ်အကျွေးပြုကြရင်း အတူနေထိုင်ခွင့်ကို ပေးတော်မူပါ'

'မဟုတ်ဘူး ဆန္န၊ ငါဟာ သည်ခရီးကို ထွက်တော်မူလာတာကိုက အနှောင်အဖွဲ့အားလုံးက ရုန်းထွက်ဖို့ဖြစ်တယ်။ ရဟန်းပြုပြီး တရားရှာဖို့ဖြစ်တယ်။ ငါ့ရဲ့ကြင်ရာတော် မယ်ယသော်နဲ့တကွ ငါ၏ရင်သွေး သားတော်ရာဟုလာ၊ ငါ့ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနဲ့ မိထွေးတော် မဟာပဇာပတိဂေါတမီ၊ နောက် ငါ့နိုင်ငံတော်၊ ငါ့ပြည်သူသာကီဝင်ဖြစ်တဲ့ ငါ့ဆွေတော်မျိုးတော် အပေါင်းတို့ကို ကင်းကင်းပြတ်ပြတ်ကြီး ငါ့နောက်ပါးမှာ ချန်ထားစွန့်ပစ်ခဲ့ပြီး ဖြစ်တယ်။ သစ္စာရှာမယ့် ငါ့ခရီးစဉ်မှာ သံသရာကို ဖိတ်ခေါ်နေတဲ့ တိမ်နှယ်၊ မြူနှယ် လွင့်ပြယ်လွယ်တဲ့ သံယောဇဉ်တွေ အရိပ်အငွေ့မျှ မယှက်သန်းစေလိုဘူး။ ဒါကြောင့် သင်တို့ကို ပြန်လွှတ်တာဖြစ်တယ်။ သင့်တောင်းဆိုမှုကို ငါ လက်မခံဘူး။ စိတ်မပူပါနဲ့ ဆန္န၊ ငါဦးတည်ရာ ခရီးပန်းတိုင်ကို ဆိုက်ရောက်ပြီးတဲ့ တစ်ချိန်ကျရင် ငါနှင့် သင်တို့တစ်တွေ ပြန်ဆုံကြရမှာပါ။ အဲဒီအခါကျရင် သင်တို့ မမျှော်မှန်းနိုင်ခဲ့တဲ့ ငါ ရှာဖွေရရှိခဲ့ရာ ဓမ္မအလင်းရောင်ကို သင်တို့ကို ကူးစက်ထွန်းညှိခံစားနိုင်ကြရစေမယ်။ ငါ ကူးမြောက်ရာလမ်းအတိုင်း သင်တို့လည်း ကူးမြောက်အောင်မြင်နိုင်ကြဖို့ ငါ ဖြန့်ဝေမယ်။ ငါ့ကို ကြိုးစားခွင့်ပေးပါ၊ ရှာဖွေခွင့်ပေးပါ။ ငါ့မိန့်ကြားချက်ကို ငြင်းပယ်ဖို့ မကြိုးစားပါနဲ့ ဆန္န'

ဆန္နအမတ်သည် တုန်ခိုက်ကြေကွဲစွာပင် အရှင်မင်းသား၏ သဘောထားကို သိလိုက်ပြီဖြစ်၏။ ဩော်..ဟုတ်ပေတာပါပဲလား။ အရှင်မင်းသားသည် သူ့ခမည်းတော်မယ်တော်ဟု ဆိုရမည့် မိထွေးတော်ဂေါတမီ၊ သူ့ကြင်ရာမိဖုရား၊ သူ့သားတော်၊ သူ့နိုင်ငံတော်နှင့် သူ့တိုင်းပြည်သူ့ဆွေတော်မျိုးတော်တွေကိုတောင် စွန့်ပယ်ထားရစ်ခဲ့ပြီပဲ။ သည်မျှမက နောက်ထပ်ခုနစ်ရက် ဆိုင်းငံ့တော်မူပါလျှင် ရောက်ရှိလာပါမည်ဟု မာရ်နတ်ကြီးက အသိပေးသော စကြာရတနာနှင့်တကွသော စကြာဝတေးမင်း ဘဝကိုပါ တံတွေးပေါက်သဖွယ် တန်ဖိုးမထား စွန့်ပယ်ခဲ့ပြီးပါပြီကော။ ငါတို့လို ဖွားဖက်တော်မျှသာဖြစ်သော ငယ်ကျွန်အမတ်တစ်ဦးနှင့် စီးတော်မြင်းတစ်ကောင်တို့ကို အဘယ်မှာ စွဲငြိတွယ်ဖက်နေတော့အံ့နည်း။

ထိုအဖြေကို ရလိုက်သည်နှင့် ဆန္နအမတ်၏ ပါးပြင်များထက်သို့ ပူနွေးသောမျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့် စီးကျလာကြလေသည်။ ကဏ္ဍကကို လှမ်းကြည့်လိုက်တော့ အနော်မာသဲသောင်ပြင်၌ မလှုပ်မယှက်ဝပ်လျက်



www.burmeseclassic.com

www.burmeseclassic.com

လျက်။ ခရီးလမ်း၏ ပင်ပန်းမှုကြောင့် အနားယူနေတာများ လား။ ဟင့်အင်း၊ မဖြစ်နိုင်ပါ။ အင်မတန်အသည်းကောင်း ၍ ခံနိုင်ရည်ရှိလှသော ကဏ္ဍကသည် ဤယူဇနာ(၃၀)မျှ သာသောခရီးကို တစ်စက်မှ အမှုထားလိမ့်မည်မဟုတ်။ သို့ဆိုလျှင် ကဏ္ဍကသည် အရှင်မင်းသားကို ချန်ထားခဲ့ခွာ ခဲ့ရတော့မည့် အရေးအတွက် ကြေကွဲတိတ်ဆိတ်နေခြင်း ပင် ဖြစ်ရမည်ဟု သိလိုက်၏။ အသိနှင့်အတူ တစ်ဆုပ် တစ်ပိုး တစ်ရှိုက်တစ်နင့် ခံစားမှုက ရင်တစ်ပြင်လုံးသို့ ဆို့တက်လာသည်။ ရေကိုသား၍ အကြားမထင်ဟု ကြား ဖူးခဲ့၏။ သို့သော် ယခု အရှင်မင်းသား၏ မိန့်ကြားချက် တို့သည်ကား ရေမျက်နှာပြင်ကို ဝါးနှီးဖြာသကဲ့သို့ အစိတ် စိတ်အမြွာမြွာ ဖြာထွက်သွားအောင် ထက်စွာသော ဓား သွားဖြင့် ခွဲခြမ်းစိတ်ဖြာပြသည့်နှယ်ပါတကားဟု အံ့သြ တုန်လှုပ် ကြေကွဲရပါချေပြီ။

ဆန္နသည် ငြိမ်သက်ကြေကွဲနေရာမှ တစ်ခွန်းထပ်၍ မေးလိုက်သည်။

'သည်လိုဖြင့် အရှင့်ဦးတည်ရာ ခရီးပန်းတိုင်ကို ရောက်ဖို့အထိ ကျွန်တော်မျိုးတို့က ကာလဘယ်လောက် ကြာအောင် ဆိုင်းငံ့စောင့်စားရဦးမှာပါလဲ အရှင်။ အရှင် မင်းသားနဲ့ ကျွန်တော်မျိုးတို့က ဘယ်အချိန်ကျမှ ပြန်ဆုံ တွေ့ကြရမှာတဲ့လဲ'

အလောင်းတော်မင်းသားသည် ရုတ်ခြည်း ပြန်မဖြေ နိုင်။ အတန်ကြာမှ-

'ဆန္န··ဒါက သင်မေးထိုက်တဲ့ မေးခွန်းပဲ။ သို့ပေ မယ့် သည်မေးခွန်းအတွက် ငါ့မှာ အဖြေအသင့်မရှိသေး ဘူး ဆန္န၊ ငါ့မှာ အဲဒီပန်းတိုင်အတွက် နည်းနာညွှန်ပြပေး နိုင်မယ့် ဆရာသမားတွေကို ရှာဖွေရဦးမယ်။ တစ်ချိန် တည်းမှာလည်း မဆုတ်နစ်တဲ့ လုံ့လဥဿာဟနဲ့ ကြိုးစား အားထုတ် ဖြည့်ဆည်းနေရလိမ့်ဦးမယ်။ သည်တော့ သည် အချိန်မှာ ငါပြောနိုင်တာက တစ်ချက်တည်းပဲ ရှိတယ်။ သိနေသောအခါမှာတော့ သည်ပန်းတိုင်ဟာ ငါရောက် ကို ရောက်ရမယ့် ပန်းတိုင်ပဲ ဖြစ်တယ်ဆိုတာပဲ။ အချိန် ဘယ်လောက်ကြာအောင် ငါ ကျင့်ကြံအားထုတ် ရှာဖွေ ရဦးမယ် ဆိုတာကိုတော့ ငါ မပြောနိုင်ဘူး။ ကဲပါလေ၊ သင်နဲ့ ကဏ္ဍကသာ ပြည်တော်ပြန်ဖို့ ပြင်ဆင်ကြပါတော့'

တွေဝေသွေ နှာခံရုံမျှလွဲ၍ အခြားမရှိတော့သော အမိန့် သာ ဖြစ်တော့သည်။ ဆန္နအမတ်သည် သွေးငတ်သော မြှော့တစ်ကောင်သဖွယ် ပျော့ခွေငိုင်တွေကျသွား၏။ ကဏ္ဍကကား အနော်မာသဲသောင်ပြင်ထက်ဝယ် သက်မဲ့ ရုပ်တုနှယ် ငြိမ်ဆိတ်လျက်။ ထိန်ထိန်ဝင်းလျက်ရှိသော လပြည့်ဝန်းသည်မူ အနောက်ဘက်ကောင်းကင်ယံထက်မှ သည် ဖွေးလွှသော အနော်မာသဲသောင်ပြင်သို့ တိတ်တခိုး ငေးကြည့်ငေးမောနေသည်သို့။ လပြည့်ဝန်းသာ အသက်ရှိ ပါလျှင် သူ၏ရင်ခုန်သံကို ကမ္ဘာမြေက ကြားရမည်လော မဆိုနိုင်။ ထိုအချိန်မှာပင် အလောင်းတော်မင်းသားသည် စည်းနှောင်ထားသော သူ၏ဆံတော်ထုံးကို သန်လျက် တော်ဖြင့် ပယ်ဖြတ်ပစ်လိုက်လေသည်။ ပြီးနောက် ရဲရဲ တောက် အဓိဋ္ဌာန်စကားကို မြွက်ကြား၏။

'ငါသည် ဘုရားစင်စစ် ဧကန်ဖြစ်မည်မှန်လျှင် ဤ ဆံတော်သည် ကောင်းကင်ယံ၌ တည်ပါစေသတည်း'

အဓိဋ္ဌာန်၏အဆုံး၌ ဖြတ်တောက်ပြီးသော ဆံတော် အထုံးကို ကောင်းကင်ယံသို့ ပစ်တင်လိုက်ရာ အမြင့်တစ် ယူဇနာအထက်တွင် ပန်းဆိုင်းဆွဲထားသကဲ့သို့ တည်နေ လေသည်။ ထိုအဓိဋ္ဌာန်စကားသည် တာဝတိံသာနတ်ပြည် တွင်နေသော သိကြားမင်းသို့ ရိုက်ခတ်၏။ သိကြားမင်း လည်း ထိုဆံတော်ကို အလျှင်အမြန် လာရောက်သယ် ဆောင်ကာ တာဝတိံသာနတ်ပြည်၌ စူဠာမဏိစေတီတော် တည်တော်မူလေသည်။

ဤအချိန်၌ သိကြားမင်း တစ်ဦးတည်းသာ လှုပ်ရှား နေသည်တော့မဟုတ်။ ဃဋိကာရဗြဟ္မာကြီးသည်လည်း အလောင်းတော်နှင့်ပတ်သက်၍ ကြံဆလျက်ရှိ၏။ ဗြဟ္မာ ကြီး ကြံဆပုံက တစ်ဘာသာဖြစ်၏။ ၄င်းက အလောင်း





www.burmeseclassic.com

www.burmeseclassic.com

တော် ဝတ်ဆင်ထားလျက်ရှိသော ကာသိတိုင်းဖြစ် အထည်ပုဆိုးတို့သည် ရဟန်းတို့နှင့် မည်သို့မျှမသင့်လျော်ဟု ဆင်ခြင်သုံးသပ်နေခြင်းဖြစ်၏။ ဤသို့ဆင်ခြင်သုံးသပ်နေဆဲ အလောင်းတော်အဓိဋ္ဌာန်၍ ပစ်တင်လိုက်သော ဆံတော်ကို သိကြားမင်းက ခြေသွက်လက်သွက်ဖြင့် အမြန်ဆင်းပင့်ဆောင်ယူကာ သုဓာဝတီသာ၌ စူဠာမဏိစေတီတည်သည်ကို မြင်သောအခါ ဃဋီကာရဗြဟ္မာကြီးလည်း မျက်လုံးပြူးသွားရလေသည်။

သည်အတိုင်း ဖင်လေးကြီးဖြင့် ငြိမ်ထိုင်နေ၍ မဖြစ်ချေတော့ဟု အသိဝင်လာကာ အနော်မာသောင်ကမ်းသို့ အမြန်ဆင်းပြေးချေ၏။ တစ်ဆက်တည်းပင် အလောင်းတော်အား ရဟန်းအသုံးအဆောင် သင်္ကန်းနှင့်တကွသော ပရိက္ခရာရှစ်ပါးကို ခပ်သွက်သွက် လှူဒါန်းလေ၏။ ပြီးမှ အလောင်းတော်က လဲလှယ်ဝတ်ဆင်တော်မူလိုက်သော ဝတ်လဲတော်ကို အမြန်ကောက်ယူကာ ဗြဟ္မာ့ပြည် အကနိဋ္ဌာဘုံသို့ ဒုန်းစိုင်းသယ်ယူ ပင့်ဆောင်၍ ဒုဿစေတီတည်ထားကိုးကွယ်လေသည်။ သည်တော့မှ ဃဋီကာရဗြဟ္မာကြီးလည်း သိကြားမင်းနှင့် အားကျမခံ အလိုဆန္ဒပြည့်ဝသွားလေသည်။ အလောင်းတော် မင်းသိဒ္ဓတ်မှုဗြဟ္မာကြီး၏ အလှူတော်သင်္ကန်းကို လဲလှယ်ဝတ်ဆင်ပြီးနောက် ပရိက္ခရာရှစ်ပါးနှင့်တကွ ပြည့်စုံစွာ ရဟန်းပြုပြီးလိုက်ပေပြီ။

ဆန္နအမတ်သည် ဤဖြစ်စဉ်တို့ကို မြင်၏၊ သိ၏။ ဘုရားစင်စစ် ဧကန်ဖြစ်ရန် အဓိဋ္ဌာန်၍ ပစ်တင်လိုက်သော ဆံတော်သည် ကောင်းကင်ဝဠာ တစ်ယူဇနာအထက်၌ ပန်းဆိုင်းဆွဲသကဲ့သို့ တည်နေပုံကိုလည်းကောင်း၊ ဗြဟ္မာမင်းကြီး လာရောက်လှူဒါန်းသော သယံဇာတကြာသင်္ကန်းကို ဝတ်လဲတော် ကာသိတိုင်းဖြစ် အဝတ်ပုဆိုးဖြင့် လဲလှယ်ဝတ်ဆင်၍ ပရိက္ခရာရှစ်ပါးစုံစွာ ရဟန်းပြုတော်မူပုံကိုလည်းကောင်း မြင်တွေ့ရခြင်းအားဖြင့် အရှင်မင်းသားသည် တစ်ချိန်ချိန်၌ ဘုရားစင်စစ် ဖြစ်တော်မူလိမ့်မည်ဟု တွေးမျှော်အားတက်၏။

သို့ရာတွင် အရှင်မင်းသား မိန့်တော်မူသကဲ့သို့ပင် ဘယ်အချိန် ဘယ်ကာလတွင်မှ ဘုရားစင်စစ် ဧကန်ဖြစ်၍ ပွင့်ထွန်းတော်မူပါမည်နည်း ဆိုသည်က တကယ့်ပြဿနာ။ သူလည်း မမှန်းဆနိုင်။ မည်သို့ဖြစ်စေ သခင်မင်းသား၏ အမိန့်တော်အတိုင်း ကပိလဝတ်သို့ သူပြန်ရတော့မည်။

ဆန္နသည် ပါးပြင်များထက်မှ မျက်ရည်ပူတို့ကို ခပ်ကြမ်းကြမ်းပင် လက်ဖဝါးတို့နှင့် ပွတ်သပ်ဖျောက်ဖျက်လိုက်၏။ ပြီးနောက် အလောင်းတော် အရှင်သခင်မင်းသားအား အရိုအသေပြုခြင်းငှာ ဦးခိုက်ကန်တော့လိုက်သည်။

'ကောင်းပြီ ဆန္န၊ ငါကတော့ ရဟန်းပြုလိုက်ပြီးပြီဖြစ်တယ်။ ဒါကြောင့် သည်အနီးအနားအရပ်ဖြစ်တဲ့ အနုပိယသရက်တောကို ကြွချီတော့မယ်။ အဲဒီမှာ ရဟန်းချမ်းသာကို ခံစားနေထိုင်ဦးမယ်။ သင်တို့လည်း ပြန်ကြပေဦးတော့'

ရဟန်းဘဝသို့ ပြောင်းလဲခဲ့ပြီးဖြစ်သော အရှင်သခင်၏ ခွဲခွာစကား မိန့်မြွက်ချက်ကား ကြေကွဲလွမ်းဆွတ်ဖွယ်အတိ။ သို့ရာတွင် လွန်ဆန်ဖို့ရာလည်း မစွမ်းသာ။

'ကောင်းလှပါပြီ အရှင်ဘုရား'

တရွေ့ရွေ့ခွဲခွာ လှမ်းကြွသွားတော်မူသော အရှင်မင်းသားသည် ပီဘိရဟန်းတော်တစ်ပါး ဖြစ်နေခဲ့ပြီ။ ဆန္န၏ မျက်ရည်ပြင်တစ်လွှာ ဖုံးလွှမ်းနေသော မျက်လုံးများထဲတွင် ထိုရဟန်းတော်၏ ပုံရိပ်သည် တစ်စ,တစ်စ မှုန်ဝိုးဝါး ဝေးကွာသွားခဲ့၏။ တစ်စ,တစ်စ ဝေးကွာ၊ တစ်စ,တစ်စ သေးငယ်၊ တစ်စ,တစ်စ မှုန်ဝါး။ သည်အခါကျမှ ပြည်တော်ပြန်ဖို့ စတင်ပြင်ဆင်ရ၏။ အနော်မာသဲသောင်ပြင်ပေါ်တွင် သက်ငြိမ်ရပ်တုတစ်ခုပမာ မလှုပ်မယှက် ဝပ်စင်းလျက်ရှိနေသော စီးတော်မြင်းကဏ္ဍကဆီသို့ သူလျှောက်သွားလိုက်သည်။

'ကဏ္ဍက‥ကဏ္ဍက'

ဆန္နက အနီးကပ်၍ ခေါ်လိုက်သည်။ ကဏ္ဍကမှ မလှုပ်။ ဆန္နအမတ်ရင်ထဲ၌ ဒိန်းခနဲ ခုန်လှုပ်သွားသည်။ ငြိမ်သက်နေသော ကဏ္ဍကကို သူ အလန့်တကြားစမ်းသပ်လိုက်သည်။ တစ်ပြိုင်နက်တည်း၌ပင် ဆန္န၏ရင်ထဲ၌ လှိုက်ဟာသွားရတော့၏။

အလောင်းတော်ကို လွန်စွာချစ်ခင်ရိုကျိုးသော ဖွားဖက်တော် ကဏ္ဍကသည်ကား ဤခွဲခွာမှုအတွက် နှလုံးကြေကွဲ သေပွဲဝင်ခဲ့ပေပြီတကား။

(ဆက်လက်ဖော်ပြပါမည်)

နန္ဒာစိုး(ဆင်ဖြူကျွန်း)



www.burmeseclassic.com

www.burmeseclassic.com

ပန်းတို့မည်သည် အဆင်းမည်မျှရှိသည်ဆိုစေ အနံ့ မရှိပါက အချည်းနှီးသာ ဖြစ်သည်။ ဥပမာ-ခေါင်ရန်းပန်းတို့မည်သည် အဆင်းသာရှိသော်လည်း အနံ့မရှိသောကြောင့် တန်ဖိုးမဲ့ရသည်။

အဲဒီစကားကို မြတ်ဗုဒ္ဓက ရှင်အာနန္ဒာမထေရ်ကို ဟောကြားခဲ့ခြင်း ဖြစ်တယ်။ ပညာနဲ့ပတ်သက်ပြီး ဟောတော်မူခြင်း ဖြစ်တဲ့အတွက် ဓနဉစ္စာ ဘယ်လောက်ပဲ ချမ်းသာ,ချမ်းသာ၊ ရာထူးဂုဏ်သိန် ဘယ်လောက်ပဲ ကြီးမြတ်သည်ဆိုစေ ပညာမဲ့ရင်၊ ပညာကို တန်ဖိုးမထားရင် အချည်းနှီးပဲလို့ ဆိုလိုတာ ဖြစ်ပါတယ်။



ကြာညိုရေလပ် ရှင်ခတ်ပန်းများသဖွယ်
သမ္မာဝါစာ၊မှန်သောစကား ပြောကြားခွင့်

www.burmeseclassic.com

www.burmeseclassic.com

တင့်တယ်ကောင်းမြတ်တဲ့ အဆင်းသဏ္ဍာန်နဲ့ ပြည့်စုံပေမယ့်လည်း အနံ့မရှိတဲ့ ကသစ်၊ ခေါင်ရန်းပန်းတွေဟာ အကျိုးမရှိသကဲ့သို့ ကောင်းစွာဟောကြားထားတဲ့ တရားတော်ကို ရှိသေစွာ သင်ကြားနာယူခြင်း မရှိရင်လည်း အကျိုးမရှိပါ။ တင့်တယ်ကောင်းမြတ်ပြီး အဆင်းရနံ့နဲ့ ပြည့်စုံတဲ့ ကြာညိုဇလပ် ရင်ခတ်ပန်းတို့သာလျှင် အဆင်းလည်းရှိ၊ အချင်းလည်းရှိ၊ အကျိုးလည်းရှိသလို မြတ်ဗုဒ္ဓရဲ့ တရားစကားတွေကို ကောင်းစွာနာယူမှသာ အမွန်အမြတ်ဖြစ်စေပါတယ်။

အဝိဇ္ဇာနဲ့ မောဟကို ပညာရဲ့ ဆန့်ကျင်ဘက်အဖြစ် သတ်မှတ်ထားရုံမက သီလနဲ့ ပညာကို တွဲစပ်ပေးတဲ့ ဗုဒ္ဓဝါဒရဲ့ အခြေခံအားဖြင့် မူလကနဦးကတည်းက ပညာကို သတ္တိပြောင်မြောက်တဲ့နေရာမှာ ထားရှိခဲ့တာပါ။ သီလ၊ သမ္မတ္တိဘာဝေါ ဒုလ္လဘော ဆိုသကဲ့သို့ သီလဆောက်တည်ခြင်းဟာ သံသရာခရီးအတွက် အားကိုးအားထားရာ ဓမ္မ သရဏံ ဂစ္ဆာမိ မည်ပါတယ်။ အသက်ရှည် အနာကင်း ကောင်းမြတ်တင့်တယ်ခြင်းနဲ့ ပြည့်စုံကြည်ညိုဖွယ်၊ ချစ်ခင်ဖွယ် ဘဝခန္ဓာကိုရရှိစေပြီး ဒေါသတရားကို လျှော့ပါး စွန့်လွှတ်နိုင်ပါတယ်။ အလှူဒါနပြုဖို့ လွယ်ကူပေမယ့်လည်း သီလကျင့်ဝတ် ဆောက်တည်ဖို့ ခက်ခဲပါတယ်။ အပ္ပမာဒတရား ဖြစ်ခြင်းနဲ့အညီ အပါယ်တံခါးပိတ်စေတဲ့ သီလကို သူတော်ကောင်းတရား လက်ကိုင်ထားသူတွေသာ အတုမရှိ မြင့်မြတ်စွာ ဆောက်တည်နိုင်ကြပါတယ်။ သာမန်ပုထုဇဉ်တို့အနေဖြင့် ဒုလ္လဘတရားရှုံးနိမ့်နေဆဲသာဖြစ်ပြီး လူသောတာပန်၊ ရဟန်းသောတာပန်များလို့ ရှေ့တန်း မရောက်နိုင်ကြသေးပါ။

ဗုဒ္ဓဘာသာ အယူဝါဒရှိပေမယ့် တချို့ မိရိုးဖလာဗုဒ္ဓ ဘာသာ ဖြစ်နေကြသူတွေကတော့ ဂစ္ဆာမိရဲ့ တန်ဖိုးကို မသိကြ။ ဒါနနဲ့သီလတန်ဖိုးကို မသိကြ။ သေလွန်တဲ့အခါ ခွေးချေးပိုးကောင်ဘဝ ရောက်ရလေတယ်။ မသိမှုဟာ အဝိဇ္ဇာလွှမ်းကဲခြင်းကြောင့် ဖြစ်သလို သဒ္ဓါတရားကင်းမဲ့ခြင်းနဲ့လည်း ပတ်သက်မှုရှိပါတယ်။ သဒ္ဓါတရားဟာ ကုသိုလ်ကောင်းမှုပြုဖို့အတွက် လမ်းဦးလမ်းအစပါပဲ။ ဒါကြောင့်လည်း ယုံကြည်မှုသဒ္ဓါနဲ့ ပြည့်စုံသူရဲ့အဖြစ်ကို ရရှိဖို့ဆိုတာ ခဲယဉ်းတယ်လို့ မြတ်ဗုဒ္ဓက ဟောပါတယ်။ ဒါဖြင့် ဘယ်လိုအရာမျိုးက ယုံကြည်မှုသဒ္ဓါနဲ့ ပြည့်စုံခြင်းကို ဖြစ်စေနိုင်သလဲဆိုတာ မေးခွန်းထုတ်စရာပေါ့။ မြတ်ဗုဒ္ဓရဲ့ ဝါဒတစ်ရပ်အနေနဲ့ ဘယ်လိုပြသနာ ဘယ်လိုမေးခွန်းမျိုးပဲ အမေးရှိသည်ဖြစ်စေ အကြောင်းအကျိုး ခိုင်လုံစွာ ဖြေရှင်းပေးနိုင်တာချည်း ဖြစ်ပါတယ်။

သဒ္ဓါသမ္မတ္တိဘာဝေါ ဒုလ္လဘောဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ မိန့်မှာချက်နဲ့အညီ-

(၁) ဗုဒ္ဓရဲ့ဂုဏ်တော် ကျေးဇူးတော်ကိုယုံကြည်ခြင်း၊
(၂) ဗုဒ္ဓဟောကြားတော်မူခဲ့တဲ့တရားကို ယုံကြည်ခြင်း၊
(၃) ဗုဒ္ဓရဲ့တပည့်သာဝက သံဃာတော်ကို ယုံကြည်ခြင်း၊
(၄) ဗုဒ္ဓဟောကြားခဲ့တဲ့ သစ္စာဝါဒ၊ ကမ္မဝါဒကို ယုံကြည်ခြင်း၊
(၅) ဂေါတမဗုဒ္ဓရဲ့ သာသနာတော်တွင် ပဋိစ္စသမုပ္ပာဒ် သံသရာကို ယုံကြည်ခြင်း၊
(၆) ဒုစရိုက်အကုသိုလ်ကံကြောင့် အပါယ်လေးပါး ကျရောက်ရသည်ကို ယုံကြည်ခြင်း၊
(၇) သုစရိုက်ကုသိုလ်ကံကြောင့် နတ်ပြည်(၆)ထပ်သို့ တက်ရောက်စံပျော်ရသည်ကို ယုံကြည်ခြင်း၊
(၈) ဈာန်ကုသိုလ်ကံကြောင့် ဗြဟ္မာဘုံ(၂၀)သို့ တက်ရောက်စံပျော်ရသည်ကို ယုံကြည်ခြင်း၊
(၉) သံသရာမှ ထွက်မြောက်နိုင်တဲ့ သောတာပန် အစရှိတဲ့ အရိယာပုဂ္ဂိုလ်ရဲ့အဖြစ်ကို ယုံကြည်ခြင်း၊
(၁၀) ဈာန်+မဂ်+ဖိုလ်+နိဗ္ဗာန်တရားကို ယုံကြည်ခြင်း၊
(၁၁) ပုဗ္ဗေနိဝါသ+ဒိဗ္ဗစက္ခု+အာသဝက္ခယာ ဝိဇ္ဇာသုံးပါးကို ယုံကြည်ခြင်း၊
(၁၂) ပိဋကတ်စာပေကျမ်းဂန်တို့ကို တတ်သိလိမ္မာရုံမျှဖြင့် သောတာပန် မဖြစ်နိုင်သေးသည်ကို ယုံကြည်ခြင်း၊
(၁၃) သောတာပန်အရိယာပုဂ္ဂိုလ်တို့တွင် ခက်ခဲနက်နဲတဲ့ ဂမ္ဘီရပညာရှိသည်ကို ယုံကြည်ခြင်း၊
(၁၄) သမ္မာမဂ္ဂင်ရှစ်ပါး ကျင့်ဝတ်ဖြင့်သာ နိဗ္ဗာန်ရောက်ကြောင်း ကျင့်ဝတ္တရားဖြစ်သည်ကို ယုံကြည်ခြင်း၊
(၁၅) သစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာ၊ သမုဒယသစ္စာကို ပယ်စွန့်ပြီး နိရောဓသစ္စာ၊ မဂ္ဂသစ္စာနှစ်ပါးကို ရရှိအောင် ကျင့်ဆောင်ရသည်ကို ယုံကြည်ခြင်း၊
(၁၆) နိဗ္ဗာန်ရဲ့ရှေ့အဖို့တွင် ဈာန်ရှိသည်ကို ယုံကြည်ခြင်း၊
(၁၇) ဈာန်တရားသည် လောကီကျင့်ဝတ်အရာတွင် အကြီး



www.burmeseclassic.com

www.burmeseclassic.com

ဆုံး အမြတ်ဆုံးဖြစ်သည်ကို ယုံကြည်ခြင်း၊

(၁၈) သမထဘာဝနာ၊ ဝိပဿနာ နှစ်ပါးစုံတွဲပြီး ကျင့်သုံးမှသာ နိဗ္ဗာန်သို့ ရောက်နိုင်သည်ကို ယုံကြည်ခြင်း၊

(၁၉) ရှာနိသည်သာ လောကုတ္တရာတရားအတွက် အထူးပြုတတ်သည်ကို ယုံကြည်ခြင်း၊

(၂၀) အာသဝက္ခယဉာဏ်ဖြင့် နိဗ္ဗာန်မျက်မှောက်ပြုသည်ကို ယုံကြည်ခြင်း၊

(၂၁) ဗုဒ္ဓ၊ ဓမ္မ၊ သံဃ + စာဂ + သဒ္ဓါ အင်္ဂါ(၅)ပါးရှိတဲ့ သတ္တဝါဟူသမျှ သံသရာတွင် အခွန့်ရှည်စွာ ကျင်လည်မျှောပါနေသော်လည်း ဘဝတစ်ခုခုမှာ ကလျာဏမိတ္တကိုရရန် အကြောင်းရှိခြင်းကို ယုံကြည်ခြင်း။

(၂၂) ပါရမီဆယ်ပါးကျင့်ဝတ်သည် သံသရာခရီးသွားတို့အတွက် ကလျာဏမိတ္တဖြစ်သည်ကို ယုံကြည်ခြင်း၊

(၂၃) ပါးစပ်ပေါက်သည် အကုသိုလ်ကံ အများဆုံးဖြစ်သည်ကို ယုံကြည်ခြင်း၊

(၂၄) ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ အဋ္ဌကထာ၊ ဋီကာတို့သည် လမ်းညွှန်သာဖြစ်သည်ကို ယုံကြည်ခြင်း၊

(၂၅) ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်တို့ကို တတ်သိလိမ္မာလျှင် ပရိယောသာနဒိဋ္ဌိ+ပရမာသဒိဋ္ဌိ+သုတဒိဋ္ဌိ ဖြစ်နေကြောင်း ယုံကြည်ခြင်းတို့ကိုသာလျှင် ယုံကြည်မှု သဒ္ဓါတရားနဲ့ ပြည့်စုံသူရဲ့အဖြစ်ကို ရရှိဖို့ လမ်းညွှန်ခဲ့တာ ဖြစ်ပါတယ်။

စတုတ္ထအမှန်မှန်လို့ခေါ်တဲ့ လွတ်မြောက်ရာလမ်းရဲ့ [illegible]လမ်းကြောင်းဟာ သီလလမ်းပါ။ သီလလမ်းမှာ [illegible] လမ်းသွယ်သုံးခု ပါဝင်နေပြန်တယ်။ ကောင်းစွာ [illegible]ခြင်းဆိုတဲ့ သမ္မာဝါစာ၊ ကောင်းစွာပြုမူဆောင်ရွက်[illegible]ဆိုတဲ့ သမ္မာကမ္မန္တ၊ ကောင်းစွာ အသက်မွေးဝမ်း[illegible]ပြုခြင်းဆိုတဲ့ သမ္မာအာဇီဝတို့ ဖြစ်ပါတယ်။

[illegible]အများစုအနေနဲ့ကတော့ မိမိတို့စိတ်ထဲမှာ တွေး[illegible]ဆထားတဲ့အတိုင်း လွယ်လွယ်ကူကူ ပြောဆိုတတ်[illegible]ယ်။ အဲဒီအတွေးအထင် အယူအဆတွေကို ကောင်း[illegible]ခါကြံစည်ပြီး ကောင်းစွာ ပြောဆိုခြင်းဘက်ကို [illegible]တ်ထားသင့်ပါသည်။ လူတွေရဲ့ ပါးစပ်ပေါက်ဟာ [illegible]သိုလ်အများဆုံး မွေ့လျော်ရာ အရင်းအမြစ်သဖွယ် [illegible]နေပြီး မမှန်တဲ့ စကားပြောဖို့(မုသာဝါဒ)၊ ကုန်းတိုက်ကုန်းချောစကားပြောဖို့ (ပိသုဏာဝါစာ)၊ ကြမ်းတမ်းရိုင်းစိုင်းတဲ့စကားပြောဖို့ (ဖရုသဝါစာ)၊ အကျိုးမရှိ အနှစ်မပါတဲ့ စကားပြောဖို့ (သမ္ဖပ္ပလာပ) အလွယ်တကူရှိတတ်ကြတယ်။

မဟုတ်မမှန်ပြောတဲ့အတွက် ရိုးသားမှုဂုဏ် ပျက်ပြားပါတယ်။ ကုန်းတိုက်ကုန်းချော စကားပြောရင် ချစ်ခင်ညီညွတ်မှုကို ပြိုကွဲစေပါတယ်။ ကြမ်းတမ်းရိုင်းစိုင်းစွာ ပြောတဲ့အခါ ယဉ်ကျေးသိမ်မွေ့မှုနဲ့ ကင်းကွာပြီး နာကြည်းမုန်းတီးမှု ဖြစ်စေပါလိမ့်မယ်။ အကျိုးမရှိ ရသပျက်တဲ့ စကားကတော့ ပြောသူရော နားထောင်သူပါ အနှစ်သာရများစွာ ဆုံးရှုံးပါတယ်။ ဒါကြောင့် မြတ်ဗုဒ္ဓက တစ်ဖက်သား နှစ်လိုဖွယ်မဖြစ်ပေမယ့် မှန်တယ်၊ အကျိုးရှိမယ်ဆိုရင် ပြောသင့်ပြောအပ်တဲ့ စကားအဖြစ် မှတ်ယူနိုင်ပြီး မှန်တယ်၊ နှစ်လိုဖွယ်ရှိလည်းဖြစ်မယ်၊ အကျိုးလည်း ရှိမယ်ဆိုရင်တော့ အဲဒီစကား နှစ်ရပ်လုံးဟာ သမ္မာဝါစာ ကောင်းမြတ်မှန်ကန်သော စကားအဖြစ်ဆိုခြင်း ဖြစ်တယ်လို့ ဟောပါတယ်။

မှန်တယ်၊ အကျိုးရှိတယ်၊ နှစ်လိုဖွယ် မဖြစ်ပေမယ့် ပြောသင့်ပြောထိုက်တဲ့ စကားအဖြစ် ယူဆခြင်းမှာ ချစ်ခြင်း၊ မုန်းခြင်း၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းတို့ကို မတုန်လှုပ်သော ရိုးဖြောင့်ခိုင်မာတဲ့ စိတ်အခံကို ဖော်ပြရာ ရောက်တယ်လို့ မိန့်ဆိုတော်မူပါတယ်။ ဒီနေရာမှာ ဗုဒ္ဓရဲ့ သမ္မာဝါစာဟာ မိတ္တဗလဋီကာ သက်သက်မဟုတ်ကြောင်း ထင်ရှားစေပါတယ်။

မိမိပြုခဲ့တဲ့ ကံတွေရဲ့ အကျိုးသက်ရောက်မှုကို ယုံကြည်တဲ့ဝါဒ ဗုဒ္ဓဓမ္မအားဖြင့် မိမိရဲ့ အကျိုးတရားကို စီမံဆုံးဖြတ်ဖန်တီးပေးနိုင်တဲ့ ကောင်းမှုကံကိုသာ ပြုလုပ်ဆောင်ရွက်ပြီး ရဲလဒ်ကောင်းတွေကို ပိုင်ဆိုင်စေဖို့ ဖြစ်ပါတယ်။ အရိယမဂ်(၈)ပါးမှာ ပါဝင်တဲ့ သမ္မာဝါစာ မှန်သောစကား ပြောဆိုခြင်းဖြင့် ကျက်သရေမင်္ဂလာ ဝေဖြာတောက်ပစေချင်ပါတယ်။ ရှေ့တန်းကို ဧကန်ရောက်နိုင်ဖို့ပါ။

**ထက်ဘုန်းလူ**

ရည်ညွှန်း

* မိမိရဲ့ အတွေ့အကြုံမှတ်စုစာအုပ်။
* သစ္စာရှာဖို့ မြင်းစီးသူ (ကျော်ဝင်း)။



www.burmeseclassic.com

www.burmeseclassic.com

ရှုဝကာဝိဋ္ဌိရွာ။

အိမ်ခြေငါးရာရှိသောကြောင့် ရွာကြီးတစ်ရွာဟု ဆိုရမည် ဖြစ်သည်။ အနီးရွာတွင် မှီတင်းနေထိုင်ကြသော ရွာသူရွာသားများသည် စည်းလုံးကြသည်။ ညီညွတ်ကြသည်။ သည့်ထက်ထူးသည်က တစ်ရွာလုံး အလှူရေစက် လက်နှင့်မကွာ ဆိုသလို သံဃာတော်များကို အမြဲလှူဒါန်းနေသော ရွာလည်းဖြစ်၏။ ထိုရွာသို့ရောက်သော မည်သည့်သံဃာတော်ပင်ဖြစ်စေ ဆွမ်း,ကွမ်းကိစ္စ ကြောင့်ကြပူပင်စရာ မလို။ ဤမျှ သဒ္ဓါတရားထက်သန်သော ရွာတစ်ရွာ

# စနေသျှင်ရိုး
# ထမင်းတစ်လုတ်
# နတ်သုဒ္ဓါရှစ်ပွဲ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ သို့သော် ကာလပယောဂ၏ အလှည့်အပြောင်းက မျက်လှည့်ပြလိုက်သကဲ့သို့ ရွှဝကပိဋ္ဌိရွာ၏ အခြေအနေကို ပြောင်းပြန်လှန်ပေးလိုက်သည်။

◆ ◆ ◆

တက်သစ်စနေရောင်ခြည်က ဝါရွှေအဆင်းကိုဆောင်၍ ရွှဝကပိဋ္ဌိရွာကြီးအပေါ် လွှမ်းခြုံဖြာကျနေသည်။ အချိန်က နေထန်းတစ်ဖျားပင် ကျော်နေချေပြီ။ ထိုအချိန်တွင် ရွာအတွင်းသို့ ရဟန်းတော်တစ်ပါး ဆွမ်းခံကြွလာသည်။ တည်ငြိမ်သောဣန္ဒြေ၊ ကြည်လင်နေသည့် ဥပမိရုပ်တို့က ရဟန်းတော်၏ သီလ၊ သမာဓိကို ဖော်ပြနေသကဲ့သို့ ရှိနေ၏။ သို့တစေ ရွာအဝင်လမ်းမှ ရွာလယ်လမ်းတိုင်အောင် ဆွမ်းခံကြွလာသော်လည်း ရဟန်းတော်ကို ဆွမ်းလောင်းလှူသောသူ တစ်ဦးတစ်ယောက်မျှ မရှိသေး။

မကြာမီ ရွာစဉ်ဆုံး၍ ရွာအပြင်သို့ ပြန်ရောက်ချေတော့မည်။ ရဟန်းတော်ကား တည်ငြိမ်သော ဣန္ဒြေဖြင့် ဆက်လက်၍ ကြွချီနေဆဲ။

◆ ◆ ◆

'ရှင်မရေ‥ဆွမ်းခံကြွလာတဲ့ အရှင်မြတ်ကို ဘယ်အိမ်ကမှ ဆွမ်းလောင်းလှူတာကို မတွေ့ပါလား။ ဒီပုံအတိုင်းဆို အရှင်မြတ်အဖို့ ဆွမ်းကိစ္စ ခက်ခဲပေတော့မယ်။ ဒီတော့ အရှင်မြတ် ဆွမ်းကိစ္စ ပြည့်စုံစေဖို့ တို့များမိသားစုသွေအနေနဲ့ ဒါနတစ်ခုပြုကြဖို့ တိုက်တွန်းချင်တယ်ကွယ်'

ရွာအတွင်း၌ရှိသော အိမ်တစ်အိမ်အတွင်းမှ ဖခင်ကြီးဖြစ်သူက သူ၏ မိသားစုကို တီးတိုးတိုင်ပင်လိုက်သည့် စကားသံပင် ဖြစ်လေသည်။

'ဟုတ်ပါရဲ့ မောင်ကြီးရယ်၊ အရှင်မြတ်ကိုကြည့်ပြီး စိတ်မကောင်းလွန်းလို့ မောင်ကြီးရဲ့ ဆန္ဒအတိုင်း ကုသိုလ်တစ်ခုပြုဖို့ ကျွန်မလည်း သဘောတူပါရဲ့'

ခင်ပွန်းဖြစ်သူ၏ဆန္ဒကို ဇနီးဖြစ်သူကလည်း ငြင်းခြင်းမရှိဘဲ မနှောဖြူဖြူဖြင့် သဘောတူလိုက်သည်။

'မိခင်၊ ဖခင်တို့ရဲ့ ဆန္ဒကို သားမောင်ကလည်း သဘောတူပါတယ်'

'သမီးအနေနဲ့လည်း ကန့်ကွက်စရာ မရှိပါဘူး။ ဒီလို ခေတ်ဆိုးခေတ်ကျပ်ကြီးမှာ အရှင်မြတ်ကို လှူဒါန်းရတဲ့ ကုသိုလ်စေတနာတစ်နပ်ဟာ သံသရာအတွက် အကျိုးများစေနိုင်မှာပါပဲ'

'ငါ့သားကြီးရဲ့ ဆန္ဒနဲ့ထပ်တူ ဖခင်အနေနဲ့လည်း သဘောညီမိပါရဲ့'

ဇနီး၊ သား၊ သမီးနှင့် ယောက္ခမတိုင်အောင် တစ်ဦးချင်း၏ ဆန္ဒများက မိမိပြုလုပ်မည့် ဒါနအတွက် သဘောကြည်ဖြူကြသည်ကို သိလိုက်ရသောကြောင့် အိမ်ထောင်ဦးစီးဖခင်ကြီး စိတ်ချမ်းသာသွားသည်။ သို့သော် ရဟန်းတစ်ပါးအား ဆွမ်းလောင်းလှူရန်အရေးကို မိသားစုအားလုံးနှင့် အဘယ်ကြောင့် ဤမျှ တိုင်ပင်နေရပါသနည်း။ အကြောင်းမဲ့မဟုတ်။

သီဟိုဠ်ကျွန်း၌ ဗြဟ္မဏတိဿ သူပုန်ဘေးကြီးနှင့်အတူ ခုဇ္ဇိကဒုဗ္ဘိက္ခရကပ်ကြီးပါ ပူးတွဲကျရောက်နေသည်မှာ ကာလကြာမြင့်နေပြီ ဖြစ်သောကြောင့် တိုင်းပြည် မတည်မငြိမ်ဖြစ်ကာ ငတ်မွတ်ခေါင်းပါးနေလျက် ရှိသည်။ ထို့ကြောင့် လှူဒါန်းမှုများကိုပင် မပြုလုပ်နိုင်ဘဲ တစ်နေ့တာ ဝမ်းရေးကိုပင် အသက်လု၍ ရှာကြံမွေးမြူနေရလေ၏။ သို့နှယ် အခြေအနေဆိုးသောကြောင့် အနီးဆွမ်းခံရဟန်းကို ဆွမ်းလောင်းလှူမည့်သူ ဆိတ်သုဉ်းနေခြင်းဖြစ်၏။ စားနပ်ရိက္ခာရှားပါးမှုကြောင့် တစ်ကွမ်းစား ပမာဏမျှသာ ရှိသော ဆန်ကိုပင် လုယက်သူတို့၏ဘေးမှ ကင်းဝေးအောင် မြေကြီးထဲ၌ မြှုပ်နှံသိမ်းဆည်းထားနေရသော အခြေအနေသို့ ကျရောက်နေပြီး စားကောင်းသည့် သစ်ရွက်၊ သစ်ဖုများဖြင့်သာ ဘေးဆိုးကို အန်တုနေရလေ၏။

'တို့များဆန္ဒကို ကြည်ဖြူစွာ သဘောတူညီပေးတဲ့ အတွက် လွန်စွာဝမ်းသာပီတိ ဖြစ်ရပါတယ်ကွယ်။ တကယ်တော့ တို့များဟာ ရှေးက ဒါနနည်းခဲ့လို့ အခုလို အငတ်ဘေးဆိုးနဲ့ ကြုံခဲ့ရတာပဲ။ ဒီလောက်ထိ အသက်မသေဘဲ နေနိုင်နေတာလည်း သိုမှီးထိန်းသိမ်းထားတဲ့ ဆန်အကြွင်းအကျန်လေး ရှိနေလို့ပါပဲ။ အခုတော့ ဒီဆင်းရဲကြီးကိုလည်း မခံလို၊ မကြားလို၊ မမြင်လိုတော့ပါဘူး။ တို့များမှာ နောက်ဆုံးကျန်တဲ့ တစ်ကွမ်းစား ဆန်လေးကို အခု ဆွမ်းခံကြွလာတဲ့ အရှင်မြတ်ကို လောင်းလှူပြီး သေလိုက်ကြတာက မြတ်တယ်လို့ ဆုံးဖြတ်မိလို့ပါကွယ်'

အိမ်ထောင်ဦးစီးဖခင်ကြီးက သူ၏ ဆန္ဒအရင်းခံကို မိသားစုဝင်များအား ဩဝါဒပေးလိုက်ပြီး ဆွမ်းခံရဟန်းတော်ကို အမြန်ပင့်လျှောက်နေရာပေး၍ မြေမြှုပ်သိုမှီးထားသည့် ဆန်တစ်ကွမ်းစားကို ထုတ်ယူ၍ ဆွမ်းချက်ပြုတ်



www.burmeseclassic.com

www.burmeseclassic.com

လေတော့၏။ ဆွမ်းကျက်လေသော် တစ်အိုးလုံးကို ဆွမ်းခံအရှင်သူမြတ်အား အကုန်လောင်းလှူလိုက်ပြီး မိမိတို့ပြုသမျှသော ဆွမ်းအလှူအတွက် တစ်မိသားစုလုံး ပီတိဖြစ်နေလေ၏။ သို့သော်လည်း ခန္ဓာကိုယ်၏ တောင်းဆိုမှုကြောင့် ဝမ်းအတွင်းကမူ တကြုတ်ကြုတ် ဆာလောင်နေလေတော့သည်။

ဆွမ်းခံအရှင်သူမြတ်လည်း လာလမ်းအတိုင်း ပြန်လည်ကြွတော်မူသွားလေပြီ ဖြစ်သည်။ အရှင်သူမြတ် မြင်ကွင်းမှ ပျောက်ကွယ်သွားသောအခါ ဆွမ်းအလှူရှင်မိသားစုဝင်၏ သမီးဖြစ်သူသည် ဆွမ်းအိုးအား ဆေးကြောရန်ပြင်ဆင်လိုက်သောအခါ ဆွမ်းအိုးအတွင်း၌ စံပယ်ဖူးပမာသလေးထမင်းများက တစ်အိုးလုံး ပြည့်လျှံနေသည်ကို အံ့သြဘနန်း တွေ့ရှိလိုက်ရလေတော့၏။

'အရှင်မြတ်ကို တို့များမိသားစု သဒ္ဓါထက်သန်စွာ ရဲရဲဝံ့ဝံ့ လှူဒါန်းခဲ့တဲ့ ဆွမ်းဒါနအကျိုးဟာ ဒိဋ္ဌဓမ္မ လက်ငင်း အကျိုးပေးပြီကွယ်'

ဆွမ်းဒကာအိမ်ထောင်ဦးစီး ဖခင်ကြီးက ဝမ်းမြောက်ဝမ်းသာဖြစ်စွာ ကြုံးဝါးလိုက်ပြီး ဆာလောင်သမျှကို အဝိုးချ စားသုံးကြလေတော့၏။ သို့သော် အိုးအတွင်း၌ရှိသော သလေးဆန်ထမင်းများသည် ခပ်ယူတိုင်း လျော့သွားသည်မရှိသောကြောင့် အိမ်နီးနားချင်းမှ အစပြု၍ တစ်ရွာလုံးကိုပင် ပေးလှူ၍မကုန်နိုင် ဖြစ်နေပြန်၏။ ထိုထမင်းအိုးကား ဆွမ်းအလှူရှင် မိသားစုအတွက် ရာသက်ပန် မကုန်နိုင်သော ထမင်းအိုးအဖြစ် ဆက်လက်တည်ရှိနေတော့သည်။

◆◆◆

နေမွန်းတည့်တော့မည်။

ရွာနှင့် မလှမ်းမကမ်း ကန်ပေါင်ရိုးပေါ်တွင်ရှိသည့် အရိပ်အာဝါသကောင်းမွန်လှသော နံ့ပဲပင်ကြီးအောက်သို့ ဆွမ်းဘုဉ်းပေးရန်အတွက် အရှင်သူမြတ် ဝင်၍ နေရာယူပြင်ဆင်လိုက်၏။ ဆွမ်းအလှူရှင်မိသားစုကို မေတ္တာပို့ပြီးနောက် စက္ခုက္ကန္ဒြေ တည်ငြိမ်စွာဖြင့် ဆွမ်းဘုဉ်းပေးခြင်းအမှုကို အရှင်သူမြတ် ပြုလိုက်၏။ တရားသတိပွားကာ ဆွမ်းကို မှန်မှန်ဘုဉ်းပေးနေသောကြောင့် အရှင်သူမြတ်အဖို့ ပတ်ဝန်းကျင်နှင့်ပင် ခေတ္တကင်းကွာသွားသည်။

သို့သော် ရုတ်တရက် ထွက်ပေါ်လာသော ချောင်းဟန့်သံကြောင့် အသံလာရာ ပတ်ဝန်းကျင်ကို အရှင်သူမြတ် စောင်းငဲ့၍ ကြည့်လိုက်၏။ တွေ့ချေပြီ။ ဆာလောင်မွတ်သိပ်သော အမူအရာဖြင့် အရှင်သူမြတ် ဆွမ်းဘုဉ်းပေးနေသည်ကို တောင့်တင့်လင့်သည့်ဟန်ဖြင့် ကြည့်နေသော အဘိုးအိုတစ်ယောက်။ အပ္ပမာဒသတိဖြင့် ဘုဉ်းပေးနေသောကြောင့် အဘိုးအို မိမိရှေ့သို့ ရောက်နေသည်ကို အရှင်သူမြတ် သတိမထားမိခဲ့။ သို့သော် အဘိုးအို၏ အမူအရာကိုကြည့်ကာ အရှင်သူမြတ် သဘောပေါက်လိုက်သည်။

သပိတ်အတွင်း၌လည်း ဆွမ်းပမာဏက တစ်လုတ်စာမျှသာ ကျန်ရှိတော့သည်။ ကြိုတင်၍သာ သိရှိခဲ့လျှင် အဘိုးအိုဝမ်းမီးကို ငြိမ်းစေနိုင်သော ဆွမ်းပမာဏကို အရှင်မြတ်အဖို့ ချန်ထားမိပေလိမ့်မည်။ အခုတော့ အရှင်သူမြတ်သည် စိတ်မကောင်းကြီးစွာနှင့်ပင် ကျန်ရှိနေသော ဆွမ်းတစ်လုတ်ကိုယူ၍ အဘိုးအိုလက်တွင်းသို့ လှမ်း၍ ထည့်ပေးလိုက်သည်။ အဘိုးအိုသည် ကတုန်ကယင်ဖြစ်နေသော လက်ဖြင့် ထမင်းလုတ်ကိုကိုင်ရင်း ရုတ်တရက် မစားနိုင်ဘဲ တစ်စုံတစ်ရာကို တွေးမိဟန်ဖြင့် မှိုင်တွေငေးမောကာ ငိုင်နေလေ၏။

အဘိုးအိုကား တခြားသူ မဟုတ်ချေ။ နံ့ပဲပင်စောင့်နတ်မင်းကြီး ဖြစ်လေသည်။ နတ်ပင်ဖြစ်လင့်ကစား အစာရေစာ ပြတ်လပ်နေသဖြင့် အရှင်သူမြတ် ဆွမ်းဘုဉ်းပေးနေသည်ကို မြင်သောအခါ မနေနိုင်အောင် ဆာလောင်မွတ်သိပ်လာသောကြောင့် အဘိုးအိုအသွင် ဖန်ဆင်း၍ ချဉ်းကပ်လာခြင်းပင်။ သို့သော် အရှင်သူမြတ်က မျက်လွှာချကာ ဆွမ်းဘုဉ်းပေးနေသည့်အတွက် သူရှိနေကြောင်း သိစေရန် ချောင်းဟန့်သံပေး၍ သတိပေးခဲ့ခြင်း ဖြစ်သည်။

'သြော်…ငါအဖြစ်ကား ဆိုးဝါးလှပေစွ။ နတ်ဖြစ်ပါလျက် အစာရေစာမဝဘဲ အရှင်မြတ်ဆီကတောင် တောင်းစားရတဲ့ဘဝကို ရောက်ရလေပြီ။ ဒါဟာ ရှေးကာလက သူတော်မြတ်များနဲ့ ဆင်းရဲငတ်မွတ်သူ ခွေးငှက်တိရစ္ဆာန်များကိုသော်မျှ အစာရေစာပေးလှူခြင်း မရှိခဲ့တဲ့အတွက် နတ်ဖြစ်ပါလျက် ငတ်မွတ်နေတဲ့ဒုက္ခကို ကြုံတွေ့နေရပါလား'

နံ့ပဲပင်စောင့်နတ်ကြီးသည် သူ၏ ကုသိုလ်ကံနည်းပါးပုံကို ပြန်လည်တွေး၍ စိတ်မကောင်းဖြစ်ကာ လက်



www.burmeseclassic.com

www.burmeseclassic.com

တွင်း၌ရှိနေသော ထမင်းတစ်လုတ်ကိုပင် စားရန်မျိုမကျဘဲ နှောင်တဖြစ်နေလေသည်။

ထို့ကြောင့် ထမင်းစားလိုသော အာသီသကို မျိုသိပ်ကာ–

"အရှင်ဘုရား··တပည့်တော်အား ချီးမြှောက်ကယ်မသောအားဖြင့် ဤဆွမ်းတစ်လုတ်ကို ပြန်၍ အလှူခံယူတော်မူပါဘုရား။ ဤကုသိုလ်အတွက် ယခုဘဝမှာ ရှိပါစေတော့။ နှောင်သံသရာအတွက် ချီးမြှောက်ပေးပါဘုရား" ဟု ဆိုကာ အရှင်မြတ်သပိတ်အတွင်းသို့ ပြန်၍ လောင်းလှူလိုက်လေ၏။

သပိတ်အတွင်းသို့ ထမင်းလုတ် ကျသွားသည်နှင့် တစ်ပြိုင်နက် နံ့ပဲပင်စောင့်နတ်ကြီး၏ ဘုံဗိမာန်အတွင်း၌ နတ်သုဒ္ဓါ၊ ခဲဖွယ်၊ ဘောဇဉ်ရှစ်ပွဲသည် ဘွားခနဲ အသင့်ပေါ်လာလေသည်။ အရှင်မြတ်လည်း နတ်ကြီးတစ်ဖြစ်လဲ အတိုးအိုလှူဒါန်းသော ဆွမ်းတစ်လုတ်ကို ဘုဉ်းပေးပြီးနောက် သီတင်းသုံးရာဌာနသို့ ပြန်လည်ကြွတော်မူလေသည်။

နံ့ပဲပင်စောင့်နတ်ကြီးသည် အရှင်မြတ် ကြွသွားတော်မူသည်ကို ကြည်ညိုပီတိဖြစ်နေပြီး မိမိဘုံဗိမာန်သို့ လှမ်းကြည့်လိုက်ရာ နတ်သုဒ္ဓါရှစ်ပွဲကို တွေ့မြင်လိုက်ရသဖြင့် ဝမ်းသာမဆုံး ဖြစ်သွားလေသည်။

ကုသိုလ်ကောင်းမှုတို့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်သော သီလဝန္တသံဃာတော်အရှင်မြတ်တို့၏ ကျေးဇူးကား ကြီးမြတ်လှပေစွ။ ဤအရှင်မြတ်နှင့် တွေ့ကြုံရသည်မှာ အရတော်ပေစွတကားဟု ကြုံးဝါးကာ သံဃာတော်များ၏ ဂုဏ်ကျေးဇူးကို တစိမ့်စိမ့် ဆင်ခြင်နှလုံးသွင်းနေလေ၏။ ထိုအခါမှစ၍ နံ့ပဲပင်စောင့်နတ်ကြီးသည် ဆွမ်းတစ်လုတ်ဒါနကြောင့် သုံးစားပေးလှူ၍ မကုန်သော နတ်သုဒ္ဓါရှစ်ပွဲကို အကြောင်းပြုပြီး အသက်ထက်ဆုံး ပေးလှူခြင်းပြုကာ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို အာရုံပြုကြည်ညိုနေလေတော့သတည်း။

**ခနုသျှင်စိုး**

**စာမှီး**

* ရူပကဝိဇ္ဇာကြော ဆွမ်းခံထေရ်၊ မဟ္မာစရိယ ဦးဖြေးလှိုင်။


# ချက်ချင်းသောက်–လက်ငင်းပျောက်



အမှတ်တံဆိပ်

အစာအိမ်လေနိုင်သောက်ဆေး

နှစ်ပေါင်း(၂၀)ကျော် အစာအိမ် လေထိုးလေအောင့် ဝေဒနာရှင်များအတွက် အထူးဖော်စပ် လှူဒါန်းကုသပြီး ဝေဒနာရှင် ရဟန်း၊ ရှင်လူ၊ ပြည်သူများ၏ ပျောက်ကင်းထောက်ခံတောင်းဆိုမှုကြောင့် စေတနာ၊ ဝါသနာကို အရင်းခံ၍ ထုတ်လုပ်ဖြန့်ချိလိုက်သော "အစာအိမ်ရောဂါ လေနာ ရောဂါဝေဒနာရှင်များအတွက် အထူးသင့်လျော်သော ဆေးစွမ်းကောင်းတစ်လက်" ဖြစ်ခြင်းကြောင့် သုံးစွဲသူများအတွက် တန်ဖိုးလုံးဝဆုံးရှုံးခြင်း မရှိစေရ။

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0114 Y 010697

နိုင်သော ရောဂါများ

အစာအိမ်ရောဂါ၊ လေထိုးလေအောင့်၊ အစားများအစားမှား၍ မအီမလည်ဖြစ်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ ဝမ်းဖောဝမ်းပျက်ခြင်း၊ လေနှင့်ဝမ်း မကျွဲခြင်း၊ အစာအိမ်နှင့်ပတ်သက်သော ရောဂါများအတွက် ယုံကြည် စိတ်ချစွာဖြင့်သုံးစွဲနိုင်ပါသည်။

ဆိုင်ရင်း – ဦးမြသွေး၊ အမှတ်(၆၈၉)၊ ဘယသကြိန်လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

၀၉ ၃၁ ၃၅ ၁၅ ၉၆ ၊ ၀၉ ၃၁ ၀၅ ၉၉ ၃၂


www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာကြီးပေါ်ထွန်းစ မြေအထွတ်တွင် ကမ္ဘာ့နိယာမ အစဉ်အလာအရ ဘုရားပွင့်သောကာလကို အသုညကမ္ဘာ ခေါ်၍ ဘုရား မပွင့်သောကာလကို သုညကမ္ဘာဟု ခေါ်သည်။

ဘုရားပွင့်သော အသုညကမ္ဘာကို ပိုင်းခြားကြည့်လျှင် -

(၁) ဘုရားတစ်ဆူပွင့်သောကမ္ဘာကို သာရကမ္ဘာ၊
(၂) ဘုရားနှစ်ဆူပွင့်သောကမ္ဘာကို မဏ္ဍကမ္ဘာ၊
(၃) ဘုရားသုံးဆူပွင့်သောကမ္ဘာကို ဝရကမ္ဘာ၊
(၄) ဘုရားလေးဆူပွင့်သောကမ္ဘာကို သာရမဏ္ဍကမ္ဘာ၊
(၅) ဘုရားငါးဆူပွင့်သောကမ္ဘာကို ဘဒ္ဒကမ္ဘာ..ဟူ၍ ငါးမျိုးရှိသည်။

ဘုရားငါးဆူပွင့်သော ဤဘဒ္ဒကမ္ဘာတွင် ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဘုရားရှင်တို့ ပွင့်ထွန်းတော်မူခဲ့ပြီးဖြစ်သဖြင့် အရိမေတ္တေယျဘုရားရှင် တစ်ဆူသာလျှင် ပွင့်ထွန်းရန် ကျန်တော့သည်။

ယခုအခါ ဂေါတမဘုရားရှင်၏ သာသနာတော်ဖြစ်၍ ဘုရားရှင် ခန္ဓပရိနိဗ္ဗာန် ယူသွားပြီဖြစ်သော်လည်း ဓာတုပရိနိဗ္ဗာန် မယူသေးသမျှ ကာလပတ်လုံး ဘုရားရှင် သက်တော်ထင်ရှား ရှိနေသကဲ့သို့ပင် ဖြစ်သည်။

ဂေါတမဘုရားအလောင်းတော်သည် ဤဘဒ္ဒကမ္ဘာမှ ပြန်လည်ရေတွက်သော် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ထက်၌ သုမေဓာရှင်ရသေ့ ဖြစ်ခဲ့သည်။ သုမေဓာရှင်ရသေ့ကား ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်း



အာဏာသ(သာစည်)

[illegible]



www.burmeseclassic.com

www.burmeseclassic.com

တွင် ကိုယ်တော်တစ်ပါးတည်း နိဗ္ဗာန်ချမ်းသာကို ရယူနိုင်သော်လည်း ဩဃလေးဖြာ သံသရာ၌ နစ်မွန်းမျောပါးနေသော ဝေနေယျသတ္တဝါ အပေါင်းတို့ကို သနားကြင်နာတော်မူသဖြင့် နိဗ္ဗာန်ယူတော် မမူခဲ့ပေ။

သုမေဓာရှင်ရသေ့ဘဝမှ ဝေဿန္တရာမင်း ဘဝတိုင်အောင် မရေမတွက်နိုင်သော ဘဝများစွာတို့၌ ဒါနပါရမီ၊ ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီ အစရှိသော ပါရမီ သုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူခဲ့သည်။ ထို့ပြင် အလွန်စွန့်နိုင်ခဲသော စကြာမင်းတို့၏ စည်းစိမ်ကို စွန့်ခြင်း၊ သားသမီးကို စွန့်ခြင်း၊ မယားကို စွန့်ခြင်း၊ ခြေ၊ လက်၊ နား၊ နှာခေါင်း အစရှိသည့် အင်္ဂါကြီးငယ်တို့ကို စွန့်ခြင်း၊ အသက်ကို စွန့်ခြင်းဟု ဆိုအပ်သော စွန့်ခြင်းကြီး ငါးပါးတို့လည်း ဖြည့်စွန့်တော်မူခဲ့လေသည်။

ဤသို့ ဘဝများစွာ သံသရာကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ပြီးနောက် ဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်၌ သေတကေတုနတ်သား ဖြစ်သည်။ ထိုသို့ နတ်သားဖြစ်စဉ် စကြဝဠာတိုက်တစ်သောင်းမှ နတ်၊ ဗြဟ္မာ အပေါင်းတို့က ဘုရားဖြစ်ချိန်တန်ပါပြီ။ လူ့ပြည်သို့ဆင်း၍ ဘုရားဖြစ်တော်မူပါဟု ဘုရားအလောင်းတော်ကို တောင်းပန်ကြလေသည်။

ဘုရားအလောင်းတော် နတ်သားသည် နတ်အဖြစ်မှ စုတေကာ မဟာသက္ကရာဇ်(၆၇)ခုနှစ်၊ ဝါဆိုလပြည့် ကြာသပတေးနေ့၌ ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ တောင်ညာစံဒေဝီမိဖုရားကြီး မယ်တော်မာယာ၏ ဝမ်းကြာတိုက်တွင် ပဋိသန္ဓေတည်နေသည်။ မဟာသက္ကရာဇ်(၆၈)ခုနှစ်၊ ကဆုန်လပြည့် သောကြာနေ့ဝယ် ဒေဝဒဟပြည်နှင့် ကပိလဝတ်ပြည်၏အကြား လုမ္ဗိနီသာမော အင်ကြင်းတော၌ မယ်တော်မာယာဝမ်းမှ မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။

အလောင်းတော်သိဒ္ဓတ္ထသည် (၁၆)နှစ်သားအရွယ်တွင် ယသော်ဓရာမင်းသမီးနှင့် လက်ထပ်ထိမ်းမြား၍ မင်းစည်းစိမ်ကို (၁၃)နှစ်မျှ စံစားတော်မူ၍ သားတော် ရာဟုလာကို ဖွားမြင်သည်။ ဘုရားအလောင်းတော် သက်တော်(၂၉)နှစ်သို့ ရောက်သောအခါ သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးကို မြင်တော်မူ၍ တောထွက်တော်မူလေသည်။

အလောင်းတော်သည် တစ်ညဉ့်ချင်းတွင် ယူဇနာသုံးဆယ်မျှသော ခရီးကိုလွန်၍ အနော်မာမြစ်ကို တွေ့လျှင် ဤမြစ်ကား အဘယ်မြစ်နည်းဟု မောင်ဆန်ကို မေးရာ အနော်မာမြစ်ဖြစ်ကြောင်း လျှောက်လျှင် ငါ၏ ရဟန်းပြုခြင်းအတွက် မြင့်မြတ်ကောင်းမွန်သည်သာ ဖြစ်လတ္တံ့ဟု နိမိတ်ကိုယူ၍ မြစ်တစ်ဖက်ကမ်းသို့ ကူးတော်မူ၏။ သောင်ပြင် ပေါ်သို့ရောက်လျှင် ကဏ္ဍကမြင်းပေါ်မှ ဆင်းသက်၍ ဆန္နအမတ်ကို ဆင်ဝတ်တော်မူသော တန်ဆာနှင့် မြင်းတော်ကို အပ်၍ နေပြည်တော်သို့ သင်တို့ ပြန်ကြလေဟု စေတော်မူသည်။

ထို့နောက် မကိုဋ်နှင့်တကွသော ဆံတော်ကို သန်လျက်ဖြင့်ဖြတ်၍ ငါကား ဘုရားစင်စစ် ဧကန်ဖြစ်မည်မှန်ပါက ဆံတော်သည် မြေသို့မသက်ဘဲ ကောင်းကင်၌သာ တည်ပါစေသားဟု အဓိဋ္ဌာန်၍ အထက်ကောင်းကင်သို့ လွှင့်မြှောက်တော်မူသော် တစ်ယူဇနာမျှလောက်သော အရပ်၌ ပန်းဆိုင်းဆွဲထားသကဲ့သို့ တည်၏။ ထိုဆံတော်ကို မြင်သော သိကြားမင်းသည် ရတနာပန်းတောင်းဖြင့် ခံယူ၍ တာဝတိံသာနတ်ပြည်၌ စူဠာမဏိပုထိုးတော်တည်ပြီး ကိုးကွယ်လေသည်။

ဘုရားအလောင်းတော်သည် ဤကောင်းမြတ်သော ကာသိတိုင်းဖြစ် ပုဆိုးတို့နှင့် မလျှောက်ပတ်ချေဟု အကြံတော်ဖြစ်သည်။ ကဿပဘုရားရှင် လက်ထက်တော်က မိတ်ဆွေဖြစ်ခဲ့ဖူးသော ဃဋိကာရဗြဟ္မာမင်းသည် ပရိက္ခရာရှစ်ပါးနှင့်တကွသော ကြာသင်္ကန်းအစုံကိုယူလာ၍ ဤကြာသင်္ကန်းဖြင့် ရဟန်းပြုတော်မူပါဟု ကပ်လှူတော်မူသည်။

ကမ္ဘာမြေပေါ်ထွန်းစ အခါသမယတွင် ဘုရားပွင့်တော်မူမည့်-

(၁) သာရဏ္ဍကမ္ဘာဖြစ်က ပရိက္ခရာရှစ်ပါးနှင့် ကြာတစ်ရုံ၊
(၂) မဏ္ဍာကမ္ဘာဖြစ်က ပရိက္ခရာရှစ်ပါးနှင့် ကြာနှစ်ရုံ၊
(၃) ဝရကမ္ဘာဖြစ်က ပရိက္ခရာရှစ်ပါးနှင့် ကြာသုံးရုံ၊
(၄) သာရမဏ္ဍာကမ္ဘာဖြစ်က ပရိက္ခရာရှစ်ပါးနှင့် ကြာလေးရုံ၊
(၅) ဘဒ္ဒကမ္ဘာဖြစ်က ပရိက္ခရာရှစ်ပါးနှင့် ကြာငါးရုံတို့ ပေါက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သုညကမ္ဘာတွင်မူ ဘုရားမပွင့်သောကြောင့် ကြာရုံ တစ်ရုံတလေမျှ မပေါက်ပေ။ ကမ္ဘာဦးတွင်ပေါက်သည့် ကြာရုံများကိုထောက်၍ ဤကမ္ဘာတွင် ဘုရားအဆူ မည်မျှ ပွင့်မည်ကို သိရှိနိုင်သည်။

ကြာရုံတွင်ပါရှိသော ပရိက္ခရာများကို ဗြဟ္မာကြီးများက ယူဆောင်၍ ယင်းတို့ဘုံ၌ သိမ်းဆည်းထားကြသည်။ ဘုရားအလောင်းတော်များ ဘုရားဖြစ်ရန် တောထွက်ကျင့်ကြံသောအခါတွင်မှ လူ့ပြည်သို့ဆင်း၍ ဆက်ကပ်လှူဒါန်းသည်။ ဃဋိကာရဗြဟ္မာလည်း လဲတော်မူသော ပုဆိုးကို ယူ၍ ဗြဟ္မာ့ပြည်သို့ဆောင်ပြီးသော် အကနိဋ္ဌဘုံ၌ ကိုးပါးသော ရတနာအတိပြီးသည့် အုတ်တို့ဖြင့် ဒုဿစေတီ တည်၍ ကိုးကွယ်လေသည်။

ဘုရားအလောင်းတော်သည် အလွန်ပြုနိုင်ခဲသော ဒုက္ကရစရိယာအကျင့်ကို ရဟန်းအဖြစ်နှင့် ခြောက်နှစ်ပတ်လုံး ကျင့်တော်မူသည်။ ထို့နောက် သုဇာတာမည်သော သူဌေးသမီး လှူဒါန်းအပ်သည့် ဃနာနို့ဆွမ်းကို အလှူခံဘုဉ်းပေးပြီး မဟာဗောဓိပင်ရှိရာသို့ ကြွတော်မူသည်။

ထိုစဉ် မြက်ထမ်းသမား သုဒ္ဓိယငစင်သည် ဘုရားအလောင်းတော်အား မြက်ရှစ်ဆုပ်ကို လှူဒါန်းသည်။

ဘုရားအလောင်းတော်သည် သုဒ္ဓိယငစင် လှူဒါန်းသော မြက်ရှစ်ဆုပ်ကို ဗောဓိပင်ရင်း၌ ကြဲဖြန့်လိုက်သောအခါ အပရာဇိတပလ္လင် ဖြစ်လာသည်။ ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူစဉ် နေမဝင်မီ ဒေဝပုတ္တမာရ်ကို အောင်တော်မူ၍ ညဉ့်ဦးယံတွင် ရှေးက နေခဲ့ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့တတ် သိတတ်သည့် ပုဗ္ဗေနိဝါသနုဿတိဉာဏ်ကို ရတော်မူသည်။ သန်းခေါင်ယံ၌ နတ်တို့၏ မျက်စိနှင့်တူသော စုတေခါနီး သတ္တဝါ စသည်တို့ကို မြင်တတ်သော ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူသည်။

မိုးသောက်ယံသို့ရောက်သောအခါ အာသဝေါတရားလေးပါးတို့၏ ကုန်ခမ်းခြင်းကို ပြုတတ်သော အာသဝက္ခယဉာဏ်ကို ရတော်မူ၍ သက်တော်(၃၅)နှစ်အရွယ် မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ အရုဏ်တက်ချိန်ဝယ် လောကသုံးပါးတွင် အတုမရှိသော သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူသည်။

သုံးလူ့သခင် သဗ္ဗညုဘုရားရှင်သည် (၄၅)ဝါကာလပတ်လုံး ဝေနေယျသတ္တဝါတို့အား ဓမ္မစကြာ စသည့် တရားတို့ကို ဟောပြတော်မူကာ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ရွက်တော်မူခဲ့သည်။ သက်တော်(၈၀)အရွယ် ရောက်သောအခါ မဟာသက္ကရာဇ် (၁၄၈)ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့ အခါသမယ၌ မလ္လာမင်းတို့အား တရားညွှန်ပြ၍ တိတ္တိဘောင်မှ ကူးလာသော သုဘဒ်ပရိဗိုဇ်ကို ဆုံးမပြီး မိုးသောက်ယံ ရောက်သောအခါ ရဟန်းသံဃာတော်တို့ကို များစွာဆုံးမတော်မူ၍ အရုဏ်တက်ခါနီး လင်းအားကြီးတွင် ပရိနိဗ္ဗာန်စံယူတော်မူလေသည်။

မြတ်စွာဘုရားရှင်သည် ကုသိနာရုံပြည်မွန် မလ္လာမင်းတို့၏ အင်ကြင်းတောဥယျာဉ်၌ ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းကား မဟာသုဒဿနသုတ်ကို ဟောခွင့်သင့်ခြင်း၊ သုဘဒ် ပရိဗိုဇ်ကို ဆုံးမတော်မူရန် ရှိနေခြင်း၊ ဓာတ်တော်ကို လုယက်ကြသောအခါ ဒေါဏပုဏ္ဏား ဖြေရှင်းဝေဖန်အံ့သော အကြောင်းရှိခြင်းတို့ကြောင့် ဖြစ်သည်။ ဤသို့ မြော်မြင်တော်မူ၍ နာမကျန်းဖြစ်နေသည့်ကြားမှ ဆင်းရဲပင်ပန်းစွာဖြင့် မရောက်မနေ ရောက်အောင် ကြွတော်မူလာပြီး ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း ဖြစ်သည်။

ကုသိနာရုံပြည် သင်္ချိုင်းတော်တွင် မလ္လာမင်းအပေါင်းတို့သည် ငါတို့မြတ်စွာဘုရားအလောင်းတော်ကို ပူဇော်အံ့ဟု ကြံ၍ စန္ဒကူးထင်းပုံထက်သို့တက်ပြီး မီးတိုက်ကြကုန်သည်။ တစ်စုံတစ်ခုကိုမျှ မီးမလောင်ချေ။ မီးလောင်တတ်သော ဝတ္ထုတို့ဖြင့် အကြိမ်ကြိမ် မီးတိုက်ကြသော်လည်း မလောင်လေလျှင် ရှင်အနုရုဒ္ဓါ၏ထံတော်သို့ကပ်၍ မီးမစွဲလောင်သည့်အကြောင်း အဘယ်ကြောင့်ပါနည်းဟု လျှောက်ထားကြကုန်သည်။

ရှင်အနုရုဒ္ဓါလည်း "မလ္လာမင်းတို့. .နတ်တို့၏အလိုဆန္ဒ မပြည့်သေးသောကြောင့် မီးမစွဲနိုင်" ဟု ဆို၏။

နတ်တို့သည် တတိယသာဝကကြီး ဖြစ်တော်မူသော ရှင်မဟာကဿပကို အလွန်ကြည်ညိုကုန်သည်။ ထိုအရှင်မဟာကဿပသည် ယခုကြွလာ၍ လမ်းခရီးမှာရှိပြီ။ ရှင်မဟာကဿပမှ ဘုရားရှင်အလောင်းတော်ကို မပူဇော်ရှိမခိုးရသေးသမျှ ဤထင်းပုံ မီးမလောင်စေဖို့ နတ်တို့ အဓိဋ္ဌာန်ပြုထားကြခြင်းကြောင့် မီးမစွဲလောင်ဘဲ ရှိနေသည်ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com

ပရိသတ်အပေါင်းတို့လည်း ရှင်မဟာကဿပကား ဘုရားရှင်၏ တပည့်ကြီးဖြစ်ပါလျက် အဘယ်ကြောင့် ကြာလေသနည်း။ နတ်တို့သည်ပင် ရှင်မဟာကဿပ၏ အလိုကို ဖြည့်ရပေသည်။ ထိုအရှင်ကား မည်မျှထူးမြတ်သနည်း။ မည်မျှကြာမှ လာပါလိမ့်မည်နည်းဟု ပြောဆိုမျှော်တ၍ ခရီးဦးကြိုလင့်ကြကုန်သည်။ အချို့က လမ်းမြင်၍ အချို့ကလည်း နေရာထိုင်ခင်း ပြင်နှင့်ကြ၏။ ထိုစဉ် ရှင်မဟာကဿပသည် သံဃာတော်ငါးရာနှင့်အတူ ကြွတော်မူလာသည်။

ရှင်မဟာကဿပ ရောက်တော်မူလျှင် ဘုရားရှင်၏ အလောင်းတော်တည်ရာ စန္ဒကူးထင်းပုံကို လက်ယာရစ် သုံးပတ်လှည့်၍ လက်အုပ်ချီ ပူဇော်တော်မူသည်။ ထိုခဏ၌ အကန့်တစ်ထောင်တို့ဖြင့် တန်ဆာဆင်အပ်သော တစ်ရှူးရှစ်ကွက် စက်လက္ခဏာတို့၏ တည်ရာဖြစ်သည့် ဘုရားရှင်၏ ဖဝါးတော်အစုံသည် စန္ဒကူးထင်းပုံကို ဖောက်ထွင်း၍ တိမ်တိုက်အတွင်းမှထွက်သော လကဲ့သို့ ရှင်မဟာကဿပ၏ ဦးခေါင်းထက်တွင် တည်လာတော်မူသည်။ ရှင်မဟာကဿပလည်း ပွင့်သစ်စ ပဒုမ္မာကြာငုံကဲ့သို့ လက်အုပ်အစုံကိုဆန့်၍ ရွှေအဆင်းနှင့်တူသော ဘုရားရှင်၏ ခြေတော်အစုံကို ဦးခေါင်းထက်တွင်ထားကာ ရှိခိုး၏။ ငါးရာသော ရဟန်းတို့လည်း အနည်းနည်း ရှိခိုးကြကုန်လေသည်။

ပရိသတ်တို့လည်း ထိုအံ့ဖွယ်ဖြစ်စဉ်ကို မြင်လျှင် ကြည်ရွှင်ဝမ်းသာလျက် သည်းစွာသောအသံကို ဟစ်ကြွေး၍ ပူဇော်ဖွယ်အသီးသီးတို့ဖြင့် ပူဇော်ကြ၏။ ထိုသို့ပူဇော်ပြီးကာမျှ၌ ဘုရားရှင်၏ ခြေတော်အစုံသည် ပကတိသာလျှင် ရှင်မဟာကဿပ၏ ဦးခေါင်းပေါ်မှရွေ့၍ ထင်းပုံအလားတို့ကို မလှုပ်ရှားစေဘဲ တည်မြဲအတိုင်း ပြကတေ့တည်တော်မူ၏။ အလောင်းတော်တည်ရာ နံ့သာထင်းပုံသည် တစ်စုံတစ်ဦးသောသူမျှ မီးမညှိရဘဲ အလျှံညီးညီးမီးတောက်ကြီး ဖြစ်ပေါ်လာသည်။

မီးလောင်ပြီးသော် ကိုယ်တော်မြတ်၏ ခန္ဓာတော် အရေအသားတို့ကား တပေါင်းတစုတည်း မရှိတော့ဘဲ မှုစင်တကွဲ ပုလဲဥလား ချရားစေ့အဆင်းရှိသော ဓာတ်တော်တို့သာလျှင် ရှစ်စိတ်ပမာဏမျှ တည်တော်မူကုန်၏။ ရှေးရှေးသော ဘုရားတို့၏ ဓာတ်တော်များသည် မပြိုမကွဲ တစ်ခဲနက် တည်သော်လည်း ဤဂေါတမဘုရားကား သက်တော်တိုသော ကာလဖြစ်၍ သာသနာပြန့်ပွားသဖြင့် အကျိုးစီးပွားများစိမ့်သောငှာ ပတ္တနာသော အာနုဘော်တော်ကြောင့် စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ နဖူးသင်းကျစ်တော်တစ်ဆူ၊ ခုနစ်ဆူသောဓာတ်တော်တို့ မပြိုမကွဲ တည်ကုန်သည်။ အသမ္ဘိန္နဓာတ်မည်သော ကိုယ်တော်မှ ကြွင်းသည့် အကြီး ပဲနောက်စေ့ပမာဏ၊ အလတ် ဆန်ကျိုးပမာဏ၊ အငယ် မုန်ညင်းစေ့ပမာဏဖြင့် ဓာတ်တော်များ တည်လေသည်။

ဘုရားရှင်၏ ကြွင်းကျန်ရစ်သော ဓာတ်တော်များကို ရယူကိုးကွယ်နိုင်ရန်အတွက် ခုနစ်ပြည်ထောင်သောမင်းတို့သည် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းတောသို့ စစ်ချီ၍ လာကြကုန်၏။ လောကသုံးပါး၌ မြတ်စွာဘုရားနှင့်တူသော ရတနာမည်သည်မရှိ။ ထိုအသဒိသမည်သော ရတနာတို့ကို အဘယ်ကြောင့် သင်တို့အား ပေးရမည်နည်း။ ဖြစ်လိုသမျှဖြစ်စေ ဘုရား၏ဓာတ်တော်ကို မပေးဝေဟု မလ္လာမင်းတို့က ကြုံးဝါးသံမာန်မာနဖြင့် စကားပြန်လိုက်၏။

ခုနစ်ပြည်ထောင်မင်း အချင်းချင်းတို့ ကြုံးဝါးသံပေး၍ ငြင်းခုံကြရာတွင် ဒေါဏ အမည်ရှိသော ပုဏ္ဏားကြီး ရောက်လာ၍ သင့်ရာအရပ်မှနေပြီး အသံပေးကာ ဆုံးမလိုက်၏။ ပထမအသံကို ငြင်းခုံသံများ၍ မကြားလိုက်ကုန်သော်လည်း ဒုတိယအသံ အဆုံးတွင်ကား ငါတို့ဆရာ၏ အသံကဲ့သို့ ထင်သည်ဟု အလုံးစုံသောမင်းတို့ အသံဆိတ်ငြိမ်လေကုန်၏။ ထိုဒေါဏပုဏ္ဏားကား ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ထင်ရှားသော မင်း၊ ပုဏ္ဏား၊ သူဌေးသားတို့အား ပညာမသင်ပေးဖူးသူဟူ၍ မရှိခဲ့ပေ။ ထို့ကြောင့် ဆရာကို ရိုသေခြင်းအားဖြင့် အသံတိတ်ဆိတ်ကုန်လေသည်။

ဒေါဏပုဏ္ဏားလည်း ငါတို့ဆရာ မြတ်စွာဘုရားသည် ဘုရားမဖြစ်မီ ပါရမီကို ဖြည့်တော်မူသောအခါ ခန္တီပါရမီကိုသာ အမြတ်ပြု၍ ချီးမွမ်းပါသည်။ ဘုရားရှင်၏ ဓာတ်တော်ကို ပူဇော်လိုခြင်း အကြောင်းကြောင့် မကောင်းမှုဖြစ်ပွားအောင် ခိုက်ရန်များခြင်း၊ စစ်ထိုးခြင်းဖြင့် မသင့်ကြပေ။ သင်တို့သည် ဘုရားရှင်ထံ ချဉ်းကပ်ခဲ့ဖူးသော ဥပါသကာချည်း ဖြစ်ကြသည်။ အချင်းချင်း ညီညွတ်ချစ်ခင်၍ ဘုရားရှင်၏ ဓာတ်တော်မြတ်တို့ကို



www.burmeseclassic.com

www.burmeseclassic.com

ကြည်ညိုကိုးကွယ်ကြရန် ကျွန်ုပ် ဝေဖန်ပေးပါမည်ဟုဆို၍ ဖျန်ဖြေရာ ဆရာပင် ဝေဖန်ပေးပါရန် အပ်နှင်းကြကုန်သည်။

ဒေါဏပုဏ္ဏားလည်း ထိုမင်းတို့၏ စကားကိုရလျှင် ဓာတ်တော်ကို ဝေခြင်းငှာ ရတနာကိုးပါးဖြင့်စီသော အိုးကို လှစ်သော် ရှစ်စိတ်ပမာဏရှိလျက် ရွှေအတိပြီးသော ဓာတ်တော်တို့ကို မြင်သဖြင့် ရှေးအခါက ရွှေအဆင်းနှင့်တူသော ဘုရားရှင်၏ ကိုယ်တော်ကိုသာ ဖူးမြင်ရမြဲဖြစ်ပါလျက် ယခုမူကား ဓာတ်တော်များကိုသာ မြင်ရတော့သည်တကားဟု များစွာတ,၍ ငိုကြွေး၏။ မင်းရှစ်ဦးတို့လည်း ထိုနည်းပင် ငိုကြွေးကြသည်။

ဒေါဏပုဏ္ဏားသည် မင်းများ ငိုကြွေးမေ့လျော့နေစဉ် ဘုရားရှင်၏ လက်ယာစွယ်တော်မြတ်ကို လျှပ်တစ်ပြက်ယူ၍ ဦးရစ်ကြား၌ ဝှက်ထားလိုက်၏။ ထို့နောက်မှ ရှစ်စုအမျှပြု၍ ရှစ်ဦးသော မင်းတို့အား အညီအမျှပေးဝေလေ၏။ ဓာတ်တော်တို့ကို ပုဏ္ဏားကြီး ဝေဖန်နေစဉ် သိကြားမင်းသည် လက်ယာစွယ်တော်မြတ်ကို အဘယ်သူ ရရှိသနည်းဟုကြည့်ရာ ဒေါဏပုဏ္ဏား ဦးရစ်ကြား၌ ဝှက်ထားသည်ကိုမြင်၍ ဤပုဏ္ဏားကား အရိုအသေ ကိုးကွယ်နိုင်လိမ့်မည်မဟုတ်ဟုမြင်ကာ နတ်တို့၏ အာနုဘော်ဖြင့်ယူ၏။ ထို့နောက် ယင်းစွယ်တော်မြတ်ကို နတ်ပြည်တွင် စူဠာမဏိစေတီတော်တည်၍ ဌာပနာလေသည်။

ဒေါဏပုဏ္ဏားလည်း ဓာတ်တော်တို့ကို ဝေငှပြီးသောအခါ မိမိဝှက်ထားသော စွယ်တော်ကိုကြည့်လျှင် မမြင်မတွေ့ရကာ မိမိဝှက်ထားသောကြောင့် အခြားသူများကိုလည်း မမေးရဲပေ။ ငါ့အား အနည်းငယ်မျှ ပေးကြဦးဆိုရမည်လည်း မသင့်ပြန်၍ ဓာတ်တော်ထည့်သော ရွှေအိုးကို တောင်းရာ မင်းတို့က ဓာတ်တော်ချင်သောခွက်သာ ပေးကြကုန်၏။ ပုဏ္ဏားလည်း ယင်းခွက်ကိုပင် ဓာတ်တော်အမှတ်ဖြင့် မိမိမြို့တွင် စေတီတည်ပြီး ကိုးကွယ်လေသည်။

ပိပ္ပလိဝနတွင်နေသော မောရိယမင်းတို့သည် ယခင်ခုနစ်ပြည်ထောင်မင်းတို့ကဲ့သို့ မလ္လာမင်းတို့ထံသို့ တမန်စေလွှတ်၍ ဓာတ်တော်ကို တောင်း၏။ မလ္လာမင်းတို့ကလည်း ဓာတ်တော်ကား ဝေငှ၍ ကုန်ချေပြီ။ အလောင်းတော်ကို သဂြိုဟ်သော စန္ဒကူးမီးသွေးသာ ကျန်တော့သည်။ ဤမီးသွေးကိုသာ ကိုးကွယ်ပါလေဟု ပေးလိုက်၏။ မောရိယမင်းတို့လည်း စန္ဒကူးမီးသွေးကိုသာ ဓာတ်တော်အမှတ်ဖြင့် စေတီတည်ပြီး ကိုးကွယ်ကြလေသည်။

ဂေါတမမြတ်စွာဘုရားရှင်၏ စွယ်တော်မြတ်လေးဆူကား-

(၁) တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီတော်၌ ဌာပနာသော လက်ယာအထက်စွယ်တော်၊

(၂) နာဂပူရခေါ် နဂါးပြည်ရှိ ရတနာစေတီတော်၌ ဌာပနာသော လက်ယာအောက်စွယ်တော်၊

(၃) သီရိလင်္ကာ (သီဟိုဠ်ကျွန်း) ကန္ဒီမြို့ ဒါလဒမာလိဂဝ အလွန်ခမ်းနားသော ကျောင်းတော်ကြီးတွင်ရှိ စွယ်တော်တိုက်၌ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏တပည့် ခေမာရဟန္တာမထေရ်မြတ် ပင့်ဆောင်ခဲ့သော လက်ဝဲအောက်စွယ်တော်၊

(၄) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့တော်အနောက်ဘက် တောင်ကုန်းပေါ်ရှိ ရွှေစေတီ၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဂန္ဓာရတိုင်းသား ရဟန်းတော်ပင့်ဆောင်လာသည့် လက်ဝဲအထက်စွယ်တော်တို့ ဖြစ်ကြသည်။

မြတ်စွာဘုရားရှင်၏ စွယ်တော်မြတ်၊ ဓာတ်တော်မြတ်၊ ပစ္စေကဗုဒ္ဓါတို့၏ ဓာတ်တော်၊ ရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်နှင့် စကြဝတေးမင်းတို့၏ ဓာတ်တော်တို့ကား စေတီတည်ထား ပူဇော်ထိုက်သော ရတနာများဖြစ်ကြသည်။ အထူးအားဖြင့် မြတ်စွာဘုရားရှင်၏ စွယ်တော်မြတ်၊ ဓာတ်တော်မြတ်တို့ကို မြတ်စွာဘုရားအသွင် စိတ်တွင် အာရုံထင်၍ ကိုးကွယ်ကြပါမူကား မျက်မှောက်ဘဝ၌ ကုသိုလ်အကျိုး တိုးပွားနေပြီး သံသရာတစ်လျှောက်တွင်လည်း အပါယ်တံခါးပိတ်လျက် လူ၊ နတ်၊ ဗြဟ္မာဘုံဌာနအသီးသီးတွင် စံစားနိုင်မည်ဖြစ်ကြောင်း ရေးသားပူဇော်တင်ပြအပ်ပါသည်။

**အာကာသ(သာစည်)**

<u>ကျမ်းကိုး</u>

* ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး စီရင်သော ဇိနတ္ထပကာသနီကျမ်း။
* သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ပြန့်ပွားရေး ဦးစီးဌာန၊ (ဗုဒ္ဓဘာသာကောင်းတစ်ယောက်)။



www.burmeseclassic.com

www.burmeseclassic.com

ကုသိုလ်ကြောင့် လူဖြစ်လာရသည်ဖြစ်၍ လူနှင့် ကုသိုလ်၊ ကုသိုလ်နှင့်လူသည် ခွဲ၍မရချေ။

ကုသိုလ်လမ်း ပျောက်ကွယ်သွားသည်နှင့် လူသည် လူ့လမ်းကြောင်းမှ ဖယ်ခွာသွားရမည် ဖြစ်သည်။

*(တိပိဋကမရေ၊ ယောဆရာတော်ဘုရား)*

ဖော်ပြပါ ဆုံးမစကားအရ မိမိတို့တစ်တွေ လူဖြစ်လာရခြင်းမှာ ကုသိုလ်အရှိန်ကြောင့် ဖြစ်သည်။ ကုသိုလ်ကို ဆက်လက်ထိန်းသိမ်း လုပ်ဆောင်သွားနိုင်လျှင် လက်ရှိဘွေပွန်ရော သံသရာမှာပါ ကောင်းကျိုးများကို ဆက်လက်ရရှိနိုင်မည် ဖြစ်သည်။ ဤသို့ ကုသိုလ်ကို ထိန်းသိမ်းလုပ်ဆောင်နိုင်ရန်မှာ ဦးစွာ ကိုယ်ကျင့်သီလကို ဆောက်တည်နိုင်ဖို့ လိုပါသည်။

ကိုယ်,နှုတ်ကို ထိန်းသိမ်းကြောင်း သီလတရားသည် ကုသိုလ်အားလုံး၏ အဦးအစဖြစ်၏။ ကုသိုလ်အားလုံး၏ တည်ရာဖြစ်၏။ ကုသိုလ်အားလုံး၏ မိခင်လည်း ဖြစ်၏။ ကုသိုလ်အားလုံး၏ အကြီးအမှူးလည်း ဖြစ်၏။ ထို့ကြောင့် ပညာရှိသည် ငါးပါးသီလကို စင်ကြယ်အောင် သုတ်သင်ရာ၏ဟူ၍ ဆုံးမစကား ရှိခဲ့ပါသည်။

သို့ဖြစ်ရာ လူပီသဖို့ ကုသိုလ်သည် အမြဲလိုအပ်နေပါသည်။ ကုသိုလ်အမြဲလိုအပ်နေသည်ဖြစ်၍ ကုသိုလ်အဦးအစဖြစ်သော ကိုယ်,နှုတ်ထိန်းသိမ်းခြင်းတရား (ဝါ) ကိုယ်ကျင့်သီလသည် လူတိုင်းအတွက် မရှိမဖြစ်သောတရားဖြစ်သည်။ ကိုယ့်ကျင့်သီလ ထိန်းသိမ်းခြင်းကြောင့် ဘေးဥပဒ်အန္တရာယ် မဖြစ်နိုင်ပါ။ ကိုယ်ကျင့်သီလ ပျက်ပြား






www.burmeseclassic.com

www.burmeseclassic.com

၍သာလျှင် မကောင်းသော ဘေးဥပဒ်အန္တရာယ် ဖြစ်နိုင်ကြောင်း ဥပမာသာဓကတစ်ခုဖြင့် တင်ပြလိုပါသည်။

တစ်ခါတွင် ကာလိင်္ဂတိုင်း၊ ဒန္တပူရပြည်ကြီး တစ်ခုလုံး မိုးခေါင်ရေရှားကာ အငတ်ဘေးကြီးဆိုက်၏။ တိုင်းသူပြည်သူများက မင်း၏ ဟာစ်တိုင်သို့လာ၍ အငတ်ဘေးကြီးမှ ငြိမ်းအေးပပျောက်အောင် လုပ်ပေးရန် ဟစ်အော်တောင်းဆိုကြ၏။ ထိုအခါ မင်းကြီးသည် ဥပုသ်သီလစောင့်ကာ ကျက်သရေရှိသော တိုက်ခန်းဝင်၍ မြေစားမြက်ကို ခင်းကာအိပ်၏။ သို့ရာတွင် မိုးက ရွာမလာချေ။ တစ်ဖန် လောကီအယူအဆကို အားသန်ကြသော ဗေဒင်ဆရာတို့က ကုရုပတ္တနိုင်ငံရှိပြည် မိုးလေဝသကောင်းမွန်နေခြင်းမှာ အဥ္စနဝဏ္ဏမည်သော မင်္ဂလာဆင်ကြီးရှိသောကြောင့်ဟုဆို၍ ထိုဆင်ကို သွားရောက်အလှူခံကြပြန်လေ၏။

ထိုဆင်ကို ရခဲ့ပြန်သော်လည်း မိုးကား ရွာမလာပေ။ ထိုအခါတွင် ပညာရှိသူတော်ကောင်းများ ခေါင်းချင်းဆိုင်၍ စိုင်ပင်ကြရာ၌ အရိုးဆုံးဖြစ်သော နည်းလမ်းတစ်ခုကို ရှာကြံမိကြ၏။ ထိုနည်းလမ်းမှာ ကုရုပတ္တနိုင်ငံပြည်မှ ဂုရုဓမ္မတရားလေးပါးကို ကူးယူကျင့်သုံးကြရန် ဖြစ်၏။ သို့ဖြစ်ရာ ဒန္တပူရမြို့မှ ပုဏ္ဏားတို့သည် ကုရုပတ္တနိုင်ငံပြည်ရှိ သီလစင်ကြယ်သူတို့ထံမှ ကူးယူရန် ဆုံးဖြတ်ခဲ့ကြလေ၏။

ဂုရုဓမ္မတရားလေးပါး ဆိုသည်မှာ-

(၁) တိုင်းသူပြည်သားတို့သည် ဝါတွင်းဝါပ တစ်လလေးသီတင်း ဥပုသ်စောင့်ရခြင်း၊

(၂) ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲရခြင်း၊

(၃) ရတနာသုံးပါးကို နှေ့ညအမြဲမပြတ် ဝတ်ကပ်၊ဝတ်တက်ပြု၍ မေတ္တာတရားကို အထူးပွားများရခြင်း၊

(၄) မိဘ၊ဘိုးဘွား ဆရာသမားများကိုလည်းကောင်း၊ အကျင့်သီလနှင့်ပြည့်စုံသော သူမြတ်တို့ကိုလည်းကောင်း မင်္ဂလာတရားတော်နှင့်အညီ ရိုသေမြတ်နိုး ရှိခိုးပူဇော်ရခြင်းများ ဖြစ်ပါသည်။

ဒန္တပူရပုဏ္ဏားတို့သည် ကုရုပတ္တနိုင်ငံပြည်ဘုရင်ဓနဉ္စယကောရဗျမင်းထံသို့ ဝင်၍ ဦးစွာ ဂုရုဓမ္မတရားကို တောင်းခံကြရာ ဓနဉ္စယကောရဗျမင်းက-

"ပုဏ္ဏားတို့…ပြီးခဲ့သည့် တန်ဆောင်မုန်းလက ပွဲသဘင် ကျင်းပကြရာတွင် ငါသည် မင်းတို့၏တန်ဆာကို အပြည့်အစုံဆင်ယင်လျက် ပန်းအလှဆင်ထားသော မြားလေးစင်းကို စိတ္တရာဇနတ်ကွန်းမှနေ၍ အရပ်လေးမျက်နှာသို့ ပစ်လွှတ်လိုက်သည်။ ဤကား တစ်နှစ်တစ်ကြိမ် ပြုလုပ်ရသော မင်းတို့၏ အစဉ်အလာပင် ဖြစ်သည်။

ထိုမြားလေးစင်းတွင် သုံးစင်းကို မည်သူ့ကိုမျှ အထိအခိုက်မရှိ။ ပြန်လည်ရရှိခဲ့သော်လည်း ရေထဲသို့ ကျသွားသော မြားတစ်စင်းကိုကား ပြန်၍မရတော့ပေ။ ထိုမြားသည် ငါးတစ်ကောင်ကောင်၏ ကျောသို့များ ကျလေသလောဟု ယုံမှားသံသယဖြစ်လျက်ရှိသည်။ ထို့ကြောင့် ငါ့ထံမှ ဂုရုဓမ္မတရားကို မယူကြဘဲ ငါ့ထက်သီလပိုပြီးစင်ကြယ်သော မယ်တော်ထံမှသာ ယူကြပါ"ဟု ပြော၏။

ထိုအခါ ပုဏ္ဏားတို့က-

"အရှင်မင်းမြတ်…အရှင်မင်းမြတ်အနေဖြင့် 'သေစေ' လိုသောစေတနာ မပါသည့်အတွက် ပါဏာတိပါတကံ မဖြစ်နိုင်ပါ။ အရှင်မင်းကြီးစောင့်သော ဂုရုဓမ္မတရားလေးပါးကိုပါ ပေးသနားတော်မူပါ။ မယ်တော်ကြီးထံမှ ဂုရုဓမ္မတရားကိုလည်း ကူးယူ၍ သွားပါမည်"ဟု ပြောဆိုကာ ဘုရင့်မယ်တော်ကြီးထံသို့ ရောက်ကြပြန်၏။

ဘုရင့်မယ်တော်ကြီးကလည်း သူ၏သီလကို အားမရ ဖြစ်နေပြန်၏။ အကြောင်းမှာ မင်းတစ်ပါးက အဖိုးတစ်ထောင်ထိုက်တန်သော ရွှေပန်းကုံးတစ်ကုံးကို ဓနဉ္စယကောရဗျမင်းကြီးကို ဆက်သလေရာ မင်းကြီးက အမြတ်နိုးဆုံးအရာ ဖြစ်သည့်အတွက် မသုံးရက်ဘဲ မယ်တော်ကို ပူဇော်၏။ မယ်တော်ကား ပန်လည်း မပန်၊ နှံ့သာလည်း မလိမ်းဘဲ နေလေရာ ဓနဉ္စယကောရဗျမင်းကြီး၏ မိဖုရားခေါင်ကြီးအား ပေးလိုက်လေ၏။

ဤသို့ပေးပြီးခါမှ ငါ့ထက် အသက်ကြီးသူများကိုသာ ပေးသင့်ပါလျက် အသက်ငယ်သော ချွေးမကိုသာ ပေးလိုက်မိ၍ ငါသည် မပြုအပ်သည် ပြုခြင်းကြောင့် သီလပျက်သည်ဟု ကုက္ကုစ္စဖြစ်ကြောင်း ရှင်းပြ၏။

ထိုအခါ ပုဏ္ဏားတို့က မိမိဥစ္စာ ဖြစ်သွား၍ မိမိပေးချင်သူကို ပေးခြင်းမှာ အပြစ်မရှိဟုဆိုကာ မယ်တော်ထံမှ ဂုရုဓမ္မတရားကို ကူးယူကာ မယ်တော်မှ သီလစင်ကြယ်ဆုံးဟု ညွှန်ပြလိုက်သော ချွေးမတော်ထံသို့ သွားကြပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ချွေးမတော်ထံသို့ ပုဏ္ဏားတို့ ရောက်သောအခါတွင် ချွေးမတော်က အိမ်ရှေ့မင်းသည် ဆင်စီး၍ မြို့ကို လှည့်လည်လာသည့်တွင် လေသာပြူတင်းမှ လှမ်းမြင်စဉ်ခဏ အိမ်ရှေ့မင်းကို အခုကတည်းက မိတ်ခွေဖွဲ့ထားသင့်၏။ နောင်အခါ သူ့နောင်တော် နတ်ရွာစံပါက ငါ့ကို သိမ်းပိုက်ယူပေမည်ဟု စိတ်ကူးမိခဲ့၏။ လင်သားရှိလျက် ထိုအတွေးမျိုး တွေးမိသောကြောင့် ငါ့သီလကို အားမရပါ။ အိမ်ရှေ့မင်းထံမှ သီလကိုသာ ယူကြပါဟု ညွှန်ကြားပြန်၏။

ပုဏ္ဏားတို့လည်း ကြည့်မိရုံမျှဖြင့် သီလမပျက်နိုင်ပါဟုဆိုကာ ချွေးမတော်ထံမှ ဂရုဓံတရားကို ကူးယူကာ အိမ်ရှေ့မင်းထံ ရောက်ကြပြန်၏။

အိမ်ရှေ့မင်းသည် မြင်းရထားစီး၍ ဘုရင့်ထံသို့ အခစားဝင်လေ့ရှိ၏။ အခြွေအရံများကလည်း လျှောက်လိုက်ကြရ၏။ အိမ်ရှေ့မင်းနန်းတော်တွင်း ဝင်သွားသောအခါ အခြွေအရံများက ရထားဘေးတွင် ရပ်လျက် စောင့်နေကြရ၏။ အိမ်ရှေ့မင်းသည် သင်္ကေတတစ်ခု ပြုထား၏။ ဘုရင့်ထံ၌ အိပ်မည်ဆိုပါက နှင်တံကို ရထားဦး၌ ထားခဲ့သည်ကို တွေ့ရလျှင် အိမ်ရှေ့မင်းသည် ဘုရင့်ထံ၌ အိပ်မည်ကိုသိကြ၍ ကိုယ့်အိမ်ကိုယ် ပြန်ကြပြီး မနက်မှ လာကြရ၏။ ရထားတွင်း၌ နှင်တံကို ထားခဲ့လျှင်မူ အိမ်ရှေ့မင်း ချက်ချင်းပြန်မည်ကို သိကြသောကြောင့် ဘယ်မှမသွားဘဲနှင့် ရထားဘေး၌သာ ရပ်စောင့်ကြ၏။ တစ်ခါသွင် အိမ်ရှေ့မင်းသည် ချက်ချင်းပြန်လာမည့် အကြံနှင့် နှင်တံကို ရထားတွင်း၌ထားကာ ဘုရင့်ထံသို့ ဝင်၏။ အခြွေအရံများကလည်း မကြာမီ အိမ်ရှေ့မင်း ပြန်လာမည်ဟု၍ ရထားဘေးတွင် ရပ်လျက် စောင့်ကြ၏။ အိမ်ရှေ့မင်း ဘုရင့်ထံ အခစားဝင်ပြီး မကြာမီ မိုးသည်းထန်စွာ ရွာ၏။ ထိုအခါ ဘုရင်က အိမ်ရှေ့မင်းကို ပြန်ထွက်ခွင့်မပေးဘဲ နန်းတော်မှာ အိပ်ခိုင်း၏။

အိမ်ရှေ့မင်းလည်း အခြွေအရံများကိုမေ့ကာ အိပ်လိုက်၏။ အခြွေအရံများကား အိမ်ရှေ့မင်း ပြန်ထွက်လာမည့်အထင်ဖြင့် ဘယ်မှမသွားရဲဘဲ မိုးရွာထဲတွင် တစ်ညလုံးစောင့်နေကြရ၏။ မိုးလင်းသောအခါမှ သူ့လူများ စောင့်နေသည်ကို အိမ်ရှေ့မင်း သိရ၏။ ထို့ကြောင့် ... ထိန်းသော ဂရုဓံတရားကို အားမရကြောင်း ပုရောဟိတ်ကသာ သူ့ထက်ပို၍ ဂရုဓံတရား ထိန်းသိမ်းကြောင်း ပြောပြ၏။

ပုဏ္ဏားတို့ကလည်း အခြွေအရံတို့အား ပင်ပန်းစေဟူသော စိတ်မရှိသည့်အတွက် သီလမပျက်ပါဟု ပြောဆိုပြီး ဂရုဓံတရားကူးယူ၍ ပုရောဟိတ်ထံသို့ သွားကြ၏။

ပုရောဟိတ်သည် တစ်နေ့တွင် မင်းထံသို့ အခစားသွားစဉ် မင်းတစ်ပါးက ကောရဗျမင်းကြီးအား ဆက်သလိုက်သော ရထားကြီးတစ်စီးကိုမြင်ရာ ငါသည် အိုမင်းပြီ။ မင်းက ဤရထားကို ငါ့အား ပေးပါက ချမ်းသာစွာ သွားလာနိုင်မည်ဟု တောင့်တမိ၏။ နန်းတော်သို့ ရောက်သောအခါ ရှင်ဘုရင်ကလည်း ရထားကို ပုရောဟိတ်အား ပေးလေ၏။ သို့သော် ပုရောဟိတ်ကား လက်မခံတော့ပေ။ သူတစ်ပါးဥစ္စာ၌ တပ်မက်စွဲလမ်းမိသောကြောင့် ငါ၏ ဂရုဓံသီလသည် ပျက်ပြီဟု ယူဆသောကြောင့် ဖြစ်၏။ ထို့ကြောင့် ပုဏ္ဏားတို့အား ငါ့ထံမှ ဂရုဓံတရားကို မယူကြဘဲ ငါ့ထက်ပို၍ စင်ကြယ်သော ကြိုးတိုင်းအမတ်ထံမှ သွားယူကြရန် ညွှန်းပြန်၏။

ပုဏ္ဏားတို့လည်း စိတ်ထဲက လိုချင်မိရုံမျှဖြင့် သီလမပျက်နိုင်ပါဟုဆိုကာ ပုဏ္ဏားကြီးထံမှ ဂရုဓံတရားကို ယူ၍ ကြိုးတိုင်းအမတ်ထံ သွားကြပြန်၏။

ကြိုးတိုင်းအမတ်ထံသို့ ရောက်သည်တွင် ကြိုးတိုင်းအမတ်က တစ်နေ့တွင် ကျွန်ုပ်သည် လယ်မြေတစ်ခုကို တိုင်းတာပေးရ၏။ အပိုင်းအခြား အမှတ်အသား လှံတံစိုက်ရမည့်နေရာ၌ ပုစွန်တွင်းတစ်တွင်းရှိ၏။ ပုစွန်တွင်းထဲသို့ လှံတံကို တည့်တည့်စိုက်ပါမှ နေရာမှန်ရောက်မည်ဖြစ်၏။ ထိုသို့စိုက်လျှင် တွင်းထဲရှိ ပုစွန်များ သေနိုင်၏။ ပုစွန်တွင်း၏ သည်ဘက် တိုးစိုက်လျှင် သူကြွယ်ဥစ္စာ နစ်နာသွားနိုင်၏။ ပုစွန်တွင်း၏ ဟိုဘက်သို့ တိုးစိုက်လျှင် ဘုရင်၏ဥစ္စာ နစ်နာနိုင်၏။ ကျွန်ုပ် ကြိုးတိုင်းအမတ်သည် စဉ်းစားရကျပ်လှ၏။ နောက်ဆုံးတွင် ပုစွန်တွင်း မျက်နှာဝကို သေချာလေ့လာကြည့်ရာ ပုစွန်ရှိသော အခြေအနေ မမြင်ရသဖြင့် တွင်းထဲသို့ လှံတံကို ထိုးစိုက်ချလိုက်၏။ ထိုအခါ တွင်းထဲမှ အသံကြားရလေရာ ငါ့လှံတံထိုးမိ၍ ပုစွန်များ သေလေပြီလားဟု သံသယဖြစ်ကာ ကျွန်ုပ်၏ ဂရုဓံတရားအပေါ် စိတ်မချဖြစ်မိသည်ဟု ပြောပြ၏။

www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်ရာ ရထားထိန်းထံသွား၍ ဂရုဓံတရားကို ယူကြရန် ညွှန်လိုက်၏။

ပုဏ္ဏားတို့လည်း ကြိုးတိုင်းအမတ်ထံမှ ဂရုဓံတရားကိုယူ၍ ရထားထိန်းထံ လာခဲ့ကြပြန်၏။

ရထားထိန်းသည်လည်း တစ်နေ့သောအခါတွင် မင်းကို ဥယျာဉ်မှ နန်းတော်သို့ ပြန်ပို့ရ၏။ နေဝင်ချိန်တွင် မိုးရိပ်များ တက်လာသဖြင့် ရွာမည့်ဟန် ပြင်သည်ကိုတွေ့ရသော ရထားထိန်းက မင်းကြီး မိုးမမိစေရန် သိန္ဓောမြင်းတို့ကို နှင်တံဖြင့်တို့၍ မြန်မြန်မောင်းနှင်လေ၏။ သိန္ဓောမြင်းကိုလည်း အပင်ပန်းခံကာ ပြေးကြ၏။ ထိုနေ့မှစ၍ သိန္ဓောမြင်းတို့သည် ထိုနေရာသို့ရောက်တိုင်း နှင်တံဖြင့်တို့သည်ဖြစ်စေ၊ မတို့သည်ဖြစ်စေ အားကုန်ပြေးကြရာ ပင်ပန်းခြင်းသို့ ရောက်ကြရ၏။ သည်အတွက် ငါစောင့်ထိန်းသော ဂရုဓံတရား ပျက်ရလေပြီဟု ဆို၏။

ပုဏ္ဏားတို့က ရထားထိန်းသည် မြင်းတို့အား ပင်ပန်းစေလိုသည့် စိတ်မရှိ၍ အပြစ်မရှိပါဟုဆိုကာ ရထားထိန်းထံမှ ဂရုဓံတရားကို ယူကြ၏။ ထိုအခါ ရထားထိန်းက သီလစင်ကြယ်သော သူဌေးကြီးထံသို့ ညွှန်လိုက်သဖြင့် ပုဏ္ဏားတို့သည် သူဌေးကြီးထံသို့ ရောက်ကြ၏။

သူဌေးကြီးသည်လည်း တစ်နေ့သောအခါတွင် သလေးစပါးခင်းသို့ သွား၍ကြည့်ပြီး အပြန်တွင် သလေးစပါးပန်းကို ပန်အံ့ဟု ချူးဆွတ်ကာ ဦးသျှောင်၌ ပန်ဆင်၏။ ပန်ပြီးသောအခါတွင်မှ ငါသည် ဤလယ်မှ ဘယ်သို့ တစ်ဖို့ကို မင်းအား မဆက်သွင်းရသေး။ မဆက်သွင်းရသောလယ်မှ စပါးနှံပန်းကို ယူမိသည့်အတွက် ငါ၏ဂရုဓံတရား ပျက်ပြီဟု ကုက္ကုစ္စဖြစ်၏။ သို့ဖြစ်ရာ သူ့ထံမှ ဂရုဓံတရား မယူဘဲ တင်းခြင်အမတ်ထံမှ ဂရုဓံတရားကို ယူရန် ညွှန်၏။

ပုဏ္ဏားတို့လည်း ခိုးလိုသောစိတ်မရှိ၍ သူဌေးကြီး၌ အပြစ်မရှိပါဟုဆိုကာ သူဌေးကြီးထံမှာ ဂရုဓံတရားကို ယူ၍ တင်းခြင်အမတ်ထံသို့ သွား၏။

တင်းခြင်အမတ်သည်လည်း သူကြွယ်တစ်ယောက်၏လယ်မှ ထွက်သောစပါးတို့ကို အပုံကြီးများ ပုံစေလျက် ဘုရင်အတွက် စပါးတို့ကို ခြင်ယူလျက်ရှိ၏။ ထိုအချိန်တွင် မိုးသည်းထန်စွာ ရွာလာသဖြင့် တင်းခြင်အမတ်သည် အမြန်ရေတွက်မှတ်သားကာ မိုးလွတ်ရာသို့ ပြေးသွား၏။ မိုးစဲမှာစိုး၍ အမြန်ရေတွက်ရသောကြောင့် မှားယွင်းသွားလျှင် သူကြွယ်ဘက်ကသော်လည်းကောင်း၊ မင်းဘက်ကသော်လည်းကောင်း ထိခိုက်နိုင်၏။ သို့အတွက် ကျွန်ုပ်ထံမှ ဂရုဓံသီလကို မယူဘဲ သီလစင်ကြယ်သော မြို့တံခါးစောင့်ထံမှ ယူရန် ပြော၏။

ထိုအခါ ပုဏ္ဏားတို့က ခိုးလိုသောစိတ် မရှိသည့်အတွက် အပြစ်မဖြစ်နိုင်ပါဟုဆိုကာ တင်းခြင်အမတ်ထံမှ ဂရုဓံသီလကို ကူးယူ၍ မြို့တံခါးစောင့်ထံ သွားကြပြန်၏။

တံခါးစောင့်သည်လည်း တစ်နေ့သောအခါတွင် မြို့အဝင် နောက်ကျနေသော မောင်နှမနှစ်ယောက်ကို လင်မယားအနေမှာထား၍ ငေါက်ငမ်းမိ၏။ ထိုအပြစ်ကြောင့် သူ၏ ဂရုဓံသီလ မစင်ကြယ်၍ သီလစင်ကြယ်သော ပြည့်တန်ဆာမထံသို့ ညွှန်၏။

ပုဏ္ဏားတို့က တံခါးစောင့်အား မသိ၍ ပြောခြင်းအတွက် အပြစ်မရှိနိုင်ဟုဆိုကာ တံခါးစောင့်ထံမှ ဂရုဓံသီလကို ကူးယူ၍ ပြည့်တန်ဆာထံသို့ လာကြ၏။

ပြည့်တန်ဆာမသည်လည်း တစ်နေ့သောအခါ သိကြားမင်းသည် လုလင်ယောင် ဖန်ဆင်း၍ ငွေတစ်ထောင်ပေးကာ ပျော်ပါးမည့်နေ့ကို မပြောဘဲ နတ်ပြည်သို့ ပြန်သွား၏။ ထို့ကြောင့် နောက်ပျော်ပါးမည့်သူများကို လက်မခံဘဲ စောင့်မျှော်နေသည်မှာ သုံးနှစ်ကြာသွားလေပြီ။ တစ်ယောက်သောသူထံမှ ငွေကို လက်ခံပြီးလျှင် ထိုသူ၏ ခေတ္တမယား ဖြစ်သွား၏။ ထိုသူနှင့် ကိစ္စမပြီးသေးဘဲ တခြားသူနှင့် ဆက်ဆံလျှင် ကာမေသုမိစ္ဆာစာရကံ ပျက်၏။ ထိုသို့ မပျက်လို၍ သိကြားမင်းကို သုံးနှစ်ကြာအောင် စီးပွားပျက်ခံပြီး စောင့်နေခြင်း ဖြစ်၏။

သုံးနှစ်ရှိ၍ မလာသောအခါ စားသောက်စရာ မရှိတော့လောက်အောင် ဆင်းရဲနေပြီဖြစ်၍ တရားဆုံးဖြတ်သော အမတ်များထံ အဆုံးအဖြတ်ခံရာ အမတ်များက သုံးနှစ်စေ့၍ မလာလျှင် တခြားယောကျ်ားနှင့် ဆက်ဆံနိုင်သည်ဟု ဆုံးဖြတ်ပေးသောကြောင့် အိမ်သို့ ပြန်ခဲ့၏။ အိမ်သို့ရောက်လျှင် အသင့်စောင့်နေသော ယောကျ်ားတစ်ယောက်က ပျော်ပါးခွင့် ငွေတစ်ထောင်ကို ပေးလေရာ လက်ခံရန် လက်လှမ်းလိုက်စဉ်မှာပင် သုံးနှစ်အလွန်က ငွေပေးထားသော ယောကျ်ားသည် ပေါ်လာ၏။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com

ပြည့်တန်ဆာမသည် သီလအပျက် မခံလိုသဖြင့် ငွေယူရန် ဆန့်ထားသောလက်ကို ပြန်ရုပ်သိမ်းလိုက်လေ၏။

ထိုအခါ ပြည့်တန်ဆာမ၏ သီလဂုဏ်ကို ပေါ်လွင်စေလိုသော သိကြားမင်းသည် ကောင်းကင်၌ နေလုလင်ကဲ့သို့ ထွန်းပစေပြီးလျှင် စုရုံးလာကြသော ပြည်သူများအား ပြည့်တန်ဆာမကို စံနမူထား၍ ငါးပါးသီလဂရုစံကို စောင့်ထိန်းကြရန် ဩဝါဒပေး၍ ဖယ်ခွာသွား၏။ ပြည့်တန်ဆာမ၏ အိမ်ဝိုင်းတစ်ခုလုံးကိုလည်း သီလကိုပူဇော်သည့်အနေဖြင့် ရတနာခုနစ်ပါး အပြည့်ထည့်ပေးခဲ့လေ၏။ ထိုကဲ့သို့ ဒုတိယလူပေးသော ငွေကိုယူရန် လက်လှမ်းမိခဲ့သည့်အတွက် မိမိ၏ ဂရုစံသီလကို အားမရပါဟု ဆိုကာ ပြည့်တန်ဆာမက ဂရုစံသီလကို ပေးရန်ငြင်းဆန်၏။

ထိုအခါ ပုဏ္ဏားတို့က အံ့ဩဖွယ်ရှိလေစွ၊ မယူမိသေးသည်ကို ယူမိသကဲ့သို့ ကုက္ကုစ္စဖြစ်ကြ၏။ ထိုသို့သောသူများအတွက် သီလကို ကိုယ်ထိလက်ရောက် လွှဲကျူးမှုအတွက် ဘယ်လိုမှ မဖြစ်နိုင်တော့ပေ။

သို့ဖြစ်ရာ ဂရုစံသီလစင်ကြယ်သော ပြည့်တန်ဆာမထံမှ ပုဏ္ဏားတို့သည် ကူးယူခဲ့ကြပြီး ဒန္တပူရတစ်မြို့လုံးကိုလည်း ဂရုစံတရားများ စောင့်ထိန်းကြရန် ထပ်ဆင့်ဝေငှပေးခဲ့ကြ၏။ ဤသို့ ငါးပါးသီလကို စောင့်ထိန်းနိုင်ခဲ့ကြသောကြောင့် ဒန္တပူရတစ်မြို့လုံး မိုးလေဝသကောင်းကာ ဆန်ရေစပါး ပေါများသွားကြ၏။

ဗုဒ္ဓမြတ်စွာကလည်း ငါးပါးသီလကို စောင့်ထိန်းခြင်းဖြင့် ပစ္စက္ခဘဝတွင်လည်း ကောင်းကျိုးချမ်းသာ ရရှိစေသကဲ့သို့ သံသရာတွင်လည်း လူချမ်းသာ၊ နတ်ချမ်းသာနှင့် နိဗ္ဗာန်ချမ်းသာအထိ ရရှိနိုင်ကြောင်း ဟောကြားထားပါ၏။

ထို့ကြောင့် ခုနစ်နေ့သားသမီးများအနေဖြင့် ကိုယ်ကျင့်သီလ စောင့်ထိန်းနိုင်ကြစေရန် စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ရပါ၏။


**ချစ်မင်းသူ**

<u>ကိုးကား</u>

* မေတ္တာရှင်(ရွှေပြည်သာ)၏ သီလအံ့စွမ်း အံ့မခန်း။


နှလုံးတိုက်ခုန်၊ ရင်ခုန်၊ မူးမော်သူများအတွက်

# နှန်းထိပ်တင်



နှလုံးခုန်နှုန်း မမှန်ခြင်း၊ နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်မြို့တ်စွာ အိပ်မရခြင်း၊ အိပ်ရာမှနိုးစတွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်းမှိုင်းခြင်း၊ အသားအရေ မွဲခြောက်ပိန်လှီခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ နှလုံးနှင့်ပတ်သက်သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေ စိုပြေကြည်လင် လုပ်နေမှု ကျန်းမာသက်ရှည်ပါမည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၉/၂၀၁၀ တဆငထလ(၂၀၂၆)
ယာယီဆေးဝါးမှတ်ပုံတင်အမှတ် - ၀၂၁၃ Y ၀၁၀၁၇၈
ကြော်ငြာခွင့်ပြုချက် - ၂၃၁/၁၀၁၃ [တဆထက(တနယ်ဖင်း)]

**နှလုံးအားတိုးဆေး**

ပင်ရင်း နှန်းထိပ်တင်ဆေးဆိုင် - တိုက်(၅)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၉၂၀၀၀၉၉၇၊ ☎ (၀၁)၂၁၁၈၈၃
ရန်ကုန် ငြိမ်းချမ်းမာဆေးမျိုးစုံဆိုင် - ဆိုင်အမှတ်(B-50. 51) ရွှေပြည့်စုံဈေး (ဒုတိယထပ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၉၄၂၁၀၀၇၇၈၃၊ ၀၉၄၂၀၁၈၀၂၃၀
မန္တလေး ဦးအေးမြင့် မြန်မာဆေးမျိုးစုံဆိုင် - ရောင်းဝယ်ရေး/E ရုံ(သဖင်ရုံ)၊ အမှတ်-၉၆(မြေညီထပ်)၊ ဈေးချို၊ မန္တလေးမြို့။ ☎ (၀၂)၃၁၀၈၀


www.burmeseclassic.com

www.burmeseclassic.com

သည်လအတွက် လယ်တီဆရာတော်ကြီးနှင့် ဆည်ကြီးဆရာတော်တို့၏ မေတ္တာအကြောင်းကို တင်ပြလိုသည်။

# ပရမတ်မေတ္တာ

လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိကို ဖတ်ဖူးသည်မှာ ကြာခဲ့ပြီ။ ထို့ကြောင့် လုံးစေ့ပတ်စေ့ မမှတ်မိတော့ပေ။ သို့သော်လည်း ဝါသနာအလျောက် မေတ္တာနှင့်ပတ်သက်သော အကြောင်းအရာများကို ကောင်းစွာပင် မှတ်မိနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

လယ်တီဆရာတော်နှင့်ပတ်သက်သော မေတ္တာ ဘာ ဒနော့ အကြောင်းသည်လည်း များပြားလွန်းသည်။ ဤ၌ လယ်တီဆရာတော်၏ တပည့်ကြီးနှစ်ပါး ဖြစ်တော်မူသော သေက္ခတောင် ဆရာတော်နှင့် ဆည်ကြီးဆရာတော်တို့၏ အကြောင်းနှင့် ပတ်သက်သော မေတ္တာအကြောင်းကိုပင် တင်ပြလိုသည်။ ထိုအကြောင်း နှစ်မျိုးသည်လည်း အလွန် အခင်း စိတ်ဝင်စားဖွယ် ကောင်းသည်။

မေတ္တာအကြောင်းကို မစတင်မီ လယ်တီဆရာတော် နှင့် ထိုတပည့်ကြီး နှစ်ပါးတို့၏ အကြောင်းကိုလည်း အထိုက်အလျောက် ဖော်ပြရန် သင့်မည်ဟု ထင်သည်။

လယ်တီဆရာတော်ကြီး မုံရွာ လယ်တီကျောင်းတိုက် ကြီးကို တည်ထောင်ပြီးနောက် တပည့်ပေါင်း မြောက်မြား စွာ ပေါ်ထွန်းခဲ့သည်။ ထိုထိုတပည့်ပေါင်း မြောက်မြား စွာတို့အထဲမှ သေက္ခတောင်ဆရာတော် လောင်းလျာနှင့် ဆည်ကြီးဆရာတော် လောင်းလျာတို့လည်း ပါဝင်ကြလေ သည်။

ဆည်ကြီးဆရာတော် လောင်းလျာမှာ လူ့ဘဝ၌ နေ ခဲ့စဉ် မိုးကုတ်ကျောက်တွင်းပိုင်ရှင် သူဌေးဖြစ်နိုင်ကြောင်း မှတ်သားဖူးသည်။ သို့သော်လည်း လောကီစည်းစိမ်ကို အမှုထားမဲ့ ခဏသာ့တည်ပြီး ညွှဲ့သည့်မျှ သဘောထား ခြင်း အဓါယ်မကင်းသော ဘဝသည် ဘဝကောင်းမဟုတ်။

ဓာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတို့ ရောပြွန်း၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘတည်းဟူသော ဘဝနှင့် ခန္ဓာများ ထိုသော ထုပ်ခါတလဲလဲ ရနေဦးမည်ကို ကြိုတွေးကာ ကြည်သော အသိနှင့် ဉာဏ်ပညာ ရှိခြင်းတို့ကြောင့် သနှင့် သံသရာကိုမလို၊ တိုတိုနှင့်ဖြတ်လိုသော သဘော ဖြင့် ပြည့်ဝပါရှိသဖြင့် ရဟန်းဘဝကို ရယူလာသော ကောင်းသူမြတ်တို့၏ လက္ခဏာနှင့် ပြည့်စုံ၍ ပိဋကတ် ကျော် လယ်တီဆရာတော်ဘုရားကြီး၏ အားကိုးရသည့် တပည့်မြတ်တစ်ပါး ဖြစ်လာခဲ့သည်။ ဘွဲ့တော်မှာ ဦးဇဝန ဖြစ်သည်။

ဆည်ကြီးဆရာတော်၏ အကြောင်းခြင်းရာနှင့် ပတ် သက်၍ များများစားစား မှတ်သားဖွယ် မရှိပေ။ ဤ၌ လည်း လိုရင်းအကျဉ်းမျှသည်သာ ဖစာနကျသည်။

သေက္ခတောင်ဆရာတော် လောင်းလျာမှာ ဦးတိ လောကဖြစ်ပြီး မင်းတုန်းမင်းတရားကြီး၏ အဆက်အနွယ် ဟု ထင်သည်။ မင်းမျိုးမင်းနွယ် သူဌေးမျိုး သူဌေးနွယ် ဟု ဆိုထားသည်။ ဉာဏ်ပညာနှင့် ဖွဲ့ဝီရိယ အလွန်ထက် မြက် ကောင်းမွန်သည်။

ရဟန်း(၃)ဝါရကပင် သင်ရိုးပိဋကတ်ကုန်သည်။သာ မန်မျှ ကုန်ရုံးမဟုတ်ဘဲ ပိဋကတ်တော်ကိုလည်း ကျွမ်း ကျင်ပိုင်နိုင်စွာ တတ်မြောက်သည်ဟု ဆိုသည်။မြန်မာ နိုင်ငံ၏ စာတတ်အမော် အရှင်အာဒိစ္စက 'ပုဂံခေတ်နောက် ပိုင်း ဒီဆရာ,တပည့် စာအတတ်ဆုံး' ဟု လယ်တီဆရာ တော်နှင့် သေက္ခတောင်ဆရာတော်တို့အား ချီးမွမ်းခဲ့ဖူး ကြောင်း မှတ်သားဖူးသည်။

သေက္ခတောင်ဆရာတော်လောင်းလျာ ဦးတိလောက သည် သင်ရိုးပိဋကတ် ကုန်ပြီးနောက် စာချရင်း ပဋ္ဌာနဒီတ ဝေဒနီယ စသော ကျမ်းကြီး ကျမ်းကောင်းများကို စတင် ရေးသားတော်မူသည်။ ဖွဲကြီးသော ပုဂ္ဂိုလ်ဖြစ်သည့် အလျောက် နေ့မနား ညမနား ရေးသားတော်မူ၍ မျက်လုံး နှစ်ဖက် ရောင်ရမ်းကာ သွေးတောက်တောက်ကျလေ သည်။

ထိုအဖြစ်ကို လယ်တီဆရာတော်ဘုရားကြီး သိတော် မူ၍ ဦးပဥ္စင်းတစ်ပါးအား ဦးတိလောက၏ အခန်းထဲမှ ပေထုပ်နှင့် ကညစ်ကို သိမ်းခိုင်းလိုက်ပြီး အနားသို့ခေါ်ကာ ဤသို့ မိန့်တော်မူသည်။

'မောင်တိလောက မင်း စာရေး၊ စာချကို ရပ်ထား ပြီး တရားပဲ အားထုတ်ပါ။ ဒီအတိုင်း စာဆက်ရေးနေရင် လည်း မင်း မျက်စိမျက်လိမ့်မယ်' ဟု မိန့်တော်မူကာ ကျောင်းတိုက်ကြီး၏ တောစပ်၌ သစ်ခက်ကျောင်းလေး တစ်ကျောင်းကိုလည်း ဆောက်လုပ်ပေးလိုက်သည်။

ဦးတိလောကကား သိပ်ပြီးကျေနပ်ပုံမရပေ။ သို့သော် လည်း ဘာမျှပြန်မပြောဘဲ ဆရာတော်ကြီး ညွှန်ကြားတော် မူသည့်အတိုင်း တရားအားထုတ်လေသည်။

တစ်ညသောအခါတွင် လယ်တီဆရာတော်ကြီးသည် ခြေညောင်းလက်ညာဆန့်ရင်း စင်္ကြံလျှောက်လေ့ရာ ဦး တိလောက သစ်ခက်ကျောင်းလေးဆီက အရောင်အဝါ များ လင်းထိန်နေသည်ကို မြင်တော်မူ၍-

'ဒီကိုယ်တော် ရဟန္တာဖြစ်သွားလို့များ နေတာ၊ သိ ကြား၊ ဗြဟ္မာတွေ လာဖူးကြလေသလား' ဟူသော အတွေး ဖြင့် အနီးအနားသို့ ကပ်ရောက်ပြီး တောကျောင်းလေးထဲ

www.burmeseclassic.com

ကို ငုံ့ကြည့်လေရာ ထိုင်လျက် တရားအားထုတ်ရင်း ဖျာပေါ်မှ နှစ်တောင်ခန့်ကြွပြီး အရောင်အဝါများ လင်းထိန်နေသည်ကို တွေ့ရလေသည်။

(ဤသည်မှာ ရဟန္တာဖြစ်၍ မဟုတ်ပေ။ လောကီရျာန် အဘိညာဉ်တို့၏ သဘောမျှဟု ဆိုရမည်။)

လယ်တီဆရာတော်ဘုရားကြီးလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကာ မနက်လင်းသည်နှင့် ဦးတိလောကအား ခေါ်တော်မူပြီး-

'မောင်တိလောက၊ မင်း ငါ့ကျောင်းနဲ့ မတန်တော့ဘူး။ တစ်နေရာကို သွားပေရော့'ဟု မိန့်တော်မူသည်။

ဤတွင်လည်း ဦးတိလောက၏ စိတ်ထဲတွင် အဖုအထစ်ဖြစ်သည်ဟု ဆိုကြသည်။

ထို့နောက် လယ်တီဆရာတော်ဘုရားကြီးက-

'မင်း ငါ့ဆီ ဘယ်တော့ပြန်လာမလဲ'

မေးမြန်းလေရာ-

'ကောင်းကင်ကသော်လည်းကောင်း၊ မြေကြီးထဲကသော်လည်းကောင်း လာနိုင်မှ လာပါမည်'ဟု လျှောက်ထားခဲ့သည်။

လောကုတ္တရာရျာန်အဘိညာဉ် သမာပတ်ကို ရရှိပြီးမှ လာပါမည်ဟု လျှောက်ထားရာရောက်သည်။

ဖွဲကြီးသော ပုဂ္ဂိုလ်တို့၏ သဘောကို ဖော်ပြလေသည်။ ဦးတိလောက ကိုယ်တိုင်လည်း ရျာန်အဘိညာဉ်ကို အားကျဟန် ရှိသည့်အကြောင်း ထေရုပ္ပတ္တိတွင် ဖော်ပြထားသည်။

ထို့နောက် ဦးတိလောကသည် ကျိုက်ထိုမြို့ကို ဝေါဇရဂါမ်ပြုလော့က်သော တောတစ်နေရာကို ရွေးချယ်ပြီး သီတင်းသုံးတော်မူသည်။ အချိန်ရှိစဉ်ကပင် နွေရာသီ စာဝါနားတိုင်း ဦးတိလောက တောရှာလေ့ရှိကြောင်း သိရသည်။ ထို့ကြောင့်လည်း ဤတောသို့ တန်းပြီး ကြွလာပုံရသည်။

သူ၏ တောကျောင်းနှင့် ပတ်ဝန်းကျင်ကို သေကျွတောင်ဟု သညာပြုသည်။ တရားကျင့်ဆဲ သေကျွပုဂ္ဂိုလ်တို့၏ ကျင်လည်ရာတောဟု ဖွဲ့ဟန်ရှိသည်။

တစ်နေ့သောအခါတွင် လယ်တီဆရာတော်ဘုရားကြီး ကြွလာသည်။ လယ်တီဆရာတော်ဘုရားကြီးမှာ တပည့်ကြီးများရှိသည့် အရပ်ဒေသတိုင်းကို ကြွလေ့ရှိသလို မြန်မာနိုင်ငံ တစ်နံတစ်လျားကိုလည်း သပိတ်လွယ်ကာ ဓမ္မဒေသာ ကြွတော်မူလေ့ရှိသည်။

လယ်တီဆရာတော်ဘုရားကြီး ကြွတော်မူလာရာတွင် တပည့်ကြီးဖြစ်သော လယ်တီပဏ္ဍိတလည်း လိုက်ပါလာသည်။ (နောင်တွင် လူဝတ်လဲကာ လယ်တီပဏ္ဍိတ ဦးမောင်ကြီးဟု ထင်ရှားသည်။)

တပည့်ကြီးနှင့် ရက်အတန်ကြာ နေထိုင်သီတင်းသုံးပြီးနောက် ကျိုက်ထီးရိုးတောင်ပေါ်ကို ကြွသွားရာတွင်လည်း လယ်တီပဏ္ဍိတနှင့် သေကျွတောင် ဆရာတော်တို့ လိုက်ပါကြသည်။

ဆရာ၊တပည့် သုံးပါး တောလမ်းအတိုင်း ကြွသွား၍ လမ်းခုလတ် တောနက်တစ်နေရာသို့ရောက်လျှင် မှိန်ယိုနေသော တောဆင်ကြီး တစ်ကောင်နှင့် ပက်ပင်းတိုးမိကြလေသည်။

သေကျွတောင် ဆရာတော်နှင့် လယ်တီပဏ္ဍိတတို့က 'ဆရာတော်··ရှေ့မှာ ဆင်ကြီး၊ ဆင်ကြီး'ဟု အော်ပြော လျှောက်ထားပြီး သတိပေးကြသော်လည်း ဆရာတော်ဘုရားကြီးမှာ ဆက်၍ကြွမြဲအတိုင်းသာ ကြွနေလေသည်။

တောဆင်ကြီးလည်း ကျယ်လောင်စွာဖြင့် တစ်ချက်အော်ဟစ်လိုက်ပြီး နှာမောင်းကို ပါးစပ်ထဲသို့ ထည့်၍ ခေါင်းကိုမော့ကာ အမြီးကိုထောင်လျက် ရထားခေါင်းတွဲကြီးကဲ့သို့ လျင်မြန်သော အဟုန်ဖြင့် ပြေးလိုက်လာလေသည်။ လယ်တီဆရာတော်ကြီးကား တုတ်တုတ်မျှ မလှုပ်ဘဲ ကျောက်ရုပ်ကဲ့သို့ ရပ်တန့်၍သာ နေတော်မူသည်။

ထိုအချိန်၌ သေကျွတောင်ဆရာတော် ဦးတိလောကနှင့် လယ်တီဦးပဏ္ဍိတတို့မှာ ကြံရာမရဖြစ်ကာ နောက်ကြောင်းကို ပြန်ပြေး၍ လွတ်အံ့မထင်သောကြောင့် အနီးအနားတွင်ရှိသော သစ်ပင်ကြီးပေါ်ကိုသာ တက်ပြေးကြလေသည်။

တောဆင်ကြီးလည်း ဆရာတော်ကြီး၏ရှေ့ တစ်တောင်ခန့်တွင် ခေါင်းစိုက်ပြီး အစွယ်ကို မြေကြီးထဲသို့ ထိုးစိုက်လျက် တဂျိဂျိဖြင့် အော်နေလေသည်။ ဆရာတော်ကြီးသည်ကား တုတ်တုတ်မျှ မလှုပ်ပေ။

ထို့နောက် ဆရာတော်ကြီးက မေတ္တာပို့ ပွားများပြီး တရားဟောပြော ဆုံးမလိုက်မှ ခေါင်းတခါခါ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com

တလှုပ်လှုပ်ဖြင့် တောဆင်ကြီး နောက်ဆုတ်သွားလေသည်။ သို့မှ ဦးတိလောကနှင့် ဦးပဏ္ဍိတတို့လည်း သစ်ပင်ပေါ်မှ ဆင်းရဲကြလေသည်။

ထိုအချိန်ထိ ဆရာတော်ကြီးသည်ကား နေရာ၌ ရပ်တည်နေဆဲ ဖြစ်သည်။ ဦးတိလောကနှင့် ဦးပဏ္ဍိတတို့သည်း မျက်နှာကိုဝှက်ကာ ဆရာတော်ကြီး၏ အနားတွင်သာရပ်ကြသည်။

ဆရာတော်ကြီးက တစ်ချက်ပြုံးတော်မူပြီး-

'မောင်တိလောကနဲ့ မောင်ပဏ္ဍိတတို့ တယ်လည်း မေတ္တာတရား ကြီးမားကြသကိုးကွယ့်..ဟင်'

ဦးတိလောကနှင့် ဦးပဏ္ဍိတတို့သည်ကား သူ့အပြစ်နှင့်သူ တုတ်တုတ်မျှ မလှုပ်ရဲကြတော့ပေ။

လယ်တီဆရာတော်ဘုရားကြီးကို ပစ္စေကဗုဒ္ဓါနီးနီး ဉာဏ်ပညာရှိသည်။ စာတတ်အကျော်၊ မေတ္တာဓာတ်အရှိန်အဝါ ကြီးမားတော်မူသည် စသည်ဖြင့် လူပြန်တော်ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင် စသော လူပညာရှိများက ဆိုကြသော်လည်း ရဟန္တာဟူ၍ ဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိ၌ မတွေ့ရပေ။

ဖျဉ်းမနား လယ်တီစံကျောင်းတော်၌ ပျံလွန်တော်မူခါနီး တပည့်ကြီးများ၏ အထံမှ ပဋ္ဌာန်းတရားတော်ကို နာယူ၍ အပြီးတွင်-

'ကောင်းလိုက်တာကွယ်။ အဖမြတ်စွာဘုရား ကိုယ်တော်တိုင် ကြွပြီး ခေါင်းရင်းက ဟောပြောနေသလိုပါပဲ။ ဒီလည်း လူ့ပြည်မှာ စာချ၊ တရားဟောပြီးလို့ တာဝတိံသာကို တရားဟောကြွချိန်တန်ပြီကွယ့်'ဟု မိန့်တော်မူခဲ့သည်။

ထို့နောက် ကောင်းကင်မှ နတ်တူရိယာသံကို ကြားရသည့်အကြောင်း ထေရုပ္ပတ္တိမှာ ဖတ်မှတ်ရသည်။

ထို့ကြောင့် လယ်တီဆရာတော်ဘုရားကြီးသည် ရဟန္တာ မဟုတ်၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်။ မေတ္တာဓာတ် ကြီးမားတော်မူသော ဆရာတော်ကြီးတစ်ပါးသာ ဖြစ်သည့်အကြောင်း ကြည်ညိုရလေသည်။

* * *

ချင်းချောင်းနန်းတော်၌ လယ်တီဆရာတော်ဘုရားကြီး တရားဟောကြွားစဉ်က ဆည်ကြီးဆရာတော် ဦးဇဝနလည်း လိုက်ပါကူညီရသည်။

လယ်တီဆရာတော်ဘုရားကြီး ခရီးမြတ် ဒေသစာရီကြွချီရာ ဌာနတိုင်းကို တပည့်ကြီးများအား ခေါ်ယူလေ့ရှိသည်။ မိမိ၏ မြင့်မြတ်သော သာသနာပြု လုပ်ငန်းကြီးကို တပည့်ကြီးများအားလည်း အမွေဆက်၊ ပေးကမ်း၊ မျှဝေခြင်း၊ တစ်ထပ်တည်းကျအောင် ရယူစေလိုခြင်းတည်း ဟူသော သဘောဆန္ဒတို့ကြောင့်ဟု ယူဆရသည်။

တပည့်ကြီးများအား ရှေ့ထွက်တရားဟောစေခြင်း၊ သို့တည်းမဟုတ် ဆရာတော်ကြီးနှင့်တကွ တရားနာ ပရိသတ်များမှသည် အရပ်ဆယ်မျက်နှာနှင့် သုံးဆယ့်တစ်ဘုံတိုင်အောင် မေတ္တာဘာဝနာများကို ပို့ပွားစေခြင်း စသော လုပ်ငန်းကြီးများကိုသော်လည်း ပေးကမ်းခိုင်းစေထားလေ့ရှိသည်။

ယခု ချင်းချောင်းနန်းတော်ကြီး၌ တရားဟောရာတွင်လည်း မမြင်ရသော အနှောင့်အယှက်များ ရှိနေ၍ 'မောင်ဇဝန ငါ့ကို မှန်ကူကွက် ပေးစမ်းကွယ်'ဟု မိန့်တော်မူသည်။ မှန်ကူကွက်သည်ဟု ဆိုခြင်းမှာ ငါတစ်ဦးတည်းကို သီးသန့် မေတ္တာပို့ပေးပါ'ဟု ဆိုလိုဟန်ရှိသည်။

ထို့ကြောင့် ဆည်ကြီးဆရာတော် ဦးဇဝနလည်း ထိုည လယ်တီဆရာတော်ဘုရားကြီး တရားဟောပလ္လင်ပေါ်ကို ကြွတော်မူသည်နှင့် ပလ္လင်၏ နောက်မှနေ၍ ဆရာတော်ဘုရားကြီး တရားဟောပြီး၍ ရေစက်ချကာ ပလ္လင်ပေါ်မှ ဆင်းကြွတော်မူသည်အထိ မေတ္တာပို့ပွားနေလေသည်။

ဆရာတော်ဘုရားကြီးက 'မောင်ဇဝန၊ မင်းမေတ္တာသိပ်ကိုထိရောက်သကွယ့်။ ဘယ်လိုများ ပို့ပွားပါလိမ့်။ ငါ့လည်း မျှဝေပါဦး'ဟု မေးမြန်းတော်မူသည်။

'အကျယ့်ကနေ အကျဉ်းနည်းကို စသုံးပါတယ်ဘုရား။ ပြီးတော့မှ အကြည်ဓာတ်ခြောက်ပါးကို အမိအရကိုင်ပါတယ်'

'ဩော်..ဘယ်လိုများပါလိမ့်'

'ခါတိုင်းဆိုရင် ကိုယ်က စလို့ တဖြည်းဖြည်းချဲ့ပြီး သုံးဆယ့်တစ်ဘုံ အရပ်ဆယ်မျက်နှာနဲ့ စကြဝဠာတိုင်အောင် ပို့ပွားပါတယ်ဘုရား'

'အင်း..အဲဒီနည်းက ပို့ရိုးပို့စဉ်ကိုကွယ့်'

'ဒီညလည်း အစပိုင်းက ပို့ရိုးပို့စဉ်အတိုင်း ပို့ပွားပြီး နောက် ဆရာတော် တစ်ပါးတည်းကိုချည်း သီးသန့်



www.burmeseclassic.com

www.burmeseclassic.com

အကြည်ဓာတ် ခြောက်ပါးကို မရပ်မလပ် ပို့ပွားလို့ နေပါတယ်ဘုရား'

'ဪ..ဪ..အကြည်ဓာတ်ခြောက်ပါးက ဟုတ်ပါပြီ။ အဲဒီအကြည်ဓာတ် ခြောက်ပါးကို ဘယ်လိုများ ကိုင်သလဲ ဆိုတာလေးလည်း လျှောက်စမ်းပါဦးကွယ်'

'ဆရာတော် တစ်ကိုယ်လုံးကို မျက်စိအာရုံမှာ ထင်အောင်ကြည့်ပြီး မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဆိုပြီး အကြည်ဓာတ်ခြောက်ပါး (အာရုံခြောက်ပါး) လုံးကို အမိအရ ချုပ်ကိုင်ပြီး မရပ်မနား ပို့ပွားတာပဲ ဖြစ်တယ်ဘုရား'

**အကြည်ဓာတ်(၆)ပါး ပို့ပွားပုံ**

၁။ **စက္ခုဒွါရ**

ကြည့်တိုင်း အာရုံအားလုံးထင် ထင်ဟပ်မြင်လာသော ရူပါရုံ၊

မျက်စိအကြည်ဓာတ် အရာအားလုံးကို မျက်စိ၌ ထင်ဟပ်တိုင်း မြင်,သိသော မျက်စိဝိညာဏ် (မြင်၊ သိ၊ စိတ်) ဘေးရန်ခပ်သိမ်း ကင်းငြိမ်း၍ ချမ်းသာပါစေ။

၂။ **သောတဒွါရ**

နားထောင်တိုင်း အသံအားလုံး ထင်ဟပ်လာသော သဒ္ဒါရုံ၊

နားကြည်ဓာတ်၊ အသံအနား ထင်ဟပ်လာ၍ ကြားတိုင်းသိသော နားဝိညာဏ် (ကြား၊ သိ၊ စိတ်) ဘေးရန်ခပ်သိမ်း ကင်းငြိမ်း၍ ချမ်းသာပါစေ။

၃။ **ဃာနဒွါရ**

ရှူရှိုက်လိုက်တိုင်း ထင်ဟပ်လာသော ဂန္ဓာရုံ၊

နှာခေါင်းအကြည်ဓါတ်၊နှာခေါင်းဝိညာဏ် (နံ၊ သိ၊ စိတ်) ဘေးရန်ခပ်သိမ်း ကင်းငြိမ်း၍ ချမ်းသာပါစေ။

၄။ **ဇိဝှါဒွါရ**

စားစရာကို လျှာပေါ်တင်လိုက်တိုင်း ထင်ဟပ်လာသော ရသာရုံ၊

လျှာအကြည်ဓာတ်၊ ဇိဝှါဝိညာဏ် (စား၊ သိ၊ စိတ်) ဘေးရန်ခပ်သိမ်း ကင်းငြိမ်း၍ ချမ်းသာပါစေ။

၅။ **ကာယဒွါရ**

ထိစရာ ကိုယ်ကို လာထိတိုင်း ထင်ဟပ်လာသော ဖောဋ္ဌဗ္ဗာရုံ၊

ကိုယ်အကြည်ဓာတ်၊ ကာယဝိညာဏ် (ထိ၊ သိ၊ စိတ်) ဘေးရန်ခပ်သိမ်း ကင်းငြိမ်း၍ ချမ်းသာပါစေ။

၆။ **မနောဝိညာဏ်**

စိတ်ကူးကြံစည်လိုက်တိုင်း ထင်ဟပ်လာသော ဓမ္မာရုံ၊

စိတ်အကြည်ဓါတ်၊ မနောဝိညာဏ် (သိ၊ သည်၊ စိတ်) ဘေးရန်ခပ်သိမ်း ကင်းငြိမ်း၍ ချမ်းသာပါစေ။

(အကြည်ဓာတ် ခြောက်ပါးကို အရှင်သုစိတ္တ၏ အတွေ့မှ မေတ္တာမှ ကူးယူဖော်ပြသည်။)

'ဪ..ဪ..အေး..မင်း နည်းလေး ကောင်းလိုက်တာကွယ်။ အဘိဓမ္မာကို သင်ကြားဖူးရင် အာယတန၊ ဓာတ်၊ သစ္စာတွေကို တတ်ကြပေမယ့် အခုလို မင်း နည်းလေးကို မြင်တတ်ဖို့၊ ပို့တတ်ဖို့ မလွယ်ဘူးကွယ့်။ ဒါကြောင့် ငါ တရားဟောနေရင်း စိတ်နှလုံးတွေ ကြည်ရွှင်လာကာ တစ်ကိုယ်လုံး ပေါ့ပါးပြီး အပေါ်သို့ မြောက်နေသလိုတောင် ခံစားရလို့ ဒီည ထူးတယ်လို့ ပြောတာ'

မေတ္တာဘာဝနာကို ပို့ပွားကြသော ပုဂ္ဂိုလ်တို့သည် မိမိ၏ အကျိုးသက်ရောက်ခြင်း မရှိ။ သို့တည်းမဟုတ် အကျိုးသက်ရောက်ခြင်း အားနည်းနေသည်ဟု သိလျှင် ပိုမို၍ အကျိုးသက်ရောက်လိုပါမူ ဤနည်းအတိုင်း အကြည်ဓာတ်ခြောက်ပါး ပို့ပွားနည်းကို သုံးသင့်သည်။

ဟုတ်သည်။ ရံခါ မေတ္တာပို့သော်လည်း အကျိုးသက်ရောက်ခြင်း နည်းနေတတ်သည်။ မေတ္တာပို့သူက ကြိုးစားပြီး ပို့ပွားသလောက် မေတ္တာခံ ပုဂ္ဂိုလ်အတွက် အကျိုး မများတတ်ပေ။

အကြည်ဓာတ်ခြောက်ပါးနည်းဖြင့် ပို့ပွားပါမူကား မေတ္တာခံပုဂ္ဂိုလ်၏ တစ်ကိုယ်လုံးသည် ရုပ်လုံးကြွ၍ ပေါ် လာတတ်မြဲဖြစ်သည်။ ထိုအခါ တံငါသည်များ ပိုက်ကွန်ဖြင့် ငါး၊ ပုစွန်များကို အုပ်ဖမ်းသကဲ့သို့ အလုံးစုံ ခြုံငုံမိ၍ မေတ္တာခံ ပုဂ္ဂိုလ်အား များစွာပင် အကျိုးသက်ရောက်လေသည်။

ဤနည်းကို သုံးရာ၍ ချစ်သူများကိုထက် မုန်းသူ မသင့်မတင့် ရှိနေသူများကို ပို့ပွားရာ၌ ပို၍ပင် သင့်လေသည်။ မေတ္တာသမားများ ဤနည်းကို အသုံးတွေ



www.burmeseclassic.com

www.burmeseclassic.com

ဖော်သပ်ကြည့်သင့်သည်။

တစ်ခါက ခြံချင်းကပ်လျက် နေထိုင်ကြသော မိသား စုနှစ်စုတို့ အိမ်အရောင်းအဝယ်ကိစ္စဖြင့် မသင့်မမြတ် ဖြစ်ကြသည်။ အိမ်ရောင်းသည့်ဘက်က ဓာတ်ရှိသည်။ မကြာခဏ ဆိုသလိုပင် တစ်ဖက်သတ် ဆန်လွန်းသော ကြောင့် ပတ်ဝန်းကျင်နှင့် ပြဿနာဖြစ်လေ့ရှိသည်။

ယခုလည်း အိမ်ကို ရောင်းပြီးမှ အိမ်ပေါ်မှ ဆင်း ပေးဘဲ အိမ်ဝယ်သည့် မိသားစုကို ပြဿနာရှာကာ အောက်လမ်းနည်းဖြင့်ပင် တိုက်ခိုက်လေသည်။ ထို့ကြောင့် အိမ်ဝယ်သူ မိသားစုများမှာ အလွန်အမင်း စိတ်ထိခိုက်ရ သည့် အကြောင်းကို ဤစာရေးသူအား လာရောက်လျှောက် ထားကြ၍ သည်အကြည်ဓာတ် ခြောက်ပါးနည်းဖြင့် မေတ္တာပို့ပွားရန် စနစ်တကျ သင်ပေးလိုက်သည်။

ဟုတ်သည်။ မေတ္တာပို့ပွားနည်းကို သင်ပေးလိုက် ပြီး နောက် ခြောက်ရက်မြောက်နေ့တွင် အိမ်ဝယ်သူ အမျိုး သမီး ပြုံးပြုံးရွှင်ရွှင်ဖြင့်ပင် ပြန်ရောက်လာကာ အကြည် ဓာတ် ခြောက်ပါး မေတ္တာပို့ပွားသည့်နည်း အလွန်ထိ ရောက်သည့် အကြောင်းကို တစ်ခုချင်း ပြောပြသည်။

မေတ္တာ စပို့သည့်နေ့ကပင် အဆဲ၊ အကျိန် ရပ်တန့် သွားသည်ဟု ဆိုသည်။ ဒုတိယနေ့တွင် မေတ္တာပို့ပွားနေ ဆဲ၌ပင် သူ၏မျက်နှာ ကြည်ရွှင်လာသည်ကို မြင်လာရ သည်။ ထို့နောက် ပြုံးရောင်သန်းသည်များကိုလည်း ထူးထူးခြားခြား ပြတ်ပြတ်သားသား မြင်လာရသည်ဟု ပြောပြသည်။

နောက်နေ့များတွင် လူချင်း လမ်းမှာ တွေ့ကြလျှင် ရှက်ပြုံးဖြင့် ပြုံးပြသွားသည့်အကြောင်း၊ ထို့နောက် အား နာပြုံး၊ လေးစားပြုံးမှသည် ရိုသေပြုံး စသည်ဖြင့် တဖြည်း ဖြည်း ထူးခြားလာလေရာ ခြောက်ရက်မြောက် မနက်တွင် သရက်သီး တစ်တောင်းဖြင့် လာကန်တော့ပြီး သူ့အမှား ကို ဝန်ချတောင်းပန်ကာ သူတို့မိသားစုကိုလည်း ပစ် မထားရန် ပြောဆိုပြီး ကြည်ကြည်သာသာဖြင့်ပင် အိမ်ကို အပ်နှင်းကာ ဆင်းသွားကြသည့် အကြောင်းကို ဝမ်း မြောက်ဝမ်းသာစွာဖြင့် ပြောပြသွားလေသည်။

မဟာထွန်း


မန္တလေး-နေပြည်တော် ဆရာလှ၏ မြေးတပည့်

ဆရာမကြီး ဒေါ်စောဦးစံ (ရှမ်းပြည်)

B.A (History)

ဗေဒင် လက္ခဏာ ဝေဒပညာရှင်

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှမ်းပညာစစ်စစ်၊ အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယတြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသော ဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဟောခန်း(အိမ်) - တိုက်-၇၉(၅-လွှာ)၊ အောင်မေတ္တာလမ်း၊ (၁)ရပ်ကွက်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ၀၉ ၇၃ ၂၄၀ ၇၉၆ ၊ ၀၉ ၃၂ ၂၂ ၇၇ ၉၇

www.burmeseclassic.com



# မုံရွာ နေဇော
# (၉၂)ကမ္ဘာတိုင်တိုင် ပြိတ္တာဖြစ်ခဲ့ကြသူများ

**ပြိတ္တာဆိုတာ**

ပြိတ္တာဆိုတာ အင်မတန် ဆင်းရဲဒုက္ခ များပြားလှတဲ့ ဘဝမျိုးပါ။ စားရမဲ့မဲ့၊ သောက်ရမဲ့မဲ့၊ ဝတ်ရမဲ့မဲ့၊ နေရမဲ့မဲ့ ချို့တဲ့မှုတွေနဲ့ ပြွမ်းတီးနေတဲ့ဘဝပါ။ ပြိတ္တာအမျိုးအစားကလည်း များပြားလှပါဘိ။

ပါးစပ်ပေါက်လေးက အပ်ပေါက်လောက်၊ ခန္ဓာကိုယ်ကြီးက ဆင်ကောင်ကြီးလောက်၊ ပါးစပ်ပေါက်က မီးလျှံတွေ တပြောင်ပြောင် ထွက်နေလေသေးရဲ့။ ခန္ဓာကိုယ်က ထန်းပင်လို ရှည်လျားပြီး မျက်လုံးကြီးနှစ်လုံးက လင်းကွင်းလောက် နီနီရဲရဲကြီး၊ မကြည့်ရဲစရာ။ လျှာအရှည်ကြီးမှာ အမွေးအမှင်တွေ ပေါက်နေတာမျိုးလည်း ရှိရဲ့။ တစ်ကိုယ်လုံး ရှည်လျားတဲ့ အမွေးအမှင်တွေ ထူလပျစ်နဲ့ ကိုယ့်မစင် ကိုယ်ပြန်စားနေရတာလည်း ရှိရဲ့။ လူအများ စွန့်ပစ်တဲ့ နှပ်၊ တံတွေး၊ သလိပ်၊ သွေး၊ ပြည် အညစ် အကြေးတွေစားပြီး အသက်ရှည်နေရတဲ့ ပြိတ္တာမျိုးလည်း ရှိရဲ့။ အို..ပြိတ္တာတွေက များမှများ။ ရေးပြလို့ မကုန် မခန်းနိုင်လောက်အောင်ပါဘဲ။ အပါယ်ဘုံသားပီပီ ချမ်း သာသုခ မြူမျှမရှိတဲ့ ဘဝဆိုးတွေပါ။ ဒီလိုဘဝမျိုး ဘယ် သူမှ မရောက်ချင်၊ မဖြစ်ချင်ကြပါဘူး။

သို့သော်လည်း မကောင်းမှုအကုသိုလ်ဒုစရိုက်တွေ ပြုလုပ်ရင်တော့-

**ဆွမ်းဆန်ထဲမှ ကြွက်ချေးသဖွယ်**

လွန်လေပြီးသော (၉၂)ကမ္ဘာထက် ဖုဿ အမည်ရှိ ဘုရားရှင် ပွင့်တော်မူခဲ့တယ်။ အဲဒီဘုရားရှင်ရဲ့ ကာယ်



www.burmeseclassic.com

www.burmeseclassic.com

ပြည့်ရှင်ဘုရင် ဇယသေနနဲ့ မိဖုရား သီရိမာတို့က သူတို့သာလျှင် ဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်ချင်တယ်။ တရားတော်ကို သူတို့သာလျှင် နာကြားချင်တယ်။ သံဃာတော်တွေကို သူတို့သာလျှင် ကိုးကွယ်လှူဒါန်းချင်ကြတယ်။ အခြားသူတွေကို လှူဒါန်းခွင့် မပေးဘူး။ ရတနာသုံးပါးကို သူတို့သာလျှင် အပိုင်စီးထားကြတယ်။ ဖုဿဘုရားရှင်က သူတို့ရဲ့ သားတော်ပေကိုး။

ဖုဿဘုရားရှင်နဲ့ ဖအေတူ မအေကွဲ ညီနောင်သုံးပါး ရှိတယ်။ သူတို့လည်း ကိုးကွယ်ဆည်းကပ်ခွင့် မရကြဘူး။

ဒီတော့ကာ-

ညီနောင်သုံးဖော်တို့ဟာ စစ်ရေးစစ်ရာနဲ့ပတ်သက်ပြီး ဥပါယ်တံမျဉ်သုံးကာ ချေမှုန်းအောင်မြင်ခဲ့တယ်။ ဇယသေနမင်းကလည်း စစ်အောင်နိုင်ရင် လိုရာဆုတောင်းကြဖို့ ကတိပြုထားတဲ့အတွက် ညီနောင်သုံးဖော်တို့ဟာ ဘုရားရှင်ကို ကိုးကွယ်ခွင့်တောင်းဆိုကြတယ်။

ဇယသေနမင်းကလည်း သူတို့အား ဘုရားကိုးကွယ် သုံးလခွင့်ပြုလိုက်တယ်။

ညီနောင်သုံးဖော်တို့ဟာ ဘုရားရှင်ကို ပင့်လျှောက်ပြီး သူတို့ရဲ့ဇနပုဒ်မှာ ကျောင်းဆောက်ပြီး ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး လိုလေသေး မရှိအောင် ဒေါသာဝစ္စအမှုဆောင် တစ်ထောင်တို့နဲ့အတူ ဝါတွင်း သုံးလ ဆည်းကပ်ကိုးကွယ်ကြတယ်။ တရားတော်တွေ နာယူကြတယ်။

အဲဒီထဲမှာ ပဲမျိုးစေ့တွေထဲမှာ စုန်းပြူးစေ့ ပါတတ်သလို ဘုရားရှင်ကို ပင့်ဆွမ်းလုပ်ကျွေး ပြုနေကြသူတွေထဲမှာ ဘဏ္ဍာစိုးလည်း ပါတယ်လေ။ ဘဏ္ဍာစိုးမိသားစုနဲ့ အပေါင်းအသင်း တစ်သောင်းတစ်ထောင် ရှိပေတယ်။

အဲ--သူတို့အထဲမှာ-

- ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအတွက် ရည်ရွယ်ထားတဲ့ သံဃိကပစ္စည်း(သံဃာအများပိုင်ပစ္စည်း)များကို ကိုယ်ကျိုးအတွက် ခိုးယူသုံးစွဲကြတယ်။
- ဘုရားရှင်နဲ့ သံဃာများ မဘုဉ်းပေး မသုံးဆောင်မီ ဆွမ်းများ ခိုးဝှက်စားသောက်ကြတယ်။
- ပိုဆိုးတာက သူတို့ပြစ်မှုတွေ မပေါ်ပေါက်အောင် ဖျောက်တဲ့အနေနဲ့ ဆွမ်းစားကျောင်း၊ ဆွမ်းချက်ရုံတို့ကို မီးရှို့ဖျက်ဆီးကြတယ်။

သုံးလပြည့်ပါပြီ။ ညီနောင်သုံးဖော်တို့ဟာ ဘုရားအမှူးရှိသော သံဃာတော်များကို ဇယသေန မင်းစိုးစံရာ နေပြည်တော်သို့ ပြန်လည်ပို့ဆောင်ကြလေပြီ။

**နတ်ပြည်ရောက်သူရောက် ပြိတ္တာဖြစ်သူဖြစ်**

ကုသိုလ်ကောင်းမှုပြုကြသော ဇယသေနမင်းကြီးနှင့် မိဖုရား သီရိမာ၊ ညီနောင်သုံးဖော်တို့မှာ သေလွန်ကြပြီးနောက် နတ်ပြည်သို့ ရောက်သွားကြတယ်။

သံဃာဦး သံဃာဖျား ခိုးစားကြတဲ့ သူတို့မှာကား ပြိတ္တာဘုံသို့ ကျရောက်သွားကြလေသတတ်။ (၉၂)ကမ္ဘာတိုင်တိုင် ငရဲခံကြရလေသတည်း။

ဤကမ္ဘာမှာပွင့်တဲ့ ကဿပဘုရားရှင် လက်ထက်ရောက်လာပါပြီ။ စားဦးစားဖျား ခိုးစားကြလို့ ပြိတ္တာဖြစ်နေကြသူများကား ဆင်းရဲဒုက္ခတို့မှ မလွတ်မြောက်သေးချေ။ ကဿပဘုရားထံမှာ သူတို့ပြိတ္တာဘဝမှ လွတ်မြောက်ရေးကို တောင်းပန်လျှောက်ထားကြပါသေးတယ်။ မလွတ်ပါ။

ကဿပဘုရားရှင်က နောင်တွင် ပွင့်ပေါ်လာမယ့် ဂေါတမဘုရားလက်ထက် ဗိမ္ဗိသာရမင်းကြီးက အလှူဒါနပြုလုပ်ပြီး အမျှပေးဝေတော့မှသာ သင်တို့ ပြိတ္တာဘဝမှ လွတ်မြောက်လိမ့်မယ်လို့ မိန့်တော်မူလိုက်လေတယ်။

ပြိတ္တာတွေဟာ ဂေါတမဘုရားရှင် ပွင့်တော်မူမည့်အချိန်ကို စောင့်ခဲ့ရပါလေသတည်း။

**ဗိမ္ဗိသာရမင်းကြီးရဲ့ ဆွေတော်မျိုးတော်တွေပါလား**

ဘဒ္ဒကမ္ဘာမှာ လေးဆူမြောက် ဘုရားရှင်အဖြစ် ဂေါတမမြတ်ဗုဒ္ဓ ပွင့်တော်မူလာပါပြီ။

ဖုဿဘုရားလက်ထက်က ညီနောင်သုံးဖော်တို့ဟာ နတ်ပြည်မှ စုတေပြီး ရာဇဂြိုဟ်မှာ လူလာဖြစ်ကာ ရဟန်းပြုကြပြီး ဂယာသီသမှာ နေထိုင်ကြလေတယ်။

ဇနပုဒ်မှာ သုံးလပတ်လုံး ဘုရားရှင်အား အလှူဒါနပြုရာတွင် အကျိုးဆောင်လုပ်ခဲ့တဲ့ အမျိုးကောင်းသားကတော့ ဗိမ္ဗိသာရမင်းကြီး ဖြစ်လာပေတယ်။

အဲဒီတုန်းက ဘဏ္ဍာစိုးကတော့ ဝိသာခသူဌေး ဖြစ်လာပြီး ဇနီးကတော့ ဓမ္မဒိန္နာသူဌေးကတော် ဖြစ်လာတယ်လေ။

သံဃိကပစ္စည်းကို အလွဲသုံးစားပြု သံဃာဦး သံဃာဖျား ခိုးယူစားသောက်ခဲ့ကြတဲ့ အကုသိုလ်ဒုစရိုက် ပြုမှု



www.burmeseclassic.com

www.burmeseclassic.com



တွေကြောင့် ပြိတ္တာဘဝ ရောက်နေကြသူတို့ကား ဗိမ္ဗိသာရ မင်းကြီးရဲ့ အလှူပွဲကိုသာ လည်ပင်းတရှည်ရှည်နဲ့ အငတ် အပြတ်ဘဝနဲ့ စောင့်မျှော်နေကြရရှာလေတယ်။

ဗိမ္ဗိသာရမင်းကြီးရဲ့ ပထမအလှူပွဲတစ်ခု၌ ဘုရင်ကြီး က အမျှမပေးဝေသဖြင့် ပြိတ္တာများ သာဓုမခေါ်လိုက်ရ ပေ။ အမျှမရကြချေ။ တစ်ညသ၌-

'မင်းကြီး··အလှူဒါနပြုပြု။ ငါတို့အား အမျှဝေပါ။ ငါတို့ ဆင်းရဲဒုက္ခခံနေရတာ (၉၂)ကမ္ဘာ ကြာခဲ့ပြီ' ဆိုတဲ့ အလွန်ကျယ်လောင်တဲ့ အသံနက်ကြီးနဲ့ အော်ဟစ်ကြတဲ့ အသံကြီးကိုကြားပြီး မင်းကြီး အိပ်ရာမှ လန့်နိုးသွားတယ်။

မင်းကြီး အလွန်ထိတ်လန့်တုန်လှုပ်သွားပြီး-

'ဘုရား··ဘုရား··အသံနက်ကြီးက ဘယ်သူ့များ အော်နေကြပါလိမ့်' လို့ ရေရွတ်မိတဲ့အထိပါပဲ။

မင်းကြီး ဆက်လက်စက်တော်မခေါ်နိုင်တော့။

နံနက်မိုးသောက် အလင်းရောက်တာနဲ့ မင်းကြီးဟာ ဘုရားရှင်ထံ သွားရောက်ကာ လျှောက်ထားပါတော့ တယ်။

'မြတ်သောမင်းကြီး··ထိတ်လန့်ခြင်း မဖြစ်လင့်။ သင့်အား မကောင်းကျိုးပေးမည့် တစ်စုံတစ်ရာမဟုတ်။ ထိုအသံတွေကား သင်မင်းကြီး၏ ဆွေမျိုးများရဲ့ အသံပေ တည်း။

ဘုရားနှစ်ဆူအကြား (၉၂)ကမ္ဘာတိုင်တိုင် ဆင်းရဲ ဒုက္ခကြီးစွာ ခံစားရတဲ့ ပြိတ္တာတွေဖြစ်နေတယ်။ သင်မင်း ကြီးရဲ့ အလှူဒါန အဖို့ဘာဂကို အမျှဝေတဲ့အခါ သာဓုခေါ် ဖို့ စောင့်နေကြရရှာတယ်။ သင်မင်းကြီး အမျှမဝေမိလို့ သတိပေး အော်ဟစ်နေကြခြင်း ဖြစ်တယ်'

**ပြိတ္တာဘဝမှ ကျွတ်လွတ်သွားကြပြီ**

ဗိမ္ဗိသာရမင်းကြီးဟာ အဲဒီနေ့မှာပင် ဘုရားရှင်နဲ့ သံဃာတော်များကို ဖိတ်ကြားပြီး ဆွမ်းဆက်ကပ်ပွဲကျင်းပ ပါတယ်။ ပြိတ္တာတွေကတော့ သာဓုခေါ်ရန် နန်းရင်ပြင် တံခါးအပြင်မှာ တစုတရုံး စောင့်နေကြလေရဲ့။

မြတ်စွာဘုရားရှင် ဖန်ဆင်းပြတဲ့အတွက် ပြိတ္တာတို့ရဲ့ စားရမဲ့၊ ဝတ်ရမဲ့၊ နေရမဲ့ ဘဝများကို ဗိမ္ဗိသာရမင်းကြီး မျက်ဝါးထင်ထင် တွေ့မြင်သွားလေပြီ။

ရေစက်ချပြီးတဲ့အခါ မင်းကြီးက-

'ဤကောင်းမှုအဖို့ဘာဂကို ငါ၏ဆွေမျိုးများ အမျှ ရကြပါစေသော်' လို့ အမျှပေးဝေလိုက်ပါတယ်။

ပြိတ္တာအားလုံးက သာဓုသုံးကြိမ် ဝမ်းမြောက်ဝမ်း သာ ခေါ်ကြလေသတည်း။ ချက်ချင်းပင်-

* ကြာမျိုးငါးပါးနဲ့ ပြည့်စုံတဲ့ ရေကန်ကြီး ပေါ်ပေါက် လာတယ်။
* ထိုရေကို သောက်သုံးကြရသဖြင့် အားအင်ကုန်ခန်း ပင်ပန်းခြင်းတွေ ပြေပျောက်ကာ ရွှင်လန်းချမ်းမြေ့သွား ကြတယ်။
* သူတို့ရဲ့ ခန္ဓာကိုယ်တွေလည်း ရွှေအဆင်းလို ဝင်းဝါ စိုပြည်လှပလာကြတယ်။
* နတ်သုဓါဘောဇဉ်ကဲ့သို့ မွှေးကြိုင်သင်းပျံ့ အရသာ ရှိလှစွာသော ခဲဖွယ်ဘောဇဉ်တွေ ရောက်လာတယ်။
* နတ်ဝတ်တန်ဆာ အဝတ်ပုဆိုးတွေလည်း ဖြစ်ပေါ် လာတယ်။ ပြိတ္တာဘဝမှ ကျွတ်လွတ်သွားကြပါတယ်။

(ဆွမ်း၊ သင်္ကန်း၊ ပန်း၊ ရေချမ်းတွေ လှူဒါန်းခြင်းရဲ့ လက်ငင်းအကျိုးကျေးဇူးပေတကား။)

မြတ်စွာဘုရားက အထက်ပါ ကိစ္စများကို ဗိမ္ဗိသာရ မင်းကြီး တွေ့မြင်ပြီး ဝမ်းမြောက်အောင် တန်ခိုးတော်နဲ့ ဖန်ဆင်းပြတော်မူတယ်။

ဘုရားရှင်က ဆက်လက်၍ ဤအကြောင်းအရာများ စုံလင်စွာပါရှိတဲ့ တိရောကုဋ္ဋပေတဝတ္ထု ဒေသနာတော် ကို ဟောကြားတော်မူခဲ့ပါသတည်း။

**မုံရွာ–နေ...**

*(ပေတဝတ္ထု၊ အဋ္ဌကထာ၊ ဥရဂဝဂ်၊ တိရော... ပေတ ဝတ္ထုကို ခြယ်မှုန်းရေးသားပါတယ်။)*

www.burmeseclassic.com

www.burmeseclassic.com


# ဆရာဘုန်းမြတ်မင်း

နက္ခတ္တဗေဒ (ကံကြမ္မာ) အကြံပေးပညာရှင်



ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများအား ဇာတာနှင့် လက္ခဏာ စစ်ဆေး၍ ဘဝတွင် မျှော်မှန်းထားသလောက် 'အထူး' အောင်မြင်မှုများ ရရှိလိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်နေသော ဆရာဘုန်းမြတ်မင်း

ထံပွင့်လိုသူတိုင်း ရွှေဘုန်းပွင့်ဘုရားကို ဖူးကြရတယ်။ အောင်မြင်လိုသူတိုင်း ဆရာဘုန်းမြတ်မင်းနှင့် ဆုံကြရပြန်ပါတယ်။ ဒီတော့ ဆရာနဲ့တွေ့ရင် ဘာတွေထူးလာမလဲ။ တစ်ချိန်က လျှမ်းလျှမ်းတောက် စီးပွားအောင်မြင်ခဲ့တဲ့ သင်ဟာ ယခုကာလအတွင်း စီးပွားတွေ ကျလာတယ်။ ပြဿနာတွေ ကြုံနေခဲ့တယ် မဟုတ်လား။ အဲဒါ ဘာကြောင့်လဲ။ သင့်လက်ထဲမှာ နိုင်ငံကူးလက်မှတ် ရှိနေမယ်။ ငွေလည်း ရှိနေတယ်။ ဒါပေမဲ့ နိုင်ငံခြား ထွက်လို့ မရသေးဘူး။ အဲဒါ ဘာကြောင့်လဲ၊ ငွေကြေး၊ စီးပွား အဆင်ပြေပြန်တော့ အချစ်ရေး၊ အိမ်ထောင်ရေး ကမောက်ကမ ဖြစ်ရပြန်တယ်။ ဒါတာလည်း ဘာကြောင့်လဲ။ လုပ်တိုင်း မဖြစ်၊ ဖြစ်တိုင်း မမြဲတာက ဘာကြောင့်လဲ။ တကယ်တော့ ဒါတွေဟာ ညီမျှခြင်းတစ်ခုမျှသာ ဖြစ်တယ်။ အတိတ်အကြောင်းတရားရှိမှ ပစ္စုပ္ပန်အကျိုးတရား ဖြစ်တယ်။ အနာသိမှ ဆေးရှိမယ်။ ဒီတော့ ဆရာက သင့်အကြောင်းတွေ သိနေပြီဆိုတော့ ဆရာ့မှာ ဆေးရှိနေပြီပေါ့။ ဝမ္မိရသော့ကလေး တစ်ချောင်းကို လှည့်လိုက်ရုံနဲ့ သင့်အောင်မြင်ရေးလမ်းကြောင်း ပွင့်သွားရုံသာရှိမယ်။ သင် ရောက်လာဖို့ကသာ အဓိကလိုပါတယ်။ ဆောက်ပြဇတ်ရုံနဲ့တော့ လက်တွေ့ မသိ မမြင်နိုင်ပါ။ ကိုယ်တွေ့လာမှ ကိုယ်တွေ့ ခံစားခွင့် ရရှိလာမယ်။

---

ဆရာနှင့် ဆွေးနွေးလိုလျှင် ကြိုတင်၍ ဖုန်းဆက်ပါ။

---

ဆရာဘုန်းမြတ်မင်း၊ အမှတ်(၁၅)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

☎ ဝ၉ ၅၁ ၈၄၉၀၅




www.burmeseclassic.com

www.burmeseclassic.com

# ပြည်မြို့ ဝေပုလ္လဆရာတော်ကြီး၏ ဘဝဖြစ်စဉ်နှင့် ကျမ်းစာအုပ်များ

ဝမ်းဇော်ဦး(ကျ

ကျွန်ုပ်သည် လောကဝိဇ္ဇာယမရေ ဂမ္ဘီရပညာများကို စိတ်ဝင်စားသူပီပီ နာမည်ကျော်ကြားသော လောကဝိဇ္ဇာယမရေ၊ နာနာနယပါရဂူ၊ မဟိဒ္ဓိမဟာဓမ္မအင်းဝိဇ္ဇာ ဆရာတော်ကြီး ဘဒ္ဒန္တဝေပုလ္လကိုလည်း စိတ်ဝင်စားခဲ့သည်။

ဤဆရာတော်ကြီးကား ဝေပုလ္လာရာမကျောင်းတိုက်၊ မင်း ကြီးတောင်ခြေ၊ ပြည်မြို့တွင် သီတင်းသုံးတော်မူခဲ့၍ ယ ပျံလွန်တော်မူသွားခဲ့ပေပြီ။ ၎င်းဝေပုလ္လာရာမကျောင်းတိုက် မှာပင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့များကိုလည်း ရရှိခဲ့သည်။



ဆရာတော်ကြီး သက်ရှိထင်ရှားရှိ က အခါအားလျော်စွာပင် ပြည်မြို့ ရောက်သွားတိုင်း ကျွန်ုပ်လည်း ဝ ရောက်ဖူးမြော်၍ ပညာရပ်များကို ဆည် ပူးခဲ့သည်။ ဂမ္ဘီရစာများ ရေးနေသ ကျွန်ုပ်ကိုလည်း ဆရာတော်ကြီး ထု ဝေခဲ့သော စာအုပ်များကို ချီးမြှင့်ပေး မက ဗေဒင်ပညာရပ်များကိုလည်း လ ညွှန်ပြခဲ့ဖူးသည်။ ကျွန်ုပ်ထက် ဦး ရောက်သွားသော ရန်ကုန်မြို့မှ စာ ဆရာကြီး တစ်ဦးမှာ လူ့ရှင်တော် ဓာ ၏ ဖခင်ကြီး ဆရာနန်းညွန့်ဆွေပင် ဖြ သည်။ ဆရာနန်းညွန့်ဆွေမှာ စာ ဆရာမကြီး ဒေါ်ကြည်ဦး၏ အိမ်ထော ဖက်လည်း ဖြစ်သည်။ (၎င်း ဆရာ ညွန့်ဆွေနှင့် ဆရာမကြီး ဒေါ်ကြည်ဦး စာပေလင်မယားလည်း ယခု ဆုံး သွားကြပေပြီ။)

သို့သော် ၎င်းတို့ ရေးသားခဲ့သေ စာကောင်းပေမွန်များက မဆုံးသွား ကျွန်ုပ်တို့ တန်ဖိုးထား သိမ်းဆည်း သည့် စာအုပ်စင်နေရာများတွင် တ နေဆဲပင်ဖြစ်သည်။ ဤဆရာကြီး ဆွေမှ ဝေပုလ္လဆရာတော်ကြီး ပထ

www.burmeseclassic.com

www.burmeseclassic.com

သားစီရင်ထုတ်ဝေခဲ့သော ဟိတသိဒ္ဓိပကာသနီကျမ်း (၁၉၅၅-ခုနှစ်ထုတ်)ထဲတွင် စကားလက်မှန် ခေါင်းစဉ်ဖြင့် ကဝိဗ္ဗာယမရဲ ဂမ္ဘီရပညာရပ်များဖြင့် ပတ်သက်၍ ညွှအရေးပါ အရာရောက်ခဲ့ပုံကို ရေးပြထားသည်။ ယတြာအတွက် တန်ကြေး တက်စေမည့် အဖိုး ထောက်ခံချက်ဖြစ်၍ တင်ပြပေးလိုက်ရပါသည်။

**စကားလက်မှန်**

ညောင်ရမ်းခေတ် (ခေါ်) ဒုတိယအင်းဝခေတ် နောက် ဆက်ဖြစ်သော ဟံသာဝတီရောက်မင်း လက်ထက်တွင် ကြီးပဒေသရာဇာ၊ ဝန်ကြီးသီရိဥဇနာနှင့် မြင်းခွာရှာ စား ဝန်ကြီးမင်းရာဇာတို့သည် ထင်ရှားသော ပညာရှိများ ကြသည်။ ဝန်ကြီးပဒေသရာဇာသည် ဇာတ်သဘင် ဘက်တွင် ထူးချွန်သကဲ့သို့ ဝန်ကြီးသီရိဥဇနာမှာလည်း ခန်း၊ နန်းခန်း၊ ကြင့်နန်းဥပဒေ အထွေထွေဘက်တွင် ချွန်သည်။ ထို့အတူ ဝန်ကြီးမင်းရာဇာမှာလည်း မင်း ထွက် ရက်ရာဇာဆိုသော စကားအတိုင်း ထွက်တော် ထွက်တော်မူကလေး စသည့်ပွဲများတွင် ရှောင်ရန်, ဆောင်ရန် ယာယီယတြာ၊ စက်နေ၊ လဂ်နေ အထွေထွေ ဘက်တွင် ထူးချွန်သည်။

မြင်းခွာရှာစား ဝန်ကြီးမင်းရာဇာသည် လောကလူတို့ ဆောင်ရန်,ရှောင်ရန်၊ သုမင်္ဂလာကိစ္စ၊ ဒုမင်္ဂလာကိစ္စတို့၌ ရှောင်ရန်၊ လောကလူတို့၌ ဖြစ်တတ်သော အတိတ်၊ တဘောင်၊ စနည်း၊ ဘဝေါ စသည့်ကိစ္စများတွင် အပြစ်ကို ရယူရန်အတွက် ဟိတကာရီလင်္ကာကျမ်း ရေးခဲ့သည်။ ယင်းကျမ်းမှ ကောက်နုတ်ချက်အချို့ကို ညွှန့်ပေါင်းကျမ်းတွင်လည်းကောင်း၊ မော်ဘီဆရာ ၏ ပေါရာဏဒီပနီကျမ်းတွင်လည်းကောင်း တွေ့ရ စာမူအပြည့်အစုံကို မတွေ့ရဖူးပါ။ စလင်းမြို့ရှိ တစ်ဦးထံမှာရှိသည်ကြား၍ စုံစမ်းခဲ့ပါသေးသည်။

အချို့ပုဂ္ဂိုလ်ကြီးများက ပြောသည်မှာ ရာဇမတ္တဏ် ကို ကဗျာနှင့် ပြန်ဆိုထားခြင်း ဖြစ်သည်ဟု ဆိုပါ ဖြစ်နိုင်မည် ထင်ပါသည်။ အိန္ဒိယနိုင်ငံမှ မြန်မာ ရောက်လာသော ဗေဒင်ကျမ်းကြီးများတွင် သူရိယ ကျမ်းမှာ အတွက်ကျမ်းဖြစ်သည်။ ဇာတတ္တ မြို့ဟာဇ္ဇာတကကျမ်းမှာ အဟောကျမ်းဖြစ်သည်။ ထ်ကျမ်းမှာ အခါပေးကျမ်းဖြစ်သည်။ လူတစ်ယောက် မွေးဖွားလာသည်မှ သုသာန်ရောက်သည်အထိ ပြုလုပ်ဆောင်ရွက်ရမည့် ကိစ္စများကို ညွှန်ပြထားသည်။

ဤကိစ္စများသည် အထူးလိုအပ်ပါသလားဟု မေး စရာရှိပါသည်။ လောကီနယ်မှ ကျော်လွန်၍ ပညတ်ကို ပယ်ပြီးဖြစ်သည့် ဘုရားရဟန္တာတို့အဖို့ မလိုအပ်တော့ပါ။ ဂြိုဟ်စီးဂြိုဟ်နင်းလည်း မလိုအပ်တော့ပါ။ ရက်ရာဇာ၊ ပြဿဒါးလည်း မလိုအပ်တော့ပါ။ ပရမတ်နယ်သို့ ရောက် ရှိနေပြီဖြစ်၍ ဘာမျှမလိုအပ်တော့ပါ။

ပညတ်နယ်တွင် နေကြရသော လူသားတို့အဖို့ ပရ မတ္ထသစ္စာကို မမြင်သေးပါ။ သမုတိသစ္စာနယ်တွင်သာ ကျင်လည်နေရသေးသဖြင့် လောကအလို၊ ဟောပြဆို သည့်၊ ထိုထိုအနိဋ္ဌ၊ ဒုန္နိမိတ်တို့နှင့် တွေ့ကြုံနေရဦးမည် သာ ဖြစ်ပါသည်။ ထို့ကြောင့်လည်း လဂ်ကိုသတ်တတ်၊ စနေနတ်တည့်၊ စန်းသတ်ရာဟု၊ နံကိုထုသည့်၊ သတြု ဂြိုဟ်ဟု မန်လည်ဆရာတော်ကြီးက မဃဒေဝလင်္ကာတွင် ရေးထားခြင်း ဖြစ်ပါသည်။ အဆိုပါ ဂြိုဟ်ဆိုးတို့ မြင် သောအခါ ရှောင်ကွင်း၍မရ။ အနည်းနှင့်အများ ခံလိုက် ကြရသည်သာ ဖြစ်ပါသည်။ မခံလိုလျှင် မည်သို့ပြုလုပ်ရ မည်နည်း။ စဉ်းစားစရာ ရှိလာပါသည်။

များသောအားဖြင့် လူတို့မှာ ပေါ့ပေါ့နေတတ်ကြ သည်။ နေ့စဉ် စားသုံးနေသော အစာများကိုပင် ဘယ်ဟာ နှင့်ဘယ်ဟာ မတည့်ဟု မသိကြ။ စားမိမှ ဒုက္ခတွေ့လေ့ ရှိကြသည်။

စိန်နှင့် သံပရာ၊ ဖုံးမသိန်နှင့် သံပရာ၊
ထုံးနှင့် ပျားရည်၊ ခံသီးနှင့် ကြက်ဥ၊
အမဲသားနှင့် ခရု၊ သပြေသီးနှင့် ထန်းလျက်၊
မင်းကွတ်သီးနှင့် သကြား၊ ယုန်သားနှင့် မှို၊
ဥသျှစ်သီးနှင့် ပျားရည်၊ ဘူးသီးနှင့် ကျေးသား..

စသည်တို့ ဖြစ်ပါသည်။

ယင်းတို့သည် မျက်မြင်တွေ့ထိနေရသည့်ပစ္စည်းဝတ္ထု များ ဖြစ်သည်။ သိပ္ပံနည်းအရ တစ်ခုနှင့်တစ်ခု ဓာတ်ချင်း မတည့်ကြ။ ရော၍စားလျှင် ဒုက္ခပေးသည်။

ထို့အတူ မျက်စိနှင့် မမြင်နိုင်။ မထိမတွေ့နိုင်သည့် ဝိဇ္ဇာပညာလောကမှ အရာများမှာလည်း တစ်ခုနှင့်တစ်ခု မသင့်တာ ရှိပေလိမ့်မည်။ သင့်တာလည်း ရှိပေလိမ့်မည်။ ထိုအရာများကို ကျွန်ုပ်တို့ မမြင်နိုင်။ ရှေးပညာရှိများ



www.burmeseclassic.com

www.burmeseclassic.com

ရေးသားထားခဲ့သည်တို့ကိုသာ ဖတ်မှတ်လေ့လာ၍ လိုက်နာရန် ရှိတော့သည်။

ပညတ်နယ်တွင် နေနေရသည့် လူသားများအဖို့ စီးပွားရေး၊ ကြီးပွားရေး၊ အမျိုးသားရေးဆိုသည့် ကိစ္စများ ရှိနေဦးမည်ဖြစ်သည်။ အရိယာသံဃာ မဖြစ်သေးသည့် သမုတိသံဃာတော်အရှင်သူမြတ်တို့မှာလည်း လောကီနယ်မှ မလွတ်နိုင်သေး။ ထို့ကြောင့် လောကလူသားများ၏ အကျိုးရှိရာရှိကြောင်းကို တတ်အားသမျှ လမ်းပြညွှန်ကြားပေးတတ်ကြပါသည်။

ဝေပုလ္လာရာမဆရာတော်သည်လည်း ထိုအမြင်၊ ထိုအတွေးဖြင့် လောကတ္ထစရိယ လုပ်ငန်းတစ်ရပ်အနေဖြင့် ဟိတသိဒ္ဓိပကာသနီကျမ်းကို ရေးသားတော်မူခြင်း ဖြစ်ပါသည်။ လောကီအကျိုးစီးပွား ပြီးမြောက်မှလည်း သာသနာ့အကျိုး ပြီးမြောက်နိုင်မည် မဟုတ်ပါလော။ သို့ပါ၍ ဝေပုလ္လာရာမဆရာတော်ဘုရား၏ စာအုပ်ပုံနှိပ်ထွက်ပေါ်လာခြင်းအတွက် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုအပ်ပါသည်။

နန်းညွန့်ဆွေ
စာရေးဆရာ
ရန်ကင်း၊ ရန်ကုန်မြို့။

◆◆◆

ထို့နောက် ဆက်လက်၍ ဝေပုလ္လာရာမဆရာတော်ကြီး၏ ဘဝဖြစ်စဉ်ကို ဟိတသိဒ္ဓိပကာသနီကျမ်းတွင် ဖတ်ရှုလေ့လာခွင့် ရရှိခဲ့ပြန်ပါသည်။ ၎င်းဖြစ်စဉ်စာမူကို အရှင်ဇဋိလ(မင်းကင်း) (ဝေပုလ္လာရာမကျောင်းတိုက်)မှ ရေးသားခဲ့သည်။ အောက်ပါအတိုင်း သိရှိမှတ်သားခဲ့ရပြန်ပါသည်။

ဘဒ္ဒန္တဝေပုလ္လထေရ် ဆရာအရှင်မြတ်ဟူ၍ ထင်ပေါ်ကျော်ကြားမည့် မောင်လွန်းခင်ကို (၁၃၀၆)ခုနှစ်၊ ဝါခေါင်လဆန်း (၁၅)ရက်၊ မေတ္တာအခါတော် ဗုဒ္ဓဟူးနေ့တွင် မော်လမြိုင်မြို့၊ ကျိုက်မရောအပိုင်၊ ညောင်ပင်ဆိပ်ရွာတွင် ခမည်းတော် ဦးဒဟင်၊ မယ်တော် ဒေါ်ကြည်အေးတို့မှ ဖွားမြင်ပါသည်။ မွေးချင်းညီအစ်ကို နှစ်ယောက်ရှိရာတွင် ဆရာတော်မှာ အတိဇာတသားလှရတနာဖြစ်ပြီး ညီငယ်မှာ မောင်တင်ဋ္ဌေး ဖြစ်သည်။ ၎င်းညီငယ်သည် (၁၉၅၇)ခုနှစ်မှာ ကွယ်လွန်ခဲ့ပြီ ဖြစ်ပါသည်။

ဆရာတော်လောင်းလျာ မောင်လွန်းခင်သည် လောကီလောကဓာတ် အထက်တန်းကျောင်းတွင် အထက်တန်းပညာများကို သင်ယူခဲ့၍ (၁၉၆၂)ခုနှစ်တွင် အထက်တန်းပညာ ဒသမတန်း အောင်မြင်ခဲ့ပါသည်။ တစ်စုံတစ်ခုသော ကြီးမားသည့်ဆန္ဒ ပြည့်ဝအောင်မြင်ရန်အတွက် အခြားဆန္ဒများကို စတေးပစ်ရမည်ဟု ရှေးစာဆိုတို့ အဆိုအမိန့်နှင့်အညီ ဒသမတန်း အောင်မြင်ခဲ့ပြီးနောက် တက္ကသိုလ်ပညာရပ်များကို ဆက်လက်မဆည်းပူး မတက်ရောက်တော့ဘဲ အသက်(၁၇)နှစ်သားအရွယ်တွင် မိဘများ၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ သာမဏေဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

သာသနာတော်နှစ်(၂၅၀၈)ခုနှစ်၊ ကောဇာသက္ကရာဇ်(၁၃၂၆)ခုနှစ်၊ ဝသန္တဥတု ပထမဝါဆိုလဆန်း (၃)ရက်၊ နံနက်(၇)နာရီ (၁၅)မိနစ် ကောင်းမြတ်သော မင်္ဂလာအခါသမယတွင် ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗားကရာတိုက်ခွဲ၊ ခဏ္ဍသိမ်တော်၌ ဗားကရာတိုက်ခွဲ ဆရာတော်ဘဒ္ဒန္တကေသရ အရှင်မြတ်အား ဥပဇ္ဈာယ်ပြု၍ ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အာတီးယားလမ်းနေ ရဟန်းဒါယကာ ဦးချစ်စိန်၊ ရဟန်းဒါယိကာမ ဒေါ်လှစိန် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်သည် သက်တော်(၁၇)နှစ် သာမဏေဘဝမှစ၍ ရဟန်းတော်ဘဝ သက်တော်(၂၂)နှစ်အထိ လောကီပညာရပ်များကို ကြိုးစားအားထုတ်ရင်း ပရိယတ်စာပေ သင်ယူခဲ့သော ကျောင်းတိုက်နှင့် နိဿရည်းဆရာ ဓမ္မဝါသိကဆရာများမှာ-

မန္တလေးမြို့၊ ညောင်ရမ်းဆရာတော်ကြီး၏ သဒ္ဒိဝိဟာရိက တပည့်အရင်း ဖြစ်တော်မူသော ရန်ကုန်မြို့၊ တိုးကြောင်ကလေး သိမ်ကျောင်းဆရာတော်ထံတွင် အခြေခံစာပေများ၊ စာဝါများကို သင်အံလေ့လာဆည်းပူးခဲ့ပါသည်။ ၎င်းနောက် ပရိယတ္တိစာသင်တိုက်တည်ထောင်ရန် ဆန္ဒရှိသော သိမ်ကျောင်းဆရာတော်ကြီး၏ တပည့်ရင်း ဆရာတော် ဦးဓမ္မိဿရနှင့်အတူ သင်္ဃန်းကျွန်း လေးထောင့်ကန်လမ်း ရွှေသိမ်ဓမ္မသီဂီတိုက်ကို တည်ထောင်ရာတွင် လိုက်ပါလာခဲ့ပါသည်။

ဆရာတော် ဦးဓမ္မိဿရနှင့် ဆရာတော်ကြီး ဦးဉာဏ ဆရာတော် ဦးဇနိန္ဒ စသောမြင်းခြံမြို့ စာချဆရာတော်များ

www.burmeseclassic.com

www.burmeseclassic.com

တွင်လည်းကောင်း၊ ရဟန်းဖြစ်၍ သိက္ခာ(၂)ဝါ ရသည် အထိ ရန်ကုန်မြို့ ကိုးထပ်ကြီး ဗားကရာပရိယတ္တိစာသင် တိုက်တွင်လည်းကောင်း၊ ကမ္ဘာအေး ဖွဲ့စုံသာသနာရာမ တိုက်တွင်လည်းကောင်း နေ့ဝါ၊ ညဝါ ပရိယတ္တိစာပေ ပညာရည်နို့ သောက်စို့ခဲ့ပါသည်။

ရဟန်းသိက္ခာ ဝါတော်(၂)ဝါရပြီးနောက်တွင် မူလက ပဋိပတ်အကျင့်စခန်း၊ အကျင့်တရားများကို ဦးတည် ခဲ့သည်ဖြစ်၍ စာချဆရာတော်များ၏ ပရိယတ်စာပေ၊ ဆွေးနွေးဝင်ရန် တိုက်တွန်းမှုများကို စိတ်ဝင်စားမှုမရှိတော့ သာသနာပြုလုပ်ငန်းများ၊ အကျင့်ပဋိပတ်များကိုသာ သန့်သည့်အလျောက် မူတင်ဆောင်ကာ ရွှေဥမင်တော ရှင် ပုညရှင်စေတီဝန်းကျင်တွင် လှုံ့လကြိုးကုတ် အား ထုတ်ခဲ့လေသည်။

ယခု ပြည်မြို့ရှိ ဝေပုလ္လာရာမကျောင်းတိုက်ကြီးကို ၁၃၅)ခုနှစ်မှစ၍ တည်ထောင်ကာ သာသနာပြုလုပ်ငန်း များကို တိုင်းသံဃာ့ဝန်ဆောင် တာဝန်များအပြင် မိမိ အတွက်လည်း အဓိဋ္ဌာန်ကျင့်စဉ်များ ဆောင်ရွက်ရသည်။ ပြည်မြို့ရှိ သာသနာရေးဆိုင်ရာ ကိစ္စအဝဝကိုလည်း ဆောင် ရွက်ရသေးသည်။ ရပ်ကွက်အသီးသီးရှိ ဓမ္မာရုံများသို့ လည်း ကြွရောက်၍ သီလပွဲများ၊ တရားပွဲများကိုလည်း ချီးမြှင့်ရသည်။ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီအပါ အဝင် ပြည်မြို့ပေါ်နှင့် ပြည်မြို့နီးနားဝန်းကျင်ရှိ ဘုရား စေတီများ၏ ဩဝါဒါစရိယဆရာတော်အဖြစ်လည်း ဆောင် ရွက်ရသည်။

ထို့အပြင် ပြဿနာကိုယ်စီဖြင့် ရောက်လာကြသော သည့်ဒကာ၊ ဒကာမများကိုလည်း လက်ခံတွေ့ဆုံ၍ အခါ ယတြာကိန်းခန်းတို့ဖြင့် ပြဿနာပြေလည်ရာ ပြေ လည်ကြောင်းကိုလည်း ညွှန်ကြားပေးရသေးသည်။ ဆရာ တော်ကြီးသည် ဤမျှအလုပ်များသည့်ကြားက ကျမ်းစာ အုပ်များကိုလည်း တစ်အုပ်ပြီးတစ်အုပ် ရေးခဲ့ပြန်သည်။ ကျောင်းသားသမီးများအတွက် ညွှန်ကြားလွှာများကိုလည်း တစ်စောင်ပြီးတစ်စောင် ရေးထုတ်ခဲ့သည်။

တစ်ခါသော် ပြည်မြို့မှ စာရေးဆရာကြီးတစ်ဦးဖြစ် သည့် မြဝင်း(ဒဿန)မှ ဆရာတော်ကြီး ဝေပုလ္လာရာမ အား-

'ဆရာတော်ဘုရား..ဒီလောက် အလုပ်တွေများနေ တာ ဘယ်လိုလုပ် ကျမ်းစာအုပ်တွေ ရေးပါသလဲဘုရား' ဟု မေးလျှောက်ခဲ့ဖူးသည်။

ထိုအခါ ဆရာတော်ဘုရားကြီးက-

'ရတဲ့အချိန်လေးမှာ ရေးရတာပေါ့။ ဘုန်းကြီးအနေနဲ့ စာရေးရာမှာ စားပွဲ၊ ကုလားထိုင်တွေနဲ့ ရေးနေတာမှ မဟုတ်တာ။ အခုထိုင်နေတဲ့ ကုလားထိုင်ကြီးပေါ်မှာ ထိုင် ပြီး ရေးလိုက်တာပဲ။ စာရေးဖို့ရာ ဗလာစာအုပ်နဲ့ ဘောပင် ကိုတော့ အဆင်သင့်လည်း ထားရတယ်။ ဧည့်သည်ပြတ် တာနဲ့ ကောက်ရေးရတာပဲ။ ရေးပြီဆိုတော့လည်း ကလောင် က ရပ်လို့မရဘူးဗျ။ ကျမ်းပြီးတဲ့အထိ ခေါ်သွားတာပဲ။ ဘုန်းကြီးက သူခေါ်တဲ့နောက် လိုက်သွားရုံပဲ' ဟု မိန့်ဆိုခဲ့ ဖူးလေသည်။

ထို့ကြောင့် ဝေပုလ္လာရာမဆရာတော်ကြီး၏ ကျမ်းစာ အုပ်တိုင်းတွင် ဆရာတော်ကြီးကိုယ်တိုင် ကျင့်ကြံပွားများ အားထုတ်ခဲ့ပုံများ ပါရှိကြောင်းကို သစ္စာအဓိဋ္ဌာန်ပညာ အကျင့် စာအုပ်နိဒါန်းတွင် အောက်ပါအတိုင်း ရေးသားခဲ့ ပါသည်။

အကျွန်ုပ်ကျမ်းပြု ဝေပုလ္လာရာမသည် နှစ်ပေါင်း (၄၀)အတွင်း တန်ခိုးကြီးသော ဘုရားစေတီများတွင်လည်း ကောင်း၊ သမိုင်းဝင်၊ သိုက်ဝင် တောတောင်များတို့တွင် လည်းကောင်း အဓိဋ္ဌာန်ပြု၍ သစ္စာပြု၍ ပညာဖြစ်အောင်၊ သိဒ္ဓိဖြစ်အောင် ကျင့်ကြံအားထုတ် ပွားများလာခဲ့သည်များ ကို စုစည်း၍ ဤသစ္စာအဓိဋ္ဌာန် ပညာအကျင့်လမ်း စာ အုပ်ကို ရေးသားစီရင်အပ်ပါသည်ဟု ဖွင့်ဆိုရေးသားထား လေသည်။

လောကီဝိဇ္ဇာရေ ဂမ္ဘီရပညာများကို လိုက်စားသူမှန် သမျှ လူပုဂ္ဂိုလ်၊ ရဟန်းတို့သည် ဝေပုလ္လာရာမဆရာတော် ကြီး ပြုစုရေးသားသည့် စာအုပ်များစာရင်းကို လေ့လာ ဖတ်ရှု ကျင့်ကြံအားထုတ်နိုင်ရန်အတွက် စိတ်ဆန္ဒရည်သန် ၍ အောက်တွင် ဖော်ပြပေးလိုက်ရပါသည်။

၁။ ဟိတသိဒ္ဓိပကာသနီကျမ်း (ပထမတွဲ)
ရန်ကုန်၊ အသိုင်းအဝိုင်းစာပေ (၁၉၉၅)
၂။ သမ္မုဒ္ဒေဂါထာတော်အဖွင့်ကျမ်း
ရန်ကုန်၊ ယုံကြည်ချက်စာပေ။
၃။ ဝိဇ္ဇာမဟာသိဒ္ဓိဂါထာတော်ကျင့်စဉ်ကျမ်းမြတ် ဓမ္မဒါန (၁၉၉၈)



www.burmeseclassic.com

www.burmeseclassic.com

၄။ မာတိကာသိဒ္ဓိပကာသနီကျမ်း (ဒုတိယတွဲ)
ရန်ကုန်တိုင်းလင်းစာပေတိုက် (၂၀၀၁)

၅။ အနုရာယ်ကင်း သိဒ္ဓိကြီးလေးပါးဂါထာများ ဓမ္မဒါန (၂၀၀၁)၊

၆။ မဟာသရဏဂုံအဖွင့်နှင့် ပုတီးစိပ်နည်းအမျိုးမျိုး၊
ရန်ကုန်၊ စန်းရောင်ရှိန်စာပေ (၂၀၀၂)၊

၇။ ဆရာ့ခြေရာ ဓမ္မဒါန (၂၀၀၃)၊

၈။ ကမ္ဘာ့ချမ်းသာရေး နေ့စဉ် သရဇ္ဈာယ်ပွားများအား ထုတ်သော ဏ္ဍသယဝတ်ရွတ်စဉ်များ ဓမ္မဒါန၊


(၉) တည်ငြိမ်အေးချမ်းသော ဘဝကျင့်စဉ်၊
ဓမ္မဒါန (၂၀၀၃)၊

၁၀)ဏ္ဍသယနေသိဒ္ဓိ ငွေလာဘ်ခေါ်ယကြာအစီအရင်၊
ဓမ္မဒါန (၂၀၀၄)၊

၁၁။ နှလုံးသားရွှေအိမ်၌ ဘုရားတည်ခြင်း၊
ရန်ကုန်၊ မြင့်မေတ္တာပုံနှိပ်တိုက် (၂၀၀၄)၊

၁၂။ ဝိဇ္ဇာစကားဝိုင်းနှင့် ဝိဇ္ဇာရှင်းတမ်း (ခေါ်) ဝိဇ္ဇာဓရပကာသနီကျမ်း၊ ရန်ကုန်၊ သပြေညိုစာပေ (၂၀၀၄)၊

၁၃။ စကြဝဠာသိဒ္ဓိကျမ်း၊ ရန်ကုန်၊ မြင့်မေတ္တာပုံနှိပ်တိုက် (၂၀၀၄)၊



၁၄။ သစ္စာအဓိဋ္ဌာန်ပညာအကျင့်လမ်း၊
ရန်ကုန်၊ ယုံကြည်ချက်စာပေ (၂၀၀၅)၊

၁၅။ ဘဝဖြစ်စဉ်နှင့် ထေရုပတ္တိကထာ၊
ရန်ကုန်၊ သာသနာရေးဦးစီးဌာန (၂၀၀၅)။

အထက်ဖော်ပြပါကျမ်းများကို ရန်ကုန်မြို့ တော်ဝင်မြို့မစာအုပ်တိုက်မှ ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေထားသည်။ ၄င်းအပြင် ဆရာတော်ဘုရားကြီးသည် အခါအားလျော်စွာ ထုတ်ပြန်ခဲ့သော ညွှန်ကြားလွှာများလည်း ရှိပါသေးသည်။

ထိုညွှန်ကြားလွှာများကို သိရှိသမျှကို ဖော်ပြရမည်ဆိုပါလျှင် -

၁။ နဝရတ်ကိုးပါးဂါထာ(၅)ပုဒ် ညွှန်ကြားလွှာ၊

၂။ ဂုဏ်တော်သရဏဂုံတွဲ၍ ကျင့်စဉ်ညွှန်ကြားလွှာ၊

၃။ မဟာသရဏဂုံ(၃၀)ဂါထာ ညွှန်ကြားလွှာ၊

၄။ သရဏဂုံလေးပါး အားထုတ်ကျင့်ဆောင်ပုံ ညွှန်ကြားလွှာ၊

၅။ မဟာသုခအဘယသရဏဂုံ ညွှန်ကြားလွှာ။

ထို့အပြင် ဝေပုလ္လဆရာတော်ဘုရားကြီးသည် မဂ္ဂဇင်း အယ်ဒီတာများက တောင်းပန်သဖြင့် ပြုစုရေးသားပေးခဲ့သော ဆောင်းပါးများလည်း ရှိသေးသည်။

၄င်းတို့ကို လက်လှမ်းမီသမျှ ဖော်ပြရလျှင် -

၁။ ဓမ္မစေတီ သမ္မုဒ္ဒေကျင့်စဉ်လမ်း၊
ရွှေအောင်လံမဂ္ဂဇင်း အထူးထုတ်၊

၂။ မဟာသုခ၊ မနသိဒ္ဓိလာဘ်ဖွင့်မင်္ဂလာနှင့် အမင်္ဂလာ၊
ရွှေအောင်လံမဂ္ဂဇင်း၊ အုပ်(၉၀)၊

၃။ ပြေလည်စေလိုလျှင် ပြည်ကို လာပါလား
ရွှေအောင်လံမဂ္ဂဇင်း၊ အုပ်(၁၀၀)၊

၄။ ဇမ္ဗူသပြေအကြောင်း သိကောင်းစရာ (ရောင်ပြန်မဂ္ဂဇင်း)တို့ပင် ဖြစ်သည်။

သတိပြုမိသူ အခြားဆောင်းပါးများတွေ့ပါက ဖြည့်စွက်ကြပါရန် ဆရာမြဝင်း(ဒသသန)မှ မေတ္တာရပ်ခံ ပြောကြားထားပါသဖြင့် စာရေးသူ ကျွန်ုပ်အနေဖြင့်လည်း ဝေပုလ္လာရာမ ဆရာတော်ကြီးအား တမ်းတလွမ်းဆွတ်စွာဖြင့် ဂမ္ဘီရပညာရပ်များ လိုက်စားသူ စာဖတ်ပရိသတ်ကြီးအတွက် ရေးသားတင်ပြပေးလိုက်ရပါတော့သတည်း။

ဝမ်းဖော်ဦး(ကူမဲ)

www.burmeseclassic.com

www.burmeseclassic.com

တပည့်တစ်ယောက်က လက်ဆောင်ပေးသည့်ရုပ်တုကလေးနှစ်ခု။ လက်ရာသပ်ရပ်ကောင်းမွန်သည်။ အနုစိတ်သည်။ ထုဆစ်ပုံ စိတ်ရှည်လက်ရှည်။ ကျွန်တော်က ဗုဒ္ဓဟူးသားမို့ နေ့ကိုက်နံကိုက် သစ်ပင်သားမှာ စိန်ပန်းဟုဗဟုသုတရသည်။ စိန်က အင်္ဂါနံ၊ ပန်းက ကြာသပတေးနံ။ ဗုဒ္ဓဟူးကို ရှေ့နောက်ဝန်းရံထားသော နေ့နံများ၊ စိန်ပန်းသား ရရှိသဖြင့် သတိတရ ထုလုပ်ပေးသည်ဟု ဆိုသည်။

'ဆရာ ကိုးကွယ်ပါ။ အကျိုးထူးပါလိမ့်မယ်'

သူက လေးလေးစားစား မှာသည်။

ရှင်ဥပဂုတ္တကိုယ်တော်ကို ကိုးကွယ်ရင် ဘေးရန်အန္တရာယ် ကင်းရှင်းတယ်၊ ရှင်သီဝလိကို ကိုးကွယ်ရင် လာဘ်လာဘ ပေါများတယ်၊ ဝင်ငွေကောင်းတယ်ဟုလည်း ရှင်းပြသည်။ သူ့ယုံကြည်ချက်နှင့် မိမိအပေါ်ထားရှိသော စေတနာက လေးစားစရာ။ လက်ရာကလည်း အနုစိတ်။ ရုပ်တုကလေးများကို မြတ်မြတ်နိုးနိုးလက်ခံထားလိုက်သည်။

အိမ်တိုင်းလိုလို ဘုရားစင်တွင် လက်ယာဘက်ခြမ်း၌ ရှင်ဥပဂုတ္တကိုယ်တော်ကို ကြေးပြာသာဒ်ဖြင့် လက်ဝဲဘက်ခြမ်းတွင် ရှင်သီဝလိကိုယ်တော်က တစ်ကိုယ်တော်ဒေသစာရီကြွမြန်းတော့မည့်ဟန်။

ဘုရား၊ စေတီ၊ ကျောင်း၊ ကန်များတွင်လည်း ဤနေရာပုံစံအတိုင်း ကိုယ်တော်နှစ်ပါးကို ဖူးတွေ့ရသည်။

လက်လှမ်းမီသမျှ စာအုပ်စာတမ်းများကို ရှာဖွေဖတ်ရှုသည်။ ရင်းနှီးသော သံဃာတော်များအား မေးမြန်း



www.burmeseclassic.com

စူးစမ်းသည်။ မိတ်ဆွေသင်္ဂဟများထံ လေ့လာသည်။

◆◆◆

မြတ်စွာဘုရားအား မြေမှုန့်များဖြင့် ဆက်ကပ်ပူဇော်ဖူးသော သူငယ်တော်။

လောကပညတ္တိပါဠိ အလိုအရ-

'ဤသူငယ်သည် နောင်သောအခါ သာသနာတော်တွင် ထင်ရှားလာလိမ့်မည်။ ဓမ္မာသောကမင်းကြီး၏ အလှူတော်တွင် ဖျက်ဆီးနှောင့်ယှက်လာမည့် မာရ်နတ်အား တန်ခိုးအားဖြင့် တားဆီးပေလိမ့်မည်' ဟု မြတ်စွာဘုရားကိုယ်တော်တိုင် ဗျာဒိတ်ထားခဲ့သည့်ပုဂ္ဂိုလ်။

မိခင်က ငါး၏ဝမ်း၌ ပဋိသန္ဓေတည်သော မစ္ဆဒေဝီ သတို့သမီး။ ထိုမင်းသမီးကို ဗြဟ္မဒတ်မင်းကြီးက ကောက်ယူမွေးစားတော်မူသည်။ သို့သော် ငါးသတ္တဝါ၏ ဇာတိသဘောအရ ကိုယ်ခန္ဓာမှအနံ့ဆိုးများ ထွက်သည်။ လူနှင့်ပတ်ဝန်းကျင်တွင် မနေသင့်သည့် အနေအထား။ စားနပ်ရိက္ခာ၊ အခြွေအရံ အပြည့်အစုံဖြင့် ဖောင်တင်မျှောခံရသည်။

ရှင်ဥပရသေ့နှင့် ကြုံရသည်က ရှေးဘဝ အဆက်ဆက်၏ ဖူးစာဟု ဆိုရမည်။ ဇာတ်တော်အရ မျက်စိပသာဒ ရှုမြင်ရုံဖြင့် သန္ဓေတည်သည်ဟု ဆိုသည်။ ရှေးခေတ်က စာရေးဆရာများ၊ ဇာတ်တော်ရေးဖွဲ့သူများသည် စိတ်ကူး အလွန်ဆန်းကြယ်ကြသည်။ မည်သို့ပင်ရှိစေ ဖခမည်းတော်က ရှင်ဥပရသေ့၊ မယ်တော်က မစ္ဆဒေဝီ။ ထို့ကြောင့် ရှင်ဥပဂုတ္တဟု အမည်တွင်သည်။ တောင်သမုဒ္ဒရာ၌ ကြေးပြာသာဒ်နှင့် စံနေတော်မူသည်။ ရဟန္တာကိုယ်တော်ဟု မြန်မာ့စွယ်စုံကျမ်းပြုစုသူ ပညာရှိများက ဆိုသည်။

ရှင်ဥပဂုတ်ဟုလည်း ခေါ်ကြသည်။ ကိုယ်တော်၏ ရုပ်တုကလေးက ဆွမ်းဘုဉ်းပေးနေသည့်ဟန်။ ဦးခေါင်းတော်ကလေးက ခပ်မော့မော့။ အနက်အဓိပ္ပာယ်က မာရ်နတ်က နေကို မွန်းတိမ်းအောင် ဆွဲယူနှောင့်ယှက်မည်စိုးသဖြင့် နေကို သတိမလစ် လှမ်းကြည့်နေပုံ။ သည်ကိုယ်တော်သည် ပင်လယ်ထဲတွင် ရက်ပေါင်းများစွာ အစာမဘုဉ်းဘဲလည်း နေနိုင်သည်ဟု ဆိုသည်။

ထိုအချိန်က သီရိဓမ္မာသောကမင်းကြီးက ခုနစ်လ ခုနစ်ရက်တိုင်တိုင် သာသနာပြုနေသောကာလ၊ အလှူပွဲတိုင်းကို မာရ်နတ်မင်းက နှောင့်ယှက်သည်။ ထို့ကြောင့် ရှင်ဥပဂုတ္တကိုယ်တော်က တန်ခိုးဖြင့် တားဆီးသည်။ မာရ်နတ်သားကို တောင်ကမ်းပါးယံတွင် ခုနစ်လ၊ ခုနစ်ရက်တိုင်တိုင် နှောင်ဖွဲ့ထိန်းချုပ်ရသည်အထိ။ မာရ်နတ်၏ လည်ပင်းတွင် ခွေးသေကောင်ပုပ်ကို ချိတ်ဆွဲထားသည်အထိ အရေးယူအပြစ်ပေးသည်။ မာရ်နတ်အား နှိမ်နင်းနိုင်သည့် တစ်ပါးတည်းသော ရဟန္တာ။

နှောင်းပိုင်းကာလများတွင် အလှူမဏ္ဍပ်ထိုးရာ၌ ရှင်ဥပဂုတ်ပွဲတင်၍ ပူဇော်ပသရသည့် အစဉ်အလာယဉ်ကျေးမှု ပေါ်လာသည်။ အလှူပြုလုပ်နေသော ကာလအတွင်း မာရ်နတ်က လေကြီးမိုးထန် မဖျက်ဆီးစေရန် တားဆီးလိုသည့်ရည်ရွယ်ချက်။ အိမ်များတွင် ရှင်ဥပဂုတ္တမထေရ်အား ကိုးကွယ်ကြသည်မှာလည်း ဘေးရန်အန္တရာယ် အနှောင့်အယှက် အဖျက်အဆီးမှ ကာကွယ်စောင့်ရှောက်ပေးစေလိုခြင်း မျှော်လင့်ချက် ဖြစ်နိုင်ခြေ။

စဉ်းစားစရာဖြင့် အများသား။

မြတ်စွာဘုရား လက်ထက်တော်ကတည်းက နည်းမျိုးစုံ နှောင့်ယှက်လာသော မာရ်နတ်မင်း။ သူက သည်ဘက်ခေတ်အထိ သက်ဆိုးရှည်နေသည်က အံ့သြစရာ။

မာရ်နတ်သည် ဘုရားဆုပန်ခဲ့သည်ဟုလည်း ကြားဖူးသည်။ သို့ဖြစ်ပါလျက် သူတစ်ပါးပြုလုပ်သည့် ကောင်းမှုကုသိုလ်မှန်သမျှကို လိုက်လံဖျက်ဆီးနှောင့်ယှက် ဆောင်ရွက်နေခြင်းသည် သဘာဝယုတ္တိ တန်နိုင်ပါ့မည်လော။ သံသယမစွက်ဖက်သော်လည်း စိတ်ထဲတွင် ဒွိဟ။

◆◆◆

ရှင်သီဝလိကိုယ်တော် ရုပ်တုကလေးကလည်း လက်ရာပီပီပြင်ပြင် သေသေသပ်သပ်။ တင်ထားသော ယပ်တောင်က ထုလုပ်ပုံအနုစိတ်။ ထောက်ထားသော တောင်ဝှေးက သေးသေးသွယ်သွယ်၊ ကိုင်ထားသော ပုတီးကလည်း တစ်လုံးချင်း စိစိရိရိ။ သင်္ကန်းတော်သည် ပကတိကဲ့သို့နှယ်။ အနုစိတ်ပန်းပုအနုပညာလက်ရာများ ဖုံးကွယ်မည် စိုးရိမ်၍ ရွှေမချဖြစ်။

ရှင်သီဝလိမထေရ်သည် မြတ်စွာဘုရား လက်ထက်တော်ကတည်းက လာဘ်လာဘပေါများသည့်အရာ၌ ဧတဒဂ်ရ ရဟန္တာဖြစ်သည်။ လက်ယာတော်ရံ လေးကျိပ်တွင် တစ်ပါးအပါအဝင်။



www.burmeseclassic.com

www.burmeseclassic.com

ခမည်းတော်က မဟာလိမင်းသား၊ မယ်တော်က သုဒ္ဓဝါသမင်းသမီး၊ ရှင်သီဝလိအလောင်းအလျာ သန္ဓေသားကို အမိဝမ်း၌ ခုနစ်နှစ်လွယ်ခဲ့ရသည်ဟု ဆိုသည်။ မြတ်စွာဘုရား၏ မေတ္တာတော်ကြောင့် မယ်တော် မီးဖွားနိုင်သည်။ ဖွားပြီးလျှင်ပြီးချင်း ခုနစ်နှစ်သားဘဝသို့ ရောက်သည်။ ခုနစ်နှစ်သားကလေးသည် သာမဏေ ဝတ်နိုင်ရန်အတွက် ဆံတော်ရိတ်ပြီးသည်နှင့်တစ်ပြိုင်နက် ကိလေသာကုန်ခန်း၍ ရဟန္တာဖြစ်သည်။ ပစ္စည်းလေးပါး လာဘ်လာဘလျှုဒါန်းသူ ပေါများသည်။ လာဘ်လာဘပေါများမှု အရာတွင် ဧတဒဂ်ရသည်။

လာဘ်လာဘရှင်လန်းလိုသူတို့သည်-

'လာဘီနမုတ္တမောထေရာ၊

သီဝလိက္ကတိဝိဿုတော၊

သော ရဟော ပစ္စယဒီနံ၊

သဒါ သောတ္ထိံ တရောတု မေ'

စသည့် သီဝလိဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်၍ ပုံတော်ကို ကိုးကွယ်ကြသည်ဟု အဆိုရှိသည်။

ကိုယ်တော်၏ ပုံတော်တွင် ပုတီးလေးတစ်ကုံး ပါဝင်သည်။ ရှင်ပြုစဉ်ကလည်း ပုတီးပါဝင်သည်ဟု မှတ်မိသည်။ သို့သော် တရားစခန်းဝင်သည့် ကာလများက တရားစခန်းသို့ ပုတီးယူဆောင်မလာရဟူသော တားမြစ်ချက်က ပြင်းပြင်းထန်ထန်။ တရားရှုမှတ်ရာတွင် ပုတီးကြောင့် အနှောင့်အယှက် ဖြစ်စေနိုင်သလော။ ပုတီးဟူသော ထောက်ကူပစ္စည်းကလေးသည် ဝိပဿနာတရားနှင့် သန့်ကျင်နေပါသလော၊ ရှင်သီဝလိပုံတော်တွင် ပုတီးသည် အပိုအဖြစ် ထုလုပ်ထားလေသလော လောပေါင်းများကြောင့် ရင်ဝယ် တင်းကျပ်သည်။ •

◆◆◆

ဒန်ထမ်းဘဝတစ်လျှောက်လုံး ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရသည့်ဒေသက (၉)မြို့နယ်။

မြို့နယ်ဒေသသစ်တစ်ခုသို့ ရောက်လေတိုင်း အလှူအတန်းတစ်ခုက မဖြစ်မနေ မပျက်မကွက်။ ပြောင်းရွှေ့ခွင့်ကို နိုင်ငံတော်က ခွင့်ပြုသည်။ အဆိုပါ ခရီးစရိတ်ရရှိခွင့်ရသည့်အခါတိုင်း အိမ်တွင် အလှူလုပ်ဖြစ်သည်။ လှူဒါန်းခြင်း၏ ရည်ရွယ်ချက်တွင် ကုသိုလ်ရလိုသည့်အပြင် မိမိရုံးအဖွဲ့များနှင့် ရင်းနှီးလိုသည့်သဘော။ အခြားဌာနဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် မိတ်ဖွဲ့လိုသည့်ဆန္ဒ။ နေထိုင်ရာရပ်ကွက်ရှိ အိမ်နီးချင်းများနှင့် နွေးထွေးလိုသည့် ရည်ရွယ်ချက်။

ညပိုင်းတွင် ဘုရားကိုးဆူပူဇော်ပွဲ၊ နောက်နေ့နံနက်စောစော ရဟန်းသံဃာများအား အရုဏ်ဆွမ်းကပ်လျှုကာ ဘုရားအနေကဇာတင်လှူခြင်း၊ ညပိုင်းတွင် ကြည်နူးစရာလာရောက်သည့် ဧည့်သည်များအတွက် အကျွေးအမွေး တစ်မျိုးမျိုး။ နံနက်ပိုင်း ဧည့်သည်များအတွက်ကိုမူ ဇာတိသားတို့ အလိုအရ စိတ်တိုင်းကျ ဒေသစာ။

သဗ္ဗညုတဉာဏ်တော်ရှင် ဗုဒ္ဓဘုရားနှင့်ပတ်သက်၍ အမျိုးမျိုး ရေတွက်ကြသည်။ လောကသုံးပါးတွင် ကြီးကျယ်မြင့်မြတ်ခြင်းနှင့် ပြည့်စုံတော်မူသောကြောင့် ဘုရားဟု ခေါ်ဆိုသည်။

ရှေးကမ္ဘာကမ္ဘာ ပွင့်တော်မူခဲ့ကြသော ဂင်္ဂါဝါဠုသဲစုမက များလှစွာသော ဘုရားများ၊ လွန်ခဲ့သော ဆယ့်ခြောက်အသင်္ချေအတွင်း ပွင့်တော်မူခဲ့သော ဗြဟ္မာဒေဝဘုရားများ၊ လွန်ခဲ့သော လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်း ပွင့်တော်မူသော နှစ်ကျိပ်ရှစ်ဆူဘုရားများ၊ ပစ္စေကဗုဒ္ဓါများ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ မေတ္တေယျ ငါးဆူသောဘုရားများ၊ အာဋာနာဋိယသုတ်လာ ဝေဿဝဏ်နတ်မင်းကြီး လျှောက်ထားအပ်သော ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ စသည့် ခုနစ်ဆူသော ဘုရားများ။

ဤမျှများပြားလှစွာသော ဘုရားများကိုလည်း ရှိသေကိုင်းရှိုင်းသည်။ ဘာသာရေးအရလည်း အကျိုးရှိရှိ၊ ယဉ်ကျေးမှုအရလည်း အနုပညာဆန်ဆန်၊ ဒေသန္တရဗဟုသုတလည်း အနယ်နယ်အစုံစုံ၊ ဘာသာရေးအပေါ် တိုင်းတစ်ပါး၏ အယူအဆကိုလည်း လေ့လာနိုင်သည်။

ကျွန်တော်သည် ရန်ကုန်တက္ကသိုလ် မော်ကွန်းထိန်းဆရာဦးစံအုန်း၏ အနုပညာတပည့်။ ဆရာ့တွင် ဘုရားဆင်းတုတော်များ စုဆောင်းခြင်း ဝါသနာတစ်ခုက စွဲစွဲမြဲမြဲ၊ သည်ဝါသနာကို အားကျမိသူက ကျွန်တော်။ အိမ်တွင် အနယ်နယ်အရပ်ရပ်မှ ကြွလာတော်မူကြသော ဘုရားဆင်းတုတော်ပေါင်းများစွာ စုဝေးကျောင်းထိုင်တော်မူကြသည်။ ယိုးဒယားမှ ဝယ်လာသော မြဘုရားနှင့် ရွှေမိုး၊ ဆောင်း ဘုရား၊ ဂျပန်နိုင်ငံမှ လက်ဆောင်ရသော

www.burmeseclassic.com

www.burmeseclassic.com

အရွယ်ရွယ်အစားစား ကမာကူရဘုရားများ နိုင်ငံတွင်းမှ ဘုရားရုပ်တုတော်အဆူဆူ၊ ရှမ်းပြည်နယ်မှ ပင့်လာသော ငှက်ခံသည့် ဘိသက္ကဂုရုဘုရား စသည်စသည် ကျောင်းဆောင်နှင့်အပြည့်။ နေရာသစ်သို့ ပြောင်းရွှေ့လေတိုင်း ဘုရားများကို သီးသန့်သယ်ယူ ပင့်ဆောင်ရသည်။ ရောက်ရှိရာ ဒေသတိုင်းတွင် ဘုရားဘိသေကအနေကဇာတင်ရသည်က အစဉ်အလာတစ်ခု။

နံနက်ကာလ သံဃာတော်များက ဘုရားအနေကဇာတင်ပေးကြသည်။ တံခွန်၊ ကုက္ကား၊ ဆန်၊ ပန်း၊ ပေါက်ပေါက်များဖြင့် ဆရာတော်များကိုယ်တိုင် ဘုရားအား ရှိခိုးအနေကဇာတင်ကြသည်မှာလည်း ဘဝင်ချမ်းမြေ့စရာ။ နယ်မြေသစ်၊ အိမ်သစ်သို့ ကြွရောက်လာရသဖြင့် မိမိကိုးကွယ်သော မြတ်စွာဘုရားဆင်းတုတော်အား နယ်မြေသစ်အိမ်သစ်ကို ကျောင်းအမှတ်ဖြင့် အပ်နှံခြင်းသဘော။ ကျောင်းလှူဒါန်းခြင်း အနက်အဓိပ္ပာယ်။

◆◆◆

မြတ်စွာဘုရားရှင်၏ ရုပ်တုတော်၊ ဆင်းတုတော်တို့သည် ဘုရားရှင်လက်ထက်တော်ကတည်းက ရှိခဲ့သည်။ ကောသလမင်းကြီး၏ လျှောက်ထားတောင်းပန်ချက်အရ စန္ဒကူးသားဖြင့် ဆင်းတုတော် ထုလုပ်ခဲ့သည်ဟု ဝဋ္ဋဂိုလိရာဇဇာတ်၌ ပါရှိသည်။

အဆိုပါ ဝဋ္ဋဂိုလိရာဇဇာတ်သည် ဇင်းမယ်ယဉ်ကျေးမှုဟုလည်း ဆိုကြသည်။ သင်္ဂါယနာတင်ကျမ်း မဟုတ်ဟုလည်း ဝေဖန်ကြသည်။ မြတ်စွာဘုရား လက်ထက်တော်က ရုပ်တုတော်၊ ဆင်းတုတော်များ မရှိသေးဟုလည်း ဆိုကြပြန်သည်။ ထို့ကြောင့် ဘုရားအနေကဇာတင်ခြင်း အစဉ်အလာသည် မြတ်စွာဘုရား၏ သဘောအလို မဖြစ်နိုင်။ ဇင်းမယ်ဇာတ်တော်များမှ ကူးပြောင်းလာသည့် ယဉ်ကျေးမှုဟု သုံးသပ်ကြသည်။

မန္တလေး မဟာမြတ်မုနိဘုရားကို ရခိုင်မှ ပင့်ဆောင်လာသည်။ ဘုရား၏ သမိုင်းအဆိုအရ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကိုယ်တိုင် ခွင့်ပြုခဲ့သည်ဟု သိရသည်။

ရာဇဘိသိက်၊ မင်္ဂလာဘိသိက်၊ သိရိပဝေသနာဘိသိက် သွန်းလောင်းခြင်းများကို နည်းယူထားသည်ဟုလည်း ပညာရှိများ အဆိုရှိကြသည်။ ဘုရားအနေကဇာတင်ခြင်းကို သံဃာတော်များသာ ဆောင်ရွက်ပေးလေ့ရှိသည်။ လူပုဂ္ဂိုလ်များဆောင်ရွက်လေ့မရှိ။ ယနေ့ခေတ်အခါ ပို၍ သိသာသည်။ ဘုရားတစ်ဆူပြီးတစ်ဆူ တည်ကြသည်။ ဆရာတော်ကြီးများကိုယ်တိုင် ဘုရားဘိသေက အနေကဇာတင်ပေးသည့် အခမ်းအနားနှင့် သတင်းများ။

ရုပ်တုတော်၊ ဆင်းတုတော်ကို ဥဒ္ဒိဿကစေတီ အမှတ်ဖြင့် အနေကဇာတိ သံသာရံ အစချီဥဒါန်းဂါထာ၊

ပဋိစ္စသမုပ္ပါဒ် အနုလုံပဋိလုံ၊

ယဒါဟဝေပါတု ဘဝန္တိဓမ္မာ အစချီဥဒါန်းဂါထာ၊

ဇယန္တော ဗောဓိယာမူလေ အစချီသော အဘိသေကဂါထာ၊

ဘုရားဂုဏ်တော်များ၊

သုနက္ခတ္တံ သုမင်္ဂလံ အစချီ အာသီသဂါထာတော်များ ရွတ်ဖတ်ပူဇော် အနေကဇာတင်ပေးကြသည်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အဖို့ ကောင်းသော ယဉ်ကျေးမှုအစဉ်အလာ အလေ့အထတစ်ခု ဖြစ်သည်ကိုကား ငြင်းနိုင်ဖွယ် မမြင်။

◆◆◆

ဆင်းတုတော်များဖြင့် စားပွဲတစ်လုံးအပြည့်။ ဘုရားကျောင်းဆောင်တွင် ခင်းကျင်းသည့် စနစ်ပုံစံအတိုင်း တစ်သဝေမတိမ်း။ ဆရာတော်များ ကြွလာသည်။ ကျောင်းသုံးကျောင်းမှ ဆရာတော်ချည်း စုစည်းကြွရောက်လာသဖြင့် ဝမ်းမြောက်ကြည်နူးကြရသည်။ သို့သော် ဆရာတော်များသည် ဘုရားဆင်းတုတော်များအား လက်အုပ်ကလေးချီလျက် စူးစမ်းသည်။

ဘာများအမိန့်ရှိလေမည်မသိ။ မိမိကလည်း ဆရာတော်၏ မျက်နှာကို အကဲခတ်သတိထားလျက် အရိပ်တကြည့်ကြည့်။ ဆရာတော်က စကားတစ်ခွန်းမျှမဆိုး ကိုယ်တော်တိုင် ရုပ်တုနှစ်ခုကို ဆွဲယူဖယ်ရှားလိုက်သည်။ ရှင်သီဝလိနှင့် ရှင်ဥပဂုတ္တ ကိုယ်တော်နှစ်ပါး ရဟန္တာ ဘုရားမဟုတ်လို့ အနေကဇာတင်ဖို့ မလိုဘူးဟု နှုတ်မှ တဖျစ်တောက်တောက်။

ကိုယ်တော်နှစ်ပါး ဘေးတစ်နေရာသို့ ကြွမြန်းရှောင်ရှားပေးလိုက်ရသည်မှာ သနားစရာ။ မြန်မာ့စွယ်စုံကျမ်း ကိုးကားမိသည်မှာ မှားနေသလား။ ဘုရားသာ မ... သည်၊ ရဟန္တာတော်ဂ ရရှိကြောင်း သိရသည့် ဘုရား



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဆောင်တွင် ထားရှိကိုးကွယ်ရန် မလိုအပ်ဘူးလား။ စာသင်သားများအား စာချဆရာတော်ကြီးမို့ ဆတက်ထမ်းပိုး လေးစားရသည်။ အမှားမခံ၊ တိတိကျကျ ကိုးကွယ်စေလိုသည့် သဘောထား။ မဟာယာန၊ ဟိန္ဒူဘာသာ၊ ဇင်းမယ်ယဉ်ကျေးမှုများ ပါဝင်လာသည့်ပုံစံကို နှစ်မြို့ဟန်မတူ။ ဗုဒ္ဓဘာသာဝင်စစ်စစ် ရေမရောလိုသည့် အတိမ်းအစောင်းမခံနိုင်သည့် သဘောထား ဆရာတော်က ပြတ်ပြတ်သားသား ပီပီပြင်ပြင်။

ဘုရားဘိသေကအနေကဇာတင် ပူဇော်ခြင်း လျှဒါန်းလိုသည့် ကာယကံရှင်၏ စိတ်ကြည်ညိုမှု နွမ်းပါးရချေပြီ။ ဤအလှူနှင့်ပတ်သက်၍ မူလကတည်းက စိုးတထိတ်ထိတ်။ ကိုယ့်အတွေး၊ ကိုယ့်အယူအဆနှင့် ကိုယ့်အဓိပ္ပာယ်များသည်၊ မှန်သည် မလေ့လာမိခဲ့။

သို့သော် သံဃာတော်များ ရွတ်ဖတ်ကြသည့် အနေကဇာတိသံသာရံ အစချီ ဥဒါန်းဂါထာ၏ အနက်မူရင်းကို လေ့လာကြည့်သည့်အခါ စိတ်၌ တစ်စုံတစ်ရာ ထူးခြားနေ၏။

အဖန်ဖန် ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲသောကြောင့် ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သူ တဏှာလက်သမားကိုရှာသော ငါသည် ထိုတဏှာလက်သမားကို မြင်နိုင်သော ဉာဏ်မရသေးသဖြင့် ဘဝများစွာ သံသရာပတ်လုံး ကျင်လည်ပြေးလွှားခဲ့ရလေပြီ။ ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သော ဟယ်..တဏှာလက်သမား။ ငါသည် သင့်ကို ပညာမျက်စိဖြင့် ယခု မြင်အပ်ပြီ။ ခန္ဓာအိမ်ဆောက်တစ်ဖန် သင် ဆောက်လုပ်ရတော့မည် မဟုတ်။ သင်၏ ကိလေသာတည်းဟူသော အခြင်ရ နယ်အားလုံးတို့ကို ငါ ချိုးဖျက်အပ်ကုန်ပြီ။ အဝိဇ္ဇာတည်းဟူသော အိမ်အထွတ်ကို ဖျက်ဆီးအပ်ပြီ။ ငါ၏စိတ်သည် ပြုပြင်ခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်ပြီ။ တဏှာကုန်ရာကုန်ကြောင်း အရဟတ္တဖိုလ်ကို ငါရပြီဟု ဆိုလိုသည်။

ခန္ဓာနှင့်အိမ် အနက်အဓိပ္ပာယ်များ ကွဲပြားသည်။ ဥဒါန်းဂါထာနှင့် မိမိ၏ အယူအဆများ လားလားမှ မှားခဲ့လေပြီလား သတိပြုဖွယ်။ မြတ်စွာဘုရားက ဘဝတစ်ဖန် ပြန်မဖြစ်လိုခြင်း အနက်ဖြင့် ဟောသည်။ လက်သမားနှင့်အိမ်ကို ဥပမာတင်စားသည်။ ကျွန်တော်က အိမ်ပေါ်မဟာရ တစ်ခုကလေးကို အားကိုးပြုလျက် အိမ်သစ်တွင် ကျောင်းသစ်အပ်နေသည်။

◆ ◆ ◆

သည်ကိစ္စကို ယခုမှ မိမိတစ်ယောက်တည်း တီထွင်လိုက်ခြင်းလည်းမဟုတ်၊ ခေတ်အဆက်ဆက် မိဘဘိုးဘွားလူကြီးများလက်ထက်မှ စတင်ခဲ့သည့် အစဉ်အလာ။ ယဉ်ကျေးမှုဓလေ့ထုံးစံဟုပင် ဆိုနိုင်သည်။ ယဉ်ကျေးမှုဆက်စပ်ကူးပြောင်းမှုက တည်ရှိနေဆဲ။ အထူးသဖြင့် ဘာသာရေးတွင် ကြည်ညိုစိတ်က အဓိက။ မည်သည့်ယဉ်ကျေးမှုပုံစံဖြစ်စေ စိတ်ညွတ်နူးခြင်းက အရေးပါသည်။ အတုမရှိသော မြတ်စွာဘုရားကို ကြည်ညိုခြင်းသာ အခြေခံကျသည်။

ဖိနပ်စီး၍ဖြစ်စေ၊ ခြေဗလာသွား၍ဖြစ်စေ ဘုရားသွားဖူးရန် အရေးကြီးဆုံး။

အနေကဇာမတင်သည်ဖြစ်စေ၊ မြတ်စွာဘုရား ရုပ်တုအပေါ် ကြည်ညိုရင်းစွဲ ရှိသင့်သည်။ ဘုရားကျောင်းဆောင်တွင် မြန်မာ၊ အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ ယိုးဒယား၊ ကမ္ဘောဒီးယား ဘုရားရုပ်တုများ စုပေါင်းကိုးကွယ်သဖြင့်လည်း ဓမ္မတရားတော်များအတွက် အတားအဆီး အန္တရာယ်မဖြစ်နိုင်။ ဗုဒ္ဓဘာသာနိုင်ငံအချင်းချင်း နားလည်ဖို့လိုမည်။

ရှင်သီဝလိနှင့် ရှင်ဥပဂုတ္တ ထားရှိပူဇော်၍လည်း ကိုးကွယ်သူအား စိတ်လုံခြုံစေသည်။

ယနေ့ မြန်မာနိုင်ငံတွင် အစဉ်အလာ ဘာသာရေးအခမ်းအနား နိုင်ငံတော်ပွဲလမ်းသဘင်များတွင် ဆရာတော်များကိုယ်တိုင် ဘုရားအနေဇာတင်နေကြသည်မှာ စဉ်ဆက်မပြတ်။ ကိုယ်တိုင်လည်း ကြုံဖူးသည်။ ရုပ်မြင်သံကြားမှလည်း ကြည့်နေရသည်။ မင်္ဂလာရှိသည်ဟု ယူဆအပ်သော ခရုသင်းများ၊ ပန်းကုံးများ၊ ဆန်ပန်းပေါက်ပေါက်များ၊ ရွတ်ဖတ်သံများ၊ အစီအစဉ်များ အခင်းအကျင်းများ၊ အတီး၊ အမှုတ် သံစဉ်များ တွေးတောချိန်ဆစရာ အများသား။

ဖူးချင်သည် လွမ်းတာ မများလို။

ရန်နိုင်

<u>စာညွှန်း</u>

မြန်မာစွယ်စုံကျမ်း အတွဲ(၈/၁၃/၁၄)ကို ကိုးကားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# မင်းသိကျော်

## ရန်သူနှင့် မိတ်ဆွေ အမှတ်အသား တစ်ဆယ့်ခြောက်ပါး

လူမှုပတ်ဝန်းကျင်၌ ပေါင်းသင်းဆက်ဆံရေးတွင် ရန်သူနှင့်မိတ်ဆွေ ခွဲခြားပေါင်းသင်းတတ်ဖို့ လိုအပ်၏။ ရန်သူသည် မိမိ၏အကျိုးကို ပျက်ပြားစေ၍ မိတ်ဆွေသည်ကား မိမိ၏ အကျိုးကို တိုးပွားစေ၏။

မိမိ၏အကျိုးကို ပျက်ပြားစေသော ရန်သူ၏ အမိတ္တလက္ခဏာ အမှတ်အသား(၁၆)ပါး ရှိသလို အကျိုးကို တိုးပွားစေသည့် မိတ်ဆွေ၏ မိတ္တလက္ခဏာ အမှတ်အသားလည်း (၁၆)ပါးရှိချေသည်။

ရန်သူ မိတ်ဆွေ ခွဲခြားပေါင်းသင်း ဆက်ဆံနိုင်ရန်အတွက် အမိတ္တလက္ခဏာ ရန်သူ၏ အမှတ်အသား(၁၆)ပါးနှင့် မိတ္တလက္ခဏာ မိတ်ဆွေအမှတ်အသား(၁၆)ပါးတို့ကို ရှာဖွေတင်ပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**အမိတ္တလက္ခဏာ (ရန်သူ၏အမှတ်အသား) (၁၆)ပါး**

(၁) မိမိနှင့် တွေ့ဆုံသောအခါ မပြုံးရွှင်မှု ထိုသူ ရန်သူတည်း။
(၂) မိမိပြောဆိုသောစကားကို မနှစ်သက်မှု (နားမထောင်မှု) ထိုသူကား ရန်သူတည်း။
(၃) မိမိနှင့် အကြည့်ချင်း ဆုံသောအခါ မျက်နှာလွှဲမှု (မျက်စိလွှဲမှု) ထိုသူကား ရန်သူတည်း။
(၄) မိမိပြောသောစကားကို ဆန့်ကျင်ပြောဆိုမှု (ဖျက်လိုဖျက်ဆီးပြုမှု) ထိုသူကား ရန်သူတည်း။
(၅) မိမိနှင့် မသင့်မြတ်သူတွေကိုမှ ပေါင်းသင်းမှု ထိုသူကား ရန်သူတည်း။
(၆) မိမိ၏ အပေါင်းအသင်းမိတ်ဆွေ၊ ဆွေမျိုးတို့ကို ရှောင်ခွာခြင်းပြုမှု၊ အပေါင်းအသင်းမပြုမှု ထိုသူကား ရန်သူတည်း။
(၇) မိမိဂုဏ်ကိုပြောလျှင် ပိတ်ပင်မှု ထိုသူကား ရန်သူတည်း။
(၈) မိမိအား နှိမ်ချပြောမှု၊ ကဲ့ရဲ့မှု၊ အတင်းအဖျင်း ပြောမှု ဟုတ်ပါ့၊ ဟုတ်ပါ့ဟု ချီးမွမ်းမှု ထိုသူကား ရန်သူတည်း။
(၉) မိမိအား သူ၏လျှို့ဝှက်ချက်ကို မပြောမှု ထိုသူကား ရန်သူတည်း။
(၁၀) မိမိက ပြောထားသော မိမိ၏ လျှို့ဝှက်ချက်ကို တစ်ပါးသောသူတို့အား ဖွင့်ချပြောကြားမှု ထိုသူကား ရန်သူတည်း။
(၁၁) မိမိလုပ်သမျှ ကိစ္စအားလုံးကို ရှုတ်ချကဲ့ရဲ့မှု ထိုသူကား ရန်သူတည်း။
(၁၂) မိမိ၏ ပညာစွမ်းရည်ကို မချီးမွမ်းမှု ထိုသူကား ရန်သူတည်း။
(၁၃) မိမိစီးပွားဥစ္စာ လူမှုရေးရာ ဆုတ်ယုတ်ပျက်စီးလျှင် ဝမ်းမြောက်ဝမ်းသာရှိမှု ထိုသူကား ရန်သူတည်း။
(၁၄) မိမိ အရာရာမှာ တိုးတက်ကြီးပွားလျှင် ဝမ်းမသာနိုင်၊ မနှစ်သက်နိုင်၊ မရှုဆိတ်နိုင်လျှင် ထိုသူကား ရန်သူတည်း။
(၁၅) ထိုသူအား အစားကောင်း အသောက်ကောင်း ရရှိလျှင် မိမိအားပေးဝေမျှတဖို့ သတိမရမှု ထိုသူကား ရန်သူတည်း။
(၁၆) ငါ ရသလို သူလည်း ရပါမှ ကောင်းလေစွဟု မိမိပေါ် ကြင်နာသောစိတ်ထားမျိုးမရှိမှု ထိုသူကား ရန်သူတည်း။

ဤသည်တို့ကား အမိတ္တလက္ခဏာ(ရန်သူ၏ အမှတ်အသား) (၁၆)ပါးပင် ဖြစ်ပါသည်။

**ဆောင်ရန်အလင်္ကာ**

(၁) ငါနှင့် တွေ့လျှင် မပြုံးရွှင် စင်စစ် ရန်သူတည်း။
(၂) ငါ ပြောဆိုရာတွင် မနှစ်သက် မှတ်ချက် ရန်သူတည်း။
(၃) မကြည့်ချင်နဲ့ ပေါင်းသင်းခဲ့ တကယ့် ရန်သူတည်း။
(၄) ငါပြောလျှင် သူဆန့်ကျင် အစဉ် ရန်သူတည်း။
(၅) ငါ့ရန်သူနဲ့ ပေါင်းသင်းခဲ့ တကယ် ရန်သူတည်း။
(၆) ငါ့မိတ်ဆွေတွေ ရှောင်ကြဉ်ပေ. မှတ်လေ ရန်သူတည်း။
(၇) ငါ့ဂုဏ်ပြောလျှင် သူပိတ်ပင် စင်စစ် ရန်သူတည်း၊
(၈) ငါ့ကိုနှိမ့်ချ ပြောဆိုကမူ ဟုတ်ပါ့ ဟုတ်ပါ့ ချီးမွမ်းကဒါမှ ရန်သူတည်း။
(၉) သူ၏လျှို့ဝှက် ပြောထားချက်ကို လျှို့ဝှက်ထားကာသူ မမြွက်ကြား မှတ်သား ရန်သူတည်း။
(၁၀) ငါ၏လျှို့ဝှက် ပြောထားချက်ကို လျှို့ဝှက်မထားသူမြွက်ကြား မှတ်သား ရန်သူတည်း။
(၁၁) ငါလုပ်သမျှ သူရှုတ်ချ ဒါမှ ရန်သူတည်း။
(၁၂) ငါ့ပညာစွမ်း မချီးမွမ်း ဆိုးသွမ်း ရန်သူတည်း။
(၁၃) ငါမကြီးပွား ပျက်စီးငြားသော် စိတ်အားတက်ကြွနှစ်သက်က ဒါမှ ရန်သူတည်း။
(၁၄) ငါကကြီးပွား တိုးတက်ငြားသော် စိတ်အားမယုတ်မလျက် မနှစ်သက် ဆက်ဆက် ရန်သူတည်း။
(၁၅) အစားကောင်းများ သူရငြားသော် ငါ့အားပေးရန်သူ မကြံဘဲ ပေးရန်သတိ စိတ်မရှိ မှတ်သိ ရန်သူတည်း။
(၁၆) အစားကောင်းများ သူရငြားသော် ငါ့အား မသွေရပါစေဟု စိတ်နေစိတ်ထား မရှိငြား မှတ်သား ရန်သူတည်း။

**မိတ္တလက္ခဏာ (မိတ်ဆွေ၏အမှတ်အသား) (၁၆)ပါး**

(၁) မိမိနှင့် ကွေကွင်းနေလျှင် သတိတရ တ,သကွမ်းဆွတ် အောက်မေ့နေပါက ထိုလူကား မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com

တည်း။

(၂) မိမိနှင့် ကွေကွင်းနေရာမှ မိမိပြန်လာသောအခါ ဝမ်းမြောက်ဝမ်းသာရှိပါက ထိုသူကား မိတ်ဆွေတည်း။

(၃) မိမိပြန်လာသောအခါ ချစ်ခင်လိုလားနှစ်သက်ပါက ထိုသူကား မိတ်ဆွေတည်း။

(၄) မိမိပြန်လာသောအခါ နှစ်သက်ရွှင်လန်း ဝမ်းသာစကား ပြောကြားပါက ထိုသူကား မိတ်ဆွေတည်း။

(၅) မိမိ၏ မိတ်ဆွေကိုသာ ပေါင်းသင်းပါက ထိုသူကား မိတ်ဆွေတည်း။

(၆) မိမိနှင့် မသင့်မြတ်သူ မိမိ၏ ရန်သူတို့ကို မပေါင်းသင်းပါက ထိုသူကား မိတ်ဆွေတည်း။

(၇) မိမိကို ကဲ့ရဲ့နှိမ့်ချ ပြောဆိုလျှင် တားမြစ်ပါက ထိုသူကား မိတ်ဆွေတည်း။

(၈) မိမိကို ချီးမွမ်းစကား ပြောကြားလျှင် ဝမ်းသာအားရ မြှောက်စားပါက ထိုသူကား မိတ်ဆွေတည်း။

(၉) သူ၏ လျှို့ဝှက်ချက်ကို မိမိအား ပြောကြားပါက ထိုသူကား မိတ်ဆွေတည်း။

(၁၀)မိမိ၏ လျှို့ဝှက်ချက်ကို သူ၏ လျှို့ဝှက်ချက်ကဲ့သို့ သဘောထားလျက် မပြောမကြား လျှို့ဝှက်ထားပါက ထိုသူကား မိတ်ဆွေတည်း။

(၁၁)မိမိပြုလုပ်သော အမှုကိစ္စအားလုံးကို ချီးမွမ်းပါက ထိုသူကား မိတ်ဆွေတည်း။

(၁၂)မိမိ၏ ပညာစွမ်းရည်ကို ချီးကျူးပြောဆိုပါက ထိုသူကား မိတ်ဆွေတည်း။

(၁၃)မိမိကြီးပွားတိုးတက်လျှင် နှစ်သက်ဝမ်းသာပါက ထိုသူကား မိတ်ဆွေတည်း။

(၁၄)မိမိပျက်စီးဆုတ်ယုတ်နေလျှင် မနှစ်သက်ပါက (ဝမ်းနည်းပါက) ထိုသူကား မိတ်ဆွေတည်း။

(၁၅)သူ့အား အစားကောင်း အထူးအဆန်းရရှိလျှင် မိမိအား ပေးရန် သတိရပါက ထိုသူကား မိတ်ဆွေတည်း။

(၁၆)သူ့အား အစားကောင်း အထူးအဆန်းရရှိသောအခါ မိမိအားလည်း ထိုအစားကောင်းများ ရပါစေဟု စိတ်ထားကောင်း (မေတ္တာစိတ်ထား)ရှိပါက ထိုသူကား မိတ်ဆွေတည်း။

ဤသည်တို့ကား မိတ္တလက္ခဏာ(မိတ်ဆွေ၏ အမှတ်အသား) (၁၆)ပါးတို့ပင် ဖြစ်ပါသည်။

ဆောင်ရန်ဆောင်ပုဒ် အလင်္ကာမှာ-

**ဆောင်ပုဒ်အလင်္ကာ**

(၁) ငါနှင့်ကင်းကွာ နေရပါမူ သူမှာလွမ်းရ သတိ ဒါမှ မိတ်ဆွေအရင်း။

(၂) ငါလာသောအခါ ဝမ်းမြောက်ပါ ဒါမှမိတ်ဆွေတည်း

(၃) ငါလာသည့်အတွက် သူနှစ်သက် ဆက်ဆက် မိတ် ဆွေတည်း။

(၄) ငါလာသောအခါ ပျော်ရွှင်စွာလျှင် သာယာမြူး ပြောဆိုက ဒါမှ မိတ်ဆွေတည်း။

(၅) ငါ့မိတ်ဆွေသာ ပေါင်းသင်းပါ ဒါမှ မိတ်ဆွေတည်း

(၆) ငါ့ရန်သူတွေ ရှောင်ကြဉ်ပေ မှတ်လေ မိတ်ဆွေ တည်း။

(၇) ငါ့ကိုနှိမ့်ချ ကဲ့ရဲ့ကြမူ လုံးဝပယ်ရှား တားမြစ်ပြီး မှတ်သား မိတ်ဆွေတည်း။

(၈) ငါ့ဂုဏ်ထုတ်ကာ ချီးမွမ်းပါမူ ဝမ်းသာအားရ မြှောက် စားက ဒါမှ မိတ်ဆွေတည်း။

(၉) သူ၏ လျှို့ဝှက်ချက်များ ဆက်ဆက်ငါ့အား ပြော ဆိုပြီး မှတ်ပါ မိတ်ဆွေတည်း။

(၁၀)ငါ၏လျှို့ဝှက်ချက် လျှို့ဝှက်သိုထား နှုတ်ငုံပြီး မှတ်သား မိတ်ဆွေတည်း။

(၁၁)ငါလုပ်သမျှ ချီးမွမ်းက ဒါမှ မိတ်ဆွေတည်း။

(၁၂)ငါ့ပညာကို ချီးကျူးဆို ထိုသူ မိတ်ဆွေတည်း။

(၁၃)ငါကြီးပွားသော် သူရွှင်ပျော် သူတော်မိတ်ဆွေတည်း

(၁၄)ငါ မကြီးပွား ပျက်စီးပြီးသော် သူကား စိတ်ပျက် မနှစ်သက် ဆက်ဆက် မိတ်ဆွေတည်း။

(၁၅)အစားကောင်းများ သူရပြီးသော် ငါ့အားပေးချင် သတိယှဉ် အစဉ် မိတ်ဆွေတည်း။

(၁၆)အစားကောင်းများ သူရပြီးသော် ငါ့အားမသွေ ရပါ စေဟု စိတ်နေစိတ်ထား ရှိပါပြီး မှတ်သားမိတ်ဆွေ တည်း..

ဟူသည်တို့ပင် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက် ပါသည်။

မင်းသိင်္ခ



www.burmeseclassic.com

www.burmeseclassic.com

အမေရိကန်ပြည်ထောင်စုဆိုတာ ကမ္ဘာပေါ်မှာ ရှုပါ ဒါ မဟာအင်အားကြီး နိုင်ငံဖြစ်ပြီး အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတကလည်း သူ့တစ်နိုင်ငံတည်းသာမက ကမ္ဘာအနှံ့အပြားအထိ ဩဇာသက်ရောက်သူ ဖြစ်ပါတယ်။ တစ်နည်းပြောရရင် သမ္မတတွေထက် သာလွန်သော မဟာသမ္မတမင်းလို့ ပြောနိုင်ပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေလည်းဖြစ်၊ မြန်မာပြည်သူတွေရဲ့ ကြိုက်နှစ်သက်သူလည်းဖြစ်တဲ့ ဟီလာရီကလင်တန်ဟာ မကြာမီမှာပဲ အမေရိကန်ပြည်ထောင်စုရဲ့ ပထမဦးဆုံး အမျိုးသမီးသမ္မတ ဖြစ်လာပါတော့မယ်။

ဟီလာရီကလင်တန်ဟာ အမေရိကန်သမ္မတဟောင်း ဘီ(လ်)ကလင်တန်ရဲ့ ကတော်ဖြစ်ပြီး အမေရိကန်သမ္မတ ဘားရက်အိုဘားမားရဲ့ ပထမသမ္မတသက်တမ်းမှာ အမေရိကန်အစိုးရ နိုင်ငံခြားရေးဝန်ကြီး ရာထူးကိုလည်း ယူခဲ့ပါသေးတယ်။ ဟီလာရီကလင်တန်ဟာ အမေရိကန်ပြည်ထောင်စုရဲ့ မဟာသမ္မတမင်း ဖြစ်လာဖို့ကို နှစ်ကာလရှည်ကြာစဉ်ကပင် အတိတ်နိမိတ်တွေ ပြခဲ့ပါတယ်။

ဒီနှစ်ဆန်းက နိုင်ငံတကာ သတင်းတစ်ပုဒ်မှာ ဟီလာရီကလင်တန်ဟာ သူ့ခင်ပွန်း အမေရိကန်သမ္မတ ဘီ(လ်)ကလင်တန်နဲ့အတူ အိမ်ဖြူတော်မှာ အိပ်ပျော်နေစဉ် အိပ်မက်တစ်ခုကို မြင်မက်ပါသတဲ့။ အိပ်မက်ထဲမှာ နောင်

# ဟီလာရီကလင်တန် အတွက် နိမိတ်

တောင်းစံ ■■■





www.burmeseclassic.com

www.burmeseclassic.com

(၁၈)နှစ်ကြာရင် သူဟာ အမေရိကန်နိုင်ငံရဲ့ စစ်သေနာပတိချုပ်ရာထူး ရမယ်ဆိုတာပါပဲ။ တကယ်တော့ အမေရိကန်နိုင်ငံမှာ သမ္မတဟာ တပ်အားလုံးကို အုပ်ချုပ်ထားတဲ့ စစ်သေနာပတိချုပ် ဖြစ်ပါတယ်။ အိပ်မက်,မက်တဲ့အချိန်က (၁၉၉၈)ခုနှစ်ကဆိုတော့ အဲဒီအိပ်မက်ဟာ (၂၀၁၆)ခုနှစ်မှာ ဟီလာရီကလင်တန် အမေရိကန်သမ္မတဖြစ်မယ် ဆိုတာရဲ့ ရှေ့ပြေးနိမိတ် ဖြစ်တာပေါ့။

တစ်ခါ အိန္ဒိယနိုင်ငံက သမထဝိဇ္ဇာ ဆွာမိဒတ္တဗာဟု(တ်)ကလည်း ဟီလာရီကလင်တန် သမ္မတဖြစ်လာမယ်ဆိုတာ (၁၉၉၅)ခုနှစ်လောက်ကတည်းက ကြိုတင် ဟောကိန်းထုတ်ခဲ့ပါတယ်။

သမထဝိဇ္ဇာ(ဒေသအခေါ် ဆာဒူး) တစ်နည်း ယောဂီသူတော်စင်ကြီး ဆွာမိဒတ္တဗာဟု(တ်)ကို (၁၉၅၃)ခုနှစ်က အိန္ဒိယနိုင်ငံမှာ မွေးဖွားပြီး (၁၃)နှစ်သား အရွယ်မှာ နေရပ်ကို စွန့်ခွာလျက် အိန္ဒိယနိုင်ငံတောင်ပိုင်းက တောတောင်တွေထဲမှာ တစ်ဦးတည်း ကျင့်ကြံအားထုတ်နေခဲ့ပါတယ်။ သူ့ကို သာဝကများက ကျောင်းဆောက်လှူဒါန်းပေမယ့် နေရာတစ်ခုမှာ အမြဲမနေဘဲ တောထဲ တောင်ထဲကို လှည့်လည်နေထိုင်တာကိုပဲ နှစ်သက်ခဲ့ပါတယ်။

ဆွာမိဒတ္တဗာဟု(တ်)နဲ့ တွေ့ဆုံသူတိုင်းဟာ ထူးခြားတဲ့ အောင်မြင်မှုတွေ၊ အတွေးအခေါ် အသိအမြင်တွေ ရခဲ့တာကြောင့် ဆွာမိကြီးဆီ မကြာခဏ လာရောက်လိုကြပေမယ့် ဆွာမိကြီးက ကျော်ကြားမှုကို မလိုလားတာကြောင့် သာဝကများတာကိုလည်း လက်မခံဘူးလို့ ဆိုပါတယ်။

တစ်နေ့မှာ ဆွာမိကြီးဆီကို အိန္ဒိယနိုင်ငံ၊ မွမ်ဘိုင်းမြို့က အထင်ကရ စာအုပ်များ ထုတ်ဝေသူ ဗနီတာဟာ ရောက်ရှိခဲ့ပြီး ဆွာမိကြီးရဲ့ အတွေးအခေါ်တွေကို စာအုပ်အဖြစ် ထုတ်ဝေခွင့် တောင်းခံခဲ့တယ်။ ဆွာမိကြီးက စာသုံးအုပ် ရေးပေးခဲ့ပါတယ်။ (၁) Pathway to Self- realization (၂) Mysticism in India (၃) Secret Forces Behind Life တို့ ဖြစ်ပါတယ်။

ပြီးတော့ ဆွာမိကြီးက သူ့ရဲ့ အနာဂတ်ဟောကိန်းအဖြစ် ဟောကိန်း(၁၉၉၈ မှ ၂၁၀၀) PROPHECIES (1998 TO 2100) စာအုပ်ကို (၁၉၉၇)ခုနှစ်က VANITA BOOKS ကနေ ပထမအကြိမ် ထုတ်ဝေခဲ့ရာမှာ





www.burmeseclassic.com

www.burmeseclassic.com



ရေးသူရဲ့မိတ်ဆွေ အိန္ဒိယနိုင်ငံကအပြန် လက်ဆောင် ခဲ့လို့ (၁၉၉၇)ခုနှစ်၊ ဩဂုတ်လ (၇)ရက်နေ့က ရရှိခဲ့ ပါတယ်။

ဆရာမိဒတ္တဗာဟု(တ်)ရဲ့ ဟောကိန်းစာအုပ်ဟာ အိန္ဒိယ အတွက်သာမက တစ်ကမ္ဘာလုံးကိုပါ ဟောကြားခဲ့ ဒီရုတ်စစ်ပွဲ၊ ကက်သျှမီးယားပြဿနာ၊ ငလျင်ကြီး စစ်ပွဲကြီးများအပြင် တတိယကမ္ဘာစစ် ဖြစ်မည့်အချိန် ဟောထားပေးပါတယ်။

အခန်းကိုးခန်းပါတဲ့ ဟောကိန်းစာအုပ်ရဲ့ စာမျက်နှာ မှာ အမေရိကန်သမ္မတ ဘီ(လ်)ကလင်တန်နဲ့ သူ့ရဲ့ ဩဇာကို ဒီလိုဟောထားပေးပါတယ်။

Due to his farsightedness,The American President, Bill Clinton will become famous not only in America but in the entire world. Even after the expiry of his Presidential term, his views will carry weight.

ဆရာမိကြီးဟာ အမေရိကန်သမ္မတ ဘီ(လ်)ကလင် သမ္မတရာထူး ရနေစဉ် ဟောခဲ့တာဖြစ်ပြီး ဘီ(လ်) ကလင်တန်ရဲ့ ဩဇာအာဏာဟာ အမေရိကန်နိုင်ငံသာ မက အခြားဒေသများဆီကိုပါ လွှမ်းမိုးနိုင်တယ် ဆိုတာ ရယ်၊ သူဟာ သမ္မတရာထူး မဟုတ်တော့သော်လည်း ဆရာမိကြီးက (၂၀၁၅)ခုနှစ်လွန်ကာလလို့ဆိုတယ်။ ဘီ(လ်) ကလင်တန်ရဲ့ ဩဇာအာဏာဟာ ဆက်ပြီး ရှိနေမယ်။ တကယ်တော့ ဘီ(လ်)ကလင်တန် သမ္မတရာထူးမှာ နှစ် ကြိမ်ဆက် ယူပြီးလို့ သမ္မတ မဖြစ်နိုင်တော့ပေမယ် ဟီ လာရီကလင်တန် သမ္မတဖြစ်ရင် ဘီ(လ်)ကလင်တန်ပါ အိမ်ဖြူတော်ဆီ ဇာစ်ကျော့ပြန်ရောက်မှာ ဖြစ်ပါတယ်။

အနောက်ကမ္ဘာမှာ ဟီလာရီကလင်တန်က မဟာ သမ္မတမင်းဖြစ်ချိန် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ် အောင်ဆန်းစုကြည်ကလည်း အာဆီယံ အရှေ့တောင်အာရှ နိုင်ငံများကိုသာမက အရှေ့အင်အားကြီး နိုင်ငံများကိုပါ ဩဇာအာဏာညောင်းသူ ဖြစ်လာနေပြီဆိုတော့ (၂၀၁၆) ခုနှစ်၊ ဇွန်လထဲမှာ ထင်ရှားတဲ့ ဆရာတော်ကြီး တစ်ပါးက သူ တရားရှုမှတ်နေစဉ် ကမ္ဘာကို လနှစ်စင်းက ပတ်နေ တယ်ဆိုတဲ့ နိမိတ်က မှန်ကန်နေပြီလို့ ဆိုနိုင်ပါတယ်။

**ကောင်းစံ**



www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘီရ-ဆရာလှမျိုး(B.Sc)

# ကျန်းမာချမ်းသာ ဘေးရန်ကွာ ဂြိုဟ်ရှင်ခွင်ယတြာ

မြန်မာ့ရိုးရာဗေဒင်ပညာရပ်တွင် လက်ဆန်းနှင့် လက်ရိုးဟူ၍ အဓိကနှစ်မျိုးရှိသည်။ လက်ရိုးဆိုသည်မှာ နက္ခတ်ပညာရပ် အမျိုးမျိုးကို ခေါ်ဆိုသည်။ ယခုအခါ ကွန်ပျူတာဖြင့် ဇာတာဖွဲ့၍ စနစ်တကျတွက်ချက်နိုင်သောကြောင့် ခေတ်မီလာပါပြီ။ အချို့ ဖုန်းထဲမှာတောင် ထည့်၍ လွယ်ကူစွာ တွက်ချက်အဖြေထုတ်ပေးနေပါသည်။ လက်ဆန်းပညာမှာ မဟာဘုတ်၊ သုံးတန်ပေါ်နိစ်၊ ဆန်းကျမ်း၊ အင်းဝိဇ္ဇာများ ဖြစ်သည်။ အချို့ကလည်း နိမ့်ချသည့် သဘောဖြင့် (၇)ခုစား၊ (၈)ခုစား ဗေဒင်ဟု ခေါ်ကြသည်။

စာရေးသူ လေ့လာတွေ့ရှိရသလောက် အများအားဖြင့် သက်ရောက်၊ ဂြိုဟ်အိမ်သဘောနှင့် နက္ခတ်ဗေဒင်မှ ဇာတာခွင်အဟော အဖြေနီးစပ်စွာ တူညီကြသည်။ ဇာတာခွင်ဖြစ်စေ၊ လက်ဆန်းဗေဒင်မှာဖြစ်စေ အဓိကမှာ ဂြိုဟ်အကူးအပြောင်းတွေရှိသည်။ ဂြိုဟ်တစ်ခုနှင့်တစ်ခု အကူးအပြောင်းမှာ အခက်အခဲ၊ ပြဿနာ ကြုံရတတ်သည်။ အိမ်တစ်အိမ်မှတစ်အိမ် အပြောင်း၊ နေရာဒေသတစ်ခုမှ အခြားနေရာဒေသ အပြောင်း၊ အလုပ်ဌာန အကူးအပြောင်း၊ စနစ်တစ်ခုမှတစ်ခုသို့ အပြောင်း၊ ယာယီအခက်အခဲကြုံတွေ့ရသည်မှာ သဘာဝတရား ဖြစ်ပါသည်။

ဂြိုဟ်အိမ်ကူးပြောင်းချိန်၊ သက်ရောက်တစ်နှစ်မှတစ်နှစ် သက္ကတ်ကူးပြောင်းချိန်တို့တွင် ဂြိုဟ်ရှစ်ခွင်ယတြာကို ပြုလုပ်ဆောင်ရွက်သင့်ပါသည်။ စာဖတ်ပရိသတ်များ အနေဖြင့် အသက်တစ်နှစ်မှတစ်နှစ် ကူးပြောင်းချိန်ဟု အလွယ်မှတ်ထားသင့်ပါသည်။

ဥပမာ-(၁၈-၁၀-၁၉၇၀)ပြည့်နှစ်ဖွားသူ တစ်ဦးသည် (၁၈-၁၀-၁၉၉၀)ပြည့်နှစ်တွင် အသက်(၂၀)ပြည့်မည်။ (၁၉-၁၀-၁၉၉၀)ပြည့်နှစ်မှစ၍ အသက်(၂၁)နှစ်ဝင်မည်။ ထိုအသက်(၂၁)နှစ် အဝင်ကာလနှင့် နှစ်လယ်ပိုင်း၊ နှစ်ဆုံးပိုင်းတွင် ဂြိုဟ်ရှစ်ခွင်ယတြာ ပြုလုပ်ရပါမည်။ အချို့ တစ်လတစ်ကြိမ် ပြုလုပ်ကြသည်။

တနင်္ဂနွေမှ သောကြာအထိ ဂြိုဟ်ရှစ်ခွင်ရှိပါသည်။ အဆိုပါ ဂြိုဟ်ရှစ်ခွင်ယတြာကို မိမိမွေးနံထောင့်မှ စတင်ပြုလုပ်ရပါမည်။ ထိုဂြိုဟ်ရှစ်ခွင်ယတြာသည် ကျန်းမာရေးကောင်းပါစေ၊ ဘေးရန်ကင်းစေသည့်အပြင် အလုပ်အကိုင် စီးပွားရေးလည်း အောင်မြင်တိုးတက်စေပါသည်။

**ဂြိုဟ်ရှစ်ခွင်ယတြာ ပြုလုပ်ဆောင်ရွက်နည်း**

မိမိရောက်ဆဲအသက်ထက် လှူရန် ပစ္စည်း(၁)ခု ပိုထားရမည်။ လှူရန်ပစ္စည်း သက်ရောက်ကို ကြည့်၍ ရွေးရမည်။

**မိမိသက်ရောက်၏ လှူရန်ပစ္စည်း**

| | | |
|---|---|---|
| တနင်္ဂနွေ<br>ဂြိုဟ်ရုပ်စုံ | တနင်္လာ<br>ထီးဖြူ | အင်္ဂါ<br>ကြက်လျှာ |
| သောကြာ<br>ယပ်ရောင်စုံ | အင်္ဂလက်ခွင် | ဗုဒ္ဓဟူး<br>ဆူးပါတံခွန်လုံး |
| ရာဟု<br>ယပ်အဖြူရောင် | ကြာသပတေး<br>ရိုးရိုးတံခွန်လုံး<br>အသေး | စနေ<br>ထီးဖြူ |

**(အင်္ဂလက်ခွင် ခေါ် ဂြိုဟ်ရှစ်ခွင်)**

**မိမိသက်ရောက်၏ လှူရန်ပစ္စည်း**

ရောက်ဆဲအသက်ကို (၈)ဖြင့် စားပါ။ ရလဒ်ကို မွေးနံထောင့်မှစ၍ ဂြိုဟ်ရှစ်ခွင် လက်ယာရစ် ပူဇော်ရမည်။ အကြွင်းကို နောက်ဆုံး မွေးနံထောင့်မှာ ဆောင်ပန်းနှင့် ပေါင်းလှူရမည်။ တံခွန်(၉)ခု၊ ကုက္ကား(၉)ခု၊ မုလေး(၉)ခု ပါရမည်။ တစ်ထောင့်တွင် တစ်ခုနှုန်း ထည့်၍ ထောင့်တိုင်းတွင် ဖယောင်း(၅)တိုင်၊ အမွှေးတိုင်(၅)တိုင်



www.burmeseclassic.com

www.burmeseclassic.com





...ပါမည်။ ဘုရားကို ရေ(၅)ခွက် သပ္ပာယ်ရမည်။ ရေ...ပ္ပာယ်ရာ၌ မျက်နှာတော်ကို ရေမလောင်းသင့်ပါ။ ကြိုပ်...နှင့် ကြိုပ်ရပ်တို့ကို ရေမလှူရပါ။ ဤကုသိုလ်စဉ် အနိဋ္ဌ...လို၍ ဖြစ်ပါသည်။

...ဆောင့်တိုင်းမှာ ခိုက်ဖြစ်သောအရွက်တို့ကို နင်းလျှင်...ရပါသည်။ နင်းကြမ်းနင်း၍ ရသည်။ သို့သော်...ယောက် အပိုလိုသည်။ ဆပ္ပတ်နေ့သားသမီး တစ်...(သို့မဟုတ်) နေ့နံ မတူသူ၊ အပေါ်နေ့ သားသမီး ...ဦး ပါရှိရမည်။ စာရေးသူအနေဖြင့် တစ်ဦးတည်း...၍ ကြိုပ်ရှစ်ခွင်ရိုးရိုးသာ လှူဖူးပါသည်။ ခိုက်၊ နင်း... မပါရှိပါ။ ခိုက် (သို့မဟုတ်) နင်းကြမ်းသည် ...သွားလာရေး၊ နိုင်ငံခြားခရီးသွား၊ သင်္ဘောသားခရီး...တွင် ထည့်၍ ပြုလုပ်လျှင် ပိုကောင်းပါသည်။ အချို့...တရန်း နင်းသည့် ပုံစံမျိုး ဖြစ်သည်။

...ခု ပုံမှန်အများပြုလုပ်နေကျ လှူဓါန်းနည်းကို ဆက်လက်ရေးသား ဖော်ပြပေးပါမည်။

ဥပမာ-

အသက်(၅၁)နှစ်၊ ဗြာသမီး၊ ဒေါ်သိန်းသိန်း။

၅၁ + ၈ = ၃ တနင်္လာသက်ရောက်

မွေးနံမှ သုံးခွင်မြောက် တနင်္လာသက်ရောက် ဖြစ်သည်။


အသက် ၅၁ + ၁= ၅၂ + ၈ = ၆ (ရလဒ်)
၄ အကြွင်း

တနင်္လာသက်ရောက်ဖြစ်သောကြောင့် ထီးဖြူ(၅၂)လက်၊ တံခွန်(၉)ခု၊ ကုက္ကား (၉)ခု၊ မုလေးပွား(၉)ခု ရလဒ်အတိုင်း လှူပါ။ အကြွင်းကို နောက်ဆုံးမှာ လှူပါ။ မွေးနံ သောကြာထောင့်မှ စလှူပါ။


ထီးဖြူ(၆)လက်၊ တံခွန်(၁)၊ ကုက္ကား(၁)ခု၊ မုလေးပွား(၁)ခု၊ အမွေးတိုင်(၅)တိုင်၊ ဖယောင်းတိုင်(၅)တိုင်၊ ရေ(၅)ခွက် လှူပါ။

www.burmeseclassic.com

www.burmeseclassic.com




ထိုကဲ့သို့ လက်ယာရစ် သောကြာထောင့်ပြီး တနင်္ဂနွေထောင့်၊ တနင်္လာထောင့်၊ အင်္ဂါထောင်၊ ဗုဒ္ဓဟူးထောင့်၊ ကြာသပတေးထောင့်၊ သောကြာထောင့်၊ စနေထောင့်တိုင်းမှာ လှူသွားပါ။ နောက်ဆုံးကျန်သော ထီးဖြူလေး




လက်နှင့် တံခွန်၊ ကုက္ကား၊ မုလေးပွားတစ်ခုစီ၊ ဖယောင်းတိုင်၊ အမွေးတိုင်၊ ရေတော်(၅)ခုစီကို ဒုတိယအကြိမ် မွေးနံထောင့်မှာ လှူဒါန်းပေးရမည်။ ကိုယ်ပိုင်အညွှန့် ရွတ် လှူ(၁၇)ညွှန့် (ဆောင်ပန်းအညွှန့်)ပါ ထည့်လှူပါ။ နောက် ဆုံးအကြိမ် လှူပြီးမှ အေးအေးဆေးဆေး ဘုရားရှိခိုး ပရိတ်၊ ဂါထာတော်ရွတ်၊ ပုတီးစိပ် မိမိဆန္ဒရှိသလို ပူဇော် ပြီး လိုရာဆန္ဒ ဆုတောင်းပါ။

လှူရန် ပစ္စည်းများမှာ အထက်တွင် ဖော်ပြထားသော ဂြိုဟ်ရှစ်ခွင်မှ ပစ္စည်းများဖြစ်သည်။ တနင်္ဂနွေသက်ရောက် တွင် ဂြိုဟ်ရုပ်စုံ၊ တနင်္လာသက်ရောက် ထီးဖြူ၊ အင်္ဂါ သက်ရောက် ကြက်လျှာ၊ ဗုဒ္ဓဟူးသက်ရောက် ဆူးပါ တံခွန်လုံး၊ စနေသက်ရောက် ထီးနီ၊ ကြာသပတေးသက် ရောက် ရိုးရိုးတံခွန်လုံး အသေး၊ ရာဟုသက်ရောက် ယပ် အဖြူရောင် သောကြာထောင့်တွင် ယပ်ရောင်စုံ တို့ ဖြစ်သည်။

ဥပမာ - အသက်(၄၉)နှစ်၊ တနင်္ဂနွေသား။

၄၉ + ၈ = ၁ ကြွင်း




ဂြိုဟ်ရှစ်ခွင်

အသက်(၄၉)နှစ် တနင်္ဂနွေသားသမီး တစ်ဦးသည် တနင်္ဂနွေသက်ရောက် ဖြစ်နေသည်။ အသက်(၄၉ နှစ်+ ၁=၅၀) ဂြိုဟ်ရုပ်စုံ အလက်(၅၀) ဝယ်ရမည်။ ဂြိုဟ် ရှစ်ခွင်ဖြစ်၍ (၅၀+၈=၂)ကြွင်း၊ (၆)ရလဒ်၊ တံခွန် ကုက္ကား၊ မုလေးပွား (၉)ခုစီ ပါရမည်။ ထို့ကြောင့် ထောင့်တစ်ထောင့်တွင် ဂြိုဟ်ရုပ်စုံ(၆)ခု၊ တံခွန်(၁) ကုက္ကား(၁)၊ မုလေးပွား(၁) စုစုပေါင်း(၉)ခုစီ လက်ယာ ရစ် လှူသွားပါမည်။ လိုရာဆန္ဒ စိတ်ထဲမှ အ

www.burmeseclassic.com

www.burmeseclassic.com

ဆုတောင်း လှူသွားပါ။ အဖော်တစ်ယောက်ပါလျှင် ပို၍အဆင်ပြေပါသည်။ ဆုတောင်းမှာ တူညီနေရမည်။ တစ်ထောင့်တစ်မျိုး မဖြစ်စေရ။

သောကြာထောင့်တွင် လှူပြီးပါက ဂြိုဟ်ရပ်စုံ(၂)ခု ကန်မည်။ တံခွန်(၁)၊ ကုက္ကား(၁)၊ မုလေးမွှား(၁) စုစု ပေါင်း(၅)ခုကို မွေးနံထောင့်တွင်လှူပြီး ပူဇော်ရပါမည်။ ညှိနေရာတွင် အညွန့်ကို အကောင်းဆုံးအညွန့် ရွေးချယ်လျှင် ပိုကောင်းသည်။ မိမိကိုယ်ပိုင် နဝင်းတွဲမသိပါက မွေးနံ၏အညွန့် လှူပါ။ တနင်္ဂနွေသားသမီးအညွန့် တနင်္လာဖြစ်သောကြောင့် ကံ့ကော်ညွန့်(၁၅)ညွန့် ထည့်လှူပါ။ တနင်္လာသားသမီးအညွန့် အင်္ဂါနံ ဇော်စိမ်း၊ ဆီးညွန့် တစ်မျိုးမျိုး (၈)ညွန့်ထည့်လှူပါ။ နဝင်းတွဲသိလျှင် နဝင်းညွန့်ပါ ဆောင်ပန်း ထည့်လှူပါ။ မိမိလှူမည့် လှူဖွယ်ပစ္စည်းများကို ဘုရားရင်ပြင်ပေါ် ချမထားရ။ မိမိကိုယ်နှင့် ထိထားရ။ အမွေးတိုင်(၅)တိုင်၊ ဖယောင်းတိုင်(၅)တိုင်၊ ငှက်ပျောဘ်(၅)ခွက် ပါဝင်ရမည်။

ဘုရားရှိခိုးပြီး ဂြိုဟ်စောင့်နတ်မင်းကြီးများကို မေတ္တာပို့သရမည်။ ထိုသို့ ဘုရားရှိခိုး မေတ္တာပို့ပြီးနောက် နိမ့်သောကံများ ပြန်လည်၍ မြင့်ပါစေ၊ မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်းများ ကင်းစင်လွင့်ပျောက်ပါစေ၊ ဘုရားရှင်၏ မေတ္တာတော်ဓာတ်ဖြင့် အေးချမ်းပါစေ၊ ဆိုင်ရာပိုင်ရာ နတ်ဒေဝါများ ဝိုင်းဝန်းကူညီ စောင့်ရှောက်ကြပါစေ စသည်ဖြင့် ဆုတောင်းရမည်။ ပြီးလျှင် အမျှအတန်းပေးဝေကာ ခေါင်းလောင်းထိုးရမည်။

ဆောင်ပန်းရွေးချယ်နည်းမှာ မူလမဟာဘုတ်နှင့် အင်္ဂဝိဇ္ဇာ နှိုင်းယှဉ်ရွေးနည်း ဖြစ်သည်။ ၁နွေသားသမီးတစ်ဦးအတွက် ကံ့ကော်၊ ပျဉ်းမ၊ သီဟိုဠ် သုံးမျိုးမှ တစ်မျိုးရွေးရမည်။ မဟာဘုတ်မှ မရဏကျသောအညွန့် ရှောင်ရသည်။ အညွှန့်ရွေးနည်း အကျယ်ရှင်းပြပါက ဆောင်းပါးရှည်နေမည် ဖြစ်ပါသောကြောင့် သီးသန့်ဆောင်းပါး ရေးသားဖော်ပြပေးပါမည်။ အဓိကမှာ ဂြိုဟ်ရစ်ခွင်ယတြာဖြစ်သောကြောင့် ထီး၊ တံခွန်၊ ကုက္ကား စသည့်ပစ္စည်းသာ အရေးကြီးပါသည်။

**ဂမ္ဘီရဆရာလှမျိုး(B.Sc)**



www.burmeseclassic.com

# ဆိုးကျိုးပျောက် ကောင်းကျိုးရောက်စေသော သက်ရောက်ယတြာများ


ဂမ္ဘီရ-ဆရာလှမျိုး(B.Sc)

ကျွန်ုပ်စာရေးသူသည် တောင်-မြောက်လမ်းဆုံအနီး ပြည်ထောင်စုလမ်းမကြီးဘေးရှိ မြို့ဦးစေတီတွင် ဗေဒင်ဟောခန်းဖွင့် ဟောပြောလျက် ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ဘုရားစေတီများစွာ ရှိပါသည်။ ထိုဘုရားများကို အုပ်စုခွဲပူဇော်ကြည့်ပါက ရှေးဟောင်းသမိုင်းဝင်ဘုရားစေတီများနှင့် ယခုနောက်ပိုင်းမှ တည်ထားကိုးကွယ်သော ဘုရားများဟူ၍ တွေ့ရှိဖူးမြော်ရပါသည်။ ဗုဒ္ဓဘာသာ အယူဝါဒအရ ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီဟူ၍ စေတီလေးမျိုး ခွဲထားပါသည်။ ဘုရားစေတီပုံသဏ္ဍာန် တူသော်လည်း ရှေးဘုရားလောက်နောက်တည်ဘုရားများ ထင်ရှားကျော်ကြားခြင်း မရှိကြောင်း ‌တွေ့မြင်ရပါသည်။

ယခု စာရေးသူ ရောက်ရှိနေသော မြို့ဦးစေတီမှာလည်း ဘုရားဖူး မစည်ကားပါ။ ဘုရားဝင်းမှာ အလွန်ကျယ်ပါသည်။ သာသနိကအဆောက်အအုံများ လိုအပ်နေပါသည်။ သစ်ပင်များစိုက်ထား၍ ဥယျာဉ်ကြီးနှင့် တူပါသည်။ ပြည်ထောင်စုလမ်းမကြီးအနီးရှိ ပန်းခြံမှာ လူမတွေ့ရပေ။ မြို့ဦးစေတီ ဥယျာဉ်ကြီးမှာ လူငယ်သဘာဝ အလာများကြသည်။ စာရေးသူလည်း ဗေဒင်မေးသူလာလျှင် ဗေဒင်ဟောသည်။ လူမလာလျှင် စာရေးသည်။ စာဖတ်၊ စာရေး အလုပ်လုပ်၏။ အိပ်ချင်စိတ်ကို ဖျောက်ရသည်။ ဗေဒင်ပညာရပ်တွင် အခြေခံဖြစ်သော ဂြိုဟ်ရှစ်ခွင်ကို ဝါသနာပါသူတိုင်း သိသည်။ ဗုဒ္ဓဘာသာဝင်အများစု သိကြပါသည်။ တနင်္ဂနွေဂြိုဟ်မှ သောကြာဂြိုဟ်အထိ ဂြိုဟ်ရှစ်ခွင်၊ ထောင့်ရှစ်ထောင့် ရှိသည်။ ထိုဂြိုဟ်ရှစ်ခွင်ပေါ် မူတည်၍ ဗေဒင်ပညာတွင် သက်ရောက်ရှစ်ခု၊ သက္ခတ်ရှစ်ပုံ ဟောမကုန် ဖြစ်လာသည်။

သက်ရောက် (သို့မဟုတ်) သက္ခတ်ဟု ခေါ်ကြသည်။ ထိုသက်ရောက်မှာ တစ်နှစ်တစ်ကြိမ် ပြောင်းသွားသည်။ (၈)နှစ်ပြည့်ပြီးလျှင် မူလနေရာပြန်ရောက်သည်။ မိမိရောက်ဆဲအသက်ကိုတည်၍ (၈)ဖြင့် စားရသည်။

ဥပမာ(၁) - အသက်(၅၀)နှစ် တနင်္ဂနွေသား
၅၀ + ၈ = ၂ ကြွင်း



ဂြိုဟ်ရှစ်ခွင်

တနင်္ဂနွေသား မွေးနံ့မှစ၍ အကြွင်းကို ရေတွက်သော် တနင်္လာဂြိုဟ်ခွင်သို့ ကျရောက်သည်။ ထို့ကြောင့် တနင်္လာသက်ရောက်ဟု ခေါ်သည်။ နောက်ဆုတ်ကြည့်ပါက လွန်ခဲ့သော အသက်(၄၉)နှစ် တနင်္ဂနွေသက်ရောက်၊ ရှေ့တိုးကြည့်ပါက (၅၁)နှစ် အင်္ဂါသက်ရောက်ဖြစ်မည်။

ဂြိုဟ်ရှစ်ခွင် လက်ယာရစ် ရေတွက်ရသည်။ ဤနေရာတွင် စာရေးသူ သင်ယူရသော ဆရာကြီးဦးကြာမြင့်၊ ဆရာကြီးဦးလင်းအောင်၊ ဆရာဦးအောင်ကြင်တို့မှအစ ရာဟုသားသမီးဟူ၍ မယူပါ။ ဗုဒ္ဓဟူးနေ့နံသားဟူ၍ တွက်ပါသည်။

ဥပမာ(၂) - အသက်(၄၄)နှစ်ရှိ ဗုဒ္ဓဟူးသား
၄၄ + ၈ = ၄ ကြွင်း



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ဗုဒ္ဓဟူး ၄ |
| ၈ | ၅ | ၇ |

[illegible]လေးခွင်မြောက် ရာဟုသက်ရောက်ဖြစ်သည်။ (၄၃) [illegible]ပတေးသက်ရောက်၊ (၄၅)နှစ်ဆိုပါက သောကြာ[illegible]ရောက်ဖြစ်မည်။

[illegible]နေ့သားသမီးများလည်း မိမိလက်ရှိရောက်ဆဲ[illegible]ကို (၈)ဖြင့်စားပြီး အကြွင်းကို မွေးနံမှ လက်ယာ[illegible] လှည့်ရေတွက်ရပါမည်။ သက်ရောက်(၈)ခုကို လော[illegible] ရှစ်ပါးနှင့် ဒွန်တွဲထားပါသည်။ ရွေးယခင်နည်းက

| | | |
|---|---|---|
| ပဿံသ ၁နွေ | လာဘော ၂လာ | အယသော ၃ဂါ |
| သုခံ ၆ကြာ | အင်္ဂလက်ခွင် | ဒုက္ခံ ၄ဟူး |
| ယသော ရာဟု | အလာဘော ၅တေး | နိန္ဒာ စနေ |

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၇ |

အင်္ဂလက်ခွင် (ခေါ်) ဂြိုဟ်ရှစ်ခွင်

သောမဂြိုဟ်လေးခု အကောင်း၊ ပါပဂြိုဟ်လေးခု အဆိုးဟု ဖော်ပြကြသည်။

၁ ၃ ၇ ၈ (ပါပ) အဆိုး
၂ ၄ ၅ ၆ (သောမ) အကောင်း

မဟာဘုတ်ပါရဂူဆရာကြီး ဦးကြာမြင့်မှုအရ-

ဤသည်မှာ သက်ရောက်နှင့် လောကခံရှစ်ပါးသဘော အခြေခံသိရန် ရေးသားဖော်ပြပေးခြင်း ဖြစ်ပါသည်။ ဂြိုဟ်ရှစ်ခွင်နှင့် သက်ရောက်အဟောများကို စာရေးသူ စာအုပ်ထုတ်ထားပါသည်။

ယခုခေါင်းစဉ်ပါအတိုင်း သက်ရောက်ယတြာများကို ဖော်ပြပေးပါမည်။ သက်ရောက်တိုင်း သက်ရောက်တိုင်း တစ်နှစ်တစ်ကြိမ် နဝင်းစီးပွဲ လှူပေးခြင်း၊ နဝင်းယတြာချေခြင်း သုံးကြိမ်ပြုလုပ်သင့်ပါသည်။ ပွဲတစ်ကြိမ်ထွန်းပြီး ရိုးရိုးနှစ်ကြိမ် ချေရသည်။ ဤယတြာမှာ စာရေးသူလက်တွေ့ဆောင်ရွက်ပေးနေသော နဝင်းယတြာ ဖြစ်ပါသည်။

နဝင်းယတြာ ချေဖြစ်သည်ဖြစ်စေ၊ မချေဖြစ်သည်ဖြစ်စေ အောက်ပါသက်ရောက်ယတြာများကို (၇)နေ့သားသမီး သက်ရောက်နေသူတိုင်း တစ်နှစ်တစ်ကြိမ် အဆင်ပြေသလို ပြုလုပ်ဆောင်ရွက်သင့်ပါသည်။ ဤယတြာသည် အဆိုးများပျောက်ပြီး ကောင်းကျိုးရောက်ရှိစေပါသည်။ တစ်နည်းအားဖြင့် လွယ်ကူထိရောက်သော ယတြာဟု ဆိုနိုင်ပါသည်။

**တနင်္ဂနွေသက်ရောက်နေသူများ**

ထီးတော်တင်လှူပါမည်။ ထီးတော်အလှူကုသိုလ်ပြုပါ။ ဘုရား၊ ရဟန်းသံဃာအား ထီးကြီး(ထီးအစစ်) လှူပေးပါ။ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ် ဆောက်ရာ၌ ငွေလှူပါ။ မတတ်နိုင်က လုပ်အားဒါန်လှူပါ။ မိဘ၊ ဘိုးဘွား သက်ကြီးရွယ်အိုအား ခြုံထည်၊ ကိုယ်ရုံအဝတ်အထည်၊ အနွေးထည်၊ တိုက်ပုံ (တစ်မျိုးမျိုး)လှူပါ။ ထီး၊ တဘက်၊ ပဝါ လှူပါ။ ထိုသို့ တတ်နိုင်သလောက် အချိန်အခါမရွေး ကုသိုလ်ပြုပေးပါက တနင်္ဂနွေဂြိုဟ်အဆိုးများ ပပျောက်စေပါသည်။ ကောင်းကျိုးများ ခံစားရပါမည်။

**တနင်္လာသက်ရောက်နေသူများ**

ထီးဖြူသက်စေ့ (သို့မဟုတ်) ဂြိုဟ်သက်အနေ(၁၅)

www.burmeseclassic.com

www.burmeseclassic.com

လက်လှူပေးပါ။ ကနက္တဒဏ်ထီးဖြူကြီးလှူပါ။ တနင်္လာထောင့်မှာဖြစ်စေ၊ နေအိမ်ဘုရားမှာဖြစ်စေ ဆီမီး၊ အမွှေးနံ့သာတိုင်၊ ပန်း မကြာခဏ လှူပေးပါ။ ဖယောင်းတိုင် အထုပ်လိုက်၊ အမွှေးတိုင် အထုပ်လိုက် အဆင်ပြေသလို လှူပေး၊ ဝေပေးပါ။ ငွေပွဲသင်္ကန်းပစ်ပေးပါ။ ကထိန်အလှူတွင် ငွေ၊ ထီး၊ သင်္ကန်းလှူပါ။ အဆိုးပျောက်၍ ကောင်းကျိုးခံစားရမှာ သေချာပါသည်။

**အင်္ဂါသက်ရောက်နေသူများ**

ငါးပါး၊ ရှစ်ပါး၊ ကိုးပါး သီလတစ်မျိုးမျိုး ဆောက်တည်ပါ။ ဥပုသ်နေ့တိုင်း သီလဆောက်တည်ပါ။ အဓိဋ္ဌာန်တစ်ခုခုဝင်ပါ။ ဆွမ်းအုပ်ပို့ပါ။ ရသမျှနှင့် ရောင့်ရဲတင်းတိမ်ပါ။ သမထ၊ ဝိပဿနာ မှန်မှန်ပြုလုပ်ပါ။ မိမိဝင်လိုသော အဓိဋ္ဌာန်တစ်ခုကို တိတိကျကျ သစ္စာဆို၍ ပြုလုပ်ပါ။ ပြီးလာလျှင် အမျှပေးပါ။ စိတ်ရှည်သည်းခံစွာနေထိုင်ပါ။ သန့်ရှင်းရေးကိရိယာ ပါဝင်ဆောင်ရွက်ပါ။ သန့်ရှင်းရေးပစ္စည်း (တံမြက်စည်း၊ ရေစစ်၊ အမှိုက်ပုံး၊ အမှိုက်ဂေါ်ပြား၊ ခြေသုတ်ခုံ) လှူပေးပါ။ စိတ်ကြည်လင်ပြီး မကောင်းကျိုးများပျောက် ကောင်းကျိုးရောက်ပါမည်။

**ဗုဒ္ဓဟူးသက်ရောက်နေသူများ**

ဘုရားသောက်တော်ရေ လှူပေးပါ။ လူများအတွက် သောက်ရေ၊ သုံးရေ လှူပေးပါ။ ရေအိုး၊ ရေကန် ကိုယ်ထိလက်ရောက်ဖြည့်ပေးပါ။ အညစ်အကြေး သန့်ရှင်းရေးလုပ်ပါ။ အိမ်သာ၊ ကုဋီ ရေဆေးပါ။ တစ်ကိုယ်ရေပတ်ဝန်းကျင် သန့်ရှင်းရေးပြုလုပ်ပါ။ ဖြစ်သလိုစား ဖြစ်သလိုအိပ်ပေးပါ။(အစားအသောက်၊ အနေအထိုင် ဇိမ်ခံ လောဘတက်မနေရ။) ဘာသာရေးအဓိဋ္ဌာန်တစ်ခု မပျက်မကွက်ဆောင်ရွက်ပါ။ မိမိနေအိမ်ဘုရား နံနက်၊ ည သုံးတော်ရေ၊ သောက်တော်ရေ နေ့စဉ် လှူပေးပါ။

**ကြာသပတေးသက်ရောက်နေသူများ**

မုန့်လုံးရေပေါ် လှူပါ။ အိမ်မှာ ကိုယ်တိုင်ပြုလုပ်ပြီး ဘုရားကို ဦးစွာကပ်၊ ကျန်တာဝေငှလှူပေးပါ။ မုန့်လုံးရေပေါ် မလုပ်နိုင်သေးပါက အုန်းသီးပါသောမုန့်၊ အစားအစာတစ်မျိုးမျိုး မကြာခဏလှူပေးပါ။ ကိုယ်ဝန်ဆောင်၊ ဆင်းရဲချို့တဲ့သူ၊ ဆင်းရဲငတ်ပြတ် ဒုက္ခရောက်နေသူ၊ ဒုက္ခိတတို့အား စောင့်ရှောက်ကယ်တင် ကျွေးမွေးပါ။ (ပရဟိတအသင်းမှာ ကုသိုလ်ပါဝင်ပါ။) ဈေးထဲမှ သတ်အံ့ဆဲဆဲ သတ္တဝါများကို ဘေးမဲ့ပေးပါ။ မွေးကင်းစ ကလေးငယ်များအား အနှီးပိတ်၊ ဆေးဝါး၊ အာဟာရ လှူပေးပါ။

**သောကြာသက်ရောက်နေသူများ**

လမ်း၊ တံတား အလှူပြုလုပ်ပါ။ ပျက်နေသော... တံတား ပြုပြင်ပေးပါ။ ဘုရားဖူးခရီးသွား၊ လမ်းစရိတ်... တောင်းသူတို့အား တတ်နိုင်သလောက် ခရီးစရိတ်ဒါန ပြု... ပါ။ ထောက်ပံ့ကူညီလိုက်ပါ။ ပညာရေးဒါန ပြုလုပ်ပါ... မိဘမဲ့ကလေး၊ ပရဟိတကျောင်း စသည်တို့မှာ လှူပေး... ပါ။ ပညာသင်စရိတ် ထောက်ပံ့ပါ။ နို့စာ၊ ချွေးစာ၊ ငါး... ကျွေးပါ။ သန့်ရှင်းရေးလည်း ဆောင်ရွက်ပေးပါ။ အ... အရာရာ အဆင်ပြေလာပါမည်။

**စနေသက်ရောက်နေသူများ**

သတ္တဝါများအား သတ်ဖြတ်ခြင်းမှရှောင်ပါ။ ပါ... တိပါတကံ လုံအောင် ထိန်းပါ။ လူမမာ၊ ဂိလာန... ဆေးဝါး၊ ဓာတ်စာ လှူပါ။ မိမိကိုယ်တိုင်လည်း အ... အနေ ဇိမ်မခံရပါ။ မွေးနံထောင့်မှာ ထီးနီ(၁၀)လက်... ဖယောင်းတိုင်အနီ(၁၀)တိုင်၊ နံ့သာတိုင်(၁၀)တိုင် လှူ... ငါး၊ စာကလေး (၁၀)ကောင်လွှတ်ပါ။ မွေးနေ့တိုင်း... သက်သတ်လွတ်စားပါ။ အဓိဋ္ဌာန်တစ်ခု မပျက်မကွက်... ဆောက်တည်ပါ။ အရဟံဂုဏ်တော်ပွားပါ။ စနေဂြိုဟ်... အဆိုးပျောက် ကောင်းကျိုးရောက်မည်။

**ရာဟုသက်ရောက်နေသူများ**

ဘုရားရင်ဘတ်တော် ရွှေသင်္ကန်းကပ်လှူ ရွှေချ... ရွှေပြားရွှေသင်္ကန်းအလှူ မကြာခဏ လှူပေးပါ။ ... သင်္ကန်းကပ်ရန် အလှူခံပုံးမှာ ငွေထည့်လှူ၍ရသည်... ဝါဆိုသင်္ကန်း ကပ်လှူပါ။ ရေသက်စေ့သပ္ပာယ် ရေ... ပါ။ အမွှေးနံ့သာရည်ဖြင့် ဘုရားရေသပ္ပာယ်ပါ။ ရေ... ရေအေး လှူပါ။ ကလေးသူငယ်များကို ပျော်ရွှင်အော... ဖန်တီးပေးပါ။ (ရုပ်ရှင်ရုံ၊ ကစားကွင်း လိုက်ပို့ပေး... အိမ်ထောင်ရှင်အမျိုးသားကိုယ်တိုင် ဈေးဝယ်ပါ။ လ... ဝင်ရန် စိတ်ကိစ္စ အပျော်အပါးရှောင်ပါ။ မိမိကိုယ်... ကာမဂုဏ်ဖောက်ပြန်မှု ထိန်းသိမ်းနေပါ။ လာဘ်လာ... များ ဝင်လာပါမည်။

ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြ...

ဂမ္ဘီရဆရာလှမျိုး(B.S...



www.burmeseclassic.com

www.burmeseclassic.com

အရှုံးသုံးဆူ တည်ဖို့ရန်အတွက် အဘဝိဇ္ဇာတို့ရဲ့ အိပ်မက်ပေးစေခိုင်းချက်အရ

အထူးအမိန့်ဖြင့် သာသနာပြုလျက်ရှိသော



# ဆရာမကြီး အေးမိုးမိုး

စိတ်မနှောအာရုံ အကြားအမြင်လက္ခဏာဖြင့် (၇)ရက်သားသမီးများတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက် ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် အပြောင်းအရွှေ့ပြုလုပ်ခြင်း မင်္ဂလာရက်ရွေးခြင်းနှင့် တခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ အထူးယတြာ၊ ဓာတ်ရိုက်ဓာတ်ဆင်ပညာဖြင့် ဆရာမကြီးက မေတ္တာ၊ စေတနာ ရှေ့ထားပြီး အထူးဆောင်ရွက် ကူညီပေးနေပါသည်ရှင်။ အားလုံးသော ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဓာတ်နန်းအမှတ်(၇)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၅၅၉၅၂၅၂၀ ၊ ၀၉ ၄၂၀၂၀၂၁၆၈

# ဆရာမကြီး အေးမိုးမိုး မှ

ကျွန်မထံ လာရောက် ဗေဒင်လာမေးခဲ့ကြသော ရပ်နီးရပ်ဝေးက မိတ်ဆွေများနှင့် တပည့် သားသမီးအပေါင်း အားလုံးတို့ကို သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန်အတွက် အသိပေးလိုက်ရပါတယ်။ (၁-၁-၂၀၁၁)နေ့မှစပြီး (၂၀၁၆)ခုနှစ်၊ မေလအထိ ဆရာမ ဗေဒင်ဟောပြောခဲ့သော (၇)နေ့သားသမီးအပေါင်းတို့ရဲ့ ဆရာမအား ဒက်ဝူစော်ခငွေကို တစ်နေ့တာ ရရှိသောငွေ၏ (၅)ပုံ (၂)ပုံ ကုသိုလ်ပြုလာတာဆိုရင် ရွှေးဟောင်းဘုရားစေတီ (၂)ဆူ ပြုပြင်ခြင်း၊ ဘုရားထီးတော်ကြီး (၄)လက် လှူဒါန်းခြင်း၊ အများသုံး သောက်ရေကန် (၁)ခု လှူဒါန်းခြင်း၊ ဇရပ် (၂)ခု လှူဒါန်းခြင်း၊ ဘုန်းကြီးကျောင်း ပြုပြင်ခြင်း၊ ပြည် ရွှေဘုံသာဘုရားမှာ ဆွမ်းလျောက်လမ်း လှူဒါန်းခြင်း၊ ငွေဘုံသာဘုရားမှာ မြဘုရား (၁)ဆူ လှူဒါန်းခြင်း၊ ဘုရားကျောင်းဆောင်အသစ် ဆောက်လုပ် လှူဒါန်းခြင်း၊ ရွှေတိဂုံဘုရားရဲ့ အလယ်ပစ္စယာမှာရှိသော သီလရှင်ကျောင်း ပြုပြင်လှူဒါန်းခြင်း၊ သံဃာ (၅)ပါးအား နေ့စဉ် ဆွမ်းလောင်းလှူခြင်း အစရှိတဲ့ အလှူဒါနများအပြင် သက်ကြီးရွယ်အို အဘိုး၊ အဘွားများကိုလည်း လှူဒါန်းခဲ့ပါသည်။ ထိုလှူဒါန်းမှုအစုစုကို လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါတယ်ရှင်။

www.burmeseclassic.com

www.burmeseclassic.com

ပုရောဟိတ် ဆရာဦးမြင့်

# ရှေးအခါက

# နန်းတွင်းနဝင်းပွဲစီရင်ပုံ

တာမွေမြို့နယ်၊ မလွှကုန်းဘူတာအနီးတွင် ဆွေဘုရားမျိုးဘုရား တစ်ဆူရှိပါသည်။ ငယ်စဉ်တောင်ကျေးဘဝတွင် ဘုရားအနီးနားတစ်ဝိုက် ပြေးလွှားဆော့ကစားလေ့ရှိသောကြောင့် ဖြစ်ပါသည်။ ဘုရားကို ပေါက်ဆိန်ပေါက်ဦးချကာ သစ်ပင်ကြီးများတွင် သူငယ်ချင်းတစ်စု ပြေးလွှားပြီး တူတူပုန်းတမ်း ကစားခဲ့ကြပါသည်။

(၁၉၇၂)ခုနှစ် ပတ်ဝန်းကျင်တွင် မလွှကုန်းဘူတာမှ သဃ်န်းကျွန်း ဘူတာသို့ ရထားဖြင့် သွားလေ့ရှိပါသည်။ အရှင်သံဝရ၏ဦးလေး ဦးထွန်းမြိုင်မှာ သဃ်န်းကျွန်း စာတိုက်အနီးတွင် နေထိုင်ပါသည်။ အခါကြီး လပြည့်၊ လကွယ်တွင် ဆရာတော်အရှင်သံဝရက ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ အစီအရင်များ ဆောင်ရွက်ခြင်းကို ဦးလေးဦးထွန်းမြိုင် အိမ်တွင် စီရင်လေ့ရှိပါသည်။ ဦးထွန်းမြိုင်က လာသမျှလူကို ဒိုင်ခံထမင်းကျွေးလေ့ရှိပါသည်။

မလွှကုန်းဘူတာအနီးတွင်ရှိသော အောင်တော်မူစေတီမှာ ဘွဲ့နာမဗျူပွတ်အရ မိမိအစီအရင် အဓိဋ္ဌာန်ကိစ္စများ စီရင်ဆောင်ရွက်ရာတွင် အောင်မြင်ကြောင်း လေ့လာသိရှိပါသည်။ နွေအခါတွင် စေတီဘေးမှ ရေနုတ်မြောင်းမှာ ရေမစီးသည့်အပြင် အမှိုက်များ မြောင်းထဲသို့ စည်းကမ်းမဲ့ပစ်ခြင်းကြောင့် ရေမြောင်းပိတ်ကာ အနံ့ဆိုးများ ရှူရှိုက်ရပြီး ခြင်ကိုက်ခြင်းဒဏ်ကို ခံရလေ့ရှိပါသည်။ သို့သော် မိမိအဓိဋ္ဌာန် မပျက်စေရန်အတွက် ခြင်ကို ကာကွယ်သော ဆေးကရင်(မ်)(Repellent Cream) ကို လိမ်း၍ အဓိဋ္ဌာန်ဝင်ခဲ့ရပါသည်။

ညနေခင်း ပူအိုက်သော ရာသီများတွင်လည်း အရိပ်အာဝါသကောင်းသော အောင်တော်မူစေတီသို့ ပုတီးလည်းစိပ်၊ အပူလည်း ရှောင်ရင်း တစ်ချက်ခုတ် နှစ်ချက်ပြတ် ရောက်ခဲ့ပါသည်။ ရံဖန်ရံခါတွင် တန်ဆောင်းအတွင်း၌ စာဖတ်ခြင်း၊ စာရေးခြင်းကိုလည်း ဆောင်ရွက်လေ့ရှိပါသည်။ တချို့သော ဘုရားဖူးပရိသတ်များက စာရေး
စီးလာသောကား၊ ဝတ်စားဆင်ယင်မှု အနေအထား
ကြည့်ပြီး တလေးတစား ဂါရဝပြုဆက်ဆံရင်း မရဲတ
ချဲဂဏန်း တောင်းကြပါသည်။ ကျွန်ုပ်က ပွင့်ပွင့်လင်
လင်းပဲ ပြောချလိုက်ပါသည်။ ကျွန်ုပ်သည် ဂဏန်း
တော်မဟုတ်။ မိမိအလုပ် မိမိလာလုပ်ခြင်းဖြစ်ကြော
ပြောလိုက်ပါသည်။ အကြောင်းမှာ ပုဂ္ဂိုလ်တချို့က ပု
လည်ပင်းစွပ်၍ တစ်နေကုန် တစ်နေခန်း ဘုရားရိပ်ခို
ဂဏန်းချပေး(အတိတ်စိမ်းချဲနံပါတ်)လေ့ ရှိကြပါသည်
ပေါက်သူတစ်ယောက် ကွဲသူ(ချဲမပေါက်သူ)တစ်ရာ
သော်လည်း ပေါက်သူက ဘိုးတော်ဆိုသူကို အစ
အသောက်၊ ငွေကြေး စသည်တို့ကို လှူ၍ပေးလေ့ရှိ
ပါသည်။ မပေါက်သောသူကလည်း ပေါက်ရန် တစ်
နီး ဟိုနေ့ပေါက်နိုးနိုး ဒီနေ့ပေါက်နိုးနိုး ဂဏန်းမွေ
ဂဏန်းတစ်ခုတည်းကို အမြဲထိုးနေသူကလည်း မွေးလ
ရှိကြပါသည်။ စာရေးသူနှင့် အလျဉ်းသင့်၍ တွေ့
အခါ၌ သမ္မာအာဇီဝဖြင့် မိမိကာယ,ဉာဏ် စွမ်းပ
သုံးကာ ဝမ်းစာရှာ အသက်မွေးသင့်ကြောင်း ရှင်းပြလို
ပါသည်။ မကြိုက်လျှင် ရှောင်၍ ကြိုက်လျှင် ဆောင်
ပါသည်။

စာရေးသူနှင့် အောင်တော်မူစေတီတွင် မကြာခ
ဆုံလေ့ရှိသော ပုဂ္ဂိုလ်ကြီးတစ်ဦးအား သွားရင်းဟ
ပြုံးပြလေ့ရှိပြီး စကားတော့ မပြောဖြစ်ကြပါ။ ဘုရား
ပုတီးစိပ်လျှင်လည်း အာရုံခံတန်ဆောင်းအတွင်း၌
ချင်းယှဉ်လျက် ကြုံတွေ့လေ့ရှိပါသည်။ မဓ္ဓသာဂဏ္ဍာ
သကဲ့သို့ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် တရားမွေ
နွေးခြင်းအဆင့်သို့ တဖြည်းဖြည်း ခင်မင်ရင်းနှီးလာခဲ့
ပါသည်။ အနှီပုဂ္ဂိုလ်ကြီးမှာ စာရေးသူထက် (၁၀)
ကြီးမည် ထင်ပါသည်။ လူမှုရေးအရ နာမည်၊ အ



www.burmeseclassic.com

www.burmeseclassic.com

ကိုင်၊ အိမ်ထောင်ရေးကအစ မမေးမိခဲ့ပါ။

တစ်နေ့ မိုးသည်းစွာ ရွာသောနေ့တွင် စာရေးသူက အိမ်ပြန်ချိန်တန်သဖြင့် အိမ်သို့ပြန်ရန် ကားရှိရာသို့သွားရာ ခပါလာသဖြင့် ထိုပုဂ္ဂိုလ်ကြီးက ထီးဖြင့် ကျွန်ုပ်၏ ကားရှိရာသို့ လိုက်ပို့ပေးပါသည်။ အပြန်အလှန်အားဖြင့် ထိုပုဂ္ဂိုလ်ကြီး သွားလိုရာကို ကားဖြင့် ပို့ဆောင်ပေးရန် လှမ်းလိုက်ပါသည်။ ထိုပုဂ္ဂိုလ်က သူက ဘုရားမှာ ကျ်၍နေပြီး ညနေနေစောင်းမှ အိမ်သို့ပြန်လေ့ရှိကြောင်း ရပါသည်။

တစ်နေ့ စာရေးသူက ဘုရားဝင်းအတွင်းရှိ ဗောဓိ ညောင်ပင်တွင် ရေသပ္ပာယ်ခြင်း၊ နံ့သာတိုင်၊ အလင်းတိုင်၊ သီးတို့ဖြင့် ပူဇော်သောအခါ ထိုပုဂ္ဂိုလ်ကြီးမှ ပါဝင် ညီဆောင်ရွက်ရင်း စာရေးသူ၏ အပြုအမူ၊ ဂါထာမန္တန် ဖတ်သံကိုကြည့်ရင်း ဂမ္ဘီရစာရေးဆရာ၊ ဗေဒင်ဆရာ ဖြစ် ခန့်မှန်းမိပါတော့သည်။ ထိုအခါကျမှ စာရေးသူက ဗေဒင်ဆရာ၊ ဂမ္ဘီရစာရေးဆရာဖြစ်ကြောင်း စာ ရေးသူ၏ ရုံးခန်းလိပ်စာကတ်ပြားလေးကို ထုတ်ပေးကာ စာရေးသူ၏ ကားဖြင့် အိမ်သို့ ပြန်ခဲ့ပါသည်။

ထိုဆရာကြီးမှာ သြဗ္ဗာရိက ဆေးပညာ ကျွမ်းကျင်သူဖြစ်သဖြင့် စာရေးသူ တတ် သော နိယာမဆေးပညာ၊ ပုဂ္ဂလပညတ် ပညာတို့ကို အပြန်အလှန်ဆွေးနွေးကြ နဝင်းပညာဖြင့် ဆေးကုခြင်း အကြောင်း ရောက်ရှိပြီး ဆွေးနွေးကြရာမှ ယခု နဝင်း များ၊ နဝင်းပညာရှင် အမည်ခံထားသော ဂွဲပညာရပ်များအကြောင်း ဆွေးနွေးရာ ရေးသူ သင်ကြားတတ်မြောက်ထားသော ဂွဲပညာကို ဦးစွာ ရှင်းပြပါသည်။

ထိုဆရာကြီး၏ ထူးခြားချက်မှာ ပြန်၍ ငြင်း ထောက်ပြခြင်းမပြုဘဲ လိုက်လျောညီထွေ ဆောင်လေ့ရှိခြင်းပင် ဖြစ်ပါသည်။ အချို့က များထံ အဋ္ဌေဝါသိက နဝင်းပညာကို လက် သင်ကြားခြင်း မရှိဘဲ မျက်ရမ်းမှန်းဆ လုပ်နေ နဝင်းပညာရှင်များကို ကိုယ်တွေ့ တွေ့မြင် ပါသည်။ စာရေးသူသိလိုသော နဝင်းအယူအဆ ထိုဆရာကြီးထံ အတန်တန် မေတ္တာရပ်ခံမှသာ လွန်ခဲ့သော အနှစ်(၄၀)ခန့်က သူ သင်ကြားတတ်မြောက်ခဲ့သော နန်းတွင်းနဝင်းပညာ အကြောင်းကို စာတွေ့ လက်တွေ့ ရှင်းပြခဲ့ပါသည်။

ယခုတွေ့ရှိမှတ်သားခဲ့သော နန်းတွင်းနဝင်းပညာမှာ ယခုအသုံးပြုသော နဝင်းပညာနှင့် တူသလိုနှင့် ကွဲပြားလျက် ရှိပါသည်။ ထိုနန်းတွင်းနဝင်းပညာရပ်ကို ဖော်ထုတ်ခြင်းသာဖြစ်ပြီး လိုက်လုပ်ရမည်ဟု မဆိုလိုပါ။

ပညာရပ်ကွာခြားမှုကို ဝေဖန်ရာတွင် ငါနှင့်မတူ ငါ့ရန်သူဟု မထင်မှတ်စေလိုပါ။ ဗဟုသုတအလို့ငှာ တင်ပြခြင်းသာဖြစ်ပြီး ဆရာကြီးနှင့် အပြန်အလှန် မေးခွန်းထုတ် ဖြေကြားထားပုံကို အောက်တွင် လေ့လာနိုင်ပါသည်။

အမေး နွားကျောင်းသား အဖြေ ဘုရားလောင်းဟု စာဆိုရှိခဲ့ရာ ဆရာကြီးကို နန်းတွင်းနဝင်းပညာနှင့်ပတ်သက်၍ သိလိုသမျှကို အသေးစိတ် ဖြေကြားပေးပါရန် ဆရာကြီးအား ပထမဦးဆုံး မေတ္တာရပ်ခံလိုက်ပါသည်။

(အမေး စာရေးသူ၊ အဖြေ ဆရာကြီး)





www.burmeseclassic.com

www.burmeseclassic.com

**မေး**-နန်းတွင်းနဝင်းပညာကို ဆရာကြီး စတင်သင်ကြားတတ်မြောက်ပုံကလေးကို သိပါရစေ။

**ဖြေ**-ကျွန်တော်က ကျောက်မြောင်းကြီးရပ်ကွက်မှာ ငယ်စဉ်ကတည်းက နေလာခဲ့သူပါ။ ပုတီးစိပ်ခြင်း၊ တရားအားထုတ်ခြင်း စသော ဘာသာရေးကိစ္စများ ဝါသနာပါသဖြင့် လမ်းညွှန်ပြသပေးနိုင်မည့် ဆရာ၊ ဆရာကြီး ဦးချိုထံမှ ဆေးပညာ၊ ဆန်းဗေဒင်ပညာ၊ ဂမ္ဘီရပညာတို့ကို ဆရာကြီးဦးချို၏ လမ်းညွှန်ချက်ကို ခံယူသင်ကြားခဲ့ပါတယ်။ အဲဒီအချိန်က ကျွန်တော်က အသက်(၂၀)လောက်ပဲ ရှိပါသေးတယ်။ (၁၉၆၅)ခုနှစ်လောက်က ဖြစ်ပါတယ်။ ဆရာကြီးဦးချိုက အမှတ်(၃) မြို့သစ်(၃)လမ်းမှာ နေခဲ့စဉ် စတင်တွေ့ဆုံခြင်းဖြစ်ပါသည်။ ထို့နောက် အမှတ်(၅၁)၊ မြရတနာ(၉)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာကို ပြောင်းသွားပါတယ်။ အခု မရှိတော့ပါ။ မူလကတော့ ဆရာကြီးက သန်လျင်ဘက်မှာ နေပါတယ်။ သူ့ကို ပညာသင်ပေးတဲ့ ဆရာက အထက်အညာဒေသကလို့ ပြောပါတယ်။ နာမည်တော့ မသိခဲ့ပါ။ နာမ်စားအနေနဲ့ ဆရာကြီး ဦးရွှေညာလို့ သိထားပေါ့ဗျာဟု ပြောပြပါသည်။

စာရေးသူ တိုက်သော ကော်ဖီခွက်ကို တစ်ကျိုက်မော့ရင်း ဆရာကြီးဦးချို၊ ဆရာကြီးဦးရွှေညာအကြောင်း အောက်ပါအတိုင်း ဆက်၍ ပြောပြပါသည်။

ဦးရွှေညာ(အညာသားဆရာကြီး)၏ ဆရာမှာ ဆရာဦးဘိုးဆက်ဟု သိရပါသည်။ ဦးဘိုးဆက်သည် ထိုစဉ်က နန်းတွင်းလုံခြုံရေးတာဝန် ဆောင်ရွက်ရသော သာမန်မင်းမှုထမ်း ရဲမက်တစ်ဦး ဖြစ်ပါသည်။ ဦးဘိုးဆက်၏ဆရာမှာ နန်းတွင်းလုံခြုံရေး တပ်မှူးကလေး ဖြစ်ပါသည်။ ဦးဘိုးဆက်၏ အရည်အချင်းကို အကြောင်းပြု၍ ဦးဘိုးဆက်ကို ရာထူးတိုးပေးခြင်း၊ ဆုတော်လာဘ်တော်တွေ ချီးမြှင့်သော်ငြားလည်း လက်မခံခဲ့ပါ။ မင်းတုန်းမင်းကြီး လက်ထက်တွင် မြင်ကွန်း၊ မြင်းခုံတိုင်ပုန်ကန်မှု၌ ဦးဘိုးဆက်၏ ဆရာတပ်မှူးကလေးမှာ တာဝန်မကင်းဟုဆိုကာ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် ကွပ်မျက်ခံရပါသည်။ ဦးဘိုးဆက်လည်း ကြောက်ရွံ့ကာ သန်လျင်သို့ ထွက်ပြေးလာခဲ့ခြင်း ဖြစ်ပါသည်။

နန်းတွင်း၌ ထိုကဲ့သို့ ပြဿနာဖြစ်ပြီး သီပေါမင်း နန်းတက်သောအခါ အခု ထီးဘုရားကြီးကို ဘူးထဲသို့ ထည့်၍ ပိတ်လှောင်ခြင်း ခံရတော့သည်ဟု ကြိုတင်ဟောကိန်းထုတ်ရာ မင်းမှုထမ်းအချင်းချင်း ကုန်းတိုက်၍ သီပေါမင်း၏နားသို့ ပေါက်ကြားသွားရာ ထောင်သွင်းအကျဉ်းချ ခံရခဲ့ပါသည်။ ထိုအခါကျမှ ဦးဘိုးဆက်က အဓိပ္ပာယ် တစ်မျိုးပြောင်း၍ ထီးဘုရားကြီးဟာ ဘူးထဲတွင် လုံခြုံစွာ ရှိနေမည်ဟု ဆိုလိုခြင်းဖြစ်ကြောင်း လျှောက်တင်မှ ထောင်မှ လွတ်ခဲ့ပါသည်။ အလျှောက်ကောင်းတော့ အထောင်းသက်သာခြင်း ဖြစ်ပါသည်။ မကြာလိုက်ပါ၊ သီပေါမင်းကို ဗြိတိသျှတို့က ဇီရိုလှည်းဖြင့်ပိတ်၍ အိန္ဒိယသို့ ခေါ်သွားပါသည်။

**မေး**-နန်းတွင်းနဝင်းပညာကို သင်ကြားခဲ့ပုံ သိပါရစေခင်ဗျား။

**ဖြေ**-ဆရာကြီးဆရာချိုထံမှ နန်းတွင်းနဝင်းပညာကို ကျင့်စဉ်မှတစ်ဆင့် ရရှိခဲ့ခြင်း ဖြစ်ပါတယ်။ ပထမတော့ ဆရာကြီးဆရာချိုကိုယ်တိုင် တန်ခိုးကြီးဘုရား (ဥပမာ- ရွှေတိဂုံဘုရား)တွင် ဘုရားဂုဏ်တော်ကိုးပါးကို ဂုဏ်တော် တစ်ပါးလျှင် ပုတီးတစ်လုံးချ ပုတီးစိပ်ရင်း ပုတီး(၄၅)ပတ် စိပ်ရပါသည်။ ဘုရားတစ်ဆူလျှင် (၉)ရက် စိပ်ပြီးသော အခါ မိမိအာရုံကျရာဘုရား (သို့မဟုတ်) အထက်နဝင်း ပုဂ္ဂိုလ်တွေက လမ်းညွှန်သောဘုရားတွင် ဆက်၍ (၉)ဆူ ပြည့်အောင် ပုတီးစိပ်ရပါသည်။ တန်ခိုးကြီးဘုရားကဲ့သို့ ဘုရားတစ်ဆူလျှင် (၄၅)ရက် အဓိဋ္ဌာန်ဝင်ရပါသည်။ ထိုအခါ နန်းတွင်းနဝင်းပညာကို စတင်၍ ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။

**မေး**-နန်းတွင်းနဝင်းပွဲ ဖြစ်ပေါ်လာပုံ အဆင့်ဆင့်ကိုလည်း သိပါရစေခင်ဗျား။

**ဖြေ**-နန်းတွင်းနဝင်းပွဲမှာ-

၁။ ဆန်နို့ဆီ(၉)ဘူး၊ မတတ်နိုင်သူများကတော့ ဆန်(၉)ဆုပ်၊ တတ်နိုင်သူများအတွက်ကတော့ ဆန်(၉)ပြည် ထည့်ရပါတယ်။ ဒီ့ထက် ပိုသဒ္ဓါပေါက်ရင် (၁၈)ပြည်ထည့်ရင်လည်း ရပါတယ်။ ဒါပေမဲ့ ဇလုံထဲမှာတော့ ဆန်နို့ဆီ (၉)ဘူးသာ ထည့်ပါ။

၂။ ဆီက (၉)ကျပ်သား၊ (၉၀)ကျပ်သား ပုလင်းဖြင့် ထည့်၍ ဇလုံအေးတွင် ထောင်ထားပါ။


၃။ ဆန်ထည့်ထားသော ဇလုံ၏အလယ်တွင် သေ တော်ရေခွက်(၁)ခွက် ထားပါ။



www.burmeseclassic.com

www.burmeseclassic.com

နန်းတွင်းနဝင်းပွဲ ပြင်ဆင်ထားပုံ (ဘုရားပွဲရှေ့တွင် ထားပါ)




ပါဝင်ပစ္စည်း - ဆန် နို့ဆီ(၉)ဘူး၊ သောက်တော်ရေ(၁)ခွက်၊ ဆီ(၉၀)ကျပ်သား၊ မတ်စေ့(၉)စေ့ပေါ်တွင် ဖယောင်းတိုင်(၉)တိုင် ထွန်းပါ

နန်းတွင်းနဝင်းပွဲ ပြင်ဆင်ပုံနှင့် နဝင်းပညာနှင့်ပတ်သက်သော ကန်တော့ပွဲများ ပြင်ဆင်ထားပုံ




သောက်တော်ရေခွက်ကိုရံ၍ မတ်စေ့(၉)စေ့ကို အချိုး ဆန်ပေါ်၌ ခင်းပါ။

ထိုဆန်ပေါ်တွင် ခင်းထားသော မတ်စေ့(၉)စေ့ပေါ်၌ ဖယောင်းတိုင်(၉)တိုင် အဆင်သင့်စိုက်ထားပါ။

မေး-ကြားဖြတ်လို့ ဆရာကြီးရယ် ကွမ်း၊ ကွမ်းသီး၊ လက်ဖက်တွေရော မပါဘူးလားခင်ဗျား။

ဖြေ-လုံးဝမပါပါဘူး။ အမွှေးတိုင်ကတော့ နဝင်းပွဲ လှူမည့်သူ အရေအတွက်အတိုင်း (၁)ဦးလျှင် အမွှေးတိုင်အထုပ်သေး (၉)ထုပ်နှုန်းဖြင့် ကန်တော့ပွဲထဲကို ထည့်ထားပါ။

မေး-ဒါဆို ဆရာကြီးက ခုန ကန်တော့ပွဲလို့ ပြောသွားတယ်နော်။ ကန်တော့ပွဲပါသေးလားခင်ဗျား။

ဖြေ-ကန်တော့ပွဲက ဘုရားပွဲပါ။ သီးမွှေးငှက်ပျောသီး(၅)ဖီးနှင့် အုန်းသီးတစ်လုံး၊ တံခွန်၊ ကုက္ကား၊ မုလေး

www.burmeseclassic.com

ပွား၊ သာသနာ့အလံ၊ ထီး အစရှိသည်တို့ကို ပွဲမှာစိုက်ထူပါ။ သီးမွှေးငှက်ပျောသီးမှလွဲ၍ ကန်တော့ပွဲ(ဘုရားပွဲ)တွင် မည်သည့်ငှက်ပျောဦးမှ ပွဲထိုးခြင်း၊ ပွဲပြင်ခြင်း မပြုရပါ။ ကန်တော့ပွဲတွင် ရွှေပန်း၊ ငွေပန်း၊ စံပယ်ပန်း၊ အောင်သပြေပန်းသာ ထိုးလှူရပါသည်။ အမွှေးတိုင်ထုပ်(၉)ထုပ်ကိုလည်း ဘုရားပွဲထဲတွင်ထည့်လှူပါ။ ဘုရားပွဲ၏ရှေ့တွင် ဆန်ထည့်ထားသော နဝင်းပွဲကို ထားရပါမည်။ နောက်တစ်ခုက ဘုရားပွဲ၏ဝဲယာတွင် ဝဲဘက် ကန်တော့ပွဲ(၃)ပွဲ၊ ယာဘက် ကန်တော့ပွဲ(၃)ပွဲ ပြင်ရပါမည်။

ဝဲယာတွင်ရှိသော ကန်တော့ပွဲများသည် သီးမွှေးငှက်ပျောသီး(၃)ဖီးနှင့် အုန်းသီး(၁)လုံးဖြင့်သာ ပွဲပြင်ရပါသည်။ ထီး၊ တံခွန်၊ ကုက္ကား အစုံတို့နှင့် ရွှေ၊ ငွေ၊ စံပယ်ပန်း၊ အောင်သပြေပန်းတို့ ထိုးလှူရပါမည်။ ထိုနဝင်းပွဲတွေကို ဘုရားလှူခြင်းဖြစ်သဖြင့် ကြွက်လုံးဝမကိုက်ပါ။

**မေး**-ဆရာကြီးခင်ဗျား၊ နဝင်းပွဲတွင်ထည့်သော ဆီ(၉၀)ကျပ်သားဟာ ပဲဆီ၊ နှမ်းဆီ စသည့်ဖြင့် သတ်မှတ်ချက်ရှိပါသလားခင်ဗျား။

**ဖြေ**-ပဲဆီ၊ နှမ်းဆီ၊ စားသုံးဆီ ကြိုက်ရာဆီကို သုံးနိုင်ပါတယ်။ သတ်မှတ်ချက် မရှိပါ။

**မေး**-နဝင်းပွဲကိုပြုလုပ်ရမှာ နေ့တူ၊ အကြွင်းတူ၊ အကြောင်းအရာ သက်ရောက်ဂြိုဟ်စား တူနေရင်လည်း တစ်ပွဲတည်းနဲ့ မလုပ်ရဘူး။ တစ်ဦးတစ်ပွဲနှုန်းလို့ သိရပါတယ်။ နဝင်းတစ်ပွဲတည်းနဲ့ လာသမျှလူကို နဝင်းရိုက်လို့ရပါသလားခင်ဗျား။

**ဖြေ**-နန်းတွင်းနဝင်းပွဲဟာ ခုနစ်နေ့သားသမီးအားလုံးအတွက် ရည်စူးလှူတာဖြစ်တဲ့အတွက် လိုအပ်ရင် (၇)ယောက်စလုံး တစ်ပွဲတည်းနဲ့ နေ့စုံ နံစုံ လုပ်လို့ရပါတယ်။ နေ့စုံနံစုံရင် ပိုကောင်းပါတယ်။ နဝင်းရိုက်ချက်ကလည်း ဘုရားပွဲထဲက အောင်သပြေပန်းကို မေတ္တာရပ်ခံ တောင်း၍ စွန့်ပြီးမှ လူကို ရိုက်ချရပါတယ်။

**မေး**-နဝင်းကြိုးအရေအတွက် ကန့်သတ်ချက်ရှိပါသလားခင်ဗျား။

**ဖြေ**-နဝင်းကြိုးနဲ့ပတ်သက်လို့ နဝင်းကြိုးကို စီရင်ရာမှာ နဝင်းဆိုင်မည့်သူ၏ အရပ်နှင့်အညီ အပ်ချည်(၃)ပင်၊ (၅)ပင်၊ (၉)ပင် စသည်ဖြင့် နဝင်းဆိုင်ရာ ပုဂ္ဂိုလ်၏ လမ်းညွှန်ချက်ဖြင့် လုပ်ရပါတယ်။ လူ၏ အရပ်အညီကို တိုင်းရင်လည်း ရသလို ထိုလူ၏ လက်နှစ်ဖက်ဆော့ည့် ဆန့်တန်း၍ လက်တစ်ဆန့်တိုင်း၍ လုပ်ရင်လည်း ရပါတယ်။ (၃)ပင်လုပ်လုပ်၊ (၅)ပင်လုပ်လုပ် (၂)စုံလုပ်ရပါတယ်။ အရင်ဆုံး ကျား,မ မရွေး ဘယ်စလွယ် အရင်တင်ပါ။ နောက်မှ ညာစလွယ် ပခုံးပေါ် တင်ရပါတယ်။ အပေါ်ဆုံးက ညာစလွယ်နဝင်းကြိုးကို အင်္ကျီချွတ်သကဲ့သို့ အပေါ်ချွတ်ရပါတယ်။ အောက်ဘက်က ဘယ်စလွယ်နဝင်းကြိုးကို အောက်သို့ ပုဆိုးချွတ်သကဲ့သို့ ချွတ်ချရပါတယ်။ လူက နဝင်းကြိုးအတွင်းမှ ထွက်လျှင် ခြေကို နောက်သို့ဆုတ်၍ ထွက်ရပါတယ်။ ရှေ့သို့ ခြေလှမ်း၍ မထွက်ရပါ။

**မေး**-အပေါ်ချည်မန်းကွင်း (နဝင်းကြိုး)နဲ့ အောက်ခြေမန်းကွင်း(နဝင်းကြိုး)ကို ဘယ်လိုအသုံးချရပါလဲခင်ဗျား။

**ဖြေ**-အင်္ကျီကဲ့သို့ အပေါ်ကချွတ်သော ညာစလွယ်နဝင်းကြိုးကို စုန်းတိုက် နတ်တိုက်ရန် ကာကွယ်ခြင်း၊ စီးပွားရေး၊ ကျန်းမာရေးအတွက် ဘုရားကို ဆီမီးပူဇော်ပါတယ်။

ပုဆိုးကဲ့သို့ အောက်ကိုချွတ်ချသော ဘယ်စလွယ်နဝင်းကြိုးကိုတော့ မြေဖုတ်ဘီလူး၊ မြေကိုင်သူများ အောက်လမ်းနည်းဖြင့် ပယောဂကိစ္စများ ပြေပျောက်ရန် စီးနေသော ရေရှင်မြစ်ချောင်းသို့ စွန့်ပစ်ရပါတယ်။

**မေး**-နဝင်းကြိုး (ချည်မန်းကွင်း)ကိုရော ထုံးသေးလားခင်ဗျား။

**ဖြေ**-နဝင်းကြိုး( ၃ပင်၊ ၅ပင်၊ ၉ ပင်)ကို (၉)ထုံး ထုံးရပါမယ်။ အကယ်၍ နဝင်းထိုင်မည့်သူကို ပုဂ္ဂိုလ်၏ ခတ်မိန့်အရ (၉)မျှင်ပါသော နဝင်းကြိုး(ချည်မန်းကွင်း)ဖြင့် နဝင်းထိုင်ရင်း၊ နဝင်းကြိုးများ ရှုပ်ယှက်ခတ်သွားရင် ထိုလူကို နဝင်းထိုင်ပေးခြင်းမှ ခေတ္တခဏရပ်ပါ။ ထိုလူမှာ ကြီးမားသော ပြဿနာရှိနေ၍ ဆရာလုပ်သူက ကန်တော့ပွဲရှေ့တွင် ဂုဏ်တော်ပုတီး(၉)ပတ်ကို ပြန်စိပ်ပြီးမှ နဝင်းပွဲကို ဆက်၍ပြုလုပ်ပါ။ ရံဖန်ရံခါမှာ ထိုကြိုးရှုပ်သော ပုဂ္ဂိုလ်အား ကျန်သောနေ့သားသမီးများက ဝိုင်းထိုင်ပြီး ဆရာလုပ်သူ၏ ညွှန်ကြားချက်ဖြင့် သက်ဆိုင်ရာ ထောင့်အလိုက် ပုတီးစိပ်ခြင်း၊ ဂုဏ်တော်ရွတ်ခြင်း၊ မေတ္တာသုတ်ရွတ်ခြင်းကို ပြုလုပ်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

မေး-ဆရာကြီးက ကျွန်တော်မေးသမျှ သိလိုသမျှ အမြင် ကျွန်ရစ်သော ဗဟုသုတရစရာများရှိပါက ဖြေကြားပေးပါဦးခင်ဗျာ။

ဖြေ-ဆရာကိုမြတ်စံ မေးခွန်းတစ်ခုမေးရန် ကျွန်သွားပါတယ်။ အဲဒါက မတ်စေ့က တွေ့ကရာမတ်စေ့ သုံး၍ ရပါ။ နဝင်းရှင်ပုဂ္ဂိုလ်က အမိန့်ချသော ဘုန်းကြီးကျောင်း၏ သိမ်တွင် ရဟန်းများ သိမ်တက်ရာတွင် သပိတ်အတွင်း သိမ်ဝင်ထားသော မတ်စေ့(၉)စေ့ ဖြစ်ရပါမယ်။ သိမ်ဝင်ခြင်းကိုလည်း သိမ်(၉)သိမ်ဝင်ထားသောမတ်စေ့ ဖြစ်ပါမယ်။ ဒါမှ ပယောဂတွေကို အနိုင်ရမှာပါ။ အလားတူ အကြိုစည်သမျှကိစ္စတွေ အောင်မြင်ပါလိမ့်မယ်။ ထို့ဆက် ဆရာကြီးမှဆက်၍ နဝင်းပွဲမှာ ပုဂ္ဂိုလ်တွေက ကိုအပ်လို့အမိန့်ချရင် အင်းကို မိုင်းကိုင်စက္ကူမှာစီရင်ပြီး အခါက ဖယောင်းတိုင် တင်ထွန်းပါ။ ဖယောင်းတိုင်ကုန်ပြီ့ အောက်က အင်းမီးလောင်ရင် နဝင်းပွဲ ဆက်လုပ်၍ ရပါ။ နဝင်းထိုင်ပေးသောဆရာ သမာဓိတစ်ခုခု ပျက်နေပါပြီ။ ဒါဆို ပုတီးစိပ်အဓိဋ္ဌာန်ဝင်ပြီးမှ နဝင်းပွဲကို ဆက်ထိုင်ရပါတယ်။

ဘုရားပွဲအပါအဝင် နဝင်းဆိုင်ရာပုဂ္ဂိုလ် ပွဲပျော်ပြီ (ငှက်ပျောသီးမှည့်ပြီ)ဆိုရင် သက်သတ်လွတ်ဆွမ်း၊ ဆွမ်းဟင်းချက်၍ ဘုရားကို ငှက်ပျောသီးအခွံနွာ၍ ဆွမ်းတော်တင်ပါ။ ဆွမ်းကပ်ပါ။ ကျန်တာကို ရဟန်းသံဃာ ဆွမ်းလောင်းပါ။ နောက်မှ လူပုဂ္ဂိုလ်တွေက စားပါ။ မည်သူ့ကိုမျှ မဖိတ်ကြားရပါ။ အလိုအလျောက်ရောက်လာပြီး ထမင်းစားကြပါလိမ့်မယ်။ ထိုသူများ နေ့စုံ နံစုံ (၇)နေ့သားသမီးပြည့်ပါက ထိုနဝင်းပွဲ အောင်မြင်ပြီလို့သာ မှတ်ယူရပါမယ်။

ကျွန်ုပ်ကပင် ဆရာကြီးအား လက်အုပ်ချီ၍ ပုဆိုးတစ်ထည် ကျပ်ငွေတစ်သောင်းကို စာအိတ်တွင်ထည့်၍ လက်အုပ်ချီကါရဝ်ပြုလိုက်ပါတော့သည်။

မေတ္တာရည်၍

ပုရောဟိတ် ဆရာဦးမြတ်စံ
ဖုန်း - ၀၉ ၅၁ ၇၆၆၄၆


ဆရာဦးသိန်းဝင်း

B.A (Geog:), ဒ.ဘ.န.ဝ (တ.ဆ-၁၄၇၂)

မြည်တော်စံ

တိုင်းရင်းဆေးကုခန်း

နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အာရုံကြော၊ အားနည်း၊ လေငန်း/လေဖြတ်၊ ကိုယ်ခံအားကျခြင်း၊ အကြောနှင့်ပတ်သက်သော ရောဂါများ ကုသပေးပါသည်။

✤ လေဖြတ်ရောဂါ ဝေဒနာရှင်များ အထူးကုသပေးပါသည် ✤

လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်ပါ

လေဖြတ်မည့် လက္ခဏာများ

* ဦးခေါင်းနောက်စေ့တွင် ခေါင်းကိုက်ခြင်း
* မျက်ခွံနှင့် မျက်စိကြွက်သားတို့ ဆတ်ခနဲ လှုပ်ရှားခြင်း
* ပစ္စည်းများ ကိုင်လျှင် မကြာခဏ လွတ်ကျခြင်း
* ခြေ,လက်များ ထုံကျဉ်ခြင်း
* လမ်းလျှောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော လေးခြင်း

စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။

ဆေးခန်းဖွင့်ချိန် - နံနက်(၁၁း၀၀)နာရီမှ ညနေ(၄း၃၀)နာရီထိ (တနင်္လာနေ့ ပိတ်သည်)
အမှတ်(၁၉)၊ (၁၁၂)လမ်း၊ (မိုလ်မင်းရောင်လမ်းမ)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ရဲစခန်းရှေ့)။
၀၉ ၇၉၅၁၄၂၆၈၃ ၊ ၀၉ ၃၁၆၅၂၇၂၄

www.burmeseclassic.com

# ကုန်ရောင်းကုန်ဝယ် အဆင်ပြေစေသော ယတြာအစီအရင်

●ပုရောဟိတ် ဆရာဦးမြတ်စံ[...]

စာရေးသူ၏ ဗေဒင်ဟောပြောခန်းသို့ မလာစဖူး ဧည့်သည်များ ကြိုတင်ရက်ချိန်းမယူဘဲ ရောက်လာကြပါသည်။ ဗေဒင်မေးခြင်းထက် ကုန်ရောင်းကုန်ဝယ် ကိစ္စများသာ ဖြစ်ပါသည်။

စာရေးသူ၏ ဗေဒင်ဟောခန်းနှင့် ကားမှတ်တိုင် တစ်တိုင်သာကွာသော ယုဇနပလာဇာ၊ မင်္ဂလာဈေးနှင့် အိမ်ခြံမြေအကျိုးဆောင် လုပ်ငန်းများ ရုံးစိုက်ရာဖြစ်သဖြင့် အရောင်းအဝယ်ကိစ္စအတွက် စာရေးသူထံ ကုန်ရောင်းလိုသူကလည်း မိမိကုန် ရောင်းစွံရန်၊ အမြတ်ကျန်ရန် ယတြာအစီအရင် တောင်းခံကြပါသည်။

ကုန်ဝယ်မည့်သူကလည်း ဒီနှစ်ထွက်မည့် ကောက်ပဲသီးနှံ၊ စပါး စသည်တို့ကို ဈေးနှုန်းသက်သာစွာဖြင့် ကုန်များများ သူ့ထက်ငါ ဝယ်နိုင်ရန် ဧရာဝတီတိုင်းဒေသကြီး၊ မြစ်ဝကျွန်းပေါ်နှင့် အညာဒေသမှ ကုန်သည်တချို့ ရာသီကုန်ပေါ်ချိန် ရောက်လာလေ့ရှိပါသည်။ လောဘကို ရှေ့တန်းတင်သူများဖြစ်၍ ရပ်ဝေးမှ လာသူများက သူ့ထက်ငါ ယတြာကို အစီအရင်အမြန်ဆုံး ဦးစားပေးဆောင်ရွက်နိုင်ရန် ပူဆာလေ့ရှိသလို ဒေသထွက်ကုန်များကိုလည်း ဆရာဖြစ်သူ ကျွန်ုပ်အား လက်ဆောင်အဖြစ် ပေးလေ့ရှိပါသည်။

ထူးဆန်းသော ဖြစ်ရပ်တစ်ခုမှာ တရုတ် တိုင်ပေတွင် ဆရာဝန်တာဝန် ထမ်းဆောင်နေသော သားဖြစ်သူ ဝယ်ယူမည့်အိမ်ကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်ရန် ယတြာအဆောင်ကို လာရောက်တောင်းခံပါသည်။ ရွှေဘုံသာလမ်းတစ်ပိုက်တွင် ရွှေဈေးအတက်အကျကို ဈေးကစားနေသော ရွှေပွဲစားတချို့လည်း ရွှေဈေးအတက်အကျကို ဝယ်သင့်၊ မဝယ်သင့် ဟောပြောပေးရန် လာရောက်လေ့ရှိပါသည်။ မိနစ်ပိုင်းအတွင်း ရွှေဈေးအတက်အကျကို ဟောကိန်းထုတ်ပေးရန် လာရောက်ပူဆာလေ့ရှိပါသည်။

စာရေးသူ ဆရာတော်အရှင်သံဝရထံတွင် ဂမ္ဘီရပညာ သင်ကြားခဲ့စဉ်က ကုန်ရောင်းကုန်ဝယ်ခြင်းနှင့် ပတ်သက်၍ အဆောင်ယတြာစီရင်ပုံကို ဆရာတော်မှ သင်ကြားပေး[...]ခဲ့ပါသည်။ လက်တွေ့အားဖြင့်လည်း လုပ်ကိုင်စီရင်ပုံကို[...] လုပ်ကိုင်ခဲ့ဖူးပါသည်။ ဆရာတော်၏ ဆွေမျိုးများမှာ ခရမ်း၊ သုံးခွဘက်မှ ဖြစ်သဖြင့် ကောက်ပဲသီးနှံအစ လယ်ယာသုံး ခိုင်းနွားအပါအဝင် ဝယ်ရန်၊ ရောင်းရန် မြို့တက်၍ ဆရာတော်ထံ ဗေဒင်မေးခြင်း၊ အဆောင်ယတြာ တောင်းခြင်း ပြုလေ့ရှိကြပါသည်။ ဆရာတော်အရှင်သံဝရမှာလည်း အဆောင်ယတြာ စီရင်မပေးမီ ဈေးဓာတ်နိပါတ်တွင် စပါးကုန်သည်နှင့် သားရေကုန်သည် အကြောင်းကို ကွမ်းဝါးရင်း ပြောပြပါသည်။

ဓာတ်ထဲတွင် ဆရာတော်ကျောင်းသို့ လာ၍တည်း[ခို]သော ကုန်သည်နှစ်ဦး၏ အလုပ်အကိုင်ကို မေးပြီး နေရာထိုင်ခင်းပေးပုံကို ပြောပြပါသည်။ စပါးကုန်သည်က[...] သူ အခုအသွားတွင် စပါးဝယ်မည့်သူဖြစ်သဖြင့် သူဝယ်မည့်ကုန် ဆန်ရေစပါး အတွက်ကောင်းမှသာ ဈေးချို၍ ပြန်ရောင်းသောအခါ အမြတ်ကျန်မည်ဖြစ်သဖြင့် ဆန်ရေစပါး ပေါများရန် စိတ်ဆန္ဒကောင်းမွန်သဖြင့် အိပ်ရာနေရာကို ဆရာတော်၏ဘေးခန်း ကျက်သရေခန်းတွင် စပါးကုန်သည်အား နေရာပေးလိုက်ပါသည်။

သားရေကုန်သည်ကတော့ ကျွဲ၊ နွား၊ သိုး၊ ဆိတ်များ ရောဂါဘယဖြင့် များများသေပျောက်မှသာ ငွေကျွဲ[...]တို့၏သားရေ များများရမည်ဖြစ်ပြီး ဈေးပေါပေါနှင့် ဝယ်ယူနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် သားရေကုန်သည် စိတ်ဆန္ဒတွင် ကျွဲ၊ နွား၊ သတ္တဝါများ ရောဂါဘယ[...] များများသေကျေပျက်စီးရန် ဆုတောင်းနေမည် ဖြစ်[ပါ]သည်။ ထို့ကြောင့် ဆရာတော်က သားရေကုန်သည်အ[ား] သင့်ရာနေရာတွင် နေရာထိုင်ခင်းပေးလိုက်ပါသည်။

ထိုကုန်သည်(၂)ဦး ကုန်ဝယ်ကအပြန် ဆရာတော်ကျောင်း ဝင်၍တည်းခိုသောအခါ ဆရာတော်က စ[ပါး]ကုန်သည်ကို သင့်ရာတွင်နေစေ၍ သားရေကုန်သည်[...] ကျက်သရေခန်းတွင် နေရာပေးလိုက်ပါသည်။ အကြော[...]

www.burmeseclassic.com

www.burmeseclassic.com

သားရေကုန်သည်က သားရေများ ရှားပါးမှ အမြတ်ရမည်ဖြစ်ရာ ကျွဲ၊ နွားများ အသေအပျောက်မရှိရန် ကောင်းလျက်ရှိခြင်းကြောင့် ဖြစ်ပါသည်။ စပါးကုန်သည်ကတော့ ဆန်ရေစပါး ရှားပါးမှ ငွေဝယ်ထားသော စပါးများ ဈေးကောင်းရမည် ဖြစ်ပါသည်။ ထို့ကြောင့် ကုန်သည်၏စိတ်တွင် ဆန်ရေစပါး ရှားပါးခြင်း၊ ခေါင်ခြင်း၊ ရေကြီးခြင်းတို့လို ဖြစ်မှသာ ဆန်ရေစပါး ဈေးကောင်မြင့်ဘဲ ငွေဝယ်ထားသော ဆန်စပါး၊ ကောက်ပဲသီးနှံများ ဈေးကောင်းရမည်ဖြစ်၍ သင့်တော်ရာတွင်သာ ကုန်သည်အား နေရာပေးရခြင်းဖြစ်ကြောင်း ရှင်းပြပါသည်။

ရုံးစနစ်ရုံခါတွင် အိတ်ဖွင့်တင်ဒါ Open Tender ကိစ္စ သူထက်ငါ တင်ဒါအောင်ရန် ကျွန်ုပ်ထံလာ၍ ယတြာအရှင်များတောင်းလေ့ရှိရာ ကုန်ရောင်းသည့်သဘော၊ ၏ ဝန်ဆောင်မှု (Services) ပစ္စည်း (Material) တင်ခြင်းတို့ကို ရောင်းကုန်အဖြစ် သတ်မှတ်ကာ တင်ဒါအောင်မြင်ရန် စီရင်ပေးရသည်လည်း ရှိခဲ့ပါသည်။

ထိုစဉ်က ဆရာတော်အရှင်သံဝရ သင်ကြားပေးခဲ့သော ကုန်ရောင်းကုန်ဝယ်အစီအရင် ယတြာပြုပုံကို အောက်ပါအတိုင်း ဖော်ပြပါသည်။

၁။ မိမိရောင်းလိုသော ကုန်ပစ္စည်းအမျိုးအစားကို နံသင့်အောက်တတ်ရပါမည်။

ဥပမာ-အိမ်ခန်းဆိုပါစို့။ တနင်္ဂနွေနံ ကောက်ရပါမည်။ မြေကွက်ဆိုလျှင် ကြာသပတေးနံ ကောက်ရမည်။ ဆိုလျှင် တနင်္လာနံ ကောက်ပါ။ ယာဉ်ရထားဆိုလျှင် ဟူးနံ ကောက်ပါ။ ရွှေထည်ဆိုလျှင်လည်း ဗုဒ္ဓဟူးနံ ကောက်ပါ။ လျှပ်စစ်ပစ္စည်း၊ ရေနံထွက်ပစ္စည်းဆိုလျှင် ဟူးနံပဲ ကောက်ပါလေ။ (ဓာတ်ဆီ၊ ဒီဇယ်ဆီ စသည်)

၂။ ကုန်ရောင်းလိုလျှင် ကုန်ရောင်းအင်းကို စီရင်ပါ။ ကုန်ဝယ်လိုလျှင် ကုန်ဝယ်အင်းကို စီရင်ပါ။ လေလံပွဲများအတွက် ကုန်ဝယ်အင်းကို စီရင်နိုင်ပါသည်။

၃။ သီးမွှေးငှက်ပျောသီး(၃)ဖီး၊ အုန်းသီး(၁)လုံး၊ ထီး၊ ခွန်၊ ကုက္ကား စသည်တို့ဖြင့် ပွဲပြင်ပါ။ မြတ်စွာဘုရား ကပ်လှူပူဇော်ပါ။ ကွမ်း၊ လက်ဖက် ပါပါစေ။

၄။ (က) ဥပမာ-အိမ်ရောင်းမည်ဆိုပါက အိမ်ရောင်းမည့် စာမအင်းကို ရေးဆွဲပါ။ (ကြေးပြားတွင် ရေးဆွဲပါ) အိမ်ဝယ်မည် ဆိုပါကလည်း အိမ်ဝယ်မည့် စာအင်းကို ကြေးပြား၌ ရေးဆွဲပါ။

(ခ) အိမ်ရောင်းမည် ဆိုပါက အိုးပေါ်တွင် (အ) အက္ခရာကို ထုံးဖြင့် ရေးပါ။ ဆော့ပင်(Soft Pen) ဖြင့် ရေးလည်း ရပါသည်။ အိမ်ဝယ်မည်ဆိုပါက အိုးပေါ်တွင် (အ)အက္ခရာကို ထုံးဖြင့်ရေးပါ။ ဆော့ပင်(Soft Pen) ဖြင့် ရေးလည်း ရပါသည်။

၅။ ကန်တော့ပွဲတွင် အရောင်းအဝယ်လုပ်မည့် အဆောင် စာမအင်းကို ထည့်ပါ။

၆။ ကုန်ရောင်းကုန်ဝယ်အတွက် စီရင်ထားသောအင်းကို ဖယောင်းတိုင်တွင်ပတ်၍ ကန်တော့ပွဲတွင်တင်၍ ထွန်းပါ။ နံ့သာတိုင်(၉)တိုင်ကိုလည်း ကန်တော့ပွဲတွင် ပူဇော်ပေးပါ။

၇။ စီရင်ထားသောအိုးအား ဘုရားပွဲ၏ ဘေးတွင်ထား၍ အိမ်အမြန်ဆုံး ရောင်းထွက်ပါစေ (ရောင်းလိုသူများ

ကုန်ရောင်းအင်း

| | | | | |
|---|---|---|---|---|
| ၈ | ၁ | ၆ | ၁ | ၈ |
| ၃ | ၅ | ၇ | ၅ | ၃ |
| ၄ | ၉ | ၂ | ၉ | ၄ |
| ၃ | ၅ | ၇ | ၃ | ၅ |
| ၈ | ၁ | ၆ | ၁ | ၈ |

ကုန်ဝယ်အင်း

| | | | | |
|---|---|---|---|---|
| ၂ | ၉ | ၄ | ၉ | ၂ |
| ၇ | ၅ | ၃ | ၅ | ၇ |
| ၆ | ၁ | ၈ | ၁ | ၆ |
| ၇ | ၅ | ၃ | ၅ | ၇ |
| ၂ | ၉ | ၄ | ၉ | ၂ |

www.burmeseclassic.com

www.burmeseclassic.com

| ရောင်းဝယ်မည့် ကုန်မံ | ရောင်းကုန် ထွက်ရန် | | | ဝယ်ရန် ဝင်ရန် | | |
|---|---|---|---|---|---|---|
| | ဆောင်ရန် စာမအင်း | | ရောင်းကုန် စာမ | ဆောင်ရန် စာမအင်း | | ဝင်ရန်၊ ဝယ်ရန် ကုန်စာမ |
| တနင်္ဂနွေ | ဩ | ဠ | အိုးပေါ်တွင် (ဩ)ရေးပါ | အ | သ | အိုးပေါ်တွင် (အ)ရေးပါ |
| | င | မ | | က | ပ | |
| တနင်္လာ | င | ဏ | ခွက်ပေါ်တွင် (င)ရေးပါ | က | တ | ခွက်ပေါ်တွင် (က)ရေးပါ |
| | ည | ဠ | | စ | သ | |
| အင်္ဂါ | ည | ဩ | ဇလုံပေါ်တွင် (ည)ရေးပါ | စ | အ | ဇလုံပေါ်တွင် (စ)ရေးပါ |
| | ဝ | ဏ | | ယ | တ | |
| ဗုဒ္ဓဟူး | ဝ | င | ဝါးလုံးပေါ်တွင် (ဝ)ရေးပါ | ယ | က | ဝါးလုံးပေါ်တွင် (ယ)ရေးပါ |
| | မ | ဩ | | ပ | အ | |
| ကြာသပတေး | မ | ည | ဗန်းပေါ်တွင် (မ)ရေးပါ | ပ | စ | ဗန်းပေါ်တွင် (ပ)ရေးပါ |
| | လ | င | | သ | က | |
| သောကြာ | ဠ | ဝ | သံပြားပေါ်တွင် (ဠ)ရေးပါ | သ | ယ | သံပြားပေါ်တွင် (သ)ရေးပါ |
| | ဏ | ည | | တ | စ | |
| စနေ | ဏ | မ | ထန်းရွက်ပေါ် (ဏ)ရေးပါ | တ | ပ | ထန်းရွက်ပေါ် (တ)ရေးပါ |
| | ဩ | ဝ | | အ | ယ | |

အတွက်)၊ ဈေးသက်သာစွာဖြင့် အိမ်အမြန်ဆုံး ဝယ်နိုင်ပါစေ (ဝယ်လိုသူများအတွက်) ဆုတောင်းပါ။

၈။ အင်းဖယောင်းတိုင် မီးငြိမ်းသွားလျှင် အဆောင်ကြေးပြား စာမအင်းကို မိမိအရောင်းအဝယ် ပြုသောအခါ ဆောင်၍(ကိုင်၍) ပြောပါ။ အောင်မြင်ပါလိမ့်မည်။ မိမိ၏ ပိုက်ဆံအိတ်တွင် ဆောင်ထားလည်း ရပါသည်။

၉။ အင်းဖယောင်းတိုင်ကို နေ့စဉ် စီရင်ပူဇော်နိုင်လျှင် အမြန်ဆုံး အဆင်ပြေပါသည်။

စာမရေးထားသောအိုးကို ဘုရားစင်၏ ညာဘက်တွင် ထားပါက အိမ်အဝယ်အဝင်ဖြစ်ပြီး လက်ဝဲဘက်တွင် ထားပါက အရောင်းအထွက် ဖြစ်ပါသည်။

အထူးမှာကြားလိုသည်မှာ မိမိရောင်းဝယ်လိုသော ကိစ္စများ အဆင်ပြေစေရန်၊ ရောင်းသူ၊ဝယ်သူ စကားပြော အဆင်ပြေချောမွေ့စေရန် မေတ္တာသုတ်ရွတ်နိုင်လျှင် ပိုကောင်းပြီး ထိရောက်လျင်မြန်ပါသည်။ အချို့ရတနာဆိုင်များတွင် ဘုရားပွဲကို အမြဲဆက်ကပ်၍ အင်းဖယောင်းတိုင်ကို အမြဲပူဇော်လေ့ရှိပါကြောင်း ရေးသားဖော်ပြလိုက်ပါသည်။

မေတ္တာရည်ဖြင့်

പုရောဟိတ် ဆရာဦးမြင့်

ဖုန်း - ၀၉ ၅၁ ...

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သောအခါသမယတွင် ကျွန်တော့်မဟိဒ္ဓိဗေဒင်ဟောခန်းသို့ မိတ်ဆွေကြီး မြသာဒွန်းဆိုသူ ရောက်လာသည်။ ထိုမြသာဒွန်းဆိုသည့် ပုတ်ကိုယ်ကြီး (ပုဂ္ဂိုလ်ကြီး မဟုတ်ပါ။ အဆမတန် ဆူဖြိုးဝလွန်းသဖြင့် ပညာဒေသက ပဲ၊ နှမ်း ထည့်သည့် ပုတ်ကြီးနှင့်တူသောကြောင့် ခေါ်ဆိုခြင်း ဖြစ်သည်)ကို ကျွန်တော်က ဘကြီးခွန်းဟု အလွတ်ခေါ်လေ့ရှိ၏။

ထိုဘကြီးဒွန်းသည် အင်မတန် စကားပြော ပွင့်လင်းကာ သွယ်ဝိုက်ပြီး မပြောဆို၊ တဲ့မဲပြောတတ်သူဖြစ်သည်။ သူသည် အပူအပင်မရှိ။ လူပျိုကြီး တစ်ကိုယ်တည်းသမားတည်း ဖြစ်ပေ၏။ ထို့ကြောင့်ပင် ကျွန်တော့်ဗေဒင်ဟောခန်းကို တစ်ပတ်တစ်ရက်နှုန်းနှင့် အမြဲလာလေ့ရှိသည်။ သူရောက်လာတိုင်းလည်း ကျွန်တော့်အတွက် ဗဟုသုတတစ်မျိုးမဟုတ် တစ်မျိုးမျိုး အမြဲပေးတတ်လေ၏။

သို့ပေမယ့် ကျွန်တော်သည် ထိုဘကြီးဒွန်းဆိုသူကိုလာလည်း လာစေချင်သလို မလာလည်း မလာစေချင်ပေ။ အဘယ်ကြောင့်မူ သူရောက်လာလျှင် ဗဟုသုတရသည်မှန်သော်လည်း ရရှိသည့် ဗဟုသုတနှင့် မကာမိအောင် တစ်နှစ်နှစ် အပြောအဆို အဆူအငေါက် ခံရတတ်ခြင်းကြောင့်ပင်။ ထို့ကြောင့် လာစေချင်သလို မလာလည်းလာစေချင်ဟု ပြောရခြင်း ဖြစ်သည်။

'အမယ်လေးလေး‥ဒီနှစ်နွေက အရင့်အရင်နှစ်တွေထက် အပူချိန်များမယ်။ အယ်နီညိုရာသီဥတုဖြစ်မယ်တဲ့ စလဗေဒက ဒေါက်တာဦးခွန်းလွင် ပြောခဲ့တာ သိပ်မှန်တာပဲ ဗေဒင်ဆရာရေ။ ဒုက္ခတော့ ရောက်ကုန်ကြပါပြီ။ ခင်း‥ဒုက္ခ‥ဒုက္ခ'

ကျွန်တော်ဗေဒင်ဟောခန်းထဲ ရောက်ရောက်ချင်း အလောတကြီး ဆိုလာသူက ဘကြီးဒွန်း။

'ဘကြီးဒွန်း‥စကားမပြောတတ်သေးပါလား'

'ဘာကွ၊ မင်းက လူကြီးကိုများ'

'ဒေါသမကြီးပါနဲ့ ဘကြီးဒွန်းရယ်။ မသိရင် မှတ်ထား။ (၁) အလောတကြီးကိစ္စဆိုရင် ဖြည်းဖြည်းပြောပါ။ (၂) အရေးတကြီးကိစ္စဆို ရှင်းရှင်းလင်းလင်း ပြောပါ။ (၃) အရေးမကြီးတဲ့ကိစ္စဆို ဟာသနှော ပြောပါ။ (၄) မပိုင်တဲ့ကိစ္စဆို ဆင်ဆင်ခြင်ခြင်ပြောပါ။ (၅) ပျော်ရွှင်ဖွယ်ကိစ္စဆို ကာလံဒေသံလိုက်ပြောပါ။ (၆) ဝမ်းနည်းဖွယ်ကိစ္စဆို လူတွေ့တိုင်း မပြောပါနဲ့။ (၇) သူတစ်ပါးကိစ္စဆို သတိထားပြောပါ။ (၈) စိတ်ညစ်ဖွယ်ကိစ္စဆို ပြောသင့်မှပြောပါ။ (၉) မဖြစ်ပျက်သေးတဲ့ကိစ္စဆို လက်လွတ်စပယ် မပြောပါနဲ့။ (၁၀) မလုပ်နိုင်တဲ့ကိစ္စဆို ကြွားဝါမပြောပါနဲ့။ (၁၁) သူတစ်ပါး ထိခိုက်မယ့်ကိစ္စဆို



**ဘုန်းတန်ခိုးကျက်သရေ**
**ဆန်းဝင်တတ်စေ**
**သာဆက်ဆော်** (မစကွ)

www.burmeseclassic.com

လုံး၀မပြောပါနဲ့။ (၁၂) လင်မယားကိစ္စဆို တိုင်ပင်ဆွေးနွေးပါ။ (၁၃) ကလေးတွေကိစ္စဆို လမ်းကြောင်းညွှန်ပြီး ပြောပါ။ (၁၄) မိမိရဲ့ကိစ္စဆို သူတစ်ပါးပြောတာ နားထောင်ပါ။ (၁၅) သက်ကြီးဝါကြီးတွေနဲ့ စကားပြောရင် သူတစ်ပါးပြောတာ များများနားထောင်ပြီး နည်းနည်းပဲ ပြောရမယ်တဲ့။ အခုတော့ ဘကြီးဒွန်းက အလေ့ာတကြီး ပြောတာကိုး'

'ဟာကောင်ရ၊ စကားပြောနည်းက စကားပြောနည်းပေါ့ကွာ။ လူတစ်ယောက်မှာ အရေးကြီးဆုံးက ဆန်းဝင်နေဖို့ပဲ။ ဆန်းမဝင်ဘဲ ဆန်းကျင်မနေဖို့ကလည်း အဓိကပါ ငါ့ကောင်ရေ။ ငါ့စကားပြောပုံဆိုပုံကတော့ Original ပဲလေ။ မွေးကတည်းက ဒီဟာန် ဒီအသံပါကွာ'

'ထားပါတော့ဗျာ။ ပြောပြစမ်းပါဦး ဆန်းဝင် ဆန်းကျင်တဲ့အကြောင်း'

'ကျုပ်ကလည်း ဖေဒင်ဆရာဆီ ဒီအကြောင်း ပြောပြဖို့ လာခဲ့တာပါ'

'ဟုတ်ကဲ့ပါ ဘကြီးဒွန်းရယ်၊ ပြောပါ။ ဘကြီးဒွန်းပြောပြတော့ ကျွန်တော့်အနေနဲ့ ဂမ္ဘီရစာဖတ်ပရိသတ်နဲ့ (၇)နေ့သားသမီးတွေကို တစ်ဆင့်ဖောက်သည်ချနိုင်တာပေါ့ဗျာ'

'ဒါက ဒီလိုရှိတယ် ဖေဒင်ဆရာရဲ့။ လူတစ်ဦးတစ်ယောက်အတွက် အရေးကြီးတာက ဘုန်းတန်ခိုးရယ်၊ ကျက်သရေရယ်က အဓိကကျတယ်။ အဲဒါတွေ ဆန်းဝင်ပြီး ပွင့်လန်းနေပါမှ စီးပွားရေးမှာ အဆင်ပြေ ချောမွေ့ အောင်မြင်မယ်။ အဲဒီဘုန်းတန်ခိုးတို့ ကျက်သရေတို့ ဆိုတာကလည်း သူ့အလိုအလျောက် ရောက်လာတတ်တဲ့ အရာတွေ မဟုတ်ဘူး'

'ဒါဆို ဘယ်လိုလုပ်ယူရမှာလဲ ဘကြီးဒွန်းရဲ့'

'တည်ဆောက်ယူရမယ်၊ ဖန်တီးယူရမယ်၊ ပြုပြင်ယူရမယ်။ နောက်ပြီး ထိန်းသိမ်းလည်း ထားတတ်ရမယ်။ အဲဒီကျမှ ဆန်းမကျင်ဘဲ ဆန်းဝင်လာလိမ့်မယ်။ ဆန်းမပျက်ဘဲ ဆန်းတက်လာလိမ့်မယ်။ (၇)နေ့သားသမီးတွေ အားလုံး သူ့နေ့တွေရဲ့ သက်ဆိုင်ရာ အရပ်ဒေသအလိုက် တည်ဆောက်ဖန်တီး ပြုပြင်ယူရမယ့်၊ ထိန်းသိမ်းထားရမယ့် ကိစ္စတွေရှိတယ်ကွ။ လွယ်လွယ်ပြောရရင် အရာဝတ္ထုပစ္စည်းတွေ သူ့နေရာနဲ့သူ အံဝင်ခွင်ကျရှိနေဖို့ပါပဲ။ ဥပမာ ဆိုပါစို့ကွာ။ စဉ်းတီတုံးဆိုတာ သားငါးနဲ့ အသီးအနှံတွေကို ပိုင်းဖြတ်ခုတ်လှီးဖို့ ဖြစ်တဲ့အတွက် သူနဲ့သက်ဆိုင်တဲ့ နောက်ဖေးမီးဖိုချောင်မှာ ရှိနေသမျှ ဆန်းဝင်နေပြီးတော့ အဲဒီစဉ်းတီတုံး ဧည့်ခန်းကို ရောက်လာတဲ့နေ့ဟာ ဆန်း ပျောက်တဲ့နေ့ပဲ။ နောက်တစ်ခု၊ ရေခဲသေတ္တာဆိုတာ ရေခဲ ရေ သောက်ဖို့အတွက်သာ သီးသန့်သုံးကြတာ မဟုတ် ဘူး။ အသီးအရွက်တွေ၊ သားစိမ်းငါးစိမ်းတွေ တာရှည် ခံဖို့အတွက် ထည့်တတ်ကြတဲ့အတွက် သူ့ကို မီးဖိုချောင်နဲ့ အနီးဆုံးနေရာမှာ ထားသင့်တယ်။ အဲဒီလိုမဟုတ်ဘဲ ရေခဲသေတ္တာ အိမ်ရှေ့ရောက်လာတဲ့နေ့ဟာ ဆန်းစပျက်တဲ့ နေ့ပဲပေါ့'

'ဆန်းပျက်တော့ ဘာဖြစ်မလဲဗျာ။ ပြောပါဦး'

'မင်း တကယ်ပဲမသိတာလား၊ မသိချင်ယောင်ဆောင် ပြီး ထမင်းစားနေတာလား။ မသိရင်တော့ မင်း ဖေဒင် ဆရာအစစ် မဖြစ်သေးဘူး'

'သိပေမယ့် ဘကြီးဒွန်းပြောပြတော့ ပိုပြီးပြည့်စုံမယ် ထင်လို့ပါ'

'တော်စမ်းပါ ဖေဒင်ဆရာရယ်၊ အိုဗာတင်းတွေ ခွ တင်မနေပါနဲ့။ ဒီလိုကွာ..ဆန်းဝင်ရင် အိမ်ထောင်ရေး အိမ်တွင်းရေး သာယာမယ်။ စီးပွားရှာဖွေရတာ အဆင်ပြေ မယ်။ ကျန်းမာရေးကောင်းမယ်။ ကိုယ့်ရဲ့ တီထွင်ဆန်း သစ်မှုတွေ၊ ကြိုးစားအားထုတ်မှုတွေ အောင်မြင်မယ်။ အေး..ဆန်းပျက်ရင်တော့ အဲဒီအချက်တွေရဲ့ ပြောင်းပြန် အကျိုး ခံစားရမှာပဲ။ ကျန်းမာရေးညံ့မယ်။ အိမ်ထောင် ရေး၊ အိမ်တွင်းရေး အဆင်မပြေဘူး။ စီးပွားဆုတ်ယုတ် လာမယ်။ ဒါမှမဟုတ်ရင် စီးပွားရေးမတိုးတက်ဘဲ တန့် နေလိမ့်မယ်။ အိမ်ဆူ၊ အိမ်ပူ ဖြစ်နေမယ်။ ကိုယ်ကြိုးစား အားထုတ်တာမှန်သမျှ အချည်းနှီးဖြစ်နေမယ်။ ဒီတော့ (၇)နေ့သားသမီးတွေအနေနဲ့ သက်ဆိုင်ရာ အရပ်ထောင့် တွေမှာဖြစ်စေ သက်ဆိုင်ရာ နေရာအဝန်းအဝိုင်းမှာဖြစ်စေ ရှောင်ကြဉ်ရမယ့် ကိစ္စတွေကို မင်းကို ငါပြောပြမယ်။ သေသေချာချာ လိုက်မှတ်ထား။ အခု ငါပြောပြမယ့် အရပ်ထောင့်တွေမှာ အိမ်သာမထားရဘူး။ ထဘီလှန်းစင် (သို့မဟုတ်) ကြိုးတန်း မထားရဘူး။ မီးဖိုချောင် မ စေရဘူး။ အမှိုက်ပုံး မထားရဘူး။ ဆူးပါတဲ့ အပင်တွေ နှယ်ပင်တွေကိုလည်း စိုက်မထားရဘူး။ ကဲ..တနင်္ဂနွေ



www.burmeseclassic.com

www.burmeseclassic.com

သမီးကနေ စနေနေ့သားသမီးအထိ ရေးလိုက်ကြရ
ဆောင်'

'ဟုတ်ကဲ့ပါ ဘကြီးဒွန်း။ အသင့်ပါပဲ'

'ဒါဆို ဘောပင်နဲ့ မှတ်စုစာအုပ် ထုတ်ကွာ၊ နှုတ်
ရာ စာတစ်လုံးတဲ့'

ကျွန်တော်သည် ဘကြီးဒွန်း ပြောပြခဲ့သော (၇)နေ့
သမီးအားလုံးအတွက် ရှောင်ရန်၊ ဆောင်ရန်နည်းများ
ဗ္ဗိုရစာဖတ်ပရိသတ်ကြီးအား တစ်ဆင့်ဖောက်သည်
လိုက်ရပေသည်။

**နွေသားသမီးများအတွက်**

- ❑ အနောက်ထောင်တောင့်၊
- ❑ အနောက်စူးစူး၊
- ❑ မြောက်စူးစူး။

**လာသားသမီးများအတွက်**

- ❑ အနောက်စူးစူး၊
- ❑ အနောက်မြောက်ထောင့်၊
- ❑ အရှေ့မြောက်ထောင့်။

**ဂါသားသမီးများအတွက်**

- ❑ အနောက်မြောက်ထောင့်၊
- ❑ မြောက်စူးစူး၊
- ❑ အရှေ့စူးစူး

**ဟူးသားသမီးများအတွက်**

- ❑ မြောက်စူးစူး၊
- ❑ အရှေ့မြောက်ထောင့်၊
- ❑ အရှေ့တောင်ထောင့်။

**သပတေးသားသမီးများအတွက်**

- ❑ အရှေ့စူးစူး၊
- ❑ အရှေ့တောင်ထောင့်၊
- ❑ အနောက်တောင်ထောင့်။

**ကြာသားသမီးများအတွက်**

- ❑ တောင်စူးစူး၊
- ❑ အနောက်တောင်ထောင့်၊
- ❑ အနောက်မြောက်ထောင့်။

**သားသမီးများအတွက်**

- ❑ အရှေ့မြောက်ထောင့်၊
- ❑ အရှေ့စူးစူး၊
- ❑ တောင်စူးစူး။

အဲဒီအရပ်တွေမှာ ဘုရားကျောင်းဆောင်၊ ဘုရားခန်း၊ အလုပ်စားပွဲ၊ မီးခံသေတ္တာ၊ ငွေထည့်တဲ့သေတ္တာ၊ ဧည့်ခန်း၊ စာဖတ်ခန်း၊ စာသင်ခန်းတွေ လုပ်ရမယ်ကွ။

နောက်ပြီးတော့ အဲဒီနေရာတွေကို အလင်းရောင် ကောင်းကောင်းရအောင် လုပ်ပေးရမယ်။ မီးရောင်များများ ထွန်းပေးရမယ်။ အမြဲသန့်ရှင်းနေအောင် လုပ်ထားရမယ်။ ဒါ့အပြင် ဘယ်နေ့သားသမီးမဆို ထမင်းစားတဲ့အခါ ပန်းကန်ရှိလျက်သားနဲ့ အလွယ်တကူ ဇလုံနဲ့စားတာ၊ လင်ဗန်းဒါမှမဟုတ် ဒန်အိုးအဖုံးနဲ့ မစားရဘူး။ ဘုရားကျောင်းဆောင်ပေါ်မှာ ကိုးကွယ်ရာနဲ့ မပတ်သက်တဲ့ ပစ္စည်းတွေ တင်မထားရဘူး။ အနန္တောအနန္တငါးပါးပုံတော်နဲ့ ဘိုးဘွားပုံတွေ၊ ကိုးကွယ်မှုဆိုင်ရာ ပုံတော်တွေကို နိမ့်ကျတဲ့နေရာ၊ မသန့်ရှင်းတဲ့ နေရာတွေမှာ မထားရဘူး။ မျက်နှာသုတ်ပဝါ(တဘက်)ကို ယူဆောင်ပြီး သန့်စင်ခန်း(အိမ်သာ)ထဲ မဝင်သင့်ဘူး။ စက္ကူသုံးတဲ့ အိမ်သာဖြစ်ရင် စာပါတဲ့ စက္ကူ မသုံးရဘူး။ ပုဆိုးတို့၊ ထဘီတို့ကို ခေါင်းကနေပြီး စွပ်မဝတ်ရဘူး။ ပုဆိုး၊ ထဘီ၊ ဖိနပ်တွေကို ခေါင်းအုံး မအိပ်ရဘူး။ အင်္ကျီပြောင်းပြန် မဝတ်ရဘူး။ ရေချိုးတဲ့ခွက်နဲ့ ရေမသောက်ရဘူး။ အိမ်သာမှာလည်း မသုံးရဘူး။ သောက်ရေနဲ့လည်း မျက်နှာမသစ်ရဘူး။ မျက်နှာမသစ်ဘဲနဲ့ အစားအသောက် မစားရဘူး။ အစားအစာနဲ့ မကစားရဘူး။ မနက်မိုးလင်းစချိန်မှာ ကျက်သရေယုတ်တဲ့စကား၊ သိမ်ဖျင်းတဲ့စကား၊ ဆဲရေးတိုင်းထွာခြင်းတွေ ပြောဆိုအော်ဟစ်ခြင်းတွေ မလုပ်ရဘူး။ ကျေးဇူးရှိသူတွေကို အော်ငေါက်ဆက်ဆံတာမျိုးတွေ မလုပ်ရဘူး။

ကဲ‥ဗေဒင်ဆရာသိတဲ့ ဆောင်ရန်၊ ရှောင်ရန် အချက်အလက်တွေရှိရင် ကျုပ်ကိုလည်း ပြောပြဦးလေ'

ကျွန်တော်သည် ကိုယ်အနေအထားကို အနည်းငယ်ပြင်လိုက်သလို ချောင်းတစ်ချက်လည်း ဟန့်လိုက်၏။

ပြီးမှ -

'တော်ပါပေတယ် ဘကြီးဒွန်းရယ်၊ ဘကြီးဒွန်း ပြောပြတဲ့ အချက်အလက်တွေက ကျွန်တော့်အဘဆရာကြီး ဒေါက်တာမင်းသိခ်နဲ့ ဆရာကြီးကျော်ဆုသွေး တစ်ချိန်က ပြောပြခဲ့ဖူးတဲ့ အရာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကြိုက်တယ်ဗျာ။ ကျွန်တော့်အနေနဲ့ ဘကြီးဒွန်း ပညာခန်းကို



www.burmeseclassic.com

www.burmeseclassic.com

ထပ်မံဖြည့်စွက်ပြောရရင် -

၁။ အိမ်ရှေ့မှာ ကျွဲ၊ နွား မထားကောင်းဘူး။ (အဆောက်အအုံ အခိုင်အမာ ဆောက်လုပ်ပြီးထားတာကို ဆိုလိုတာပါ။)

၂။ အိမ်ရဲ့ဘေးပတ်လည်မှာ ဆီဆုံ၊ ဆီစက် မတည်ဆောက်ကောင်းဘူး။

၃။ အိမ်ရှေ့မန်ကျည်းပင် မစိုက်ကောင်းပါဘူး။

၄။ အိမ်ရှေ့ထရံမှာ လေးမြားစိုက်လို့ မထားကောင်းပါဘူး။ (လေးခွ၊ လောက်လေးလည်း မထားကောင်းဘူး ယူဆမိပါတယ်။)

၅။ အိမ်အနီးမှာ ဝါဂွမ်းပင်၊ ခတ္တာပင်၊ ပဲကြီးပင်၊ ပန်းတိုင် မစိုက်ကောင်းပါဘူး။

၆။ အိမ်အနီးမှာ ဖရုံပင်၊ မျောက်ပင် မစိုက်ကောင်းပါဘူး။

၇။ အိမ်ရဲ့တောင်ဘက်အရပ်မှာ စပါးကျီ မထားကောင်း၊ မဆောက်ကောင်းပါဘူး။

၈။ အိမ်ရဲ့ အနောက်ဘက်အရပ်မှာ လှေကား မထားကောင်းပါဘူး။

၉။ ဦးချိုကျိုးနေတဲ့ ကျွဲ၊ နွားတွေကို မခိုင်းစေသင့်ပါဘူး။

၁၀။ မျက်စိကန်းနေတဲ့ မြင်းတို့၊ ဆင်တို့ကို မစီးကောင်းပါဘူး။

၁၁။ သားသမီးတွေကို သွေးထွက်သံယိုဖြစ်အောင် မရိုက်ကောင်းပါဘူး။

၁၂။ ထဘီ၊ တဘက် ပခုံးတင်ထားတဲ့ အမျိုးသမီးကို ဆွဲပြီး မရိုက်ကောင်းပါဘူး။

၁၃။ တံခွန်၊ ကုက္ကား၊ သာသနာ့အလံတွေကို အိမ်မှာ မစိုက်ကောင်းပါဘူး။

၁၄။ ဆန်မရှိတဲ့ မောင်းဆုံမှာ ကျည်ပွေ့စိုက်ပြီး မထားကောင်းပါဘူး။

၁၅။ ထမင်းစားပန်းကန်တွေကို မတီးကောင်း၊ မခေါက်ကောင်းပါဘူး။

၁၆။ အမျိုးသမီးတွေရဲ့ ရေလဲထဘီတွေကို အိမ်မှာ လွှားပြီး မလှန်းကောင်းပါဘူး။

၁၇။ ခေါင်းလျှော်ပြီးဆံပင်ကို နေမလှန်းကောင်းပါဘူး။

၁၈။ ကိုယ်ဝန်ဆောင်မိန်းမစားတဲ့ ပန်းကန်ခွက်ကို ယူပြီး မဆေးကြောကောင်းပါဘူး။

၁၉။ ကိုယ်ဝန်ရှိတဲ့မိန်းမကို မချီးမြှောက်ကောင်းပါဘူး

၂၀။ ကိုယ်ဝတ်အင်္ကျီ၊ ကလေးသူငယ်၊ ဓားလက်နက်တွေ ကို မြှောက်ချီ မကစားကောင်းပါဘူး။

၂၁။ ရေလဲအဝတ်၊ ခေါင်းပေါင်း၊ အင်္ကျီလက်ခုစုတ် မချုပ်ကောင်းပါဘူး။

၂၂။ ဦးထုပ်၊ ဆန်ကောတွေကို ဖာထေးပြီး မသုံးကောင်း ပါဘူး။

၂၃။ အိပ်ရာခင်း၊ သင်ဖြူးဖျာ၊ ခေါင်းပေါင်းတွေကို ဖာ ထေးပြီး မသုံးကောင်းပါဘူး။

၂၄။ ပုဆိုး၊ တဘက်(မျက်နှာသုတ်ပဝါ)၊ ခေါင်းပေါင်း တွေကို မဖြတ်ကောင်းပါဘူး။

၂၅။ တစ်ပါးသူရဲ့ဦးခေါင်း၊ အိမ်ရဲ့အရှေ့ထရံ၊ ကျည်ပွေ့ တွေကို မကျော်လွှားကောင်းပါဘူး။

၂၆။ မသန့်ပြန့်တဲ့နေရာ၊ လမ်း၊ သူခိုးကောင်းတို့ရဲ့ နေရာတွေကိုတက်ပြီး မနေကောင်းပါဘူး။

၂၇။ ကြိုးတန်းအောက်၊ တံတားအောက်၊ ရှေ့ကား လ တန်းအောက်တွေကို မဝင်ကောင်းပါဘူး။

၂၈။ ခရီးပန်းပြီး ရောက်လာသူ၊ အိပ်ရာက ထခါစ စိတ်ဆိုးနေသူတွေကို မမေးသင့်ပါဘူး။

၂၉။ သားငါးဟင်းထိုးသီထားတဲ့ တံစို့ကို အပေါ်ထောင် ပြီး မထားကောင်းပါဘူး။

၃၀။ ပစ္စည်းဥစ္စာမာန် မတက်ကောင်းသလို ဆရာ၊မိဘ အဆုံးအမကိုလည်း မလွန်ဆန်ကောင်းပါဘူး။

၃၁။ ရတနာသုံးပါးနဲ့ မိဘ၊ဆရာ၊ ကူညီမ၊စဖူးခဲ့သူတွေ ကို ဘယ်တော့မျှ မမေ့ကောင်းပါဘူး။

၃၂။ ကြီးကဲသူနဲ့ မိဘ၊ ဆရာ၊ အဆွေခင်ပွန်း၊ နေ၊ လ မိုး၊ မြေတွေကို မုန်းတီးကြောင်း မပြောကောင်းပါ ဘူး။

၃၃။ ဘုရားအရိပ်၊ သံဃာအရိပ်၊ ဆရာသမားအရိပ်၊ မိဘ အရိပ်တွေကို မမှီခိုကောင်းသလို စည်းစိမ်ကြွယ်ဝသူ ပညာဉာဏ်ကြီးသူ၊ အောင်မြင်ကျော်ကြားသူတွေ မှာလည်း မမှီခိုကောင်းပါဘူး။

၃၄။ စည်းစိမ်ချမ်းသာရေးနဲ့ ရောက်မလာသေးတဲ့ ဘေး အန္တရာယ်တွေကို တွေးတောမနေသင့်ပါဘူး။

၃၅။ နေ့လယ်ခင်းအချိန်၊ ဥပုသ်သီတင်းနေ့၊ မိန်းမရဲ့ ရာသီ နေ့တွေမှာ ကာမစပ်ယှက်တာ မပြုရပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

ဘုရား၊ ကျောင်းကန်သွားချိန်၊ သန္တေသားရင့်တဲ့အချိန်၊ တစ်ပါးသူ အလိုမတူတဲ့အချိန်၊ လိင်ဆက်ဆံရမယ့် အင်္ဂါမဟုတ်တဲ့ အရာတွေမှာ ကာမစပ်ယှက်တာ မပြုရပါဘူး။

မိဘ,ဆရာသမားရဲ့ကိစ္စနဲ့ မီးနဲ့ရေ ကိစ္စတွေမှာ ပေါ့ပေါ့ဆဆ မပြုလုပ်ကောင်းပါဘူး။

ဘုရား၊ တောင်ကုန်း၊ တောင်တန်း၊ နေအိမ်မှာ စွဲနေတဲ့ ပျားအုံတွေကို မဖြိုကောင်းပါဘူး။

ဇရပ်၊ သိမ်၊ လမ်းတွေမှာ ညခိုကပ်ပြီး မနေထိုင်ကောင်းပါဘူး။

ဘုရားတင်လှူတဲ့ပန်း၊ မိန်းမပန်တဲ့ပန်း၊ ဖယောင်းတွေကို မနမ်းရှိုက်ကောင်းပါဘူး။

မိဘ၊ ဆရာသမား၊ ဆွေမျိုး၊ ပစ္စည်းဥစ္စာရှိတဲ့သူတွေကို ဥပေက္ခာမပြုကောင်းပါဘူး။

ငွေကြေးဥစ္စာလိုချင်သူ၊ လူပျို,အပျိုလှည့်သူ၊ မူးယစ်နေသူတွေရဲ့ ပြောစကားကို မယုံကြည်သင့်ပါဘူး။

ပလုတ်ကျင်းတဲ့ရေ၊ ရေကို ခပ်ပြီးပြီးချင်း မသွန်ဘဲသောက်တဲ့ရေ၊ ထမင်းအိုးရေ(ဆန်ဆေးရေ)တွေကို မသောက်သင့်ပါဘူး။

၄၄။ ထမင်းအိုး၊ လှေကားထိပ်ဦး၊ နေအိမ်အောက်ကမြေ၊ စပါးထည့်တဲ့ ပုတ်တောင်းတွေကို မတူးဆွကောင်းပါဘူး။

၄၅။ မကောင်းတဲ့ မိစ္ဆာစာ၊ လက်ဖွဲ့ထိုးတဲ့စာ၊ လက်္ခဏာ၊ အိပ်မက်တွေကို မဖတ်သင့်ပါဘူးတဲ့ဗျာ။

ဒါကတော့ ကျွန်တော် လေ့လာမှတ်သားထားသမျှတွေပါပဲ"

'ကဲ··ဟုတ်ပါပြီ။ ကျုပ်လည်း နေစောင်းပြီမို့ အိမ်ပြန်လိုက်ပါဦးမယ် ဗေဒင်ဆရာရေ'

ပြောပြောဆိုဆို ဘကြီးဒွန်းသည် ကျွန်တော့်ဗေဒင်ဟောခန်းထဲကနေ သူ၏ တုတ်ခိုင်ပြည့်ဖြိုးလွန်းလှသော ခန္ဓာကိုယ်ကြီးကို ပေါ့ပါးလန်းဆန်းစွာ သယ်ဆောင်၍ ထွက်ခွာသွားခဲ့လေပြီ မဟုတ်ပါလား။

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ

သာထက်ဇော်(မကွေး)


အဘဆရာကြီး **မင်းသိခ်** ၏ တပည့်ရင်း

# ဆရာ မိုးသစ်ခိုင်



Myanmar Astro Research Bureau
Hony Research (RayKhar Ganita) (Group-18)
B.A in (Astrology) Jyotish Sastri
Dip. (Astrology) Jyotish Bharati
M.A.R.P (Kolkata) (India)

...ဆိုတာ လွင့်မျောနေတဲ့ အိပ်မက်တစ်ခု မဟုတ်တာ အသေအချာပါပဲ။
...သင်ဟာ ဘယ်တော့ ဘာဖြစ်မလဲ ဆိုတာ ကြိုတင်ပြီး သိထားရင် မကောင်းပေဘူးလား။
...သင့်ကံကြမ္မာ အတက်အကျ အနိမ့်အမြင့်ကို ရက်၊ လ၊ နှစ်နဲ့တကွ တိကျစွာ တွက်စစ်လို့ ဟောပြောပေးရပါအံ့။

တဲကျေ ယေဒ လက္ခဏာ

...ဘ် ၁၄၀)၊ ဦးချစ်မောင်လမ်း၊ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၇၃၀ ၈၁၂၀၉

www.burmeseclassic.com

(၂၀၁၆)ခုနှစ်၊ မေလထုတ် ဂမ္ဘီရမဂ္ဂဇင်းကြီးမှာ ကျွန်တော်ရဲ့ သိကြားစေသက်သေညွှန်း အမည်ရှိ ဆောင်းပါးကို အယ်ဒီတာအဖွဲ့က ရွေးချယ်ဖော်ပြပေးခဲ့ပါတယ်။ အဲဒီဆောင်းပါးဟာ ဗေဒင်လောကမှာ အကြားအမြင်ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော့်ကိုယ်တွေ့ဖြစ်ရပ် (၂)ခုကို ရိုးသားစွာ တင်ပြခဲ့တာပါ။

အကျဉ်းတင်ပြရရင်တော့ တန်ခိုးရှင်၊ သိဒ္ဓိပညာရှင်၊ မဟိဒ္ဓိပညာရှင်တွေက ဓာတ်ကိန်း၊ နာမ်ကိန်းပြီး အကြားအမြင်ပညာရပ် ပေးစွမ်းထားတာမဟုတ်ဘဲ သာမန်ဗေဒင်မေး ပရိသတ်တွေမသိတဲ့ အခြားဗေဒင်ပညာရပ် တစ်ခုခုနဲ့ အကြားအမြင်သဖွယ် ဟောပြောပေးနေကြတာပဲ ဖြစ်တယ်ဆိုတဲ့ အကြောင်းပါပဲ။

အဲဒီဆောင်းပါးထဲမှာ ဖြစ်ရပ်တစ်ခုက အထိုင်ကရိဏ်းကိုကြည့်ပြီး ဟောတဲ့ ဖြစ်ရပ်တစ်ခုဖြစ်ပြီး ကျန်တစ်ခုက အခြားသူရဲ့ နှုတ်ထွက်စကား နိမိတ်တဘောင်ကို အကြောင်းပြုဟောတဲ့ ဖြစ်ရပ်ကို တင်ပြခဲ့တာပါ။ ဟောကြားသူက ဘာကိန်းဂဏန်းမှ ချမတွက်ဘဲ အကြားအမြင်ရသူသဖွယ် ဟောခဲ့တဲ့ဖြစ်ရပ်ပါ။

အဲဒီဆောင်းပါးကို ဖတ်မှတ်မိတဲ့ စာဖတ်ပရိသတ်အချို့က အဲဒီလို လျှို့ဝှက်ဗေဒင် ပညာရပ်တွေကို သိရတဲ့

# လက်ဝဲ လက်ယာ ဆန်းပညာ

## မင်းနေထွန်း (ကန့်ဆလ္လ)

အတွက် ကျေးဇူးတင်ပါကြောင်း ဖုန်းနဲ့ ပြောလာကြသလို စာနဲ့လည်း ရေးသားထောက်ခံကြို ဆိုခဲ့ကြပါတယ်။ ရန် ကုန်မြို့၊ မြောက်ဥက္ကလာပက စာဖတ်ပရိသတ်တစ်ဦးဖြစ်တဲ့ ဒေါ်နုနုဝင်းက သူကိုယ်တိုင် အကြားအမြင်ဆိုတဲ့ ဗေဒင်ဆရာမတစ်ဦးကို ဗေဒင်မေးဖူးကြောင်း၊ အတန်အသင့် မှန်ကန်ကြောင်း၊ ထိုစဉ်က အထင်ကြီး လေးစား အံ့သြခဲ့မိကြောင်း တင်ပြပြီး အခြားဗေဒင်မေးပရိသတ်နဲ့ ဗေဒင်ဝါသနာရှင်တွေအတွက် သိကြားစေ သက်သေညွှန်းလို ဆောင်းပါးမျိုးတွေ ဆက်လက်ရေးသား တင်ပြပေးသင့်ကြောင်း တောင်းဆို

တယ်။

ဒါကြောင့် ဒီတစ်ပတ်တော့ ဘာကိန်းဂဏန်းမှ မတွက်ဘဲ အကြားအမြင်သဖွယ် ဟောလို့ရတဲ့ ပညာရပ် ဥပဒေသအချို့ကို ဖော်ပြပေးရင်း စာဖတ် သတ်ကို ကျေးဇူးတုံ့ပြန်ချင်ပါတယ်။ အဲဒါကတော့ မေးသူ ဘယ်လိုထိုင်သလဲဆိုတဲ့ အထိုင်ကရိဏ်း ဘယ်လိုပြုမူလှုပ်ရှားတယ် ဆိုတာတွေကို လေ့လာ ခတ်ပြီး ဟောပြောတဲ့နည်းတွေပါ။ မသိရင် အကြား ပါပဲ။

ဗေဒင်ပညာရပ်မှာ ကရိဏ်း(၃)မျိုး ခွဲထားပါတ ပညာရပ်အခေါ်အဝေါ်တွေအနေနဲ့ကတော့ (၁) ကရိဏ်း၊ (၂) ဝါဏိဇ္ဇကရိဏ်းနဲ့ (၃) ဟိရကရိဏ် ပါပဲ။ အရပ်သားအခေါ်အဝေါ်အနေနဲ့ကတော့ လက် ဘက် ထိုင်ခြင်း၊ ရှေ့တူရူတည့်တည့် ထိုင်ခြင်းနဲ့ လ ဘက် ထိုင်ခြင်းလို့ ခွဲခြားသတ်မှတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဗေဒင်မေးမြန်းသူဟာ ဗေဒင်ဟောပေးမယ့်ပုဂ္ဂိုလ်နဲ့ ရှေ့ချင်းဆိုင် ထိုင်တဲ့အခါမှာ လက်ယာဘက်က ထိုင်လိုက်တယ်ဆိုရင်၊ လက်ဝဲဘက်က ထိုင်လိုက်တယ်ဆိုရင်၊ (သို့မဟုတ်) ရှေ့တည့်တည့်မျက်နှာတူရူ ထိုင်လိုက်တယ်ဆိုရင် အဲဒီအထိုင်ကရိုက်ချက်ကိုကြည့်ပြီး ဗေဒင်ဟောလို့ရပါတယ်။

ဗေဒင်မေးသူဟာ ဗေဒင်ဆရာရဲ့ လက်ယာဘက်မှာ ထိုင်လိုက်တာနဲ့ တစ်ပြိုင်တည်း၊ ဒါမှမဟုတ် လက်ယာဘက် အနည်းငယ်တိမ်းယိမ်း ထိုင်လိုက်တယ်ဆိုရင် ဗေဒင်မေးသူ အဓိကထားမေးလို သိလိုတဲ့အကြောင်းအရာဟာ အကောင်းကိစ္စ၊ အကောင်းအကြောင်းအရာများသာ ဖြစ်တတ်ပါတယ်။ စီးပွားရေး (သို့မဟုတ်) ရာထူးအလုပ်ကိစ္စမှာလား။ ကောင်းစားမှာလား။ အောင်မြင်မှာလား။ လာဘ်လာဘရမှာလား စသဖြင့် ဝမ်းသာစရာအတွက် စိတ်ချလက်ချ သိလိုလို့ပဲ ဖြစ်တယ်လို့ ဗေဒင်ဆရာက ကောက်ချက်ဆွဲလိုက်ပြီး ဖြစ်ပါတယ်။

ဗေဒင်ဆရာ ကောက်ချက်ဆွဲလိုက်သလိုပဲ ဗေဒင်မေးသူတွေ အများစုဟာ-

'ရာထူးတိုးစရာရှိတယ် ဆရာ။ တကယ်တိုးနိုင်ပါ့မလား'

'အမွေရစရာရှိလို့ ဆရာ။ တကယ်အမွေတောင်းရင်၊ ခွဲရင် ရတော့မလား'

'တိုက်နဲ့ဝင်း ဝယ်ဖို့ စိတ်ကူးရှိလို့ ဆရာ။ တကယ်ဝယ်ဖြစ်၊ မဝယ်ဖြစ်၊ ဝင်ကိန်းရှိ၊မရှိ သိချင်ပါတယ်'

'နိုင်ငံခြားသွားဖို့ အင်တာဗျူးဖြေထားတယ် ဆရာ။ တကယ်သွားရပါ့မလား'

စသဖြင့် မေးလာတတ်ကြပါတယ်။ အထူးသဖြင့် အဓိပုဂ္ဂိုလ်(လူတန်းစား)တွေဟာ ရာထူးကြီးသူ၊ ဂုဏ်ကြီးသူ အထက်တန်းကျသူတွေ များတတ်ပါတယ်။ အထိုင်အရိုက်နဲ့ ဝတ်စားဆင်ယင်ထားပုံကို ကြည့်ရုံနဲ့ သိနိုင်ကြပါတယ်။

ဝတ်စားဆင်ယင်ပုံက အထက်တန်းကျကျ စမတ်ကျကျ အလန်းစားဝတ်ဆင်ထားပေမယ့် ဗေဒင်ဆရာရဲ့ လက်ဝဲဘက်မှာ ဝင်ထိုင်လိုက်တယ်၊ ဒါမှမဟုတ် လက်ဝဲဘက် အနည်းငယ်တိမ်းယိမ်း ဝင်ထိုင်လိုက်တယ်ဆိုရင် ဒီဗေဒင်မေးရောက်လာသူဟာ အနိဋ္ဌအား သာနေတဲ့အတွက် အဆိုးကိစ္စ၊ အဆိုးအကြောင်းအရာတွေနဲ့ ကြုံဆုံနေရသူ။ အဆိုးကိစ္စ၊ အဆိုးအကြောင်းအရာတွေနဲ့ပတ်သက်ပြီး သိလိုတဲ့စိတ်နဲ့ ရောက်လာသူပဲ ဖြစ်တယ်ဆိုတာ ဗေဒင်ဆရာက သိနေလိုက်ပြီး ဖြစ်တယ်။ ဝတ်စားဆင်ယင်မှုက အထက်တန်းကျပြီး ဣဋ္ဌဖြစ်ပေမယ့် ဗေဒင်ဆရာရဲ့ လက်ဝဲဘက် အနိဋ္ဌမှာ ဝင်ထိုင်လိုက်တဲ့အတွက် ဣဋ္ဌ+အနိဋ္ဌ=အနိဋ္ဌ ဖြစ်သွားတဲ့ သဘောပါပဲ။ သိသာပါတယ်။

သင်္ချာသဘောတရားမှာ-

(+) + (+) = (+)

(+) + (-) = (-)

(-) + (-) = (+)

(-) + (+) = (-)

ဆိုတာမျိုးလို ဗေဒင်ပညာရပ်မှာလည်း-

(ဣဋ္ဌ) + (ဣဋ္ဌ) = (ဣဋ္ဌ)

(ဣဋ္ဌ) + (အနိဋ္ဌ) = (အနိဋ္ဌ)

(အနိဋ္ဌ) + (အနိဋ္ဌ) = (ဣဋ္ဌ)

(အနိဋ္ဌ) + (ဣဋ္ဌ) = (အနိဋ္ဌ)ရယ်လို့ သတ်မှတ်ထားပါတယ်။ ဒါကြောင့် အထက်တန်းကျကျ အလန်းစား ဝတ်စားဆင်ယင်မှု (ဣဋ္ဌရုပ်)နဲ့ ဗေဒင်ဆရာရဲ့ လက်ယာဘက် ဣဋ္ဌအရပ်မှာထိုင်ရင် ဣဋ္ဌအကြောင်းကိစ္စတွေ ဖြစ်နေတတ်သလို ဣဋ္ဌရုပ်နဲ့ လက်ဝဲဘက် အနိဋ္ဌအရပ်မှာ ဝင်ထိုင်လိုက်တဲ့အတွက် အနိဋ္ဌအကြောင်းကိစ္စတွေအတွက်ပဲဆိုတာ ဗေဒင်ဆရာက ကောက်ချက်ဆွဲလိုက်ပါတယ်။

ဗေဒင်ဆရာကောက်ချက်ဆွဲလိုက်တဲ့အတိုင်းပဲ ဗေဒင်မေးသူဆီက ထွက်ပေါ်လာတဲ့ အမေးတွေကလည်း-

အလုပ်က အရေးယူခံထားရသူက ရာထူးကျမလား။ ထောင်အချုပ်ကျမလား။

မောင်နှမသားချင်း အချင်းချင်း အမွေလုကြလို့ တိုက်ပေါ်က ဆင်းရတော့မှာလား။

အခုရင်ဆိုင်နေရတဲ့ အမှုကိစ္စမှာ ရှုံးရင် ဒဏ်ငွေ လောက်ပဲလား။ ထောင်အချုပ်ကျဦးမှာလား။

လူရင်းချင်းမို့ ချေးငှားလိုက်တဲ့ငွေ၊ ပစ္စည်းက အလိမ်အကောက်ခံရမှာလား။ ပြန်လည်ပြီး ရနိုင်ပါ့မလား။

အဖေ၊ အမေ နေမကောင်း အသည်းအသန်ဖြစ်နေလို့ သေကိန်း၊ ပျောက်ကိန်းများ ရှိနေမလား။

အိမ်ကလူ ခြေလှမ်းပျက်နေတာကြာပြီမို့ အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com

ကွဲကိန်းများ ဖြစ်ပေါ်လာလေမလား စသဖြင့် အနိဋ္ဌဆိုးကျိုးလက္ခဏာ အကြောင်းအရာတွေကို သိချင်လို့ လာရောက်မေးမြန်းတတ်သူများ ဖြစ်နေတတ်ကြပါတယ်။

ဗေဒင်ဆရာနဲ့ မျက်နှာချင်းဆိုင် ရှေ့တူရူတည့်တည့်မှာ ဝင်ရောက်ထိုင်ပြီး ဗေဒင်မေးသူတွေကတော့ ဣဋ္ဌနဲ့ အနိဋ္ဌ (၅၀)ရာခိုင်နှုန်းစီ မျှနေတဲ့အတွက် မတင်တကျဖြစ်နေ ထစ်နေတဲ့ကိစ္စရပ် အကြောင်းအရာတွေကို ကြိုတင်သိချင်ထားလို့ လာရောက်မေးမြန်းသူတွေ ဖြစ်နေတတ်ပါတယ်။ ရည်ရွယ်ချက်တွေ ထစ်နေတာ၊ လုပ်ထားပြီးမှ အကောင်း,အဆိုး မပေါ်သေးတာ၊ လုပ်ငန်းတစ်ခုအတွက် ရှေ့ဆက်ရမလား၊ (သို့မဟုတ်) နောက်ဆုတ်ရမလား၊ ကောင်းလာမှာလား၊ ဆိုးသွားမှာလား စတဲ့ကိစ္စရပ်မျိုးတွေ ဖြစ်တတ်ပါတယ်။

လက်ထပ်ဖို့ စီစဉ်ထားတာ အောင်မြင်ပါ့မလား ဆိုတာမျိုး၊ လျှောက်ထားတဲ့အလုပ် သေချာပေါက်ရနိုင်ပါ့မလား ဆိုတာမျိုး၊ အလှူကြီးကြီးတစ်ခုလုပ်ဖို့ လှုပ်ရှားထားတဲ့ကိစ္စ အောင်မြင်နိုင်ပါ့မလား ဆိုတာမျိုး၊ ဆွေမျိုးတွေဆီ ငွေချေးငှားဖို့ ကမ်းလှမ်းထားတာ ငွေရနိုင်၊ မရနိုင် သိချင်တာမျိုးတွေ အပါအဝင်ပေါ့။

ဒီနေရာမှာ ခြွင်းချက်က အထိုင်ကရိဏ်းနဲ့ အမေးစကား ဆန့်ကျင်နေတဲ့ အခါမျိုးလည်း ကြုံတတ်ခြင်းပါပဲ။ အထိုင်ကရိဏ်းမှာ အနိဋ္ဌအရပ်ဖြစ်တဲ့ လက်ဝဲဘက်မှာ ထိုင်နေပြီး အမေးစကားက-

နိုင်ငံခြားသွားဖို့ အင်တာဗျူး ဖြေထားတယ် ဆရာ၊ အဲဒါလေးတစ်ချက်လောက် ကြည့်ပေးပါဦး ဆိုတာမျိုး။

တိုက်အိမ်တစ်လုံးဝယ်ဖို့ စိတ်တိုင်းကျ တွေ့ထားတယ် ဆရာ၊ အဲဒါဝယ်လိုက်ရင် အရှုပ်အရှင်းရှိမလား၊ အန္တရာယ်ကင်းရဲ့လား ဆိုတာမျိုး... အထိုင်ကရိဏ်းမှာ အနိဋ္ဌ အမေးစကားမှာ ဣဋ္ဌ ဖြစ်နေတတ်တာမျိုးပါ။

စောစောက တင်ပြထားခဲ့တဲ့အတိုင်း (-)+(+)=(-)၊ (အနိဋ္ဌ)+(ဣဋ္ဌ)=(အနိဋ္ဌ) ဖြစ်တဲ့အတွက် ဗေဒင်ဟောပေးမယ့် ဆရာအဖို့ အခက်အခဲမရှိပါဘူး။ မေးလာတဲ့ ဣဋ္ဌအကြောင်းကိစ္စတွေမှာ အထစ်အငေါ့ရှိနိုင်၊ အချိန်ကြန့်ကြာ အဟန့်အတားရှိနိုင် စသဖြင့် အဖြေပေးမှာ ဖြစ်ပါတယ်။

ထိုနည်းအတူ လက်ယာဘက် ဣဋ္ဌကရိဏ်း အသွင်အပြင်နဲ့ အနိဋ္ဌကိစ္စ အကြောင်းအရာများ မေးလာတတ်တာမျိုးတွေလည်း ကြုံရတတ်ပါတယ်။ အဲဒီလိုအခါမျိုးမှာလည်း အစောပိုင်း ခက်ခဲမယ်။ နောက်ပိုင်းအဆင်ပြေသွားမှာပါဆိုတဲ့ အဓိပ္ပာယ်မျိုးဆောင်တဲ့ အဟောတွေ ထွက်လာပါလိမ့်မယ်။ ဟောလိုက်တဲ့အတိုင်းလည်း ဒက်ထိကွက်တိ မှန်ကန်မှုတွေ ဖြစ်လာပါလိမ့်မယ်။

ဒီမှာ အထိုင်ကရိဏ်း(၃)မျိုးကို စာဖတ်သူတွေ သိရှိသွားပြီဖြစ်တဲ့အတွက် ဗေဒင်ဆရာကို လှည့်စားတဲ့အနေနဲ့ (သို့မဟုတ်) ပညာစမ်းတဲ့အနေနဲ့ ကိုယ်သိချင်တဲ့ အကြောင်းကိစ္စက အနိဋ္ဌဖြစ်လျက်နှင့် ဣဋ္ဌကရိဏ်း ထိုင်ပြတာမျိုး၊ ကိုယ်သိချင်တဲ့အကြောင်းအရာကိစ္စက ဣဋ္ဌဖြစ်နေပါလျက်နဲ့ အနိဋ္ဌကရိဏ်း ထိုင်ပြတာမျိုး ပြုလုပ်တတ်ကြပါတယ်။ စမ်းသပ်လေ့ရှိတတ်ကြပါတယ်။ ဒါပေမဲ့ ဗေဒင်ဆရာက ဗေဒင်မေးသူ အမှန်တကယ် သိချင်တဲ့ကိစ္စ၊ အကြောင်းအရာကိုပဲ ဒက်ခနဲဟောလိုက်တာမျိုး ကြုံတဲ့အခါ မေးသူကိုယ်တိုင် မျက်စိလည်သွားတတ်ကြပါတယ်။ ငါထိုင်တာ အမှားထိုင်ပဲ။ သူက ဘာကြောင့် အမှန်ကို သိသွားရတာလဲဆိုပြီး အံ့ဩတွေဝေသွားတတ်ကြပါတယ်။

တကယ်တော့ အခုတင်ပြခဲ့တဲ့ အထိုင်ကရိဏ်းနေရာ (၃)မျိုးဟာ ယေဘုယျလက္ခဏာသာဖြစ်ပြီး အဲဒီအထိုင် (၃)မျိုးမှာ အခြားအံချက်အလက်တွေ ရှိသေးလို့ ဗေဒင်ဆရာက အမှန်ကို အမှန်အတိုင်းပဲ ဟောနိုင်လိုက်တာဖြစ်ပါတယ်။ နေရာကသာ (၃)မျိုး(၃)စားရှိပေမယ့် ထိုင်သူဟာ တင်ပျဉ်ခွေပြီး ထိုင်တာလား၊ ရာဇထိုင် ခိုင်ပြီး ထိုင်တာလား၊ သို့တည်းမဟုတ် ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်တာလား၊ ဒူးနှစ်ဖက်ထောင်ပြီး ထိုင်တာလား၊ ဒူးတစ်ဖက်ထောင် တစ်ဖက်လှဲ ထိုင်တာလား၊ ရှော့တိရှော့ရဲထိုင်တာလား၊ လက်က ဒူးကို ကိုင်ထားသလား၊ ပေါင်ကို ကိုင်ထားသလား၊ ခြေသလုံးကို ကိုင်ထားသလား သို့မဟုတ် လက်ထောက်ထားသလား၊ လက်က နားရွက်ကို ခဏ,ခဏ စမ်းစမ်းပြီးနေတာလား၊ လက်က နှာခေါင်းကို ခဏ,ခဏ ပွတ်ပြီးနေသလား၊ လက်က ခေါင်းကို ခဏ ခဏ ထိကိုင်ပွတ်သပ်နေတာလား...စတဲ့ ဗေဒင်မေးသူ မသိသေးတဲ့ အနေအထား သရုပ်သဏ္ဌာန်တွေကို ဟော ပြောတဲ့ ဥပဒေသနည်းနိဿယတွေ ရှိနေသေးတာပါ။



www.burmeseclassic.com

www.burmeseclassic.com

…ကတ်မပြနိုင်လောက်အောင် အများအပြားရှိနေပါတယ်။

အဲဒီလို ဗေဒင်မေးလာသူရဲ့ အနေအထိုင်၊ အလှုပ်…ရှား၊ အပြင်အဆင်တွေ မြောက်မြားစွာအပြင် ဗေဒင်မေး…ချိတ်၊ ဗေဒင်ဟောနေခိုက် မြင်လိုက်ရတဲ့ အမြင်နိမိတ်၊ …ကြားလိုက်ရတဲ့ အကြားနိမိတ်တွေကိုလည်း ဗေဒင်ဆရာ… အသုံးချ ဟောပြောတတ်ပါတယ်။ ကျွန်တော်ရဲ့ သိ…ကြားစေခါက်သေညွှန်း ဆောင်းပါးမှာ အပြောနိမိတ်နဲ့ …တာတဲ့ အဖြစ်အပျက် တင်ပြခဲ့ပါတယ်။

ဒီဆောင်းပါးရဲ့ အဓိကရည်ရွယ်ချက်ဟာ ဗေဒင်…ညာ သင်ပေးတာမျိုး မဟုတ်တဲ့အတွက်၊ ဗေဒင်နည်း…သျှတွေကို ဖော်ပြပေးတာ မဟုတ်တဲ့အတွက် ခြင်း…ချက်တွေ ချန်ထားတာတွေ ရှိမှာဖြစ်ပါတယ်။ အဓိက…ရည်ရွယ်ရင်းက ဗေဒင်ဟောသူ တစ်ယောက်ဟာ ဘာ…ကိန်း ဘာဂဏန်း၊ ဘာဇယားမှမချဘဲ စာရွက်နဲ့ ဘောပင်…ကိုင်ဘဲ အာရုံနှုတ်လွှတ် အကြားအမြင်သဖွယ် ဟောလို့…ရတဲ့ ပညာရပ်တွေ အနုမတဂ္ဂရှိကြောင်း တင်ပြလိုရင်း…ဖြစ်ပါတယ်။

အဲဒီလိုအကြားအမြင် ဗေဒင်ဆိုတာမျိုးတွေနဲ့ ရင်ဆိုင်တိုးတဲ့အခါ အကြံအဖန်ထုခံရခြင်းမှ လွတ်ကင်းနိုင်စေရေးအတွက်ပဲ ဖြစ်ပါတယ်။ ဗေဒင်ကို ဗေဒင်လို ဟောပြောနေကြတဲ့ သမာသမတ် ဆရာကြီး၊ ဆရာမကြီးများရှိသလို ဗေဒင်ကို ဗေဒင်လို မဟောမပြောဘဲ အထင်ကြီးအောင်၊ လေးစားအောင်၊ တောင်တောင်အီအီ ကင်ပွန်းတပ်ပြီး ဘယ်ပုဂ္ဂိုလ်ကပဲ စောင့်ရှောက်သလိုလို၊ ဘယ်ပုဂ္ဂိုလ်ပဲ ဓာတ်ကိန်းသလိုလို ဗေဒင်သစ္စာဖောက်တွေရဲ့ရန်က ကင်းဝေးစေရေးအတွက်ပဲ ဖြစ်ပါတယ်။ မသိနားမလည်သူတွေအပေါ် ဟိတ်ဟန် တစ်တင်း၊ တစ်ခွဲနဲ့ အမဲဖျက်နေကြသူတွေရဲ့ ရန်ဘေးက ကင်းဝေးစေရေးပဲ ဖြစ်ပါတယ်။

အကယ်တန္တ တကယ့်အကြားအမြင်ရသူ ဆိုပါက နိုင်ငံတော်အစိုးရထီမှ အမြင့်မားဆုံး ထီဆုနံပါတ် ပေါက်ဂဏန်းအက္ခရာအပြည့်အစုံ တောင်းကြည့်စေလိုပါတယ် ခင်ဗျာ။

ပညာရှင်အပေါင်းကို မညောင်းသောဂါရဝဖြင့်

မင်းနေထွန်း(ကန့်ဘလူ)


# တောင်တွင်းကြီးမဟာတံခွန်

## နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ဂမ္ဘီရ [အကြားအမြင်] ပညာရှင်

အမှတ်–၄၃၇(၇–လွှာ) ကျိုက္ကဆံလမ်း၊ အခွန်လွတ်ဈေးရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
☎ ၇၀၈၆၂၁၊ ၀၉ ၅၀ ၆၉၇၆၄၊ ☎ (၀၁) ၄၀၁၁၆၅

အပိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရှုမှုဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထီပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ …သစဉ်အလိုက် ထိုးသင့်သော အက္ခရာစိုးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ …ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး)…သည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရသူများအား မြန်မာ့ရိုးရာအင်္ဂဝိဇ္ဇာ ဓာတ်ယတြာပညာရပ်များဖြင့် ကံကြမ္မာမြင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ …ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။





www.burmeseclassic.com

www.burmeseclassic.com

# စောယုနန္ဒာ(မြေရှင်)

# ယတြာချေခြင်း



နံနက်ခင်းစာဟု ခေါ်သော Breakfast သည် လူတစ်ယောက်အတွက် အလွန်အရေးကြီးသည်။ နံနက်ခင်းစာကို စိတ်ကျေနပ်စွာ စားသုံးသော သူသည် ထိုနေ့အတွက် စိတ်အာဟာရနှင့် လူအာဟာရပါ ပြည့်စုံသည်ဟု ဆိုကြသည်။

စာရေးသူသည် လွန်စွာနှစ်သက်သော လက်ဖက်ရည်နှင့် နံပြားကို စားနေသည့်အခိုက် တစ်ဖက်ခုံပေါ်မှ 'ယတြာကောင်းလျှင် မင်းလောင်းပျောက်တယ်၊ လုပ်သင့်သလောက်တော့ လုပ်ရမှာပေါ့ဟဲ့'ဟု ပြောသံကို ကြားလိုက်မိသည်နှင့် ခေါင်းမှာ အလိုလိုလှည့်ပြီးသားဖြစ်၍ အသံကြားရာကို စပ်စုသည့်အကြည့်ဖြင့် ကြည့်လိုက်မိသည်။

အမျိုးသမီးနှစ်ဦး၏ အချီအချ ပြောနေသည်ကိုလည်း နားစွင့်နေမိသည်။ စာရေးသူသည် ဗေဒင်ကို ယုံသည်။ ယတြာချေခြင်း၏ အကျိုးကျေးဇူးကို ယုံသည်။ အလွန်အကျွံ ရှူတ်ယုံသည်မျိုးမဟုတ်ပေ။ အကျိုးသင့်အကြောင်းသင့် သင့်တင့်မှုတွေ ဘဝမှာ ကြုံခဲ့ရ၍ ဗေဒင်ကိုယုံခြင်း ယတြာကိုယုံခြင်း ဖြစ်သည်။

တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များမှ အကြောင်း အရာတစ်ခုကို တင်ပြရသော် လွန်ခဲ့သည့် နှစ်နှစ်ကာ (၂၀၁၄)ခုနှစ် နွေရာသီကာလတစ်ခုတွင် မကွေးနယ်ဘက် မှ ဆွေမျိုးတော်စပ်သူ တစ်စုသည် လယ်မြေများ ရောင်း ချ၍ ရလာသောငွေနှင့် ရန်ကုန်တွင် ဆေးကုရန် လာ သည်။ လိုအပ်သည်များ ဝယ်ရန်နှင့် ထိပ်ကပ်နာရော ခံစားရသည့် အသက်(၂၅)နှစ်အရွယ် ညီမဖြစ်သူကို ဆေး ကုသရန် ရန်ကုန်ဆင်းလာသောကာလ ဖြစ်သည်။ စာရေး သူနှင့် ဆွေမျိုးတော်၍ စာရေးသူထံ အလည်လာသည်။ သူတို့ ယုံကြည်ကိုးစားသော ကြော်ငြာစာရွက်ကလေး လည်း ပြသည်။

ထိုကြော်ငြာစာရွက်တွင် အနှစ်နှစ်အလလက ခံစား ခဲ့ရသော နာခေါင်းနှင့်ပတ်သက်သော ရောဂါများကို တ ပတ်အတွင်း သက်သာပျောက်ကင်းအောင် ကုသပေး ဟူသော ဖြတ်ပိုင်းကြော်ငြာကလေး ဖြစ်သည်။ ထိုဖြ ပိုင်းကို သေသေချာချာ ခေါက်သိမ်းပြီး အားကိုးတ လယ်ရောင်း၍ ဆေးလာကုကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုထိပ်ကပ်နာကို ခံစားရသော အသက်(၂၅)နှစ်အရွယ် နွယ်နွယ်ဦးသည် ပကတိပျောက်ကင်းမည်ဟူသော အတွေးဖြင့် ပျော်ရွှင်နေပုံရသည်။ စာရေးသူသည် ထိုအချိန်တွင် နေထိုင်သော်လည်း ပတ်ဝန်းကျင်တွင် ထိုသို့ ထိပ်ကပ်နာရောဂါ ပျောက်ကင်းချမ်းသာသွားသည်ကို သေသေချာချာ မကြားမိချေ။ ကိုယ်မသိ၍လည်း ဖြစ်နိုင်သည်မို့ နွယ်နွယ်ဦးတို့အား မည်သည်ကိုမျှ မဝေဖန်မပြောပြမိပေ။

သို့သော် ကိုယ်တတ်သည့်ပညာနှင့် နွယ်နွယ်ဦး၏ သက်ရောက်တိုင်ကို ထူကြည့်ပြီး သွားမည့်အချိန်နှင့်ကိုက်၍ လုပ်သင့်သည်ကို ပြင်ဆင်ပေးရန်ကိုပဲ တွေးတောထားမိသည်။ အားတက်သရောဖြစ်နေသည့် ထိုမိသားစုကိုလည်း အမှန်တကယ် ရောဂါပျောက်ကင်းပါစေဟု ဆုတောင်းမိသည်။ နွယ်နွယ်ဦးသည် စနေသမီးဖြစ်၍ စနေသက်ရောက်ဖြစ်သည်။ ဆေးရုံ၊ ဆေးခန်း သွားရသည့် ကိစ္စက ပြေး၍မလွတ်သော အခြေအနေဖြစ်သည်။ ငွေကုန်မည့် အရေးကလည်း ပြေး၍မလွတ်သောကာလ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ရောဂါပျောက်ကင်းလျှင်ပင် သူ့အတွက် အမြတ်ဖြစ်မည်ထင်သည်။ ငွေရေးကြေးရေး အဆင်ပြေစေရန်အတွက် မည်မျှကုန်ကျနိုင်သည်ကို မှန်းဆသွားမိရန် ကြော်ငြာထားသော ဆေးရုံစာစောင်ထဲရှိ ဖုန်းနံပါတ်ကို ဖုန်းဆက်၍ မေးကြည့်ရန် အတွေးပေါ်မိသည်။ ဖုန်းဆက်၍ ဆရာဝန်တစ်ခါပြလျှင် မည်မျှပေးရမည်နည်းဟု မေးမြန်းကြည့်ရာ ဆေးရုံမှ ဖုန်းဖြေသူက အဖြေမပေးဘဲ ဆရာဝန်စမ်းသပ်ခကတော့ ပြောပြနိုင်သင့်သည်ဟု တွေးမိသည်။

ယောင်ယောင်ဝါးဝါးနှင့် နယ်မှ ဆင်းလာသူတို့ အကြံအခဲဖြစ်မည်စိုး၍ စာရေးသူကိုယ်တိုင် လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။ ဆေးခန်းသွားပြမည့်နေ့၌ အိမ်ရှေ့ဘက်တွင် လာရောင်းသော အုန်းသီးစိမ်းရည်အသည်ကို တွေ့၍ နွယ်နွယ်ဦးအား ဆေးခန်းသို့ မသွားခင် ယတြာချသည့်သဘောဖြင့် သောက်ခိုင်းခြင်း ဖြစ်သည်။

နွယ်နွယ်ဦးသည် စနေသမီးဖြစ်၍ စနေသက်ရောက်နှင့် ရောက်ရှိနေချိန် ဖြစ်သည့်အတွက်-

တိုင်ထိပ်တွင်ရှိသော တနင်္ဂနွေနံဖြစ်သည့် အုန်းစိမ်းရည်ကို သောက်ခြင်း၊ ခေါင်းတွင် အုန်းဆီလိမ်းခြင်းတို့

၁ တိုင်ထိပ်

၇

၆

၅

၄

၃

၂ (စနေသက်ရောက်)

ကို လုပ်ခိုင်းခြင်း ဖြစ်သည်။

ဆေးရုံသည် လမ်းမတော်ဘက်တွင်ရှိ၍ စာရေးသူအိမ်နှင့်ဆို ငါးမှတ်တိုင်လောက်သာ ကွာဝေးလေသည်။ TAXI ပေါ်မှဆင်း၍ ဆေးခန်းကို အကဲခတ်ကြည့်လိုက်သည်။ ဆေးရုံဟု ခေါ်တွင်သော်လည်း ဆေးခန်းသာသာလောက်ပဲ ရှိသည်ကို တွေ့ရသည်။ မြေညီထပ်နှင့် ပထမထပ်သာ မြင်ရသည်။ အပေါ်ဘက်အဆောက်အအုံသည် ဆေးရုံဟုတ်၊မဟုတ် အကဲခတ်လို့မရပေ။ ဆေးရုံ၏ ဧည့်ခန်းမသည် အလွန်လှပ၍ သပ်သပ်ရပ်ရပ်ရှိလှသည်။ စိမ့်နေအောင်အေး၍ အပြင်အဆင်မှာ မျက်စိပသာဒ လွန်စွာရှိလှသည်။ သို့သော် လာရောက်ပြသသည့် လူနာများကိုမူ တစ်ဦးမျှ မတွေ့ရပေ။ ဧည့်ခန်းကောင်တာတွင် ဆေးရုံဝန်ထမ်းများသည် တူညီဝတ်စုံ ဝတ်ဆင်ထား၍ ဝန်ထမ်းခုနစ်ဦးလောက်ကို သူ့နေရာနှင့်သူ တွေ့ရသည်။ စာရေးသူအား ပြမည့် လူနာအမည် မေး၍ စာအုပ်ပြုလုပ်ခ (၁၀၀၀)ကျပ်ကျမည်ဖြစ်ကြောင်း ပြောသည်။

ဆရာဝန်သည် တရုတ်လူမျိုးဖြစ်၍ ဘာသာပြန်နှင့်သာ ပြောရမည်ဖြစ်ကြောင်းကို ဆေးရုံဝန်ထမ်း အမျိုးသမီးငယ်က ရှင်းပြသည်။ နှာခေါင်းရောဂါ ဖြစ်သည့်အတွက် နှာခေါင်းကို ကြည့်ရသည့် မှန်ပြောင်းစက်သည် လွန်စွာမှကောင်းသည့်စက်ဖြစ်ကြောင်း တစ်ခါကြည့်လျှင် (၁၅၀၀၀)ကျပ်ပေးရမည်မှာ လာပြသည့် နှာခေါင်းလူနာတိုင်း ဖြစ်ကြောင်း ပြောပြသည်။

စာရေးသူသည် နွယ်နွယ်ဦးနှင့် သူမ၏အစ်မကို ထိုင်ခုံပေါ်တွင် ထိုင်စောင့်စေခဲ့သည်။ ထိုအချိန်တွင် ထိုဆေးခန်း အပေါ်ထပ်မှ အသက်(၇၀)အရွယ် အမျိုးသားကြီးနှင့် အမျိုးသမီးကြီးတို့ ဆင်းလာသည်။ စာရေးသူဘေးတွင် ဆေးယူရန် လာရပ်သည်။

ဆေးရုံဝန်ထမ်း အမျိုးသမီးငယ်သည် စာရေးသူအား

www.burmeseclassic.com

ခဏနေဖို့ဟုပြော၍ ထိုလူကြီး လင်မယားထံသို့သွား၍ "ဦးလေး…တစ်နေ့ (၃၅၀၀၀)ကျပ်တန်ဆေးလည်းရှိတယ်။ ဦးလေး သောက်မလား"လို့ လှမ်းမေးလိုက်သံကို ကြားရသည်။

စာရေးသူ လန့်သွားသည်။ တစ်နေ့ (၃၅၀၀၀)ကျပ် နားကို မယုံကြည်မိပါ။ နွယ်နွယ်ဦးတို့ မျက်နှာကို ချက်ချင်း လှမ်း၍ကြည့်လိုက်မိသည်။ ဧည့်ခန်းက ကျဉ်း၍ တိတ်ဆိတ်နေသည့်အတွက် နွယ်နွယ်ဦးတို့လည်း ကြားသည့်ဟန်ဖြင့် လှမ်း၍ကြည့်နေသည့် မျက်နှာကို မြင်မိသည်။ စာရေးသူလည်း အနားကိုတိုး၍ ထပ်ပြီး နားထောင်မိသည်။ ထိုဦးလေးကြီးလည်း အမျိုးသမီး ဆေးရုံဝန်ထမ်းကို ထပ်မေးသည်။

"ဦးတို့က မသိပါဘူး။ အခုမှ လာပြတာ။ ဆေးကို ဘယ်လိုဝယ်ရမှာလဲ ရှင်းပြပေးပါ"ဟု ပြောသံတိုးတိုးကို ကြားရသည်။

ထိုဆေးရုံဝန်ထမ်း အမျိုးသမီးငယ်က ဤဆေးရုံတွင် နှာခေါင်းနှင့်ပတ်သက်လို့ ဆေးအမျိုးအစား သုံးမျိုးရှိကြောင်း၊ တစ်နေ့သုံးခွက်သောက်ရမည်ဖြစ်၍ သုံးခွက်စာသည် ကျပ်(၁၅၀၀၀)တန်၊ ကျပ်(၂၅၀၀၀)တန်၊ ကျပ်(၃၅၀၀၀)တန်ဟူ၍ ခွဲထားကြောင်း ရှင်းပြသည်။ တစ်ခါဝယ်လျှင် (၇)ရက်စာ အနည်းဆုံး ဝယ်ရမည်ဖြစ်ကြောင်း (၁၀)ရက်စာ၊ (၁)လစာ ဝယ်မည်ဆိုလည်း ရကြောင်း ရှင်းပြသည်။

စာရေးသူသည် ဆေးတန်ဖိုးကိုကြည့်၍ ရင်ထဲတွင် လန့်သွားမိသည်။ ဆေးတန်ဖိုး ဘယ်လိုကွာသွားတာလဲဟု လှမ်းမေးရာ သူတို့၏ဆေးမှာ တရုတ်တိုင်းရင်းဆေးဖြစ်ကြောင်း၊ ပါဝင်သည့်ဆေးမှာ အတူတူပင်ဖြစ်၍ သုံးသည့်ဆေး၊ ထည့်ထားသည့်ကုန်ကြမ်း ဈေးကြီးသည်နှင့် ဈေးနည်းသည်သာ ကွာသည်ပင် ဖြစ်သည်ဟု ရှင်းပြသည်။

ထိုဦးလေးကြီးလင်မယားသည် ဦးတို့တွင် ငွေကျပ်တစ်သိန်းသာ ပါ၍ တစ်နေ့ ကျပ်(၁၅၀၀၀)တန်သာ သောက်မည်ဟု ပြောသည်။

စာရေးသူသည် ထိုဦးလေးတို့အတွက် (၇)ရက်စာနှင့် ခေါင်းစက်ကြည့်ခ ကျပ်(၁၅၀၀၀)ပါ ထည့်ပေါင်းလျှင် ကျပ်တစ်သိန်းနှစ်သောင်းလောက်ကျမည်ကို စိတ်မှန်းဖြင့် မြန်တွက်ကြည့်လိုက်သည်။ ဦးလေးကြီးသည် မှန်ပြောင်းကြည့်ခနှင့် ဆေး(၅)ရက်စာ ပေးခဲ့မည်ဟု ပြောသည်။ သူ၏ ရောဂါကိုလည်း (၁)ပတ်နှင့် ပျောက်မည်လားဟု မေးမြန်းလေသည်။

ထိုဆေးရုံဝန်ထမ်း အမျိုးသမီးငယ်က (၁)ပတ် သောက်ကြည့်ပါ၊ (၁)လသောက်ကြည့်ပါ၊ (၁)လအထိ မသက်သာလျှင် သူထက်မြင့်သည့် ဆေးကို ပေးမည်ဖြစ်ကြောင်း ပြောသံကို ကြားပြီးလျှင် စာရေးသူသည် နွယ်နွယ်ဦးကို ဆေးရုံအပြင်ဘက်သို့ ခေါ်သွား၍ တိုင်ပင်ရလေသည်။ ရက်တစ်ပတ်ကို တစ်သိန်းနှစ်သောင်း၊ တစ်လကို ငါးသိန်းနီးပါး ကျမည်ဖြစ်ကြောင်း၊ မပျောက်လျှင် ထပ်ပေးမည့် မြင့်သောဆေးမှာ မည်မျှကျမည်မသိကြောင်း မည်သို့လုပ်မည်နည်းဟု တိုင်ပင်မိနေချိန်တွင် ဆေးထုပ်ကလေးကိုကိုင်၍ ထွက်လာသော ဦးလေးကြီး လင်မယားကို တွေ့၍ စာရေးသူက အကျိုးအကြောင်း လှမ်းမေးမိသည်။

ထိုဦးလေးကြီးသည် ဦးလေးတို့လည်း ဒီလောက်ကုန်မယ်လို့ မထင်မိသည့်အကြောင်း၊ ဖုန်းဆက်မေးတုန်းကတော့ ဆေးရုံကိုသာ လာရန်ခေါ်နေ၍ လာခဲ့ခြင်းဖြစ်ကြောင်း ထိုဦးလေးသည်လည်း ထိပ်ကပ်နာကို ခံစားနေရသည်မှာ နှစ်အစိတ်လောက် ကြာခဲ့ပြီဖြစ်ကြောင်း၊ နားနှာခေါင်း၊ လည်ချောင်းဆေးရုံတွင်လည်း ပြသကြောင်း အင်္ဂလိပ်ဆေးက ရောဂါခံစားရ သက်သာကြောင်း၊ သို့သော် သူက လုံးဝပျောက်ကင်းစေချင်သည့်အတွက် လုံးဝပျောက်ကင်းမည်ဟု ကြော်ငြာထားသည့် ထိုကြော်ငြာကြောင့်သာ လာရောက်မိကြောင်း၊ မိမိပိုင်သည့် မြေနေရာအရှေ့တွင် လက်ဖက်ရည်ဆိုင်အသေးတစ်ခုကို ခြောက်ထပ်ငှားထားကြောင်း၊ ထိုမှရရှိသောငွေဖြင့် ဆေးခန်းလာပြခြင်းဖြစ်ကြောင်း ပြောပြသည်။

သည်ပုံစံနှင့်ဆိုလျှင် (၅)ရက်စာသာ သောက်နိုင်မည်ဖြစ်ကြောင်း၊ နောက်ထပ် လာပြနိုင်မည်မထင်ဟု ပြောသွားသည်။ စာရေးသူလည်း စာရေးသူတို့ လာပြသည့် ရောဂါအမျိုးအစားကို ပြောပြလိုက်ရာတွင် ထိုဦးလေးကြီးနှင့် ခံစားရပုံချင်း ဆင်တူနေသဖြင့် ဦးလေးကြီး၏ ဖုန်းနံပါတ်နှင့် လိပ်စာကို ယူထားလိုက်သည်။

နွယ်နွယ်ဦးတို့ ညီအစ်မနှင့် တိုင်ပင်ရာတွင် နွယ်နွယ်ဦးတို့လည်း ဆေးခန်းကို ဝင်ပြရမည်ကို စိုးရိမ်သွားသည်



www.burmeseclassic.com

www.burmeseclassic.com

…နှာနှင့် ပါလာသည့်ငွေ ကုန်မည်ကို နှမြောမိနေသည်။ …ဆွေးသို့ မပြန်ဖြစ်သေးလျှင် တစ်ပတ်လောက် စောင့် …ကြည့်မည်ဟု သဘောတူစွာဖြင့် တစ်ထောင်ကျပ်တန် …ဆေးရုံစာအုပ်ကို အဆုံးထားခဲ့သည်။

နောက်နေ့ရုံးဖွင့်ရက်အချိန်တွင် နား၊ နှာခေါင်း၊ လည် …ချောင်း ဆေးရုံကို နွယ်နွယ်ဦးအား သွားပြ၍ ဆေးများ …ရသည်။

တစ်ပတ်ကျော်၍ ဦးလေးကြီးအား အကျိုးအကြောင်း …မေးရာ 'မထူးပါဘူး သမီးရယ်၊ ရောဂါက ဖြစ်ပြီး …မှတော့ သက်သာတဲ့ဆေးတွေ ရှိပါတယ်။ အမြစ်က …ပျောက်ချင်လို့ လာပြမိတာ တော်ပါသေးတယ်၊ တစ်သိန်း …လောက်ပဲ ကုန်သွားတယ်'ဟု ပြောရှာသည်။

စာရေးသူတို့လည်း နား၊ နှာခေါင်း၊ လည်ချောင်း …ဆေးရုံကို ပြကြောင်း၊ သက်သာကြောင်း ပြောမိသည်။

စာရေးသူ စိတ်ထဲတွင် နွယ်နွယ်ဦး ယတြာချေခဲ့မိ …သည့်အတွက် တစ်သိန်းတန် ကုန်ရမည့်နေရာတွင် တစ် …ထောင်တန်လောက်သာ ကုန်ကျခဲ့သည်ဟု ထင်လိုက်မိသည်။ အမှန်တကယ် အမြစ်ပြတ်လျှင် ကုန်ရကျိုးနပ်မည် ဖြစ်သော်လည်း ထိုသို့မဟုတ်ခဲ့လျှင် နှာခေါင်းရောဂါ ကုသသည့် နွယ်နွယ်ဦးတစ်ယောက် နှလုံးရောဂါပါ ထပ်ကုရမည်ဟု တွေးမိသည်။

များမကြာမီ ကာလတစ်ခုတွင် သတင်းစာထဲ၌ တရားမဝင်မှတ်ပုံတင်ခြင်းမရှိသော ဆေးခန်း၊ ဆေးရုံများကို ကျန်းမာရေးဝန်ကြီးဌာနမှ စစ်ဆေးခြင်း ပါရှိသော သတင်းကို ဖတ်မိ၍ အလျှင်အမြန် ဆေးခန်းရှိသေးသလား ဟူသော သိချင်ဇောဖြင့် ဖုန်းဆက်မေးမြန်းရာ ထိုအဆောက် အအုံသည် လက်ရှိကာလတွင် ပိတ်ထားကြောင်း ဖုန်းကိုင် သူမှ ဖြေဆိုမှုဖြင့် ကြားသိရသည်။

နွယ်နွယ်ဦး ကံကောင်းသွားပါသလားဟု တွေး၍ ယတြာချေခြင်း အကျိုးဟု ထင်မိပါသည်။

(၇)နေ့သားသမီးများ ကျက်သရေတိုး၍ ရောဂါကင်း ရှင်းကြပါစေ။

မေတ္တာဖြင့်


စောယုနန္ဒာ(မေ့ရင်ခွင်)




သုခရတနာ

ဓမ္မစာပေဖြန့်ချိရေး

- ပဋ္ဌာန်းပါဠိတော်
- ပရိတ်ကြီး(၁၁)သုတ်ပါဠိတော်
- ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ် ပါဠိတော်
- ဓာရဏပရိတ် အဘိဏှသုတ် နှင့် ပရိမိတ္တဇာလသုတ် ပါဠိတော်



ဆိုက်ဆောင်လက်ကမ်း ဘုရားစာအုပ်များ ရရှိနိုင်ပါသည်။

အမှတ်-၃၅၂(ပထမထပ်)၊ ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၁ ၉၉၄၂၅ ၊ ၀၉ ၇၃၀ ၇၆၄၉၄


www.burmeseclassic.com

www.burmeseclassic.com

လူသားတို့၏ဥပဓိရုပ်(၂)

# လက်ညှိုးနှင့် လက်ခလယ်ကြားမှ အစပျိုးသော
# နှလုံးလမ်းကြောင်း

ကြည်ဝင်း(ဟာသီကာ)

အကာယ်၍ နှလုံးလမ်းကြောင်းသည် လက်ညှိုးနှင့် လက်ခလယ် အကြားမှ အစပျိုးပါမူ ယင်းအမှတ်အသား သည် အကောင်းဆုံးဟု ဆိုရလေသည်။ တစ်ဖက်နှင့်တစ် ဖက် အတိမ်းအစောင်းမရှိ။ မျှမျှတတ ချစ်တတ်သည်။ စိတ်ထားအရာ၌လည်း သမမျှတမှု အမြဲတမ်းရှိ၏။

ဤအမှတ်အသားမျိုးပါသော ပုဂ္ဂိုလ်သည် အချစ် တွင် ဖောက်ပြန်သည်ဟူ၍မရှိ။ ကျွန်ုပ်အနေဖြင့် ဝန်ခံ ရလျှင် ဤအမှတ်အသားမျိုးကို ယောကျ်ားများ၏ လက် ဝါးပြင်ထက် မိန်းမများ၏ လက်ဝါးပြင်ပေါ်တွင် တွေ့ ရသည်က ပိုမိုများပြားပေသည်။ တစ်ဦးအပေါ် မေတ္တာ ဖြင့် ခွင့်လွှတ်၍ ပြုပြင်ပေးလိုသည့် စိတ်ဆန္ဒမျိုးလည်း ထားတတ်၏။

ပါရီမြို့တော်တွင် လက္ခဏာဟောပြောခန်းဖွင့်သည့် အခါက ကျွန်ုပ်ထံသို့ အထက်တန်းလွှာ အမျိုးသမီးကြီး တစ်ဦးသည် သာမန်အရပ်သူများကဲ့သို့ ဝတ်စားဆင်ယင် ပြီးလျှင် လာရောက်တွေ့ဆုံခဲ့လေသည်။

သို့သော် ကျွန်ုပ်၏ အခန်းတွင်းသို့ ဝင်လာသည်နှင့် ထိုအမျိုးသမီး၏ ဝတ်စားဆင်ယင်ပုံမှအစ အသားအရေ ဥပဓိရုပ်နှင့် လက်ဆစ် ခြေဆစ်တို့မှာ ဖုံးကွယ်ထားသမျှ ကို ဖွင့်လှစ်၍ ဖော်ပြနေသကဲ့သို့ ရှိနေလေတော့၏။

ကျွန်ုပ် တွေးထင်သကဲ့သို့ပင် ထိုအမျိုးသမီးကြီးမှာ ပါရီမြို့တော်မှ ရှေးမင်းမျိုးမင်းနွယ်တို့၏ အဆက်အနွယ် တစ်ဦးပင် ဖြစ်နေလေသည်။

သူမသည် ယောကျ်ားတစ်ဦး၏ လက်ပုံစံကိုပါ ယူ ဆောင်လာ၏။ သို့သော် မည်သူ၏ လက်ပုံစံဟူ၍ကား လုံးဝဖွင့်ဟမပြောချေ။

'ကိုင်ရို..အနာဂတ်ကာလမှာ ဘာတွေဖြစ်လာမယ် ဆိုတာကို ကျွန်မ သိချင်ပါတယ်။ ကျွန်မလက္ခဏာရယ် ကျွန်မယူလာတဲ့ လက်ပုံစံရယ်ကို ဆရာ စစ်ဆေးပေးပါ လားရှင်'

ယခု တင်ပြဦးအံ့။

လူသတ္တဝါတို့၏ လက်ဝါးပြင်ပေါ်၌ ဝမ်းနည်းကြေ ကွဲဖွယ်ရာနှင့်ပတ်သက်သည့် အမှတ်အသားများ ရှိကြ၏။ အကယ်၍ လူတစ်ဦး၌ လိုအပ်သည့် ဗဟုသုတ၊ အတွေ့ အကြုံများ ရှိနေပါမူ သူ (သို့မဟုတ်) သူမသည် သူတို့၏ အနာဂတ်ကာလ၌ ဒုက္ခပေးလာမည့် သံယောဇဉ်မှန်သမျှ တို့ကို ကြိုတင်၍ ကာကွယ်နိုင်စွမ်းရှိကြမည်မှာ မလွဲဧကန် ပေ။

သို့သော် ထိုဗဟုသုတ၊ အတွေ့အကြုံတို့သည် မကြာ ခဏ ဖုံးကွယ်နေတတ်ခြင်း (သို့မဟုတ်) ကြိုတင်ကာ ကွယ်ရမည်တို့ကို မေ့လျော့နေတတ်ခြင်းများ ဖြစ်တတ်ပေ သည်။

ကျွန်ုပ်၏ ရှေ့မှောက်တွင် ရောက်ရှိနေသော အမျိုး သမီးကြီး၏ လက်ဝါးပြင်ပေါ်၌ ပါရှိသည့် လမ်းကြောင်း များကို စစ်ဆေးလိုက်သည့်အခါ ထိုအမျိုးသမီးကြီးသည် အချစ်နှင့်ပတ်သက်၍ သစ္စာကြီးမားတတ်ကြောင်းကို ဦး စွာ တွေ့ရှိရ၏။ ထို့နောက် နှလုံးလမ်းကြောင်းကို ဆက် လက် စစ်ဆေးလိုက်သည့်အခါ ပြတ်တောက်နေသည်ကို တွေ့ရပြန်၍ ရုတ်တရက် သေဆုံးနိုင်ကြောင်းကိုပါ သတိ ပေးမိလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် အမျိုးသမီးကြီး၏ လက္ခဏာကို စစ်ဆေးပြီးနောက် လက်ပုံစံကို စစ်ဆေးကြည့်ရှုလိုက်ရာ ထိုလက္ခဏာရှင်သည် ကာမဂုဏ်ရမ္မက်ကြီးပြီး အချစ်အား ...ရိုးမထားတတ်သည့် ပုဂ္ဂိုလ်ဖြစ်ကြောင်းကို တွေ့ရှိလိုက်ရ၏။ ယင်းအကြောင်းခြင်းရာနှစ်ခုကို ဆက်စပ်၍ တွက်ချက်ကြည့်ပြီးနောက် ဤလက်ပုံစံမှာ အမျိုးသမီးကြီး၏ ခင်ပွန်းဖြစ်ရမည်ဟု ဆုံးဖြတ်ချက်ချလိုက်တော့၏။

'အစ်မကြီးဟာ အံ့ဩဖို့ ကောင်းလောက်အောင် သံယောဇဉ်ထားတတ်တဲ့ လူတစ်ယောက် ဖြစ်ပေမယ့် ကိုယ်က ချစ်သလောက် တုံ့ပြန်မှုမရှိတဲ့ ယောက်ျားကိုမှ လင်တော်ရတဲ့သူ ဖြစ်နေတယ်။ ဆရာ့အနေနဲ့ အခုလို ပြောရတာ အားနာလှပါတယ်။ ခင်ဗျားယောက်ျားဟာ ရမ္မက်ကြီးလှပါတယ်။ သူဟာ ကောက်ရိုးမီးလို ဟုန်းခနဲ တောက်လိုက်၊ ပြီးတာနဲ့ ဘယ်တော့မှ နောက်ထပ်ချစ်ရမယ်၊ သနားရမယ်၊ ကြင်နာရမယ်ဆိုတာကို နားမလည်တော့ပါဘူး'

အမျိုးသမီးကြီးသည် ကျွန်ုပ်ပြောလိုက်သော စကားကို သံယောင်လိုက်၍ ကြေကွဲဖွယ်ရာ လေသံပျော့ကလေးဖြင့်-

'ဘယ်တော့မှ နောက်ထပ် ချစ်ရမယ်၊ သနားရမယ်၊ ကြင်နာရမယ် ဆိုတာကို နားမလည်တော့ပါဘူး'

ထို့နောက် အိပ်မက်မြင်မက်နေသောသူတစ်ဦး လန့်၍ နိုးလာသည့်အခါ၌ ကယောင်ကတမ်း အော်ဟစ်လိုက်သကဲ့သို့ သူမသည် အလန့်တကြား-

'ကျွန်မ မယုံဘူး။ ကျွန်မ ဆရာပြောတာ မယုံဘူး။ ကိုင်ရှိ၊ အို··ကျွန်မဟာ ကျွန်မယောက်ျားကို ဆိုးဆိုး ကောင်းကောင်း ချစ်တယ်။ သူ ဘာတွေပဲလုပ်လုပ် ကျွန်မ အမြဲတမ်း ခွင့်လွှတ်ထားပါတယ်။ ဘယ်ပဲဖြစ်ဖြစ် ကျွန်မ သူ့အပေါ် သစ္စာရှိရှိ ချစ်လေသမျှ၊ သည်းခံလေသမျှ အခုနေ့ ထိုက်တန်သလောက် အကျိုးပေးမှာပါ ဆရာ။ နောက်ဆုံး သူဟာ အသိတရား ဝင်လာရမှာ မလွဲပါဘူးရှင်'


ကျွန်ုပ်အနေဖြင့် ဆိတ်ဆိတ်နေရုံမျှသာ ရှိတော့၏။

တစ်ခဏမျှ အနားယူပြီး အမျိုးသမီးကြီးသည် သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက်-

'ကျွန်မ ဆရာ့ကို ကျွန်မဇာတ်ကြောင်းစုံကို ပြောပြပါ့မယ်။ ကျွန်မယောက်ျားဟာ မက်တလေလဆိုတဲ့ အမျိုးသမီးနဲ့ ဖောက်ပြန်နေတာကို အခုမှပဲ ကျွန်မ သိရပါတော့တယ်'

အမျိုးသမီးကြီးက ယခု ကျွန်ုပ် စာရေးသားနေချိန်၌ အနိစ္စရောက်သွားပြီဖြစ်သော ကမ္ဘာသိပါရီမြို့တော်မှ နာမည်ကျော် ကချေသည်မတစ်ဦး၏ အမည်ကို ဖော်ပြခဲ့၏။

'သူဟာ ဒီကောင်မနဲ့ အချိန်ရှိသရွေ့ ပျော်မြူးနေခဲ့




နှလုံးလမ်းကြောင်းသည် လက်ညှိုးနှင့် လက်ခလယ်ကြားမှ အစပြုနေပါမူ သစ္စာတရားကို ခိုင်မြဲစွာ စောင့်သိရှိသောတတ်သူများ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ငွေတွေလည်း သောက်သောက်လဲ စတာလင်ပေါင် ထောင်ပေါင်းများစွာကို သုံးဖြုန်းခဲ့တယ် ဆရာ'

အမျိုးသမီးကြီးသည် စိတ်မထိန်းနိုင်တော့သဖြင့် အားရပါးရ ငိုကြွေးလိုက်တော့၏။ ဤသည်မှာ မိန်းမသားတို့၏ ဓမ္မတာပင် မဟုတ်ပါလား။

ရင်တွင်းမှ တစ်ဆို့နေသော ခံစားချက်အလီလီတို့အတွက် ပါးပြင်ထက်ဝယ် မျက်ရည်တို့သည် လူးလိမ့်၍ ကျဆင်းလာလေတော့၏။ မျက်ရည်မိုးတို့က သက်သာစေသယောင်ရှိသည် မဟုတ်ပါလား။

သို့နှင့် ကျွန်ုပ်သည် အမျိုးသမီးကြီးအား တရားနှင့်ဖြေရန် အားပေးစကားများ ပြောရတော့၏။ ချင်းစိမ်းနဲ့ မိဿလင် သူကြင်မှ ကိုယ်ကြင်မယ် ဆိုသကဲ့သို့ နာကြည်းမှုကို ရင်ဝယ်ပိုက်ပြီး စိတ်ထိန်းရန် ပြောနေမိ၏။ သို့သော် ဤအမျိုးသမီးကြီးသည် နာယူမည့် အမျိုးအစား မဟုတ်သည်ကို မူလကပင် သိနေ၍ ကျွန်ုပ်၏ ပြောသမျှသည် အပိုပင် ဖြစ်နေချေတော့၏။

ဤအမျိုးသမီးကြီးသည် မည်ကဲ့သို့ပင် မိမိအပေါ်တွင် သစ္စာမဲ့၍ ဖောက်ပြန်နေစေကာမူ မေတ္တာမပျက် ချစ်မြဲချစ်နေပြီး မိမိကသာလျှင် ရင်ကွဲနာကျခံမည့် အမျိုး အစား ဖြစ်ချေပေတော့၏။

လ,အနည်းငယ်အကြာ၌ ပါရီမြို့တော်၏ ရှေ့ဆောင် သတင်းစာကြီးတွင် (ဒေါ်...)၏ အနိစ္စရောက်ကြောင်း ကြော်ငြာကို တွေ့လိုက်ရလေတော့၏။

ကျွန်ုပ်နှင့်ရင်းနှီးသော မိတ်ဆွေများမှတစ်ဆင့် သိရသည်မှာ ကာမရောဂါ ဝမ်းတွင်းနာကား ကုရာနတ္ထိ ဆေးမရှိ ဆိုသကဲ့သို့ ထိုအမျိုးသမီးကြီးမှာ ပါရီမြို့တော်ရှိ သမားတော်ကြီးများပင် ကုသ၍မရတော့ဘဲ အနိစ္စရောက် သွားရရှာပြီ ဖြစ်ကြောင်းကို သိလိုက်ရပေတော့သည်။

ရင်ကွဲနာကျပြီး သေဆုံးရသည်ကို သေစာရင်းမှတ်တမ်းတွင် ရောဂါအမျိုးအစား ဖော်ပြ၍ မရပါချေ။

ကြည်ဝင်း(ဟသ်ာတ)

<u>ကျမ်းကိုး</u>

(၁) Cheiro's Life, Love and Marriage

(၂) ဗိုလ်ညွှန့်မောင် သိပ္ပံလက္ခဏာစွယ်စုံကျမ်း။






www.burmeseclassic.com

www.burmeseclassic.com

# [၂၀၁၆]ခုနှစ်၊ နက္ခတ်ဗေဒင်ဟောစာတမ်း

## နက္ခတ်တာရာများက ဖော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

❤ ❤ ❤ ဆရာကံထူး(ဝေဒသုတေသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူ့ဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း,ဆိုးနှစ်တန် ကုသိုလ်၊ အကုသိုလ်လောကဓံကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ အတိတ်ကံကောက်ကြောင်းပန်းချီကို ဤသို့ဤပုံဟု သိမြင်မထားဘဲ ပစ္စုပ္ပန်ကို အလှဆင်လျှင် ကြည်လင်လှပ၊ နူကြွရွှတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့်အပြင် မလှစီးပွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချီကို နို့ညှစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားမှား ဖြစ်နေတတ်ပါသည်။ ဆရာချစ်တဲ့ ဂမ္ဘီရပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန္ဒ ထပ်တူကျနိုင်စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်းပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍပါ ဇယားများကို ကမ္ဘာ့မဒီရီယံမျဉ်းဖြတ်တဲ့ ဘီလူးကျွန်း၊-ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျီတွဒ်(၉၇ံ ၃၂')၊ မြောက်လတ္တီတွဒ်(၁၆ံ ၂၁')ကို အခြေခံကာ လ,အလိုက် နေထွက်,နေဝင်ချိန်များဖြင့် တွက်ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရှာကြည့်ရုံဖြင့် ဘေးတွင်ယှဉ်တွဲပြထားသော ရာသီလဂ်ကို အလွယ်တကူသိနိုင်ပေသည်။ ဂမ္ဘီရချစ်သူများအနေဖြင့် မိမိရာသီလဂ်ကို အတိအကျသိထားလိုပါက ဖုန်း-၀၉ ၄၀ ၁၅၃ ၄၄၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလဂ် သိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လဂ်အတိုင်းပင် ဟောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

[illegible]ဝါရီလ (၁၄)ရက်မှ
[illegible]ဝါရီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| [illegible] - ၈း၄၀ | မကာရ |
| [illegible] - ၁၀း၄၀ | ကုမ် |
| [illegible] - ၁၂း၄၀ | မိန် |
| [illegible] - ၁၄း၄၀ | မိဿ |
| [illegible] - ၁၆း၄၀ | ပြိဿ |
| [illegible] - ၁၈း၄၀ | မေထုန် |
| [illegible] - ၂၀း၄၀ | ကရကဋ် |
| [illegible] - ၂၂း၄၀ | သိဟ် |
| [illegible] - ၂၄း၄၀ | ကန် |
| [illegible] - ၂း၄၀ | တူ |
| [illegible] - ၄း၄၀ | ဗြိစ္ဆာ |
| [illegible] - ၆း၄၀ | ဓနု |

ဖေဖော်ဝါရီလ (၁၃)ရက်မှ
မတ်လ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၄၀ - ၈း၄၀ | မကာရ |
| ၈း၄၀ - ၁၀း၄၀ | ကုမ် |
| ၁၀း၄၀ - ၁၂း၄၀ | မိန် |
| ၁၂း၄၀ - ၁၄း၄၀ | မိဿ |
| ၁၄း၄၀ - ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀ - ၁၈း၄၀ | မေထုန် |
| ၁၈း၄၀ - ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀ - ၂၂း၄၀ | သိဟ် |
| ၂၂း၄၀ - ၂၄း၄၀ | ကန် |
| ၂၄း၄၀ - ၂း၄၀ | တူ |
| ၂း၄၀ - ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀ - ၆း၄၀ | ဓနု |

မတ်လ (၁၄)ရက်မှ
ဧပြီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၁၀ - ၈း၁၀ | မိန် |
| ၈း၁၀ - ၁၀း၁၀ | မိဿ |
| ၁၀း၁၀ - ၁၂း၁၀ | ပြိဿ |
| ၁၂း၁၀ - ၁၄း၁၀ | မေထုန် |
| ၁၄း၁၀ - ၁၆း၁၀ | ကရကဋ် |
| ၁၆း၁၀ - ၁၈း၁၀ | သိဟ် |
| ၁၈း၁၀ - ၂၀း၁၀ | ကန် |
| ၂၀း၁၀ - ၂၂း၁၀ | တူ |
| ၂၂း၁၀ - ၂၄း၁၀ | ဗြိစ္ဆာ |
| ၂၄း၁၀ - ၂း၁၀ | ဓနု |
| ၂း၁၀ - ၄း၁၀ | မကာရ |
| ၄း၁၀ - ၆း၁၀ | ကုမ် |

ဧပြီလ (၁၃)ရက်မှ
မေလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၀၅း၄၅ - ၀၇း၄၅ | မိဿ |
| ၀၇း၄၅ - ၀၉း၄၅ | ပြိဿ |
| ၀၉း၄၅ - ၁၁း၄၅ | မေထုန် |
| ၁၁း၄၅ - ၁၃း၄၅ | ကရကဋ် |
| ၁၃း၄၅ - ၁၅း၄၅ | သိဟ် |
| ၁၅း၄၅ - ၁၇း၄၅ | ကန် |
| ၁၇း၄၅ - ၁၉း၄၅ | တူ |
| ၁၉း၄၅ - ၂၁း၄၅ | ဗြိစ္ဆာ |
| ၂၁း၄၅ - ၂၃း၄၅ | ဓနု |
| ၂၃း၄၅ - ၀၁း၄၅ | မကာရ |
| ၀၁း၄၅ - ၀၃း၄၅ | ကုမ် |
| ၀၃း၄၅ - ၀၅း၄၅ | မိန် |



www.burmeseclassic.com

www.burmeseclassic.com

| မေလ (၁၄)ရက်မှ ဇွန်လ (၁၄)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၂၅ - ၇း၂၅ | ပြိဿ |
| ၇း၂၅ - ၉း၂၅ | မေထုန် |
| ၉း၂၅ - ၁၁း၂၅ | ကရကဋ် |
| ၁၁း၂၅ - ၁၃း၂၅ | သိဟ် |
| ၁၃း၂၅ - ၁၅း၂၅ | ကန် |
| ၁၅း၂၅ - ၁၇း၂၅ | တူ |
| ၁၇း၂၅ - ၁၉း၂၅ | ဗြိစ္ဆာ |
| ၁၉း၂၅ - ၂၁း၂၅ | ဓနု |
| ၂၁း၂၅ - ၂၃း၂၅ | မကာရ |
| ၂၃း၂၅ - ၁း၂၅ | ကုမ် |
| ၁း၂၅ - ၃း၂၅ | မိန် |
| ၃း၂၅ - ၅း၂၅ | မိဿ |

| ဇွန်လ (၁၅)ရက်မှ ဇူလိုင်လ (၁၅)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၂၀ - ၇း၂၀ | မေထုန် |
| ၇း၂၀ - ၉း၂၀ | ကရကဋ် |
| ၉း၂၀ - ၁၁း၂၀ | သိဟ် |
| ၁၁း၂၀ - ၁၃း၂၀ | ကန် |
| ၁၃း၂၀ - ၁၅း၂၀ | တူ |
| ၁၅း၂၀ - ၁၇း၂၀ | ဗြိစ္ဆာ |
| ၁၇း၂၀ - ၁၉း၂၀ | ဓနု |
| ၁၉း၂၀ - ၂၁း၂၀ | မကာရ |
| ၂၁း၂၀ - ၂၃း၂၀ | ကုမ် |
| ၂၃း၂၀ - ၁း၂၀ | မိန် |
| ၁း၂၀ - ၃း၂၀ | မိဿ |
| ၃း၂၀ - ၅း၂၀ | ပြိဿ |

| ဇူလိုင် (၁၆)ရက်မှ ဩဂုတ်လ (၁၆)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၃၀ - ၇း၃၀ | ကရကဋ် |
| ၇း၃၀ - ၉း၃၀ | သိဟ် |
| ၉း၃၀ - ၁၁း၃၀ | ကန် |
| ၁၁း၃၀ - ၁၃း၃၀ | တူ |
| ၁၃း၃၀ - ၁၅း၃၀ | ဗြိစ္ဆာ |
| ၁၅း၃၀ - ၁၇း၃၀ | ဓနု |
| ၁၇း၃၀ - ၁၉း၃၀ | မကာရ |
| ၁၉း၃၀ - ၂၁း၃၀ | ကုမ် |
| ၂၁း၃၀ - ၂၃း၃၀ | မိန် |
| ၂၃း၃၀ - ၁း၃၀ | မိဿ |
| ၁း၃၀ - ၃း၃၀ | ပြိဿ |
| ၃း၃၀ - ၅း၃၀ | မေထုန် |

| ဩဂုတ်လ (၁၇)ရက်မှ စက်တင်ဘာလ (၁၆)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၄၀ - ၇း၄၀ | သိဟ် |
| ၇း၄၀ - ၉း၄၀ | ကန် |
| ၉း၄၀ - ၁၁း၄၀ | တူ |
| ၁၁း၄၀ - ၁၃း၄၀ | ဗြိစ္ဆာ |
| ၁၃း၄၀ - ၁၅း၄၀ | ဓနု |
| ၁၅း၄၀ - ၁၇း၄၀ | မကာရ |
| ၁၇း၄၀ - ၁၉း၄၀ | ကုမ် |
| ၁၉း၄၀ - ၂၁း၄၀ | မိန် |
| ၂၁း၄၀ - ၂၃း၄၀ | မိဿ |
| ၂၃း၄၀ - ၁း၄၀ | ပြိဿ |
| ၁း၄၀ - ၃း၄၀ | မေထုန် |
| ၃း၄၀ - ၅း၄၀ | ကရကဋ် |

| စက်တင်ဘာလ (၁၇)ရက်မှ အောက်တိုဘာလ (၁၆)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၅၀ - ၇း၅၀ | ကန် |
| ၇း၅၀ - ၉း၅၀ | တူ |
| ၉း၅၀ - ၁၁း၅၀ | ဗြိစ္ဆာ |
| ၁၁း၅၀ - ၁၃း၅၀ | ဓနု |
| ၁၃း၅၀ - ၁၅း၅၀ | မကာရ |
| ၁၅း၅၀ - ၁၇း၅၀ | ကုမ် |
| ၁၇း၅၀ - ၁၉း၅၀ | မိန် |
| ၁၉း၅၀ - ၂၁း၅၀ | မိဿ |
| ၂၁း၅၀ - ၂၃း၅၀ | ပြိဿ |
| ၂၃း၅၀ - ၁း၅၀ | မေထုန် |
| ၁း၅၀ - ၃း၅၀ | ကရကဋ် |
| ၃း၅၀ - ၅း၅၀ | သိဟ် |

| အောက်တိုဘာလ (၁၇)ရက်မှ နိုဝင်ဘာလ (၁၅)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၅၅ - ၇း၅၅ | တူ |
| ၇း၅၅ - ၉း၅၅ | ဗြိစ္ဆာ |
| ၉း၅၅ - ၁၁း၅၅ | ဓနု |
| ၁၁း၅၅ - ၁၃း၅၅ | မကာရ |
| ၁၃း၅၅ - ၁၅း၅၅ | ကုမ် |
| ၁၅း၅၅ - ၁၇း၅၅ | မိန် |
| ၁၇း၅၅ - ၁၉း၅၅ | မိဿ |
| ၁၉း၅၅ - ၂၁း၅၅ | ပြိဿ |
| ၂၁း၅၅ - ၂၃း၅၅ | မေထုန် |
| ၂၃း၅၅ - ၁း၅၅ | ကရကဋ် |
| ၁း၅၅ - ၃း၅၅ | သိဟ် |
| ၃း၅၅ - ၅း၅၅ | ကန် |

| နိုဝင်ဘာလ (၁၆)ရက်မှ ဒီဇင်ဘာလ (၁၅)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆း၅၅ - ၈း၅၅ | ဗြိစ္ဆာ |
| ၈း၅၅ - ၁၀း၅၅ | ဓနု |
| ၁၀း၅၅ - ၁၂း၅၅ | မကာရ |
| ၁၂း၅၅ - ၁၄း၅၅ | ကုမ် |
| ၁၄း၅၅ - ၁၆း၅၅ | မိန် |
| ၁၆း၅၅ - ၁၈း၅၅ | မိဿ |
| ၁၈း၅၅ - ၂၀း၅၅ | ပြိဿ |
| ၂၀း၅၅ - ၂၂း၅၅ | မေထုန် |
| ၂၂း၅၅ - ၂၄း၅၅ | ကရကဋ် |
| ၂၄း၅၅ - ၂း၅၅ | သိဟ် |
| ၂း၅၅ - ၄း၅၅ | ကန် |
| ၄း၅၅ - ၆း၅၅ | တူ |

| ဒီဇင်ဘာလ (၁၆)ရက်မှ ဇန်နဝါရီလ (၁၃)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆း၅၅ - ၈း၅၅ | ဓနု |
| ၈း၅၅ - ၁၀း၅၅ | မကာရ |
| ၁၀း၅၅ - ၁၂း၅၅ | ကုမ် |
| ၁၂း၅၅ - ၁၄း၅၅ | မိန် |
| ၁၄း၅၅ - ၁၆း၅၅ | မိဿ |
| ၁၆း၅၅ - ၁၈း၅၅ | ပြိဿ |
| ၁၈း၅၅ - ၂၀း၅၅ | မေထုန် |
| ၂၀း၅၅ - ၂၂း၅၅ | ကရကဋ် |
| ၂၂း၅၅ - ၂၄း၅၅ | သိဟ် |
| ၂၄း၅၅ - ၂း၅၅ | ကန် |
| ၂း၅၅ - ၄း၅၅ | တူ |
| ၄း၅၅ - ၆း၅၅ | ဗြိစ္ဆာ |

## (၂၀၁၆)ခုနှစ်၊ ဒီဇင်ဘာလအတွက် နက္ခတ်ဗေဒင်ဟောစာတမ်း

### မိဿလဂ် (Aries)



လုပ်ငန်းစတင်မည့်သူများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်။ လုပ်ငန်း ရှိနေသူများ အလွန်အဆင်ပြေပြီး တိုး တက်အောင်မြင်မည်။ အလုပ်အကိုင် ရှာဖွေနေသူများ အလုပ်ရမည်။ အလုပ်နှင့်ပတ်သက်လာ လျှင် မပူပါနှင့်။ ဝင်ငွေလာဘ်လာဘ ကောင်းသလောက် စည်းကမ်းလည်း ရှိလာမည်။ ဘဝဆိုတာ အလုပ်ပဲလို့ စိတ်ထဲ ထင်မှတ်လောက်အောင် အလုပ်တွင် ပျော်ရွှင်နေ မည်။ သို့သော် မည်သည့်လုပ်ငန်းမျိုး လုပ်သည်ဖြစ်စေ အတိုက်အခံ ရန်သူဆန်တဲ့ ဆန့်ကျင်ဘက်များကိုတော့ သတိလစ်လို့မရပေ။ မိမိအောက် ငယ်သူများထံတွင် တင် နေတဲ့ အကြွေးအတွက် မပူရသော်ငြားသော်လည်း မိမိ ထက် ကြီးသူထံတွင် ကြွေးတင်နေပါက ပူပင်သော ရောက်နေရတတ်ပါသည်။ သို့မဟုတ် ဖခင်ကျန်းမာရေး ကြောင့် စိတ်သောက ဖြစ်နေရတတ်ပါသည်။ လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com

ွက် တင်တဲ့ကြွေးဆိုပါက မပူပါနှင့်၊ အလိုလို အဆင်ပြေသွားလိမ့်မည်။ အစွယ်ကိုလို၍ ဆင်ကိုသတ်သကဲ့သို့ ကိုကို လို၍ ဂုဏ်ကို နှိပ်ကွပ်သူနှင့် တွေ့ရတတ်၏။ ၌လတွင် အိမ်၊ အိမ်ခန်း ဝယ်ရန် ကြံစည်နေသူများ ယ်သင့်ပါ။ ဝယ်လျှင် မထင်မှတ်ဘဲ ကြွေးတင်သွားတတ်ပါသည်။ သတိပြုရမှာက သံယောဇဉ်မှား၊ ရှောင်ရ က (၁၉၊ ၂၀)နှင့် (၂၆၊ ၂၇) လေးရက်၊ ဆောင်ရမှာက ၁-၁၂)နှင့် (၂၉၊ ၃၀)ရက်များပါ။

ယတြာ - ညခြောက်နာရီကျော်မှ ချိန်းဆိုသူများကို ခတွေ့ပါနှင့်။ အဖော်ပါပါ၊မပါပါ အမှောင်ထဲကို သွားပါနှင့်။

## သလက် (Taurus)



သင့်ကျန်းမာရေး စိတ်မချရသေးပါ။ ဖျားနာတတ်၏။ အိမ်၊အိမ်ခန်းကိစ္စ၊ သားသမီးကိစ္စ တစ်ခုခုကြောင့် ဒါ နောက်ဆုံးပဲလို့ နောက်ဆုံးစကား ပြော တတ်ပါသည်။ ဘဝနောင်ရေး တွေးတောပူပန်တတ် အကြင်နာသံယောဇဉ်ကြောင့် အိမ်ထောက်ဖက် (သို့ တ်) ဖက်စပ်လုပ်ငန်းရှင်များနှင့် အချေအတင် စကား ရလိမ့်မည်။ ဆေးဝါး၊ ဓာတုဗေဒဆိုင်ရာ လုပ်ငန်း ကြိုးစားသည့်ကြားက နောက်ဆုံးမှာ မအောင် ရပ်တန့်သွားတတ်၏။ သားသမီးအရေး သတိပေး က (၁၉)ရက်ကျော်မှ ပြောပါ။ (၁၉)ရက်မတိုင်မီ ါက အရှက်ရတတ်ပါသည်။ မထင်မှတ်ဘဲ အိမ်အို င်းတစ်ခုသို့ ပြောင်းရွှေ့နေထိုင်ရတတ်၏။ ချစ်သူ လူငယ်များ လုပ်ငန်းခွင်တွင်းက လုပ်ငန်းတူသူ ချစ်မိသွားတတ်ပါသည်။ (၉၊ ၁၀)ရက်များတွင် ဖွယ်ရာ လက်ဆောင်တစ်ခု ရလိမ့်မည်။ ဖက်စပ် န်းရှင်များ ဒုတိယ၊ တတိယပတ်လောက်မှာ ရပ် ခြင်း၊ ဆုံးရှုံးနစ်နာခြင်းများ ကြုံတွေ့ရတတ်ပါသည်။ းဖြင့် အလှကုန်နှင့် ရေသန့်ပစ္စည်း ရောင်းဝယ် ်ရာ ဖက်စပ်လုပ်ငန်းရှင်များ သတိထားရမည်။ ၁၄)နှင့် (၂၂၊ ၂၃)ရက်များကို ဆောင်ပြီး (၁၊ ၂၊ (၂၉၊ ၃၁)ရက်များကို ရှောင်ပါ။

ယတြာ - သီဟိုဠ်ညွန့်(၆)ညွန့်ကို သောကြာနေ့တွင် သောကြာထောင့် ဂြိုဟ်တိုင်ဘုရားမှာ ကပ်လှူပူဇော်ထား လိုက်ပါ။ အည့ံအဆိုးများ ကင်းသွားလိမ့်မည်။

## မေထုန်လက် (Gemini)



ဒီဇင်ဘာလ၊ (၁၉)ရက် နောက်ပိုင်း ကျန်းမာရေး အနည်းငယ်ညံ့လာတတ်ပါသည်။ ဖျားနာပြီး အကြွေးတင်သွားတတ်ပါသည်။ ဝန်ထမ်းဖြစ်ပါက အကြီးအကဲကြောင့် ပြဿနာဖြစ်ရတတ်၏။ အိမ်ထောင်ရှင် ဆိုပါက ယောက္ခမ(အဖို)ကိစ္စကြောင့် စကားများရကိန်း ရှိပါသည်။ သို့သော် အိမ်ထောင်ဖက်က သံယောဇဉ်ပွား အကြင်နာများလာလိမ့်မည်။ ပညာသင်လူငယ်များ တစ်ပိုင်းတစ်စနှင့် ရပ်တန့်သွားနိုင်၍ အပေါင်းအသင်းကို သတိထားပေါင်းသင့်တဲ့ ကာလပါ။ အလုပ်အကိုင်ကတော့ ကောင်းလိုက်၊ မကောင်းလိုက် ဖြစ်နေတတ်၏။ အကြောင်းအမျိုးမျိုးကြောင့် သင့်ရဲ့ ကြိုးစားလိုစိတ်များ ဆုတ်နစ်နေမည်။ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းများနှင့် အချေအတင် စကားများရတတ်၏။ မနာလိုဝန်တိုသူတို့ရဲ့ ထိုးနှက်ချက်များကို အလူးအလဲ ခံရတတ်ပါသည်။ ပညာရေးဝန်ဆောင်မှု လုပ်ကိုင်သူများ မှန်းသလောက် မပေါက်၊ လှမ်းသလောက် မရောက်နိုင်ဘဲ နောက်ပြန်လှည့်ချင်စိတ် ပေါက်နေတတ်ပါသည်။ (၁၅၊ ၁၆)နှင့် (၂၄၊ ၂၅)ရက်များကိုဆောင်၊ (၄၊ ၅)နှင့် (၃၀၊ ၃၁)ရက်များကို ရှောင်ပါ။

ယတြာ

အာလူးနှင့် ဝက်သား ရောချက်ပြီး မိမိနိုင်သလောက် ဆွမ်းလောင်းလိုက်ပါ။ အည့ံအဆိုးများ ကင်းစင်သွားလိမ့်မည်။

## ကရကဋ်လက် (Cancer)



အတိုက်အခံကြောင့်ဘဝတောက်ပြောင်သွားတတ်သလို အတိုက်အခံကြောင့် ပင် ဘဝနစ်မြုပ်သွားရတတ်၏။ ထို့ကြောင့် မိတ်ဆွေယောင်ဆောင်တတ်သူများကို သတိထားပါ။ သတိမလစ်ပါစေနှင့်။ ငွေအကြောင်း ခေါင်းထဲ မထည့်ပါနှင့်။ စုလို့ကို မရနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com

အနေအထားပါ။ ပုံမှန်လုပ်ကိုင်ခြင်းဖြင့်သာ သင့်ဘဝ တိုးတက်စေမည်။ လုပ်ငန်းခွင်တူတဲ့ ချစ်သူများ အိုးချင်းထားအိုချင်းထိ၊ ကြိုးချင်းထား ကြိုချင်းငြိသွားတတ်ပါသည်။ အချစ်ရေး အဆင်မပြေသူများ အလုပ်မလုပ်ချင်ဖြစ်လာတတ်၏။ လုံ့လ၊ ဝီရိယများ လျော့ရဲနေမည်။ (၁၃၊ ၁၄)ရက်များတွင် အမေ၊ အမေနှင့်တူသူထံမှ လက်ဆောင်ကောင်းတစ်ခု ရလိမ့်မည်။ အချစ်ရေးမှာ စိတ်တိုင်းမကျ ဖြစ်နေရတတ်၏။ ဘဝနှင့်ကံကြမ္မာ ထပ်တူမကျနိုင်သေးဟုသာ မှတ်ပါ။ ပတ်ဝန်းကျင်ကို အပြစ်မမြင်မနေပါနှင့်။ ဘာပဲပြောပြော၊ ဘာပဲဖြစ်ဖြစ် နာမည်ဂုဏ်သတင်းကောင်းများ ကျော်စောပျံ့နှံ့နေမည်။ လုပ်ငန်းစတင်မည့်သူများ (၁၁၊ ၁၂၊ ၁၃) တစ်ရက်ရက်ကို ကံကောင်းရက်အဖြစ် ဆောင်ပါ။ အချစ်ရေးဖန်တီးလိုသူများ လကုန်ခါနီးမှ ဖန်တီးပါ။ အဆင်ပြေသွားပေလိမ့်မည်။ မထင်မှတ်ဘဲ ကိုယ့်ဆွေမျိုး၊ အပေါင်းအသင်း တစ်ယောက် ဆေးရုံတက်ရလို့ အလုပ်ပိုနေတတ်ပါသည်။ မွေးသားစုတွင် အဖေ၊ ခန္ဓာကိုယ်တွင် အရိုး၊ ဤလတွင် ဒုက္ခပေးတတ်၏။

**ယတြာ**

ဆီးယိုထုပ်(၁၅)ထုပ်ဝယ်ပြီး သုံးထုပ်ကို ဘုရားကပ်၊ ကျန်(၁၂)ထုပ်ကို မိမိအပေါင်းအသင်းများအား ဝေငှလိုက်ပါ။

## သိဟ်လဂ် (Leo)



မိမိနေအိမ်၊ နေမြဲနေရာ၌ မပျော်ရွင်နိုင်၍ နေရာဒေသ အပြောင်းအလဲလုပ်လိုစိတ် ရောက်နေတတ်၏။ သံယောဇဉ် အမျှင်တန်းသေသမျှ လွမ်းရုံတင်မက စိုးရိမ်သောက ဖြစ်နေရတတ်၏။ အချစ်ဦးက ရှုးစေသလားလို့ မိမိကိုယ်ကို မေးခွန်းထုတ်နေရတတ်ပါသည်။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများဆိုပါက လိမ်ပြန်လိုစိတ်ကြောင့် ဘဝနှင့် သာသနာကြား ဗျာများနေရတတ်ပါသည်။ ပညာသင်လူငယ်များ မိဘ၊ ဆရာသမား၊ အုပ်ထိန်းသူများကြောင့် စိတ်ဆင်းရဲနေရတတ်ပါသည်။ အလုပ်ဝင်နေသူများ သင်တန်းပညာတစ်ခု စိတ်ဝင်တစား သင်ယူရလိမ့်မည်။ အလုပ်အကိုင် သိပ်မကောင်းချင်ပါ။ အလုပ်တွင် ခိုက်ရန်ဖြစ်တတ်၍ သတိထားပါ။ ဆေးဆရာ၊ ဆရာဝန်၊ သူနာပြုစတဲ့ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ အလုပ်နှင့်ပတ်သက်တဲ့ ထိတ်လန့်ဖွယ်ရာ သတင်းတစ်ခု ကြားရတတ်ပါသည်။ စာပေအနုပညာလောက ချစ်ဝေဒနာရှင်များ မထင်မှတ်ဘဲ ချစ်သူဟောင်းနှင့် ပြန်ရတတ်ပါသည်။ သစ်၊ သံ၊ သွပ် စတဲ့ ကုန်မာရောင်းသသူများ ရောင်းဝယ်အား တက်လိုက်၊ ကျလိုက် ဖြစ်မည်။ သစ်သီးပွဲရုံ၊ သစ်သီးရောင်းဝယ်ရေး၊ သစ်သီးရည်ဆိုင်များ၊ သံပန်းသံတံခါး၊ အလှမီနီယံလုပ်ငန်းများ ချက်ချင်းအောင်မြင်လာပြီး ချက်ချင်းထိုးကျသွားတတ်ပါ၍ သောကြာနေ့ဖွား ဘုရားလေးဆူကို အာရုံပြု တောင်းပြီးမှ လုပ်ဆောင်သင့်ပါသည်။

**ယတြာ**

မိမိစိတ်တွင် အာရုံကျသည့် ဘုရားတစ်ဆူဆူ သွားပြီး ရာဟုထောင့် ဂြိုဟ်တိုင်ဘုရားတွင် သန့်ရှင်းသာ လုပ်လိုက်ပါ။

## ကန်လဂ် (Virgo)



ကျန်းမာရေး အနည်းငယ် ချွတ်ယွင်းနေတတ်ပါသည်။ သို့သော် စိုးရိမ်လောက်အောင် မဟုတ်ပါ။ ကိုယ်ကိုယ်တာ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်သော်လည်း မမွေ့နိုင်ပါ။ ငါ ဘာဖြစ်နေလဲလို့ ကိုယ့်ကိုယ်ကိုယ် မေးယူရလောက်အောင် ပျင်းရိနေတတ်၏။ တစ်ခါ၊ တစ်သူတစ်ပါးနှင့် အဆင်မပြေသောကြောင့် မိမိအလုပ်ရပ်ပစ်ချင်စိတ် ပေါက်နေတတ်သည်။ ကျောင်းသားငယ်များ အားမလျော့သင့်တဲ့ ကာလပါ။ ပညာရေး အစက မဟုတ်သလိုလိုနှင့် နောက်ဆုံးမှာ ဟုတ်သွားကိန်းပါ။ ထို့ကြောင့် မဆုတ်နစ်သော လုံ့လဖြင့် ကြိုးပါ။ အဆင်ပြေသွားပေလိမ့်မည်။ လူငယ်များ အချစ်ကို ဦးစားမပေးသင့်တဲ့လပါ။ ပေးခဲ့လျှင် ဘဝလ ပျောက်သွားလိမ့်မည်။ ဤလတွင် မွေးဖွားမည့် ကိုယ်ဆောင်မိခင်များ (၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈)ရက်များ ရှောင်သင့်၏။ မရှောင်နိုင်က ခက်ခဲပင်ပန်းစွာ မွေးလိမ့်မည်။ စီးပွားရေးလုပ်ငန်းရှင်များ (၆၊ ၇၊ ၈)ရက်



www.burmeseclassic.com


www.burmeseclassic.com

…င် စတင်လုပ်ဆောင်ပါ၊ အထူးအောင်မြင်လိမ့်မည်။ …ရှောင်ရမည့်ရက်ကတော့ (၁၉၊ ၂၀)ရက်များပါ။

ယတြာ

ဂီလာနရှပ်ဟန်းတော်များတွေ့လျှင် (သို့မဟုတ်) မိမိ…ကျောင်တွင် ရှိနေလျှင် ဆေးဖိုးဝါးခ တတ်နိုင်သလောက် …ဒါန်းလိုက်ပါ။

## …လာဂ် (Libra)



နိုင်ငံရပ်ခြား ရောက်နေပါက သင့်ရဲ့ ကိုယ်ပိုင်စည်းကမ်း အရမ်းပျက်နေမည်။ ဝင်ငွေလာဘ်လာဘလည်း အလွန်နည်းပါးနေမည်။ ကိုယ်ပိုင်လုပ်ငန်း …ည်ထောင်လိုသူများ တတိယပတ်၊ စတုတ္ထပတ်များမှာ …င်ပါ။ မွေးမြူရေးလုပ်ငန်းဖြင့် စီးပွားရှာဖွေသူများ …ထူးအောင်မြင်မည်။ မြေယာရောင်းဝယ်သူများ အရောင်း …ယ်ပါးနေမည်။ ဝန်ထမ်းပဲဖြစ်ဖြစ်၊ လုပ်ငန်းရှင်ပဲဖြစ် …ည်သူမဆို အနည်းနှင့်အများဆိုသလို စုမိဆောင်းမိ …ည်။ နေအိမ်၊ နေရာဒေသ အခက်အခဲတွေ့နေရသူများ …တ်အခဲမှ လွတ်မြောက်သွားမည်။ ဘဏ်ဝန်ထမ်းများ၊ …ဏ်လုပ်ငန်းရှင်များ ပြဿနာ တစ်ခုမဟုတ်တစ်ခု …တ်လာတတ်ပါသည်။ မနာလိုသူ အတိုက်အခံများ …ကြောင့် ယခင်က ဆုံးရှုံးထားရပါက ယခုလတွင် ပြန် …ည်ရရှိနိုင်မည်။ တစ်ခါတစ်ရံ မလုပ်ချင်မကိုင်ချင် ဖြစ် …တတ်ပါသည်။ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်း …နှင့် ဒါနောက်ဆုံးပဲလို့ နောက်ဆုံးစကား ဆိုရတတ်၏။ …ယ့်သဘောအတိုင်း မဖြစ်ရ အနတ္တလို့ စိတ်ကို ဖြေ …နိုင်မှ တော်ကာကျမည်။ ပညာသင်လူငယ်များ ယခင် …တ် မှတ်ဉာဏ်ကောင်းနေပြီး ပညာရေးမှာ အောင်မြင် …ည်။ အချစ်ရှာသူများ အချစ်တွေ့ပြီး အိမ်ထောင်ရှင် …ဝင် ချစ်သူဘဝကကဲ့သို့ ချစ်စိတ်ဝင်လာတတ်ပါ …ည်။ (၆၊ ၇၊ ၈)နှင့် (၁၅၊ ၁၆)ရက်များကို မိမိဘဝရဲ့ …ကောင်းရက်များအဖြစ် ဆောင်ပါ။ (၂၁၊ ၂၂၊ ၂၃)နှင့် (… ၁၀)ရက်များကို ရှောင်ပါလေ။

ယတြာ - ကွမ်းရွက်တွင် သရဏဂုံသုံးပါး ပါဠိကို …ငို့အတိုင်းရေးပြီး မိမိခေါင်းအုံးအောက်တွင် ချထားပါ။ …နှောင့်အယှက်များ ကင်းဝေးသွားလိမ့်မည်။

## ဗြိစ္ဆာလဂ် (Scorpio)



ကျန်းမာရေးကို မပေါ့ဆပါနှင့်၊ အချိန်မရွေး ဆိုသလို ဖောက်ပြန်လာတတ်ပါသည်။ ကိုယ်ရေးကိုယ်တာ ရည်ရွယ်ချက်များ အောင်မြင်ရန် မလွယ်ကူသေးပါ။ သို့သော် မိမိအလုပ်ကို ဇောက်ချလုပ်ကိုင်ခြင်းဖြင့် အောင်မြင်မှု ရရှိလိမ့်မည်။ အကြီးအကဲများ၊ အဖေ၊ အဖေနှင့်တူသူများ အကူအညီရလိမ့်မည်။ ပညာရေးမှာ အနှောင့်အယှက် လုံးဝမရှိနိုင်ပါ။ သေချာပေါက် အဆင်ပြေလိမ့်မည်။ ငွေကြေးကိစ္စ မပူပါနှင့်။ ရေကန်အသင့်ကြာအသင့်ဆိုသလို အလိုလို အဆင်တပြေ ဖြစ်သွားလိမ့်မည်။ သားရေး,သမီးရေး ရတက်မအေးနိုင်သူများ ယခုလတွင် ရင်အေးရမည်။ တာပည့်တပန်း၊ အောက်လက်ငယ်သားကြောင့် စိတ်ချမ်းသာလိမ့်မည်။ အိမ်ထောင်ပြုလိုသူများ တင့်တင့်တယ်တယ် အိမ်ထောင်ကျလိမ့်မည်။ အိမ်ထောင်ရေး စိတ်မဝင်စားသူများ ဖက်စပ်လုပ်ငန်းများ အထူးအောင်မြင်မည်။ နှစ်ခုလုံးလည်း အောင်မြင်နိုင်ပါသည်။ ယခင်က ညီအစ်ကိုမောင်နှမများနှင့် အဆင်မပြေလည်း ယခုလတွင် အဆင်ပြေမည်။ သတိထားရမှာက လုပ်ငန်းခွင်ပြဿနာ တက်တတ်ပါသည်။ မြင်းကောင်းခွာလိမ့် မဖြစ်စေရန် ဗုဒ္ဓဟူးသားသမီး၊ စနေသားသမီးများကို အတွင်းကျကျ ပေါင်းသင်းခြင်းမှ ရှောင်ပါ။ ကံကောင်းရက်က (၁၉၊ ၂၀)ရက်များ ဖြစ်ပြီး ကံဆိုးရက်ကတော့ (၉၊ ၁၀)နှင့် (၁၅၊ ၁၆)ရက်များ ဖြစ်ပါသည်။

ယတြာ

မိမိဝန်းကျင်တွင် နာတာရှည်ရောဂါဖြစ်နေသူ ရှိပါက ဆေးဖိုးဝါးခ တတ်နိုင်သလောက် လှူဒါန်းပါ။ ကောင်းကျိုးများ ကိုယ့်ထံ ရောက်လာလိမ့်မည်။

## ဓနုလဂ် (Sagittarius)



အလုပ်အကိုင်ကတော့ ကောင်းမြဲကောင်းနေမည်။ ကျန်းမာရေး အညံ့မရှိပါ။ ရပ်ဝေးရောက်နေတဲ့ သားသမီးများတွက် ပူပင်သောက ဖြစ်နေရတတ်၏။ ငွေကြေး လက်ထဲရောက်လာသော်လည်း မှော်လှည့်ပြသလို ခဏနေပြီး ပြန်ထွက်သွားတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မိမိအပေါ် ကြင်နာတတ်တဲ့ မိတ်ဆွေတစ်ဦးနှင့် တွေ့ပြီး အလုပ်အကိုင် ပိုအဆင်ပြေသွားလိမ့်မည်။ မျက်နှာအလှပြင်ဆိုင်ရာ အတတ်ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ရောင်းဝယ်ဖောက်ကားသူများ မြတ်စွန်းမည်။ ပညာသင်လူငယ်များ ကြိုးစားသော်လည်း ကိုယ့်ကိုယ်ကိုယ် အားမရ၊ စိတ်တိုင်းမကျ ဖြစ်နေမည်။ သင်တန်းပညာ တက်ရောက်သင်ကြားရသူများ အခက်အခဲ အနည်းငယ်တွေ့ပြီးမှ အဆင်ချောသွားမည်။ မထင်မှတ်ဘဲ အရှက်တကွဲ ဖြစ်ရတတ်၍ မိတ်ဆွေဟောင်းများကို သတိထားပြီးပေါင်းပါ။ ရစရာရှိတဲ့ အကြွေးကို ယခုလတွင် မတောင်းပါနှင့်။ တောင်းလျှင် စကားခိုက်ရန် ဖြစ်ရတတ်ပါသည်။ ဥပဒေနှင့် မကင်းတဲ့ အလုပ်ကို လုံးဝရှောင်ပါ။ မရှောင်ပါက ငွေရေး၊ ဂုဏ်သိက္ခာပါ တက်တက်ပြောင်တတ်၏။ လဆန်း(၃)ရက်၊ လကွယ်(၃)ရက်ကို အလိုဆန္ဒပြည့်ဝမည့်နေ့ဟု မှတ်ပါ။

**ယတြာ**

ပိန်းဥဟင်းချက်ပြီး အနည်းဆုံး သံဃာ(၅)ပါး ဆွမ်းလောင်းလိုက်ပါ။ ကောင်းကျိုးချမ်းသာ မင်္ဂလာနှင့် ပြည့်စုံပေလိမ့်မည်။

## မကာရလဂ် (Capricon)



သင့်ဆန္ဒများ ပြည့်ဝလာလိမ့်မည်။ ရည်ရွယ်ချက်ထားပြီး လုပ်ဆောင်သည်များ အားလုံးနီးပါး အောင်မြင်မည်။ ပညာရေးဝန်ဆောင်မှု လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ ဝင်ငွေကောင်းနေမည်။ သားရေးသမီးရေး စိတ်အေးနိုင်ပါသည်။ အကြွေးရစရာရှိပါက ဆုံးရှုံးသွားတတ်ပါသည်။ သို့သော် တစ်ဖက်တွင် ဝင်ငွေကောင်းနေမည်။ ရာထူး (သို့မဟုတ်) လုပ်ပိုင်ခွင့် တိုးသွားမည်။ သင်ကြံတိုင်းစည်ရာများ အောင်မြင်မှာ သေချာ၏။ စာပေအနုပညာ၊ အလှပြင်သင်တန်း၊ သစ်လုပ်ငန်း၊ သစ်သီးပွဲရုံများနှင့် ဆက်စပ်သည့် လုပ်ငန်းရှင်များ၊ အလုပ်သမားများကတော့ လကုန်ခါနီးမှ နည်းနည်းအဆင်ပြေမည်။ အချစ်မရှိတဲ့ ဘဝဟာ ဆားမရှိတဲ့ ဟင်းလျာလိုပါပဲလို့ ညည်းတွားနေရသူများ ယခုလတွင် ဆားပါတဲ့ ဟင်းလျာလို ဘဝက ချိုမြိန်သွားနိုင်ပါသည်။ မိသားစုရှိတဲ့ အိမ်ထောင်ရှင်များကတော့ ဟိုလူကြောင့်နည်းနည်း ဒီလူကြောင့်နည်းနည်း ဆိုသလို ပြဿနာတွေ နည်းနည်း ဖြစ်နေမည်။ စိတ်ဆင်းရဲစရာတွေ ခဏ,ခဏ ရောက် တတ်ပါသည်။ ဒါကြောင့် ငြင်းခုံပြောဆိုခြင်းကို ရှောင် ပါ။ သင့်အတွက် ကံအကောင်းဆုံးရက်များမှာ (၁ ၁၄)နှင့် (၂၁၊ ၂၂)ရက်များ ဖြစ်ပါသည်။ (၁၉၊ ၂၀)ရက် များကို ရှောင်ပါလေ။

**ယတြာ**

ကြက်ဥပူတင်း နိုင်သလောက်ဝယ်ပြီး အိမ်ရှိ ဘုရား ကို ဆွမ်းကပ်ပါ။ ပြီးလျှင် မိသားစု ဝိုင်းဖွဲ့စား ကောင်းခြင်းမင်္ဂလာများ ရောက်လာလိမ့်မည်။

## ကုမ်လဂ် (Aquarius)



(၁၁)ရက်ထိ သင့်အလုပ်အကိုင် ပြီးတော့ အဆင်မပြေနိုင်ပါ။ ဒုတိ ပတ်လောက်က စပြီး အဆင်ပြေသွား လိမ့်မည်။ သင့်အိမ်ထောင်ဖက်မှာ ငွေ၊ လာဘ်လာဘ အလွန်ကောင်းနေ၍ မိသားစုလုံး ရွှင်ရလိမ့်မည်။ ပညာသင်လူငယ်များ အစက စည်းကမ်း တကျရှိနေပြီး (၁၉)ရက်နေ့မှစကာ စည်းကမ်းပျက် တတ်ပါသည်။ အထူးသတိပြုကာ ကိုယ့်ကိုယ်ကိုယ် ခြင်နေထိုင်ပါ။ မိဘနေရာ ရောက်နေသူများ သားသမီး အပေါ် အားမလိုအားမရဖြစ်ကာ စိတ်ပင်ပန်း နေရ ပါသည်။ အတတ်ပညာ သင်ယူနေသူများ စိတ်မဝင်စား ချင် ဖြစ်နေမည်။ ရှေ့နေ၊ ပွဲစားများ ရှေ့မတိုးသာ နောက် မဆုတ်သာ ဖြစ်နေမည်။ အလုပ်အကိုင် စတင်ရှာဖွေ များ ရနိုင်ဖို့ မလွယ်ပါ။ ဆေးကျောင်းသားများ လုံ့လ ဝီရိယ ကျဆင်းနေတတ်ပြီး (၁၂၊ ၁၃)ရက်လောက် ပြန်လည်ကာ အားတင်းလာနိုင်မည်။ အထူးအားဖြင့် သွား ဆေးတက္ကသိုလ် ကျောင်းသားများ ယောင်ချာချာ ဖြစ် တတ်ပါသည်။ လေးနက်သော စာပေများ ရေးသားထု ဝေ ဖြန့်ချိသူများ အကျိုးအမြတ် နည်းမည်။ အိမ်ခြံ ရောင်းလိုသူများ ဤလတွင် မရောင်းသင့်ပါ။ ရောင်းလျှ ဈေးကောင်းမရနိုင်ပေ။ (၆၊ ၇၊ ၈)နှင့် (၁၉၊ ၂၀)ရက် ကို ကံကောင်းရက်များအဖြစ် ဆောင်ပြီး (၄၊ (၁၀၊ ၁၁)ရက်များကို ရှောင်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com

ယတြာ

ရွှန် (သို့မဟုတ်) စပယ်ပန်း ဝယ်ပြီး အိမ်ရှိဘုရား ...ရော မွေးနံ့ထောင့်ဘုရားမှာပါ ဆက်ကပ်လှူဒါန်းပါ။ ...ဆင်ပြေသွားလိမ့်မည်။

## ...လက် (Pisces)



ဆီးနှင့်ဝမ်း မကွဲ၊ လေနှင့်ဝမ်း မကွဲ၊ ရင်ပြည့်ရင်ကယ် မအီမသာ ဖြစ်နေတတ်၏။ စိုးရိမ်စရာမရှိပါ။ သင့်ကျန်းမာရေး အခြေအနေ ကောင်းမွန်ပါ...ည်။ လောဘနှင့် အလုပ်မလုပ်ပါနှင့်။ ဆန္ဒဖြင့်သာ ...လုပ်လုပ်ပါ။ သင့်ရည်ရွယ်ချက်များ ထူးခြားစွာ အောင်...သာလိမ့်မည်။ မိန်လင်္ဂဓာတာရှင်များ အချစ်ရေးမှာ ...ဆင်မပြေချင် ဖြစ်နေသော်လည်း အိမ်ထောင်ရှိသူများ ...တော့ အိမ်ထောင်ရေး အထူးသာယာနေမည်။ ဘဏ်...လုပ်ငန်းရှင်များ၊ ဘဏ်ဝန်ထမ်းများ၊ အစုစပ်လုပ်ကိုင်သူ...များ အထူးအဆင်ပြေ အောင်မြင်မည်။ ထီထိုးထားဖို့မမေ့သင့်ပါ။ သားရေး,သမီးရေးကို အကြောင်းပြုပြီး သင့်ရဲ့ ခွဲ၊ လုံ့လ၊ ဝီရိယများ ယခင်ထက် ပိုကောင်းနေမည်။ ဝေးကွာနေသော ဆွေမျိုး၊ မိတ်သင်္ဂဟများနှင့် ပြန်လည်ဆုံတွေ့ရလိမ့်မည်။ ကြွေးမြီကိစ္စကြောင့် သိက္ခာကျရကိန်းရှိပါ၍ ငွေကြေးအပေးအယူကိစ္စများ အထူးသတိထားပါလေ။ ရေကြောင်းခရီး မသွားသင့်တဲ့ကာလပါ။ ရေကြောင်းလုပ်သားများဆိုပါက ဘေးဥပဒ်အန္တရာယ်နှင့် ရင်ဆိုင်ရတတ်ပါသည်။ သမ္ဗုဒ္ဓေဂါထာ (သို့မဟုတ်) မိမိယုံကြည်ရာဂါထာ တစ်ခုခုကို အမြဲရွတ်ဖတ်ပါလေ။ (၁၇၊ ၁၈)နှင့် (၂၆၊ ၂၇)ရက်များကို ဆောင်ပါ။

ယတြာ

အာလူးနှင့် ဆိတ်သားဟင်း ချက်ပြီး ဆွမ်းခံကိုယ်တော်အား ဆွမ်းလောင်းလိုက်ပါ။ အညံ့အဆိုးများ ကင်းစင်သွားလိမ့်မည်။

**ရှင်လန်းချမ်းမြေ့ကြပါစေဗျာ**

**ဆရာကံထူး(ဝေဒသုတေသီ)**

၀၉ ၄၀ ၁၅၃ ၄၄ ၉၉


# မြန်မာပြည် ဆရာ ဦးမင်းသန်းထိုက်

...ဆ ၃၃၅၈ **အနာပေါက် အထူးကုသမားတော်** အသင်းဝင်ကတ် ၂၅၇

ခန္ဓာကိုယ် အတွင်း,အပြင် အကျိတ်မျိုးစုံ၊ မှိုနာ၊ ကင်ဆာ၊ အမြစ်ပွားနာ ရောဂါအမျိုးမျိုးကို မခွဲမစိတ်၊ မဖြတ်မလှီး၊ စုတ်အပ်မထိုး၊ ဆေးရည်အမျိုးမျိုး ထိုးမသွင်း၊ အနာလုပ်မကျ၊ ဆွမကျ၊ အမြစ်သတ်၊ ဆေးအုံ၊ ဆေးအုပ်ထားရုံဖြင့် အမြစ်အားလုံး သေကျေပြီး အမြစ် မကျန်ရအောင် ကုသပေးနေတယ်။ အမြစ်တွေ အစုစုအပြုံပြုံ ထွက်လာအောင် ဆေးက ဆွဲစုပ်ပေးနိုင်တဲ့ ဆေးစွမ်းကောင်း ကိုယ့်ပြည်တွင်းမှာ ရှိနေတယ်။ ဂရင်ဂျီနာ၊ လိပ်ခေါင်း အတွင်း,အပြင် မခွဲမဖြတ်၊ မပူမစပ်၊ ရက်ပိုင်းအတွင်း သက်သာရမယ်။ ခရုသင်း၊ သမင်ဖြူ (၁၂)မျိုး၊ ကိုယ်အရေပြား၊ ဆင်နှင်းခူ၊ ဝဲနှင်းခူ (အစို၊ အခြောက်) မည်သည့်ရောဂါမျိုးကိုမဆို ဆေးမများစေရ၊ ကုထုံးမများစေရ၊ အနာနဲ့ဆေး တည့်အောင်ပေး ပျောက်ရေး မခက်ပါ၊ အနာနဲ့ဆေး ကိုက်အောင်ပေး သောက်ရေး မခက်ပါ။

**မကုသခင် လာရောက်ဆွေးနွေးပါ။**

အမှတ်-၄၄၄၊ ရွှေဘုံသာ(အထက်လမ်း)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း – ၀၉ ၂၅၂ ၀၆၇ ၇၃၀၊ ၀၉ ၃၁ ၀၇ ၃၆ ၁၉




www.burmeseclassic.com

www.burmeseclassic.com

# ဆရာကံရေး (ဝေဒသုတေသီ)

## သမီးတစ်ကောင် ဗေဒင်ဆောင်

သမီးတစ်ကောင် နွားတစ်ထောင်ဟု မြန်မာ ဆိုရိုးစကား ရှိပါသည်။ နွားတစ်ထောင်ကို ထိန်းသိမ်းစောင့်ရှောက်ရ ခက်သလို သမီးတစ်ကောင်ကိုလည်း စောင့်ရှောက်ထိန်းသိမ်းရ အလွန်ခက်သည်ဟု ဆိုလိုပါသည်။

နွားသည် အသိဉာဏ် မရှိ၊ ပြောရဆိုရ ခက်ခဲ၏။ ပြောစကားကို နားမလည်၊ စေတနာကို မသိပေ။ လူသည် အသိဉာဏ်ရှိ၏။ ပြောစကားကို နားလည်၏။ စေတနာကိုလည်း နားလည်ပေသည်။ သို့သော် အသိဉာဏ် ကင်းမဲ့ပြီး စေတနာစကားကို နားမလည်သောအခါ၌ကား နွားတစ်ထောင်ကို စောင့်ရှောက်ရသကဲ့သို့ အလွန်ခက်ခဲ


သည်။

မွေးဖွားစဉ်က-ကမ္ဘာ့ဗပဋိသန္ဓေ ပင်ကိုဉာဏ် ကောင်း မွန်နေပါလျက် နောက်မှ အသိဉာဏ် ကင်းမဲ့နေခြင်းသည် အဘယ့်ကြောင့်နည်း။ ဤသို့ မေးခွန်းထုတ်ကာ ကြည့်ပါလျှင် စာပေပညာရှင် အသိုင်းအဝိုင်းက စာမ လို့၊ စာဖတ်အားနည်းလို့ပါဟု အဖြေထုတ်မည် ထင်

သည်။

ဆေးပညာတတ် အသိုင်းအဝိုင်းက ဆိုပါမူကား အ ဟာရချို့တဲ့လို့၊ ဦးနှောက်အာရုံကြောများ အားနည်း စသည်ဖြင့် အဖြေထုတ်ပေလိမ့်မည်။ လူကြီးသူမအရွ ကဆို မိဘဆရာသမား မဆုံးမလို့ဟု အဖြေထုတ် ထင်ပါသည်။

ဗုဒ္ဓစာပေနှင့်နီးစပ်တဲ့ ဘာသာရေးအသိုင်းအဝိုင်း လောဘ၊ ဒေါသ၊ မောဟကြီးလို့ဟု အဖြေ ထုတ်မှာ သေချာပေသည်။ မှန်၏ လော





www.burmeseclassic.com

www.burmeseclassic.com

ဒေါသ၊ မောဟစိတ်များ လွန်ကဲလာလျှင် ထိုစဉ်ခဏ၌ အသိဉာဏ် ဆင်ခြင်တုံတရားများ ကြက်ပျောက် ငှက်ပျောက် ပျောက်သွားတတ်ပါသည်။

နဂိုမွေးလာတုန်းက ပင်ကိုအသိဉာဏ် ပြည့်စုံကောင်းမွန်ပါလျက် အသိဉာဏ် ကင်းမဲ့ကာ ဆင်ခြင်တုံတရား အားနည်းလာခြင်းသည်ကား လောဘ၊ ဒေါသ၊ မောဟစိတ်များ အားကောင်းလာသောကြောင့် မှန်ပါ၏။ ယင်းလောဘ၊ ဒေါသ၊ မောဟစိတ်များ အဘယ့်ကြောင့် ယခင်နှင့်မတူ တစ်မူထူးကာ အားကောင်းလာရပါသနည်း။ ဤသို့ တစ်ဆင့်တက်ကာ မေးခွန်းထုတ်ခဲ့ပါလျှင် အသက်ကြီးလာလို့ဟု ဖြေမည် ထင်ပါသည်။

မှန်သင့်သလောက် မှန်ပါသည်။

ဗုဒ္ဓစာပေ၌လည်း နွားဦးချိုသည် ပေါက်ခါစကနေပြီး တဖြည်းဖြည်းကြီးထွားလာသကဲ့သို့ လူတို့၏ လောဘ၊ ဒေါသ၊ မောဟ ကိလေသာများ တဖြည်းဖြည်း ကြီးထွားလာသည်ဟု ပြဆိုထားပါသည်။ သို့သော် လူတိုင်း တစ်ပြိုင်တည်း တစ်ပြေးညီ ကြီးထွားလာကြသည်ကား မဟုတ်ပေ။

ထို့ကြောင့် အခါအားလျော်စွာ မိုက်လုံးထွားလာရခြင်း အကြောင်းရင်းကို ဗေဒင်ပညာရှုထောင့်မှ အဖြေရှာကြည့်လျှင် အင်္ဂါ၊ စနေ၊ ရာဟု ပါပဂြိုဟ်တို့ ဘဝနှင့်စပ်ကာ အလုပ်လုပ်လာသောကြောင့်ဟု အဖြေထုတ်နိုင်ပါသည်။ မှန်၏၊ အဆိုပါ ပါပဂြိုဟ်တို့ မိမိဘဝနှင့်စပ်ကာ လက်စွမ်းပြလာလျှင် ပညာရှင်လည်း မနေသာ၊ ပညာမဲ့လည်း မနေအား၊ မမှားသင့်ဘဲ မှားတတ်ကြလေသည်။

ပြောလိုရင်းကတော့ စာပေကီစွဖြင့် ဂမ္ဘီရမဂ္ဂဇင်းတိုက်သို့ လာခဲ့ရာ ရန်ကုန်ရောက်ပြီး နောက်တစ်ရက် (၉-၆-၂၀၁၆) ဗုဒ္ဓဟူးနေ့၊ မွန်းလွဲ(၂)နာရီကျော်လောက်က ဖုန်းနံပါတ်အစိမ်းတစ်လုံး ဝင်လာပါသည်။

ထုံးစံအတိုင်း 'ဟဲလို၊ အမိန့်ရှိပါခင်ဗျာ' လို့ လက်ခံစကားဆိုလိုက်သည်နှင့် 'ဆရာ…ကျွန်မ အရေးကြီးလို့ပါ။ ဆရာ အိမ်မှာရှိပါလား ဆရာ'ဟု ဆိုလာပါသည်။

ရန်ကုန်ရောက်နေတုန်း အဲလိုပဲ လာတွေ့ကြတဲ့သူများကို သင့်တော်ရာကို ချိန်းလေ့ရှိတဲ့အတွက် အခုလည်း အနီးဆုံး အသင့်တော်ဆုံး တစ်နေရာကို ချိန်းမလို့ 'သမီး ဘယ်က လာမှာလဲ၊ ဘယ်က ဆက်တာလဲ သမီး'လို့ မေးလိုက်ပါသည်။

'ညောင်ပင်သာက ဆက်တာပါ'တဲ့။

အစကတော့ မှန်တာပြောရင် စာရေးသူ တွေဝေသွားပါသည်။ ရန်ကုန်အနီးအနားမှာ ညောင်ပင်သာလို့ မှတ်မှတ်ရရ မကြားမိ။

နောက်တော့မှ သတိရလာ၏။ ကျုံပျော်က ရွှေဖူးစာ ဗေဒင်ဟောခန်းကို ပြောတာနေမှာ။ ကျုံပျော်မြို့က ရပ်ကွက်တစ်ကွက်ရဲ့နာမည် ဖြစ်မယ်ထင်တယ်လို့ စဉ်းစားမိသွားပါသည်။

ထို့ကြောင့် 'ကျုံပျော်က ထင်တယ်'လို့ လှမ်းပြောလိုက်ပါသည်။

'ဟုတ်-ဆရာ၊ ကျုံပျော်ကပါ' ဆိုတော့မှ 'ဆရာက အခု ရန်ကုန်ရောက်နေတယ်'လို့ ပြောလိုက်ပါသည်။

အရေးကြီးလို့ပါဆိုတဲ့စကားကို ပြန်သတိရ၍ 'ဆရာ မနက်ဖြန် မနက်(၇)နာရီခွဲကားနဲ့ လိုက်လာမှာ။ သမီး မွန်းတည့်(၁၂)နာရီနောက်ပိုင်း လာခဲ့ပေါ့'လို့ ချိန်းလိုက်ပါသည်။

စာရေးသူ နေ့လယ်စာစားပြီး 'ဆရာ ရောက်ပြီ၊ လာလို့ရပြီ သမီး'လို့ ဖုန်းဆက်လိုက်ပါသည်။

မွန်းလွဲ(၂)နာရီကျော်မှ ရောက်လာ၏။

အမည်နာမနှင့် မွေးသက္ကရာဇ်၊ မွေးချိန်၊ မွေးဒေသများ ထည့်သွင်းပြီး ဇာတာဖွဲ့လိုက်ပါသည်။ ပြီးတော့ စာရေးသူရဲ့ မူဝါဒထုံးစံအတိုင်း စရိုက်လက္ခဏာ ကာရိုက်တာနှင့် ခန္ဓာကိုယ် တည်ဆောက်ပုံကို အရင်ဆုံး ဟောပြောလိုက်ပါသည်။ ဤအဟောများ ငါးဆယ်ရာခိုင်နှုန်း မှန်ခဲ့လျှင်လို့ စကားခံပြီး အတိတ်ကို အနည်းငယ် ဟောပါသည်။ ပြီးမှ ပစ္စုပ္ပန်နှင့် အနာဂတ်ကို တွဲဟောပါသည်။

ဟောပြောပြီး ယတြာမပေးခင် 'ကျန်တာ ဘာသိချင်သေးလဲ။ သိချင်တာ မေးပါ'လို့ ပြောလိုက်ပါသည်။


သည်တော့မှ 'ဆရာဟောတာ မှန်ပါတယ်။ ကျွန်မသမီးက ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ် တက်နေတာပါ။ အခု သူက ဆရာဟောသလိုပဲ နေမြဲနေရာမှာ မပျော်၊ လုပ်မြဲ မလုပ်ချင်၊ ကျောင်းတက်နေရင်းက ပျောက်သွားလို့ပါ ဆရာ'တဲ့။

ရာသီစက်ဇာတာပုံကို ကြည့်လိုက်ပါ။ ဗြိဿာ၌ တူစန်း၊ ရာဟုက ကမ္မဘာဝဖြစ်တဲ့ သိဟ်ရာသီမှာ ရပ်



www.burmeseclassic.com

www.burmeseclassic.com




တည်နေပါသည်။ သည်နှစ်ချက်ကို ကြည့်ရုံနှင့်ပင် ဗေဒင်ပညာရှင်များ ကောင်းကောင်းသဘောပေါက်သွားပါပြီ။ ဗြိဿာလဂ် ဆိုကတည်းက ကောဇာစနေဂြိုဟ် လဂ်ပေါ်စီးနင်းထားကြောင်း သိ၏။ မှန်၏၊ (၂-၁၁-၂၀၁၄)ကပင် ကောဇာစနေ စီးနင်းနေပါပြီ။ အဲဒီအချိန်ကပင် နေရာဒေသ၊ အလုပ်အကိုင် အပြောင်းအလဲ ဖြစ်တော့မည်ကို ပြသနေတော့၏။ ပြောင်းလည်း ပြောင်းခဲ့ရပေသည်။ ကျုံ့ပျော်ကနေ ရန်ကုန်သို့ ပြောင်းရွှေ့ခဲ့ရပေသည်။ အက်ဆီဒင့် ဖြစ်တတ်၏။

သို့သော် ဗေဒင်ဟောစဉ်က 'မဖြစ်ဘူး ဆရာ'လို့ သူ့ မိခင်က ပြောတော့ 'ဖြစ်တတ်တယ်နော်၊ သတိထားရမယ်'လို့ပဲ ပြောလိုက်ပါသည်။

ဤဆောင်းပါး ရေးသားနေစဉ်မှာတော့ အခုလို ပျောက်သွားတာ အက်ဆီဒင့်တစ်ခုခု ဖြစ်လို့များလားဟု တွေးတောနေမိပါသည်။ မဖြစ်ပါစေနှင့်လို့လည်း စိတ်ထဲက ဆုတောင်းနေမိပါသည်။ ကိုယ်ရေးကိုယ်တာ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ အောင်မြင်ဖို့ရာ မလွယ်ကူလှပေ။ မူလစနေကလည်း ပုတ္တရဘာဝတွင် ရပ်တည်နေပြန်၊ စနေထူလ၊ ဗုဒ္ဓဟူး အဋ္ဌမကလည်း ဖြစ်နေပြန်၊ အင်း..ပညာရေးပြီးဆုံးနိုင်ပါ့မလားလို့ မသိမသာ သက်ပြင်းချရင်း တွေးမိပြန်၏။

လက်ရှိအခြေအနေကလည်း ပညာရေး မပြီးဆုံးသေးဘဲ ကျောင်းတော်က ပျောက်ဆုံးနေပြန်တော့ ဟောကိန်းက စောင့်ကြည့်စရာမလိုဘဲ မှန်နေလေပြီဟု ဆိုရပေတော့မည်။ ထို့ထက်မက အရေးကြီးသည်က ပျောက်ဆုံးနေခြင်း အကြောင်းရင်းကို သိနိုင်ဖို့နှင့် မိဘများနှင့် ပြန်တွေ့နိုင်ဖို့ပင် မဟုတ်ပေလော။ စာရေးသူ သက်ပြင်းတစ်ချက်ချရင်း အကြောင်းတရားကို ရှာဖွေနေမိပါသည်။

ဇာတာရှင် သမီးလေးရဲ့ ရာသီစက်ဇာတာတွင် ရာဟု သည် သိဟ်ရာသီ(ကမ္မဘာဝ)၌ ရပ်တည်နေ၏။ ကော ရာဟုကလည်း (၂-၂-၂၀၁၆)ကပင် သိဟ်ရာသီသို့ ရောက်နေ၏။ ရာဟုကို ရာဟုစီးထားလေပြီ။ အလုပ် အကိုင်နှင့်ပတ်သက်တဲ့ ကမ္မဘာဝပေမို့ အလုပ်နှင့်ပတ် သက်တဲ့ အတွေးအခေါ် မှားလာမည်။ ယင်းအတွေးမှား ကိုင်ပြီး မှားယွင်းစွာ ဆုံးဖြတ်ချက်ချမိတဲ့အတွက် အခု မိဘဆရာသမားမသိရဘဲ ပျောက်ဆုံးနေခြင်း ဖြစ် မည်။

သူများမျက်ခုံးပေါ်မှာ စင်္ကြံလျှောက်ရမှ ကျေနပ် တတ်သူများ၊ သူများ မျက်ရည်ပေါက်ကြီးငယ် ကျတာ မြင်ရမှ ထမင်းစားဝင်သူများ၊ ရသာရင် ဘနံ့ဖူးလည်း သိုက်တူးတတ်သူများ၊ ဘယ်သူသေသေ ငတေမာရင်ပြီး ရောလို့ သဘောထားသူများ လောကကြီးထဲမှာ များများ ရှိနေ၏။ ထိုသူတို့တွင် မာယာ၊ ဝဉ္စနာ၊ သာဌေယျ၊ မုသာ ဝါဒ ဆိုတဲ့ လက်နက်ကောင်းများ ရှိ၏။ ယင်းလက် နက်များကို အသုံးပြုကာ မရှိတာကို အရှိလုပ်၊ မဟုတ်တာ ကို အဟုတ်လုပ်ပြီး မစားရ ဝခမန်း ပြောဆိုစည်းရုံးလေ့ ရှိပါသည်။

ထိုသူတို့၏ ယုံကြည်ချက်ကား ပိုက်ဆံရှိရင် ဘာ မဆို လုပ်လို့ရသည်ဟူ၍ ဖြစ်၏။ ရာဟုဂြိုဟ် စီးနင်းခြင်း ခံရသော လူငယ်အချို့သည်လည်း ပိုက်ဆံရရင် ဘာမဆို လုပ်မယ်လို့ လွဲမှားစွာ ဆုံးဖြတ်မိတတ်ပါသည်။ ပိုက်ဆံ ရှိရင် ဘာမဆိုဖြစ်တယ်ဆိုသူနှင့် ပိုက်ဆံရရင် ဘာမဆို လုပ်မယ် ဆိုသူတို့ ပေါင်းဖက်တွေ့ဆုံသွားပါက မကောင်း မှုဟူသမျှအားလုံး ဖြစ်သွားပေသည်။ ထိုအထဲတွင်များ ဇာတာရှင် သမီးငယ် ပါသွားလေပြီလားလို့ စာရေးသူ မသက်မသာ တွေးမိပါသည်။

လင်နောက်များ လိုက်သွားလို့လားဟု စာရေးသူ လုံးဝမတွေးပါ။ အဘယ့်ကြောင့်ဆိုသော် လင်နောက်လိုက် နိုင်ခြေရှိကြောင်း ဇာတာက မဖော်ပြသောကြောင့် ဖြစ် ပါသည်။ စနေလဂ်ကို စီးနင်းထား၍ အက်ဆီဒင့် ဖြစ် ဖြစ်၊ မဖြစ်ရင် ကမ္မဘာဝတွင် ရာဟုကို ရာဟုစီးနင်းထား ၍ အလုပ်နှင့်ပတ်သက်တဲ့ အမှားကြီးတစ်ခု လုပ်မိသွား သား ဖြစ်နေမည်။ ယင်းအမှားကြောင့် လွတ်အောင် ရှာ

www.burmeseclassic.com

www.burmeseclassic.com

ခွင့် မရှိတော့တဲ့ ထောင်ချောက်တွင်း ကျရောက်သွားခြင်း ဖြစ်နိုင်ခြေ များ၏။

ရာဟုစီးနင်းနေတဲ့ ကမ္ဘာဘဝကို စနေ (၁၀)တန့် မြင်ထား၍ ထောင်ချောက်သဖွယ်ဖြစ်တဲ့ အလုပ်တွင် ရည်စက်လက်ဖြင့် လုပ်ကိုင်နေရဖို့ များပါသည်။ နီဘဝကို စနေ (၇)တန့် လှမ်းမြင်ထား၍ အဆက်သွယ်မရအောင် ဖုန်းကိုပါ ဖြတ်တောက်သိမ်းဆည်းခြင်း ခံနေရဟန်တူပါသည်။

မည်သို့ပင်ဖြစ်စေ စာရေးသူ အတတ်နိုင်ဆုံး ကြိုးပြီး အစီအမံလုပ်ပေးထားလိုက်ပါသည်။ (၁၈)ရက်တွင်း နေ့စဉ် ညတိုင်းပင် သူ့အတွက် ရည်ရွယ်ပြီး ပရိတ်ကြီး(၁၁)သုတ်၊ မဟာသမယသုတ်၊ ပဋ္ဌာန်းပစ္စယ ဒေသများကို ရွတ်ဖတ်ပူဇော်ပေးပါသည်။

ဗေဒင်ပညာ အမြင်အရ စာရေးသူ တွေးချင်သလို တွေးပြီး ပြောချင်သလို ပြောပြီးသွားပါပြီ။ မသေချာရာတော့တဲ့ အနေအထားကို ပြောနေရခြင်းထက် သေချာသည်ကို တင်ပြရသည်က ပိုကောင်း၏။ ဘဝအတွက် အသုံးချလျှင် အသုံးဝင်နိုင်ပေသည်။ မတင်ပြသေးခင် ပြောချင်တာကို အလျှင်ပြောပြချင်ပါသည်။ အပြစ်တင်လေသံ ပါနေလျှင် နားလည်ခွင့်လွှတ်ပေးပါလို့ ဦးစွာ တောင်းပန်ရပ်ခံပါသည်။

အချို့က ဗေဒင်ကို ဘဝအသုံးချပညာဟု မမြင်တတ်ကြပေ။ နွားပျောက်၊ ကျွဲပျောက်၊ ရွှေငွေဥစ္စာ ပျောက်သောအခါမှ ဗေဒင်မေးကောင်းသည်ဟု ထင်မှတ်နေကြ၏။ အချို့ကား ဆိုးကျိုးဆိုးပြစ်များကို မချိတင်ကဲ ခံတတ်ပြီ ခံစားပြီးမှ ရောဂါကုထုံးသဖွယ် ထင်မှတ်ကာ ဖြစ်ပြီးသေဒနာကို ကုစားရန် လာမေးတတ်ကြပေသည်။ အမှန်တော့ ဗေဒင်ပညာသည် ကုသခြင်းထက် ကာကွယ်ခြင်းကို အလေးထားတဲ့ပညာရပ် ဖြစ်ပါသည်။

ယခု စာရေးသူ တင်ပြနေတဲ့ ဇာတာရှင်သည် အကယ်၍ တစ်နှစ်တစ်ကြိမ် ဗေဒင်ပညာဖြင့် ဘဝကို အမြဲရှုခဲ့ပါမူကား အမှား၊ အမှောင်၊ အမိုက်သို့ ကျရောက်လိမ့်မည် မဟုတ်ပေ။ ဗေဒင်ဆရာအား ငါးထောင် ပေးရခြင်းကို ဝန်လေးနေသူတို့သည် ငါးသိန်းမက ကုန်ရကိန်း ဆိုက်သွားသည်က များ၏။ ဟုတ်၊မဟုတ် ကိုယ်တိုင်သာ စဉ်းစားပါတော့၊ စာရေးသူက ငါ့စကား နွားရ မပြောလိုပါ။

သမီးတစ်ကောင် နွားတစ်ထောင်သို့ စိတ်မညစ်ရအောင် သမီးတစ်ကောင်တွက် ဗေဒင်ကို ဆောင်ထားပါဟု တိုက်တွန်းပါရစေ။ ဆောင်းပါးပါ ဇာတာရှင်ကဲ့သို့ သိဟ်ရာသီတွင် ရာဟုရပ်တည် မွေးဖွားလာသူများသည် ဇာတာရှင်ကဲ့သို့ပင် ရာဟုကို ရာဟုစီးနင်းခြင်း ခံနေရသူများ ဖြစ်ပါသည်။ (၂-၂-၂၀၁၆)မှ (၂၀-၈-၂၀၁၇)အထိ (၁၈)လတိုင်တိုင် စီးနင်းနေလိမ့်မည်။

စီးနင်းခံနေရသူများ ကို မွေးဖွားရာ ခုနှစ်၊ လ၊ ရက်များဖြင့် အတိအကျ ဖော်ပြရလျှင်-

၁။ (၈-၉-၁၉၄၁)-(၂၈-၄-၁၉၄၃)အတွင်း မွေးသူများ၊

၂။ (၁၅-၄-၁၉၆၀)-(၂-၁၁-၁၉၆၁)အတွင်း မွေးသူများ

၃။ (၂၀-၄-၁၉၇၈)-(၉-၆-၁၉၈၀)အတွင်း မွေးသူများ၊

၄။ (၂၇-၆-၁၉၉၇)-(၁၄-၁-၁၉၉၉)အတွင်း မွေးသူများ

အားလုံး ဖြစ်ပါသည်။

ထိုတွင် အမှတ်(၁)ပြ ခုနှစ်၊ လ၊ ရက်များအတွင်း မွေးသူများသည် သက်ကြီးပိုင်းတွင် ရောက်နေသူများဖြစ်၍ ငယ်ရွယ်များကဲ့သို့ စိုးရိမ်စရာ သိပ်မရှိနိုင်တော့ပေ။ နိုင်ငံရေးနှင့် ဆက်နွယ်သူများ အချုပ်အနှောင်ခံရတတ်၏။ သာမန်လူများကတော့ အစာအိမ်လေနာ လေထိုး လေအောင့် လေဖြတ် စတဲ့ ကျန်းမာရေး သတိထားရန်မျှသာ ရှိပေသည်။

အမှတ်(၂)ပြ ခုနှစ်၊ လ၊ ရက်များတွင် မွေးလာသူများသည် လူလတ်ပိုင်းဝင်များဖြစ်၍ လူကြီးပိုင်းနှင့်မခြား အလားတူ ဖြစ်တတ်ပါသည်။

အမှတ်(၃)ပြ ခုနှစ်၊ လ၊ ရက်များတွင် မွေးလာသူများကား ဘဝအားမာန် တက်ကြွနေသူများဖြစ်၍ လူကြီးပိုင်း၊ လူလတ်ပိုင်းတို့ထက် ပို၍များတတ်ပါသည်။ အချုပ်အနှောင်၊ အမှုအခင်း၊ ပြဿနာများနှင့် အများဆုံး ဆက်စပ်နေတတ်ပါသည်။

အမှတ်(၄)ပြ ခုနှစ်၊ လ၊ ရက်များတွင် မွေးဖွားလာသူများကား အသိမကြွယ်၊ အရွယ်မရောက်သေးသူများ ဖြစ်ပါသည်။ ဘဝကို လက်တည့်စမ်းချင်သလို အရွယ် အတွက် မိုက်ပြချင်သည့် အရွယ်လည်း ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

အများကို အမှန်ထင်တတ်သော ဤအရွယ်များကို သက်ဆိုင်ရာ မိဘ၊ ဆရာသမားများက လက်လွှတ်မထားသင့်ပေ။ သူတို့ကိုယ်တိုင်က ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ လောကအတွင်း၌ အမှန်တကယ်ရှိနေသော မကောင်းကျိုး ဆိုးပြစ်များကို လက်တွေ့ပြကာ ဆိုဆုံးမသင့်ပါသည်။

သူတို့ သိသိ၊ မသိသိ လူကြီးမိဘများ သိထားသင့်၏။ သိသည့်အတိုင်း သွန်သင်သင့်၏။ သူတို့ လက်မခံလည်း သူတို့ရဲ့ ဘဝကို ဗေဒင်ပညာဖြင့် အဖြေရှာကာ နည်းလမ်း ဥပါယ်တံမျဉ် တစ်မျိုးမျိုးဖြင့် အမှားသို့မရောက်အောင် တားဆီးပိတ်ပင်ကာ အမှန်သို့ရောက်အောင် တွန်းပို့ပေးသင့်ပါသည်။ အထူးအားဖြင့် သမီးမိန်းကလေး မွေးထားတဲ့ မိဘများ အလေးထားကာ စဉ်းစားသင့်ပါသည်။

အသွားမတော် တစ်လှမ်း၊ အစားမတော် တစ်လုတ် ဆိုသည် မဟုတ်ပေလော။ ခုခေတ်သည်ကား ထိုစကားအတွက် မှန်ကန်ချက် ပိုခိုင်မာ၏။ သတင်းစာ၊ ဂျာနယ်၊ စာစောင်၊ အင်တာနက်အွန်လိုင်းပေါ်တွင် နေ့စဉ်လိုလို မြင်တွေ့ကြားသိနေရ၏။

ဘယ်မြို့နယ်က ဘယ်သူ့သမီး၊ ဘယ်သူ့တူမ ဘယ်နေရာမှာ ရောင်းစားခံနေရသတဲ့။ ဘယ်ကောင်မလေးကတော့ သူချစ်သူရည်းစားကို ယုံစားလို့ မိဘမသိအောင် လိုက်သွားလိုက်တာ ခုတော့ ကေတီဗွီ ကာရာအိုကေမှာ ဘဝပျက်နေရှာသတဲ့။ တို့ဆေး၊ ရှူဆေး၊ ထိုးဆေးမိလို့ ဘဝပျက်သွားသတဲ့·· စသည့်··စသည့် သတင်းများ မဖတ်ချင်အဆုံး ရင်နာဖွယ်ရာ တွေ့မြင်ကြားသိနေရ၏။

ထိုသို့ မဖြစ်သင့်သည်များ ဖြစ်သွားခြင်းသည် ရာဟု၊ စနေဆိုတဲ့ ပါပဂြိုဟ်ဆိုးများ ဘဝကို ခြယ်လှယ်လာတဲ့အခါ ဖြစ်သွားခြင်းက များပါသည်။

ရာဟု၊ စနေ ပါပဂြိုဟ်ဆိုးများ စီးနင်းခံရသူတိုင်း ထိုသို့မဖြစ်သော်လည်း ထိုသို့ဖြစ်သူတိုင်းကား ရာဟု၊ စနေ စီးနင်းထားသူများပင် ဖြစ်ပေသည်။ မယုံလျှင် သုတေသနပြုကြည့်ပါ။ စာရေးသူ ပြောချင်တာက တစ်နှစ် တစ်ခါလောက် သားသမီးတို့ရဲ့ ဘဝကို ဗေဒင်ပညာဖြင့် အဖြေရှာကြည့်စေချင်ပါသည်။

ဗေဒင်ဆရာ စားပေါက်ထွင်သည်ဟု မထင်ပါနှင့်။ ငါးသိန်းမကုန်ဘဲ ငါးထောင်တည်းနှင့်ပြီးအောင်၊ ကိုယ်စိတ် နှစ်ဖြာ လွန်စွာဆင်းရဲခြင်းလည်း မရှိရအောင် လောကစံကြမ်း ဂုဏ်မနွမ်းရလေအောင် စေတနာစကား ဆိုခြင်းမျှသာ ဖြစ်ပါသည်။

ယခုတင်ပြသော ဇာတာရှင်သည် စနေပါပဂြိုဟ်က လည်း လဂ်ကိုစီး၊ ရာဟုချင်းကလည်း ကမ္မဘာဝ လာပြီး စီးနင်းနေ၊ သောမဂြိုဟ် အမြင်လည်း မရှိ အတိဒုက္ခရောက်ရ၏။ ရာဟုဂြိုဟ် စီးနင်းသည့် တေးထပ် အဆုံးပိုဒ်လေးကိုပဲ ဖတ်ကြည့်ပါဦး။

"သူရိန္ဒနတ် သူဆိုးပုံကို၊ လူမျိုးစုံ ကုန်သိငဲ့၊ ဂုဏ် တဲ့ ပါပဂြိုဟ်၊ စီးခိုက်မိုင်ငြို့ ကြမ္မာစ အဟောင်းဆိုမ မကောင်းကို အကုန်ဟောပါတော့လေး"တဲ့။

မိုက်ဂုဏ်ရှိတဲ့ ပါပဂြိုဟ် ရာဟုစီးနင်းလျှင် ဟိုးရှေး ယခင်က ကံကြမ္မာဟောင်းတွေ နှစ်ထောင်းအားရှာ နှိပ်စက်တော့မှာမို့ မကောင်းကျိုး ဆိုးပြစ်ဆိုရင် အကုန် ဟောလိုက်ပါလို့ ဗေဒင်ဆရာကို သင့်ပြနေပါသည်။ အတိုင်းပင် ဟောရ၏။ ဟောတဲ့အတိုင်း မှန်သည် များ၏။

အကယ်၍ သိထားလျှင် ယာယီယတြာလည်း နိုင်၏။ မိမိကိုယ်ပိုင်ဉာဏ်ဖြင့်လည်း ဆင်ခြင်နိုင်၏။ အပြင် ကံကိုကံချင်း တုပဖြေရှင်းသည့်အနေဖြင့် ကုသိုလ် ကောင်းမှုများကို ပြုလုပ်နိုင်၏။ ကုသိုလ်ကံ အခွင့်အလမ်း များ ဝင်လာပါက အကုသိုလ်များ နောက်ဆုတ်ပေးရ နောက်ဆုတ်ပေးရတဲ့ အကုသိုလ်ကံသည်ကား အကျိုး ပေးရမည့်အချိန်၌ အကျိုးမပေးနိုင်ခဲ့၍ အဟောသိကံ ဖြစ်သွားရပေသည်။

ထို့ကြောင့် ဂြိုဟ်ဆိုးတို့ရဲ့ ဆိုးကျိုးဆိုးပြစ်များ ကင်း နှင့်ကိုယ့်မိသားစု၊ ကိုယ့်ဝန်းကျင်သို့ ကျရောက်မလာ တော့ချေ။ ဗေဒင်ပညာနှင့် ကမ္မနိယာမ ဆက်စပ်နေပုံ လည်း သိထားသင့်၏။ သိထားစေချင်ပါသည်။ သို့မှ ဘေးမထိခင် အသိဦးနိုင်ပေမည်။


စေတနာရှင်းကို လိုတိုရှင်းပြောပါက သမီး ကောင် နွားတစ်ထောင် မဖြစ်ရအောင် ဗေဒင်ကို စေချင်ပါသည်။

ရွှင်လန်းချမ်းမြေ့ကြပါစေ
ဆရာကံထူး(ဝေဒသု
ဖုန်း - ၀၉ ၄၀၁



www.burmeseclassic.com

www.burmeseclassic.com



ဆရာရန်အောင်ဟိန်း(B.Sc)

(၂၀၁၆)ခုနှစ်၊ ဒီဇင်ဘာလအတွင်း

# မနေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ် လက်နှင့်မွန်းတည့်မျဉ်းဖြတ်ကျော

(၂၀၁၆)ခုနှစ်၊ ဒီဇင်ဘာလအတွင်း မနေသိဒ္ဓိနက္ခတ် နယ်ပယ်ပေါ် လက်နှင့် မွန်းတည့်မျဉ်း ဖြတ်ကျော်မည့် အချိန်ဇယားကို နေ့စဉ်နေ့တိုင်းအတွက် အထူးတွက်ချက် ဖော်ပြပေးလိုက်ပါသည်။ ယင်းကာလများအတွင်း မဟာဝေဒဗ္ဗမန္တန်၊ စူဠဝေဒဗ္ဗမန္တန်၊ လာဘ်ဝင်မန္တန်များ၊ ရှင်သီဝလိပရိတ်တော် စသည်များ ရွတ်ပွားခြင်းဖြင့် အကျိုးထူးများစွာ ခံစားရပါလိမ့်မည်။

အထူးမှာ (၅-၁၂-၂၀၁၆) (၁၁း၁၅း၅၀)နာရီမှ (၆-၁၂-၂၀၁၆) (၁၂း၀၈း၁၁)နာရီအတွင်းတွင် စန်း (ခေါ်) တနင်္လာဂြိုဟ်သည် ကောဇာသွားခြင်းဖြင့် မနေသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ်သို့ ဖြတ်ကျော်စီးနင်းနေပါလိမ့်မည်။

သို့ဖြစ်ပါ၍ လက်ဖြတ်ကျော်ခြင်းအတွက် (၅-၁၂-၂၀၁၆) နံနက်(၁၀း၄၂း၁၀)နာရီမှ (၁၁း၂၈း၁၁) နာရီအတွင်းနှင့် မွန်းတည့်မျဉ်းဖြတ်ကျော်ခြင်းအတွက် (၅-၁၂-၂၀၁၆) ညနေ(၄း၂၅း၄၆)နာရီမှ (၁၇း၁၇း၂၅) နာရီအတွင်းတို့တွင် လာဘ,နေဆိုင်ရာ ဂါထာ၊ မန္တန်များ ရွတ်ပွားခြင်း၊ ယတြာအစီအရင်များ ပြုလုပ်ခြင်းဖြင့် အကျိုးထူးများစွာ ကေန်မုချ ခံစားရပါလိမ့်မည်။

**ဆရာရန်အောင်ဟိန်း(B.Sc)**



www.burmeseclassic.com

www.burmeseclassic.com

## (၂၀၁၆)ခုနှစ်၊ ဒီဇင်ဘာလအတွင်း

[illegible]

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၁၁:၀၁:၄၉ | ၁၁:၄၇:၅၀ |
| ၂ | ၁၀:၅၇:၅၃ | ၁၁:၄၃:၅၄ |
| ၃ | ၁၀:၅၃:၅၇ | ၁၁:၃၉:၅၈ |
| ၄ | ၁၀:၅၀:၀၁ | ၁၁:၃၆:၀၂ |
| ၅ | ၁၀:၄၆:၀၅ | ၁၁:၃၂:၀၇ |
| ၆ | ၁၀:၄၂:၁၀ | ၁၁:၂၈:၁၁ |
| ၇ | ၁၀:၃၈:၁၄ | ၁၁:၂၄:၁၅ |
| ၈ | ၁၀:၃၄:၁၈ | ၁၁:၂၀:၁၉ |
| ၉ | ၁၀:၃၀:၂၂ | ၁၁:၁၆:၂၃ |
| ၁၀ | ၁၀:၂၆:၂၆ | ၁၁:၁၂:၂၇ |
| ၁၁ | ၁၀:၂၂:၃၀ | ၁၁:၀၈:၃၁ |
| ၁၂ | ၁၀:၁၈:၃၄ | ၁၁:၀၄:၃၅ |
| ၁၃ | ၁၀:၁၄:၃၈ | ၁၁:၀၀:၃၉ |
| ၁၄ | ၁၀:၁၀:၄၂ | ၁၀:၅၆:၄၃ |
| ၁၅ | ၁၀:၀၆:၄၆ | ၁၀:၅၂:၄၈ |
| ၁၆ | ၁၀:၀၂:၅၁ | ၁၀:၄၈:၅၂ |
| ၁၇ | ၉:၅၈:၅၅ | ၁၀:၄၄:၅၆ |
| ၁၈ | ၉:၅၄:၅၉ | ၁၀:၄၁:၀၀ |
| ၁၉ | ၉:၅၁:၀၃ | ၁၀:၃၇:၀၄ |
| ၂၀ | ၉:၄၇:၀၇ | ၁၀:၃၃:၀၈ |
| ၂၁ | ၉:၄၃:၁၁ | ၁၀:၂၉:၁၂ |
| ၂၂ | ၉:၃၉:၁၅ | ၁၀:၂၅:၁၆ |
| ၂၃ | ၉:၃၅:၁၉ | ၁၀:၂၁:၂၀ |
| ၂၄ | ၉:၃၁:၂၃ | ၁၀:၁၇:၂၄ |
| ၂၅ | ၉:၂၇:၂၇ | ၁၀:၁၃:၂၉ |
| ၂၆ | ၉:၂၃:၃၂ | ၁၀:၀၉:၃၃ |
| ၂၇ | ၉:၁၉:၃၆ | ၁၀:၀၅:၃၇ |
| ၂၈ | ၉:၁၅:၄၀ | ၁၀:၀၁:၄၁ |
| ၂၉ | ၉:၁၁:၄၄ | ၉:၅၇:၄၅ |
| ၃၀ | ၉:၀၇:၄၈ | ၉:၅၃:၄၉ |
| ၃၁ | ၉:၀၃:၅၂ | ၉:၄၉:၅၃ |

## (၂၀၁၆)ခုနှစ်၊ ဒီဇင်ဘာလအတွင်း

[illegible]

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၁၆:၄၁:၃၀ | ၁၇:၃၃:၀၈ |
| ၂ | ၁၆:၃၇:၃၄ | ၁၇:၂၉:၁၂ |
| ၃ | ၁၆:၃၃:၃၈ | ၁၇:၂၅:၁၇ |
| ၄ | ၁၆:၂၉:၄၂ | ၁၇:၂၁:၂၁ |
| ၅ | ၁၆:၂၅:၄၆ | ၁၇:၁၇:၂၅ |
| ၆ | ၁၆:၂၁:၅၀ | ၁၇:၁၃:၂၉ |
| ၇ | ၁၆၁၇:၅၅ | ၁၇:၀၉:၃၃ |
| ၈ | ၁၆:၁၃:၅၉ | ၁၇:၀၅:၃၇ |
| ၉ | ၁၆:၁၀:၀၃ | ၁၇:၀၁:၄၁ |
| ၁၀ | ၁၆:၀၆:၀၇ | ၁၆:၅၇:၄၅ |
| ၁၁ | ၁၆:၀၂:၁၁ | ၁၆:၅၃:၄၉ |
| ၁၂ | ၁၅:၅၈:၁၅ | ၁၆:၄၉:၅၃ |
| ၁၃ | ၁၅:၅၄:၁၉ | ၁၆:၄၅:၅၈ |
| ၁၄ | ၁၅:၅၀:၂၃ | ၁၆:၄၂:၀၂ |
| ၁၅ | ၁၅:၄၆:၂၇ | ၁၆:၃၈:၀၆ |
| ၁၆ | ၁၅:၄၂:၃၁ | ၁၆:၃၄:၁၀ |
| ၁၇ | ၁၅:၃၈:၃၆ | ၁၆:၃၀:၁၄ |
| ၁၈ | ၁၅:၃၄:၄၀ | ၁၆:၂၆:၁၈ |
| ၁၉ | ၁၅:၃၀:၄၄ | ၁၆:၂၂:၂၂ |
| ၂၀ | ၁၅:၂၆:၄၈ | ၁၆:၁၈:၂၆ |
| ၂၁ | ၁၅:၂၂:၅၂ | ၁၆:၁၄:၃၀ |
| ၂၂ | ၁၅:၁၈:၅၆ | ၁၆:၁၀:၃၄ |
| ၂၃ | ၁၅:၁၅:၀၀ | ၁၆:၀၆:၃၈ |
| ၂၄ | ၁၅:၁၁:၀၄ | ၁၆:၀၂:၄၃ |
| ၂၅ | ၁၅:၀၇:၀၈ | ၁၅:၅၈:၄၇ |
| ၂၆ | ၁၅:၀၃:၁၂ | ၁၅:၅၄:၅၁ |
| ၂၇ | ၁၄:၅၉:၁၇ | ၁၅:၅၀:၅၅ |
| ၂၈ | ၁၄:၅၅:၂၁ | ၀၅:၄၆:၅၉ |
| ၂၉ | ၁၄:၅၁:၂၅ | ၁၅:၄၃:၀၃ |
| ၃၀ | ၁၄:၄၇:၂၉ | ၁၅:၃၉:၀၇ |
| ၃၁ | ၁၄:၄၃:၃၃ | ၁၅:၃၅:၁၁ |

www.burmeseclassic.com

# အော်တစ်ဇန်ရောဂါ နှင့် ကော.ဒီ စနစ်အရ ဆန်းစစ်ဝေဖန်ပြခြင်း

ဘာရာရန်အောင်ပါန်း(B.Sc)

အော်တစ်ဇန် ရောဂါမှာ ကလေးများ ဉာဏ်ရည်မမီ၊ အရွယ်နှင့် ကိုက်ညီသော ရင့်ကျက်မှုအရ အပြုအမူ ပုံမှန်မဟုတ်ခြင်းကို ဖော်ပြသော ရောဂါမျိုးဖြစ်သည်။ ကလေးဘဝတွင်ပင် ကျိန်စာသင့်ခံရသကဲ့သို့ ခံစားရသည်ဟု တင်စားပြောဆိုတတ်ကြသည်။

များသောအားဖြင့် ကလေး (၃)နှစ်အရွယ် မရောက်မီတွင် ရောဂါလက္ခဏာများ စပြတတ်ပြီး ဘဝတစ်လျှောက်လုံး ခံစားသွားရတတ်သည်။ ရောဂါလက္ခဏာများစွာ ကျယ်ပြန့်လှပြီး သိမ်မွေ့သော လက္ခဏာမှသည် မိမိဘာသာ စွမ်းဆောင်ရည် ကင်းမဲ့သည်ထိ ပြင်းထန်တတ်သည်။ ယေဘုယျအားဖြင့် အောက်ပါရောဂါလက္ခဏာများ တွေ့မြင်ရတတ်သည်။

* စကားပီသအောင် မပြောနိုင်ခြင်းမှသည် လုံးဝစကားမပြောနိုင်သည်အထိ ဖော်ပြတတ်သည်။

* အချို့စကားကို ပလုံးပထွေး ပြောနိုင်သော်လည်း ဘာသာစကားများကို နားမလည်နိုင် ဖြစ်နေတတ်သည်။

* စကားသံထွက်အောင် မပြောနိုင်၍ လက်ဟန်ကိုယ်ဟန် အမူအရာဖြင့်သာ ဆက်သွယ်ရခြင်းမျိုး ရှိတတ်သည်။

* ပတ်ဝန်းကျင်နှင့် ရောထွေး အဆင်ပြေအောင် နေ၍မရနိုင် ဖြစ်တတ်သည်။

* မိတ်ဆွေ၊ သူငယ်ချင်း မဖွဲ့နိုင်၍ အထီးကျန်စွာနေရတတ်သည်။

* ပတ်ဝန်းကျင်၊ နေထိုင်ရာနေရာ ပြောင်းလဲရလျှင် အံမဝင်ဘဲ ပြဿနာကြုံရတတ်သည်။

* ခန္ဓာကိုယ် အမူအရာ (ဝါ) အပြုအမူ တစ်ခုခုကို ထပ်တလဲလဲ လုပ်ဆောင်တတ်သည်။ ဥပမာ-လက်လှုပ်ခါခြင်း၊ ခေါင်းတခါခါ လုပ်ခြင်းမျိုး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အော်တစ်ဇန်(autism) ရောဂါသည် စိတ်ရောဂါ အမျိုးအစားတစ်ခုဖြစ်ပြီး မျိုးဗီဇနှင့်လည်း တစ်စိတ်တစ်ပိုင်း သက်ဆိုင်တတ်သည်။ ယင်းရောဂါ ခံစားရသူများအတွက် ဆေး နက္ခတ်ဗေဒင်ပညာ၏ အထောက်အကူကို ရယူသင့်သည်။

အော်တစ်ဇန်ရောဂါ ခံစားရသူများသည် တေးဂီတ၊ အနုပညာ စသည့် ပညာရပ် တစ်ခုခုတွင် ကျွမ်းကျင်တတ်ကြသည်။ သို့အတွက် နက္ခတ်ဗေဒင်ပညာက ကျွမ်းကျင်နိုင်ရာ အကြောင်းအရာကို ရှာဖွေရာတွင် အထောက်အကူပြုပေးနိုင်ပါသည်။

**နက္ခတ်ဗေဒင်ပညာ၏ ဖော်ညွှန်းပြချက်များ**

၁။ လဂ်သခင်ဂြိုဟ်နှင့် အင်္ဂါဂြိုဟ်၊
၂။ ဗုဒ္ဓဟူးဂြိုဟ်၊
၃။ စနေဂြိုဟ်၊
၄။ တနင်္လာဂြိုဟ်၊
၅။ ရာဟုဂြိုဟ်၊
၆။ တနင်္ဂနွေနှင့် ဗုဒ္ဓဟူးဂြိုဟ်တို့ ဆက်သွယ်ပတ်သက်မှု၊
၇။ (၂)တန့်သခင်ဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ် (သို့မဟုတ်) ကြာသပတေးဂြိုဟ်တို့ ဒုဋ္ဌာနအိမ်များတွင် ရပ်တည်ခြင်း၊ (သို့မဟုတ်) မကောင်းသော အမြင်အယှဉ်ခံရခြင်း၊
၈။ မေထုန်၊ ကန်၊ မိန်ရာသီများ။

အထက်ဖော်ပြပါ အချက်များကို ပေါင်းရုံးသုံးသပ်၍ ဇာတာတစ်စောင်တွင် အော်တစ်ဇန်ရောဂါ ခံစားရနိုင်ခြင်း ရှိ/မရှိ၊ ကလေးဖွားမြင်ပြီးကတည်းက ဇာတာဖွဲ့၍ သုံးသပ်ကြည့်ပေးနိုင်ပါသည်။

**ဘေ-ပီ စနစ်နှင့် ရောဂါဝေဒနာ**

၁။ လဂ် (သို့မဟုတ်) (၆)တန့် ဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် (၆၊ ၈၊ ၁၂)တန့် ဘာဝများမှ တစ်ခုခုအတွက် အကျိုးဆောင်ခြင်း (သို့မဟုတ်) ဆက်နွယ်ပတ်သက်မှု ရှိခြင်းသည် ရောဂါခံစားရခြင်း၏ အကြောင်းရင်း ဖြစ်သည်။

၂။ ရောဂါ၏ သဘာဝကို (၆)တန့်ဘာဝ သန္ဓိဘုတ္တိ နက္ခတ်သခင်ဂြိုဟ်က ဖော်ပြပေးသည်။

၃။ (၆)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည်-

* စနေဂြိုဟ်ဖြစ်ခြင်း (ဝါ) စနေဂြိုဟ်နှင့် တစ်နည်းနည်းဖြင့် ပတ်သက်ခြင်းရှိပါက နာတာရှည်ရောဂါမျိုးကို ခံစားရမည်။




* အင်္ဂါဖြစ်ခြင်း (ဝါ) အင်္ဂါဂြိုဟ်ဖြင့် တစ်နည်းနည်းဖြင့် ပတ်သက်လျှင် ပြင်းထန်သော ရောဂါကို ခံစားရမည်။

* ဗုဒ္ဓဟူးဖြစ်ခြင်း (ဝါ) ဗုဒ္ဓဟူးဂြိုဟ်နှင့် ပတ်သက်မှု တစ်ခုခုရှိခြင်းဖြစ်လျှင် ရှုပ်ထွေးသော ရောဂါမျိုးကို ခံစားရမည်။

၄။ ရောဂါကို (၁)တန်နှင့် (၆)တန့်ဘာဝ (သို့မဟုတ်) (၁)တန့်နှင့် (၈)တန့်ဘာဝ (သို့မဟုတ်) (၁)တန့်နှင့် (၁၂)တန့်ဘာဝတို့၏ ပူးတွဲဒသာ ကာလများတွင် ကြုံတွေ့ခံစားရမည်။

၅။ ရောဂါကုသ ပျောက်ကင်းခြင်းကို (၅)တန့် (သို့မဟုတ်) (၁၁)တန့်ဘာဝဖြင့် ဆုံးဖြတ်ရသည်။

၆။ လဂ်သည် ပထမဆုံး ရာသီဦး မိဿ၊ မေထုန် (တတိယမြောက်ရာသီ)၊ ကန် (ခြောက်ခုမြောက်ရာသီ)၊ မိန် (၁၂-ခုမြောက်ရာသီ)တို့နှင့် ပတ်သက်ဆက်စပ်မှုကို ဆန်းစစ်ရမည်။

**ဘာဝများကို ဆန်းစစ်ခြင်း**

ရောဂါဝေဒနာအတွက် အောက်ပါ ဘာဝများကို ဆန်းစစ်ရမည်။

လဂ်၊ (၆)တန့်၊ (၈)တန့်၊ (၁၂)တန့် ဘာဝများဖြစ်သည်။


အော်တစ်ဇန်ရောဂါအတွက် ဆိုပါက (၃)တန့် (အနိမ့်ပိုင်းစိတ်၊ ပြောဆိုလှုပ်ရှား ဆက်သွယ်မှု)၊ (၉)တန့် (အမြင့်ပိုင်းစိတ်)၊ (၅)တန့် (အသိဉာဏ်နှင့် တွေးခေါ်နိုင်မှု

www.burmeseclassic.com

www.burmeseclassic.com




miss autism




စွမ်းအား)တို့ကိုပါ ဆန်းစစ်ရမည်။

**ဂြိုဟ်များ ပါဝင်ပတ်သက်မှု**

* ၁နွေဂြိုဟ် - ယေဘုယျခံနိုင်ရည်စွမ်းအား၊ ကိုယ်အင်္ဂါ၊ ရုပ်ခန္ဓာစနစ်၏ အထွေထွေသန့်စွမ်းမှု။
* ၂လာဂြိုဟ် - စိတ်၊ တွေးခေါ်မှုပုံစံ။
* အင်္ဂါဂြိုဟ် - ရိုးတွင်းခြင်ဆီ၊ အသိဉာဏ်၊ လှုပ်ရှားနိုင်မှု ကိုယ်တွင်းစွမ်းအား။
* ဗုဒ္ဓဟူးဂြိုဟ် - ကျောရိုးမကြီး၏ အခြေအနေ အာရုံကြောစနစ်များ။
* ၅တေးဂြိုဟ် - (၅)တန့်ဘာဝနှင့် အသိဉာဏ် ကာရက။
* စနေဂြိုဟ် - နာတာရှည်ရောဂါ။

ဖော်ပြပါ ဇာတာသည် (၈-၇-၁၉၉၉) နံနက် (၉း၁၉း၅၀)နာရီတွင် အင်ဒရာပြည်နယ်၊ ဟိုက်ဒရာဘက် မြို့တွင် မွေးဖွားခဲ့သူဖြစ်သည်။

**လဂ်အား ဆန်းစစ်ခြင်း**

အထက်ပါ ဇာတာတွင် လဂ်သည် သိပ်ရာသီ (၀ံ ၅၆' ၃၅")တွင် ရောက်နေ၍ မိန်းရာသီ (၁နွေပိုင် ကိတ်ဂြိုဟ်ပိုင် နက္ခတ်နှင့် ၅တေး ဘုတ္တိနက္ခတ်တို့ကို စီးထားသည်။

လဂ်စီး ဘုတ္တိနက္ခတ်သခင်ဂြိုဟ် ၅တေးဖြစ်ပြီး (၉)တန့် ဘာဝသို့ (၁)အံသာ အကွာဖြင့် ပူးယှဉ်ကာ တန့်ဘာဝတွင် ရပ်တည်ထားသည် ၅တေးဂြိုဟ်သည် (၈)တန့်တွင် တည်သော ၂လာ (၁၂-တန့်သခင် စနေ (၆၊ ၇ သခင်)နှင့် ပူးယှဉ် တည်ထားသည်။ ယင်းကိုယ်တိုင် ၈)တန့်သခင် ဖြစ်သည်။

၅တေးသည် (၆)တန့် (စနေ ရာသီ)ရပ်၊ ကိတ်ပိုင် နက္ခတ် ထား၍ စနေသည် အထက်ဖော် အတိုင်း ၅တေး၊ ၂လာတို့နှင့် သွယ်ပူးယှဉ်နေသည်။

လဂ်သည် အော်တစ်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြသော ဘာဝများ၊ ဂြိုဟ်များ၊ ရာသီများနှင့် ဆက်စပ်နေကြောင်း တွေ့ရမည်။

## (၆)တန့်ဘာဝအား ဆန်းစစ်ခြင်း

(၆)တန့် (ရောဂါ) ဘာဝသန္ဓိသည် မကာရ (စနေပိုင်)ရာသီ (၉ံ ၂၉' ၅၆")တွင် ကျရောက်၍ ၁နွေပိုင်နက္ခတ်နှင့် ဖြကြာပိုင် ဘုတ္တိနက္ခတ်ကို စီးထားသည်။

(၆)တန့် ဘုတ္တိနက္ခတ်သခင်ဂြိုဟ် ဖြကြာသည် (၁၂)တန့် ဘာဝတွင် ရပ်တည်ပြီး (၃၊ ၁၀)တန့် ဘာဝများကို ပိုင်ဆိုင်သည်။ ဖြကြာသည် ကိတ်ဂြိုဟ်ပိုင် နက္ခတ်ကိုပင် စီးထား၍ အထက်လက် ဘုတ္တိနက္ခတ် ၅တေးကို ရှင်းပြထားသည့်အတိုင်း စနေ၊ မကာရရာသီ၊ (၆)တန့်၊ (၉)တန့်၊ (၈)တန့်၊ ၂လ်ာ၊ စနေတို့နှင့် ပတ်သက်နေသည်။

ကိတ်သည် (၆)တန့်တွင် ရပ်တည်ပြီး (၁၂)တန့်ရပ်ငှား၊ ရာဟုတို့နှင့် အပြန်အလှန် အမြင်ကြုံထားသည်။ ရာဟုသည် ဂကရကဋ်ရာသီ (၂လ်ာပိုင်)တွင် ရပ်တည်၍ ၂လ်ာကို ကိုယ်စားပြုသည်။

ယင်းအချက်များကလည်း အော်တစ်ဇန်ရောဂါကို ဖော်ပြနေပါသည်။

## သဘာကာလများ

ဇာတာရှင် မွေးဖွားချိန်တွင် ဖြကြာ ထူလ၊ ငှား ဘုတ္တိ၊ ဖြကြာ အန္တရ၊ ၅တေး သုခုမဒသာ စားဝင်နေခဲ့သည်။

ထူလနှင့် အန္တရဒသာသခင် ဖြကြာသည် နက္ခတ်စီးအရ (၃၊ ၆၊ ၁၀၊ ၁၂)တန့် ဘာဝများအတွက် အကျိုးဆောင်ပြီး ဘုတ္တိနက္ခတ်စီးအရ (၁၊ ၁၁)တန့်ဘာဝများအတွက် အကျိုးဆောင်သည်။

ဘုတ္တိဒသာသခင် ငှားသည် နက္ခတ်စီးအရ (၂၊ ... ၉၊ ၁၁၊ ၁၂)တန့် ဘာဝများအတွက် အကျိုးဆောင်သည်။ ဘုတ္တိနက္ခတ်စီးအရ (၂၊ ၉၊ ၁၁၊ ၁၂)တန့် ဘာဝများအတွက် အကျိုးဆောင်သည်။

သုခုမဒသာသခင် ၅တေးဂြိုဟ်သည် နက္ခတ်စီးအရ (... ၈၊ ၉)တန့် ဘာဝများအတွက် အကျိုးဆောင်ပြီး ဘုတ္တိနက္ခတ်စီးအရ (၅၊ ၈)တန့် ဘာဝများအတွက် အကျိုးဆောင်သည်။

(၆)တန့် (ကျန်းမာရေးညှံ့ခြင်း)၊ (၈)တန့် (ဘေးဒုက္ခ၊ ...အခဲ၊ ပြင်းထန်သော ပြဿနာ)၊ (၉)တန့် (ဘာဝက ဌာန၊ ရပ်ခန္ဓာပြဿနာပေါ်ခြင်း)၊ (၅)တန့် (ရောဂါကို ထိန်းချုပ်နိုင်ခြင်း)၊ (၁)တန့် (ဇာတာရှင်၊ ခန္ဓာ၊ ကိုယ်၊ စိတ်)၊ (၁၁)တန့် (ကုသပေးနိုင်ခြင်း)တို့အတွက် အကျိုးဆောင်နေပေသည်။ ယင်းဆက်စပ်မှုက ဇာတာရှင်သည် သက်လတ်တန်း (၃၃-နှစ်မှ ၇၂-နှစ်တွင်း)တွင် နေရမည်ဖြစ်ကြောင်း ဖော်ပြနေသည်။

ရောဂါကို မပြင်းထန်လွန်းအောင် ထိန်းချုပ်နိုင်ကာ သက်လတ်တန်းဖြင့် ဘဝတွင် နေထိုင်အဆုံးသတ်ရမည်ဟု ကောက်ချက်ချရပေတော့မည်။




ကလေးများ ဇာတာကို ကြိုတင်ဆန်းစစ်၍ ဖြစ်နိုင်သောရောဂါ (အော်တစ်ဇန်ကဲ့သို့)ကို ကြိုတင်ဖော်ထုတ်နိုင်၍ ကြိုတင်ပြင်ဆင်ထားနိုင်မည် ဖြစ်ပါသည်။ ကြိုတင်သိက ရေရှည်အတွက် ကြိုတင်စီမံပေးနိုင်မည် ဖြစ်ပါသည်။


**ဆရာရန်အောင်ဟိန်း(B.Sc)**

## ကျမ်းကိုး

* K.P Ezine. 2016 June.

www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရပရိသတ်မေး၍

ဆရာရန်အောင်ဟိန်း ဖြေသည့်

## ဂမ္ဘီရမဂ္ဂဇင်း (ဗေဒင် အမေး-အဖြေ ကဏ္ဍ)

ဂမ္ဘီရမဂ္ဂဇင်း၏ ဗေဒင် အမေး-အဖြေကဏ္ဍတွင် မေးမြန်းလိုပါက မေးလိုသောအချက်ကို အတိအကျ(လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လိပ်မူ၍ မေးပို့နိုင်ပါသည်။

ဂမ္ဘီရ မဂ္ဂဇင်း

အမှတ်-၁၈၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

- မေးသူ၏အမည် ------------------------------
- မွေးနေ့ (နှစ်၊ လ၊ ရက်) ------------------------------
- မွေးဖွားရာ မြို့/ရွာ ------------------------------
- အချိန်နာရီ (နေ့/ည) ------------------------------

**မေးခွန်းများ**

(၁) ------------------------------

(၂) ------------------------------

(၃) ------------------------------




www.burmeseclassic.com

www.burmeseclassic.com

# [illegible] ဖြေသည်

**ဦးအောင်ကျော်**

**(၁-၅-၁၉၇၁၊ ၂၁း၄၀ နာရီ၊ ရန်ကုန်မြို့)**




*လက်ရှိ လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်း တိုး ...မည်လား။*

ကြာ ထူလ၊ စနေ ဘုတ္တိဒသာသည် (၁-၂-...၇)ထိ စားဝင်နေပါဦးမည်။ ကြာသည် (၆၊ ၁၁) ...သခင်အဖြစ် ဘာဝစက်၌ (၄)တန့်ဘာဝတွင် ရပ်တည် ...ပါချေ။ စနေသည် (၂၊ ၃)သခင် ဖြစ်သော်လည်း ...စက်၌ (၅)တန့်ဘာဝတွင် တည်နေ၍ လုပ်ငန်း ...ငြိမ်ခြင်းကို ဖြစ်စေပါသည်။ (၇၊ ၁၀)သခင် ၄ဟူး ... ဘာဝစက်၌ (၄)တန့်တွင် ရပ်တည်ပေရာ ၄ဟူး ...ဒသာကာလ (၁-၂-၂၀၁၇)မှ (၁-၁၂-၂၀၁၉) ...တွင်း လုပ်ငန်းတိုးတက်မှု ကြုံပေမည်။

*လက်ရှိ ရောက်ဆဲကာလ ကံ၊ အကောင်း/အဆိုး။*

...ကံမည့်သော်လည်း လုပ်ငန်း၊ ဝင်ငွေ မတည်ငြိမ်၊ ...မှုများ ဖြစ်နေတတ်သည် အထက်တွင် ဆိုခဲ့သည့် ...တိုင်း (၁-၂-၂၀၁၇)ကျော်လျှင် ကံကောင်းလာပါလိမ့် ...

*...မည့်(၃)နှစ်အတွင်း လက်ရှိ စီးပွားရေးကို တိုးချဲ့နိုင်မည်လား။*

(၁-၂-၂၀၁၇)မှ (၁-၁၂-၂၀၁၉)အတွင်း (၆၊ ၁၁) တန့်သခင် ထူလဒသာဂြိုဟ် ကြာနှင့် ပူးကာ (၄)တန့် တွင် ရပ်တည်သော (၇၊ ၁၀)တန့်သခင် ၄ဟူး ဘုတ္တိ ဒသာအတွင်း လုပ်ငန်းချဲ့နိုင်ပေမည်။

၄။ *ပြီးခဲ့သောလက ယာဉ်မတော်တဆမှု ဖြစ်ခဲ့ပါသည်။ ရှေ့အဖို့ သတိထားသင့်သောကာလ။*

(၁-၂-၂၀၁၇)ထိ သတိထားရမည်။ ကြာ ထူလ၊ စနေ ဘုတ္တိဒသာတွင် စနေသည် (၁၂)တန့်တွင် ကောဇာ သွား၍ မူလ(၆)တန့်ရှိ စနေအား မြင်နေ၍ ဖြစ်သည်။

၅။ *အဓော်အသင့် ပြည့်စုံသောဘဝဖြင့် နေရမည်လား။*

(၉)တန့်သခင် ၁နွေနှင့် (၂)တန့်သခင် စနေတို့ (၆)တန့်တွင် ပူးယှဉ်၍ အချမ်းသာကြီး မဖြစ်သည့်တိုင် အလတ်စား ပြည့်စုံသောဘဝဖြင့် နေသွားရပါမည်။

၆။ *ထီဆုကြီးပေါက်ကံ။*

(၃)တန့်သခင် စနေသည် (၂)တန့်သခင်လည်းဖြစ်၍ (၉)တန့်သခင် ၁နွေနှင့် (၆)တန့်တွင် ရပ်တည်ကာ (၃) တန့်ဘာဝကို (၁၈)တန့် အထူးမြင် ပြန်မြင်၍ ဘာဝတွင် ထီပေါက်ကံ ရှိပါသည်။


**ဦးကျော်ခိုင်**


**(၃၁-၁၀-၁၉၆၀၊ ၁၁း၁၀ နာရီ၊ ကျုံပျော်မြို့)**

၁။ *လက်ရှိ လုပ်နေသောလုပ်ငန်း ကြီးပွားရန် အခွင့် အလမ်း။*

(၁၀-၅-၂၀၁၅)မှ (၁၀-၇-၂၀၁၈)ထိ ကြာ ထူလ၊ စနေ ဘုတ္တိဒသာ စားဝင်ပါသည်။ ကြာသည် (၆၊ ၁၁)တန့်သခင်ဖြစ်၍ ဘာဝစက်၌ (၁၁)တန့်ဘာဝတွင်

www.burmeseclassic.com




ရပ်တည်သည်။ ဘုတ္တိဒသာသခင် စနေသည် (၂)တန့်သခင်ဖြစ်၍ ဘာဝစက်၌ (၁၂)တန့်ဘာဝတွင် ရပ်တည်သည်။ ယင်းကာလတွင် ရပ်ဝေးသို့ ဆက်သွယ်ရသော အလုပ်မျိုး လုပ်ကိုင်ပါက (သို့မဟုတ်) ခရီးသွားအလုပ်မျိုး လုပ်ကိုင်ပါက ကြီးပွားတိုးတက်မှု ခံစားရဖို့ရှိသည်။

၂။ *ဘဝအဆင့်အတန်း။ အိုဇာတာ ကောင်း/မကောင်း။*

လဂ်သခင် လဂ်နှင့်ပူး၍ (၂)တန့်သခင် စနေပါ ပူးယှဉ်နေသည်။ ဘဝတွင် အဆင့်အတန်း မနိမ့်လှဘဲ လူလတ်တန်းစားထက် သာလွန်သော အဆင့်မျိုးဖြင့် နေရတတ်သည်။ အသက်(၆၂)နှစ် နောက်ပိုင်းတွင် (၆၈)နှစ်ထိ ၁နွေ ထူလ၊ ထိုမှ (၇၈)နှစ်ထိ ၂လာ ထူလဒသာ စားဝင်ပါသည်။ ၁နွေသည် (၉)တန့်သခင်အဖြစ် (၁၀)တန့်တွင် (၇၊ ၁၀)တန့်သခင် ၄ဟူးနှင့် ပူးယှဉ်ရပ်တည်ကာ ရာဇယုဂ် ရပေသည်။ သို့ဖြစ်၍ ၁နွေ ထူလဒသာတွင် ဘဝအဆင့် တိုးတက်ပေမည်။ ၂လာ ထူလဒသာ (၆၈ မှ ၇၈)ကား (၈)တန့်သခင်အဖြစ် (၄)တန့်တွင် ရပ်တည်ပေရာ အကျိုးပေး အားနည်းပေသည်။ ၁နွေ ထူလဒသာတွင် ရသော စီးပွားများကို စုဆောင်းကာ ဘဝနောက်ပိုင်း မကြောင့်မကြ နေနိုင်အောင် စီမံပါလေ။

၃။ *ထီပေါက်ကံ။*

(၃)တန့်သခင် စနေ လဂ်ဖြင့် ပူးယှဉ်၍ ဘာဝစက်၌ (၁၂)တန့်တွင် ရပ်တည်ခြင်းကြောင့် ထီပေါက်ကံ အားနည်းပါသည်။

## ဒေါ်ခင်ဆွေမြင့်

**(၅-၅-၁၉၆၂၊ ၉း၁၃ နာရီ၊ ရန်ကုန်မြို့)**

၁။ *ကျန်းမာရေးနှင့်ပတ်သက်၍ ဝမ်းဗိုက်တွင် ခွဲစိတ်ရန်ရှိပါ၍ ရှေ့အဖို့ ဆင်ခြင်ရန်များ သိလိုပါသည်။*

(၁၃-၄-၂၀၁၆)မှ (၁၆-၄-၂၀၁၉)ထိ စနေ ထူလ... စနေ ဘုတ္တိဒသာ စားဝင်ပါသည်။ စနေသည် (၈ ၅... တန့်သခင်အဖြစ် (၈)တန့်တွင် ရပ်တည်နေသည်။ ရာ... နှင့် ကိတ်တို့၏ အကြပ်ခံထားရ၍ ခွဲစိတ်ခြင်း တ... တည်းနှင့် မပြီးတတ်ပါ။ ထပ်မံခွဲစိတ်ခံရဖို့ ရှိတတ်သည်... စနေသည် (၂)တန့်ကို (၇)တန့်အမြင်ကြံ့ခြင်းက အ... မှားခြင်း ဖြစ်တတ်၍ အစား၊ အသောက် ဆင်ခြင်ပါ...

၂။ *လက်ရှိဝန်ထမ်းဘဝ ရာထူး တိုး/မတိုး။*

ထူလနှင့် ဘုတ္တိဒသာသခင် စနေသည် (၁၁)တန့်... (၂)တန့်သခင် ၂လာပိုင် နက္ခတ်နှင့် (၁၊ ၄)သခင်... ပိုင် ဘုတ္တိနက္ခတ်တို့အား စီးထားပေရာ ရာထူးတ... ရှိနေပါသေးသည်။ (၂၀၁၈)ခုနှစ်၊ ဖွန်လမကျော်မီ ... တက်ရန် ရှိနေပေသည်။

၃။ *ထီဆုကြီးပေါက်ကံ။*

(၃)တန့်သခင် ၄ဟူးသည် ဘာဝစက်၌ (၁၁... တွင် (၂)တန့်သခင် ၂လာနှင့်ပူး၍ ရပ်တည်ခြင်းက... တွင် ထီဆုကြီးပေါက်စေတတ်ပါသည်။ (၂၀၁၇)... အတွင်း ထီကံစမ်းကြည့်ပါ။

## ဒေါ်မာလာဦး


**(၇-၃-၁၉၇၄၊ ၆း၅၅ နာရီ၊ ဗန်းမော်မြို့)**

၁။ *ထီပေါက်ကံ၊ ကာလ။*

(၃)တန့်သခင် ၆ကြာဂြိုဟ် (၁၁)တန့်ဘာ... ရပ်တည်၍ ဘာဝစက်၌ (၆)တန့်ဘာဝရပ် (၆)တန့်... ၂လာဂြိုဟ်ပိုင် နက္ခတ်အား စီးထားခြင်းကြောင့် ... ထီပေါက်မည်။ (၂)တန့်သခင် အင်္ဂါဂြိုဟ် (၃)တန့်... တွင် ရပ်တည်၍ ဆုကြီးနိုင်သည်။ (၇-၁၀-... (၁၆-၁၁-၂၀၁၈)အတွင်း ထီကံစမ်းကြည့်ပါ...

www.burmeseclassic.com

www.burmeseclassic.com




၂။ *သားသမီး အကျိုးပေး/မပေး။*


(၅)တန့်သခင် ၄ဟူးကြိုဟ် (၁၂)တန့်တွင် ရပ်တည်၍ (၁၊ ၁၁)တန့်သခင် ၅တေး (၄၊ ၇)သခင် ၄ဟူးတို့နှင့် ပူးယှဉ်၍ ရပ်တည်သည်သည်။ သားသမီးအကျိုးပေးခွင့်ရှိသာရှိသည်။

၃။ *သာသနာပြုနိုင်သူ ဖြစ်မည်လား။*

(၉)တန့်သခင် အင်္ဂါကြိုဟ် (၃)တန့်တွင် ရပ်တည်၍ (၃)တန့်၊ (၁၀)တန့် ဘာဝများအား (၇)တန့်အမြင် (၈)တန့် အထူးမြင်တို့ဖြင့် မြင်နေ၍ သာသနာပြုနိုင်ခွင့် ကြုံပါသည်။ ကြိုးစားပါလေ။

**ဦးအေးခက်မင်း**

**(၁၇-၈-၁၉၅၈၊ ၁၀း၄၀ နာရီ၊ စဉ့်ကိုင်မြို့)**




၁။ *အိုဇာတာ ကောင်း/မကောင်း။*

အသက်(၅၆)နှစ်မှ (၇၅)နှစ်ထိ စနေ ထူလဒသာ ဆောင်ပေမည်။ (၄၊ ၅)တန့်သခင်အဖြစ် (၂)တန့်ဘာဝ၌ ရပ်တည်၍ (၂၊ ၇)တန့်သခင် (၇)တန့်ရပ် အင်္ဂါကြိုဟ်၏ (၈)တန့် အထူးမြင်ခံရ၍ အိုဇာတာ ကောင်းပါသည်။

၂။ *တိုက်အိမ်ဆောက်နိုင်ခြင်း ရှိ/မရှိ။*


(၄)တန့်သခင် စနေ၏ ထူလတွင်း၌ (၁၀)တန့်တွင် ရပ်တည်၍ (၄)တန့်သခင် စနေပိုင် နက္ခတ်ကို ဖြစ်စီးသော ၆ကြာ ဘုတ္တိဒသာကာလဖြစ်သော (၃၀-၉-၂၀၂၂)မှ (၃၀-၁၁-၂၀၂၄)အတွင်း တိုက်အိမ်ဆောက်နိုင်ပေမည်။

၃။ *ဗုဒ္ဓဂယာဘုရားဖူးကံ ပါ/မပါ။*

(၉)တန့်သခင် ၄ဟူးကြိုဟ် (၁၁)တန့်တွင် (၁၁)တန့်သခင် ၁နွေ၊ (၁၀)တန့်သခင် ၂လာကြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်သည်။ ၄ဟူးသည် (၁၂)တန့်သခင်လည်း ဖြစ်သည်။ နိုင်ငံခြားသို့ ဘုရားဖူးသွားရမည့်ကံ ပါသည်။

**ဒေါ်မေသန်းဝင်း**

**(၂-၄-၁၉၈၁၊ ၁၇း၅၀ နာရီ၊ ရန်ကုန်မြို့)**




၁။ *အိမ်ထောင်ရေးအခြေအနေ။*

(၇)တန့်သခင် ၅တေး လဂ်တွင် ပူး၍ (၇)တန့်တွင် (၂၊ ၉)တန့်သခင် ၆ကြာ၊ (၁၂)တန့်သခင် ၁နွေ၊ (၃၊ ၈)တန့်သခင် အင်္ဂါကြိုဟ်တို့ ပူးယှဉ်ရပ်သည်။ လဂ်တွင် (၄၊ ၇)တန့်သခင် ၅တေးနှင့် (၅၊ ၆)တန့်သခင် စနေတို့ ပူးယှဉ်၍ ရပ်တည်၏။ အိမ်ထောင်ကံ မကောင်းပါ။ လဂ်နှင့်ပူး၍ ဘာဝစက်၌ ရပ်တည်သော စနေ ထူလဒသာ စားဝင်နေပြီး (၁၁)တန့်ရပ် ရာဟု(၆-တန့်ရပ် ၂လာကြိုဟ်အား ကိုယ်စားပြု) ဘုတ္တိဒသာသည် (၁၉-၁၀-၂၀၁၅)မှ (၂၅-၈-၂၀၁၈)ထိ စားဝင်ပါမည်။ ယင်းကာလတွင်း အိမ်ထောင်ရေးအခြေအနေ ညှိနေပါသည်။ မကွဲအောင် သတိပြုရမည်။

၂။ *စီးပွားရေးအခြေအနေ။*

(၅၊ ၆)သခင်အဖြစ် လဂ်နှင့်ပူးကာ (၁၂)တန့်ဘာဝရပ်၊ စနေ ထူလဒသာ (၁၁)တန့်ရပ်၊ ရာဟု ဘုတ္တိဒသာစားဝင်ခြင်းက စီးပွားရေးသင့်သည်။ (၁၃-၈-၂၀၁၆)တွင် စနေ ကောဇာတွင် နောက်ပြန်ဆုတ်ခြင်းမှ အသည်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com


သွားပေရာ ယင်းမှ နောက်ပိုင်း စီးပွားရေးတုံ့ဆိုင်းသကဲ့သို့ (၁၀-လခန့်) ဖြစ်နေရာမှ ပြန်လည်ကောင်းမွန်လာပေမည်။

၃။ *ကျန်းမာရေးအခြေအနေ။*

ကျန်းမာရေး မတ်တတ်နာသဘော ချူချာနေတတ်သည်။ အာရုံကြောရောဂါ၊ အစာအိမ်ရောဂါ၊ ဆီးလမ်းကြောင်း၊ သားအိမ်ရောဂါထဲမှ သတိပြုပါ။

**A.M.T**

**(၁၄-၆-၁၉၈၄၊ ၁၈း၀၀ နာရီ၊ ပြည်မြို့)**




၁။ *အလုပ်အကိုင်။*

(၄-၂-၂၀၁၆)မှ (၄-၉-၂၀၁၇)အတွင်း ၂လ်ာ ထူလ၊ စနေ ဘုတ္တိဒသာ စားဝင်ပါသည်။ (၉)တန့်သခင်အဖြစ် (၂)တန့်တွင် (၂၊ ၅)တန့်သခင် ဓနကာရကဂြိုဟ်၅တေးနှင့် ပူးယှဉ်ရပ်တည်သော ၂လ်ာ ထူလနှင့် (၃၊ ၄)သခင်အဖြစ် (၁၊ ၆)တန့်သခင် အင်္ဂါနှင့် ဘာဝစက်တွင် (၁၁)တန့်၌ ရပ်တည်သော စနေ ဘုတ္တိဒသာကာလဖြစ်ရကား စီးပွား၊ ငွေကြေး တိုးတက်မှုများ ရှိပါလိမ့်မည်။

၂။ *အိမ်ထောင်ရေး။*

အထက်တွင် ဆိုခဲ့သကဲ့သို့ (၄-၉-၂၀၁၇)ထိ (၂၊ ၅၊ ၁၁) အကျိုးဆောင်များ ဒသာ ပူးတွဲစားဝင်ပေရာ အိမ်ထောင်ရေးကံ ကောင်းပါသည်။ ယာယီခွဲနေရမှုမျိုး လောက်ကား ရှိတတ်ပါသည်။


၃။ *စီးပွားရေး။*

(၂၀၁၇)ခုနှစ်၊ စက်တင်ဘာလထိ စီးပွားရေးကောင်းမွန်တိုးတက်မှုများ ရှိပေမည်။

**H.S**

**(၂၅-၁၂-၁၉၅၄၊ မနက်ပိုင်း၊ ထားဝယ်မြို့)**

(မွေးချိန် မတိကျ၍ စန္ဒြလဂ်မှ ဟောပေးလိုက်သည် ... တိကျမှု အားနည်းပါမည်။)




၁။ *ကျန်းမာရေး။*

စန်းတည်ရာ ဗြိဿာရာသီတွင် ၁နေ့စန်း (ကိုယ် ... စိတ်)ပေါ် ကောဇာ စနေနှင့် အင်္ဂါတို့ စီးနင်းနေ၍ စိတ် ... သောက ရောက်ရခြင်း၊ ကျန်းမာရေး ညှိုးခြင်း၊ ထိခိုက် ... အနာတရဖြစ်ခြင်း၊ လူမှုရေးကိစ္စ ဖြေရှင်းစရာများ ကြုံ ... ရခြင်း ရှိတတ်သည်။ အာရုံကြောရောဂါ၊ အိပ်မပျော်ခြင်း ... အသက်ရှူမဝခြင်း၊ နှလုံးတုန် ရင်ခုန်ခြင်း၊ နှလုံးအား ... နည်းခြင်းတို့ကို သတိပြုပါ။

၂။ *စီးပွားရေး။*

လက်ရှိစီးပွားရေး မကောင်းပါ။ ကြွေးတင်၊ ... မပေါ်ခြင်းများ ကြုံနေရတတ်သည်။ (၂၀၁၇)ခုနှစ် ... မတ်လနောက်ပိုင်း အသင့်အတင့် ပြန်ကောင်းလာမည် ...

၃။ *လူမှုရေး။*

အထက်တွင် ပြောခဲ့သလို လူမှုရေးပြဿနာများ ကြုံရခြင်းကို အထူးသတိပြုပါ။ (၂၀၁၇)ခုနှစ်၊ ဧပြီလထဲ ... သတိပြုပါ။


---

## ဆရာရန်အောင်ဟိန်း(B.Sc ...


(ခရစ်ရှနားမူတီးပဒ္ဓတိ ရှေ့ဆောင်နက္ခတ်ပညာရှင်)

အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊
(CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်
ရန်ကုန်မြို့
ဖုန်း - ၀၉ ၇၃၁ ၁၉၀ ၂၆ ...
၀၉ ၂၆၁ ၄၄ ၇၇ ၆၆ ၊ ၀၉ ၇၉၁ ၄၂၀ ၃ ...


www.burmeseclassic.com

www.burmeseclassic.com


တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004007
လိုင်စင် ၇/၂၀၀၀ တာဆေးလ (တိုင်း-၁၃၁၂)



အဆီကျအကြောပြေ သီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တာဆေးလ (ကနယ်ဇင်း) ၁၃၀/၀၀၀၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးဦး"

"သွက်လက်ပေ့ါပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ မာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဒီထနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား"

"ဟုတ်ပ့ါဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားဆောသား ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းသေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး၊ အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ၊ ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်၊ အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး၊ဝမ်း၊လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ၊ တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းဘာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

**ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးဆိုင်များကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။**

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း
အမှတ်-၈၂/၁၅၆၊ ပေမာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၁၆၁
မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)


www.burmeseclassic.com

www.burmeseclassic.com



မင်းမပော်ညွှန်

# နက္ခတ်ဗေဒင်

# ရက်မြတ်ကောင်း

# အချိန်အခါ

## (၂၀၁၆)ခုနှစ်၊ ဒီဇင်ဘာလအတွက် ဈေးကွက်ခန့်မှန်းချက်


သိဟ်ရာသီ၌ ရာဟုဂြိုဟ် တည်ရှိနေသဖြင့် ချင်းစိမ်း ရှားတတ်၏။ တန်ရာသီ၌ ၅ဟောဂြိုဟ် တည်ရှိသဖြင့် မိုးကောင်းတတ်၏။ ဆန်ရေစပါး၊ အစားအစာ ပေါများ၍ ဝပြောစည်ပင်တတ်၏။ လူတို့၌ အဖျားအနာ ရောဂါမဖြင်ကင်းစင်တတ်၏။ ပြိစ္ဆာရာသီတွင် ၁နွေဂြိုဟ် တည်ရှိနေသဖြင့် အဖိုးထိုက်တန်သော ဝတ္ထုဝစ္စည်းများသည် အဖိုးဈေးနှုန်း အသင့်အတင့်မျှသာ ဖြစ်အံ့။ သားမွေးထည်များ ပေါအံ့။ နံ့သာနီ၊ ကြေးနီတို့ ပေါအံ့။ ဓနုရာသီ၌ ၄ဟူးဂြိုဟ် ရှိခိုက်တွင် သားသမင်၊ မြင်း၊ ဆင် သတ္တဝါတို့ ဖျက်စီးအံ့။ လူတို့ မင်းဒဏ် သင့်အံ့။ ၄င်းဓနုရာသီတွင် ၁နွေဂြိုဟ် ရှိသဖြင့် ဆီ၊ နှမ်း၊ ဝါဂွမ်း ရှားအံ့။ ကုမ်ရာသီတွင် ၃ဂါဂြိုဟ် ရှိနေချိန်၌ ဆန်စပါး ရှားအံ့။

### ၂-၁၂-၂၀၁၆ (သောကြာနေ့)
### (၁၃၇၈)ခုနှစ်၊ နတ်တော်လဆန်း (၃)ရက်



ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ စူးစမ်းရှာဖွေရန်၊ ဆည်မြောင်းတာတမံ ဆောက်လုပ်ရန်၊ ရေတွင်း,ရေကန်,အဝီစိတွင်း တူးဖော်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ အားကစားပြိုင်ပွဲ ကျင်းပရန်၊ အောင်ဘာလေထီကံစမ်းရန်၊ စာအုပ်ထုတ်ဝေရေး ဆောင်ရွက်ရန်၊ စာကြည့်တိုက်ဖွင့်ရန်၊ ပညာစသင်ရန်၊ စပါးရိတ်သိမ်း၍ ကျီသွင်းရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ ကုန်ပစ္စည်း ဝယ်ယူသိလှောင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသောကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက် (၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက 'မောင်ဟိန်းဆက်ညွှန့်၊ .မဟန်သာစိုး..ဟု ပေးနိုင်သည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ မီးခိုးရောင် ဖြစ်သည်။

### ၄-၁၂-၂၀၁၆ (တနင်္ဂနွေနေ့)
### (၁၃၇၈)ခုနှစ်၊ နတ်တော်လဆန်း (၅)ရက်



အဘိဇိနက္ခတ် ရရှိသဖြင့် ယနေ့ ဘာသာရေး၊ ကုသိုလ်ရေး၊ အဓိဋ္ဌာန်ဝင် ကိစ္စများဖြစ်သော ဂမ္ဘီရကိစ္စအဝဝတို့ကို ဆောင်ရွက်ရန်၊ အထူးသဖြင့် အဓိဋ္ဌာန်ဝင်၊ ကန်တော့ပွဲတင်၊ သမထဘာဝနာ ပွားများခြင်း၊ ဂါထာမန်းမှုတ်ခြင်း၊ ဆေးဝါးဖော်စပ်ခြင်း၊ ပီယဆေးဖော်ခြင်း ကိစ္စများ၊ ဘုရား၊ ပုထိုး၊ စေတီနှင့် ထီးတော်တင်ရန်၊ အိမ်သန့်မင်္ဂလာ ပြုလုပ်ရန်၊ အိမ်ပြောင်း,အိမ်တက်ရန်၊ စေ့စပ်လက်ထပ်ရန်၊ ပဆွင်းခံရန်၊ ကင်ပွန်းတပ်ရန်၊ လယ်ယာ, ဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်တို့အတွက် ကောင်း

www.burmeseclassic.com

www.burmeseclassic.com

သည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်လှိုင်မြင့်၊ မဥမ္မာမြင့်··ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

**၅-၁၂-၂၀၁၆ (တနင်္လာနေ့)**

**(၁၃၇၈)ခုနှစ်၊ နတ်တော်လဆန်း (၆)ရက်**



အလုံးစုံအောင်မြင်သောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ ထီးတော်တင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အမည်ကင်ပွန်း တပ်ရန်၊ ဦးခေါင်းတွင် ရတနာဝတ်ဆင်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်ချ၊ အုတ်စီ၊ ကျောက်သွေးလောင်းရန်၊ တိုင်ထူရန်၊ အိမ်တက် လှေကားဆောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အထက်သို့ အစီရင်ခံစာ တင်သွင်းရန်၊ လေကြောင်းခရီးသွားရန်၊ လက်ထပ်ပွဲနှင့် ကင်ပွန်းတပ်မင်္ဂလာ ဆောင်ရွက်ရန်၊ ပညာစသင်ရန်၊ အဝတ်အထည် ရက်လုပ်ရန်၊ ယာဉ်,ကား ရောင်းဝယ်ရန်၊ ဆေးဖော်၍ ဆေးခန်းဖွင့်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ အလုပ်သစ် လျှောက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ချစ်ဆွေမြင့်၊ မခိုင်ဆွေမိုး··ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင် ဖြစ်သည်။

**၇-၁၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၈)ခုနှစ်၊ နတ်တော်လဆန်း (၈)ရက်**



ဘုန်းကံထက်မြက်သောယုဂ် ရရှိသဖြင့် ယနေ့ ပညာစသင်ရန်၊ စပါးရိတ်သိမ်းရန်၊ ဥယျာဉ်ခြံလုပ်ငန်း စတင်ရန်၊ အဆောက်အအုံသစ် ဆောက်လုပ်ရန်၊ အိမ်တက်၊ အိမ်ပြောင်းရန်၊ ဆံရိတ်,ဆံသရန်၊ မော်တော်ယာဉ်ကား ရောင်းဝယ်ရန်၊ သစ်ပင်စိုက်ပျိုးရန်၊ ဆေးခန်းဖွင့်ရန်၊ စာပေလုပ်ငန်း စတင်ရန်၊ စက်ရုံ,အလုပ်ရုံ ဖွင့်ရန်၊ လေကြောင်းခရီး သွားရန်၊ အားကစားပြိုင်ပွဲ ကျင်းပရန်၊ ကောက်ပင်စိုက်ရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤ ကလေးကို နာမည်ပေးလိုပါက မောင်ဝင်းမြင့်မောင်၊ မယမင်းမေ··ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ လိမ္မော်ရောင် ဖြစ်သည်။

**၁၀-၁၂-၂၀၁၆ (စနေနေ့)**

**(၁၃၇၈)ခုနှစ်၊ နတ်တော်လဆန်း (၁၁)ရက်**



ချမ်းသာကြွယ်ဝသောယုဂ် ရရှိသဖြင့် ယနေ့ မီဒီယာများတွင် လုပ်ငန်းကြော်ငြာ ထည့်သွင်းရန်၊ ကုန်ပစ္စည်း ဝယ်ယူသိုလှောင်ရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ စက်မှုပစ္စည်း တီထွင်ရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်ရန်၊ အဝတ်သစ် ဝတ်ဆင်ရန်၊ ဆိုင်သစ်ဖွင့်ရန်၊ ဆံပင်အလှပြင်ရန်၊ အစုရှယ်ယာဝင်ရန်၊ ဆိုင်းဘုတ်တင်ရန်၊ ငွေကြေးကိစ္စအဝဝ ဆောင်ရွက်ရန်၊ မျိုးစေ့ချ စိုက်ပျိုးရန်၊ လုပ်ငန်းသစ် စတင်ရန်၊ ဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်၊ နာမည်မှည့်ခေါ်ရန်၊ ရုပ်ရှင်,ဂီတ,သဘင် စသော အနုပညာလုပ်ငန်း ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ထူးဇော်မောင်၊ မတင်ဆွေမြင့်··ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင် ဖြစ်သည်။

**၁၂-၁၂-၂၀၁၆ (တနင်္လာနေ့)**

**(၁၃၇၈)ခုနှစ်၊ နတ်တော်လဆန်း (၁၃)ရက်**




အဆောက်အအုံ တည်ရသောယုဂ် ရရှိသဖြင့် ကုမ္ပဏီထူထောင်ရန်၊ ကုန်ပစ္စည်းသိုလှောင်ရန်၊ ပရဟိတအကျိုးဆောင်လုပ်ငန်း ဆောင်ရွက်ရန်၊ အသင်းအဖွဲ့ ထူထောင်ရန်၊ ဘဏ်စာရင်းဖွင့်ရန်၊ ကျန်းမာရေးကုသမှု ခံယူရန်၊ အောင်ဘာလေထီထိုးရန်၊ စာပေကျမ်းဂန် ပြုစုရန်၊ ပြည်တွင်း,ပြည်ပ ခရီးသွားရန်၊ ကျောက်မျက်ရတနာ

www.burmeseclassic.com

တူးဖော်ရန်၊ ရေတွင်း၊ရေကန် တူးဖော်ရန်၊ ဂီတ၊အနုပညာ လုပ်ငန်း ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလ ဖြစ်သော နံနက်(၇း၃၀)နာရီမှ (၉း၀၀)နာရီအတွင်း ရှောင် မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလို ပါက မောင်ကောင်းစံမြင့်၊ မကေခိုင်မြင့်..ဟု ပေးနိုင်ပါ သည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာ အရောင်မှာ အဝါရောင် ဖြစ်သည်။

**၁၃-၁၂-၂၀၁၆ (အင်္ဂါနေ့)**

**(၁၃၇၈)ခုနှစ်၊ နတ်တော်လဆန်း (၁၄)ရက်**



မိတ်သင်္ဂဟ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ စေတီ၊ပုထိုး တည်ရန်၊ ဘုရားအနေ ကဇာတင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ နတ်ကွန်းတည်ရန်၊ အုတ် တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အလှူမင်္ဂလာ၊မုခ်ဦးပြသာဒ် ဆောက်လုပ်ရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ နာမည်မှည့် ခေါ်ရန်၊ ကုန်ပစ္စည်း သိုလှောင်ရန်၊ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ယာဉ်ပစ္စည်း ဝယ်ယူရန်၊ တွေ့ဆုံဆွေးနွေးခြင်း ကိစ္စများအတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းမောင်၊ မစန္ဒာမြင့်..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာ အရောင်မှာ အနီရောင် ဖြစ်သည်။

**၁၄-၁၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့)**


**(၁၃၇၈)ခုနှစ်၊ နတ်တော်လပြည့်**



ဘဝအဆင့်အတန်း တိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ အနုပညာလုပ်ငန်းများ ဆောင်ရွက်ရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်စီ၊ တိုင်ထူ၊ အိမ်ပြောင်း၊ အိမ်တက်မင်္ဂလာ ပြုလုပ်ရန်၊ စေ့စပ်၊လက်ထပ်ရန်၊ နာမည်ကင်ပွန်းတပ်ရန်၊ ဆိုင်းဘုတ် တင်၍ ဆိုင်သစ်ဖွင့်ရန်၊ ပဋ္ဌာန်းခံရန်၊ ဆေးဝါး၊အလှကုန် ထုတ်ရန်၊ ပညာစသင်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ ကျောက် မျက်ရတနာ ရောင်းဝယ်၊ဝတ်ဆင်ရန်၊ စတင် တူးဖော်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွား ဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းမြင့်မောင်၊ မယမင်းမေ..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်မြောက် အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

**၁၇-၁၂-၂၀၁၆ (စနေနေ့)**


**(၁၃၇၈)ခုနှစ်၊ နတ်တော်လဆုတ် (၃)ရက်**



ကြီးပွားတိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အလှ ပြင်ဆိုင် ဖွင့်ရန်၊ သစ်ပင်စိုက်ပျိုးရန်၊ ဆေး ဝါးသစ် ဖော်စပ်ရန်၊ လုပ်ငန်းသစ် စတင် ရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်ရန်၊ မျိုးစေ့ချ အပင် စိုက်ရန်၊ အဝတ်သစ် ဝတ်ဆင်ရန်၊ ကုန်ပစ္စည်း ဝယ်ယူ သိုလှောင်ရန်၊ ငွေကြေးကိစ္စ ဆောင်ရွက်ရန်၊ အဆောက် အအုံလုပ်ငန်း ဆောင်ရွက်ရန်၊ လေကြောင်းခရီးသွားရန်တို့ အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ထူးဇော်မောင်၊ မတင်ဆွေမြင့်..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက် တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီ ရောင် ဖြစ်သည်။

**၁၉-၁၂-၂၀၁၆ (တနင်္လာနေ့)**

**(၁၃၇၈)ခုနှစ်၊ နတ်တော်လဆုတ် (၅)ရက်**



ဥစ္စာကုန်ခန်းတတ်သောယုဂ် ဖြစ်သော် လည်း လုပ်ကိုင်လိုပါက ကျောက်မျက် ရတနာ တူးဖော်ရန်၊ ရေနံ၊ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရှာဖွေရန်၊ ဂီတ၊အနု ပညာဆိုင်ရာလုပ်ငန်း ဆောင်ရွက်ရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ မျိုးစေ့ချ စိုက်ပျိုးရန်၊ ဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ စေ့စပ်၊လက်ထပ် ရန်၊ အချစ်ရေးရာစကားဆိုရန်တို့အတွက် ကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com

ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၇း၃၀)နာရီမှ (၉း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကောင်းစံမြင့်၊ မကေခိုင်မြင့်..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင် ဖြစ်သည်။

**၁-၁၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၈)ခုနှစ်၊ နတ်တော်လဆုတ် (၇)ရက်**



ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ စပါးရိတ်သိမ်းရန်၊ ဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ အလုပ်သစ် ပြောင်းရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်,ဝတ်ဆင်ရန်၊ အဝတ်သစ် ဝတ်ရန်၊ ဆိုင်သစ်ဖွင့်ရန်၊ သစ်ပင်စိုက်ပျိုးရန်၊ လေကြောင်းခရီးသွားရန်၊ ဘာသာရေးကိစ္စအဝဝ ဆောင်ရွက်ရန်၊ ဂါထာ,မန္တန် သိဒ္ဓိတင်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ အစုရှယ်ယာဝင်ရန်၊ အချစ်ရေးစကားဆိုရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းမြင့်မောင်၊ မယမင်းမေ..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။

**၁-၁၂-၂၀၁၆ (စနေနေ့)**


**(၁၃၇၈)ခုနှစ်၊ နတ်တော်လဆုတ် (၁၀)ရက်**



အလုံးစုံအောင်မြင်သောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ,ရှင်ပြုရန်၊ ဆံရိတ်,ဆံသရန်၊ စေ့စပ်,လက်ထပ်ရန်၊ အလှူပြင်ရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ မီဒီယာများ နှင့် ကြော်ငြာထည့်သွင်းရန်၊ ဆိုင်းဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်၊ ရတနာပစ္စည်းများ ရှာဖွေရန်၊ ရေတွင်း,ရေကန် တူးဖော်ရန်၊ မိတ်ဆုံစည်ခံပွဲ ကျင်းပရန်၊ စာအုပ်စာပေ ထုတ်ဝေရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက် (၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ထူးဇော်မောင်၊ မနေနွယ်မြင့်..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင် ဖြစ်သည်။

**၂၆-၁၂-၂၀၁၆ (တနင်္လာနေ့)**


**(၁၃၇၈)ခုနှစ်၊ နတ်တော်လဆုတ် (၁၂)ရက်**



ဘုန်းကံထက်မြက်သောယုဂ် ရရှိသဖြင့် ယနေ့ အနုပညာလုပ်ငန်း စတင်ရန်၊ ရဟန်းခံရန်၊ အဓိဋ္ဌာန်ဝင်ရန်၊ ကင်ပွန်းတပ်မင်္ဂလာ ဆောင်ရွက်ရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်,တူးဖော်ရန်၊ ဆေးခန်းဖွင့်ရန်၊ အစွမ်းထက်ဆေးဝါး ဖော်စပ်ရန်၊ ကုမ္ပဏီလုပ်ငန်း စတင်ရန်၊ ငွေကြေးကိစ္စ ဆောင်ရွက်ရန်၊ အစုရှယ်ယာဝင်ရန်၊ မျိုးစေ့ချ စိုက်ပျိုးရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၇း၃၀)နာရီမှ (၉း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကောင်းစံမြင့်၊ မကေခိုင်မြင့်..ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။

**၂၇-၁၂-၂၀၁၆ (အင်္ဂါနေ့)**

**(၁၃၇၈)ခုနှစ်၊ နတ်တော်လဆုတ် (၁၃)ရက်**



တိထိရက်မြတ်ယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်,ဝတ်ဆင်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ ငွေကြေးကိစ္စ ဆောင်ရွက်ရန်၊ ကုမ္ပဏီလုပ်ငန်း စတင်ရန်၊ အဝတ်သစ် ဝတ်ဆင်ရန်၊ ဆိုင်သစ်ဖွင့်ရန်၊ မျိုးစေ့ချ စိုက်ပျိုးရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ မေတ္တာရေးရာကိစ္စ ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းမောင်၊ မစန္ဒာမြင့်..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာ

www.burmeseclassic.com

www.burmeseclassic.com

အရောင်မှာ အနီရောင် ဖြစ်သည်။

**၃၀-၁၂-၂၀၁၆ (သောကြာနေ့)**

**(၁၃၇၈)ခုနှစ်၊ ပြာသိုလဆန်း (၂)ရက်**




ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ဆည်မြောင်း၊တာတမံ ဆောက်လုပ်ရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ ဥယျာဉ်ခြံ လယ်ယာလုပ်ငန်း ဆောင်ရွက်ရန်၊ ဖက်ရှင်ဒီဇိုင်း တီထွင်ရန်၊ ရေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်သက်နိုင်မင်း၊ မသိမ့်သိမ့်မေ..ဟု ပေးနိုင်ပါသည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင် ဖြစ်သည်။

**၃၁-၁၂-၂၀၁၆ (စနေနေ့)**

**(၁၃၇၈)ခုနှစ်၊ ပြာသိုလဆန်း (၃)ရက်**




ကြံစည်သမျှ ပြီးမြောက်သောယုဂ် ရ... သဖြင့် ယနေ့ ဂမ္ဘီရဆိုင်ရာ လုပ်ငန်းများ... ဖြစ်သော အဓိဋ္ဌာန်ဝင်ရန်၊ ကန်တော့... တင်ရန်၊ သမထဘာဝနာ ပွားများ... ဂါထာမန်းမှုတ်ရန်၊ ဆေးဝါးဖော်စပ်ရန်၊ အလုပ်သစ်လျှော... ရန်၊ ကုမ္ပဏီသစ် ထူထောင်ရန်၊ ဆိုင်သစ်ဖွင့်ရန်၊ စ... လုပ်ငန်း စတင်ရန်တို့အတွက် ကောင်းသည်။ ယ... မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြ... သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှော... မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေး... ပါက မောင်ထူးဇော်မောင်၊ မနွယ်နီမြင့်..ဟု ပေးနိုင်... သည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။

သဗ္ဗေသတ္တာ သုခိတာ...
မင်းမဟော်ညွှ...
ဖုန်း-၀၉ ၂၅၀ ၁၆၇ ...


# ဆရာကြီးရာဇာဇော်ဝင်း(LL.B)

**နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ**



ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရှေးမူမပျက် နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘဝတစ်သက်တာဟောစာတမ်း ကုမ္ပဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ ကုမ္ပဏီ ဖွင့်ပွဲ အချိန်၊ နာရီ၊ နေ့ရက်များ၊ မြန်မာဇာတာ၊ အင်္ဂလိပ်ဇာတာ၊ မြန်မာဟောစာတမ်း အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်ပေး... ပါရဂူ ဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ဘဏ်ပူဇော်ခ ၇၀၀၀-ကျပ်) သံတမန်ဝန်ထမ်း အင်္ဂလိပ် နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲစိတ် မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယတြာများ OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်၊ လ၊ နှ... ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသဘောသားများ လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင် အဆင်ပြေစေရန် ချစ်သူမောင်နှံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမှုနိုင်/မနိုင်၊ ပညာရေး ထူးချွန်မှုရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနှောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည်ချောမော သော်လည်း အဆင်မပြေဖြစ်နေသည့် လူပျိုကြီး၊အပျိုကြီးများ ကံပွင့်အောင်ပြုလုပ်ခြင်း၊ အိမ်၊ ခြံ၊ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက် ဓာတ်ဆင်ပညာများဖြင့် ဆရာ့ထံရောက်လျှင် သင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နှုတ်ဟောဘဏ်ပူဇော်ခ ၅၀၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ်လျှင် မနက်ဖြန်ရမည်။ နယ်သို့ VPL ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသက္ကရာဇ်၊ နေ့ရပ်လိပ်စာ ဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ **ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြိုပေးစရာ မလိုဘဲ ပို့ပေးမည်။** ဖုန်း... ဆက်လိုက်ပါ။ **အမှတ်-၁၀၉(A)(မြေညီထပ်)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ပိတ်ရက်မရှိ)**

☎ (01)394727, (01)399426, 📱 09 7300 9994, 09 51 52521


www.burmeseclassic.com

www.burmeseclassic.com

# အေအိုင်ဒီအက်စ်၊ ကင်ဆာရောဂါနှင့် သဘာဝဆေးဝါးများ

ဟိန်း(ဘူမိ)

ယခု ဒေါက်တာဟူးဗား(Dr. Hoover) ၏ သဘာဝဆေးဝါး(Natural Medicine) စာအုပ်မှ အေအိုင်ဒီအက်စ်နှင့် ကင်ဆာရောဂါအကြောင်း ရေးသားချက်များကို ဖော်ပြပေးသွားပါမည်။ ဒေါက်တာဂျယ်ရီလီဟူးဗား (Dr. Jerry Lee Hoover, N.D) သည် သဘာဝကုဆေးပညာဒေါက်တာဘွဲ့ရ(Doctor of Naturopathy) ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် သဘာဝဆေးပညာဖြင့် ကျန်းမာရေးအကြောင်း သင်ကြားပို့ချပေးကာ ဆောင်းပါးများစွာလည်း ရေးသားခဲ့သည်။

ကျန်းမာရေးဘဝနေမှုပုံစံစင်တာ(A Health Life-style Centre) ကို ထူထောင်ကာ ဒါရိုက်တာအဖြစ်ဆောင်ရွက်နေသည်။ ကင်ဆာရောဂါအတွက် သဘာဝကုသနည်း(Natural Cure for Cancer) ဝက်ဘ်ဆိုက်ကို ထူထောင်ကာ ကင်ဆာလူနာထောင်ပေါင်းများစွာကို အင်တာနက်မှ အကူအညီပေးနေသူ ဖြစ်သည်။

ကျွန်တော်၏ အေအိုင်ဒီအက်စ်နှင့် ကင်ဆာရောဂါစီမံချက်သည် တစ်ထပ်တည်းကျ၍ တစ်ပေါင်းတည်းဖော်ပြပေးလိုက်ပါသည်။ သို့သော် ကီမိုသာရာပီကဲ့သို့ ကုထုံးမျိုးကိုကား အေအိုင်ဒီအက်စ်အတွက် အသုံးပြုနိုင်မည် မဟုတ်ပါချေ။ သင့်ခန္ဓာကိုယ်တွင်းရှိ အကြီးမြတ်ဆုံး ဆရာဝန်မှာ ဘုရားသခင်၏ စွမ်းအားပင် ဖြစ်ပါသည်။ ဥပမာ-သင် ဓားရှမိပါက မည်သည့်ဆရာဝန်ကမှ ကုသပေးရသည်မဟုတ်ဘဲ သင့်ခန္ဓာကိုယ်ကသာ ပြန်လည်ကုသပေးခြင်း ဖြစ်သည်။ အေအိုင်ဒီအက်စ် (သို့မဟုတ်) ကင်ဆာရောဂါသည် မိမိခန္ဓာကိုယ်က ပြန်လည်ကုသရန် အထောက်အကူပြုပေးဖို့ လိုအပ်လာပေသည်။

ကင်ဆာသည် တစ်မူထူးသော အနောက်တိုင်းမှ ရောဂါတစ်ရပ် ဖြစ်သည်။ တရုတ်၊ ဂျပန်နှင့် အရှေ့တောင်အာရှတို့တွင်လည်း ကင်ဆာဖြစ်ပေါ် ခံစားရတာ ပါသည်။ အာဖရိက၊ ဗဟိုအမေရိကနှင့် အမေရိကတောင် ပိုင်းတို့တွင် ယင်းရောဂါဆိုးကို မကြောက်တတ်ကြပါ ချေ။ အမေရိကမြောက်ပိုင်း၊ ဩစတြေးလီးယား၊ နယူး ဇီလန်နှင့် ဥရောပမှ ချမ်းသာကြွယ်ဝသော နိုင်ငံများတွင် ကင်ဆာမှာ ကူးစက်ရောဂါပမာ ဖြစ်ပေါ်ခံစားနေကြ ပေသည်။ (၂၀၀၆)ခုနှစ်တွင် ကင်ဆာကြောင့် လူ ပေါင်း(၆၀၀၀၀၀)ကျော် သေဆုံးခဲ့ကြရသည်။ နော (၁၄)လတာအတွင်း နိုင်ငံတွင်း ဖြစ်ခဲ့ဖူးသော စစ်ပွဲ ပွဲထက်ပင် အမေရိကန်များ ကင်ဆာကြောင့် ပိုမိုသေ ကြရပေဦးမည်။

**ကီမိုသာရာပီအကြောင်း သိကောင်းစရာများ**

ကီမိုသာရာပီတွင် ဆေးဝါး(၁၃)မျိုးကို အသုံးပြု ယင်းနောက်ဆက်တွဲ ဆိုးကျိုးများကို ဆေးဘူးအတွင်း သက်ဆိုင်ရာ သမားတော်အတွက် ဖော်ပြပေးထား ရှိသည်။ ယင်းတို့အထဲတွင် ကိုယ်ခံအားစနစ်ကို ဖျက် ဆီးခြင်း၊ သွေးထွက်လွန်ခြင်း(hemorrage)၊ ရိုးတွင် ခြင်ဆီ အားနည်းစေခြင်း၊ သွေးကြောများ မာကျစ်ခြင်း၊ တစ်ရှူးများ သေဆုံးခြင်း၊ ဖျားခြင်း၊ အန်ခြင်း၊ နာ ရှည် အော့အန်ခြင်း၊ ဆံပင်များ တစ်စိတ်တစ်ပိုင်း (သို့ မဟုတ်) လုံးဝကျွတ်ခြင်း၊ သွေးအားနည်းခြင်း၊ အသည်း ပျက်စီးခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ ကြွက်သား မလှုပ်ရှားနိုင်ခြင်း၊ အရေပြားပေါ်တွင် အနီကွက်များ ထခြင်း၊ စကားပီပီ မပြောနိုင်ခြင်း စသည်တို့ ပါဝင် ပေသည်။

ဆယ်စုနှစ်များအတွင်း ဆေးပညာနယ်ပယ်တွင် အ



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံး ကင်ဆာကုထုံးနှင့်ပတ်သက်၍ အကြီးအကျယ် အငြင်းပွားနေကြရဆဲ ဖြစ်နေရပေသည်။ လက်ရှိတွင် ဆေးလောကနယ်ပယ်၌ အစဉ်အလာ ကင်ဆာကုထုံးနည်းများမှာ အထောက်အကူ မဖြစ်လှသေးပါချေ။ ကယ်လီဖိုးနီးယားပြည်နယ်၊ ဘာ့ကလေမှ ကွယ်လွန်သူ ရူပဗေဒနှင့် ရူပဗေဒကုထုံးနည်းပညာ ပါမောက္ခ ဒေါက်တာဟာဒင်ဘီဂျုန်းစ်(Dr. Hardin B.Jones) က ကင်ဆာလူနာများ၏ ဘဝသက်တမ်းကို (၂၅)နှစ်ကြာ လေ့လာဆန်းစစ်ခဲ့သည်။ ယင်းတို့ထဲတွင် အစဉ်အလာ ကင်ဆာကုသနည်း (ကီမိုသာရာပီ၊ ဓာတ်ရောင်ခြည်၊ ခွဲစိတ်ကုသနည်း)ဖြင့် ကုသမှုခံယူပြီး မကြာမီ သေဆုံးရသော လူနာများနှင့် ကုသမှု မခံယူသော လူနာများပါ ပါဝင်ခဲ့သည်။ များစွာသော လူနာများမှာ ကုသမှု မခံယူသော လူနာများသည်ပင် ပို၍အသက်ရှည်ကြကြောင်း တွေ့ရှိခဲ့ရသည်။ ကင်ဆာရောဂါကို နှစ်(၄၀)ခန့် သုတေသနပြုခဲ့သော ဒေါက်တာဂျုန်းစ်က ရင်သားကင်ဆာတွင် အစဉ်အလာကုထုံး ခံယူသူထက် မခံယူသူက လေးဆပို၍ အသက်ရှည်ကြောင်း တွေ့ရှိခဲ့ရသည်။

သူက 'ဆေးကုသမှု ခံယူရန် ငြင်းပယ်ခဲ့သူ ကင်ဆာလူနာများသည် ပျမ်းမျှအားဖြင့် (၁၂)နှစ်ခွဲခန့် ပို၍ အသက်ရှင် နေထိုင်ခဲ့ကြကြောင်း' ဖော်ပြခဲ့သည်။

အခြားကုသမှု ခံယူသူများသည် (၃)နှစ်ခန့်သာ အသက်ရှင် နေနိုင်ခဲ့ကြသည်ဟု သူက ဆိုခဲ့ပါသည်။

ဒေါက်တာဂျုန်းစ်၏ တွေ့ရှိချက်မှာ ငြင်းပယ်၍မရလောက်အောင်ပင် အရေးပါခဲ့ပြီး အခြားတစ်ဖက်တွင် သူ၏ လေ့လာဆန်းစစ်ခဲ့မှုက အခြားသုတေသီများကို သိပ္ပံနည်းကျ ကိုးကားရန် အထောက်အထားများ ဖြစ်စေခဲ့ပါသည်။

**မြေကြီးပေါ် ခြေဗလာဖြင့် နေ့စဉ် လျှောက်လှမ်းပေးပါ**

ကမ္ဘာမြေကြီးပေါ်ရှိ အရာရာတိုင်းတွင် လျှပ်စစ်ကြိမ်နှုန်းလှိုင်း(electrical Frequency) ရှိပေသည်။ မြေကြီး သစ်ပင်များ၊ အပင်များ၊ တိရစ္ဆာန်များ၊ လူခန္ဓာကိုယ်တို့တွင်လည်း လျှပ်စစ်လှိုင်းများ ရှိပေသည်။ ကင်ဆာဆဲလ်များ၏ လျှပ်စစ်လှိုင်းများသည် ပုံမှန်ဆဲလ်များ၏ လျှပ်စစ်လှိုင်းများနှင့် ကြိမ်နှုန်းတွင် ကွာခြားချက်ရှိသည်။ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်သည် ယင်းတို့ကို ထောက်ပံ့ပေးသော လျှပ်စစ်ကြိမ်နှုန်းလှိုင်းများကို အလွယ်တကူ လက်ခံရယူလေ့ရှိတတ်ပါသည်။ ယင်းအတွက် မြေကြီးပေါ်တွင် ခြေဗလာဖြင့် ရပ်ခြင်း (ဝါ) လမ်းလျှောက်ခြင်းက ကောင်းကျိုးများစွာ ရရှိစေပါသည်။ ဖိနပ်ဝတ်ဆင်ထားခြင်းသည် သဘာဝကျသောကိစ္စမျိုး မဟုတ်ပါချေ။ သို့သော် ခြေထောက်ကို ထိခိုက် စူးရှမှုများမှ ကာကွယ်ရန် ဖိနပ်ဝတ်ဆင်ထားသင့်ပါသည်။ မြေကြီးပေါ်တွင် ခြေဗလာဖြင့် လမ်းလျှောက်ခြင်းမျိုးကို နေ့စဉ် အနည်းဆုံး (၁၀)မိနစ်မျှ လုပ်ဆောင်ပေးသင့်ပါသည်။

**လေကောင်းလေသန့် များစွာရရှိပါစေ**

ပြင်ပမှ လေကောင်းလေသန့်ကို နက်နက်ရှိုင်းရှိုင်း ရှူရှိုက်ပေးခြင်းကား ကောင်းသောကိစ္စတစ်ရပ် ဖြစ်ပါသည်။ ယင်းက အဆုတ်များကို သန့်စင်စေပြီး သွေးလှည့်ပတ်ခြင်းကို တိုးပွားစေပါသည်။ သမုဒ္ဒရာ၊ ပင်လယ်၊ မြစ်၊ ချောင်း၊ ရေတံခွန် စသည်တို့၏ အနီးအနားမှ လေများသည် သန့်ရှင်းစင်ကြယ်နေတတ်ပါသည်။ ယင်းလေကောင်းလေသန့်များတွင် အမဓာတ်အား(negatively charged) ပြည့်စေပြီး အောက်စီဂျင် မြင့်မားစွာ ပါဝင်ရကား ကင်ဆာနှင့် အေအိုင်ဒီအက်စ်တို့အတွက် များစွာ ကောင်းကျိုးရရှိစေနိုင်ပါသည်။

သင်အိပ်စက်သော အိပ်ခန်းအတွင်းတွင် လေကောင်းလေသန့် များစွာရရှိစေရန် ပြတင်းပေါက်တံခါးများကို ဖွင့်ထားပေးရပေမည်။ ဆောင်းရာသီမျိုးတွင်ပင် အနည်းငယ် ဖွင့်ဟပေးထားသင့်သည်။ အောက်စီဂျင်ရှိသော နေရာတွင် ကင်ဆာဆဲလ် မရှင်သန်နိုင်၍ ဖြစ်ပါသည်။

**အိမ်၏ပြင်ပတွင် လေ့ကျင့်ခန်းလုပ်ဆောင်ပေးပါ**

ခပ်သွက်သွက် လျှောက်ခြင်းမျိုးကို တစ်နေ့လျှင်



www.burmeseclassic.com

(၁)မိုင်မှ (၅)မိုင်ထိ ပြုလုပ်ပေးခြင်းမှာ အလွန်ကောင်းမွန်သော လေ့ကျင့်ခန်းမျိုး ဖြစ်သည်။ သင့်တွင် ခွန်အားနည်းနေပါက ဖြည်းဖြည်းလေး စလျှောက်ကာ လျှောက်သော ခရီးတာ(မိုင်)ကို တိုးမြှင့်ပေးသွားသင့်ပါသည်။ အိမ်၏ပြင်ပတွင် လေ့ကျင့်ခန်းလုပ်ခြင်းက အိမ်တွင်းတွင်လုပ်သည်ထက် (၁၀)ဆပို၍ အကျိုးရှိစေနိုင်ပါသည်။ အိမ်တွင်း၌ လေ့ကျင့်ခန်းလုပ်ခြင်းက နေရောင်ခြည်နှင့် လေကောင်းလေသန့်များ မရနိုင်ပါချေ။



**ညစဉ် (၇)နာရီမှ (၈)နာရီကြာသည်အထိ အိပ်စက်ပေးပါ**

အိပ်ရာစောစောဝင်ခြင်းက ပို၍ကောင်းကျိုးရရှိစေနိုင်ပါသည်။ ညသန်းခေါင်မတိုင်မီ အိပ်ပျော်သော နာရီများက ညသန်းခေါင်ကျော်ပြီးမှ အိပ်ပျော်သော နာရီများထက် နှစ်ဆပို၍ ကောင်းကျိုးရစေနိုင်ပါသည်။

**ဆေးဖက်ဝင် အပင်များကို အသုံးပြု၍ မည်သည့် ဖြည့်စာမှ မသုံးပါနှင့်**

ကင်ဆာအတွက် ကောင်းကျိုးရစေသော ဆေးဖက်ဝင် အပင်များ များစွာရှိပါသည်။ ကျွန်ုပ် အထူးညွှန်းလိုသည်မှာ ပဲရိုင်းနီပင်(Red Clover) ဖြစ်သည်။ ပဲရိုင်းနီပင်ကို ယခုအခါ အေအိုင်ဒီအက်စ်ကို ကုသရန် လေ့လာနေချေပြီ။ ပဲရိုင်းနီပင်၏ ပန်းပွင့်(flower) ကိုသာ ယူ၍ အသုံးပြုရန် ဖြစ်သည်။ ပဲရိုင်းနီပင်တွင် ဘိုင်အိုတင်(biotin)၊ ချိုလင်း(choline)၊ ကြေးနီ(copper)၊ ကူမာရင်း(coumarine)၊ ဂလိုင်ကိုဆိုဒ်(glycosides)၊ အော့စီတောလ်(inositol)၊ မဂ္ဂနီစီယမ်၊ မင်ဂနိဆဲလ်(managae-



sel) နှင့် စီလီနီယမ်(silinium) ဟူသော ဓာတ်သတ္တ
များ ပါဝင်ပါသည်။

ဗီတာမင်များအနေဖြင့် ဗီတာမင်(အေ၊ ဘီဝမ်း ဘီ
သရီး၊ ဘီဖိုက်၊ ဘီဆစ်၊ ဘီနိုင်း၊ ဘီတွဲ၊ ဘီဆဲဗင်တင်း
စီ၊ ပီ)နှင့် ဇင့်ဓာတ်တို့ ပါဝင်ပါသည်။ ယင်းပဲရိုင်းနီတ
မျိုးတည်းတွင် သတ္တုဓာတ်နှင့် ဗီတာမင်ဓာတ် များမှ
ပါဝင်နေပေသည်။ အနာဂတ်တွင် အခြားအရေးပါသော
ပါဝင်သည့် ဓာတ်သတ္တဝများစွာကို ထပ်မံတွေ့ရှိရပေ
မည်။ ပဲရိုင်းနီပင်ကို အမေရိကန်တို့က လွန်ခဲ့သော နှ
တစ်ရာကျော်ကတည်းက ကင်ဆာကို ကာကွယ်ရန်
ကုသရန် အသုံးပြုခဲ့ကြခြင်း ဖြစ်သည်။ ယင်းသည် ခန္ဓာ
ကိုယ်၏ မည်သည့်အစိတ်အပိုင်းတွင်မဆို ဖြစ်ပေါ်သော
ကင်ဆာအတွက် ကောင်းကျိုးရှိစေနိုင်ကြောင်း တွေ့
ရသည်။ ကျွန်ုပ်၏ ဆေးခန်းတွင် ကိုယ်ပိုင်အတွေ့အကြုံ
များအရ ပဲရိုင်းနီပန်းပွင့်ကို နှစ်ပေါင်းများစွာ အသုံးပြု
ကာ လူနာများစွာ၏ ကင်ဆာရောဂါကို သက်သာပျောက်
ကင်းစေနိုင်ခဲ့ပါသည်။

အရွယ်ကြီးမားသော ပဲရိုင်းနီကိုသာ အသုံးပြု
ဖြစ်ပြီး ရိုးတံ၊ အမြစ်၊ သီးတောင့်တို့ပါ အနီရောင်
သော ပဲရိုင်းနီကို အသုံးမပြုရပါချေ။ ဆူနေသော ရေနွေး
ပူပူထဲတွင် ပဲရိုင်းနီပွင့်ကို စိမ်ကာ တီး(tea) ပြုလု
သောက်သုံးပေးရန် ဖြစ်သည်။ ရေနွေးပူပူဆူဆူကို ခွ
တွင် ပြောင်းထည့်ပြီးမှ ပဲရိုင်းနီပွင့်ကို စိမ်ပေးရ
ရေနွေးပူပူထဲ စိမ်ထားပြီး မိနစ်(၂၀)ခန့်ကြာမှ



www.burmeseclassic.com

www.burmeseclassic.com

ရမည်။ တီး (ဝါ) ရေနွေးစိမ်ရည်
ခွက်စာအတွက် ပဲရိုင်းနီပန်းပွင့်အမှုန့်
လက်ဖက်စားဇွန်း (၂)ဇွန်းစာခန့်
သွင့်ပေးရမည်။

ယင်းတီးသောက်ရန် အကောင်းဆုံး
ချိန်မှာ ညအိပ်ရာမဝင်မီ ဝမ်းဗိုက်တွင်း
အစာမရှိချိန် ဖြစ်သည်။ တစ်နေ့အတွက်
ကြိမ် သောက်ပေးနိုင်သည်။ နံနက်
အတွက် အိပ်ရာမှထပြီး အစာမစား
ချိန်တွင် သောက်ပေးရမည်။ ယင်း
ိုင်းနီပွင့်ကို အင်တာနက်ဝက်ဘ်ဆိုက်
ww.frontierherbs.com" တွင် အော်
မှာယူနိုင်ပါသည်။


ပဲရိုင်းနီပင်

ပဲရိုင်းနီကို ယခုအခါ အေအိုင်ဒီအက်စ်နှင့် ဆီးချို
ရောဂါများ ကုသရန် လေ့လာနေချေပြီ။

**ိတ်ဖိစီးမှု ဖြေဖျောက်နိုင်ရန် လေ့လာပါ**

အေအိုင်ဒီအက်စ်နှင့် ကင်ဆာရောဂါ ခံစားရသူများ
ယင်းရောဂါရကြောင်း မဆန်းစစ်မီအတွင်း စိတ်
မှု တစ်စုံတစ်ရာကို အတော်များများ ခံစားခဲ့ရပြီး
နေလေ့ရှိတတ်ပေသည်။ ယင်းစိတ်ဖိစီးမှုကို မတွေ့
ရှိဖို့ကား မကာကွယ်ထားနိုင်ပါချေ။ မိမိတို့ နိစ္စဓူဝ
တွေ့နေရတတ်သည့် ဒေါသ၊ လောဘ၊ အတ္တကြီးမှု၊
လှုပ်ရှားခံစားလွယ်မှု စသည်များကို အကောင်းဆုံး
ိုင်လျှော့ချ ထိန်းချုပ်ပေးရန် ကြိုးစားရပါမည်။ ယင်း
က်များက စိတ်ပေါ် ဖိစီးမှု သက်ရောက်ရာမှ ရုပ်
ပေါ်သို့ပါ ထိခိုက်စေပါတော့သည်။ ရောဂါဟူသမျှ
(၉၉)ရာခိုင်နှုန်းသည် စိတ်မှ စသည်ဟု ကျွန်ုပ် ယုံ
ည်ပါသတည်း။

**တ်ခန့်သာ နေရတော့မည်ဟူသော**
**ာ့စာနာ၏ဖြစ်ရပ်**

ရော့စာနာ(Rossana) သည် အသက်(၄၈)နှစ်
ယ်ရှိ အမျိုးသမီးတစ်ဦးဖြစ်ပြီး ကင်ဆာရောဂါကို
နေခဲ့ရသည်။ ဆရာဝန်များက သူမအား ခွဲစိတ်ရာမှ
ဆာကို တွေ့ရှိခဲ့ရခြင်း ဖြစ်သည်။ သူမ၏ သားအိမ်
ကြီးမားစွာ ပျံ့နှံ့နေခဲ့ပြီး အူသိမ်အူမထိပင် ကူးစက်
နေခဲ့သည်။ ပြင်းထန်လွန်းရကား အိမ်သို့ ပြန်၍
တစ်ပတ်အတွင်း သေဆုံးရမည့် အချိန်ကို စောင့်နေရန်
သာ ဆရာဝန်များက အကြံပြုခဲ့ကြသည်။

ရော့စာနာ၏ မိတ်ဆွေတစ်ဦးသည် ကျွန်ုပ်အကြောင်း
ရေဒီယိုမှ ကင်ဆာအတွက် ဟောပြောချက်အရ ကြားသိ
ဖူးရကား ကျွန်ုပ်နှင့် ဆက်သွယ်ရန် တိုက်တွန်းခဲ့သည်။
ထိုမိတ်ဆွေနှင့် ကျွန်ုပ်တို့ သူမ၏ အိမ်သို့ သွားရောက်
တွေ့ဆုံ စစ်ဆေးခဲ့ကာ နေအိမ်တွင် နေထိုင်ရင်း ကုသ
နိုင်မည့် အစီအစဉ်တစ်ခုကို ရေးဆွဲပေးခဲ့သည်။


တစ်ပတ်ကြာပြီးနောက် ဆေးခန်းသို့ တက်ရောက်
စေကာ (၂၆)ရက်တာ ကုသမှုကို စတင်စေခဲ့သည်။ သူမ
သည် ရောဂါပြင်းထန်လွန်းရကား အလွန်အားနည်းနေကာ
ပြင်းထန်စွာ နာကျင်ကိုက်ခဲမှုကို ခံစားနေခဲ့ရသည်။

ဆေးခန်းတွင် (၂၆)ရက်တာ ကုသမှု အစီအစဉ်ကို
ခံယူခဲ့ပြီးနောက် ယခုထိ အသက်ရှင် နေနိုင်နေဆဲဖြစ်
သည်။ လမ်းလျှောက်နိုင်နေပြီ။ အနည်းငယ်မျှ နာကျင်
ကိုက်ခဲနေဆဲဖြစ်သော်လည်း ခွန်အားအတော်ပြည့်ဝလာ
ခဲ့သည်။ နေ့စဉ် တစ်မိုင်ခန့်ထိ လမ်းလျှောက်နိုင်နေချေ
ပြီ။ သူမ၏ ဆရာဝန်က သူမအား ထပ်မံမြင်တွေ့ရသော
အခါ မည်သည့်ကင်ဆာဆေးဝါးမှ မသုံးဘဲ ပြန်လည်
ကောင်းမွန်လာခြင်းကို မယုံနိုင်အောင် ဖြစ်ခဲ့ရပါတော့
သည်။

ပါရိုး(ဘူမိ)

www.burmeseclassic.com

www.burmeseclassic.com



# အင်္ဂလာဝါပြင်မှ ကယ်တင်ရှင် အင်ကြွင်းမွှေး (နေပြည်တော်)

သျှောင်တစောင်း ဘဘွားဟော့ဟုဆိုလျှင် ပင်လယ်စီးပွားရေး လုပ်ငန်းတွင် မသိသူ မရှိပါ။

ဦးဘဘွားသည် မြိတ်မြို့အနောက်ဘက် ပင်လယ်ကျွန်းတန်းများဆီသို့ သူပိုင်သော မော်တော်စက်လှေများစွာဖြင့် အဏ္ဏဝါတစ်ကြောတွင် ကုန်ရောင်းကုန်ဝယ် လုပ်နေသူ ရှေမှုဆိုးတစ်ဦး ဖြစ်သည်။

ယခုလည်း သူပိုင်သော အဏ္ဏဝါမင်း စက်လှေဖြင့် ကုန်ရောင်းရန် ခရီးထွက်ခွာခဲ့ပြီ ဖြစ်သည်။ သူ့အလုပ်မှာ ယခုလို မိုးဦးကျစ အချိန်အခါမျိုးတွင် ပင်လယ်ရေပြင် အရပ်ရပ်သို့ မော်တော်စက်လှေဖြင့် ကုန်များကို ကူးလူးရောင်းဝယ် ဖောက်ကားခြင်းကို ပြုနေရသောအလုပ်ဖြစ်၍ မြိတ်မြို့ ရောင်းကုန်များဖြစ်ကြသော ဆန်၊



www.burmeseclassic.com

www.burmeseclassic.com

ဆား၊ ငါးပိ၊ ငါးခြောက်မျိုးစုံနှင့် မြိတ်အခေါ် ...အိုး)ဟု ခေါ်ဝေါ်သော ဓနိပင်မှထွက်သည့် သဘာဝ ...ရည် အချိုအိုးများကို မြိတ်မြို့နှင့် မိုင်ပေါင်း ...၀)ခန့်ဝေးသော အနောက်တောင် ပင်လယ်ကမ်းရိုး ... ကျေးရွာအရပ်ရပ်ဆီသို့ လှည့်လည်ရောင်းချရန် ဖြစ် ...သည်။

ဤသို့ ကုန်ရောင်းထွက်ရသည့် ခရီးသည်လည်း ...ယ်ကူလှသည်တော့ မဟုတ်ပေ။ မြိတ်မြို့နှင့် မိုင်ပေါင်း ...၀)ခန့်ဝေးသော ကျေးရွာများသည် လှိုင်းတံပိုးပြင်းထန် ... ကျယ်ပြန့်သော ပင်လယ်ပြင်များအတွင်းရှိ ကျွန်းများ ...၌ တည်ရှိနေကြသည်ဖြစ်၍ တစ်ရွာမှတစ်ရွာ၊ တစ် ...မှတစ်ကျွန်းသို့ လှည့်လည်ရောင်းချခြင်း ပြုလုပ်ရ ...မှာ အချိန်အားဖြင့် တစ်လကျော် နှစ်လနီးပါး ကြာ ...သည်အထိ အချိန်ယူရ၏။

ဦးဘဘွားသည် ဝါရင့်လှေသမားများထံမှ ဒဏ္ဍာရီ ... ပင်လယ်ပြင်၏ ဂမ္ဘီရများ၊ ဆန်းပြားသော ပုံပြင်နှင့် ...ဝင်ဇာတ်လမ်းများစွာတို့ကို စိတ်ဝင်စားစွာ နားထောင် ...တ်သူဖြစ်သလို သူ မကြားဖူးသေးသော အကြောင်း ...များကိုလည်း စက်လှေသမား ကုန်သည်များဆီမှ ...ဆင့်စကားဖြင့် မှတ်သားထားတတ်သူဖြစ်သောကြောင့် ...ယ်တို့၏ သဘောသဘာဝ မာယာများ၊ ပင်လယ် ...၏ ထူးဆန်းထွေလာ ဖြစ်စဉ်အကြောင်းအရာတို့ကို ...ည် စူးစမ်းမျှော်မြင် သုံးသပ်နိုင်သူ အဏ္ဏဝါပြင် ...ဆိုးတစ်ဦးလည်း ဖြစ်သည်။

ထိုသို့နှင့် မြိတ်မြို့မှ မိုင်(၂၀၀)ဝေးကွာသော မသေ ...သို့ ဦးဘဘွားတို့စက်လှေ ရောက်ရှိခဲ့ရပါတော့ ...သည်။

'ကဲ..မသေကျွန်းတော့ တို့စက်လှေ ရောက်ပြီဟေ့။ ...လှေကို သေချာကျောက်ချပြီး ကပ်ဖို့ ပြင်ဆင်ကြ။ ...တော့ စက်လှေစောင့်ထားခဲ့ပြီး ကျန်တဲ့လူတွေ ကုန်း ...တ်ဖို့ အသင့်လုပ်ကြဟေ့'

'ဟုတ်ကဲ့ပါ ဆရာ'

◆◆◆

မသေကျွန်းမှာ မြိတ်ခရိုင်၊ ဘုတ်ပြင်းမြို့နယ်နှင့် ...သောင်းမြို့နယ်၏ နယ်ခြားဖြစ်သည်။ ဦးဘဘွားတို့ ... ထိုကျွန်း၌ ကျားကိုက်အော် အမည်ရှိ ပသျှူးရွာ လေးမှတစ်ဆင့် လမ်ပိကျွန်းသို့ကူးကာ သတ္တုတွင်းလုပ်ငန်း လုပ်ကိုင်နေကြသည့်လူများအား ရိက္ခာမပြတ်ရစေရန် ဆန်အိတ်များ ရောင်းပေးခြင်း ဖြစ်၏။

ထိုလမ်ပိကျွန်းမှာ စက်လှေကပ်၍မရပေ။ မသေကျွန်းသည်ပင်လျှင် တစ်ဖာလုံပတ်လည်မျှ အကျယ်အဝန်းရှိသည့် ကျောက်တောင်၏ မြေပြင်ဖြစ်ပြီး ပင်လယ်မှ ဒီရေကျလျှင် ပေါ်လွင်နေပြီး ဒီရေတက်လျှင် ရေပတ်လည်ဝိုင်းနေတတ်၏။ တံငါအိမ်ခြေ (၃၀)ကျော်ခန့်သာ ရှိပါသော်လည်း ဒီရေတက်လျှင် ထိုခြေတံရှည် တံငါအိမ်(၃၀)ကျော်မှာ ရေမြုပ်လျက် မသေကျွန်းကျောက်ဆောင်တစ်ခုသာ ပေါ်လွင်ကျန်နေခဲ့သည်။

၄င်းကျွန်းအနီးတွင် ဇရပ်တစ်ဆောင်နှင့် တစ်ပါးနေဘုန်းကြီးကျောင်း တစ်ဆောင်ရှိပြီး ရွာသူရွာသားများသည် ငါးဖမ်း၊ ပုစွန်ဖမ်း၊ (ငွေး)ခေါ် ပုစွန်ဆိတ်ငယ်များဖမ်းကာ ငါးပိလုပ်၍ အသက်မွေးကြ၏။ ဦးဘဘွားတို့တစ်ဖွဲ့လုံးမှာ လူအယောက်(၂၀)ဖြစ်သောကြောင့် ကိုယ့်တာဝန်ကိုကိုယ် အားဓာက်သရော မြန်ဆန်စွာပင် အချိန်မဖင့်စေဘဲ ဆောင်ရွက်လုပ်ကိုင်နိုင်ခဲ့ကြပါသည်။

'ကိစ္စတွေအားလုံး ပြီးပြီဆိုတော့ ဥတုအခြေအနေကောင်းတုန်း ကမ်းကခွာပြီး ပြန်ကြဖို့ ပြင်ကြစို့ကွာ'

'ဟုတ်ပါရဲ့ ဆရာရယ်၊ ဒီတစ်ခါတော့ အားလုံးချောချောမောမောနဲ့ အဆင်ပြေလို့ ကျုပ်တို့ မြန်မြန်ပြန်ကြရတာနော်'

'ဒါပေါ့ စံမြရယ်၊ ရာသီဥတုသာ မကောင်းရင် ငါတို့ အခုလို ဘယ်အမြန်ပြန်နိုင်မလဲကွ'

'ခုတော့ ကုန်တွေလည်းကုန် ငွေလည်းစုံဆိုတော့ အပြန်လှတာပေါ့ဗျာ။ ဟား..ဟား..ဟား'

အားလုံးပျော်ရွှင်စွာပင် မိမိတို့ကိစ္စပြီးပြီဖြစ်၍ မသေကျွန်းကမ်းမှခွာကာ အဏ္ဏဝါပင်လယ်ပြင်ဆီသို့ ထွက်ခွာခဲ့ကြပါတော့သည်။

ပင်လယ်ပြင်သို့ ရောက်ချိန်တွင် မမျှော်လင့်ဘဲ မုန်တိုင်းနှင့် ဦးဘဘွားတို့စက်လှေ ပက်ပင်းတိုးကြရာ ကမ်းမမြင် လမ်းမမြင်ဖြင့် မည်သည့်အရပ်သို့ စက်လှေများဦးတည်၍ သွားနေမှန်းမသိအောင်ပင် ပင်လယ်ပြင်၌ လွင့်မျောနေကြရသော အဖြစ်သို့ ရောက်ရှိနေကြရ၏။

ထိုသို့နှင့် (၃)ရက်မြောက်သောနေ့သို့ ရောက်ရှိ...



www.burmeseclassic.com

www.burmeseclassic.com

တွင်-

'ဆရာဘဘွား ကြံပါဦးဗျာ။ ဒီအတိုင်းသာဆို ကျုပ်တို့ အားလုံး ဒုက္ခရောက်ကုန်တော့မယ်'

'အေးပါကွာ၊ ငါတို့မှာ နောက်ငါးရက်၊ ခြောက်ရက်ထိတော့ အစာရေစာနဲ့ သောက်ရေတွေ ရှိနေသေးတယ်။ ဒါပေမဲ့ အဲဒီရက်တွေ ကျော်သွားရင်တော့ ပါလာတဲ့အစာရေစာတွေ ကုန်ပြီ။ အားလုံး အစာငတ်ရေငြတ်ဖြစ်ကုန်မှာ'

'ဟုတ်တယ် ဦးဘဘွား၊ ကျုပ်တို့အားလုံး ပင်လယ်ထဲ သေပွဲဝင်ကြရတော့မယ် ထင်ပါရဲ့ဗျာ'

'မုန်တိုင်းမိနေရတဲ့ထဲ မိုးကပါ သဲသဲမဲမဲကို ရွာနေသေးတယ်ဗျာ'

'အေးလေ၊ ဒါကြောင့် စက်လှေပေါ် ပါလာတဲ့လူတွေ အားလုံး မဖျားအောင် သတိရှိရှိနေကြပါကွာ။ ကျုပ်ကြံပါ့မယ်။ ကျုပ်တို့အားလုံး ဒီဒုက္ခကလွတ်မှာပါ။ ဘာမှအားမငယ်ကြပါနဲ့။ ကိုယ့်ကျန်းမာရေးကိုသာ ဂရုစိုက်ကြ'

ဦးဘဘွား မည်သို့ပင် အားပေးစကားပြောနေစေကာမူ (၅)ရက်မြောက်သောနေ့သို့ ရောက်ရှိလာပြီဖြစ်၍ လှေပေါ် ပါလာသောလူများအားလုံး ကာလဒေသပယောဂကြောင့် မျက်စိပျက်မျက်နှာပျက် ဖြစ်နေကြတော့၏။ ရေမှုဆိုး ဦးဘဘွားသည်ပင် ကြံရာမရဖြစ်နေခဲ့သဖြင့်လည်း စက်လှေသင်္ဘောတစ်စင်းမျှ မမြင်ရသည့် ပင်လယ်ပြင်အတွင်း ကယ်သူမရှိ ကူသူဝေးသော အဖြစ်ဆိုးနှင့် ကြုံနေကြရပါတော့သည်။

ဤတွင် အတွေ့အကြုံလည်းရှိ ကြားဖူးနားဝလည်းရှိပြီးသူ ဦးဘဘွား အတွေးတစ်ခု ဖျတ်ခနဲ ဝင်လာသဖြင့် အမွေးတိုင်သုံးတိုင်နှင့် မော်တော်ထိပ်ဦးဆီသို့ သွားရောက်ကာ ပင်လယ်ပြင်တွင် ဒုက္ခရောက်သည့်အချိန်တွင် အားကိုးအားထားပြုကြရသည့် အရှင်ဥပဂုတ္တ ရဟန္တာအရှင်မြတ်ကြီးအား အာရုံပြု၍ စိတ်ဝယ်မှန်းဆလျက် ဦးတိုက်ရှိခိုးကန်တော့လိုက်ပါသည်။

ထို့နောက် စက်လှေမော်တော်ပေါ်ရှိ လူအားလုံးကိုလည်း ကန်တော့ရန် ခေါ်လိုက်ပါသည်။

'ကဲ..အားလုံး မော်တော်ဦးပိုင်းကို လာခဲ့ကြ။ ငါ ကို့မှာ ရှင်ဥပဂုတ္တရဟန္တာအရှင်မြတ်ကြီးကလွဲရင် တခြားအားကိုးစရာ မရှိတော့ဘူး။ ဒီတော့ အားလုံးယုံယုံကြည်ကြည်နဲ့ အာရုံပြုပြီး ကန်တော့ကြရအောင်။ အားလုံးလာကြ၊ လာကြ'

လူသားဟူသည်ကလည်း အခက်သားပင်။ ခလုတ်ထိမှ အမိတ,မိကြသူချည်းပင်ဖြစ်သည်။ ရွှေဒင်္ဂါးကိုသာ တွေ့ခင်းကစားချင်ကြပေလိမ့်မည်။ သေခြင်းတရားကို မည်သူမျှ လိုလားခြင်း ရှိကြမည် မဟုတ်ပေ။ ထို့ကြောင့် ဦးဘဘွား ပြောသည့်အတိုင်းပင် အားလုံးက ယုံကြည် ရှိသေစွာဖြင့် ရှင်ဥပဂုတ္တရဟန္တာအရှင်မြတ်ကြီးအား အာ ပြုလျက် အားကိုးရှိခိုးဦးတိုက် ကန်တော့မိလိုက်ကြ တော့သည်။

◆◆◆

အရှေ့တောင်တက်သို့ ရောက်ချိန်တွင် ဦးဘဘွားတို့ လှေ ခပ်လှမ်းလှမ်း၌ မီးရောင်လဲ့လဲ့ဖြင့် လှုပ်ရှားနေ အရာတစ်ခုကို အားလုံးမြင်တွေ့လိုက်ကြရာ တခြား လှေ တစ်စင်းဟု ထင်မှတ်ကာ အားလုံးဝမ်းသာသွား ၏။

'ဟာ..စက်လှေတစ်စင်း ထင်တယ် ဆရာ ဘက်ကို လာနေတာဗျ'

'ကျုပ်တို့အတွက် ဝမ်းသာစရာပဲဗျို့။ တွေ့ ဟိုမှာ တဖြည်းဖြည်းနဲ့ အနားနီးလာပြီ'

'အားလုံး စိတ်ကို အေးအေးထားကြပါ။ အ တကြီး အလျင်စလို မလုပ်ကြပါနဲ့ဗျာ။ ဖြည်းဖြည်း ဆေး ခေါင်းအေးအေးနဲ့ လုပ်ကြကိုင်ကြတာပေါ့'

'ခုမှပဲ ဟင်းချနိုင်တော့တယ် ဆရာဘဘွား'

စက်လှေပေါ်မှ လူအားလုံး ဂရုတစိုက် လှမ်း ကြည့်နေမိစဉ်မှာပင် တဖြည်းဖြည်းနှင့် အနားသို့ ရော လာချိန်၌ အားလုံး၏အမြင်နှင့် အထင်သည် ပါစင် လွဲခဲ့ပါလေတော့သည်။

အားလုံးထင်ထားကြသလို လှေလည်းမဟုတ်၊ လှေမော်တော်လည်းမဟုတ်။ ဝါးပိုးဝါးကြီးများကို ၍ ဖောင်ဖွဲ့ထားသည့် ဝါးဖောင်ကြီးဖြစ်နေပြီး ထို ကြီးပေါ်တွင် ကြေးပြာသာဒ်အတွင်း၌ ရွှေရောင် ဝင်းနှင့် ကိန်းဝပ်လျက်ရှိနေသည့် ရှင်ဥပဂုတ္တကိုယ် မြတ်ကြီးအား အားလုံး ဖူးတွေ့လိုက်ကြရသဖြင့်-

'ဟာ..စက်လှေ မဟုတ်ဘူးဗျ'

'ဒါ..ဒါ..ရှင်ဥပဂုတ္တအရှင်မြတ်ကြီးဗျ'

စက်လှေပေါ်ရှိ လူအားလုံး အံ့သြစွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြစဉ်မှာပင် ရှင်ဥပဂုတ္တအရှင်မြတ်ကြီးပါရှိသော ဖောင်တော်ကြီးမှာ ရေယာဉ်သင်္ဘောတစ်စင်းကဲ့သို့ ထွက်ခွာသွားသဖြင့် အားလုံး ကြောင်အမ်းအမ်း ဖြစ်နေချိန်၌-

'စံမြတို့၊ မြင့်ငွေတို့၊ မြင့်ကြိုင်တို့..ဘာငေးနေကြတာလဲ။ အရှင်မြတ်ကြီးရဲ့ ဖောင်တော်နောက်ကို မီအောင်စက်လှေကို မောင်းလေ။ မောင်း..မောင်း၊ မီအောင်မောင်း'

ဦးဘဘွား၏ လှမ်းသတိပေးသံကြားမှပင် သတိဝင်လာကာ ရှင်ဥပဂုတ္တဖောင်တော်နောက်မှ အမီလိုက်ကြရာ မိလုမီခင် ရေမိုင်(၂၀၊ ၃၀)မိုင်ခန့် ပင်လယ်ပြင်ထဲတွင် ဆက်သွားမိချိန်တွင် လှေသားဖြစ်သူ စံမြ၏ အားတက်သရောအော်ပြောသံကို အားလုံးကြားလိုက်ကြရပါသည်။

'ဆရာရေ..ဆရာဘဘွား၊ ကပ်ဖို့ကျွန်း တွေ့ပြီဗျို့။ ဆိုမယ် ကြည့်လိုက်ပါဦး'

'ဟာ..ဟုတ်တယ်။ဟိုမှာ ကျုပ်တို့အားလုံး အသက်ရှင်ပြီဗျို့၊ အသက်ရှင်ပြီဗျ'

စံမြ ညွှန်ပြရာသို့ အားလုံးကြည့်ကာ တကယ်ပင်ကျွန်းတစ်ကျွန်းကို တွေ့မြင်လိုက်ရ၍ အားလုံးပျော်ရွှင်သွားကြရ၏။ ရှင်ဥပဂုတ္တတန်ခိုးတော်ကြောင့် အားလုံးအသက်မရောက် သက်မပျောက်ခဲ့ကြရခြင်း အဖြစ်ကြောင့်လည်း အားလုံးမှာ တအံ့တသြ ဝမ်းပန်းတသာ ရှိနေကြပါသည်။

ရှင်ဥပဂုတ္တဖောင်တော်ကြီးမှာ ဦးဘဘွားတို့၏ စက်လှေအား လမ်းပြကာ ကယ်တင်ခဲ့ပြီးပြီဖြစ်၍ သင်္ဘောတစ်စင်းကဲ့သို့ ဆက်လက်ထွက်ခွာသွားနေသည်ကို ဦးဘဘွားအပါအဝင် စက်လှေပေါ်ရှိ လူများအားလုံး ပုဆစ်တုပ်ထိုင်လျက် လက်အုပ်ကလေးများချီကာ မျက်စိတဆုံးအထိ ကြည့်ရင်း ဖူးမြော်ကန်တော့မိလိုက်ကြပါတော့သည်။

တခြားသူများတော့မသိ၊ ရေမှုဆိုးဟု သူ့ကိုယ်သူအညီခံထားသူ ဦးဘဘွား၏ ဘဝတွင် ရှင်ဥပဂုတ္တအရှင်မြတ်ကြီးအား သစ်သားရုပ်တုတော်နှင့် မြုလုပ်ထားခြင်းကိုသာ မြင်ဖူးသည်မှအပ ပြင်ပလောကတွင် ယခုကဲ့သို့ အကြိမ်တစ်ခါမျှ မျက်မြင်ဒိဋ္ဌ ဖူးတွေ့ခဲ့ရဖူးသူ မဟုတ်ခဲ့ပါပေ။ သူ့အတွက် ထူးဆန်းအံ့သြဖွယ် မှတ်တမ်းတစ်ခုထိုးခဲ့ပါလေပြီ။

မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်များ အများစုအားဖြင့် ရှင်ဥပဂုတ္တအရှင်မြတ်အား အလွန့်တန်ခိုးကြီးသော ရဟန္တာအရှင်သူမြတ်တစ်ပါးအဖြစ် လက်ခံယုံကြည်ထားကြပါသည်။ ရှင်ဥပဂုတ္တ၏ တန်ခိုးတော်နှင့် စပ်လျဉ်း၍လည်း ကြားဖူးသိဖူးသူများ ရှိကောင်းရှိကြပေမည်။ သို့သော် မျက်မြင်မြင်တွေ့ဖူးသူကတော့ နည်းမည်မှာ သေချာလေသည်။

ထို့ကြောင့် စိတ်ဝင်စားဖွယ် လူ့လောက၏ ဖြစ်ရပ်ဆန်းများ၊ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ အတွေ့အကြုံများ၊ ဂမ္ဘီရသိပ္ပံဂုဏ္ဏာရီ လောကီပညာများနှင့် ပတ်သက်သော ထူးခြားဆန်းကြယ် အံ့သြဖွယ် ကောင်းလှသည့် အတွေ့အကြုံများအနက်မှ ရေလုပ်သား ရေမှုဆိုးတို့၏ ဘဝတစ်ကွေ့ အတွေ့အကြုံအဖြစ် ဆုံခဲ့ရသည့် အဏ္ဏဝါပြင်မှ ကယ်တင်ရှင်အား ရေလုပ်သားများ ဘယ်သောအခါမျှ မေ့နိုင်ကြမည် မဟုတ်ပါတော့ချေ။

'အင်း..ငါဘဘွား ရေမှုဆိုးလည်း ခုလိုမုန်တိုင်းမိရင် ဒီရေထဲမှာပဲ ဘဝကို အဆုံးသတ်ရမှာ။ ရှင်ဥပဂုတ္တကိုယ်တော်မြတ်ကြီး ကယ်တင်ပေးလို့သာ အသက်ဆက်ရှင်ခွင့်ရတာပါကလား။ အဏ္ဏဝါပြင်ထဲက ကယ်တင်ရှင်အစစ်ဟာ ရှင်ဥပဂုတ္တကိုယ်တော်မြတ်ကြီးပါပဲလား'

ဦးဘဘွား၏စိတ်တွင် ထိုသို့ တီးတိုးရေရွတ်မိလျက်သူ၏ ဘဝတစ်သက်တာအတွက် အဏ္ဏဝါပြင်မှ ကယ်တင်ရှင်အား ကျေးဇူးအနန္တနှင့် မှန်းဆလျက် ဂါရဝတင်နေမိရပါတော့သည်။

စာပေချစ်သူများအားလုံး ဂမ္ဘီရဗဟုသုတများ ကြွယ်ဝပြည့်စုံကြပါစေ။

**အင်ကြင်းမွေး(နေပြည်တော်)**



www.burmeseclassic.com

www.burmeseclassic.com



ယခုဇာတ်လမ်းကို ရေးရန် အတော်အားမွေးယူခဲ့ရသည်။ ပြန်တွေးရုံဖြင့် စာရေးသူကိုယ်တိုင် ကြက်သီးဖြန်းဖြန်း ထမိ၍ မရေးဝံ့ရေးဝံ့ ဖြစ်နေခဲ့ရာ ဇာတ်ကြောင်းပြောပြ သူက မရေးသေးဘူးလားဟု ခဏ,ခဏ မေးနေသော ကြောင့် မရေးမဖြစ် ရေးတော့မည်ဟု စိတ်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ပြီး သတ္တိမွေး၍ ညဥ့်နက်သန်းခေါင်ချိန်တွင် တစ်ယောက်တည်း ထိုင်ရေးရင်း သွေးပျက်ခဲ့ရသော ညချမ်းကာလ တချို့ကို ပိုင်စိုးစေခဲ့သည့် မှတ်မှတ်ရရ ဝတ္ထုတစ်ပုဒ် ဖြစ်ပါ၏။

ဇာတ်ကြောင်းပြောသူက အခြားသူသာဆို လျစ်လျူရှုထား၍ ရသေးသည်။ ရေးရေး မရေးရေး ...သော လာမေးလောက်စရာမရှိ။ နောက်ပြီး သူစိမ်း...သော ဤအကြောင်း လာပြောပြပါက ထိုင်းရုပ်ရှင် ...ငြိမ်းထား၍လည်းကောင်း၊ အင်ဒိုနီးရှားကားအား ...၍လည်းကောင်း လာပြောခြင်းသာ ဖြစ်မည်ဟု ...ဝင်ကာ ရေးဖြစ်လောက်မည် မထင်ပါ။ စာရေး...ည်း ကော်ပီကို မုန်းတီးပြီး ကိုယ်ပိုင်ဖန်တီးမှု ...ကိုသာ ရူးသွပ်စွာ စွဲလမ်းတတ်သူတစ်ယောက် ...ကြောင့်ပင်။

သို့သော် ယခုမူ ဇာတ်ကြောင်းပြောသူသည် စာရေး...ခင်ဖြစ်ပြီး ကိုယ်တွေ့ကြုံခဲ့သူမှာ စာရေးသူ၏ ...ဖြစ်ကာ ဖြစ်ပွားခဲ့သော ဌာနေကလည်း စာရေးသူ ...ရင်းနှီးသောနေရာ ဖြစ်တာကြောင့် ဖြစ်ရပ်မှန်သချာလွန်းသဖြင့် ရေးသားဖြစ်ခဲ့ပါသည်။

သဘာဝကို တစ်ထွာတစ်မိုက်မက ကျော်လွန်နေသောကြောင့် ယုံကြည်ရန် ခက်ခဲလွန်းပေမည်သာ။ သို့သော် ဤဇာတ်လမ်းသည် လွန်ခဲ့သော နှစ်(၆၀)ခန့်က ဇင်းကျိုက်ရွာ (ယခု ဇင်းကျိုက်မြို့)လေးတွင် အမှန်တကယ် ဖြစ်ပွားခဲ့ခြင်း ဖြစ်ပါကြောင်း…။

◆◆◆

မိုးရေစက်တို့က ခပ်ဖွဲဖွဲ ကျဆင်းနေသည်။ ကောင်းကင်ယံတွင် တိမ်ညိုတိမ်ခဲတို့ အုံ့ဆိုင်းမည်းနက်နေကာ ကြယ်ရောင် လရောင်ပင် မှိန်ပျပျမမြင်ရ။ သည်ကြားထဲ မိုးကလည်း တဖွဲဖွဲရွာချနေသောကြောင့် ပတ်ဝန်းကျင်တစ်ခွင်လုံး မှောင်နှင့်မည်းမည်း။ ဤသို့ အလိုလိုနေရင်းပင် သွေးပျက်ချင်စရာကောင်းသော ညနက်ကြော ကာလကြီးမှာ မမြစိန်တို့လူတစ်စု သွားနေရသည့်နေရာက ရွာအပြင်ဘက်ရှိ ဝေးကွာလှသည့် သင်္ချိုင်းဆီသို့ ဖြစ်၏။

အသုဘပို့ဖြစ်၍ လူစုလူဝေးနှင့်ဆိုလျှင်တော့ နေအဘဦးမည်ပေါ့။ ယခုမူ လူစုဟု ခေါ်နိုင်ရုံမျှ အတီအကျရေတွက်ပြရသော် စုစုပေါင်းမှ အလောင်းအပါအဝင် လူ(၅) ယောက်သာရှိသည်။ သေသူ မအုံးမေ၊ သေသူ၏ဇင်ပွန်း

www.burmeseclassic.com

ကိုမင်းကြိုင်၊ ကိုမင်းကြိုင်၏ယောက်ဖ ဦးမင်းဉာဏ်ထွန်း၊ တွင်းတူးပေးမည့် ကိုတွတ်နှင့် အီစွပ်၊ မမြစိန်နှင့် ကိုစိန်ပု ပါမှ လူ(၇)ယောက်ကွက်တိ။ ထိုအထဲ၌ သက်ရှိထင်ရှား မိန်းမသားဟူ၍ ဒေါင်းတိမောင်းတိ မမြစိန်တစ်ယောက်သာ ပါရှိ၏။ မည်မျှပင်သတ္တိခဲဖြစ်ပါစေ လူခြေတိတ်သည့် နေရာသို့ ရောက်လာသည်နှင့်အမျှ သွေးလန့်ချင်စရာ ကောင်းလာတော့သည်။

သေသူ မအုံးမေက ကိုယ်ဝန်ဆောင်ဘဝတွင် ဖျိုးဖျိုးဖျတ်ဖျတ် ဆိုးဆိုးဆတ်ဆတ် ရုတ်တရက် ဆုံးပါးသွားခဲ့ခြင်းဖြစ်၏။ မမြစိန်တို့ရွာ၌ အယူအဆတစ်ခုရှိသည်။ ကိုယ်ဝန်ဆောင် (သို့မဟုတ်) မီးနေသည် ရုတ်တရက် ကွယ်လွန်လျှင် ရွာထဲမှာ သုံးရက်ထားခွင့်မရှိဘဲ ချက်ချင်းမြှုပ်နှံစေသည်။ သုသာန်သို့ ချက်ချင်းပို့ရသည်။ နောက်ပြီး ကျေးရွာများ၌ ကလေးအမေ အလောင်းဆိုလျှင် လွန်စွာကြောက်ရွံ့ကြသည်။ အသုဘပို့လိုက်ရန်လည်း လွန်စွာ လေးကန်ကြသည်။ အဘယ်ကြောင့်ဆိုသော် ကလေးအမေဆိုသည်မှာ ကလေးငယ်အပေါ်တွင် အလွန်အစွဲအလမ်း ကြီးတတ်သဖြင့် မကျွတ်လွတ်နိုင်ဟု ယုံကြည်ကြသောကြောင့် ဖြစ်၏။

သို့ကြောင့်ပင် ဖြစ်မည်။ မအုံးမေ သေဆုံးချိန်က ညနေ(၆)နာရီခွဲခန့်တွင်ဖြစ်ရာ အသုဘပို့ရန် ပြင်ရင်းဆင်ရင်း (၇)နာရီထိုးသွားခဲ့သည်။ သင်္ချိုင်းသို့ သွားမည်ဟုဆိုတော့ အသုဘလိုက်ပို့မည်သူ မရှိ။ အခေါ်ခံရမည်စိုး၍လားမသိ တံခါးများပင် ပိတ်ထားကြပြီ။ နောက်ဆုံး သေသူ၏ ခင်ပွန်း၊ သေသူ၏ယောက်မ မမြစိန်။ မမြစိန်ကို ပိုးပန်းနေသူ ကိုစိန်ပုနှင့်တကွ လူကြီးဖြစ်သော မမြစိန်၏ အဖေ ဦးမင်းဉာဏ်ထွန်း အပါအဝင် တွင်းတူးမည့်သူ နှစ်ဦးကို လိုက်ရှာခေါ်ကာ အလောင်းကိုထမ်း၍ နေအိမ်မှ ထွက်ခွာခဲ့ကြသည်။ ကိုစိန်ပုခမျာ လိုက်ချင်ပုံ မရပါ။ မမြစိန်က အဖော်ရရန်အတွက် အတင်းအကျပ် ခေါ်လာသဖြင့် မျက်နှာရလို၍ လိုက်လာခဲ့ဟန်တူ၏။

မမြစိန်၏ရင်ထဲ မချိတင်ကဲ ယူကျုံးမရ။ မအုံးမေ တစ်ယောက် ဘယ့်နှယ်လုပ် သေရပါလိမ့်။ မွေးဆိပ်တက်တာတဲ့။ ညနေကပဲ အတူတူ ဟင်းရွက်ခြွေနေကြသေးတာ။ သူ မွေးကိုက်ခံရတာကို ငါသိရမှာပေါ့။ ခုတော့ မွေးကိုက်ဒဏ်ရာလည်း မတွေ့ရဘဲ မွေးဆိပ်တက်သတဲ့။

ဆေးဆရာများ ကုသရန်ပင် အချိန်မမီ။ နိပ်ရင်းပြုရင်း ဆုံးလေသည်။ သေသူ မအုံးမေက မမြစိန်၏ယောက်မ တော်စပ်သော်လည်း အစ်မတစ်ယောက်လို ဖြစ်နေပြီ အိမ်က ဘေးချင်းကပ်မို့ တိုးတိုးဖော့ဖော့ဆိုလည်းမမှား။ အ ပေါက်အရွယ် မမြစိန်က အိမ်ထောင်သည် မအုံးမေ အမိပမာ အစစအရာရာ တိုင်ပင်နေကျ။ ယခုတော့ ကောက်ကာငင်ကာ ဆုံးပါးသွားခဲ့ပြီ။

သေသူ မအုံးမေက မမြစိန်ထက် (၁၈)နှစ်ခန့်ကြီး သည်။ ယခုမှ မမြစိန်က (၁၇)နှစ်မျှ ရှိသေးသော်လည်း မအုံးမေကတော့ (၃၅)နှစ်နား ရောက်လုပြီ။ နောက်ပြီး မအုံးမေက ကိုမင်းကြိုင်၏ ပထမဇနီး မဟုတ်။ နှ ယောက်လုံး မုဆိုးဖို၊ မုဆိုးမတို့ ဖြစ်ကြပြီး ကိုမင်းကြိုင် တစ်နယ်တစ်ကျေးသို့အသွား ချစ်ကျွမ်းဝင်ကာ လက်ထပ် ခဲ့ကြခြင်းဖြစ်သည်။ လက်ထပ်ပြီးနောက် ကိုမင်းကြိုင်၏ ဇာတိ ဇင်းကျိုက်ရွာလေးသို့ မအုံးမေ လိုက်လာသည်။ အမှန်တော့ မအုံးမေက ဘားအံဇာတိ။ အရင်အိမ်ထောင် နှင့် ကလေးနှစ်ယောက် ကျန်သော်လည်း အဘိုး၊ အဘွား များနှင့်သာ ထားခဲ့ကာ ဇင်းကျိုက်မှာပဲ အမြဲနေတော့၏

အသက်ကြီးမှယူသော သူတို့နှစ်ယောက် ကလေး ရလာတော့ ဝမ်းသာအယ်လဲဖြစ်ကာ မိမိအား တ ယောက်တစ်လှည့် လာပြောကြသည်များကို မမြစိန် မှ မီနေဆဲ။ အသုဘပို့ သွားနေခိုက်မှာပဲ ပြန်တွေးမြင်ယော နေဆဲ။ အစ်ကိုကြီး ကိုမင်းကြိုင်က အစ်ကိုတစ်ဝမ်း ဖြစ်သော်လည်း ငယ်စဉ်ကတည်းက နှစ်အိမ့်တစ် နေထိုင်လာခဲ့ကြသူများဖြစ်၍ မောင်နှမအရင်းလို ဖြစ် လေရာ မအုံးမေကလည်း မမြစိန်အဖို့ အစ်မအရင်း ဖြစ်လာသည်။ ကိုမင်းကြိုင်က လယ်ထဲတွင် အလုပ် နေရသူဖြစ်၍ မပေါ့မပါး ကိုယ်ဝန်သည်အစ်မဖြစ်သူ စောင့်ရှောက်ကူညီရန် မမြစိန်ကို လာမှာသလို မအုံး ကလည်း ရင်သွေးလေး မွေးလာလျှင် အလွန်ပျော် ကောင်းမည် ဖြစ်ကြောင်းကို မမြစိန်အား ရင်ဖွင့်သည် အသက်ကြီးမှ အိမ်ရာအသစ်တည်ပြီး ဆယ်ကျော် များပမာ လွန်စွာချစ်ခင်နေကြသော အစ်ကို၊ အစ်မ မယားကိုကြည့်ရင်း မမြစိန်မှာလည်း ကိုယ်စားပီတိ ကြည်နူးနေခဲ့ရ၏။ (၈)လနီးပါး ပျော်ရွှင်ခဲ့ရသော များပါပေ။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ဝန်ရင့်သထက် ရင့်လာသည့်အခါ မအုံးမေအား အလုပ်သိပ်မလုပ်ရန် မှာရသလို အလေးအပင်များ မ,မ မိအောင် ဂရုစိုက်နေရသည်။ မအုံးမေက အလွန်အလုပ်လုပ်သူ။ ဘယ်အချိန်ကြည့်ကြည့် တကုပ်ကုပ် လုပ်နေတတ်သည်။ သို့ဖြစ်၍ သတိပေးရသည်။ ကိုယ်တိုင်လည်း သတိထားကာ စောင့်ရှောက်ရသည်။ ဤသို့ဖြင့် ဖွားလုဖွားခါနီးအချိန်နားသို့ ကပ်လာပြီ။ လွန်ခဲ့သော တစ်ပတ်ခန့်က ဘားအံတွင် ပြန်မွေးမည်ဟုဆို၍ ခရီးထွက်လျှင် ကလေးထိခိုက်မည်စိုးသောကြောင့် ကိုမင်းကြိုင် တားမြစ်နေသံကို အိမ်ချင်းကပ်လျက်မှနေ မမြစိန် ကြားလိုက်သေးသည်။ မအုံးမေက တတွင်တွင် တောင်းဆိုလို့ ကိုမင်းကြိုင်ကလည်း အတန်တန်တားမြစ်လို့။ နောက်ဆုံးနေ့သည်ကို အလွန်ချစ်မြတ်နိုးသူမို့ အလိုလိုက် အကြိုက်ဆောင်ကာ သူကိုယ်တိုင် လိုက်ပို့ပေးပါမည်ဟု ဝန်ခံကတိပေးနေသံအထိ မမြစိန် ကြားလိုက်ရ၏။

အစ်မကလည်း ခက်တာပါပဲ။ ဘားအံကို ဒီအခြေအနေကျမှပြန်ရင် လမ်းမှာ မွေးချင်ဖွားချင်မှ ခက်ဦးမယ်။ မမြစိန် ကြိုတွေးရင်း ပူမိပေမယ့် သူတို့လင်မယားချင်း သင့်တင့်လို့ ဆုံးဖြတ်တဲ့ကိစ္စ ဝင်မပါတာဘဲ ကောင်းပါတယ်လေဟုတွေးကာ မသိချင်ယောင်ဘဲ ဆောင်နေခဲ့သည်။ ယခုတော့ ဇာတိပြန်ကာ ဖွားမြင်ရန် ဆန္ဒရှိသော မအုံးမေတစ်ယောက် ကလေးပင် မမွေးရသေးဘဲ ရုတ်တရက် ကောက်ကာငင်ကာ ဆုံးပါးသွားခဲ့ပါပြီ။

◆◆◆

'ဝေါ..ဝရှး'

လေပွေတစ်ချက်က ကရူးကန့မ်း ပြေးဝင်လာ၍ တက်ထဲကထီး လွင့်ထွက်တော့မလို ဖြစ်သွား၍ မမြစိန် အသည်းအသန် ဆုပ်ကိုင်ထားလိုက်ရသည်။ ဘယ့်နှယ့်ပါလိမ့်။ လေကလည်း ကြမ်းလိုက်ပါဘိ။

အသုဘပို့ လိုက်လာခိုက် တောင်မြောက်တွေးရင်း လေးကန်ကန် လျှောက်လာရာမှ ပတ်ဝန်းကျင်သို့ ကြည့်မိတော့ ရွာအပြင် ဘုန်းကြီးကျောင်းနားသို့ ရောက်နေပြီဖြစ်ကြောင်း သိလိုက်ရသည်။ ဘုန်းကြီးကျောင်းကိုလွန်၍ ညောင်ညိုပင်နှစ်ပင်ကို ကျော်ပါက သင်္ချိုင်းသို့ ရောက်ပြီ။ မှုန်တိမှုန်မှိုင်းမှိုင်း မြင်နေရသော သင်္ချိုင်းသို့ လှမ်းမျှော်ကြည့်ရင်း မမြစိန် လျှောက်တွေးမိသည်။

ဘာပဲပြောပြော တော်သေးသည်ဟုဆိုရမည်။ မမြစိန်တို့ရွာ၌ သရဲခြောက်သည်ဟု သတင်းကြီးသော နေရာမရှိ။ သင်္ချိုင်းနားရှိ သစ်ပင်များ၌ လူတွေကို ဒုက္ခပေးတတ်သော၊ စားစရာများကို လိုက်လံဆွဲယူတတ်သော တစ္ဆေသရဲ အကြမ်းစားများ နေထိုင်တတ်ကြောင်း စာအုပ်များတွင် မကြာခဏ ထည့်သွင်းရေးသားလေ့ရှိသော်လည်း မမြစိန်တို့ရွာမှာတော့ ထိုသတင်းမျိုး မကြားမိပါ။ မမြစိန်၏ တစ်သက်လည်း တစ္ဆေသရဲများကို မတွေ့ခဲ့ရဖူး။ ထို့အတူ ညောင်ညိုနှစ်ပင်သည်လည်း နေ့နေ့ညည အေးချမ်းတိတ်ဆိတ်စွာ တစ်ခါတစ်ရံ ပြင်းပြင်းထန်ထန် လေတိုက်မှပဲ သွေးလန့်ဖွယ်ရာ ခါယမ်းယိမ်းထိုးတတ်သည်ကလွဲ၍ တစ်စုံတစ်ရာ ချောက်ချားစရာ မရှိခဲ့။

ပတ်ဝန်းကျင်သို့ အကြည့်ဝေ့ပြီးသည့်နောက် မလှမ်းမကမ်းသို့ မျှော်ကြည့်မိတော့ (မမြစိန်၏ဖခင်) ဦးမင်းညဏ်ထွန်း၏ စိုရွှဲရွှဲကျောပြင်ကြီးကို ဦးစွာမြင်ရသည်။ မမြစိန်မှလွဲ၍ ကျန်လူအားလုံး ထီးမပါ။ ခေါင်းမောက်ကိုယ်စီသာ ဆောင်းထားကြသည်။ ဖခင်၏ နောက်မှာတော့ အစ်ကိုကြီးကိုမင်းကြိုင်က လည်ပင်းကြောတို့ ထောင်ထစွာဖြင့် လိုက်ပါလာသည်။ ~~အံကြိတ်ထားဟန်တူလေသည်။~~ ချစ်ခင်မြတ်နိုးရသော ဇနီးသည် ဆုံးပါးသွားမှတော့ အစ်ကိုကြီးခံစားရပေမှာပေါ့။ မမြစိန် အစ်ကိုကြီးကို သနားမိသည်။ ပထမဇနီးသည်ကိုလည်း ကြာကြာမပေါင်းလိုက်ရဘဲ ဆုံးရှုံးခဲ့သလို ယခုလည်း ထားသွားပြန်ပြီ။ အစ်ကိုကြီး ဘယ်လောက်ဝမ်းနည်းပူဆွေးနေလေသလဲ။ သမုဒယကြောင့် ဒုက္ခဖြစ်ဆိုတာ တယ်မှန်ပါလားဟု မမြစိန် ဆင်ခြင်မိလိုက်စဉ်။

'မမြစိန်..ကြောက်နေသလား။ ကျုပ်လက်ကို ကိုင်ဆွဲထားပါလား'

နံဘေးတွင် ပိုးပန်းရန်အကြံနှင့် လိုက်ပါလာသော ကိုစိန်ပုက ဆိုသည်။ ကိုစိန်ပုအသံကြောင့် မမြစိန် အတွေးပြတ်သွားကာ ကိုစိန်ပုကို လှည့်ကြည့်သည်။ အရပ်ပုပု၊ အသားညိုညို၊ ကိုယ်လုံးတုတ်ခိုင်ခိုင်နှင့် ဂင်တိုတိုပုံစံရှိသည့် ကိုစိန်ပု၏ အသွင်သဏ္ဌာန်က မမြစိန်ကို နှစ်သက်စေခြင်း မရှိပါ။

'ကျွန်မ မကြောက်တတ်ပါဘူး။ ကိုစိန်ပုကို အရေး



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကြုံရင် အားကိုးရအောင်သာ ခေါ်ခဲ့တာပါ'

'စိတ်ချပါ မမြစိန်။ အန္တရာယ်ကြုံလာရင် ကိုစိန်ပု အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ပါ့မယ်'

ကိုစိန်ပုက လောကွတ်ချော်လျက် လက်နှစ်ဖက်ကို ဘေးသို့ကားကာ မာန်တဝင့်ဝင့်ဖြင့် ဟန်ရေးပြသည်။ မိန်းမပျိုလေးများ အားကိုးချင်မလားဟု ကြိုးစားပမ်းစား ဗလပြလျက်ရှိသော်ငြား မမြစိန်က သူ့ကို မကြည့်တော့ဘဲ ရှေ့သို့သာ ငေးကြည့်နေမိသည်။ ယခု မမြစိန်ငေးနေမိသည်က ဖျာနှင့်ပတ်ထားသော မအုံးမေ၏ အလောင်းကို။

ရုတ်တရက်ကွယ်လွန်သွားခြင်း ဖြစ်သည့်အတွက် ကိုယ်ဝန်ဆောင်မို့ ချက်ချင်းမြေမြှုပ်ရမည်ဖြစ်လေရာ အခေါင်းကို လှလှပပပြင်ဆင်ရန် အချိန်မရ။ ထပ်စောင့်နေလျှင် ညဥ့်နက်သွားမည်စိုး၍ အလျင်းသင့်သလို စီစဉ်လိုက်ရသောကြောင့် အလောင်းကို ဖျာနှင့်ပတ်ကာ အသုဘချရသည့်အပေါ်တွင် မမြစိန် စိတ်မကောင်းဖြစ်ရသည်။ သေသူကိုလည်း အားနာမိသည်။ လှလှပပ သစ်သားအခေါင်းလေးဖြင့် မြေမြှုပ်သင့်မှန်းသိပေမယ့် အခေါင်းက မှာယူရဦးမည်။ သစ်သားများကို ရွေးရ၊ ရိုက်ရဦးမည်။ အချိန်ကြာမည်ဖြစ်၍ စောင့်ရန် မဖြစ်နိုင်တော့။ သေသူကလည်း သေပြီပမို့ ဖျာပတ်၍ ဝါးလုံးရှည်ဖြင့် တွင်းတူးမည့်သူ နှစ်ဦးအား ထမ်းစေသည်။ [မှတ်ချက်-လွန်ခဲ့သောနှစ် (၆၀)ခန့်ကဖြစ်၍ ယခုခေတ်လို နာရေးကူညီမှုအသင်းများလည်း မရှိသေးချေ။] အလောင်းကိုငေးရင်း မမြစိန်၏ စိတ်မျက်စိထဲ၌ မအုံးမေ ကွယ်လွန်ခါဆဲဆဲ ဖြစ်ပွားခဲ့သော ဖြစ်ရပ်များအား ပြန်ပြောင်းမြင်ယောင်မိပြန်၏။

ညနေက အိမ်အောက် ကွပ်ပျစ်ပေါ်တွင် မအုံးမေ ဟင်းရွက်ခြွေနေသည်ကိုမြင်တော့ မမြစိန် ခြံကူးလာကာ သူမနှင့်အတူ ဟင်းရွက်သင်ရင်း ကိုစိန်ပု နောက်ပိုးလိုက်နေသည့်အကြောင်းကို ရင်ဖွင့်ပြောပြမိသည်။ မမြစိန်က ကိုစိန်ပုကို မကြိုက်ပါ။ သို့သော် ငယ်သူငယ်ချင်းဖြစ်နေ၍ အလိုက်အထိုက်ဆက်ဆံနေရသည်။ ကိုစိန်ပုကမူ အလိုက်ကန်းဆိုးမသိချေ။ မမြစိန်ကိုမြင်သည်နှင့် ရေထမ်းရေဆွဲလွန်းသဖြင့် အယ်ထွက်နေသည့် လက်မောင်းကြွက်သားကြီးများရှိသည့် လက်နှစ်ဖက်ကို ဘေးသို့ချဲ့ကားကာ ဟန်ရေးပြတော့သည်။ မျက်စိနောက်လိုက်ပါဘိ။

'ညီမက ဘယ်သူ့ကို သဘောကျလို့လဲ'

မအုံးမေက သည်အရွယ်ကို လွန်လာခဲ့သူပီပီ မြင်သည်။

ပွင့်ပွင့်လင်းလင်း မေးတော့ မမြစိန်က ရှက်စနိုး အမူအရာဖြင့်-

'ဟိုဘက်ရွာက ကိုအောင်ဖေကိုတော့ နည်းနည်း မေတ္တာရှိသလိုပဲ အစ်မကြီးရယ်။ ဒါပေမဲ့ သူက လူအေး ပါ။ ကျွန်မကို စကားလာပြောရင်လည်း အေးအေးအေး အေးနဲ့ ရင်ဖွင့်ပုံကလည်း ခပ်ရိုးရိုးပါပဲ'

'ဪ··ကိုအောင်ဖေလား။ တော်ပါတယ် ညီမရဲ့၊ ဘာသာတရားလည်း အလွန်ကိုင်းရှိုင်းဆို။ ကောင်းသား ပဲကွယ်'

မမြစိန်လည်း မဝံ့မရဲဖြစ်နေရာမှ မအုံးမေ၏ စကား ကြောင့် ဆုံးဖြတ်ရဲသလိုလို ဖြစ်သွားသည်။ ထို့နောက် ရောက်တတ်ရာရာတွေ ပြောဖြစ်ကြသည်။

ထိုအထဲတွင် ကလေးက မွေးခါနီးပြီဖြစ်၍ ဘ... သို့ ရှေ့တစ်ပတ်ထဲသွားမည် ဖြစ်ကြောင်းလည်း ပါသည်။ မအုံးမေက ဘာကြောင့်သွားချင်နေမှန်းမသိ။ ဖွတ်တရွ... သွားမည်ချည်း ဆိုနေ၏။ မမြစိန်က မသွားစေချင်သဖြင့် ဒီမှာပဲ မွေးပါလားဟု ပြောပေမယ့် မအုံးမေ၏ ဆန္ဒ... ဟိုမှာမွေးလိုကြောင်း သိရ၍ နောက်ဆုံး မတားတော့... ဂရုစိုက်ရန်မှာရင်း လမ်းခွဲဖြစ်ခဲ့သည်။ အိမ်ပေါ်အထိ ... ပို့ခဲ့သည်။ အောက်သို့ ခဏ,ခဏ မဆင်းရန်ပင် မှာခဲ့... သည်။ သို့သော် ကွမ်းတစ်ညက်ခန့်သာ ကြာလိမ့်မည်... မအုံးမေ၏ ညည်းတွားသံကို ခပ်သဲ့သဲ့ကြားမိ၍ မမြ... အပြေးသွားခဲ့လိုက်၏။

'အမယ်လေး'

တွေ့မြင်လိုက်ရသည့် မြင်ကွင်းက စိုးရိမ်စရာ... မေက ကြမ်းပြင်တွင် လူးလူးလိမ့်လိမ့်။ ဘာဖြစ်... လိမ့်။ ချော်လဲကျတာများလား။ မမြစိန်မှာ ဘာလု... ဘာကိုင်ရမည်မသိ။ ထူပူလျက် ကြောင်တက်ငေး... ၏။ သတိရမှ မအုံးမေကို အိပ်ရာပေါ်တွဲပို့ အစ်... ကိုမင်းကြိုင်ကို သွားခေါ်ခိုင်းရသည်။

အစ်မ မအုံးမေ လူးလိမ့်နေပြီ။ အသက်ရှုကျပ်... အသက်ရှုကျပ်တယ်ဟုလည်း ပြောသည်။ မမြ... မိန်းမသားတစ်သိုက်မှာလည်း ဘာလုပ်၍လုပ်ရမည်...



www.burmeseclassic.com

www.burmeseclassic.com

…မျှကြာတော့ ကိုမင်းကြိုင် ရောက်လာ၏။ ဇနီးသည် …ကို စိုးရိမ်တကြီးကြည့်ရင်း သောကရောက်နေသော်ငြား …ကိုယ်တိုင်လည်း ဘာလုပ်သင့်မှန်း သိပုံမရ။ မမြစိန် …လည်း ဘာဖြစ်မှန်းမသိ၍ တက်သလောက် မှတ် …လောက် နှိပ်နယ်ပေးရင်း စောင့်ကြည့်နေရသည်။ နာရီ …ချသာ ကြာလိမ့်မည်။ မမြစိန်တို့ နှိပ်နယ်ပြုစုနေရင်း …င် အသက်ရှူကျပ်သော အမူအရာများဖြင့် ရှန်းကန် …ဆိုးကာ ဆုံးပါးသွားတော့သည်။

မအုံးမေ ဆုံးအပြီးမှာပဲ ဆေးဆရာရောက်လာသည်။ (…စိန်၏ဖခင်) ဦးမင်းဉာဏ်ထွန်း ခေါ်လာခြင်း ဖြစ် …သည်။ ဆေးဆရာက ဟိုဟိုသည်သည် စမ်းသပ်ကြည့် … မြွေဆိပ်တက်တာဟု ဆိုသည်။ မမြစိန်တို့မှာလည်း …ခံ့တသြဖြစ်ရပြီပေါ့။ တစ်နေ့ကုန်တစ်နေ့ခန်း သူနှင့် …း နေနေတာ ဘာမြွေမှ ကိုက်တာမတွေ့။ နောက်ပြီး …သူ၏ ခန္ဓာကိုယ်တွင် မြွေကိုက်ဒဏ်ရာမရှိ။ ဘယ် …စ်တာပါလိမ့်။

'ဒါပေမဲ့ မြွေဆိပ်တက်လို့ အသက်ရှူကျပ်ပြီး ဆုံး …တာပဲကွယ့်'

ဆေးဆရာ၏ စကားက ယုံမှားသံသယဖြစ်ဖွယ်ရာ …မဟုတ်ပါ။ သို့သော် ဆန်းကြယ်လွန်းနေပေသည်။ …ဝန်သည်ကို ဘယ်မြွေက ကိုက်သလဲ။ တိုက်မြွေ …။ မအုံးမေမှာ ရန်ငြိုးရန်စများ ရှိသလား။ ရှိမည် …ပါ။ သူမက အလွန်တရာမှ ဆက်ဆံရေးကောင်းမွန် … နောက်ပြီး ဒဏ်ရာလည်း ရှာမရ။ စဉ်းစားရခက်ပါ … ဆေးဆရာက ဆုံးသွားပြီဟုဆိုမှတော့ မြေချဖို့ ပြင် …ပေါ့။ ထိုကိစ္စများကို လူကြီးဖြစ်သူ ဖခင်ဦးမင်းဉာဏ် … စီမံနေ၍ မမြစိန်လည်း မိန်းမဖော်တချို့နှင့် … ငိုယိုနေတော့သည်။

…လေးအမေ အသက်ရှူကျပ်ကာ ဆုံးပါးသွားသည့် … ဝမ်းဗိုက်ထဲ၌ တွန်းထိုးရုန်းကန်နေသော ရင်သွေး … အသက်ရှင်နေသေးသည့် အနေအထားကို စက္ကန့် …ကြာ တွေ့မြင်နေခဲ့ရသည်။ အမေ သေသော်လည်း … ချက်ချင်းမသေသေးပေ။ တစ်စုံတစ်ယောက် …တင်လိုကယ်တင်ငြား ကြိုးစားလှုပ်ရှားနေခြင်းအား …သည်ကို ဝိုင်းနှိပ်နေသူ မမြစိန်တို့အားလုံးနီးပါး …လိုက်ရသည်။ (ယနေ့ခေတ်လိုဆိုလျှင်တော့ ဗိုက် ခွဲထုတ်ပါက ကလေးအသက်ရှင်နိုင်မည် ထင်ပါသည်) ပါးလွှာသော ဝမ်းဗိုက်အရေပြားဖြစ်ပေသီ ထိုကလေးငယ် က ဘယ်ဖောက်ထွက်နိုင်ပါ့မလဲ။ ရုန်းရင်းကန်ရင်း အမေ ဆုံးပြီးမကြာ ဗိုက်ထဲက ကလေးလည်း ဆုံးရှာသည်။

'တစ်ယောက်ယောက်သာ ခွဲထုတ်နိုင်ရင် ငါ့တူလေး အသက်ရှင်မှာ'

စိတ်ထဲက ရေရွတ်ညည်းတွားရင်း မမြစိန် ရှိုက်ကြီး တငင်ငိုပေါ့။ မည်သို့ပင် မှတ်ချက်ပြုနေပါစေ မအုံးမေနှင့် ရင်သွေးငယ်တို့ ဆုံးပါးသွားခဲ့ပြီဖြစ်သည်။ ကိုယ်ဝန်သည် ဖြစ်နေ၍ ညတွင်းချင်း မြေချရမည်။ ဤသို့ဖြင့် ညတွင်း ချင်းချမည့် အသုဘကို လိုက်ပို့မည့်သူ မရှိ၍ သတ္တိခဲ မမြစိန်က မိန်းမသားတန်မဲ့ လိုက်ပါလာခဲ့၍ သွေးပျက် ချောက်ချားဖွယ်ရာများကို များမကြာခင် မျက်ဝါးထင် ထင် တွေ့မြင်ခဲ့ရပေတော့သည်။

◆◆◆

သေသောသူကို သုသာန်သို့ ခေါ်ဆောင်လာချိန်တွင် ဝသန်မိုးက အငြိုးတကြီး ရွာချနေလိုက်ပုံများ အဆက် ပြတ်သည်မရှိ။ မြေပြင်သည် စိုစွတ်နေသဖြင့် နင်းလိုက် သည့်အခါတိုင်း စွက်ကယ်,စွက်ကယ်အော်ကာ ဗွက်ထ သွားသည်။ မိုးရေနှင့် ဗွက်တို့ကြောင့် ထဘီဒူးဆစ်အား အထိ ရွှဲရွှဲစိုနေသဖြင့် မမြစိန်မှာ ညကျရင် ဖျားတော့မှာပဲ ဟုတွေးလျက် စိတ်ပျက်လက်ပျက် ရှိနေသည်။ ကြောက် တတ်သူ မဟုတ်သဖြင့် မှောင်မိုက်မိုက်ဝန်းကျင်သို့ ဝေ့ဝဲ ကြည့်ရှုမိပေသီ ချောက်ချားခြင်း မဖြစ်မိပါ။ တိတ်ဆိတ် နေသော ပတ်ဝန်းကျင်ကြောင့် ပြောစရာစကားလည်း မရှိ သဖြင့် မမြစိန် ရောက်တတ်ရာရာ လျှောက်တွေးနေမိဆဲ။

ရှေးခေတ်`ရှေးအခါက ဖုတ်သွင်းမသာဆိုတာ ရှိခဲ့ ကြောင်း ကြားဖူးသည်။ သေသူကို နတ်ဆရာ၊ မှော်ဆရာ က ပညာဖြင့် ဖုတ်ဝင်စေကာ ခေါင်ရန်းပန်းကို ပန်စေကာ သင်္ချိုင်းသို့ ကိုယ်တိုင်သွားစေ၏။ မသာ၏ ပါးစပ်တွင် ငွေတစ်မတ် ထည့်ပေးလိုက်သည်။ ထိုတစ်မတ်က သုဘ ရာဇာအတွက် တွင်းတူးခဟု ဆိုကြသည်။ ဤသို့ဆိုလျှင် ဖုတ်ဝင်ခြင်းဆိုတာ လုပ်ယူ၍ရသည့် သဘောလား။ ထို ပညာရပ်တွေက အမှန်တကယ်ပဲ တည်ရှိနေသလား။ မမြ စိန်၏ အတွေးများက ရောက်တတ်ရာရာ ကစဉ့်ကလျား။

ရောက်ရာပေါက်ရာ တွေးတောရင်း ရှေ့သို့ ရှော့

www.burmeseclassic.com

ကြည့်မိတော့ ချောင်ညိုနှစ်ပင်ကို လွန်ခဲ့ပြီမို့ သင်္ချိုင်းဝသို့ ရောက်ခဲ့ချေပြီ။ သင်္ချိုင်းသည် လူသေတို့နေရာအရပ်ပီပီ တိတ်ဆိတ်ခြောက်ကပ်ကာ သွေးလန့်ဖွယ်ရာ ကောင်းနေတော့သည်။

'ဟင်း'

ဟိုဟိုသည်သည်တွေးရင်း သင်္ချိုင်းကို လှမ်းကြည့်နေစဉ် တွေ့မြင်လိုက်ရသည့် တစ်စုံတစ်ရာက မမြစိန်ကို အံ့သြသွားစေသည်။ တစ်ဆက်တည်းမှာပဲ လန့်ဖျပ်သွေးပျက်သွားစေသည်။ အလောင်းကို ဝါးလုံးလျှိုထမ်းကာ လူလေးယောက် လမ်းလျှောက်သွားနေသော မမြစိန်၏ရှေ့ မြင်ကွင်းသည် ခဏအတွင်းမှာပဲ ရုတ်ခြည်းပြောင်းလဲသွားသည်။

အလောင်းထဲက ဝုန်းခနဲ ခုန်ချလာသူတစ်ယောက်။ အလိုလေး..မိန်းမတစ်ယောက်ပါလား။ အလောင်းအတွင်းမှ တစ်စုံတစ်ယောက် ခုန်ချပြေးထွက်သွားသော မြင်ကွင်းကြောင့် ပါးစပ်က ဂူးဂူးဝါးဝါး ထအော်ရင်း နံဘေးမှ ကိုစိန်ပု၏ လက်မောင်းကို လှမ်းဆွဲမိသည်။ ကိုစိန်ပုလည်း မြင်လိုက်သည့်ပုံ။ အသားတို့ တဆတ်ဆတ်တုန်လို့။ ယောက်ျားတန်မဲ့ သွေးပျက်ချောက်ချားနေလိုက်ပုံများ။

'ဘာ..ဘာကြီးတုံးတော်။ ရှင်..ရှင်ရော မြင်လိုက်လား'

မမြစိန်က ကတုန်ကယင်အသံနှင့် မေးသည်။ ကိုစိန်ပုခမျာ အဖြေမရှိ။ ကြောင်တောင်ကြီး ရပ်နေ၏။

ရှေ့က မသာပို့သွားနေသူအားလုံးလည်း နေရာမှရပ်ကာ ကြောင်တက်မှင်တက်နေကြပြီ။ တစ်လမ်းလုံး မအုံးမေ..မအုံးမေဟု တ,ကာ အံကြိတ်ငိုနေသော အစ်ကိုကြီးသည်လည်း အသံတိတ်သွားသည်။ အလောင်းထမ်းလာသူ နှစ်ယောက်ကမူ ဆိုဖွယ်ရာမရှိ။ ချက်ချင်းပင် ထမ်းထားသော အလောင်းကိုပစ်ချကာ လာလမ်းအတိုင်း ပြေးချင်နေပုံရသည်။ ဖခင်ကြီး ဦးမင်းဉာဏ်ထွန်းတစ်ယောက်သာ အနည်းငယ် တည်ငြိမ်နေ၏။

ခဏကြာမှ စောစောက အဖြစ်အပျက်ကို မမြစိန်၏ အသိဉာဏ်က မဝံ့မရဲ ပြန်တွေးဝံ့ခဲ့သည်။ သင်္ချိုင်းဝကို လှမ်းကြည့်ကာ မမြစိန် ရှေ့ဆက်လျှောက်လာစဉ် ရုတ်တရက်ဆိုသလို ထမ်းစင်ထဲက တစ်စုံတစ်ယောက် လိမ့်ဆင်းခုန်ချလာသည်ကို ရိပ်ခနဲ တွေ့လိုက်ရ၏။ [illegible] မှားခြင်းများလား၊ ထင်ယောင်ထင်မှား ဖြစ်ခြင်းများ[illegible] မဟုတ်ပါ၊ မအုံးမေ၏ အလောင်းထည့်ထားသော [illegible] ထဲက လူတစ်ယောက်ခုန်ထွက်လာသည့်သဏ္ဌာန်။ [illegible] ဝါးမဟုတ်ဘဲ ထင်ထင်ရှားရှားကြီး။

လျှပ်ရှားမှုက မြန်လွန်းလှသဖြင့် ရိပ်ခနဲသာ မြင်လိုက်ရပေမယ့် အင်္ကျီအဖြူဝတ်ထားသော မိန်းမတစ်ယော[illegible]၏ ရုပ်ပုံမှန်း မမြစိန် သိလိုက်သည်။ သိလျှင်သိချင်း [illegible] ပျက်ကာ ကိုစိန်ပု၏ လက်မောင်းကို လှမ်းဆွဲရင်း [illegible] မိန်းမကိုမူ မျက်ခြည်မပြတ် လှမ်းကြည့်နေဆဲ။ အလော[illegible] ထဲမှ ခုန်ထွက်လာသော အမျိုးသမီးက လေကဲ့သို့ [illegible] မြန်နှုန်းဖြင့် သင်္ချိုင်းထဲသို့ ပြေးဝင်သွားသည်ကို [illegible] သာမက ကိုမင်းကြိုင်၊ ဦးမင်းဉာဏ်ထွန်းတို့ အပါအ[illegible] အသုဘပို့သူအားလုံး တွေ့မြင်လိုက်ရပါသည်။

'ဦးကြီး..အဲ..အဲဒါ မအုံးမေ..မအုံးမေ [illegible] လား'

'အေး..မအုံးမေတော့ ကလေးစွဲစိတ်နဲ့ မကျွ[illegible] ပြိတ္တာဘဝ ရောက်နေတယ် ထင်ရဲ့'

အစ်ကိုကြီးက အသံတုန်တုန်ယင်ယင်နှင့် မေး[illegible] ဖခင်က ဦးခေါင်းကို လေးလေးပင်ပင် ညိတ်ပြရင်း [illegible] ကြောင်းဖြေတော့ စောစောက တစ်ချိန်လုံး တ,ငို[illegible] အစ်ကိုကြီးတစ်ယောက် သင်္ချိုင်းထဲ မဝင်ဝံ့လောက်အေ[illegible] လန့်နေလေသည်။ အမှန်ပြောရလျှင် မမြစိန်ကိုယ်[illegible] လည်း မဝင်ရဲတော့။ အလောင်းထဲကနေ ရုတ်တ[illegible] ဝုန်းခနဲခုန်ချကာ သင်္ချိုင်းထဲ ပြေးဝင်သွားသော မအုံး[illegible] ပုံရိပ်ကြီးက ပြန်တွေးရုံမျှဖြင့် သွေးပျက်ချောက်ချ[illegible] စရာ။ ကျန်လူအားလုံးလည်း အနည်းနှင့်အများတော့ [illegible] နေကြသည်။

နောက်ဆုံးတွင် ကိစ္စပြီးအောင်လုပ်မှဖြစ်မည်မို့ [illegible] တူးမည့်သူ နှစ်ယောက်လည်း ခါးကြားမှာ ပါလာ[illegible] အရက်ကို ရဲဆေးတင်သည့်အနေဖြင့် သောက်ချ[illegible] သလို မမြစိန်တို့မှာလည်း ဘုရားစာကို တဖွဖွရွ[illegible] လျက် သင်္ချိုင်းထဲသို့ ဝင်လာခဲ့ကြသည်။ လူ့စိတ်[illegible] အံ့သြစရာ ကောင်းလိုက်လေစွ။ အစကတော့ မအုံး[illegible] သနားလှသဖြင့် အခြားသူများ တားနေသည့်[illegible] မမြစိန်တစ်ယောက် အသုဘပို့ လိုက်လာခဲ့ဖြင့်သော[illegible]

www.burmeseclassic.com

www.burmeseclassic.com

ခုများမှ အလောင်းထဲမှ ခုန်ထွက်လာပုံကို တွေ့လိုက်ရ ည့်ခဏ မအုံးမေ၏ ရုပ်အလောင်းကိုပင် ရဲရဲမကြည့်ဝံ့ တ်အောင် ကြောက်လန့်နေမိပြီ။

ကိုယ့်ကိုယ်ကိုယ် မကြောက်တတ်ဟု ယူဆခဲ့မိပေ ယ့် ယခုကျ သရဲခြောက်ခြင်းကို နဖူးတွေ့ဒူးတွေ့ ကြုံ ိက်ရ၍ထင် ပတ်ဝန်းကျင်သို့ပင် မကြည့်ရဲလောက်အောင် လန့်နေသည်။ တစ်နေရာရာကများ တစ်စုံတစ်ယောက် ထွက်လာလေမလား၊ မြူးမြူးမြဲမြဲ ခြောက်လှန့်လိုက် တွေးတောရင်း ကြောက်စိတ်တို့ကြောင့် ကြက်သီး ကလည်း တဖြန်းဖြန်း။ သို့သော် မအုံးမေ၏ပုံကို သု န်ထဲ၌ နောက်ထပ်တွေ့မြင်ရခြင်း မရှိတော့ပါ။

ရွာခလေ့အရ ကိုယ်ဝန်သည်နှင့် ကလေးကို အတူ ၍ မမြှုပ်ကောင်းဟု သိထားသဖြင့် ဗိုက်ကို ခွဲကာ းကို ထုတ်ကြရသည်။ ကလေးက မွေးဖွားမှန်းထား အတိုင်း ယောကျ်ားလေးဖြစ်နေ၍ မမြစိန်မှာလည်း တ်ရသည့်အထဲ ငိုရပြန်သည်။

စောစောက အလောင်းထဲမှ ခုန်ထွက်လာသည့် မအုံး ပုံရိပ်ကို မြင်လိုက်ရသဖြင့် ကြောက်ရွံ့မိသည် မှန် ့ ယခုများကျ ညနေက ဖြစ်ရပ်ကို သတိရကာ ပြန်သည်။ ဖြစ်ရလေခြင်း၊ လူ့ဘဝထဲသို့ ရောက်လု ခင်ကျမှ ဆုံးပါးသွားရလေခြင်း။

ကိုယ်ဝန်သည်နှင့် ကလေးကို အတူတွဲ၍ မမြှုပ်ခြင်း ယာဂဆရာများကို ကြောက်ရသောကြောင့်ဟု သိ ။ ဆိုခဲ့သည့်အတိုင်း ကိုယ်ဝန်ဆောင်သည်တို့ မီး ည်တို့ဆိုတာ သားဓော သမီးဓောကြောင့် အစွဲ ကြီးကြသည်။ သို့ကြောင့် ထိုအချက်ကိုသိသော လမ်းဆရာများက ကိုယ်ဝန်သည်ကို မြှုပ်နှံပြီဆို ခြောင်းနေကြသည်။ အလောင်းကိုဖော်ကာ ဆံပင် ယူပြီး အစီအမံပြု၍ လိုသလို ခိုင်းစားတတ်သည် သွားသောကြောင့် မအုံးမေ၏ ရုပ်အလောင်းကို ဆံပင်များ လောင်မြိုက်သည်အထိ သေချာမီးရှို့ပြီး ပ်လိုက်ရတော့၏။

ခုနတွင် မမြစိန်မှာ သက်မကင်း ရှိနေမိဆဲ။ အလောင်းထဲမှ ခုန်ချထွက်ပြေးသွားသော တွေ့မြင်လိုက်ရတာ အမှန်ရော ဟုတ်ရဲ့လား။ မျက်စိမှားသည်ဟု ယူဆရအောင်ကလည်း တစ် ယောက်တည်း တွေ့မြင်ခဲ့ခြင်းမဟုတ်။ သွားပို့သူအားလုံး တွေ့မြင်ခဲ့ခြင်းဖြစ်၍ သေချာပါ၏။ မျက်စိမှားခြင်း မဟုတ် ပါပေ။ ဤသို့ဆိုလျှင် အဲဒါ မအုံးမေ၏ ဝိညာဉ်ပေလား။ ဒါဆို သချိုင်းထဲမှာ ဗိုက်ခွဲ၍ ကလေးတခြား၊ အမေ တခြား မီးရှို့မြှုပ်နှံနေစဉ်က ဘာကြောင့်များ ကိုယ်ထင် မပြခဲ့ပါလိမ့်။ ဘာကြောင့်များ မခြောက်လှန့်ခဲ့ပါလိမ့်။ စဉ်းစားလေ စဉ်းစားလေ အဖြေက ပေါ်မလာလေ။ သို့ ပေသိ များမကြာမီတွင် မမြစိန် စဉ်းစားနေသော အဖြေ ကို ရှင်းရှင်းလင်းလင်း သိလိုက်ရတော့၏။

မမြစိန်တို့ ရွာသို့ပြန်ရောက်တော့ ည(၈)နာရီကျော် ခဲ့ပြီ။ တစ်ရွာလုံး လူခြေတိတ်ကာ ဆိတ်ငြိမ်နေပြီ။ တစ် ချိန်လုံး ရင်တုန်ပန်းတုန်ဖြစ်ကာ ချောက်ချားနေခဲ့သော မမြစိန်လည်း ရွာထဲရောက်မှာပဲ ဟင်းချနိုင်တော့သည်။ ကြောက်လည်းကြောက်၊ ငိုလည်းငိုခဲ့ရ၍ လူလည်း ပင် ပန်းနုံးချည့်နေပြီဖြစ်တာကြောင့် လူကြီးများက အသုဘ အိမ်သို့ ဆက်သွားကြသော်လည်း မမြစိန်က မလိုက်တော့ ဘဲ အိမ်သို့သာ ပြန်ခဲ့လိုက်သည်။ အိမ်ပေါ်ရောက်တော့ အမေနှင့် ယောက်မများကို အတန်ငယ်မျှ နှုတ်ဆက်ပြီး လမ်း၌ တွေ့ကြုံခဲ့ရသည်များကိုလည်း မပြောနိုင်တော့ဘဲ အိပ်ခန်းထဲဝင်ကာ အိပ်စက်လိုက်တော့သည်။

◆ ◆ ◆

မမြစိန်တို့ရွာမှ နေအိမ်များက ကြီးကျယ်ခိုင်ခံ့သော ခြေတံရှည်သစ်သားအိမ်ကြီးများသာ ဖြစ်ကြသည်။ ခြံ အပြည့်နီးနီး ဆောက်လုပ်ထားခြင်းဖြစ်ရာ တစ်အိမ်နှင့်တစ် အိမ် နီးကပ်သည်ဟု ဆိုနိုင်ပေ၏။ တစ်ဖက်အိမ်က စကား ကျယ်ကျယ် ပြောလိုက်ပါက ကျန်တစ်အိမ်မှ အတိုင်းသား ကြားနိုင်သော အနေအထားရှိသည်။ သို့ကြောင့်ပင် လုံး လုံးလျားလျား အိပ်ပျော်ခြင်းအဖြစ်သို့ ရောက်နေပြီဖြစ် သော မမြစိန်ကို သန်းခေါင်ချိန်၌ တစ်စုံတစ်ယောက်၏ အသံက လှုပ်ခတ်နှိုးနိုင်ခဲ့သည်။

သန်းခေါင်ယံလောက် အချိန်သို့အရောက် သားချော့ တေးသံလိုလိုကို အနားကပ်ကြားလိုက်ရသဖြင့် မမြစိန် ယန့်နိုးလာခဲ့၏။ ဘယ်အိမ်ကများပါလိမ့်။ ညဦးနက်သန်း ခေါင်ချိန်ကြီး သားချော့တေးကို အော်ညည်းနေလိုက်ပုံ များ ပတ်ဝန်းကျင်ကို အားမနာတတ်လိုက်တာ။ စိတ်ထဲ တွင် အပြစ်တင်ရင်း အသံလာရာကို နားစိုက်ထောင်လိုက်



www.burmeseclassic.com

www.burmeseclassic.com

တော့မှ မမြစိန် ဆံပင်တို့ထောင်ထကာ ခေါင်းနားပန်းကြီးသွားရပြီ။ စိတ်ထင်တာများလား၊ အသံလာရာက နံဘေးအိမ်မှ ဖြစ်နေသည်။

အို..စိတ်ထင်တာပဲ ဖြစ်မှာပါ။

ကိုယ့်ကိုယ်ကိုယ် ထိုသို့နှစ်သိမ့်ကြည့်ပေမယ့် မရ၊ နားနှင့် ဦးနှောက်က စိတ်၏ လှည့်စားမှုကို လက်မခံ။ မျက်စိနှင့် သက်သေထူရန် ကြိုးစားချေသည်။

ခေါင်းရင်းဘက်၌ ခပ်ဟဟပွင့်လျက်ရှိသော ပြတင်းပေါက်နားသို့ မမြစိန် တိုးကပ်သွားလိုက်သည်။ စိတ်ထဲ၌ အသုဘအိမ်သို့ လာစောင့်သူတစ်ယောက်ယောက် သီချင်းညည်းနေတာပဲ ဖြစ်ပါစေဟု ဆုတောင်းနေမိသည်။ သို့သော် ဖြစ်နိုင်ပါ့မလား။ သီချင်းက သားချော့တေး၊ အသံက မိန်းမသံ။ ဘယ်အမျိုးသမီးကများ အသုဘအိမ်မှာ ကလေးလာချော့နေပါ့မလဲ။ ဒါ..ဒါဆို။

'ဟင်..အမယ်လေး'

ပါးစပ်က ထိုသို့ အော်မိမတတ်ဖြစ်သွား၍ လက်နှင့် ဖိပိတ်ကာ မြင်ကွင်းကိုသာ စိုက်ကြည့်နေမိသည်။ လရောင်မှိန်ပျပျအောက်မှာ ဝိုးတဝါး တွေ့မြင်နေရသော မြင်ကွင်း။ မသဲကွဲပေသီ သေချာမှုတော့ရှိ၏။ ကလေးတစ်ယောက်ကို ထွေးပွေ့ကာ သီချင်းညည်းနေသော မိန်းမတစ်ယောက်။ အို..မဖြစ်နိုင်လိုက်တာ။ သူမက သေဆုံးသူ မအုံးမေ။

သွေးမပါသည့် ဖြူဖွေးဖွေးအသားအရေက လရောင်အောက်မှာ ထင်ရှားနေစေသည်။ ပြတင်းပေါက်နှင့် တည့်တည့်လောက်မှာ မအုံးမေက တစောင်းအနေအထားဖြင့် ရပ်နေခြင်းဖြစ်၍ ကလေးကိုတော့ မတွေ့ရပါ။ ကြည့်နေစဉ်မှာပဲ မအုံးမေက တစ်ဖက်သို့ ဆက်လျှောက်သွားသဖြင့် မြင်ကွင်းမှ ပျောက်သွားတော့၏။

'ဟုတ်ပါ့မလား၊ အစ်ကိုကြီးရဲ့ သမီးတစ်ယောက်ယောက်များလား'

သေသူ မအုံးမေအား တွေ့မြင်လိုက်ရခြင်းအပေါ် လက်မခံနိုင်လွန်းသဖြင့် မမြစိန် ကိုယ့်ကိုယ်ကိုယ် လိမ်ကြည့်မိသေးသည်။ သို့သော် မအုံးမေ ဆုံးပြီဟု သတင်းကြားကတည်းက (ပထမအိမ်ထောင်နှင့် ရခဲ့သည့်) အစ်ကိုကြီး၏ သမီးများဖြစ်သော မလှကြိုင်နှင့် မမြကြိုင်တို့နှစ်ယောက်လုံး လယ်ထဲက တက်မလာတော့ပါ။ မအုံးမေ

သေရင် ကလေးကိုစွဲပြီး သရဲဖြစ်နေမှာဟု တရားသေ
တွက်ကာ စပါးတွေ ကြည့်ရဦးမှာမို့ မိုးရာသီကုန်မှ
လာတော့မယ်ဟုပင် မှာလိုက်သေးကြောင်း သိထား
သား။ နောက်ပြီး ထိုအိမ်အိုလေးမှာ သမီးတွေ လာမ
မအုံးမေနှင့် ကိုမင်းကြိုင်တို့ နှစ်ယောက်တည်း နေထိုင်
ခြင်းဖြစ်သည် မဟုတ်ပါလား။

ခဏကြာမှ သတိဝင်လာကာ အိပ်ရာပေါ် ပြေးတ
မိသည်။ စောစောက မအုံးမေ မိမိဘက်သို့ ဖြုန်းခနဲလှည့်
ကြည့်ပြီး မခြောက်လှန့်လိုက်သည်ကိုပဲ ကျေးဇူးတင်
မိသည်။ ထိုသို့သာဆို ဘယ်လောက်များ သွေးလန့်
ကောင်းလိုက်မလဲ။ ကြောက်ကြောက်ဖြင့် ခေါင်းမြီး
ကာ ဇွတ်မှိတ်ပြန်အိပ်ပေမယ့် မအုံးမေ၏ပုံရိပ်ကိုမှု မြ
ယောင်နေမိဆဲ သားချော့တေးသံကိုလည်း ကြားယော
နေမိဆဲ။

ထိုအသံကို မိမိတစ်ယောက်တည်း ကြားနေရ
လား၊ ဒါမှ မဟုတ် တစ်ရွာလုံး ကြားနေရတာများလ
တောင်တွေးမြောက်တွေးဖြင့် ပြန်အိပ်၍မရတော့။ 
မေတစ်ယောက် သားဖောကပ်၍ မကျွတ်မလွတ် ဖြ
တာ သေချာချေပြီ။ ယခုမှပဲ အလောင်းထဲမှ ခုန်
ထွက်သွားသော မအုံးမေ၏ဝိညာဉ်ကို သချိုင်းတွင် 
မြင်ရခြင်းအပေါ် သဘောပေါက်တော့သည်။ မအုံး
ခန္ဓာကိုယ်ကို မစွဲဘဲ အိမ်ကို စိတ်စွဲနေသည့်ပုံ။ အိမ်
ပြန်ရောက်နေဟန်တူသည်။ သူ့အိမ်သူ့ရာဟုပဲ မှတ်ယ
ဆက်လက်နေထိုင်နေဦးမလား မပြောတတ်။

သို့ကြောင့်ပင် အသုဘအိမ်ရှေ့တွင် လူတစ်ယော
မျှ မရှိကြခြင်းဖြစ်မည်။ အားလုံး မအုံးမေကို ရိုးတို
တိပ်မျှ တွေ့မြင်လိုက်ရ၍ ထွက်ပြေးကုန်ကြခြင်းသ
မည်။ အစ်ကိုကြီးတစ်ယောက်ရော ဘယ့်နှယ်နေပါ
ပြိတ္တာဘဝသို့ ရောက်နေသော ဇနီးသည်နှင့် ဆက်
ပေါင်းဖက်နေလေသလား။ ဒါမှမဟုတ် အခု ဘယ်
ရောက်နေမလဲ့။ ထိုကိစ္စအားလုံး မနက်မှပဲ ဖခင်
အား တိုင်ပင်မေးမြန်းရမည်ဟု တွေးဆရင်း မ
ကြောက်စိတ်ကို ဇွတ်မှိတ်ဖျောက်ကာ အိပ်ပျော်
အိပ်လိုက်ရတော့သည်။

ညက တော်တော်နှင့် အိပ်မပျော်သဖြင့် 
ထုံးစံတိုင်း ထနေကျ (၄)နာရီတွင် မနိုးနိုင်ဘဲ (၆)နာ



www.burmeseclassic.com

www.burmeseclassic.com

ရာက ထသည်။ အရက်ဆွမ်း မလောင်းမိ၍များ အမေ လေမလားဟု နိုးနိုးချင်းသတိရမိ၍ ကသောကမြော ထွက်လာတော့ ဧည့်ခန်းတွင် လူစုံတက်စုံ။ အလို.. ကြီး(ရွာသူကြီး)ပင် ရောက်နေ၏။ ဘာများဖြစ်ကြသလဲ ။ တံခါးထောင့်မှ ချောင်းကြည့်မိစဉ် ခပ်လှမ်းလှမ်း င် တဝါးဝါးသမ်းနေသော အစ်ကိုကြီးအပါအဝင် ရွာမှ လသား(၆)ယောက်ခန့်ကို မြင်လိုက်ရသည်။ ထိုအထဲ င် ကိုစိန်ပုလည်း ပါ၏။

'ကဲ..ဘယ်လိုလုပ်ကြမလဲ သူကြီး'

'ကျုပ်အယူအဆကတော့ ဒါ ဘာသာရေးနဲ့ပဲ ဖြေ ရှင်းရလိမ့်မယ်လို့ ထင်တယ်။ ဆရာတော်ကို အကျိုး အကြောင်း သွားလျှောက်တင်တာ အကောင်းဆုံးပဲ'

အဖေ(ဦးမင်းဉာဏ်ထွန်း)နှင့် သူကြီးတို့ အပြန်အလှန် ပြောဆိုနေသည့် စကားများအရ မမြစိန် နားလည်လိုက် ၏။ သူတို့ပြောနေတာ အစ်မ(မအုံးမေ)အကြောင်းသာ ဖြစ်သည်။ မအုံးမေတစ်ယောက် အိမ်နှင့် ကလေးကိုစွဲကာ တွဲရှိနေ၍ အစွဲချွတ်ရန် ကြံစည်နေကြခြင်းပဲဖြစ်မည်။

ဘုန်းကြီးပင့်ပြီး အမျှဝေလိုက်လျှင် မအုံးမေ ကျွတ် သွားမှာလား။ အစွဲအလမ်းကြီးမားလွန်းသော ကိုယ် သည်ပီပီ မအုံးမေ အမျှမယူဘဲနေလျှင် ဘာဆက်လုပ် ။ မိမိအရွယ် ဉာဏ်ကလေး တစ်ထွာတစ်မိုက်နဲ့ ဘာ နိုင်မှာတဲ့လဲ။ လူကြီးတွေ ကောင်းတာ စီမံမှာပေါ့ဟု ကာ မမြစိန် နောက်ဖေးမီးဖိုချောင်သို့ ထွက်လာခဲ့ မျက်နှာသစ်နေစဉ်အခိုက် တစ်ဖက်အိမ်ဆီသို့ ယောင် င် လှမ်းမကြည့်ဝံ့ပါ။

နေ့လယ်ခင်း စားသောက်ပြီးချိန်ကျမှ မနှေ့ညက အဖြစ်အပျက်များကို မကွမ်းအိမ်က လာပြောပြသဖြင့် စိန် ဇာတိရည်လည်စွာ သိရတော့သည်။

'မြစိန်ရေ..ညည်း ညက အသုဘပို့လိုက်သွားတယ် '

'အေးလေ..မအုံးမေက ငါ့အစ်မပဲဥစ္စာ။ ငါ လိုက် ပေါ့'

'ညည်းနှယ်အေ..သတ္တိကောင်းရန်ကော။ မအုံးမေ ကိုယ်ဝန်သည်ဘဝနဲ့ အစိမ်းသေ သေရတာဆို။ ဒါမျိုး ခြောက်ရင် သွေးပျက်အောင် ခြောက်တာတဲ့အေ့။ စမ်းပါဦး သွားအပို့မှာ ဘာတွေကြုံခဲ့သေးလဲ'

မကွမ်းအိမ်က သူ့အတွေ့အကြုံကိုမပြောခင် မမြစိန် ၏ အတွေ့အကြုံကို မေးသည်။ မမြစိန်ကလည်း ကြုံတွေ့ သမျှကို ခပ်ရိုးရိုးပဲ ပြောပြလိုက်သည်။

'ကျွန်မလည်း လိုက်သွားတုန်းကတော့ ခပ်ရဲရဲပါပဲ။ ဒါပေမဲ့ သင်္ချိုင်းထဲဝင်ခါနီး ဘယ်လိုဖြစ်သလဲမသိ မျက် စိပဲမှောက်တာလား၊ သရဲပဲ ခြောက်တာလား မဆိုတတ် ပေါင်။ အလောင်းထဲကနေ မိန်းမတစ်ယောက် ခုန်ထွက် လာပါရောလား။ ကျွန်မအပါအဝင် အားလုံးကြောင်ကြည့် နေတုန်း အဲဒီမိန်းမ သင်္ချိုင်းဘက်သို့ ပြေးထွက်သွားလိုက် တာ မြန်မှမြန်ပဲ'

'အမယ်လေး..မြတ်စွာဘုရား'

မမြစိန် စကားဆုံးတော့ မကွမ်းအိမ်ခမျာ ရင်ဘတ် ကိုဖိကာ ဘုရားတသည်။ နောက် တဆတ်ဆတ်တုန်ယင် သော လက်တို့ဖြင့် မမြစိန်၏ပခုံးကို ဆုပ်ကိုင်လိုက်ပြီး ကျီးကန်းတစ်ကောင်လို အရပ်လေးမျက်နှာကို ဝေ့ဝဲကြည့် လိုက်သည်။

အထူးသဖြင့် တစ်ဖက်အိမ်ဆီသို့ မဝံ့မရဲလှမ်းကြည့် ပြီး-

'ညည်းတို့ အဖြစ်က မနေ့ညကထက်တောင် ပို ကြောက်စရာကောင်းပါလား။ ဒါနဲ့များအေ မြစိန်၊ ညည်း တယ်သတ္တိကောင်းပါလား'

'ဘယ်လို..ဘယ်လို၊ မနေ့ညကထက် ပိုကြောက် စရာကောင်းတယ် ဟုတ်လား။ မနေ့ညက ဘာတွေကြုံခဲ့ လို့လဲ'

'ပြောချင်ပါဘူးအေ။ ပြန်တွေးရုံနဲ့တင် ရင်တုန်လွန်း လို့ပါ'

'အို..အစ်မကလည်း၊ စကားစထားပြီးမှ မပြောဘဲ မနေပါနဲ့။ ဘာတွေဖြစ်ကြလို့လဲ'

မမြစိန်က တစ်ရေးနိုးတွင် မအုံးမေကို ဝိုးတဝါးမြင် ခဲ့ရသော်ငြား မသိချင်ယောင်ဆောင်ကာ ဖွတ်အတင်း မေးသည်။

မကွမ်းအိမ်ကလည်း မိန်းမပီပီ သတင်းထူးရှိလျှင် ပြောချင်ချင်မို့-

'ဘာဖြစ်ရမှာလဲ၊ မအုံးမေ အိမ်ကို ပြန်ရောက်နေလို့'

'ဘာရယ်..ဘယ်လိုပြန်ရောက်နေတာလဲ'

'ဘယ်လိုပြန်ရောက်ရမှာလဲ။ လူက သေပြီဆိုတော့



www.burmeseclassic.com

www.burmeseclassic.com

ပြန်ရောက်လာတာ သရဲပေါ့ဟဲ့။ နောက်ပြီး တစ်ယောက်တည်းလည်း မဟုတ်ဘူး။ ကလေးလည်း ပါသေးတယ်'

'အယ်..ဟုတ်လို့လား အစ်မရယ်'

'ရော်..ဟုတ်ပါတယ်ဆို။ ငါတစ်ယောက်တည်း မြင်တာလည်း မဟုတ်ဘူး။ အသုဘအိမ်လာစောင့်တဲ့ ငါ့အစ်ကို မောင်တုနဲ့ သူ့သူငယ်ချင်းတွေလည်း မြင်တယ်'

'ဘယ်လိုမြင်ကြတာလဲ ပြောပြပါဦး'

မမြစိန်က အတင်းမေးရင်း စကားထောက်ပေးတော့မှ မကွမ်းအိမ်လည်း မငုံ့မရဲဖြင့် စကားဆက်သည်။ တစ်ဖက်အိမ်ကိုမူ မော်၍ပင် လှမ်းမကြည့်တော့။ ခေါင်းကို ငုံ့၍ တစ်စုံတစ်ယောက် ခိုးနားထောင်နေမည်ကို စိုးကြောက်သည့်အလား မမြစိန်နားသို့ကပ်ကာ တိုးတိုးပြောပြသည်။

'မနေ့ညက အသုဘအိမ်စောင့်ဖို့ ငါ့အစ်ကိုနဲ့ သူ့သူငယ်ချင်းတွေ ဖဲဝိုင်းထောင်တယ်လေ။ ငါရယ်၊ မကြင်နုရယ်၊ ဒေါ်ရီအေးရယ်က လက်ဖက်သုပ်တို့ဘာတို့ ပြင်ပေးဖို့ ခဏလိုက်သွားတာပေါ့။ ငါတို့လည်း ဟိုတွေးဒီတွေးနဲ့ လိုက်သာလိုက်ရတယ် ခပ်လန့်လန့်ရယ်။ တော်သေးတာက နင်တို့တွေ အလောင်းကို မြေချပြီးပြီမို့ အကြောက်သည်းစရာအကြောင်းတော့ မရှိတော့ဘူးပေါ့။ ဒါပေမဲ့ ဖြစ်ပုံဆန်းချက်ကတော့ အိမ်ပေါ်တောင် တက်ခွင့်မရဘူးအေ။ အစ်ကိုတို့တွေ အိမ်ရှေ့ကွပ်ပျစ်မှာ ဖဲဝေနေချိန် ငါရယ်၊ ဒေါ်ရီအေးရယ် လှေကားပေါ် တက်သွားရုံရှိသေး။ အမယ်လေးအေ..ပြန်ပြောရမှာ ကြက်သီးဖြန်းဖြန်းထပါရဲ့'

မကွမ်းအိမ်က ထိုနေရာတွင် စကားကိုရပ်ကာ ပတ်ဝန်းကျင်သို့ ဝေ့ဝဲကြည့်နေပြန်သည်။

နေကျဲကျဲတောက်ပူနေချိန် နေ့လယ်ခင်းကြီးမှာတောင် မကွမ်းအိမ်က အကြောက်သည်းနေရှာသည်။ ကြောက်လျှင်လည်း ကြောက်ချင်စရာပဲကိုး။ သူပြောပြနေသည့် အိမ်က ခပ်လှမ်းလှမ်းမှာတင်။ နောက်ပြီး မမြစိန်တို့အိမ်တွင်လည်း လူများများစားစားမရှိ။ မမြစိန်နှင့် မကွမ်းအိမ် နှစ်ယောက်တည်း အိမ်စောင့်ကျန်ရစ်ခြင်း ဖြစ်၏။ အမေက ထုံးစံအတိုင်း ဥပုသ်စောင့်ရန် ကျောင်းသို့သွားပြီ။ အဖေတို့က သူကြီးတို့လူစုနှင့်အတူ ကိစ္စတစ်ခု ပြုမူရန် တစ်နေရာသို့ ထွက်သွားကြလေပြီ။

'ပြောမယ့်သာ ပြောပါ အစ်မရယ်။ ဘာများတွေ့သတုံး'

'ဘာတွေ့ရမှာတုံးအေ။ မအုံးမေရဲ့ဝိညာဉ်ပေါ့။ ငါကတော့ သရဲလို့သာ ပြောချင်ပါတယ်။ ဝိညာဉ်ဆို မှုန်ဝါးဝါးပဲ ဖြစ်နေမှာပေါ့။ ခုက ထင်ထင်ရှားရှားကြီး။ မအုံးမေက လှေကားဘေး ရေအိုးစင်ရှေ့က စကြိုလမ်းမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတာအေ့'

'အမယ်လေး..အစ်မရယ်၊ ဟုတ်ပါ့မလား'

'ဩော်..ဟုတ်ပါ့ဆိုနေ။ ငါပဲ တွေ့တာမဟုတ်ဘူး နှစ်ယောက်လုံးတွေ့တာ။ မြင်တာနဲ့ နှစ်ယောက်သား ဝရုန်းသုန်းကား ပြေးဆင်းလာတော့တာပဲ။ အစ်ကိုတို့တွေလည်း မြင်ကြတယ်။ ဘာပြောကောင်းမလဲ သတ္တိခဲတွေချည်းပဲ။ အကုန်ပြေးထွက်ကုန်ရော'

'ဟင်..ဒါဆိုအသုဘအိမ်မှာ အစ်ကိုကြီးတစ်ယောက်ပဲ ကျန်ရစ်ခဲ့တာပေါ့။ ဟုတ်လား'

မမြစိန်က အစ်ကိုကြီး ကိုမင်းကြိုင်အတွက် စိတ်မကောင်းဖြစ်ကာ မေးလိုက်မိသည်။ သူ့ခမျာ ဇနီးသည်နှင့် ကလေး ဆုံးပါးသည်မှ မကြာသေး တစ္ဆေခြောက်နေရပြန်၍ ဘယ်လောက်များ စိတ်ညစ်ရှာလိုက်မလဲ။ သို့သော် အထင်နှင့်အမှန်က တခြားစီပါပဲ။

'နင့်အစ်ကိုကြီးလည်း မကျန်ခဲ့ဘူး။ သူလည်း နင်တို့အိမ်ပေါ် တက်ပြေးတော့တာပဲ'

မကွမ်းအိမ်၏ စကားကြောင့် မမြစိန်မှာလည်း ငိုရခက် ရယ်ရခက်။ တစ်ချိန်က ချစ်လှပါချည်ရဲ့ ဆိုပေမယ့် တစ္ဆေဘဝသို့ရောက်နေသော ဇနီးသည်ကိုတော့ ကြောက်တတ်သူ အစ်ကိုကြီးက ဆက်လက်ပေါင်းဖက်ရန် ဆန္ဒရှိပုံမရပါ။

မကွမ်းအိမ် ပြောပြမှပဲ မနေ့ ညသန်းခေါင်ယံ ကြုံတွေ့ခဲ့ရသည့် သားချော့တေးသံ အသုဘအိမ်၌ လူတစ်ယောက်မှ မရှိကြပုံနှင့် မနက်ခင်းက သူကြီးနှင့် အဖေတို့ တိုင်ပင်ဆွေးနွေးနေသော အကြောင်းအရာ အားလုံးနှင့် ပတ်သက်ပြီး မမြစိန် ဇာတ်ရည်လည်သွားခဲ့သည်။ မအုံးမေကို ကျွတ်လွတ်စေရန် ကြိုးပမ်းနေကြဟန် တူပါ၏။ မွေးခါနီး ဖွားခါနီး သားသမီးကို စိတ်စွဲလမ်းနေသော မအုံးမေကရော ကျွတ်လွတ်ပါ့မလား။ မကျွတ်လွတ်သော ဝိညာဉ်တစ္ဆေကို ကျွတ်လွတ်အောင် ပြုနိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com

သား။ ကံအကြောင်းတရားများကို မိမိမမြင်နိုင်သဖြင့် ဆက်တွေးလျှင် ရှုံးရုံသာရှိတော့မည်ဟု သဘောပေါက် သော ညနေ စောင့်ကြည့်ရန်သာ ဆုံးဖြတ်လိုက်တော့သည်။

◆◆◆

ကျောင်းထိုင်ဆရာတော်ကိုအကျိုးအကြောင်းလျှောက် ထားပြီး သွားပင့်ရန် ရည်ရွယ်ထားပေသိ တစ်ဖက်ရွာသို့ ကြွသွားပြီဟု သိရ၍ သူကြီးတို့ခမျာ ခေါင်းမီးတောက်ရာ တော့၏။ ခေတ်ခြေအနေအရ တစ်နေရာနှင့် တစ်နေရာ သွယ်လင့်တကူ သွားလာရန် မဖြစ်နိုင်သဖြင့် အခြားရွာက ဆရာတော်သို့ သွားပင့်၍လည်း အဆင်ပြေမည်မထင်။ ဘာလုပ်ကြမလဲ၊ ခေါင်းချင်းရိုက် ဆွေးနွေးကြသည့်အခါ နောက်ဆုံးမှာ ကိုမင်းကြိုင်၏ ခွင့်ပြုချက်ဖြင့် မအုံးမေ နေထိုင်၍ မရတော့အောင် အိမ်ကို မီးရှို့ပစ်လိုက်ပါဟု အဖြေထွက်လာသည်။

'အယ်..ဒီလိုတော့ မကောင်းဘူးထင်ပါတယ် မောင် မင်းကြိုင်ရယ်။ ကျောင်းမှာ ကိုရင်လေးတွေ အရှိသားပဲ။ သူတို့ကိုပင့်ပြီး အမျှဝေတာပဲဖြစ်ဖြစ် လုပ်ကြည့်ဦးစို့'

ရွာလူကြီးတစ်ဦးက တားမြစ်သည်။

သရဲခြောက်သဖြင့် အိမ်တစ်လုံးကို မီးရှို့ပစ်ခြင်း သည် လုပ်သင့်သောကိစ္စမဟုတ်ကြောင်း [illegible] ပြောသည်။ သို့သော် မင်းကြိုင်က ခေါင်းတခါခါ မျက် ရည်တွေလည်း ပိုးခနဲ ပေါက်ခနဲ ကျလာသည်။

ယခုဖြစ်စဉ်အတွက် သောကဗျာပါဒတွေ အဖိစီး ဆုံး ပုဂ္ဂိုလ်မှာ ကိုမင်းကြိုင်ပင် မဟုတ်ပါလား။ ဇနီးနှင့် ကလေး ဆုံးပါးသွား၍မှ မကြာသေး မကျွတ်လွတ်ဘဲ တွယ်ကပ်နေကြောင်း သိမြင်ရသည့် ယောကျ်ားတစ် ယောက်အဖို့ ဘယ်လောက်နာကျင်ကြေကွဲလိုက်မလဲ။

'မအုံးမေအကြောင်းကို ကျုပ်အသိဆုံးပါ။ သူက ဒီပိအစွဲအလမ်းကြီးတာ။ အကယ်လို့ ကလေးမရှိရင် တောင် ကျုပ်ကို တွယ်တာတဲ့စိတ်၊ အိမ်ကို ခင်မင်တဲ့စိတ် နဲ့ သူ ကျွတ်လွတ်ဖို့မလွယ်ဘူး။ ခေါင်းမာတဲ့သူ့ကို ကိုရင် လေးတွေ အမျှဝေရုံနဲ့ သွားလောက်မယ်မထင်ဘူး။ ကျုပ် ပြောသလို လုပ်ပါဗျာ။ အဲဒီအိမ်က ပျက်လည်း ပျက်နေ ပြီ။ ကလေးမွေးပြီးရင် အသစ်ပြင်ဆောက်ဖို့ ကျုပ်တို့ တိုင်ပင်ထားခဲ့တာ။ အခုတော့..အခုတော့ မအုံးမေလည်း မရှိတော့တဲ့အတူတူ အဲဒီအိမ်ကိုပါ မီးရှို့ ပစ်လိုက်တာ ကျုပ်အဖို့ အကောင်းဆုံးမို့လို့ပါ'

ကိုမင်းကြိုင်က အံ့တကြိတ်ကြိတ် လက်သီးတဆုပ် ဆုပ်ဖြင့် စိတ်ကို ထိန်းချုပ်၍ တောင်းဆိုနေပုံကို ကြည့် ပြီး လူကြီးတွေ သနားသွားဟန်တူပါသည်။ နောက်ပြီး ဒါဟာပဲ ဖြေရှင်းနည်း ဖြစ်လိမ့်မယ်ဟု သူတို့သဘော ပေါက်သွားကြခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်၏။ ညကျ အိမ်ကို မီးရှို့ရန် ဆုံးဖြတ်လိုက်ကြသည်။

တော်သေးသည်ဟု ဆိုရမည်။ ကိုမင်းကြိုင်တို့အိမ်က ရွာထဲက အခြားအိမ်များလို အိမ်ကြီးအိမ်မာ မဟုတ်ပါ။ နှစ်ယောက်သား လက်ထပ်ပြီးမကြာ ယာယီနေထိုင်ဖို့ရာ မည်ကာမတ္တ ဆောက်လုပ်ထားသော အိမ်မျှသာဖြစ်၍ မီးရှို့လည်း နမြောလောက်စရာ မဟုတ်သလို ပတ်ဝန်း ကျင်သို့ မီးကူးလောက်သည်အထိလည်း တောက်လောင် မည် မဟုတ်ပေ။ သို့ကြောင့်လည်း မအုံးမေ နေထိုင်၍ မရအောင်လို့ နေအိမ်ကိုမီးရှို့ဖို့ ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ် ပေလိမ့်မည်။

ကံဆိုးသည်ဟုဆိုရမလား၊ ညရောက်တော့ မိုးကစွေ နေသည်။ သန်းခေါင်ချိန်ကပ်လာသည်နှင့်အမျှ မမြစိန်တို့ အားလုံး ချောက်ချားလာကြ၏။ ယမန်နေ့ ညက ကြားရ [illegible] တကွ ရွာလူကြီးအားလုံး မမြစိန်တို့အိမ်မှာပဲ စတည်းချ ကြသည်။ အိမ်ချင်းက ကပ်လျက်မို့ မိုးတိတ်ပါက ကိစ္စ စရမည်ဟု ကာလသားတချို့ကို နှိုးဆော်သူက နှိုးဆော် လို့။ အများစုကမူ အရက်မော့နေသူချည်း။ အစွဲအလမ်း ကြီးလွန်းသဖြင့် သေဆုံးသွားသည့်တိုင် နေအိမ်မှာ တွယ် ကပ်နေသော မအုံးမေကို မကြောက်ရွံ့သူ ဘယ်ရှိပါ့မလဲ။ မမြစိန် အတွေးပေါက်မိသည်။

အမယ်လေးလေး..မြတ်စွာဘုရား၊ အဟုတ်ပါပဲလား။ သန်းခေါင်ချိန်ရောက်သည်နှင့် မအုံးမေ မကြာခဏ ညည်း ဆိုလေ့ရှိသော သီချင်းသံကို မမြစိန်အပါအဝင် အိမ်နီး ချင်းအားလုံး နားဆင်ရပေတော့၏။ အရက်ပြင်း မော့ ထားသူတချို့မှလွဲ၍ အားလုံး ကြောက်ဒူးတုန်လျှင်တုန်၊ မဟုတ်လျှင် နှလုံးတုန်ရင်ခုန်ပြီး မမြစိန်နှင့် အဖော်လာ နေပေးသူ မကွမ်းအိမ်ဆို စောင်ကြီးခေါင်းမြီးခြုံပြီး မမြစိန် ကို အတင်းလာဖက်ထား၍ အသက်ရှူများပင် ကျပ်ရ သည်အထိ။ သူကြီးတို့ပင် အနည်းငယ် မျက်နှာပျက်နေ



www.burmeseclassic.com

www.burmeseclassic.com

ကြပြီ။

'တခြားက သီချင်းသံ လေသင့်လာတာ နေမှာပါကွယ်။ မင်းတို့မှာလည်း တယ်ကြောက်တတ်သကိုး' ဟူ၍ လူကြီးတချို့က ဟန်လုပ်ကာဆိုသည်။

'ဘယ်ဇာတ်လိမ့်မတုံး ဘကြီးရ။ အဲဒါ မအုံးမေအသံမှ မအုံးမေအသံစစ်စစ်။ ဟိုမယ် မမြင်ဘူးလား။ လှုပ်တုတ်လှုပ်တုတ်နဲ့ ကလေးချော့သိပ်သယောင် လှုပ်ရှားနေတဲ့အရိပ်က မအုံးမေရဲ့ ဝိညာဉ်ပေါ့ဗျ'

အရေးထဲ ကြောက်လည်း ကြောက်သေး၊ စပ်လည်း ဆော့သေးသူ ကိုစိန်ပု၏စကားကြောင့် မမြစိန်တို့ မိန်းမတစ်သိုက် အမယ်လေး၊ အဘလေး အော်မိမတတ် ထိတ်လန့်ကုန်ကြရသည်။ ဟုတ်လည်း ဟုတ်၏။ မှောင်မှောင်မည်းမည်း မိုးသည်းထဲမှာပဲ ဝေဝေဝါးဝါး လှမ်းမြင်နေရသော ကိုမင်းကြိုင်တို့အိမ်ပေါ်မှ လှုပ်ရှားနေသည့်ပုံရိပ်က မအုံးမေသာ ဖြစ်လိမ့်မည်။

မိုးလည်းတိတ် သီချင်းသံလည်း တိတ်ပြီ။ အရုဏ်ဦးအလင်းရောင် ထွန်းဝင်းစပြုနေပြီကိုး။ ကာလသားတစ်သိုက်က မူးပေနေသော်ငြား ဝါရင့်သမားများပီပီ ယိုင်ထိုးယိမ်းနဲ့ခြင်းမရှိ။ မီးတုတ်ကိုယ်စီကိုင်ဆွဲကာ တစ်ဖက်ခြံထဲ ဝင်သွားကြသည်။ မူးနေကြ၍ထင် ကြောက်ရကောင်းမှန်း သိပုံမရ။ ကိုမင်းကြိုင်တို့လင်မယား နေထိုင်ခဲ့သော (၁၀)ပေပတ်လည်ခန့်ရှိမည့် ဝါးကပ်ကာ၊ ဓနိမိုးဖျာကြမ်းခင်း၊ အိမ်ငယ်ယဲ့ယဲ့လေးခမျာ မီးတောက်များ၏ ဝါးမျိုမှုခံရတော့မည်ကို သိနေသည့်အလား ညှိုးငယ်နေရှာသည်။ ကိုမင်းကြိုင်က အိမ်ကလေးကိုငေးကာ မျက်ရည်တွေတွင်တွင်စီးလို့။ မမြစိန်လည်း ဘာထူးတုန်း၊ မကွမ်းအိမ်ကို ဖက်ကာငိုမိပြီ။

အချိန်အနည်းငယ် ကြာသည့်အခါ တဖျစ်ဖျစ်မြည်သံများနှင့်အတူ မီးတောက်ကြီးက အိမ်ကလေးကို ဝါးမျိုသွားခဲ့သည်။ ခြံကျယ်ကြီးထဲက အိမ်ငယ်လေးဖြစ်၍ နံဘေးအိမ်တွေအတွက် မစိုးရိမ်ရသောကြောင့်လည်း မီးရှို့ဖြစ်ခဲ့ခြင်းဖြစ်သည်။ သို့သော် စိတ်ချရအောင် ကာလသားတချို့က ရေပုံးများဖြင့် အသင့်စောင့်နေကြရသည်။ မိနစ်အချို့ ကြာသည့်အခါမှာတော့··

အားခနဲ အော်သံနက်ကြီးကို ကြားလိုက်ရသလိုလို ထိုအော်သံကိုတော့ လူတိုင်းမကြား။ မမြစိန်၊ ကိုမင်းကြိုင်နှင့် မအုံးမေ အလွန်ခင်မင်သူ ဒေါ်အေးမြတို့သာ ထင်ယောင်ထင်မှားပုံစံဖြင့် ကြားလိုက်ရခြင်းဖြစ်သည်။ မအေးချာ မရေရာလှ။ အားလုံးအဖို့ သို့လော၊သို့လော ပဟေဠိ ဖြစ်စရာပါပဲ။

မည်သို့ဖြစ်စေ မမြစိန်ကတော့ မအုံးမေ၏ အော်သံဟု စွဲမြဲစွာယုံကြည်မိ၏။ မအုံးမေခမျာ ဝိညာဉ်ဘဝရောက်ခါမှ မီးလောင်တိုက်သွင်းခံလိုက်ရသလိုများ ဖြစ်သွားခဲ့လား။ သူမကို ရက်ရက်စက်စက် မီးရှို့သတ်သလိုများ ဖြစ်သွားပြီလား။ အိုး··တစ္ဆေသရဲက ဒြပ်မဲ့ပဲဥစ္စာ။ မီးစွဲမယ် မထင်ပါဘူးလေ စသဖြင့် ဖြေသိမ့်တွေးရင်း စိတ်လျှော့လိုက်ရတော့သည်။

အိမ်ကလေးကို မီးရှို့ပြီး နောက်ပိုင်းမှာ မအုံးမေ၏ ဝိညာဉ်ကိုလည်းကောင်း၊ ထိုဝိညာဉ်၏ သားချော့တေး ညည်းသံကိုလည်းကောင်း မတွေ့မြင် မကြားသိရတော့ပါ။ ကိုမင်းကြိုင် တစ်ယောက်ခမျာမူ လူ့ဘဝအပေါ် ကြောက်ရွံ့စိတ်နာသွားဟန်တူ၏။ မအုံးမေအတွက် ရက်လည်ဆွမ်းသွတ်ပြီးမကြာ သာသနာ့ဘောင်သို့ အပြီးတိုင် ဝင်သွားလေသည်မှာ သက်တော်ကုန်သည်အထိပင်၊

အချိန်တွေ တရွေ့ရွေ့ပြောင်းခဲ့သည်မှာ မမြစိန်တောင် ဘွားမြစိန်အရွယ် ရောက်ခဲ့ပြီ။ သားသမီးတွေ အသက်ကြီး ရုံတင်မက မြေးတွေပင် အိမ်ထောင်ကျသူကကျလို့။ သို့ တိုင် ထိုအဖြစ်အပျက်တွေကို မမြစိန် မမေ့နိုင်သေး ပြန်တွေးလိုက်တိုင်း စိတ်သန္တာန်ထဲမှာ ထင်ထင်ရှား ရုပ်လုံးပေါ်နေဆဲ။ အထူးသဖြင့် အသုဘပို့သွားရင်း သချိ ထဲဝင်ခါနီး အလောင်းကောင်ထဲက ခုန်ချပြေးထွက် သော မိန်းမတစ်ယောက်၏ပုံသဏ္ဌာန်၊ နောက်ပြီး ည သန်းခေါင်ယံ ကြားလိုက်ရသည့် နားစည်အိမ်ထဲသို့ ညည်းညည်း လွင့်ဝဲဝင်လာသည့် တအိုးအိုး တအေး သားချော့တေးသံ။

ထိုစဉ်အခါက သွေးပျက်ခဲ့ရသည် မှန်ပေမယ့် အခါမှာတော့ အသက်အရွယ်အရ ဆင်ခြင်နှလုံးသွင်း ခဲ့ပြီ။ စွဲလမ်းတွယ်တာစိတ်သည် ဘဝကူးမကောင်း ဆွဲချနိုင်သဖြင့် ကြောက်မက်ဖွယ်ရာပင်တည်း။

စေတနာရှေ့ထား

www.burmeseclassic.com

www.burmeseclassic.com

မစန်းငွေး အိပ်ရာထဲ လဲနေသည်မှာ တစ်လမျှရှိပြီး အစာမစားနိုင်တော့သည်မှာလည်း ဆယ်ရက်ခန့်ရှိပြီမို့ မစန်းငွေးတစ်ကိုယ်လုံး အားအင်ချည့်နဲ့နေသည်။ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့။ အလေးအပေါ့ သွားရာမှာပင် အိမ်သားများမှ ဝိုင်းကူတွဲခေါ်ပေးမှရသည်။ မစန်းငွေးဖြစ်သည့်ရောဂါမှာ မည်မည်ရရ အမည်မတပ်နိုင်သော်လည်း အိပ်ရာထဲ လဲသည့်အဆင့် ရောက်လာသည်။

မစန်းငွေးအား ဆေးခန်း၊ ဆေးရုံများသို့ သွားပြကုကြည့်ပြီးဖြစ်သည်။ တိုင်းရင်းမြန်မာဆေးဆရာကြီးများကိုလည်း အိမ်သို့ပင့်၍ ကုကြည့်သည်။ မစန်းငွေးရောဂါမှာ သက်သာမလာခဲ့၊ ထူးခြားမှုမပြ။ တစ်စ,တစ်စ ငွေကုန်အပြာ ဖြစ်လာသည့်ကိန်း ဆိုက်နေသည့် မစန်းငွေးတို့တစ်အိမ်လုံး သူမ၏အဖြစ်ကို သနားနေမိသည်။ မိဘနှစ်ပါးမှာလည်း သူမအား ကြည့်ကာ မျက်ရည်လည်ရွဲဖြစ်နေကြသည်။

'သမီး..ဘာမှအားမငယ်နဲ့။ သမီး စိတ်ကို တင်းထားနော်။ သမီးရဲ့ ရောဂါပျောက်အောင် အဖေတို့ ကုပေးမယ်'

ဖခင်ဖြစ်သူ ဦးလှအောင်က သမီးလက်ကလေးကို ဆုပ်နယ်ပေးရင်း အားပေးစကားပြောသည်။ မစန်းငွေးမှာ မျက်စိကိုမှိတ်လျက် မလှုပ်မယှက်။ ထို့ကြောင့် ဖခင်ဖြစ်သူ ဦးလှအောင်၏စိတ်ထဲ ထိတ်ခနဲဖြစ်သွားကာ ဇနီးဖြစ်သူ ဒေါ်အုံးခင်အား တစ်ချက်လှမ်းကြည့်လိုက်သည်။ ထိုအကြည့်ကြောင့် ဒေါ်အုံးခင်မှာ သမီးဖြစ်သူ မစန်းငွေး




www.burmeseclassic.com

www.burmeseclassic.com

ကို လှမ်းဖက်၍ ငိုတော့သည်။

'အမယ်လေး..သမီးရေ၊ အမေတို့ကို စိတ်ချလက်ချ ထားခဲ့ပြီလား။ မောင်မောင်ရေ..မင်းမိန်းမကို ကြည့်ပါဦး'

ဒေါ်အုံးခင်၏ အော်ဟစ်ငိုပြီးပြောသောစကားကြောင့် အနီးရှိ မစန်းငွေ၏ခင်ပွန်း မောင်မောင်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ထိုစဉ်-

'အုံးခင်ကလည်းကွာ၊ သမီး ဘာဖြစ်လို့လဲ။ သမီး ဘာမှမဖြစ်ပါဘူး၊ မှိန်းနေတာပါကွ'

ဦးလှအောင်၏စကားကို ကြားလိုက်ရသော ဒေါ်အုံးခင်မှာ ခင်ပွန်းဖြစ်သူအား မော့ကြည့်ပြီးနောက် သမီးအနီးသို့ တိုးကပ်၍-

'သမီး..သမီး၊ အမေခေါ်နေတာ ကြားလားဟင်'

ဒေါ်အုံးခင်မှ သမီးဖြစ်သူ၏ လက်ကလေးအား ဖွဖွလေးဆုပ်ကိုင်ရင်း အသံခပ်အုပ်အုပ်ဖြင့် မေးလိုက်သည်။ မစန်းငွေ မျက်စိပိတ်ထားလျက်မှ ခေါင်းတစ်ချက် ဆတ်၍ပြသည်။ ထိုသောအခါမှ ဒေါ်အုံးခင်၏ မျက်နှာမှာ အနည်းငယ် ပြုံးရိပ်သန်းသွားသည်။ ထိုအခြင်းအရာကို မြင်တွေ့လိုက်ရသော မစန်းငွေ၏ ခင်ပွန်းဖြစ်သူ မောင်မောင်မှာလည်း စိုးထိတ်မှုများ အနည်းငယ် ပြေလျော့သွားသည်။

'သမီး..အဖေတို့မိသားစုအတွက် ဘာမှမပူနဲ့။ သမီး နေကောင်းအောင် ကြိုးစားနေနော်။ ပြီးတော့လည်း ရတနာမြတ်သုံးပါးကို စိတ်ထဲမှာ အာရုံပြုထား။ သမီး ဘုရား၊ တရားကို အာရုံပြုနိုင်အောင် အဖေ တရားခွေ ဖွင့်ပေးထားမယ်'

ဖခင်ဖြစ်သူ ဦးလှအောင်က စကားကိုဖြတ်၍ မလှမ်းမကမ်းရှိ ကက်ဆက်ကလေးကို လှမ်းယူကာ တရားခွေကိုထည့်၍ ဖွင့်ပေးလိုက်သည်။ ကြာနီကန်ဆရာတော်ကြီး ဦးဇဋိလ ရွတ်ပွားပူဇော်သော ဓာရဏပရိတ်တရားသံက ပျံ့နှံ့ထွက်ပေါ်လာသည်။

ညက ညဉ့်နက်လာသည်နှင့်အမျှ တိတ်ဆိတ်ငြိမ်သက်ကာ ဖွင့်ထားသည့် ကက်ဆက်မှ တရားသံသဲ့သဲ့ ညို့သာ ထွက်ပေါ်နေသည်။ မစန်းငွေမှာ အိပ်ရာထက်၌ မျက်စိမှိတ်၍ မှိန်းနေသည်။ တစ်ခါတစ်ရံ သူ၏ လက်ကလေးများက ဖွဖွညင်သာ လှုပ်ရှားလျက်ရှိသည်။

'အုံးခင်..မင်းလည်း တစ်နေကုန် ဖွပ်ရလျှော် ချက်ရပြုတ်ရနဲ့ ပင်ပန်းနေပြီ။ အိပ်လိုက်တော့နော်။ မော မောင်လည်း အလုပ်က ပြန်လာတာ ပင်ပန်းလာပြီ မင်းလည်း တစ်မှေးအိပ်လိုက်။ ငါပဲ သမီးကို စောင့်ကြ နေမယ်'

ဦးလှအောင်က ဇနီးသည်နှင့် သမက်အား တိုးညှ စွာ လှမ်းပြောလိုက်သည်။ မိခင်ဖြစ်သူ ဒေါ်အုံးခင် ခင်ပွန်းဖြစ်သူ၏စကားကြောင့် မစန်းငွေ၏ အနီး၌က ခွေခွေကလေး အိပ်လိုက်သည်။ မစန်းငွေ၏ခင်ပွန်း မော မောင်မှာလည်း မလှမ်းမကမ်း အခန်းထောင့်တွင် လှဲ လိုက်သည်။ သို့သော် မောင်မောင်မှာ အိပ်မပျော်။ အတွေး များ ချာလည်နေသည်။ တစ်ချက်,တစ်ချက် ဇနီးဖြစ် မစန်းငွေအား စိတ်မချစွာ ခေါင်းထောင်၍ ကြည့်ကြည့် သည်ကို ဦးလှအောင် မြင်တွေ့နေရသည်။ ဦးလှအော သည် မှိန်ဖျော့ဖျော့မီးရောင်အောက်မှ သမီးဖြစ်သူ မျက်တောင်မခတ် ငေးကြည့်နေရင်း လွန်ခဲ့သော အ ကာလများက သမီးမစန်းငွေ၏ လှုပ်ရှားမှုပုံရိပ်များ ပြန်လည်မြင်ယောင်လာသည်။

◆ ◆ ◆

သမီးမစန်းငွေမှာ သူ၏ သားသမီးလေးယောက် တတိယမြောက်ဖြစ်သည်။ ပထမသားကြီး၊ ဒုတိယသ လတ် အိမ်ထောင်ကျသွားပြီးနောက်ပိုင်း အငယ်ဆုံးသ ၏ ပညာရေးနှင့် မိသားစုစားဝတ်နေရေး အခက်အ ကြောင့် မစန်းငွေမှာ ပညာတစ်ပိုင်းတစ်စဖြင့် ကျော ထွက်ကာ အထည်ချုပ်စက်ရုံသို့ အလုပ်ဝင်သွားခ သည်။

ထိုစဉ်က မစန်းငွေ အသက်ဆယ့်ရှစ်နှစ်ပင် ရှိသေ သည်။ ဦးလှအောင်မှာ အငြိမ်းစားဝန်ထမ်းတစ်ဦးဖြ သူရသည့် အငြိမ်းစားပင်စင်လစာလေးမှာလည်း အန ငယ်မျှသာဖြစ်၍ သမီးဖြစ်သူ မစန်းငွေသာ မလိမ္မာ ပါက သူတို့မိသားစု၏ စားဝတ်နေရေးမှာ ပြေလည်န မည် မဟုတ်ပေ။ သမီးမစန်းငွေက အလွန်လိမ္မာသည မိဘအပေါ် သိတတ်သည်။ ညီအစ်ကိုမောင်နှမများအပေါ ၌လည်း ကြင်နာသနားတတ်သူ၊ ကိုယ်ချင်းစာတတ် ဖြစ်သည်။ ရတနာမြတ်သုံးပါးကိုလည်း အမြဲ ဆည်းကပ်၍ ရိုသေကိုင်းရှိုင်းသူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က မစန်းငွေးမှာ ငယ်ရွယ်သူဖြစ်၍ လှချင်ချင်စိတ် ရှိသော်လည်း သမီးမစန်းငွေးက ဝတ်ချင်စားချင်စိတ်ကို ဘေးဖယ်ထားကာ မိဘနှစ်ပါးနှင့် မောင်ငယ်လေးအပေါ်၌သာ ဂရုတစိုက်ကြည့်ခဲ့သည်။ မောင်ငယ်လေး ဆယ်တန်းအောင်စေချင်ခဲ့သည်မှာ မစန်းငွေး၏ ဆန္ဒတခုဖြစ်သည်။

သည့်အတွက် မစန်းငွေး အလုပ်ကို မနေမနားကြိုးစားလုပ်ကိုင်ခဲ့သည်။ မစန်းငွေး လုပ်ကိုင်ရသည့်အလုပ်မှာ အထည်ချုပ်စက်ရုံတွင် လုပ်ရသော အလုပ်ဖြစ်၍ တစ်နေကုန် စက်ထိုင်ချုပ်ရသည်။ ထို့ကြောင့် တစ်နေကုန် ညောင်းမိသည်။ သို့သော် မစန်းငွေးမှာ အညောင်းမိသည်ကို ဂရုမစိုက်အား။ ငွေပိုရရှိရေးအတွက် အချိန်ပိုကို ဆက်လုပ်သည်။

ထိုသို့ နေ့မအား ညမအားပင် ပင်ပန်းကြီးစွာ အလုပ်လုပ်နေရသော်လည်း မစန်းငွေးမှာ တစ်ခါမျှ ပင်ပန်းသည်ဟု ညည်းညူခဲ့။ အိမ်ပြန်ရောက်သည့်အခါတိုင်း မိဘများကို ပြုံး၍ပျော်၍သာ နေပြခဲ့သည်။ လစာထုတ်ရက်များတွင် လစာငွေထဲမှ မိဘများစားရန် ချိုချိုချဉ်ချဉ် အစားအစာလေးများကို ဦးဦးဖျားဖျားဝယ်လာပေး၍ ထိုင်ကန်တော့လေ့ရှိသည်။

ဤသို့ ဝတ္တရားများကို မစန်းငွေး အိမ်ထောင်ကျသွားသည့်တိုင် တာဝန်မပျက်ခဲ့။ မိဘများနှင့်လည်း ခွဲမသွားခဲ့။ သူ၏ အိမ်ထောင်ရှင်အပေါ်တွင်လည်း မယားဝတ္တရား ကျေပွန်အောင် ဆောင်ရွက်ပေးခဲ့သူဖြစ်သည်။ ထိုမိသားစု လိမ္မာရေးခြားရှိသော သမီးလေးကိုမှ အဘယ်ကံကြမ္မာကြီးက ဖန်လာသည်မသိ။

တစ်နေ့ အလုပ်မှ ညအချိန်ပိုဆင်းပြီး ပြန်လာ၍ ရေမိုးချိုးပြီး ထမင်းစားကာ အိပ်ရာဝင်ရာ အိပ်ရာမှ နိုးလာသော အခါ ထ၍လမ်းလျှောက်ရာတွင် လမ်းလျှောက်၍ မရတော့။ မစန်းငွေး သူ့ကိုယ်သူ အံ့သြကြီးစွာဖြစ်၍ ငိုကြီးချက်မ ငိုကြွေးတော့သည်။ သူ့ငိုသံကြောင့် တစ်အိမ်လုံး ပျာယာခတ်သွားသည်။ သူ၏ဖြစ်အင်ကိုကြည့်ကာ တစ်အိမ်သားလုံး ဝမ်းနည်းပက်လက်ဖြစ်ကြရသည်။ နောက်နေ့မှစ၍ ဆရာဝန်ပင့်ကာ သူ့ရောဂါကို ပြသည်။ မသက်သာ။ နောက်ဆရာဝန်တစ်ဦး ပြောင်းပြသည်။ ထူးမလာ။ ထိုအခါ တိုင်းရင်းဆေးဆရာပင့်၍ ကုသပြန်သည်။

မစန်းငွေး၏ရောဂါမှာ ဝဋ်နာကံနာဟု ဆိုရလောက်အောင်ဖြစ်သည်။ မည်သို့သော ဆေးဆရာနှင့် ကုသသော်လည်း သူမ၏ရောဂါမှာ သက်သာလာသည်မရှိ။ တစ်ရက်မှ တစ်ပတ်၊ တစ်ပတ်မှလွန်၍ သုံးပတ်ရောက်သောအခါ အစားအစာပင် မစားနိုင်တော့သည့် အခြေအနေသို့ ရောက်လာသည်။ အစားမဝင်တော့သဖြင့် အားအင်ကုန်ခန်းကာ ပို၍ချည့်နဲ့လာသည်။ ယနေ့ဆိုလျှင် မစန်းငွေး အစားမစားနိုင်တော့သည်မှာ တစ်ပတ်ကျော်လေပြီ။

'ကိုလှအောင်··ကိုလှအောင်၊ သမီးကို ကြည့်ပါဦး'

ရုတ်တရက်ကြားလိုက်ရသော ဇနီးသည် ဒေါ်အုံးခင်၏အသံကြောင့် ဦးလှအောင် အတွေးစပြတ်သွားသည်။ ထိုအခါမှ သူ၏ အတွေးစတို့ကို ဖြတ်တောက်ကာ သမီးအနီးကို တိုးကပ်၍ ဂရုတစိုက်ကြည့်လိုက်သည်။ မစန်းငွေး၏မျက်လုံးမှာ ဖွင့်သည်ဆိုရုံလေးဖွင့်လျက် နှုတ်ခမ်းမှလည်း လှုပ်လှုပ်ရွရွ ပြောဆိုနေသည်။ အသံမှာ ထွက်မလာ။

'ဟဲ့··မောင်မောင်၊ မင်းမိန်းမ စကားတွေ ပြောနေတယ်။ ဘာတွေပြောနေသလဲ မသိဘူး။ ဒီကိုမြန်မြန်လာပြီး နားထောင်ကြည့်စမ်း'

ဒေါ်အုံးခင်၏ ခေါ်သံကြောင့် မောင်မောင်မှာ အိပ်နေရာမှ ချက်ချင်းထ၍ မစန်းငွေးအနီးသို့ တိုးကပ်လိုက်သည်။ သုံးဦးသား ခေါင်းချင်းဆိုင်လျက် မစန်းငွေးပြောသော စကားများကို အာရုံစိုက်၍ နားထောင်နေကြသည်။ ထိုခဏ မစန်းငွေးတစ်ယောက် ပြန်လည်၍ ငြိမ်သက်သွားသည်။

'အဖေနဲ့အမေ၊ ကျွန်တော် သူ့ကိုကြည့်ရတာ အားမရဘူး။ ကျွန်တော့်သဘောကတော့ သူ့ကို ဆေးရုံတင်လိုက်ချင်တယ်'

'အေး··ဟုတ်တယ် မောင်မောင်။ ငါလည်း အဲဒီလိုပဲ စဉ်းစားမိတယ်'

ဦးလှအောင်၏ ထောက်ခံစကားကြောင့် မစန်းငွေး၏ အခြေအနေကိုကြည့်ကာ သုံးဦးသား နားလည်မှုယူလိုက်ကြသည်။ မကြာမီ ကားစီစဉ်၍ မစန်းငွေးအား ဆေးရုံတင်ရန် သုံးဦးသား ဆေးရုံသို့ လိုက်ပါသွားကြသည်။

ညသည် မှောင်မိုက်ခြင်းအတိနှင့် တိတ်ဆိတ်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com

သက်လျက် ရှိနေသော်လည်း မစန်းငွေးတို့ မိသားစုအား တင်ဆောင်လာသော ကားကလေးသည် လေအဟုန်သို့ ပြေးလွှားနေလေသည်။

◆◆◆

မစန်းငွေး ဆေးရုံသို့ ရောက်လာသည်မှာ နှစ်ရက်ရှိပြီဖြစ်သည်။ မစန်းငွေးမှာ လုံးဝသတိမရသေးချေ။ သွေးခုန်နှုန်း၊ နှလုံးခုန်နှုန်း ရှိနေသေး၍သာ မစန်းငွေး အသက်ရှင်နေသေးသည်ဟုသာ ဆိုရမည်။ သို့သော် မစန်းငွေးမှာ ဆေးရုံရှိ ခုတင်ထက်၌ မလှုပ်မယှက် ငြိမ်သက်လျက်ရှိသည်။ မစန်းငွေး၏ ခုတင်ဘေး၌ မိခင်ဖြစ်သူ ဒေါ်အုံးခင်မှာ သမီးဖြစ်အင်ကိုကြည့်ကာ တရှုံ့ရှုံ့ငိုကြွေးနေလေသည်။ ဆေးရုံမှ တာဝန်ကျဆရာဝန် ဆရာမများမှလည်း မစန်းငွေးထံ မကြာခဏ လာရောက်စမ်းသပ် ကြည့်ရှုနေကြသည်။

သို့သော် မစန်းငွေး၏ စိတ်အစဉ်မှာ ပေါ့ပါးလန်းဆန်းစွာ ပျံလွင့်လျက်ရှိသည်။ ထိုစိတ်အစဉ်သည် ရှေ့သို့ မိုင်ပေါင်းများစွာ ပြေးထွက်ရန် တာစူလျက်ရှိသည်။ မကြာခင်မှာပင် ထိုစိတ်အစဉ်သည် ကိုယ်ခန္ဓာမှ ရုတ်ခြည်း ထွက်လိုက်သည်။

ထိုခဏ သူမရှေ့၌ အမေငိုနေသည်ကို တွေ့ရသည်။ အမေဘာကြောင့်ငိုနေသလဲဟု မေးသော်လည်း အမေက ပြန်မဖြေ။ စင်စစ် အမေ သူ့ကို မြင်တွေ့ပုံမရ။ သူ စိတ်ညစ်သွားသည်။

အမေ၏ ရှေ့တစ်ဖက်တွင် ခင်ပွန်းသည် ကိုမောင်မောင် ရပ်နေသည်ကို သူမ မြင်လိုက်ရသဖြင့် ဝမ်းသာအားရဖြစ်ကာ-

'ကိုမောင်..ကိုမောင်'

သူမက ခင်ပွန်းဖြစ်သူ ကိုမောင်မောင့်အား ခေါ်သော်လည်း ကိုမောင်မောင်က သူမ၏အသံကို ကြားပုံမပေါ်။ သူမအား မြင်ပုံလည်းမရ။ သူမ တော်တော်စိတ်ညစ်သွားသည်။

ထို့ကြောင့် ထိုအနီးအနားမှ သူမ ပြေးထွက်သွားလိုက်သည်။ သူ့စိတ်သည် လေထဲ၌ ငှမ်းစလွင့်ပျံနေသကဲ့သို့ ပေါ့ပါးစွာ ပြေးလွှားနေမိသည်။ ထိုစဉ် အဖေ့ကို သွားသတိရလိုက်မိသည်။ ထိုစိတ်အစဉ်ကြောင့် အဖေရှိရာသို့ ချက်ချင်းရောက်သွားသည်။ အဖေသည် အိမ်ရှိဘုရားခန်း၌ ဘုရားကန်တော့၍ ဆုတောင်းနေသံကို သူမ ကြား နေရသည်။

'ဗုဒ္ဓမြတ်စွာဘုရားရှင်ဘုရား.. ဘုရားတပည့်တော်၏ သမီးလေးသည် မိဘကို လုပ်ကျွေးပြုစုနေသော ဖြစ်ပါတယ်ဘုရား။ မိဘတို့အပေါ် လုပ်ကျွေးပြုစုသော ဤကောင်းမှုကံ စေတနာတို့ကြောင့် ဘုရားတပည့်တော်၏ သမီးလေး ခံစားနေရသော ရောဂါဘယများ ကင်းစင် ပျောက်ပြီး အသက်ချမ်းသာရာရပါစေသား အရှင်မြတ်ဘုရား'

အဖေ၏ ဆုတောင်းနေသံကြောင့် သူမ စိတ်မကောင်း ဖြစ်ရသည်။ အဖေ့အနီးသို့ကပ်၍ အဖေဝမ်းသာသွားအောင် သူမ အသံကုန်ဟစ်၍ အော်ခေါ်လိုက်သည်။

'အဖေ..အဖေ..သမီး ဒီမှာလေ'

အဖေက သူမအား မြင်ပုံမရ။ အော်ခေါ်သံကိုလည်း ကြားပုံမရ။ သူမ ဒုက္ခလှလှကြီး ဖြစ်နေရသည်။ ဘာ ဖြစ်ကုန်ပြီလဲ။ သူမကိုယ်သူမ ပြန်မေးမိသည်။ ထို အတွက် မည်သူ့ထံ အကူအညီတောင်းရမည်လည်း သူမ စဉ်းစားမိလိုက်ကာမှ အမေ့ညီမ ဒေါ်လေးအုံးရှင်အား ပြေးသတိရလိုက်သည်။

အတွေးဆုံးသည်နှင့် ဒေါ်လေးအုံးရှင်အိမ်သို့ တ ဟုတ်ချင်း ရောက်သွားသည်။ ဒေါ်လေးအုံးရှင်အိမ်တွင် မောင်လေးက အရင်ရောက်နှင့်နေသည်ကို သူမ မြင် သည်။ ဒေါ်လေးအုံးရှင်တို့ မိသားစုကို မောင်လေး စကားတွေ ပြောနေသည်။ သူတို့ ပြောဆိုနေကြသော စကားသံများကိုလည်း သူမ အတိုင်းသားကြားနေရသည်။

'မမစန်းငွေးတစ်ယောက် ဆေးရုံရောက်နေတာ သတိလစ်နေတာ နှစ်ရက်ရှိသွားပြီ။ ရှင်ဖို့ထက် သေဖို့ များတယ်လို့ ပြောတယ်။ အဲဒါ ဒေါ်လေးတို့ကို အကြောင်းကြားတာ'

'ငါ့တူမလေး သနားပါတယ်။ ဖြစ်မှဖြစ်ရလေ လေးရယ်'

ဒေါ်လေးအုံးရှင်မှ မောင်လေးပြောသော စကား ကြားပြီးနောက် ငိုနေသည်။ ကြားနေရသည့် စကား အားလုံးမှာ သူမအတွက် အံ့သြစရာကြီးဖြစ်သည်။ သူ သေလူဟူ၍ အားလုံးက သဘောထားကြသည်ကို စိတ်မကောင်းဖြစ်ရသည်။ သူမ ဘာဖြစ်လို့လဲ၊ သူမ



www.burmeseclassic.com

www.burmeseclassic.com

နှမ်းလန်းဆန်းဆန်း တက်တက်ကြွကြွနဲ့ အကောင်းကြီးတတိပဲ။ ဒါကြောင့် ဒီအိမ်ကို ရောက်အောင် လာနိုင်တာပေါ့။ ထို့ကြောင့် သူမကို မြင်တွေ့စေရန် မောင်လေးနှင့် ဒေါ်လေးတို့ မိသားစုအနီးသို့ သူမ အပြေးအလွှားသွားလိုက်စဉ် ခုံတစ်လုံးကို ဝင်တိုက်မိလျက်သား ဖြစ်သွားသည်။

'ဝုန်း'

ခွေးခြေခုံမှာ သူမ တိုက်လိုက်မိသောအရှိန်ကြောင့် ထွက်ကာ အသံထွက်လာခြင်း ဖြစ်သည်။

'ဟဲ့..ဘာဖြစ်တာပါလိမ့်။ ကေနွှ စန်းငွေးများ ရောက်လာသလား မသိဘူး'

ဒေါ်လေး၏ စကားကြောင့် ဒေါ်လေးမိသားစုနှင့် မောင်လေးပါ သူမရှိရာဘက်သို့ လှည့်ကြည့်ပြီး ပြောနေသော်လည်း သူမကို မြင်ပုံမရ။ မောင်လေးမှ လဲကျသွားသည့်ခုံအား ပြန်ထောင်ရန် ခုံအနီးထလာရာ ခုံအနီး၌ရပ်နေသော သူမအား ဝင်တိုက်မိလျက်သား ဖြစ်သွားသည်။ မောင်လေးမှ သူမအား ဝင်တိုက်မိသော အရှိန်ကြောင့် သူမ အနည်းငယ်ဟန်ချက်ပျက်ကာ အိမ်အကာထရံအား ဆက်ထောက်မိသွားသည်။

'ဂျုန်း'

သူမမှ အိမ်အကာထရံအား လက်ထောက်မိသော အရှိန်ကြောင့် အသံထွက်လာသော်လည်း မောင်လေးက သူမအား ဝင်တိုက်မိသည်ကို သိပုံပင်မပေါ်။ ထိတ်လန့်သော မျက်လုံးတို့ဖြင့် ဟိုဒီကြည့်ကာနေကြသည်။ သူမ စိမ်းနည်းကြေကွဲ၍ အတီးကျန်မဲ့ဖြစ်ရသည်။

ထို့ကြောင့် သူမ ဒေါ်လေးအုံးရှင်တို့အိမ်မှ အတင်းပြေးထွက်ခဲ့သည်။ သူမ၏ စိတ်အစဉ်သည် မုန်တိုင်းနှင့် ထွေး၍ ပါနေသကဲ့သို့ အလွန်လျှင်မြန်စွာ ပြေးလွှားနေမိသည်။ တဟီးဟီး တဟဲဟဲ လွင်တီးခေါင်ကြီးကိုလည်း ဖြတ်ကျော်နေရသည်။

သူမ မောပန်းစပြုလာသည်။ အနားယူချင်စိတ်ပေါ်လာသည်။ တစ်ခေါ ညောင်ပင်ကြီးတစ်ပင်အောက် ရုတ်ခြည်း ရောက်သွားသည်။ သူမတစ်ကိုယ်လုံး တုန်ယင်နေသည်။ မောပန်းလွန်းသဖြင့် အားအင်ကုန်ခမ်းကာ မလှုပ်နိုင်တော့လောက်အောင် နွမ်းနယ်နေသည်။

ထိုစဉ် ဝတ်ဖြူစင်ကြယ်နှင့် အဘိုးအိုတစ်ဦး သူမ အနီး ရောက်လာကာ သူမအား ငွေဖလားလေးနှင့် ထည့်ထားသော ရေအား သောက်ခိုင်းသည်။

သူမက အဘိုးအိုစေခိုင်းသည့်အတိုင်း ငွေဖလားလေးကို လှမ်းယူကာ ငွေဖလားတွင်းမှရေအား အကုန်သောက်ချပစ်လိုက်သည်။ သူမ ရေသောက်ပြီးသည်နှင့် မောပန်းသမျှတို့ ပြေပျောက်သွားသည်။ သူမ စဉ်းစားနေမိသည်။ သူမအား မည်သူမျှမမြင်ရသောအချိန်မှာ ထိုအဘိုးအိုက သူမအား မြင်ရခြင်းပင်ဖြစ်သည်။ သူမ အားတက်သွားသည်။

ထိုစဉ် အဘိုးအိုက သူမအား စတင်၍ ပြောလာသည်။

'သမီး..ဘာတွေဖြစ်ပြီး ဒီကိုရောက်လာတာလဲ'

အဘိုးအို၏ အမေးစကားကြောင့် သူမက ဖြစ်ပျက်သမျှ အကြောင်းစုံကို ပြောပြလိုက်သည်။

'ဒါဆိုရင် သမီးစက်ရုံက နောက်ဆုံးပြန်တဲ့နေ့ ညက ဘာတွေစားခဲ့သေးလဲ'

အဘိုးအို၏ အမေးစကားကို သူမ အသေအချာ စဉ်းစားမိသည်။ ဘာမျှ စဉ်းစား၍မရ။

အတန်ကြာမှ သတိရလာကာ–

'ဩော်..သတိရပြီ အဘိုး။ သမီး အဲဒီနေ့ ညက အထည်တွေက ချုပ်တာ မပြီးတာနဲ့ ထမင်းစားဖို့တောင် အချိန်မရဘူး။ အလုပ်ပြီးလို့ အိမ်ပြန်ခါနီးမှ ထမင်းဆာလာတာနဲ့ ထမင်းစားတာပဲရှိတယ် အဘိုး'

'သမီး ဘာဟင်းနဲ့ ထမင်းစားခဲ့လဲ'

'သမီးရဲ့အမေက အမဲသားပြုတ်ကြော်လေး လုပ်ပေးလိုက်တယ်။ သမီးလည်း အိမ်ပြန်ခါနီးမို့ ထမင်းကို အဆာပြေ ကမန်းကတန်းစားပြီး ပြန်ခဲ့တာ ထမင်းချိုင့်ထဲမှာ ဟင်းတောင် နည်းနည်းပြန်ပါသွားသေးတယ်'

သူမမှာ သူမစကားပြောသံကို မည်သူမျှ မကြားမသိ၍ စိတ်ဓာတ်ကျ အားငယ်နေသောအချိန်၌ ထိုအဘိုးအိုမှ သူမပြောစကားများ ကြားသိနေသဖြင့် သူမမှာ ဝမ်းသာအားရဖြစ်ကာ စကားများကို အဆက်မပြတ် ပြောချလိုက်သည်။

'သမီး..ဒီကိုရောက်မလာခင် ကောင်းမှုကုသိုလ်ရော ဘာတွေလုပ်ခဲ့သလဲ'

အဘိုးအို၏ ထပ်မံမေးလာသော အမေးစကားကို



www.burmeseclassic.com

www.burmeseclassic.com

သူမ ရုတ်တရက် ပြန်မဖြေနိုင်။ အတန်ကြာအောင် စဉ်းစားပြီးမှ ဖြည်းလေးစွာ ပြန်ဖြေလိုက်သည်။

'အဘ·· သမီးက ဆင်းရဲတာမို့ ကြီးကျယ်တဲ့ ကုသိုလ်ကောင်းမှုတော့ မပြုနိုင်ခဲ့သေးပါဘူး။ ဒါပေမဲ့ ရတနာမြတ်သုံးပါးကိုတော့ အမြဲဆည်းကပ်ခဲ့ပါတယ်။ မိဘနှစ်ပါးကိုလည်း အလုပ်အကျွေးပြုခဲ့ပါတယ်'

'ဒါဆိုရင် မြတ်စွာဘုရားရှင် ဟောကြားခဲ့တဲ့ ပရိတ်တရားတော်တွေထဲက ဘယ်တရားတော်ကို ရွတ်ဆိုပွားများသလဲ'

'သမီးကတော့ မြတ်စွာဘုရားရှင် ဟောကြားတဲ့ ပရိတ်တရားတော်တွေထဲက နှစ်ဆယ့်လေးပစ္စည်း ပဋ္ဌာန်းတရားတော်မြတ်ကိုပဲ အချိန်ရရင်ရသလို အမြဲမပြတ် ရွတ်ဆိုပွားများခဲ့ပါတယ်'

သူမ၏ အဖြေစကားကြောင့် ထိုအဘိုးသည် နှစ်လိုဖွယ်ပြုံး၍ သာခုခေါ်ဆိုကာ စကားကို ဆက်ပြောလာသည်။

'အေး··အေး··ကောင်းလေစွ··ကောင်းလေစွ။ ငါ့သမီး အဲဒီစက်ရုံက နောက်ဆုံးပြန်တဲ့နေ့ ညက ငါ့သမီးမှာ အဲဒီအမဲသားဟင်းပါလာလို့ နာနာဘာဝတွေ သမီးနောက်ကို လိုက်လာကြတယ်။ သမီးဆီက ထမင်းချိုင့်ကို သူ့ထက်ငါ လုမလို့ လုပ်ကြရင်းက သမီးရဲ့ ခြေဖနောင့်ကို နင်းမိသွားတယ်။ အဲဒီအချိန်မှာ သမီးက သရဏဂုံသုံးပါးနဲ့ ပဋ္ဌာန်းတရားကို ထရွတ်လိုက်တော့ သူတို့အားလုံး လွင့်သွားကြတယ်။ သမီးခြေဖနောင့်ကို နာနာဘာဝ နင်းမိရာကနေပြီး သမီး ရောဂါရတာပဲ။ ဒါပေမဲ့ သမီး စိတ်မပူနဲ့။ သမီးရဲ့ရောဂါ ပျောက်သွားမှာပါ'

ထိုအဘိုး ပြောသောစကားအား သူမ ကြားသိရသောအခါမှ သူမ စက်ရုံက နောက်ဆုံးပြန်သောညတွင် သူမတို့၏ လမ်းထိပ်ရှိ ကုက္ကိုပင်ကြီးအား ကျော်လွန်ပြီးသောအခါ သူမအား တစ်စုံတစ်ယောက် နောက်မှ နင်းလိုက်သကဲ့သို့ ခံစားရပြီး ခြေဖနောင့်မျက်သွားခဲ့သည်ကို ယခုမှပင် သတိရတော့သည်။

'ကဲ··ကဲ··အချိန်သိပ်မရှိတော့ဘူး၊ သမီးက ရတနာသုံးပါးကိုလည်း ဆည်းကပ်တယ်။ မိဘနှစ်ပါးကို ရိုသေကိုင်းရှိုင်းပြီး လုပ်ကျွေးနေသူဆိုတော့ ငါ့သမီး ဘေးမသီရန်မခအောင် အဘက ကူညီစောင့်ရှောက်ပေးခဲ့တာပဲ။ ကဲ··ရတနာသုံးပါးကို အာရုံပြုပြီး သမီး အမြဲရွတ်ဆို... များတဲ့ ပဋ္ဌာန်းတရားတော်မြတ်ကို ရွတ်ဆိုနေပေ...

အဘိုးအို ညွှန်ကြားပြောဆိုသည့်အတိုင်း သူမ... ရတနာသုံးပါးကို အာရုံပြုကာ ပဋ္ဌာန်းတရားတော်ကို ... ဆိုပွားများနေစဉ် သူမ၏ စိတ်အစဉ်သည် လန်းဆန်း... ကြွကာ ဆေးရုံခုတင်ပေါ်၌ လဲလျောင်းနေသည့် ... ကိုယ်အတွင်းသို့ ပြန်ဝင်မိလျက်သားဖြစ်သွားသည်။

'ဟော··သမီးလေး လှုပ်လာပြီ။ ကျွန်မသမီး... သတိရလာပြီနဲ့တူတယ်'

'ဟုတ်တယ်၊ သမီးလေး··သတိရလာပြီ။ ဟော... မျက်လုံးလေး ပွင့်လာပြီ'

'ငွေး··ငွေး··သတိရလာပြီနော်။ ကိုမောင်ရော အ... နဲ့ အမေပါ ငွေးအနားမှာ ရှိတယ်။ ဘာလဲ၊ ငွေး ... သောက်ချင်တယ် ဟုတ်လား။ ကိုမောင် တိုက်မယ်... ပါးစပ်လေးဟထား'

မစန်းငွေးနားထဲမှာ အသံတွေက ဆူညံစွာ အ... သား ကြားလိုက်ရသည်။ ထို့ကြောင့် မစန်းငွေး မျက်... ကို အားယူဖွင့်ကြည့်လိုက်သည်။ အစပထမ သူမ ... ကွင်းထဲ၌ မှုန်ဝါးဝါး။ တဖြည်းဖြည်း ကြည်လင်လာ... ရုပ်သဏ္ဌာန်များကို ထင်ရှားစွာ မြင်တွေ့လိုက်ရသည်။

အဖေ၊ အမေ၊ ခင်ပွန်း၊ မောင်လေး၊ ဒေါ်... စသည့်သူတို့ သူမ၏ဘေး၌ မတ်တတ်ရပ်နေကြသည်။ ... ပွန်းဖြစ်သူက ရေခွက်တစ်ခွက်ကို လက်တစ်ဖက်မှ ... တစ်ဖက်က လက်ဖက်ရည်ဇွန်း တစ်ချောင်းကိုကိုင်... သူမ၏ နှုတ်ခမ်းဝ၌တွေ့လျက် ရေစက်များ လောင်း... နေသည်။ သူမ၏ ပါးစပ်အတွင်းကျလာသည့် ရေစက်... သူမရင်တွင်းသို့ မျိုချလိုက်သည်။ ချက်ချင်းဆိုသလို ... ခန္ဓာကိုယ်မှာ အားအင်ပြည့်ဖြိုးလာသည့်နှယ် သူမ ... လိုက်ရသည်။

ထို့ကြောင့် လဲအိပ်နေရာမှ သူမ ရုတ်ခြည်း... လိုက်သည်။ သူ့အပြုအမူကြောင့် အမေ၊ အဖေနှင့် ခင်... စသူတို့ အံ့သြကြောက်ရွံ့စွာ သူ့ခန္ဓာကိုယ်အား ... ကိုင်တွယ်ရင်း ပြန်လှဲအိပ်နေရန် ပြောဆိုပြင်ဆင်ကြ... သူမက အံ့သြစွာဖြင့် မိခင်၊ ဖခင်တို့အား မေး... သည်။

'အဖေနဲ့ အမေ၊ သမီး ဘယ်ကိုရောက်နေတာ...

www.burmeseclassic.com

www.burmeseclassic.com

'သမီး နေမကောင်းလို့ ဆေးရုံရောက်နေတာလေ။ သမီး ဘာမှမစိုးရိမ်နဲ့နော်။ ဆရာဝန်၊ ဆရာမတွေက သမီးကို ဂရုတစိုက်နဲ့ စောင့်ကြည့်ပေးနေကြတယ်လေ'

'သမီး နေမကောင်းတာကိုတော့ သမီးကိုယ်သမီး သိပါတယ်။ ဆေးရုံရောက်လာတာကိုတော့ မသိလိုက်ဘူး အိပ်ပျော်သွားပြီး အိပ်မက်,မက်နေတယ်လို့ ထင်နေတာ'

မစန်းငွေး၏ ပြောစကားကြောင့် မိသားစုအားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ မစန်းငွေး၏ စကားပြောသံမှာ လူမမာလေသံ မဟုတ်။ လူကောင်းပကတိ လေသံကဲ့သို့ဖြစ်နေ၍ မိသားစုအားလုံး မယုံ့ရဲ ယုံရဲဖြစ်ကာ သူမကို ငေးကြောင်ကြည့်နေကြသည်။

'အဖေနဲ့အမေ သမီး တစ်ခုခုစားချင်တယ်။ သမီးကို ကျွေးပါနော်'

မစန်းငွေးမှ ထပ်ပြောနေသဖြင့် မိသားစုအားလုံးမှာ ဝမ်းသာသလိုဖြစ်၍ အိုဗာတင်းကို ပူပူလေးဖျော်ကာ ပေါင်မုန့်နှင့် တိုက်ကျွေးကြရာ မစန်းငွေးက အငမ်းမရ စားသောက်နေသဖြင့် မိသားစုအားလုံး အံ့သြမှင်တက်မိနေကြသည်။

မစန်းငွေး၏မိခင် ဒေါ်အုန်းခင်မှာ သမီးဖြစ်သူအား ကြည့်ကာ မယုံနိုင်စွာဖြင့် ခင်ပွန်းဖြစ်သူ ဦးလှအောင်ကို လက်တို့ ခေါ်ထုတ်၍ ပြောလိုက်သည်။

'ကိုလှအောင်··သမီးကြည့်ရတာ မယုံနိုင်စရာဘဲ။ [illegible]ရိုးသားရိုးမှ ဟုတ်ရဲ့လား မသိဘူးနော်'

'အို··အုံးခင်ကလည်းကွာ၊ ဘာတွေလျှောက်ပြောနေတာလဲ။ ဘာပဲဖြစ်ဖြစ် တို့ထက် ဆရာဝန်က ပိုပြီးနားလည်တယ်။ အဲဒီတော့ မောင်မောင်ကို ဆရာဝန်ကို သွားခေါ်ခိုင်းလိုက်မယ်'

ဦးလှအောင်သည် ဒေါ်အုံးခင်၏ ပြောစကားကို ဖယ်ထားပြီး သမက်ဖြစ်သူ မောင်မောင်အား မစန်းငွေး သတိရလာပြီဖြစ်ကြောင်းကို တာဝန်ကျဆရာဝန်အား ပြောခိုင်းလိုက်သည်။ ဦးလှအောင်၏ စကားကြောင့် မစန်းငွေး၏ ခင်ပွန်း ကိုမောင်မောင်တစ်ယောက် နေရာမှ ချက်ချင်း ထွက်သွားသည်။

မကြာမီ ဆရာဝန်တစ်ဦးနှင့်အတူ ပြန်ရောက်လာသည်။ ဆရာဝန်က မစန်းငွေးကို စမ်းသပ်စစ်ဆေးကြည့်သည်။ ထို့နောက် ဆရာဝန်မှ လူနာ မစန်းငွေးအား ကြည့်ကာ စကားဆိုလာသည်။

'သမီး တော်တော်နေကောင်းလာပြီပဲ။ သမီး စားချင်တာဆို အကုန်စားနော်။ အစားမရှောင်နဲ့'

ဆရာဝန်မှ လိုအပ်ချက်များကို ပြောဆိုညွှန်ကြားပြီး မစန်းငွေးအနီးမှ ပြန်လည်ထွက်ခွာသွားသည်။ ထိုသောအခါမှ မစန်းငွေး၏ မိဘနှစ်ပါးနှင့် ခင်ပွန်း စသူတို့မှာ ဝမ်းသာအားရ ရွှင်ရွှင်ပြုံးပြုံး ဖြစ်သွားကြသည်။ မစန်းငွေးမှာလည်း အစာအာဟာရများကို စားပြီးသောအခါ အားအင်များ တိုးတက်လာ၍ လူကောင်းပကတိနီးပါး ပြန်ဖြစ်သွားသည်။ နောက်ထပ်ဆေးရုံ၌ နှစ်ရက်နေပြီးသောအခါ ဆေးရုံမှ ဆင်းခွင့်ရခဲ့သည်။

မစန်းငွေးအနေဖြင့် အတိတ်ကံနှင့် လက်ရှိပစ္စုပ္ပန် ကောင်းမှုကုသိုလ်ကံတို့၏ အထောက်အကူကြောင့် အသက်ဘေးမှ လက်မတင်လေး လွတ်မြောက်ခဲ့ရသည်။ ထိုအဖြစ်အပျက်တို့မှာ နှစ်ပေါင်းတစ်ဆယ့်ကိုးနှစ် ရှိခဲ့ပြီဖြစ်သော်လည်း မစန်းငွေး၏ နှလုံးအိမ်ထဲ၌ မနေ့တစ်နေ့ကကဲ့သို့ပင် စွဲမြဲစွာမေ့ပျောက်၍ မရအောင် ရှိနေခဲ့သည်။

ထို့ကြောင့် မစန်းငွေးသည် ထိုအဖြစ်အပျက်နှင့်အတူ သံဝေဂတစ်ခုကို ရရှိလိုက်သည်။ လူတို့သည် အသက်ကြီးငယ်မရွေး မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း၌ အချိန်မရွေး သေဆုံးနိုင်သည်။ သေခြင်းတရားဟူသည် မိမိနှင့်အတူ ထက်ကြပ်မကွာ ရှိနေသည်ကတော့ အမှန်ပင်ဖြစ်သည်။ ထို့နည်းတူစွာ မိမိပြုလုပ်သော ကောင်းမှုကုသိုလ်ကံနှင့် အကုသိုလ်ကံတို့သည် မိမိသေလွန်ပြီးသောအခါ၌ မိမိနှင့်အတူ ကပ်၍ပါလာမည်ကတော့ အမှန်ပင် ဖြစ်ပေသည်။

မစန်းငွေးသည် ထိုအချိန်မှစ၍ အနန္တောအနန္တငါးပါးအား ပို၍ဦးထိပ်ထားလျက် သူတော်ကောင်းတရားတို့ကို ပို၍ပွားများအားထုတ်ခဲ့သည်။ သူမအား ရေစင်တိုက်၍ အံသက်ဘေးမှ ကယ်တင်ပေးလိုက်သော ဝတ်ဖြူစင်ကြယ်နှင့် သူတော်စင်အဘိုးအိုအားလည်း ရော်ရမ်းမှန်းဆကာ လက်ဆယ်ဖြာထိပ်မှာမိုး၍ အကြိမ်ကြိမ်အခါခါ ရှိခိုးကန်တော့ခဲ့သည်မှာ ယနေ့တိုင်အောင် ဖြစ်ပါတော့သည်။

မရည်မွန်([illegible])



www.burmeseclassic.com

www.burmeseclassic.com

ချွေတာစုဆောင်း သူဌေးလောင်းဆိုပေမယ့် နေရာတကာ စေတနာမွဲပြီး ချွေတာလို့ကတော့ တစ်ရာဖိုး ချွေတာရင် တစ်ထောင်ဖိုး ထွက်တာမျိုး၊ လုပ်ငန်းခွင် ကမောက်ကမ ဖြစ်တာမျိုး၊ သေချာပေါက် အမြတ်အစွန်း ကနေ ခွက်ခွက်လန်အောင် အရှုံးပေါ်တာမျိုး၊ ပရလောက သား၊ ဝိညာဉ်လောကသားတွေရဲ့ နှောင့်ယှက်ဖျက်ဆီးတာ မျိုးတွေ ကြုံတွေ့ရတတ်တာ ကိုယ်တွေ့ပါ။

ကျုပ်ဆရာ အမည်နာမကိုတော့ မဖော်ပြတော့ပါဘူး။ သူ့ရာထူးအဆင့်က လက်ထောက်ညွှန်ကြားရေးမှူး အဆင့်ရှိလို့ အများသူငါ ခေါ်သလို လက်ညွှန်လို့ပဲ သုံးလိုက်ပါရစေ။

ကျုပ်ဆရာ လက်ညွှန်ဟာ ငါးဦးစီးက အရာရှိ… ယောက်ပါပဲ။ ကျုပ်က သူ့ရဲ့ပီအေ ဖြစ်ပါတယ်။ … လက်ညွှန်တာဝန်က ရေကြောင်းအရာရှိပါ။

ရေကြောင်းအရာရှိရုံးခန်းနဲ့ ဆိပ်ကမ်းကုန်တင်… အလုပ်သမားရုံးက မျက်နှာချင်းဆိုင်ဆိုတော့ အင်… သုံးရာကျော်ရှိတဲ့ ဆိပ်ကမ်းအလုပ်သမားတွေရဲ့ ဌာ… (တပ်ဖွဲ့မှူး)တာဝန်ပါ တွဲပေးထားပါတယ်။

ကျုပ်ဆရာ လက်ညွှန်ဟာ (၂၀၀၀)ပြည့်နှစ်ကျော်… မအူပင်မှာ ငါးဧကအကျယ်ရှိတဲ့ စပါးငါးကန် လေး… တစ်လုံးကို ခုနစ်သိန်းပေးပြီး ဝယ်ပါတယ်။ အ… ကောင်း အဆွယ်ကောင်းလို့ ဝယ်လိုက်တာပါ။ ငါးမွေး…

# ရှစ်ခွင်ကျော် (ဖောင်တော်ဦး…

## ခေါင်းတိုင်အုတ်လား ဂူအုတ်လား



www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်း ဘာတစ်ခုမှ သိတာ မဟုတ်ပါဘူး။

ငါးမွေးတယ်ဆိုတာ ငါးစာကို ငါးစားရရုံ တစ်နှစ် အရင်းကျေ။ နောက်နှစ်တွေမှာ နှစ်ဆမြတ်တယ်။ ကို ငါးမစားရဘဲ လူက စားဖြစ်ရင်တော့ ခွက်ခွက် အောင် ရှုံးတယ်လို လက်တွေ့ငါးမွေးမြူရေးလုပ်ငန်း နေတဲ့သူတွေ့ရဲ့ ကိုယ်တွေ့ဖြစ်စဉ်နဲ့ ငါးပညာရှင်တွေ အဆိုအမိန့် ရှိပါတယ်။ ဆိုလိုတာက ဖွဲနု၊ ဆန်ကွဲ၊ နှမ်းဖတ်တွေ သတ်မှတ်နှုန်းထားအတိုင်း မကျွေး ငါးကန်လုပ်သားတွေက ခိုးပြီး ရောင်းစားတာမျိုးကို တာပါ။

ဆရာလက်ညွှန်ဝယ်တဲ့ စပါးငါးကန်တွေက စပါး ငါးမမွေးဘဲ နှစ်ရှည်ပစ်ထားလို့ ချုံ၊ မြက်၊ ကြာ ညဏ်တောထနေတဲ့ ကန်ဟောင်းကန်ရိုင်းတွေပဲ တယ်။ ကန်သစ်၊ ကန်အယဉ်ဖြစ်အောင် ပြုပြင်ဖို့ လူအင်အားအများကြီး လိုပါတယ်။

ဆရာလက်ညွှန်အတွက် လူအင်အားသုံးဖို့ ဘာမှ အခဲ မရှိပါဘူး။ ကုန်တင်ကုန်ချမရှိရင် အင်အား လုံးတောင် ထုတ်နုတ်အသုံးပြုလို့ ရပါတယ်။

ချွေတာတာနဲ့ စေတနာမွဲတာ လက်ညွှန် သဘော က်တာလား၊ ကုန်မှာစိုးလို့ ရှုံးချင်ယောင်ဆောင်တာ တော့ မသိပါ။ ကန်စရှင်းတဲ့နေ့မှာပဲ လက်ညွှန်ဉာဉ် သိခွင့်ရပါတယ်။

မွေးရေရိန်းဂျားကား တစ်စီးတောင်း၊ လုပ်သားနှစ် ကားပေါ်တင်၊ လုပ်ငန်းသုံးကိရိယာ စုံလင်စွာနဲ့ ရှိရာကိုအသွား လမ်းခုလတ် ဆားမလောက်ရွာမှာ စောစော စားကြပါတယ်။ ဘာမှ မစားလာကြတဲ့ သမားတွေ ဟပ်လျှားထိုးနေပါပြီ။ ကိုးနာရီကျော်

လက်ဖက်ရည်သောက်မယ့်လူက မုန့်မပါစေနဲ့၊ ဆေး နဲ့၊ ကွမ်းမပါနဲ့။ မုန့်ဟင်းခါးစားမယ့်လူက တစ်ပွဲ အကြော်မပါစေနဲ့။ ငါးကန်ရောက်ရင် ထမင်းကျွေး

ပြောထွက်တဲ့ပါးစပ်။ အလုပ်ကြမ်းသမားတွေပါ။ သလောက်လုပ်၊ လုပ်နိုင်သလောက် စားနိုင်ကြသူ လက်ဖက်ရည်တစ်ခွက်၊ နံပြားတစ်ချပ်တောင် တဲ့သူတွေပါ။ မုန့်ဟင်းချို နှစ်ပန်းကန်၊ ထမင်း တစ်ချိုင့်နဲ့ စားလို့တောင် အာသာမပြေတဲ့ လူတွေပါ။ ကန် ရောက်ရင် ထမင်းကျွေးမှာဆိုပေမယ့် ချက်ရပြုတ်ရဦးမှာ ဖြစ်လို့ ဆယ့်နှစ်နာရီ၊ တစ်နာရီကျော်မှာပါ။ ရောက်ရင် အလုပ်တန်းလုပ်ရမှာဖြစ်လို့ ကိုယ်ချင်းစာသင့်ပါတယ်။ စေတနာမွဲတယ်ဆိုတာ အဲဒါပါပဲ။

အလုပ်သမားတွေ စားသောက်နေဆဲမှာပဲ ကျသင့် တဲ့ လက်ဖက်ရည်၊ မုန့်ဟင်းခါးဖိုးရှင်းပြီး ဝူးခနဲ ခေါင်း ထွက်သွားပါတယ်။ အပိုဆောင်း မုန့်စားမိသူ၊ မုန့်ဟင်း ခါး နှစ်ပွဲ,သုံးပွဲ စားမိသူ၊ အလုပ်သမားတွေ မျက်ဖြူဆိုက် ကုန်ပါပြီ။

'ဟော့..ဝမ်းအပြင် အိတ်မပါဘူး။ စားမှာစား'

ကျုပ် ကားဒရိုင်ဘာနဲ့ ညှိပြီး စားခိုင်းလိုက်တာပါ။ ဘာခဲယဉ်းတာ မှတ်လို့။ ဆိုင်ဘေးကပ်လျက် ပလတ် စတစ် ဂါလန်ပုံးလေး လမ်းဘေးထောင်ထားတာပဲဟာ ကားထဲက ဆီငါးဂါလန် ထုတ်ရောင်းပြီး ရှင်းလိုက်တာ လေ။ သူ့ရွှဲတော့ ကိုယ်စောင်းဖြစ်တဲ့ သဘောပါ။ ပိုကုန် မသွားဘူးလား။

◆◆◆

ကန်စောင့်တဲ ငါးလုံး အဖြစ်ဆောက်၊ ကန်လုပ်သား တစ်ယောက်စရိတ်ငြိမ်း တစ်သောင်းနဲ့ငှားပြီး လုပ်ငန်း စပါတယ်။ တစ်လ၊ နှစ်လ ဆန်၊ ဆီ၊ ဆား၊ မီးဖိုချောင် သုံး ရိက္ခာခြောက် ဝယ်ပို့တာမှာ မှန်းတာကတစ်သောင်း၊ လစာနဲ့ပေါင်းမှ လူတစ်ယောက် နှစ်သောင်းမှန်းတာ မှန်း ချက်နဲ့ နှမ်းထွက်မကိုက်ပါဘူး။ လူတစ်ယောက် တစ် သောင်းခွဲ၊ နှစ်သောင်းလောက် ထိသွားလို့ ပုတ်ပြတ်လစာ နှစ်သောင်းဆိုပြီး ပြင်လိုက်တာ ထွက်တဲ့လူကထွက်၊ ပြေး တဲ့လူကပြေး၊ ကန်လုပ်သား ငါးဦးပဲ ကျန်ပါတော့တယ်။ လက်ကျန်ငါးဦးအပေါ် သစ္စာရှိသူ လက်ရွေးစင်လို့ သုံး သပ်တယ်။ ဆယ်ယောက်စာ အားကိုးရမယ့် လူတွေလို့ ယုံကြည်တယ်။ ငါးကန်ဖော်ရင် ဘောနတ်၊ ဘောက်ဆူး ပေးမယ်လို့လည်း ကတိပေးတယ်။

ဘောနတ်တွေ၊ ဘောက်ဆူးတွေက နောက်နှစ်တစ် ပတ်လည်မှရမှာ။ လောလောဆယ် ပါးစပ်ပေါက်တွေက မဝရေစာ စားနေရတာ။ အဲဒီတော့ ငါးစာ လူစားတဲ့ စာတ် လမ်းက စပြီ၊ ကန်အဖွဲ့ခေါင်းဆောင်က စတာပါ။ ခေါင်း ဆောင်က လစာသုံးသောင်း မလောက်တော့ ငါးစာ ခို

www.burmeseclassic.com

ဒေါင်ထဲက ပဲဖတ်၊ နှမ်းဖတ်တွေ ခိုးရောင်းတယ်။ သွားရောင်းစရာ လိုက်ရောင်းစရာ မလို့ဘူး။ ညဘယ်အချိန်လာခဲ့ဆို အရောင်းအဝယ်ဖြစ်နေပြီ။

ကန်လုပ်သားတွေ သိတယ်။ ပါးကိုက်ရင်တော့ နားကိုက်မယ်ဆိုတဲ့သဘောနဲ့ သူတို့အတွက် နေ့စဉ် ထုတ်ပေးတဲ့ ပဲဖတ်၊ နှမ်းဖတ်တွေက ငါးကို သဘောလောက်လူမြင်အောင်ကျွေး၊ ကျန်တာ ညဘက်ခိုးရောင်း။ အဲလိုနဲ့ ခြောက်လအထိ အရပ်မထွက်၊ အလုံးမထွက် အလေးချိန် မစီးတော့ ကန်နီးချင်းတွေကို လိုက်လေ့လာတယ်။ လေ့လာမိသလောက် အဖြေထုတ်ပြီး ဆုံးဖြတ်ချက်ချတယ်။

◆◆◆

ဖွဲနု၊ ဆန်ကွဲ၊ နှမ်းဖတ် ရောသမမွှေပြီး ကျိုကျွေးရင် အသားတိုးမြန်တယ်။ အကောင်ထွားတယ်။ အလေးချိန်စီးတယ်ဆိုလို့ အားချင်း စီစဉ်ကြ။ မိုးပြဒယ် နှစ်လုံးဝယ်၊ လောင်စာအတွက်က မအူပင်ဖွဲနု ဝယ်နေကျ ဆန်စက်က စပါးခွံဖွဲတွေ အလကားရလို့ အဆင်ပြေတယ်။ ဘိလပ်မြေအတွက် မပူရဘူး။ ရန်ကုန်က အစာပို့တဲ့ကားနဲ့ အကြံထည့်ပေးရုံပဲ။ ပြဿနာက အုတ်။

အုတ်အသစ်က တစ်လုံး ခြောက်ဆယ်၊ အဟောင်းက လေးဆယ်။ လိုတာက အုတ်ငွာစ်ထောင်၊ အဟောင်းဆိုရင် နှစ်သောင်းသက်သာမယ်။ ဒါပေမဲ့ ဆန်စက်တွေက စက်ခေါင်းတိုင်အုတ်က မီးပြင်းတိုက်ပြီးသားဖြစ်လို့ အကောင်းဆုံးဆိုပဲ။

စက်ခေါင်းတိုင်အုတ်အဟောင်း ရှာရေး တာဝန်ပေး



ခံရတာကတော့ ကျုပ်ဆိုတဲ့ မောင်ဘိုကြီးပေါ့ခင်ဗျ

သတင်းအရ မအူပင်အုတ်အဟောင်းရောင်းတဲ့

တွေရှာ၊ စက်ခေါင်းတိုင်အုတ်စစ်စစ် ရှာရေး စုံ

တစ်ချပ်ချင်း ဈေးနှုန်းမေးပေါ့။

‘ဒီအုတ်တွေလည်း အကြောမာပါတယ်’

‘ငါ့ဆရာက စက်ခေါင်းတိုင်အုတ်မှ စက်ခေါင်း

အုတ်တဲ့ကွာ’

‘ဒီအုတ်တွေ များများယူရင် သုံးဆယ့်ငါးနဲ့ပေး

‘စက်ခေါင်းတိုင်အုတ် မရနိုင်လို့လား’

‘ရနိုင်ပါတယ်၊ စောင့်ရမယ်’

‘မပြောတတ်သေးဘူး။ ရရင် အကြောင်းကြား

မယ်လေ။ ကန်လိပ်စာ ပေးခဲ့’

‘ဈေးကရော’

‘ပုံသေပြောလို့တော့ မရဘူး။ အရင်ကတော့

ဆယ်၊ လေးဆယ့်ငါး’

တစ်ဆိုင်မေး ဒီစကား၊ နောက်တစ်ဆိုင်ပြောင်း

နည်းလည်းကောင်း ဒါမှ ဒါဆိုတော့လည်း စောင့်ရ

မှာပေါ့။

တစ်ပတ်အကြာ ပထမမေးတဲ့ဆိုင်က လိပ်စာ

ထားတဲ့အတိုင်း ဆက်သား ရောက်လာတယ်။ စာပါ

တယ်။

‘ခရီးရှည်ထွက်ရန်ရှိ၊ အရောင်းပိတ်ထားမည်။

ခေါင်းတိုင်အုတ်ဖြစ်သည်။ တစ်ချပ် ငါးဆယ်။ ယ

လာယူမှ ရမည်’

အချိန်က ညခုနစ်နာရီ။ ကျုပ်- လက်ညှုန်ကို

ဖတ်ပြတော့ ဆက်သားကို မေးတယ်။

‘ဘယ်နေ့ ထွက်မယ်လို့ စာထဲမှာ မပါပါလား

‘မနက်လေးနာရီ ထွက်မှာ’

ကဲ..ဒါဆိုလည်း ပီအေကြီး စီစဉ်ဗျာဆိုလို့

လည်း ဌာနဆိုင်ရာ တီအီးကားကြီး ဒရိုင်ဘာကို

ညှိနိုင်းပြီး ကန်လုပ်သား ငါးယောက်ပါ ထည့်ပေး

တယ်။ အုတ်သယ်ကား ဘယ်ချိန်ရောက်လို့ ရော

မသိ၊ ကျုပ်လည်း အိပ်ပစ်တာမှ နှစ်နှစ်ခြိုက်ခြိုက်

‘ဆရာဘိုကြီး..ဗျို့ ဆရာဘိုကြီး’

‘ပီအေကြီး..လက်ညှုန် ခေါ်နေတယ်’

ကျုပ် အိပ်ရာက လူးလဲထပြီး အသံကြား



www.burmeseclassic.com

www.burmeseclassic.com

ကားရှိရာဘက် ပြေးတယ်။ ကျုပ်ဆရာ လက်ညွှန် ကားပေါ်တက်ပြီး အုတ်ချပ်တွေကို တစ်ချပ်ချင်း စစ်နေတယ်။ တစ်ခုခုတော့ တစ်ခုခုပဲ။ မျက်နှာက မှုန်ကုပ်ကုပ်။

ကားပေါ်တက်ပြီး အုတ်တွေ စစ်ကြည့်ပါဦးဆိုလို့ ကားပေါ် တက်ကြည့်တယ်။ အုတ်ပေါင်းတွေ၊ တခြားဘာမှ မမြင်ဘူး။

'စက်ခေါင်းတိုင်အုတ်တွေ အပေါင်းတွေပဲလေ'

'တစ်ချပ်ချင်း စစ်ကြည့်ပါ'

ကျုပ် စစ်ရင်း,စစ်ရင်း မျက်လုံးပြူးလာတယ်။ လက်ညွှန်ကို ဘာက စပြောရမှန်း မသိ။ ဒါကြောင့် အချိန်တော် ချက်ချင်းလာယူခိုင်းတာပဲဖြစ်မှာ။ အုတ်ဖုတ်ဖိုတစ်လုံးထဲက ထွက်လာတဲ့ အုတ်မဟုတ်တာတော့ သေချာတယ်။ အေသုံးလုံး၊ ဘီသုံးလုံး၊ အေဘီစီ၊ ဘီစီဒီအထနေ ဇက်အထိ အက္ခရာလုံးစုံပဲ။ တစ်ချပ်တစ်မျိုးအုတ်တစ်ထောင် အမျိုးအစားပေါင်း တစ်ထောင်တန်ဆော့'

'ဘယ်သုသာန်က အုတ်ဂူတွေ ဖျက်လာလဲ မသိဘူး'

ကျုပ်ထင်မြင်ယူဆချက်နဲ့ လက်ညွှန်သုံးသပ်ချက်တိုက်ဆိုင်တည်း။

'မသာပစ္စည်းဆောင်၊ ကျောင်းပစ္စည်းရှောင်တဲ့ ညွှန်ကြားရဲ့'

ကျုပ် လေအေးလေးနဲ့ ဖြေသိမ့်တယ်။ မှုန်ကုပ်နေတဲ့ မျက်နှာမပြင်ဘူး။ မကြာခင် ပေါက်ကွဲတော့မှာပါ။

'သုသာန်တွေဖျက်၊ ဈေးတွေဖွင့်၊ ဆေးရုံတွေဆောက်၊ ဟွန်ဒိုတွေဆောက်တဲ့ ခေတ်ကြီးမှာ သိပ်အယူမသီးပါနဲ့ လက်ညွှန်ရာ'

'ဒါဆိုလည်း ခင်ဗျားအိမ် သယ်ပြီး တိုက်ဆောက်ပေးလိုက်ပါလား'

ကျုပ် ခွန်းတုံ့ပြန်လို့ ဖြစ်မှာတဲ့လားဗျာ။

ပြီးတော့လည်း ပြီးတာပါပဲ။ လေးသောင်းခွဲကြီးဆိုတော့ ဘယ်အဆုံးခံမှာလဲ။ မုန့်ဟင်းခါးတောင် အကြော်ထည့်မစားတဲ့ လက်ညွှန်၊ လက်ဖက်ရည်ဆို မုန့်မစားခိုင်းတဲ့ လက်ညွှန်၊ မီးဖိုအတွက် သုံးလိုက်ပါတယ်။

♦ ♦ ♦

ငါးစာကျိုတဲ့ ဖွဲမီးဖို လူအင်အားနဲ့ ထိထိရောက်ရောက်လုပ်ရင် တစ်ရက်နဲ့ ပြီးရမယ့်ဟာ အခု သုံးရက်နဲ့ မပြီးဘူး။ သုံးရက်ကို ပန်းရန်ဆရာသုံးယောက် ပြောင်းသွားတယ်။ နေ့ခင်းကြောင်တောင် သရဲခြောက်လို့တဲ့။ တိုးလို့တန်းလန်းနဲ့ပဲ ဖြစ်အောင် လုပ်ရတယ် ဆိုပေမယ့် မသေသပ်ဘူး။ ကန်လုပ်သားတွေ ဆက်လုပ်ရတာကြောင့်ပါ။

သရဲက ပန်းရန်ဆရာတင် ခြောက်တာမဟုတ်ဘူး။ ကန်စောင့်တဲ့ ငါးလုံးက ကန်လုပ်သားတွေကိုပါ ခြောက်တာ။ အနံ့,အနံ့မှ နနွင်းနံ့။ မသာမှာသုံးတဲ့ အမွှေးတိုင်နံ့၊ ပေါင်ဒါနံ့၊ လူသေကောင်ပုပ်နံ့၊ အနံ့ပေါင်းစုံ။

အသံ၊ ထရံပုတ်သံ၊ ခေါင်းတလား၊ ခေါက်သံ၊ ရယ်သံ၊ ငိုသံညည်းသံ၊ ရေကန်စပ် လမ်းလျှောက်သံ၊ ငါးပွက်သံ၊ ကန်ထဲ လူပြုတ်ကျသံ အပြင်ထွက် လက်နှိပ်ဓာတ်မီးနဲ့ထိုးကြည့်၊ ဘာမှမရှိ။ ဖြစ်သင့်တာက သံဃာတွေ ငါးကန်ကိုပင့် ပရိတ်နာ အမျှဝေရမှာပါ။ ဘယ်လိုပညာရှိက အကြံပေးလိုက်တယ် မသိဘူး။ သူတို့ရှိတော့ ငါးသူခိုး မလာရဲဘူးပေါ့ခင်ဗျာ။ ကန်စောင့်လုပ်သားတွေ ထက်တောင် စိတ်ချရတယ်၊ လုံခြုံမှုရှိတယ်။ သူတို့ ပျော်အောင်ထား။ တစ်လတစ်ကြိမ် အမဲသားစိမ်းကျွေးဆိုလို့ ပြောတဲ့အတိုင်း လိုက်လုပ်တယ်။ အဲဒါ သရဲမွေးသလို ဖြစ်မနေဘူးလား။

အဲလိုနဲ့ပဲ နှစ်တစ်ပတ်လည်လို့ ကန်ဖော်တော့ ရှုံးလိုက်တာမှ ခွက်ခွက်လန်။ သံဃာတွေပင့်၊ ပရိတ်နာဆွမ်းကျွေး၊ ပတ်ဝန်းကျင်ကန်တွေလည်း ဖိတ်ပြီးကျွေးရမယ့် ကုန်ကျစရိတ်ကို နှမြောတွန့်တိုပြီး မလုပ်။ သရဲမွေးသလို လစဉ်ကျွေးတဲ့ အမဲသားစိမ်းဖိုးတော့ လက်မတွန့်တဲ့ ကျုပ်ဆရာ လက်ညွှန်။

ကန်စောင့်တွေကပဲ ငါးစာတွေအပြင် မွေးထားတဲ့ ငါးတွေပါ ခိုးရောင်းလို့လား၊ တစ်လတစ်ကြိမ် အမဲသားစိမ်းကျွေးတာ မရောင့်ရဲနိုင်ဘဲ ကန်ထဲက ငါးတွေပါ စားဖြစ်လို့လားတော့မသိ တစ်ကန် ငါးသုံးထောင်ဟာ တစ်ထောင်တောင် မပြည့်။ ရှစ်ဆယ်သား၊ တစ်ပိဿာ အချိန်စီးရမယ့် ငါးသုံးကောင် ချိန်လို့မှ တစ်ပိဿာမပြည့်။

ကျုပ်ဆရာ လက်ညွှန်မျက်နှာ ဆီးရွက်လောက်သေးသွားသလိုပါ။

ရှစ်ခွင်ကျော်(ဓာတ်ဗေဒသိ)

www.burmeseclassic.com



'မြင့်အောင်၊ သား'

'ဗျာ..အဖေ'

'ဟိုမှာ ဟိုကန်သင်းဘေးက ဝါးလုံးလေး သွားကောက်လိုက်စမ်းကွာ။ အိမ်က ဘဲခြံတံခါး ကန့်လန့်လုပ်ရင် အတော်ပဲ ထင်တယ်ကွ'

'အာ..ဟင်..အဖေ့ဝါးလုံးက အဖျားချွန်ကြီးနဲ့ မီးလောင်ထားတာကြီး၊ မကောင်းဘူး ထင်တယ်။ ဒီပြင်ဝါး လုပ်ပါလား အဖေရယ်'

'တောက်..ချီးမှပဲကွာ။ မင်းကလည်း အရေးထဲ ဈေးဆစ်နေသေးတယ်။ သွား..သွား.. သွားတော့။ မင်း မကောက်ရင်နေ၊ ငါ့ဘာသာငါ ကောက်လိုက်တော့မယ်။ ချီးပဲကွာ'

ကိုအုန်းမောင်နှင့် သား မောင်မြင့်အောင်တို့ ဂျူတောအင်းကြီးထဲတွင် ကွန်လှေနှင့် ကွန်ပစ်သော အလုပ်ကို လုပ်ကြခြင်း ဖြစ်လေသည်။

မိမိ လှေပိုင်၊ ကွန်များအပိုင်နှင့် အင်းအတွက် တစ်နှစ်စာ အင်းခွန်ဆောင်၍ နေ့စဉ် နံနက်မှညနေ မိုးချုပ်ထိ ပစ်ကြရာ ကိုအုန်းမောင်ကဲ့သို့ ကွန်ပစ်သမား စုစုပေါ င်း လှေစင်းရေ(၂၇)စင်း ရှိလေသည်။

ယနေ့နံနက်စောစောကတည်းက တစ်နေ့လုံး အင်း ထဲတွင် ကွန်ပစ်ရပြီး ညနေ နေဝင်မိုးချုပ်ခါနီးမှ နှစ်မိုင် ခန့် ဝေးသော ၎င်းတို့နေထိုင်ရာ အထက်စုရွာသို့ လ လျှောက်ပြန်နေကျ။ လယ်ကန်သင်း(လယ်ကွင်းကိုဖြတ် ပြန်ကြရခြင်း ဖြစ်လေသည်။ အင်းမှအပြန် တစ်မိုင် နတ္တာမင်းကုန်းရွာထိပ်ကို ဖြတ်ရမည်။ ထို့နေ အထ



www.burmeseclassic.com

www.burmeseclassic.com



စုရှာနှင့် သုံးဖာလုံခန့်အကွာ လယ်ကွင်းကြီး၏အလယ် ကိုအုန်းမောင်တို့သားအဖ သွားနေကျ တာလယ်ကန်သင်း ရိုး မလှမ်းမကမ်းတွင် သပြေပင်ကျောင်းဟု အမည်တွင် သော အနီးနား လေး,ငါးရွာမှ ကိုးကွယ်သော ပတ်ဝန်း ကျင် လယ်မြေသားထက် လေးပေခန့် မြေသားမြင့်နေ သော လေးထောင့်စပ်ဈပ် (၄)ဧကခန့်လည်း ကျယ်ဝန်း သော သရက်ပင်၊ မန်ကျည်းပင်၊ မရမ်းပင်၊ မအူပင်နှင့် ငှက်ပျော၊ ကွမ်းသီးပင်များ၊ ပိတောက်ပင်များ ဝေဝေဆာ ဆာနှင့် ရှိလေသည်။ ဟသ်ာတခရိုင် လေးမျက်နှာမြို့ အနောက်မြောက်တွင် နာမည်ကြီးသော မဟာဒွါရနိကာယ ဂိုဏ်းဝင် ကျောင်းတစ်ကျောင်းလည်း ဖြစ်လေသည်။

ထိုကျောင်းဝင်းတွင် လှူကြီးလက်တစ်ဖက်မျှ ကြီးမား သော တိုင်တစ်ရာ နှစ်ထပ်ကျောင်းကြီး ရှေးခေတ်မှု အရ တိုင်အလယ်ကိုဖောက်၍ ရက်မ်လျှို ဆောက် ထားသည်။ သစ်သားသိမ်ကျောင်း တစ်ကျောင်း၊ ဆွမ်းစားကျောင်း တစ်ကျောင်းနှင့် ကျောင်းသား (၁၀၀)ခန့်ဆံ့သော အစိုးရမူလတန်း တစ်ကျောင်း လည်း ရှိလေသည်။

သိမ်ကျောင်းခေါင်းရင်း အရှေ့ဘက်၌ ဖောင်းရစ်မှ ပြုတ်ကျနေသော စေတီငုတ်တိုတစ်ဆူ အတောင်နှစ်ဆယ် ခန့် ရှိလေသည်။

ကိုအုန်းမောင်တို့သားအဖ အင်းထဲမှ ငါးရှာပြီး အိမ် အပြန် အဆိုပါကျောင်း၏ မြောက်ဘက်ခြမ်း လယ်တစ် ကွက်အကျော် ခြံပြင်တစ်နေရာ လမ်းအနီး တွေ့ရသော အဖျားချွန်၍ မီးအနည်းငယ်ကျွမ်းနေသော အသစ်လည်း ဖြစ်သော ထိုမြင်ဝါးအမျိုးအစား ခြောက်ပေခန့်ရှိ ဝါးလုံး အား အိမ်အောက် ဘဲခြံအတွက် အသုံးပြုရန် ကွန်နှင့်ငါး တောင်းကို ထမ်းလာသော သားဖြစ်သူ မောင်မြင့်အောင် ကို အကောက်ခိုင်းရာ အထမ်းတစ်ဖက်နှင့် ခေါက်

www.burmeseclassic.com

ချင်သော မြင့်အောင်က ဖိုလိုလို ဒီလိုလို ပြောနေသဖြင့် ကိုအုန်းမောင် သူ့ကိုယ်တိုင် ကောက်ယူပြီး လေ့လော့် တက် နှစ်ချောင်းနှင့်အတူ ရော၍ထမ်းလာခဲ့လေတော့သည်။

အိမ်ရောက်သောအခါမှ အိမ်အောက်တွင်ရှိသော ဘဲခြံ အနီး အိမ်ခြေရင်း၌ ထိုဝါးလုံးကို အိမ်ကိုမှီ၍ ထောင်ထားပြီး ရေချိုးကြ၏။ ပြီး ထမင်းစားကြ၏။ ထမင်းစားပြီး ရေနွေးကြမ်းသောက်ရင်း တစ်နေ့လုံး ပင်ပန်းသောဒဏ်ကြောင့် အိပ်ငိုက်လာပြီး ကိုအုန်းမောင်က အိမ်ရှေ့ခန်းတွင်ပင် ခေါင်းအုံးချ၍ အိပ်လိုက်လေတော့သည်။ မနက်ဖြန် ကျောင်းကထိန်ကို ရွာလယ်တွင် လှူဒါန်းထားကြသော ဘုံပဒေသာပင်အား ပို့ကြရမည်ဖြစ်သောကြောင့် ဒိုးပတ်အဖွဲ့၏ အတီး၊ အဆို၊ အက လေ့ကျင့်နေသော အသံသည်ပင် တဖြည်းဖြည်း ဝေး၍ဝေး၍ အကြားအာရုံမှ ပျောက်ကွယ်သွားလေတော့သည်။

◆◆◆

'ဝုန်း‥ဖြန်း‥ဖြန်း‥ဖြန်း'

ကိုအုန်းမောင် မောမောပန်းပန်းနှင့် မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ စူးရှပြင်းထန်သော အသံနှင့် ကိုအုန်းမောင်၏ သုံးပင်သစ်သားအိမ်ကလေးပင်လျှင် လွင့်ပါသွားသကဲ့သို့ ခံစားလိုက်ရသော အဆိုပါ အိမ်အောက်ဘက်က အသံကြောင့် ကိုအုန်းမောင် ဖျတ်ခနဲ လန့်နိုးသွားလေတော့၏။

'ဟ‥ဟ‥ဘာလဲ မြင့်အောင်၊ ဟေ့ကောင်‥သား မြင့်အောင်‥ဟေ့ကောင်'

'အ‥အင်…ဗျာ‥အဖေ'

'မင်း မကြားလိုက်ဘူးလား။ အိမ်ခြေရင်းဘက်က ဘာသံလဲ။ လာစမ်း၊ လက်နှိပ်ဓာတ်မီး မြန်မြန်ယူခဲ့စမ်း။ ဘဲတွေ လန့်နေတယ်။ ဘဲလာခိုးတာလား မသိဘူး။ လာလေကွာ မြန်မြန်၊ ဓာတ်မီး ပေးစမ်း'

ကိုအုန်းမောင်အိမ်ကား အရပ်ဓလေ့အရ အိမ်ဖိနပ်ချွတ် တက်ဝ ဆင်းဝ တံခါးမရှိ၊ ဖွင့်စရာမလို။ လွှားခနဲ အိမ်ပေါ်မှဆင်း၍ ဓာတ်ခဲသုံးလုံးထိုး လက်နှိပ်ဓာတ်မီးကို မြင့်အောင်ဆီမှ ယူခဲ့၍ အိမ်ရှေ့မှ ခြေရင်းဘက်သို့ ဓာတ်မီးထိုးကြည့်ရာ ဘာမှမတွေ့ရပေ။

ထို့နောက် ခြေရင်းဘက်မှ ဘဲခြံထဲသို့ ဓာတ်မီးဖြင့် ထိုးကြည့်သည်။ ဘဲထီး နှစ်ကောင်နှင့် ဘဲမ ဆယ့်သုံးကောင် ပေါင်း(၁၅)ကောင်ရှိရာ လုံးဝမပျောက်။ သို့သော် ဘဲများ လန့်နေသောသဘောရှိ၏။ ထောင့်တစ်နေရာတွင် စုပြုံ၍တိုးလျက် အော်နေကြလေသည်။ ရွာလယ်က ပဒေသာပင်စောင့်သော ဒိုးဝိုင်းသမားများကိုပင် စိတ်က မြင်မှားမိလိုက်လေသည်။ ညလယ် ထမင်းချက်စားရန် ဘဲများ လာခိုးလေသလားဟုပင် အထင်ရောက်သေး၏။ ဥစ္စာပျောက် ရဲရောက်ဆိုတာ ဒါကြောင့် ပြောတာကိုးဟု သတိပြုမိ၏။ အခုဟာက ပျောက်သေးတာလည်းမဟုတ် အကုသိုလ်က ဝင်ချင်နေပေပြီဟု စဉ်းစားလျက် ကိုအုန်းမောင် တစ်ချက် မဲ့ပြုံးပြုံးမိ၏။

မည်သည့်ထူးခြားချက်မှ ထပ်မတွေ့ရသောကြောင့် အောက်သို့ လဲကျနေသော ညနေက ဘဲခြံတံခါးသုံးရန် ကောက်လာခဲ့သော မြင်ဝါးလုံးအား ဘဲခြံသား အိမ်အောက်သို့ ပစ်ထည့်လိုက်ပြီး ခြေ၊လက်ဆေးကာ အိမ်ရာ ပြန်ဝင်အိပ်လိုက်လေကြတော့သည်။ ခေါင်းရင်း ဘုရားကျောင်းပေါ်တွင် တင်ထားသော စားပွဲတင်သံပတ်ပေး နှိုးစက်နာရီအား ဓာတ်မီးလှမ်းထိုးကြည့်လိုက်သောအခါ (၁း၃၀)နာရီသာ ရှိသေးသည်။ နံနက်(၅)နာရီမှ ထရမည် ဖြစ်သောကြောင့် အိပ်ဦးမှဖြစ်မည်ဟုတွေးလျက် သားအဖ နှစ်ယောက်လုံး အိပ်ရာသို့ဝင်လျက် ပြန်၍အိပ်လိုက်ကြလေတော့သည်။

ကိုအုန်းမောင်တို့တွင် သားအဖသုံးယောက်သာရှိပြီး သူ့အမျိုးသမီးကား အငယ်ဆုံး မောင်မြင့်ဆွေ မွေးပြီး မီးမထွက်မီ စိတ်ဖောက်ပြန်၍လော၊ အခြားပယောဂကြောင့်လောမသိ အိမ်ရှေ့တွင်ပင်ရှိသော ချောင်း(မိုးတွင်းဆိုလျှင် လွန်စွာရေစီးသန်လှသော တောင်ရိုးမှလာသော တောင်ကျချောင်း)အတွင်းသို့ ညဥ့်နက်သန်းခေါင် မည်သူမျှ မသိလိုက်ဘဲ ရေနစ်သေဆုံးသွားကတည်းက ကိုအုန်းမောင် နောက်အိမ်ထောင်မပြုဘဲ နေခဲ့သည်မှာ သည်နေ့ မောင်မြင့်ဆွေပင် ဆယ်နှစ်သားကျော်ပေပြီ။ (ဤကား စကားချပ်)

'ဂတ်‥ဂတ်‥ဂတ်‥ ဖလပ်‥ဖလပ်‥ဖြန်း‥ဖြန်း'

'ဖြန်း‥ဖြန်း‥ဖြန်း‥ ဖတ်‥ဖြန်း'

ဒီတစ်ခါတော့ ကိုအုန်းမောင် အပေါ့သွားရန် ထ တွင် ရှင်းရှင်းလင်းလင်း ပီပီသသကြားရသော အသံ



www.burmeseclassic.com

www.burmeseclassic.com

ဘဲခြံထဲမှပင်ဖြစ်သည်။ ဒီတစ်ခါ တစ်ယောက် ဘဲဝင်ဖမ်းသော သေချာပြီ။ ဘဲကို ဖမ်းသဖြင့် ရုန်းသံ၊ အော်သံ၊ တောင်ပံရိုက်သံ၊ ခြေရင်းထရံအားလည်း လက်ဝါးဖြင့် ရိုက်သံကဲ့သို့အသံ။ ဒီတစ်ခါ သူခိုးလာခိုးသည်မှာ သေချာလောက်ပြီ။

ကိုအုန်းမောင်က ဓာတ်မီးတစ်ဖက် ဝါးရင်းတုတ်တစ်ချောင်းကိုင်၍ အိမ်ရှေ့ဖိနပ်ချွတ်မှ ခုန်ချလိုက်ပြီး ဘယ်ဘက်လက်က ဓာတ်မီးထိုး ညာဘက်လက်က ဝါးရင်းတုတ်အား အသင့်အနေအထားရွယ်၍ အိမ်ခြေရင်းဘက်အား ထိုးရှာ၏။ ဘာဆိုဘာမှ အရိပ်အယောင်မတွေ့။

သို့သော် ဘဲခြံအတွင်းမှ ဖလပ်··ဖလပ် အသံကား ကြားနေသေးသဖြင့် တံခါးမဖွင့်သော ဘဲခြံအတွင်းသို့ ဓာတ်မီးထိုး၍ ကြည့်လိုက်သောအခါ–

'ဟာ··အာ··ဘဲနှစ်ကောင် သေနေပါလား။ ဟာ··ဘာလဲဟ'

မရှေးမနှောင်း အိမ်ပေါ်မှ ဆင်းလိုက်လာသော သားငယ်အောင်က ဘဲသေနှစ်ကောင်အား ဝင်ကောက်ပြီး ဘဲခြံအတွင်းမှ ပြန်ထွက်လာရာ–

'ဟင်··အို··အို··ဘဲတွေ လည်ကျိုးသေနေပါလား။ ဆန်းပဲဟ'

'အဲဒါ ဘယ်လိုဖြစ်တာလဲ အဖေ'

'အေး··ငါလည်း မစဉ်းစားတတ်တော့ဘူး ဟေ့ကောင်ရေ။ ဘယ်နှစ်နာရီရှိပြီလဲ၊ နာရီသွားကြည့်လိုက်စမ်း'

'(၄)နာရီထိုးခါနီးပြီ အဖေ။ ဆယ်မိနစ်ပဲ လိုတော့တယ်'

'ကဲ··သား ဘဲနှစ်ကောင်ကို ကိုင်လိုက်တော့။ ချက်ပြီး ဘုန်းကြီးကျောင်း ပို့ရအောင်။ မနက် ကထိန် ဆွမ်းကပ်ဖို့ရမှာနဲ့တော့ အတော်ပဲပေါ့ကွာ။ ကဲ'

♦♦♦

'ဩော်··ဒကာကြီးဟာက တစ္ဆေခြောက်တာတော့ ဟုတ်လောက်ပါဘူးနော်။ အရင်တုန်းက အဲဒီလို ဖြစ်ဖူးသလား ကိုအုန်းမောင်'

'တပည့်တော် အထက်စုရွာ ဒီအိမ်ခြံမြေမှာ နေလာတာ အိမ်ထောင်ကျကတည်းက ဆိုပါတော့။ သားအကြီးကောင်တောင်မှ အသက်(၂၆)နှစ် ဖြစ်နေပြီဘုရား။ တစ်ခါမှ ဒါမျိုး မကြုံဖူး၊ မတွေ့ဖူးပါဘူးဘုရား'

'အင်း··ဒါဆို ဒကာကြီးကိစ္စက အတော်ထူးဆန်းနေတော့ စဉ်းစားစရာတော့ ဖြစ်နေပြီ။ ဒီရက်ထဲမယ် အိမ်ကို တခြားကနေပြီး ပစ္စည်းအသစ်တစ်ခုခုများ အိမ်ကို ဝင်လာတာမျိုး၊ ယူလာတာမျိုး ဘာများရှိလဲ။ အဲဒါ နည်းနည်းစဉ်းစားကြည့်စမ်းပါဦး'

ကိုအုန်းမောင် အတန်ငယ် စဉ်းစားပြီးနောက်–

'မှန်ပါ၊ ဒီနှစ်အခါကျော်ပြီးကတည်းက ဘာပစ္စည်းမှ အသစ်ရော အဟောင်းရော မဝင်ပါဘူးဘုရား။ အဲ··နီးနီးနားနား အသစ်ဝင်တာဆိုလို့ မနေ့က မိုးချုပ်ခါနီး အလုပ်ကအပြန် ဆရာတော့်ကျောင်းခြံပြင် လမ်းဘေးက ကောက်သွားတဲ့ ဝါးလုံးသစ် မြင်ဝါး(၆)ပေခန့်ကလေး တစ်လုံးပဲ အသစ်ဆိုလို့ ဝင်တာ။ အဲဒါပဲ ပြောစရာရှိတာပဲဘုရား'

'ဘာ··ကျောင်းခြံပြင်က ခြောက်ပေခန့် ဝါးလုံးအသစ်ကလေးတစ်လုံး ဟုတ်လား။ ဒကာအုန်းမောင်က ဘယ်တုန်းက ကောက်သွားတယ်။ ပြောစမ်းပါဦး'

'မနေ့ညနေ မိုးချုပ် အလုပ်က အပြန်မှာပါဘုရား'

ဆရာတော်ဦးဥက္ကဋ္ဌရကား အတန်ငယ်စဉ်းစား၍ မျက်ခုံးနှစ်ဖက် ရုတ်တရက် မြင့်တက်သွားပြီး–

'အာ··ဒါဆို အဲဒီဝါးလုံးအဖျားမှာ မီးလောင်ကျွမ်းထားတာရော တွေ့သလား'

'မှန်ပါ၊ တွေ့ပါတယ်။ ပါပါတယ်ဘုရား'

'အဲဒီမီးလောင်တဲ့ အဖျားဘက်က နည်းနည်းချွန်ထားပုံရော ရှိသလား'

'မှန်ပါ၊ အချွန်ကို နည်းနည်းမီးလောင်ထားတာပါဘုရား'

'ဟာ··ဒါဆိုရင်တော့ ဒုက္ခပဲ ဒကာကြီးရေ'

ဒီတစ်ခါ မျက်လုံးပြူး၍ မျက်ခုံးနှစ်ဖက် မြင့်တက်သွားသူက ကိုအုန်းမောင်။

'ဘာ··ဘာ··ဘာဖြစ်လို့ပါလဲဘုရား၊ အဲဒီဝါးလုံးက'

'အင်း··ဖြစ်ပုံက ဆန်းတယ်ပြောလည်း ရတယ်၊ မဆန်းဘူးပြောလည်းရတယ် ဒကာကြီးရေ။ ဒကာကြီးတို့ သားအဖဖြစ်ပုံနဲ့တော့ ခပ်ဆင်ဆင်ပါပဲ ဒကာကြီးရေ'

'အမိန့်ရှိပါ အရှင်ဘုရား။ အရှင်ဘုရား အမိန့်ရှိ အရတော့ အတော်ကိုပဲ ထူးထူးဆန်းဆန်း ဖြစ်ပုံရတယ်။



www.burmeseclassic.com

www.burmeseclassic.com

အမိန့်ရှိပါဦးဘုရား'

'ကျောင်းသားတွေကြောင့်လို့လည်း အစက ထင်သေးတာ။ ဒါပေမဲ့လို့ တစ်ကြိမ်က နှစ်ကြိမ်ဆိုတော့ မဟုတ်တော့ဘူးဆိုပြီး အဲဒီဝါးလုံးထားတဲ့ စတိုခန်းကနေ ယူလာခိုင်းပြီး အဲဒါ ညတွင်းချင်းပဲ အဲဒီကျောင်းခြံအပြင်ကို ဗိုးခနဲနေအောင် လွှင့်ပစ်လိုက်ရတော့တာပဲ ဒကာ အုန်းမောင်ရေ'

'အရှင်ဘုရား··ဒါဆို အရှင်ဘုရားလည်း ဒီဝါးလုံးအကြောင်း သိတယ်လားဘုရား'

'အစကတော့ မသိပါဘူးဗျာ၊ အဲ··နောက်မှပဲ သိရတာ။ သိသိချင်းပဲ အဲဒါ တစ်ခါတည်း လွှင့်ပစ်လိုက်တာပဲဗျို့။ အဲဒီလို··အဲဒီလို'

'မှန်ပါ၊ ဒါဆို အစအဆုံး ဟပည့်တော်ကို အမိန့်ရှိပါဦးဘုရား။ အတော်စိတ်ဝင်စားစရာပဲ'

ထို့နောက်တွင်တော့ လွန်ခဲ့သောနှစ်ရက်က ကြုံတွေ့ရသော အဖြစ်အပျက်တစ်ခုအား ဆရာတော်က ရေနွေးခွက်အား အနည်းငယ် သောက်ပြီးနောက် အစမှသည် အဆုံး ပြောပြလိုက်လေတော့သည်။

◆ ◆ ◆

ကထိန့်ပွဲရာသီဖြစ်သော တန်ဆောင်မုန်းလဆန်းတွင် ဟိုရွာဒီရွာ ဟိုကျောင်းဒီကျောင်းမှ သံဃာများအား ပင့်သောကြောင့် မအားရအောင် မကြာခဏ ကြွရလေသည်။

ကထိန်ပင့်၍ကြွရလျှင် အပြန်တွင်ကား ကျောင်းသားနှစ်ယောက် ငှက်ပျောသီး၊ အုန်းသီး၊ ငါးရံ့ခြောက်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ သကၤန်းဒွိစုံ စသော အလှူထည်



ပစ္စည်းတို့အား ထမ်းပိုး၍ ပြန်ရမြဲ ဖြစ်လေသည်။

ယခုလည်း တစ်ရက်ကြိုက်စ၍ ခြောက်ရွာ(မြို့)မြို့ကွင်းဘုတာနှင့် မဝေးကွာလှသော ထန်းတောကျောင်းကထိန်အား ကြွရောက်ပါရန် ပင့်စာအရ သမြောင်ကျောင်း ဆရာတော် ဦးဥာဏုတ္တရနှင့် ကျောင်းသားနှစ်ယောက် ထိုစဉ်က စာရေးသူနှင့် သူငယ်ချင်း မောင်မောင်တို့ အတူလိုက်ပါရလေသည်။

ညနေစောင်းမှ ရေစက်ချလျက် အလှူပြီးသောကြောင့် ဆရာတော်နှင့် ကျောင်းသားနှစ်ယောက် (၁၅) မိုင်မကဝေးသော ရွာစဉ် တစ်ရွာဝင် တစ်ရွာထွက် ထန်းအတိုင်းနှင့် လယ်ကွင်းများအား ဖြတ်လမ်းများအရ ဖြတ်သန်း၍ နားလိုက် သွားလိုက်နှင့် ခရီးစဉ်များကား ငါးမြစ် ရေကာတာမှသည် ကြံပိုရွာ၊ ညာကံရွာ၊ ထောက်ကြံကွင်းရွာ၊ မြောက်ချောကုန်းရွာ စသည်ဖြင့် တချို့ရွာလယ်မှ ရွာစဉ်ရွာတန်းရှည်အတိုင်း အရိပ်ခိုသွားရသော်လည်း တစ်ခါတစ်ရံ လယ်ကွင်းအလယ် လယ်ကန်သင်းများကိုပါ ကျော်၍ သွားရလေသည်။

ထိုအချိန်က မဟာဒွါရနိကာယဂိုဏ်းဝင်ဖြစ်သော သံဃာတော်များ နွားလှည်း မစီးကြရပေ။ ဆိုက်ကားလည်း လည်းမဟုတ်။ ဤသို့ပင် ခြေကျင်ကြွကြလေ့ရှိကြသေးသည်။

ထိုသို့ ရွာစဉ်များ ကွင်းများ၊ လယ်ကန်သင်းကွင်းများနှင့် ရံခါ လှည်းလမ်းများ လမ်းအလှည့်သင့်သလို ဖြတ်သန်းလျက် ပြန်လာကြလေရာ အလယ်ရိုးရွာထိပ်၏ အဖြတ်တွင်တော့ မိုးစုံးစုံးချုပ်လေတော့သည်။

ရှေ့မှကြွနေသော ခရီးသွားလွန်စွာမြန်လှသော ဆရာတော်အား ကြောက်၍သာ မပြောဝံ့သော်လည်း နှစ်ယောက်သား ဝါးလုံးဖြင့် လျှိုထမ်းလာသော ဝန်စည်များကား ပို၍ပို၍ လေးလာသည်ဟုပင် ထင်မိကြလေသည်။ ခေတ္တနားလိုလှသော်လည်း ရှေ့ကကြွနေသော ဆရာတော်၏ ခြေလှမ်းကိုမီအောင် အားတင်းလျက် ချွေးဒီးဒီးကျလှမ်းရ၊ ထမ်းရလေတော့သည်။

'ဗြောင်း··ကျွတ်'

'ဟာ··ဟ၊ ဝါးလုံးကျိုးပြီဟေ့'

'ဟေ့··ညွှန့်သောင်းတို့၊ မောင်မောင်တို့ ဘာဖြစ်သလဲဟေ့'



www.burmeseclassic.com

www.burmeseclassic.com

'ထမ်းတဲ့ဝါးလုံး ကျိုးသွားလို့ပါဘုရား'

'ဟေ..ဟုတ်လား၊ အေး..ကဲ..ဒီအနီးအနားမှာ လျှိုထမ်းလို့ရမယ့် ဝါးလုံးလေးဘာလေး လိုက်ရှာစမ်းဟ။ ရောက်ခါနီးမှကွာ။ ကဲ..ရှာ..ရှာ၊ ရှာမရရင် မင်းတို့ နှစ်ယောက် ခြင်းတောင်းတစ်ဖက်စီဆွဲရရင် အဲဒါ ပိုလေး ကွနော်။ ကျိုးသွားတဲ့အပိုင်းက မမီတော့ဘူးလား'

'မှန်ပါ၊ မထမ်းသာတော့ပါဘူးဘုရား။ တိုသွားပါ ပြီ'

'ဟာ..ညွန့်သောင်းရေ၊ ဟောဒီမယ် ဝါးလုံးတစ် လုံး တွေ့ပြီဟေ့။ အတော်ပဲဟ၊ အောင်မယ်..ဝါးလုံးက အသစ်ဟ။ ခိုင်လည်း ခိုင်မယ့်ပုံပဲ'

'ဟုတ်လား၊ အေး..မင်းတို့ ကံကောင်းတယ်။ လျှို ထမ်းကွာ။ မြန်မြန်လုပ် ထပ်ကျိုးသွားဦးမယ်။ ရောက် တော့မှာဟေ့။ မြန်မြန်လာကြ'

လပြည့်ခါနီးညများဖြစ်သောကြောင့် မြေမှုန်းကင်း နေတော့ မြင်သာသေး၏။ ပိန်းပိတ်အောင်မမှောင်၊ လမ်း ကောင်းစွာမြင်ရသောကြောင့် လျှောက်၍အဆင်ပြေသည်။ လေတိုက်လည်းမတိုက်၊ လမ်းလည်း ဖုံသည်။ ချွေးတောက် တောင်းရွာနှင့် အလယ်ကုန်းရွာကျော်လျှင် တစ်ကွင်း သုံး ထယ်လုံခန့်ဖြတ်၍ ကျောင်းသို့ ရောက်ပေတော့မည်။

'ဟေ့ကောင် ညွန့်သောင်း'

'ဘာလဲဟ၊ မောရတဲ့အထဲ မင်းက'

'မင်းနောက်ဘက်က ဝါးအရင်းပိုင်းဘက်လား'

'အေး..ထင်တယ်၊ အာ..ဟုတ်တယ်။ ဘာဖြစ်လို့ လဲ'

'ငါ့ဘက်က အဖျားကွ။ ပြီးတော့ ဟို..ဟို'

'အင်း..ဘာဖြစ်လို့လဲ'

'အဖျားချွန်ထားတယ်။ မီးလှောင်ထားတယ်ကွ။ ပူ နေတယ်ဟ'

'ဘာ..ပူနေသေးတယ်၊ ဟုတ်လား'

'အေး..ဟုတ်တယ်။ ပူနေတုန်းကွ'

'ဟာ..တစ်နေ့လုံး နေပူထဲနေနေလို့ ပူတာဖြစ်မှာ ပေါ့ကွ'

'အာ..ဒါဆို အကုန်ပူရမှာပေါ့ကွ။ ဒီအဖျားနားတင် ပူတာဝါဆို မင်းဘက် နည်းနည်းရှည်သေးရင် နည်းနည်း ငါ့ဘက် တိုးပေးကွာ။ ဖြစ်လား'

'အေး..ဒါဆို ခဏချလေကွာ'

'အေး..အေး.. ဟုတ်ပြီ။ ဒါလောက်ဆို ရပြီ။ တောက်ကွာ၊ ရောက်ခါနီးမှပဲ ပိုလေးလာသလား မှတ်ရ တယ်'

လေးမည်ဆိုလျှင်လည်း လေးလောက်ပါပေသည်။ နာနတ်သီးက (၂)လုံး၊ ငှက်ပျောသီးဖီးကြမ်းမှည့်က (၄) ဖီး၊ အုန်းသီးအခွံချွတ်ပြီးသားက (၂)လုံး၊ စက္ကူကတ်ထူ ဘူးနှင့် သကာန်းဒွိစုံက (၃)ဘူး၊ ငါးရံ့ခြောက်ပြားက (၄)ပြား၊ မြေပဲဆန်က (၂)ပြည်၊ ကုလားပဲခြမ်းက (၁) ပြည်၊ သွားလေရာ ယူဆောင်ရမြဲဖြစ်သော ဆရာတော်၏ ကြေးကွမ်းအစ်ကြီး၊ ဘုန်းတော်ကြီးစီး ဖိနပ်(၂)ရန်၊ တိုလီ မိုလီနှင့် သင်္ကန်းဟောင်းသစ်များ ထည့်ထားသော ဆရာ တော်၏ လက်ဆွဲအိတ်၊ ဒါယကာများ သီးသန့်လှူလိုက် သော အလှူငါးခြောက်ထောင်းများ၊ ငါးပိကြော်များ၊ ပုလင်းများနှင့် အားလုံးစုစုပေါင်းပိဿာချိန်(၃၀)ကျော် ခန့်အား သေချာစွာ ခိုင်ခိုင်မာမာ ရက်လုပ်ထားသော ကြိမ်ကိုင်းတပ်ထားသည့် တောင်းကြီးတွင်ထည့်၍ ဝါးလုံး ဟောင်း တစ်လုံးဖြင့် ထမ်းလာရာ အလယ်ရွာထိပ်တွင် ကျိုးသွားသောကြောင့် ထိုအနီးတစ်ဝိုက်တွင် ရှာဖွေတွေ့ ရှိသော ခြောက်ပေခန့် ဝါးလုံးသစ်အား လရောင်အောက် တွင် အထင်းသား တွေ့သောကြောင့် ထပ်မံ၍ လျှိုထမ်း လာကြခြင်းပင် ဖြစ်လေသည်။

ဝါးက မြင်ဝါးအသစ် အဖျားဘက်မှ ချွန်ထားသလို မီးလောင်ကျွမ်းထားသဖြင့် အချွန်အဖျား ကျိုးနေသည်။

◆◆◆

ကျောင်းသို့ ရောက်သောအခါ ပစ္စည်းများ သူ့နေရာ နှင့်သူ သိမ်းဆည်းပြီး ရေမိုးချိုး၍ ဟင်းပေါင်းနှင့်ပင် ဆာနေသော ညစာအား စားကြ၏။ ဘုရားပင်ဝတ်မတက် နိုင်တော့ဘဲ တုံးထိုးထားသကဲ့သို့ အိပ်ပျော်သွားလေတော့ သည်။

'ဝုန်း..ဖျောက်..ဖျောက်.. ချွတ်..ချွတ်..ရှပ်'

ဆရာတော်ကား အထက်ပါ ဆူညံသောအသံများ ကြောင့် နိုးလျက် လက်နှိပ်ဓာတ်မီး(ဓာတ်ခဲသုံးလုံးထိုး) နှင့် အခန်းအပြင်သို့ထွက်၍ ပတ်ဝန်းကျင်အား မီးထိုး ကြည့်၏။ အသီးအနှံများ သိမ်းထားသော စတိုခန်းအား လည်း ဖွင့်ကြည့်၏။ ဘာမှမတွေ့၊ ပကတိငြိမ်သက်လျက်

www.burmeseclassic.com

ဆိတ်လျက်။ အနေအထားကလည်းမပျက်။

သို့နှင့် ဆရာတော် အပေါ့သွားပြီး ၄င်းအခန်းသို့ဝင်၍ ကျိန်းပြန်လေတော့သည်။

'ရှပ်··ရှပ်··ရှပ်·· ဒုန်း··ဒုန်း··ဒုန်း·· ရှပ်··ရှပ်'

ဆရာတော် ပြန်၍အိပ်မပျော်မီ ကျောင်းသားလေး, ငါးယောက် ပြေးတက်လာသလိုလို၊ လမ်းလျှောက်နေကြသလိုလို ထင်ထင်ရှားရှား ပီပီသသ ကြားနေရသဖြင့် ၄င်းအခန်းမှထွက်၍ ကြည့်ရပြန်လေသည်။ ထို့နောက်တွင်တော့ ဆရာတော်ကား ကျောင်းသားတစ်ဦးအား ,ခြေထောက်ဖြင့် ခပ်ဆတ်ဆတ်ကန်၍ နှိုးလေတော့၏။

'ဟေ့ကောင်တွေ··ညွှန့်သောင်း၊ မောင်မောင်'

'မှန်ပါ အရှင်ဘုရား'

'မင်းတို့ ညဦးက တောင်းလျှိုထမ်းလာတဲ့ ဝါးလုံးဘယ်မှာထားသလဲ။ အဲဒါကို ငါ့အရှင်ပြောစမ်းဟေ့။ မေးနေတာ ကြားလား'

'မှန်ပါ။ အဲဒီစတိုခန်းတံခါးဘေးမှာ ထောင်ထားပါတယ်ဘုရား'

'အေး··အဲဒီဝါးလုံး သွားယူခဲ့။ လာ··ငါနဲ့ လိုက်ခဲ့။ ထ··မြန်မြန်လုပ်ကြ။ လာ··လာ··လုပ်စမ်း'

အိပ်ချင်မူးတူးဖြင့် ကျောင်းသားများကား မည်သို့နားလည်ရမှန်း မသိကြ။ အလယ်ရိုးရွာထိပ်မှ ကောက်ပြီးတောင်းလျှိုထမ်းလာသော ဝါးလုံးအား ဘာကြောင့်ယူလာခိုင်းမှန်း သဘောမပေါက်။ ကျောင်းမြောက်ဘက် ခြံပြင်သို့ ရောက်သောအခါ ဆရာတော်က ဝါးလုံးကိုယူ၍ အိုလံပစ်လှံသမား လှံတံပစ်သကဲ့သို့ ဗိုးခနဲနေအောင် အသံပင်မြည်လျက် အမှောင်ထုတွင်း လယ်ကွက်တစ်နေရာသို့ ပစ်လိုက်လေတော့သည်။

'ကဲ··သွားရော့လဟာ'

ကျောင်းသား မောင်ညွှန့်သောင်းနှင့် မောင်မောင်တို့ကား ဘာကြောင့်ဟု မမေးဖြစ်၊ မေးလည်း မမေးဝံ့ပေ။ ကျောင်းပြန်ရောက် ခြေဆေးပြီး ရေတစ်ခွက် အဝသောက်ပြီးနောက် ပြန်၍အိပ်လိုက်လေကြတော့သည်။ နောက်ထပ်မိုးလင်းသည်အထိ မနိုးတော့ပါပေ။

♦♦♦

'ကဲ··ဖြစ်ကြောင်းကုန်စင်ကတော့ အဲဒါပဲ ဒကာကြီး ဦးအုန်းမောင်ရေ။ နောက်မှ စဉ်းစားမိတာက ဘုန်းကြီးတို့ အဲဒီညက အလယ်ရိုးရွာထိပ်မယ် ကျောင်းသားတွေ ဝါးလုံးရှာတော့ ဘုန်းကြီးက ရေလောင်း မီးသင်ထားခါစ မီးသွေးပုံကြီး တွေ့ရတယ်လေ။ အဲဒီအလယ်ရိုးရွာက ကိုလှမောင်ကြီး သေလို့ အဲဒီညနေက ဘုန်းကြီး ဖြတ်လာတဲ့ သင်္ချိုင်းအစပ်နားမှာ မီးသင်္ဂြိုဟ်တယ်ဆိုတာ မနက်ကျမှ သိရတယ်။ အဲဒီညက ကျုပ် နှစ်ခါတိတိထကြည့်ရတယ် ကိုအုန်းမောင်။

ကျုပ်က ပထမတော့ ကျောင်းသားတွေ ရန်ဖြစ်နေတာလား၊ တစ်ဦးနဲ့တစ်ဦး နပန်းသတ်နေကြတာလား အဲဒီလို ထင်လိုက်တာ။ သေချာကြည့်တော့ နောက်တော့မှ ကျောင်းသားနှစ်ယောက်ပြောတဲ့ စကားထဲမှာ အဖျားချွန်တာရယ်၊ ဝါးလုံးက အသစ်ဆိုတာရယ်၊ အဖျားချွန် မီးလောင်ကျွမ်းထားတယ် ဆိုတာရယ်၊ အဲ··နည်းနည်းပူနေသေးတယ် ဆိုတာရယ် အဲဒါတွေ အကုန်စုပြောလိုက်တော့'

'မှန်ပါ၊ အမိန့်ရှိပါဘုရား'

'လူသေလောင်းကို မီးရှို့တဲ့အခါ ဝါးချွန်နဲ့ထိုးပြီး လှန်မှောက် စသည်ပြုလုပ် အသုံးချတာ မဟုတ်လား။ အဲဒီလို အသုံးပြုတဲ့ ဝါးချွန်ကို ငါတို့ တောအရပ်မှာ ဘယ်လိုခေါ်ကြတုန်း ဒကာကြီး'

'မှန်ပါ တစူးဝါးလို့ ခေါ်ကြပါတယ်ဘုရား'

'အေး··အမှန်ပဲ၊ အဲဒါ··အဲဒီဝါးပဲ။ ခင်ဗျားအိမ်မှာ သုံးလိုက်ပြီလား ကိုအုန်းမောင်'

'မသုံးရသေးပါဘူးဘုရား။ ဒီအတိုင်းပဲ ရှိပါသေးတယ်။ အိမ်ခြေရင်းမှာ ထောင်ထားခဲ့ပါတယ်ဘုရား'

'ဟုတ်ပြီ၊ မသုံးနဲ့။ အိမ်ပြန်ရောက်ရင် ခြံပြင်တစ်နေရာ ယူသွား။ ခွဲစိတ်ပြီး မီးပုံပြီး ကုန်အောင် ရှို့ပစ်လိုက်ကြားလား။ မသုံးသင့်ဘူး၊ မသုံးကောင်းဘူး။ အခုပဲ ခင်ဗျားနဲ့ကျုပ် ကိုယ်တွေ့ပဲ။ သိလို့ သူ့ကို သုံးစွဲနေသလို မမြင်အပ်တဲ့အန္တရာယ်တွေ ရှိတယ်။ မြန်မြန်သာ မီးရှို့ပစ်။ အေးလေ··အမှန်က ဘုန်းကြီးကိုယ်တိုင်ကကိုပဲ မှားတာပါ။ ဒကာကြီးတို့သွားတဲ့ တာလမ်းဘေး သွားပစ်ထားသလို ဖြစ်သွားတယ်။ ဒီပြင်လူတစ်ဦးဦး ကောက်ရပြီး သုံးမိရင် ဖြစ်တဲ့ကိစ္စ ပြဿနာတွေ ဘုန်းကြီးသိရတော့မှ မဟုတ်ဘူး။ ဦးအုန်းမောင်ဖြစ်လို့ ဘုန်းကြီး ပြန်သိရတာ၊ တောက်··တစ်ခါတည်း လက်စတုံးပစ်လိုက်ရမယ်



www.burmeseclassic.com

www.burmeseclassic.com

ကာကိုဗျာ'

'မှန်ပါဘုရား၊ အခုလို သေသေချာချာ သိရအောင် ရှင်းပြတာ အရှင်ဘုရားကို ကျေးဇူးတင်ပါတယ်ဘုရား။ တပည့်တော် ဆရာတော်အမိန့်ရှိသလို ဆောင်ရွက်လိုက်ပါမယ်။ တပည့်တော်ကို ခွင့်ပြုပါဦးဘုရား'

'အေး..အေး..ကောင်းပြီ ဒကာကြီးဦးအုန်းမောင်ရေ'

ကိုအုန်းမောင်ကား ဆရာတော်အား ကန်တော့၍ ဆွမ်းချိုင့်များဆွဲ၍ ပြန်လာခဲ့ရာ ညက စဉ်းစား၍မရခဲ့သော အဖြေအား ထင်းထင်းကြီး တွေ့လိုက်ရပေပြီ။ ဆရာတော်၏ အတော်အိပ်ရေးပျက်လောက်အောင် သောင်းကျန်းသော ကိစ္စများကား အဘယ်ကြောင့်နည်း။ ကျောင်းပေါ်ရောက်အောင် မမြင်အပ်သော ထိုအရာတို့ အဘယ်ကြောင့် ဤဝါးလုံးအမှီပြု လိုက်လာနိုင်ကြသနည်း။ မည်သို့သော တန်ခိုးသတ္တိတွေ ရှိနေကြလေသနည်း။ ဆရာတော်၏ သီလ၊ ကျောင်း၊ ကန်၊ ဘုရားရိပ်တွင် ၄င်းတို့အားအဆီးမရှိ ဝင်နိုင်ထွက်နိုင် နေကြသလော။ တစ်နေ့သောအခါ ဤကိစ္စအား ဗဟုသုတကြွယ်ဝနားလည်သော ဆက်ကြီးပုဂ္ဂိုလ်များအား မေးရပေဦးတော့မည်။

အမှန်တော့ ပစ္စည်းတစ်ခုအား အမှီပြု၍ သွားလာနိုင်ထွက်လုပ်နိုင်သော ပရလောကသားတို့၏ စွမ်းအား တစ်ရပ်ပင် ဖြစ်လေသည်။

ကြားဖူးတာတော့ ရှိသေးသည်။ ရန်ကုန်-တွံတေးလမ်း ကုက္ကိုဝတွင် ဟသ်ာတ-ရန်ကုန် ပြေးဆွဲနေသော ကားကြယ်နှစ်ထပ်သော်ာ နှစ်မြုပ်စဉ်က ညဖြစ်၍ နံနက်တွင် လူသေလောင်းများ တွေ့ကြရာ လက်စွပ်ချွတ်ယူသူ နားကပ်ချွတ်ယူသူ၊ ဆွဲကြိုးဖြုတ်ယူမိသူတို့ မအိပ်ရ၊ အေးမနေရဘဲ ငါ့ဟာ ပြန်ပေး၊ ငါ့ဟာ ပြန်ပေးဟု အပြင် အမြဲလိုက်တောင်းနေခြင်းအား စိတ်ချောက်ချားလန့်ဖွယ် ကြုံတွေ့ကြရသဖြင့် နောက်ဆုံး အလှူအတန်းပြုလုပ်ပြီး ပေးဆပ်လိုက်ရသည်မျိုးများ။ သီလရှိသည်၊ မရှိသည်နှင့်မဆိုင် အကြောင်းကြောင့် အကျိုးဖြစ်ပေါ်သောတရားကြောင့် ပရလောကသား တစ်နည်းပြောသော် သူတို့သားတို့ လူများနှင့် ရံခါ နီးစပ်သွားလာဆုံတွေ့ရသည်နှင့်ပေါင်းဖက်ကြဖူးသော ဓာတ်လမ်းများ ကြားနာမှတ်ဖူးသည် မဟုတ်ပါလား။ သီလ၊ အာစာရ မရှိပါက ထိုသူများနှင့် တွေ့လျှင်၊ ဆုံမိလျှင် ခံရသည့်ဘက်ကချည်းဖြစ်မည်။



သီလ၊ အာစာရ စသည်ရှိလျှင်တော့ ကိုအုန်းမောင်အစီအစဉ်မကျ အတွေးများ ဟိုဟိုဒီဒီတွေးရင်းမှ အမှတ်မဲ့တစ်ချက်ခလုတ်တိုက်လိုက်လေတော့သည်။

'ဒုတ်..အ'

'အာ..ခလုတ်ကလည်း တိုက်ရသေးဟ'

မကြာမီ အိမ်သို့ ပြန်ရောက်သောအခါ ဆွမ်းချိုင့်များချလျက် အငယ်ကောင်အား ဆေးကြောရန် ပြောဆိုပြီး ထင်းခုတ်ဓားမအား ယူ၍ အိမ်ခြေရင်းဘက်သို့သွားလျက် ညက အိမ်ခြေရင်း ထရံတွင်ထောင်၊ နောက် အိမ်အောက်ပစ်ထားသော ထိုရာဇဝင်ဝါးလုံးအား ရှာ၍မတွေ့သောကြောင့် -

'သား..မြင့်အောင်'

'ဗျာ..အဖေ'

'မနေ့ညက ကောက်လာတဲ့ ဟိုဝါးလုံး ဘယ်ရောက်သွားလဲကွ'

'အာ..ဟိုရွာလယ်က ဘုံဆိုင်(အရက်ဆိုင်) တရုတ်အပေါက်က အဲလုပ်သမားတစ်ယောက်နဲ့ လေးမျက်နှာမြို့ အရက်သွားသယ်မလို့တဲ့။ အဲဒါ ထမ်းစရာမရှိလို့တဲ့။ နောက်မှ ဝါးလုံးအစားပေးပါ့မယ်ဆိုပြီး အဲဒီမယ် ဟိုရှာဒီရှာနဲ့ အဲဒီဝါးလုံး တွေ့လို့ ယူသွားတယ် အဖေ'

'အာ..တောက်..ဒီတရုတ်အပေါက်တော့ နာဦးတော့မှာပဲကွာ။ ဟင်း..ဒုက္ခတော့ တွေ့တော့မယ်။ အမြန်နင်းကြမ်းကိုင်းတောနဲ့၊ မှောင်မှောင်နဲ့၊ အရက်ပုန်းနဲ့၊ ဟား..ပွဲကတော့၊ ဟား..ကြည့်ကောင်းတော့မှာပဲကွာ ဟင်း'

**ဆန်းဝင်း(ကျောင်းခြေ)**

www.burmeseclassic.com

www.burmeseclassic.com

နတ္တလင်းမြို့လေး၏ အနောက်ဘက်ကျသည့် ပွတ်စုရွာက ရထားနှင့်လာလာ ကားစီး၍လာလာ ဘူတာရုံ ကားဂိတ်တို့ကနေပြီး အနောက်ဘက်ကို တစ်ရွာကျော် တစ်ရွာဖြတ်ပြီးလို့ အိုးသည်ကုန်းရွာကိုလွန်မှ ရောက်သည်။ ကျွန်တော်လာတိုင်းမှာ အိုးသည်ကုန်းရွာထိပ် ဇရပ် (ယခု ရှိ,မရှိတော့မသိ)တွင် ခေတ္တအမောအပန်းဖြေ ထိုင်မိသည်။ ခရီးသွားများ နားခိုအမောအပန်းဖြေရန် အတွက် ဆောက်လုပ်ထားခြင်း ဖြစ်သည်။

ရွာ၏ စုပေါင်းအလှူလား၊ တစ်ဦးတစ်ယောက်အလှူလား မိသားစုအလှူလားဟုလည်း မသိရပါ။ ဇရပ်၏ မည်သည့် နေရာမှာမှ မှတ်တမ်းကမ္ပည်း ထိုးထားခြင်းကို မတွေ့ရ ဖြစ်သည်။

# လိပ်ပြာခေါ် လိပ်ပြာချုပ်

## ဆရာတုတ် လုပ်ပေးသည့်

## စိုးယဉ်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ ကျွန်တော် ရောက်ရှိတိုင်းတွင်တော့ ထူးခြား တစ်ခုကို တွေ့ကြုံရသည်။ ပထမတစ်ခါနှင့် ယခု ကြိမ်ပါဆိုတော့ နှစ်ကြိမ်နှစ်ခါ ကြုံရခြင်း ဖြစ်သည်။ ကြောင်းတိုက်ဆိုင်လို့ပါဟု ပြောရင်လည်း ရသည်။ အကြိမ် ကြုံဆုံသည်တွင် ကျွန်တော့်လိုပင် ခရီးသွား ငါးယောက်မျှ ထိုင်၍ နားနေသည်။ အနီးဝန်းကျင် များမှလား၊ ရွာဝေးရပ်ဝေးကလားဟုဖြင့် မသိပါ။ နှစ် ယောက်တစ်စု၊ သုံးယောက်တစ်စုဖြင့် အမောဖြေ နား ကြသည်။ ကျွန်တော်ထိုင်နားလိုက်သောနေရာ၏ ခပ် လှမ်းထောင့်တွင် အဝတ်ထုပ်များ၊ ရေခွက်၊ ထမင်း ချိုင့်တို့နှင့် မိန်းမကြီးတစ်ဦးကို တွေ့လိုက်သည်။ ကျွန် လူများလည်း တွေ့ကြသည်။ ဒါပေမဲ့ ခရီးသွား တစ် ယောက် မောပန်း၍ နားနေပုံမဟုတ်။ နေ့ရက်ကြာကြာ ထိုင်ပုံမျိုး ဖြစ်သည်။

'ကလေးလိပ်ပြာခေါ် လိပ်ပြာချုပ် ဆရာတုတ် လုပ် တယ်'

ထိုမိန်းမကြီး၏ အသံကျယ်ကျယ် ပြောလိုက်သော စကားကြောင့် ကျွန်တော်ရော ကျွန်လူများကပါ လှည့် ကြည့်မိကြသည်။ မိန်းမကြီးက တစ်ခါပဲပြောပြီး ဖက် မှ စားစရာများကို နှိုက်၍ စားနေသည်။ ကျွန်တော်နှင့် လူများကပါ နောက်ထပ်ပြောလေမလားဟု နားစွင့် ၍ ကြည့်ကြည့်၊ ကြည့်ကြည့် လုပ်ကြပေမယ့် ထပ်လည်း မပြော၊ ဘာသံမှလည်း ထွက်မလာတော့ပါ။

ဇရပ်ပေါ်တွင် ရှိသူများနှင့် ကျွန်တော်အပါအဝင် ကြားလိုက်သည့် စကားက-

'ကလေးလိပ်ပြာခေါ် လိပ်ပြာချုပ် ဆရာတုတ် လုပ် တယ်'ဟု ပီပီသသပင် ဖြစ်သည်။

ယခု ဒုတိယအကြိမ် ဖြစ်သည်တွင်လည်း ထိုဇရပ် င် ဝင်ရောက်နားမိသည်။ ဇရပ်ပေါ် တက်တက်ချင်း ရပ်အနှံ့အပြား ကြည့်လိုက်မိသည်။ ခရီးသွား နားခိုသူ များက အတော်ပင် များသည်။ ဆယ်ယောက်ကျော်ကျော် သည်။ ကလေး၊ လူကြီး အစုံပင်။ ကလေးမွေးစ သား သည်အမေလည်း ပါသည်။ ပြောကြဆိုကြနှင့် အမော ဖြေနေကြသည်။

'ကလေးလိပ်ပြာခေါ် လိပ်ပြာချုပ် ဆရာတုတ် လုပ် တယ်'

ဇရပ်၏ထောင့်မှ ထွက်ပေါ်လာသော အသံကြောင့် ခရီးသွား နားနေသူတို့ရော ကျွန်တော်ပါ ကြည့်လိုက်မိကြ သည်။ ကျွန်လူများကိုဖြင့် ထိုကဲ့သို့ပြောသည်ကို ယခင် က ကြားဖူးလေလား ဆိုတာကိုဖြင့် မသိပါ။ ကျွန်တော်က လွန်ခဲ့သော တစ်နှစ်ကျော်ကျော် အချိန်ကလည်း ထိုကဲ့သို့ ပြောသည်ကို ကြားဖူးခဲ့သည်။

ဇရပ်တွင် လူတချို့ ကျန်ခဲ့သည်။ ကျွန်တော်နှင့် လူ တချို့တစ်ဝက်က ဇရပ်ပေါ်မှ ဆင်းလာပြီး ကိုယ်သွားမည့် ခရီးကို ဆက်ကြသည်။ ကျွန်တော်က အိုးသည်ကုန်းရွာ ကိုကျော်၍ ပွတ်စုရွာကို ထွက်လာခဲ့သည်။ ရွာထိပ်မှ လမ်းဖြောင့်အတိုင်း လျှောက်လာခဲ့သည်။

တော်တော်လေး လျှောက်မိပြီး ရွာ၏ အလယ်ပိုင်းကို အရောက်တွင် နောက်မှ ခေါ်သံက-

'လေးလေး..လေးလေး'

ဟု ထွက်ပေါ်လာသဖြင့် နောက်ကို လှည့်ကြည့် လိုက်ရာ ခြံတစ်ခြံထဲမှထွက်လာသော လူငယ်လေး နှစ် ယောက်၊ တစ်ယောက်ကိုဖြင့် မသိ၍-

'ဟေး..မောင်သိန်းဇံ'

'ဟုတ်ကဲ့၊ ခြံရှေ့က ဖြတ်သွားတာတွေ့လို့ ဒီကောင်နဲ့ စကားပြောရင်းက ထွက်ကြည့်တာ လေးလေးဖြစ်နေလို့ ခေါ်လိုက်တာ'

'အေးကွ မောင်သိန်းဇံ၊ ပြီးခဲ့တဲ့လက လာမလို့ကွ။ မအားတာနဲ့ဘဲ'

'ဟုတ်ကဲ့၊ ပေး..ပေး..အိတ်တွေပေး'

ကျွန်တော့် လက်ထဲမှ မဂ္ဂဇင်းနှင့် ဝတ္ထုစာအုပ်များ ထည့်ထားသောအိတ်နှင့် အဝတ်အိတ်ကို လှမ်းယူလိုက် သည်။ မောင်သိန်းဇံနှင့် အဖော်ကောင်လေးကပါ လိုက် လာသည်။

'ဟ..ဧည့်သည်ဟော့၊ မဝင်းကြည်ရေ'

'ကိုတင်ထွန်း..နေကောင်းလား။ မဝင်းကြည်ရော နေကောင်းတယ် မဟုတ်လား'

အိမ်ထဲမှထွက်လာသော မဝင်းကြည်ကိုပါ နှုတ်ဆက် လိုက်သည်။ ကိုတင်ထွန်းက သစ်ကိုင်းခြောက်ထင်းတစ် ပွေ့နှင့် အိမ်ပေါ်ကို လှမ်းတက်လိုက်သည်။

'နေကောင်းပါတယ်ရှင့်။ အစ်မကြီးရော နေကောင်း ရဲ့လား။ လာ..လာ..လာ'

www.burmeseclassic.com

www.burmeseclassic.com

မောင်သိန်းဇံက ကြွပ်ကြွပ်အိတ်တွေချ၍ တစ်ဖက်ခြံကို ကူးသွားသည်။ ကိုတင်ထွန်းက နောက်ဖေးဘက်မှ ပြန်ထွက်လာပြီး ထိုင်လိုက်သည်။

ကျွန်တော်ကလည်း အတူတူ ထိုင်လိုက်ပြီး-

'မမြင့်ကြည်က နေကောင်းပြီး ပိုပိုဝလာတယ်။ ကျွန်တော်က ဆေးနဲ့ လူနဲ့ မပြတ်ဘူး ဖြစ်နေလို့။ ပြီးခဲ့တဲ့လကလာဖို့ဗျာ၊ အခုမှပဲ လာနိုင်တယ်'

'မျှော်တာပေါ့ဗျာ။ နေကောင်းဖို့ပဲလိုတယ်။ ကျွန်တော်တို့လည်း လာပါဦးမယ်'

'ဟုတ်ကဲ့၊ လာကြဦးလေဗျာ'

ခဏနား၍ ရေချိုး ညစာစားကြသည်။ ထမင်းဝိုင်းတွင် ဟင်းက ကြက်သားကာလသားချက်၊ တို့စရာအစုံ၊ ငါးပိရည်ဖျော်၊ ကြက်က မောင်သိန်းဇံ သွားရှာသည့်ကြက်။ မွေးမြူရေးကြက် ပွပွကြီးများ မဟုတ်ပါ။

ထမင်းစားပြီးသည်တွင် တစ်ဖက်ခြံမှ ဦးမြင့်နှင့် ဒေါ်ကြီး ဒေါ်ညွန့်လှတို့ သားအမိပါ ရောက်လာသည်။ ရေနွေးကြမ်းဝိုင်းနှင့် ထိုင်ကြပြီး ရန်ကုန်အကြောင်းများ၊ ရွာအကြောင်းများ ပြောကြရင်းမှ ကျွန်တော်က ဇရပ်ပေါ်မှ ကြားခဲ့သော အကြောင်းကို ပြောလိုက်မိသည်။

'လမ်းက ဇရပ်ကလေးမှာ ခဏနားရင်းနဲ့ အဒေါ်ကြီးတစ်ယောက်က ကလေးလိပ်ပြာခေါ် လိပ်ပြာချုပ် ဆရာတုတ် လုပ်ပေးတယ်လို့ အော်တယ်။ အဲဒါ ပြီးခဲ့တဲ့တစ်နှစ်က လာတုန်းကလည်း တစ်ခါကြားတယ်'

'ဟင်··အဲဒါ အရူးမ အေးကြည်လေ'

'ဗျာ··အရူးမကြီး၊ ဟုတ်လား ဒေါ်ကြီးညွန့်'

'ဟုတ်တယ် ကိုစိုး၊ ရွာက မအေးကြည်ပေါ့။ လင်သေ သားဆုံး မြေးနဲ့ ချွေးမပါ တစ်ပြိုင်တည်း သေဆုံးပြီး အဲဒီလို ဖြစ်သွားတာ'

'အစ်ကိုမြင့်၊ ဘယ်လို။ ဟို··လင်ရော၊ သားရော၊ ချွေးမရော၊ မြေးပါ တစ်ခါတည်း တစ်ပြိုင်တည်း ဆုံးတာလား။ ဟုတ်လား'

မိသားစုလေးယောက် တစ်ပြိုင်တည်း ဆုံး၍ စိတ်နောက်သွားရသည့် ဒေါ်အေးကြည်အကြောင်းကို ပြောပြကြသည်။ ဦးတူး၊ ခိုင်လင်း၊ မဝင်းရီတို့က ဒေါ်အေးကြည်၏မိသားစု။ ခိုင်လင်းက ဒေါ်အေးကြည်နှင့် ဦးတူး၏သား မဝင်းရီနှင့် ခိုင်လင်းက အိမ်ထောင်ကျပြီး ကလေးတစ်ယောက်မွေးခဲ့သည်။ မြေးဦးလေးကို အဘိုး၊ အဘွားတို့က ပို၍ချစ်ကြသည်။ ကလေးက သုံးလသားအရွယ်တွင် ဗိုး ဗိုးဆတ်ဆတ်ဖြစ်ပြီး လန့်၍တုန်တုန်လာသည်။ ခြေ လက်တွေပါ အေးအေးလာသည်။ သုံး,လေးရက် ဆက် တိုက်ဖြစ်၍ မြို့ဆေးရုံတွင် သွားကုရာ အပြန်ခရီးတွင် ကားမှောက်ပြီး ကျန်ခရီးသည် သုံးယောက်နှင့်အတူ သေ ဆုံးသွားခြင်း ဖြစ်သည်။

'အဲဒီလိုဖြစ်ပြီး အေးကြည်လည်း စိတ်နောက်သွား တာ။ အခုတော့ အိုးသည်ကုန်းရွာထိပ်က ဆရာတော် ကျောင်းမှာ ဦးတုတ်ဆိုတဲ့ ကပ္ပိယကြီး ရောက်လာပြီး ကလေးတွေကို လိပ်ပြာချုပ် လုပ်ပေးတယ်။ လိပ်ပြာခေါ် ပေးတယ်လေ'

'ဟာ··ကံပေါ့လေ'

'ဒေါ်အေးကြည်က အဲဒါကိုပဲ အမြဲပြောတယ်။ တော့လည်း အဲဒီဇရပ်မှာပဲ နေတယ်လေ'

ဒေါ်ကြီး ဒေါ်ညွန့်လှနှင့် သား ဦးမြင့်တို့က ပြည့်ပြည့် စုံစုံ ပြောပြသည်။ ဦးတူးနှင့် ခိုင်လင်းတို့ လင်မယား ကလေးငယ်လေးပါ ကံဆိုးခြင်းက စိတ်မကောင်းစရာ ပင်။

ပွတ်စုရွာမှ ကိုတင်ထွန်း မဝင်းကြည်တို့ အိမ် တည်းရင်းနှင့် ပုတီးကုန်း၊ ဇီးကုန်း၊ သဲကုန်းတို့ကို လျှောက်လည်ဖြစ်သည်။ ဒါက ကိုတင်ထွန်းနှင့် ဦးမြင့် တို့ကြောင့်ပင် ဖြစ်သည်။ မပြန်ခင် အိုးသည်ကုန်း ဆ တော်ကျောင်းကို ဦးမြင့်က လိုက်ပို့မည်ဟု ပြောသည်

ကလေးလိပ်ပြာခေါ် လိပ်ပြာချုပ် လုပ်ပေး ဆရာတုတ်ရှိသော အိုးသည်ကုန်းမှ ဘုန်းတော်ကြီးကျောင်း ကို သွားချင်နေသော ကျွန်တော်၏ဆန္ဒမှာ ပြည့် သည်။

ခြံစည်းရိုးတစ်လျှောက်တွင် ဝါးရုံပင်များ စိုက် ပြီး ကျောင်းဝင်းထဲတွင် သရက်၊ မရမ်း၊ ပိန္နဲပင် ရွက်လှပင်ကလေးများပါ စိုက်ပျိုးထားသည်။ ပျဉ် သွပ်မိုးကျောင်းမြင့်မြင့်ကြီးက ရေနံချေးဝနေသည်။ လှေကားမှ ကျောင်းပေါ်ကို တက်လာကြပြီး ဘုရား ဘုရားရုပ်ပွားတော်မြတ်ကို ရှိခိုးဦးခိုက်ပြီး ဆရာ ရှိခိုးပြီး ဦးမြင့်က ကျွန်တော့်ကို ရန်ကုန်မှ ဧည့် ကြောင်းနှင့် ပွတ်စုရွာမှ ကိုတင်ထွန်းတို့အိမ်

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းများ လျှောက်ထားသည်။

ဆရာတော်က-

'အိမ်း··အိမ်း··စားသောက်ရော ပြီးကြပြီလား။ ဆွမ်းစားကျောင်းမှာ ကပ္ပိယကြီး ဦးကုတ် ရှိတယ်။ ရေနွေးကြမ်း သောက်ရင်းနဲ့ စကား ချလေ'

'မှန်ပါ့ဘုရား'

'မှန်ပါ့'

ဆရာတော်ကို ဝတ်ဖြည့်၍ ကျောင်းပေါ်မှ ပြန်ဆင်းကြပြီး ဘေးတစ်ဖက်မှ ဆွမ်းစားကျောင်းကို လျှောက်လာကြသည်။ ကလေးချီထားသော အမျိုးသမီး ခပ်ငယ်ငယ်တစ်ယောက်နှင့် အသက်ကြီးကြီး အမျိုးသမီးကြီး တစ်ယောက်တို့က ကျွန်တော်တို့ရှေ့မှ ဆွမ်းစားကျောင်းပေါ်သို့ တက်သွားသည်။

'ကိုစိုးရေ··ရေကန်အသင့် ကြာအသင့် ဆိုသလိုပဲ၊ ကလေးလာပြတာနဲ့ တူတယ်။ လာ··လာ'

'အေး··တူမကြီး၊ ကလေးကိုချီထား။ ရှေ့နည်းနည်းထိုင်။ မေးတာကိုပြော'

'ဟုတ်ကဲ့'

'ကလေး ဘာဖြစ်လဲ'

'ကလေးက အိပ်နေရင်းနဲ့ ဆတ်ခနဲဖြစ်ပြီး တစ်ကိုယ်လုံး တုန်ပါတယ်။ ပြီး ခြေတွေ လက်တွေ အေးပါတယ်'

'အခု ဘယ်နှစ်ရက်ရှိပြီလဲ'

'ငါးရက်ရှိပါပြီ'

ကလေး၏ နေ့နံကိုမေးရာ မိခင်ဖြစ်သူက တနင်္ဂနွေသားဟု ပြောသည်။ မောင်းထောင်ချိုင့်ထဲမှ အပ်ချည်လုံးကိုထုတ်ပြီး လက်နှင့် တစ်တောင်တိုင်းဖြတ်ပြီး ကြိုးကို ချစ်လိုက်သည်။ ကြိုးကျစ်နေရင်းမှ ဦးမြင့်ကို ခေါင်းညိတ်ပြပြီး ထိုင်ခိုင်းသည်။ ကျွန်တော်တို့ သုံးယောက်သင်ထိုင်လိုက်သည်။

ကပ္ပိယကြီးက ကျစ်ထားသောကြိုးကိုကိုင်၍ နှုတ်မှ 'ဗုဒ္ဓချုပ်'ဟုဆို၍ ကြိုးကို တစ်ထုံးထုံးလိုက်သည်။ ဒုတိယအထုံးကို ထုံးရင်းမှ 'ဓမ္မချုပ်'ဟုဆိုပြီး တတိယအထုံးကို ထုံးရင်းမှ 'သံဃာချုပ်'ဟု ဆိုလိုက်သည်။

ကြိုးကို သုံးထုံးထုံးပြီး အားလုံးကို လက်ကာပြပြီး-

'ဗုဒ္ဓချုပ်၊ ဓမ္မချုပ်၊ သံဃာချုပ်၊ ချုပ် ဆရာချုပ်'

ကပ္ပိယကြီး ရွတ်ဆိုနေသည်ကို လက်ချိုး၍ လိုက်မှတ်ရာ (၃၇)ကြိမ် ဖြစ်လေသည်။

ပြီးမှ လက်နှင့်ဆုပ်ကိုင်ပြီး နှုတ်ခမ်းနားတွင်တေ့ပြီး-

'တနင်္ဂနွေသားလေးအတွက် ထိတ်လန့်ခြင်း ထိပ်ပြာလွင့်ခြင်းမှ ကင်းဝေးအောင် ဆိုင်ရာပုဂ္ဂိုလ်များ စောင့်ရှောက်တော်မူပါ။ ဘုရား၊ တရား၊ သံဃာတော်မြတ်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော် ကျေးဇူးတော်အရှိန်တို့ကြောင့် ဤကလေးသည် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံရပါလို၏ အရှင်ဘုရား'ဟု ရွတ်ပွားပြီး လိပ်ပြာချုပ်ကြိုးကို ကလေးအမေ၏ လက်ထဲကို ထည့်ပေးလိုက်သည်။

'ကလေးက ငယ်တယ်၊ နုတယ်။ လည်ပင်းမှာ မဆွဲပေးနဲ့။ လက်ကောက်ဝတ်မှာ ခပ်ချောင်ချောင် ချည်ပေးထားလိုက်ပါ'

အရွယ်ကြီး လရင့်သည့် ကလေးဆိုလျှင် လည်ပင်းတွင် ဆွဲပေးရန်နှင့် မပျောက်ပျက်ထားဖို့ပါ ပြောသည်။

ကလေးအမေက ဘေးမှ အသက်ကြီးကြီး အမျိုးသမီးကြီးကို လှည့်ကြည့်ရာ အင်္ကျီရင်ဖုံးထဲကို လက်နှိုက်လိုက်ရာ ကပ္ပိယကြီးက လက်ကာပြပြီး-

'မလိုပါဘူး။ ဘုရားကန်တော့။ ကဲ··ကဲ··ပြန်ကြ'

ကလေးအမေနှင့် အမျိုးသမီးကြီးကပါ ဘုရားရှိခိုးပြီး ကပ္ပိယကြီးကိုပါ ကန်တော့ကြသည်။

သူတို့ ပြန်သွားမှ ကျွန်တော်တို့ဘက်ကို လှည့်ပြီး-

'ကိုမြင့်ရေ··အခုက တစ်ဦးတည်းရယ်။ တစ်ခါတစ်ရံ သုံး၊လေးဦးပဲ။ ကဲ··ရေနွေးသောက်။ ဒီက ဧည့်သည်လား။ ဆရာတော်နဲ့ တွေ့ပြီးပြီလား'

'ဟုတ်ကဲ့ ဦးတုတ်ရေ၊ တွေ့ပြီးပါပြီ။ ဒါက ရန်ကုန်က ဧည့်သည်။ မောင်တင်ထွန်းနဲ့တော့ ညီအစ်ကိုလိုပဲ။ သူက စာလေးဘာလေးလည်း ရေးတယ်'

'အင်း··ကောင်းပါဗျာ။ မြန်မာ့ရိုးရာ နည်းပညာကောင်းတွေကို စိတ်ဝင်စားတာ ကောင်းပါတယ်။ အခု မြင်လိုက် သိကြားတာကို ပြောပြမယ်'

'အခုန ကလေးကို ပြုလုပ်ပေးတဲ့ လိပ်ပြာချုပ်ကြိုးက ရိုးရိုးပါ။ ကြိုးကို ပိုလှအောင် ထုံးတာလည်း ရှိပါတယ်။ ရွှေပြား၊ ငွေပြား၊ ကြေးပြား ခပ်ပါးပါးနဲ့ လိပ်ဘာကို ရေးပြီးလိပ်၊ ကြိုးထည့်တဲ့ လက်ဖွဲ့လုပ်တဲ့ လိပ်ပြာ

www.burmeseclassic.com

ချုပ်လည်း ရှိတယ်'

'ကျုပ်က အလွယ်ကူဆုံးနဲ့ ဝေဒနာပျောက်ဖို့ပဲ။ ရွှေပြား၊ ကြေးပြားတွေနဲ့ကလည်း ဗုဒ္ဓချုပ်၊ ဓမ္မချုပ်၊ သံဃာချုပ် ဆိုတာကိုရေးပြီး အလယ်မှာ ကလေးရဲ့ မွေးနေ့မွေးနံကို သွင်းရတယ်။ နေ့အလိုက် ဂဏန်းစဉ်ပေါ့။ ပြီးတော့ အခုရွတ်တဲ့အတိုင်း (၃၇)အုပ်ရွတ်ရမယ်။ ပြုလုပ်ပေးသူက ဘုရားရှိခိုး ငါးပါးသီလယူထားပြီး ဥပုသ်စောင့်တာမျိုး၊ အသက်လွတ်စားတာမျိုးဆိုရင် ပိုကောင်းတာပေါ့'

'ဟုတ်ကဲ့'

'ဟုတ်ကဲ့ ဦးတုတ်'

'ကျုပ်က အဲဒီလို လုပ်ပေးတာကို ငွေကြေးလက်မခံဘူး။ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ဘုရားပန်းတို့ဆိုရင် ယူတယ်။ ကျုပ်ကို သင်ပေးတဲ့ ဆရာတော်က ဘာမှလက်မခံဘူး။ ကဲ..အဲဒါကို ပြည့်ပြည့်စုံစုံ ပြောပြမယ်။ တစ်ဆင့်ပွားတော့ အကျိုးရှိတဲ့'

'ဟုတ်ကဲ့၊ ဒါလည်း ကုသိုလ်ဒါန တစ်မျိုးပါပဲ'

'ရွှေ၊ ငွေ၊ ကြေးပြားကို အင်းချတာက တစ်လက်မပတ်လည်အရွယ်ပဲ ရမယ်။ ဒါက လိပ်ပြာချုပ်၊ အဲ..လိပ်ပြာခေါ်နည်း၊ လိပ်ပြာလွင့်သွားတဲ့ ကလေးအတွက်ပေါ့။ အကြောင်းအမျိုးမျိုးကြောင့် ကလေးက လိပ်ပြာလွင့်သွားပြီး မကြာခဏ လန့်ခြင်း၊ ခြေလှုပ်၊ လက်လှုပ်ဖြစ်ပြီး တစ်နေကုန် မှိန်းနေရင်း ပျော့ခွေခေါက်နေရင်းက နို့မစို့၊ အစာမတောင်းဘူး။ လန့်လန့်လည်း ငိုတယ်။ တက်တတ်မယ်။ ကျောပူ ခေါင်းပူနဲ့ဆိုရင် လိပ်ပြာလွင့်တယ် သိရမယ်။ အဲဒါကို လိပ်ပြာခေါ်ပေးတဲ့လူက-

(၁) ဘုရားရှိခိုး၊

(၂) ငါးပါးသီလခံ၊

(၃) မေတ္တာပို့။

ပြီး ပြုလုပ်ရမှာကတော့-

(၁) ထမင်းဦးပေါင်း တစ်ပန်းကန်၊ ဘဲဥပြုတ် တစ်လုံး၊ အထုံး သုံးထုံး ထုံးပြီးတဲ့ လိပ်ပြာချုပ်ကြိုးရယ်၊ လက်ဖက်အစုံက ဆားကိုထည့်၊ အချိုမှုန့်၊ ပဲတွေ မထည့်ရဘူး။

(၂) ထမင်းပန်းကန်ထဲကို ဘဲဥပြုတ်ထည့်၊ လိပ်ပြာချုပ်ကြိုးထည့်၊ လက်ဖက်ပွဲက သတ်သတ်တစ်ပွဲပြင်။

(၃) ပန်းကန်တွေကို အိမ်တွင်းနတ်စင်မှာတင်ပြီး နတ်က အသံထွက်ပြီး-

အိမ်တွင်းဖခင်ကြီးကို လှူဒါန်းပါ၏။ အလိုရှိတိုင်း သုံးဆောင်မှုပါ။ လိပ်ပြာလွင့်နေသော ကလေးကို လိပ်ပြာ ပြန်ခေါ်ပြီး ကျန်းမာချမ်းသာစေရန် ကူညီစောင့်ရှော တော်မူပါလို့ ပြောဆိုပြီး တစ်နာရီအတိ တင်လှူထား မယ်။ ပြီးရင် စွန့်ပါ။ ကလေး ထမင်းစားနိုင်ရင် ဘဲဥ ခွံ့ကျွေးပါ။ ငယ်လွန်းရင် ထမင်းစေ့ကို ချေညှစ်ပြီး ပေးလိုက်ပါ။ လက်ဖက်က လူကြီးတွေ စားနိုင်တ လိပ်ပြာချုပ်ကြိုးကို လည်ပင်း၊ လက်မောင်း၊ လက် ကောက်ဝတ်မှာ ချည်နှောင်ပေးပါ။

(၄) လိပ်ပြာချုပ်ကြိုး ဆွဲပေးခြင်း၊ ချည်နှောင်ခြင်း ပြုရင်-

'လိပ်ပြာရေ..လာ..လာ..လာ'ဟု ခေါ်၍-

'လိပ်ပြာရေ..ရောက်ပြီလား၊ ပေါက်ပြီလား'

'ရောက်ပြီ..ရောက်ပြီ..ရောက်ပြီ'ဟု ဘေးမှ ပြောပြီး လိပ်ပြာချုပ်ကြိုးကို ချည်ပေး၊ ဆွဲပေးပါ' ကဗွိယကြီး ဦးတုတ်က ရှင်းပြလေသည်။

ကျွန်တော်က အရေးသမား၊ အမှတ်သမား ရေးမှတ်ယူလိုက်သည်။ ခဏအကြာတွင် နှုတ်ဆက် ပွတ်စုရွာကို ပြန်လာခဲ့သည်။

နောက်နှစ်ရက်မျှနေပြီး မောင်သိန်းဖံနှင့် လူငယ် များကို မဂ္ဂဇင်းစာအုပ်များ၊ ဝတ္ထုစာအုပ်များကို ရွာတွင် စာကြည့်တိုက်ဖြစ်အောင် လုပ်ကြဖို့ကို ပြော ဒေါ်ကြီးဒေါ်ညွှန့်လှကို ကန်တော့ကာ ဦးမြင့်ကိုပါ တော့၍ နှုတ်ဆက်ပြီး ကိုတင်ထွန်း၊ မဇင်းကြည် တော့ နှုတ်ဆက်ရင်း ရန်ကုန်ကို လာကြရန် မှာခဲ့သ

အပြန်တွင် မောင်သိန်းဖံနှင့် လူငယ်နှစ်ယော ကားဂိတ်ကို လိုက်ပို့ကြသည်။ လမ်းက ဇရပ်တွင် ထို သော ဒေါ်အေးကြည်ဆိုသည့် စိတ်ဝေဒနာသည်ကြ 'လှမ်းမြင်လိုက်ပေမယ့် ဇရပ်ထဲကိုတော့ ဝင်မထိုင်ဖြ

အပြန်ခရီးတွင် ကျွန်တော့်ထံတွင် ပါလာသည် ကလေးလိပ်ပြာခေါ်ခြင်းနှင့် လိပ်ပြာချုပ်ခြင်း အကြေ ပင် ဖြစ်သည်။ ပတ်ဝန်းကျင်တွင် ကလေးငယ်များ နည်းတူ စိတ်ဝင်စားသူကို တစ်ဆင့်ပြန်၍ ပြော မည်ဟု ဆုံးဖြတ်ထားပါသည်။

ကျောင်းကုန်းကျောင်းဆရာတော်ကို ဦးခိုက်ပါ

စိုးသိ



www.burmeseclassic.com

www.burmeseclassic.com

ကားခေါင်းပိုင်း တစ်ခုလုံး ကြေမွရှုံ့တွနေပြီ။ ကားကိုယ်ထည် တစ်ခုလုံးသည်လည်း မှန်လေပွေတစ်ချပ်ပမာ နေရာမလပ် ပိန်ချိုင့်ဖုထစ်လို့သော ဆန်နီဆလွန်းကားလေးကိုကြည့်ပြီး မောင်ထွန်း တစ်ယောက် စိတ်ပျက်စွာ သက်ပြင်းရှည်ချလေ၏။

မောင်ထွန်းသည် ကားဘော်ဒီ ပြင်သမား တစ်ယောက် ဖြစ်လေရာ မိတ်ဆွေတစ်ဦးမှ ဆက်စပ်ပေးမှုကြောင့် ဝယ်ယူရန် လာခဲ့ခြင်း ဖြစ်လေ၏။

ဈေးနှုန်းက အင်မတန်ချို၏။ သံတိုသံစဈေးနှုန်းထားခန့်သာ ရှိလေ၏။ မောင်ထွန်းသည် ကားပိန်ချိုင့်လေးကို အသားထိုးကြည့်၏။ အင်ဂျင်လဲရ မည်။ ဘော်ဒီတစ်ခုလုံး ပြင်ရမည်။ ဆေးမှုတ်ရမည်။ အကောင်းပကတိဖြစ်လျှင် ကားပေါက်ဈေးသည် မည်မျှ မည်မျှရှိမည်ဟု တွက်ဆကြည့်လေ၏။

# ကိုခြောက်ယုဝင်း ဘဝခရီးသံယောဇဉ်





www.burmeseclassic.com

www.burmeseclassic.com

သို့ဖြင့် ကားစုတ်လေးကို မော်ဘီမှတစ်ဆင့် ဗဟန်းရှိ နေအိမ်သို့ ဆွဲလာခဲ့လေတော့၏။ သုံး,လေးလခန့် စိတ်ကြိုက် ပြင်ဆင်လေ၏။ မူလအရောင်(နီညိုရောင်) အဆင်းအတိုင်း ဆေးမှုတ်လေ၏။

ကားလေး ပြင်ဆင်ပြီးသောအခါ မြင်တွေ့ကြရသူတိုင်း ဘဝင်ကျကြလေ၏။ ဝယ်လက်သမား ပွဲစားတွေလည်း ခြေချင်းလိမ် လာကြည့် လာမေးကြလေ၏။ ကြိုက်ဈေးပေးမယ်ဟုလည်း ဆိုကြလေ၏။ သို့သော်ငြားလည်း မောင်ထွန်း ခေါင်းခါ၏။ လုံးဝမရောင်း၊ မိမိစီးမည်ဟု ဆိုလေ၏။

မောင်ထွန်းသည် ကားနီညိုလေးကို အရိပ်တကြည့်ကြည့်ဖြစ်နေပြီး အမြဲသ,နေတတ်လေ၏။ ကားနီညိုလေးရောက်သည့်နေ့မှစ၍ ကံကောင်းခြင်းတွေ ကြုံလာ၏။ လုပ်ငန်းလည်း တွင်ကျယ်လာ၏။ မောင်ထွန်းသည် ယခင်က ယောက်ဖနှင့် တူတော်မောင် တစ်ယောက်တို့နှင့် လုပ်ကိုင်နေခဲ့၏။ လုပ်ငန်းတွင်ကျယ်လာသဖြင့် အလုပ်သမား ထပ်ခေါ်ရလေ၏။ လုပ်ငန်းနေရာ ပြောင်းဖို့ဝင်ငွေးစားရလေ၏။

သဃ်န်းကျွန်းလမ်းမ အမေ့ရွာ စားတော်ဆက်အနီး မြေကြီးတစ်ခြံကို တွေ့လေ၏။ ရှာဖွေပေးသော ပွဲစားမှတစ်ဆင့် အိမ်ရှင်နှင့် အရောင်းအဝယ်စကား ဆိုကြလေ၏။ အလျှော့အတင်းပြုကြရင်း နောက်ဆုံး ဈေးတည့်ကြလေ၏။

မောင်ထွန်းသည် ဗဟန်းမှ နေအိမ်ကို ရောင်းလေ၏။ ဇနီးသည်၏ လက်ဝတ်လက်စားတို့ကို ထုခွဲရလေ၏။ ငွေလိုသေးသည့်အတွက် မိမိကြိုက်နှစ်သက်လှပါသော ကားနီညိုလေးကို ရောင်းထုတ်ဖို့ လုပ်ရလေတော့၏။

ခြံကောင်း၊ နေရာကောင်း ရဖို့အတွက် အားလုံးကို ထုခွဲရောင်းချပြီးသော်ငြားလည်း ကားနီညိုလေးသည် အရောင်းမထွက်သေး။ ဝယ်လက်များရှိသော်လည်း ကားနီညိုလေးသည် မောင်ထွန်း တစ်လက်ကိုင်သာ လက်ခံသည်သို့ ရှိနေလေ၏။ ဝယ်သူများလက်ရောက်လျှင် ကားနီညိုလေးသည် ဖွဲဖောက်လေ၏။ တစ်ခုမဟုတ်တစ်ခု ဒုက္ခပေးလေ၏။ ထို့ကြောင့် ဝယ်လိုသူများ စိတ်ပျက်လက်ပျက်ဖြစ်ပြီး နောက်ပြန်လှည့်ကြသည်က များသွားလေ၏။

နောက်ဆုံး မောင်ထွန်းသည် မြေကြီးဝယ်ယူဖို့အတွက် အတိုးဖြင့် ချေးငှားပြီး ဝယ်ယူလိုက်ရလေတော့၏။

ကားနီညိုလေးသည် သူ့ကို ရောင်းပြုညည်ဆိုလေတိုင်း ဖွဲဖောက်ကာ ဆန္ဒပြမြဲပြနေလေ၏။ ဆန္ဒပြခံရသူများအထဲတွင်တော့ မောင်ထွန်း မပါချေ။

မောင်ထွန်းလုပ်ငန်းကား တွင်ကျယ်နေမြဲဝင်။ မိတ်ဟောင်းအပြင် မိတ်သစ်တွေပင် တိုး၍,တိုး၍လာ၏။ သို့ဖြင့် နေ့ရောညပါ အလုပ်လုပ်ကြရလေ၏။ ခြံကျယ်ကြီးမို့ ပတ်ဝန်းကျင်ကို အနှောင့်အယှက် သိပ်မဖြစ်လှ။

တစ်နေ့သောညတွင် အလုပ်သမားများက ကားများကို ဆေးမှုတ်နေကြလေ၏။ တစ်ယောက်တစ်လှည့် အနားယူကာ လုပ်နေကြရလေ၏။ အနားယူလိုသူ တစ်ယောက်က ကားနီညိုနောက်ခန်းတွင် လှဲအိပ်နေလေ၏။ ထိုသူသည် ခဏအကြာ အသံနက်ကြီးဖြင့် အော်ပြီး ထွက်ပြေးလာ၏။

အိပ်မက်ဆိုးအွေမက်ပြီး လူနှစ်ယောက်က သူ့ကို ညှပ်ပူးညှပ်ပိတ် ရိုက်နှက်သည်ဆို၏။ ကျန်အလုပ်သမားများက ဒီကောင် အရက်ကြောင်,ကြောင်ပြီး ပေါက်ကရပြောတယ်ဟု ဆိုကြလေ၏။ မယုံကြ၍လည်း ကားနီညိုလေး၏ နောက်ခန်းတွင် ဝင်ရောက်အိပ်ကြလေ၏။ အိပ်ကြသူတိုင်း အရိုက်အနှက်ခံရပြီး ပြေးထွက်ခဲ့ကြရသည်သာ ဖြစ်လေ၏။ သူတို့၏နှုတ်မှ ကားထဲတွင် တစ္ဆေနှစ်ကောင် ရှိသည်ဟု တစ်သံတည်း ပြောကြလေတော့၏။

တစ်ခါ,တစ်ခါ ကားနီညိုလေးအထဲတွင် အပုပ်နံ့များ ထွက်နေတတ်လေ၏။ ကြွက်သေဟု တစ်ကားလုံးအနံ့ရှာကြ၏။ လုံးဝမတွေ့။ အနံ့ပျောက်ဆေးဖြင့် ဖျန်းသူက ဖျန်းကြလေ၏။ အနံ့ဆိုးကား ပျောက်၍မသွားပါချေ။

ထိုဖြစ်စဉ်များကို မောင်ထွန်းတစ်ယောက် မခံစားရသည့်အတွက် အလုပ်သမားများ ပြောကြသည်ကို လုံးဝမယုံဖြစ်နေလေ၏။

တစ်နေ့ မောင်ထွန်းသည် အလုပ်ကိစ္စတစ်ခုဖြင့် မော်ဘီသို့ သွားလေ၏။ သူ့တစ်လက်ကိုင် ကားနီညိုလေးဖြင့် သွားခြင်းဖြစ်၏။ အပြန်လမ်းတွင် မိုးဖွဲဖွဲလေးများကျလာ၍ မှန်အတွင်း အငွေ့ပျံထွက်သည်များကို အဝတ်ဖြင့် သုတ်၏။ ထိုစဉ် နောက်ကြည့်မှန်မှတစ်ဆင့် ကားနောက်ပိုင်းတွင် မြိန့်မြိန့်ကြီးထိုင်နေသော အသက်(၆၀)ကျော်အ

www.burmeseclassic.com

ဇနီးမောင်နှံနှစ်ယောက် ထိုင်နေသည်ကို အမှတ်မထင် မြင်တွေ့ရလေ၏။ နောက်ပြန်လှည့်ကြည့်သော် မတွေ့ရတော့။

မောင်ထွန်းသည် အမှတ်မထင် တွေ့လိုက်ရသည့်အတွက် လန့်ဖျပ်သွားသော်ငြားလည်း ကြောက်ရွံ့စိတ်ကား မပေါ်ခဲ့ချေ။ မောင်ထွန်း တစ်ချက်ပြုံးလိုက်ပြီး ငါ့ကောင်တွေပြောတာ ဒီဦးလေးကြီးတို့ ဇနီးမောင်နှံပဲ ဖြစ်မယ်။

'ဟေ့ကောင်တို့ရေ..ဒါ တစ္ဆေမဟုတ်ဘူးကွ။ ကားပိုင်ရှင်တွေ၊ မူလကားပိုင်ရှင်တွေ။ ငါ့ကို ကြည့်ရှုစောင့်မနေကြသူတွေကွ။ သူတို့ စောင်မ,ကြည့်ရှုမှုကြောင့် ငါ့လုပ်ငန်းတွေ အောင်မြင်နေတာ။ ငါ့ကို သူတို့က အိပ်မက်ပေး ထီထိုးခိုင်းလို့ ထီဆုကြီးပေါက်ခဲ့ပြီးပြီ။ ဒါကို မင်းတို့က မသိဘဲ'ဟု စိတ်အတွင်းမှ ပြောလေ၏။

မောင်ထွန်းသည် ဇနီးသည်အား ဦးလေးကြီးတို့ ဇနီးမောင်နှံအကြောင်းကို ချီးမွမ်းခန်းဖွင့်ကာ ပြောဆိုမိလေ၏။

ထိုအခါ ဇနီးဖြစ်သူသည် မျက်ကလူးဆန်ပျာဖြစ်ပြီး-

'အစ်ကို..ကြာရင် ဒုက္ခဖြစ်လိမ့်မယ်။ ကျွန်မတို့ သားသမီးတွေ တစ်ခုခုဖြစ်လိမ့်မယ်။ အခုတောင် အလုပ်သမားတွေ ညဘက် အလုပ်မလုပ်ကြတော့ဘူး မဟုတ်လား။ အဲဒီကားကို မြန်မြန်သာ ထုတ်လိုက်ပါတော့'ဟု စိုးရိမ်စိတ်ဖြင့် ပြောလေ၏။

ထိုသည့်နေ့မှစ၍ မောင်ထွန်း၏ဇနီးသည် ကားနီညိုလေးကို မစီးတော့။ ဘယ်သွားသွား ဘယ်လာလာ ကားငှားစီးလေ၏။ လိုင်းကားကိုလည်း တိုး၍ တက်၍ စီးနေလေ၏။ ဒါအတွက် မောင်ထွန်း စိတ်မကောင်းဖြစ်ရလေ၏။

မောင်ထွန်းတို့ မိသားစုသည် စာရေးသူနှင့် လွန်စွာ ရင်းနှီးခဲ့လေ၏။ စာရေးသူ၏ အိမ်ခြေရင်း တိုက်ခန်းတွင် ငှားရမ်းနေထိုင်ခဲ့ဖူးလေ၏။ ထိုစဉ်က ကြွယ်ဝသူတစ်ယောက် မဟုတ်သေး။ ယခုကား သူသည် လုပ်ငန်းရှင်ကြီးတစ်ဦးပမာ ဖြစ်တည်နေချေပြီ။ သို့သော် သူတို့နှင့် စာရေးသူမိသားစု အဆက်အသွယ်မပြတ် ရှိနေချေသေး၏။ မကြာခဏလည်း တွေ့ဆုံဖြစ်ကြလေ၏။

တစ်နေ့သောအခါက သူတို့နှင့် စာရေးသူမိသားစု ရွှေတိဂုံစေတီအနီး တောင်တော်ဦး ဘုန်းတော်ကြီးကျောင်းတိုက်တွင် အမှတ်မထင် ဆုံမိကြလေ၏။ စာရေးသူသည် ကျောင်းကထိန်အတွက် ငွေစက္ကူအသစ်(ဘဏ်ထုပ်)များ လာရောက်ပေးအပ်သလို သူတို့မိသားစုကလည်း ကထိန်အတွက် အလှူငွေလာထည့်ဝင်သည့်အခိုက် ကြုံတွေ့ကြရခြင်း ဖြစ်လေ၏။

နှစ်မိသားစု တွေ့ရာလေးပါး ပြောဆိုကြရင်း ဆရာတော်အား ဖူးတွေ့ကြလေ၏။ ဆရာတော်သည် စာရေးသူအပါအဝင် သူ၏ ဒကာ,ဒကာမအားလုံးအား စီးပွားရေး ကျန်းမာရေး၊ လုပ်ငန်းကိစ္စများအား အောင်မြင်စေ[illegible] အလျဉ်းသင့်သလို ဆောင်ရွက်ပေးခဲ့သူ ဖြစ်လေ၏။

ဆရာတော်က စာရေးသူမိသားစုအတွက်လည်း စီးပွားရေးကိစ္စ၊ ရာထူးဌာနန္တရကိစ္စ၊ ကျန်းမာရေးကိစ္စများအတွက် စီရင်ပေးခဲ့ဖူး၏။ လိုအပ်သည်များ၊ အခက်အခဲရှိသည်များကို လျှောက်ထားရန်လည်း မိန့်ဆိုလေ၏။

စာရေးသူမှလည်း အဆင်ပြေပါကြောင်း၊ လိုအပ်လျှင် လျှောက်ထားပါမည့်အကြောင်း ပြောပြလေ၏။

ထို့နောက် မောင်ထွန်းမိသားစုဘက်သို့ လှည့်၍-

'ဒကာမောင်ထွန်းက အတော်ဟုတ်နေပြီနော်။ [illegible] များ လျှောက်တင်ချင်သေးသလဲ'ဟု မေးလေ၏။

ဤတွင် မောင်ထွန်း၏ဇနီးမှ ကားနီညိုလေး၏ ဖြစ်စဉ်ဇာတ်ကြောင်းကို လျှောက်တင်လေတော့၏။

ဖြစ်စဉ်ကို လျှောက်တင်ပြီး-

'တပည့်တော်မတော့ အတော်ကြောက်နေပါပြီဘုရား။ အခုလည်း ကားငှားစီးလာခဲ့ကြတာပါဘုရား'ဟု ဆိုလေ၏။

ဆရာတော်က အတန်ငယ် အာရုံပြုပြီး မောင်ထွန်းသို့ အကြည့်ရွေ့ကာ-

'ဒကာမောင်ထွန်းရဲ့ကားမှာ နှစ်ကောင်ရှိနေတယ် လင်မယားနှစ်ယောက်ကွယ့်။ ဟုတ်လား'

မောင်ထွန်းသည် တအံ့တဩဖြစ်ပြီး-

'ဘုန်းဘုန်း ဘယ်လိုသိသလဲဘုရား'

'အဲဒါတွေ မေးမနေနဲ့။ ဟုတ်,မဟုတ်ပြောပါ ဒကာမောင်ထွန်း'

ဟု ဆိုလေတော့-

မောင်ထွန်းမှ ဟုတ်မှန်ကြောင်းနှင့် သူတို့ဇနီးမောင်နှံသည် သက်ရှိထင်ရှား ဘဝကတည်းက ခင်[illegible]ကြောင်း၊ တပည့်တော်ကိုလည်း သူတို့မှ သားတစ်ယော[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကိုချစ်ခင်ခဲ့ကြောင်း၊ သူတို့မှာ သားထောက်သမီးခံလည်း ရှိကြောင်း၊ သူတို့သည်ကားလေးတစ်စီး ဝယ်ခဲ့ကြောင်း၊ ကားကလေးကို သံယောဇဉ်ဖြစ်ခဲ့ပြီး တသသဖြစ်နေခဲ့ကြောင်း၊ ထိုကားကလေးဖြင့်ပင် ထောက်ကြံ့တစ်နေရာ၌ ကုန်တင်ကားတစ်စီးဖြင့် ရင်ဆိုင်တိုက်မိပြီး ဇနီးမောင်နှံနှစ်ယောက်လုံး ပွဲချင်းပြီး သေဆုံးခဲ့ကြောင်း၊ ထိုကားလေးကို တပည့်တော်မောင်ထွန်း ဝယ်ယူပြင်ဆင်ခဲ့ကြောင်း၊ သူတို့သည် ကားထဲတွင် စွဲကပ်ရှိနေကြောင်း၊ တပည့်တော် မောင်ထွန်းအားလည်း အစစအရာရာ ကူညီပံ့ပိုးမှု ရှိနေကြောင်း လျှောက်တင်လေ၏။

ဆရာတော်က-

'အင်း··ဒကာမောင်ထွန်းက သူတို့ကို သံယောဇဉ် ရှိနေပုံရတယ်။ ရှိလည်း ရှိနိုင်ပါပေတယ်။ သူတို့က ဒကာမောင်ထွန်းရဲ့မိဘတွေ တော်ဆပ်ခဲ့ဖူးတာပဲ'

'တင်ပါ့ဘုရား၊ သူတို့က တပည့်တော်ကို သားတစ်ယောက်လို ချစ်ခင်ခဲ့ပါတယ်ဘုရား'

'ဒါတော့ဒါပေါ့ ဒကာ။ သံယောဇဉ်မဖြစ်သင့်တာကို ဖြစ်ပါနဲ့။ ဒကာနဲ့ သူတို့က ဘဝခြားနေခဲ့ပါပြီ။ သူတို့ ကျွတ်လွတ်အောင် လုပ်ပေးဖို့လိုတယ်'

'သူတို့က တပည့်တော်ကို အနှောင့်အယှက်မပေးတဲ့ အပြင် ကူညီနေသေးတယ်လေ'

'ဒကာမောင်ထွန်း၊ ဘုန်းကြီးပြောမယ် နားထောင်။ လူတွေဟာ စုတိစိတ်ကျတဲ့အခါ(သေတဲ့အခါ) တစ်စုံတစ်ခုကို စွဲလမ်းပြီးသေရင် ပြိတ္တာဖြစ်တယ်။ ခေတ်စကားအရ ပြောရရင် တစ္ဆေဖြစ်တယ်ပေါ့။ တစ္ဆေဘဝဟာ အတော်ဆင်းရဲကြပ်ပါတယ်။ အပါယ်လေးဘုံသားတွေ မဟုတ်လား။ အတော်လေးကို ဒုက္ခတွေ ကြုံနေကြရတယ်။ သူတို့ဟာ အဲဒီမွန်းကြပ်နေတဲ့ဘဝမှာ ဘယ်နေချင်ကြပါ့မလဲ။ ဒါကြောင့် ဘယ်သူဘယ်ဝါတွေက သူတို့ကို ကျွတ်လွတ်အောင် လုပ်ပေးပါ့မလဲလို့ မျှော်ကိုးပြီး လူတွေကို ကပ်ကြတယ်၊ အသိပေးကြတယ်ပေါ့။ အသိပေးနည်းတွေကတော့ အနံ့ပေးတာတို့၊ ခြောက်လှန့်တာတို့၊ ကိုယ်ထင်ပြတာတို့ လုပ်တတ်ကြတယ်။

ဒကာမောင်ထွန်းလည်း ကိုယ်တွေ့ကြုံရမယ် ထင်တယ်။ သူတို့ကို ကျွတ်လွတ်ဖို့ ဒကာလုပ်ပေးပါ။ ဒကာ ကုသိုလ်ရပါလိမ့်မယ်။ လုပ်လည်း လုပ်ကောင်းပါတယ်။

သူတို့က လူကောင်းသူကောင်းတွေမို့ အမြင့်ဘုံကို ရောက်ကြမယ်လို့ ဘုန်းကြီးတွက်ဆမိတယ်။ အနည်းဆုံး လူ့ဘုံရောက်မယ်၊ အမြင့်ဆုံး နတ်ပြည်ပေါ့။ ဘုန်းကြီးပြောတာ ဒကာမောင်ထွန်း ဘဝင်ကျရဲ့လား'

'ဗျာ··အဲ··တင်ပါ့။ သူတို့ အမြင့်ဘုံကို ရောက်မယ်လား။ တပည့်တော် ဘာလုပ်ပေးရမလဲ အမိန့်ရှိပါဘုရား'

'အိမ်း··ဒကာမောင်ထွန်းက သူတို့အတွက် သီးသန့်ရည်စူးပြီး ကျွတ်လွတ်အောင် အလှူလုပ်ပေးရမယ်။ ဘုန်းကြီးလည်း သူတို့အတွက် ကျွတ်လွတ်စေဖို့ လုပ်ပေးပါမယ်။ အမျှအတန်းဝေပြီး သာဓုခေါ်ပေးမယ်။ ဟုတ်လား ဒကာ'

'တင်··တင်ပါ့ဘုရား'

မောင်ထွန်းမျက်နှာပြင်တစ်ခွင်လုံး ပီတိလွှမ်းနေလေသော်ငြားလည်း ဝမ်းနည်းသလိုကား ရှိနေသေးသည်ထင့်။ မောင်ထွန်း၏ဇနီးကား ပျားရည်ဆမ်းမျက်နှာနှင့် ဖြစ်နေလေတော့၏။

ဆရာတော် မိန့်ကြားသည့်အတိုင်း မောင်ထွန်းသည် ကွယ်လွန်သူတို့အတွက် သင်္ကန်းနှစ်စုံ၊ ဆရာတော်အပါအဝင် သံဃာငါးပါးဖြင့် အလှူအတန်းပြုလေ၏။

ထိုနေ့ ညတွင် မောင်ထွန်း၏ နီညိုရောင်ကားလေးသည် သူ့အလိုလို လှုပ်ခါယွမ်းနေလေ၏။ ဖြစ်စဉ်ကို သိကြသူတို့မှ ကြေကွဲဖွယ်မြင်ကွင်းဟု ဆိုကြလေ၏။ မောင်ထွန်းသည်လည်း ကားလေးကိုကြည့်ရင်း မျက်ရည်ဝဲနေလေ၏။ ဇနီးသည်သည်လည်း သည်အခါတွင်တော့ ဝမ်းနည်းသယောင် ရှိနေလေတော့၏။

ထို့နောက် မောင်ထွန်းရော ဇနီးသည်ကိုပါ အိပ်မက်ပေး၍ သူတို့ဇနီးမောင်နှံနှစ်ယောက် လူ့ဘဝသို့ ပြန်လည်ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ မောင်ထွန်းတို့ ဇနီးမောင်နှံအားလည်း အနေမွန်းကြပ်လှပါသော ပြိတ္တာတစ္ဆေဘဝမှ ကျွတ်လွတ်စေရန် လုပ်ဆောင်ပေးသဖြင့် ကျေးဇူးအထူးတင်ကြောင်း ပြောဆိုခဲ့လေတော့၏။

အိပ်မက်အကြောင်းကို ပြန်လည်ပြောဆိုကြရင်း မောင်ထွန်းတို့ ဇနီးမောင်နှံနှစ်ယောက် အသံတိတ် ငိုကြွေးလေတော့၏။

**ကိုမောင်[illegible]**

www.burmeseclassic.com

www.burmeseclassic.com



## စိတ္တဇဆန်သော ကိုယ်တွေ့ခံစားမှု

မိုးချုပ်စနှင့် မိုးရွာစပဲ ရှိသေးသည်။

ညသည် နက်ရှိုင်းစွာ မှောင်မိုက်သွားလေ၏။ ကျွန်တော်သည် ထီးနှင့်မိုးကာ ဆောင်ယူမလာသောကြောင့် နီးရာအိမ်တစ်အိမ်၏ ပေါ်တီကိုအောက်သို့ ပြေးဝင်ကာ မိုးခိုလေ၏။

၎င်းအိမ်ကြီးမှာ ရှေးဆန်ဆန် အိမ်အိုကြီးတစ်အိမ်ဖြစ်လေသည်။ ပျဉ်ထောင် နှစ်ထပ်အိမ်ကြီးဖြစ်သည်။ ရေနံချေး သုတ်ထားခြင်း ကင်းဝေးနေပုံရ၏။ နံရံတချို့မှာ ကွက်ကျားလိုက်ကာ ဖျော့တော့တော့ ဖြစ်နေသည်။ နွယ်တချို့လည်း အိမ်နံရံတချို့မှာ တွယ်ကပ်ပေါက်ရောက်နေကြသည်။ အိမ်ပုံစံကိုကြည့်ရုံနှင့် ထိုအိမ်ကြီးမှာ အသက်ကြီးနေပြီမှန်း သိသာ၏။

ထိုအိမ်ကြီး၏ပိုင်ရှင်မှာ မိုက်ကယ်ကိန်း ဖြစ်သည်။ ၎င်းသည် အင်္ဂလိပ်လူမျိုးဖြစ်၍ ၎င်း၏မိန်းမမှာ မြန်မာအမျိုးသမီး ဖြစ်လေသည်။

လွန်ခဲ့သော အနှစ်(၅၀)ကျော်က ထိုလင်မယား နှစ်ယောက်သည် ကိုယ့်သဘောနှင့်ကိုယ် သတ်သေသွားကြသည်ဟု ဆိုကြ၏။ ထိုစကားသည် အရပ်စကားဖြစ်သော်လည်း လူအတော်များများက လက်ခံယုံကြည်စွာ ယနေ့တိုင် ပြောစမှတ်ရှိနေဆဲပင်။

'ခြိမ်း'

ရုတ်တရက် မိုးခြိမ်းသံကြောင့် ထိတ်လန့်စွာ ကျွန်တော်၏ အတွေးတို့သည် ပြတ်သွားလေ၏။ လေတချို့ မိုးရေစက်တို့ကို သယ်ဆောင်ကာ ကျွန်တော်၏ ကိုယ်သို့ ပက်ဖျန်းလေ၏။

'ဟာ'

ကျွန်တော့်နှုတ်က ရေရွတ်ရင်း မိုးလွတ်ရာသို့



www.burmeseclassic.com

www.burmeseclassic.com

…ြောင်း၍ ရပ်လိုက်သည်။ မိုးက သည်းလာပုံရသည်။ …မိုးသံနှင့် လျှပ်ရောင်တို့က ညအမှောင်ထုကို ချောက် …စေသည်။ ကျွန်တော်သည် ကြောက်စိတ်အနည်းငယ် …လာမိ၏။

လူသွားလူလာ မရှိဘဲ တိတ်ဆိတ်ငြိမ်သက်နေသော …ကြောင့် အားငယ်ချင်သလိုလည်း ဖြစ်မိလေ၏။

'ဒီမယ်..ဒီမယ်'

မိုးသံ လေသံနှင့် ရောပါလာသော အသံတစ်ခု …ကြောင့် ထိုအသံကို ကျွန်တော် လိုက်ရှာမိသည်။ လက် …ဓာတ်မီးထိုး၍ ကျွန်တော်ရှိရာ ပေါ်တီကိုအောက်သို့ …လျှောက်လာနေသော လူရိပ်သဏ္ဍာန်တစ်ခုကို တွေ့လိုက် …၏။ သိပ်မဝေးလှပေ။ လက်တစ်ကမ်းလောက်ပဲ ဝေး …သည်။ တစ်ကိုယ်လုံးကို မိုးကာနက်ကြီးဖြင့် ဖုံးလွှမ်းထား …သော၏။

'ဒီမယ်ရှင့်၊ မေးနေတယ်လေ။ မကြားဘူးလား'

'မကြားဘူး၊ မိုးက အရမ်းရွာပြီး မိုးချုန်းသံတွေ …နေလို့။ ဒီမယ်..ဒီမယ်ဆိုတဲ့ အသံကိုတော့ ကျွန်တော် ကြားမိသလိုပဲ'

'ဒီမှာ ဘာလုပ်နေတာလဲ'

'မိုးခိုနေတာ။ ခင်ဗျားရော မိုးခိုဖို့ ရောက်လာတယ်နဲ့ …တူတယ်'

ဦးခေါင်းပိုင်းကို ဖုံးလွှမ်းထားသော မိုးကာခေါင်း …အနက်ကို ချွတ်လိုက်တော့မှ မိန်းကလေးတစ်ယောက် ဖြစ်နေမှန်း ကျွန်တော်သိလိုက်ရ၏။

'ကျွန်မ မိုးခိုဖို့ လာတာ မဟုတ်ဘူး။ ကျွန်မအိမ် …ကျွန်မ ပြန်လာတာ။ ဒီမှာ ရှင့်ကိုတွေ့လို့ မေးတာ။ ရှင် …တစ်ခုခု ကြံစည်ဖို့ လုပ်နေတယ်မဟုတ်လား'

'ဟာ..ဗျာ..ဒုက္ခပါပဲ'

ကျွန်တော် လွတ်ခနဲ ရေရွတ်လိုက်ပြီးနောက်-

'ဘုရားပေးပေး ကျမ်းပေးပေးပါဗျာ၊ ဘာအကြံ …အစည်မှ မရှိရိုးအမှန်ပါဗျာ။ မိုးခိုရုံသက်သက်လေးပါ။ …ခိုင်းဘူး ခွင့်မပြုဘူးဆိုရင် ကျုပ် အခုပဲ ဟောဒီပေါ်တီကို အောက်က ထွက်သွားပေးပါ့မယ်'

ကျွန်တော်က ပြောပြီးထွက်ခွာဖို့ ခြေလှမ်းပြင်စဉ် …ကျွန်တော်၏ လက်မောင်းအင်္ကျီစကို ဆွဲကိုင်၍-

'ရိုးရိုးသားသားဆိုရင် မိုးခိုရုံတင်မဟုတ်ပါဘူး၊ အိမ်ထဲ ဝင်ထိုင်လို့ရပါတယ်။ အအေးမိနေရင်လည်း ကျွန်မ လက်ဖက်ရည်ပူပူလေးတစ်ခွက် တိုက်နိုင်ပါတယ်'

သူမ၏စကားကြောင့် ကျွန်တော် မှင်တက်သွား၏။ ကနဦးအစက စကားသံမျိုး မဟုတ်တော့ဘဲ လေပြည်နုနုလေးတိုက်ခတ်သလို အလွန်နူးညံ့သိမ်မွေ့နေလေ၏။

'ဒီက ဘယ်သူလဲတော့ မသိဘူး။ ဒီအိမ်ရဲ့ပိုင်ရှင် ဟုတ်ပါတယ်နော်'

'ဟုတ်ပါတယ်။ ဘာဖြစ်လို့ ဒီမေးခွန်းကို မေးတာလဲ'

သူမက ကျွန်တော့်ကို အဖြေပေးရင်း တစ်ဆက်တည်းပင် မေးခွန်းပါမေးလေ၏။ သူမ၏ မေးခွန်းကို ကျွန်တော် ဘယ်လိုဖြေရမှန်းပင် မသိပေ။

'မသိဘူး၊ ဘယ်လိုဖြေရမှန်း မသိဘူးဗျာ။ ဘေးစကားတွေ၊ အရပ်စကားတွေ သူတို့အထင် သူတို့အမြင်တွေအတိုင်းလည်း ကျွန်တော် မပြောချင်ဘူး။ မဖြေချင်ဘူး။ ကျွန်တော့်ကိုယ်တွေ့ မျက်တွေ့ မဟုတ်ရင် ရမ်းပြောရမ်းဆို မလုပ်တတ်ဘူး။ မပြောတတ်ဘူး'

'ကျွန်မ သိတယ်။ အရပ်စကားတွေကို ကျွန်မ ကြားပါတယ်။ ထားပါလေ၊ အိမ်ထဲဝင်ပါ။ ကျွန်မ ဖိတ်ခေါ်ပါတယ်။ အေးအေးဆေးဆေး စကားပြောကြတာပေါ့'

သူမက ဘာဂျာတံခါးကို ဖွင့်၍ 'ကျွန်မနောက်က လိုက်ခဲ့ပါ' ဟုဆို၍ ကျွန်တော် လိုက်ဝင်ခဲ့လေ၏။

တစ်ခန်းလုံး မှောင်နေသဖြင့် တစ်စုံတစ်ခုနှင့် ကျွန်တော် ဝင်တိုက်မိသည်။

'ဒုန်း..ဟာ'

'အို..ဆောရီး၊ ခဏလေး ရပ်နေပေးပါ။ ကျွန်မ မီးဖွင့်ပေးမယ်' ဟုဆို၍ မီးခလုတ်များကို လိုက်ဖွင့်သည်။

တစ်အိမ်လုံး လင်းထိန်၍သွားလေတော့၏။

◆◆◆

ဧည့်ခန်းတစ်ခုအတွင်းသို့ ကျွန်တော်တို့ ရောက်နေကြသည်။ သူမက ကျွန်တော့်ကို 'ဧည့်ခန်းမှာ ခဏထိုင်ပါ။ ကျွန်မ အဝတ်အစား လဲလိုက်ဦးမယ်' ဟု ဆိုကာ အခြားအခန်းတစ်ခုအတွင်းသို့ ဝင်သွား၏။

ကျွန်တော်လည်း ဆုကြောင်ကြောင်ဖြင့် ဧည့်ခန်း… ထိုင်လျက် တစ်အိမ်လုံးကို အကဲခတ်ကြည့်သည်။ ကျွန်… တော်ရောက်နေသည်မှာ အောက်ထပ်ဖြစ်၍ …

www.burmeseclassic.com

www.burmeseclassic.com

သို့ တက်သော လှေကားကို တွေ့သည်။

စောစောက အိမ်ထဲအဝင်၌ ကျွန်တော်တိုက်မိခဲ့သော လှေကားဖြစ်၏။ ကြောင်လိမ်လှေကားတော့မဟုတ်၊ နှစ်ဆင့်ကွေ့ သုံးဆင့်အရောက် ကျွန်းကို ပွတ်လုံးပန်းခက်များဖြင့် ပြုလုပ်ထားသော လှေကားဖြစ်သည်။

ကျွန်တော်ထိုင်နေသော နေရာနှင့် ဘယ်ဘက် ဖားလွှယ်ခုတ် လူတစ်ရပ်ကျော်ကျော် နံရံတစ်ခုပေါ်တွင် ပုံတူပန်းချီကားနှစ်ချပ် ယှဉ်လျက် ချိတ်ဆွဲထားသည်ကို မြင်သည်။

အမျိုးသားပုံနှင့် အမျိုးသမီးပုံ ဖြစ်၏။ အမျိုးသားမှာ နှာတံပေါ်ပေါ် အင်္ဂလိပ်လူမျိုးဖြစ်၍ အမျိုးသမီးပုံမှာ မြန်မာအမျိုးသမီး ရွှေမန်းသူ ဖြစ်ပုံရ၏။ ခြေထောက်နှစ်ဖက် (ခြေချင်းဝတ်)တွင် ရွှေခြေချင်းတစ်စုံကို မြင်တွေ့ရသောကြောင့် ဖြစ်သည်။

ပုံများမှာ အင်မတန် လက်ရာမြောက်ပေ၏။

အမျိုးသားပုံမှာ ခပ်တည်တည်ဖြစ်၍ အမျိုးသမီးပုံမှာမူ ပြုံးတော့မယောင်ယောင် ရယ်တော့မယောင်ယောင်ဖြင့် အသက်ဝင်လှ၏။

ခဏအကြာတွင် အဝတ်အစားလဲ၍ သူမ ထွက်လာပြီး ဧည့်ခန်းရှိ ခုံလွတ်တစ်ခုမှာ ထိုင်သည်။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ဖြစ်၏။

'ဆောရီးပဲရှင်၊ ကျွန်မ မေ့သွားတယ်'ဟု ဆိုကာ စားပွဲပေါ်က မောင်းတံနှင့်ထု၍ နှောင်ဟူသော အသံမတိတ်ခင် မိန်းကလေးတစ်ယောက် ဧည့်ခန်းအတွင်းသို့ သုတ်သုတ်ရောက်လာ၏။

'ဟဲ့··မယ်စိန်၊ ဧည့်သည်နဲ့ ငါ့အတွက်·လက်ဖက်ရည်ပူပူလေး နှစ်ခွက်ရယ်၊ မုန့်ရယ် အမြန်ဖျော်ပြီး ယူလာခဲ့'

'ဟုတ်ကဲ့ မမ'ဟုဆိုကာ မိန်းကလေးသည် စောစောက အတိုင်းပင် သုတ်သုတ်ပြန်ထွက်သွားလေ၏။

'ကျွန်မတို့ စကားပြောကြမယ်။ အဲ··မပြောခင် အရင်ဦးဆုံး မိတ်ဆက်ကြရအောင်။ ကျွန်မနာမည်က စင်သီယာလို့ ခေါ်တယ်။ မြန်မာနာမည်ကတော့ မဌေးလို့ ခေါ်တယ်။ ဒီက နာမည်က··'

'ဟုတ်ကဲ့၊ ကျွန်တော့်နာမည်က အလက်ဇ်လို့ ခေါ်ပါတယ် မစင်သီယာ'

'အိုး··အင်္ဂလိပ်နာမည်မှာ မတို့၊ ဒေါ်တို့ ထည့်
နားထောင်လို့ မကောင်းဘူးထင်တယ်။ မ,မဖြုတ်ချင်
ဆိုရင် မမဌေးလို့ ခေါ်ပါ။ ကျွန်မ လက်ခံပါတယ်။
အလက်ဇ်ဆိုတဲ့ နာမည်က ဗမာနာမည်တွေထဲမှာ ခပ်
ရှားပဲနော်။ နာမည်လေးက ဆည်းလည်းသံလိုပဲ၊
ထောင်လို့ အရမ်းကောင်းတယ်။ ကဲ··မိတ်ဆက်လို့
ပြီဆိုတော့ ကျွန်မတို့ စကားပြောကြရအောင်'

'ဟုတ်ကဲ့၊ ပြောပါခင်ဗျာ'

'ပြောဆို မပြောခင် ကျွန်မ ကိုအလက်ဇ်ကို
လေးနဲ့ စချင်တယ်။ စောစောက အိမ်ထဲ မရောက်ခင်
ကိုအလက်ဇ် ပြောခဲ့တာ ကြားလိုက်ပါတယ်'

'ဟုတ်ကဲ့၊ ဘာလဲ မသိဘူး'

'ဒီအိမ်ကြီးနဲ့ ပတ်သက်ဆက်နွှယ်နေတဲ့ အကြောင်း
အရာတစ်ခုပဲ။ ဘာတဲ့၊ ကိုယ်တွေ့မျက်တွေ့ မဟုတ်
ရမ်းပြော ရမ်းဆို မလုပ်တတ်ဘူး။ မပြောတတ်ဘူးဆို
လေ'

'ဪ··ဟုတ်ကဲ့၊ ကျွန်တော်ပြောမိတာ
တယ်။ မမဌေးနဲ့ပတ်သက်ပြီး အရပ်က ဝေဖန်သံ
အမျိုးမျိုးကြားနေရလို့ပါ။ ဒါက အရပ်က ကြားခဲ့
စကားတွေပါ။ တစ်ဆင့်ကြားတဲ့ စကားပါ။ မမဌေး
တော့်ရဲ့ မျက်တွေ့ ကိုယ်တွေ့ မဟုတ်ပါဘူး'

'ဟုတ်ပါတယ်။ ကျွန်မလည်း ကိုအလက်ဇ်
သလိုပဲ ကြားပါတယ်။ ဒါပေမဲ့ ဒီကိစ္စက ကျွန်မတို့
မို့ အရပ်ကို ရှင်းပြဖို့ မလိုဘူးထင်လို့ ကျွန်မ မရှင်းပြ
အခု ကိုအလက်ဇ် ကျွန်မတို့အိမ်ကို ရောက်နေပြီ။ ဒီ
ပတ်သက်ပြီး ကိုအလက်ဇ်ရော ဘယ်လိုမြင်လဲ။ ဘယ်
ဝေဖန်ချင်လဲ မသိဘူး'

မမဌေး စကားအဆုံးမှာ စောစောက မယ်စိန်ဆို
အိမ်ဖော်မိန်းကလေး မုန့်၊ လက်ဖက်ရည် ဇန်းနှင့်
ရောက်လာသည်။ စားပွဲပေါ် ချပေးပြီး ပြန်ထွက်သွား

မမဌေးက ကျွန်တော့်ရှေ့သို့ မုန့်နဲ့ လက်ဖက်ရည်
ချပေးသည်။

'သုံးဆောင်ပါဦး ကိုအလက်ဇ်'

'ဟုတ်ကဲ့'

ကျွန်တော် လက်ဖက်ရည်သောက် ဖြစ်သ
လည်း စားဖြစ်သည်။ မုန့်မှာ ကိတ်ခြောက်မုန့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

'ဆက်ပါဦး၊ စောစောက စကားကို။ ကိုအလင်္ကာ နဲ့ ပွင့်ပွင့်လင်းလင်း ထင်သလို မြင်သလို ဝေဖန်လို့ ယ်နော်'

'အမှန်အတိုင်းပြောရရင် ကျွန်တော် မထင်တတ်ဘူး၊ င်တတ်ဘူး။ ဝေဖန်ရမယ်ဆိုရင်တော့ ဒီအိမ်ကြီးကို န်တော် စိတ်ဝင်စားတာ အမှန်ပဲ'

'ဘယ်လိုစိတ်ဝင်စားတာလဲ ကိုအလင်္ကာ'

'ဒီအိမ်ကြီးနဲ့ပတ်သက်ပြီး စိတ်ကူးယဉ် ဝတ္ထုဇာတ် တစ်ပုဒ်လောက် ရေးချင်စိတ် ဖြစ်မိတယ်ဆိုတဲ့ စိတ် စားမှု တစ်ရပ်ပါ'

'ကိုအလင်္ကာက စာရေးဆရာလား'

'စာပေဝါသနာရှင်ပါ။ နောက်မှ ဂမ္ဘီရဝတ္ထုလေး လေး ရေးတဲ့ စာသမားတစ်ယောက်ပါ'

'သြော်..ဟုတ်ကဲ့၊ လေးစားပါတယ်။ ကျွန်မကတော့ ပ်ကွက်ထဲက သာမန်အရပ်သား တစ်ယောက်လို့ ထင် '

'စာရေးတဲ့သူလည်း သာမန်အလုပ်သမား တစ် က်ပါပဲ မမဥ္ဇူ'

'ဟုတ်ကဲ့၊ ထားပါ။ ကိုအလင်္ကာ ဧည့်ခန်းထဲက ချီကား နှစ်ချပ်ကိုတော့ မြင်တွေ့မှာပေါ့နော်'

'ဟုတ်ကဲ့၊ မြင်ပါတယ်။ စိတ်လည်း ဝင်စားပါတယ် ဥ္ဇူ'

'အဲဒါ ကျွန်မရဲ့ ဘိုးဘိုးနဲ့ ဘွားဘွားရဲ့ ပုံတူပန်းချီ တွေပဲ။ ပန်းချီလက်ရာ ဘယ့်နှယ်လဲ'

'တော်တော့်ကို လက်ရာမြောက်တဲ့ ပန်းချီကားတွေ ။ ရေးချက်က အသက်လည်း ဝင်နေသလိုပဲဗျာ'

ကျွန်တော့်စကား၊ ကျွန်တော့်ဝေဖန်ချက်ကြောင့် သူမ ပြုံးလေသည်။

ကျွန်တော်က 'လက်ဖက်ရည်တွေ အေးကုန်တော့ ။ သောက်လိုက်ပါဦးလေ' ဟု သတိပေးလိုက်တော့မှ ခေါင်းညိတ်၍ လက်ဖက်ရည်သောက်သည်။ မုန့် တော့ မစားပေ။

'လက်ဖက်ရည်ကို ကျွန်မ သိပ်မကြိုက်ဘူးရှင့်။ န်မက ကော်ဖီပဲ သောက်တာ။ ကိုအလင်္ကာတို့ ကျိုးလေးတွေက လက်ဖက်ရည် အသောက်များ၊ ကြိုက်များလို့ စီစဉ်လိုက်တာ။ ကိုအလင်္ကာ လက်ဖက်ရည် ကြိုက်တယ် မဟုတ်လား'

'ဟုတ်ကဲ့၊ ကြိုက်ပါတယ်'

'ကျွန်မရဲ့ ဘိုးဘိုးနာမည်က မိုက်ကယ်ကိန်းလို့ ခေါ်တယ်။ ဘွားဘွားကတော့ ဒေါ်သူဇာဒေဝီလို့ ခေါ်တယ်။ ဘိုးဘိုးက အင်္ဂလိပ်လူမျိုးစစ်စစ်၊ ဘွားဘွားက ဗမာလူမျိုး စစ်စစ်လေ'

'သြော်..ဟုတ်ကဲ့'

'အဲဒီပန်းချီကားကို ရေးဆွဲတဲ့လူရော ကိုအလင်္ကာ မသိချင်ဘူးလား'

'သိပ်ကိုသိချင်တာပေါ့ မမဥ္ဇူရယ်၊ စောစောကတည်းက ပန်းချီကားကိုကြည့်ပြီး အဲဒီပန်းချီကားရဲ့ လက်ရာရှင်ကို စိတ်ဝင်တစား ဖြစ်နေခဲ့တာဗျာ။ ကာလာ အရောင်စပ်မှုရော စုတ်ချက်ပါ ဘာမှပြောစရာ မလိုဘူး။ ပုံတွေကလည်း အသက်ဝင်နေသလို ခံစားရတယ်။ ဒါနဲ့ ဘယ်သူဆွဲတာလဲ မမဥ္ဇူ'

'ဒီပန်းချီကားရဲ့ လက်ရာရှင်က ကျွန်မရဲ့ဖေဖေလေ။ ဒယ်ဒီနာမည်က မစ္စတာသောမတ်လို့ ခေါ်တယ်'

'ဗျာ'

ကျွန်တော် အံ့သြထိတ်လန့်စွာ ရေရွတ်လိုက်သည်။ ကျွန်တော်၏ အာမေဋိတ်သံကြောင့် မမဥ္ဇူပါ လန့်သွားပုံ၊ အံ့သြသွားပုံရလေ၏။

ပါးစပ်လေးအဟောင်းသားဖြင့် ကျွန်တော့်ကို ကြည့်ကာ 'ကိုအလင်္ကာက ဒယ်ဒီနဲ့ သိလို့လား' ဟု အံ့သြစွာဖြင့် ပြန်၍ မေးလေ၏။

'သိတာပေါ့ဗျာ၊ ပန်းချီဆရာကြီး ဦးသောမတ်က ကျွန်တော့်ကျေးဇူးရှင် တစ်ယောက်ပါ။ ဆရာနဲ့ မတွေ့တာတောင် နှစ်အတော်ကြာသွားပြီ'

'ဒက်ဒီနဲ့ ဘယ်မှာတွေ့ပြီး ဘယ်လိုရင်းနှီးခဲ့တာလဲ ကိုအလင်္ကာ'

'ပြောရမယ်ဆိုရင်တော့ အရှည်ကြီးပါပဲ။ လိုရင်းနဲ့ တိုရှင်း ပြောရမယ်ဆိုရင်တော့ ကျွန်တော့်ကို ဘွဲ့ရ ပညာတတ်ဖြစ်အောင်၊ အနုပညာရှင်တစ်ယောက်ဖြစ်အောင် အစစအရာရာ ထောက်ပံ့ပေးခဲ့တဲ့ ကျေးဇူးရှင်တစ်ယောက်လို့ပဲ ပြောပါရစေတော့ မမဥ္ဇူ။ အခု ဆရာဦးသောမတ် ဘယ်ရောက်နေတယ် မသိဘူး။ ဘာမပြော ညာမပြော ကျွန်တော်တို့မိသားစုကို အဆက်ဖြတ်သွားလိုက်တာ ပြော

www.burmeseclassic.com

www.burmeseclassic.com

လူ ပဲ့ဗျာ။ ဆရာဟာ အရမ်းကို စေတနာကောင်းပြီး လူတစ်ဖက်သားကိုလည်း အရမ်းသနားတတ်တာ။ အတတ်ပညာ တော်တော်စုံတဲ့ ပညာရှင်ကြီးတစ်ယောက်ပါ။ သူ့ကြောင့် ကျွန်တော် အနုပညာနှင့်ပတ်သက်တဲ့ ဖန်တီးမှု၊ ခံစားမှု၊ လုပ်ဆောင်မှုတွေကို အသေးစိတ် နားလည်သဘောပေါက်အောင် သင်ကြားပေးခဲ့တဲ့ ဆရာ။ အခု ဆရာပေးတဲ့ပညာနဲ့ အသက်မွေးဝမ်းကျောင်း ပြုနေတာပါ။ လတ်စသတ်တော့ မမဥ္ဇူက ကျွန်တော့်ဆရာ၊ ကျွန်တော့်ကျေးဇူးရှင်ကြီးရဲ့ သမီးကိုး။ တိုက်တိုက်ဆိုင်ဆိုင်ပဲဗျာ'

'ခု ဒက်ဒီ အမေရိကားမှာရှိတယ်။ ဘိုးဘိုးနဲ့ ဘွားဘွား ဆုံးပါးသွားပြီးမှ အမေရိကားကို ရောက်တာ။ ဘိုးဘိုးနဲ့ ဘွားဘွား ဆုံးတာ အနှစ်ငါးဆယ်ကျော်ပြီဆိုတာ မဟုတ်ပါဘူး။ (၅)နှစ်ကျော်ပဲ ရှိသေးတာ။ အရပ်စကားဆိုတာ ကိုအလင်္ကာလည်း သိမှာပေါ့။ ဒီလိုပဲ ပိုတတ်ကားတတ်တာပဲလေ'

'ဟုတ်မှာပေါ့။ ကျွန်တော်က ဒီကိုရောက်တာမှ သိပ်မကြာသေးဘဲ။ သုံးနှစ်လောက်ပဲ ရှိသေးတော့ အရပ်အကြောင်း၊ ဒေသအကြောင်း သိပ်နှံ့နှံ့စပ်စပ် မသိသေးဘူးလေ'

'ထားပါတော့ရှင်။ ကျွန်မလည်း မနက်ဖြန်ဆိုရင် အမေရိကားကို ပြန်တော့မှာဆိုတော့ အရပ်သတင်း၊ အရပ်စကားတွေလည်း သိပ်ပြီးစိတ်မဝင်စားပါဘူး။ ကျွန်မစိတ်ဝင်စားတာက ကျွန်မ ဒက်ဒီနဲ့ ကိုအလင်္ကာအကြောင်းပဲ စိတ်ဝင်စားတယ်။ ဒက်ဒီနဲ့ ကိုအလင်္ကာ ရင်းနှီးခဲ့ဖူးတယ်ဆိုတာ ကိုအလင်္ကာဘက်က ဘာသက်သေ ဘာအထောက်အထားများ ပြနိုင်မလဲ မသိဘူး'

'ဆရာကြီးသောမတ်နဲ့ သိတယ်၊ ရင်းနှီးတယ်၊ ကျေးဇူးရှင်ဖြစ်တယ်ဆိုတာပဲ ကျွန်တော်ပြောနိုင်ပါတယ် မမဥ္ဇူ။ အခြားသက်သေအထောက်အထားပြဖို့ ဆရာကြီးရဲ့ စာရွက်စာတမ်း၊ ဓာတ်ပုံဆိုတာလည်း ကျွန်တော့်မှာ မရှိပါဘူး။ ဆရာကြီးသောမတ်ဟာ ကျွန်တော့်ရဲ့ ကျေးဇူးရှင်ဆိုတာတော့ အတိအကျ ကျွန်တော်ပြောရဲပါတယ်၊ ပြောနိုင်ပါတယ်'

'ဘယ်လိုကြောင့် ကိုအလင်္ကာ အတိအကျ ပြောနိုင်တာလဲရှင်'

'ဟို..ဓာတ်ပုံ အင်္ဂလိပ်ကြီး မစ္စတာကိန်းနဲ့ ရုပ်ချင်းဆင်နေလို့ ကျွန်တော်ပြောနိုင်တာပါ' ဟု မစ္စတာကိန်း ပန်းချီကားကို လက်ညှိုးထိုးပြပြီး ကျွန်တော်က ပြောလိုက်လေ၏။

မမဥ္ဇူ ပြုံး၍ ခေါင်းညိတ်လိုက်ပြီး-

'နောက်သက်သေတစ်ခုလည်း ကိုအလင်္ကာ ပြောနိုင်၊ ပြနိုင်လိမ့်မယ်လို့ ကျွန်မ ထင်တယ်'

'ဘာလဲ မသိဘူး'

'အင်း..ဒက်ဒီနဲ့ ရင်းနှီးခဲ့ဖူးတယ်ဆိုတော့ ဒက်ဒီ့ အမျိုးသမီး ကျွန်မမေမေရဲ့ နာမည်လည်း ကိုအလင်္ကာ သိမှာပေါ့'

'ဟုတ်ကဲ့၊ မေ့တော့တော့ ဖြစ်နေတယ်။ နေဦး သိပြီ၊ သိပြီ။ ဒေါ်..သ..ဇင်'

မမဥ္ဇူ အံ့သြစွာပြုံး၍ ခေါင်းညိတ်လိုက်၏။

'မှန်ပါတယ် ကိုအလင်္ကာ။ မေမေ့နာမည်က ဒေါ်သဇင်လို့ ခေါ်တာ ဟုတ်ပါတယ်။ အင်း..လွန်ခဲ့တဲ့နှစ်ကပဲ မေမေ အမေရိကားမှာ ဆုံးသွားပါတယ်'

'ဟာ..စိတ်မကောင်းလိုက်တာဗျာ'

ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ပြောလိုက်ရသောကြောင့် ကျွန်တော့်ရင်တစ်ခုလုံး နာကျင်စွာ တုန်လှုပ်မိလေ၏။ မျက်ရည်များပင် လည်ချင်ချင်ဖြစ်လာ၏။ ကျွန်တော်၏ ကျေးဇူးရှင်များ ဖြစ်ခဲ့သောကြောင့်တည်း။ မမဥ္ဇူသည် ကျွန်တော့်ကို အကဲခတ်ကြည့်နေရာမှ ဖုံကြည်သွား...လေသည်။

'ဒက်ဒီက အမေရိကားမှာ ပန်းချီပညာရှင်၊ ရုပ်...ပန်းပုပညာရှင်လေ။ ဒက်ဒီ အရမ်းအောင်မြင်ပါတယ်။ ဒက်ဒီ့ပညာရပ်က အင်္ဂလန်မှာရော ပြင်သစ်နဲ့ ဂျာမ...ရော ပေါက်မြောက်ပြီး ဈေးကွက်ဝင်နေလို့ ချက်ချင်း ဗမာပြည် ပြန်ရောက်နိုင်မှာ မဟုတ်သေးဘူး။ ကျွန်မ... ခဏလောက် လိုက်ခဲ့။ ကိုအလင်္ကာကို ပြစရာရှိလို့'... ပြောပြီး ဧည့်ခန်းမှ ထကာ ကျွန်တော့်ကို အခန်းတစ်... ရှိရာသို့ ခေါ်ဆောင်သွားလေ၏။

မမဥ္ဇူတို့၏ အိမ်ကြီးမှာ ဝက်ပါကဲ့သို့ အခန်းဖွဲ့... ပုံတွေ များလေ၏။

အခန်းဆောင်တစ်ခုရှေ့သို့ ရောက်သောအခါ မမဥ္ဇူက ရပ်၍ 'ကျွန်မ ဒီအခန်းကို ဖွင့်ပြမယ်။ ကိုအလင်္ကာ...

www.burmeseclassic.com

www.burmeseclassic.com

မြင်ရင် အရမ်းအံ့သြသွားလိမ့်မယ်'ဟု ဆိုကာ တံခါးကို ဖွင့်၍ မီးခလုတ်များကို ဖွင့်လိုက်၏။

မီးအလင်းရောင်သည် တစ်ခန်းလုံး လင်းထိန်၍သွားကာ နေ့အလင်းရောင်ကဲ့သို့ ထင်သာမြင်သာဖြစ်၍သွားလေတော့၏။

ကျွန်တော်၏ အကြည့်များသည် ယှဉ်၍ထားသော ဆိုဖာထိုင်ခုံ နှစ်လုံးဆီသို့ ရောက်သွားသောအခါ ရင်ထဲ ဒိတ်ခနဲ လန့်၍သွားလေ၏။

ဆိုဖာထိုင်ခုံတစ်ခုမှာ ဧည့်ခန်းမှာ မြင်တွေ့ခဲ့ရသော ဆီဆေးပန်းချီကားပုံထဲက အင်္ဂလိပ်ကြီး မိုက်ကယ်ကိန်း ခံ့ခံ့ထည်ထည် ထိုင်နေသည်ကိုတွေ့၍ နောက်ထိုင်ခုံတစ်ခုမှာမူ ဒေါ်သူဇာဒေဝီက မပြုံးတပြုံး အပြုံးဖြင့် ထိုင်နေသည်ကို ထပ်မံတွေ့လိုက်ရသောကြောင့်တည်း။

'ဒါနဲ့ မမဍ္ဍူပြောတော့ အဘိုးနဲ့အဘွားက ဆုံးပြီဆို။ ခု ဘယ်လိုဖြစ်ပြီး ဒီအခန်းထဲမှာ ရောက်နေတာလဲ'ဟု ကျွန်တော်က အံ့သြစွာ မေးလိုက်လေ၏။

'ဟုတ်တယ်၊ ဘိုးဘိုးနဲ့ ဘွားဘွားတို့ ဆုံးသွားပြီလို့ ကျွန်မပြောခဲ့ပါတယ်။ ဒါက ဘိုးဘိုးနဲ့ ဘွားဘွားတို့ရဲ့ ရုပ်တုတွေလေ။ ဒက်ဒီရဲ့ လက်ရာပေါ့'

ဟု ဆိုကာ မမဍ္ဍူက ကျွန်တော့်ဘက် လှည့်ပြီး-

'ကိုအလက်ဇ် တကယ်လူအစစ်တွေလို့ ထင်သွားတယ် မဟုတ်လား'ဟု ဆက်၍ ပြောလေ၏။

'ဟာ··အံ့သြလောက်တဲ့ လက်ရာပဲဗျာ။ ကျွန်တော်က ရုပ်တုလို့ မထင်ဘူး။ လူသားစင်စစ်တွေ ထိုင်နေကြတယ်လို့ ထင်တာ။ အံ့ရော··အံ့ရောဗျာ'ဟု ကျွန်တော်က ပြောလိုက်ရာ မမဍ္ဍူက ဟက်ခနဲ ရယ်မောလေ၏။

ရယ်မောရင်းကပင်-

'ဒက်ဒီက ဘိုးဘိုးနဲ့ ဘွားဘွားကို အရမ်းချစ်တာ။ အစွဲအလမ်းလည်း အရမ်းကြီးတယ်။ ဒီအခန်းက ဘိုးဘိုး ဘွားဘွားတို့ အခန်းလေ။ ဘိုးဘိုးနဲ့ ဘွားဘွားကို အမှတ်တရ ရုပ်တုထုပြီး ပြတိုက်လုပ်ပေးထားတယ်။ တစ်နည်းပြောရရင်တော့ ဘိုးဘိုးနဲ့ ဘွားဘွား လူ့လောကမှာ ရှိသေးတယ်ဆိုတဲ့သဘောပေါ့ ကိုအလက်ဇ်။ ဒယ်ဒီက ပြောသေးတယ်'

'ဟုတ်ကဲ့၊ ဆရာကြီးက ဘာတွေပြောခဲ့လို့လဲ'

'ဘိုးဘိုးနဲ့ ဘွားဘွားက လူ့လောကကို ပြန်လာလိမ့်မယ်လို့ ပြောတယ် ကိုအလက်ဇ်။ ဒယ်ဒီရဲ့ အဲဒီစကားကို ကိုအလက်ဇ် ယုံလား'ဟု မေးလိုက်ရာ ကျွန်တော့်မှာ ဘယ်လိုပြန်ဖြေရမှန်းမသိအောင် အာရုံစား၍သွားလေတော့၏။

စိတ္တဇဆန်သည်ဟု ထင်သော်လည်း ယုံကြည်မှုတစ်ရပ်ကို မဆန့်ကျင်လိုသဖြင့် ကျွန်တော် ပြန်မဖြေဘဲ နှုတ်ဆိတ်၍ နေလိုက်သည်။

'ကိုအလက်ဇ်ကို မေးကြည့်တာပါ။ မဖြေလည်း ရပါတယ်။ ကျွန်မ ကိုအလက်ဇ်ကို နှုတ်ဆက်ခဲ့မယ်။ မနက်ဖြန် ကျွန်မတို့ အမေရိကားကို ပြန်မှာမို့လို့ပါ။ အခါအခွင့်ကြုံရင်တော့ ဆုံကြဦးမှာပေါ့ ကိုအလက်ဇ်။ ကျွန်မ အတိအကျ မပြောနိုင်ပေမယ့် တစ်နေ့နေ့တစ်ချိန်ချိန်မှာတော့ ဒယ်ဒီရော၊ ကျွန်မရော ဗမာပြည်ကို ပြန်လာကြမှာပါ။ အမေရိကား ရောက်ရင်လည်း ကိုအလက်ဇ်နဲ့ တွေ့ဆုံခဲ့တဲ့ အကြောင်း ဒယ်ဒီကို ပြောပြလိုက်ပါမယ်။ မိုးလည်းစဲသွားပြီနဲ့တူတယ်။ အပြင်မှာ ဘာအသံမှ မကြားရတော့ဘူး။ ခု ကျွန်မတို့ ဆုံတွေ့ခဲ့တာတွေကို အိပ်မက်လို့ပဲ ကိုအလက်ဇ် ထင်လိုက်ပါ။ ကိုအလက်ဇ်ကို ကျွန်မ အိမ်ဝထိ လိုက်ပို့ပေးမယ်'ဟု ဆိုကာ ရှေ့မှ ထွက်သွားလေ၏။

ကျွန်တော်လည်း သူမ၏ နောက်ကနေ အတွေးပေါင်းစုံဖြင့် လိုက်ပါခဲ့လေ၏။

အိမ်ရှေ့တံခါးဝသို့ ရောက်သောအခါ အပြင်မှာ မိုးက လုံးဝစဲသွားပြီ ဖြစ်သည်။

'ကိုအလက်ဇ်'

'ပြောပါ မမဍ္ဍူ၊ ကျွန်တော် နားထောင်နေပါတယ်'

'ကျွန်မတို့ ပြန်ဆုံဖြစ်ဦးမှာပါ။ အရပ်ထဲရောက်ရင်လည်း ကိုအလက်ဇ် ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ မပြောပါနဲ့။ ကတိပေးတယ်နော်'

'ပေးပါတယ် မမဍ္ဍူ'

'ဘိုင်··ကိုအလက်ဇ်'

'ဘိုင်··မမဍ္ဍူ'

နှုတ်ဆက်၍ ပြန်ခဲ့ရသော်လည်း ကျွန်တော်၏ စိတ်အလျင်တို့မှာ ကျွန်တော်နှင့်အတူ လိုက်ပါမလာဘဲ သူမ၏ အနားၝ ရစ်ဝဲကျန်ခဲ့သလို ထင်နေမိတော့သတည်း။


မောင်အောင်ဇော်(ပန်းတော်ဝင်)

www.burmeseclassic.com

မြောင်းမြမြို့သို့ ဖေဖော်ဝါရီလအတွင်းက သူငယ်ချင်း ဦးထွန်းကြည်က အတန်တန် ဖိတ်ခေါ်သောကြောင့် တစ်ကြောင်း၊ မြောင်းမြကြိုးတံတားကြီး ပြီးစီးသွားပြီ ဖြစ်သဖြင့် တစ်ကြောင်း မော်တော်ကားဖြင့် သွားရောက်ဖြစ်ပါသည်။ မြောင်းမြမြို့သည် ကျွန်တော် မမှတ်မိနိုင်လောက်အောင် ပြောင်းလဲသွားခဲ့ပြီ ဖြစ်ပါသည်။

သူငယ်ချင်းအား ကြိုတင်ပြောကြားထားသည် ဖြစ်ရကား မြို့မဈေးကြီးရှေ့ မြန်မာ့ စီးပွားရေးဘဏ်ခွဲအနီးရှိ ဦးထွန်းကြည်၏သားကြီး ဖွင့်လှစ်ထားသည့် နဂါးနီ မုန့်ဆိုင်သို့ သွားပြီး ထိုမှတစ်ဆင့် စံပြမိုတယ်သို့ သွားကြသည်။ မိုတယ်က မဝေးလှပါ။ ဦးထွန်းကြည်၏ အိမ် လမ်းထိပ်တွင် ရှိပါသည်။

# ခင်မောင်အေး (မန္တလေး)
# ညောင်ပင်တရွှေ
## ဝေလေလေ



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းတို့ ဇနီးမောင်နှံ၊ သူ၏ သားသမီးများနှင့် အတူတကွ တွေ့တုန်းတွေ့ခိုက် စကားလက်ဆုံ ပြောမကုန်နိုင်အောင်ပင် အချိန်က အကုန်မြန်သည်ဟုပင် ထင်မှတ်ရသည်။ ညစာစားချိန်ရောက်တော့မှ ဈေးအနီးမှ မြန်မာထမင်းဆိုင်တစ်ဆိုင်တွင် စီစဉ်လျက် ကျွေးမွေးခဲ့ပါသည်။ မြောင်းမြမြို့ စံပြမိုတယ်တွင် ဇာတိမြို့၏ ပထမည ကုန်ဆုံးသွားခဲ့၏။ ခရီးကပန်းသဖြင့် တစ်ရေးမျှမနိုးဘဲ မိုးစင်စင်လင်းတော့မှပင် အိပ်ရာမှ နိုးလာပါသည်။

နံနက်ရှစ်နာရီလောက်တွင် ဦးထွန်းကြည်၏သားကြီး ကိုကျော်ကျော် ရောက်လာသည်။ မြောင်းမြမြို့ မြို့မဈေးကြီးသို့ ခေါ်ဆောင်သွားကာ မြောင်းမြဒေါ်ချို မုန့်ဟင်းခါး ကျွေးသည်။ နံနက်ဦးစာ စားသောက်ကြပြီးနောက် မြောင်းမြမြို့၏ ကျက်သရေဆောင် ပြည်လုံးချမ်းသာ ရွှေသာလျောင်းဘုရားကြီးသို့ သွားရောက်ဖူးမြော် ကြည်ညိုကန်တော့ကြ၏။ ထိုတစ်နေ့လည်း နေ့လယ်စာကို သူငယ်ချင်း၏ မိသားစုနှင့်အတူစား၊ ရှေးဟောင်းနှောင်းဖြစ်တွေ ပြန်ပြောင်းပြောကြနှင့် ဒုတိယနေ့လည်း ကုန်ဆုံးသွားခဲ့ပြန်သည်။

တတိယနေ့။ ဒီတစ်နေ့တော့ မော်တော်ကားကိုလည်း ကြံ့ခိုင်ရေးလုပ်ဦးမည်။ လူတွေလည်း အိပ်ရေးဝဝ အိပ်ဦးမည်ဟု သူငယ်ချင်းအား အသိပေးပြောကြားထားကာ စံပြမိုတယ်တွင်ပင် အမျိုးသမီးက အဝတ်ဟောင်းတွေ လျှော်ဖွပ် အခြောက်လှန်း ပြုလုပ်ရင်း မိုးချုပ်သွားရ၏။

ညစာကို ဦးထွန်းကြည်၏သားကြီး ကိုကျော်ကျော်နှင့် လာရောက်ခေါ်ဆောင်ကာ စားသောက်ဆိုင်တစ်ခုတွင်ကျွေးမွေးသဖြင့် သူတို့နှင့်အတူ စားသောက်ကြပြီးနောက် မိုတယ်သို့ ပြန်လည်နားကြပါသည်။ မိုတယ် Reception ကောင်တာတွင် ကျွန်တော်တို့၏ အခန်းသော့ကို သွားရောက်ယူသည်။ သော့ကို ရရှိပြီးနောက် ကောင်တာတွင် မန်နေဂျာနှင့် အခန်းဝန်ဆောင်မှုနှင့် စပ်လျဉ်းပြီး စကားပြောနေမိ၏။

ထိုအခိုက် ဆိုင်ကယ်ကယ်ရီသမား နှစ်ယောက်,သုံးယောက်လည်း ကောင်တာမှာ ရှိနေကြသဖြင့် သူတို့ပြောစကားများကို အမှတ်မထင် ကြားလိုက်မိပါသည်။

'ကိုနေလင်းရဲ့ဘကြီး ဆုံးသွားတာ မနက်ဖြန် ရက်လည်လို့ပြောတယ်။ ကိုဖိုးထောင်တို့ရော သွားဦးမလား'

'သွားရမှာပေါ့။ လူရင်းတွေပဲဟာ။ မန်နေဂျာကြီးလည်း သွားမယ်မဟုတ်လား'

'သွားမှာပေါ့ဗျာ။ ဘော်ဒါတွေအချင်းချင်း သာရေးနာရေးမှာ ရိုင်းပင်းကူညီကြရမှာပေါ့'

'ဒါထက် ကိုနေလင်း မရှိတုန်းမို့ မေးပါရစေ။ သူ့ဘကြီးက မနေ့ညက ခေါင်းရင်းခန်းမှာ ငုတ်တုတ်ကြီးထိုင်နေတယ်ဆို။ ဖဲဝိုင်းမှာ တစ်ညလုံးထိုင်နေတဲ့ လှမောင်ပြောသွားတာ။ တကယ်ရော ဟုတ်ရဲ့လားဗျာ'

'ဟုတ်တာမှ ဟုတ်ဟုတ်နဲ့တောင် နေသေးတယ်။ သူ့ဘကြီးက သူ့စတိုင်အတိုင်း ဆေးပြင်းလိပ်တို ခဲလို့၊ လုံချည်ကွက်ကျားကြီး ဝတ်လို့၊ စွပ်ကြယ်လက်စကပေါ်မှာ ပင်နီတိုက်ပုံ ဖိုးရိုးဖားရားနဲ့ မိန့်မိန့်ကြီးတဲ့။ ဖဲဝိုင်းက ဖဲသမားတွေ တစ်ချီတည်း ငွေတွေ၊ ဖဲထုပ်တွေ ပစ်ချပြီး ထပြေးလိုက်ကြတာ အသုဘအိမ် ရုတ်ရုတ်သဲသဲဖြစ်ကျန်ရစ်ခဲ့တာပဲတဲ့။ နောက်တစ်နေ့ ဈာပနပို့တော့ လူတွေတောင် သိပ်မလာကြဘူးတဲ့'

ဆိုင်ကယ် ကယ်ရီတစ်စု သူတို့၏ မိတ်ဆွေတစ်ဦး ရက်မလည်သေးသဖြင့် အိမ်တွင်ပင် ခိုကပ်နေဆဲဖြစ်စဉ်ကို ပြောဆိုနေခြင်း ဖြစ်ပါသည်။

သည်ဖြစ်ရပ်မျိုးကို ကျွန်တော် မကြာ,မကြာ ကြားဖူးသည်။ သေသွားသော ဇနီးမယားအား လလည်ဆွမ်းသွတ် သံဃာတော်ငါးပါးပင့်လျက် သင်္ကန်းကပ် အမျှဝေသည့်အခါ သာစုဟာဂျက်မခေါ်၊ မိမိ၏ ချစ်လင်အပါးမှာသာ မခွဲမခွာနေလိုသည့် တစ္ဆေမျိုးလည်း ရှိပါသေးသည်။ စင်စစ် ဒါန၊ သီလ၊ ဘာဝနာတို့နှင့် မကျွာမသွေ ရှိနေကြသူတို့အတွက်ကား မထောင်းသာလှပါချေ။ သေရမည်ကိုလည်း မကြောက်ပါ။ ဒါနအလှူပြုခဲ့သူမို့ သူ့စေတနာအကျိုးက သူ့အား မတောင့်မတ မကြောင့်မကြ နေရထိုင်ရအောင် ကောင်းကျိုးပြုပါလိမ့်မည်။ သီလအကျိုးကြောင့်လည်း အကုသိုလ်ကင်းစင်သည် ဖြစ်သောကြောင့် ကောင်းရာမွန်ရာ ဘဝတစ်ခုခုမှာ ကျင်လည်ရချိမ့်မည်။

'ဒါထက် ကိုဖိုးထောင်၊ ထောင်ရောင်နေလမ်းထဲက မှင်စာကလေးတွေကော တွေ့သေးလား'

ဆိုင်ကယ် ကယ်ရီသမား တစ်ယောက်က သူနှင့် သူ့ဘော်ဒါတစ်ယောက်အား မေးလိုက်သံ ကြားလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com

၏။

'ပြီးခဲ့တဲ့ လကွယ်နေ့ကပဲ ကျွန်တော် တစ်ခါကြုံလိုက်ရပါသေးတယ်ဗျာ။ သူတို့လည်း သူတို့ဘာသာ ပြေးလွှားခုန်ပေါက်နေကြ၊ ကျွန်တော်ကလည်း ကျွန်တော့်ခရီးသည် အော်ဒါရှိလို့ အမြန်မောင်းနေတာမို့ သေသေချာချာတောင် မတွေ့လိုက်ပါဘူးဗျာ'

ကျွန်တော် မနေနိုင်တော့။ သိလိုသည့် ဆန္ဒတွေ တဖွားဖွားပေါ်လာသည်။ ထိုကြောင့်-

'မှင်စာကလေးတွေ ဟုတ်လား၊ ဘယ်မှာလဲဟင်။ ကျွန်တော် သွားကြည့်လို့ရမလားဟင်'

ထိုဆိုင်ကယ် ကယ်ရီသမားကို မေးလိုက်မိ၏။

'ဆရာကြည့်ချင်ရင် ကြည့်လို့ရတာပေါ့။ ညဆယ့်နှစ်နာရီနောက်ပိုင်းဆို မှင်စာလေးတွေ ညောင်ပင်ပတ်ချာလည် ဆော့ကစားနေကျပဲ။ ဆရာ တကယ်ကြည့်ချင်ရင် ဒီနေ့ည ဆယ့်နှစ်နာရီထိုးတဲ့အချိန် ကောင်တာကို လာခဲ့လေ။ မဟာပဏ္ဍိတာရုံကျောင်းတိုက်ဘေးက ညောင်ပင်မှာ မှင်စာကလေးတွေ ညတိုင်း ဆော့ကစားနေတတ်ကြတယ်ခင်ဗျ'

ထိုပုဂ္ဂိုလ်၏ အဖြေစကားကို ကျွန်တော်ကြားရပါသည်။ သို့တစေ ကျွန်တော်က အင်းမလှုပ် အဲမလှုပ်နေလိုက်သည်။ စိတ်တွင်းက ကြည့်ရကောင်းနိုးနိုး မကြည့်ဘဲနေရင် ကောင်းနိုးနိုး မသေမချာ မရေမရာ ဖြစ်နေမိပါသည်။ မှင်စာကလေးတွေအကြောင်း ပြောပြသည့် ပုဂ္ဂိုလ်က ကျွန်တော့်အား ဆက်မမေးတော့ဘဲ သူတို့အချင်းချင်းသာ ဆက်လက်စကားပြောနေကြသဖြင့် ကျွန်တော် ကိုယ့်



အခန်း ကိုယ်ပြန်လာခဲ့ပါသည်။ မိမိအခန်းသို့ ပြန်လာ... မှင်စာကလေးများ အကြောင်းကို စဉ်းစားနေမိ၏။

ညဉ့်နက်သန်းခေါင်အချိန်သည် သန်းခေါင်ကြက်... ချိန်ဖြစ်၏။ ထိုအချိန်မျိုးတွင် လူသူလေးပါး အိပ်စက်... ကြပြီ။ ဝမ်းရေးကြောင့် သွားလာလှုပ်ရှားကြသူများမှ... မည်သူတို့မျှ အိမ်တွင်းမှ အိမ်ပြင်သို့ မထွက်ကြပါ။ ... အချိန်တွင် ပရလောကသား မကောင်းဆိုးဝါးများ ... ကျက်စားနေကြချိန်ဖြစ်သည်။ အထူးသဖြင့် လကွယ်... ညသန်းခေါင်ယံနှင့် လပြည့်နေ့ည သန်းခေါင်ယံ... များမှာ သင်းတို့ ပိုမိုလှုပ်ရှား ကျက်စားတတ်ကြပါသည်... လူတို့က ထိုသို့သော မကောင်းဆိုးဝါးများကို မတွေ့... နိုင်သော်လည်း ခွေးများက မြင်နိုင်ပုံရသည်။

ကျွန်တော် ယခုနေထိုင်သည့် အမှတ်(၅)ရပ်... အနောက်ရန်ကင်းတိုက်ခန်းအတွင်း မကြာ,မကြာ ... နက်သန်းခေါင်ချိန်များမှာ ခွေးတွေ ဟောင်သံ၊ အူသံ... ညံနေအောင် ကြားရတတ်သည်။ တဝုတ်ဝုတ်နှင့် အ... မပြတ်ဟောင်နေလျှင် မျက်နှာစိမ်းကို ဟောင်ခြင်း... သည်။ တဝေါင်းဝေါင်းနှင့် ဒေါမာန်တကြီး ဟောင်နေ... သူခိုး (သို့မဟုတ်) သူ့အား ရန်ပြုသူကို ဟောင်... ဖြစ်သည်။ တချွေ,သရဲ သို့တည်းမဟုတ် ဝိညာဉ် ... မကောင်းဆိုးဝါးကို တွေ့မြင်သည့်ရှိသော် သံရှည်ဆွဲ... အူကြသည်။ မကြာခဏ ကြားနေရဖူးသည့်အတွက် ... မိသိရှိနေခြင်း ဖြစ်ပါသည်။

ယခု စံပြမိုတယ် ကောင်တာတွင် ခရီးသည်... သော ဆိုင်ကယ် ကယ်ရီသမားတို့ ပြောနေကြသည့် ... စာကလေးများအကြောင်း ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့... သည်က အမှန်ပါ။ သို့ပင်ဖြစ်စေကာမူ သန်းခေါင်သ... သူများမြို့ရွာသို့ တစ်ခေါက်တစ်ခါရောက်ရှိခိုက် ... မှင်စာ ထရှာသည်ဟု အ,မနာပ အပြောမခံလိုပါ။ ... တစ်ခုကလည်း သန်းခေါင်ယံချိန် အိပ်ရာမှ မထ... လည်း ဖြစ်ပါသည်။

သို့နှင့် နောက်တစ်နေ့ညနေခင်း ကျွန်တော်တို့ ... မြမြို့ဟောင်းမှ မြတိဂုံဘုရားဖူးမြော်ပြီး ပြန်အလာ ... မိုတယ် ကောင်တာတွင် ယမန်နေ့ ညနေခင်းက တွေ့... ကျွမ်းခဲ့သည့် ပုဂ္ဂိုလ်နှင့် ပြန်ဆုံရသည်။

'ဆရာ··မနေ့ညက ပြန်လာမလားလို့ ကျွန်တော်...

www.burmeseclassic.com

www.burmeseclassic.com

ခင့်နေမိကြသေးတယ်။ ခရီးသည်လည်းရ၊ ကျွန်တော်တို့လည်း မအားကြလို့။ ဆရာ ညောင်ပင်ကြီးဆီ မသွားဖြစ်လိုက်ဘူး ထင်တယ်'

'ဟုတ်ပါတယ်ခင်ဗျ။ မသွားဖြစ်လိုက်ဘူး။ အိပ်ကောင်းကောင်းနဲ့ အိပ်လိုက်မိတာ နိုးကို မနိုးဘူးလေ'

ကျွန်တော်က မယုတ်မလွန် အဖြေပေးလိုက်ရ၏။

'ကျွန်တော်တို့ ဆရာ့ကို ကိုယ်တိုင်ကိုယ်ကျ မြင်စေချင်တာခင်ဗျ။ မှင်စာကလေးတွက လူကိုကြောက်ကောင်းမှန်းမသိတော့ဘူး ထင်ပါရဲ့။ သန်းခေါင်ယံတိုင်ရင် ညောင်ပင်ကြီးပတ်လည်ကို ရောက်လာကြပြီး၊ လေးတွေ ဝိုင်းကြီးပတ်ပတ်ဒူဝေဝေ ကစားနေကြသလို ညောင်ပင်ကြီးကို ပတ်ပြီး ဆော့နေ ကစားနေကြတာ။ တစ်တွေကိုကြည့်ပြီး ကိုယ်တောင် သူငယ်ပြန်ပြီး စားချင်တဲ့စိတ် ပေါက်လာတယ်'

'အေးဗျာ၊ နောင်ကြီးကို ကျေးဇူးတင်ပါတယ်။ မှင်စာကလေးတွေအကြောင်း ပြောပြတာ။ ကျွန်တော်လည်း သွားပဲခင်ဗျ။ ကျွန်တော်တို့ ငယ်ငယ်တုန်းကဖြင့် မှင်စာကလေးတွေအကြောင်း မကြားဖူးခဲ့ဘူး။ ကျွန်တော်တို့ နေခဲ့တဲ့ ရန်ကုန်းပိုင်းနဲ့ဆိုရင်လည်း တောင်နဲ့မြောက်ကိုး။ မြောင်းမြဆေးရုံကြီးရှေ့က ထန်းပင်ကြီးပေါ်က ဆင်းဆင်းလာပြီး ခြောက်တတ်တဲ့ တစ္ဆေအကြောင်းပဲ သိခဲ့ ကြားခဲ့ရတယ်လေ'

'ဒါဖြင့် ဒီကနေ့ည သန်းခေါင်ကျော်လောက် ထနိုင်မလား။ ထနိုင်ရင် ကျွန်တော်တို့ အော်ဒါမရှိတဲ့ ဘော်ဒါ တစ်ယောက်ယောက် ဆရာ့ကို လိုက်ပို့ခိုင်းလိုက်မယ်လေ။ မကောင်းဘူးလား'

'ကျေးဇူးကူညွှေပါ နောင်ကြီးရယ်။ မနက်ဖြန် မနက်စောစော ကျွန်တော်တို့ ရန်ကုန်ကို ပြန်ရတော့မှာမို့ အိပ်ရေးပျက်လို့ မဖြစ်ဖူးခင်ဗျ။ ကားမောင်းရင်း ငိုက်သွားရင် မကောင်းဘူးလေ။ ဒါကြောင့်ပါ။ နောင်ကြီး ပြောပြတာ ကျွန်တော့်အတွက် အများကြီးဗဟုသုတရရှိပါတယ်။ အားလုံးပဲ နှုတ်ဆက်ပါတယ်ခင်ဗျာ'

ခင်မောင်အေး(မန္တလေး)


"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"



ဝန်းသော်တာ

အမှတ်တံဆိပ်

ကွမ်းရွက်ဆီလိမ်းဆေး (အအေး)



- အကိုက်အခဲပျောက်လိမ်းဆေး၊
- ရင်လူးဆေး၊
- အနာကျက်ဆီ၊ အဖြစ် သုံးနိုင်သည်။

(ကွမ်းရွက်အဆီထုတ်၍ သိပ္ပံနည်းကျ ဖော်စပ်ထားသည်)

- အဆစ်ရောင်ကိုက်၊ လေးဖက်နာ၊ ကျိုးပေါင်း၊ အကြောတက်ခေါင်းအုံ၊ ဇက်လေ၊ မျက်ကြောကိုက်တို့ကို အကိုက်အခဲ ပျောက်ဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- ကလေးချွဲကျပ်၊ ချောင်းဆိုး၊ အစာမကြေ လေထိုးလေအောင့် စသည်တို့ကို ရင်လူးဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- အပူနာ၊ Bed Sores ၊ အပူကျိတ်၊ အပူလောင်၊ နှုတ်ခမ်းကွဲ၊ ခြေကွဲနာ၊ လိပ်ခေါင်း၊ စသည်တို့ကို အနာကျက်ဆီ အဖြစ် သုံးစွဲနိုင်ပါသည်။

(3in1) ဆေးအစွမ်းဖြင့် သုံးစွဲသူတိုင်း လန်းဆန်းစေမည်။

ဖြန့်ချိရေး- ကိုဝင်းမြင့်+မဘောဘိ ၁၅လမ်းနှင့်ကမ်းနားလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၆၃၇၂

ဆိုင်- ဝန်းသော်တာဆေးတိုက်၊ R-1 (102) ပန်းလှိုင်အိမ်ရာ၊ ရွှေသံလွင်၊ ဟုမ်းလမ်းရပ်ကွက်၊ ဝပ်ချောင်းမြို့နယ်၊ ဖုန်း-


www.burmeseclassic.com

www.burmeseclassic.com




# ငါးမိုး[illegible] ရွာသွန်းမှုရှိသော နာနာဘာဝများ [illegible]

'ဆရာရေ - ကွင်းကြီး စပါးအဝယ်ဒိုင်မှာ ပြဿနာတွေတက်နေလို့ ဒိုင်မှူးကြီးဦးအံ့မောင်က ဆရာ့ကို ခေါ်ခဲ့ဖို့ မှာလိုက်လို့ ကျွန်တော်လာပြီး အကြောင်းကြားတာပါ ဆရာ'

မြို့နယ်မန်နေဂျာ ဦးချစ်ဆွေသည် စပါးများ မိုးမကျမီ အမိုးအကာအောက် ရောက်ရှိရေးအတွက် နေ့မအား ညမနား အလုပ်များလျက်ရှိနေချိန် မြို့နှင့်အလှမ်းဝေးသော ကွင်းကြီး စပါးအဝယ်ဒိုင်က ဝန်ထမ်းတစ်ဦး ရောက်လာပြီး ပြောသဖြင့် ရုတ်တရက် စိတ်တိုသွားပါသည်။ ကွင်းကြီးဒိုင်သည် စပါးတင်းငါးသောင်း ဝယ်ယူပြီးဖြစ်၍ ဒိုင်အနီးတွင် ပတ်ကားဂိုဒေါင်ဆယ်လုံးရှိသဖြင့် အဆင်ပြေနေပါသည်။ ကွင်းကြီးနှင့် ငါးမိုင်ခန့်ဝေးသော စိန်ကုန်းဒိုင်မှ စပါးနှစ်သောင်း လက်ခံရပါက မြေတွင် ခေ... ပုံထားရမည် ဖြစ်ပါသည်။ စပါးပုံရန် နေရာလပ်မရှိသ... ကုန်ရုံဝင်းအပြင်တွင် မြေနေရာရှင်းပြီး စပါးပုံရန် ... တိုင် ဆင်းကြည့်ပြီးမှ တာဝန်ပေးခဲ့ရာ ပြဿနာ... ကြောင်း သိလိုက်ရ၍ စိတ်ပျက်မိပါသည်။ အရေးကြီး... ဖြစ်၍ စိတ်ပျက်ရုံနှင့် ပြေလည်နိုင်မည်မဟုတ်ဘဲ စ... လက်ခံနိုင်ဖို့က အထူးအရေးကြီးနေပါသည်။ ဒေါသ... ကို မျိုသိပ်၍ ကွင်းကြီးကဝန်ထမ်းကို မေးလိုက်ရသည်...

'ငါကိုယ်တိုင် မြေနေရာရွေးပေးခဲ့တာပဲ။ ဘာပြ... နာဖြစ်စရာရှိလို့လဲ။ မြေရှင်းပြီး စပါးပုံရုံပဲ မဟုတ်... စပါးကလည်း ယာယီလက်ခံဖို့ပဲ။ မကြာခင် မြို့... 



www.burmeseclassic.com

www.burmeseclassic.com

ွ လာသယ်ကြတော့မှာ။ အဲဒါကို မင်းတို့ဝန်ထမ်းတွေ ဖြစ်အောင် မလုပ်နိုင်ဘူးလား။ ငါ့မှာ အရေးကြီးကိစ္စ ွရှိတယ်။ ငါ လိုက်လို့မဖြစ်ဘူး'

'ခဏလေး လိုက်ကြည့်ရုံပါဆရာ၊ ဟိုမှာ ဖြစ်နေတဲ့ ြဿနာက ဖြေရှင်းလို့ မရနိုင်တဲ့ ပြဿနာမျိုးဖြစ်လို့ ဆရာ့ကို ခေါ်ရတာပါ'

'ဘာပြဿနာမို့လို့လဲ'

'နာနာဘာဝတွေက လုပ်ငန်းကို နှောင့်ယှက်နေလို့ ပါ'

'ဘာကွ၊ နာနာဘာဝက နှောင့်ယှက်နေတယ်။ ဟုတ် ား'

'ဟုတ်ပါတယ် ဆရာ။ အခုရှင်းတဲ့နေရာက သုသာန် မြေနဲ့ ဆက်စပ်နေလို့ နာနာဘာဝတွေက နှောင့်ယှက်နိုင် ာပါ'

'နာနာဘာဝက ဘယ်လိုနှောင့်ယှက်နေလို့လဲ'

'ဒီလိုပါ ဆရာ၊ တစ်နေ့ ဒိုင်မှူးကြီး ပျောက်နေလို့ န်ထမ်းအားလုံး လိုက်ရှာကြရတယ်။ နေ့လယ် ထမင်း ချိန်လည်း ရောက်မလာ၊ ညစာ စားချိန်လည်း ရောက် ာလို့ အားလုံး စိတ်ပူနေကြရတယ်။ ညပိုင်းရောက်မှ အေးနဲ့ နီတွတ် ချောင်းထဲ ရေချိုးသွားကြတာ။ အပြန် ယ်နံ့ပါတ် ဂိုဒေါင်နားအရောက် အထဲက အော်သံကြား ့ တံခါးဖွင့်လိုက်မှ ဂိုဒေါင်ထဲက ဒိုင်မှူးကြီး ထွက်လာ ာ တွေ့ရတယ်။ ဒိုင်မှူးပြောတာက သူ ဂိုဒေါင်ထဲ ကြည့်နေတုန်း အပြင်က တံခါးကိုပိတ်ပြီး ကန့်လန့် သွားတာ။ ကုန်ရုံနဲ့ဝေးလို့ ခေါ်မကြား အော်မကြား ရတာလို့ ပြောတယ်'

'ဝန်ထမ်းတစ်ယောက်ယောက်က ပိတ်သွားတာရော ဖြစ်နိုင်ဘူးလား'

'ဒိုင်မှူးကို ဘယ်သူက နောက်ရဲမှာလဲဆရာ'

'ဒါကို မင်းတို့က နာနာဘာဝတွေရဲ့ လက်ချက်လို့ ထင်တာလား'

'ဒိုင်မှူးကိုယ်တိုင် ပြန်ပြောတာပါ ဆရာ။ အဲဒီညက သူ့ကို အိပ်မက်ပေးတယ်။ သူ့သားနှစ်ယောက်ကိုဖမ်းပြီး ကြိုးချထားလို့ ပြန်ပြီးလက်စားချေလိုက်တာလို့ အိပ် ်ပေးတယ်လို့ ပြောတယ်။ နောက်တစ်ယောက် ရှိသေး ယ်။ ကုန်စာရေး သန်းထွန်း တံခါးညပ်လို့ နားရွက် ထိသွားတယ်။ သားမန်လေးတိုက်ပြီး တံခါးရွက်နဲ့ ထိခိုက် တာမဟုတ်ဘဲ သန်းထွန်းကိုလည်း ညဘက်မှာ အိပ်မက် ပေးပြန်တယ်။ သူတို့သားကို နားရွက်ပြတ်အောင် လုပ်လို့ လက်စားချေတာလို့ အိပ်မက်ပြန်တယ်။ သန်းထွန်းကိုယ် တိုင်က ဟုတ်ပါတယ်လို့ ဝန်ခံတယ်ဆရာ။ ဒိုင်မှူးရော သန်းထွန်းရော အိပ်မက်ပေးတဲ့အတိုင်း သူတို့ ကျူးလွန် ခဲ့ကြောင်း အမှတ်ရနေကြတယ်။ အဲဒီလို ထူးဆန်းတဲ့ အကြောင်းတွေနဲ့ နာနာဘာဝတွေက နှောင့်ယှက်နေလို့ ဝန်ထမ်းတွေ အလုပ်မလုပ်ရဲအောင် ကြောက်နေကြလို့ ဆရာ့ကို ခေါ်ရတာပါ'

ဦးချစ်ဆွေ စဉ်းစားရတော့သည်။ မြေနေရာက သု သာန်နှင့် ဆက်စပ်နေသည်မှာ မှန်ပါသည်။ မကျွတ် မလွတ်ကုန်သော နာနာဘာဝများရှိနိုင်ကြောင်း တွေးမိ သည်။ ကိုယ်တိုင်သွားသင့်ကြောင်း သဘောပေါက်ပါ သည်။ မိမိလက်အောက်ဝန်ထမ်းများကို မိမိက အမိန့်ပေး ၍ ရသော်လည်း နာနာဘာဝကို ပြောပိုင်ခွင့်မရှိသဖြင့် ဆရာဘိုးတော်ကို ပင့်သွားရသော် ကောင်းမည်ဟု စဉ်းစား မိသည်။ လာရောက်ခေါ်သော ဝန်ထမ်းကို သူလာမည်ဖြစ် ကြောင်း ပြောလိုက်သည်။

'မင်းတို့ ဒါလောက်ကြောက်နေရင်လည်း ငါလာခဲ့ ပါ့မယ်။ ဒီနေ့တော့ အရေးကြီးတဲ့ကိစ္စတွေရှိလို့ မနက်ဖြန် စောစော လာခဲ့မယ်'

ဝန်ထမ်း ပြန်သွားသည်နှင့် ဝေဠုဝန်ကျောင်းသို့ ရောက်ရှိနေသော ဘိုးတော်ထံ အကူအညီတောင်းရန် လာ ခဲ့သည်။ ကျောင်းသို့ရောက်သည်နှင့် ဆရာကြီးကို အကျိုး အကြောင်းပြောပြပြီး နာနာဘာဝများ နှောင့်ယှက်နေ၍ ဆရာကြီးလိုက်ပြီး နှိမ်နင်းပေးပါရန် တောင်းဖန်ရသည်။ ဆရာကြီးကလည်း အဖြစ်အပျက်များကို နားထောင်ပြီး ဦးချစ်ဆွေကို အကြံပေးစကား ပြန်လည်ပြောကြားပါ သည်။

'နာနာဘာဝဆိုတာ သူတို့ကိုမနှိပ်စက်ရင် လူကောင်း တွေကို ဒုက္ခမပေးတတ်ပါဘူး။ ဝန်ထမ်းတွေဘက်က အမှားတစ်ခုခု ကျူးလွန်မိလို့ လက်တုံ့ပြန်တဲ့သဘော ဖြစ် နိုင်တယ်'

'ဆရာကြီးပြောတာ ဖြစ်နိုင်ပါတယ်။ ဝန်ထမ်းတွေ က အပြစ်ကျူးလွန်မိကောင်း ကျူးလွန်နိုင်ပါတယ် ဒါပေ

www.burmeseclassic.com

မဲ့ အခုအချိန် ကျွန်တော်တို့ အလုပ်က အရေးအကြီးဆုံး အချိန် ဖြစ်နေလို့ပါ။ စပါးတွေသာ မိုးမိခဲ့ရင် ကျွန်တော်တို့လည်း အလုပ်ပြုတ် နိုင်ငံတော်အတွက်လည်း ဆုံးရှုံးနိုင်တာမို့ ဆရာကြီးလိုက်ပြီး ရှင်းလင်းပေးဖို့ တောင်းပန်ပါတယ်'

'ဒီကိစ္စ ကျုပ်လိုက်ဖို့တောင် မလိုဘူး။ မန်နေဂျာကြီး ဆောင်ရွက်လို့ ရနိုင်တာပဲ။ ဒါဟာ ကိုယ်ကျိုးအတွက်မှ မဟုတ်တာဘဲ။ နိုင်ငံတော်အတွက်လုပ်တဲ့ ကိစ္စပဲ။ သူတို့ကို မတရားမနှိပ်စက်ဘူး။ မတော်တဆဖြစ်တဲ့ကိစ္စရှိခဲ့ရင် ခွင့်လွှတ်ပေးဖို့ သူတို့နားလည်အောင် ပြောရင် ရမှာပဲ'

'ဟုတ်တော့ ဟုတ်ပါတယ်။ ဆရာကြီးလိုက်ရင် ပိုကောင်းတာပေါ့'

'ဒီနေရာမှာ ကျုပ်ထက် မန်နေဂျာကြီးရဲ့ ဩဇာက ပိုပြီးထိရောက်မှုရှိတယ်။ ကျုပ်ပြောတာထက် မန်နေဂျာကြီး ပြောတာက ပိုပြီးလေးနက်ပြီး အဓိပ္ပာယ်ရှိတာပေါ့'

'ဖြစ်ပါ့မလား ဆရာကြီးရယ်၊ ကျွန်တော့်မှာ ဘာ ပညာမှ မရှိတာ'

'မန်နေဂျာကြီးက နိုင်ငံတော်ကပေးထားတဲ့ရာထူးနဲ့ နိုင်ငံတော်ရဲ့တာဝန်ကို ထမ်းဆောင်နေရတာ။ ဘယ်သူမှ ဆန့်ကျင်လို့မရဘူး။ အဲဒီအမိန့်အာဏာကို ယူပြီးပြောရင် သူတို့ နားထောင်ရမှာပါ'

'သူတို့က နားမထောင်ခဲ့ဘူးဆိုရင်ရော ဘာဆက်လုပ်ရမလဲ'

'နားမထောင်လို့ကို မရဘူး။ အမိန့်အာဏာကိုသုံးပြီး သူတို့ ဒီမှာ နေခွင့်မပြုတော့ဘူး။ ချက်ချင်း ဝေးရာကို ထွက်သွားကြလို့ နှင်လို့တောင် ရတယ်။ မင်းအာဏာနဲ့ မင်းမိန့်ကို သူတို့ မခံနိုင်ပါဘူး'

'ဒါဆို ကျွန်တော်လုပ်ကြည့်ပါ့မယ်။ အကယ်၍ ကျွန်တော်နိုမ်နင်းလို့ မရရင်သာ ဆရာကြီးကို လာခေါ်ပါရစေ'

'မန်နေဂျာကြီးရဲ့ အမိန့်ဟာ နိုင်ငံတော်ရဲ့အမိန့်။ မင်းမိန့်ဟာ မြေပေါ် မြေအောက် အားလုံးကို သက်ရောက်စေပါတယ်'

ဆရာကြီး၏ အားပေးမှုဖြင့် နာနာဘာဝများကို ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်ပါသည်။

နောက်နေ့နံနက်စောစော ကွင်းကြီးသို့ အရောက် သွားခဲ့သည်။ ကွင်းကြီးသို့ ရောက်သည်နှင့် ဒိုင်မှူးကြီး ဦးအုံ့မောင်နှင့် ကုန်စာရေးသန်းထွန်းတို့ ခေါ်လိုက်သည်။ သူတို့နှစ်ယောက်၏ ဖြစ်စဉ်ပြောရန် မေးလိုက်သည်။

'ဘယ်လိုဖြစ်ကြတယ်ဆိုတာ ဒိုင်မှူးက အရင်ပြော ပြောပါ'

ဒိုင်မှူးကြီး၏ သူ့ကိုယ်တွေ့ဖြစ်စဉ်ကို ပြောပြ သည်။

'ဒီလိုပါ ဆရာ၊ စပါးသိုလှောင်ဖို့ ပတ်ကားဂိုဒေါင် တစ်လုံးချင်းကို အစဉ်အတိုင်း ကျွန်တော် စစ်ဆေး တယ်။ နောက်ဆုံး တစ်ဆယ်နံပါတ် ဂိုဒေါင်က အစွန် မှာ ရှိပါတယ်။ ဂိုဒေါင်တံခါးနှစ်ချပ်ကို အလင်းရောင် အောင် သေသေချာချာဖွင့်ပြီးမှ ဂိုဒေါင်ထဲကို ဝင်တာ ဂိုဒေါင်အနှံ့ ကြည့်ပြီး ပြန်အထွက်မှာ တံခါးနှစ်ချပ် ပိတ်နေတယ်။ ကန့်လန့်ပါ ကျနေလို့ ဖွင့်လို့မရဘူး ထမ်းတွေကို အော်ပြီးခေါ်ပေမယ့် ရုံးခန်းနဲ့ဝေးလို့ ဘယ်သူ မှ မကြားဘူး။ ဂိုဒေါင်နံရံတွေကို ထုပေမယ့် အကြောင်း မထူးဘူး။ ဒီလိုနဲ့ နံနက်(၈)နာရီလောက် ဂိုဒေါင်ထဲ ရောက်နေတာ ည(၈)နာရီရောက်မှ ဂိုဒေါင်နား ဖြတ်သွား တဲ့ လူသံကြားလို့ အော်ခေါ်တာ လူအေးနဲ့ နီတွတ် ဖြစ်နေလို့ ထွက်ခွင့်ရခဲ့တာပါ'

ဦးအုံ့မောင်၏ စကားကို နားထောင်ပြီး ဦးချစ်မောင် မေးပါသည်။

'နာနာဘာဝရဲ့လက်ချက်လို့ ဘယ်လိုသိသလဲ'

'အဲဒီညက အိပ်မက်,မက်တယ် ဆရာ။ အိပ်မက် မှာ အရပ်ရှည် အသားမည်းမည်း အသက်လေးဆယ် လူကြီးက ကျွန်တော့်ကိုပြောတယ်။ ကျုပ်သားနှစ်ယောက် ကို ဖမ်းဆီးအကျဉ်းချထားလို့ လက်စားချေတာ။ ကျုပ် သားတွေ အမြန်လွှတ်ပါလို့ပြောပြီး ပျောက်သွားတယ်'

'ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲ'

'ကျွန်တော်လည်း ပထမတော့ စဉ်းစားလို့မရ နောက်မှ သတိရတယ်။ စပါးပုံမှာ လာလာစားတဲ့ ကြွက်ကြီးတွေ သောင်းကျန်းလွန်းလို့ ကြွက်ဖမ်းဖို့ ချောက်ဆင်ထားတာ အမှတ်ရတယ်။ အဲဒီနေရာကို ကြည့်တော့ မြေကြွက်နှစ်ကောင် ထောင်ချောက်မှာ တာ တွေ့ရတယ်။ အိပ်မက်ထဲက လူကြီးပြောတဲ့ နှစ်ယောက်ဆိုတာ ဒီကြွက်နှစ်ကောင် ဖြစ်ရမယ်

www.burmeseclassic.com

www.burmeseclassic.com

အားဒီလို ကြွက်နှစ်ကောင်ကို တောင်ပို့ကြီးနား သွား ပြတ်လိုက်ရတယ်'

'ကဲ..သန်းထွန်းကရော၊ မင်းအဖြစ်ကို ပြောပါဦး'

ကုန်စာရေးသန်းထွန်းက မတ်တတ်ရပ်၍ ရိုရိုသေသေ ပြောပါသည်။

'ကျွန်တော်က ညနေဘက် တံခါးတွေ လိုက်ပိတ်နေ တံခါးဝမှာ ရပ်နေတုန်း တံခါးတစ်ချပ်က လေမတိုက်ဘဲ ဝုန်းဆို တစ်စုံတစ်ယောက်က တွန်းသလိုဖြစ်ပြီး နားရွက်က တံခါးကြားညပ်ပြီး ဒဏ်ရာရလိုက်တယ်'

'မင်းနားရွက် ထိခိုက်တာတော့ ဟုတ်ပါပြီ၊ ဒီလို ဒဏ်ရာရတာ နာနာဘာဝကြောင့်လို့ ဘာလို့ပြောနိုင်တာလဲ'

'ကျွန်တော့်အဖြစ်ကလည်း ဒိုင်မှူးကြီးရဲ့ အဖြစ်နဲ့ တူတူပဲဆရာ။ ကြွက်တွေက စပါးတွေ လာစားကြလွန်းလို့ ခဏ,ခဏ ခြောက်လှန့်နေရတယ်။ တံမြက်စည်းနဲ့ ရိုက်လည်း မကြောက်ဘူး။ ပြန်လာကြတာပဲ။ သိပ်ရဲတဲ့ ကြွက်တွေ။ ကျွန်တော်လည်း စိတ်တိုတိုနဲ့ လေးခွနဲ့ ပစ်လိုက်တာ ကြွက်တစ်ကောင်ရဲ့ခေါင်းကို ထိသွားတယ်။ သေမှဲ့ မသေပါဘူး၊ ထပြေးတာ မြင်လိုက်ရတယ်။ နားရွက်ကို ထိသွားပုံရတယ်။ နားရွက်ကကျတဲ့ သွေးစလေးတွေကို မြင်ရတယ်။ ထူးဆန်းတာက ညဘက်မှာ ဒိုင်မှူးကြီးလိုပဲ အိပ်မက်ပေးတယ်။ အိပ်မက်ထဲမှာ အသားမည်းမည်း၊ အရပ်ရှည်ရှည်၊ အပေါ်အင်္ကျီမပါတဲ့ လူကြီးက ကျွန်တော့်ကို ပြောတယ်။ ငါ့သားရဲ့ နားရွက်မှာ ဒဏ်ရာရအောင် လုပ်လိုက်တဲ့အတွက် မင်းကို ပြန်ပြီးပညာပေးလိုက်တာလို့ ပြောတယ်။ မနက်မိုးလင်းတော့ အိပ်မက်အကြောင်း ဒိုင်မှူးကြီးကို ပြောပြတော့ ကျွန်တော်တို့နှစ်ယောက် အဖြစ်ချင်းတူနေတာကို တွေ့ရတယ်။ ရှေ့ဆက် အလုပ်လုပ်ဖို့တောင် ကြောက်နေတယ်။ အခြားဝန်ထမ်းတွေက ခွင့်ယူဖို့ လုပ်နေကြပါတယ်'

ဦးချစ်ဆွေသည် ဒိုင်မှူးဦးအံ့မောင်နှင့် ကုန်စာရေးသန်းထွန်းတို့၏ အဖြစ်အပျက်များကို နားထောင်ပြီး ဝန်ထမ်းများ အားလုံးကိုခေါ်ကာ တည်ငြိမ်စွာ ပြောလိုက်သည်။

'ကဲ..အားလုံး နားထောင်ကြ၊ တို့တွေဟာ နိုင်ငံ့ဝန်ထမ်းတွေဖြစ်လို့ ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ကြရမှာပါ။ တစ္ဆေကြောက်လို့ အလုပ်မလုပ်ရဲဘူးလို့ ပြောလို့မရဘူး။ ပေးအပ်တဲ့တာဝန်ကို မဖြစ်ဖြစ်အောင် လုပ်ကြရမှာပဲ။ နာနာဘာဝတွေ ကိစ္စကို လုံးဝမစဉ်းစားဘဲ အလုပ်အကြောင်းပဲ စဉ်းစားကြပါ။ နာနာဘာဝတွေကိစ္စ ကျုပ်ကိုယ်တိုင် ဖြေရှင်းပေးပါ့မယ်။ စပါးလာစားတဲ့ ကြွက်တွေက စပါးပုံက စပါးကိုစားပြီး ဘယ်နေရာကို ပြန်သွားတယ်ဆိုတာ သိကြရဲ့လား။ သူတို့နေတဲ့ နေရာကိုသိရင် ကျုပ်ကို လိုက်ပြပါ'

'ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် သိပါတယ်'

မန်နေဂျာကြီး၏ စကားဆုံးသည်နှင့် ကုန်စာရေးသန်းထွန်းက သူသိကြောင်းပြောပြီး ရှေ့က သွားသဖြင့် နောက်က လိုက်ခဲ့ကြရသည်။ သန်းထွန်းသည် ကုန်ရုံဝင်းဧရိယာ အပြင်သို့ထွက်ကာ သုသာန်နယ်စပ်သို့ ဦးတည်သွားပြီး လူတစ်ရပ်ခန့်မြင့်သည့် တောင်ပို့ကြီးရှေ့တွင် ရပ်လိုက်သည်။

'ကြွက်တွေဟာ စပါးကိုကိုက်လာပြီး ဒီတောင်ပို့ကြီးထဲ ဝင်ဝင်သွားတာ တွေ့ရပါတယ်။ ဒီမှာကြည့်ပါ ဆရာ။ ကြွက်တွင်းတွေပါ'

သန်းထွန်းပြောသည့်အတိုင်း တောင်ပို့ပတ်လည်တွင် ကြွက်တွင်းများ များစွာရှိနေကြောင်း မြင်ကြရသည်။

'ကဲ..ဒိုင်မှူးနဲ့ သန်းထွန်း၊ ကျုပ်ဘေးကို လာကြပါ'

မန်နေဂျာက ခေါ်လိုက်သဖြင့် တောင်ပို့ရှေ့တွင် သုံးယောက် ညီညာစွာ ရပ်လိုက်ကြသည်။ ဦးချစ်ဆွေက တောင်ပို့ကိုကြည့်ကာ အောင်မြင်ခံ့ညားသော လေသံဖြင့် ပြောလိုက်သည်။

'သည်နေရာတစ်ဝိုက်တွင် မှီတင်းနေထိုင်လျက်ရှိကြကုန်သော မကျွတ်မလွတ်သေးသည့် နာနာဘာဝအပေါင်းတို့၊ ကျုပ်ဟာ ဒီမြို့နယ်တစ်ခုလုံးကို အုပ်ချုပ်ရတဲ့ မန်နေဂျာပါ။ နိုင်ငံတော်က တာဝန်ပေးထားလို့ နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေရတဲ့ ဆန်စပါးလုပ်ငန်းအတွက် အာဏာအရှိဆုံး ပုဂ္ဂိုလ်ပါ။ ကျုပ် အခုပြောမယ့် စကားဟာ နိုင်ငံတော်ရဲ့ အမိန့်အာဏာအရ ပြောရခြင်း ဖြစ်ပါတယ်။ သင်တို့ဟာ ငါတို့ ဝန်ထမ်းတွေ တာဝန်မထမ်းဆောင်ရဲအောင် နှောင့်ယှက်ကြတယ်။ ဝန်ထမ်းတွေကို နှောင့်ယှက်တာဟာ နိုင်ငံတော်ကို နှောင့်ယှက်တာပါ။ ငါတို့ ဒီလုပ်ငန်းကြီး ဆက်လုပ်ကိုင်ရမှာ သင်တို့သည်နေရာ

www.burmeseclassic.com

www.burmeseclassic.com

မှာ မရှိမှ ဖြစ်တော့မယ်။ ဒါကြောင့် သင်တို့ သည်နေရာက အမြန်ဆုံး ထွက်သွားကြပါ။ သင်တို့ဘဝ ဒါ့ထက်နိမ့်ကျတဲ့ ဘဝမျိုးရောက်ပြီး ဒုက္ခအမျိုးမျိုးနဲ့ မကြုံချင်ရင် အမြန်ဆုံး ဒီနေရာက ထွက်သွားကြပါ။ သင်တို့ မသွားဘူးဆိုရင် မင်းအမိန့်အာဏာနဲ့ နှိပ်ကွပ်ရလိမ့်မယ်။ ကျုပ် ဒါလောက်ပဲ ပြောမယ်'

ဦးချစ်ဆွေသည် နာနာဘာဝများကို ကိုယ်တိုင်ကြည့်ပြီးပြောသလို မာမာထန်ထန် ပြောလိုက်သည်။ ထို့နောက် သုံးယောက် ရုံးခန်းသို့ ပြန်ခဲ့ကြသည်။

'ကဲ..ဒိုင်မှူး၊ ဘာမှကြောက်စရာ မရှိတော့ဘူး။ နာနာဘာဝဆိုပေမယ့် မင်းမိန့်ကို လွန်ဆန်လို့ မရဘူး။ ကိုယ်လုပ်ရမယ့်အလုပ်ကို ရဲရဲတင်းတင်းသာ လုပ်ကြတော့။ ကျုပ်လည်း အစည်းအဝေးရှိလို့ ပြန်မယ်'

ဦးချစ်ဆွေသည် ဝန်ထမ်းအားလုံးကို နှုတ်ဆက်ပြီး မြို့သို့ ပြန်ခဲ့သည်။ ဆရာကြီးလမ်းညွှန်လိုက်သည့်အတိုင်း တိတိကျကျပြောဆိုပြီးဖြစ်သဖြင့် အောင်မြင်လိမ့်မည်ဟု ထင်ပါသည်။ ထိုနေ့က အစည်းအဝေးတက်နေရင်းပင် ထိုကိစ္စကို သတိရနေသေးသည်။ တစ်နေ့လုံး အရေးကြီးလုပ်ငန်းများ လုပ်ကိုင်နေရသည့်တိုင် ကွင်းကြီးတွင် ဘာတွေထပ်ဖြစ်နေသည်ကို တွေးနေမိသည်။ သတင်းထူးများကြားရပါဦးမလားဟု တွေးမိပြန်သည်။ နာနာဘာဝနှောင့်ယှက်၍ အလုပ်မဖြစ်မှာကို တွေး၍ပူနေပါသည်။ အကယ်၍ အလုပ်မဖြစ်ခဲ့သော် မိမိသည် တာဝန်အရှိဆုံးလူဖြစ်၍ ထိုကိစ္စကို မတွေးလို့မရအောင် တွေးနေမိပါသည်။ ညဘက် ဘုရားရှိခိုးအပြီး နာနာဘာဝများကို ရည်မှန်းကာ မေတ္တာပို့လိုက်ပါသေးသည်။ ညအိပ်ရာတွင် ချက်ချင်းအိပ်မပျော်အောင် ရှိနေခဲ့သည်။

နံနက်စောစော အိပ်ရာကထကာ မနက်စာကို အမြန်စားပြီး ဦးချစ်ဆွေသည် ဂျစ်ကားကို ကိုယ်တိုင်မောင်း၍ ကွင်းကြီးသို့ သွားခဲ့သည်။ သူ၏ လုပ်ဆောင်ချက်များ မည်မျှအောင်မြင်သည်ကို သိချင်နေပါသည်။ အားလုံး အဆင်ပြေပါစေဟု ဆုတောင်းရင်း ရင်ခုန်နေပါသည်။ ကွင်းကြီးသို့ ရောက်ခါနီးလေ ရင်ထိတ်လေ ဖြစ်သည်။ ကွင်းကြီးဒိုင်သို့ သူ၏ဂျစ်ကား ဝင်လာသည်နှင့် ဝန်ထမ်းအားလုံးက ညီညီညာညာ တက်တက်ကြွကြွ ကြိုဆိုနေသည်ကို မြင်ရ၍ ဝမ်းသာသွားသည်။ သူတို့ထံမှ ကောင်းသတင်း၊ မင်္ဂလာရှိသော စကားကို ကြားရပါစေဟု ဆုတောင်းရင်း ဒိုင်ရုံးခန်းရှေ့တွင် ကားကို ရပ်လိုက်သည်။ ကားပေါ်က မဆင်းမီ ဒိုင်မှူးကြီး ပြေးလာပြီး နှုတ်ဆက်ပါသည်။

'ဆရာ့ရဲ့ အစီအမံအားလုံး အောင်မြင်တယ်ဆရာ'

ဒိုင်မှူးထံက မင်္ဂလာရှိသော စကားကို ပထမဆုံး ကြားလိုက်ရ၍ အလွန်ဝမ်းသာသွားပါသည်။ သူ၏ အစီအမံ အောင်မြင်သည်ကို ကြားရသော်လည်း မည်သို့ အောင်မြင်သည်ကို သိလိုသဖြင့် ပြန်လည်မေးလိုက်သည်။

'ဘယ်လိုအောင်မြင်တာလဲ'

'သူတို့အားလုံး မရှိတော့ဘူးဆရာ။ အနောက်ဘက်ကို ပြောင်းသွားကြပြီ'

'သူတို့ ပြောင်းသွားတာ ဘယ်လိုသိသလဲ'

ဦးချစ်ဆွေက ထပ်မံမေးလိုက်သည်။

'ဝန်ထမ်းအားလုံး မြင်လိုက်ရတယ် ဆရာ'

'ဘယ်လိုမြင်တာလဲ။ ရှင်းအောင် ပြောပါဦး'

'ဆရာနားရှင်းအောင် အစကနေ ပြောပါ့မယ်။ ကျွန်တော်တို့အားလုံး အိပ်မောကျနေချိန် မနက်လေးနာရီလောက်မှာ အိပ်ခန်းတံခါးကို လာခေါက်တော့ အားလုံး လန့်နိုးကြတယ်။ တံခါးကို ဖွင့်ကြည့်လိုက်တော့ အိပ်မက်ထဲမှာ မြင်ဖူးနေတဲ့ အရပ်ရှည်ရှည်လူကြီးကို တွေ့ရတယ်။ အဲဒီလူကြီးက နှုတ်ဆက်စကားပြောပါတယ်။

ခင်ဗျားတို့ နေခွင့်မပြုလို့ ကျုပ်တို့ ပြောင်းပြီဆိုတာ လာပြောတာပါ။

အဲသလိုပြောပြီး အဲဒီလူကြီး ထွက်သွားပါတယ်။ အဲဒီလူကြီး သွားရာကို ကျွန်တော်တို့ ကြည့်လိုက်တော့ လမ်းမပေါ်မှာ နွားလှည်းတွေကို တွေ့ရတယ်။ လှည်းပေါ်မှာလည်း ပစ္စည်းတွေ အပြည့်တင်လို့။ အနောက်ဘက်ကို လှည်းတွေမောင်းသွားတာ မြင်လိုက်ရပါတယ်ဆရာ။ ဒိုင်ဝန်ထမ်းတွေအားလုံး မြင်တာပါ'

ဒိုင်မှူးကြီး၏စကားကြောင့် ဦးချစ်ဆွေ ဝမ်းသာသွားပါသည်။ ယခုမှ သူ့ရင်ထဲက အလုံးကြီး ကျသွားသလို ခံစားရပါသည်။ လောကတွင် မင်းမိန့်၊ မင်းအာဏာကို သက်ရှိ၊သက်မဲ့အားလုံး မလွန်ဆန်နိုင်ကြောင်း ယုံကြည်မိပါတော့သည်။

ကောင်းသော်

www.burmeseclassic.com

www.burmeseclassic.com


# နှလုံးသုခ သွေးသန့်အားတိုးဆေး



နှလုံးသုခ(သွေးသန့်)
0601 Y 2128

ဤဆေးသည် နှလုံးတုန်၊ ရင်ခုန်ခြင်း၊ မောပန်း၊ မူးဝေခြင်း၊ နှလုံးစူးအောင့်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ အိပ်မပျော်၊ စားမဝင်သူများ၊ စိတ်နှလုံးနောက်သူများ၊ သွေးဆုံးမီးယပ် ရောဂါသည်များ၊ မီးယပ်သွေးဆင်းလွန်သူများနှင့် အထူးသင့်လျော်ပါသည်။

အမျိုးသား၊ အမျိုးသမီးများ အထွေထွေအားနည်းခြင်းအတွက် အားဆေးကောင်းတစ်လက်ဖြစ်သည်။

ကလေးငယ်များအား ရွှေးစေ့ခန့် မပြတ်ခွန့်ပေးပါက ကျောက်၊ ဝံက်သက် စသောရောဂါများအတွက် ကာကွယ်နိုင်ပါသည်။

**လူကြီး** – ဆေးတစ်ပဲသားခန့်
တစ်နေ့ (၂)ကြိမ်မှ (၃)ကြိမ် သောက်သုံးသင့်သည်။

**ဖြန့်ချိရေး**
မော်လမြိုင်ဖြန့်ချိရေး - ဖ၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ ☎ ၀၅၇-၂၁၈၃၆

# အကြောသုခ ဒဏ်ကြေလိမ်းဆေး



အကြောသုခ(ဒဏ်ကြေလိမ်းဆေးအဆီ)
0203 Y 4340



0203 Y 4340



အကြောသုခ(ဒဏ်ကြေလိမ်းဆေးအရည်)
0502 Y 3750

ဤလိမ်းဆေးသည် အရိုးအဆစ် နာကျင်ကိုက်ခဲခြင်း၊ အဆစ်လွဲခြင်း၊ အကြောတင်၊ အကြောညှပ် အကြောထုံးခြင်း၊ ဇက်ကြောတက်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ လေငန်းရောဂါတို့ကိုပါ အထူးပျောက်ကင်းစေပါသည်။

**ဖြန့်ချိရေး**
မော်လမြိုင်ဖြန့်ချိရေး - ဖ၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ ☎ ၀၅၇-၂၁၈၃၆

www.burmeseclassic.com

ကျုပ်နာမည်လား ပေါက်သိုင်းလေ။

ပေါက်သိုင်းကို ခင်ဗျားတို့ မသိကြဘူးလား။

ဘယ်သိကြမလဲ။ ကျုပ်က သူများတွေလို မိနဲ့ဖနဲ့ သွေးနဲ့မျိုးနဲ့ လူဖြစ်လာရတာမှ မဟုတ်တာဘဲ။ ဒီတော့ ကျုပ်ကို မသိကြဘူးပေါ့။

ကျုပ်စကားကို နားမလည်ဘူး၊ ဟုတ်လား။

အင်း··ကျုပ်အဖြစ်က နားမလည်စရာဘဲလေ။ ဘဝကိုက အဖြစ်ဆန်းလာပေတာကိုး။ ကျုပ်ကိုယ်ကျုပ်တောင် အစကတော့ ဝေဝေဝါးဝါးပဲ။ ငါ ဘယ်သူပါလိမ့်လို့။ ကိုယ့်ကိုယ်ကိုယ် အခေါက်ခေါက်အခါခါကြည့်ပြီး အဖြေရှာခဲ့ရတယ်။

ပြီးတော့မှ ကျုပ်လက်ထဲမှာ ကိုင်ထားတဲ့သိုင်းကို သတိပြုကြည့်လိုက်မိပြီး တဖြည်းဖြည်းနဲ့ ကိုယ့်ဘဝကို မှန်ထဲမှာ ကြည်ကြည်လင်လင် ကြည့်မြင်နေရသလို မြင်လာတော့တာကိုး။

ဟော··အဘိုးအို တစ်ယောက်နဲ့ မိကျောင်းတစ်ကောင် လုံးလို့ထွေးလို့ပါကလား။ အဘိုးအိုရဲ့ ခြေတစ်ချောင်းလုံး ပေါင်ရင်းအထိ မိကျောင်းပါးစပ်ထဲမှာ။

သွေးတွေ··သွေးတွေ၊ မိကျောင်းပါးစပ်ထဲမှာ အဘိုးအိုရဲ့ ပေါင်ပြတ်ကို ကိုက်ဝါးထားတဲ့ သွေးတွေ။

"ကျွန်ုပ်သည် ဤမိကျောင်းငယ်အား သားရင်း··· ကျွေးမွေးစောင့်ရှောက် ပြုစုခဲ့ပါသည်။ မှန်ကန်သော ဤသစ္စာစကားကြောင့် ဖြစ်လေရာဘဝတွင် ဤမိကျောင်းအား အသေသတ်နိုင်ပါစေသတည်း"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်နားထဲ အဘိုးအို၏ သစ္စာစကားသည်
ပြက်ထင်ထင် ကြားလာမိသည်။
အို..ကျုပ်တစ်ကိုယ်လုံး တုန်လို့ပါကလား။
ည်လို့မရအောင်ပင် ကျုပ်တစ်ကိုယ်လုံး
ကျက်ရှိသည်။ ကျုပ်မျက်နှာပေါ်မှာလည်း
ည်တွေက ရွှဲလို့အိုင်လို့။ ဒီအချိန်မှာပဲ ကျုပ်
နအော်လိုက်တဲ့ အသံကြီးက ကြောက်ခမန်း
ကျုပ်နားထဲ ဝင်လာသည်။
'မိုးရိပ်..မင်း ဘယ်ပြေးပြေး ငါ့လက်က
နိုင်ဘူး။ မင်းကို အသေသတ်ဖို့ ဖိုးထော်က လွှတ်လာပြီဟေ့'

# ရေကောင်းသူ
# မရွှေပွင့်
# ဝေဒနာ



www.burmeseclassic.com

www.burmeseclassic.com

အရပ်ဝန်းကျင်ကို အခုမှ ကျူပ်ကြည့်လိုက်သည်။

လူသူမနီးတဲ့ တောနက်ကြီးထဲမှာ တစ်ပင်ထီးတည်း ပေါက်နေတဲ့ ပေါက်ပင်ကြီးတစ်ပင်ပေါ် ရောက်နေတဲ့ ကျူပ်။

ပြီးတော့..ပြီးတော့ ကျူပ်ကိုင်ထားတာက သိုင်း။

သိုင်းဆိုတာကို ကြားဖူးကြတယ်မဟုတ်လား။ ရှင်ဘုရင်တွေ ထွက်တော်မူရင် ရှေ့တော်ထွက်တွေဟာ သိုင်းနဲ့ ကျိုင်းတွေကိုင်ပြီး လမ်းရှင်းပေးရတဲ့ လက်စွဲတော်တွေပေါ့။ သိုင်းကိုကိုင်ပြီး လူတွေနဲ့ နီးရာအရပ်ကို သွားရဦးမယ်။

ဒီတော့မှ ကျူပ်ဘဝဟောင်းက ရန်ဘက်ကို လက်စားချေခွင့်ရမှာမဟုတ်လား။

* * *

ကုန်းမြေပေါင်း(၉၉)ကုန်းတို့၏ အသွန်အထိပ်ဖြစ်သော နေရာ သိင်္ဂုတ္တရကုန်း ရှိနေသည်။ ကုန်းမြေကို ခွေပတ်ကာ စီးမျောနေကြသည့် အရှေ့အရပ်က ဒီတိုးသရက်ချောင်း၊ တောင်အရပ်က ပေါက္ခရဝတီမြစ် (ယခု ကန့်ဘဲ့ခေါ်သော နေရာ)နှင့် ပုစွန်ဒီချောင်း အနောက်အရပ်က အသိပစ္စာမြို့နှင့် အသိစန္ဒနချောင်း၊ မြောက်အရပ်က တရိဟာကုမ္ဘ ခေါ် ဥက္ကလာပမြို့။

ဥက္ကလာပမြို့နှင့် ခပ်ဝေးဝေးနေရာများတွင် သစ်ပင်၊ တောအုပ်၊ ချုံပုတ်များက ထူထပ်ပိတ်ဆို့နေသည်။ မြစ်များ၊ ချောင်းများထဲ၌ လှေသမ္ဗန်များကလည်း မပြတ်သွားလာ လှော်ခတ်နေကြသည်။

နေရောင်၏ ပူပြင်းသော အရှိန်အောက်တွင် ရေပြင်သည် တောက်ပလျက် ရှိနေသည်။ ချောင်းကမ်းစပ်ရှိ စာအိမ်ကလေးများသည် ထိုပူပြင်းသော နေရောင်အောက်တွင် လူရိပ်လူခြေတို့ကို မမြင်ရဘဲ အမြင်အားလုံးတို့သည် ငြိမ်သက်တိတ်ဆိတ်ကာ သက်မဲ့ပစ္စည်းများ ပီသစွာဖြင့် ရပ်တန့်လျက် ရှိနေသည်။

တရိဟာကုမ္ဘမင်း၏ နေပြည်တော်ဖြစ်သော ဥက္ကလာပတိုင်းကြီးက စည်ကားသာယာသည်။ ထို့ထက် မြို့ရိုး၊ ပြအိုး၊ ရေတွင်း၊ ရေကန်ပေါင်း များစွာတို့ကလည်း ဥက္ကလာပကို တင့်တယ်စေပါသည်။ မြို့တော်ကို မြို့ရိုးများသဖွယ် မြစ်ကြီးမြစ်ငယ်တို့က ဝန်းရံထားကြသည်မှာလည်း မြို့တော်၏ တောင်စူးစူး၌ ဒေါပုံချောင်း၏ ရေအလျဉ်ကလည်း တညင်ကျွန်းကို ပတ်ခွေဝန်းရံပြီးမှ ပင်လယ်သို့ဝင်သည်။

မြို့တော်၏ အနောက်တောင်ထောင့်မှာက မော်ဘီ၊ တွံတေးနှင့် ချောင်းမြောင်းငယ်များစွာတို့သည် ဒေါပုံချောင်းသို့ဝင်ရန် အားယူနေကြသည့်မြင်ကွင်း၊ မြေလိမ်မြွေကောက်များ ပြေးလွှားဆော့ကစားနေကြသည့်နှယ် ပေါ်များလှသည့် ရေစီးရေလာချောင်းကလေးများ။

ဤအချိန်တွင် -

ရေလာကောင်းလှသည့် ချောင်းကမ်းပါးတွင် အဝတ်များစွာတို့ကို တစ်ခုပြီးတစ်ခု လျှော်ဖွပ်နေသည့် ဖိုးထော်ကလွတ်သည် အဝတ်များကို ချောင်းရေနှင့်ဆေးရင်း တ… တောက်တောက်နှင့် -

'ဒီအမယ်ကြီး..ဘယ်ရောက်သွားပါလိမ့်။ ထွက်သွားတာ ကြာပြီကော။ နေရှိတုန်း အဝတ်တွေ ခြောက်အောင် လှန်းရမယ်ဆိုတာ မသိဘူးလား' ဟု ပြောဆိုရေရွတ်နေ… အမယ်ကြီး ဒေါ်မွန်စောသည် တစ်စုံတစ်ရာကို အော်ဟစ် ပြောဆိုလျက် အပြေးရောက်လာသည်။

'အဘိုးကြီး..ဒီမှာကြည့်ပါဦး။ ဘာဥကြီးလည်း မသိဘူး။ ကမ်းစပ်သဖန်းချုံကြီးအောက်က ချုံတွေထဲကတွေ့… ယူလာခဲ့တယ်' ဟု ပြောရင်း အဘိုးကြီးကို ပေးသည်။

'ဟဲ့..မွန်စော၊ အဲဒါ မိကျောင်းဥ ဖြစ်လိမ့်မယ်။ … ချောင်းထဲ မိကျောင်းတစ်ကောင် သွားလာနေတာကို … ခဏ,ခဏ သတိပြုမိတယ်။ သွား..သွား..အိမ်ကို ယူ… ပြီး မီးဖိုနဲ့နီးနီးမှာ အဝတ်နဲ့ထုပ်ပြီး ထွေးထွေးနွေး… ထားစမ်း၊ ပေါက်လာတော့ တို့မွေးရတာပေါ့'

'အို..ဒီအဘိုးကြီး တောက်တီးတောက်တဲ့၊ မိကျောင်း… ကို အိမ်မှာမွေးလို့ ဖြစ်မလားတော်။ သူတို့ဟာ ကြီးလာ… အခါ လူကို အန္တရာယ်ပြုတတ်တဲ့ သတ္တဝါမျိုး။ မဖြစ်… လေ၊ ဒီဥကြီးကို တွေ့တဲ့နေရာမှာပဲ ပြန်ထားလိုက်မယ်'

'မထားနဲ့၊ ရေတက်လာရင် မျောပါသွားပြီး သေ… မယ်။ မိကျောင်းမတွေဟာ ဒီလိုပဲ စည်းမရှိကမ်းမရှိ … တတ်တယ်။ သူတို့ဟာ တစ်ခါဥရင် အလုံးနှစ်ဆယ်… ကို ဥချတာ။ ခုလည်း ဒီပြင်ဥတွေကို ဘယ်မှာသွား… တယ်မသိဘူး။ ငါပြောသလို အိမ်ကိုယူသွားပြီး မီးဖို… ထားလိုက်စမ်းပါကွယ်။ အသက်တစ်ချောင်းကို … ကောင်းပါတယ်။ ပေါက်လာလို့ မမွေးချင်လည်း ချောင်း… ချထားလိုက်တာပေါ့'

အမယ်ကြီးသည် ဖိုးထော်ကလွတ်က ပြောလို့သာ… ယူလာရသော်လည်း သူ့စိတ်ထဲက မပါ။ ဒီအဘိုးကြီး… အလုပ်မရှိ အလုပ်ရှာလို့ သူပဲ ရှုပ်ရှုပ်ဖွေဖွေဟု လို… မကျ ဖြစ်လာသည်။ သို့သော် ဥကြီးကိုတော့ မှာ…

www.burmeseclassic.com

www.burmeseclassic.com

...င်း ဂရုတစိုက်နှင့် ထွေးနွေးစွာအဝတ်နှင့်ထုပ်၍ မီးဖို ...ရာမှာ ထားပေးလိုက်သည်။

ဒီလိုနှင့် နှစ်လလောက်အကြာတွင် ကောက်ရိုးများနှင့် ...ထားသည့် မိကျောင်းဥရှိရာ တောင်းကလေးထဲမှာ ...င်းဆိုးသလိုအသံမျိုး ဒေါ်မွန်စောကြားလိုက်ရသည်။ ...မှဟုတ်ရဲ့လားဟု တောင်းအနားတိုးကပ်ကာ နောက် ...ားထောင်လိုက်သည်။

'ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ ချောင်းဆိုးသံမှ ချောင်းဆိုး ...စစ်ပါပဲ'ဟု အဘိုးကြီးဆီသို့ ပြေးကာပြောသည်။

'အဘိုးကြီး..မြန်မြန်လာ၊ မြန်မြန်လာ။ ချောင်းဆိုး ...နှစ်ခါတောင် ကြားတယ်တော့'

ဖိုးထော်ကလွတ်မှာလည်း ဝါးဆေးတံကြီးကိုခဲကာ ...နေရာမှ ဟင်ဟုဆိုကာ ဝမ်းသာအားရဖြင့် ပါးစောင်မှ ...တံကိုချွတ်ချကာ မီးဖိုထဲသို့ အပြေးဝင်လာလျှင် ဒေါ်မွန် ...ကရှေ့၊ ဖိုးထော်ကလွတ်ကနောက် မရှေးမနှောင်းရောက် ...ကြသည်။

ရောက်သည်နှင့် ဖိုးထော်ကလွတ်သည် တောင်းထဲမှ ...ကောက်ရိုးများကို သာသာဖွဖွဖယ်ကာ မိကျောင်းဥကို မထိ ...ရန် ဂရုစိုက်၍ လျင်မြန်စွာကြည့်လိုက်သည်။

'အို..ဟုတ်ပါရဲ့။ တကယ့်ကို ပေါက်ထွက်လာတာပဲ။ ...ယ်ကြီးရေ..ကြည့်ပါဦးကွယ်၊ သနားစရာလေး။ သူ့ ...ာ ဥခွံကို နှာခေါင်းရိုးနဲ့ ထိုးခွဲပြီး တိုးဝှေ့ထွက်လာရပါ ...လား။ သနားစရာကလေးဟယ်'

ဒီလိုနှင့်ပင် ဥခွံထဲမှ ထွက်ခါစ မိကျောင်းပေါက် ...ကို ဖိုးထော်ကလွတ်သည် စဉ့်အင်တုံကလေးထဲတွင် ...အပြည့်ထည့်ကာ ထားလိုက်သည်။ မိကျောင်းပေါက် ...လေးက ရှစ်လက်မလောက်ရှိသည်။ ဒီလိုနှင့် သူ့ကို ...င်တုံထဲသို့ ထမင်းလုံးများ ချကာကျွေးသည်။ ထို့နောက် ...နတ်ငါးဖွံ့ကလေးများကို ကျွေးရင်းဖြင့် ဆယ်လနီးပါး ...ရှိလာလျှင် အကောင်အထည်ကြီးလာသည်။ ကိုယ် ...လျားက တစ်ပေနီးပါး ရှိလာသည်ဖြစ်၍ ရေအင်တုံနှင့် ...ဆံ့တော့။ ထိုအခါ ဖိုးထော်ကလွတ်က ဒေါ်မွန်စောကို ...ိုင်ပင်သည်။

'မွန်စောရေ..တို့သား ကြီးလာပြီကွ။ သူ့အတွက် ရေ ...ကန်တူးပေးရင် မကောင်းဘူးလား'

မိကျောင်းကလေးသည် ဆယ်လရှိလာလျှင် အဖို့,အမ ...ည်း ကွဲပြားလာသည်။ မျိုးရိုးလည်း ခွဲခြားလို့ရလာပြီဖြစ် ၍ ဖိုးထော်ကလွတ်က ပြောသည်။

'မွန်စောရဲ..တို့သားကြီးက ခေါင်းရှည်မျိုးကွ။ ခေါင်းရှည်မျိုးဆိုတာက အသက်ရှည်တယ်။ နှစ်တစ်ရာအထိ နေနိုင်တယ်။ ခေါင်းတိုမျိုးကတော့ အလွန်ဆုံးနေရ နှစ်လေး,ငါးဆယ်ပဲ။ ဒီတော့ သားကြီးနေဖို့ ရေကန်တစ်ခုတူးမှဖြစ်မယ်။ သူ့ကိုကြည့်ရတာ ထွားမယ့်ပုံကွ။ ခုတောင် မနည်းကြီးနေပြီ'

'ကန်တူးတာက ဟုတ်ပါပြီ။ သူ့ကို နာမည်မပေးတော့ဘူးလား။ ဒီလိုပဲ သားကြီး,သားကြီးလို့ခေါ်နေရင် အိမ်နီးချင်းတွေက ပြုံးလိမ့်မယ်။ နာမည်လေးဘာလေး စဉ်းစားပါဦး'

'အေး..ဟုတ်တယ်၊ မွန်စောပြောတာ မှန်တယ်။ သူ့ကို ဘယ်လိုနာမည်ပေးရပါလိမ့်။ သြော်..သိပြီ မွန်စောရေ၊ မင်း သူ့ကို ယူလာတဲ့အချိန်က မိုးတွေအုံ့နေတယ်မဟုတ်လား။ မိုးရိပ်တွေကျနေလို့ အဲဒီနေ့က အဝတ်တွေတောင်ကောင်းကောင်းမခြောက်ဘူးလေ'

'ဟုတ်တယ်၊ အဲဒီနေ့က တစ်နေ့လုံး မိုးအုံ့နေတယ်'

ဒေါ်မွန်စောကပါ သတိတရပြောလိုက်သောအခါ ဖိုးထော်ကလွတ်သည် ဝမ်းမြောက်စွာသော အသံကြီးဖြင့် အော်လိုက်သည်။

'ဟုတ်ပြီ၊ သားကြီးနာမည်ကို မိုးရိပ်လို့ မှည့်မယ်။ မိုးရိပ်၊ ငါ့သားကြီး ငမိုးရိပ်'

ဖိုးထော်ကလွတ်သည် သူ့သားငမိုးရိပ်အတွက် ကန်ကိုသူ အဝတ်လျှော်မြဲဖြစ်သည့် မှော်ဘီချောင်းစပ်နှင့်နီးသောနေရာတွင် ချောင်းရေလည်း ဝင်သာအောင် မြောင်းကိုသွယ်ပြီးမှ သူ့ဒူးခေါင်းလောက်နက်သည့်ကန်ကို တူးသည်။ ကန်ထဲမှနေ၍ မှော်ဘီချောင်းထဲသို့ ငမိုးရိပ်ကူးမသွားနိုင်ရန်ဟု ဝါးလုံးပေါင်း တစ်ရာတို့ဖြင့် လုံနေအောင် ကန်ကိုပတ်၍ကာထားသည်။

ဤသို့လုပ်ကိုင်ရင်းဖြင့်လည်း ဖိုးထော်ကလွတ်က-

'ကဲ..သားကြီးငမိုးရေ၊ အဖေတူးထားတဲ့ကန်မှာ အားရပါးရကြီး ကူးလိုက်စမ်းကွ'ဟူ၍ ကြည်နူးစွာဖြင့် တစ်ကိုယ်တည်း ပြောဆိုလျက် ရှိနေလေသည်။

သားသမီးမရှိသည့် ဖိုးထော်ကလွတ်တို့ မောင်နှံသည် ငမိုးရိပ်ကိုပဲ အရိပ်တကြည့်ကြည့်ဖြင့်ကြည့်ကာ ကျေနပ်မဆုံးရှိနေကြသည်။ ငမိုးရိပ်ကလည်း ဥခွံထဲမှ ထွက်လာကတည်းက ပထမဆုံး ဆက်ဆံတွေ့ကြုံခဲ့ရသည့် ဤ...တိုးအို

www.burmeseclassic.com

www.burmeseclassic.com



မောင်နံ့တို့အား အလွန်မင်တွယ်တာခဲ့သည်။

'သားကြီးရေ..ငမိုးရိပ်' ဟူသောခေါ်သံကို ကြားလိုက်ရသည်နှင့် ရေကို ဗွမ်းဗွမ်းမြည်သွားအောင် အသံပေးရင်း တစ်အားပြေးကာ ကမ်းသို့ကူးလာသည်။ ကမ်းသို့ရောက်လျှင် ကမ်းစပ်ပေါ်မေးတင်၍ သူ့မျက်လုံးဝိုင်းကြီးများနှင့် ပြူးနေအောင် စိုက်ကြည့်တတ်သည်။

'သားကြီး..လာပြီလားကွ။ ရော့..ရော့'

ဖိုးထော်ကလွှတ်သည် ငါးအသေးအမွှားကလေးများကို ထမင်းနှင့် နယ်ထားသည့် ငမိုးရိပ်အတွက် အစာခွက်ကို ချပေးလိုက်သည်နှင့် ငမိုးရိပ်စားတော့သည်။ အစာခွက်ထဲမှာ ဘာမျှမကျန်အောင် စားပြီးသည်နှင့် ကန်ထဲသို့ ငုပ်သွားသည်မှာ ညနေမှ ပြန်လာတော့၏။ ရေမှာနေသော သတ္တဝါဖြစ်၍ ငမိုးရိပ်သည် တစ်နေ့တခြား ကြီးလာသည်နှင့်အမျှ ရေထဲမှာပဲ နေချင်တော့၏။ ကမ်းစပ်သို့ပင် လာချင်မှ လာတော့သည်။

အစားကလည်း များလာသည်။ သဘာဝက အသားစားသတ္တဝါဖြစ်၍ ငါး၊ ပုစွန် စားရရုံမျှဖြင့် မကျေနပ်။ ထိုအခါ ဖိုးထော်ကလွှတ်တို့ မောင်နှံမှာ ငမိုးရိပ်အတွက် အစာကို ရှာစဉ်လှည့်၍ ရှာရတော့၏။ သို့ဖြင့် ငမိုးရိပ် အသက်သုံးနှစ် ရှိလာသည်။ ကိုယ်အလျားကလည်း သုံးမှေ ကျော်ကျော်လောက် ရှိလာပြီဖြစ်၍ ရုတ်တရက် မြင်လိုက်ရသူအဖို့ လန့်စရာ,ကြောက်စရာပင်။

အဖေကဖြစ်စေ၊ အမေကဖြစ်စေ သားကြီးရေဟူ အသံပေးလိုက်လျှင် ကြားရသည့် နေရာမှစ၍ ရေကို ဖွားဖွားထသွားအောင် အမြီးနှင့် ပုတ်ကာ ... အားနှင့်ပြေးလာတတ်သည်။ ထိုအခါမျိုးတွင် ဖိုးထော်ကလွှတ်တို့ မောင်နှံအဖို့ ကြည်နူးမဆုံးအောင် ပီတိခံစားရသည်။

တိန်းချင်းများကတော့ သူတို့မှာ ကြက်စည်းစည် မိကျောင်းမွေးရတယ်လို့ ဟု အံ့သြကြသည်။

မိကျောင်းဆိုတာ အိမ်မွေးသတ္တဝါ မဟုတ်သည့်အပြင် ကြမ်းကြုတ်သောသတ္တဝါ ဖြစ်သောကြောင့်လည်း မည်သူတမျှ ငမိုးရိပ်ကို အရေးတဝင်မနေဖို့ကြ။

ရေနက်ထဲသို့ဆင်း၍ အစာကျွေးရသောတာဝန်ကို ဖိုးထော်ကလွှတ်သည် နေ့စဉ် ယူလာရင်းဖြင့် ငမိုးရိပ်အသက် ငါးနှစ် ရှိလာသည်။ ကိုယ်အလျားကလည်း ခြောက်ပေလောက် ရှိလာသည်။

ထိုနေ့မှာပဲ ဖိုးထော်ကလွှတ်သည် ခါးတောင်းကို မြှောင်အောင်ကျိုက်ကာ 'ငမိုးရိပ်ရေ..သားကြီးရေ' ဟု ခေါ်ပြီး ရေထဲသို့ ဆင်းလာသည်။

လေးဆယ်သားခန့်ရှိ ငါးပတ်ကြီးတစ်ကောင်ကို ဖိုးထော်ကလွှတ် ရလာသည်။ ငမိုးရိပ်က ငါးပတ်ကို အလွန်ကြိုက်သည်။ ဒီကောင် ဘယ်လောက်များ စားလိုက်လေမလဲဟူသော အတွေးဖြင့် ဖိုးထော်ကလွှတ်သည် ညာလက်ဖြင့် ငါးကို ကိုင်မြှောက်ရင်း အသံပေးလိုက်၏။

'သားကြီးရေ..လာ..လာ'

ပေါ်မလာ၊ ရေပွက်ထလာသည်ကိုပင် မမြင်ရ။ ထို့ကြောင့် ဖိုးထော်ကလွှတ်သည် လေသံကိုမြှင့်၍ နောက်တစ်ကြိမ် ထပ်ခေါ်လိုက်သည်။

'သားကြီးရေ..ငမိုးရိပ်၊ လာ..လာ..ငါးလာစား'

ဟော..ငမိုးရိပ်ပေါ်လာပြီ။ ဦးခေါင်းကိုမော့၍ အသံမပေးဘဲ ဖြည်းဖြည်းလာနေသည်။ အခါတိုင်းကဲ့သို့ ဖိုးထော်ကလွှတ်အသံကို ကြားသည်နှင့် ဝမ်းသာစွာဖြင့် ရေကို အမြီးနှင့်ပုတ်ကာ ရှင်မြူးစွာကူးလာသည့်ဟန်မျိုး လုံးဝမဟုတ်။

'ဟော့ကောင် သားကြီး၊ အစာဆာလို့ စိတ်ကောက်နေပြီလား။ ရော့..ဒီမှာ မင်းအတွက် ငါးပါလာတယ်ကွ။ လာ..လာ'

ငမိုးရိပ်က လုံးဝရေ့မတိုးလျှင် ဖိုးထော်ကလွှတ်သည် ရေအနက်သုံးပေရှိသော နေရာမှနေ၍ ရှေ့သို့တိုးကာ သူ့ခါးလောက်အနက်ရှိသော ရေထဲသို့ဆင်းသွားပြီး ငမိုးရိပ်ကို လက်ထဲမှငါးကို ကမ်းပေးရင်းမှ 'သားကြီးငမိုး..ရော့လေ ငါးလာယူကွ သားကြီး' ဟု ချော့မြူလိုက်စဉ် တစ်ဖန် ငုပ်လျှိုးဆင်းသွားရာမှ ဖိုးထော်ကလွှတ်ရှိရာနေရာသို့ ရောက်လာပြီးလျှင် ခြေနစ်ဖက်ကို ..ရေထဲသို့ ဆွဲခေါ်သွားခြင်းကို နာကျင်စွာဖြင့် ဖိုးထော်ကလွှတ် ခံစားရကာ ထိတ်လန့်စွာဖြင့် 'ဟာ..ဟာ..သားကြီး၊ ဘာလုပ်တာလဲ။ နာလိုက်တာကွာ' ဟု အော်လျက် ရုန်းထွက်လိုက်သည်။

မလွှတ်ပါ။ ငမိုးရိပ်သည် ခါးလွယ်အထိသို့ ရောက်လာသည်အထိ ကိုက်ခဲမျိုလျက် ရှိနေပြီကို ခံစားလိုက်ရသောအခါမှ ဖိုးထော်ကလွှတ်သည် ရုတ်တရက် သတိဝင်လာကာ ဝမ်းနည်းလှိုက်လှဲစွာဖြင့် သေအံ့မူးမူးအချိန်ကလေးမှာ သစ္စာစကား ဆိုလိုက်ရှာ၏။

'ငမိုးရိပ်..မင်းကို ငါ သားအရင်းလို မေတ္တာထားပြီး ကျွေးမွေးခဲ့ပါတယ်။ မှန်ကန်သော ဤသစ္စာစကားကြောင့်



www.burmeseclassic.com

www.burmeseclassic.com

လေရာဘဝမှာ မင်းကို ငါလက်နဲ့သတ်ပြီး လက်စားချေ ပါလို့၏

သွေးတို့သည် ဝါးတစ်ရာကန့်အတွင်း၌ ပင်လယ်တစ်ခုကဲ့သို့ ပြည့်လျှံဆူပွက်လျက် ရက်အတန်ကြာသည်အထိ ရှိနေသည်ကို မော်ဘီချောင်းကမ်းပါးမှာ နေထိုင်ကြသည့် ကအိမ်ကာလေးများမှ လူများအားလုံး မြင်ကြရသည်။

ထိုအခါမှစ၍ ဒေါ်မွန်စောကိုလည်း မည်သူမျှ မတွေ့ရတော့ပေ။

(နှောင်နှစ်ပေါင်းကြာလျှင် ထိုနေရာ၌ ဝါးတစ်ရာဟူသော ရွာကလေးတစ်ရွာ ပေါ်လာသည်။)

ငမိုးရိပ်သည် ဥက္ကလာပပြည်ကို ပိုင်းရိတားသည့် များစွာသောချောင်းငယ်၊ မြောင်းငယ်များမှတစ်ဆင့် ပင်လယ်အထိသို့ ဝင်ရောက်ကာ ကျက်စားတော့၏။ အများနှင့်မတူ ရှည်လျားထွားကျိုင်းသောခန္ဓာနှင့် ဦးခေါင်းရှည်မျိုးဖြစ်သည့် မိကျောင်းကြီးတစ်ကောင် ပေါ်ထွန်းရစ္စတီမြစ်၊ ဘရိုဟာကမ္မမြစ်တို့မှာ သွားလာကျက်စားနေသည်။ လှေ၊ သမ္ဗန်များအား မှောက်သည်။ ပါလာသည့် အဖိုးတန်ပစ္စည်းများအား ယူသည်ဟူသော သတင်းသည် တစ်နေ့တခြား ကျော်ကြားလာသည်။ ထို့ကြောင့် ရေလမ်းခရီးသွားနေသူများသည် ဤမိကျောင်းရန်ကို ကြောက်ရွံ့သောကြောင့် လှေ၊ သမ္ဗန်များကို အစုအဝေးနှင့်မှ သွားကြသည်။ အားကောင်းမောင်းသန် ယောက်ျားများကလည်း အချင်းချင်းစုပေါင်းကာ ဤမိကျောင်းရန်ကို ကာကွယ်နိုင်ရန်အတွက် လက်နက်များကိုပါ ယူဆောင်လာကြသည်။

* * *

ဥက္ကလာပပြည်ကြီးကို အထောက်အကူပြုထားသည့် ကုန်းပေါင်း(၅၂)ကုန်းတို့တွင် ကုန်း၏အရှင်များဖြစ်ကြသည့် ဖိုး၊ စောဂျီ၊ တပသီနှင့် လောကီရှာန်ရကြကုန်သော ရသေ့များစွာတို့သည် ထိုကုန်းတို့၏ အသွန်အထိပ်ဖြစ်သော သိင်္ဂုတ္တရကုန်းနှင့်တကွ အသီးသီးသောကုန်းတို့တွင် ပျော်မွေ့ရွှင်ကြည်စွာဖြင့် နေထိုင်လျက် ရှိကုန်ကြသည်။

ထိုသို့ရှိကြကုန်သော ရသေ့များအနက်မှ တစ်ပါးသော ရသေ့သည် ဆွမ်းခံကြွသွားရာမှအပြန် မြစ်ကမ်းအနီးတွင် ပေါက်နေသည့် လှမပင်ကြီးတစ်ပင်မှ ကြီးမားလှစွာသော လမုအဖူးကြီးကိုမြင်ရ၍ လမုအဖူးကြီးလှတယ်ဟု အံ့ဩသောစိတ်ဖြင့် မှိုင်ဆဲငေးသိုးနေထိုင်သော ကျောင်းသခမ်းသို့ ချိုးယူလာခဲ့၏။ ထိုသို့ချိုးယူခဲ့ပြီး မကြာမီရက်အနည်း ငယ်အတွင်းမှာပင် ပွင့်အာလာသော လမုဖူးကြီးထဲမှ မိန်းကလေးတစ်ယောက်ကို မြင်ရလျှင် ရသေ့ကြီး အံ့ဩသွားရတော့သည်။ လှလိုက်တဲ့ မိန်းကလေးနဲ့ လူစာနတ်တမျှပါကလား။ ဒီကလေးကို ကံအလျောက် သံသေအမွေးဖွားလာခြင်း ဖြစ်တဲ့အတွက် သူမှာ အတိတ်ထူး ကံထူး ပါလာလိမ့်မယ်။ ကောင်းကောင်းမွန်မွန် မွေးမြူစောင့်ရှောက်ထားရတော့မှာပဲဟု စိတ်ကူးလျက် လမုဖူးထဲမှ ကလေးကို ထုတ်ယူလိုက်ကာ သမီးအမှတ်ဖြင့် ကျွေးမွေးစောင့်ရှောက်လာခဲ့လေသည်။ အမည်ပေးမည်ဟု စိတ်ကူးလျှင် လမုဖူးထဲမှ ရလာသည်ဟု တွေးတွေးရာရာ စဉ်းစားမှုမပြုတော့ဘဲ မယ်လမုဟူသာ လွယ်ကူစွာ ခေါ်လာခဲ့၏။

ဥက္ကလာပတိုင်းသည် မွန်လူမျိုးများ အများဆုံးနေထိုင်ရာဒေသဖြစ်သောကြောင့် မွန်ဘာသာဖြင့်လည်း မယ်လမုကို မယ်ကမှဟု ခေါ်သူများလည်း ရှိကြသည်။

မယ်လမုသည် အရွယ်ရောက်လာသည်နှင့် ဖခင်ရသေ့ကြီးအတွက် သစ်သီးကြီးငယ်များကို တောထဲသို့လှည့်လည်ကာ ရှာဖွေခူးယူ၍ ကျွေးမွေးသည်။ သောက်ရေ၊ သုံးရေများကိုလည်း မပြတ်ရအောင် စီစဉ်သည်။ သို့ဖြင့် မယ်လမု အရွယ်ရောက်လာလျှင် တောတွင်း၌ လှည့်လည်ရင်းဖြင့် ချစ်သူတွေ့လာသည်။ သူမှာ ချစ်ခင်တွယ်တာရသူ ရှိနေပါပြီဟု ဖခင်ရသေ့ကြီးအား အသိပေးသောအခါ ရသေ့ကြီးက မယ်လမု၏ ချစ်သူအား တွေ့လိုသည်ဟု ဆို၏။

ချစ်သူရောက်ရှိလာသောအခါ မယ်လမုသည် ဖခင်ရသေ့ကြီးရှေ့သို့ ခေါ်ယူလာကာ ဖခင်ကြီးအား အတူထိုင်၍ ကန်တော့ကြလျှင် ဖခင်ရသေ့ကြီးသည် မယ်လမု၏ ချစ်သူအား မြင်သည်နှင့် သိကြားမင်းဖြစ်နေသည်ဟု ဆိုကာ ဆုံးမ



www.burmeseclassic.com

စကားပြောလေ၏။ အချင်းချင်း ချစ်ခင်ညီညွတ်စွာ ပေါင်းသင်းရန်နှင့် သမီးမယ်လမုအား စိတ်နှလုံးချမ်းမြေ့အောင် စောင့်ရှောက်ပါဟု ပြော၏။ ဤသို့ရသေ့ကြီးထံမှ ခွင့်ပြုစကားကို ကြားရလျှင် သိကြားမင်းသည် မယ်လမုအားမှာကြားသည်။

သူ ခဏပြန်ဦးမည်။ မကြာမီပြန်လာမည်။ စိတ်အေးချမ်းသာစွာ နေထိုင်ပါဟုဆို၍ ပြန်သွားလေ၏။ သို့သော် မကြာမီပြန်လာမည်ဆိုသည့်အတိုင်း ပြန်မလာလျှင် မယ်လမုသည် ကြေကွဲလွမ်းဆွတ်စွာဖြင့် တငိုငိုဖြစ်နေရာမှ ဖခင်ရသေ့ကြီးအား-

'မောင်တော်သိကြားမင်းကို လွမ်းလှပါပြီ'

'သမီး..ဘာမှမပူနဲ့၊ ဖခင်ကြံစည်မယ်'ဟုဆို၍ သက်ငယ်မြစ်ကို တူးယူကာ သစ္စာပြုလိုက်လျှင် သက်ငယ်မြစ်သည် ကျေးသား(ကြက်တူရွေး) ဖြစ်သွားလေ၏။

ထို့နောက် ရသေ့ကြီးသည် စာချွေရေးကာ ကြက်တူရွေး၏ လည်မှာစွပ်၍ တာဝတိံသာရှိ သိကြားမင်းထံသို့ လွှတ်လိုက်သည်။

သိကြားမင်းသည် စာချွေကိုဖတ်၍ အကြောင်းစုံကို သိရလျှင် မယ်လမုသုံးဆောင်ရန်အတွက် နတ်ရေစင်ကို မြကျည်တောက်သုံးလုံးနှင့်ထည့်၍ ကြက်တူရွေး၏လည်မှာ ပြန်၍စွပ်ကာ ရသေ့ကြီးထံသို့ လွှတ်လိုက်၏။

ထူးဆန်းသော ကျေးသားကလေး ရောက်လာသည်မှစပြီး သိကြားမင်း ဗျာများနေသည်ကို မိဖုရားလေးပါးဖြစ်ကြသည့် သုဇာတာ၊ သုမာလာ၊ သုနန္ဒာ၊ သုစိတ္တာတို့သည် ချောင်းမြောင်းကြည့်နေကြသောကြောင့် သိကြားမင်းလုပ်သမျှ အားလုံးကို သိရှိကြကာ-

'ငါတို့သိကြားမင်း မိဖုရားလေးပါး ရှိနေပါလျက် လူ့ပြည်မှ လူသားမယားအား ဤမျှအရေးထားရလေသလား'ဟု မခံချင်ဖြစ်ကြကာ မိဖုရားလေးပါးလုံး စွန်ငှက်ယောင်ဆောင်၍ ကြက်တူရွေးပျံသန်းရာနောက်သို့လိုက်ကာ နတ်ရေစင်ထည့်ပေးလိုက်သည့် မြကျည်တောက်သုံးလုံးကို ကျေးသားလည်ပင်းမှ ပြုတ်ကျလေအောင် အတင်းလိုက်လံထိုးဆိတ်ရာ မြကျည်တောက်နှစ်လုံးသည် မြေပြင်သို့ပြုတ်ကျသည်။

တစ်လုံးမှ နတ်ရေစင်သည် ဟိမဝန္တာတောတွင်နေသည့် ဆင်မတစ်ကောင် သောက်သုံးလိုက်ရသောကြောင့် တစ်ကိုယ်လုံးဆွတ်ဆွတ်ဖြူသည့် ဆဒ္ဒန်ဆင်ပျံကို ဖွားလေ၏။ မြကျည်တောက်တစ်လုံးသည်ကား သမုဒ္ဒရာထဲသို့ ကျကာ မိကျောင်းမတစ်ကောင် သောက်လိုက်ရသောကြောင့် ငမိုးရိပ်ဟူသော နတ်မိကျောင်းကို ဖွား၏။ မယ်လမုထံရောက်လာသော မြကျည်တောက်တစ်လုံးမှရေကို မယ်လမု သောက်ရလျှင် (ရွှေတိဂုံစေတီတော်မြတ်ကြီးအားတည်သည့်) ဥက္ကလာပမင်းကို ဖွားသည်။

သိကြားမင်းသည် သားဖွားသည်ဟု သိရလျှင် ရသေ့ကြီးထံသို့လာ၍ မိမိသည် သိကြားမင်းဖြစ်ကြောင်းကို အသိပေးကာ သားတော်ကို ဥက္ကလာပ အမည်ပေးရန်နှင့် တရိဟာကုမ္မဋ္ဌာန မွန်လူမျိုးတို့ နေထိုင်ရာအရပ်တွင် မြို့ပြထီးနန်း၊ ကျုံးမြောင်း၊ ရင်တား၊ တံခါးကြီးငယ်တို့နှင့်တကွ ဖန်ဆင်းပေးကာ မဟာသက္ကရာဇ်(၈၇)ခုနှစ်တွင် ဥက္ကလာပမင်းအဖြစ် တင်မြှောက်ပေး၍ တာဝတိံသာသို့ ပြန်သွားလေ၏။

* * *

ငမိုးရိပ်သည် ဝါးတစ်ရာ မှော်ဘီချောင်းမှနေ၍ သမုဒ္ဒရာရှိ နတ်မိကျောင်းအုပ်ကြီး၏ နယ်ပိုင်နက်အတွင်းသို့ကား တစ်ကြိမ်မျှ အခစားမဝင်၊ လွတ်လပ်စွာဖြင့်သာ မြစ်ချောင်းအင်းအိုင်မှန်သမျှသို့ ခြေဆန့်ကာ သောင်းကျန်းလျက်ရှိ၏။ သို့သော် ဥက္ကလာပမင်းပိုင်ဖြစ်သည့် တရိဟာကုမ္မမြစ်ကြီး၏ဝန်းကျင်သို့ လုံးဝပင် ခြေမဆန့်။ ဥက္ကလာပမင်းမှာ လက်နက်လူသူ ပြည့်စုံသည်။ အစောင့်အကြပ်တို့ ထူပြောသည်။ မြစ်ချောင်းအသွယ်သွယ်တို့သည် ဥက္ကလာပတိုင်း၏ တံတိုင်းများသဖွယ် လုံခြုံစိတ်ချရသည်။ ဤသတင်းများ ကျော်စောမှုတို့ကြောင့် ငမိုးရိပ်သည် ဥက္ကလာပတစ်ခွင်အား ဝေးဝေးကရှောင်သည်။

ငမိုးရိပ်သည် သူ့ဇာတိကို သူသိသည်။ ဥက္ကလာပမင်းနှင့် သူသည် အဖေတူ အမေကွဲ ညီနောင်ဖြစ်သည်။ သူသည် မြစ်ချောင်းထဲ၌ သွားလာနေကြသည့် အလေ့နေတောသာမညမိကျောင်းမျိုးမဟုတ်၊ တာဝတိံသာနတ်ပြည်မှ သိကြားမင်း၏ ရင်သွေးတော်ဖြစ်သည်ဟူသော ဇာတိပုညဂုဏ်မာနဖြင့်လည်း ပြည့်ဝလို့နေသည်။

ငမိုးရိပ်သည် နတ်ကပေးသော မိကျောင်းမျိုးဖြစ်နေ၍ သာမညမိကျောင်းများထက် အားခွန်ဗလကြီးမားကာ ဖြေလွှားနိုင်သော လျင်မြန်မှုတို့ကလည်း မည်သည့်မိကျောင်းမျှ မယှဉ်နိုင်။ သူ့မှာကား ကမ္ဘဇိဒ္ဓိတန်ခိုးများက အပြည့်၊ လူသားတို့၏စကားကို နားလည်သည်။ ဒီထက်ပို၍ပြော

www.burmeseclassic.com

ရလျှင် သူသည် လူသားတို့၏စကားကို လူသားတို့ကဲ့သို့ အပီတူထပ်မျှ ဖွဲဖွဲနွဲ့နွဲ့ ယဉ်ယဉ်ကျေးကျေးလည်း ပြောဆိုနိုင်သည်။ ကုန်ကုန်ပြောရလျှင် လူပယဉ်ကျေးသော လူလင်ပျိုတစ်ယောက်အသွင်ကိုလည်း သူဖန်တီးနိုင်သည်။

ဘဝကံကောင်းလှသည်ဟု ငမိုးရိပ်သည် သူ့ဘဝကို များစွာကျေနပ်ခဲ့၏။ ဒီထက်ပို၍ ကံကောင်းခဲ့သည့်တစ်နေ့သူ့မှာ ရှိခဲ့သည်။ လျှို့ဝှက်စွာမျှိုသိပ်နေပေသည့် ထိုအာရုံသည် သူ့ဘဝင်ထဲ၌ ငြိစွဲလျက်ရှိနေသည်။

မှတ်မှတ်ရရ ထိုနေ့သည် ဥက္ကလာပမင်း၏သမီးတော် ရူပစန္ဒာဒေဝီ အပျိုတော်အခြံအရံများနှင့် ရေကစား ခေါင်းလျှော်ထွက်တော်မူသောနေ့ ဖြစ်လေသည်။ ရေချိုးဆိပ်သည် သမီးတော် မင်းသမီးကလေးအတွက် လုံခြုံစိတ်ချရပါသည်။ ဥက္ကလာပမင်းကြီးသည် မိဖုရားကြီးမှ ဖွားမြင်သည့် ဤသမီးတော်လေး ရူပစန္ဒာဒေဝီအား အရွယ်တော်မတိုင်ခင်ကတည်းကပင် တစ်ပင်တိုင်နန်း ပေးအပ်ကာ စံစေခဲ့သည်။

ယခုတော့ ဤသမီးတော်ကလေးသည် အရွယ်တော်ကလေး တင့်လှပြီဖြစ်၍ အလှသွေးများကြွယ်ကာ ပန်းကလေးတစ်ပွင့်လို ရှုမဝကြည့်မဝအောင် လှပလေပြီ။ တီတီတာတာနှင့် စကားပလီပလာလေးများကိုလည်း ပြောတတ်လှသည်ဖြစ်၍ ဥက္ကလာပမင်းကြီး၏ ဘယက်ဆွဲတုံးကလေးလည်း ဖြစ်နေရလေပြီ။ သို့ပေသည့် အချစ်ဆုံးသမီးကလေးက အပျိုတော်တသင်းနှင့် မြစ်ဆိပ်သို့ ရေချိုးချင်တယ်ပူဆာတော့ ဥက္ကလာပမင်းမှာ ခက်သွားသည်။

ဤမြစ်တစ်ရိုးမှာ ငမိုးရိပ်ဟူသော မိကျောင်းဆိုးကြီးတစ်ကောင် ကျက်စားကာ အလွန်သောင်းကျန်းနေသည်ဟူသောသတင်းကို မှူးမတ်များထံမှ ဥက္ကလာပမင်းကြား သိနေရသည်။ ထို့ကြောင့် သမီးတော်ကလေး ရေချိုးသွားစေခွင့်ကို ပေးရမည်မှာ အခက်ဖြစ်နေလေသည်။ မတော်မဆဖြစ်သွားလျှင် မခက်ပါလား။ ရင်ကွဲဖွယ်ရှိချေတော့မည်ဟု စဉ်းစားတော်မူမိသည်။ သို့သော် သမီးတော်ကလေးကို ချစ်လွန်းလှသော ဖခင်စိတ်ကလည်း အိုး··ငမိုးရိပ်က ဒီအထိရောက်မလာဘဲ့ပါဘူး။ မြစ်ကမ်းတစ်လျှောက်မှာ လေးသည်တော်တွေ အားလုံးကလည်း နေရာတကျ အစောင့်အနေရှိနေကြသားကပဲဟု တွေးမိပြန်ကာ သမီးတော်ကလေးကို မြစ်ဆိပ်မှာ ရေကစားစေဟု ခွင့်ပြုလိုက်သည့်အပြင် ရေချိုးဆိပ်ကိုလည်း အကာအရံအထပ်ထပ်တို့ဖြင့် အလုံအခြုံရှိကြစေဟု ခွင့်ပြုတော်မူလိုက်လေ၏။

ငမိုးရိပ်ပုန်းအောင်းနေသည့် ကျောက်ဆောင်ဥမင်လိုဏ်ခေါင်းကြီးသည် ဥက္ကလာပတိုင်းနှင့် များစွာမလှမ်းသည့် သဘာဝအလျောက် ဖြစ်ပေါ်တည်ရှိနေသော ရေအောက်ကျောက်ဂူနန်းကြီးတစ်ခု ဖြစ်လေသည်။ ကျောက်အငူ၊ ကျောက်အစွယ်၊ ကျောက်ဆောင် စသည်တို့ဖြင့် သဘာဝအလျောက် လှပတင့်တယ်နေသည့် ထိုရေအောက်ဂူကြီးသည် ငမိုးရိပ်၏ ခိုနားရာနန်းဆောင်ကြီးပဲဖြစ်လေသည်။

သူသည် လှေ၊ သမ္ဗန်၊ ကတ္တူ၊ တိုကင်း စသည့် ရေလမ်းခရီးသည်များထံမှ ရယူလာခဲ့သည့် ပစ္စည်းအစုံကို ထိုလိုဏ်ခေါင်းကြီးထဲမှာ သိုဝှက်သိမ်းဆည်းထားသည်။ တစ်ခါတစ်ရံ ရရှိလာတတ်သည့် အဖိုးတန်ကျောက်သံ ပတ္တမြား စသည်များနှင့် ရတနာရွှေငွေများကို ကောင်းမွန်လုံခြုံစွာ သိမ်းဆည်းထားသည်။ မြစ်စဉ်သို့ မလှည့်သောနေ့များဆိုလျှင် ငမိုးရိပ်သည် သူ၏ထိုဂူနန်းထဲတွင် ကောင်းစွာ အနားယူတတ်သည်။

သူ့မှာ သဘာဝတူသည့် မိကျောင်းများနှင့်လည်း အပေါင်းအသင်းမရှိသောကြောင့် ဤကဲ့သို့ ဂူနန်းထဲ၌ တစ်ကိုယ်တည်း နားနေသည့်အခါများတွင် ဖိုးထော်ကလွှတ်နှင့် ဒေါ်မွန်စောတို့ နှစ်ဦးကို အထူးသတိရမိသည်။

ငါ မှားသွားပြီ။ ငါ့ကြောင့် ငါ့အဖေ သေရသည်။ ငါ့ကျေးဇူးရှင်ကို သတ်မိခဲ့သည်။ အဖေ့ကို ငါသတ်မိသည်ဟု သတိရလာမိလျှင် သူ့အဖေ၏ သားကြီးရေ··ကိုမိုးဟူသော ခေါ်သံသည် သူ့နားဝတွင် ပေါ်လာသည်။ သူပြုမိမှားခဲ့သည့် အဖြစ်များကို အမှတ်ရမိလာသောအခါ မြင်ကွင်းအားလုံးသည် သူ့အာရုံထဲ၌ ပြက်ပြက်ထင်ထင်။ အင်တုံကလေးထဲမှာ မလွန့်သာမလူးသာ နေခဲ့ရသည်များပြန်လည်မြင်ယောင်လာသည်။ ငြိမ်သက်စွာ သူ မနေလိုတော့။ ဂူပြင်ထွက်၍ ဝါးတစ်ရာမှော်ဘီချောင်းသို့ သွားလိုစိတ်များ ပေါ်လာ၏။ ထို့ကြောင့် သူသည် လေးလံစွာနှင့်ပင် ရေအောက်သို့ ဖြည်းညင်းစွာငုပ်လိုက်စဉ် မိန်းမသံများစွာတို့၏ ရယ်မောပျော်ရွှင်စွာသော တေးသီချင်းသံများကို ကြားလိုက်ရ၏။

'ဘာသံတွေလဲ'

'ဘယ်သူတွေလဲ'

'ဘာလုပ်နေကြတာလဲ'

ငမိုးရိပ် သိလိုလာသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ တစ်ကြိမ်တစ်ခါမျှ ကြားဖူးခြင်းမရှိခဲ့သည့် သာယာသော တေးသီချင်းသံများကြောင့် သူနှလုံးသားသည် နူးညံ့လာသည်ဟုထင်သည်။ ထို့ကြောင့် ဆွဲဆောင်လာသည့် ဦးဆောင်စိတ်၏ နှိုးဆော်မှုဖြင့် အသံများရှိရာသို့ အနက်ဆုံးသောရေအောက်မှ ညင်သာဖွဖွ ကူးလာခဲ့ပြီးလျှင် ရေမှာ အသင့်မျောလာသည့် ဒိုက်ပုံတစ်ခုကိုကွယ်၍ မျက်လုံးအစုံကိုသာဖော်ပြီး အဝေးသို့မျှော်ကြည့်ရာ ဝင်းဝါနုထွေး မြင်သူငေးလောက်သည့် ရူပစန္ဒာမင်းသမီးလေး၏ အဆင်းရုပ်သွင်သည် ငမိုးရိပ်၏ မျက်ဝန်းအစုံထဲ၌ ထင်းခနဲပေါ်လာ၏။

အို··လှလိုက်တာ၊ လှလိုက်တာကွယ်။ မင်း ဘယ်သူလေးများလဲ။ ဘယ်မှာနေသလဲ

ခဏ္ဍာကလေးမြင်လိုက်ရမှုနှင့် ချစ်ပင့်ပျိုး၍ ချစ်မိုးကြီး ရွာကာ ချစ်ရေစင်များ ပွက်ပွက်ဖြန်းလိုလာသည့် ငမိုးရိပ်သည် မင်းသမီးကလေးအား မညီသူမညီဝါမှန်း မသိပါဘဲလျက် စွဲလမ်းမိသောအာရုံကြောင့် ရှယူလိုသောစိတ်များကို မတားနိုင်တော့ဘဲ အကြံထုတ်တော့သည်။

သူမှာ ကမ္ဘာ့ဗိဒ္ဓိတန်ခိုးကြောင့် လူသားဖြစ်စေလိုက ဖြစ်နိုင်သည်ဟု သိပါသော်လည်း ဤပြဿနာကိုမူ ငမိုးရိပ်ဘဝနှင့်ပဲ သူကြိုးစားမည်ဟု ဆုံးဖြတ်လိုက်သည်။

ထိုအချိန်မှစ၍ တရိဟုက္ကမ္ဘမြစ်နှင့် ဧပေါက္ခရဝတီမြစ်တို့တွင် ငမိုးရိပ်ကို မည်သူမျှ မတွေ့ကြတော့။

ငမိုးရိပ် မြစ်ကြောင်း       ပြောင်းသွားပြီလား၊ သို့တည်းမဟုတ် ငမိုးရိပ်       သေသွားပြီလားဟု



ရေလှိုင်းခရီးသည်များက ဝမ်းသာစကား ဆိုကြလေသည်။

* * *

သကြိန်ရှေ့တော် ရေကစားထွက်တော်မူရာမှာ သမီးတော် ရူပစန္ဒာမင်းသမီးကလေး ရွှေဖောင်တော်ပေါ်မှာ စံနေတုန်း မိကျောင်းလာဆွဲသွားသည်ဟူသောသတင်းသည် ဥက္ကလာပ တိုင်းတွင် ပျံ့နှံ့သွားသည်။

ရူပစန္ဒာသည် မိကျောင်းကြီး ရွှေဖောင်အစွန်းပေါ် တက်လာပြီးလျှင် သူ့လက်နှင့် ပုတ်လိုက်သည်ကို မြင်သည့် အခိုက်မှာပဲ ကြောက်စိတ်နှင့် မေ့မြောသွားရှာလေ၏။

သူ သတိရလာသောအခါတွင် ကျောက်ဂူကြီးတစ်ခု အတွင်းသို့ ရောက်နေသည်ကို သိလိုက်ရသည်။

ထိုအချိန်မှာပဲ နှမကလေး··သတိရလာပြီလား ဟူသော ယောက်ျားတစ်ယောက်၏အသံနှင့် မေးလိုက်သည်ကို ကြားလိုက်ရ၍ ရူပစန္ဒာသည် အသံလာရာသို့ ကြည့်လိုက်၏။

နန်းတွင်းသား မင်းညီမင်းသားတစ်ပါးကဲ့သို့ ဝတ်ဆင်ထားသည့် လူလင်တစ်ယောက်။

ထိုတခဏ ဖြစ်သွားသည်။

သို့သော် ရူပစန္ဒာသည် စိတ်ကို တင်းလိုက်၏။

ထို့နောက်မှ လျှောင်းနေရာမှ ထထိုင်လိုက်ကာ သင် ဘယ်သူလဲ ဟု မေးလိုက်သည်။

မောင့်မောင်ဟာ နှမလေးလိုပဲ မဟာဆိမ်ပြည်သွေး မင်းမွေးတဲ့ မင်းသားတစ်ပါးပါ

မင်းသားဆိုရင် မင်းနန်းဆောင်မှာ နေပေါ့။ ခုတော့ စုဗ္ဗရားကို ဘယ်နေရာ ခေါ်ခဲ့တာလဲ။ နေ့တွယ်၊ ဘာအဓိပ္ပာယ်မှန်း မသိဘူး။ ရွှေနန်းတော်ကိုပဲ ပြန်ချင်တယ်

ရူပစန္ဒာသည် ရွှေဖောင်ပေါ် တက်လာသည်မှာ မိကျောင်းကြီးပါ။ ခုတော့ ဘယ်လိုကြောင့် နန်းတွင်းသားလို မင်းသားတစ်ပါး ဖြစ်နေပါလိမ့်။ တစ်ခုခု မရိုးမသား ဆန်းပြားသော လောကီပညာရပ်များ ဖြစ်နေပြီလားဟု တွေးကာ ရှင်ထိတ်နေရှာပါသော်လည်း ကြောက်လန့်ဟန်ကိုမပြဘဲ ပဋိ ယာယံစကားကိုသုံးကာ နန်းတွင်းသို့ ပြန်ပို့အောင် သွေးဆောင်မည်ဟု စိတ်ကူးသည်။ သို့သော် ငမိုးရိပ်က ပျံ့နှံ သည်။ ရူပစန္ဒာကို ခေါ်ယူလာခဲ့သည်မှာ ပြန်ပို့ဖို့မဟုတ် ချစ်လွန်း၍ ခေါ်ယူလာခဲ့သူကလေးကို ဘယ်လိုနည်း ပဲဖြစ်ဖြစ် ပြန်ပို့မည်မဟုတ်။ ပြန်မပို့နိုင်။

ရူပစန္ဒာရေ··မင်းကိုချစ်လွန်းလို့ စွန့်စားခေါ်ယူလာ

www.burmeseclassic.com

ခဲ့တာပါ ,နမလေးရယ်'

'ဒီမှာ စုဖုရားပြောနေတယ်။ စုဖုရားကို ပြန်ပို့'

'ဩော်..ချစ်လွန်းလို့ ကြံရတာပါ စုဖုရားရယ်။ ပြန်ပို့ဆိုတာကြီးကို မပြောပါနဲ့။ မကြားချင်ပါဘူး။ တောင်းပန်ပါရစေ။ ဒီမှာစုဖုရား၊ ယောဒီမှာကြည့်စမ်း။ မောင်မောင်ပိုင်ဆိုင်တဲ့ ရတနာတွေ။ ဒါတွေအားလုံး စုဖုရားပိုင်တယ်။ စုဖုရားပစ္စည်း စုဖုရားလုပ်ချင်တာလုပ်။ ရွှေနန်းတော်ကြီးကိုပဲ ဆောက်မှာလား။ စုဖုရားရဲ့ ခမည်းတော်,မယ်တော်တို့ရဲ့ လက်တော်ကိုပဲ ဆက်သချင်သလား။ မောင်မောင်ကတော့ စုဖုရားနဲ့ အခုလို အတူနေရရင် တော်ပြီ'

ပြောရင်း ငမိုးရိပ်သည် ရုပစန္ဒာအနီးမှာ ထိုင်ချလိုက်ရင်း ရုပစန္ဒာ၏ ပခုံးကလေးကို သိမ်းပွေ့လိုက်သည်။

ယောကျ်ားဆိုလျှင် ယင်ဖိုပင် မသန်းဖူးသေးသည့် ရုပစန္ဒာသည် အဖျားတက်သလို ရုတ်တရက်တုန်တက်သွားရာမှ ရှက်အားနှင့် ကြောက်အား ရောကာ-

'အို..ဆုတ်ပါ၊ လွှတ်ပါ။ ဘာလုပ်တာလဲ'

ဟု အော်လိုက်လျှင် ငမိုးရိပ်သည် မျက်နှာလေးအိုအိုနှင့်-

'ခွင့်လွှတ်ပါ စုဖုရားရယ်။ ချစ်လွန်းလို့ ကြံမိပါတယ်။ မောင်မောင့်အချစ်ကို ယုံပါ။ မောင်မောင်လေ..ဟိုတစ်ခါ စုဖုရားနဲ့ အပျိုတော်တွေ မြစ်ဆိပ်မှာ ခေါင်းလျှော်ကြကတည်းက စုဖုရားကိုမြင်တွေ့ပြီး ယောဒီရင်ထဲက အချစ်တွေကို ထိန်းမရတော့လို့ အခုလိုကြံရတာပါ'

ရုပစန္ဒာမှာလည်း မကြုံဖူးသော အတွေ့ထူးကြောင့် ငမိုးရိပ်အပေါ် ကြင်နာသောစိတ်များ ဝင်လာမိကာ အသံကလေး တုန်တုန်နှင့် ပြောရှာသည်။

'အဲသလိုဆို ခမည်းတော်တို့ဆီမှာ ခွင့်တောင်းကြည့်ပေါ့။ မောင်မောင့်မှာလည်း မဟာသွေးဆိုရင် လက်ခံတော်မူမှာပါ'

ငမိုးရိပ် အကြံအောင်သွားလေပြီ။

ရုပစန္ဒာမင်းသမီးလေး သူ့အချစ်ကို လက်ခံပြီဆိုမှတော့ သူသည် မိုးမမြင် လေမမြင် ဝမ်းအသာကြီး သာရလေပြီတည်း။

(ဆက်ရန်)

တောဇအောင်




www.burmeseclassic.com



(၁)

ကျွန်ုပ်သည် ကုန်သွယ်ရေး(၁)ခေါ် လယ်ယာ၊ ကိုင်း၊ ကျွန်းနှင့် ဥယျာဉ်ခြံမြေထွက် ကုန်ပစ္စည်း ကုန်သွယ်ရေး ကော်ပိုရေးရှင်းတွင် တာဝန်ထမ်းဆောင်စဉ် အောက်တန်း စာရေးရာထူးမှ အထက်တန်းစာရေး ရာထူးသို့ (၂-၅-၆၇)ရက်နေ့တွင် တိုးမြှင့်ခန့်ထားခြင်းခံရကြောင်း မှတ်မိပါသည်။

ထိုစဉ်က ကျွန်ုပ်သည် အုတ်ဖိုမြို့နယ်၌ အောက်တန်းစာရေး ရာထူးဖြင့် တာဝန်ထမ်းဆောင်ရပြီး စပါးစာရင်း၊ ပဲစာရင်းများကို ကိုင်ရပါသည်။

အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း (၄)မြို့နယ်ကို စုစည်းအုပ်ချုပ်ရသော ဇုန်မန်နေဂျာကြီးမှာ ဆရာကြီးဦးပိုက် ဖြစ်ပါသည်။

ဆရာကြီးဦးပိုက် အုပ်ချုပ်ရသော ဇီးကုန်းဇုန်ရုံး၌ အထက်တန်းစာရေး (၇)ဦးလစ်လပ်ရာ အောက်တန်းစာရေးနှင့် အောက်တန်းစာရေးရာထူး လစာရရှိသူများမှ ရာထူးတိုးမြှင့်ရေး စာမေးပွဲကို ဖြေဆိုရမည် ဖြစ်လေသည်။ စာမေးပွဲဖြေဆိုခွင့် ရရှိသူများမှာ အားလုံး လူ(၅၀)ကျော် ရှိပါသည်။

လိုအပ်သော အထက်တန်းစာရေး (၇)နေရာကို မန်နေဂျာမှ ခန့်ထားခွင့်ရှိရာ ရာထူးတိုးမြှင့်ရေး စာမေး ကို ပီပီပြင်ပြင်လုပ်ရန် လိုအပ်လာပါသည်။ ထိုစဉ် လက်ထောက် ဇုန်မန်နေဂျာမှာ ဆရာဦးစံထွန်းလှိုင် ပါသည်။

ကျွန်ုပ် တင်ပြမည့် အဖြစ်အပျက်မှာ အုတ်ဖိုမှ ကုန်းသို့သွားပြီး ရာထူးတိုးမြှင့်ရေးစာမေးပွဲ ဖြေဆို အပြန်ခရီးတွင် လမ်း၌ရှိသော ရွှေကျွန်းတောခေါ် အရပ် တွေ့ကြုံရသော အဖြစ်အပျက်တစ်ခု ဖြစ်ပါသည်။ အဖြစ်အပျက်မှာ ဆန်းကြယ်လှသဖြင့် မည်သည့်အခါ မေ့နိုင်တော့မည် မဟုတ်ပါ၍ သတိရပြီး စာဖတ်ပရိသတ် သို့ တင်ပြလိုက်ခြင်း ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၂)

ကျွန်ုပ်မှာ ရာထူးလုပ်သက် (၃၈)နှစ်ရှိမှ အငြိမ်းစား ယူခဲ့သည်ဖြစ်ရာ ရာထူးတိုးမြှင့်ရေးစာမေးပွဲများ လူတွေ့ စစ်ဆေးမှုများကို အကြိမ်ကြိမ်ကြုံခဲ့ရပါသည်။ သို့ရာတွင် ဆရာကြီးဦးပိုက် စီစဉ်လုပ်ဆောင်ခဲ့သော ရာထူးတိုးမြှင့် ရေးစာပေးပွဲကိုသာ ကျွန်ုပ်စိတ်ထဲ၌ အကျေနပ်ဆုံး ဖြစ်ပါ တော့သည်။

စီစဉ်ထားပုံကို ကြည့်ပါ။

ဧးကုန်းရုံးဘေးရှိ အဆောက်အအုံတစ်ခုထဲတွင် လူ တစ်ဦးလျှင် တစ်ခုံထိုင်ရန် ထိုင်ခုံ(၅၀)ကျော်ကို တစ်ခုံ နှင့်တစ်ခုံ ခပ်ခွာခွာ ချထားပါသည်။ စာမေးပွဲဖြေရမည့် အခန်းမထဲတွင် လက်နှိပ်စက်(၁)လုံးနှင့် လက်နှိပ်စက်ရိုက် သူ ဝန်ထမ်းတစ်ဦး၊ စာကူးစက် (၁)လုံးနှင့် စာကူးစက် ကူးသူ ဝန်ထမ်းတစ်ဦးတို့ကို အသင့်ခေါ်ဆောင်ထားပါ သည်။

စာမေးပွဲဖြေခါနီးတွင် စာမေးပွဲဖြေသူ အားလုံးစုံသော အခါ ဧးကုန်းမှ လက်ထောက်မြို့ပိုင် ရောက်လာပါသည်။ ဆရာကြီးဦးပိုက်သည် စာမေးပွဲဖြေမည့် ဝန်ထမ်းအမည် များကို မြို့ပိုင်သို့ ပေးထားပါသည်။ အဖြေလွှာပေါ်တွင် ဖြေဆိုသူ၏ နာမည်ကို လုံးဝမရေးရပါ။ လျှို့ဝှက်နံပါတ် များ ပေးထားပါသည်။

ကျွန်ုပ်၏ လျှို့ဝှက်နံပါတ်မှာ (A-26) ဖြစ်ပါသည်။ ထိုလျှို့ဝှက်အမည်စာရင်းများကို လက်ထောက်မြို့ပိုင်မှ သိမ်းဆည်းသွားကာ ရုံးခန်းအတွင်း၌ရှိသော မီးခံသေတ္တာ ၌ ထည့်ထားပါသည်။ မီးခံသေတ္တာသော့ကို လက်ထောက် မြို့ပိုင်မှ သိမ်းထားပါသည်။

ဆရာကြီးဦးပိုက်သည် အလုပ်လုပ်ရာတွင် အလွန် စေ့စပ်သေချာသူ ဖြစ်ပါသည်။ စာဖတ်လည်း အလွန်ဝါ သနာပါလှပါသည်။ သူဖတ်နေသော စာအုပ်ထူထူကြီးများ ကို ကျွန်ုပ် အလွန်ဖတ်လိုလှပါသည်။ သို့သော် မငှားရဲ သဖြင့် ဖတ်ခွင့်မကြုံခဲ့ရပါ။

ကျွန်ုပ် မြန်မာ့စွယ်စုံကျမ်း အတွဲများကို လပေးစနစ် ဖြင့် ဝယ်ယူနိုင်ခဲ့သည်မှာ ဆရာကြီးဦးပိုက် ကျေးဇူးပင် ဖြစ်ပါသည်။ သူသည် ကျွန်ုပ် စာအုပ်များ ဝယ်ယူရန် အာမခံပေးပါသည်။ လစာမှ လစဉ်ဖြတ်၍ပေးမည်ဖြစ် ကြောင်း ဝန်ခံချက်ပေးရပါသည်။

စာမေးပွဲဖြေရမည့်နေ့သို့ ရောက်လာပါသည်။

ကျွန်ုပ်သည် အုတ်ဖိုမြို့နယ်မှ သွားရောက်ဖြေဆိုမည့် တစ်ဦးတည်းသောဝန်ထမ်း ဖြစ်ပါသည်။ စာမေးပွဲဖြေဆိုရ မည့်အချိန်မှာ မွန်းလွဲ(၁)နာရီဖြစ်၍ အလုပ်များ မြန်မြန် ပြီးအောင်လုပ်ပြီး ထမင်းစောစောစားကာ ရုံးမှာသုံးသော ဂျစ်ကားလေးဖြင့် ထွက်လာခဲ့ပါသည်။

ကားမောင်းသူမှာ ဦးပု ဖြစ်ပါသည်။

ဦးပုက ကားကိုမောင်း ကျွန်ုပ်က ဘေးက ထိုင်ခုံ တွင် ထိုင်လျက် လိုက်ပါလာပါသည်။

ကြို့ပင်ကောက်ကို ကျော်သောအခါ ရွှေကျွန်းတော ဟု ခေါ်သည့် အရပ်ဒေသတစ်ခုကို တွေ့ရပါသည်။ ကား လမ်းတစ်ဖက်တစ်ချက်တွင် ကျွန်းပင်ကြီးများ အုံ့ဆိုင်းညို့ မှိုင်းလျက် ကားလမ်းကို အရိပ်များထိုးလျက်ရှိကာ ထိုနေ ရာတစ်ဝိုက်တွင် အေးစိမ့်နေပါသည်။

ရွှေကျွန်းတောသည် ထိုအချိန်က နာမည်ကြီးနေရာ တစ်ခု ဖြစ်ပါသည်။ ထိုနေရာတွင် ကားမှောက်မှုများ၊ ကားတိုက်မှုများ မကြာခဏဖြစ်ပါသည်။ ကားကို ကား ချင်းတိုက်၍ဖြစ်စေ၊ ကားက သစ်ပင်ကို ဝင်တိုက်၍ဖြစ် စေ ထိုအဖြစ်အပျက်မျိုး မကြာခဏ ဖြစ်ပါသည်။

ကားတိုက်မှု၊ ကားမှောက်မှုဖြစ်တိုင်း လူအသေ အပျောက် များပါသည်။ ယခုအခါ ထိုရွှေကျွန်းတောမှာ မရှိတော့ပါ။ နာမည်သာ ကျန်ရစ်ပြီး ကျွန်းပင်များ မရှိ တော့ပါ။ ဈေးဆိုင်များ၊ ဓာတ်ဆီဆိုင်များဖြင့် အလွန်စည် ကားသော ဒေသတစ်ခု ဖြစ်နေပါပြီ။

ရွှေကျွန်းတောသို့ ဝင်လာသည့်အခါ ဦးပုသည် ကား ကို အရှိန်လျှော့၍ ဖြည်းဖြည်းမောင်းပါသည်။ ကျွန်ုပ် ကား ရသမျှ ဂုဏ်တော်များကို ရွတ်ဖတ်လာပါသည်။

မကြာပါ၊ ရွှေကျွန်းတောအထွက်သို့ ရောက်လာပါ သည်။ ရှေ့နားတွင် ဘတ်(စ်)ကားတစ်စီး မှောက်နေသည် ကို တွေ့ရပါသည်။

ကျွန်ုပ်တို့သည် ဂျစ်ကားကို မှောက်နေသည့်ကား ကြားမှကွေ့၍ ခပ်ဖြည်းဖြည်းမောင်းနှင်လာပါသည်။

ကားလမ်းပေါ်တွင် သေနေသော လူသေအလောင်း များကို တွေ့ရပါသည်။ လူကြီးတစ်ယောက်သည် ရှေ့ပိုင်း ပုဆိုး၊ တိုက်ပုံအင်္ကျီတို့ကို အကျအန ဝတ်ထားလျက် လမ်း ဘေးတွင် ပက်လက်အနေအထားဖြင့် ခန့်ခန့်ကြီး သေဆုံး

www.burmeseclassic.com

www.burmeseclassic.com

နေပါသည်။ လူကြီးမှာ ဝဝခန့်ခန့်နှင့် အသားဖြူဖြူကြီး ဖြစ်ပါသည်။

နောက်တွေ့ရသည်မှာ မိန်းမကြီးတစ်ဦး၊ မိန်းမငယ်တစ်ဦး၊ လူငယ်တစ်ယောက်၊ ကလေးတစ်ဦး စသည်ဖြင့် လူ(၅)ယောက်ခန့် သေဆုံးနေသည်ကို တွေ့ရပါသည်။

ကားမှာ မှောက်ခါစ ဖြစ်ပုံရပါသည်။

ရဲများ၊ တာဝန်ရှိသူများ၊ ကူညီမည့်သူများ မရောက်သေးပါ။

ကားမှာ ဘေးတစောင်းလဲလျက် ခေါင်းပိုင်းကို မီးလောင်နေပါသည်။ အသက်မသေဘဲကျန်သည့် ခရီးသည်များမှာ ငိုသူကငို၊ သတိမေ့သူမေ့ဖြင့် အတော်ကလေးဒုက္ခရောက်နေကြပါသည်။ ကယ်ပါ ယူပါ အော်မြည်သံများလည်း ထွက်ပေါ်လျက်ရှိပါသည်။

ထိုစဉ် ကားလမ်းဘေးရှိ ရွာတစ်ရွာမှလူများ ပြေးလာနေကြသည်ကို တွေ့ရပြီး ကြို့ပင်ကောက်မြို့မှ ရဲများလည်း ရဲကားတစ်စီးဖြင့် လာနေကြသည်ကို မြင်ရပါသည်။

ကျွန်ုပ်တို့မှာ စာမေးပွဲဖြေဆိုရန် အချိန်နီးကပ်နေပြီဖြစ်သောကြောင့် မည်သို့မျှမကူညီနိုင်တော့ဘဲ ဂျစ်ကားကို အမြန်မောင်း၍ ထွက်လာခဲ့ကြပါသည်။

ရှေ့ကျွန်းတောတွင် ကားမှောက်သော အဖြစ်အပျက်များကို ကျွန်ုပ် ယခင်က ကြားဖူးရုံသာ ကြားဖူးသော်လည်း မမြင်ဖူးခဲ့ပါ။ ယခုမှ ရှေ့တွင် လက်တွေ့မြင်ဖူးပါတော့သည်။

(၃)

ဇီးကုန်းရုံးသို့ရောက်၍ ရောက်ရှိကြောင်း သတင်းပို့ပြီးသည်နှင့် စာမေးပွဲခန်းသို့ တန်း၍ ဝင်ရပါသည်။ ဇုန်မန်နေဂျာကြီးသည် မေးခွန်းစာရွက်များကို အားလုံးရှေ့တွင် ပြကာ လက်နှိပ်စက်ရိုက်သူကို ဖယောင်းစက္ကူဖြင့် ရိုက်စေပါသည်။ လက်နှိပ်စက်ရိုက်ပြီးသော ဖယောင်းစက္ကူများကို စာကူးစက်ကူးသူသို့ပေးကာ ကူးစေပါသည်။ အားလုံးကူးပြီးသောအခါ မေးခွန်းစာရွက်များကို ချုပ်စက်ဖြင့်ချုပ်၍ ဖြေဆိုမည့်သူများသို့ တစ်စုံစီဝေလိုက်ပါသည်။

ထို့ပြင် စပါးဝယ်ယူသည့်အခါ အသုံးပြုသည့် စာရင်းပုံစံများ၊ ဆန်ကြိတ်သည့်အခါ အသုံးပြုသည့်ပုံစံများ၊ ဂုန်နီအိတ် အသုံးပြုသည့်အခါ ရေးသွင်းရသည့် ပုံစံများ အပါအဝင် ကုန်သွယ်ရေး(၁)မှအသုံးပြုနေသော ပုံစံ ပေါင်းများစွာကို စုစည်း၍တွဲကာ ချုပ်စက်ဖြင့်ချုပ် ဖြေဆိုမည့်သူများသို့ တစ်စုံစီ လိုက်ဝေပါသည်။

အားလုံးဝေပြီးသည့်အခါ စတင်ဖြေဆိုရန် ဇုန် ဂျာကြီးမှ အချက်ပေးပါသည်။

မေးခွန်းများကို ဖတ်ကြည့်ရာ မေးခွန်းပုဒ်ရေ မေးထား၍ တစ်ပုဒ်လျှင် (၂)မှတ်နှုန်းဖြင့် အမှတ်( ဖိုးမေးထားခြင်း ဖြစ်ပါသည်။ ထိုအထဲမှ အမှတ် ရရှိသူ(၇)ဦးကို ရွေးထုတ်၍ အထက်တန်းစာရေး ဖြစ်ပါတော့သည်။

မေးခွန်းတွင် မေးထားသည့် အချက်များကို သည့် စာရင်းပုံစံများတွင် လက်တွေ့ဖြည့်ထည့်ရပါ

ဆရာဦးစံထွန်းလှိုင်သည် တစ်တင်းလျှင် (၆၉) ရှိသည့် ပဲများကို အတိုကောက်မှတ်ရန် ကျွန်ုပ်တို့ ပေးထားပါသည်။ ထိုပဲများမှာ ထောပတ်ပဲ၊ စွန် စွန်တာပြာ၊ ကုလားပဲ၊ ပဲဖြူလေး၊ ပဲကြီး၊ ပဲကျားတို့ (ထောစွန်ကုလားဖြူကြီးကျား)ဟု အတိုကောက်မှတ် ပေးထားပါသည်။

တစ်တင်းလျှင် (၆၉)ပေါင်ရှိပဲများ၏ အမည် ကို မေးခွန်းတစ်ပုဒ်အဖြစ် ထည့်သွင်းမေးထားပါ ထိုမေးခွန်းသည် မေးခွန်းအားလုံးတွင် အလွယ်ဆုံး ဖြ သည်။

စာမေးပွဲဖြေပြီးသောအခါ အဖြေလွှာများကို လို သိမ်းဆည်းပါသည်။ အမှတ်စာရင်းကို မည်သည့် ကြေညာမည်ဟုလည်း ပြောလိုက်ပါသည်။

(၄)

ရာထူးတိုးစာမေးပွဲ ဖြေပြီး၍ ကျွန်ုပ်သည် ဂျစ် မောင်းသူ ဦးပုနှင့်အတူ ဈေးတွင် လက်ဖက်ရည်သော ပြီး အုတ်ဖိုသို့ ပြန်လာကြပါသည်။ အချိန်မှာ ည နာရီခန့်ရှိပြီ ဖြစ်လေသည်။

ကျွန်ုပ်တို့ ဂျစ်ကားသည် ဇီးကုန်းမှ ထွက်လာ မကြာမီတွင် မည်သို့ဖြစ်သည်မသိ၊ စက်ရပ်သွားပါ ဦးပုသည် ကားစက်အဖုံးကိုဖွင့်၍ ပြင်ရပါသည်။ မှာ ဘာမျှနားမလည်သဖြင့် ဦးပုကို ကူညီနိုင်ခြင်း သူတောင်းသည့် ပစ္စည်းများကိုသာ စက်ပစ္စည်း ယူ၍ ပေးနေရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤတွင် ကျွန်ုပ်တို့ ဂျစ်ကားပြင်ရာတွင် မရှိမဖြစ်လိုအပ်သော ပစ္စည်းတစ်ခုမှာ ပါမလာသည့်အတွက် ကားတစ်စီးအလာကို စောင့်ရပါသည်။ မကြာမီ ပြည်ဘက်မှ ကားတစ်စီးလာရာ တား၍ ထိုပစ္စည်းကို ခဏငှားကာ ကားကို ပြင်ရပါသည်။ ပစ္စည်းငှားသောကားလည်း စိတ်ရှည်ပါပေသည်။ ကျွန်ုပ်တို့ ဂျစ်ကားပြင်ပြီးအောင် စောင့်၍ သူ့ပစ္စည်းကို ယူပြီးမှ ဆက်လက်မောင်းနှင်သွားပါသည်။ ဂျစ်ကားပြင်ပြီးချိန်တွင် ည(၇)နာရီခန့်ရှိနေပြီဖြစ်၍ မှောင်နေပါပြီ။ ကျွန်ုပ်တို့သည် ဂျစ်ကားကို မီးဖွင့်ကာ မောင်းနှင်လာပါသည်။

ရှေ့တွင် ရွှေကျွန်းတောကို တွေ့ရပါသည်။

ကျွန်ုပ်တို့ လာစဉ်က မှောက်နေသော ကားကိုလည်းကောင်း၊ လူသေအလောင်းများကိုလည်းကောင်း မတွေ့ရတော့ပါ။ ရှင်းလင်းပြီး ဖြစ်ပါသည်။ သို့သော် ထိုနေရာတွင် လမ်းပေါ်၌ စွန်းထင်းနေသော သွေးကွက်ကြီးများကို အသည်းယားစဖွယ် တွေ့နေရပါသည်။

ကျွန်ုပ်သည် သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ကြောက်ကြောက်နှင့် ရွတ်ဖတ်လာပါသည်။ ကားမောင်းသည့် ဦးပုသည်လည်း နှုတ်မှ ဘုရားစာတစ်ခုခုကို ခပ်တိုးတိုး ရွတ်ဆိုနေသည်ကို တွေ့ရပါသည်။

သည်လိုနှင့် ရွှေကျွန်းတောကို ဖြတ်လာရာ ရှေ့တွင် အမျိုးသမီးတစ်ဦးသည် ကားကို လက်ပြ၍ တားနေသည်ကို ကားမီးရောင်ဖြင့် မြင်ရပါသည်။ သူမသည် အသက်(၃၀)ခန့်ရှိပြီး လက်ထဲတွင် ခရီးဆောင်အိတ်တစ်ခုကို ဆွဲထားပါသည်။ ခရီးသွားမည့်သူတစ်ဦး ဖြစ်ပုံရပါသည်။

'ရပ်ပေးလိုက်ပါ ဦးပုရယ်။ အရေးကြီးလို့နဲ့ တူပါတယ်'

ဦးပုသည် ဂျစ်ကားကို ရပ်ပေးလိုက်ပါသည်။

'ကလေးမ‥ဘယ်ကိုသွားမှာလဲ'

'ရန်ကုန်ကိုပါရှင်။ အစကတော့ ပြည်ကိုသွားမလို့ဘဲ။ ခုတော့ မသွားတော့ဘူး။ ရန်ကုန်ကိုပဲ ပြန်တော့မယ်'

'ဦးတို့ကားက ရန်ကုန်မရောက်ဘူးကွယ့်၊ ရှေ့နားက အုတ်ဖိုအထိပဲ သွားမှာ။ အုတ်ဖိုတာဆုံရောက်ရင် မြို့ဝဲတွေ့ဝင်မှာ။ အဲဒီမှာ ဦးတို့ ခရီးဆုံးပဲ'

'ဒီလိုဆိုရင်လည်း ကြို့ပင်ကောက်အထိပဲ ပို့ပေးခဲ့ပါဦးရယ်။ ကြို့ပင်ကောက်ကားဂိတ်မှာ ရန်ကုန်သွားဖယ့်ကားတစ်စီးစီးကို တားပြီး စီးရမှာပဲ'

ကျွန်ုပ်က အမျိုးသမီး တက်နိုင်ရန် ကားရှေ့ခန်းမှ ဆင်းပေးလိုက်ပါသည်။

အမျိုးသမီးသည် ရှေ့ခုံကို ကျော်ဝင်ပြီး နောက်တန်းရှိထိုင်ခုံတွင် ဝင်ထိုင်လိုက်ပါသည်။ သူမ၏ပေါင်ပေါ်တွင် လက်ဆွဲအိတ်ကိုထောင်လျက် ချထားပါသည်။

ဂျစ်ကားလည်း ဆက်လက်မောင်းနှင်လာပါသည်။

ကျွန်ုပ်သည် ထမင်းကလည်းဆာ၊ တစ်နေကုန်လည်း ရှုံးလုပ်ငန်းများလုပ်ရ၊ စာမေးပွဲဖြေရနှင့် ပင်ပန်းနေသဖြင့် ကားထိုင်ခုံတွင် ထိုင်ရင်း မှေးခနဲ အိပ်ပျော်သွားပါသည်။ ဦးပုသည် ကားကို ဂရုစိုက်၍ မောင်းနှင်နေပါသည်။

မကြာမီ ကြို့ပင်ကောက်ကားဂိတ်သို့ ရောက်လာပါသည်။

ကြို့ပင်ကောက်ကားဂိတ်၌ ကိုသိန်းအောင်၊ မဖြူ ထမင်းဆိုင်ရှေ့တွင် ကားကို ရပ်ပေးလိုက်ပြီး ဦးပုက နောက်သို့လှည့်ကာ-

'ကဲ‥ကလေးမ၊ ကြို့ပင်ကောက်ရောက်ပြီ။ ဆင်းတော့'

ထိုစဉ် ကျွန်ုပ်လည်း လန့်နိုးလာပါသည်။

ထူးဆန်းသည်မှာ ကားကြုံလိုက်လာသော အမျိုးသမီးသည် ကားအတွင်း၌ မရှိတော့ပါ။

ဦးပုသည် ကျွန်ုပ်ကို ကြည့်လျက်-

'တို့တော့ သရဲခြောက်ခံရပြီ ထင်တယ်။ အမျိုးသမီး ပျောက်ခြင်းမလှ ပျောက်သွားတယ်'

ထိုအခါတွင်မှ ကျွန်ုပ် စဉ်းစားမိတော့သည်။ ကားကြုံစီးသော အမျိုးသမီးကို ကျွန်ုပ် ကောင်းကောင်းမြင်ဖူးပါသည်။ ဘယ်မှာမြင်ဖူးပါလိမ့်။

ကျွန်ုပ် ပြန်လည်စဉ်းစားရာ နေ့ခင်းကမှ ရွှေကျွန်းတော ကားမှောက်သည့် နေရာတွင် တွေ့ခဲ့ဖူးကြောင်း မှတ်မိလေတော့သည်။

အမျိုးသမီးသည် ချိတ်လုံချည်အစိမ်းနှင့် လက်စကအင်္ကျီအစိမ်းနုကလေး ဝတ်ကာ လမ်းဘေးတွင် ခွေခွေကလေး လဲကျသေဆုံးနေလျက် သူ့ဘေးတွင် ခရီးဆောင်အိတ်တစ်လုံး လဲကျနေသည်ကို ပြန်လည်မြင်ယောင်မိပါတော့သည်။

မင်းသန့်ကျော်(မကွေး)



www.burmeseclassic.com

www.burmeseclassic.com

နေက ကျဲကျဲပူလျက် ရှိ၏။ ယခင်လည်း ဤရာသီ ဤအချိန်တွင် နေပူအား ပြင်းပြင်းပူ၍ ကောင်းတုန်း ကောင်းဆဲ။ သည်နှစ်တော့ အယ်(လ်)နီညိုဆိုလား။ အဲသဟာကြောင့် ခရမ်းလွန်ရောင်ခြည် ပြင်းထန်စွာ ကျရောက်သဖြင့် အပူစွမ်းအင် ပိုကဲကာ လူတို့အသားအရေနှင့် ကျန်းမာရေးကို ထိခိုက်နိုင်ကြောင်း ကြေညာချက်တွေက မကြားချင်အဆုံး။

အပူတွေကဲသည် ဆိုခြင်းထက် ကျော်ကွန့်၊ စိန်ရ ငပိန်နှင့် ကောက်တေးမတို့ လေး ယောက်စလုံး အပေါ်မှ နေမင်း အပူ၊ မြေပြောင်ပြောင်တလင်း ပြန်သည့်အပူ။ ထိုအပူတို့ထက် နားစည်ရှစ်ခုကို အရှိန်မြင်းပြင်း လာ ရောက်ရိုက်ခတ်သဖြင့် ပူသော နားတို့ ရေလောင်း၍ပင် အေးမည် မထင်။



ရှစ်နှစ်၊ ကိုးနှစ်၊ ဆယ့်တစ်နှစ်၊ ဆယ့်နှစ်နှစ်စီ ရှိ ကြသော သူတို့ လေးဦးစလုံးမှာ မြွေရေခွံအိတ် လေး ရှေ့တွင်ချလျက် တန်းစီကာ ခေါင့်ကြောင့်ထိုင်နေရ မှာ အတန်ကြာလှပြီ။ သူတို့ရှေ့မှ ကွမ်းတဖွမ်းဖွမ်းဝါး ခေါက်တုံ့ခေါက်ပြန်လျှောက်ကာ ဗျစ်တောက်,ဗျစ်တော စကားဆိုလိုက်၊ တက်ခေါက်လိုက်၊ ဗျစ်ခနဲ ကွမ်းတံ ကို ထွေးလိုက် လုပ်နေသော ဝဝတုတ်တုတ်၊ အသာ မည်း၊ ဗိုက်ရွဲရွဲလူကြီးကိုလည်း ကြည့်နေရင်းပင် တွေ မူးလှပြီ။



www.burmeseclassic.com

www.burmeseclassic.com

# ညိုမလေးရေ
# သတိုးချာလီဆွေ



'မဟုတ်သေးဘူး။ မင်းတို့ ငြင်းကို မငြင်းနဲ့။ ဘယ်
…မှ လက်ပူးလက်ကြပ် မမိမချင်း ကျွန်တော် ခိုးပါ
…လို့ ဖြောင့်ချက်မပေးဘူး'

'ဘကြီးရာ··သားတို့ လုံးဝမယူရပါဘူး။ သားတို့က သူခိုးတွေ မဟုတ်ပါဘူး။ အဲလိုခိုးတဲ့အလုပ်မျိုးကိုလည်း သားတို့ တစ်ခါမှ မလုပ်ဖူးပါဘူး'

အားလုံးထဲမှ အသက်အကြီးဆုံး ကျော်ထွန်းက ··· လူကြီး၏စကားကို ငြင်းချက်ထုတ်လျက် ပြန်လှန်···



www.burmeseclassic.com

www.burmeseclassic.com

ကျန်သုံးယောက်က တရှုံ့ရှုံ့နှင့် ငိုနေကြပြီ။ အငယ်ဆုံးဖြစ်သူ ကောက်တေးမဆိုလျှင် အသားတွေပင် တဆတ်ဆတ် တုန်နေလေ၏။ ကြောက်ရှာပေမည်။ သူက မိန်းကလေး ဖြစ်သည့်ကိုး။

အဖြစ်ကား ထိုလူကြီး၏ အိမ်ကို ပြန်လည်ပြုပြင် ဆောက်လုပ်နေဆဲဖြစ်သဖြင့် အိမ်ဝင်းအတွင်းတွင် ပစ္စည်းများ ပြန့်ကျဲနေ၏။ ယမန်နေ့က PVC ပိုက်ဆက်ပစ္စည်းများ၊ လုပ်ငန်းသုံးကိရိယာများကို ထိုနေ့ ညနေ အလုပ်သိမ်းချိန် မြွေရေခွံအိတ်နှင့် စုထည့်ကာ သိမ်းသည်ဆို၏။ ယနေ့နံနက် အလုပ်မစမီ ထိုအထုပ်ကို သိမ်းထားရာမှ အောက်သို့ ယူလာခဲ့ပြီး ခြံစပ် ပုဏ္ဏရိက်ချုံနံဘေးတွင် ချထားရာမှ ပျောက်သွားသဖြင့် ကောက်တေးမတို့ လေးယောက် ထိုလမ်းအတွင်းသို့ ပုလင်းခွံ၊ ဘူးခွံ ကောက်ရန် ရောက်အလာနှင့် တိုက်ဆိုင်စွာ မသင်္ကာသဖြင့် ခေါ်ယူ စစ်မေးခြင်း ခံနေကြရသည် ဖြစ်၏။

'အရင်မလုပ်ဖူးတာတွေ၊ အခုမလုပ်တာတွေကတော့ ငါ မသိဘူး။ ငါသိတာက မနက်က အဲဒီအထုပ် ဒီနားမှာ ရှိတယ်။ ခု မရှိတော့ဘူး။ ပြီးတော့ မင်းတို့အုပ်စု ဒီလမ်းထဲမှာ ဝင်လိုက် ထွက်လိုက် လုပ်နေကြတယ်။ မကြာဘူး၊ ငါ့ပစ္စည်း ပျောက်ရော'

'သားတို့··မဟုတ်'

ကျော်ကွန့်က ထပ်မံငြင်းချက်ထုတ်ရန် ဟန်ပြင်ဆဲမှာပင် စကားမဆုံးလိုက်၊ အိမ်ခြံဝင်းအတွင်းသို့ လိုက်ထရပ်ကားတစ်စီး ဝင်လာကာ ရပ်တန့်လိုက်၏။

ကားပေါ်မှ အသက်(၃၀)ခန့် အမျိုးသမီးတစ်ဦး ဆင်းလာကာ-

'ဘာဖြစ်နေကြတာလဲ ဖေဖေ'

'ဒီမှာ သမီးရယ်၊ မနေ့က ဆာလာအိတ်နဲ့ထုပ်ပြီး သိမ်းထားတဲ့ ပိုက်ဆက်ပစ္စည်းထုပ်ကို မနက်က အဖေ ကိုယ်တိုင် အဲဒီပုဏ္ဏရိက်ချုံဘေး ချထားတာ။ ခု အလုပ်သမားတွေလာတော့ အလုပ်လုပ်ဖို့ ရှာကြရော။ မတွေ့ကာမှ ပျောက်မှန်း သိရတာ။ အဲဒါကြောင့် ဒီဟာလေးတွေ ခေါ်ပြီး မေးရတာ။ မမေးလို့လည်း မရဘူးလေ။ ဒင်းတို့ တစ်မနက်လုံး ဒီလမ်းထဲမှာ အိတ်ကိုယ်စီနဲ့ ခေါက်တုံ့ ခေါက်ပြန်··'

'ဟောတော် အဖေရယ်၊ လာ··လာ··သမီးပြောပြမယ်'

ဟု ဆိုကာ အိမ်နောက်ဖေးသို့ ဆွဲခေါ်သွားပြီး-

'အဖေ··အဲဒီအိတ်က အခု သမီးကားပေါ်မှာ ရှိတယ်။ မနက်က ပန်းပင်တွေ၊ သရက်ပင်ပေါက်တွေ ရေလောင်းတော့ ရေစိုမှာစိုးတာနဲ့ မ,ပြီး ကားပေါ် ခဏ တင်ထားလိုက်တာ။ ရေလောင်းလို့ပြီးတော့ ပြန်မချမိဘဲ သမီး ဈေးသွားဝယ်တော့ ကားပေါ် ပါလာခဲ့တာ။ သမီးလည်း ဈေးရောက်မှ သိတယ်'

'ဟေ··ဒါဆို'

'ဟုတ်တယ် အဖေ။ သူတို့နဲ့ ဘာမှမဆိုင်ဘူး။ ပြန်လွှတ်ပေးလိုက်ပါတော့'

'ဒါဆိုလည်း ပြီးရော'

ပြောပြောဆိုဆိုနှင့် လှည့်ထွက်သွားကာ လျော့ရဲရဲဖြစ်သွားသော မျက်နှာကြောကို ပြန်တင်းလျက် ကလေးများ ရှေ့ရောက်မှ ခြေစုံရပ်ရင်း-

'ကဲ··ကဲ··မင်းတို့ ခု ထပြီး သွားကြတော့။ ငါ့ပစ္စည်းတွေကတော့ ပျောက်ချင်လည်း ပျောက်ပါစေတော့၊ ငါ့ကံပေါ့ကွာ။ မင်းတို့ နောက်တစ်ခါ ဒီလမ်းထဲလာပြီး ဟိုဟာဆွဲ ဒီဟာဆွဲ လုပ်လို့ကတော့ မေးစမ်းမနေဘူး၊ ရဲစခန်းကို တစ်ခါတည်း ပို့လိုက်မှာ။ ကြားလား။ ကဲ··သွားကြ··သွားကြ'

ကောက်တေးမက ဂါဝန်စကိုလှန်ကာ ဂါဝန်အောက်နားစဖြင့် မျက်ရည်ကိုသုတ်ရင်း ရှေ့ဆုံးမှ သုတ်ခြေတင်၏။ သူ့လက်ထဲတွင် နံနက်က ကောက်ရထားသော ဖဲပြားပုံ ပလတ်စတစ်ဆံညှပ်ကလေးကို ကျစ်ကျစ်ဆုပ်လျက်၊ ကောက်တေးမ နောက်မှ စိန်ရနှင့် ငပိန်တို့ကလည်း မျက်ရည်အရွှဲသားကို လက်ဖျံနှင့်သုတ်ရင်း လက်တစ်ဖက်က မြွေရေခွံအိတ်ကို တရွတ်တိုက်ဆွဲလျက် လိုက်ပါလာ၏။ လမ်းပေါ်သို့ ရောက်သည်နှင့် ကျော်ကွန့်က အလျင်ဆုံး စကားစ၏။

'မင်းတို့ နှစ်ယောက်ကလည်း အရေးအကြောင်းဆို ငိုဖို့ပဲ။ နည်းနည်းပါးပါး ဝိုင်းပြောပေးဖော် မရဘူး'

'ကြောက်တာကိုးကွ။ မင်းက အကြီးဆိုတော့ ပြောရဲတာပေါ့'

'ဟုတ်တယ်ကွ။ ငါလည်း ကြောက်တာမှ အသေးပဲ။ ပြီးတော့ သူခိုးလေးတွေလို့ ပြောတာကို ခေါ်သလည်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တယ်'

'အေးကွာ၊ ငါတို့က သူခိုးအလုပ် မလုပ်ဘဲနဲ့ သူခိုး အစွဲခံရတာတော့ နာတယ်ကွာ'

'ဟုတ်ပါ့ကွာ။ သူခိုးလေးတွေ··သူခိုးလေးတွေနဲ့ တို့သာ တကယ်သူခိုးဆိုရင် အဲဒီသူပြောတဲ့ ပိုက်စုတ် ပိုက်ပြတ်တွေ ခိုးပါ့မလား။ ဟိုခြံစည်းရိုးထောင့်က ရေ မော်တာကြီး ခိုးမှာပေါ့။ အသစ်နီးပါး အကောင်းကြီးကို မသုံးဖြစ်သေးလို့ ဒီတိုင်းကြီး ချထားတာ'

'အေးကွ၊ အဲဒါကြီးသာ ကောက်ရောင်းလိုက်လို့က တော့ ပိုက်ဆံတွေ မနည်းဘူး ရမှာနော်'

'ရချင်ရ၊ မရချင်နေပါကွာ။ သူခိုးဆိုတာကြီးကတော့ အဖြစ်မခံနိုင်ပါဘူး။ တို့အနားက ဘုန်းကြီးကျောင်းက ဦးပဥ္စင်းဘုန်းဘုန်းက တို့ကို ပြောပြဖူးသလို သူများပစ္စည်း ခိုးတဲ့သူဆိုတာ ဒီဘဝမှာလည်း မကောင်းဘူး။ သေရင် လည်း ငရဲပြည်ကျတတ်တယ်တဲ့'

'အေး··ဟုတ်တယ်။ ဒီအကြောင်း မပြောကြပါနဲ့ တော့ကွာ··နော်'

တကယ်တော့ သူတို့ ဘဝကလေးတွေသည် စိတ်ဝင် စားစရာကောင်းသလို သနားစရာလည်း ကောင်းလှ၏။ ကျော်ကွန့်က ချင်းတွင်းအထက် ကလေးဝဘက်ကဟု ဆိုသည်။ ဖခင်က တမူးတွင် အလုပ်သွားလုပ်ရာမှ ပြန် မလာတော့ဟု ဆိုသည်။ သူ့ဖခင်က ဤဒေသသား မဟုတ်။ ကျောင်းဆောက်ရန် ရောက်လာသည့် လက် သမားအဖွဲ့တွင် ပါလာပြီး သူ့မိခင်နှင့် အကြောင်းပါကာ ကလေးဝတွင် သောင်တင်နေသူဖြစ်၏။ မိခင်မှာ ကျော် ကွန့် သုံးနှစ်သားတွင် ငှက်ဖျားရောဂါနှင့် ဆုံးပါးသွားရာ မိခင်ကိုယ်တိုင် ဆွေမျိုးမဲ့ တစ်ကောင်ကြွက် ဖြစ်လေရ ကား ကျော်ကွန့်မှာ မိဘမဲ့ကျောင်း ရောက်ရှိရာလေသည်။

ဆယ်နှစ်သားလောက်တွင် ထိုကျောင်း၌ မပျော်ပိုက် တော့ဘဲ ကြားဖူးနားဝရှိသော မန္တလေးမြို့သို့ သွားရောက် ကာ စားပွဲထိုးလုပ်ရန် ရည်ရွယ်ချက်ဖြင့် ထွက်ပြေးလာခဲ့ ရာ ဘူတာကြီးအနီး ယောင်လည်လည်ဖြစ်နေသော ကျော် ကွန့်အား ဆိုက်ကားသမားတစ်ဦးက သူနေထိုင်သော မြို့စွန် အမှိုက်ပုံတစ်ခုအနီးရှိ သူ့တဲတော်မဟာသို့ ခေါ်ယူ စောင့်ရှောက်ထားခြင်း ခံခဲ့ရသူဖြစ်၏။

ဆင်းရဲသော်လည်း ကရုဏာမချို့တဲ့သူ ဆိုက်ကား ဆရာသည်လည်း တစ်နေ့လုပ်မှ တစ်နေ့စားရသူသာ ဖြစ် ၏။ ထို့ထက်ပို၍ ညွှန်းရလျှင် တစ်ခါလုပ်မှ တစ်ကြိမ် သောက်ရသူ ဖြစ်၏။ ဆိုက်ကားတစ်ခေါက် အရက်ဆိုင် တစ်ခေါက်နှုန်းဖြင့် ညပြန်လာလျှင် အိတ်ကပ်ပြောင်း လောင်းနှင့် ပြန်လာရသူဖြစ်လေရာ နေစရာသာ ပေးနိုင်၍ စားစရာပေးရန် ရှိသူ မဟုတ်ပါချေ။

ကျော်ကွန့်နည်းတူ ထိုဆိုက်ကားဆရာ ကရုဏာကြီး စွာ ခေါ်ယူစောင့်ရှောက်ခြင်းခံရသူ နောက်တစ်ယောက် မှာ စိန်ရဆိုသော ပလောင်ကလေး ဖြစ်၏။ စိန်ရကား မန္တလေးရှိ ပလောင်ကျောင်းတစ်ကျောင်းမှ ကိုရင်ဝတ် နေရင်း ထွက်ပြေးလာပြီး ဆိုက်ကားဆရာထံ သောင်တင် နေသူ ဖြစ်၏။

ငပိန်နှင့် ကောက်တေးမတို့ နှစ်ဦးမှာ မောင်နှမဖြစ် ၏။ ဆိုက်ကားဆရာ၏ ညီဖြစ်သူမှမွေးသော ကလေး နှစ်ဦးဖြစ်ပြီး ရောဝတီတိုင်းအား နာဂစ်ကြိုဟ်ဆိုး မွှေနှောက် ဖျက်ဆီးစဉ် မိဘများ ကွယ်လွန်ကုန်ကြသဖြင့် ဆိုက်ကား ဆရာမှ သွားရောက်ခေါ်ဆောင်လာကာ စောင့်ရှောက် ထားခြင်း ဖြစ်လေသည်။

စောင့်ရှောက်သည် ဆိုခြင်းကလည်း မည်ကာမတ္တ သာ။ ထိုကလေးများ စတင်ရောက်သည် ဆိုကတည်းက ထိုအမှိုက်ပုံဂေဟာနှင့် တစ်ခေါ်လောက် ကွာလှမ်းသော ဘုန်းတော်ကြီးကျောင်းမှ ဆွမ်းကျန်ကွမ်းကျန်ကလေးများ စွန့်ကြဲလေသဖြင့် သူတို့အတွက် အဆင်ပြေလေ၏။ သို့ မဟုတ်ပါလျှင်··။

ငပိန်နှင့် ကောက်တေးမ ရောက်စကမှ ဆိုက်ကား ဆရာတွင် မစိန်အေးဆိုသော မယားတစ်ယောက် ရှိ၏။ ရောက်ပြီးမကြာမီပင် အမရပူရဘက်က ဆိုင်ကယ် ကယ် ရီသမားတစ်ယောက်နှင့် လိုက်ပြေးသွားသည်ဖြစ်ရာ ထို အချိန်မှစ၍ ထိုဆိုက်ကားဆရာသည် နံနက်၊ နေ့၊ ည အရက်ကိုသာ အဖော်ပြုတော့သောဟူ၏။ အခြားသူများ အဆိုအရမူ မယားရှိစဉ်နှင့် ရှိပြီး ထူးမခြားနား သည် အတိုင်းသာပါဟု ဆိုကြလေသတတ်။

သူတို့စံရာ တဲဂေဟာအကြောင်းကိုလည်း [illegible] လေမှ ပြည့်စုံမည်ဖြစ်သဖြင့် တင်ပြပေဦးအံ့။ [illegible] ကန့်စွန်းခင်းစိုက်သူတို့ ယာယီနေရန် ဆောက်[illegible] သော တဲအိမ်ကလေးကို ထိုတဲရှင်တို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ဆိုက်ကားဆရာက အပိုင်သိမ်းလိုက်ကာ လူနေ၍ရရုံ ပြုပြင်ဖာထေး၍ထားသော အထည်ကြီးပျက် တဲစုတ်တစ်လုံးသာပင်။ တဲကလေး၏ အရှေ့ဘက်တွင် အမှိုက်ပုံနှင့် လူမနေသေးဘဲ ကွက်သစ်ရိုက်ထားသော ကွန်ကရစ်လမ်းကျဲကြီးများနှင့် ဓာတ်တိုင်များရှိကြပြီး အနောက်ဘက်တွင် ယခင် ကန်စွန်းခင်းကို ကွက်သစ်ရိုက်လိုက်သဖြင့် လာရောက် သတ်မှတ်စိုက်ထူထားကြသော နယ်နိမိတ်စည်းခြားပြ ကွန်ကရိတိုင်များနှင့် ကွက်လပ်များ။

တောင်ဘက်တွင်တော့ ဘုန်းတော်ကြီးကျောင်းများနှင့် လူနေရပ်ကွက်များ၊ မြောက်ဘက်တွင်မူ တောင်ပူစာ၊ ဆူးပင်ကုန်းနှင့် ရေဆိုးမြောင်း၊ ရေဆိုးမြောင်း၏ ဟိုဘက်တွင် စက်ရုံများ။

သူတို့၏ ဂေဟာကလေးကို အဝေးမှ လှမ်းကြည့်လိုက်လျှင် မြောက်အရပ်သို့ မျက်နှာမူထားသော အိမ်ကလေးသည် အရှေ့အရပ်သို့ ဦးညွှန်နေသည့် ပုံသဏ္ဌာန်မှာ (၆၀)ဒီဂရီရပ်ညွှန်းခန့်ရှိ၍ မိုးရွာလိုက်၊ ရေယိုသောနေရာကို ပလတ်စတစ်စ၊ ကြွပ်ကြွပ်အိတ် စသည်တို့ဖြင့် ဖြီးလွှယ်စီးလွှယ် မိုးကာလိုက်၊ နံဘေးတွင်လည်း အမှိုက်ပုံမှရသော ရောင်စုံကတ်ထူပြားများ၊ ဖော့ပြားများ၊ ကြော်ငြာ ဗိုင်းဘာဘုတ်ပြားများ စသည်တို့ဖြင့် ထင်သလို ကာရံခြယ်သထားသဖြင့် မုန့်လုံးကို စက္ကူစုတ်များ ကပ်ထားသည်ကဲ့သို့ ရှိသည်။ လေတိုက်လျှင် တဖျတ်ဖျတ်တဘတ်ဘတ်ဖြင့် သက်ဝင်လှုပ်ရှားနေသော ထိုတဲအိမ်ကလေး၏ တောင်ဘက်တွင် ကန်စွန်းခင်းဟောင်းအစပ်မှသည် နွယ်တက်နေသော ချုံပင်များ နွယ်ပင်များက အိမ်ဓာစ်ခြမ်းနီးပါး ဖုံးလွှမ်းထားလျက် အပေါ်ပိုင်း အမိုးတစ်ခြမ်းသည် စိမ်းနုရောင်အညွန့်များ တလူလူနှင့် ကြည့်၍ပင် ကောင်းသေးတော့။

ထိုနေ့က ဆိုက်ကားဆရာ ပြန်မလာပါ။ နောက်လည်း ပြန်လာမည် မဟုတ်တော့။ ယခင်နေ့များကမူ ရွှေပြည်စိုး သီချင်းကို ထပ်ကာကျော့ကာ သီဆိုရင်း အာလေးလျှာလေးကြီးဖြင့် 'စိန်ရရေ၊ ကျော်ကွန့်ရေ၊ လာကြပါဦးဟ။ ငါ့ဆိုက်ကား လာကူဆွဲပေးကြပါဦး' ဆိုသော အသံနှင့်အတူ ယမကာနံ့ တထောင်းထောင်းဖြင့် ပုံမှန် ရောက်လာမြဲ။

ထိုတဲအိမ်ကလေးသို့ အဝင်လမ်းသည် ရပ်ကွက်အစပ်လမ်းမှ လျှောဆင်းလာပြီး မြေစိုင်ခဲများ၊ အမှိုက်များဖြင့် မညီမညာ ကွင်းခြောက်ကို ငါးမိနစ်ခန့် လျှောက်၍ တဲအိမ်ကလေးအနီးသို့ရောက်သော် နွေအခါ ရေမရှိသော ရေမြောင်းကို ဆင်းပြီးမှ တဲအိမ်ဆီသို့ ပြန်တက်ရသဖြင့် ဆိုက်ကားနင်း၍ ပြန်လာသောအခါ ထိုရေမြောင်းတွင်မတက်နိုင်တော့ဘဲ အကူအညီမတောင်းမဖြစ် တောင်းရလေသည်။ ရံခါတွင် ရေမြောင်းထိအောင် ရောက်မလာဘဲ ရပ်ကွက်ထိပ် အဆင်းတွင်ပင် လူရော ဆိုက်ကားပါ ဒလိမ့်ခေါက်ကွေးဖြင့် မြေပြင်တွင် အလူးလူးအလှိမ့်လှိမ့်ရှိသော ဟူ၏။

ထိုနေ့တွင်မူ နေပူပူ လေပူပူတွင် အရည်ပူပူ သောက်သုံးမှု ရေချိန်လွန်လေသည်မှာ ဆိုက်ကားဂိတ်ဝယ် ဆိုက်ကားဖင်ထိုင်ခုံပေါ် ခေါင်းတင်လျက် ခြေပစ်လက်ပစ် အိပ်ပျော်နေသည်မှာ နေ့ခင်းကတည်းကဟု ဆိုသည်။ ညနေသုံးနာရီခန့်ဝယ် လူတစ်ကိုယ်လုံး ဆိုက်ကားပေါ်မှ လျှောဆင်းလာပြီး မြေအပြင်ဝယ် ခွေကာနေလေသည်မှ အနီးရှိ ဆိုက်ကားဆရာနှင့် ကွမ်းယာသည်က ဆေးရုံကို ပို့သော်လည်း အသက်က ဆိုက်ကားပေါ်တွင်ပင် ကျန်ခဲ့လေသလော၊ လမ်းတွင်ပင် ထွက်ကျလေသလော ဆရာဝန်ရှေ့ ရောက်အောင် ပါမလာခဲ့။ ဆွေမဲ့မျိုးမဲ့ တစ်ကောင်ကြွက်တစ်ဦး၏ ဈာပနခရီးသည် တိတ်ဆိတ်လေစွ။ သည်ကတည်းက ထိုအမှိုက်ပုံရိပ်မြုံကလေးတွင် သူတို့လေးဦးသာ စာရင်းဝင်အင်းဝင် ရှိတော့၏။

ရွှေဝါရောင်ဝင်းဝင်းတောက်နေသော ပိုင်းစက်စက် လဝန်းသည် ကမ္ဘာလောကဓာတ်ကြီး တစ်ခုလုံးကို အေးမြခြင်းများ ဖျန်းဆွတ်လျက်။ ဆီးနှင်း၊ မြူ၊ တိမ်၊ သူရိန်၊ မီးခိုးတို့ ကင်းစင်နေသဖြင့်လည်း ပြည့်ဝသော လမင်း အလင်းရောင်ဖြင့် လေကြောင့် လှုပ်ခတ်နေသော အုန်းလက်ရှိ အုန်းရွက်ဖျားချွန်တို့ကိုပင် ရေတွက်၍ ရလောက်မတတ် အလင်းအရှိန် ဝင်းထိန်နေတော့၏။ ကျော်ကွန့်တို့ တစ်သိုက်ကား ရဟန်းခံရှင်ပြု အလှူတစ်ခုမှ ဆိုင်းပွဲကြည့်ပြီးအပြန် မအိပ်ကြသေးဘဲ ကတ်ထူစက္ကူချပ်များပေါ်တွင် ကိုယ်စီ ပက်လက်လှန်နေကြရင်း စကားတွေတွတ်ထိုးနေကြ၏။ ကောက်တေးမ တစ်ယောက်တည်းသာ အိပ်မောကျ၍နေတော့သည်။ အိပ်မက်ထဲ၌မှ သူသွားချင်လှသော ကျောင်းစာသင်ခန်းစာကလေးအထဲတွင်

www.burmeseclassic.com

ကျောင်းစိမ်းဝတ်စုံလေးဖြင့် စာအံနေပြီလား မသိ။

သူတို့၏ တစ်နေ့တာ အလုပ်ခွင်မှာ မိုးလင်းသည်နှင့် ဘုန်းကြီးကျောင်းအုတ်တံတိုင်းနံဘေးရှိ ရေတွင်းတွင် မျက်နှာသစ်ကြ၏။ မျက်နှာသစ်ပြီးသည်နှင့် မြွေရေခွံအိတ် တစ်ယောက် တစ်အိတ်ကိုင်ကာ အရပ်တကာလှည့်၍ ရေသန့်ဘူးမှအစ ရောင်း၍ရသော တိုလီမုတ်စ ရသရွေ့ ရှာဖွေကောက်ကြ။ ရသမျှကို ညနေစောင်းတွင် သွားရောက်ရောင်းချရသမျှ ငွေကလေးဖြင့် ထမင်းဟင်း ဝယ်စားကြ၊ မုန့်စားကြ၊ ရံခါ ရုပ်ရှင်ကြည့်ကြ။

အမှိုက်ကောက်ရင်း နေပူအားကြီးချိန် နေ့ခင်းကာလများတွင် အရိပ်ကောင်းကောင်းရှိရာ လက်ဖက်ရည်ဆိုင်နံဘေး တစ်နေရာတွင် အနားယူကြ၏။ လက်ဖက်ရည်ဆိုင်နှင့် နီးနီးနေချင်သည်မှာ အကြောင်းရှိ၏။ လက်ဖက်ရည်ဆိုင်တွင် တစ်နေကုန် ဖွင့်ထားသော တီဗီကို ကြည့်ခွင့်ရသဖြင့် တီဗီကြိုက်သော ကောက်တောမတို့အတွက် နေ့ခင်း ဖိမ်ကျကျ လောကစည်းစိမ် မဟုတ်ပါလော။

ကောက်တောမသည် ကျောင်းနေခွင့်မရ၍ စာတတ်သူ မဟုတ်ချေ။ မြန်မာဗီဒီယိုဇာတ်ကားများဆိုလျှင် ကိစ္စမရှိသော်လည်း ကိုရီးယားဇာတ်ကားများနှင့် အခြားသော မြန်မာစာတန်းထိုး ဇာတ်ကားများကိုမူ ကျော်ကွန့်နှင့် စိန်ရတို့နှစ်ဦးက တစ်လှည့်စီ အသံထွက် ဖတ်ပြကြသဖြင့် ကောက်တောမအတွက် အဆင်ပြေ၏။ ရံခါ ယောက်ျားကလေး သုံးယောက်စလုံး ဂေါ်လီရိုက်ခြင်း၊ သားရေကွင်းပစ်ခြင်း စသည်တို့ ကစားနေကြလျှင်မူ စာတန်းထိုးဇာတ်ကားများကို နားမလည်ပါးမလည် သည်အတိုင်း ထိုင်ကြည့်ရင်း စာတတ်ချင်စိတ် ပေါ်လာ၏။ သူတို့ကို အားကိုးရင်း တီဗီကြည့်ရသည်မှာ တစ်ခါတစ်ရံ စိတ်တိုင်းမကျချင်။ တစ်နေ့နေ့တွင် စာဖတ်တတ်ရမည်ဟုလည်း အားခဲထား၏။ ထို့ကြောင့် ကျောင်းအနီး လမ်းပေါ်မှ ဖြတ်သွားတိုင်း ကျောင်းစာသင်ခန်းများကိုကြည့်ရင်း ငေးမောနေမိသည်မှာ အခါခါ။

အတန်းထဲမှ ကလေးများ ရွတ်ဖတ်နေကြသံများကို နားစွင့်ရင်း မကြာ,မကြာ လိုက်ဆိုနေမိသည်လည်း အကြိမ်ကြိမ်။ ညအိပ်လျှင်ပင် ရံခါ အိပ်မက်,မက်ရင်း နှုတ်ထဲ၌ လှည်းဘီးကျွံနေသည်၊ ကျွံ၍ တွန်းပေးကြပါ၊ လေးလွန်း၍ မတွန်းနိုင်ဘူးလား၊ ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်·· စသော သင်ခန်းစာများကို ယောင်အော်မိသည်အထိ ကျောင်းနေချင်စိတ် ပြင်းပြလွန်းလေသူကား ကောက်တောမ။

◆◆◆

သည်နေ့နှင့်ဆို ကောက်တောမ အမှိုက်ကောက်မလိုက်ဖြစ်သည်မှာ လေးရက်ရှိပြီ။ နေမကောင်းဘူးဟု ဆိုကာ အိပ်ရာမှ မထ။ ကိုယ်ပူနေသည်ဟုလည်း ပြောသည်။ နေ့ခင်းပိုင်းတွင် ကျောင်းမှစွန့်သော ထမင်းကျန်တို့ကို ကြွပ်ကြွပ်အိတ်နှင့်ထည့်၍ ငပိန်က သူ့ညီမ စားရန် ပြန်လာပို့၏။ သို့သော် ကောက်တောမက မစားနိုင်။ အိပ်ရာတွင်သာ ခွေနေ၏။

စိန်ရက-

'ငပိန်ရေ··ကောက်တောမ အိပ်ရာက မထတမ်းအိပ်နေတာ မကောင်းဘူးကွ။ ငါ သွားစမ်းကြည့်တော့ သူ့နဖူးကလည်း ပူခြစ်နေတာပဲ။ လူလည်း အရမ်းပိန်သွားတယ်ကွ'

'အေး··ငါလည်း ကိုင်ကြည့်သေးတယ်။ မနက်ကလိုပဲ ပူတုန်း။ ငါ ကွမ်းယာဆိုင်က ဆေးဝယ်လာတာ သူ မသောက်ဘူးထင်တယ်။ ဟဲ့··ကောက်တောမ၊ ထစမ်း၊ ထစမ်းပါဆို'

ကောက်တောမက ညည်းရင်း အိပ်နေရာမှ ထထိုင်၏။ ပြီးလျှင် မထိုင်ချင်ဘူးဟုဆိုကာ ပြန်ခွေ၏။ ကိုယ်ပူဒဏ်ဖြင့် နွမ်းကာမျှော့ခွေ၍နေလေသည်။ ကျော်ကွန့်က နံနက်ကျလျှင် ဆေးခန်းသွားပြကြရန် အကြံပြု၏။

ဤတွင် ငပိန်က-

'ဆေးခန်းပြရတာတော့ ဟုတ်ပါပြီ။ ဘယ်မလဲ ပိုက်ဆံ'

ဤတွင် ကျော်ကွန့်က-

'ရပါတယ်။ ငါတို့ ရှိသမျှ စုကြတာပေါ့။ ငါ့မှာ လောလောဆယ် ရေသန့်ဘူးခွံ ရောင်းထားတာ ရှစ်ရာ ရှိသေးတယ်'

'အဲဒါဆို ရရောလား'

'မသိဘူးလေ'

လပြည့်ကျော်ရက်များသည် ကောင်းကင်၌ ထိန်ထိန် အားကောင်းဆဲ။ သို့သော် ကောက်တောမတို့ တဲအတွင်း၌မူ မှောင်မှောင်နှင့်မည်းမည်း။ မီးတမဲ့ကလေးငယ် တလေညိုး

www.burmeseclassic.com

၏ အနာဂတ်သည် မည်သို့ရှိမည်မသိ။ လင်းအားဖျော့ဖျော့ မှောင်အားပြင်းပြင်း အဆင်းတို့ပင် မထင်ရှားချင်။

◆◆◆

ဖိနပ်မပါသော ဗလာခြေထောက်များ ဘောင်းဘီတိုကိုယ်စီနှင့် ညစ်ထေးထေးကလေးငယ်သုံးယောက် ခေါ်လာသော မိန်းကလေးကိုကြည့်၍ ဆရာဝန်က ရေအလျှင်ချိုးပေးချင်စိတ်သာ ပေါက်နေ၏။ နုံးချည့်ပျော့ခွေနေသော ကလေးကို စမ်းသပ်ပြီးသည်နှင့် ကမန်းကတန်း စာရွက်တစ်ရွက်နှင့် ဆေးစာကောက်ရေးကာ အရေးပေါ်သို့ သွားရန် ညွှန်ကြား၏။ ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနဟူသည် နဝေတိမ်တောင် ကလေးသူငယ်များအတွက် ဝံ့စားတိုးဝင်ရာနေရာ မဟုတ်ရကား ဆိုက်ကားဆရာတစ်ဦး အကူအညီနှင့် အသော့နှင်ကြရ၏။

လူနာမိန်းကလေး အပါအဝင် ဆိုက်ကားပေါ်တွင် သုံးယောက် ခြေကျင်ပြေးလိုက်လာသူ ကျော်ကွန့် တစ်ယောက်။ သူတို့လေးယောက်ကို ဆေးရုံအရေးပေါ်ဌာနရှေ့တွင် ချပေးထားခဲ့သော ဆိုက်ကားဆရာ ဝေးဝေးရောက်သွားသည်အထိ သူတို့ မဝင်ဝံ့သဖြင့် မဝင်ကြရသေး။

ကျော်ကွန့်က အရဲစွန့်ကာ ထဘီအနီဝတ် ဆရာမကလေးအနား အပြေးတစ်ပိုင်းဖြင့် ချဉ်းကပ်လျက် လက်တွင်ကိုင်ထားသော ဆရာဝန်ပေးလိုက်သည့် ဆေးစာရွက်ကိုပြရင်း ကောက်တေးမကိုပါ လက်ညှိုးထိုးပြလိုက်၏။ ဆရာမကလေးက လက်ယပ်လှမ်းခေါ်သဖြင့် မကြာမီ



သူတို့ လေးယောက်စလုံး အရေးပေါ်ဌာန မှတ်တမ်းတင်စားပွဲရှေ့တွင် အပြုံလိုက်။

ခုတင်ပေါ်တွင် ပက်လက်ကလေး မျက်တောင်စင်းလျက် အစမ်းသပ်ခံနေသော ကောက်တေးမက မှိန်းနေရာမှ အဖြေတွေကလည်း ပလုံးပထွေး။ ကျန်သော သုံးယောက်ကလည်း အဖြေက တခြား၊ အမေးက တခြားနှင့် တစ်ယောက်တစ်ပေါက်စီ။ စိတ်ရှည်ဟန်မတူသော တာဝန်ကျ နာ့(စ်)ကြီးက အုပ်ထိန်းသူနာမည်ကို မေးလျက် မိဘများ ခေါ်လာရန်သာ တတွတ်တွတ်ပြောနေ၏။

မိဘတွေ မရှိပါဘူးခင်ဗျာဟု ဆိုသော်လည်း လူကြီးတစ်ယောက်ယောက် ခေါ်လာခဲ့ရန်သာ တွင်တွင်ဆိုရင်း ကလေးကို ဆေးရုံတင်ရန် စီစဉ်လိုက်ကြပြီး ဆေးရုံ စာအုပ်ဖိုး တောင်းသဖြင့် ကျော်ကွန့်က သူ့လက်တွင် ဆုပ်ကိုင်ပါလာသည့် တစ်ရာတန်၊ ငါးဆယ်တန်များကို အကြွေစေ့များ တစ်စုစုဖြင့် ဖြေဖြန့်ကာ ရှိရှိသမျှ ရှစ်ရာကျပ်လုံး ဆရာမလက်ထဲ ထည့်ပေးလိုက်၏။ ရှုံ့မဲ့ကာဖြင့် ပိုက်ဆံယူနေသော ဆရာမကလေးကို ဂရုမစိုက်နိုင်တော့ဘဲ တွန်းလှည်းနှင့် ပါသွားသော ကောက်တေးမ၏နောက်မှ စုပြုံပြေးလိုက်သွားကြ၏။

ခုတင်တစ်ခုပေါ်သို့ ကောက်တေးမကို တင်ထားလိုက်ကြပြီး ဆေးဝယ်ရမည်ဖြစ်ကြောင်း၊ ဆေးရုံရောက်ချိန်ဝယ် ရောဂါတော်တော်လွန်နေပြီဖြစ်ကြောင်း၊ လူကြီးမိဘများကိုခေါ်၍ အမြန်လာကြမှသာ ကလေး၏ အသက်အန္တရာယ်ကို စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း၊ ဆရာဝန်ကြီး လှည့်လည်လာတော့မည်ဖြစ်ကြောင်းအပြင် မြန်မြန်ထွက်ကြရန် မောင်းထုတ်လေသဖြင့် သုံးယောက်စလုံး ဆေးရုံမှသည် တဲဂေဟာဆီသို့ ပြန်လာကြပြီး အရေးပေါ် အစည်းအဝေးတစ်ရပ် ကျင်းပကြလေတော့သည်။

'ကဲ··ဘယ်လိုလုပ်ကြမလဲ။ ဆေးဝယ်ဖို့ ပိုက်ဆံတစ်ပြားမှ မရှိတော့ဘူး'ဟု ကျော်ကွန့်က စကားစ၏။

စိန်ရနှင့် ငပိန်က တစ်လှည့်စီ ဤသို့ ဆိုလေ၏။

'ပိုက်ဆံကတော့ ကြံရဖန်ရမှာပေါ့ကွာ'

'တို့ အမှိုက်များများရအောင် ကောက်ကြမယ်လေ'

'ဟ··အမှိုက်ကောက်လို့ ရတယ်ထားဦး။ တစ်ရက်နှစ်ရက်နဲ့ ရတဲ့ပိုက်ဆံက ဆေးကုဖို့ လောက်ရောလား'

'မသိဘူးလေ။ ငါ့ညီမလေးတော့ သနားပါတယ်ကွာ'



www.burmeseclassic.com

www.burmeseclassic.com

သူခများ'

သူတို့ တစ်ယောက်တစ်ခွန်း စကားများနေကြသည်တွင် ကျော်ကွန့်က–

'ဟေ့ကောင်တွေ၊ ငါ တစ်ခုစဉ်းစားမိပြီကွ'

'ဘာလဲ'

'ဒီလိုကွ..ညီမလေး ဆေးကုဖို့ငွေက လုံးခနဲ ခဲခနဲများများရဖို့က တို့ အမှိုက်လည်း ကောက်ကြမယ်။ အမှိုက်ကောက်လို့ရတဲ့ပိုက်ဆံနဲ့ နောက် အကြံအဖန်တစ်ခုရယ်ဆိုအဆင်ပြေလောက်တယ်ကွ'

'ဘာအကြံအဖန်လဲ'

'မင်းတို့ မေ့သွားကြပြီလား။ ငါတို့ကို မခိုးဘဲနဲ့ခိုးတယ်လို့ စွပ်စွဲတဲ့ ဟိုလူကြီးလေ'

'မမေ့ပါဘူး။ အဲဒါ ဘာဖြစ်လဲ'

'အေး..အဲဒီလူကြီးအိမ်ရှေ့ ပုဏ္ဏာရိုက်ချုံဘေးကမော်တာကြီးရော မှတ်မိကြလား'

'အင်း'

'အဲဒီမော်တာကြီးကို သွားခိုးကြမယ်။ အဲဒါကြီးကအသစ်နီးပါး အကောင်းကြီးရယ်။ ဒါကြီးကို ရောင်းလိုက်ရင် ပိုက်ဆံအများကြီးရမှာကွ'

'ဒါဆို ငါတို့ သူခိုးဖြစ်သွားမှာပေါ့'

'အေးပေါ့'

'ငါတို့က သူခိုးတော့ မဖြစ်ချင်ပါဘူးကွာ။ ဟိုဘုရားဝင်းထဲက အရုပ်ကားတွေမှာ သူများပစ္စည်း ခိုးတဲ့သူတွေငရဲခံနေရတာ ကြောက်စရာကြီး'

'ငါလည်း ကြောက်တာပဲကွ'

ဤတွင် ဘာတစ်ခုမှ ဝင်ပြောဖော်မရဘဲ ငူငူကြီးထိုင်နေသော ငပိန်က–

'မင်းတို့ မခိုးကြပါနဲ့ကွာ။ ငါတော့ ငါ့ညီမလေးကိုသနားတယ်။ ငါ သူခိုးဖြစ်ရင် ဖြစ်ပါစေကွာ။ ငါ သွားခိုးမယ်။ ဒီပိုက်ဆံနဲ့ ညီမလေးကို ဆေးကုမယ်လေ။ တကယ်လို့ ပိုသေးရင် ကျောင်းဝတ်စုံလေးတွေ ဝယ်ပေးပြီး ဟိုဘက်နားက ဘကကျောင်းမှာ ကျောင်းသွားထားမယ်လေ။ ငါ့ညီမလေးက စာတစ်အားတတ်ချင်နေတာကွ။ သနားပါတယ်'

'ကဲပါကွာ၊ မင်းချည်းပဲလည်း မလုပ်ရပါဘူး။ ငါတို့လည်း လုပ်မှာပါ။ အားမငယ်ပါနဲ့ကွာ။ ငါတို့လည်း ညီမလေးကို သနားတာပါပဲကွာ'

စိန်ရက ပလောင်သံဝဲဝဲနှင့်–

'ငါလည်း ခိုးရမှာတော့ ကြောက်ပါတယ်။ ဒါပေမဲ့ ညီမလေးကို သနားလို့ ငါလည်း ဝိုင်းကူထမ်းမယ်လေ'

သို့နှင့် တစ်နေကုန် ရေသန့်ဘူးခွံ၊ ဘီယာဗူးလင်းစသောအမှိုက်တို့ လိုက်ကောက်ရင်း ထိုရေမော်တာရှိသောအိမ်ဘက်သို့လည်း မယောင်မလည် ချောင်းကြရသေး၏။

ကျော်ကွန့်နှင့် စိန်ရတို့ တံခွန်တိုင်ဈေးအနီး၌ ပြန်အဆုံဝယ်–

'ကျော်ကွန့်ရေ..မင်း ဟိုအိမ်ဘက် ရောက်သေးလား'

'အေး..ရောက်တယ်ကွ။ မော်တာကြီးက အရင်အတိုင်းပဲ ရှိသေးတာ။ အဲဒီအိမ်မှာ ခွေးတစ်ကောင်မှမရှိတာ တို့အတွက် ကံကောင်းတာကွ'

'ညဆို ခြံတံခါးက ပိတ်ထားမှာနော်'

'ပိတ်လည်း ကိစ္စမရှိပါဘူးကွာ။ ဟိုသရက်ပင်တစ်ပင် မင်းတွေ့ခဲ့တယ် မဟုတ်လား။ အဲဒီသရက်ပင်နဲ့ ကပ်လျက် ဝါးထရံကတ်က ယိုင်နေ ရွဲ့နေတာပါကွာ။ အသာလေး ဖယ်လိုက်ရုံပါပဲ'

'အေး..မင်း ငပိန်ကို တွေ့သေးလား'

'ငပိန်လေ၊ နေ့ခင်းကတည်းက ဘုန်းကြီးကျောင်းကစွန့်တဲ့ ထမင်းတွေ ကြွပ်ကြွပ်အိတ်နဲ့ထုပ်ပြီး ဆေးရုံပြေးလေရဲ့။ ညနေ တဲမှာ ဆုံကြမှာပဲလေ'

တကယ်တော့ ငပိန်သည် ထမင်းထုပ်ကို ကိုင်၍ဆေးရုံသို့ သွားပါသော်လည်း ဆေးရုံအပေါက်စောင့် ရှိနေ၍ မဝင်ရဲသဖြင့် အပြင်တွင် ဝဲလယ်ဝဲလယ် ဖြစ်နေသည်မှာ တစ်နာရီခန့် ကြာ၏။

နောက်မှ အရဲစွန့်ပြီး

'သား ညီမလေးဆီ ထမင်းသွားပို့မလို့ပါဗျ'

ဟု ပြောသော်လည်း–

'ဟင်း..ဟင်း..ဝေးဝေးသွားစမ်းပါ ကောင်လေးရာ။ ဒီလိုပုံစံ၊ ဒီလိုအချိုးမျိုးနဲ့ ဆေးရုံထဲ ဝင်ခွင့်တောင်းပြီးအထဲရောက်တော့ ကြံတာ မ,လာတတ်တဲ့ မင်းတို့အကြောင်း ငါမသိဘူး မှတ်လို့လား။ သွား..မင်းတို့ဆေးရုံဝင်းထဲက မြန်မြန်ထွက်သွား' ဟု မောင်းထုတ်ခြင်းခံခဲ့ရလေသည်။

'သား လိမ်ပြောတာ မဟုတ်ပါဘူး။ တကယ်ပြော



www.burmeseclassic.com

www.burmeseclassic.com

တာပါ ဦးလေးရာ'ဟု မျက်ရည်ခံထိုးပြောဆိုသော်လည်း သူ့ကို လှည့်၍ပင် မကြည့်တော့ဘဲ လက်ဟန်ခြေဟန်နဲ့ သွားဟုသာ မောင်းထုတ်ပါလေသည်။

ညနေစောင်းသော် သူတို့သုံးယောက်စလုံး တဲအိမ်ကလေး၌ ပြန်ဆုံကြပြန်၏။ သူတို့ တစ်နေကုန် ရှာဖွေရသမျှ ရောင်းချ၍ရလာသောငွေများကို သုံးယောက်ပေါင်းလိုက်ကြပြီး ကျစ်ကျစ်ပါအောင် ကြွပ်ကြွပ်အိတ်နှင့်ထုတ်ကာ တဲခေါင်မိုးတွင် ယာယီချိတ်ဆွဲ သိမ်းဆည်းထားလိုက်၏။ ငပိန်က သူတို့ စိမ်ကိန်းကို မြန်မြန်အကောင်အထည် ဖော်လိုလှပြီ။

သို့သော် ကျော်ကွန့်က အသက်အရွယ် လူလားမြောက်၍ ကြီးကောင်ဝင်စပြုပြီဖြစ်သဖြင့် တွေးတောချင့်ချိန်စွာဖြင့် -

'ခုချိန်သွားပြီး လူ လစ်တယ်ဆိုတိုင်း ဝင်ယူဖို့ မကောင်းဘူးလေကွာ။ ဒါ ရေသန့်ဘူးခွံ မဟုတ်ဘူး၊ ဘီယာဘူးခွံလည်း မဟုတ်ဘူး။ ပြီးတော့ ပေါ့ပေါ့ပါးပါး မဟုတ်တဲ့ လေးလေးပင်ပင်ပစ္စည်း'

'အေးကွ၊ ပြီးတော့ တို့ အဲဒါကြီးကို မြွေရေခွံအိတ်နဲ့ ထုပ်ရမယ်။ သွားတဲ့အခါကျ မြွေခွံအိတ်ယူသွားကြရအောင်လည်း မမေ့နဲ့'

ငှငှဝေါင်ဝေါင်ထိုင်နေသော စိန်ရက သည်တစ်ခါ ဝင်၍အကြံပြုပုံက တကယ့်လေးလေးနက်နက်။ သူတို့ သည်ကနေ့ည ဗီဒီယိုကြည့်ရန် မသွားကြတော့။ ငပိန်က သူ့ညီမလေးကို မြင်ရလိုမြင်ရငြား ဆေးရုံရှေ့ဝယ် တစ်နာရီခန့် ယောင်လည်လည်သွားလုပ်နေသေး၏။ ထိုနေ့ ညနေခင်း တစ်ညနေလုံး မှောင်၍ လူခြေတိတ်ချိန်ကိုစောင့်ရင်း အချိန်ကို ဖြုန်းရ၏။ သန်းခေါင်ချိန်လောက်ကျမှ သုံးယောက်သား ထွက်လာခဲ့ကြ၏။ သို့သော် သူတို့ကံ မကောင်းပါ။ ထိုအိမ်အနီး မရောက်မီ လှမ်းကြည့်လိုက်လေရာ အိမ်အပေါ်ထပ် ဝရန်တာတွင် ပက်လက်ကုလားထိုင် တစ်လုံးဖြင့် ဖုန်းဆော့နေသော မိန်းမတစ်ယောက်၏ အရိပ်ကို ဝရန်တာမီးရောင်ဖြင့် လှမ်းမြင်ရသဖြင့် နောက်ကြောင်းပြန်လှည့်ခဲ့ကြ၏။ အားမလျှော့ကြဘဲ နောက်ဆုံး သုံးခါက်မြောက်တွင် ဘုန်းတော်ကြီးကျောင်းများမှ အုန်းမောင်းခေါက်သံများနှင့်အတူ ရေစုပ်ပန့်မော်တာကြီးကို တစ်လှည့်စီထမ်းရင်း တဲသို့ ပြန်ရောက်လာခဲ့ကြ၏။ နံနက်လင်းရောင်ဦးပေါ်ချိန် ရောက်သည်နှင့် အပေါင်းဆိုင်မှ ရာဂျူးကို သွားကာနှိုး၍ ရောင်းလိုက်ကြလေသည်။

ရောင်းပြီးသည်နှင့် ရှိရှိသမျှ ငွေစက္ကူများကို ကြွပ်ကြွပ်အိတ်နှင့်ထုပ်၍ အလျင်ဆုံး မုန့်ဟင်းခါးဆိုင်သို့ပြေးကာ ဝမ်းကိုဖြည့်ကြ၏။ မှတ်သိပ်လှသော အစာအိမ်ကို ယမန်နေ့ ညစာပင် မဖြည့်မိ၍ တကျုတ်ကျုတ်မြည်နေသဖြင့် မုန့်ဟင်းခါးစားနေကြသည်မှာ ပန်းကန်စောင်းမသွန်ရုံတစ်မည်။

စားပြီးသည်နှင့်တစ်ပြိုင်နက် သုံးယောက်သား ဆေးရုံရှိရာသို့ သုတ်ခြေတင်ကြ၏။ ကောက်တေးမ စားနေ မုန့်၊ လက်ဖက်ရည်ထုပ် စသည်ဖြင့် စိန်ရက အိကြားကွေး တစ်ချောင်းကို သတင်းစာစက္ကူဖြင့်ပတ်လျက် လက်တွင် ကိုင်ကာ ကျော်ကွန့်နှင့်ယှဉ်၍ အပြေးလိုက်လာ၏။ သူတို့ သုံးယောက် ပြေးလာရာ လမ်းတစ်လျှောက်လုံး ဖုန်တထောင်းထောင်း၊ ချွေးတရွှဲရွှဲ။

ဆေးရုံအပေါက်ဝရောက်တော့ ညှော်တွေ့ချိန် (၉)နာရီ မှဟုဆိုသဖြင့် မဝင်ရသေးဟု ကျော်ကွန့်ကဆို၏။ နံဘေး ရှိ အခြားလူများ အပြောအရ ဆရာဝန်ကြီး ဒေါင်းလှည့်နေ၍ဆိုလား ဝင်၍မရဟု ပြောပြန်သည်။ သို့ကြောင့် သူ တို့ သုံးယောက် အပေါက်ဝဝယ် ယောင်ပေပေ၊ ကြောင်စီစီ။ ဟိုမတ်တတ် သည်ငုတ်တုတ် ရုတ်စီရယ်တဲ့မှ ရုတ်စီ။

အတန်ကြာလျှင် ထမင်းချိုင့်ဆွဲထားသူများ၊ ဓာတ်ဘူးနှင့် စားစရာအချို့ ကိုင်ဆောင်ထားသူများနှင့်အတူ သတင်းမေးလာကြသူများ အသီးသီးဝင်နေကြသည်ကို တွေ့လိုက်ရပြီ။ အချို့မှာ နှစ်ရာကျပ်တန်ကလေးများကို ပေး၍ ဝင်သွားသည်ကို တွေ့လိုက်ရပြီးသည့်နောက် ကျော်ကွန့်လက်ဝယ် နှစ်ရာတန် တစ်ရွက်နှင့်အတူ သုံးယောက်သား ပူးကပ်ကာ သံဘာဂျာတံခါး၏နောက်သို့ အောင်မြင်စွာ ကျော်ဖြတ်သွားနိုင်ခဲ့ကြ၏။ ထို့နောက် ယမန်နေ့က ကောက်တေးမကို ထားခဲ့ရာ ခုတင်ဆီသို့ အပြေးတစ်ပိုင်းဖြင့် ဟိုလှူတွန်း သည်လှူတွန်း ဝင်ရောက်ခဲ့ကြ၏။ အပေါက်စောင့်က အရင်လူ မဟုတ်ပေ။

လူနာခုတင်ဆီသို့ အရောက်ဝယ် ကောက်တေးမ လဲလျောင်းအိပ်စက်နေသည့် ပုံသဏ္ဌာန်အစား မိန်းမဝ

www.burmeseclassic.com

ကြီး တစ်ယောက် အိပ်နေသည်ကိုသာ တွေ့လိုက်ရသဖြင့် ဘေးခုတင်များမှ လူများကို မေးကြည့်ရာ-

'ဒီမယ်··ဒီမယ် ဒေါ်ကြီးဗျ။ ဒီခုတင်မှာ သားတို့ ညီမလေး ထားခဲ့တာ ဘယ်ရောက်သွားလဲခင်ဗျ'

'ဟဲ့··ဘယ်သူ··ဘယ်သူ'

'သားတို့ ညီမလေးပါဗျ။ ကောက်တေးမတဲ့'

'တို့က မသိဘူးဟဲ့။ တို့လည်း မနေ့ ညနေကမှ လာတက်တာ ဟိုမိန်းမ မေးကြည့်ပါလား'

ဟု ဆိုကာ သန့်ရှင်းရေးလုပ်နေသော ထဘီခရမ်းရောင်နှင့် မိန်းမထံ မေးငေါ့ပြသဖြင့်-

'အန်တီ··အန်တီ··အဲ··ဆရာမ··ဆရာမ'

ထိုမိန်းမက တော်တော်နှင့် လှည့်မကြည့်သဖြင့် ငပိန်က အနီးကပ်သွားပြီး ခါးကို လက်နှင့်တို့ကာ-

'ဆရာမ··ဆရာမ၊ ဒီခုတင်က သားညီမလေးရော'

'ဘယ်သူလဲ၊ နာမည်က'

'ကောက်တေးမတဲ့ဗျ'

'ဟင်··နင်တို့နဲ့ ဘာတော်လို့လဲ'

'သားတို့ ညီမလေးပါဗျ'

'ဒါဆို ဖအေတွေ မအေတွေရော'

'မရှိဘူးဗျ'

'ခက်တာပဲ။ မနေ့က မွန်းတည့်(၁၂)နာရီလောက်ကတည်းက ကလေးမလေး အသက်ကုန်သွားတာ။ ရောဂါက လွန်နေတာကိုး။ အဲဒါ မနက်ကတည်းက မိဘမဲ့၊ ပိုင်ရှင်မဲ့ဆိုပြီး စည်ပင်က သင်္ဂြိုဟ်ပစ်လိုက်ပြီဟဲ့'

ဟုတ်ပါသည်။ ကောက်တေးမ သေပြီ။

မျက်ရည်စက်လက်ဖြင့် ကြေကွဲဆို့နင့်စွာ ပြန်လာခဲ့ကြသော သူတို့သုံးဦးအား တဲအနီးမှစောင့်၍ ကြိုနေကြသူများလည်း ရှိနေကြပါသည်။ သို့သော် ထိုသူတို့သည် ဝမ်းနည်းကြေကွဲမှုကို နှစ်သိမ့်ရန် စောင့်ဆိုင်းနေကြသူများတော့ မဟုတ်ကြပါပေ။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့မှာ ရပ်ကွက်လူကြီးနှစ်ယောက် အဟောင်းဆိုင်မှ ကိုရာဂျူးနှင့် မော်တာရေစက်ပိုင်ရှင် လူကြီးတို့ ဖြစ်နေသောကြောင့်ပါပေတည်း။

**သတိုးချာလီဆွေ**

---


နှစ်ပေါင်း(၃၀)ကျော် အကြားအမြင် ပေါသက်ရှိခဲ့သော

# ဆရာကြီးအရဟံဆရာအောင်

## အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်

**မော်လမြိုင်၊ ခေါင်းဆေးကျွန်း၊ ပဲခူး ဒေးဒရဲပါ၊ သန်လျင် ကျောက်တန်း ဘုရားတည်နယ်လှည့်သာသနာပြု**

- ပညာရေးကိစ္စများ၊ စာမေးပွဲအတွက် လိုအပ်ချက်များ၊ နိုင်ငံခြားကိစ္စ၊ သင်္ဘောလိုက်ရန်နှင့် အလုပ်အကိုင်ဝင်ငွေကောင်းရန်ကိစ္စ။
- စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်ကိစ္စ၊ တိုက်အိမ်၊ ခြံ၊ မြေ၊ ကား အမြန်ရောင်းဝယ်ရေး၊ ဆိုင်၊ ကုမ္ပဏီ၊ ပွဲရုံလုပ်ငန်း မော်ဒယ်လုပ်ငန်းများ အမည်ပေးခြင်း၊ အချစ်ရေး မင်္ဂလာအခါပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ အိမ်ထောင်ရေးကိစ္စများ (မူလအိမ်ထောင်ရှင်ဘက်မှသာ ဆောင်ရွက်သည်)၊ ပစ္စည်းပျောက်၊ လူပျောက်။
- ရာထူးတိုးတက်ရေး၊ ပြောင်းလဲရေး၊ တည်မြဲရေး၊ အကြွေးကိစ္စများ၊ အမှုအခင်းကိစ္စများ၊ သားသမီးများကို လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်တို့ကို ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံ၍ ဆောင်ရွက်သည်။ ကံစမ်းလုပ်ငန်းများနှင့် ထီကိစ္စများအတွက် အထူးဆောင်ရွက်သည်။

နေ့စဉ် - နံနက်(၇း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ (တနင်္လာနေ့ပိတ်သည်)
မင်္ဂလာဟောခန်း - အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁ ၅၃၁၈၈၊ (၀၅၆)၂၁၆၀၉ (အိမ်)
အိမ် - နေ့စဉ် ညနေ(၆း၀၀)နာရီနောက်ပိုင်း၊
အမှတ်(၁၇) အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်၊ သန်လျင်၊ နံ့သာကုန်းမှတ်တိုင်။ ဖုန်း-၀၉ ၅၁ ၁၂


www.burmeseclassic.com

www.burmeseclassic.com

'အဖေ..ဘယ်အချိန် ရန်ကုန်သွားမှာလဲ'

မနက်စောစော ပြင်ဆင်နေသော ကျွန်တော့်ကို သမီးငယ်က မေးလိုက်ခြင်း ဖြစ်၏။

'(၇)နာရီလောက် သွားမယ်လေ။ သမီး ဘာမှာစရာရှိလို့လဲ'

'ဘာမှတော့ မှာစရာမရှိပါဘူး။ သမီးဆိုင်မှာ ဒီနေ့ ကုမ္ပဏီကပစ္စည်းတွေ လာချပေးမယ်ဆိုလို့ ဆိုင်က ဗီရိုတွေ နေရာရွှေ့ထားချင်တယ်။ သမီးကို ဝိုင်းကူပေးပါဦး'

'ဪ..အေး..အေး၊ သမီးကိစ္စပြီးမှ အဖေ ရန်ကုန်သွားမယ်။ သမီး ဆိုင်သွားဖွင့်ထားနှင့်။ အဖေ ခုပဲ ထွက်ခဲ့မယ်'

သမီးက သူ့အလှပြင်ဆိုင်ဘက် ထွက်သွားတော့ ကျွန်တော်က ရေးထားသော စာမူများကို ဖိုင်ထဲ ထည့်ပြီး လွယ်အိတ်ကိုယူကာ အိမ်က ထွက်ခဲ့သည်။ သမီးငယ်က သူ တတ်ထားသော ပညာလေးနှင့် ဈေးထိပ်တွင် အလှပြင် ဆိုင်လေးတစ်ဆိုင် ဖွင့်ထားသည်မှာ မကြာသေးပါ။

ကျွန်တော်က ပင်စင်ယူပြီးကတည်းက စာတိုပေစလေးတွေ ဝါသနာအရရေးရင်း စာမူကိစ္စအတွက် တစ်လ (၂)ကြိမ်လောက် ရန်ကုန်ကို တက်ဖြစ်သည်။ ကျွန်တော်

# ထွန်းအောင်ရင်
## ကိုကိုကြီးတွေကို အေးအေးခိုင် စောင့်နေတယ်





www.burmeseclassic.com

www.burmeseclassic.com

မော်ဘီက ခြံလေး ဝယ်ဖြစ်သွားသည့် အကြောင်းများထဲတွင် ခုလို စာရေးပြီး ရန်ကုန်နှင့်လည်း မဝေးသောနေရာဖြစ်ခြင်းကလည်း အဓိကပါသည်။

'သမီးပြောတဲ့ ကုမ္ပဏီက အလှကုန်ပစ္စည်းတွေ ရောင်းတဲ့ ကုမ္ပဏီလား'

'ဟုတ်တယ် အဖေ။ အဲဒါ မနေ့ ညကတည်းက အဖေ့ကို ပြောပြမလို့။ ဆိုင်မှာ အလုပ်ကကျနေလို့ ညက (၁၀)နာရီထိုးမှ ဆိုင်ပိတ်ရတယ်။ အိမ်ပြန်ရောက်တော့ အဖေ အိပ်နေတာမို့ သမီး မပြောဖြစ်ခဲ့ဘူး'

သမီးတို့အမေက မနှစ်က ဆုံးသွားခဲ့သည်။ သားအဖနှစ်ယောက်တည်း အိမ်တစ်တလုံးမှာ နေပြီး ကျွန်တော်က ပင်စင်တစ်သိန်းနီးပါး ရသဖြင့် စားဝတ်နေရေး အခက်အခဲတော့ မရှိပါ။ သမီးကြီးက သူ့အိမ်ထောင်နှင့်သူ ဖြစ်သွားပြီဖြစ်၍ မပူပင်ရသော်လည်း သမီးငယ်က အပျိုအရွယ်ဖြစ်တာမို့ ကျွန်တော့်မှာ ရှေ့သွား စိတ်မချ နောက်သွားလည်း စိတ်မချ ဖြစ်နေရသည်။

'ကဲ..ပြော၊ ဘာကို ဘယ်လိုရှင်းပေးရမလဲ'

'ဒီလို အဖေရာ၊ ခြောက်ပေ နှစ်ပေ မှန်ဗီရိုတစ်လုံးစာ သမီးက အဆင်သင့် ရှင်းထားပေးရမယ်။ သူတို့ကားက မနက်ပိုင်း ရောက်လာမယ်လို့ ပြောသွားတယ်။ အဖေသိအောင် သမီး အစအဆုံး ပြောပြမယ်။ ဒီလို အဖေရေ၊ မနေ့က နေ့ခင်းလောက်မှာ သမီးဆိုင်ရှေ့ကို (...)နာမည်တပ်ထားတဲ့ ကွန်တင်နာကားလေး ရပ်ပြီးတော့ ကားပေါ်က တူညီဝတ်စုံနဲ့ ဝန်ထမ်း(၃)ယောက် ဆင်းလာတယ်။ အမျိုးသား(၂)ယောက်နဲ့ အမျိုးသမီးတစ်ယောက်ပါ။ သူတို့ ကုမ္ပဏီကထုတ်တဲ့ အလှကုန်ပစ္စည်းတွေ လာပြတယ်။ အမျိုးပေါင်း(၃၀)ကျော်တယ်။ အဲ..သူတို့ ပြောတာကတော့...'

◆◆◆

'မင်္ဂလာပါ ညီမလေး'

ရုပ်ခပ်ချောချော ဝန်ထမ်းမလေးက စတင်နှုတ်ဆက်ပြီး အမျိုးသားဝန်ထမ်း (၂)ယောက်က လက်ဆွဲအိတ်ကြီးများ ဘယ်ညာဆွဲကာ သမီးဆိုင်လေးထဲ ဝင်လာကြသည်။ တူညီယူနီဖောင်းနှင့် ဦးထုပ်မှာလည်း ကုမ္ပဏီတံဆိပ်ကပ်ချုပ်ထားသလို ရင်ဘတ်မှာလည်း ရွှေရောင်ကုမ္ပဏီရင်ထိုးတံဆိပ်များ တပ်ထားကြသည်။

'ဟုတ်ကဲ့ အစ်မ၊ ထိုင်ကြပါ'

'အစ်မတို့ ကုမ္ပဏီက ဟောင်ကောင်အခြေစိုက် ကုမ္ပဏီပါ။ မြန်မာပြည်မှာ ခုမှ လာဖွင့်တာ။ အခု မြန်မာပြည်တစ်ပြည်လုံး မြို့တစ်မြို့ကို အနည်းဆုံး ကိုယ်စားလှယ်ဆိုင် တစ်ဆိုင်ကနေ နှစ်ဆိုင်ထားဖို့ စီစဉ်ထားတယ်။ ဒီမြို့မှာတော့ ညီမလေး စိတ်ဝင်စားမယ်ဆိုရင် ကိုယ်စားလှယ်ပေးချင်တယ်'

သမီးငယ်က ပြုံးသွားပြီး-

'အစ်မရယ်..ကျွန်မတို့မှာ ကိုယ်စားလှယ် ယူနိုင်လောက်အောင် ငွေအရင်းအနှီးလည်း မရှိပါဘူး။ တခြားဆိုင်ကြီးတွေကို သွားဆွေးနွေးကြည့်ပါ အစ်မရယ်'

ဝန်ထမ်းအမျိုးသမီးက သမီးလက်မောင်းကိုကိုင်ပြီး-

'ငွေအရင်း မလိုပါဘူး ညီမရဲ့။ ယုံကြည်မှုပဲ လိုတယ်။ ဒီက ညီမကသာ သတိမထားမိလို့။ အစ်မတို့ မော်ဘီတစ်မြို့လုံးကဆိုင်တွေ လိုက်လေ့လာပြီးပြီ။ ညီမလေးရဲ့ မျက်နှာလေးက ရိုးသားတဲ့ မျက်နှာလေးမို့ ညီမဆိုင်ကို ရွေးလိုက်တာ'

သမီးငယ်က ကျေနပ်စွာ ပြုံးရင်း-

'ဒါဆို ညီမက ဘာတွေ လုပ်ပေးရမှာလဲ။ ပြောပါဦး'

'ကဲ..ကျော်စွာ၊ နင်ပဲ ရှင်းပြလိုက်တော့'

'ဒီလို ညီမရယ်၊ ညီမကို ကုမ္ပဏီက ကိုယ်စားလှယ်အဖြစ် သတ်မှတ်လိုက်တာနဲ့ ညီမဆိုင်နာမည်ပါတဲ့ ကြော်ငြာဆိုင်းဘုတ်ကြီး လာတပ်မယ်။ ဆိုင်ကို အလှပြင်ပေးမယ်။ ညီမဆိုင်မှာ ကုမ္ပဏီကထုတ်တဲ့ အလှကုန်ပစ္စည်း (၁၅)သိန်းဖိုး လာထားတယ်။ အဲဒါတွေ ထည့်ဖို့အတွက် အလျား(၆)ပေ အနံ(၂)ပေရှိတဲ့ အလူမီနီယံမှန်ဗီရိုတစ်ခုလည်း လာထားပေးမယ်။ ညီမက ရောင်းပေးရုံပဲ။ ရောင်းတယ်ဆိုတာလည်း ရောင်းရရ၊မရရ ဆိုင်လခပုံမှန်မျိုး တစ်လကို ငါးသောင်းပေးဦးမယ်။ ရောင်းရတဲ့ငွေပေါ်မှာလည်း ပါဝင်းတိတ်နဲ့ ခံစားခွင့်လည်း ရမယ်။ ညီမက လူနဲ့ဆိုင်ကို စိုက်ပေးရုံပဲ။ တစ်ခုတော့ ရှိတာပေါ့။ စာရင်းဇယားတော့ ရှိရမယ်။ အစ်ကိုတို့ကားက (၂)ပတ်တစ်ကြိမ်လာပြီး ငွေလာရှင်းမယ်။ လိုတဲ့ပစ္စည်းတွေလည်း ထပ်ဖြည့်ပေးမယ်။ ဒီက ညီမအတွက် ဘာမှအကျိုးယုတ်စရာကို မရှိဘူး'

www.burmeseclassic.com

အရောင်းတာဝန်ခံ အမျိုးသားလေးက ရှည်ရှည်ဝေးဝေး ရှင်းပြပြီး စကားကို ရပ်လိုက်တော့ သမီးငယ်က ချက်ချင်းပဲ အလုပ်ကို လက်ခံတယ်။ လုပ်မယ်လို့ ပြောလိုက်တယ်။

'ညီမစိတ်ဝင်စားလို့ ကိုယ်စားလှယ်လုပ်မယ်ဆိုရင်တော့ အစ်ကိုတို့လည်း ဝမ်းသာစွာ ကြိုဆိုပါတယ်။ အဲ·· တစ်ခုတော့ရှိတယ်။ ညီမကိုယ်စားလှယ်အဖြစ် သတ်မှတ်ပေးဖို့အတွက် ငွေတစ်သိန်းခွဲဖိုးတော့ အဝယ်ပြုရမယ်'

အဲဒီလိုလည်း ပြောလိုက်ရော သမီးငယ်လည်း-

'လာချပေးမယ့် ပစ္စည်းတွေအတွက် ကျွန်မက ငွေတစ်သိန်းခွဲ ပေးထားရမယ်။ အဲဒီသဘောလား'

အဲလို ပြန်မေးတော့ ဝန်ထမ်းအမျိုးသမီးက-

'ကြိုပေးထားဖို့တောင်းတာ မဟုတ်ပါဘူး ညီမရဲ့။ အခု အစ်မတို့ကုမ္ပဏီက ပစ္စည်းတစ်သိန်းခွဲဖိုး အဝယ်ပြုလိုက်တာနဲ့ ညီမက တရားဝင်ကိုယ်စားလှယ် ဖြစ်သွားပြီလေ။ အစ်မတို့က ညီမကြိုက်တဲ့ပစ္စည်းတွေ တစ်သိန်းခွဲဖိုး တွက်ချက်ပြီး တစ်ခါတည်း ပေးခဲ့မှာပါ။ အဲဒါတွေ ညီမပြန်ရောင်းရင် နှစ်သိန်းလောက် ပြန်ရဦးမှာ။ ဒီတစ်ကြိမ် အဝယ်ပြုဖို့ပဲ လိုတာပါ။ အခုဝယ်လိုက်ရင် မနက်ဖြန်ဆို အစ်မတို့ စောစောက ပြောတဲ့အတိုင်း ဆိုင်ကို ပြင်ဆင်ပြီး မနက်ဖြန် ပစ္စည်း(၁၅)သိန်းဖိုးရယ်၊ မှန်ဗီရိုရယ် တစ်ပါတည်း ယူလာပြီး လာပို့ပေးမယ်။ ရှင်းပြီ မဟုတ်လား ညီမ'

'ဟုတ်ကဲ့၊ ရှင်းသွားပြီ။ ဒါဆိုလည်း ပစ္စည်းတွေ ပြလေ။ ကျွန်မ ကြိုက်တာတွေ ဝယ်ထားလိုက်မယ်။ စမ်းကြည့်တာပေါ့ မဟုတ်ဘူးလား အစ်မရယ်'

သမီးငယ်က သဘောပေါက်သွားပြီဖြစ်၍ အလှကုန်ပစ္စည်း တစ်သိန်းခွဲဖိုး ဝယ်ထားလိုက်ပါသည်။

◆◆◆

'အဲဒါပဲ အဖေရယ်။ ဒီနေ့ သူတို့ လာပို့ကြလိမ့်မယ်။ ဒါကြောင့် ခုကတည်းက နေရာရှင်းထားပေးတာ'

'အင်း··ဒီလိုဆိုတော့လည်း မဆိုးပါဘူး။ သူတို့ဆီက ရမယ့် ဆိုင်လခငါးသောင်းကို ဆိုင်ရှင်ကို ပေးလိုက်ရင် သမီးက ဆိုင်ကို အလကားဖွင့်ရသလို ခုသာခံသာရှိသွားတာပေါ့'

သားအဖနှစ်ယောက်· တွက်ကိန်းတွေချကာ ကျွန်တော်လည်း ရန်ကုန် တက်ခဲ့ပါတော့သည်။

ဆူးလေမီးပွိုင့်ကို ဖြတ်ပြီး အနော်ရထာလမ်းထောင့်အရောက်-

'အစ်ကိုကြီး··အစ်ကိုကြီး'

အမျိုးသမီးတစ်ဦး၏ ခေါ်သံကြောင့် ကျွန်တော်နောက်ကို လှည့်ကြည့်လိုက်တော့ အသက်(၄၀)ကျော်အရွယ် အမျိုးသမီးတစ်ယောက်က ကျွန်တော့်ကို ပြုံးပြကာ ကျွန်တော့်ဆီ လျှောက်၍လာနေသည်။

'တူပါတယ်လို့ ကြည့်နေတာ။ ညီမက ရမ်းခေါ်လိုက်တာ မှန်သွားတယ်'

အမျိုးသမီးက သူ့ဘာသာသူပြောပြီး ရယ်နေသည်။ အမှန်တော့ သူ့ကို ကျွန်တော် လုံးဝမသိပါ။

'အစ်ကိုက ညီမကို မမှတ်မိဘူး ထင်တယ်'

'ဟုတ်တယ်ဗျ။ ကျွန်တော် ခင်ဗျားကို မသိတာတော့ အမှန်ပဲ'

'အစ်ကို တစ်ယောက်တည်းလား။ အစ်မရော မပါဘူးလား။ အစ်မနဲ့တောင် မတွေ့တာ တော်တော်ကြာသွားပြီ'

ကျွန်တော့်စကားကို သူ ဘယ်လိုမှ အလေးအနက်မထားဘဲ သူပြောချင်တာကိုသာ ပြောနေ၍-

'မပါဘူး၊ ကျွန်တော် တစ်ယောက်တည်းပဲ။ ဒါနဲ့ ဒီက ညီမက ဘယ်သူလဲ'

သူကသာ ရင်းရင်းနှီးနှီး ပြောနေတာ ကျွန်တော်က သူ့မျက်နှာကို သေချာကြည့်ပြီး စဉ်းစားပေမယ့် ဘယ်လိုမှ မသိတာမို့ ဒဲ့ပဲ မေးလိုက်သည်။

'ကျွန်မနာမည်က အေးအေးခိုင်ပါ။ အစ်ကိုက ကျွန်မကိုတော့ ဘယ်သိမလဲ။ အစ်မနဲ့ ကျွန်မက သိပ်ခင်ကြတာ။ အစ်ကို့ကို တစ်ခါ၊နှစ်ခါပဲ တွေ့ဖူးပေမယ့် ကျွန်မကမှတ်မိနေတယ်။ ဘာလို့လဲဆိုတော့ ဟင်း··ဟင်း··ကျွန်မယောက်ျားနဲ့ ရုပ်ချင်းတူလို့လေ'

သူက မပွင့်တပွင့်ရယ်ရင်း ပြောလာသည်။ ဖြစ်နိုင်ပါသည်။ ကျွန်တော့်အမျိုးသမီးက မော်ဘီဈေးကြီးထဲမှာ အထည်ဆိုင် ဖွင့်ဖူးသည်။ သူဆုံးပြီးနောက် ဆိုင်ကို မ··· အပ်လိုက်၏။ ကျွန်တော့်အမျိုးသမီးရဲ့ဖောက်သည် ··· တစ်ယောက်တော့ ဖြစ်နိုင်ပါမည်။

'ဩော်··သိသိမှတ်မှတ်ဆွေကိုး။ ဟုတ်ပြီ၊ အစ်ကို···



www.burmeseclassic.com

www.burmeseclassic.com

ာ မသိလို့ မေးလိုက်တာ။ သီသီ ဆုံးသွားပြီကွယ့်'

'ဟင်..မမသီ ဆုံးသွားပြီ။ ဘယ်တုန်းကလဲ။ ကျွန်မ ို့မိသားစုတွေ ရန်ကုန်ပြောင်းလာပြီးကတည်းက မမသီ ့ တစ်ခါမှ ထပ်မတွေ့ဖြစ်ကြတော့ဘူး'

သူက စိတ်မကောင်းဖြစ်သွားပုံရသည်။

'ဟုတ်တယ် ညီမရယ်၊ သူဆုံးသွားတာ တစ်နှစ် ောက် ရှိသွားပြီ။ သူရောင်းတဲ့ဆိုင်လည်း ပြန်အပ်လိုက် ယ်'

'စိတ်မကောင်းစရာဘဲ အစ်ကိုရယ်၊ လာ..အစ်ကို၊ က်ဖက်ရည်သွားသောက်ရအောင်။ မတ်တတ်ရပ်ပြီး ားပြောနေရတာ အားမရဘူး'

သူက ကျွန်တော့်လက်မောင်းကို ဆွဲကိုင်ပြီး လက် ွေးစင်ကဖီးကို ခေါ်သွားပါသည်။ ဆိုင်မှာ လက်ဖက်ရည် ာက်ကြရင်း စကားတွေ ပြောဖြစ်ကြသည်။ အများ ုံး ပြောဖြစ်တာကတော့ သူ့အကြောင်းများသာ ဖြစ် သည်။ သူ့ယောက်ျားဆုံးသွားတာ (၆)နှစ်ကျော်ရှိသွားပြီ။ ျွန်တော်နဲ့ ရုပ်ချင်းအလွန်တူကြောင်း၊ သမီးလေး တစ် ယောက်ပဲရှိပြီး သမီးက သင်္ဘောသားတစ်ယောက်နဲ့ အိမ် ထောင်ကျသွားတော့ ရန်ကုန် (၃၅)လမ်းထဲမှာ နေ ကြောင်း၊ မြေးလေးတစ်ယောက်မွေးတော့ သမီးကို ကူရ အောင် သူ ရန်ကုန်ပြောင်းလာခြင်းဖြစ်ကြောင်း၊ သမီးက ုမ္ပဏီတစ်ခုရဲ့ ဝန်ထမ်းဖြစ်လို့ ဒီအချိန်ဆိုရင် ရုံးသွား ဖြစ်ကြောင်း၊ မြေးလေးကို သူ မူကြိုသွားပို့ရင်း ကျွန် တော်နှင့် ဆုံရခြင်းဖြစ်ကြောင်း ပြောပြနေပြီး-

'အစ်ကို့ကို ညီမ အခု အိမ်ခေါ်သွားမယ်။ အိမ်မှာ ယ်သူမှ မရှိဘူး။ ညနေ(၄)နာရီလောက်မှ ညီမ မြေးကို ွားကြိုရမှာ။ သမီးက နေ့တိုင်း အိမ်ကို ညနေ(၅)နာရီ ိုးပြီးမှ ပြန်ရောက်တယ်။ အစ်ကိုနဲ့ ညီမနဲ့ တစ်နေ့လုံး ွတ်လွတ်လပ်လပ် နေလို့ရတာပေါ့။ ညီမတို့ နှစ်ယောက် ာ ဘဝတူချင်းမို့ အစ်ကို့ကို ကိုယ်ချင်းစာပါတယ်။ မမသီ ေား ညီမပြုစုပေးမယ်။ နောက် အစ်ကို ရန်ကုန်လာ ိုင်း ညီမဆီ လာခဲ့။ ဆန္ဒလေးတွေ ဖြေသိမ့်ကြတာပေါ့။ ာမယ်မဟုတ်လားဟင် အစ်ကို'

မခိုင်ဆိုသူက စကားနဲ့ ပြောရုံတင်မကဘူး၊ ကျွန် ော့်လက်ကိုပါ ဖျစ်ညှစ်ရင်း နွဲ့နွဲ့လေးပြောနေ၍ ကျွန် ော် သတိလက်လွတ် ဖြစ်သွားလောက်အောင် ဘာကိုမှ မစဉ်းစားနိုင်တော့တာကို ဝန်ခံပါသည်။

'လာမယ်လေ..လာခဲ့မယ်လေ'

ကျွန်တော်က မရည်ရွယ်ဘဲ အဲဒီလို ချက်ချင်းပြန် ပြောလိုက်မိသည်။

'ကဲ..ဒါဆို အစ်ကို့ကို အကူအညီတစ်ခု တောင်းရ မယ်။ ဒီနေ့ မီတာဆောင်ဖို့ နောက်ဆုံးနေ့ အစ်ကိုရဲ့။ ညီမတို့နှစ်ယောက် တစ်နေ့လုံး အိမ်ထဲမှာ နောက်ဆံ မတင်းဘဲ နေလို့ရအောင် မီတာဆောင်သွားချင်တယ်။ အစ်ကို့မှာ ငွေတစ်သောင်းလောက်ပါရင် ခဏပေး။ ညီမ အိမ်ရောက်တော့ ပြန်ပေးမယ်'

သူက ပိုက်ဆံအိတ်လေးထဲက သော့တွဲနဲ့ မီတာဖြတ် ပိုင်းလေးကိုထုတ်ပြပြီး ပြောလာတော့ ကျွန်တော်ကလည်း ပြန်ရမယ့်ငွေပဲလေဆိုပြီး ရှောရှောရှူရှူ ထုတ်ပေးလိုက် သည်။

'မီတာဆောင်တာက ဒီနားက မြို့တော်ခန်းမအောက် မှာပဲ။ တန်းစီရလည်း ခဏပေါ့။ အစ်ကို ဒီဆိုင်ကပဲ စောင့် နေ။ ညီမ မီတာဆောင်ပြီး ချက်ချင်း ပြန်လာခဲ့မယ်။ အစ်ကို ဘယ်မှမသွားလိုက်နဲ့နော်။ ညီမတို့ အိမ်မှာ တစ် နေ့လုံး လွတ်လွတ်လပ်လပ် နေလို့ရတယ်။ ကလေးတွေ ပြောသလိုဆိုရင်တော့ ကဲလို့ရတယ်'

ဟန်မူပါပါပြောရင်း ကျွန်တော့်ပခုံးကို ဖျစ်ညှစ်ပြီး ထွက်သွားပါတော့၏။ ကျွန်တော် သူ့ကို စောင့်နေတာ တစ်နာရီနီးပါး ကြာသွားသည်အထိ မခိုင်ဆိုသူက ပြန် မလာတော့ပေ။ ကျွန်တော် သဘောပေါက်လိုက်ပါပြီ။ တစ်နေ့လုံးစောင့်လည်း ပြန်လာမှာ မဟုတ်ပါ။

ကျွန်တော် စားပွဲထိုးကို ငွေခေါ်ရှင်းတော့-

'ဦးလေး၊ စောစောက ထွက်သွားတဲ့ 'အန်တီကြီးနဲ့ ဦးလေးနဲ့က အသိတွေလား'

စားပွဲထိုးကောင်လေးက တိုးတိုးလေး မေးလာ၍-

'မဟုတ်ပါဘူး။ ငါ့မိန်းမနဲ့တော့ သိတယ်လို့ သူပြော တာပဲ။ ဘာဖြစ်လို့လဲကွ'

'ဦးလေးဆီက ငွေတွေဘာတွေ ချေးသွားသေးလား'

စိတ်ထဲက နည်းနည်းမျက်သွားပေမယ့် သူ့အမေး ရည်ရွယ်ချက်ကို သိချင်တာနဲ့-

'အေး..ချေးသွားတယ်။ မင်း ဦးလေးကို တစ်ခုခု ပြောချင်နေပုံရတယ်။ ပြောကွာ၊ ဦးလေးလည်း သိထားရ

www.burmeseclassic.com

တာပေါ့'

'ဦးလေးဆီက ငွေဘယ်လောက် ချေးသွားလဲတော့ ကျွန်တော် မမေးတော့ပါဘူး။ အဲဒီအန်တီကြီးက ကျွန်တော်တို့ဆိုင်နဲ့ ဟိုဘက်ကဆိုင်ကို ဦးလေးတို့အရွယ် လူကြီးတွေကို တစ်ယောက်ပြီးတစ်ယောက် ခေါ်လာပြီး ဘာတွေပြောမှန်းတော့ ကျွန်တော် မသိဘူး၊ ပိုက်ဆံတွေ ချေးသွားပြီးရင် အဲဒီဦးလေးကြီးတွေက ဦးလေးလိုပဲ တစ်နေကုန် ထိုင်စောင့်နေတာ ပြန်ကို မလာတော့ဘူး'

ကျွန်တော် ခံလိုက်ရပြီ။

ပျက်သွားသော မျက်နှာကို ပြင်ရင်း-

'ဟုတ်လားကွ၊ ဘယ်နှစ်ယောက်လောက်ရှိလဲ'

'ဟာ..ရေကို မရေနိုင်ဘူး။ နှစ်ရက် တစ်ယောက်လောက် ခေါ်လာတာပဲ။ ဦးလေးတို့ အရွယ်တွေချည်းပဲ'

စားပွဲထိုးလေး တခြားဝိုင်း ကူးသွားတော့ ကျွန်တော် ရှက်ရှက်နှင့် ဆိုင်ထဲမှ ထွက်ခဲ့သည်။

'တီတီ..တီတီ..တီတီ'

ဖုန်းခေါ်သံကြောင့် ကြည့်လိုက်တော့ သမီးငယ်ဆီက ဖြစ်နေသည်။

'ပြော..သမီး၊ ပြော'

'အဖေရေ..သမီးတော့ အညာခံလိုက်ရပြီ။ တစ်ေ လုံး သူတို့ မလာလို့ ဖုန်းဆက်တော့ တခြားလူဖုန်း ဖြ နေတယ်။ ဒါနဲ့ ကုန်းထိပ်က သမီးသူငယ်ချင်းဆိုင်ကိုသွာ ပြီး ပစ္စည်းနမူနာတွေပြတော့ သူ့ကိုလည်း ကိုယ်စားလှယ ပေးမယ်ဆိုပြီး မနေ့က ပစ္စည်းတစ်သိန်းခွဲဖိုး ဝယ်လိုက တာ မလာဘူးတဲ့။ ဒါနဲ့ ဈေးထဲက ဆိုင်ကြီးမှာ ပစ္စည်း တွေ သွားပြတော့ ခြောက်သောင်းလောက်ပဲတန်တဲ့ပစ္စည်း တွေ ဖြစ်နေတယ်'

ကျွန်တော့်ဘာသာကျွန်တော် စိတ်ညစ်နေရတဲ့အ ခု သမီးပါ အလိမ်ခံလိုက်ရတော့ သမီးကို ဒီလိုမခံချင်စိ နဲ့ ပြောလိုက်ပါတယ်။

'သမီး..ရှိပါစေတော့။ ဒီလိုလူလိမ်တွေရဲ့အကြောင်း ကို အဖေ စာထဲ ထည့်ရေးမယ်' ဆိုသည့် စကားမှလွဲ၍ ကျွန်တော် ဘာများတတ်နိုင်ဦးမှာနည်း။

**ထွန်းအောင်ရင်**

**ယတြာဆရာမ ဒေါက်တာခင်မျိုးတင့်**
Ph.D (Hon - Doctor of Astrology)
**[နက္ခတ္တဗေဒ၊ မြန်မာ့ဗေဒင်၊ နဝင်းစီးပညာ]**
**အရေးကြီးတဲ့ ကိစ္စရှိရင် လာခဲ့ပါ။**
အမျိုးသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါသည်၊
စာမေးပွဲ၊ အောင်ပွဲဝင် ယတြာများ၊ ထိရောက်ထက်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်
**အခန်း(၄)၊ အနောက်ဘက်မုစ်၊ ခြသေ့်နှစ်ကောင်အနီး၊ မဟာဝိဇယစေတီ၊ ရန်ကုန်မြို့။ ☎ ၀၉ ၅၀ ၇၅၈၂၇**



**ဒေါက်တာယတြာဆေဒီ**
Ph.D (India)., M.Sc (Chemistry)
ရှေ့ဖြစ်တွေ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့
ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ
လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်
ထိထိမိမိ ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာဆောင်ရွက်လိုလျှင်...
**ကြိုတင် ရက်ချိန်းယူ**
လူမှုရေးပိုင်း၊ ဂုဏ်သိက္ခာပိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။
**အမှတ်(၆၆)၊ အခန်း(၄)၊ ဒုတိယထပ်၊ ကုန်ဈေးတန်းလမ်း၊(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ...၅၀ ၁၀၇၃၅**

www.burmeseclassic.com


Dictionary for All

THALUN Bookstore Yangon

# သာလွန် အင်္ဂလိပ်–မြန်မာ အဘိဓာန်

**သာလွန်စာအုပ်တိုက်**

- ၃၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ထွန်းပတ်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၂၄၂၄၃၈၊ ၂၄၉၂၀၈
- အမှတ်(၃၇၇/၃၇၉)၊ ဗိုလ်ထွန်းပတ်လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၂၄၀၀၅၃၊ ၂၄၂၀၃၈၊ ၃၈၂၂၈၀
- ၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၂၉၉၂၂၈

အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ **လီယိုမင်း**

နှင်းချူ၊ ပွေး၊ ဝဲ လိမ်းဆေး | ဟီမဝန္တာ သွေးသန့်ဆေး

## ခရုသင်း သမင်ဖြူ

ခရုသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိပ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါအမျိုးမျိုး **ကာလသားရောဂါ**၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကရွိုက်၊ ရေယုန်၊ မှက္ခရုနာ၊ ကြွက်နို့ငါးမျက်စိ၊ ဝဲ၊ ရိဖြူဆင်းရောဂါ၊ အသားအရေ မည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်း ရောဂါများကို **အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လီယိုမင်း** အရေပြားရောဂါ အထူးကုဆေးတိုက်

အမှတ်(၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတစ်ဆင့် မှာယူနိုင်ပါသည်။


www.burmeseclassic.com


www.burmeseclassic.com



သားအမိ နှစ်ယောက်
နေ့လယ်စာ စားဖို့ စီစဉ်နေသ
မှာပင် ဖြစ်ပါလေ၏။ သူတို့
ဝိုင်းတံခါးပေါက် ရှေ့သို့
ထီးတစ်လက် ပခုံးတွင်
ချိတ်လျက် လွယ်အိတ်
တစ်လုံး လွယ်ထား
သော လူကြီးတစ်ယောက်
ရောက်ရှိလာကာ သူတို့
သားအမိ နှစ်ယောက်အား
စကားပြောလိုဟန်ဖြင့် လှမ်းကြည့်နေသည်
ကို တွေ့လိုက်ရပါလေ၏။ သူ ရပ်ကြည့်နေ
ခဲ့သည်မှာ အတော်လေးပင် ကြာနေပေပြီ။
'ဟိုမှာ လူကြီးတစ်ယောက် အိမ်
ပေါက်ဝမှာ လာရပ်နေတာ အတော်ကြာ
ပါပကောလား။ သူတောင်းစားတော့
ဟုတ်ဟန်မတူပါဘူး။ ဘာကိစ္စများလဲ
မသိဘူး၊ အားနာစရာကွယ်။ သူ
စုံတစ်ခုကို မေးချင်သလားမှ မသိ
တာ။ သွား··လူလေး၊ မေးကြည့်

www.burmeseclassic.com

www.burmeseclassic.com



ျ လိုက်ပါဦး'

ဂီတာအား မတီးတတ်တီးတတ်

ဆက်ကွက်စမ်းနေသော သုတဇော်

ကာ သူ့မိခင်စကားကြောင့်

တာကို အသာထောင်ထားလိုက်ကာ အိမ်ရှေ့ပေါက်တွင်

ရပ်နေသော လူကြီးဆီသို့ အသာတိုးကပ်သွားတော့၏။

ထိုလူကြီးကို ကြည့်ရသည်မှာ ထောင်ထောင်မောင်း

ခေါင်း၊ အသားညိုညို လူလတ်ပိုင်းလောက် အရွယ်ပင်

ဖြစ်ပါလေ၏။

'ဦးလေးကြီး . .ဘာကိစ္စရှိလို့လဲဟင်။ အိမ်ရှေ့မှာ ရပ်

တာ ကြာလှပြီပဲ။ ဘယ်သူ့အိမ်ကို မေးချင်လို့လဲ'

သုတဇော်က မေးသာ မေးလိုက်ရသည်။ သူ့စိတ်ထဲ

တော့ တစ်မျိုးကြီးလို ခံစားလိုက်ရသည်။ ထိုလူကြီး

မြင်လိုက်ရကတည်းက သိပ်သဘောမတွေ့လှ။ လူ

က သုတဇော်အား မမှိတ်မသုန် ကြည့်နေပြန်ပါသည်။

တဇော်မှာ အသက်ဆယ့်သုံးနှစ်သီသီပင် စွန်းခဲ့သော်

လူကောင်က ထွားလှပေသည်။ ခဏကြာမှ-

# အပေါ်ထပ်က
# လူစိမ်း

## အလင်္ကာသူရ

'လူလေးတို့အိမ်ကြီးရဲ့ အပေါ်ထပ်က အလွတ်ကြီး ထင်ပါရဲ့ကွယ်။ အဲဒါ အပေါ်ထပ်ကိုများ ငှားမယ်ဆိုရင် ဦးက အခန်းငှားနေချင်လို့ပါကွယ်'

မည်သူကမျှား လက်တောက်ချလိုက်လေသည်မသိ၊ ထိုလူကြီးက တပ်တပ်အပ်အပ်ပင် မေးခွန်းထုတ်လိုက်မှ ရပါလေ၏။ သူ့ကို ကြည့်ရသည်မှာ သုတဇော်စိတ်ထဲ မနှစ်မြို့သလိုပင်။ တွေ့မြင်လိုက်ရသည်မှာလည်း တခြား လူတွေနှင့် တစ်ခုခုထူးခြားနေဘိသို့ပင်။ သို့ရာတွင် သူတို့ အိမ် အပေါ်ထပ်အား လူငှားခဲ့ဖူးသည်ကတော့ အဖိုး၊ အဘိုး၊ အဘွားများ သေဆုံးသွားသည့်နောက်ပိုင်း သူ

www.burmeseclassic.com

www.burmeseclassic.com

မိခင်က သည်အိမ်ကြီးအား အမွေရထားခဲ့ခြင်း ဖြစ်သည်။

စင်စစ် သူတို့မိသားစုမှာ ငွေဝင်သည့်လုပ်ငန်း မည်မည်ရရမရှိ။ ဖခင်ဖြစ်သူက ဆိုက်ကားနင်းသည့်အလုပ်သာ ရှိ၍ မိခင်ဖြစ်သူက အချက်အပြုတ်တာဝန်နှင့် အိမ်ထောင်မှု ထိန်းသိမ်းစောင့်ရှောက်မှုမှလွဲလျှင် ဘာမျှမလုပ်တတ်ပါချေ။

အမွေရထားသော အိမ်ကြီးမှာ သူတို့မိသားစုအတွက် ကြီးမားလွန်းလှသည်ဟု ဆိုရချိမ့်မည်။ အောက်ထပ်တွင် သုတဓော်တို့ သားအဖသုံးယောက်မှလွဲ၍ နေထိုင်မည့်သူမရှိ။ အိမ်ကြီးက သူတို့အတွက် ကြီးမှ ကြီးရယ်လေ။ ထို့ကြောင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိရေးအတွက် ရွာသို့ ရောက်လာကြသော ဝန်ထမ်းများအား အငှားချထားပေးခဲ့ဖူးပါ၏။ ယခုတော့ သူတို့ အပေါ်ထပ်တွင် ငှားမရှိခဲ့သည်မှာ ကြာခဲ့ချေပြီ။ သူ့မိဘများအနေဖြင့် ငှားသူရှိလျှင် လက်ခံမည့်ပုံ ပေါ်ပါလေသည်။ အိမ်ငှားခလေးဖြင့်ဆိုလျှင် သူတို့မိသားစု စားဝတ်နေရေးအတွက် ချောင်လည်စွာ သုံးစွဲနိုင်မည်ပင် မဟုတ်ပါလား။

'သြော်..ဒီက မောင်ကြီးက အိမ်အငှားနေချင်လို့လား။ မောင်ကြီးတို့က ဘယ်နှစ်ယောက်နေမှာလဲ။ ကျွန်မတို့ကငှားရင် အပေါ်ထပ် တစ်ထပ်လုံးကို ယူမှရမယ်။ သီးခြားအခန်း ငှားတာမရှိဘူး။ အိမ်ငှားရမ်းခ နှစ်ဆယ့်ငါးကျပ်ကိုတော့ ကြိုပေးရမှာနော်'

ဘယ်အချိန်က နောက်မှ ရောက်လာသည်မသိသော မိခင်ဒေါ်စောမြင့် အသံကြောင့် သုတဓော် နောက်သို့လှည့်၍ ကြည့်လိုက်၏။ ဒေါ်စောမြင့်မျက်နှာထားက အိမ်အပေါ်ထပ်အား အငှားထားချင်နေပုံရသည်။

'ကျုပ်က တစ်ယောက်တည်းသမားပါ။ ကြာကြာလည်း မနေပါဘူးလေ'ဟု အိမ်ငှားနေမည့်လူက မတုန်မလှုပ်နှင့်ပင် ပြန်ပြောလိုက်၏။

သူ့ကြည့်ရသည်က ထူးခြားသည်ဟု ဆိုရမလိုပင်။ စဉ်းစားကြည့်လေ၊ ဘယ်အရပ်ကလာ၍ ဘာအလုပ်ကို လုပ်မှန်းလည်းမသိ။ ရောက်လာတော့လည်း တစ်ယောက်ထီးတည်း။ အဆောင်အယောင်ဆို၍ ထီးတစ်လက်နှင့် အထုတ်တစ်ထုပ်သာ ပါလာခဲ့သည်။

မိခင်ဖြစ်သူက အပေါ်ထပ်နေမည့်သူအား ခြေဆုံးခေါင်းဆုံးကြည့်ကာ အခြားအိမ်ငှား မလာခင် ခေတ္တဟုသာ သဘောထားလိုက်ဟန် တူပါလေ၏။

သုတဓော်ဘက်သို့ လှည့်ကာ-

'ကဲ..သား၊ သူ့ကို အိမ်အပေါ်ထပ်ကို လိုက်ပို့ပေးလိုက်'

မိခင်စကားကို မဖယ်ရှားလိုသော သုတဓော်က ရှေ့မှ ဦးဆောင်ကာ ထိုလူစိမ်းအား အိမ်အပေါ်ထပ်သို့ ခေါ်ဆောင်သွားရလေတော့သည်။ အပေါ်သို့တက်သည့် လှေကားမှာ အိမ်အောက်ခန်းတွင်းမှ တက်သွားရသည်မျိုး မဟုတ်ဘဲ အိမ်၏ အပြင်နံရံမှကပ်၍ သီးခြားတပ်ဆင်ထားခြင်း ဖြစ်ပေသည်။ အပေါ်ထပ်အခန်းတွင်းသို့ ရောက်သည်နှင့် ထိုလူစိမ်းသည်သည်က သူ့မွဲညစ်ညစ်အိတ်ကြီးအား ခုတင်ပေါ်သို့ တင်လိုက်ပြီးနောက် သူ့အိတ်ထောင်အတွင်းမှ ပိုက်ဆံအချို့အား ဆွဲထုတ်လိုက်ရင်း-

'ရော့..မင်းအမေက အိမ်ခန်းငှားခကို ကြိုပေးဖို့ ပြောထားတာ ဦး ရှင်းပေးလိုက်မယ်၊ ယူသွား။ ပိုတဲ့ တစ်မတ်က ငါ့တူအတွက် မုန့်ဖိုးပေါ့ကွာ'ဟု သူ၏ ညိုမည်းဝါကြန့်သော သွားများကို အပြုံးဘက်သို့လှုရင်း ထုတ်ပေးလိုက်ပါသည်။

သူ့အပေါ် နှစ်လိုဟန်မတူသော သုတဓော်အား လာဘ်ထိုးလိုက်သည့် သဘောမျိုးပင် ဖြစ်ပေလိမ့်မည်။ သူပြုံးပြလိုက်ခြင်းက သွားများကို ဖြဲပြလိုက်ခြင်းနှင့်ပင် တူနေချေသေးတော့သည်ဟု သုတဓော် တွေးကြည့်လိုက်မိသည်။ မည်သို့ပင်ဖြစ်စေ သူ့အတွက် ငွေတစ်မတ်ရလိုက်သည်မှာ အကျေနပ်ကြီး ကျေနပ်စွာဖြင့် သူ့ဘောင်းဘီအိတ်ထဲသို့ ထည့်ကာ အပေါ်ထပ်မှ အပြေးဆင်းလာခဲ့လေတော့သည်။

◆◆◆

အိမ်ခန်းငှားသည့် လူစိမ်းမှာ အိမ်ပေါ် တက်သွားကတည်းက အောက်သို့ ဆင်းလာသည်လည်းမရှိ၊ မည်သည့်အသံမျှလည်း မကြားရ။ ထို့ကြောင့် သုတဓော်စိတ်ထဲဝယ် သံသယစိတ်များ ပိုမိုကြီးထွားလာခဲ့ရတော့သည်။

ညနေပိုင်းလောက်တွင် သုတဓော်တစ်ယောက်တည်း လူစိမ်းရှိရာ အပေါ်ထပ်သို့ အသာပင် တက်သွားလိုက်လေတော့၏။ ထိုလူ့အခန်းမှာ အတွင်းမှ ပိတ်ထားသည်။ ကိုယ်နေထိုင်ခဲ့သည့်အိမ်မို့ အခန်းတွင်းသို့ မည်သို့မည်ပုံ ချောင်းမြောင်းကြည့်ရမည်ကို သုတဓော်က သိထားပြီး ဖြစ်ပါသည်။ သို့အတွက် အခန်းအနီးသို့ တိုးကပ်သွားကာ



www.burmeseclassic.com

www.burmeseclassic.com

ထရံ ပေါက်မှ အသာကပ်၍ ချောင်းကြည့်လိုက်ပါလေ၏။

အပါးပါး၊ ကြည့်စမ်းပါဦးတော့။ ဖက်ဖြင့် ထုပ်ထားသောအထုပ်ထဲမှ ဘာမှန်းမသိနိုင်သော အစားအစာများအား အားပါးတရ စားသောက်နေပုံအား ထူးခြားလှစွာ မြင်လိုက်ရခြင်းပင် ဖြစ်ပါလေ၏။ တစ်ဖက်ထရံပေါက်မှ ပြောင်း၍ ကြည့်လိုက်ရာ ဖက်ဖြင့် ထုပ်ထားသော ထမင်းနှင့် ဘောက်သောက်ရောနှောနေသော ဟင်းလျာများသာ ဖြစ်ပါသည်။ တစ်ဦးတည်းစာအတွက် ကုန်လောက်စရာ မရှိသည့် အစားအစာများအား ထိုလူတစ်ယောက်တည်း စားသောက်နိုင်ခြင်းမှာ အံ့သြစရာပင် ကောင်းနေချေသေးတော့သည်။ သူ့ကို ကြည့်ရသည်မှာလည်း အစားအသောက်များကို ခုံမင်မက်မောလှပုံလည်း ရပါလေ၏။ ဆိုရလျှင် သုတဇော် တအံ့တသြ ကြည့်နေဆဲမှာပင် တစ်ယောက်စာမကသည့် ထမင်းဟင်းများ ကုန်သွားသည်ကတော့ မျက်မြင်ကိုယ်တွေ့မို့ သုတဇော်မှာ မယုံကြည်နိုင်အောင် ဖြစ်သွားခဲ့ပါသည်။

သုတဇော်မှာ ထိုလူ စားသောက်ခဲ့ပုံအားကြည့်ကာ ကြက်သီးမွေးညင်းများပင် ထလာသည်။ ထို့ကြောင့် ကြာကြာမနေတော့ဘဲ အိမ်ပေါ်မှ ဆင်းလာခဲ့တော့သည်။ အိမ်အောက်ခန်းရောက်တော့ သုတဇော်ဖခင် ကိုမြတ်ကျော်ပင် ရောက်နေပေပြီ။ ကိုမြတ်ကျော်၏အလုပ်မှာ ကိုယ်ပိုင် အသေးစားသယ်ယူပို့ဆောင်ရေးဖြစ်သည့် ဆိုက်ကားနင်းသည့်အလုပ်သာ ဖြစ်သည်။ ဆိုက်ကားသမားဆိုသည်ကလည်း ခရီးအခေါက်ရေ များများနင်းရလျှင် အခကြေးငွေ များများရသလို ပိုမိုပင်ပန်းတတ်ရသည်သာဖြစ်သည်။ ထိုအကြောင်းအချက်ကြောင့်ပင် ကိုမြတ်ကျော်က ဆိုက်ကားသိမ်းချိန်ဆိုလျှင် အရက်ကလေးတမြမြနှင့် ဖြစ်တတ်တတ်သည်သာ။ သို့တမင့်ငြား ထိုအချက်ကိုတော့ ဒေါ်စောမြင့်က ခွင့်လွှတ်ခဲ့ရသည်ပဲလေ။

'ကဲ..ကိုမြတ်ကျော်ရေ၊ ရှင် ထမင်းစားပြီးရင် အပေါ်ထပ်က အိမ်ငှားလာနေတဲ့လူကိုလည်း သွားစကားပြောလိုက်ပါဦး။ သူ့ကြည့်ရတာ တစ်ကိုယ်ရေတစ်ကာယ သမားနဲ့တူတယ်။ ထမင်းလပေးစားမလား ဆိုတာလည်း မေးခဲ့ဦး။ ကြားလား'

မိခင်ဒေါ်စောမြင့် စကားသံကြောင့် သုတဇော် မျက်လုံးပြူးသွားတော့၏။ အိမ်ငှား ထမင်းစားနေသည်ကို သူက ကိုယ်တိုင် တွေ့မြင်လာခဲ့သည်ပင် မဟုတ်ပါလား။

'ဧည့်သည်က ထမင်း လပေးမစားဖူးတဲ့၊ ကျွန်တော်နဲ့ တွေ့တုန်းက ပြောလိုက်တယ်အမေ။ နောက်ပြီး လပေးကျွေးတာကို မကြိုက်ပါဘူးဗျာ' ဟု မရဲတရဲ ကန့်ကွက်လိုက်သဖြင့် ဒေါ်စောမြင့်က အသာငြိမ်သွားလေတော့သည်။

ခဏမှာပင် ကိုမြတ်ကျော် အိမ်အပေါ်ထပ်သို့ တက်သွားလေတော့၏။ သိပ်မကြာလိုက်၊ ကိုမြတ်ကျော် အိမ်အပေါ်မှ ဆင်းလာတော့သည်။

'ဘယ်လိုဧည့်သည်မျိုးလဲ မသိပါဘူးကွာ။ အခန်းတံခါးကိုပိတ်ပြီး အိပ်နေလိုက်တာများ ကသောကမြောပဲ။ အပြင်က ခေါ်လို့လည်း မနိုးဘူး။ ထရံပေါက်က ချောင်းကြည့်လိုက်တော့ ခုတင်ပေါ်မှာ အိပ်နေလိုက်ပုံများ လူသေအလောင်းကြီး တင်ထားတဲ့အတိုင်းပဲ။ တုတ်တုတ်မှကို မလှုပ်ဘူးကွ'

'အို..ဘယ်လောက်ဝေးတဲ့ခရီးက သူ လာခဲ့ရမှန်းမှ မသိတာ။ ပင်ပန်းလို့ အိပ်ပျော်သွားတာနေမှာပေါ့။ ကဲ..ဒါဖြင့်လည်း ရှင် ညစာစားလိုက်တော့ ဟိုမှာ အဆင်သင့်ပြင်ပြီးသားပါ'

ကိုမြတ်ကျော်တို့လင်မယား စကားပြောနေစဉ်တွင် သုတဇော်မှာ ကွပ်ပျစ်ပေါ်တွင်ထိုင်ရင်း ဂီတာကို ခေါက်နေတော့သည်။ စည်းမမှန် ကီးမမှန် ထွက်ပေါ်လာသော သံစဉ်နှင့်အတူ အသံအစ်တစ်တစ်ဖြင့် အော်ဆိုလိုက်သော သုတဇော်၏ သီချင်းသံက အိမ်ဝိုင်းလေးအတွင်း လွှမ်းခြုံသွားလေတော့သည်။

◆◆◆

နောက်ရက်နံနက်စောစောတွင် ကိုမြတ်ကျော် ဆိုက်ကားထွက်သွားသည်။ သုတဇော်ကလည်း ကျောင်းပိတ်ထားသည့်ရက်မို့ သူငယ်ချင်းတချို့ဖြင့် ဂီတာသွားတီးနေသည်လေ။ ဒေါ်စောမြင့်တစ်ယောက်သာ အိမ်ငှားလူစိမ်းအား ထမင်းလပေးစားလိုခြင်းရှိ၊မရှိ သိလိုသဖြင့် အပေါ်ထပ်သို့ တက်သွားခဲ့လေတော့၏။ အပေါ်ထပ်ရောက်တော့ ဧည့်သည်အိပ်သည့်အခန်းမှာ ပိတ်ထားသည်ကို တွေ့လိုက်ရသည်။ တံခါးကို အသာခေါက်ကြည့်သည်။ အတွင်းမှ တုံ့ပြန်ခြင်းကား မရှိပါလေခဲ့။ နောက်တစ်ကြိမ် ခေါက်ကြည့်ပြန်သည်။ ပြန်လှန်အသံထွက်ပေါ်လာခြင်း အလျှင်း

www.burmeseclassic.com

www.burmeseclassic.com

မရှိ။

သည်တော့မှ ဒေါ်စောမြင့်က ထရံပေါက်က ချောင်းကြည့်လိုက်မိတော့သည်။ ချောင်းကြည့်သည့် ထရံပေါက်က ကျဉ်းနေသဖြင့် သဲသဲကွဲကွဲ မမြင်ရသော်လည်း ပုပ်အဲ့အဲ့ ညှီစို့စို့အနံ့ကတော့ နှာခေါင်းဝအတွင်းသို့ တိုးဝင်လာသည်။ ထိုအနံ့အသက်ကြောင့် ဒေါ်စောမြင့် လည်ချောင်းထဲတွင် ပျို့တက်လာသဖြင့် အပေါ်ထပ်မှ ကပျာကယာပြေးဆင်းလာခဲ့ရတော့သည်။ အပေါ်ထပ်တွင် လူမနေသည်မှာ ကြာပြီဖြစ်သဖြင့် ကြောင်တွေ ကြွက်ခုတ်စားထားဟန်တူသည်။ ညွှံ့သည်ကိုယ်၌ကပင် နှာခေါင်းရောဂါ ရှိနေသည်လား မဆိုတတ်။ အနံ့အသက်ဆိုးဝါးသည့် အခန်းထဲဝယ် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေပုံများ။

ညနေအတော်စောင်းမှ လူစိမ်းညွှံ့သည်မှာ ထီးကိုချိုင်းကြားညှပ်လျက် အပေါ်ထပ်မှ ဆင်းလာတော့သည်။ ဒေါ်စောမြင့်က အိမ်ရှင်ပီပီ ရေနွေး၊ လက်ဖက်ဖြင့် ညွှံ့ခံ၍ သူသိလိုသည့် အချက်များကို ညွှံ့သည်အား မေးမြန်းကြည့်လိုက်ပါသည်။

'နေပါဦး၊ ရှင်က နေ့ဘက်မှာ ဘယ်မှမထွက်ဘဲ ညဘက်ကျမှ အပြင်ထွက်ထွက်သွားတော့ ရှင့်အလုပ်က ညဘက်မှာ လုပ်ရတာလား'

'ဟုတ်တယ်၊ ကျုပ်အလုပ်က ညမှ အလုပ်လုပ်ရတာ။ နောက်ပြီး နေ့စာကို မစားဘူး။ ညစာတစ်နပ်ပဲ စားတာပါ။ ဒါကြောင့် ထမင်းလဲပေးလည်း ယူမစားဖြစ်ဘူး ဆိုပါတော့ဗျာ။ ညစာကို အပြင်မှာပဲ ဖြစ်သလို စားလိုက်တာပါပဲ။ အဲ··တစ်ခါတလေကျတော့လည်း ထုပ်ယူလာပြီး အခန်းထဲရောက်မှ စားဖြစ်တယ် ဆိုပါတော့လေ'

ထိုလူက စကားကို ကြာကြာမပြောသလို ဒေါ်စောမြင့် တည်ခင်းသည်ကိုလည်း လက်ဖျားနှင့်ပင်မတို့။ ညနေမီးထွန်းချိန်အရောက်တွင် ညွှံ့သည် အပြင်သို့ ထွက်သွားလေတော့၏။

တစ်ခုကိုတော့ ဒေါ်စောမြင့်က သတိထားလိုက်မိသည်။ သူ ချတည်ထားသော လက်ဖက်ခွက်အား ကောက်နမ်းကြည့်လိုက်သည်။ လက်ဖက်က ဘာနံ့မှ မထွက်။ သို့ဆိုလျှင် ညွှံ့သည်အား ညွှံ့ခံစဉ်က ထွက်ပေါ်လာသော ညှီစို့စို့အနံ့အသက်မှာ အဘယ်က ထွက်ပေါ်လာဘိလေသနည်း။ ထိုလူထွက်သွားတော့လည်း ညှီစို့စို့အနံ့မှာ ပျောက်ခြင်းမလှ ပျောက်သွားပြန်သည်။ မဟုတ်မှလွဲရော ထိုအနံ့အသက်မှာ ညွှံ့သည်ထံမှ ထွက်ပေါ်လာခြင်းသာ ဖြစ်ပေလိမ့်မည်။ ထိုညွှံ့သည့်ကို ကြည့်ရသည်ကလည်း ရေမိုးချိုးဟန် မပေါ်ပါချေ။

မည်သို့ပင်ဆိုစေ ဒါက သူမ အလုပ်မဟုတ်။ အိမ်လခရဖို့သာ အရေးကြီးသည်လေ။ ညွှံ့သည် ဘာအလုပ်လုပ်သည်ကိုတော့ မသိ။ သို့ပေမယ့် ထိုလူက ညနေမီးထွန်းချိန်ဆိုလျှင် အပြင်ထွက်သွားတတ်သလို ညဘိုင်းမည်သည့်အချိန်ဝယ် အိမ်ပြန်အိပ်သည်ကိုပင် မသိလိုက်ရ။ မနက်ရောက်လို့ ကြည့်လိုက်လျှင်ဖြင့် သူက အပေါ်ထပ်ဝယ် အိပ်နေပါပြီ။ ဒေါ်စောမြင့်က အိမ်ငှားလူစိမ်းအပေါ် မည်သို့မျှသဘော မထားသော်ငြား သုတဇော်ကမူ ညွှံ့သည်လူစိမ်းအပေါ် စိတ်ဝင်စားမှုရှိနေသည်ကတော့ အမှန်ပင် ဖြစ်သည်။ သူငယ်ချင်းများဖြင့် ဝိုင်းဖွဲ့ဂီတာတီးရင်း စကားပြောဖြစ်သောအခါ သူတို့အိမ်ငှား လူကြီးအကြောင်းအား ထုတ်ပြောမိလေ၏။

'တို့အိမ်ပေါ်ထပ်ကို လာငှားနေတဲ့လူကြီးက ထူးခြားတယ်ကွ။ နေ့ဘက်ဆိုရင် သူ့အခန်းထဲမှာ တစ်နေကုန်အိပ်နေတတ်တာကွ။ အဲ··ညဘက်ရောက်ပြီဆို မီးထွန်းချိန်ရောက်တာနဲ့ တစ်ပြိုင်နက်တည်း မြို့ထဲကို ထွက်သွားတော့တာကလား။ နောက်တစ်ခု ရှိသေးတယ်။ သူ ညစာစားပြီဆိုရင်လည်း အစာအာဟာရပြတ်နေတဲ့ လူတစ်ယောက်လို အငမ်းမရစားတာ။ တစ်ခါ၊ တစ်ခါ ညစာစားရင် လူသုံးလေးယောက်စာလောက် စားတာကွ'

သုတဇော် ပြောလိုက်သော ထူးထူးခြားခြား စကားကြောင့် တစ်ယောက်က ဝင်ပြောလိုက်၏။

'တို့အဘွားက ပြောဖူးတယ်ကွ။ လူတွေမှာ ဖုတ်သက်ဝင်ရင် အစားအသောက်ကို အများကြီး စားတတ်ကြပြီး စားရင်လည်း လူမသိသူမသိ ခိုးစားတတ်ကြတာလို့ ပြောဖူးတယ်။ မင်းတို့ညွှံ့သည်က လူကောင်းတစ်ယောက်ရော ဟုတ်ရဲ့လားကွာ' ဟု ပြောဆိုကြရင်း သုတဇော်အား ဝိုင်းဟားကြတော့သည်။

'ဟေ့··ဒီမယ်၊ မင်းတို့ပြောတဲ့အတိုင်း ငါတို့အိမ်ပေါ် ရောက်နေတဲ့ လူကြီးက ဖုတ်ကောင်ကြီးဆိုလည်း ငါကတော့ မကြောက်ရေးချ မကြောက်တဲ့။ မင်းတို့ စေး

www.burmeseclassic.com

စားကြည့်လေ။ ဖုတ်ကောင်ဆိုတာ လူသေမှ ဖြစ်လာတာတွေ။ ငါတို့က ဘာသာတရားကိုင်းရှိုင်းတဲ့ လူသားစစ်စစ်တွေ။ ကိုယ်ခန္ဓာ ကိုယ်ပိုင်မရှိတဲ့ ဖုတ်ကောင်ကို ဘာလို့ကြောက်ရမှာလဲ။ ဟုတ်ဘူးလား။ ဟား..ဟား..ဟား'

သုံတဇော်က အရွှန်းဖောက်ရင်း ရယ်ရယ်မောမောပင် ပြန်ပြောလိုက်တော့သည်။ သူ့စိတ်ဓာတ်ကလည်း အကြောက်အလန့်ရှိသည့် လူငယ်တစ်ယောက် မဟုတ်ပါချေ။ ခေတ်နောက်ပြန်ဆွဲသောစိတ်မျိုး သူ့တွင် မရှိ။ လူ့လောကကြီးမှာ အချိန်နှင့်တစ်ပြေးညီ တိုးတက်ထွန်းကားနေချေသည်လေ။ သူ့အဖေ ကိုမြတ်ကျော်တို့ လက်ထက်က သူ့အမေ ဒေါ်စောမြင့်အား မယ်ဒလင်တီးရင်း ပိုးခဲ့ဖူးသည်ကို အဖေက ပြန်ပြောပြသဖြင့် သိထားခဲ့ရသည်။ ခုတော့ သူတို့လက်ထက်ဝယ် မယ်ဒလင်အစား ဂီတာက အစားထိုး ရောက်နေပြီပင် မဟုတ်ပါလား။

◆◆◆

သည်နေ့သည်ကား ဝါဆိုလပြည့် ဥပုသ်နေ့ပင် ဖြစ်သည်။ ဒေါ်စောမြင့်မှာ ခင်ပွန်းနှင့် တစ်ဦးတည်းသော သားအပေါ် ချစ်ခင်တွယ်တာတတ်သူဖြစ်၍ မိသားစုအိမ်ထောင်စု စားဝတ်နေရေးအတွက် အစစအရာရာ အသုံးနှင့်အဖြုန်းအား ခွဲခြားဆင်ခြင်တတ်သူလည်းဖြစ်သည်။ ငယ်စဉ်က စာမသင်ခဲ့ရသဖြင့် လင့်မျက်နှာ တစ်ရှုထင်ခဲ့သူတစ်ဦးလည်း ဖြစ်ပေသည်။ မိဘများ၏ ဆုံးမသွန်သင်မှုကြောင့် ဘာသာရေးကိုလည်း လေးစားကြည်ညိုတတ်သူပင် ဖြစ်ပါလေ၏။

ထို့ကြောင့် မနက်ပိုင်း ဆွမ်းခံကြွလာသော သံဃာတစ်ပါးအား ဆွမ်းလောင်းခဲ့ရာမှ နေအိမ်တွင်းသို့ ပင့်ဖိတ်လျက် လှူဖွယ်ပစ္စည်းများကပ်ကာ ငါးပါးသီလ ယူဖြစ်ခဲ့တော့၏။ ဆွမ်းခံကိုယ်တော်က အိမ်အတွင်းသို့ လိုက်ပါကြွရောက်လျက် ငါးပါးသီလကို ပေးခဲ့ပါသည်။ ဒေါ်စောမြင့် သီလခံယူစဉ် သူမ၏ နှာခေါင်းဝသို့ ညှီစို့စို့ အနံ့အသက်များ ဝင်ရောက်လာတော့သည်။ ငါးပါးသီလကို အာရုံပြုလျက် အပုပ်နံ့အား ဥပေက္ခာပြုလိုက်ရတော့၏။ သီလယူပြီးမှ ဘုန်းတော်ကြီးအား အားနာဟန်ဖြင့် အိမ်အပေါ်ထပ်ဆီသို့ မော့၍ ကြည့်လိုက်မိသည်။ ထိုအချိန်လေးမှာပင် သံဃာဘုန်းတော်ကြီးက တည်ငြိမ်စွာ စကားဆိုလာသည်။

'ဒကာမကြီးတို့ အနီးအနားတစ်ဝိုက်မှာ ခြေ်အစ်သော မိစ္ဆာကောင် ရှိနေဟန်ပဲ။ ကျုပ်မှာ အပုပ်နံ့တစ်ခုရလာတယ်။ စိတ်ထဲမှာလည်း တစ်မျိုးခံစားလိုက်ရတယ် ဒကာမကြီး'

'မှန်ပါဘုရား၊ တပည့်တော်တို့ အိမ်အပေါ်ထပ်မှာ လူမနေကြတော့ ကြောင်တွေက ကြွက်သေတွေ ခိုးယူပြီး စားကြတာကြောင့် ထင်ပါတယ်ဘုရား'

'ဘုန်းကြီးက အပုပ်နံ့ကြောင့်တင် ပြောတာ မဟုတ်ဘူး ဒကာမကြီး။ ဒီအနီးနားတစ်ဝိုက်မှာ မခြေ်အစ်တဲ့ မကောင်းဆိုးဝါးဝိညာဉ် ကပ်ငြိနေပုံရတယ်။ ဘုန်းကြီးရဲ့ အမြင်အာရုံမှာ သီလပေးရင်း မြင်လာမိသလိုလိုပဲကွယ့်။ အေးလေ..ဒကာမကြီးတို့လို ဥပုသ်သီလ ဆောက်တည်ပြီး ဘာသာတရားကိုင်းရှိုင်းကြသူတွေအတွက်တော့ အန္တရာယ်မရှိတန် ကောင်းပါဘူးလေ။ ကျုပ်ရဲ့ စိတ်အထင်ကြောင့်လည်း ဖြစ်ပေါ်လာတာနေမှာပါ။ ဒီကိစ္စကို အာရုံထဲမှာ ထားမနေပါနဲ့တော့လေ။ ကိုင်း..ဘုန်းကြီးလည်း ကြွမယ်'

ဆရာတော်သည် စကားပြောပြီးသည်နှင့် သပိတ်ကို ပိုက်ကာ ပြန်လည်ကြွသွားလေတော့၏။ သို့တိုင်အောင် ဒေါ်စောမြင့် နှာခေါင်းဝဝယ် ညှီစို့စို့ အပုပ်နံ့ကတော့ နံနေဆဲပါတကား။

◆◆◆

ထိုနေ့ ညစာထမင်းဝိုင်းတွင် မိသားစုသုံးယောက် ဆုံမိကြသည်။ ကိုမြတ်ကျော်မှာ ခါတိုင်းထက် နည်းနည်း ပိုကဲလာဟန်တူသည်။ ထမင်းစားရင်း ကြို့ထိုးနေသည်။ စကားပြောသံကလည်း ထွေးနေသေးပြန်သည်။

'ဟဲ့..သုတဇော်၊ မင်းအဖေ ကြို့ထိုးနေတာ မကြားဘူးလား။ သွား..ရေတစ်ခွက် ခပ်ပေးလိုက်လေ'

ဒေါ်စောမြင့်က လင်သားအပေါ် ဂရုစိုက်ရှာသည်။ ကိုမြတ်ကျော် ကျန်းမာပါမှ ဆိုက်ကားကို ကောင်းကောင်း နင်းနိုင်မည်။ သို့မှသာ သူတို့မိသားစုအတွက် ဝင်ငွေရမည်ပင် မဟုတ်ပါလော။ သည်တော့ ကိုမြတ်ကျော် ကျန်းမာဖို့ လိုသည်လေ။

ကိုမြတ်ကျော်က သုတဇော် ခပ်ပေးသော သောက်ရေခွက်အား ယူကာ ကြို့ထိုးပျောက်ရန် ဖြည်းဖြည်းချင်း သောက်နေလိုက်၏။ ရေတစ်ခွက်လုံး ကုန်အောင် သောက်



www.burmeseclassic.com

www.burmeseclassic.com

ပြီးသည်နှင့် အာလေးလျှာလေးသံကြီးဖြင့် စကားကို စပြောလိုက်တော့သည်။

'အင်း··မင်းတို့သားအမိကို ပြောထားရဦးမယ်။ ခု တလော မြို့ထဲမှာ ထူးထူးခြားခြား ဖြစ်ပေါ်နေတယ်။ ထူးဆန်းတာက အခြားဆိုင်တွေမှာ ဘာမှပြဿနာ မပေါ် ပေမယ့် စားသောက်ဆိုင်တွေမှာ ပစ္စည်းတွေ ပျောက်ဆုံးနေလို့ စားသောက်ဆိုင်ပိုင်ရှင်တွေမှာ မျက်လုံးပြူးနေကြ တာကလား။ စဉ်းစားရခက်နေတာက စားစရာတွေကလွဲ ရင် တခြားအဖိုးတန်ပစ္စည်းတွေကျတော့ အပျောက်အရှ မရှိကြဘူးလေ'

ဒေါ်စောမြင့်က-မိန်းမသားပီပီ ထမင်းစားရင်း မျက် လုံးများပင် ပြူးသွားရသည်။ သုတဇော်ကမူ အဖေဖြစ်သူ မူးမူးဖြင့် ထင်ရာကို လျှောက်ပြောနေသည်ဟု သဘော ထားလိုက်မိရင်း ဖခင်ဖြစ်သူထံ မျက်စောင်းတစ်ချက် ပစ်လွှတ်လိုက်ပါလေ၏။ သို့ပေမယ့် ဖခင်ပြောလိုက်သည့် စကားမှာ ထူးခြားနေသည်ကိုမူ သတိပြုလိုက်မိသည်။

'ကိုမြတ်ကျော်ရယ်··ထမင်းစားတာ ဖြောင့်ဖြောင့် စားပါရစေတော်။ ရှင် မဟုတ်က ဟုတ်ကတွေ လျှောက် ပြောမနေစမ်းပါနဲ့ရှင်။ အလိုလိုမှ ကျုပ်စိတ်ထဲ သံသယ ဝင်နေတာ ရှိနေခဲ့တာမို့။ ကဲ··တော်ပါတော့ရှင်'

'ဩော်··ငါက မဟုတ်က ဟုတ်ကတွေကို လျှောက် ပြောနေတယ် 'ဟုတ်စ။ မင်းတို့သားအမိက အိမ်ထဲက အိမ်အပြင်ကို မထွက်ဘဲနေတော့ မြို့ထဲ ဖြစ်နေတာတွေကို ဘယ်ကြားသိမလဲ။ ငါက တစ်မြို့လုံးမှာ ဆိုက်ကားနင်း နေရတာကွ'

စောစောပိုင်းက ဖခင်ပြောနေသည့် စကားများကို စိတ်ဝင်တစား မရှိခဲ့သော သုတဇော်တစ်ယောက် ခုတော့ ခေါင်းထောင်ကြည့်လိုက်မိလေတော့၏။

'စားသောက်စရာတွေချည်းပဲ ပျောက်ဆုံးနေတာဆို တော့ စားစရာမရှိတဲ့လူတွေက လာခိုးကြတာလားမှ မသိ တာ'

'ဟာ··ညတိုင်း ပျောက်နေတဲ့ အစားအသောက်တွေ က တစ်ဆိုင်တည်းမှ မဟုတ်တာ။ ဆိုင်တိုင်းဖြစ်နေတာ ကလားကွ။ နောက်ပြီး တိရစ္ဆာန်ကောင်တွေ ဝင်စားသွား တယ် ဆိုရအောင်လည်း ခွက်ထိုးခွက်လန် ဖြစ်မနေဘူး။ ဆိုင်ထဲက ဇလုံကြီးတွေထဲမှာ ထည့်စားသွားတာလို့လည်း ဆိုင်ပိုင်ရှင်တွေက ပြောကြသေးတယ်ကွ'

ဇလုံကြီးထဲမှာ ထည့်စားသွားတယ်ဟု ကြားလိုက်မိ သည့်တွင် သုတဇော်ခေါင်းထဲသို့ အတွေးတစ်ခု ဖျတ်ခနဲ ဝင်၍လာတော့၏။ စားသောက်ဖွယ်ရာများအား မတော တဆ စားသောက်သွားကြသည်မှာ တစ်ဦးတည်းမှ ဟုတ် ပါလေစ။ သို့မဟုတ်ပါက အစားအသောက်အလွန်အကြူး စားနိုင်သူတစ်ယောက်။ ငတ်ပြတ်လာရာမှ ဝင်ရောက်ခိုး စားခြင်းပေပဲလားဟု စဉ်းစားမိခဲ့ရာမှ သူတို့အိမ် အပေါ် ထပ်က ဧည့်စိမ်းစားသောက်နေပုံအား မြင်ယောင်လာ တော့၏။

'ကဲ··တော်ပါတော့ ကိုမြတ်ကျော်ရယ်။ အရည်မရ အဖတ်မရနဲ့ ပေါက်ကရစကားတွေ ပြောမနေပါနဲ့တော့။ ထမင်းစားပြီးရင် သွားအိပ်ချေပါတော့ရှင်'

ထမင်းဝင်သွားသည်နှင့် ကိုမြတ်ကျော် မျက်လုံးများ စင်းလာသည်။ နောက်ထပ် ဒေါ်စောမြင့် စကားမပြော တော့ဘဲ အိပ်ရာဝင်သွားတော့၏။ ထမင်းဝိုင်း သိမ်းလိုက် ပြီး ဒေါ်စောမြင့် ပန်းကန်များကို ဆေးကြောနေလိုက် သည်။ ပန်းကန်ဆေးရင်းက မနက်ပိုင်း သီလယူစဉ်က သီလချပေးသည့် ဆရာတော် ပြောလိုက်သည့် စကားကို သွားသတိရလိုက်သည်။

'ဒကာမကြီးတို့··ပတ်ဝန်းကျင်မှာ မကောင်းဆိုးဝါး ဝိညာဉ်တစ်ခု အစွဲရှိနေပုံရတယ်။ ဘုန်းကြီးရဲ့ အာရုံထဲမှာ ပေါ်နေတယ်'

ထိုစကားသံအား ပြန်လည်ကြားယောင်မိလိုက်သည် နှင့် ဒေါ်စောမြင့်မှာ ကျောထဲဝယ် စိမ့်ခနဲ၊ အေးခနဲ ခံစား လိုက်ရပါလေ၏။ ဘုန်းတော်ကြီး မိန့်ကြားခဲ့သည့် အနီး နားပတ်ဝန်းကျင်ဆိုသည်မှာ ကျယ်ပြန့်လှပါဘိတော်။ ဒေါ်စောမြင့်က ပန်းကန်ဆေးရင်း အိမ်တွင်း ဘေးဘီအား မျက်လုံးရောက်သွားတော့သည်။ ထို့နောက် သူမ၏ မျက် လုံးအစုံက အပေါ်ထပ်ဆီသို့ ရောက်သွားခဲ့ပြန်သည်။ သည်အချိန်ဆိုလျှင် အိမ်ငှားလူစိမ်း မရှိပါလေတော့။ သူ အလုပ်မှန်း မသိရသော သူ့လုပ်ငန်းဆီသို့ ခပ်စောစော ကပင် ထွက်သွားခဲ့ချေပြီပဲ။

နောက်တော့ သုတဇော်အား အဖော်ညှိရန် လှမ်း ကြည့်လိုက်၏။ သုတဇော်ကား ဘယ်ဆီ ထွက်သွား သည်မသိ။ ကိုမြတ်ကျော် ကြည့်လိုက်ပြန်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com

အိပ်ပျော်ရာမှ ဟောက်သံများပင် ကြားနေရချေသည်တကား။

◆◆◆

မိုးဖြူမစဲ မိုးမည်းမရွာ ဆိုဘိသို့ သည်ကနေ့ မိုးဖြူမိုးသားတို့က ကောင်းကင်တစ်ပြင်လုံးဝယ် လွှမ်းမိုးကြီးစိုးလို့သာ နေပေသည်။ မိုးမွှားမိုးသေးတို့ မြေကမ္ဘာသို့ ဖျောက်ဖျောက်ကျဆင်းနေသည်က ပျင်းရိစရာပင် ကောင်းနေချေသေးတော့သည်။ မိုးစွေနေခြင်းက တစ်နည်းအားဖြင့် အိပ်စက်ခြင်းကို အားပေးနေသည်ကတော့ အမှန်ပင်။

တစ်မြို့လုံး တုတ်တုတ်မျှ မလှုပ်ကြ။ မိုးလင်းခါနီးမှ သုတစော်မှာ ဆီးထသွားရတော့သည်။ အပေါ့သွားပြီး ပြန်အလာတွင် အိမ်အပေါ်ထပ်ဆီမှ မြင်းဟီသံလိုလို ကြားလိုက်ရသဖြင့် မော့ကြည့်လိုက်မိသည်။ အပေါ်ထပ်အခန်းပြတင်းပေါက်တွင် မားမားကြီးရပ်နေသော လူစိမ်းသည့်ထံမှ ထွက်ပေါ်လာသည့်အသံ ဆိုသည်ကို သိလိုက်ရပါလေ၏။ တဟီးဟီးနှင့် ကြိတ်ရယ်နေသော အသံကမိုးသံအကြားဝယ် မသိမသာ ထွက်ပေါ်လာခြင်းပင် ဖြစ်သည်။

မမျှော်လင့်သော အဖြစ်နှင့် ကြုံတွေ့လိုက်ရသဖြင့် သုတစော်မှာ အတော်လေး တုန်လှုပ်ချောက်ချားသွားခဲ့ပါသည်။ သူ၏စိတ်ထဲဝယ် လူစိမ်းသည့်သည်မှာ ယခုမှ သူ၏ ညပိုင်းအလုပ်မှ ပြန်လာပုံရသည်ဟု အတွေးဖြင့် တွေဝေစွာ ရပ်ကြည့်နေစဉ်မှာပင် သူ့နှာဝသို့ အပုပ်နံ့တစ်ခု စူးစူးရဲရဲဝင်ရောက်လာသဖြင့် နှာခေါင်းကို လက်ဖြင့် အယောင်ကတမ်း ပိတ်လိုက်ရတော့သည်။ ထိုအခိုက် ချုပ်စီးလက်လိုက်ချိန်ဝယ် လူစိမ်း၏မျက်နှာအား မီးခောင်းထိုးဘိသို့ ဖြစ်သွားလိုက်ရာ သူ၏မျက်နှာကြီးမှာ ဖြူဖပ်ဖြူရော်နှင့် လူသေကောင်တစ်ဦး၏ မျက်နှာပမာ ကြောက်မက်ဖွယ်ရာကို သုတစော် မြင်လိုက်ရသဖြင့် လေးလူငယ်ပီပီ အိမ်တွင်းသို့ ပြေး၍ဝင်ခဲ့ရသည်လေ။

သူ့အိပ်ရာဆီ ပြန်ရောက်ခဲ့သည့်တိုင် သုတစော်မှာ ကြောက်လန့်စိတ်များကြောင့် အသက်ရှူ ကျပ်သလိုလို ခံစားလိုက်ရပါသည်။ စိတ်ထဲတွင်လည်း သူ့သူငယ်ချင်း အဖေ၏ ပြောပြခဲ့သော စကားများဖြစ်သည်။ ဖုတ်သက်ဝင်နေတဲ့လူဟာ ကြေးတို့၊ ငွေတို့၊ သတ္တုတို့ဆိုရင် သိပ်ကြောက်ကြတာဟု ပြောစကားကိုလည်း သတိရလိုက်မိပါလေ၏။ နောက်ပြီး သူ့အဖေပြောခဲ့သော ညစာထမင်းပွဲမှ သတင်းစကား မြို့ထဲက စားသောက်ဆိုင်တွေမှာ စားသောက်စရာတွေအားလုံး ပျောက်ဆုံးနေတာက အံ့ဩဖို့ ကောင်းတယ်။ တိရစ္ဆာန်လို ခွက်ထိုးခွက်လန် စားသောက်သွားတာမျိုး မဟုတ်ဘူး။ ဇလုံကြီးထဲမှာ ထည့်စားသွားတဲ့ ပုံစံမျိုးချည်းပဲတဲ့ဟု ပြောဆိုခဲ့ခြင်းသည် ထူးခြားမှုနှင့် တိုက်ဆိုင်မှုများ ဖြစ်နေလေသလားဆိုသည့် သံသယအတွေးများက နောက်ဆုံးဝယ် မိမိတို့ အိမ်အပေါ်ထပ်တွင် ငှားရမ်းနေထိုင်သည့် ဧည့်စိမ်းသည်ပင် စဉ်းစားစရာ ဖြစ်လာတော့သည်။

သုတစော် ပြန်အိပ်ရန်ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပါချေ။ လက်ရှိဖြစ်ပျက်နေသော အကြောင်းအရာများနှင့် ပတ်သက်၍ မည်သို့မည်ပုံ ရှေ့ဆက်လုပ်ရမည်ဆိုသည်ကို အတွေးနယ်ချဲ့နေမိပါတော့သည်။ အတွေးပေါင်း မြောက်မြားစွာထဲမှ တစ်စုံတစ်ခုအား လူငယ်ပီပီ လုပ်ဆောင်ကြည့်ရန် ဆုံးဖြတ်ချက်ချလိုက်လေတော့၏။

သုတစော်မှာ မိခင်၏ဘာသာရေးတရားအပေါ် လေးစားကြည်ညိုသည်။ ဆိုဆုံးမမှုတို့အပေါ် ယုံကြည်ခဲ့သူတစ်ဦးပင် ဖြစ်သည်။ ထို့ကြောင့် အကယ်၍များ အိမ်အပေါ်ထပ်မှ လူစိမ်းဧည့်သည်ပင်လျှင်..။

◆◆◆

နောက်ရက်မှာလည်း မိုးက တစိမ့်စိမ့် ရွာနေပြန်သည်။ သုတစော်တစ်ယောက် မိုးအေးအေးဖြင့် အလည်လွန်နေပုံရပါသည်။ မနက်မိုးလင်းကတည်းက ထွက်သွားသည်မှာ အိမ်ကို ပြန်မရောက်သေး။ ညနေပိုင်းလောက်တွင် လွယ်အိတ်တစ်လုံးကိုလွယ်လျက် သုတစော် ပြန်ရောက်လာတော့သည်။ လွယ်အိတ်ထဲတွင် ဘာထည့်လာသည်ကိုတော့ ဒေါ်စောမြင့် မပြောတတ်။ ပုံသဏ္ဌာန်ကြည့်ရသည်မှာ ပုလင်းတစ်လုံး ဖြစ်ဟန်တူသည်ဟု တွေးမှတ်လိုက်ပါလေ၏။

'အင်း..မဟုတ်မှလွဲရော သူ့အဖေက ညပိုင်း မိုးအေးအေးနဲ့ သောက်ဖို့ အရက်ပုလင်းကို ထည့်ပေးလိုက်တာပဲနေမှာ'

ဒေါ်စောမြင့်က လွယ်အိတ်တွင် ပါလာသော ပုလင်းကိစ္စအား ထုတ်မေးမနေတော့ဘဲ သားကို စိုးရိမ်မိသည့် လေသံဖြင့်သာ ပြောလိုက်၏။

www.burmeseclassic.com

'သားရယ်..မင်း တစ်နေကုန် ပျောက်နေလိုက်တာ။ ဘယ်သွားနေတာလဲ။ ထမင်းရော စားပြီးပြီလား။ မစားရသေးရင်လည်းသွား ကိုယ့်ဘာသာကိုယ် ခူးစားလိုက်'

'သား ဓာတ်တော်တိုက်ကို သွားနေတာပါ အမေ။ နေ့လယ်စာလည်း ဆရာတော်က ကျွေးလိုက်လို့ စားပြီးခဲ့ပါပြီ'

'အေး..အေး..စားပြီးရင်လည်း ပြီးရော။ နောက်ကို ဘယ်သွားမယ် ဘယ်လာမယ်ဆိုတာ မိဘကို ပြောသွားရတယ် သားရဲ့။ မိဘဆိုတာ စိတ်ပူတာပေါ့'

'ဟုတ်ကဲ့ပါ မေမေ။ နောက်ဆို ပြောသွားပါ့မယ်'

သားအမိနှစ်ယောက် စကားပြောနေဆဲ ကိုမြတ်ကျော်က ဆိုက်ကားသိမ်းလာသည်။ သူ့တစ်ကိုယ်လုံး မိုးရေတွေ စိုလာသည်။ အမူအရာကြည့်ရသည်မှာ အရက်သောက်ပြီး လာခဲ့ကြောင်း သိလိုက်သည်။ ဒင်းတို့ ယောကျ်ားသား အရက်သမားတွေက အရက်ကိုသောက်ချင်တိုင်းအကြောင်း ပြချက်အမျိုးမျိုး ပြတတ်ကြသည်ချည်း။ ခုလို မိုးရွာတော့ မိုးအေးလို့ အချမ်းပြေပေါ့ကွာလို့ ဖြေမည်မှာ အသေချာ။

ထို့ကြောင့် သားဖြစ်သူ အနားကပ်သွားရင်း လေသံတိုးတိုးဖြင့် –

'သား..မင်းအဖေကို မင်းယူလာတဲ့ အရက်ကို ထပ်ထုတ်မပေးနဲ့တော့နော်။ သူက မူးနေပြီ။ ကြားလား'

သုတဓော်မှာ သူ့အမေ၏ စကားကြောင့် ကြောင်သွားသည်။

သုတဓော်က 'ဩော်..အင်း..အင်း..ဟုတ်ကဲ့'ဟု ဆိုကာ 'တစ်ဖက်သို့ လှည့်သွားသည်။

ဒေါ်စောမြင့်က သူ့ယောကျ်ား နောက်ထပ် အရက်သောက်မည်စိုးသဖြင့် ထမင်းပွဲကို အမြန်ပြင်လိုက်တော့သည်။ သုတဓော်က ထိုခဏမှာပင် အိမ်ပေါက်ဝသို့ ထွက်လာခဲ့လေတော့သည်။ သူ့ကို ကြည့်ရသည်မှာ တစ်စုံတစ်ရာအား စောင့်စားနေဟန်ပင်။ စောင့်မျှော်နေခြင်းသည် အလွန်ကြာညောင်းတတ်သည်ဟု အဆိုရှိသည်ပဲလေ။ သူ့မျက်လုံးများက အိမ်အပေါ်ထပ်ဆီသို့ မော့ကြည့်ရင်း သက်မတစ်ချက်ကို ချလိုက်လေတော့သည်။

♦ ♦ ♦

အချိန်ကိုစောင့်ရင်းဖြင့် ညက တော်တော်နှင့် အိပ်၍မပျော်။ အိပ်မိပြန်တော့လည်း မကြာခဏ ပြန်နိုးလာတတ်သည်။ ဒါကလည်း အဆန်းမဟုတ်။ ဖခင်ဖြစ်သူ ကိုမြတ်ကျော်၏ ဟောက်သံက တစ်ချက်,တစ်ချက် သူ့နားစည်အား ရိုက်ခတ်လာခြင်း၏ အကျိုးသက်ရောက်မှုကြောင့်ပင်လား။ စောင့်မျှော်စိတ်၏ စွဲလမ်းနေခြင်းကြောင့်ပင်လား မဆိုတတ်။ နိုးတစ်ဝက် အိပ်မက်များပင် မက်နေပြန်သေးတော့သည်။ တစ်ကြိမ် နိုးလာခိုက်တွင် သူ့နားထဲ၌ ဟောက်သံက နှစ်သံဖြစ်လာသည်ကို သတိထားလိုက်မိပါ၏။

သုတဓော်က နားစွင့်ကြည့်လိုက်သည်။ နောက်ထွက်ပေါ်လာသည့် အသံကား အပေါ်ထပ်ဆီမှ ဖြစ်သည်ကို သဲသဲကွဲကွဲ သိလိုက်ရတော့သည်။ သို့ဆိုလျှင် လူစိမ်းဧည့်သည် အလုပ်က ပြန်လာ၍ အိပ်မောပင်ကျနေပါပြီကော လား။ သူက ထိုအချိန်နှင့် အခြေအနေကို စောင့်နေခြင်းပင်ဖြစ်သည်။

သုတဓော်က စိတ်ကို အားတင်းရင်း ဆုံးဖြတ်ချက်အား ပိုင်ပိုင်ချလိုက်ကာ သူ့ခေါင်းရင်းဝယ် ချိတ်ထားသော လွယ်အိတ်အား ဆွဲယူလိုက်တော့သည်။ ပြီးလေမှ ခြေသံကိုလုံအောင် နင်းရင်း အပေါ်ထပ်သို့ တစ်လှမ်းချင်း တက်သွားလေတော့၏။ သုတဓော် ဧည့်စိမ်းအိပ်သည့် အခန်းအနီး ရောက်သည်တွင် ထရံအား နားဖြင့်ကပ်ကာ အတွင်းမှ လှုပ်ရှားသံအား နားစွင့်ကြည့်လိုက်ပါလေ၏။ အခန်းတွင်းမှ ဟောက်နေသည့် အသံမှလွဲ၍ အခြားလှုပ်ရှားသည့် အသံ မကြားရပါချေ။

ချောင်းကြည့်နေကျ ထရံပေါက်မှ အတွင်းသို့ ကြည့်လိုက်ရာ ဘာဆိုဘာမျှ မမြင်ရ၊ မှောင်နှင့်မည်းမည်းသာ ဖြစ်နေသည်။ သုတဓော်က အခန်းတံခါးကို အသာတွန်းဖွင့်ကြည့်လိုက်၏။ မမျှော်လင့်ဘဲ အခန်းတံခါးက ပွင့်သွားတော့သည်။ သူ့အတွက် အမှောင်ထဲမှ လူစိမ်း၏ ဟောက်သံကို ကြားနေရသဖြင့် ပုံပန်းအနေအထားအား သုတဓော်က ခန့်မှန်းထားပြီး ဖြစ်ပေသည်။

ထို့နောက်ဝယ် လွယ်အိတ်အတွင်းမှ ပုလင်းအား ထုတ်ယူလိုက်၏။ ပုလင်းအဖုံးအား ဖွင့်လိုက်ပြီးနောက် ဟောက်သံထွက်ပေါ်လာရာ လူစိမ်းဧည့်သည်၏ ပါးစပ် ရှိရာသို့ မှန်းဆလျက် လောင်းထည့်လိုက်လေတော့၏။ ပုလင်းအတွင်းရှိ အရည်များက အိမ်ငှားလူစိမ်း၏ ပါးစပ် အတွင်းသို့ တည့်တည့်မတ်မတ် ဝင်သွားပုံပေါ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

လူစိမ်းဒေသည်၏ ငယ်သံပါအောင် အော်ဟစ်လိုက်သံ က အိပ်မောကျနေသော ပတ်ဝန်းကျင်အား ပုတ်နှိုးလိုက်ဘိသို့ ကျက်ကျက်ညံသွားလေတော့သည်။

◆◆◆

မီးအလင်းရောင်အောက်မှ မြင်ကွင်းမှာ ကြည့်လို့ပင်မကောင်း။ သို့စဉ်လျက် လူအများစုကမူ ထိုမကောင်းသည့် မြင်ကွင်းကိုပင် ဝိုင်းဝန်းစူးစိုက်ကြည့်နေကြသည်လေ။ အဖြစ်အပျက်တစ်ခုအတွက် သက်ဆိုင်ရာ သတင်းပေးပို့ချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့နယ်တာဝန်ရှိသူများ စုရုံးရောက်ရှိလာခဲ့ကြသည်။ မီးအလင်းရောင်အောက်တွင် မလှုပ်မယှက်ရှိနေသည်က လူသေအလောင်း တစ်လောင်းပင် ဖြစ်နေပါသည်။ တိတိပပဆိုရလျှင် ကိုမြတ်ကျော်နှင့် ဒေါ်စောမြင့်တို့၏ အိမ်အပေါ်ထပ်အား ငှားရမ်းနေထိုင်ခဲ့သော လူစိမ်းဒေသည်၏ အသက်ကင်းမဲ့နေပြီဖြစ်သော ရုပ်အလောင်းသာလျှင် ဖြစ်ပါချေ၏။

အိမ်ရှင်ကိုမြတ်ကျော်မှာ အိပ်ချင်မူးတူးမှ မျက်လုံးပြူးထိတ်လန့်ရသည့် အဖြစ်မျိုးပင်။ အချင်းဖြစ်ရပ်နှင့်ပတ်သက်၍ အခိုကရှင်းပြနိုင်သည်က သုတဇော်နှင့် ဒေါ်စောမြင့်တို့ နှစ်ဦးသာဖြစ်ပါသည်။ အိမ်ငှားလူစိမ်းဒေသည်စတင်ရောက်ရှိလာပုံ၊ ထိုသူ၏ အနေအထိုင်နှင့် သွားလာလှုပ်ရှားမှု၊ ထိုလူစိမ်းနှင့်ပတ်သက်၍ ထူးခြားသည့်အနံ့အသက် ထွက်ပေါ်လာမှုများ၊ သီလပေးဆရာတော်ဘုန်းကြီး၏ မိန့်ကြားပြောဆိုသွားခြင်းများ၊ တစ်ဖန် မြို့အတွင်း စားသောက်ဆိုင်များ၏ လက်ကျန် အစားအသောက်ပစ္စည်းများ ပျောက်ဆုံးနေသည်ကို လူအများထူးထူးခြားခြား တွေးခေါ်မှုများမှအစ သိသမျှကို သက်ဆိုင်ရာတို့အား ရှင်းလင်းတင်ပြ ပြောဆိုကြရလေတော့၏။

နောက်ဆုံး သုတဇော်၏ ထိုလူစိမ်း စားသောက်ပုံအတွေ့အကြုံနှင့် သူ၏ ထင်မြင်ယူဆချက်။ လူကြီးသူမများ ပြောဆိုခြင်းများအား ကြားဖူးနားဝရှိခဲ့သောအသိဖြင့် ဓာတ်တော်တိုက် ဆရာတော်ထံ သွားရောက်၍ ပရိတ်ရေသွားစွန့်ယူခဲ့ကြောင်း အားလုံးကို ပြောပြလိုက်ရသည်။ ထို့နောက်မှ ပရိတ်ရေဖြင့် အိပ်ပျော်နေသော လူစိမ်းအားလောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ ကိုယ်တိုင်လက်တွေ့ ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြလိုက်ရတော့သည်။ သုတဇော်၏ စကားအဆုံး၌ ရဲတပ်သားတစ်ဦးက ဝင်ရောက်ပြောဆိုလိုက်ပါသည်။

"တစ်ခုတော့ရှိတယ် ဗိုလ်လေး။ မြို့အနောက်ဘက်မှာရှိတဲ့ ကန်ရွာက ထန်းသမားတစ်ဦး ထန်းတက်သွားရာက အိမ်ပြန်ရောက်မလာဘဲ ပျောက်ဆုံးနေလို့ စခန်းမှာလာပြီး တိုင်ချက်ဖွင့်ထားတာတစ်ခုတော့ရှိတယ်။ တိုင်ကြားသူတွေ ပြောတဲ့လူ့ပုံစံက ဒီရုပ်အလောင်းနဲ့ ပုံသဏ္ဍာန်တူသလိုပဲ ဗိုလ်လေး"

အမှုလိုက် ဒုရဲအုပ်မှာ သူ့လူ ရဲတပ်ဖွဲ့ဝင် ပြောလိုက်သော စကားများကြောင့် တွေ့မြင်နေရသော ထူးခြားဖြစ်စဉ်အား တအံ့တသြ ဖြစ်သွားရတော့သည်။ စဉ်းစားကြည့်လေ။ လူပျောက်တိုင်ချက် ဖွင့်ထားသည်က သုံးလေးရက်ပင် ရှိသွားခဲ့ချေပြီပဲ။ ရုပ်အလောင်းကို ကြည့်ရသည်ကလည်း ရုပ်ပျက်ဆင်းပျက် ဖြစ်နေရုံသာမက အပုပ်နံ့တွေထွက်နေပါပကောလား။ နောက်ဆုံး၌ ထိုရုပ်အလောင်းအား ဓာတ်ပုံရိုက်ယူ၍ ဆေးရုံသို့ ပို့လိုက်ရလေတော့၏။

ဆေးရုံမှ ဆေးစစ်ချက် မှတ်တမ်းယူနေစဉ်မှာပင် စခန်းမှ သွားရောက်ခေါ်ယူခဲ့သော လူပျောက်တိုင်ကြားထားသူများ ရောက်ရှိလာတော့သည်။ ရုပ်အလောင်းအားကြည့်လျက် သူတို့၏လူ မှန်ကန်ကြောင်း ငိုယိုဝန်ခံ ထွက်ဆိုသွားကြတော့သည်။

ပို၍မယုံနိုင်ဖွယ် ဆန်းကြယ်ထူးခြားသည်က သေဆုံးသူ၏ ရုပ်အလောင်းမှာ နံရိုးများကျိုးလျက် အတွင်းကလီစာများကို ထိခိုက်ပျက်စီးနေကြောင်းနှင့် သေဆုံးသူ၏ ပြင်ပကိုယ်ခန္ဓာတွင် အခြားအသက်သေစေလောက်သည့် ဒဏ်ရာများ မတွေ့ရှိရဟု ဆေးစာအရ ထပ်မံတွေ့ရှိရခြင်းပင် ဖြစ်ပါလေ၏။ ဒဏ်ရာများကလည်း ရက်လွန်ဒဏ်ရာ များဖြစ်နေသည်ကိုလည်း တွေ့ကြရပြန်ပါသည်။ ပိုမိုသေချာစေရန် ဓာတ်တော်တိုက် ဆရာတော်အား ပင့်လျက် အကျိုးအကြောင်း မေးမြန်းလျှောက်ထားကြည့်ရပြန်သည်။

"ဒကာလေးသုတဇော် ဘုန်းကြီးဆီလာပြီး ဓာတ်တော်ရေ လာစွန့်လို့ ဓာတ်တော်ရေတစ်ပုလင်း စွန့်ပေးခဲ့တာ အမှန်ပဲ။ ဒါပေမဲ့ ကလေးက သူဘာလုပ်မယ်လို့တော့ မပြောခဲ့ဘူးလေ။ ခုတွေ့ကြုံခဲ့ရတဲ့အဖြစ်က အတော်လေးထူးဆန်းနေတယ်ကွယ့်။ လောကီနဲ့ လောကုတ္တရာ ရောယှက်ဖြစ်ပေါ်နေတယ်လို့သာ ဘုန်းကြီး ပြောနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဘုန်းကြီးတစ်သက်မှာတော့ ခုလို လောကီနဲ့ လောကုတ္တရာ ဒွန်တွဲဖြစ်တာမျိုး မကြုံခဲ့ဖူးသေးဘူး။ ပြောရရင်တော့ သေဆုံးသွားတဲ့ ထန်းတက်သမားဒကာဟာ ထန်းပင်ပေါ်က ခြေချော်လက်ချော်နဲ့ လိမ့်ကျပြီး သေလောက်တဲ့ဒဏ်ရာကြောင့် ဘဝတစ်ပါးကို ပြောင်းသွားပုံ ပေါ်ပါတယ်။ ဘုန်းကြီးတို့ ဗုဒ္ဓရဲ့ အယူအဆအနေနဲ့ သေဆုံးသူ ဒကာရဲ့ ခန္ဓာနဲ့ ဝိညာဉ်တို့ ကွဲကွာသွားတဲ့ စက္ကန့်အချိန်ပိုင်းမှာ အနီးနားမှာရှိတဲ့ ခန္ဓာမရှိတဲ့ ဝိညာဉ်တစ်ခုက သေဆုံးသွားသူရဲ့ ကိုယ်ခန္ဓာထဲမှာ ခိုဝင်စီးမျောသွားပြီး လူကောင်းတစ်ယောက်လို သွားလာလှုပ်ရှားလို့ရတယ်လို့ ဆိုထားတာကလား။ ဒါကို အပမှီတယ်လို့ ပြောကြတာပေါ့လေ"ဟု ဓာတ်တော်တိုက်ဆရာတော်က ရှင်းလင်းမိန့်ကြားလိုက်လေတော့၏။

နောက်ဆုံးတွင် လက်တလော သေဆုံးသွားခဲ့သည့် ရုပ်အလောင်းခန္ဓာကိုယ်အတွင်းသို့ မှီခိုတွယ်တာစရာကင်းမဲ့နေခဲ့သော ပရလောကသား ဝိညာဉ်က ဝင်စီးလှုပ်ရှားခဲ့ခြင်းသာဖြစ်၍ ဓာတ်တော်တိုက်ဆရာတော်၏ ပရိတ်ရေ စွမ်းပကားကြောင့် အပမှီထားသောဝိညာဉ်မှာ တွယ်ကပ်မနေသာတော့ဘဲ ထွက်ခွာသွားခဲ့ခြင်းသာ ဖြစ်ပေလိမ့်မည်။ အပမှီဝိညာဉ် ထွက်သွားသည်နှင့် အငှားခန္ဓာဖြစ်သော သေဆုံးသွားခဲ့သည့် ထန်းတက်သမား၏ ရုပ်အလောင်းမှာ မူလရှိရင်းစွဲ ဒဏ်ရာဒဏ်ချက်များဖြင့်သာ ပေါ်လွင်ထင်ရှားစွာ ကျန်ရစ်ခဲ့ခြင်း ဖြစ်သည်ဆိုသော ဆရာတော်၏ အဆိုအမိန့်ကို အားလုံးက အတည်ပြုခဲ့ကြရလေတော့၏။

လောကဌ် လျှို့ဝှက်နက်နဲသော အဖြစ်အပျက်တို့သည် ကမ္ဘာနှင့်တစ်ဝှမ်း ရှိနေကြမည်သာဖြစ်ကြောင်း ဤဖြစ်ရပ်က မီးမောင်းထိုးပြခဲ့သည်ဟု ဆိုပါလျှင်..။

မေတ္တာရည်လျက်

**အလင်္ကာသူရ**

<u>မှတ်ချက်</u>

The Man Upstairs by Ray Bradbury ကို မြန်မာဇာတ်လမ်းအသွင် မှီငြမ်းရေးသားထားခြင်း ဖြစ်ပါကြောင်း။


ပဥ္စဂုဏ် အဟံ ဝန္ဒာမိ

**ဂန္ဓီရ ဆရာလှမျိုး (B.Sc)**

**ဒေအာင်ကောင်းမြ(သာကေတ)**

ဗေဒင် + လက္ခဏာ + နဝင်းစီးယတြာပညာရှင်

- ✤ တစ်သက်တာ ဆောင်ရန်၊ ရှောင်ရန်များ။
- ✤ အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လုပ်ငန်းကိစ္စ အဆင်ပြေစေရန် ဓာတ်ရိုက်ဓာတ်ဆင်ယတြာ။
- ✤ တစ်နှစ်တာ ဟောစာတမ်း ရေးပေးခြင်း၊ ကလေးအမည်ပေး၊ ဆိုင်,လုပ်ငန်း အမည်ပေးခြင်း။
- ✤ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးအတွက် နဝင်းချေပေးခြင်း၊ နဝင်းစီးယတြာ ပြုလုပ်ပေးခြင်း။

**ဟောခန်းလိပ်စာ** မြောက်ဒဂုံမြို့နယ်၊ ပြည်ထောင်စုလမ်းမကြီး၊ တောင်-မြောက်လမ်းဆုံအနီး၊ ပြည်လုံးချမ်းသာ မြို့ဦးစေတီတော်၊ တောင်ဘက်မုခ်။ (တိုးကြောင်ကလေး ဘူတာအနီး) [ဖြ၁၊ ဖြ၇၊ ၁၇၄၊ ၁၈၇၊ ၂၁၃၊ ရွှေရန်ကုန်၊ အမြဲစိမ်း၊ ဆမိပတိ(အစိမ်း) ကားများစီး၍ တောင်-မြောက် လမ်းဆုံမှတ်တိုင်တွင် ဆင်းပါ။)

**ဟောပြောအချိန်** နံနက်(၁၀:၀၀)နာရီမှ ညနေ(၄:၀၀)နာရီ။

ရုပ်ဝေးမှ လာမည့်သူများ ဖုန်း ၀၉ ၄၂၀ ၀၄၇ ၈၆၉ သို့ ကြိုတင်ဆက်သွယ်ပြီး လာရောက်မေးမြန်း ယတြာချေနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်

**ပုရောဟိတ်ဆရာ ဦးမြတ်စံ**

B.Sc., M.Sc(Q)., English Language (UFL)., EDS (MOFA)

**ဆန်းကျမ်းဖေဒင်၊ လက္ခဏာ၊ ဂမ္ဘီရပညာ၊ ဓာတ်ရိုက်ဓာတ်ဆင်ယကြာပညာရှင်**

**အယူတော်မင်္ဂလာဖေဒင်ဟောခန်း**

ကျွန်ုပ်၏ ကျင့်ကြံအားထုတ်ရသော သီလ၊ သမာဓိ၊ ပညာ၊ စရဏ၊ သမထစွမ်းအားတို့ဖြင့် (၇)ရက်သားသမီးတို့၏

ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အမှုအခင်းကိစ္စများအား

တူညီလမ်းညွှန် ဖြေရှင်းပေးနေပါသည်။

ဝိဇ္ဇာထိပ်ခေါင် အဘအောင်မင်းခေါင်နှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်း၊

အနန္တစကြဝဠာမှ ဆရာသခင် သူတော်စင်ကြီးများ၏ သိဒ္ဓိ၊ မဟိဒ္ဓိ စွမ်းအားဖြင့် ကျွန်ုပ်ကိုယ်တိုင်စီရင်အပ်သော

အနန္တဒီပံဖယောင်းတိုင်၊ အနန္တသိဒ္ဓိ အင်း၊ စမ၊ ယတြာအစီအရင်များ ပီယလာဘ်ဖွင့်

**ဂမ္ဘီရအဆောင်များ ပူဇော်ခြင်းဖြင့်**

ဘဝအောင်မြင်မှုကို ရယူပါ။

သား, သမီးရတနာများအတွက် မွေးဖွားချိန်မင်္ဂလာအခါပေးခြင်း၊ ထန်းဖူး၊ ရက်ချုပ်ဇာတာဖွဲ့ပေးခြင်း၊

မြန်မာ့ရိုးရာ နာမက္ခရာဇာမင်္ဂလာနှင့်အညီ တလေးနာမည်ပေးခြင်း၊

နိုင်ငံခြားခရီး (ပညာရေး၊ အလုပ်အကိုင်၊ သင်္ဘောတက်ရန်)

S pass, P.R, Shore Job, Oversea Student Visa အဆင်ပြေစေရန် စီစဥ်ပေးခြင်း၊

အိမ်၊ ခြံ၊ မြေ၊ ကား၊ ကျောက်မျက်ရတနာ၊ ကုန်ပစ္စည်းများ အမြန်ရောင်းထွက်ရန်

အာမခံဖြင့် **အထူးယကြာ** စီရင်ပေးပါသည်။

**Prediction in English Language is offered.**

ရုံးခန်းလိပ်စာ ❖ အမှတ်-၁၅(B) (ပထမလွှာ)၊ (၁၄၉)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သီတာလမ်းမှတ်တိုင်အနီး)

ဆွေးနွေးချိန် ❖ နံနက်(၉:၀၀)နာရီမှ ညနေ(၃:၀၀)နာရီအထိ

09 51 76646, ☎ 200 298, E-mail Address : myatsan5@gmail.com

Website : http://sayamyatsan.blogspot.com

www.burmeseclassic.com

www.burmeseclassic.com

'ဟိုရောက်ရင် ဒီမှာလို လတ်လျား,လတ်လျား လျှောက်မသွားနေနဲ့။ မင်းဘကြီးကိုလည်း ဝိုင်းကူလုပ်ဦး။ အမေမှာတာကို ဘကြီးကို ပြောဖို့ မမေ့နဲ့'

မိခင်ဖြစ်သူ ဒေါ်အေးက သူ၏ အဝတ်အစားများကို ကျောပိုးအိတ်ထဲ ထည့်ပေးရင်း တတွတ်တွတ်မှာနေသည်ကို စိုးပြည့်စုံ စိတ်မရှည်တော့။

'အို..အမေကလည်းဗျာ၊ သားကို ကလေးကျနေတာပဲ။ သားလည်း ဘွဲ့ရပြီးပါပြီဗျာ'

နွေကျောင်းပိတ်မှာ ဘကြီးစံရွှေတို့ရွာကို သွားပြီး ကွမ်းခြံလုပ်ငန်းတွေ ဝိုင်းကူဖို့ ယခုနေ့ သူသွားရမည်။ ဆင်စုဆိုတဲ့ ရွာကလေးကို တစ်ခေါက်၊ နှစ်ခေါက်သာ

# ဆုချင်ရဲ့ဇော်ဝင်း (တောင်စွန်း)

# လမိုက်ညရဲ့ သန်းခေါင်ယံအလျှ





www.burmeseclassic.com

www.burmeseclassic.com

ရောက်ဖူးသဖြင့် ကောင်းကောင်း မမှတ်မိသော်လည်း အရွယ်ရောက်ပြီး သားယောက်ျားလေး တစ်ယောက်အဖို့ ဤမျှလောက်တော့ တွေးပြီး ကြောက်နေစရာ မလို။ ဝါးစပ်ပါလျှင် ရွာရောက်တယ် မဟုတ်လား။

'ဆင်စုလမ်းခွဲမှာဆင်းပြီး မြေနီလမ်းကလေးအတိုင်း လျှောက်သွားရင် မင်းဘကြီးရွာကို ရောက်ပြီပေါ့။ ကားပေါ်မှာ အိပ်မနေနဲ့။ ဘီးလင်းရောက်သွားလိမ့်မယ်'

'အာ..အမေကလည်း ကဲပါဗျာ၊ ပေး..ပေး..လမ်းစရိတ်ပေး၊ သွားတော့မယ်'

ဒေါ်အေးက စိုးပြည့်စုံအား လမ်းစရိတ်ငွေ ထုတ်ပေးရင်း-

'သားကို သွားလမ်းလာလမ်း ဖြောင့်ဖြူးအောင် ပြောပြတာပါကွယ်။ ကဲ..ကဲ..ဘုရားကို အရင်ကန်တော့လိုက်။ ပိုက်ဆံကိုလည်း ချွေချွေတာတာ သုံးဦး'

စိုးပြည့်စုံက မိခင်ဖြစ်သူကို ဘာမှမပြောတော့ဘဲ ဘုရားကို ပုဆိန်ပေါက်ဦးချပြီး မိခင်ကို ဦးချလိုက်သည်။ ထို့နောက် ကျောပိုးအိတ်ကိုလွယ်ကာ သွားပြီ အမေရေဟု နှုတ်ဆက်ကာ အိမ်မှ ထွက်ခဲ့လေသည်။

ကမာရွတ်အဝေးပြေးဂိတ်ကိုရောက်တော့ သထုံသို့ သွားမည့် ဟိုင်းလပ်ကားတစ်စီးကို မီသဖြင့် အဆင်ပြေသွားသည်။ ထိုစဉ်က အဝေးပြေးယာဉ်ရပ်နားစခန်းများသည် ကမာရွတ်နှင့် အင်းစိန်တို့တွင်ရှိသည်။ ခရီးစဉ်တစ်လျှောက်လုံး အဆင်ပြေခဲ့သော်လည်း ဘုရားကြီးနှင့် ဝေါ ကြားတွင် ကားပျက်တာနှင့် ကြုံသဖြင့် အချိန်အတော် ကြာသွားသည်။ ပုံမှန်အားဖြင့် ဘီးလင်းသို့ ညနေ(၆)နာရီ ဆိုက်ရောက်ရမည် ဖြစ်သော်လည်း ကျိုက်ထိုသို့ရောက်တော့ ညည့်(၁၀)နာရီ ထိုးတော့မည်။ လမ်းတွင် မှောင်နေသဖြင့် ဆင်းရမည့်မှတ်တိုင်ကို မမှတ်မိတော့။

'ဆင်စုလမ်းခွဲ ပါတယ်ဗျို့'

စပယ်ယာကို သူ လှမ်းအော်လိုက်သည်။

'ဟာ..အစ်ကို၊ စောစောက ပြောရောပေါ့။ အခု ဘီးလင်းပဲ ရောက်တော့မှာ။ ကဲ..ကဲ..ဘီးလင်းအထိသာ လိုက်ခဲ့တော့ဗျို့။ ကားဂိတ်မှာ ဆိုက်ကားတွေ ရှိပါတယ်။ ဆိုက်ကားပြန်စီးပေါ့ဗျာ'

ကားသမားက သူ့ကို ဘီးလင်းလမ်းဆုံမှာ ချပေးလိုက်သည်။ ကားပေါ်က ဆင်းတော့ သူတစ်ယောက်တည်း ယောင်ချာချာဖြစ်နေသည်။ လမ်းပေါ်မှာ ကားအသွားအလာ ရှင်းနေသည်။ နယ်မြေအခြေအနေကောင်းသဖြင့် ယနေ့လို ညဘက်တွင် ကားများ ပြေးဆွဲခြင်း မရှိသေး။ ဆိုက်ကားလည်း တစ်စီးမှမတွေ့တော့။ စီနီ ညောင်ပင်လက်ဖက်ရည်ဆိုင် ရှေ့တွင်တော့ ဆိုက်ကား သုံး၊လေးစီး ရပ်ထားသည်ကို တွေ့ရသည်။ ဆိုက်ကား ဆရာတွေ ဗီဒီယိုကြည့်နေသည် ထင်၏။ ဆိုက်ကား တစ်စီးပေါ်တွင်တော့ လူတစ်ဦး ထိုင်နေသည်။

'ဆိုက်ကားဆရာ..အားသလားဗျ'

'ဘယ်သွားမလို့လဲ။ မြို့ထဲကိုလား'

'မဟုတ်ဘူးခင်ဗျ။ ဆင်စုရွာ သွားချင်လို့ပါ'

'အာ..ဆင်စုရွာကို အဝေးကြီးဗျ။ မိုးချုပ်နေပြီ။ မသွားရဲတော့ဘူး။ အစ်ကိုတို့က မြို့ထဲလောက်ပဲ ဆွဲနေတာကွ'

'တခြားဆိုက်ကားတွေ မရှိတော့ဘူးလားဗျာ'

'ဂိတ်သိမ်းပြီလေ။ ကဲ..ဒီလိုလုပ်၊ အစ်ကိုလိုက်ငှားကြည့်ပေးမယ်။ ပိုက်ဆံတော့ ပိုပေးလိုက်ပေါ့။ ဂျပန်ကုန်းတက်မှာ တစ္ဆေခြောက်တတ်တာကြောင့် အဲဒီလမ်းကြောင်းကို ညပိုင်း ဘယ်သူမှ မဆွဲရဲကြဘူး'

'ရပါတယ်ဗျာ။ ပေးရမှာပေါ့၊ ကျသလောက် ပေးပါ့မယ်'

'ဒါဆို လက်ဖက်ရည်ဆိုင်ထဲကနေ ထိုင်စောင့်နေ။ အခု ပြန်လာမယ်'

လက်ဖက်ရည်တစ်ခွက် မှာသောက်ရင်း ဆိုက်ကားသမား ပြန်အလာကို ထိုင်စောင့်နေလိုက်သည်။ ညဉ့်(၁၁)နာရီပင် ထိုးတော့မည်။ ဆိုက်ကားဆရာကား ပေါ်မလာသေး။ လက်ဖက်ရည်ဆိုင်မှာ ပြသနေသည့် ဗီဒီယိုဇာတ်ကားလည်း ပြီးသွားပြီဖြစ်၍ လူတွေလည်း အလျှိုလျှို ထပြန်သွားကြကုန်ပြီ။ ဆိုင်ထဲတွင် သူတစ်ယောက်တည်းသာ ကျန်တော့သည်။ ဆိုင်ရှင်ကလည်း ဆိုင်ပိတ်ရန် ဟန်တပြင်ပြင် လုပ်နေသဖြင့် အားနာပါးနာနှင့် ဆက်မထိုင်တော့ဘဲ ပိုက်ဆံရှင်းကာ ဆိုင်ပြင်ကို ထွက်လိုက်သည်။

လမ်းမကြီးပေါ်တွင် ရှင်းလင်းတိတ်ဆိတ်နေသည်။ ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မရှိတော့။ ဘယ်ကို သွားလို့ ဘယ်ကိုလာရမှန်းမသိ ယောင်ချာချာဖြစ်ရာက မထူးတော့ပြီမို့ နောက်သို့ ပြန်လျှောက်သွားလိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com

ဘီးလင်း ခလရ(၈)ရှေ့သို့ ရောက်သွားသည်။

စစ်တပ်ရှေ့တွင် လမ်းမီးတွေက ထိန်ထိန်လင်းနေသည်။ ခလရ(၈)လွန်ခါနီးတွင် သူ့နောက်က တစ်စုံတစ်ယောက် လိုက်နေသလိုမျိုး ခံစားလိုက်ရသဖြင့် နောက်ကျောက မလုံတော့။ သူ နားစွင့်ထားလိုက်သည်။ သေချာသည်။ နောက်က ခြေသံတဖျတ်ဖျတ် ကြားနေရသည်။ လူလား၊ တစ္ဆေလား သိချင်နေသော်လည်း နောက်သို့ လှည့်မကြည့်ရဲ။ ရှေ့မှာ ဂျပန်ကုန်းတက် ရောက်တော့မည်။ တစ္ဆေပဲဖြစ်မှာပါဟု တွေးမိတာကြောင့် ပြေးရင်ကောင်းမလား၊ ရင်ဆိုင်ရင်ကောင်းမလား ဆုံးဖြတ်ရ ခက်နေသည်။ သို့သော် ပြေးလည်း မပြေးရဲ၊ ရင်ဆိုင်ဖို့က လည်း မရဲသဖြင့် နောက်က လိုက်လာသော အကောင်ကို မှန်းဆရ ခက်နေသည်။

ရှေ့ကို ဆက်လျှောက်ရင်း ဓာတ်တိုင်မီးအလင်းရောင်ကြောင့် ထင်လာသော အရိပ်နှစ်ခုကို သူသတိထားလိုက်မိသည်။ အရှေ့က သွားနေသော အရိပ်ရှည်ရှည်သည် သူ၏အရိပ် ဖြစ်သည်။ ဒါဆို နောက်က လိုက်နေသော အရိပ်တိုတိုသည် တစ္ဆေကောင်သာဖြစ်မည်။ အရိပ်နှစ်ခုကို ယှဉ်လိုက်တဲ့အခါ အနောက်က လိုက်လာသော တစ္ဆေကောင်သည် အရပ်ပုပုဖြစ်မည်။ သူ၏ ခါးစောင်းလောက်သာရှိမည်ဟု ခန့်မှန်းရသည်။ အရပ်နှင့် မလိုက်ဖက်စွာ ကြီးမားသောဦးခေါင်းကြီး ရှိမည်ဖြစ်၍ အရပ်ပုပု ခေါင်းကြီးကြီးနှင့် ကလေးမင်စာ တစ္ဆေလေးတစ်ကောင်သာ ဖြစ်မည်ဟု ခန့်မှန်းလိုက်သည်။

သူ ရှေ့သို့ ခပ်သွက်သွက်ကလေး လျှောက်လိုက်သည်။ နောက်က မင်စာကလေးကလည်း ခပ်သွက်သွက်ကလေး ထက်ကြပ်မကွာ လိုက်ပါလာသည်။ ခြေလှမ်းတွေကို သူ နှေးလိုက်လျှင် နောက်က မင်စာလည်း ခပ်ဖြည်းဖြည်း လိုက်လာသည်။ ဒီလို ကလေးတစ္ဆေမင်စာလေးလောက်တော့ သူ မကြောက်။ ထိုစဉ် မင်စာလေးက သူနှင့် ရင်ပေါင်တန်းကာ သူ့အနားသို့ တိုးကပ်လာသည်ကို တွေ့လိုက်သဖြင့် မျက်လုံးကို ထောင့်ကပ်ကာ စွေကြည့်လိုက်သည်။ မြို့ပြင်ရောက်ပြီဖြစ်၍ ဓာတ်တိုင်မီးရောင် မရှိတော့ပြီဖြစ်ရာ လမိုက်ည၏ သန်းခေါင်ယံအမှောင်ထုအောက်တွင် သူ့အနားကို တိုးကပ်လာသော ခေါင်းကြီး ကိုယ်သေး မင်စာလေးကို မပီမပြင် ဝိုးတဝါး တွေ့လိုက်ရသည်။

ဖြစ်ချင်ရာ ဖြစ်စေတော့-

'အာ··ကဲဟာ··ကဲဟာ··သွားရှော့ဟာ။ သေစမ်း သေစမ်း'

'ဘုန်း··ဘုန်း··အား··အမယ်လေးဗျ၊ အင့်'

အနားကပ်လာသော မင်စာတစ္ဆေကို ကြောက်ကန်ကန်၍ အားကုန်ခြေထောက်နှင့် ပိတ်ကန်ပစ်လိုက်သည်။ မင်စာကောင်လေးသည် လမ်းဘေး ရေမြောင်းထဲသို့ လိမ့်ဆင်းသွားပုံရသည်။ တအင်းအင်း ညည်းညူနေသည်။ သူလည်း တစ္ဆေနှင့် ဝေးရာသို့ အားကုန်ပြေးထွက်ခဲ့ရာ ဂျပန်ကုန်းထိပ်သို့ ရောက်လာလေတော့သည်။

◆◆◆

ဂျပန်ကုန်းထိပ်ကိုရောက်တော့ မောလွန်းသဖြင့် ကိုယ်ရှိန်ကိုသပ်လိုက်သည်။ သူ၏တစ်ကိုယ်လုံး ချွေးတို့ဖြင့် ရွှဲနစ်နေသည်။ မင်စာတစ္ဆေကား ရေမြောင်းထဲတွင် လူးလိမ့်၍ ကျန်ရစ်ခဲ့လေပြီ။ ကုန်းဆင်းကို လွန်ပြီးနောက် အမောအနည်းငယ်ပြေသွားသဖြင့် ခေတ္တရပ်ရင်း ဆင်း ရွာလမ်းခွဲ ဘယ်နားမှာလဲဆိုတာ လှေ့လာလိုက်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်အောင် မှောင်နေသဖြင့် ဘာကိုမှ သဲသဲကွဲကွဲမမြင်ရ။ လက်နှိပ်ဓာတ်မီးကို အမေက ထည့်ပေးလိုက်တာတောင် အမိုအလုပ်တွေဆိုပြီး သူ ချန်ထားခဲ့မိတာကိုပင် နောင်တ‚ရနေမိသည်။ ကားအသွား အလာကလည်း တစ်စီးမှမရှိ။ ခုနေများ ကားတစ်စီး တလေလောက် ရောက်လာရင် သိပ်ကောင်းမှာပဲဟု တွေး နေမိစဉ် ကုန်းဆင်းအတိုင်း တလိမ့်လိမ့်နှင့်ဆင်းလာသော ကားလေး တစ်စီး၏ ရှေ့မီးရောင်ကို လှမ်းတွေ့လိုက် သဖြင့် ဝမ်းသာသွားသည်။

'အနားရောက်ရင် လှမ်းတားပြီး အကူအညီတောင်း မှပဲ'

ကားလေးသည် ကုန်းဆင်းအတိုင်း ဆင်းလာ အရှိန်သေကာ ခေတ္တရပ်သွားပြီး ခဏနေတော့ တ လိမ့်နှင့် ထွက်လာပြန်သည်။ သူ့အနီးသို့ ကားရောက်ခင် ရှေ့သို့ထွက်ပြီး လက်ပြကာ ကားကို သူ တားလိုက်သည်။ ကားသမားက သူ့ကို တွေ့သွားပုံရသည်။ ကား သူ့ရှေ့နားတွင် ဖြည်းညင်းစွာ ထိုးရပ်လိုက်သည်။

'အခုလိုကူညီတာ ကျေးဇူးတင်လိုက်တာဗျာ။



www.burmeseclassic.com

www.burmeseclassic.com

တော် ဆင်စုရှာသွားချင်လို့ပါ။ လမ်းခွဲအထိ ပို့ပေးရင်ရပါပြီ။ ကျွန်တော် နေရာမမှတ်မိတော့လို့ပါ။ ကျသလောက် ရှင်းပါ့မယ်ခင်ဗျာ'

ကားရှေ့ခန်းမှ ဒရိုင်ဘာကိုပြောရင်း ချောင်းကြည့်လိုက်သည်။

'ဟိုက်..လက်ပြတ်ကြီးဗျ'

ဘက်ထရီမီးမှိန်မှိန်အောက်တွင် သူထင်ထားသလို ဒရိုင်ဘာကိုမတွေ့၊ လက်ပြတ်ကြီးတစ်ဖက်သာ ကားစတီယာရင်ကို ကိုင်ထားသည်ကို တွေ့လိုက်သဖြင့် သူ လန့်အော်လိုက်မိသည်။

'အား..ခအောင်မယ်လေးဗျ။ လက်ပြတ်ကြီး ကားမောင်းလာတယ်ဗျို့'

သူ အသံနက်ကြီးနှင့် လန့်အော်လိုက်သည်။ ကြောက်ကြောက်နှင့် ကားအနီးမှဆုတ်ကာ တစ်ချိုးတည်း သူ ထွက်ပြေးရပြန်သည်။ ပြေးရင်းလွှားရင်း ဘယ်အထိ ခရီးပေါက်မှန်းပင် မသိတော့။

ရှေ့နားတွင် လမ်းသွယ်လေးတစ်ခုကို တွေ့လိုက်သဖြင့်-

'ဟော..ဒါ ဆင်စုလမ်းခွဲပဲ ဖြစ်မယ်'

လမ်းသွယ်ထဲသို့ သူ ချိုးဝင်လိုက်သည်။ ဒီလောက်ဆို စိတ်ချရပါပြီလေဟုတွေးကာ ပြေးခြင်းကို ရပ်လိုက်သည်။ ရှေ့သို့ ခြေလှမ်းမှန်မှန်နှင့်ပင် လျှောက်ခဲ့လေသည်။

'ဖျပ်..ဖျပ်..ရှပ်..ရှပ်'

လျှောက်နေရင်းမှ နောက်က ခြေသံလို ကြားလိုက်ရပြန်သည်။

'ဟင်..ဟိုမှင်စာကောင် လိုက်လာပြန်ပြီ ထင်တယ်' ဟု ဆိုကာ နောက်သို့ လှမ်းကြည့်မိလိုက်သည်။

'ဟိုက်..ဟုတ်သဟ'

အမှောင်ထဲမှ ဝင်းဝင်းတောက်နေသော မျက်လုံးတစ်စုံနှင့် မည်းမည်းအကောင်ကြီးတစ်ကောင် သူ့နောက်မှ လိုက်လာသည်ကို တွေ့လိုက်ပြန်သဖြင့် အမောမပြေခင် ကြောက်အားလန့်အားနှင့် ဆက်ပြေးရပြန်သည်။ ပြေးရလွန်းသဖြင့် ခြေကုန်လက်ပန်းကျကာ အမောဆို့လုမတတ် ဖြစ်နေသည်။

'ဟော..ရှေ့မှာ အိမ်တစ်လုံး။ ရွာကို ရောက်ပြီထင်တယ်။ တတ်နိုင်ဘူး၊ တွေ့တဲ့အိမ်ကို အရင်သွားပြီး အကူအညီတောင်းရမှာပဲ'

သူမှာ နောက်က လိုက်လာသော အကောင်ကြီးကြောင့် ထပ်ပြေးနေရပြန်သဖြင့် ဟောဟဲလိုက်နေပြီ။ ဘကြီးအိမ်ကို မရှာအားတော့။

တွေ့သည့်အိမ်ကို ပြေးတက်မည်ဟူသော စိတ်ကူးဖြင့် ခြံဝတံခါးကို လှုပ်တွန်းကာ-

'ဗျို့..အိမ်ရှင်တို့၊ တံခါးဖွင့်ပါဦးဗျ။ ကျုပ်ကို ကူညီပါဦး။ နောက်က တစ္ဆေတွေ လိုက်လာလို့ပါဗျာ။ ဟီး..ဟီး..ဟီး..မြန်မြန်လေး တံခါးဖွင့်ပါဗျာ။ ကျွန်တော့်နောက်ကို တစ္ဆေကောင်ကြီး ရောက်တော့မယ်ဗျ။ အီး..ဟီး..ဟီး'

တစ္ဆေကောင် မည်းမည်းကြီးက တဟဲဟဲအော်ရင်း သူ့နောက်ကို ရောက်လာသဖြင့် တံခါးပေါင်ကို ဆုပ်ကိုင်ကာ အစွမ်းကုန် အော်ပစ်လိုက်သည်။ ထိုစဉ် တစ္ဆေကောင်ကြီးက သူ၏ ကျောကုန်းပေါ်သို့ ခုန်အုပ်လိုက်သည်။ စူးရှထက်မြက်သော လက်သည်းရှည်ကြီးများ၏ အတွေ့အထိကြောင့် ကျောကုန်းတွင် ရှတဇာဝေဒနာကို ခံစားလိုက်ရသည်။ ရှည်လျားသော အမွေးကြမ်းကြီးများကြောင့် ကျောပြင်တွင် ယားကျိကျိဖြစ်သွားသည်။

ကြောက်ကြောက်နှင့် ခေါင်းကိုငုံ့ပြီး လက်နှစ်ဖက်နှင့် အုပ်ထားလိုက်စဉ် သူ၏ လည်ကုပ်သားများကို တစ္ဆေကောင်က သူ၏ လျှာကြမ်းကြီးနှင့် လေးငါးချက် လျက်လိုက်သဖြင့် ဖျွေးခနဲ ဖျွေးခနဲ ကြက်သီးထသွားသည်။ မကြာခင် သူ၏လည်ကုပ်ကို စူးမြချွန်ထက်သော အစွယ်ကြီးများဖြင့် ကိုက်ဖောက်ကာ ကုတ်သွေးစုပ် ခံရတော့မည်ဟူသော အသိကြောင့် တံခါးပေါင်ကို ခပ်ကြမ်းကြမ်း လှုပ်ခါပြီး မျက်စိမှိတ်ကာ ကြုံးအော်လိုက်ပြန်သည်။

'လုပ်ကြပါဦးဗျ၊ ဟီး..ဟီး..ဟီး..တစ္ဆေကောင်ကြီး ကျွန်တော့်ကို ကုပ်သွေးစုတ်နေပြီဗျ။ ကယ်ကြပါဦးဗျာ။ ဟီး..ဟီး..အီး'

သူ၏အော်သံကြောင့် အိမ်ထဲမှ လူကြီးတစ်ဦး လက်နှိပ်ဓာတ်မီးထိုးကာ ပြေးထွက်လာသည်။

'ဘယ်မှာလဲ တစ္ဆေ၊ ဘာဖြစ်တာတုံး။ အာ..ခွေးကောင် အောင်နက်၊ သွားစမ်း။ ကိုယ့်နေရာမှာ ကိုယ်[illegible] နေစမ်း'

ထိုလူကြီးက အမိန့်ပေးလိုက်မှ သူ၏[illegible]



www.burmeseclassic.com

www.burmeseclassic.com

ပတတ်ရပ်ပြီး လည်ကုတ်ကို လျှာဖြင့် လျက်နေသော ခါးစောင်းခန့်ရှိသော ခွေးနက်ကြီးသည် အမြီးကလေးကုပ်ကာ ပြေးထွက်သွားတော့သည်။

'မကိုက်ပါဘူးကွယ်၊ ဒီကောင်ကြီးက လိမ္မာပါတယ်။ အိမ်က မွေးထားတဲ့ ခွေးကြီးပါကွ'

အောင်နက်ကြီးမှန်း သိလိုက်ရမှ အလုံးကြီးကျကာ ကြောက်စိတ်တွေ ပြေသွားသည်။

ထိုလူကြီးက ခြံတံခါးကို ဖွင့်ပေးရင်း-

'မောင်ရင်က ဘယ်သူလဲကွယ့်။ ဘယ်လိုဖြစ်ရတာတုံး' ဟု မေးလိုက်သဖြင့် စိုးပြည့်စုံက လမ်းတွင် သူ့သရဲသုံးခါခြောက်သဖြင့် သုံးကြိမ်တိုင်တိုင် ပြေးလွှားခဲ့ရကြောင်း ရှင်းပြလိုက်သည်။

'ဟား..ဟား..ဟား..ဟား..ဖြစ်ရလေကွာ။ အဲဒီဂျပန်ကုန်းတက်ဆိုတာ သရဲခြောက်တဲ့နေရာမှာ နာမည်ကြီးပဲကွ။ မကြောက်ပါနဲ့တော့ကွာ။ ဦးတို့ရွာကို ရောက်ပြီပဲ၊ ကူညီရမှာပေါ့။ လာ..အိမ်ထဲဝင်ကွာ။ မင်းသွားမယ့် ဆင်စုရွာက ဟိုဘက်ရွာကွ။ မနက်စောစော လိုက်ပို့ပေးပါ့မယ်'

ဘက်ထရီမီးချောင်း၏ အလင်းရောင်က တစ်အိမ်လုံး ဝင်းထိန်နေသည်။ လျှပ်စစ်မီးရှိဟန်မတူ။ အိမ်ရှေ့ခန်းတွင် ဖြူဝင်းနုနယ်သော မိန်းမပျိုလေးတစ်ဦးနှင့် ကလေး လေး၊ ငါးယောက် ဗီဒီယိုထိုင်ကြည့်နေကြသည်။ ဗီဒီယိုဇာတ်ကားမှာ မလေးရှားစုန်းကား ဖြစ်သည်။

'မအိပ်ကြသေးဘူး ထင်ပါရဲ့။ အားနာလိုက်တာဗျာ'

'အားမနာပါနဲ့ အစ်ကို၊ ညီမတို့က ဘေးအိမ်က ကလေးတွေနဲ့ ဗီဒီယိုကြည့်နေကျပါ။ အမေတစ်ယောက်ပဲ အိပ်သေးတာရှင့်'

မိန်းကလေးက သူ့ကို တရင်းတနှီး ပြောလိုက်သဖြင့် သူ့အဖို့ အနေကျဉ်းကျပ်မှုကို ပြေလျော့သွားသည်။ နံရံတွင် ကပ်ထားသောနာရီကို ကြည့်လိုက်တော့ ည၌တစ်နာရီပင် ထိုးတော့မည်။

'ကံကောင်းတာပေါ့ ငါ့တူရယ်။ ဂျပန်ကုန်းဆိုတာ ဂျပန်ခေတ်က ဂျပန်တွေ တပ်စခန်းချတဲ့နေရာပေါ့။ မဟာမိတ်တွေ ဗုံးကြဲတော့ အတုံးအရုံးပဲပေါ့'

'ဒါထက် ဒီရွာက ဘာရွာလဲ ဦးလေးရဲ့'

'သဘက်ကြီးကုန်းတဲ့ကွ'

ရွာနာမည် ကြားလိုက်သဖြင့် စိုးပြည့်စုံ ကြက်သီးပင် ထသွားသည်။

'ငါ့နာမည်က စိန်တုံး၊ ငါ့မိန်းမနာမည်က မိရွှေတုံး ငါ့သမီးနာမည်က မိရွှေမှုန်တဲ့ကွ။ မိသားစုသုံးယောက်ပဲ ရှိတာ။ ဟိုကလေးတွေက ဘေးအိမ်က ကလေးတွေ တစ်ရွာလုံးမှ အိမ်ခြေနှစ်ဆယ်ကျော်ပဲရှိတယ်။ အားလုံး ငါ့ဆွေမျိုးချည်းပဲ'

ဦးစိန်တုံးက ရွာအကြောင်း ပြောပြနေစဉ် ဧည့်သည် လာသည်ဟု ကြားသဖြင့် အိပ်ရာမှ ထလာဟန်တူသော ဒေါ်ရွှေတုံးက ဆံပင်ကို တစ်ပတ်လျှိုထုံးရင်းမှ-

'သမီး..ညည်းအစ်ကိုကို မျက်နှာသစ်ဖို့ ရေခပ်ပေး လိုက်ပါဦးကွယ်'

'ဟုတ်ကဲ့ အမေ၊ ဒီမှာ ယူလာပါပြီ။ ရော့..အစ်ကို မျက်နှာသစ်လိုက်ပါဦး'

ရွှေမှုန်ကမ်းပေးသော ရေဖလားကိုယူကာ သူမျက်နှာ သစ်လိုက်ပြီး ချွေးတို့ဖြင့် ရွှဲနစ်နေသော အင်္ကျီနှင့် လုံချည် ကို အသစ်လဲလှယ်ဝတ်လိုက်သည်။ အိမ်ရှေ့ ဖိနပ်ချွတ် ခွေးကတက်ပေါ်တွင်တော့ အောင်နက်ကြီးက ခွေခွေလေး အိပ်နေရှာလေသည်။

'ဟော့..သမီးရွှေမှုန်ရေ၊ ဧည့်သည်ကို ထမင်းကျွေး စီစဉ်ကွယ့်။ ဘေးအိမ်တွေပါ နှိုးပြီး အကြောင်းကြားလိုက် ဦး'

'ဟာ..မလုပ်ပါနဲ့၊ ကျွန်တော်..ကျွန်တော်'

အချိန်မရွိ အခါမရှိကြီးမို့ အိမ်ရှင်ကို အားနာ သူ ငြင်းဆန်လိုက်သည်။

'ဘာမှအားနာစရာ မလိုဘူးကွ။ တို့တစ်ရွာလုံး ဧည့်သည်ဆို ကျွေးချင်မွေးချင်လို့ မျှော်နေကြတာ။ တ တောင် ဖိတ်ကျွေးရသေးတာ။ အခုတော့ ဆိုက်ဆိုက် မြိုက်ပဲဟေ့။ တို့တစ်ရွာလုံးစေတနာ မင်း မကြာခင် မယ်ဟေ့'

ရွှေမှုန်က ရေနွေးဇွန်းနှင့် လက်ဖက်သုပ်ပန်းက လာချပေးရင်း-

'အားမနာပါနဲ့ အစ်ကို၊ ညီမတို့ရွာက ဧည့်သည် ကျွေးနေကျပါ။ ကဲ..ကလေးတွေ၊ ဒီနေ့တော့ ကြည့်တာ တော်တော့။ ဧည့်သည်ရောက်နေလို့ ပြန်အိပ်ကြတော့နော်'

www.burmeseclassic.com

www.burmeseclassic.com

ဗီဒီယိုစက်ကို ပိတ်လိုက်သဖြင့် ကလေးများ ထပြန်သွားကြသည်။ ခဏကြာတော့ ဘေးဘီအနီးအနားမှ အိမ်များတွင် မီးတိုင်မီးခွက် အလင်းရောင်များ ပေါ်လာကာ အိုးခွက်ပန်းကန်သံများ၊ ရေတ်သီးထောင်းသံများ ထွက်ပေါ်လာသည်။ နာရီဝက်မျှသာကြာသည်။ ရွှေမှုန်နှင့်အတူ ရွာက မိန်းမလှလေး ငါးဦး ထမင်းပွဲ ပြင်ဆင်နေကြလေပြီ။ ထိုစဉ် ရွာထဲရှိ အိမ်များမှ လူများက ဟင်းပန်းကန်များ၊ မုန့်ပန်းကန်များ ကိုင်ဆောင်ကာ ရောက်လာကြလေပြီ။ တစ်အိမ်လျှင် တစ်မျိုးဖြင့် ဟင်းခွက်တွေက စုံသင်လှလေ၏။

'ကဲ..ငါ့တူ စားပေဦးတော့ကွာ။ အားမနာနဲ့၊ ဒါငါတို့ရွာရဲ့ အစဉ်အလာပေလေ့ပဲ'

သူ ထမင်းစားပွဲတွင် ဝင်ထိုင်ကာ ထမင်းစားလိုက်သည်။ ဆာလောင်မွတ်သိပ်နေလို့လားမသိ၊ စားရတာ မိန်ရေရှက်ရေ ရှိလှသည်။ လေး,ငါးပန်းကန်ကုန်အောင် စားလိုက်နိုင်သဖြင့် ကိုယ့်ကိုယ်ကိုယ်ပင် အံ့သြနေမိသည်။ ထမင်းဝိုင်းဘေးတွင် မိန်းမပျိုလေးများက လိုအပ်သည်တို့ကို ဆောင်ရွက်ပေးနေကြသည်။ ရွှေမှုန်လေးသည် သူ့အနီးမှထိုင်ကာ ယပ်ခတ်ပေးနေသည်။ ရွာသားများသည် သူအားပါးတရ စားသောက်နေသည်ကို ကျေနပ်ဝမ်းမြောက်နေကြပုံပေါ်သည်။ ပြုံးပြုံး,ပြုံးပြုံးနှင့် ထိုင်ကြည့်နေကြသည်။ သူ၏ ထမင်းပွဲသည် ဘုန်းကြီးတစ်ပါးကို ဆွမ်းကပ်နေသည်နှင့်ပင် တူတော့သည်။ ရွာသားများသည် သောက်ရေ ကမ်းသူကမ်း၊ လက်ဆေးရေ ကမ်းသူကမ်း ဟင်းခတ်ထည့်ပေးသူ၊ ထမင်းခူးပေးသူတို့ဖြင့် ဧည့်ဝတ်ကျေပွန်လှလေသည်။

'ဦးလေးတို့ မိသားစုနဲ့ တစ်ရွာလုံးရဲ့ စေတနာကို ကျွန်တော် တစ်သက်မမေ့ပါဘူးဗျာ'

'ရပါတယ် ငါ့တူ၊ ရွာကို ရောက်လာသူတိုင်းကို ဦးလေးတို့က လှူဒါန်းနေကျကွ။ ခုတလော ဧည့်သည်မရောက်လို့ မလှူရဘူး။ အောင်နက်ကြီး ခေါ်လာလို့ မောင်ရင် ဒီကိုရောက်လာတာလို့ မှတ်ကွယ့်'

ဦးစိန်တုံး စကားကြောင့် ခွေးကတက်တွင် ဆောင့်ကြောင့်ထိုင်ရင်း သူ့ကို ကြည့်နေသော အောင်နက်ကြီးအား 'ကျေးဇူးတင်ပါတယ် အောင်နက်ကြီးရာ' ဟု သူ ပြောလိုက်သည်။

ထမင်းဝိုင်း သိမ်းပြီးနောက် ရွာသားများသည် သူတို့၏ ဟင်းပန်းကန်များကို ပြန်ယူကြပြီး သူ့ကို နှုတ်ဆက်ကာ ပြန်သွားကြလေသည်။ နာရီကို ကြည့်လိုက်တော့ နံနက်(၄)နာရီခွဲပြီးပြီ။

'ကဲ..ငါ့တူ၊ ခဏနေ ရွာသားနှစ်ယောက်က မင်းကို ဆင်စုရွာအဝင်အထိ လိုက်ပို့လိမ့်မယ်။ နောင်အခါအခွင့်သင့်ရင် ပြန်ဆုံကြဦးမှာပေါ့'

'ဟုတ်ကဲ့ပါ ဦး။ ကျွန်တော် ဒီရွာကို တမင်လာလည်ဦးမှာပါ။ ရွှေမှုန်ကိုလည်း နှုတ်ဆက်ပါတယ်။ ရွှေမှုန်..အစ်ကို ပြန်ဦးမယ်နော်'

အားလုံးကို နှုတ်ဆက်ပြီး ရွာသားနှစ်ဦးက သူ့ကို လိုက်ပို့ကြသည်။ ဆင်စုရွာထိပ်ရောက်တော့ နံနက်(၆) နာရီ ထိုးတော့မည်။ လိုက်ပို့သူများက သူ့ကို နှုတ်ဆက်ပြီး ပြန်သွားကြသည့်အတွက် သူတစ်ဦးတည်း ရွာထဲ ဝင်ခဲ့လေသည်။

◆◆◆

'ဟဲ့..စိုးပြည့်စုံ မဟုတ်လား၊ စောစောစီးစီး ကောက်ခါငင်ခါနဲ့။ လာ..လာ..အိမ်ပေါ်တက်'

ဘကြီးစံရွှေ၏ အိမ်ရှေ့တွင် ကားတစ်စီး ရပ်ထားသည်။ သူ ခြံထဲဝင်လာသည်ကို မြင်သဖြင့် ဘကြီး၏ဇနီး ဒေါ်အမာတီက အံ့သြတကြီး သူ့ကို ဆီးခေါ်လိုက်သည်။

'လာဟေ့..ငါ့တူ၊ ငါက ညနေမှ ရောက်မယ်ထင်





www.burmeseclassic.com

www.burmeseclassic.com

တာ။ ညကတော့ မိုးစုံးစုံးချုပ်မှ အမာတီရဲ့တူ ဟောဒီက မောင်အောင်ဇော်တင့် ရောက်လာတယ်ကွ’

လက်ဖက်ရည်ဝိုင်းတွင် သူနှင့်ရွယ်တူ လူငယ်တစ်ဦးနှင့်အတူ ဆယ့်နှစ်နှစ်အရွယ် ကောင်လေးတစ်ယောက်လည်း ထိုင်နေကြသည်။ လူရွယ်က သူ့ကို ပြုံးပြရင်း လက်ဖက်ရည်သောက်ဖို့ ဖော်ရွေစွာဖိတ်ခေါ်လိုက်သည်။

‘သူက အမာတီရဲ့တူ မော်လမြိုင်က အောင်ဇော်တင့်တဲ့ကွ။ မင်းတို့အချင်းချင်း မဆုံဖူးကြတော့ တစ်ယောက်နဲ့တစ်ယောက် ဘယ်သိကြလိမ့်မတုံး။ အောင်ဇော်တင့်က ညကမှ ရောက်လာတာ။ ဂျပန်ကုန်းဆင်းမှာ သရဲခြောက်ခံရလို့တဲ့ဟေ့။ နာရီပြန်တစ်ချက်တီးမှ ဒီကိုရောက်လာကြတာကွယ့်’

‘ဟုတ်တယ် ကိုစိုးပြည့်စုံရ။ သရဲလား လူလားတော့ မသိပါဘူး။ ဘီးလင်းကအထွက် ဂျပန်ကုန်းတက်နားအရောက်မှာ ကျွန်တော့်ကား ဆိုပြတ်ပြီး ထိုးရပ်သွားတယ်။ ကားပေါ်က ဆင်းကြည့်တော့ လမ်းဘေးမှာ ဒီကလေး ငိုနေတာ တွေ့တယ်ဗျ’

‘ဒီကောင်လေးက ဟိုဘက်အိမ်က ကလေးကွ။ ဘီးလင်းမှာ မုန့်ဖက်ထုပ် သွားရောင်းတာ’

ဘကြီးစံရွှေက ကြားဖြတ်၍ ရှင်းပြလိုက်သည်။

‘ဒီလိုပါခင်ဗျ၊ မနေ့ညနေက မိုးချုပ်သွားလို့ သားလည်း မပြန်ရဲတော့ဘူး။ ဆိုက်ကားသမား တစ်ယောက်က ဟိုရွာက ထွက်သွားတဲ့လူက မင်းတို့ရွာ သွားမှာကွ။ သူနဲ့အတူ လိုက်သွားဆိုတာနဲ့ သူ့နောက်က လိုက်ခဲ့တယ်။ တော်တော်ကိုယ်ချင်းစာတရားမရှိတဲ့ သရဲပဲဗျာ။ သားကလည်း မုန့်တောင်းလေး ခေါင်းမှာဆောင်းပြီး ပြေးလိုက်ခဲ့တာ။ အနားလည်းရောက်ရော ဘာမပြော ဘာမဆိုနဲ့ သေစမ်းဟဆိုပြီး ပိတ်ကန်ပြီး ထွက်ပြေးတော့တာပဲ။ သားလည်း ရေမြောင်းထဲမှာ လိမ့်နေတယ်။ အဲဒီအချိန်မှာ ဟောဒီ အစ်ကိုကြီးကား ရောက်လာတာပဲ’

‘အေးကွာ၊ တော်တော်ကိုယ်ချင်းမစာတာဘဲ။ ငါနဲ့ဆုံလို့ကတော့ ဒင်း မလွယ်ဘူး’

ဘကြီးစံရွှေက မကျေမချမ်းနှင့် ဝင်ပြောလိုက်သည်။

အောင်ဇော်တင့်က-

‘ကျွန်တော်လည်း သူ့ကို ချော့မော့ခေါ်ခဲ့ပြီး သူက နောက်ကတွန်း၊ ကျွန်တော်က ဘေးကတွန်းပေါ့ဗျာ။ လက်တစ်ဖက်ကိုလည်း ကားပြတင်းက ထိုးသွင်းပြီး စတီယာရင်ကို ထိန်းရသေးတယ်ဗျ။ ဂျပန်ကုန်းဆင်းလွန်တော့ ကားကို လူတစ်ယောက် လှမ်းတားတာနဲ့ သူ့ရှေ့မှာ ကားကို ထိုးရပ်ပေးလိုက်တယ်။ အဲဒီလူက ကျေးဇူးတင်တယ်ဗျို့ဆိုပြီး ကားခေါင်းခန်းကို ချောင်းကြည့်လိုက်တယ်။ ဘာကို မြင်သွားတယ် မသိပါဘူး။ လက်ပြတ်ကြီးလို့ အော်ပြီး တစ်ချိုးတည်း ထွက်ပြေးသွားလိုက်တာ အမှောင်ထဲမှာ ပျောက်ကရောဗျို့’

ကိုအောင်ဇော်တင့်စကား ကြားရသဖြင့် ညကအဖြစ်အပျက်သည် သူ့ကို သရဲခြောက်တာ မဟုတ်ဘဲ သရဲကို သူက အကြောက်လွန်ပြီး မစူးစမ်းမဆင်ခြင်တာသာဖြစ်ကြောင်း သဘောပေါက်သွားသည်။

‘ဟား..ဟား..ဟား..ဟား..သရဲက လူကို ဖြ… ကြောက်တာ ဒီတစ်ခါပဲ ကြားသေးသကွယ့်’

ဘကြီးစံရွှေက သဘောကျစွာ ရယ်မောလိုက်သည်။

ကျွန်တော်လည်း ညကပဲ ဘီးလင်းကို ရောက်ခဲ့တယ်ဗျဟုဆိုကာ စိုးပြည့်စုံက မုန့်ဖက်ထုပ်သည်ကောင်လေးကို သူပိတ်ကန်ခဲ့သည့် အကြောင်းနှင့် လက်တစ်ဖက်ပြတ်ကားသမား အကြောင်းကို ရှက်သဖြင့် ချန်လှပ်ကာ သဘက်ကြီးကုန်းကို ရောက်ခဲ့သည့် အကြောင်းကိုသာ ပြည့်ပြည့်စုံစုံ ပြောပြလိုက်သည်။ ပြီးတော့ တကယ်… သရဲခြောက်ခံရတယ်ဆိုတာ ကိုယ်က ကြောက်နေလို့… ဗျာဟု ပြောလိုက်သည်။

‘ဘာကွ၊ သဘက်ကြီးကုန်းက ဦးစိန်တုံး ဟု… လား။ မင်းလည်း တစ္ဆေခြောက်တာ ခံလိုက်ရပြီကွ။ အဲ… သဘက်ကြီးကုန်းဆိုတာ ကျတ်ကုန်းကွ။ သူတို့ရွာ… အချိန်အခါမရှိ ရောက်လာတဲ့ ဧည့်သည်တွေကို ဦးစိန်… တို့၊ သဘက်ကြီးကုန်းက ကျတ်တွေက ထမင်းဖိတ်… ပြီး လှူလေ့ရှိတယ်ကွ။ မင်းလည်း ကျတ်တွေရဲ့ အ… တိုးတာ ကံကောင်းတာပေါ့ ငါ့တူရာ။ ဟဲ..ဟဲ..ဟဲ…

ကျတ်အလှူနဲ့တိုးလို့ ကံကောင်းတာထက် ည… သုံးချီသုံးလား ပြေးခဲ့ရလို့ အမောဆို့ပြီး ကံကောင်း… မသေတာ၊ ဘယ်သူမှ မသိလိုက်တာ ကံကောင်းတယ်… ဆိုရမှာပါ ဘကြီးရယ်ဟု စိုးပြည့်စုံ စိတ်ထဲမှသာ ရေ… လိုက်တော့သည်။

သျှင်ရဲထွဋ်(တောင်…



www.burmeseclassic.com

www.burmeseclassic.com




(ယောမြို့) ဆရာပြောင်၊ ဆရာအောင်၊ ဆရာထွန်းမင်းအောင်တို့၏ သားတပည့်

# ရှမ်းဆရာ ဦးစိုင်းငွေးလှိုင်

(ဝမ်းတွင်းမှော်စက်ရှင်)

လူအများ၏ ကောင်းကျိုးချမ်းသာအတွက် အံ့ဖွယ်နက်နဲသော ပညာရပ်များဖြင့်သာ ကူညီဆောင်ရွက်မည်။

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး(အချစ်ရေး)၊ နိုင်ငံရပ်ခြားကိစ္စများနှင့် ဘာသာ၊ သာသနာရေး ကိစ္စရပ်များ၊ အိမ်မြေ၊ ခြံမြေ၊ တိုက်တာ၊ ကား ရောင်းဝယ်ခြင်းများ။ အိမ်တွင်း/အိမ်ပြင် မည်သည့်ပယောဂနှင့်ယှဉ်သော အနှောင့်အယှက်၊ အတိုက်အခိုက်များမဆို ရက်ပိုင်းအတွင်း တိကျမှန်ကန် မြန်ဆန်အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်ပေးပါသည်။

ဆရာနှင့်တွေ့ချိန် - နေ့စဉ် (ဘာနုလ်ံာနေ့မှအပ)

နံနက်(၉)နာရီ မှ ညနေ(၄)နာရီ အထိ

အမှတ်-၄၀၇၊ လှော်ကားလမ်းမကြီး (ဘုန်းကြီးကျောင်းခံကွေ့ကားမှတ်တိုင်ရှေ့)၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၇၃၀ ၇၂၉၇၀



နယ်လှည့်သာသနာပြု ဖိုးမွှေးသိဒ္ဓိ၏တပည့်

# ဆရာမပွင့်သစ္စာထင် (Eco.)

(မွေးရာပါ အကြားအမြင်)



သင့်ရဲ့ကံ အဆိုး/အကောင်း၊ အလှည့်အပြောင်း သိလိုလျှင် ဆရာမပွင့်သစ္စာထင် ရှိတယ်။

ထီပေါက်ကိန်း၊ ရာထူးတိုးကိန်း၊ အိမ်ထောင်ရေးကံ၊ နိုင်ငံခြားခရီး၊ ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး... စသည်တို့ကို မှန်ကန်တိကျစွာ လမ်းညွှန်ပေးပါသည်။

လိုအပ်ပါက ယတြာကို အခမဲ့ဆောင်ရွက်ပေးပါသည်။

အမှတ်(၃)ရပ်ကွက်၊ အရှေ့ဘိုကုန်း၊ ကလောမြို့။ ၀၉၄၂၈၁၁၇၂၃၃


www.burmeseclassic.com

www.burmeseclassic.com

# တစ္ဆေပြူနှင့် တစ်ညသ၌ ရှင်တွေးအောင်

ကျွန်ုပ်သည် ရိုးသားစွာ ဝန်ခံရလျှင် တစ္ဆေသရဲကို ကြောက်ရွံ့သူဖြစ်၏။ သို့သော် ကျွန်ုပ်သည် ယခု အသက် (၇၃)နှစ်တွင်းသို့ ရောက်ရှိနေပြီဖြစ်သော်လည်း တစ္ဆေသရဲတို့ကို တစ်ချိန်တစ်ခါဖူးမျှပင် မမြင်ဖူး၊ မတွေ့ဖူးသေးပေ။ မမြင်ဖူး၊ မတွေ့ဖူးဘဲလျက် တစ္ဆေသရဲကို မင်း ဘာလို့ ကြောက်ရွံ့နေသလဲဟုမေးလျှင် ကျွန်ုပ် ရိုးသားစွာ အဖြေပေးနိုင်ပါသည်။ ၎င်းကျွန်ုပ်၏ အဖြေမှာ အပြင်မှာတော့ မမြင်ဖူးဘူး။ စာအုပ်တွေ၊ ရုပ်ရှင်တွေထဲမှာတော့ ဖတ်ဖူး၊ မြင်ဖူးသည်။ ထို့ကြောင့် ကျွန်ုပ် ကြောက်ရွံ့ခြင်း ဖြစ်ပါသည် ဟူ၍သာ ဖြေရပေလိမ့်မည်။

လူအများက ဤနေရာ၌ တစ္ဆေသရဲ ခြောက်တတ်သည်ဟုဆိုလျှင် ဤနေရာသို့ ကျွန်ုပ် မသွားရဲ။ ထိုနေရာ၌ ရှိသည်၊ ခြောက်သည် ဆိုလျှင်လည်း ထိုနေရာကို ကွင်းရှောင်၍ သွားတတ်၏။ တစ္ဆေသရဲ အခြောက်ခံရမှာ ကြောက်၍ဖြစ်လေသည်။

တစ်ခါမှာတော့ ကျွန်ုပ်သည် တစ္ဆေခြောက်သည်လား၊ သရဲခြောက်သည်လား အတိအကျတော့ ကျွန်ုပ် မပြောတတ်ပေ။ အချိန်မှာ ည(၉)နာရီခန့် ရှိမည်ထင်သည်။ မီးပျက်သော ညတစ်ညဖြစ်သောကြောင့် လမ်းမီးတိုင်များ မှောင်လျက်ရှိ၏။ လကွယ်ညမို့ ပို၍အမှောင်ထုက ကြီးစိုးနေ၏။





www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်း အောင်ဇော်ဝင်းအိမ်မှ ကျွန်ုပ်၏အိမ်သို့ အပြန်လမ်းမှာ ဝုန်းခနဲ အသံတစ်ခု ကြားလိုက်ပြီး ထို အသံကြားရာသို့ လှမ်း၍ကြည့်လိုက်ရာ နှစ်လံခန့် အရှည် ရှိသော သစ်ကိုင်းခြောက်ကြီး တစ်ချောင်းကို မြင်လိုက် ရ၏။ ကျွန်ုပ်၏ ရှေ့တစ်လံအကွာ၌ သစ်ကိုင်းကျိုးကျခဲ့ သောကြောင့် သတိထား မြင်တွေ့ရခြင်း ဖြစ်လေ၏။

ကျွန်ုပ်သည် လန့်ပြီး နောက်သို့ ခုန်ဆုတ်လိုက်၏။ အော်တော့ မအော်မိပေ။ မတော်တဆ ဖြစ်တာပဲဟု အား တင်း၍ စိတ်ကို ဖြေရ၏။ ကြောက်စိတ်ကတော့ တယ်ပြီး မပြေချင်သေးပေ။

သစ်ကိုင်းခြောက်ကို ကျော်ဖြတ်ပြီး အိမ်သို့ ကျွန်ုပ် အရောက်လာနိုင်ခဲ့၏။ သည်တော့မှ ကျွန်ုပ်၏ ကြောက် စိတ်တို့ ပြေလေ၏။

ကျွန်ုပ်၏ ဇနီးလုပ်သူက အိမ်ပြန်နောက်ကျသည်ဟု ဆို၍ မိန်းမတို့သဘာဝအတိုင်း ဟိုမေးသည်စမ်းလေးတော့ လုပ်လိုက်ပါသေး၏။ ကျွန်ုပ် တစ္ဆေကြောက်တတ်မှန်း သိ၍ စိုးရိမ်လို့ မေးတာမျိုးလည်း ဖြစ်နိုင်လေ၏။

လူတို့၏ သဘာဝသည် ထူးတော့ဆန်းပေ၏။ မသိ ချင်၍ ဖုံးထားသည်ကို စပ်စုချင်ကြ၏။ စူးစမ်းချင် ကြ၏။ တစ်ဖန် ကြောက်စရာကောင်းသည်ဟု ပြောလျှင် သည်း ဘာလို့ ကြောက်စရာကောင်းတာလဲ၊ ဘာက ကြောက်စရာကောင်းတာလဲဟု စပ်စုချင်ကြပြန်၏။

ကျွန်ုပ်လည်း ဤအတိုင်းပင် ဖြစ်လေ၏။ ကြောက် ရာကောင်းသည်ဆိုသော အရာကိုမှ စူးစမ်းစပ်စုချင်လာ ၏။ ထို့ကြောင့် ကျွန်ုပ်သည် ညက သစ်ကိုင်းကျိုးကျ၍ တစ္ဆေသရဲခြောက်သည်ဟုထင်ပြီး ကြောက်ခဲ့ရသည့် ထို သစ်ပင်ဆီသို့ ထိုမနက်၌ သွားရောက်ကြည့်ရှုရာ သစ်ကိုင်း ခြောက်သည် ၄င်းနေရာ၌ ရှိမနေတော့ပေ။ သစ်ကိုင်း ခြောက်ကြီး ပျောက်ခြင်းမလှ ပျောက်နေသောကြောင့် ကျွန်ုပ်မှာ စဉ်းစားစရာဖြစ်၍လာလေတော့၏။

ညက ကျိုးကျတဲ့ သစ်ကိုင်းခြောက်ကြီးက ဘယ်လို ပြီး ဒီမနက်အစောကြီးမှာ ပျောက်သွားရတာလဲ။ တစ် ယောက်ယောက်ကမြင်လို့ အိမ်မှာ ထင်းစိုက်ဖို့ ယူသွား တာလား။ ဒါမှမဟုတ် ညက တကယ် တစ္ဆေသရဲခြောက် တာလား။

ကျွန်ုပ်သည် သစ်ပင်နှင့် မနီးမဝေးတစ်နေရာတွင်ရပ် လျက် အတန်ကြာ စဉ်းစားနေမိလေ၏။

သို့သော် ကျွန်ုပ် စဉ်းစား၍မရပေ။

"ဟေ့ကောင်၊ ဘာလုပ်နေတာလဲ"

"အား··လန့်လိုက်တာကွာ"

ရုတ်တရက် ကျွန်ုပ်၏ကျောကုန်းကို နောက်က ပုတ် ရိုက်၍မေးလိုက်သော အောင်ဇော့်အသံကြောင့် ကျွန်ုပ်၏ စိတ်ကူးပြတ်ပြီး ထိတ်လန့်၍သွားမိလေ၏။

"ညက မင်းအိမ်က အပြန် တစ္ဆေခြောက်တာလား ဘာလားတော့ မသိဘူး။ ဝုန်းခနဲ သစ်ကိုင်းကြီးတစ်ခု ငါ့ရှေ့တည့်တည့်မှာ ပြုတ်ကျလာလို့ အဲဒါ ဒီမနက် တွေ့ လို့တွေ့ငြား သစ်ကိုင်းကျိုးကို ငါ လာကြည့်တာ။ အခု မရှိတော့ဘူးကွ"

ကျွန်ုပ်က ပြောလိုက်ရာ အောင်ဇော်က ရယ်မောလေ၏။ အောင်ဇော်ဆိုသော ကျွန်ုပ်မိတ်ဆွေသည် တစ္ဆေ သရဲကို ကြောက်တတ်သူ မဟုတ်ပေ။ စစ်ပြန်စစ်မှုထမ်း ဟောင်း တစ်ယောက်ပီပီ ရှေ့တန်းစစ်ပွဲများ၌ ကျဆုံးခဲ့ သော ရဲဘော်အလောင်းကောင်များနှင့်အတူတူ အိပ်ခဲ့ဖူး သည်ဟု ၄င်းက ကျွန်ုပ်အား ပြောပြဖူး၏။ ထို့ကြောင့် သူက ကျွန်ုပ်၏ စကားအပေါ် ဟာသဖြစ်သွားပုံရကာ ရယ်မောလိုက်ခြင်း ဖြစ်ပေ၏။

"ကိုထွေးက တစ္ဆေအခြောက်ခံရဖူးတယ်နဲ့တူတယ်။ အမှန်တော့ တစ္ဆေသရဲဆိုတာ တကယ်ရှိတယ် ကိုထွေး ရဲ့။ ဘီလူးဆိုတာလည်း တကယ်ရှိတယ်။ ကျွန်တော့်ကို ခြောက်တဲ့တစ္ဆေက တော်တော်ဆိုးတယ်။ မန္တန်စုတ်တာ တောင် မပြေးဘူး။ နောက်ဆုံးကျတော့ ကျွန်တော်ပဲ ပြေးခဲ့ရတာ" ဟု အောင်ဇော်က ဆို၏။

"ကျွန်တော် အမှန်အတိုင်း ပြောရမယ်ဆိုရင် တစ္ဆေ လည်း အခြောက်မခံရဘူး။ မမြင်လည်း မမြင်ဖူးဘူး။ ဒါပေမဲ့ ဘာကြောင့်မှန်းတော့ မသိဘူးဗျာ။ မမြင်ဖူးတဲ့ တစ္ဆေသရဲကို ကြောက်နေမိတာတော့ အမှန်ပဲ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ-

"တစ္ဆေသရဲတွေမှာ အခြောက်သုံးမျိုး ရှိတယ်ဗျ။ အဲဒါက ကျွန်တော်ကြားဖူးတာ ပြောတာ။ ဒီ့ထက် များ ချင်လည်း များနိုင်တယ်"

ဟု အောင်ဇော်က ပြောရာ ကျွန်ုပ်က-

"အဲဒီသုံးမျိုးက ဘာတွေလဲဗျာ" ဟု မေးလိုက်လေ၏

www.burmeseclassic.com

www.burmeseclassic.com

အဲဒီ သုံးမျိုးက အပုပ်နံ့ပေးပြီး ခြောက်တာတို့၊ အကောင်အထည်ပြပြီး ခြောက်လန့်တာတို့ နောက်ဆုံးတစ်မျိုးက ညက ခင်ဗျားအခြောက်ခံရသလိုပေါ့ဗျာ။ သစ်ကိုင်းချိုးပြီး အသံနဲ့ ခြောက်လှန့်တာမျိုးပေါ့ ကိုထွေး'

ဟု အောင်ဇော်က ရှင်းပြရာ ကျွန်ုပ်က-

'ဒါဆို ညက ခင်ဗျားတို့အိမ်ကအပြန် သစ်ကိုင်းချိုးပြတာက တစ္ဆေခြောက်တဲ့သဘောပေါ့။ ဟုတ်လား ကိုအောင်ဇော်' ဟု မေးလိုက်၏။

ထိုအခါ အောင်ဇော်က-

'သိပ်ဟုတ်တာပေါ့။ ဒီကုက္ကိုပင်ကြီးမှာ တစ္ဆေရှိလို့နေမှာပေါ့။ တချို့ပြောသံတော့ ကြားဖူးတယ်'

ဟုပြောပြီး စကားကို ရပ်ထားလိုက်သဖြင့် ကျွန်ုပ်က-

'ဆက်ပြောလေ။ တချို့က ဘာတွေပြောကြလို့လဲ' ဟု စကားဝင်ထောက်၍ပေးလေ၏။

'တချို့က ဒီကုက္ကိုပင်မှာ တစ္ဆေညီနောင် ရှိတယ်လို့ ပြောတယ်ဗျ။ ကျွန်တော်တော့ အခြောက်မခံရဖူးဘူး။ ဝါး၊ ခနီဆိုင်က ဒေါ်ကုလားမတော့ အခြောက်ခံရဖူးတယ်လို့ ပြောတာပဲ။ သူ့စကားအရဆိုရင် အစွယ်တောင် တစ်မိုင်လောက် အရှည်ရှိတယ်ဆိုပဲ' ဟု အောင်ဇော်က ကုက္ကိုပင်ကြီး လှမ်းကြည့်၍ ပြောလိုက်သောကြောင့် ကျွန်ုပ်ပါ ၎င်းနှင့်အတူ လှမ်း၍ကြည့်လိုက်မိလေ၏။ ကုက္ကိုပင်ကြီးမှာ အတန်အိုပြီ ဖြစ်လေ၏။

ကျွန်ုပ်၏ စိတ်ကူးထဲသို့ ဒေါ်ကုလားမ ဝင်ရောက်၍ လာလေ၏။ တစ္ဆေအခြောက်ခံရသည့်ကိစ္စ။ သူ့ကို မေးကြည့်မည်ဟူသော စိတ်ကူးဖြစ်လေ၏။

'ကဲ ကိုထွေး၊ စကားကောင်းနေလိုက်တာ။ ကျွန်တော် သွားစရာရှိသေးလို့ နောက်မှပြောကြတာပေါ့' ဟု ဆို၍ ကျွန်ုပ်အား နှုတ်ဆက်ကာ ထွက်သွားလေတော့၏။

ကျွန်ုပ်၏စိတ်ကူး၌ ညက ကျိုးကျခဲ့သော သစ်ကိုင်းကြီးသည် မနက် ကျွန်ုပ်လာကြည့်တော့ ညကနေရာတွင် မရှိဘဲ ပျောက်ဆုံးနေခြင်းအပေါ် ဘဝင်မကျဖြစ်မိသည်တော့ အမှန်ပင် ဖြစ်လေ၏။

ထိုရက်အတွင်း ကျွန်ုပ်လည်း ဗေဒင်ဆရာကြီး ဆရာဦးပဏ္ဍိဆီရောက်ကာ ဗေဒင်ကိစ္စတွေချည်း ဆွေးနွေးနေမိသောကြောင့် ဒေါ်ကုလားမထံသွားပြီး တစ္ဆေအကြောင်း မေးဖို့ကိစ္စ မရောက်ဖြစ်၍ မမေးဖြစ်ခဲ့ပေ။

ဆရာဦးပဏ္ဍိမှာ ဘုန်းကြီးလူထွက် လူပြန်တော် တစ်ယောက်ဖြစ်၍ ဗုဒ္ဓစာပေ၌ အလွန်ကျွမ်းဝင်သူတစ်ယောက်လည်း ဖြစ်လေ၏။

ထို့ကြောင့် ရောက်တုန်းအခိုက်၌ ဗဟုသုတအလို့ငှာ ဆရာအား တစ္ဆေသရဲကိစ္စ မေးမိလေ၏။

'တစ္ဆေသရဲနှင့်ပတ်သက်ပြီး ဆရာ ဘယ်လိုမြင်လဲ ဆရာ'

ဟု ကျွန်ုပ်က မေးလိုက်သောအခါ ဆရာဦးပဏ္ဍိက-

'တစ္ဆေသရဲဆိုတာ တကယ်ရှိတယ် ကိုထွေး၊ ဘုရားဟောကြားတော်မူတဲ့ မေတ္တသုတ်ထဲမှာလည်း ပါတယ်။ ဘယ်လိုပါလဲဆိုတော့ ယဿာနုဘာဝတော ယက္ခာ နေဝဒ သေယန္တိဘီသနံ၊ ယဉ္စိစေဝါ၊ နုယုဉ္ဇန္တော၊ ရတ္တိန္ဒိဝ မတန္ဒိတော ဆိုပြီး ရှိတယ်လေ' ဟု ဆိုလေ၏။

'အဲဒီပါဠိကို ကျွန်တော် မသိဘူး။ အဓိပ္ပာယ်က ဘာလဲ ဆရာ' ဟု ကျွန်ုပ်က မေးလေ၏။

ထိုအခါ ဆရာဦးပဏ္ဍိက-

'အဓိပ္ပာယ်ကတော့ တစ္ဆေသရဲ ဘီလူးများ ခြောက်လှန့်မှု မပြုအောင် စွမ်းအားထက်လှတဲ့ မေတ္တသုတ်ကို နေ့ရော ညပါ ရွတ်ဆိုပါလို့ အဓိပ္ပာယ်ရတယ် ကိုထွေး' ဟု ဖြေကြားလေ၏။

ကျွန်ုပ်သည် ဆရာဦးပဏ္ဍိမှ စာနှင့်ပေနှင့် နှိုင်းယှဉ်၍ ရှင်းပြသောအခါ လွန်စွာကျေနပ်သဘောကျမိလေ၏။ ဆရာဦးပဏ္ဍိသည် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ကိစ္စရပ်များတွင် လွန်စွာမှ ဗဟုသုတပြည့်ဝသူ ဖြစ်လေ၏။ ကျွန်ုပ်၌ ဖြေကြားခြင်း၊ မပြုနိုင်သော ပြဿနာများ ဖြစ်ပေါ်လာတိုင်း ဆရာအား သွားရောက်မေးမြန်းလေ့ ရှိလေ၏။

'ကိုထွေးက ဘာဖြစ်လာလို့လဲ။ တစ္ဆေအခြောက် ခံရလို့လား' ဟု ဆရာဦးပဏ္ဍိက မေးလိုက်ရာ ကျွန်ုပ်လည်း တစ်ညသ၌က ကြုံတွေ့ခဲ့ရသော အဖြစ်များ ပြောပြလိုက်သောအခါ ဆရာဦးပဏ္ဍိက ရယ်မောလေ၏။

ထိုသို့ရယ်မောရင်းကပင်-

'တစ္ဆေခြောက်တာပဲဖြစ်ဖြစ်၊ သူ့အလိုလို အ... မညီညွတ်လို့ သစ်ကိုင်းကျိုးကျတာပဲဖြစ်ဖြစ်ပေါ့ဗျာ ... က အမြဲသတိရှိနေဖို့လိုတယ်။ စောစောက ကျွန်...

www.burmeseclassic.com

www.burmeseclassic.com

ပြောသလိုပေါ့။ မေတ္တာသုတ်သာ နေ့,ညမပြတ် တစ်ရက်မှာ တစ်ကြိမ်လောက်တော့ ရွတ်နိုင်အောင် ကြိုးစားပေါ့။ ဘာအန္တရာယ်မှ မဖြစ်နိုင်ပါဘူး' ဟု ပြောလေ၏။

'ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်ရွတ်ပါ့မယ်' ဟုပြောပြီး ဆရာဦးပဏ္ဍိအား နှုတ်ဆက်ကာ ပြန်ခဲ့လေတော့၏။

ကျွန်ုပ်သည် ထိုနေ့တစ်နေ့လုံး တစ္ဆေကိစ္စတွေချည်း တွေးနေမိရာမှ ရုတ်တရက်ဆိုသလို ထိုအတွေးနှင့်အတူ ဝါး၊ ဓနိဆိုင်က ဒေါ်ကုလားမကို သွားသတိရမိလေ၏။ သို့ဖြင့် ကျွန်ုပ်သည် ဒေါ်ကုလားမဆီသို့ ရောက်ဖြစ်ခဲ့လေ၏။

'တစ္ဆေဆိုတာ တကယ်ရှိတယ် ငါ့မောင်ရဲ့။ မင်းပြောတဲ့ ကုက္ကိုပင်မှာဆိုရင် တစ္ဆေဖြူညီနောင် နှစ်ယောက်တောင် ရှိခဲ့ဖူးတယ်။ အခုတော့ တစ်ကောင်ပဲ ကျန်တော့တယ်' ဟု ဒေါ်ကုလားမက ပြောပြရာ ကျွန်ုပ်က 'တစ်ကောင်က ဘာဖြစ်သွားလို့လဲ' ဟု မေးလိုက်လေ၏။

ထိုအခါ ဒေါ်ကုလားမက-

'တစ်ကောင်က ရာထူးတက်သွားလို့ တခြားနေရာကို ပြောင်းသွားပြီ။ အဲဒီတစ်ကောင်က အစ်ကိုလေ' ဟု ဆိုလေ၏။

ကျွန်ုပ်က 'သေချာလို့လားဗျာ။ ဒေါ်ကုလားမ ဘယ်လိုလုပ်ပြီး သိတာလဲ' ဟု မေးလေ၏။

'ငါလည်း သေသေချာချာတော့ မသိပါဘူး။ မောင်အောင်ဖော်ပြောလို့ သိတာ' ဟု ဒေါ်ကုလားမက ဆိုလေ၏။

ကျွန်ုပ်သည် ဒေါ်ကုလားမအိမ်မှ တစ္ဆေအကြောင်းကို ကြားနာပြီး ပြန်ခဲ့ပြန်လေ၏။ ထိုနေ့တစ်နေ့လုံး အသိမိတ်ဆွေများဆီ တစ်လှည့်ဆီရောက်ပြီး တစ္ဆေကိစ္စ၊ သရဲကိစ္စတွေချည်း လျှောက်၍စုံစမ်းမေးမြန်းနေမိသောကြောင့် ညနေ့အတန်ချုပ်မှ အိမ်ပြန်ရန် သတိရလေတော့၏။

ကျွန်ုပ်သည် အိမ်သို့ပြန်တိုင်း ထိုကုက္ကိုပင်ကြီးကို ဖြတ်ကျော်၍ သွားရသဖြင့် ထိုညလည်း ထိုကုက္ကိုပင်ကို ဖြတ်ကျော်၍သွားရမည် ဖြစ်လေ၏။ ထို့ကြောင့် လိုရည်ရအနေဖြင့် လမ်းမှာ အဆင်သင့်တွေ့ခဲ့ရသော တစ်တောင်ကျော်ကျော်ခန့်ရှိ နှစ်တစ်လက်မအရွယ် ပျဉ်းကတိုးတုတ်တစ်ချောင်းကို ကောက်ယူ၍ လာခဲ့မိလေ၏။

အကယ်တန္တု တစ္ဆေဖြူကြီး ကုက္ကိုပင်အနား၌တွေ့လျှင် တိုက်ခိုက်ရိုက်နှက်ရန်ဖြစ်သည်။ ထင်းသည့်အကိုင်းဝင် ကျွန်ုပ် ကုက္ကိုပင်အနား ရောက်သည်နှင့် သစ်ပင်အကွယ်မှ တစ္ဆေဖြူသည် ရုတ်တရက် ခုန်ထွက်လာပြီး ကျွန်ုပ်အား ခြောက်လှန့်လေတော့၏။

'ဝူး..ဝါး'

ကျွန်ုပ်လည်း ဘာမှမစဉ်းစားတော့ဘဲ ဖြန်းခနဲ မြင်တွေ့လိုက်ရသော တစ္ဆေဖြူကြီးကို နှစ်တစ်လက်မ ပျဉ်းကတိုးတုတ်ဖြင့် သုံးလေးချက်ခန့် ဆင့်ရိုက်လိုက်လေ၏။

'ဖြောင်း..ဖြောင်း..ဖြောင်း' ဟူသော အသံနှင့်အတူ တစ္ဆေဖြူကြီး ပုံကျသွားသည်ကို မြင်တွေ့လိုက်ရသည်နှင့် တစ်ချိုးဘည်း နောက်သို့ပင် လှည့်မကြည့်တော့ဘဲ သုတ်ခြေတင်၍ ပြေးလေတော့၏။

နောက်တစ်နေ့ မနက်ကျတော့ ဒေါ်ကုလားမ ကျွန်ုပ်၏ အိမ်သို့ ရောက်လာပြီး-

'ညက မင်းရိုက်လိုက်လို့ မောင်အောင်ဖော် တစ်ယောက်တော့ ဆေးရုံရောက်နေပြီ မောင်ထွေး' ဟု ပြောလေ၏။

'ဗျာင်..ဒါဆို ကျွန်တော်ရိုက်လိုက်တာ တစ္ဆေမဟုတ်ဘူးပေါ့'

ဟု ကျွန်ုပ်က တအံ့တဩမေးလိုက်ရာ ဒေါ်ကုလားမက-

'အဲဒါပဲ မောင်ထွေး။ ကြောက်ကျွဲခတ်ရင် သေတတ်တယ်ဆိုတာ မင်းက တစ္ဆေကြောက်တတ်မှန်းသိလို့ မောင်အောင်ဖော်က မင်းကို ခြောက်လှန့်လိုက်တာ ကံကောင်းလို့ နို့မို့ရင် သေသွားနိုင်တယ်။ ခုတော့ အတွင်းလူနာ လောက်နဲ့တင် ပြီးသွားခဲ့တာ' ဟု ပြောပြလေ၏။

ကျွန်ုပ်လည်း စိတ်မကောင်းစွာဖြင့် သက်ပြင်းကြီးကို ဟင်းခနဲ ချလိုက်မိလေ၏။

တော်ပါသေး၏။ နေရင်းထိုင်ရင်း ကျွန်ုပ်မှာ လူသတ်မှုဖြစ်တော့မလို့။ ကံဖယ်၍ ကံကောင်းသည်ဟုပင် ဆိုရပေတော့မည်။

ဘာပဲဖြစ်ဖြစ် သူငယ်ချင်းဖြစ်သော အောင်ဖော်ကိုတော့ ဆေးရုံသွားပြီး တောင်းပန်ရန်မှတစ်ပါး ကျွန်ုပ်၌ အခြားမရှိတော့ပေ။

ရှင်တွေးဆောင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင် သားသမီးတိုင်းသည် ကံ၊ ကံ၏အကျိုးကို ယုံကြည်ကြရမည်ဖြစ်သလို ဝဋ်ကြွေးဆိုသည်ကိုလည်း လက်ခံယုံကြည်ကြရမည်သာဖြစ်ပါသည်။

ဘုရားရှင်လက်ထက်တော်အခါက တန်ခိုးအရာတွင် ဧတဒဂ်ဘွဲ့ရခဲ့သော လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန်ကဲ့သို့သော ရဟန္တာမြတ်ကြီးပင်လျှင် ဝဋ်ကြွေးတော်ကို ပေးဆပ်ရပြီးကာမှ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ရသေးသည်ဆိုလျှင် ကျွန်ုပ်တို့ကဲ့သို့သော သာမန်ပုထုဇဉ်လူသားများအနေဖြင့်မူ ဆိုဖွယ်ရာမရှိတော့ပါ။ သို့ဖြစ်၍လည်း ငရဲမှာအပ ဝဋ်မှာအမြဲဟု ဆိုကြပါသည်။

◆◆◆

ကျွန်ုပ် ယခုတင်ပြမည့် ပရလောကသားဖြစ်သွားသည့် ဘုန်းကြီးအောင်သန်းဆိုသည်မှာ အမှန်စင်စစ် ဘုန်းကြီးတစ်ပါးမဟုတ်ပါ၊ သာမန်လူသားထဲက စစ်သည်တစ်ဦးသာဖြစ်ပါသည်။ အဆိုပါစစ်သည်အား ကျွန်ုပ်တို့က ဘုန်းကြီး အောင်သန်းဟု ခေါ်ကြပါသည်။ အကြောင်းမူ အဆို စစ်သည်အောင်သန်းမှာ သူများ၏အသက်ကို မသတ်၊ သူ တစ်ပါး၏ပစ္စည်းကို မခိုး၊ သူများသားမယားကို ပြစ်မှား ဖို့ဆိုတာ ဝေလာဝေး၊ မဟုတ်မမှန်သည့်စကားကို မပြော ဆေးလိပ်မသောက်၊ ကွမ်းမစား၊ အရက်ဆိုလျှင် အနံ့ကိုပင် ခံနိုင်း၍မရ။

အခြားသူများက သူ့အား ဘယ်လောက်စဲ မခံ အောင် စစ၊ နောက်နောက် သူ့ဘက်ကတော့ အပြုံးမပျက် မည်သူ့ကိုမှလည်း ကြမ်းတမ်းသောအသုံးအနှုန်းဖြင့် လှန်ထိုးပြီး ပြန်မပြောတတ်ခဲ့။ လူတစ်ဖက်သားအပေါ် တတ်၏။ ခင်တတ်၏။ သနားကြင်နာတတ်၏။ ဖြိုင်လျှင် အရှုံးပေးတတ်၏။ ရိုးသားကြိုးစားပြီး ကံငါးပါး လုံခြုံသော စစ်သည်တစ်ဦးဟုပြောလျှင် ရပါသည်။




သနားသည်းခံ ကြင်နာတတ်သော သူ့အ အခြားသော စစ်သည်များ၊ ရဲမေများက စ နောက်ကြသည်။ သူက အမြဲသည်းခံ၏။ ကြောင့် ကျွန်ုပ်တို့က အဆိုပါစစ်သ အား ဘုန်းကြီးအောင်သန်း အမည်ပေး ခေါ်ဝေါ်ခြင်း သာ ဖြစ်ပါသည်။

ကျွန်ုပ်တို့ တပ်ရင်းသ ကားလမ်းဘေးတွင် တ ပြီး တပ်ရင်း၏ ပတ် တွင် ကင်းစောင့်ရန် ကာ(၆)ခု ရှိပါသည်။ ပါ ကင်းစောင့် ကာများကို အခါတွင် ထားပြီး ညဘေ မှသာ ဘ တစ်ခုစီတွင် စိတ်တစ်စိတ် သွားပြီး စောင့်ကြ သည်။

တစ်နေ့သော ညနေပိုင်း ကင်းတာဝန်ကျသော တပ်စိတ်များ



www.burmeseclassic.com

www.burmeseclassic.com

လက်နက်တိုက်သို့ ရောက်ရှိလာကြပြီး လက်နက်ခဲယမ်းများကို ထုတ်ယူကြပါသည်။ စစ်သည်အောင်သန်း (ခေါ်) ဘုန်းကြီးအောင်သန်းလည်း ပါလာသည်။

သေနတ်များထုတ်ကြပြီး တပ်ရင်းလက်နက်တိုက်ရှေ့တွင် စစ်သည်များ စုရုံးစုရုံးဖြင့် ရှိနေကြစဉ် စစ်သည်မောင်မြင့်က သူ၏ သေနတ်ဖြင့် ဘုန်းကြီးအောင်သန်းအား ချိန်ရွယ်ကာ-

'ဟေ့..ဘုန်းကြီးအောင်သန်း၊ မင်းကို ငါပစ်ထည့်လိုက်ရမလား' ဟု စပါတော့သည်။

ထိုအခါ စစ်သည်အောင်သန်းက-

'ကိုမြင့်ရယ်..ဒီလိုမနောက်စမ်းပါနဲ့ဗျာ' ဟု သူ၏လက်ဝါးဖြင့် လှမ်းတားပြီးပြောလေသည်။

စစ်သည်မောင်မြင့်က-

'နောက်နေတာမဟုတ်ဘူးကွ၊ တကယ့်ကိုပစ်မှာဗျ' ဟု ချိန်ရင်း,ချိန်ရင်းနှင့် ကျည်ဆန်တစ်တောင့်က ဒိုင်းခနဲထွက်သွားပါတော့သည်။

ကျွန်ုပ်တို့စစ်သည်များကလည်း အံ့အားသင့်နေကြရာမှ ဘုန်းကြီးအောင်သန်းအား ပြေးထူကြရာ သွေးအိုင်ထဲတွင် လူးလိမ့်ရင်း သေဆုံးသွားခဲ့ပါတော့သည်။

သူတို့နှစ်ယောက်သည် ရန်ဖြစ်ထားကြသူများလည်း မဟုတ်ပါ။ ရန်ငြိုးရန်စ မရှိကြောင်းကိုမူ ကျွန်ုပ်တို့အားလုံးကသိပါသည်။ စစ်သည်မောင်မြင့်အနေဖြင့် ကျည်အိမ်ကို ဖြုတ်ထားပြီးမှ ဆော့ကစားခြင်းဖြစ်ပါသည်။ သို့သော် သေနတ်၏ပြောင်းရင်းထဲတွင် မည်သည့်အချိန်က ရောက်ရှိနေမှန်းမသိသော ကျည်ဆန်တစ်တောင့်က ယခုကဲ့သို့ ပေါက်ကွဲထွက်သွားပြီး စစ်သည်အောင်သန်းအား ထိမှန်စေကာ သေဆုံးခဲ့ရခြင်းသာဖြစ်ပါသည်။

သို့ဖြင့် အဆိုပါနေ့မှာပင် တပ်သားမောင်မြင့်ကို အချုပ်ခန်းထဲထည့်ရခြင်း၊ တပ်သားအောင်သန်းကို မြေမြှုပ်သင်္ဂြိုဟ်ရခြင်း စသည်ဖြင့် အလုပ်ရှုပ်ကုန်ပါတော့သည်။

စစ်သည်အောင်သန်း သေဆုံးရသည့်အတွက် ကျွန်ုပ်တို့တပ်ရင်းရှိ စစ်သည်ရဲမေများအားလုံးက သနားကရုဏာသက်ပြီး စိတ်မကောင်းဖြစ်ကြရပါသည်။

အတိတ်ဘဝက အဟောင်းကံမကုန်ခဲ့၍ ယခုပစ္စုပ္ပန်ဘဝတွင် အကြောင်းပြန်လာ ဆုံတွေ့ရခြင်းပေပဲလား။

အတိတ်ဘဝကရှိခဲ့သော အကုသိုလ်ပုံရိပ်တို့သည် ယခုပစ္စုပ္ပန်ဘဝသို့ လာရောက်ရိုက်ခတ်ခြင်းပေပဲလား။

ကျွန်ုပ်တို့တပ်စိတ်သည် အဆိုပါနေ့တွင် အမှတ်(၃) ဘန်ကာတွင် ကင်းတာဝန်ယူရပါသည်။ တစ်ပတ်တိတိ တာဝန်ယူရပါသည်။

ထိုနေ့ညတွင် တပ်စိတ်မှူး ဆရာအုန်းမောင် ရောက်မလာခင် တပ်သားထွန်းလင်းခိုင်က-

'ဟေ့..ငါတို့ ဒီည ခုံ,နတ်ခေါ်ပြီး ကစားကြရအောင်' ဟု ပြောလေသည်။

ထိုအခါ တပ်သားတင်လှက-

'ဘယ်လို ခုံ,နတ်ခေါ်ပြီး ကစားမှာလဲ' ဟု မေးသောအခါ ထွန်းလင်းခိုင်က ခုံ,နတ်ခေါ်ပြီး ကစားတယ်ဆိုတာက အခေါ်အဝေါ်အရ ပြောရတာပါ။ တကယ်တမ်းကျတော့ ပရလောကသားတွေကိုခေါ်ပြီး ဟိုမေးဒီမေးနဲ့ အပျော်တမ်းလုပ်ကြတာပါ'

ဟု ပြောလိုက်လျှင် ကျွန်ုပ်က-

'မင်းခေါ်တတ်၊ လုပ်တတ်ရင် လုပ်လေ။ ငါတို့ကတော့ တစ်ခါမှ မလုပ်ဖူးပါဘူး' ဟု ပြောလိုက်သောအခါ ထွန်းလင်းခိုင်က သူ ခေါ်တတ်၊ လုပ်တတ်ကြောင်း ပြောလေသည်။

ကျွန်ုပ်တို့အဖွဲ့သားများအားလုံးက သဘောတူညီသောအခါ ဘန်ကာအတွင်းရှိ ထမင်းစားပွဲကြီးကို အပြင်သို့ထုတ်ယူလာပြီး ညီညာသောမြေပြင်တစ်နေရာတွင် ချလိုက်ပါတော့သည်။ ကျွန်ုပ်တို့ကိုလည်း ကြောက်လန့်စရာမလိုကြောင်း ပြောလေသည်။

ငှင်းနောက် ထမင်းစားပွဲသည် ခြေထောက်လေးခုပါရှိလေရာ အမှတ်(၁)ခြေထောက်နဲ့ အမှတ်(၃)ခြေထောက်၏အောက်တွင် ညှပ်ဖိနပ်များဖြင့် ခုထားလေသည်။ ထိုအခါ အမှတ်(၂)နှင့် အမှတ်(၄)ခြေထောက်မှာ အနည်းငယ်ကြွတက်နေပါခံစားသည်။ စားပွဲအား ဘယ်,ညာယိမ်းလိုက်ပါက အနည်းငယ်ကြွတက်နေသော အမှတ်(၂)နှင့် အမှတ်(၄) စားပွဲခြေထောက်တို့မှာ မြေကြီးပေါ်သို့ သွားထိကာ တဘောက်ဘောက်ဖြင့် အသံမြည်၍ထွက်လာသည်။

စားပွဲအား ထိုကဲ့သို့ အနေအထားရောက်အောင် စီစဉ်ပြီးသော အခါတပ်သားထွန်းလင်းခိုင်က မတ်တတ်ရပ်ပြီး-

'ကဲ..အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာတို့၌ ကျင်လည်ကျက်စားနေကြကုန်သော ပရလောကသား သူငယ်ချင်းအပေါင်းအသင်းတို့ခင်ဗျား..ဒီညမှာ ကျွန်တော်[illegible] အတူတူ ပါဝင်ပျော်ပါးဖို့ ဖိတ်ခေါ်လိုက်ပါတယ် [illegible]

www.burmeseclassic.com

www.burmeseclassic.com

အလတ်အမြတ်မရွေး လာရောက်နိုင်ပါတယ်'ဟု သုံးကြိမ်သုံးခါလှည့်ပတ်ပြီး ဖိတ်ခေါ်လိုက်ပါသည်။

ဖိတ်ခေါ်ပြီးသောအခါ အဆိုပါစားပွဲအား စားပွဲခြေထောက်ရှိသည့် နေရာလေးနေရာအတိုင်း လူလေးယောက်ကို ဝင်ပြီးထိုင်စေပါသည်။ ထိုင်ပြီးသောအခါ လူလေးယောက်စလုံး၏လက်များကို စားပွဲပေါ်သို့ဆန့်တန်းပြီး တင်ရလေသည်။ အလိုက်သင့်တင်ထားရုံသာ တင်ထားကြရသည်။

ထိုအခါ ထွန်းလင်းခိုင်က–

'ကဲ‥ရောက်လာရင် အချက်ပြပါ'ဟု ပြောလိုက်သောအခါ အမှတ်(၂)နှင့် အမှတ်(၄)တို့၏ စားပွဲခြေထောက်တို့ဘက်မှ ဘယ်,ညာတစ်လှည့်စီယိမ်းသွားပြီး စားပွဲခြေထောက်နှင့် မြေကြီး သွားရောက်ထိတွေ့ရာ 'ထောက်‥တောက်‥တောက်'ဟု အသံမြည်လာပါတော့သည်။

ထွန်းလင်းခိုင်က–

'ယောကျ်ားလား၊ မိန်းမလားဆိုတာ သိချင်တယ်။ ယောကျ်ားဆိုရင် သုံးခါခေါက်ပြပါ။ မိန်းမဆိုရင် နှစ်ခါခေါက်ပြပါ'ဟုပြောလိုက်ရာ သုံးခါခေါက်ပြလေသည်။

ထိုအခါ ကျွန်ုပ်တို့က ယောကျ်ားဖြစ်ကြောင်း သိကြရပါသည်။ ကျွန်ုပ်တို့၏လက်များက အလိုက်သင့်သာ တင်ရုံတင်ထားကြပါသည်။ ဖိခြင်း၊ ဖော့ခြင်း မရှိပါ။ စားပွဲကသာ သူ့အလိုလို ယိမ်းနွဲ့လှုပ်ရှားပြနေခြင်းဖြစ်ပါသည်။

၎င်းနောက် ထွန်းလင်းခိုင်က–

'ဒါဆိုရင် ဘုန်းကြီးအောင်သန်းလား။ ဘုန်းကြီးအောင်သန်း ဟုတ်တယ်ဆိုရင် လေးခါခေါက်ပြပါ'ဟု ပြောသောအခါ လေးခါခေါက်ပြလေသည်။

'နောက်တစ်ခါ ဘုန်းကြီးအောင်သန်းမှန်ရင် သုံးခါခေါက်ပြပါ'ဟု ထပ်ပြောရာ သုံးခါခေါက်ပြပါတော့သည်။

ထိုအခါ ကျွန်ုပ်တို့၏ တပ်စိတ်မှူး ဆရာအုန်းမောင်ရောက်ရှိလာပြီး ကျွန်ုပ်တို့အား ဆူဆဲလိုက်သောအခါမှ ကျွန်ုပ်တို့ ဆက်မလုပ်ရဲတော့ဘဲ ထွန်းလင်းခိုင်က 'ပရလောကသားအား 'ကဲ‥ကဲ‥သူငယ်ချင်းတို့ ပြန်တော့'ဟု ပြောလိုက်ရလေသည်။

ကျွန်ုပ်တို့မှာလည်း ထိုင်ရာမှထကာ စားပွဲကို ဘန်ကာအတွင်းသို့ ပြန်ပို့လိုက်ကြရတော့သည်။

ကျွန်ုပ်တို့သည် ကင်းတာဝန်အား တစ်ပတ်အထိ ဆက်၍တာဝန်ထမ်းဆောင်ကြရလေရာ နောက်တစ်နေ့ညတွင် တပ်သားလှဝေက မိုးဦးကျကာလဖြစ်၍ ဖားသွားရှိက်ဦးမည်ဟုဆိုကာ နေရောင်ကာအင်းဘက်ကို ထွက်သွားလေသည်။ ည(၁၀)နာရီထိုးသောအခါ တပ်သားလှဝေက သောကမျောနှင့် ပြန်ပြီးပြေးလာလေတော့သည်။

အဖြစ်အပျက်အား မေးမြန်းကြရာ တပ်သားလှဝေက နေရောင်ကာအင်းဘေးတစ်လျှောက် လှည့်ပတ်ပြီး ဖားရှိက်နေစဉ် တစ်နေရာတွင် ဖားအော်သံကြားရသည်ဆို၏။ အခါ ဖားအော်သံကြားရသည့် ချုံပုတ်ဘက်သို့ သွားရောက်ကြည့်ရှုရာ ဖားကိုမတွေ့ရဘဲ မှုန်ဝါးဝါးလရောင်အောက်တွင် ဖြူလွှလွှအင်္ကျီကို ဝတ်ဆင်ထားသော လူတစ်ယောက်ကိုတွေ့ရကြောင်း၊ အဆိုပါလူမှာ ဖားလာရှိက်သူ မဖြစ်နိုင်ကြောင်း၊ ဖားလာရှိက်သူဆိုပါက မီးအုပ်ဆောင်းပါလာရမည်ဖြစ်ကြောင်း၊ ယခုအခါ ထိုသူမှာ ဘာမီးအုပ်ဆောင်းမှ မပါရှိကြောင်း၊ သို့ဖြစ်၍ တပ်သားလှဝေက ထိုသူအား ဘယ်သူလဲဟု လှမ်းပြီးမေးလိုက်ရာ အဆိုပါလူက လူရယ်သံနှင့် ဖားအော်သံနှစ်မျိုးဖြင့် 'ဟား‥ဟား‥ဟား‥အုမ်အင်‥အုမ်အင်‥ဟား‥ဟား‥ဟား‥အုမ်အင်‥အုမ်အင်'ဟု အသံပြန်ပေးပါကြောင်း၊ ထိုအခါ သူက ဒါဟာ ပရလောကသားဖြစ်ရမယ်ဆိုပြီး သူနှင့်အတူပါသွားသော မီးအုပ်ဆောင်းဖြင့် ပစ်ပေါက်ကာ ပြန်ပြေးလာခဲ့ကြောင်း၊ မီးအုပ်ဆောင်းကြီး ပြန်သယ်လာခဲ့လည်း ပြေးနေရသဖြင့် မီးငြိမ်းသွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပစ်ပေါက်ခဲ့ရခြင်းဖြစ်ကြောင်း၊ သူ ပြန်ပြေးလာရင်း နောက်ဘက်သို့ လှည့်ကြည့်သောအခါ အဆိုပါ ဖြူလွှလွှအင်္ကျီကို ဝတ်ဆင်ထားသောသူမှာ သူ့နောက်ကို လိုက်လာခဲ့သေးကြောင်း၊ အတော်ကလေးလိုက်လာခဲ့ပြီးမှ 'ဟား‥ဟား‥ဟား‥အုမ်အင်‥အုမ်အင်'ဟု အသံပြုကာ ကျန်ရစ်ခဲ့ကြောင်း ပြောပြ၍ သိရလေတော့သည်။

ထိုအခါ တပ်သားထွန်းအေးက–

'မဟုတ်မှလွဲရော အဲဒါ ဘုန်းကြီးအောင်သန်းပဲဖြစ်မယ်။ သူက အခုလို ဖားရှာ,ငါးရှာတာမျိုးကို မကြိုက်ဘူး။ သူကိုယ်တိုင်ကလည်း မလုပ်သလို သူများလုပ်တာတွေ့ရင်လည်း သူက တားတယ်။ ဒါဟာ အကုသိုလ်အလုပ်တဲ့လေ'ဟု ပြောလေသည်။

◆◆◆

တပ်သားအောင်သန်း (ခေါ်) ဘုန်းကြီးအောင်သန်း သေဆုံး၍ (၇)ရက်ပြည့်သောနေ့တွင် တပ်ရင်း... ရက်



www.burmeseclassic.com

www.burmeseclassic.com

လည်ဆွမ်းသွတ်ပေးပါသည်။ တပ်ဦးကျောင်းဘုန်းကြီးနှင့် ပဉ္စင်းသံဃာ(၅)ပါးတို့အား လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် စစ်သည်အောင်သန်းကိုပါ ကြိုတင်ဖိတ်ကြားပြီး ဆွမ်းသွတ်တရားနာပေးခဲ့ကြပါသည်။

ထိုနေ့တွင် ကျွန်ုပ်တို့ ကင်းတာဝန်ကျသောတပ်စိတ်မှာလည်း (၇)ရက်ပြည့်ပြီဖြစ်ပါသည်။ တပ်စိတ်မှူးဖြစ်သူဆရာအုန်းမောင်ကတော့ ထုံးစံအတိုင်း နောက်ကျပြီးမှရောက်လာတတ်ပါသည်။ နေ့အိမ်တွင် ထမင်းစားသောက်ပြီးမှ အေးအေးဆေးဆေးလာလေ့ရှိပါသည်။ သူလာလျှင်ကျွန်ုပ်တို့အတွက် လက်ဖက်သုပ် အစရှိသဖြင့် စားစရာတစ်ခုခုတော့ ယူလာတတ်စမြဲပင်ဖြစ်ပါသည်။ စိတ်ရင်းကောင်းသူဖြစ်သော်လည်း ကျွန်ုပ်တို့ ယခင်နေ့ကကဲ့သို့ ပြုလုပ်သော မမြင်အပ်သည့် ပုဂ္ဂိုလ်များနှင့် စသလိုလို၊ နောက်သလိုလို ပြုမူပြောဆိုလုပ်ကိုင်ခြင်းမျိုးကိုကား အားမပေးပါ။

သို့ဖြစ်၍ ကျွန်ုပ်တို့က တပ်စိတ်မှူးရောက်မလာခင် ယခင်နေ့ကလို ခုံနတ်ခေါ်ရန် စီစဉ်ပြန်တော့သည်။

ထိုအခါ လှဝေက ထွန်းလင်းခိုင်အား-

'ကိုထွန်းရေ..ဒီနေ့တော့ ကျွန်တော်ဦးစီးပြီး လုပ်မယ်ဗျာ၊ ကျွန်တော်ခေါ်မယ် ဆိုပါတော့။ ဟိုနေ့က ပရလောကသားတွေကို ခေါ်ပုံခေါ်နည်းကြည့်ထားတော့ မှတ်မိပါတယ်'

ဟု ပြောလေရာ ထွန်းလင်းခိုင်က ဘာမှမပြောခင် တပ်သားတင်ကိုကိုက ဝင်ပြီး-

'လှဝေရာ.. မင်းဦးစီးပြီးလုပ်ချင်ရင် နောက်မှလုပ်ကွာ။ တော်ကြာ မင်းခေါ်လို့ ပရလောကသားတွေမလာရင် ထွန်းလင်းခိုင်က ထပ်ပြီးခေါ်နေရဦးမယ်။ ဒီတော့ အချိန်ကြာတယ်။ အချိန်ကြာတာ အကြောင်းမဟုတ်ပေမယ့် ကျုပ်တို့တပ်စိတ်မှူး ရောက်မလာခင် လုပ်ရမှာဆိုတော့ အချိန်ထပ်ပြီးပေးဖို့မလွယ်ဘူး။ နောက်ပြီး ဒီလိုကိစ္စမျိုးဆိုတာက နတ်ကတော်လိုမျိုး ဖြစ်ချင်ဖြစ်ဦးမှာ။ နတ်ဟာ လူတိုင်းကိုဝင်ပူးတာမဟုတ်ဘူး။ နတ်ကတော်ကိုမှ ဝင်ပူးပြီးပြောတာ။ မင်းကိုပြောနေရတာနဲ့ကိုပဲ အချိန်တောင်ကြာသွားပြီ။ ကဲ..ဟော့၊ စားပွဲကို အမြန်ထုတ်ခဲ့ကြတော့'ဟု ပြောလိုက်ရာ ကျွန်ုပ်တို့ကလည်း ထမင်းစားပွဲကို အမြန်ဆုံးထုတ်ယူခဲ့ကြပြီး ယခင်ကအတိုင်း ထွန်းလင်းခိုင်က ဦးစီးပြီးပြုလုပ်ကြလေတော့သည်။

ပရလောကသား ရောက်ရှိလာသောအခါ ထွန်းလင်းခိုင်က-

'အခုရောက်လာတာ ဘုန်းကြီးအောင်သန်းဆိုရင် သုံးခါခေါက်ပြပါ'ဟု ပြောလေသည်။

ထိုအခါ စားပွဲက လေးခါခေါက်ပြလေသည်။

ထွန်းလင်းခိုင်က-

'ဘုန်းကြီးအောင်သန်းမဟုတ်ဘူးဆိုရင် လေးခါခေါက်ပြပါ'ဟု ပြောလိုက်သောအခါ လေးခါခေါက်ပြလေတော့သည်။

ထိုအခါ ကျွန်ုပ်တို့က-

'ဘုန်းကြီးအောင်သန်းကတော့ ဒီနေ့ ကျုပ်တို့တပ်ရင်းက ရက်လည်ဆွမ်းသွတ်ပြီး အမျှအတန်းတွေ ပေးဝေလိုက်တာ သူလည်း အဲဒီရဲ့ ကောင်းမှုကုသိုလ်တွေရပြီး ပရလောကသားဘဝက ကျွတ်လွတ်သွားပြီလား မဆိုနိုင်ဘူး'

ဟု ပြောဆိုဝေဖန်ကြပြီးနောက်-

'ဒါဆိုရင် အခုရောက်လာတာ မိန်းမလား၊ ယောကျ်ားလား။ မိန်းမဆိုရင် နှစ်ခါခေါက်ပြပါ။ ယောကျ်ားဆိုရင် သုံးခါခေါက်ပြပါ'ဟု မေးလေသည်။

ထိုအခါ နှစ်ခါခေါက်ပြလေသည်။

'မိန်းမဆိုတော့ အပျိုလား၊ အအိုလား။ အပျိုဆိုရင် နှစ်ခါ၊ အအိုဆိုရင် သုံးခါခေါက်ပြပါ'ဟု ပြောလိုက်သောအခါ နှစ်ခါခေါက်ပြလေသည်။

ထိုအခါ တပ်သားလှဝေက-

'ဝေး..ဟေး..ဟေး..ငါကလွဲရင် အားလုံးက လူပျိုတွေချည်းပဲကွ။ ငါ့ကိုတော့ လာပြီးစိတ်မဝင်စားနဲ့'

ဟု ပြောလိုက်စဉ်-

'ဟာ..ဒီကောင်တွေ ငါပြောထားတဲ့ကြားက ထပ်ပြီးလုပ်ကြပြန်ပြီ။ ကဲကွာ'ဟုဆိုကာ တပ်ခြံစည်းရိုးသေးနားက ဝါးရင်းတုတ်ကြီးကိုကောက်ယူပြီး ကျွန်ုပ်တို့ထံ ပစ်ပေါက်လိုက်လေတော့ရာ အဆိုပါပရလောကသူ အမျိုးသမီးကတော့ ပြေး,မပြေး မသိရသော်လည်း ကျွန်ုပ်တို့ကတော့ အသားကုန်ထွက်ပြေးလိုက်ကြရပါတော့သတည်း။

**ချစ်ဆိုင်**

__စာကြွင်း__

နောင်သောအခါ စစ်သည်မောင်ခြင့်မှာလည်း ထောင်(၇)နှစ်ကျသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြစ်ရပ်မှန်ဇာတ်လမ်း

# တောင်ပင်လယ်ထဲက စိန့်ခေါ်နေတဲ့ ရတနာသိုက်

**ကျော်ဇော**(တားကုန်)

ခရစ်နှစ်(၁၈၄၉)ခုနှစ်ကာလ။

သူကိုယ်သူ ဂျုပွန်နီကာဂျက်ဟုခေါ်သည့် (၂၃)နှစ်အရွယ် လူငယ်တစ်ယောက်။ အမည်ရင်းက ခေလိုရိမ်း။ အဖော်အပေါင်းတို့ အဆွယ်ကောင်းသဖြင့် နှစ်ပင်တိုင်ရွက်သင်္ဘောငယ်လေးပေါ်တွင် သင်္ဘောသားဖြစ်ခဲ့ရသည်။ သူ ပထမဆုံး ရောက်ခဲ့သည်က ဗျူနိုအေးရိစ်ဆိပ်ကမ်း။ ထိုတွင် သင်္ဘောသားအချို့၏ စည်းရုံးမှုကို ထပ်မံခံခဲ့ရပြန်သည်။ သို့ဖြင့် စပိန်လူမျိုး အဲ(လ်)ဗာရက်(စ်)ဆိုသူ ဦးဆောင်သည့်အဖွဲ့တွင် ပါဝင်လှုပ်ရှားခဲ့ရတော့သည်။

'ဒီမှာ ပီရူးက ပစ်စကိုဆိုတဲ့ ဘုရားရှိခိုးကျောင်းမှာ ရွှေနဲ့ ရတနာတွေ အပုံလိုက် ရှိတယ်ကွ။ အင်ကာလူမျိုးတွေဆီက လုလာတာ။ အဲဒါကို ဖာသာကြီးတွေက အပိုင်စီးပြီး ဝှက်ထားကြတယ်'

တစ်ရက်တွင် အဲ(လ်)ဗာရက်(စ်)က သူ၏ ကြိတ်ကြံနေမှုကို နိဒါန်းပျိုးခဲ့ခြင်း ဖြစ်သည်။ ခေလိုရိမ်းက မယုံသင်္ကာသံဖြင့် ပြန်မေးလိုက်သည်။

'ခင်ဗျားက ဘယ်လိုလုပ်ပြီး သိတာလဲဗျ'

'ဂျူအန်ဒါမာရီယံဆိုတဲ့ သင်္ဘောသားကြီးဆီက ကြားခဲ့တာကွ။ သူက ပစ်စကိုဘုရားရှိခိုးကျောင်းမှာ ဖာသာမက်တီယိုဆိုတဲ့ နာမည်နဲ့ နေခဲ့ဖူးတယ်။ ဒကာမ

ချောချောလေး တစ်ယောက်နဲ့ငြိပြီး လူထွက်လိုက်တယ်

ကောင်မလေးကဲ ချူစားသွားတာ ရှိသမျှ ပြောင်ပါရော

နောက်ဆုံး ပင်လယ်ပျော်ဘဝ ရောက်သွားတယ်။ သင်္ဘော

တစ်စင်းပေါ်မှာ သူနဲ့ ဆုံခဲ့တာကွ။ တစ်နေ့မှာ အပြင်းမူး

ပြီး ကတောင်ကတမ်းနဲ့ အဲဒီရွှေတွေအကြောင်း ဖွင့်ချ

တယ်။ နောက်နှစ်ရက်လောက်ကြာတော့ သေသွားရော

အဲဒါတွေကို တို့ ရအောင် သွားယူရမယ်ကွ'

ခေလိုရိမ်းတစ်ယောက် ထိုအခါမှပင် ရွှေ

လျှောက်ရမည့်လမ်းကို သဲကွဲစွာ မြင်လိုက်ရတော့သည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com



ပီရူးနိုင်ငံသို့ ဦးတည်၍ ခရီးစဉ်စခဲ့လေပြီ။

အဲ(လ်)ဗာရက်(စ်)က ခေါင်းဆောင်။ ခေလိုရိမ်းနှင့် အတူ အခြားနှစ်ယောက်လည်း ပါလာကြသည်။ တစ်ယောက်က အာသာဘရောင်းဆိုသည့် အမေရိကန်။ ကျန်တစ်ဦးက ဘားနက်ဆိုသည့် အင်္ဂလိပ်။ ရှေးဦးစွာ ချီလီရှိ ဗာလ်ပါရဲဆိုသို့ လားများဖြင့် ခရီးနှင်ခဲ့ကြသည်။ ထိုမှတစ်ဆင့် ပစ်စကိုသို့အရောက် ခရီးဆက်ခဲ့လေသည်။

လူလည်ကြီး အဲ(လ်)ဗာရက်(စ်)သည် ပစ်စကိုဘုရားရှိခိုးကျောင်းအကြောင်း ကြိုတင်ထောက်လှမ်းထားပြီးဖြစ်သည်။ ခေလိုရိမ်းနှင့် သူသည် ကက်သလစ်ဘာသာဝင်များ ဖြစ်ကြသည်။ သို့ဖြင့် နှစ်ယောက်သား ကျောင်းရှိဖာသာကြီးများနှင့် ပရောပရည် ဝင်လုပ်ခဲ့ကြသည်။ ယဉ်ကျေးပျူငှာဟန်ဖြင့် ဝင်လုံးကာ အယုံသွင်းကြဖြန်သည်။ ဤတွင် ဖာသာများက ၎င်းတို့၏ အပြစ်များအား ဖြေဖျောက်နိုင်ရန်အတွက် ညလုံးပေါက် ကျောင်းအတွင်း ဝင်နေရန် အကြံပေးခဲ့ကြသည်။ နွားငတ်ရေကျကိန်းဆိုက်လေပြီ။ ၎င်းတို့စိတ်ကြိုက် ထောက်လှမ်းရန် ရွှေအခွင့်အရေးကြီးရသွားကြခြင်းပင်တည်း။

ဤသို့ဖြင့် ကံကြမ္မာကပေးလာသည့် ဆုလာဘ်အဖြစ် ပစ်စကို၏ လျှို့ဝှက်ချက်နှစ်ခုကို သိခဲ့ကြရသည်။ ဖာသာလေးယောက် အလှည့်ကျ ကင်းလှည့်ကြသည်က တစ်ချက်၊ မြေအောက်ခန်းသို့ဝင်သည့် တံခါးပေါက်များသည် အလွန်ထူထဲခိုင်ခံ့သည်က တစ်ကြောင်းတို့ ဖြစ်ကြသည်။ ထို့ပြင်တစ်ဝ ဝင်ပေါက်များကိုလည်း ဘဏ်တိုက်ရှိ အရေးကြီးအခန်းသဖွယ် အမြဲမပြတ် စောင့်ကြပ်လျက်ရှိကြောင်း တွေ့ခဲ့ကြရသည်။ မြေအောက်ခန်းကိုလည်း ခြောက်ပေထူသည့် ကျောက်တုံးနံရံများဖြင့် ကာရံထားသည်ကိုလည်း သိခဲ့ကြရလေသည်။ ဘုန်းကြီး လူထွက် မက်တီယို၏ ကယောင်ချောက်ချား ပြောစကားက မှန်ကန်နေလေပြီ။ သို့တိုင်အောင် အလွယ်တကူ ဖောက်ထွင်းခိုးယူနိုင်ခြေက သုညပြလျက် ရှိလေသည်။

တံခါးများအား ဖျက်ရန် နာရီပေါင်းများစွာ ကြာမ

www.burmeseclassic.com

မည်။ ဖောက်ခွဲပစ်ရန်ကလည်း မဖြစ်နိုင်။ နှစ်နည်းလုံး လက်တွေ့အသုံးမတည့်။ သို့ရာတွင် မိစ္ဆာဉာဏ်ထက်မြက်သော အဲ(လ်)ဗာရက်(စ်)သည် မျက်နှာပြောင်တိုက်သည့် နည်းဗျူဟာကို သုံးခဲ့တော့သည်။ ဦးစွာ ဝါအကြီးဆုံးဖြစ်သော ဖာသာဘီနစ်တိုနှင့် နှစ်ကိုယ်ကြား ဆွေးနွေးခွင့် တောင်းလိုက်သည်။ ပြီးလျှင် ဖာသာများ၏စရိုက်ကို နောကြေနေသူပီပီ မသမာမှုကြီး၏ ကားလိပ်ကို စတင်ဖွင့်ခဲ့တော့သည်။ သူသည် ကိုယ်ကို ရှေ့သို့ အနည်းငယ်ကိုင်းရင်း ခပ်တိုးတိုး ပြောလိုက်သည်။

'ဒီမှာ ဖာသာ··ခင်ဗျားကျောင်းကြီးကို မိစ္ဆာဒိဋ္ဌိတွေ လာဖျက်ဆီးဖို့ ကြိတ်ကြံနေကြတယ်လို့ ကြားတယ်ဗျ။ ဓားပြတိုက်ဖို့လည်း စီစဉ်ထားကြသတဲ့'

သူသည် စကားစဖြတ်ပြီး မသိမသာ အကဲခတ်လိုက်သည်။ ရုတ်တရက် ကြောက်ရွံ့ထိတ်လန့်ကာ ဖြူဖပ်ဖြူရော်ဖြစ်သွားသည့် ဖာသာဘီနစ်တိုကို ကြည့်ပြီးမှ မေးလိုက်သည်။

'ဂျူအန်ဒါမာရီယံ ဆိုတဲ့သူကိုများ ဖာသာသိလားဗျ'

ဖာသာဘီနစ်တိုသည် မျက်မှောင်ကြုတ် စဉ်းစားရင်း တွေဝေနေသဖြင့် သူက အစဖော်ပေးလိုက်သည်။

'ဒီကျောင်းမှာ ဖာသာလုပ်နေရာက လူထွက်သွားတာလေ။ နောက်ပိုင်း သင်္ဘောသားဖြစ်သွားတယ်'

ဖာသာဘီနစ်တို၏ မျက်ဝန်းများ အရောင်တောက်လာကာ သတိပြန်ရပုံ ပေါ်လာသည်။ ထို့နောက် ရုတ်တရက် အော်ပြောလိုက်သည်။

'ဟား··အဲဒါ ဖာသာမက်တီယိုပဲ'

အနီ လူပြန်တော်ကြီး သေဆုံးသွားသည်ကို ဖာသာဘီနစ်တို လုံးဝသိပုံမရပေ။ အဲ(လ်)ဗာရက်(စ်)သည် ထိုအခွင့်အရေးကို အပြည့်အဝသုံး၍ ထိုးဖောက်ခင်းလိုက်သည်။

'ဟုတ်ပါ့ဗျာ၊ အခု သူက နေမထူး သေမထူး လူတစ်စုနဲ့ပေါင်းပြီး ဒီကျောင်းက ရတနာတွေကို မောင်ပိုင်စီးဖို့လာနေပြီ။ ရက်ပိုင်းအတွင်း ရောက်လာတော့မှာတဲ့။ လီမာမြို့တက်ပြီး အကူအညီတောင်းဖို့လည်း မီမှာမဟုတ်တော့ဘူး။ သူတို့ပြုသမျှ နုရမယ့် အခြေအနေရောက်နေပြီဗျ'

အဲ(လ်)ဗာရက်(စ်)ဆင်သည့် ခွင်အတွင်းသို့ ဖာသာဘီနစ်တိုတစ်ယောက် တည့်တည့်ကြီးတိုးဝင်ခဲ့တော့သည်။

'ဟာ··ဒါဆို ဘယ်လိုလုပ်ကြမလဲ'

'အကြံတစ်ခု ပေးမယ်လေ။ ရတနာတွေကို ကဲ(လ်)လိုဝါကို သယ်သွားကြမယ်။ မိုင်နှစ်ရာလောက် ဝေးဝေးမယ့် ဟိုမှာ စောင့်ရှောက်ပေးမယ့် စစ်သားတွေရှိတယ်။ နှစ်ပင်တိုင် ရွက်သင်္ဘောငှားပြီး ကျွန်တော်နဲ့ သူငယ်ချင်းတွေ ပိုင်းကူပို့ပေးမယ်။ ဖာသာတို့ သုံးယောက်လည်း အတူလိုက်ခဲ့ကြပေါ့'

ယုံလွယ်တတ်သော ဖာသာဘီနစ်တိုအတွက် ရွေးစရာ ထိုတစ်လမ်းမှတစ်ပါး အခြားမရှိလေတော့ပေ။

◆◆◆

ထိုနေ့သည လူခြေတိတ်ချိန်။

ဖာသာနှစ်ယောက်သည် အဲ(လ်)ဗာရက်(စ်)တို့အဖွဲ့ကို မြေအောက်ခန်းရှိရာသို့ ခေါ်သွားကြသည်။ ဦးစွာ ရှည်လျားသော လှေကားထစ်များအတိုင်း တက်သွားရာ သံပန်းတံခါး တစ်ခုရှေ့သို့ ရောက်သွားသည်။ ထိုတံခါးကိုဖွင့်ပြီး ဆင်ခြေလျှောလမ်းကလေးအတိုင်း ဆက်ဆင်းသွားကြသည်။ နံရံများက ရေများစိမ့်ကာ စိုစွတ်လျက်ရှိသည်။

လမ်းဆုံးသွားသောအခါ ဝက်သစ်ချသားပေါ်တွင် သံပြားအုပ်ထားသည့် တံခါးပေါက်ရှေ့သို့ ရောက်သွားကြသည်။ ထိုတံခါးက သုံးလက်မထူလေသည်။ သော့ကိုင်လာသော ဖာသာသည် စိတ်လှုပ်ရှားနေသဖြင့် တံခါးဖွင့်ရာတွင် ကတုန်ကယင် ဖြစ်လျက်ရှိသည်။ အဲ(လ်)ဗာရက်(စ်)တို့ကလည်း စိတ်စောစွာဖြင့် စောင့်ကြည့်နေခဲ့ကြသည်။ နောက်ဆုံးတွင် သော့ပွင့်သွားကာ တံခါးကို တွန်းဖွင့်လိုက်သည်။ ကျန်သည့် ဖာသာတစ်ယောက်က လက်အတွင်းရှိ မီးအိမ်ကို မြှောက်ပြလိုက်လေသည်။

မီးရောင်မှိတ်တုတ်အောက်တွင် ပခုံးအထိမြင့်သော ရွှေနံရံကြီးကို ခေလိုရိမ်း တွေ့လိုက်ရသည်။ သေချာစွာ ကြည့်လိုက်သောအခါ ရွှေတုံးများအား ထပ်စီထားခြင်းဖြစ်ကြောင်း သိလိုက်သည်။ သူသည် ဘောင်ဘင်ခတ်လာသည့် စိတ်ကိုထိန်းကာ အဖွဲ့သားများကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ အားလုံး၏ မျက်လုံးများ အရောင်တဝင်းဝင်းတောက်ကာ မျက်နှာများတွင်လည်း လောဘအသီများ ပြန့်လျက်ရှိကြလေသည်။ သို့တိုင်အောင် ဟန်

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ဖို့ လုပ်နေကြသဖြင့် ဖာသာများ လုံးဝမရိပ်မိကြပေ။

ရွှေတုံးတစ်ဆယ့်လေးတန် ပုံထားသည့် မြေအောက်ခန်းအတွင်းသို့ ရှေ့ဆုံးမှဝင်သွားသူက အဲ(လ်)ဗာရက်(စ်)။ ရွှေပုံကြီးဘေးတွင် ရတနာများစီခြယ်ထားသော ဖယောင်းတိုင်ထွန်းသည့် ရွှေခွက်ကြီးခုနစ်လုံးကို ချထားသည်။ ရွှေဆွဲကြိုးရှည်ကြီးများက သုံးဆယ့်ရှစ်ကုံး။ အဖိုးတန်ကျောက်မျက်ရတနာ အရိုင်းတုံးများ ထည့်ထားသည့် ရွှေကလပ်တစ်ခု။ အခြားရွှေကလပ်တစ်ခုထဲတွင်လည်း စပိန်ပြည်သုံး ရွှေဒင်္ဂါးပြားများ၊ ကျောက်မျက်မျိုးစုံနှင့် လက်ဝတ်တန်ဆာပေါင်းစုံက အပြည့်။ ထိုရတနာသိုက်ကြီး၏ တန်ဖိုးသည် စတာလင်ပေါင်း(၄)သန်းခန့်ရှိမည်ဟု အဲ(လ်)ဗာရက်(စ်)တို့ ခန့်မှန်းခဲ့ကြလေသည်။

♦♦♦

နှစ်ပင်တိုင် ရွက်သင်္ဘောကလေး ဘော့(စ်)ဘဒ်။

ဖာသာဘီနှစ်တို့၏ သဘောတူညီချက်ဖြင့် အဲ(လ်)ဗာရက်(စ်)က ကုန်ပစ္စည်းသယ်ပို့ရန် ငှားရမ်းခဲ့သည်။ ရွှေတုံးများနှင့် ရတနာပစ္စည်းများအား နှစ်ညတိုင် အချိန်ယူ၍ သင်္ဘောပေါ် တင်ခဲ့ကြရသည်။ သင်္ဘောပိုင်ရှင် မာလိန်မှူးသွန်မဆင်ကိုတော့ ဘာသာရေးဆိုင်ရာ ရုပ်တုများဟု မလိမ့်တပတ် ပြောထားသည်။ ၄င်းသည် စကော့တလန်ခရစ်ယာန်ဂိုဏ်းဝင်ဖြစ်သဖြင့် တားမြစ်ချက်များအရ ထိုရုပ်တုများအား သယ်ပိုင်ခွင့် မရှိပေ။ သို့ရာတွင် ငွေလိုနေသဖြင့် ဖွတ်မိုတ်လုပ်ခဲ့ခြင်းပင် ဖြစ်သည်။

မူလသင်္ဘောသား သုံးယောက်ကို လှည့်ပတ်သွေးဆောင်ကာ မူးယစ်ဆေးများတိုက်ပြီး ကုန်းပေါ်တွင် ချန်ထားခဲ့သည်။ ၄င်းတို့နေရာတွင် အဲ(လ်)ဗာရက်(စ်)၏ လူသုံးယောက်က ချက်ချင်းအစားဝင်လိုက်ကြသည်။ ဤသို့ဖြင့် ဖာသာလေးယောက်နှင့် အဲ(လ်)ဗာရက်(စ်)တို့အဖွဲ့လိုက်ပါလာသော သင်္ဘောကလေးသည် မူမမှန်သော ပင်လယ်ခရီးစဉ်ကို စတင်ရွက်လွှင့်ခဲ့တော့သည်။

ကဲ(လ်)လိုဝါသို့ ဦးတည်လျက် ကမ်းရိုးတန်းအတိုင်း ရွက်လွှင့်လာခဲ့ရာမှ ဟာရီကိန်းမုန်တိုင်းနှင့်တိုးကာ ပင်လယ်ပြင်ဘက်သို့ လွင့်မျောပါသွားခဲ့ရသည်။ ထိုအခြေအနေကို လက်စလက်နရှိသော အဲ(လ်)ဗ၎ အပြည့်အဝအသုံးချခဲ့သည်။ မည်သူမျှ လက်၎ သော နေရာတွင် ဖာသာလေးယောက်နှင့် ကျန်သည့် သင်္ဘောသားအချို့အား သတ်ကာ ပင်လယ်တွင်းသို့ ပစ်ချလက်စဖျောက်လိုက်လေသည်။ အဲ(လ်)ဗာရက်(စ်)၏ မဟာစီမံချက် ပထမပိုင်းကတော့ အထစ်အငေါ့မရှိ ပြီးမြောက်သွားခဲ့သည်။ ရတနာများကလည်း လက်ထဲရောက်လာခဲ့လေပြီ။ မည်သို့ ခရီးဆက်ကြရမည်နည်း။


♦♦♦

မသမာသောနည်းဖြင့် ရရှိခဲ့သည့် အောင်မြင်မှု။

အဲ(လ်)ဗာရက်(စ်)၏ ကြံရည်ဖန်ရည်ကို စိန်ခေါ်နေလေပြီ။ သတ်ဖြတ်လုယက်လိုက်သည်ကတော့ အလွယ်ကလေးပင်။ ၄င်းတို့အနေဖြင့် တောင်အမေရိကတစ်ကြောမည်သည့်နေရာတွင်မျှ ဆိုက်ကပ်၍ မဖြစ်တော့ကြောင်း အဲ(လ်)ဗရက်(စ်) ကောင်းစွာသဘောပေါက်ထားသည်။

ဆယ့်ကိုးရာစု အလယ်ကာလဖြစ်သဖြင့် အချုပ်အချယ် မတင်းကျပ်ပေ။ သို့တိုင်အောင် စတာလင်ပေါင်(၄)သန်းခန့်တန်သော ရတနာပုံကြီးဖြင့် စိတ်ချလက်ချ ဆိုက်ကပ်နိုင်မည့် ဆိပ်ကမ်းတစ်ခုမျှ စဉ်းစား၍မရ။ မေးမြန်းစုံစမ်းလာမှုများအတွက် ခိုင်လုံသောအဖြေ ပေးနိုင်သည့် အခြေအနေက နတ္ထိ။ ၄င်းတို့အနေဖြင့် ရွက်သင်္ဘောကလေး ဘော့(စ်)ဘဒ်၏ ခြေရာခြေကြောင်း မှန်သမျှကို အစဖျောက်ပစ်ရပေတော့မည်။

အဲ(လ်)ဗာရက်(စ်)၏ခေါင်းထဲက ဉာဏ်နီဉာဏ်နက်များ ထွက်လာခဲ့ပြန်သည်။ ဦးစွာ ရေကြောင်းပြောင်း၍ တောင်ပင်လယ်အတွင်းရှိ လူမနေသော ကျွန်းတစ်ကျွန်းပေါ်တွင် ရတနာများကို မြှုပ်နှံကြရမည်။ ပြီးလျှင် လိုအပ်သလောက်သာ ယူငင်ပြီး ဩစတြေးလျဘက်သို့ ရွက်လွှင့်ကြမည်။ သင့်လျော်သည့် နေရာရောက်လျှင် သင်္ဘောဝမ်းကို ဖောက်ပစ်မည်။ ထိုအခါ ၄င်းတို့သည် သင်္ဘောပျက်



www.burmeseclassic.com

www.burmeseclassic.com

သည့် ဒုက္ခသည်များဘဝသို့ အလိုလိုရောက်သွားကြမည် မဟုတ်လော။

ဤနေရာတွင် သင်္ဘောပိုင်ရှင် မာလိန်မှူးကို ပစ်ပယ်ထား၍မဖြစ်။ ငါးယောက်မြောက်အဖွဲ့သား ဖြစ်လာရန် စည်းရုံးရပေမည်။ သင်္ဘောငှားခနှင့် ပျက်စီးဆုံးရှုံးမှုကို ကာမိစေရန် ဝေစုခွဲပေးလိုက်မည်။ ပြီးလျှင် ကမ္ဘာ၏ အခြားဘက်ခြမ်းသို့ ဝေးနိုင်သမျှ ဝေးဝေးထွက်သွားခိုင်းလိုက်မည်။ ပစ်စကို ဘုရားရှိခိုးကျောင်းနှင့်သော်လည်းကောင်း၊ ရွက်သင်္ဘော ဘော့(စ်)ဘဒ်နှင့်သော်လည်းကောင်း ပတ်သက်ခဲ့သည့် အရိပ်အယောင် တစ်စွန်းတစ်စမျှ မပေါ်စေဘဲ ပိပိရိရိနေထိုင်သွားရန်လည်း သတိပေးလိုက်မည်ဟု အဲ(လ်)ဗာရက် ဆုံးဖြတ်လိုက်လေသည်။

လောဘဇောတက်နေသည့် အဲ(လ်)ဗာရက်(စ်)သည် သူ့အကြံနှင့်သူ မနောခွေ့နေခဲ့သည်။ ထိုနည်းလမ်းက ရုတ်တရက် ဆောင့်တက်လာမည့် အဖွဲ့သားများ၏ လောဘရမ္မက်ကို အတိုင်းအတာတစ်ခုအထိ ဟန့်တားနိုင်သည်ကတော့ အမှန်ပင်။ သို့ရာတွင် မမျှော်မှန်းနိုင်သည့် ဆူးငြောင့်ခလုတ်များက အသင့်စောင့်ဆိုင်းလျက်ရှိလေသည်။ ထို့အပြင် မားသွားပေါ်က ပျားရည်စက် ဖြစ်နေသည်ကိုလည်း သတိမမူမိခဲ့ပေ။

◆◆◆

ပြင်သစ်ပိုင် တဟီတီကျွန်းအရှေ့ဘက် ကပ်လျက်တွင်ရှိသည့် တူမာတိုးကျွန်းစု။

ရေကြောင်းပြောင်း၍ ရွက်လွှင့်ခဲ့သော အဲ(လ်)ဗာရက်(စ်)တို့သည် ထိုနေရာသို့ ရောက်သွားကြသည်။ ၄င်းတို့အနေဖြင့် အချိန်ဆွဲနေ၍မဖြစ်။ ကျွန်းစုတစ်နေရာရှိ သန္တာကျောက်တန်းများ ဝန်းရံထားသည့် ပင်လယ်ကမ်းစပ်အိုင်ငယ်ကလေးတစ်ခုကို ရွေးချယ်လိုက်သည်။ ထိုအိုင်ငယ်ကလေးထဲတွင် ရတနာပစ္စည်းများအား မြှုပ်နှံခဲ့ကြလေသည်။

အဲ(လ်)ဗာရက်(စ်)သည် ထိုနေရာဝန်းကျင်ရှိ ထင်ရှားသောအရာများကို မှတ်သားကာ မြေပုံဆွဲထားလိုက်သည်။ ပိုမိုတိကျ သေချာစေရန်အတွက် ထိုနေရာ၏ အမည်ကိုလည်း သိဖို့လိုပေသည်။ သို့ဖြင့် ကျွန်းစုတစ်ပိုက် လှည့်ပတ်ကြည့်ရင်း အခြားကမ်းစပ် တစ်နေရာအရောက်တွင် ဒေသခံတိုင်းရင်းသားတစ်ဦးနှင့် ဆုံခဲ့ကြလေသည်။

ထိုဒေသခံအတွက် ကံဆိုးမိုးမှောင်ကျသည့်နေ့ ဖြ
သွားခဲ့သည်။ ထိုနေရာ၏ အမည်ကိုသိရှိရန် အဲ(လ်)ဗာ
ရက်(စ်)၏ မညှာမတာ ညှဉ်းပန်းနှိပ်စက် မေးမြန်းခြင်း
ခံခဲ့ရလေသည်။ သေလုမြောပါး ခံစားရပြီးမှ တစ်ကြိမ်
တည်းသာ ပြောသွားသောအမည်ကို အမိအရလိုက်မှတ်
ခဲ့ရသည်။ ထို့နောက် လက်ယဉ်နေသော အဲ(လ်)ဗာ
ရက်(စ်)သည် ခြေရာဖျောက်သည့်အနေဖြင့် ထိုသူကို
သတ်ပစ်လိုက်လေသည်။

သို့ရာတွင် ၄င်းတို့ သိမထားသည့် အချက်တစ်ချက်
က ရှိနေခဲ့သည်။ ထိုဒေသခံ သုံးစွဲခဲ့သည့် ပိုလီနီးရှန်း
ဘာသာစကားတွင် တီနှင့် ပီတို့ကို တစ်သံတည်းထွက်
ခြင်းပင် ဖြစ်လေသည်။ ဤသည်မှာ ၄င်းတို့၏ဘဝများ
ကစဉ့်ကလျားဖြစ်ကာ ပျက်စီးဆုံးရှုံးကြရမည့် အကြောင်း
ရင်း နိဒါန်းပင်ဖြစ်ကြောင်း မည်သူမျှ မရိပ်မိခဲ့ကြပေ။

◆◆◆

ဩစတြေးလျနိုင်ငံ၊ ပို့(တ်)ဒါဝင်ဆိပ်ကမ်း။

ကလိမ်ခြုံသမားကြီး အဲ(လ်)ဗာရက်(စ်)၏ စီမံချက်
ပန်းတိုင်သို့ နောက်ဆုံးတွင် ရောက်သွားခဲ့ကြသည်။ ၄င်း
တို့ကို သင်္ဘောပျက်ဒုက္ခသည်များအဖြစ်လည်း လက်ခံခဲ့
ကြသည်။ ကံကြမ္မာက မျက်နှာမလွှဲမီ အချိန်အထိတော့
အဆင်ပြေနေခဲ့ကြသည်။ ရက်ကြာလာသောအခါ အရက်
မူးသော် ကျွဲခိုးပေါ် ဓာတ်ကို ခင်းလာကြတော့သည်။

ဒုစရိုက်သမားတို့၏ ဓလေ့အတိုင်း မူးမူးရူးရူးဖြင့်
ရတနာသိုက်အကြောင်း တစ်ယောက်တစ်ပေါက် လျှောက်
ပြောခဲ့ကြသည်။ သို့ရာတွင် မည်သူမျှ မယုံကြည်ခဲ့ပေ။
သွေးလေချောက်ချားကာ ရူးကြောင်မူးကြောင် လျှောက်
ပြောခြင်းသာဖြစ်သည်ဟု ယူဆခဲ့ကြလေသည်။ ထို့နောက်
တွင်တော့ လူမိုက်ပီပီ လောဘဇောမသတ်နိုင်၊ သူ့အဖွဲ့
သားတစ်ယောက်က စတင်ဗွေဖောက်ခဲ့သည်။ သင်္ဘော
တစ်စင်းဖြင့် ပင်လယ်ပြင်သို့ ထွက်သွားသည်။ ငွေကုန်
သံပြာကိန်းသာ ဆိုက်ခဲ့ရသည်။ ရတနာသိုက်၏ အစအန
ကိုပင် ရှာမတွေ့ခဲ့တော့ပေ။

ဤသို့ဖြင့် လပိုင်းအတွင်း၌ပင် အဲ(လ်)ဗာရက်(စ်)တို့
အုပ်စုပြိုကွဲသွားတော့သည်။ လူမိုက်တို့၏ စရိုက်အတိုင်း
သူတလှူငါတမင်း ထင်ရာဓာတ်ခင်းခဲ့ကြသည်။ နောက်
ဆုံးတွင် ခေါင်းဆောင်အဲ(လ်)ဗာရက်(စ်)နှင့် ဘားနက်တို့

www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်သည် ဒေသခံကျွန်းသားများ၏ လက်ချက်ဖြင့် မိုက်ဇာတ်သိမ်းသွားကြသည်။

ဘရောင်းနှင့် ခေလိုရိမ်းတို့သည် လူသုံးယောက် သေဆုံးခဲ့ရသည့် အုပ်စုချင်း ရန်ပွဲတစ်ခုတွင် ပါဝင်ပတ်သက်မှုဖြင့် ထောင်ဒဏ်အနှစ်နှစ်ဆယ်စီ ကျသွားခဲ့ကြသည်။ ဘရောင်းသည် ထောင်ထဲတွင်ပင် ဘဝပြောင်းသွားခဲ့သည်။ ခေလိုရိမ်းတစ်ယောက်တည်း ပြစ်ဒဏ်စေ့သည်အထိ မိုက်ကြေးဆပ်ခဲ့ရတော့သည်။

♦ ♦ ♦

ခရစ်နှစ်(၁၉၁၀)ပြည့်နှစ်၊ ဆောင်းရာသီအချိန်။

နယူးဇီလန်နိုင်ငံ တစ်နေရာတွင် ဖြစ်သည်။ ချား(လ်စ်) အက်ဝပ်ဟိုဝီ အမည်ရှိ လူရွယ်တစ်ဦးသည် ခရစ်ချဒ် အမည်ရှိ ဘုရားရှိခိုးကျောင်းအနီးတွင် နေထိုင်လျက်ရှိသည်။ တစ်ခုသော ညဦးပိုင်းအချိန်တွင် ဖြစ်သည်။

'ဒေါက်..ဒေါက်'

ဟိုဝီသည် ဧည့်ခန်းအတွင်း ထိုင်နေရာက တံခါးသွားထဖွင့်လိုက်သည်။ လုံးဝမမြင်ဖူးသည့် အဘိုးအိုတစ်ယောက်ကို တွေ့လိုက်ရသည်။ လဲကျလုနီးနီး အားအင်ချည့်နဲ့နေပုံရသည်။ မောဟိုက်လွန်းသဖြင့် စကားပင်ကောင်းစွာ မပြောနိုင်တော့။

သို့ဖြင့် အဘိုးအိုအား ဧည့်ခန်းအတွင်းသို့ တွဲခေါ်ကာ ထိုင်နားခိုင်းလိုက်ရသည်။ သို့တိုင်အောင် သူ၏အကြောင်းကို မေးမြန်းသော်လည်း ဂဃနဏ မပြောနိုင်ပေ။ အခြေအနေက သိပ်မဟန်သဖြင့် နောက်ဆုံးတွင် ဆေးရုံသို့ ပို့ပေးလိုက်တော့သည်။ သည်လူကြီး သက်ဆိုးရှည်မည့်ပုံ မရဟုလည်း တွေးထင်လိုက်မိလေသည်။

♦ ♦ ♦

နောက်ဆယ့်ငါးရက်ခန့် အကြာတွင်ဖြစ်သည်။

ဟိုဝီ တွေးထင်ခဲ့သည့်အတိုင်း ဖြစ်လာတော့သည်။ ဒေသတွင်း ဆေးရုံက အရေးတကြီး လှမ်းခေါ်သဖြင့် ခပ်သုတ်သုတ်သွားခဲ့ရသည်။ ခုတင်ထက်တွင် ပက်လက်ကလေးစောင့်နေသူက သူ့ထံ တစ်ကြိမ်သာ လာသွားသည့် မျက်နှာစိမ်းဧည့်သည်အဘိုးကြီး။ သူရောက်သွားမှ မျက်လုံးကလေးဖွင့်ကာ လေသံဖြင့် ပြောလာခဲ့သည်။

'ကောင်လေး..ရှေ့တိုး နားထောင်စမ်း၊ ငါ့နာမည်က ဂျူမွန်နီကာဂျက်။ လူတွေကတော့ ခေလိုရိမ်းလို့ခေါ်ကြတယ်။ အသက်ရှစ်ဆယ့်လေးနှစ်ရှိပြီကွ၊ မင်း သူဌေးဖြစ်ချင်ရင် သေသေချာချာ မှတ်ထား။ လွန်ခဲ့တဲ့ အနှစ်ခြောက်ဆယ်ကျော်က မိုက်မိုက်ကန်းကန်းရှာခဲ့တဲ့ ရတနာတွေအကြောင်း ပြောပြမယ်။ မြေပုံကိုလည်း ယူထားလိုက်'

ဤသို့ဖြင့် လူမိုက်ကြီး အဲ(လ်)ဗာရက်(စ်)နှင့် စတင်တွေ့ခဲ့သည်မှ ထောင်အနှစ်နှစ်ဆယ် ကျခဲ့သည်အထိ ဇာတ်စုံပြန်ခင်းပြခဲ့လေသည်။ စင်စစ်တွင် ခေလိုရိမ်းသည် ထောင်မှလွတ်ခဲ့ပြီး ခြေဦးတည့်ရာ လေလွင့်နေရာက နောက်ဆုံးတွင် ဟိုဝီ၏ အိမ်ပေါက်ဝသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ခဲ့ခြင်းပင် ဖြစ်လေသည်။

♦ ♦ ♦

ချား(လ်စ်)အက်ဝပ်ဟိုဝီတစ်ယောက် သန်းကြွယ်သူဌေးကြီး ဖြစ်တော့မည်လော။

ယခုအခါ သူသည် တူမာတိုးရတနာသိုက်ကြီး၏ အမွေဆက်ခံသူ အလိုအလျောက်ဖြစ်ခဲ့လေပြီ။ ရတနာများကို တွေ့အောင်ရှာဖွေရန်သာ ရှိတော့သည်။ သို့ဖြင့် ခေလိုရိမ်း မသေဆုံးမီ ပြောပြခဲ့သည့် ဖြစ်စဉ်များ၏ ဗျူဟာမှန်ကို စတင်စုံစမ်းခဲ့တော့သည်။ သူလည်းလေ လောကီသားတစ်ယောက်ပင် မဟုတ်လော။

ရှေးဦးစွာ ဩစတြေးလျနိုင်ငံ၊ ပို့(တ်)ဒါဝင်ဆိပ်ကမ်း အာဏာပိုင်များထံ ချဉ်းကပ်ခဲ့သည်။ လွန်ခဲ့သည့်(၁၈၅၀) ပြည့်နှစ်က သင်္ဘောပျက်ဒုက္ခသည်ရေငးဦး အမှန်တကယ် ရောက်ရှိခဲ့ကြောင်း သိလာရသည်။ ပစ်စကိုဘုရားရှိခိုးကျောင်းက ရတနာများအား လုယက်ယူဆောင်သွားကြောင်းကိုလည်း ပီရူးတာဝန်ရှိသူများက အတည်ပြုပေးခဲ့ပြန်သည်။ ဟိုဝီသည် အချိန်ယူ၍ ငွေဖြည့်ရင်းကာ စုံစမ်းပြီးနောက် ခေလိုရိမ်း၏ ဇာတ်လမ်းကို ရာနှုန်းပြည့်ယုံကြည်သွားခဲ့သည်။ လက်တွေ့အကောင်အထည်ဖော် ရှာဖွေရန်လည်း ဆုံးဖြတ်လိုက်တော့သည်။

♦ ♦ ♦

ခရစ်နှစ်(၁၉၁၂)ခုနှစ်။

ဟိုဝီသည် တူမာတိုးကျွန်းစုသို့ဦးတည်၍ တစ်ကိုယ်တော်ခရီးစဉ်ကို စတင်ခဲ့သည်။ သူ၏ အိတ်ထဲတွင် စတာလင်ပေါင်ငါးရာသာ ပါခဲ့လေသည်။ ရှေးဦးစွာ ရှာဖွေရှင်းရမည့် ပဟေဠိသည် ရတနာသိုက်ရှိသည့်ကျွန်း

www.burmeseclassic.com



ကမ်းစပ်ရေအိုင်ကလေးကို ရှာတွေ့ရေးဖြစ်သည်။ ရှာတွေ့သည့်တိုင် သူတစ်ယောက်တည်း တူးဖော်နိုင်ပါမည်လော ဆိုသည်ကလည်း သူ့အတွက် ဒုတိယမဟာပုစ္ဆာကြီးပင် ဖြစ်လေသည်။

သူသည် ကျွန်းစုတစ်ဝန်း ရှိရှိသမျှ ကမ်းစပ်ရေအိုင်များတစ်ခို လှည့်လည်ရှာဖွေခဲ့သည်။ မလျှော့သောဇွဲဖြင့် ဆယ့်နှစ်နှစ်ကြာသည့်တိုင် ရှာခဲ့သော်လည်း အကျိုးရရှိမှုက သုညအောက် အနုတ်လက္ခဏာပင် ဖြစ်ခဲ့လေသည်။ ထိုမျှအချိန်များ ကြာခဲ့ပြီးနောက်မှ တစ်နေ့တွင်ဖြစ်သည်။ ဟိုဝီသည် ကမ်းစပ်တစ်နေရာတွင် စိတ်ပျက်လက်ပျက် ထိုင်နေရင်းက ခေလိုရိမ်း အမှတ်တမဲ့ပြောခဲ့သည့် အမှတ်သညာတစ်ခုကို သတိရခဲ့တော့သည်။ ရတနာများ မြှုပ်နှံခဲ့သည့် ရေအိုင်ကလေးသည် သစ်တော်သီးပုံသဏ္ဌာန်ရှိသည်ဆိုသော အချက်ပင်ဖြစ်သည်။

အရေးကြီးဆုံးသောအချက်ကို ထိုမျှနှစ်များကြာသည့်တိုင် အဘယ်ကြောင့် သတိမရခဲ့ပါသနည်း။ ရတနာသိုက်တို့၏ နတ်ကြီးမှုသဘောကြောင့်လော။ သို့တည်းမဟုတ် အကြားအမြင်ပိတ်တတ်သည့် မာယာပရိယာယ်တစ်မျိုးပင်လော။ မည်သို့ဖြစ်စေ ဟိုဝီသည် ထိုင်နေရာက ချက်ချင်းထကာ မနီးမဝေးရှိ ကမ်းစပ်အိုင်ကလေးဘက်သို့ ကသုတ်ကယက် ပြေးသွားခဲ့သည်။ အနီးရောက်၍ သေချာစွာ ကြည့်လိုက်သောအခါ ရေအိုင်အနားသတ် ပုံစံသည် သစ်တော်သီးပုံဖြစ်နေကြောင်းကို တွေ့လိုက်ရတော့သည်။

ဤသို့ဖြင့် တစ်ဆယ့်နှစ်နှစ်ကြာပြီးမှ တူမာတိုးရတနာသိုက်ကြီး၏ တည်နေရာကိုတော့ ရှာတွေ့လေပြီ။ သို့ရာတွင် တစ်ကိုယ်တော်သမားလိုဝီ ငုတ်တုတ်မေ့ခဲ့ရသည်။ ဝိုင်းကူမည့်သူ မရှိ။ ပစ္စည်းကိရိယာကလည်း နည်း။ ထို့အပြင် ထိုကျွန်းစုကလေးသည် ပြင်သစ်ပိုင်ဖြစ်ပြီး သူ့အား စောင့်ကြည့်နေသူများ ရှိခဲ့သည်။ တူမာတိုးရတနာသိုက်သည် ပြင်သစ်အစိုးရပိုင်သာဖြစ်ကြောင်း စကားများလည်း ထွက်လာခဲ့သည်။ ထို့ကြောင့် ဟိုဝီသည် စိတ်ဓာတ်ကျကာ (၁၉၂၇)ခုနှစ်တွင် ဩစတြေးလျသို့ လှည့်ပြန်ခဲ့တော့သည်။

ဟိုဝီသည် စိတ်လေလွင့်ကာ ဆစ်ဒနီမြို့ထဲတွင် ဦးတည့်ရာ လျှောက်သွားခဲ့သည်။ ရတနာသိုက်အကြောင်းကိုလည်း အလျဉ်းသင့်သလိုပြောပြကာ လက်တွဲရှာဖွေ သူများ တွေ့လိုတွေ့ငြား စည်းရုံးကြည့်ခဲ့သည်။ သူ၏ ဇာတ်လမ်းကို စိတ်မဝင်စားကြ။ ခေါင်းခါပြသွားကြသည်ချည်းပင်ဖြစ်သည်။

သို့ရာတွင် ဂျာနယ်လစ်တစ်ဦးသည် တဟီတီကျွန်းသို့ရောက်စဉ် ဟိုဝီ၏ဇာတ်လမ်းကို တစ်စွန်းတစ်စ ကြားသိကာ စိတ်ဝင်စားသွားပြီး လိုက်လံစုံစမ်းတော့သည်။ ဟိုဝီသည် တဟီတီကျွန်းမှ ဩစတြေးလျသို့မပြန်မီ စိတ်ပျက်လက်ပျက်ဖြင့် ရတနာသိုက်မြေပုံအား အရက်ဆိုင် တစ်ခုတွင်တွေ့သည့် လူတစ်ယောက်ကို ပေးပစ်လိုက်သည်။ ခေလိုရိမ်းတို့ ဆွဲခဲ့သည့် ထိုမြေပုံသည် နောက်ဆုံးတွင် ဂျာနယ်လစ်၏ လက်တွင်းသို့ ရောက်လာခဲ့သည်။ အဝတ်စဖြင့် ပတ်ထားသော မြေပုံကလေးသည် အနား များပင် တွန့်လိပ်ကြေမွလျက် ရှိလေသည်။

ဂျာနယ်လစ်ပုဂ္ဂိုလ်သည် အနီမြေပုံအားကိုးဖြင့် ရတနာများ ရှာဖွေဆယ်ယူရန် အဖွဲ့ကလေးတစ်ဖွဲ့ တည်ထောင်လိုက်သည်။ မူလကာယကံရှင်ဖြစ်သော ဟိုဝီကိုလည်း လိုက်လံရှာဖွေခဲ့သေးသည်။ သို့ရာတွင် ခြေစခြေနပင် မတွေ့ရ။ ထိုအချိန်မှစ၍ ဟိုဝီတစ်ယောက် စုံးစုံးမြုပ် ကွယ်ပျောက်သွားခဲ့လေသည်။

ရတနာသိုက်ရှာဖွေရေးအဖွဲ့သည် ပြင်သစ်အစိုးရ၏ ခွင့်ပြုချက်မရဘဲ မည်သို့မျှလှုပ်ရှား၍မရကြောင်း သဘောပေါက်ခဲ့ကြသည်။ ရန်ပုံငွေထပ်မံရှာဖွေရန်လည်း လိုအပ်လျက် ရှိပြန်သည်။ ထို့ကြောင့် ၎င်းတို့သည် လန်ဒန်မြို့သို့ ခြေဆန့်ခဲ့ကြသည်။ ထို့နောက် တိုင်းမ်စ်သတင်းစာကြီး



www.burmeseclassic.com

www.burmeseclassic.com

တွင် ကြော်ငြာများထည့်လိုက်ကြသည်။ သို့ဖြင့် မကြာ တွင်ပင် ဂျော့(ရှ်)ဟမ်မီ(လ်)တန်ဆိုသူ ရှယ်ယာရှင်တစ် ယောက် ထပ်မံတိုးလာခဲ့တော့သည်။

◆◆◆

ခရစ်နှစ်(၁၉၃၂)ခုနှစ်၊ စက်တင်ဘာလ။

တဟီတီကျွန်းသို့ ရတနာသိုက်ရှာဖွေရေးအဖွဲ့ ရောက် လာကြသည်။ ၄င်းတို့သည် ပြင်သစ်အစိုးရ၏ တရားဝင် ခွင့်ပြုမိန့်ကိုလည်း ရရှိခဲ့ကြပြီးဖြစ်သည်။ အဖွဲ့ဝင်ခြောက် သည် နှစ်ပင်တိုင် ကုန်တင်ရွက်သင်္ဘောကလေးဖြင့် ပင်လယ်ကမ်းစပ်အိုင်ကလေးများရှိရာ တူမားတိုးကျွန်းစု ဆက်သို့ ဦးတည်ရွက်လွှင့်ခဲ့ကြသည်။

ရတနာသိုက်ရှိရာ နေရာအမှန်သည် မည်သည့်ရေ အိုင် ဖြစ်မည်နည်းဟူသော မေးခွန်းဟောင်းကြီး ပြန်ပေါ် လာခဲ့သည်။ ရှာဖွေရန် သဲလွန်စကလည်း ပီပြင်မှုမရှိ။ ဆယ်နှစ်ကျော်ကြာ ဖွဲ့နပဲကြီးခဲ့သော ဟိုဝီ၏ ရှာဖွေမှု အကြောင်း ဒေသခံများ၏ မှရေမရာ ပြောစကားများကို သာ အားထားခဲ့ရသည်။ ထို့အပြင် ဟိုဝီကိုလည်းကောင်း၊ ၏ရှေ့က ခေလိုရိမ်းတို့ အဖွဲ့ကိုလည်းကောင်း စိတ်ရှုပ် သွားစေရန် ပယောဂဖြစ်စေခဲ့သည့် အကြောင်းတစ်ချက်က လည်း ရှိနေခဲ့သည်။

အမည်စာလုံးပေါင်း အစအကျွရာများသည် ပီနှင့် ဖြစ်သော်လည်း အသံထွက်ရာတွင် တူနေသည့် သန္တာ ကျောက်တန်း ကျွန်းနှစ်ကျွန်းပင်ဖြစ်သည်။ ၄င်းတို့အဖွဲ့ သည်လည်း အမှန်ကို ဝေခွဲမရဘဲ လုပ်ငန်းများကို ဖင့် နှေးစေခဲ့တော့သည်။

သို့ရာတွင် ရတနာသိုက်ရှိသည့်အိုင်သည် သစ်တော် ပုံစံရှိသည်ဟု ဟိုဝီပြောခဲ့သည်ကို ၄င်းတို့သိရှိထားခဲ့ ကြသည်။ ထို့အပြင် ထိုအိုင်၏ အနောက်ဘက်ခြမ်းတွင် ပေါ်သို့ ထောင်ထွက်နေသည့် သန္တာကျောက်တိုင်တစ်ခု ကြောင်း ဟိုဝီက ပြောသွားခဲ့သေးသည်ဟူသော စကား ကိုလည်း ရထားခဲ့ကြသည်။ တစ်နေ့ရာသို့အရောက်တွင် သတ်မှတ်ချက်များနှင့်ကိုက်ညီသော ပင်လယ်ကမ်းစပ် အိုင်ကလေးကို တွေ့ခဲ့ကြရသည်။ သို့ဖြင့် ထိုအိုင်ကလေး တွင်း၌ စတင်ရှာဖွေရှားခဲ့ကြတော့သည်။

ရှေးဦးစွာ ဟမ်မီ(လ်)တန်ကိုယ်တိုင် ရေငုပ်၍ ဘာမစူးစမ်းခဲ့သည်။ ရေအိုင်အနက် ဆယ့်နှစ်ပေမျှရှိ ကြောင်း တွေ့ရသည်။ ထို့နောက် လွန်များဖြင့် တူးခဲ့ကြ သည်။ အိုင်အောက်ခြေ သဲပြင်အတွင်း ခြောက်ပေအနက် အရောက်တွင် ကျောက်သားမှန်း၊ သဲကျစ်မှန်း ခွဲခြား နိုင်သည့် မာကျောသောနေရာကို စမ်းမိကြသည်။ ၄င်းတို့ ကတော့ ရတနာသိုက်ပေါ်သို့ ခြေချမိပြီဟု ယူဆခဲ့ကြ သည်။ ထိုနေရာကို သေချာစွာမှတ်သား၍ တူးဖော်ရန်သာ လိုတော့သည်။

သို့သော် ဤအဆင့်ရောက်မှ အကြီးမားဆုံး ပြဿ နာနှင့် ကြုံခဲ့ရတော့သည်။ ၄င်းတို့တွင် လိုအပ်သော ရေ ငုပ်ကိရိယာများ အပြည့်အစုံ ပါမလာခဲ့ခြင်းပင်ဖြစ်သည်၊ ထို့ကြောင့် ရေမလုံသော ယာယီသုံး ရေငုပ်ကိရိယာများ ဖြင့် အိုင်အောက်ခြေအထိ အလှည့်ကျငုပ်ကာ လှုပ်ရှား ရန် စီစဉ်ခဲ့ကြလေသည်။

သို့ဖြင့် ဟမ်မီ(လ်)တန်သည် ရတနာသိုက်၏ နေရာ ကို ပို၍အတိအကျ မှတ်သားနိုင်ရန် နောက်တစ်ကြိမ် ထပ်ငုပ်ခဲ့ပြန်သည်။ ရေအောက်ဆင်းသွားပြီး တစ်မိနစ် မပြည့်မီတွင်ပင် ပြန်ပေါ်လာပြီး အမြန်ဆွဲတင်ရန် အချက် ပြခဲ့လေသည်။ လှေပေါ် ပြန်ရောက်ပြီး ပုံမှန်အသက်ပြန် ရှူလာနိုင်သည်အထိ စောင့်ပြီးမှ အဖွဲ့သားတစ်ယောက်က စိုးရိမ်တကြီး မေးလိုက်သည်။

'ဘာများဖြစ်ခဲ့လို့လဲ ကိုယ့်လူရဲ့'

ဟမ်မီ(လ်)တန်က ရင်တုန်ပန်းတုန် မပြေသေးဟန် ဖြင့် ပြန်ဖြေလိုက်သည်။

'ဟာ..အောက်မှာ အကောင်ကြီးတွေ ရှိနေတယ်ဗျ'

'ဟင်..ဘာ..ဘာကောင်ကြီးတွေလဲ'

'ပထမပေါ်လာတာက ပင်လယ်ငါးရှဉ့်ကြီး။ နည်း တဲ့အကောင်ကြီးမဟုတ်ဘူး။ ပင်လယ်ထဲကို စပါးကြီးမြွေ ကြီး ဆင်းလာသလား ထင်ရတယ်။ ကျုပ်ကိုကိုက်တော့ မလို့။ မိန်းနဲ့လှမ်းထိုးထားကို ဆွဲဟပ်သွားတယ်။ ခြေရော လက်ပါလှုပ်ပြီး ခြောက်ထုတ်မှ လှည့်ထွက်သွားတယ်'

'နောက်ထပ်ပြန်လာသေးလားဗျ'

'လာတာပေါ့ဗျာ။ အဲဒီအကောင်ကြီးတော့ မဟုတ် ဘူး၊ ရောဘဲကြီးဗျ။ ကျုပ်ခြေတစ်ဖက်ကို လက်တံတစ် ချောင်းနဲ့ပတ်ပြီး ဆွဲချသွားတာ။ အားကုန်ကန်ကျောက် ရုန်းပြီး ပြေးတက်ခဲ့ရတယ်။ ရေနက်တာထက် ပိုဆိုးတဲ့ အန္တရာယ်တွေပဲဗျ။ ဘယ်လိုဆက်လုပ်ကြမလဲ'



www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့သားအချင်းချင်း လှမ်းကြည့်မိလိုက်ကြသည်။ ရတ်တရက် အဖြေက ရှာမရ။ ထိုနေရာတွင် ရတနာများ အမှန်တကယ်ရှိနေသည့်တိုင် ကြောက်မက်ဖွယ် ရေသတ္တဝါကြီးများက စောင့်ကြပ်နေကြသကဲ့သို့ ရှိနေကြသည်။ အချိန်မရွေး အသက်ဘေးကြုံတွေ့နိုင်လေသည်။ အဖွဲ့သားတစ်ယောက်က တွေးတွေးဆဆ ပြောလိုက်သည်။

'ဒီလိုပုံနဲ့ ရေငုပ်စွည်း ကောင်းကောင်းမပါဘဲ ဆင်းလို့ မဖြစ်တော့ဘူး။ လန်ဒန်ကို အကြောင်းကြားမှဖြစ်တော့မယ်'

သို့ဖြင့် ငွေများ ထပ်မံပို့ပေးရန် လန်ဒန်သို့ ကြေးနန်းရိုက်လိုက်ကြသည်။ မျှော်တော်ဇောဖြင့် အမောသာအဖတ်တင်ခဲ့ကြရသည်။ ခြူးတစ်ပြားမျှပင် ပေါ်မလာခဲ့။ ရက်ကြာလာလေ အခြေအနေက ပို၍သဘောပေါက်လာလေပင်။ နောက်ဆုံးတွင် တောက်တခေါက်ခေါက်ဖြင့် တူမားတိုးရတနာသိုက်တူးဖော်ရေးစခန်းကိုသိမ်းကာ တပ်ခေါက်ပြန်ခဲ့ကြတော့သည်။

လျှို့ဝှက်မြှုပ်နှံခဲ့သောဝါ တစ်နည်း ဒဏ္ဍာရီဆန်လှသော တူမားတိုးရတနာသိုက်ကို ရှာဖွေတူးဖော်မည့် နောက်အဖွဲ့တစ်ဖွဲ့သည်လည်း ကျရှုံးသွားရပြန်လေပြီ။ ထိုရတနာသိုက်သည် မာယာများသည့်အပြင် ကြောက်မက်ဖွယ်အစောင့်အကြပ် သတ္တဝါကြီးများလည်း ရှိသဖြင့် မည်သူမျှ ရှာဖွေတူးဖော်နိုင်မည် မဟုတ်ဟူသော အတွေးများကလည်း ပျံ့နှံ့သွားခဲ့လေတော့သည်။

◆◆◆

ဤကမ္ဘာပေါ်တွင် ဒဏ္ဍာရီဆန်ဆန် ရတနာသိုက်များ မြို့လိုပေါက်လျှက် ရှိကြသည်။

စိတ်ဝင်စားဖွယ်ရာ ရတနာသိုက်ဇာတ်လမ်းများကလည်း ထုံးစံအတိုင်း မြေပုံဟောင်းတစ်ခု (သို့မဟုတ်)



သင်္ဘောသားပုံပြင်များဖြင့် နိဒါန်းပျိုးခဲ့ကြသည်ချည်းပင်ဖြစ်သည်။ သို့ရာတွင် စွန့်စားတူးဖော်ကြသူ အများစုသည် ရန်ပုံငွေမလုံလောက်မှုနှင့် ပစ္စည်းကိရိယာ မပြည့်စုံမှုများကြောင့် ပန်းတိုင်နှင့် လက်တစ်ကမ်းအကွာထိ ရောက်ပြီးမှ အရှုံးပေးသွားကြရလေ့ရှိသည်။ ရတနာသိုက်များကလည်း လောဘဇောဖြင့် ချဉ်းကပ်လာကြသူများကို လှည့်စားမှုအဖြာဖြာ ဖုံးကွယ်မှုကုဋေကုဋာဖြင့် ထာဝရစောင့်ကြိုနေတတ်ကြသည်။ အောင်မြင်စွာဖော်ထုတ်ကာ ပြီးပန်းဆင်နိုင်သူအချို့တော့ ရှိခဲ့သည်။ သို့ရာတွင် ကွန်ချက်မပြရုံသာမက ဟင်းစားမျှပင် မပေးဘဲ ရေငုံနှုတ်ပိတ်နေကြသူများက များလေသည်။

ဆိုရပါမူ တူမားတိုးကျွန်းစု တစ်နေရာရှိ ပင်လယ်ကမ်းစပ်အိုင်တစ်အိုင်တွင် ရတနာများ ရှိကောင်းရှိနေနိုင်ပေသည်။ အကယ်တန္တု ရှိနေခဲ့ပါက ရှာဖွေရန်လည်း ခက်ခဲလိမ့်မည် မဟုတ်ပေ။ ရှာဖွေဖော်ယူနိုင်သည့်တိုင် ပိုင်ရှင်အစစ်အမှန်သည် ပစ်စကိုဘုရားရှိခိုးကျောင်းက ဖာသာများပင်ဖြစ်လေသည်။ ရိုးသားသော ဖာသာများသည် အစိုးရိမ်လွန်မှုကြောင့် မသမာသူတစ်သိုက်၏ လှည့်ဖြားသွေးဆောင်မှုခံရသော သားကောင်များဘဝ ရောက်ခဲ့ကြရခြင်း ဖြစ်လေသည်။

အခြားရှုထောင့်မှကြည့်ပါက အလိမ်ခံရသူတို့ ထုံးစံအတိုင်း ၄င်းတို့ကိုယ်တိုင်က လောဘရမ္မက်ကြီးခဲ့သောကြောင့်ပင် ဖြစ်သည်။ စင်စစ်တွင် ထိုမျှတန်ခိုးကြီးမားသော ရတနာပစ္စည်းများကို ရည်ရွယ်ချက်မဲ့ လျှို့ဝှက်သိုလှောင်ထားခြင်းသည်ကပင် မဟာအမှားကြီး ဖြစ်သည်။ အကုသိုလ်အနှံ့ခံကောင်းသော အဲ(လ်)ဗာရက်(စ်)ကဲ့သို့ လောဘသားများကို လက်ယပ်ခေါ်နေသကဲ့သို့ဖြစ်ကြောင်း သိမသွားခဲ့ကြပေ။

မည်သို့ဆိုစေကာမူ စတာလင်ပေါင် သန်းချီတန်သည့်ရတနာသိုက်ကြီးကမူ လာရောက်တူးဖော်မည့် သူခဲများကို တောင်ပင်လယ်တွင်း တစ်နေရာမှနေ၍ ကမ္ဘာဆုံးသည့်တိုင် စိန်ခေါ်စောင့်ကြိုနေမည်ကတော့ အမှန်ပင်ဖြစ်ပေတော့သည်။

ကျော်ဇော(စားကား)

Ref: GEORGE HAMILTON ၏ "THE TREASURE OF THE TUAMOTOS"

www.burmeseclassic.com

www.burmeseclassic.com


# ဆရာရန်အောင်ဟိန်း (B.Sc)

(ခရစ်ရှနားမူတီး ရွှေ့ဆောင်နက္ခတ်ဗေဒင်ပညာရှင်)

ကေ.ပီ စနစ်အား ဆရာတစ်ဆူ ပါရဂူမြောက် တတ်မြောက်လိုက ဆက်သွယ်ပါ။

ရှင်းလင်းစွာ တတ်မြောက်၊ ကျွမ်းကျင်ရန် တာဝန်ယူသည်။

ကေ.ပီ စနစ်၊ ပြိုဟ်သွားပြက္ခဒိန်များ၊ ကွန်ပျူတာပရိုဂရမ် (Softwar) များ ရနိုင်ပါသည်။

အသုံးပြုရန် လွယ်ကူရှင်းလင်းစေရပါမည်။

(စုံစမ်းနိုင်ပါသည်။)

**ဆက်သွယ်ရန်လိပ်စာ**

အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊ (CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂၆ । ၀၉ ၂၆၁ ၄၄ ၇၇ ၆၆ । ၀၉ ၇၉၁ ၄၂၀ ၃၉၄





www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်ကမ်းစပ်မှ စခန်းချရာနေရာသို့အပြန် ညနေခင်းတွင် ဆံပင်နီနှင့် လူငယ်က ပြောၡ၏။

'မင်းတို့ပြန်နှင့်ကြ။ ငါနဲ့ တွမ်မီ လုပ်စရာတစ်ခုရှိလို့'

'ဘယ်လိုလုပ်စရာလဲ' ဟု တစ်ယောက်ကမေးသည်။

'ဘယ်လိုလုပ်စရာဖြစ်ဖြစ်ပေါ့၊ မင်းတို့ နောက်တော့ သိလိမ့်မယ်။ လာ..တွမ်မီ၊ သွားရအောင်'

နေအလင်းရောင်ရှိနေသေးသောအချိန်ဖြစ်၏။ ကော့ဒ်အငူတွင် ဂျူလိုင်လအခါဖြစ်သည်။ ဆံပင်နီ လူငယ်နှင့် မျက်မှန်တပ်ထားသော တွမ်မီတို့သည် အစု(ခ)မှ သူငယ်ချင်း ခြောက်ယောက်နှင့် လမ်းခွဲလျက် သဲထူသော လမ်းကျဉ်းကလေးအတိုင်း တောအုပ်ဆီသို့ လျှောက်သွားကြသည်။ သူတို့ရှစ်ယောက်စလုံးသည် ရှ(ဒ်)ကျွန်း၊ ဘာသာရေးအသင်းအဖွဲ့တစ်ခုမှ လူငယ်ကလပ်အသင်းသားများဖြစ်ကြပြီး ချို့ငဲ့သော လူငယ်တို့၏ တစ်လကြာ တောစခန်းချ အစီအစဉ်တွင် ပါဝင်လာကြသူများဖြစ်သည်။

'ဒီမယ် သူငယ်ချင်း..ငါတို့ အဲဒီဟာကိုယူပြီး ပြ... သွားတဲ့အခါ ဟိုကောင်တွေ အံ့သြသွားကြမှာပဲကွ'

ဆံပင်နီနှင့် လူငယ်ဖြစ်သူ မာ့(ခ်)ဝပ်ဆန်က ပြော... အသက်ဆယ့်လေးနှစ် ရှိပြီဖြစ်သောသူသည် အစု(ခ)တွင် အကြီးဆုံးဖြစ်၍ ခေါင်းဆောင်တာဝန်ယူရသည်။

'တစ်ခုတော့ရှိတယ်။ ဖောင်လာကြီးတို့ကို မမြင်... သေချာအောင် လုပ်ရမယ်'

'တို့ စခန်းပြန်ရောက်တဲ့ အချိန်ဆို မှောင်နေပြီလား'

'မှောင်ခါစလောက် ဖြစ်နိုင်တာပေါ့'



# ကျော်ကျော်

## မရတာအကြံအစည်

www.burmeseclassic.com

'ဒါဖြင့် ဘာပြဿနာရှိလို့လဲ မာကီရဲ့'

'ဟိုဟာကြီးက ကြီးတယ်ကွ။ အဲဒါ ပြဿနာပေါ့'

'အိုး..အဲဒါကြောင့်ကိုး'

သူတို့သွားနေသော လမ်းကျဉ်းကလေးမှာ ဖုန်ထူသော လမ်းနှစ်လမ်းနှင့် ဆက်သွယ်ထားသည်။ တစ်လမ်းမှာ လမ်းမကြီးမှတစ်ဆင့် ကန်ဆောင်းရှိ သူတို့စခန်းသို့ ရောက်နိုင်သည်။ နောက်တစ်လမ်းအကြောင်းတော့ သူတို့ မသိကြပေ။ သူတို့သိသည်မှာ ပေါင်းမြက်ထူလှသော ထိုလမ်း၏ဘေးတစ်နေရာတွင် တစ္ဆေခြောက်သည့်အိမ်ဟု စခန်းတစ်ခုလုံးက သိကြသော ကြာမြင့်စွာ စွန့်ပစ်ခံထားရသည့် အိမ်အိုကြီးတစ်လုံး ရှိသည်ဟူ၍ဖြစ်သည်။ ထိုအိမ်ကြီးတွင် လူသတ်မှုဖြစ်ခဲ့သည့် အကြောင်းကို ယခင် အစဉ်အဆက် စခန်းချခဲ့သူများက ပြောခဲ့ကြသည်။ ထိုနေရာသို့ သွားခြင်းကို စခန်းစည်းမျဉ်းက တားမြစ်ထားသော်လည်း သွားကြည့်ဖို့ လိုပေသည်။ သွားမှလည်း သိရမည် ဖြစ်၏။

အိမ်ကြီးအနီး ချဉ်းကပ်မိသောအခါ မတ်(ခ်)ဝပ်ဆန်က သူ့အပေါင်းအသင်းကို ပြုံးစိစိနှင့် ကြည့်၏။

'မင်း ကြောက်နေသလား တွမ်မီ'

'အိမ်ကြီးကိုကြောက်တာမဟုတ်ဘူး။ ဒီကိစ္စ ဖောင်လာကြီး သိသွားရင်..'

'သူ မသိနိုင်ဘူးလို့ ငါပြောပြီးပြီပဲ။ ငါတို့ယူလာတဲ့ ဟာကို သူတွေ့ရင်တောင်မှ ငါတို့ ကြိုပြီးဆေးသုတ်ထားမှာမို့ သူသိမှာမဟုတ်ဘူး။ တို့ဘာသာ လုပ်ထားတာလို့ သူ့ကို ပြောလိုက်ရုံပဲ'

'ဒီလိုဆိုလည်း ပြီးတာပါပဲ'

မြက်ပင်ရှည်ကြီးများကို ဖြည်းဖြည်းတိုးလျက် သူတို့ အိမ်ရှေ့တံခါးဆီရောက်၍ မာ့(ခ်) တွန်းဖွင့်လိုက်သောအခါ တက်နင်းခံရသောကြောင့် အော်သံလို အသံမြည်သွားသည်။

'အိမ်ကြီးကို ဓားပြဝင်တဲ့ညက ဒီလိုပဲ အသံထွက်သလား မသိဘူး။ မြည်မယ် မထင်ပါဘူး။ အဲဒီထုန်းက အဘွားကြီး မစ္စစ်လာဇရု(စ်) ရှိနေခဲ့တာပဲ။ ပတ္တာတွေလည်း အခုလောက် သံချေးမတက်လောက်ပါဘူး'

'သူ တံခါးကို ဖြည်းဖြည်းလေး တွန်းဖွင့်ရမယ်'ဟု မာ့(ခ်)က ပြော၏။

'သူ သေနတ်မောင်းကို ဆွဲလိုက်ချိန်အထိ အဘွားကြီး ဘာမှသိခဲ့မှာ မဟုတ်ဘူး။ အား..ဟုတ်ပြီ'

'ဘာလဲ'

'အဲဒီလိုပဲ ဖြစ်ခဲ့လိမ့်မယ်။ အိမ်ထဲ တစ်နေရာရာမှာ ဝှက်ထားတဲ့ငွေတွေ လိုချင်လို့ အဲဒီဓားပြ ဝင်လာတာ။ တံခါးကို တစ်လက်မချင်း ဖွင့်ခဲ့လိမ့်မယ်'

မာ့(ခ်)သည် စွန့်စားခန်းဝတ္ထုများကို ဖတ်လေ့ရှိသူဖြစ်ပြီး တစ်ချိန်တွင် ကိုယ်တိုင်ရေးနိုင်ရန် ရည်မှန်းထားသူဖြစ်သည်။

'အဲဒီတုန်းက အဘွားကြီးဟာ သူ့ကို ကျောပေးပြီး ထိုင်ခုံကြီးပေါ် ထိုင်နေခဲ့လိမ့်မယ်။ ထိုင်ခုံကြီးပေါ် လှုပ်ရင်း ထိုင်နေတုန်း နောက်ကနေ အပစ်ခံလိုက်ရတာ'

'သူ သေနတ်နဲ့ အပစ်ခံရတယ်ဆိုတာ သေချာလို့လား မာကီ'

'ဒီလိုပဲ ယူဆရတာပေါ့။ တခြားဘယ်နည်းနဲ့ အသတ်ခံရတယ်လို့ ကြားဖူးလို့လား'

'မင်း စုံစမ်းကြည့်ဖူးလား'

'ဘယ်တုန်းကမှ မစုံစမ်းဖူးဘူး။ ဘာလို့ ငါက စုံစမ်းရမှာလဲ။ ဘာထူးမှာမို့လဲ'

တွမ်မီက ဆံပင်နီနှင့် သူငယ်ချင်းကို စိတ်တိုအောင် လုပ်မိပြီဟု ခံစားမိ၏။

'ဟုတ်ပါပြီ မာကီ၊ ဘာမှမဖြစ်ပါဘူး။ သိချင်လို့ မေးကြည့်တာပါ'

အခန်းထဲတွင် တစ်ခုတည်းသာရှိသော ထိုင်ခုံကြီးဆီသို့ မာ့(ခ်) လျှောက်သွားသည့်အခါ ကြမ်းပြင်မှ တကျွိကျွိ မြည်သံထွက်လာသည်။ မီးဖိုခန်း၊ ထမင်းစားခန်း၊ အပေါ်ထပ် အိပ်ခန်းနှစ်ခန်းတို့တွင် ဘာပစ္စည်းမှမရှိ။ ဗလာကျင်းနေပါသည်။ ထိုင်ခုံကြီးဘေးတွင်ရပ်လျက် သူ့သူငယ်ချင်း အနားသို့ ရောက်လာမည်ကို သူစောင့်ရင်း ဘေးဘီသို့ သူ ကြည့်နေ၏။ အမှန်ပြောရလျှင် သူ အနည်းငယ် ထိတ်လန့်နေပါသည်။

ဘာမှကြောက်စရာမရှိဘူးဟု သူ့ကိုယ်သူ အားပေးလိုက်၏။ သူရောက်နေသည်မှာ လူတို့ စွန့်ပစ်ထားသော အိမ်အိုအိမ်ဟောင်းတစ်လုံး၏ ညစ်ပေနေသော ဧည့်ခန်းဖြစ်သည်။ နံရံတို့သည်လည်း ဝါကြန့်ကြန့်အရောင်ဖြင့် ဖုန်တွေတက်ကာ ပေကျံနေသည်။ အက်ကြောင်းများကို



www.burmeseclassic.com

www.burmeseclassic.com

လည်း နေရာအနှံ့ တွေ့နေရသည်။ ဒါတွေကလွဲလို့ ဘာတွေ့စရာ ရှိသေးလဲ။

'ဟော့…လာကွ'

သူ့သူငယ်ချင်းကို လှမ်းခေါ်လိုက်သည်။

'ဒါကြီးလား တွမ်မီ'

မာ့(ခ်) အနားလာရပ်ရင်း မေး၏။

'ဒါကြီးပဲ၊ အဘွားကြီးဟာ ဒါကြီးပေါ် ထိုင်နေရင်း အသက်ခံခဲ့ရတာ။ အဲဒီလိုပဲ ပြောကြတယ်'

ထိုင်ခုံကြီးမှာ ဘေးစောင်းလဲနေသည်။ မာ့(ခ်) ခါးကိုင်း၍ ကြည့်၏။

'ငါဆိုလိုတာ သိတယ် မဟုတ်လား။ ဘာတွေပြင်စရာရှိတယ်ဆိုတာ ကြည့်ရမယ်'

'သူ့အတိုင်း ပြန်ကောင်းအောင် ပြင်ဖို့တော့ မလွယ်လောက်ဘူး ထင်တယ်'

'နီးနီးစပ်စပ်ရအောင်တော့ ပြင်နိုင်မှာပါ။ အတိအကျမတူလည်း အဘွားကြီး အသက်ခံခဲ့ရတာ ဒီခုံပေါ်မှာပဲ'

မာ့(ခ်) ငုံ့၍ ကျိုးနေသော ထိုင်ခုံလက်တန်းတစ်ခုကို ကောက်ယူလိုက်သည်။

'ကဲ…လာ၊ ဒီအိမ်ကြီးကနေ ပြန်ထွက်ကြစို့'

ထိုင်ခုံကြီးကို သယ်ရသည်မှာ လူငယ်နှစ်ယောက်အတွက် လွယ်ကူသောအလုပ်မဟုတ်ပါ။ အလွန်မာကျောသော ထင်းရှူးသားများဖြင့် ပြုလုပ်ထားခြင်းဖြစ်၍ လေးလွန်းလှသည်။ ပို၍ဆိုးသည်မှာ ထိုင်ခုံက ကြီးလွန်းနေခြင်းဖြစ်သည်။ လက်တန်းကိုတစ်ယောက်၊ ထိုင်ခုံအစွန်းကိုတစ်ယောက် မ,၍ ဖြည်းဖြည်းချင်းရွှေ့ရသည်။ သယ်လိုက် နားလိုက်နှင့် ရွှေ့ကြသည့်တိုင်အောင် သူတို့ ခြေသလုံးများ၊ ပေါင်များ ထိခိုက်မိ၍ နာကျင်ကြရသည်။

စခန်းသို့သွားသည့် လမ်းမပေါ်အရောက်တွင် ပစ်ကပ်ကားတစ်စီး လာနေသည်ကို တွေ့ရသည်။

'ဟေ့'

မာ့(ခ်) တိုးတိုးသတိပေးလိုက်သည်။

'ဖောင်လာကြီး ဖြစ်နိုင်တယ်ကွ'

သို့ရာတွင် ကားဖြတ်သွားသောအခါ ကားပေါ်တွင် ဖောင်လာ မပါပါ။ ကားမောင်းသူမှာ အင်္ဂါနက်စာဘစ်ဖြစ်သည်။ သူသည် အရွယ်လတ်ပိုင်းရှိပြီး စခန်း၏ ပြုပြင်ထိန်းသိမ်းရေးဝန်ထမ်း ဖြစ်သည်။ ကားမောင်းရင်း ပုလင်းပြားတစ်ခုကို မော့နေကြောင်း လမ်းဘေးတွင် ဝပ်နေသည့် လူငယ်နှစ်ယောက် တွေ့ကြရသည်။ အင်္ဂါစွင် မော့စရာ ပုလင်းပြားတစ်ခု အမြဲလိုလို ရှိနေတတ်သည်။ အမြဲစူးစမ်း အပြစ်ရှာတတ်သည့် မစ္စတာဖောင်လာသည် တပည့်ဖြစ်သူ၏ ပုလင်းပြားကိုမူ တစ်ခါမှ ရှာမတွေ့ခဲ့ပေ။ ထိုကိစ္စကို လူငယ်အတော်များများ သိထားကြသော်လည်း အင်္ဂါကို နှစ်သက်ကြသောကြောင့် ဘာမှမပြောဘဲ တိတ်တိတ်နေခဲ့ကြသည်။ ထို့ပြင် အင်္ဂါသည် သောက်တတ်သည့်တိုင် ဘယ်အခါမှ မူးခြင်းမရှိပေ။

'တိုတာပဲကွ'

မာ့(ခ်) ကျေနပ်ပျော်ရွှင်စွာပြောပြီး လမ်းပေါ်သို့ ထိုင်ခုံကြီးနှင့် တက်လိုက်ကြ၏။

'တစ်ခုတော့အဆင်ပြေသွားပြီ။ ကျန်တာတွေလည်း လွတ်အောင် ရှောင်သွားရမှာပဲ'

သူပြောသည့် ကျန်တာတွေဆိုသည်မှာ လက်ထောက်ညွှန်ကြားရေးမှူး ဖောင်လာနှင့် အခြားကြီးကြပ်ရေးအဖွဲ့ဝင်များ ဖြစ်သည်။

ထိုင်ခုံကြီး၏ ကျေးဇူးကြောင့်လား မသိ။ သူတို့အစီအစဉ်မှာ အချိန်ကိုက်ဖြစ်သွားပါသည်။ မှောင်ခါနီးမှာ စခန်းသို့ သူတို့ ရောက်သွားကြသည်။ သူတို့စခန်းမှာ ယခင်က သစ်ခွဲစက်ရုံဟောင်းဖြစ်ရာ လွှအမှုန့်အပုံကြီးနောက်တွင် ငါးမိနစ်ခန့်ပုန်း၍ စောင့်နေခြင်းဖြင့် သူတို့အစု(၁) ရွက်ဖျင်တဲအတွင်းသို့ ချောချောမောမော ရောက်သွားကြတော့သည်။ အစု(၁) အဖွဲ့ဝင်သူငယ်အားလုံးက စိတ်လှုပ်ရှားစွာ သူတို့နှစ်ယောက်ကိုဝိုင်းလျက် ကြည့်ကြပါသည်။

'ဟောဒါကြီးပဲကွ'

ဆံပင်နီနှင့် မာ့(ခ်)က ထိုင်ခုံကြီးကို မတ်နေအောင် ထိန်းလျက် စူးစိုက်ကြည့်ရင်း ပြောလိုက်သည်။

'အဘွားကြီး လာဇရု(စ်) ဒီခုံပေါ်မှာ အသက်ခံတာပဲ။ အသင်းတော်ကိုပြန်ရင် ဒါကြီးကို ငါယူသွား…'

'ဘယ်လိုယူသွားမှာလဲ'

တစ်ယောက်က ပြန်မေး၏။

'ဘယ်လိုဆိုတာက အရေးမကြီးပါဘူး။ တစ်… နည်းနဲ့ပေါ့။ ငါ့ရည်ရွယ်ချက်က စွန့်စားခန်းဝတ္ထု… ရေးတဲ့အခါ ဟောဒီထိုင်ခုံပေါ် ထိုင်ရေးဖို့ပဲ…



www.burmeseclassic.com

www.burmeseclassic.com

‘စာရေးဆရာတွေက ဒီခေတ်မှာ လက်နှိပ်စက်တွေ သုံးနေကြတယ်လေ။ တချို့ဆိုရင် ကွန်ပျူတာတွေတောင် သုံးနေကြပြီ’

‘အိုကေ..ငါက ဒီခုံပေါ်ထိုင်ရင်း ဇာတ်ကွက်တွေ စဉ်းစားမှာပေါ့။ အဲဒါ အရေးကြီးဆုံးပဲကွ။ စဉ်းစားဖို့ ဆိုတာ’

သူ ထိုင်ခုံကြီးကို ဝံ့ကြွားစွာပွတ်သပ်လိုက်ရာ အိမ်ကြီး၏ ရှေ့ခန်းမှာတုန်းကကဲ့သို့ တစောင်းလဲကျသွားပါသည်။

‘ပထမဆုံး ဒါကြီးကို ကောင်းသွားအောင် ပြင်ရမယ်ကွ။ ဘယ်ကနေ ရောက်လာတာလဲလို့ ဘယ်သူမှ မသိအောင် မြန်မြန်ပြင်မှဖြစ်မယ်’

ထိုညတွင် ထိုင်ခုံကြီးကို တဲထောင့်ရှိ မာ့(ခ်)နှင့် တွမ်မီတို့အိပ်သော အိပ်စင်နှစ်ခုနှင့် ကွယ်လျက်ထားလိုက်၏။ နံနက်လင်းသောအခါ ဘရိတ်ဖတ်(စ်) စားအပြီးတွင် မာ့(ခ်) အဂ္ဂါနက်စဘာ့စ်ထံသွား လက်သုံးကိရိယာအချို့ ငှားယူ၏။

‘ဘာလုပ်ဖို့ လိုချင်တာလဲ’ဟု နက်စဘာ့စ်က မေးပါသည်။

သူသည် အသက်ငါးဆယ်ခန့်ရှိပြီး မုတ်ဆိတ်ဖြူဖြူနှင့် ကြည်ပြာရောင်တောက်တောက် မျက်လုံးများရှိသူဖြစ်သည်။ သူ့မွေးရပ်မှာ စခန်းမှ ငါးမိုင်ပင် မဝေးပေ။

‘လုပ်ပြီးတာနဲ့ ခင်ဗျားကို ပြပါ့မယ်ဗျာ’

‘မင်း အခုလိုချင်တာလား။ မင်းတို့ ရေကူးသွားကြမလို့ဆို’

‘ကမ်းခြေကို မနေ့က သွားပြီးပါပြီ’

‘ကောင်းပြီလေ’

နက်စဘာ့စ်က ထပ်မပြောတော့ဘဲ တူ၊ လွှ၊ လွန်၊ သံ၊ ဝက်အူအနည်းငယ်နှင့် ဝက်အူလှည့်တို့ကို ထုတ်ပေးလိုက်သည်။ ပျဉ်ချောင်းတချို့လည်း တောင်းသည့်အတွက် သူ့အလုပ်ရုံ ကြမ်းခင်းပေါ် ညွှန်ပြပြီး ကြိုက်တာယူသွားဟု ပြောလိုက်ပါသည်။

ပစ္စည်းတနင့်တပိုး သယ်ယူလျက် အောင်မြင်မှုအပြုံးနှင့် မာ့(ခ်) သူ့တဲရှိရာ ပြန်သွားပါသည်။

ညဘက်ရောက်သောအခါ ထိုင်ခုံကြီးမှာ လက်တန်းနှစ်ချောင်းစလုံး အပြည့်အစုံရှိသွားပါပြီ။ ထိုင်ရန်အတွက် ရွက်ထည်အပိုင်းဖြင့်ချုပ်၍ တပ်ပြီးဖြစ်ပါသည်။

မာ့(ခ်) နက်စဘာ့စ်ထံ နောက်တစ်ခေါက် ထပ်သွားရသည်။ သဘော်ာဆေး တောင်းရန်ဖြစ်၏။

‘နေစမ်းပါဦး။ မင်းတို့ချာတိတ်တွေ တဲထဲမှာ ဘာတွေလုပ်နေကြတာတုံး’ဟု အဂ္ဂါက မေးသည်။

‘ဘာအတွက် သဘော်ာဆေး လိုချင်ရတာလဲ’

‘ပြီးတာနဲ့ ကျွန်တော်ပြမှာပါဗျာ။ အခုလိုတာ သဘော်ာဆေး နည်းနည်းလေးပါ’

‘ဘာရောင်လဲ’

‘အင်း..အနီရောင်’

လူသတ်ခံရတဲ့သူ ထိုင်ခဲ့တာဆိုတော့ အနီပဲ ကောင်းမယ် ထင်ပါရဲ့ဟု သူ စဉ်းစား၏။

နောက်တစ်နေ့တွင် လှုပ်ကုလားထိုင်ဟောင်းကြီးမှာ ပြုပြင်ဆေးသုတ်ပြီးသွား၍ သုံးရန်အသင့်ဖြစ်သွားပါသည်။ အဘွားကြီး မစ္စစ်လာဇရာ အသတ်ခံရစဉ်က ပုံစံနှင့်တော့ အတော်ကွာခြားသွားပါ၏။

ပထမဆုံး တွမ်မီက ထိုင်ခုံပေါ် တက်ထိုင်၏။ တဲနံရံဆီသို့ အမှုမဲ့အမှတ်မဲ့ ငေးကြည့်ရင်း ထိုင်ခုံကို လှုပ်လျက် စီးသလို လုပ်၏။ မာ့(ခ်)က သူ့အပေါင်းအသင်းတို့အား လူသတ်မှုဖြစ်ခဲ့ပုံကို ပြောပြနေပါသည်။ သူ အပြင်ထွက်လိုက်ပြီး တံခါးကို ပိတ်လိုက်၏။ ထို့နောက် ခေတ္တငြိမ်၍ စောင့်နေပြီး တိတ်တိတ်ကလေး တံခါးကို ပြန်ဖွင့်ကာ အခန်းထဲသို့ ဝင်လိုက်သည်။ အပေါင်းအသင်းတို့ စိတ်ဝင်တစား စောင့်ကြည့်နေစဉ် သူက သေနတ်ဖြင့် ပစ်ဟန်ပြုလျက် ဒိုင်းခနဲ အော်လိုက်သည်။

တွမ်မီ ရှေ့သို့ လဲကျသွားဟန်လုပ်ကာ ညည်းညူနေလိုက်ပါသည်။

‘ဓားပြက အဘွားကြီးရဲ့ပိုက်ဆံတွေ လိုချင်လို့ သတ်တာမဟုတ်လား။ မင်း ပြောတာလေ’ဟု တစ်ယောက်က မေးသည်။

‘အဲဒီအတိုင်း လူတွေ ပြောကြတာပဲ။ ပိုက်ဆံတွေကို အိမ်ထဲက တစ်နေရာရာမှာ ဝှက်ထားတယ်လို့ လူတွေ နားလည်ထားကြတယ်။ အဘွားကြီးကတော့ လူဆင်းရဲ တစ်ယောက်လို ဟန်ဆောင်နေခဲ့တာပေါ့’

‘သူ့လို အဘွားကြီးတစ်ယောက် ဘယ်လိုများ ငွေတွေ အများကြီးပိုင်နေတာလဲ မသိဘူး’

www.burmeseclassic.com

'အင်း..သူက စုန်းတစ်မျိုးမျိုးတတ်တာ ဖြစ်နိုင်တယ်'

'သမ္မာကျမ်းထဲမှာ လာဇရု(စ်)ဆိုတာ တစ်ယောက်အကြောင်းပါတယ်'

တစ်ယောက်က ဝင်ပြော၏။

'ယေရှုက သူ့ကို သေရာက ပြန်ကယ်ခဲ့တာ'

'အဲဒါက ယောကျ်ားပါကွာ။ ဘယ်လိုပဲဖြစ်ဖြစ် အဘွားကြီးမှာ ငွေတွေအများကြီးရှိပြီး ခားပြဘယ်သူပဲဖြစ်ဖြစ် သူ့ငွေတွေလိုချင်လို့ လိုက်နေတာ သေချာတယ်'

'သူ ရသွားသေးလား'

'မင်းမေးပုံကလည်း သူ ဘယ်သူမှန်းတောင် မသိဘဲနဲ့ ငွေတွေရသွား,မသွား ဘယ်လိုလုပ်သိနိုင်ပါ့မလဲ'

'ရဲတွေက သူ့ကို ဖမ်းမမိကြဘူးလား'

'အိုး..ဘာသဲလွန်စမှမရှိတာ။ ဘယ်ဖမ်းနိုင်ပါ့မလဲ'

မော့(ခ်) ခေါင်းခါလျက် ဖြေသည်။

'ကျန်ဆန်တို့ဘာတို့ ရှာမတွေ့ကြဘူးလား'

တစ်ယောက်က မေးပြန်သည်။

'မင်းပြောသလို သူ့နောက်ကျောကနေ ပစ်လိုက်တာဆိုရင် ကျည်ဆန်က သူ့ကိုယ်ထဲမှာဖြစ်ဖြစ် ဖောက်ထွက်ပြီး နံရံမှာဖြစ်ဖြစ် သွားထိရမယ် မဟုတ်လား'

မော့(ခ်)၏မျက်နှာမှာ အနာဂတ်၏ စွန့်စားခန်းစာရေးဆရာဖြစ်မည့်သူက ထိုအချက်ကို မစဉ်းစားမိခြင်းအတွက် အောင့်သက်သက် ဖြစ်နေပုံပေါ်ပါသည်။ သို့ရာတွင် သူ ဘာမှပြန်မပြောနိုင်မီ တွမ်မီ ကုလားထိုင်ကြီးပေါ်မှ တအံ့တသြပြောလိုက်သံ ထွက်လာပါ၏။

'ဟေး..ဒါကြီးက လှုပ်နေတယ်ကွ'

အားလုံး သူ့ကို စိုက်ကြည့်လိုက်ကြသည်။

'ဒါကြီး အလိုလိုလိုသလို လှုပ်နေတယ်'

တွမ်မီ ထိုင်ခုံကြီးပေါ်မှ ခတ်လိုက်ခံရသူလို ခုန်ထွက်ရင်း ပြောသည်။ ကြမ်းပြင်ပေါ် သူ ဝမ်းလျားထိုးပစ်ကျသွားရာက ထိုင်ခုံကြီးကို အံ့အားသင့်လျက် စိုက်ကြည့်နေမိ၏။ ထိုင်ခုံကြီးမှာ ဖြည်းဖြည်းလှုပ်နေပါသည်။ ရှေ့နောက် ယိမ်းထိုးနေသည်မှာ မော့(ခ်) လာ၍ကိုင်ပြီး ရပ်လိုက်ချိန်အထိ ဖြစ်သည်။

'မင်း သောက်ရူးပဲ'

မော့(ခ်)က စိတ်တိုလျက် အပြစ်တင်လိုက်သည်။

'မင်းဘာသာမင်း လှုပ်ကစားနေတာကို ဘာလို့ သူ့အလိုလို လှုပ်ရမှာလဲ'

'ငါ မလှုပ်ရပါဘူးကွာ။ ထိုင်ရုံပဲ ထိုင်နေတာပါ'

'မင်းလှုပ်တာကွ။ လှုပ်ကုလားထိုင်တစ်ခုပေါ် ဘယ်သူပဲ ဝင်ထိုင်ထိုင် လှုပ်မှာပဲ။ ကိုယ်တိုင်မလှုပ်လည်း လှုထိုင်ပြီဆိုမှတော့ လှုပ်တာပေါ့'

'ငါ မလှုပ်ပါဘူးလို့ ပြောပြီးပြီပဲကွာ'

တွမ်မီ ဆက်ငြင်း၏။ လေသံတော့ ခပ်ပျော့ပျော့ဖြစ်သည်။

'ဒီမှာကြည့်'

မော့(ခ်) ထိုင်ခုံပေါ် ဝင်ထိုင်လိုက်သည်။

'ငါပြမယ်'

သူတို့ စောင့်ကြည့်နေကြပါသည်။ အချို့က အနီးတွင် ရပ်နေကြ၏။ အချို့မှာ သူတို့ကွပ်ပျစ်ပေါ်မှထိုင်ရင်း ကြည့်နေကြသည်။ ဆံပင်နီလူငယ် ထိုင်ခုံပေါ်တွင် ထိုင်လိုက်ပြီး အနည်းငယ်ကြာသည့်တိုင်အောင် ဘာမှဖြစ်မလာပါ။ သို့ရာတွင် မိနစ်ဝက်ခန့်အကြာတွင် ထိုင်ခုံစ၍လှုပ်လာသည်။

'ကဲ..ကြည့်ကြ'

မော့(ခ်) ခုံပေါ်မှ ထွက်လိုက်သည်။

'ကိုယ့်ဘာသာ လှုပ်ပေမယ့် လှုပ်နေမှန်း မသိရဘူး။ တကယ်တော့ ကိုယ့်ဘာသာ လှုပ်တာပဲ'

အားလုံးကျေနပ်သွားကြပြီး နောက်တစ်နေ့ အစီအစဉ်အတွက် တိုင်ပင်ဆွေးနွေးကြသည်။ ထိုအစီအစဉ်ကို ကြီးကြပ်မည့်သူမှာ စခန်းတစ်ခုလုံးက မကြိုက်သော ဂျူးအဲဖော့ဟုခေါ်သည့် သင်တန်းမှူးဖြစ်သည်။ ထိုဆရာမှာ အနီးအနားရွာဇာတိဖြစ်ပြီး အိမ်ကြီးတစ်လုံးအနီးသို့ မည်သူမှ မသွားကြရန် တင်းကျပ်စွာသတိပေးထားသူဖြစ်သည်။ မော့(ခ်)နှင့် တွမ်မီတို့ ထိုင်ခုံကြီးသယ်လာခဲ့သော အိမ်ကြီးကို ပြောခြင်းဖြစ်သည်။

'အဲဒီအိမ်ကြီးဟာ မင်းတို့ကလေးတွေ လုံးဝမသွားရတဲ့နယ်မြေပဲ။ ငါအလေးအနက်ပြောနေတာ ကြားကြလား'

လက်များကို ခါးတွင်ထောက်လျက် ခေါင်းကို ရှေ့ထိုးရင်း ခပ်ကြမ်းကြမ်း အမိန့်ပေးခဲ့ခြင်း ဖြစ်သည်။

'အဲဒီအိမ်နား ခိုးကြောင်ခိုးဝှက်သွားတဲ့သူဟာ နောက်တစ်နေ့ အသင်းတော်ကို ပြန်ရပြီသာ အောက်မေ့လိုက်'

www.burmeseclassic.com

www.burmeseclassic.com

သူတို့ နောက်တစ်နေ့အစီအစဉ်တွင် မလိုက်ပါလိုဟု ပြောကာ သင်တန်းမှူးကို ဆန္ဒပြကြမည်လားဟု လူငယ်များ ဆွေးနွေးတိုင်ပင်နေကြ၏။ အသည်းအသန် ဆွေးနွေးကြခြင်းဖြစ်သည်။ သို့ရာတွင် မော့(ခ်)မှာ သူ့အိပ်ရာကွပ်ပျစ်ပေါ် သွားကာ ဆွေးနွေးပွဲကို ရှောင်ဖယ်နေလိုက်သည်။ ဒူးများပေါ်တွင် တံတောင်များထောက်ကာ မေးစေ့ကို လက်သီးဆုပ်များပေါ် တင်ထား၏။ လှုပ်နေသော ကုလားထိုင်နီနီကြီးကို စိတ်ရှုပ်ရှုပ်နှင့် ကြည့်နေလိုက်သည်။

သူ့တွဲဖက်သူငယ်ချင်းဖြစ်သူ တွမ် ဆွေးနွေးပွဲအပေါ် ငြီးငွေ့လာပြီး သူ့အနားသို့ ရောက်လာကာ ခပ်အေးအေး မေးလိုက်သည်။

'မင်းလှုပ်ခဲ့တာ မဟုတ်လား မာကီ'

'ဘာလဲကွ။ ငါ ဘာကိုလှုပ်ခဲ့ရမှာလဲ'

'ကုလားထိုင်ကြီးကို လှုပ်တာလေ၊ ဒါမှမဟုတ် ငါပြောသလို ထိုင်ခုံကြီးက သူ့ဘာသာသူ လှုပ်နေတာလား'

'ငါ မသိတော့ဘူးကွ'

မော့(ခ်) သူ့နှုတ်ခမ်းအစွန်းကို လက်ဖြင့်ကုတ်ရင်း ပြန်ဖြေသည်။

'ငါကတော့ မလှုပ်ခဲ့ဘူး ထင်တာပဲ။ ငါ မသိတော့ဘူး တွမ်မီ'

◆◆◆

ထိုင်ခုံကြီးက အခန်းအလယ်တွင် နှစ်ရက်ကြာရှိနေပြီဖြစ်ပြီး လူငယ်တို့လည်း တစ်လှည့်စီ တက်ထိုင်စီးနေကြ၏။ အချို့က ထိုင်ခုံကြီး သူ့ဘာသာသူ လှုပ်သည်ဟုပြောကြပြီး အချို့က နားမလည်နိုင်ပါဟု ပြောကြသည်။

စခန်းတွင်မူ အစု(၁)မှ လူငယ်တို့သည် လက်သမားအလုပ်များ ပါဝင်သော ပရိုဂျက်တစ်ခုဖြစ်သည့် လှုပ်ကုလားထိုင်ကြီးတစ်လုံး အောင်အောင်မြင်မြင် လုပ်နိုင်ကြသည်ဟု သတင်းပြန့်နေပါသည်။ ထိုသတင်းကြောင့် လက်ထောက်ညွှန်ကြားရေးမှူးဖြစ်သူ မစ္စတာဒါရင်ဖောင်လာ ကိုယ်တိုင် လာကြည့်ပြီး ချီးကျူးစကားဆိုပါသည်။ လူငယ်တို့၏ တီထွင်မှုစွမ်းရည်ကို အလေးထားပါကြောင်း ပြော၏။ သင်တန်းမှူး ဂျိုးအဲဗော့နှင့် သင်တန်းဆရာတို့ကလည်း အလားတူ ချီးမွမ်းပြောဆိုကြပါသည်။ အသတ်ခံရသည့် အဘွားကြီး မစ္စစ်လာဇရော့(စ်)၏အိမ်မှ ထိုင်ခုံကြီးကို သယ်ယူလာခြင်းဖြစ်ကြောင်း သူတို့အထဲမှ မည်သူမျှ မရိပ်မိကြပါ။

နောက်ဆုံးတွင် အမှောင်မဖုံးမီ တစ်ညနေ၌ စခန်း၏ ပြုပြင်ထိန်းသိမ်းရေးဝန်ထမ်း အဂ္ဂါနက်စဘစ် ရောက်လာသည်။ သူ့ထံမှ ငှားသွားသော ပစ္စည်းများနှင့် လူငယ်တို့ ဘာတွေလုပ်သည်ကို သိလိုသောကြောင့် လာကြည့်ခြင်းဖြစ်သည်။

'ဟာ… အံ့သြစရာကြီးပါလားဟ။ ဟုတ်မှဟုတ်ရဲ့လား ကိုယ့်လူတို့'

လှုပ်ကုလားထိုင်ကြီးကို တအံ့တသြ စိုက်ကြည့်ရင်း ပြောလိုက်သည်။ သူ့ပါးစပ်မှ အရက်နံ့ရနေ၏။

လူငယ်များ တစ်ယောက်ကိုတစ်ယောက် ပြုံးကြည့်ရင်း 'ဝင်ထိုင်ကြည့်ပါလား အဂ္ဂါ၊ တကယ်ထိုင်လို့ကောင်းတယ်ဗျ' ဟု တိုက်တိုက်တွန်းတွန်း ပြောကြ၏။

'ကောင်းမှာပေါ့ကွာ'

အဂ္ဂါ ပြောပြောဆိုဆို ထိုင်ခုံပေါ် ဝင်ထိုင်လိုက်သည်။ ထို့နောက် ဖိမ်ယူဟန်နှင့် လက်တန်းများကို ဆုပ်ကိုင်ကာ မျက်လုံးမှိတ်လျက် ရှေ့နောက် လှုပ်ယမ်းလိုက်ပါ၏။

ရုတ်တရက်ပင် ကုလားထိုင်ကြီးနောက်သို့ လန်သွားပြီး အဂ္ဂါ၏ ဦးခေါင်းသည်လည်း တစ်ယောက်ယောက်က သူ့ဆံပင်များကို လှမ်းဆွဲလိုက်သလို နောက်လန်သွားရသည်။ သူ့မျက်လုံးများ၊ ကြောက်စိတ်ကြောင့် ပြူးထွက်လာပြီး လည်ပင်းလည်း အပေါ်တက်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့လည်ပင်းရှိ ဖောင်းတက်လာသော လည်စိ၏အထက် ကပ်လျက်တွင် အနီရောင်လိုင်းတစ်ခု ပေါ်လာလေရာ တစ်စုံတစ်ယောက်က မင်နီဖြင့် ဆွဲလိုက်သလားဟု ထင်ရပါသည်။

သူ အော်ဟစ်ရန် ကြိုးစားသော်လည်း လည်ပင်းကို လှီးဖြတ်ခံနေရသလို ဗလုံးဗထွေးအသံတို့သာ ထွက်လာသည်။ ထိုင်ခုံပေါ်မှ လူ၏ သေလုမြောပါး လှုပ်ရှားအော်ဟစ်သံကြောင့် လူငယ်များ ကြောက်လန့်စွာ တဲထဲမှထွက်ပြေးကြသည်။ အနာဂတ်၏ စွန့်စားခန်းဝတ္ထုရေးဆရာ မာ့(ခ်)သည်သာ တံခါးပေါက်မှ နောက်လှည့်ကြည့်ခဲ့သည်။

မိနစ်အနည်းငယ်အကြာ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့ကိုခေါ်လျက် လူငယ်တို့ ပြန်လာကြသောအခါ ထိုင်ခုံကြီးပေါ်ရှိလူမှာ သေဆုံးနေပါပြီ။ လည်ပင်းပေါ်ရှိ အနီရောင်လိုင်းမှာ မှိန်၍ ပျောက်ကွယ်လုလုဖြစ်နေပါ၏။ သို့ရာတွင် မျက်လုံးပြာပြာများက ပြနေသည့် ထိတ်လန့်ကြောက်ရွံ့မှုမှာမူ သင်္ချိုင်းရောက်သည်အထိ ပါသွားပါသည်။

ကြောက်စရာဖြစ်ရပ်ကြီးပင်။ နလုံးရပ်သွားလောက်သည်အထိ ကြောက်စရာကောင်းလှပါသည်။

'ဒီထိုင်ခုံကြီးကို မင်းပြောသလို မင်းကိုယ်တိုင် လုပ်ခဲ့တာ အမှန်ပဲလား'

မစ္စတာဖောင်လာ မာ့(ခ်)ကို စိုက်ကြည့်လျက် ပြတ်ပြတ်မေးလိုက်ပါသည်။

'မ··မဟုတ်ပါဘူးခင်ဗျ။ ကျွန်တော်တို့ ထိုင်ခုံအဟောင်းကြီးကို ပြင်ထားတာပါ'

'ဘယ်ကရတဲ့ ထိုင်ခုံဟောင်းလဲ'

'ဟို တစ္ဆေခြောက်တယ်ဆိုတဲ့ အိမ်ကြီးကပါ'

မစ္စတာဖောင်လာ သူ့လက်ထောက်ကိုလှည့်ကြည့်ပြီး 'ကျုပ်တို့ ပဟေဠိဖြစ်နေတဲ့ကိစ္စအတွက် အဖြေရလိုက်တာပဲ။ ဟုတ်တယ် မဟုတ်လား' ဟု ပြောလိုက်သည်။

'ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာပါ သိလိုက်ရတဲ့သဘောပဲ။ ဒီလူဟာ အိမ်တံခါးကို အသွားကြီး မကြားအောင် ဖြည်းဖြည်းဖွင့်မယ်။ ပြီးတော့ အဘွားကြီးနောက်ကို တိတ်တိတ်လေးကပ်သွားပြီး ဆံပင်ကို နောက်လှန်ဆွဲလိုက်တယ်။ အဲဒီနောက် လည်ပင်းကို လှီးလိုက်တာပေါ့'

ထိုင်ခုံပေါ်ရှိလူကို ကြည့်နေဆဲဖြစ်သည့် လက်ထောက်ဖြစ်သူက ခေါင်းကို ဖြည်းဖြည်းညိတ်ပြပါသည်။

'ကောင်းပြီ'

မစ္စတာဖောင်လာ အစု(၁)ရှိ လူငယ်များကို ပြောလိုက်သည်။

'မင်းတို့ ဒီည တဲအမှတ်(၄)ကို ပြောင်းနေကျ။ (၄)က လူငယ်တွေ ဒီနေ့ပဲ အိမ်ပြန်သွားကြတယ်။ ဒီအခန်းထဲက ဘာကိုမှမထိကြနဲ့။ မင်းတို့ လိုအပ်မယ့်ဟာတွေပဲ ယူသွားကြ'

လူငယ်များ တဲအမှတ်(၄)သို့ ပြောင်းသွားကြရင်း အဖြစ်အပျက်တို့ကို တိုးတိုးပြောသွားကြသည်။ အသတ်ခံရသည့် အဘွားကြီးသည် ရန်သူကို လက်စားချေရန် ထိုင်ခုံကြီးထဲ၌ စောင့်ဆိုင်းနေခဲ့ခြင်းဖြစ်သည်ဟု အားလုံးသဘောတူကြပါသည်။ အနာဂတ်၏ စွန့်စားခန်းဝတ္ထုရေးဆရာ မာ့(ခ်)မှာမူ သေနတ်ဖြင့် ပစ်သည်ဟု သူ့စိတ်ကူးဖြင့် မှန်းဆပြောခဲ့ခြင်းအတွက် အပေါင်းအသင်းတို့၏ လှောင်ပြောင်ခြင်း ခံရပါသည်။

'ဒိုင်းခနဲ ဖြစ်သွားတယ်ပေါ့ ဟုတ်လား။ ဟား··ဟား'

ဆံပင်နီလူငယ်မှာမူ ထိုလှောင်ပြောင်မှုများကို အချိန်ကုန်ခံ၍ နားမထောင်ပါ။

'အဲဒါ ဘာမှအရေးမကြီးဘူး လူအတွေရဲ့။ ငါတို့ ဘာသိလိုက်ရတယ်ဆိုတာ မင်းတို့ မမြင်ဘူးလား။ ဒီနေ့ အဖြစ်အပျက်ကြောင့် အဘွားကြီးကို သတ်တဲ့လူဟာ ငွေတွေ ရမသွားဘူးဆိုတာ ထင်ရှားတယ်။ ငွေတွေသာ ရခဲ့မယ်ဆိုရင် သူ ဒီမှာလာပြီး အလုပ်သမားလုပ်နေပါ့မလား'

လူငယ်များ ပါးစပ်ဟသွားကြရပါသည်။ မာ့(ခ်)ကို သူတို့ စိုက်ကြည့်နေကြ၏။

'ငါတို့ အခု ဘာလုပ်ရမလဲဆိုတာ ပြောမယ်'

သူက လေးနက်သော အမူအရာနှင့် ပြောလိုက်သည်။

'အဲဒီအိမ်ကြီးကို ပြန်သွားပြီး ငွေတွေ ရှာကြဖို့ပဲကွ'

**ကျော်ကျော်**

*50 Ghost Stories* စာအုပ်မှ *Geoffrey Vace* ရေးသားသော *Appointment Wilk Yesterday* ဝတ္ထုကို ဘာသာပြန်ခြင်း ဖြစ်ပါသည်။

www.burmeseclassic.com